ခုရ်အလ်သောင်ပဟ်

رکوعاتها 16 9 سُوْرَةُ التَّوْبَةِ مَدَنِيَّةٌ 113 اٰیاتها 129

စူရဟ်သောင်ဗဟ်

အာယသ် (၂၅-၂၇)

لَقَدْ نَصَرَكُمُ اللّٰهُ فِيْ مَوَاطِنَ كَثِيْرَةٍ ۙ وَّ يَوْمَ حُنَيْنٍ ۙ اِذْ اَعْجَبَتْكُمْ كَثْرَتُكُمْ
فَلَمْ تُغْنِ عَنْكُمْ شَيْـًٔا وَّ ضَاقَتْ عَلَيْكُمُ الْاَرْضُ بِمَا رَحُبَتْ ثُمَّ وَلَّيْتُمْ
مُّدْبِرِيْنَ ﴿۲۵﴾ ثُمَّ اَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَ عَلَى الْمُؤْمِنِيْنَ وَ اَنْزَلَ
جُنُوْدًا لَّمْ تَرَوْهَا وَ عَذَّبَ الَّذِيْنَ كَفَرُوْا ؕ وَ ذٰلِكَ جَزَآءُ الْكٰفِرِيْنَ ﴿۲۶﴾ ثُمَّ
يَتُوْبُ اللّٰهُ مِنْۢ بَعْدِ ذٰلِكَ عَلٰى مَنْ يَّشَآءُ ؕ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿۲۷﴾

ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား များစွာသော စစ်မြေပြင်များ၌လည်း ကောင်း၊ ဟိုနိုင်န်*(တောင်ကြားတွင် စစ်ဖြစ်ခဲ့သော) နေ့၌လည်းကောင်း ကူညီစောင်မတော်မူခဲ့လေသည်။

ထို(ဟိုနိုင်န် တောင်ကြားတွင် စစ်ဖြစ်သော)အခါ အသင်တို့၏(စစ်သည် အရေအတွက်) များပြားမှုသည် အသင်တို့အား စိတ်ကြီးဝင် ဘဝင်မြင့် (မော်ကြွားထောင်လွှား) စေခဲ့လေသည်။ သို့ရာတွင် ထို(အရေအတွက်)များပြားမှုသည် အသင်တို့အဖို့ လုံးဝ အသုံးမဝင်ခဲ့သည်သာမက ပထဝီမြေပြင်သည်လည်း (ကျဉ်မျှ) ကျယ်ဝန်းပါလျက်နှင့်ပင် အသင်တို့အပေါ်၌ ကျဉ်းမြောင်း၍ သွားခဲ့လေတော့သည်။ ထို့နောက် အသင်တို့သည် ကျောခိုင်း၍ ထွက်ပြေးခဲ့ကြလေသတည်း။ (၉ : ၂၅)

ထို့နောက် တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအထံတော်မှ မိမိရရှိလိုတမန်တော်၏ အပေါ်၌လည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့ အပေါ်၌လည်းကောင်း၊ စိတ်တည်ငြိမ်မှုကို ချပေး သနားတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့ မမြင်နိုင်သော စစ်သည်ရဲမက် တို့ကိုလည်း စေလွှတ်ပေးတော်မူခဲ့ လေသည်။ ထို့ပြင် ထိုအရှင်မြတ်သည် ကာဖိရ် မယုံမကြည် သွေဖည်ငြင်းပယ်သော သူတို့အား ပြစ်ဒဏ်ပေးတော်မူခဲ့လေသည်။ အမှန်သော်ကား ဤသည်သာလျှင်ကာဖိရ် မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့၏ အကျိုးပင်တည်း။ (၉ : ၂၆)

ထို့နောက်တစ်ဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူ၏ဘက်သို့ ကရုဏာတော်နှင့် လှည့်တော်မူအံ့။ စင်စစ်တမူကား အလ္လာဟ် အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၂၇)

ဟိုနိုင်န်။ မက္ကာဟ်မြို့အနီးရှိ ဒေသတစ်ခု၏ နာမည်ဖြစ်သည်။ ယင်းဒေသတွင်တမန်တော်မြတ်(ﷺ)ဦးစီးသော မုစ်လင်မ်စစ်တပ်ကြီးနှင့် မယုံကြည်ငြင်းပယ်သူများအကြားဝယ် စစ်ပွဲကြီးဖြစ်ပွားခဲ့သည်။

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယတ်တော်များထဲ၌ ဟုနိုင်နိစ်စပွဲအနိုင်အချုံးမြင်ကွင်းနှင့်ပတ်သက်သော အဖြစ်အပျက် အပျက်များဖော်ပြထားသည်။ ယင်းနှင့်အတူ များစွာသော အဓိကနှင့်သာမည ပြဿနာများကို ဆက်စပ်မှုအဖြစ် ရှင်းပြသည်။ အာယသ်တော်စသည်နှင့် မုစ်လင်မ်များအပေါ်တွင် မည်သည့်အချိန် မည်သည့် အခြေအနေမျိုးတွင်မဆို အလ္လာဟ်အရှင်အမြတ်၏ အကူအညီပေးမှုနှင့် ကောင်းချီးမင်္ဂလာများ ကျရောက်ခဲ့ကြောင်းဖော်ပြထားသည်။ **لَقَدْ نَصَرَكُمُ اللَّهُ فِي مَوَاطِنَ كَثِيرَةٍ** "ဇကန်မလွဲအလ္လာဟ်အရှင်အမြတ်သည်အသင်တို့အားများစွာသောစစ်မြေပြင်များ၌ ကူညီစောင်မတော်မူခဲ့လေသည်"ဟူ၍ မိန့်ထားလေသည်။ ဤအဖွင့်ပြီးလျှင်ပြီးချင်း သီးသန့်ဖော်ပြထားသည်မှာ **وَ يَوْمَ حُنَيْنٍ** "ငင်းပြင် ဟိုနိုင်နိ နေ့တွင်လည်း အလ္လာဟ်အရှင်မြတ်၏အကူအညီဖြင့် မုစ်လင်မ်များ အပေါ်ကောင်းချီးမင်္ဂလာ ပြုထားလေသည်။"

ဟုနိုင်နိစပွဲအကြောင်း အထူးဖော်ပြရခြင်းမှာ ရင်ဆိုင်တိုက်ခိုက်မှုဖြစ်စဉ်သည် မမျှော်လင့်သော အလွန်ထူးဆန်း အံ့သြဖွယ်ရာ အဖြစ်အပျက်များနှင့် အခြေအနေများ ပေါ်ထွက်ခဲ့သောကြောင့်ဖြစ်သည်။ အကယ်၍ အသင်သည်ဤအဖြစ်အပျက်များအကြောင်းစဉ်းစားခဲ့လျှင်အီမာန်ယုံကြည်မှုခိုင်မာလာ၍ကောင်းမှုကောင်းရာလုပ်ဆောင်ရာတွင် ပိုမိုရဲရင့်လာကြောင်း တွေ့ရပါလိမ့်မည်။ ထို့ကြောင့် လေ့လာနေသောအာယသ်များ၏ စာပေဆိုင်ရာရှင်းလင်းမှုမပြုလုပ်မီအလျင် ဤစစ်ပွဲ၏ အဓိက အဖြစ်အပျက်ကို ဖော်ပြရန်သင့်လျော်ပေသည်။ ထိုအဖြစ်အပျက်များသည် ခိုင်လုံသောဟဒီးဆ်ကျမ်းများနှင့် သမိုင်းစာအုပ်များတွင် ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ထိုအဖြစ်အပျက်များကို အသေးစိတ် ဖော်ပြရခြင်းမှာ အထက်ဖော်ပြပါ အာယသ်များအား အလွယ်တကူနားလည်သဘောပေါက်ရုံမျှမက ထိုအဖြစ်အပျက်များမှ သင်ကြားပေးသော သင်ခန်းစာများကို နားလည်သဘောပေါက်ရန် ဖြစ်သည်။ ဤအဖြစ်အပျက်များ၏ အဓိကအစိတ် အပိုင်းများကို သဖီစီရ်မဇာဟီရီကျမ်းမှ ထုတ်နှုတ်ဖော်ပြထားသည်။ အရေးကြီးသောကိုးကားချက်ကို ဟဒီးဆ် ကျမ်းတော်များနှင့် သမိုင်းစာအုပ်များတွင် ကြည့်နိုင်သည်။

ဟုနိုင်နိသည် မက္ကာဟ်အလ်မုကရ်ရမဟ်နှင့် သွာအိဖ်မြို့ကြား နေရာတစ်ခုအမည်ဖြစ်သည်။ ယင်းနေရာသည်မက္ကာဟ်မြို့မှ ဆယ်မိုင်ခန့်အကွာတွင်တည်ရှိသည်။ ဟစ်ဂျရီ ၈ ခုနှစ် ရမ္မဇာန်လတွင် မက္ကာဟ်မြို့ကို အောင်နိုင်သောအခါ မက္ကာဟ်ရှိကုရိုက်ရှ်များသည် တမန်တော်မြတ်ရှေ့မှောက်တွင် လက်နက်ချခဲ့ကြသည်။ ဤသည်မှာ အာရေဗီးယားတစ်ခွင်တွင် အလုံးအထည် ကြီးမားရဲရင့်၍ ချမ်းသာပြီးစစ်လိုလားသော ဟဝါဇင်မ်မျိုးနွယ်စု၏ ဂိုဏ်းခွဲဖြစ်သော သွာအိဖ်မြို့မှ ဗနူစာကိဖ်မျိုးနွယ်စုကို အထိတ်တလန့်ဖြစ်စေခဲ့ပါသည်။ ထိုသူများသည် စုဝေးကြ၍ မက္ကာဟ်မြို့အောင်နိုင်ပြီးနောက် ကြီးထွားလာသည့်မုစ်လင်မ်များ၏အင်အားကြောင့် ၎င်းတို့အား အံတုစိန်ခေါ်လာမည့်အချက်ကို တွေးတောဆင်ခြင်လာကြသည်။ ထို့ကြောင့် မုစ်လင်မ်များသည် ၎င်းတို့ကို မတိုက်ခိုက်မည်အလျင် လက်ဦးမှုယူ၍ မုစ်လင်မ်များကို စတိုက်ခြင်းသည်သာလျှင် အသိဉာဏ်ကြွယ်ဝခြင်းဖြစ်ကြောင်း ၎င်းတို့ကဆုံးဖြတ်ခဲ့ကြသည်။ ဤအကြံအစည်ကို ဆောင်ရွက်ရန် ဟဝါဇင်မ်မျိုးနွယ်စုတို့သည် မက္ကာဟ်မှသွာအိဖ်ထိပြန့်ကြဲနေသော ဂိုဏ်းခွဲအားလုံးကို စုစည်းခဲ့ပါသည်။ ဤဆဲတွင်ပါဝင်သည်မှာ ဤမျိုးနွယ်စု၏အစုအကြီး၊ အစုအသေး အုပ်စုများ ပါဝင်ပါသည်။ သို့ရာတွင် ၁၀၀ ထက်နည်းသည့် လူများမှအပ အားလုံးပါဝင်ကြသည်။

ဤလူပ်ရှားမှု၏ ခေါင်းဆောင်မှာ မာလိက်အိဗ်နိုအောက်ဖ် ဖြစ်သည်။သူသည် နောင်တွင်မုစ်လင်မ်တစ်ဦး ဖြစ်လာကာ အစ္စလာမ့်ဘာသာ၏ အဓိကခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။ သို့သော်လည်း ထိုစဉ်အချိန်ကမူ မုစ်လင်မ်များကိုတိုက်ခိုက်ရန် သူ၏စိတ်အားထက်သန်မှုမှာကား အမြင့်မားဆုံးဖြစ်ခဲ့သည်။ သူနှင့်အတူတလျောက်လုံးမှာမူ မခံမရပ်နိုင်ဖြစ်နေသည့် မျိုးနွယ်အများစုမှာ စစ်ပွဲအတွက်ပြင်ဆင်ခဲ့သည်။ ဤလူမျိုးစု၏ ဂိုဏ်းခွဲနှစ်ခုဖြစ်သော ဗနူကအဗ်နှင့် ဗနခီလာဗ်တို့ကမူ တိုက်ခိုက်ရေးအစီအမံကိုလက်မခံကြပါ။ အလ္လာဟ် အရှင်မြတ်သည် ထိုသူများကို ဉာဏ်အမြော်အမြင် အချို့ဖြင့် ၎င်းတို့အား ကောင်းချီးမင်္ဂလာပေးခဲ့သည်။ သူတို့က အကယ်၍ ကမ္ဘာ့အရှေ့ဖျားမှ အနောက်ဖျားတိုင်ရှိစစ်တပ်များစုစည်းကာ တမန်တော်မြတ်ကိုတိုက်ခိုက်လျှင်ပင် တမန်တော်မြတ်ကအနိုင်ရလိမ့်မည်ဟု ပြောခဲ့ကြသည်။ ကိုယ်တော်နှင့်အတူ ရှိနေသည့် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ကို ကျွန်ုပ်တို့ မတိုက်ခိုက်နိုင်ပါ။ ကျန်သူများကမူ တိုက်ခိုက်ရန် ပဋိညာဉ်ကို အားလုံးပေးခဲ့ကြသည်။ မာလိက်အိဗ်နိုအောက်ဖ်က ထိုသူများအားလုံးကတိပြုထားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြရေး သေချာစေရန် အကြံအစည်တစ်ခု ပြုထားသည်။ စစ်တိုက်ပါဝင်သူ အားလုံးသည် ၎င်းတို့၏မိသားစုနှင့် အဖိုးတန်ပစ္စည်းများကို ၎င်းတို့နှင့် တစ်ပါတည်းယူဆောင်လာခဲ့စေရန် သူက အဆိုပြုခဲ့သည်။ မြူပ်ကွက်မှာ အကယ်၍ ၎င်းတို့စစ်မြေပြင်မှ စွန့်ခွာမည်ဟု စဉ်းစားခဲ့လျှင် ဇနီး၊ သားသမီးနှင့် အဖိုးတန် အရာများ၏အချစ်က ၎င်းတို့၏ ခြေထောက်များကို သံကြိုးနှင့်ရစ်နှောင်ထားသကဲ့သို့ဖြစ်ကာ စစ်မြေပြင်မှ မစွန့်ခွာနိုင်တော့ပါ။ ၎င်းတို့ အရေအတွက်နှင့် ပတ်သက်၍မူ သမိုင်းပညာရှင်များတွင် ကွဲလွဲမှုရှိသည်။ ဟဒီးဆ်ပါရဂူ အလ္လာမဟ် အိဗ်နိဟျရ်နှင့် အခြားသူများ၏အဆိုအရ အလေးသာသောအယူအဆမှာ ထိုသူတို့အရေအတွက်သည် ၂၄၀၀၀ဟု ဆိုကြသည်။ ဖြစ်နိုင်သည်မှာ တိုက်ခိုက်သောဦးရေသည် လေးထောင်ဖြစ်နိုင်ပြီး အမျိုးသမီးများနှင့် သားသမီးများ စုစုပေါင်းဆိုလျှင် ၂၄၀၀၀ (သို့မဟုတ်) ၂၈၀၀၀ ဟူလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ ထိုသူတို့၏ အန္တရာယ်ကြီးမားသော ရည်ရွယ်ချက်၏ သတင်းသည် မက္ကာဟ်အလ်မုကရ်ရမာဟ်ရှိတမန်တော်မြတ် s ထံရောက်ရှိသွားသောအခါတွင် ကိုယ်တော်မြတ်က ထိုသူများကို ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့သည်။ ကိုယ်တော်မြတ် s က စိုက်ယိဒနာ အာတဗ် အိဗ်နိ အဆတ်ဒ် d ကို မက္ကာဟ်အလ်မုကရ်ရမတ်၏ အမီးရ် အဖြစ် ခန့်အပ်ခဲ့ကာ စိုက်ယိဒနာ မုအားဒ် အိဗ်နိဂျဇရ် d အား လူအများကို အစ္စလာမ်ဘာသာသင်ကြားပို့ချရန် ချန်ထားခဲ့သည်။ ထို့နောက် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်များထံမှ စစ်လက်နက်ပစ္စည်းများနှင့် အခြားစစ်မတ် အထောက်အပံ့များ တောင်းခံခဲ့သည်။ ချေးငှားသည့်သဘောဖြစ်သည်။ ကုရိုက်ရှ်အကြီးအကဲ စုဖ်ဝါမ်အိဗ်နိအု မိုင်ယဟ်က `ဤစစ်လက်နက် ပစ္စည်းများကို ကျွန်ုပ်တို့ထံမှ ကျွန်ုပ်တို့ဆန္ဒမပါဘဲ အဓမ္မသိမ်းယူချင်လို့လားဟု မေးမြန်းခဲ့သည်။ ကိုယ်တော်မြတ် s က ထိုသို့မဟုတ်၊ သင်တို့ထံမှ ကျွန်ုပ်တို့ ချေးငှားသည့်သဘောဖြစ်သည်။ ထိုချေးငှားမှုတွင် ပြန်လည်ပေးဆပ်ရန် ကတိလည်းပါသည်ဟု မိန့်ကြားခဲ့သည်။ ကိုယ်တော်မြတ်ပြောသည်ကို ကြားသိပြီး သူက စစ်ဝတ်တန်ဆာ ၁၀၀ ပေးခဲ့သည်။ ထို့နောက် နောင်ဖိလ်အိဗ်နိဟာရိသ်က လှံ သုံးထောင်ပေးခဲ့သည်။ အီမာမ်ဇုဟ်ရီ၏ ဆင့်ပြန်ချက်တစ်ခုအရ တမန်တော်မြတ် s တွင် ဂျီဟာဒ်စစ်ပွဲဆင်နွှဲရန် ဆွဟာဗသ်သာဝကကြီးများ တစ်သောင်းလေးထောင်ပါဝင်သော စစ်တပ်တစ်တပ် အသင့်ဖြစ်နေခဲ့သည်။ ယင်းအထဲတွင် မက္ကာဟ်မြို့ အောင်နိုင်ရေးအတွက် ကိုယ်တော်မြတ်နှင့် အတူ ပါဝင်ခဲ့ကြသည့် မဒီနဟ်မြို့အန်ဆာရ် တစ်သောင်းနှစ်ထောင် ပါဝင်သည်။ ထို့နောက် မုစ်လင်မ်နှစ်ထောင်မှာ မက္ကာဟ်မြို့နှင့် မက္ကာဟ်မြို့ပတ်ဝန်းကျင်မှသူများဖြစ်၍ မက္ကာဟ်မြို့ အောင်မြင်ပြီးနောက်မှ အစ္စလာမ်ဘာသာဝင်ရောက်ခဲ့သူများဖြစ်ကြသည်။ ထိုသူများကို အလ်သွဲလတ်ကာဟု ခေါ်သည်။ ဤစစ်ပွဲအတွက်တမန်တော်မြတ် s စစ်ချီထွက် တော်မူသည့်

နေ့မှာ ရှောင်ဝလ်လ ၆ ရက် စနေနေ့ဖြစ်သည်။ အင်ရှာအလ္လာဟ် နောက်နေ့တွင် ကိုက်ဖ်ဗနီ ကီနာနာဟ် နေရာ၌ စခန်းချကြပါလိမ့်မည်။ ထိုနေရာတွင် မက္ကာဟ်မြို့ရှိ ကုရိုက်ရှ်တို့သည် မုစ်လင်မ်များကို ဝိုင်းပယ် ဖယ်ကြဉ်ရန်အတွက် ပဋိညာဉ်ကို လက်မှတ်ရေးရန် စုရုံးနေသည့် နေရာဖြစ်သည်။

မက္ကာဟ်မြို့မှ ဂျီဟာဒ်စစ်ပွဲခဲင်းရန် ထွက်ခွာချီတက်သွားသော စစ်တပ်သည် မုဂျာဟီဒီးန် တစ်သောင်း လေးထောင်ဖြစ်သည်။ သို့သော်လည်း နောက်ထပ်လူအုပ်တစ်အုပ်လည်း ရှိသေး၍ ယင်းလူအုပ်ထဲတွင် ၎င်းတို့အိုးအိမ်များကိုစွန့်ခွာသော မက္ကာဟ်မြို့မှ အမျိုးသမီးနှင့် အမျိုးသားများဖြစ်ကာ ပွဲကြည့်ပရိသတ်အဖြစ် လာခဲ့ကြသူများဖြစ်ကြသည်။ ၎င်းတို့နှလုံးသားများသည် စိတ်လှုပ်ရှားမှုများရောထွေးကာနေကြသည်။ ယေဘုယျပြောရလျှင် ထိုသူများက အကယ်၍ဤအချိတွင် မုစ်လင်မ်များချုံးနိမ့်ခဲ့လျှင် မုစ်လင်မ်များပေါ်လက်စားချေရန် အကောင်းဆုံးအခွင့်အရေးရလိမ့်မည်ဟူ၍လည်းကောင်း၊ အကယ်၍ မုစ်လင်မ်များအောင်နိုင်ခဲ့လျှင် ၎င်းတို့မှာ ဘာမျှရှုံးစရာမရှိဟု ၎င်းတို့ကိုယ် ၎င်းတို့နှစ်သိမ့်နေကြသည်။

ရှိုက်ဗာဟ်အိပ်နိုအွတ်စ်မာန်သည် ထိုပွဲကြည့်ပရိသတ်မှ တစ်ဦးဖြစ်သည်။ နောင်တွင် သူအစ္စလာမ် ဘာသာသက်ဝင်ယုံကြည်ခဲ့သော အခါတွင် ၎င်းကဖြစ်ခဲ့သည်ကို ဆင့်ပြန်ပြောကြားခဲ့သည်မှာ ဗဒရ်စစ်ပွဲတွင် ကျွန်ုပ်၏ ဖခင်ကို ဟမ်ဇဟ်ကလည်းကောင်း၊ ကျွန်ုပ်၏ဦးရီးကို စိုက်ယိဒနာအလီကလည်းကောင်း သတ်ဖြတ်ခဲ့ကြသည်။ ကျွန်ုပ်နှလုံးသားမှာ ဒေါသနှင့်ပြည့်လျှံသွားခဲ့သည်။ ကျွန်ုပ်ကလဲ့စားချေမည်ဟု သံန္နဋ္ဌာန်ပြုထားသည်။ ဤအခွင့်အရေးရရှိရန် အလို့ငှာ ကျွန်ုပ်သည် မုစ်လင်မ်စစ်တပ်နှင့် ကပ်လျက်လိုက်ပါခဲ့သည်။ ရည်ရွယ်ချက်မှာ တမန်တော်မြတ်ကို တိုက်ခိုက်ရန် အခွင့်အလမ်းတစ်ရပ်ရှာဖွေရန်ဖြစ်သည်။ ကျွန်ုပ်သည် ထိုသူများနှင့်အမြဲတန်း တစ်ပူးတစ်တွဲနေကာ ထိုအခွင့်အလမ်းကို ချောင်းမြောင်းနေခဲ့ပါသည်။ ထိုအခွင့်အလမ်းကို ဂျီဟာဒ်စစ်ပွဲအစပိုင်း မုစ်လင်မ်များစတင်ရှုံးနိမ့်နေစဉ်က ရခဲ့သည်။ ထိုသူများပြေးလွှားနေသည်ကို ကျွန်ုပ်မြင်စဉ် တမန်တော်မြတ် ﷺ သခင်နား ချဉ်းကပ်နိုင်ခွင့်ရရှိခဲ့သည်။ သို့သော်လည်း အဗ္ဗဒွလ္လာဟ်အိပ်နိအဗ္ဗားစ်သည် ကိုယ်တော်မြတ် ﷺ ၏ ယာဘက်မှလည်းကောင်း၊ အဗူစွဖ်ယမ် အိပ်နိဟာရီသ်သည် ဘယ်ဘက်မှလည်းကောင်း ကိုယ်တော့်ကိုကာကွယ် စောင့်ရှောက်နေကြောင်း ကျွန်ုပ်မြင်တွေ့ခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ၏ နောက်ဖက်မှ တိုက်ခိုက်ရန် ကိုယ်တော်မြတ်ကျောဘက်ကို အပြေးအလွှားသွားရောက်ခဲ့သည်။ ထိုအချိန်တွင် တမန်တော်မြတ်သခင်သည် နောက်ဖက်သို့လှည့်ကြည့်၍ ကျွန်ုပ်ကို စိုက်ဖာဟ်လာလေကွာ ဟုပြောခဲ့သည်။ ကိုယ်တော်မြတ်က အနားလာရန် မိန့်ခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်သည် လက်တော်ကို ကျွန်ုပ်ရင်ဘတ်ပေါ်သို့ထားရှိကာ အို- အလ္လာဟ်၊ သူ့ထံမှရွိက်တွာန်ကို အဝေးသို့ဖယ်ရှားပေးတော်မူပါဟု ဆုတောင်းဒုအာပြုခဲ့သည်။ ထိုအချိန်၌ ကျွန်ုပ်သည် ကိုယ်တော်မြတ်ကို ကြည့်လိုက်ရာ ကိုယ်တော်မြတ်ကို ကျွန်ုပ်၏ နား၊ မျက်စိနှင့် အသက်ခန္ဓာကိုယ်ထက်ပင် ပို၍ချစ်မြတ်နိုးသည်ဆိုကြောင်း ကျွန်ုပ်၏ နှလုံးသားတွင် ပေါ်လာခဲ့သည်။ ကိုယ်တော်က ကျွန်ုပ်ကို မယုံကြည်သွေဖည်ငြင်းပယ်သူများကို သွားရောက်တိုက်ခိုက်လော့ဟု မိန့်ကြားခဲ့သည်။ ကျွန်ုပ်၏ အသက်ကို ကိုယ်တော်မြတ်အတွက်စတေးကာ စစ်ပွဲပြီးသည်အထိ ရန်သူများကိုရွှပ်ရွှပ်ချံချံ တိုက်ခိုက်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် ဤဂျီဟာဒ်စစ်ပွဲမှ ပြန်လည်ရောက်ရှိလာသောအခါ ကျွန်ုပ်သည် ကိုယ်တော်မြတ်ရှေ့ဝင် ရောက်ခစားခဲ့သည်။ ထိုအချိန်တွင် ကျွန်ုပ်မက္ကာဟ်မြို့မှစတင်ထွက်ခွာလာစဉ် ကျွန်ုပ်တွင် ကိုယ်တော်မြတ်ကို သတ်ဖြတ်ရန်ဟူသော သီးသန့်ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့ခြင်းအကြောင်းကို ကိုယ်တော်မြတ်က မိန့်ကြားခဲ့သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်ကောင်းမှုတစ်ခုလုပ်ရန် အလို့ရှိတော်မူခဲ့သဖြင့် ကျွန်ုပ်လုပ်ရမည်ကို ထိုသို့လုပ်ခဲ့ ရသည်။

နဒါရ်အိပ်နိုဟာရိသ်သည်လည်း အလားတူအဖြစ်အပျက်ဖြစ်ခဲ့သည်။ သူသည်လည်း ထိုသို့ရည်စူးချက်ဖြင့် ဟိုနိုင်းန်သို့သွားခဲ့သည်။ သို့သော် ထိုနေရာရောက်သောအခါ အလ္လာဟ်အရှင်မြတ်သည် သူနှလုံးသားထဲသို့ တမန်တော်မြတ် S သည်ရိုးသားဖြူစင်သည်ဟူသောအတွေးနှင့် ကိုယ့်တော်ကိုချစ်ခင်မြတ်နိုးမှုစိတ်ဓာတ်များထည့်သွင်းပေးခဲ့သည်။ ယင်းကသူ့ကိုရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် မုဂျာဟိဒ်တစ်ဦးအဖြစ်ပြောင်းလဲ သွားစေကာ ရန်သူများကို အချိန်မဆိုင်း တရစပ် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

ဤစုရုံးသွားရောက်သောခရီးတွင် နောက်ထပ်အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပျက်ခဲ့ပါသည်။ ဤဖြစ်ရပ်သည် အဗူဗုရ်ဒဟ်အိပ်နိုနိယဟ်နှင့် ပတ်သက်ပါသည်။ သူသည် ဩတတစ်ဟုခေါ်သောနေရာသို့ ရောက်သောအချိန်၌ တမန်တော်မြတ် S သည် သစ်ပင်တစ်ပင်အောက်၌ အိပ်နေသည်ကို သူတွေ့ရှိခဲ့ပါသည်။ တမန်တော်မြတ် S ၏ ဘေးတွင်လည်း တစ်စုံတစ်ဦးထိုင်လျက်ရှိနေကြောင်း တွေ့ရပါသည်။ တမန်တော်မြတ် S က အဗုရ်ဒရ်ဒဟ်အား ပြောသည်မှာ ကျွန်ုပ်အိပ်ပျော်နေစဉ်တွင် ကျွန်ုပ်ဘေးတွင်ရှိသောသူက သူ၏ခါးကိုဆွဲထုတ်ကာ ကျွန်ုပ်၏ ဦးခေါင်းအား ချိန်ရွယ်လျက် အိုး-မုဟမ္မဒ်၊ အသင့်အားမည်သူကကယ်တင်နိုင်မည်ကို ကျွန်ုပ်အားပြောပြပါ ဟူ၍ ပြောဆိုခဲ့သည်။ ကျွန်ုပ်က အလ္လာဟ်အရှင်မြတ်ဟု ပြန်လည်ဖြေကြားခဲ့သည်။ ထိုသူသည် ဤကဲ့သို့ အဖြေကို ကြားသိသောအခါ၌ သူ၏လက်မှ ဓါးလွတ်ကျသွားခဲ့ပါသည်။ အဗူဗုရ်ဒဟ်က အို - အလ္လာဟ်အရှင်မြတ်၏ တမန်တော်၊ ဤအလ္လာဟ်အရှင်မြတ်၏ ရန်သူ၏ခေါင်းကို ဖြတ်ခွင့်ပြုတော်မူပါ။ သူသည် သူလျှိုတစ်ဦးဖြစ်ဟန်တူပါသည်ဟု ပြောကြားသည်။ တမန်တော်မြတ် S က "အဗူဗုရ်ဒဟ် မည်သည်မျှမပြောနှင့်တော့ ကျွန်ုပ်၏ သာသနာက လူများအပေါ် လွှမ်းမိုးသွားသည်အထိ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်အားစောင့်ရှောက်တော်မူသော အရှင်ဖြစ်ပါသည်"ဟု မိန့်ကြားခဲ့သည်။ ထို့နောက် တမန်တော်မြတ်သည် ထိုသူအား မြည်တွန်တောက်တီးသည့် စကားတစ်လုံးမျှမပြောပါ။ အမှန်တကယ်သူ့အား လွတ်လပ်စွာ ထွက်ခွာသွားစေခဲ့ပါသည်။

မုစ်လင်မ်များ ဟုနိုင်းန်သို့ရောက်ရှိပြီး စခန်းချပြီးသောအခါ၌ စိုက်ယိဒနာ ဆုဟေး အိပ်နိုဟန်ဇလဟ်သည် တမန်တော်မြတ် S ထံရောက်ရှိလာကာ ဟဝါဇင်မျိုးနွယ်တစ်ခုလုံးသည် စစ်လက်နက်အပြည့်အစုံပါသော စစ်တပ်ကြီး တစ်တပ်ချီတက်လာကြောင်းကို ၎င်းတို့အနက်မှ မြင်းသည်တော်တစ်ဦးက သတင်းပေးကြောင်း တမန်တော်မြတ် S အား လျှောက်ထားခဲ့သည်။ ဤသတင်းကိုကြားသိရသောအခါ၌ တမန်တော်မြတ် S က ပြုံး၍ မိန့်တော်မူသည်မှာ "စိတ်မပူပါနှင့် ဤပစ္စည်းများအားလုံးတို့သည် မုစ်လင်မ်များအတွက် သုံ့ရပစ္စည်းအနေဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။" ဟူ၍ဖြစ်သည်။

စခန်းချသည့်နေရာ၌ နေသားတကျဖြစ်သွားသောအခါ တမန်တော်မြတ် S က စိုက်ယိဒနာအဗ်ဒုလ္လာဟ်အိပ်နိဟာဒ္ဒါတ်အား ရန်သူတို့ထိန်းချုပ်ထားသော နေရာတွင် စုံစမ်းထောက်လှမ်းမှုပြုရန် စေလွှတ်ခဲ့ပါသည်။ သူသည် ထိုနေရာသို့ သွားရောက်ခဲ့ကာ နှစ်ရက်ကြာနေထိုင်ပြီး ဖြစ်ပျက်သမျှအခြေအနေများကို နီးနီးကပ်ကပ် လေ့လာမှတ်သားခဲ့ပါသည်။ ရန်သူ၏ခေါင်းဆောင် စစ်ဦးစီးချုပ်ဖြစ်သော မာလစ်အိပ်နို အောက်ဖ်က သူ၏လူများအား ပြောကြားနေသည်ကို ကြားသိခဲ့ရသည်မှာ "မုဟမ္မဒ်သည် အတွေ့အကြုံရှိသော စစ်သည်တော်များနှင့် ရင်ဆိုင်မှာပါ၊ မက္ကာဟ်မြို့မှအပြစ်မဲ့သော ကုရိုက်ရှ်များနှင့် စစ်ခင်းရသောကြောင့် သူတွင်မှားယွင်းသော စိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်စေပါသည်။ သူသည် သူ၏ စွမ်းအားအတွက် မောက်မာခဲ့သည်။ ယခုအခါတွင် သူအဘယ်သို့သော အခြေအနေတွင် ရှိကြောင်း သိသွားပါလိမ့်မည်။ အသင်တို့ အားလုံး မိုးမလင်းမီကပင် စစ်သားတစ်ဦးစီတိုင်းက သူ၏နောက်တွင် သူ၏ဇနီးသည်၊ ကလေးများနှင့် သူ၏အဖိုးတန်ပစ္စည်းများယူကာ စစ်ချီတက်ကြပါလေ။ ထို့နောက်

အသင်တို့အားလုံးတို့သည် ဓါးအိမ်မှ ဓါးတွေကို ဆွဲထုတ်ကာ ဓါးအိမ်များကိုဖျက်ဆီးပြီး ညီညီညာညာစုပေါင်းတိုက်ခိုက်ကြပါ"ဟူ၍ဖြစ်သည်။ ဤသူများသည် စစ်ဆင်မှုဌ အလွန်ကျွမ်းကျင်သောသူများဖြစ်ကြသည်။ ၎င်းတို့သည် ၎င်းတို့၏ တပ်များအား ပြောင်ပြောင်တင်းတင်းသာမက လျှို့ဝှက်စွာလည်းထားတတ်ကြသည်။ ပမာဆိုသော် သူတို့စစ်တပ်၏ တပ်စုများကို တောင်ကြားများတွင် ကွယ်ဝှက် ထားတတ်ကြသည်။

ဤသည်ကား မယုံကြည်သွေဖည်သူများ၏စစ်တပ်၊ စစ်တိုက်ရန် မည်ကဲ့သို့အဆင့်သင့် ပြုလုပ်ထားသည်ဆိုသည့်မြင်ကွင်းပင်ဖြစ်ပါသည်။ အခြားတဖက်တွင်မူ မုစ်လင်မ်များအတွက် ပထမဦးဆုံး သောဂျီဟဒ်စစ်ပွဲဖြစ်ကာ စစ်အင်အား တစ်သောင်းလေးထောင်ဖြင့် ရန်သူအင်အား ရင်ဆိုင်တိုက်ခိုက်ရန် ထွက်ခဲ့ပါသည်။ သူတို့တွင်ရှိသော စစ်လက်နက် ပစ္စည်းများသည် ယခင်ကသူတို့တွင်ရှိခဲ့ဖူးသည်ထက် ပိုမိုများပြား ပါသည်။ ထို့နောက် ၎င်းတို့တွင် ဗဒရ်နှင့် အုဟုဒ်စစ်ပွဲတို့၌ စစ်လက်နက်ပစ္စည်းချို့တဲ့သည့် မပြောပလောက်သော လူအင်အား သုံးရာ့တစ်ဆယ့်သုံးယောက်တို့က စစ်လက်နက်ပစ္စည်း အပြည့်အစုံတပ်ဆင်ပြီး လူတစ်ထောင် ခန့်ရှိပြီး တောင့်တင်းသောစစ်တပ်ကို အောင်နိုင်ခဲ့သည့် အတွေ့အကြုံလည်း ရှိခဲ့ပါသည်။ ဤကဲ့သို့သော အခြေအနေမျိုးကြောင့် ယခုအချိန်တွင် သူတို့၏အရေအတွက်နှင့် ပြင်ဆင်မှုများကိုတွေးဆပြီးနောက် အချို့သူများက ပြောသည်မှာ ယနေ့တွင် မည်သူမျှဒို့ကို အနိုင်တိုက်နိုင်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ယနေ့တွင် တိုက်ပွဲစဲသည်နှင့်တစ်ပြိုင်နက် ရန်သူတို့သည် ထွက်ပြေးကြပါလိမ့်မည် ဟူ၍ဖြစ်သည်။ (ဟာကင်မ်နှင့်ဗဇ္ဇားဇိကျမ်းပါတင်ပြချက်)

တစ်စုံတစ်ဦးသည် မိမိစွမ်းအားပေါ်၌သာ မှီခိုခြင်းဟူသော အနေအထားသည် လူသားများ၊ ဂျင်များနှင့် ကောင်းကင်စေတမန်တို့၏ အထွတ်အထိပ် အရှင်သခင်ကမန်စ်မြို့သည့် အမှုကိစ္စဖြစ်ပါသည်။ ထို့ကြောင့် မုစ်လင်မ်များအား ထောက်ရှုဝေဖန်မှု နည်းခြင်းအတွက် သင်ခန်းစာတစ်ခုပေးခဲ့သည်။ ထိုအတွက်မုစ်လင်မ်များအား ဟဝါဇင်မျိုးနွယ်စုက မြည်းစမ်းစေသည်မှာ ၎င်းတို့၏ စီမံမှုအစီအမံအတိုင်း မုစ်လင်မ်များအား ရှောင်တခင် ဝင်ရောက်တိုက်ခိုက်ခဲ့ကာ တောင်ကြားများတွင်ရှိသော တပ်များကလည်း အဖက်ဖက်မှဝန်းရံလိုက်ပါသည်။ မှောင်ရီပျိုးမှုက ၎င်းတို့၏ရှောင်တခင် တိုက်ခိုက်မှုက ပိုမိုမြန်ဆန်စေကာ နေ့ကိုညအဖြစ်ပြောင်းလဲစေခဲ့သည်။ ဆွဟာဗဟ်ကြီးတို့မှာ ၎င်းတို့ခြေကုပ်ဆုံးရှုံးကာ စတင်ပြေးလွှားရပါတော့သည်။ ထိုသည်နှင့်မတူကွဲပြားသည်က တမန်တော်မြတ်တစ်ပါးတည်းသာ နောက်မဆုတ်ဘဲ ရှေ့သို့ချီတက်နေပါသည်။ တမန်တော်မြတ် s ၏ ရေတွက်၍ မရသော မြင့်မြတ်သောဆွဟာဗဟ် အနည်းငယ်မျှ ထိုအရေအတွက်သည် သုံးရာဟူ၍ လည်းကောင်း၊ အချို့သောအဆိုအရ တစ်ရာထက်ပင် နည်းပါးသော အရေအတွက်သာ တမန်တော်မြတ်နှင့်အတူ ရှိနေပါသည်။ သို့သော်လည်း ထိုသူများက တမန်တော်မြတ်ကြီး s ရှေ့သို့ဆက်လက် မချီတက်ပါစေနှင့်ဟု ဆန္ဒပြုနေခဲ့ကြပါသည်။

ထို့နောက် တမန်တော်မြတ် s က အခြေအနေမှာ စိုးရိမ်စရာကောင်းကြောင်း သတိပြုမိခဲ့သည်။ ကိုယ်တော်မြတ်သည် စိုက်ယိဒနာအဗ္ဗဒွလ္လာဟ်အိဗ်နိုအဗ္ဗား စ် d ကို ၎င်း၏ အပေါင်းအသင်းဆွဟာဗဟ်များအား ခေါ်ခိုင်းသည်။ ဤသူ၏ဆွာဟာဗဟ်ကြီးများသည် သစ်ပင်အောက်တွင်စုဝေးခဲ့ပြီး စစ်တိုက်မည်ဟု သူ့ထံပဋိညာဉ်ခံ ထားသူများ ဖြစ်ကြသည်။ ထို့နောက် သူသည် ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြခြင်းခံရသောသူများနှင့်အတူ မဒီနဟ်မှ ဤဂျီဟာဒ်တွင် ၎င်းတို့အသက်စတေးကြမည်ဟု ကတိပြုထားခဲ့သည့် အန်ဆာန်များကို ညွှန်ပြခဲ့သည်။ ၎င်းက ထိုသူများအားလုံးပြန်လှည့်လာစေကာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်သည် စစ်မြေပြင်၌ရှိနေခဲ့ကြောင်း ထိုသူတို့သိစေချင်၍ ဖြစ်သည်။

စိုက်ယိဒနာအဗ္ဗဒွလ္လာဟ်အိပ်နိုအဗ္ဗားစ် သခင်၏ဖိတ်ခေါ်သံမှာ စစ်မြေပြင်တွင် လျှပ်စစ်အလား ပြန့်နှံ့သွားခဲ့သည်။ စစ်ပြေးများအားလုံး ဝမ်းနည်းယူကျုံးမရ စိတ်ထိခိုက်ခံစားခဲ့ကြရသည်။ ထိုသူများသည် ခွန်အား နှင့်ရဲရင့်မှုများဖြင့် ပြန်လည်စုစည်းကြကာ ရန်သူများကို အပြတ်အသတ်တိုက်ခိုက်ခဲ့ကြသည်။ ပထမဆုံးမှာ ရန်သူ၏ စစ်ဦးစီးချုပ် မာလိက်အိပ်နိုအောက်ဖ်သည် သူ့မိသားစုနှင့် ပိုင်ဆိုင်မှုများကို ချန်ရစ်ခဲ့ကာ စစ်မြေပြင်မှ ထွက်ပြေး၍ သွာအိဖ်မြို့ ၏ ခံတပ်တွင် ဝင်ရောက်ခိုလှုံခဲ့သည်။ သူနောက်တွင်ကျန်သော သူလူများသည် စစ်မြေပြင်မှ စွန့်ခွာ ထွက်ပြေးခဲ့ကြသည်။ ၎င်းတို့၏ခေါင်းဆောင် ခုနှစ်ဆယ်မှာ အသတ်ဖြတ်ခံခဲ့ရသည်။ တိုက်ဆိုင်စွာပင် မုစ်လင်မ် စစ်သားများကြောင့် ကလေးငယ်အချို့ ဒဏ်ရာရခဲ့သည်ကို တမန်တော်မြတ် ﷺ က သတိမူမိလိုက် သည်နှင့် နောင်တွင် အလားတူဖြစ်ရပ်မဖြစ်စေရန် ပြင်းထန်လေးနက်စွာ တားမြစ်ခဲ့သည်။ သူတို့ကျန်ရစ်ခဲ့သမျှ အားလုံး မုစ်လင်မ်များလက်ဝယ်ရောက်ရှိခဲ့သည်။ ယင်းတို့တွင် စစ်သုံ့ပန်း(၆၀၀၀)၊ ကုလားအုတ်အကောင် (၂၄၀၀၀)၊ ဆိတ်အကောင် (၄၀၀၀၀)နှင့် ငွေစ အောင်ကီယဟ် လေးထောင်တို့ပါဝင်သည်။

ထိုအကြောင်းအရာကိုပင် ပထမအာယသ် (၂၅) နှင့် ဒုတိယအာယသ် (၂၆) ထဲတွင် ဖော်ပြထားသည်။ မိန့်ထားသည်။ အကျဉ်းချုပ်မှာ အသင်တို့သည်။ အရေအတွက်အပေါ် မာနထောင်လွှားခဲ့လျှင် သင့်တွင်ဘာမျှ အကျိုးရှိမည်မဟုတ်။ ထို့ပြင် သင်သည် အလွန်ကျယ်ဝန်းသောကမ္ဘာတွင် သင့်အပေါ်၌ကျဉ်းမြောင်း၍ ချောင်ပိတ်မိသွားပေလိမ့်မည်။ ထို့နောက် သင်တို့သည် ကျောခိုင်း၍ထွက်ပြေးကြရလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တည်ငြိမ်အေးချမ်းမှုကို ချပေးသနားတော်မူခဲ့သည်။ အသင်တို့မမြင်နိုင်သည့် ကောင်းကင်စေတမန်တပ်များကို အရှင်မြတ်၏တမန်တော်နှင့် ထိုတမန်တော်နှင့် အတူရှိနေသော ယုံကြည်သက်ဝင်သူများထံ ပို့ပေးတော်မူခဲ့သည်။ ထို့ကြောင့် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အသင်တို့၏ ဒဏ်ခတ်မှုကို ခံခဲ့ကြရသည် ဟူ၍ဖြစ်သည်။

အာယသ် ၂၆ ပါ **ثُمَّ اَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلٰى رَسُوْلِهٖ وَ عَلَى الْمُؤْمِنِيْنَ** ထို့နောက်တဖန်အလ္လာအရှင်မြတ်သည် မိမိအထံတော်မှ မိမိရဿူလ် တမန်တော်၏ အပေါ်၌လည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့ အပေါ်၌ လည်းကောင်း၊ စိတ်တည်ငြိမ်မှုကို ချပေးသနား တော်မူခဲ့လေသည် ဟူသောအဆိုအမိန့်ကို အနည်းငယ်ပိုရှင်းလျှင် ပိုအသုံးဝင်ပါသည်။ ဟိုနိုင်းနှိုင်း ရန်သူများ စတင်တိုက်ခိုက်မှုကြောင့် စစ်မြေပြင်တွင် ခြေကုပ်လွတ်သွားသော ဆွာဟာဗဟ် သာဝကကြီးများ၏ နှလုံးသားထဲသို့ အရှင်မြတ်၏ စိတ်တည်ငြိမ်မှုချပေးသနားတော်မူခဲ့သည်ဟု ဆိုလိုသည်။ ဤသည်ကြောင့် ၎င်းတို့ခြေများ တစ်ဖန်ပြန်လည် မြဲမြံ၍ ထွက်ပြေးသော ဆွဟာဗဟ်များသည်လည်း စစ်ပွဲဆီသို့ ပြန်လာခဲ့ကြသည်။ ခိုင်မြဲမှုနှင့် သံန္ဒိဌာန်ချမှုတို့ဖြင့် ရှေ့တန်းစစ်ချက်နာရှိ တမန်တော်မြတ်သခင်နှင့် ဆွဟာဗဟ်သာဝကကြီးများအပေါ်သို့ စိတ်တည်ငြိမ်မှု ချပေးသနား တော်မူခြင်းက ထိုသူများသည် အောင်မြင်မှု လက်တစ်ကမ်းတွင် ရှိနေသည်ကို မြင်နိုင်သည်ဟု ဆိုလိုသည်။ ဤနေရာ၌ ဖော်ပြထားသည့် စိတ်တည်ငြိမ်မှုဟူသည်မှာ နှစ်မျိုး နှစ်စားရှိသည်။ တစ်မျိုးမှာ ထွက်ပြေးသူများအတွက်ဖြစ်၍ နောက်တစ်မျိုးမှာ ခိုင်မြဲမှုနှင့် သံန္ဒိဌာန်ချမှုတို့ဖြင့်နေသော တမန်တော်မြတ်နှင့် ကိုယ်တော်နှင့် အတူရှိနေသည့် ဆွဟာဗဟ်သာဝကကြီးများအတွက် ဖြစ်ပေသည်။ ယင်းသို့ဖြစ်ရခြင်းမှာ **عَلٰى رَسُوْلِهٖ وَ عَلَى الْمُؤْمِنِيْنَ** မိမိတမန်တော်အပေါ်၌လည်းကောင်း၊ မုအ်မင်န် သက်ဝင်ယုံကြည်သူတို့ အပေါ်၌လည်းကောင်း ဟူသော အသုံးအနှုန်းအား သီးသန့်ထားရှိကာ တစ်ခုပြီး တစ်ခုကို **عَلٰى** (အလာ - အပေါ်၌) ဟူသော ဝိဘတ်ကို ခံထားခြင်းသည် ဤသည်၏ သန့်ရှင်းစင်ကြယ်မှုကို ထောက်ပြရန် ဖြစ်သည်။

(ငွေစတစ်အောင် ကီယဟ်သည် ၁၂.၄.၄၇ ဂရမ်နီးပါးနှင့် ညီမျှ သည်။/မုဖ်သီမုဟမ္မဒ်ရှဖီး)

ထို့နောက် وَ اَنْزَلَ جُنُوْدًا لَّمْ تَرَوْهَا ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အသင်တို့မမြင်နိုင်သော စစ်သည်ရဲမက်တို့ကိုလည်းစေလွှတ်တော်မူခဲ့လေသည်ဟုမိန့်ထားသည်။ဤသည်ကဆိုလိုသည်မှာလူအများစုမမြင်တွေ့နိုင်ပါ။ အချို့တင်ပြချက်များတွင် ဖော်ပြထားသည့် ဤ စစ်သည်ရဲမက်များကို မြင်တွေ့ခြင်းဆိုသည်မှာ ဤအဆိုအမိန့်နှင့် ဆန့်ကျင်သည်ဟု မမှတ်ယူသင့်ချေ။

ထို့နောက် နိဂုံးချုပ်အနေဖြင့် وَ عَذَّبَ الَّذِيْنَ كَفَرُوْا ۗ وَ ذٰلِكَ جَزَآءُ الْكٰفِرِيْنَ ဟူ၍ မိန့်ဆိုထားသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများကို ပြစ်ဒဏ်ခတ်တော်မူသည်။ ထို့နောက် ထိုမယုံကြည်သွေဖည်ငြင်း ပယ်သူများသည်လည်း ယင်းပြစ်ဒဏ်နှင့် ထိုက်တန်ပေသည်။ ဤပြစ်ဒဏ်ခတ်မှု (သို့မဟုတ်) ပြစ်ဒဏ်အတွက်ပေးဆပ်ခြင်း ဆိုသည်မှာ မုစ်လင်မ်များလက်ဝယ် ၎င်းတို့၏လက်အောက်ခံအဖြစ် ကျရောက်ခြင်းဟု ဆိုလိုကာ ယင်းဖြစ်ရပ်ကို အထင်အရှားမြင်တွေ့ခဲ့ရသောအရာလည်း ဖြစ်သည်။ အချုပ်မှာ လောကီတွင် ၎င်းတို့အတွက်သတ်မှတ်ထားသော ပြစ်ဒဏ်ခတ်မှုကို လတ်တလော ၎င်းတို့ရရှိစေပါသည်။ နောင်တမလွန်ဘဝရှိ ၎င်းတို့၏ ကံကြမ္မာ အကြောင်းကိုမူ အာယသ် (၂၇) ထဲတွင်

ثُمَّ يَتُوْبُ اللّٰهُ مِنْۢ بَعْدِ ذٰلِكَ عَلٰى مَنْ يَّشَآءُ ۗ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ

ထို့နောက်တဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိတော်မူသော သူ၏ဘက်သို့ ကရုဏာတော်ဖြင့်လှည့် တော်မူအံ့။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူ သောအရှင် အလွန်တရာ သနားကြင်နာ ညှာတာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း ဟူ၍ ဖြစ်သည်

ဤနေရာ၌ ဂျီဟာဒ်စစ်ပွဲတွင် မုစ်လင်မ်များလက်ဝယ် ရှုံးနိမ့်ခြင်းအသွင်ဖြင့် ပြစ်ဒဏ်ခတ်ခံရပြီး ၎င်းတို့၏ မယုံကြည် သွေဖည်မှုကို ဆက်လက်ဖက်တွယ်ခဲ့သည့် မယုံကြည်သွေဖည်ငြင်းပယ်သူများအနက် အချို့သူများအတွက် စစ်မှန်သော ယုံကြည်သက်ဝင်သူများ ဖြစ်လာနိုင်စွမ်းဖြင့် ကောင်းချီးမင်္ဂလာပေးခံရလိမ့်မည့် သူများကိုညွှန်းထားသည်။ ဤသို့ဖြစ်သွားပုံကို အောက်တွင် အသေးစိတ်အချို့ဖြင့် ဖော်ပြထားသည်။

ဟုနိုင်းန်စစ်ပွဲအောင်နိုင်ခြင်း

ရန်သူအကြီးအကဲများ အစွလာမ်ဘာသာသက်ဝင်ယုံကြည်ခြင်း၊ စစ်သုံ့ပန်းများလွှတ်ပေးခြင်း

ဟဝါဇင်မ်နှင့် သကိဖ်မျိုးနွယ်စုများမှ အကြီးအကဲအချို့ ဟုနိုင်းန်စစ်ပွဲတွင် သတ်ဖြတ်ခံရကြောင်း ပြန်လည် သတိရပါလိမ့်မည်။ အချို့သူများသည် ထွက်ပြေးခဲ့ကြသည်။ ထိုသူများ၏မိသားစုများသည် စစ်သုံ့ပန်းများဖြစ်လာကြပြီး ပစ္စည်းဥစ္စာများသည် မုစ်လင်မ်များ၏ သုံ့လက်ရပစ္စည်းများဖြစ်လာခဲ့သည်။ ယင်းသုံ့လက်ရ ပစ္စည်းများတွင် စစ်သုံ့ပန်း (၆၀၀၀)၊ ကုလားအုတ်အကောင် (၂၄၀၀၀)၊ ဆိတ်အကောင် (၄၀၀၀၀) နှင့် ၄၈၉.၈၈၈ ကီလိုဂရမ်မျှရှိသာ ငွေစအောင်ကီယဟ် ၄၀၀၀ တို့ပါဝင်သည်။ တမန်တော်မြတ်က စိုက်ယိဒနာအဗူ စွဖ်ယာမ်အိဝ်နိုဟာရဗ်အား သုံ့လက်ရ ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် ခန့်အပ်ခဲ့သည်။

ထို့နောက် နေရာများစွာတွင် မုစ်လင်မ်များကို အံတုရန်အလို့ငှာ စစ်ရှုံးဟဝါဇင်မ်နှင့် သကီးဖ်ရဲမက်များသည် ပြန်လည်စုစည်းရန် ကြိုးစားခဲ့သော်လည်း နေရာတိုင်းတွင် အရှုံးနှင့်သာရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့ ၎င်းတို့ကို အောင်

နိုင်သူများအပေါ် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ၎င်းတို့ကို ခိုင်မာသည့်သွားအိမ်ခံတပ်တွင် ပိတ်ကာနေထိုင်ခဲ့သည်။ တမန်တော်မြတ် S သည် ဤခံတပ်ကို ၁၅ ရက် (သို့မဟုတ်) ရက် ၂၀ ခန့်ကြာ ဝန်းရံပိတ်ဆို့ခဲ့သည်။ ဝန်းရံ ပိတ်ဆို့ထားသောခံတပ်ထဲမှ ၎င်းတို့သည် များများဖြင့်သာ ပစ်ခတ်နေကြသည်။ အပြင်ထွက်ရန်ပင် သတ္တိမရှိကြချေ။ တမန်တော်မြတ်၏ ဆွဟာဗဟ်သာဝကကြီးများသည် ဤလူများအပေါ် မကောင်းမှုအချို့ ကျရောက် စေရေးအတွက် ဒိုအာဆုတောင်းရန် ကိုယ်တော်ထံမေတ္တာရပ်ခံခဲ့သည်။ သို့သော်လည်း ကိုယ်တော်မြတ် S သည် သူတို့ လမ်းမှန် ရရှိရန် ဆုတောင်းပေးခဲ့သည်။ ထို့နောက် တမန်တော်မြတ် S သည် ဆွဟာဗဟ်ကြီးများနှင့် ဆွေးနွေးတိုင်ပင်ပြီး တပ်ဦးလှည့်ပြန်ရန် ဆုံးဖြတ်သည်။ ဂျီရိရာနားသို့ ရောက်ရှိသောအခါ အွမ္မရာဟ်ပြု လုပ်ရန် မက္ကာဟ်အလ်မုအတ်ဇိဇမာဟ်သို့သွားပြီးမှ မဒီနာဟ်သို့ပြန်ရန် ရည်စူးခဲ့သည်။ မက္ကာဟ်မြို့သားများစွာသည် မုစ်လင်မ်များ အောင်နိုင်လာသလော (သို့မဟုတ်) ရှုံးနိမ့်လာသလောဟူသည်ကို ထွက်၍ ကြည့်ကာအခွင့်ကောင်းယူ၍ အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ကြောင်း ကြေညာခဲ့ကြသည်။

ခရီးစဉ်၏ ဤအဆင့်သို့ရောက်ရှိသောအချိန်၌ သုံ့ရပစ္စည်းများဝေခြမ်းရေးအစီအစဉ်များ ပြုလုပ်ကြပါသည်။ ဤဝေခြမ်းရေးလုပ်ငန်းစဉ်တွင် ရုတ်တရက် ဇိုဗိုင်းအိပ်နိစုရန်ခေါင်းဆောင်သော ဟဝါဇင်မ်မျိုးနွယ်စု၏ အကြီးအကဲတစ်ဆယ့်လေးဦးပါဝင်သော အဖွဲ့တစ်ဖွဲ့ရောက်ရှိလာခဲ့ပါသည်။ ထိုသူများသည် တမန်တော်မြတ် S ကို ဂါရဝပြုရန် ရောက်ရှိခဲ့သည်။ ထိုအုပ်စုထဲတွင် တမန်တော်မြတ်၏ နို့စို့ဘက်ဦးရီးတော် အဗူယရ်ကန်ပါဝင်ကာ ကိုယ်တော်မြတ် ထံလာ၍ ၎င်းတို့အားလုံးသည် အစွလာမ်ဘာသာသက်ဝင်ယုံကြည်ခဲ့ကြသောကြောင့် သူတို့မိသားစုများနှင့် ဥစ္စာပစ္စည်းများကို ပြန်လည်ပေးရန်မေတ္တာရပ်ခံခဲ့သည်။ မေတ္တာရပ်ခံချက်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာအဖြစ် ပို၍ ဖြစ်သွားစေသည်မှာ ၎င်းက အလ္လာဟ့်တမန်တော်မြတ်ကို နို့စို့ဘက်ဆွေမျိုးဖြစ်ခဲ့ကြောင်း သတိပေးခဲ့သောကြောင့် ဖြစ်သည်။ ၎င်းတို့ အတိဒုက္ခရောက်နေသည်မှာလည်း ကိုယ်တော်မြတ်အတွက် လျှို့ဝှက်ချက်မဟုတ်ချေ။ ထို့ကြောင့် သူတို့ကို အကူအညီပေးရန် အသနားခံခဲ့သည့်အဖွဲ့ခေါင်းဆောင်များမှ ကဗျာဆရာတစ်ဦးဖြစ်သူက ပြောခဲ့သည်မှာ အို-အလ္လာဟ်အရှင်မြတ်၏တမန်တော်၊ ကျွန်ုပ်တို့ဤသို့ဒုက္ခရောက်ပုံကို ဗိုင်ဇန်တိုင်း(သို့) အီရတ်ဘုရင်တပါးပါး ရှေ့မှောက် ထိုသို့မေတ္တာရပ်ခံခဲ့ပါလျှင် ထိုသူများသည်လည်း ကျွန်ုပ်တို့၏အသနားခံမှုကို ငြင်းပယ်နိုင်မည် မဟုတ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ ထို့ပြင်အသင်သည် မြင့်မားသော ကိုယ်ကျင့်တရားနှင့်ပတ်သက်လျှင် ရှေ့ဆောင်ရှေ့ရွက်အဖြစ် အလ္လာဟ်အရှင်ကမလွဲမသွေ ပြုလုပ်ထားခဲ့ပါသည်။ ထို့ကြောင့် ကိုယ်တော့်ထံ ကြီးမားသော မျှော်လင့်ချက်ဖြင့် ကျွန်ုပ်တို့ရောက်လာခဲ့ပါသည်" ဟူ၍ဖြစ်ပါသည်။

တမန်တော်မြတ် S သည် တစ်ကမ္ဘာလုံးအတွက် သနားကြင်နာတော်မူခဲ့သော်လည်း အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ တစ်ဘက်တွင်လည်း လူအများအပေါ်၌ထားရှိသော ကိုယ်တော်မြတ်၏မွေးရာပါအကြင်နာ သနားတော်မူအရဆိုလျှင် သုံ့ပန်းများကိုလွှတ်၍ ပစ္စည်းဥစ္စာပြန်လည်ပေးအပ်ရမည်ဖြစ်သည်။ တစ်ခြားဘက်တွင်မူ မုဂျာဟီဒီးန်အားလုံးသည် သုံ့လက်ရပစ္စည်းများရပိုင်ခွင့်ရှိသည့်အလျောက် ၎င်းတို့၏ရပိုင်ခွင့်ကင်းမဲ့ စေခြင်းမှာ တရားမျှတမှုအရဆိုလျှင် မမှန်ကန်ချေ။ ထို့ကြောင့်ဆွဟီးဟ်အလ်ဗုခါရီကျမ်းပါ တင်ပြချက် တရပ်အရ တမန်တော်မြတ် S သည် ၎င်း၏ဆွဟာဗဟ်များကို ဦးတည်၍မိန့်ကြားခဲ့သည်မှာ-

ဤသူများသည် သင်တို့ညီနောင်များဖြစ်ကြသည်။ ၎င်းတို့သည် ဝန်ချတောင်းပန်ပြီးလည်းဖြစ်သည်။ သူတို့၏ စစ်သုံ့ပန်းများကို သူတို့ထံပြန်ပေးသင့်သည်ဟု ကျွန်ုပ်ဆန္ဒရှိပါသည်။ အသင်တို့ထဲမှ မိမိတို့ဝေစုများမှ စိတ်ပါ

လက်ပါနှင့်ပြန်လည်ပေးအပ်လျှင် ဤသည်မှာ ဂုဏ်ကျက်သရေရှိသော အပြုအမူတစ်ရပ်ပင်ဖြစ်သည်။ လုပ်လည်းလုပ်သင့်သည်။ ထိုသို့လုပ်ရန်အဆင်သင့်မဖြစ်သေးသူများသည် နောင်တွင် ကျွန်ုပ်တို့ပထမ ဖိုင်ယ် (စစ်မတိုက်ဘဲ ရသောသုံးရပစ္စည်း) မှ ရရှိပစ္စည်းများမှ သင့်တင့်လျောက်ပတ်သော အစား ပြန်ပေးမည်ဟူ၍ ဖြစ်သည်။

လူထုထင်မြင်ယူဆချက်ရယူခြင်းသည် မှန်ကန်သောနည်းလမ်းဖြစ်သည်။

ဘက်ပေါင်းစုံမှ အသံများထွက်လာသည်မှာ ထိုသူတို့သည် စစ်သုံ့ပန်း များအားလုံးကိုလွှတ်ပစ်ရန် အားလုံးက စိတ်ရောကိုယ်ပါ သဘောတူကြသည်။ သို့ရာတွင် ကိုယ်တော်မြတ် သောကရောက်နေသည့် တရားမျှတမှု၊ သာတူညီမျှမှုနှင့် နှင့် ရပိုင်ခွင့်များကိစ္စနှင့်ပတ်သက်လျှင်မူ လုံလောက်သောသဘောတူညီသည့် အသံများမဟုတ်ဟု ကိုယ်တော်မြတ်ကမှတ်ယူခဲ့သည်။ ကိုယ်တော်မြတ် S ကမိန့်တော်မူသည်မှာ- မည်သူတွေက ၎င်းတို့၏ရပိုင်ခွင့်ကို ဝန်းပမ်းတသာ စွန့်လွှတ်ရန် အဆင်သင့်ဖြစ်နေကြောင်းနှင့် မည်သူတွေက ဖိအားကြောင့် အသံတိတ်နေသည်ကို ငါကိုယ်တော်မသိချေ။ ဤသည်မှာ လူများ၏ရပိုင်ခွင့် ကိစ္စတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် အိမ်ဦးစီး(သို့မဟုတ်) အုပ်စုတစ်စု၏ အကြီးအကဲတိုင်းသည် ၎င်းတို့၏ အသီးသီးအုပ်စုများနှင့် မိသားစုများ ထံသွားကာ ထိုသူများကို တစ်ဦးချင်းဆီ တစ်သီးတစ်ခြားနှင့် ပွင့်ပွင့်လင်းလင်းဖြင့် အမှန်တရားကိုပြောသင့်သည်။

ကိုယ်တော်မြတ်၏ ဆန္ဒတော်များအရ အကြီးအကဲများသည် ၎င်းတို့လူများထံသွားရောက်၍ တစ်ဦးစီ သို့တစ်သီးတခြားစီသွားတွေ့ကာ တစ်ဦးစီ၏တိုက်ရိုက်သဘောတူညီမှုရယူရန် ကိုယ်တော်မြတ်ထံသွား ရောက်၍ ၎င်းတို့၏ ရယူပိုင်ခွင့်များစွန့်လွှတ်ကြောင်း အားလုံးကသတင်းပို့ခဲ့သည်။ ထို့နောက်မှ တမန်တော်မြတ် S သခင်သည် စစ်သုံ့ပန်းများ အားလုံးကို ပြန်ပေးခဲ့သည်။

ဤသူများ၏သောင်ဗဟ်(သို့မဟုတ်) ဝန်ချတောင်းပန်မှုကို ثُمَّ يَتُوبُ اللَّهُ مِنْ بَعْدِ ذَٰلِكَ عَلَىٰ مَنْ يَشَاءُ "ထို့နောက်တဖန် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိတော်မူသောသူ၏ဘက်သို့ ကရုဏာတော်ဖြင့် လှည့်တော်မူအံ့"ဟူသော စကားလုံးများဖြင့် အစချီထားသည်ကို အာယသ် ၂၇တွင် ထောက်ပြထားသည်။ ဟုနိုင်းန် စစ်ပွဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ၏အသေးစိတ်များတို့၏ တစိတ်တဒေသကို ကုရ်အာန်ကျမ်းမြတ်ထဲ၌ ဖော်ပြထား၍ ကျန်သည်တို့ကို ခိုင်လုံသောဟဒီးစ်ဆင့်ပြန်ချက်များမှ ဖော်ပြထားသည်။ (မဇာဟေရီကျမ်းနှင့်အိပ်နိုကဆီးရ်ကျမ်း)

အမိန့်ပညတ်ချက်များနှင့် ဥပဒေသများ

များပြားလှစွာသော အမိန့်ပေးချက်များ၊ ဥပဒေများနှင့် လမ်းညွှန်ချက်များ၏ အချက်အလက်များသည် ဤအဖြစ်အပျက်များမှ ပေါ်ထွက်ခဲ့သည်။ စင်စစ်ယင်းတို့သည် ဤအဖြစ်အပျက်များ တင်ပြရခြင်း၏ ရည်ရွယ်ချက်ပင်ဖြစ်သည်။

အာယသ်များမှပေါ်ထွက်လာသည့် ပထမဆုံးသော ညွှန်ကြားချက်မှာ မုစ်လင်မ်များသည် ၎င်းတို့၏ အရေအတွက် သာလွန်မှု (သို့မဟုတ်) အင်အား သာလွန်မှုအတွက် မည်သည့်အခါတွင်မျှ မာနမတက်သင့်ချေ။ ၎င်းတို့အင်အား ချည့်နဲ့၍ ချို့တဲ့သော အချိန်များတွင် အလ္လာဟ်အရှင်မြတ်ဘက် လှည့်၍ အရှင်မြတ်ထံ အကူအညီ တောင်းခံ

မှုကို ပြန်လည်သတိရ အောက်မေ့သင့်သည်။ အလားတူပင် ခွန်အားကြီးမား၍ ဩဇာအာဏာကြီးသော အချိန်တွင်လည်း အလွှာဟ်အရှင်မြတ်၏ အကူအညီမှအပ မည်သည့်အပေါ်တွင်မှ ၎င်းတို့ကို ယုံပုံအပ်နှံမှုမထား သင့်ပါ။

ဟူနိုင်းနိစ်ပွဲတွင် မုစလင်မ်များသည် အရေအတွက်သာလွန်ခဲ့ကြသည်။ ၎င်းတို့တွင် လုံလောက်သော စစ်လက်နက်ပစ္စည်းနှင့် အထောက်အပံ့များ ရှိခဲ့ကြသည်။ ဤသည်က ဆွဟာဗဟ်အချို့သည် ထိုစစ်ပွဲဒေနှ့က ၎င်းတို့ကို မည်သူကမျှရှုံးနိမ့်အောင် လုပ်နိုင်လိမ့်မည်မဟုတ်ဟူသည့် စကားလုံးများထွက်စေခဲ့ပါသည်။ အလွှာဟ်အရှင်မြတ်သည် အရှင်မြတ် ချစ်မြတ်နိုးသည့်လူတစ်စုက ထိုသို့သောပြောဆိုချက်ကို နှစ်မြို့တော်မမူ၊ ရလဒ်မှာ ရန်သူများက စတင်ထိုးစစ်ဆင်သောအခါ မုစ်လင်မ်များသည် စစ်မြေပြင်ရှိခြေကုပ်များ ဆုံးရှုံးခဲ့ရသည်။ သူတို့စတင်ထွက် ပြေးခဲ့ရသည်။ ထို့နောက် အလွှာဟ်အရှင်မြတ် အထံတော်မှ အကွယ်မှ အကူ အညီကြောင့်သာ ရန်သူကိုနိုင်ခဲ့ကြသည်။

စစ်ရှုံးသည့် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပစ္စည်းများ၊ တရားမျှတမှုနှင့် ဂရုစိုက်မှုလိုအပ်သည်။

ဤနေရာ၌ပေးထားသော ဒုတိယညွှန်ကြားချက်မှာ စစ်ရှုံးသည့်မယုံကြည်သွေဖည်ငြင်းပယ်သူများ ပိုင်ဆိုင်သောပစ္စည်းများ စီမံခံခွဲရာတွင် ဂရုပြုမှုနှင့် တရားမျှတမှုလိုအပ်သည်တို့နှင့် ပတ်သက်သည်။ ဤသည်ကို မက္ကာဟ်မြို့မှ စစ်ရှုံးသော မုစ်လင်မ်မဟုတ်သူများထံမှ ဟူနိုင်းနိစ်ပွဲအတွက် စစ်လက်နက်ပစ္စည်းများယူနေ စဉ် တမန်တော်မြတ် S သခင်၏လုပ်ရပ်က သရုပ်ပေါ်စေသည်။ ထိုအချိန်က ၎င်းတို့ထံမှ ဤစစ်လက်နက်ပစ္စည်း များကိုအတင်းအကြပ်ယူငင်၍ ရနိုင်သောအချိန်ဖြစ်သည်။ သို့သော်လည်း အလွှာဟ့်ရစူလ်တမန်တော်သည် ဤအရာများကို ချေဖျားသည့်အနေဖြင့် ယူငင်ခဲ့သည်။ ထို့နောက် ကိုယ်တော်မြတ်သည် ချေဖျားခဲ့သောပစ္စည်းများကို ထိုသူများထံသို့ ပြန်လည်ပေးအပ်ခဲ့သည်။

ဤအဖြစ်အပျက်က မုစ်လင်မ်များကို အရေးပါသည့်သင်ခန်းစာများ ပေးပါသည်။ ၎င်းတို့သည် ပြီးပြည့်စုံသော တရားမျှတမှုကို ထိန်းသိမ်းသင့်ကာ ရန်သူများနှင့် ဆက်ဆံရာတွင် အသနားကြင်နာမှုနှင့် သဘောထားကြီးမှုပြသရန် ဟူသည့် သင်ခန်းစာများဖြစ်သည်။

တတိယလမ်းညွှန်ချက်မှာ ဟူနိုင်းနိသွားရာလမ်းရှိ ကိုက်ဖ်ဗနီကိနာဟ်အရောက်တွင် တမန်တော်မြတ် S ပြောကြားခဲ့သည်တွင် ပါဝင်သည်။ တမန်တော်မြတ် S မိန့်သည်မှာ မနက်ဖန်၌ ကျွန်ုပ်တို့ရန်သူများဖြစ်သည့် မက္ကာဟ်မြို့မှ ကုရိုက်ရှ်များက တစ်ချိန်က မုစ်လင်မ်များကို ကြည်ခံသည့်နေရာ၌ ကျွန်ုပ်တို့နားကြရလိမ့်မည်။ ဤနေရာ၌ပေးထားသည့်အညွှန်းမှာ ရှင်းပါသည်။ အလွှာဟ်အရှင်မြတ်သည် မုစ်လင်မ်များကို အောင်ပွဲနှင့်ဩဇာ ပေးထားသောကြောင့် အတိတ်ကဒုက္ခသုက္ခရောက်ခဲ့သည့်ရက်များကို မုစ်လင်မ်များမမေ့သင့်ချေ။ သို့မှသာ ၎င်းတို့သည် မည်သည့် အခြေအနေတွင်မဆို အလွှာဟ်အရှင်မြတ်အား အမြဲကျေးဇူးတင်နေပေလိမ့်မည်။ စစ်ရှုံးသော ဟဝါဇင်မ်စစ်တပ်သည်သွားအိဖ်ခံတပ်၌ခိုလှုံခဲ့၍ ယင်းနေရာမှမုစ်လင်မ်များကို မြားများဖြင့် အဖန်တလဲလဲ ပစ်ခတ်နေသည်ကိုပြန်လည် သတိရပါလိမ့်မည်။ ထိုသူများပေါ် ဆိုးကျိုးကျရောက်စေရန် ဆုဒုအာပြုစေရေး တမန်တော်မြတ်ကို မေတ္တာရပ်ခံခဲ့ကြသည်။ ကိုယ်တော်မြတ်သည် ၎င်းတို့၏မြားနှင့်ပစ်ခြင်းကို ထိုသို့သောဒုအာဆုပန်ခြင်းဖြင့် မတုန်မလှုပ်ခဲ့ပါ။ ထိုသူများ လမ်းမှန်ကို ညွှန်ကြားခံရရန်သာ ဒုအာဆုမွန်တောင်းခံခဲ့သည်။ စကြဝဠာအပေါင်း၏ အသနားတော်ဖြစ်သည့် အားလျော်စွာ တမန်တော်မြတ်၏ ဆုဒုအာတောင်းခြင်းက မုစ်လင်မ်များကို သင်ခန်းစာသင်ကြားပေးပါသည်။ ယင်း သင်ခန်းစာအရ

မုစ်လင်မ်များသည် ဂျီဟာဒ်စစ်ပွဲတစ်ခု တိုက်ခိုက်ရာတွင် ရန်သူများကို နှိမ်နင်းရန်ရည်စူးသည် မဟုတ်ဘဲ ၎င်းတို့ကို လမ်းမှန်ညွှန်ကြားပြသရန်ဟူသည့် ဦးတည်ချက်ရှိရမည်။ ထို့ကြောင့် ဂျီဟာဒ်ကြိုးပမ်းမှုတွင် ဤရည်မှန်းချက်ကို အမြဲတမ်းမျက်ခြည်မပြတ်သင့်ပေ။

တတိယအာယသ် (၂၇) က မုစ်လင်မ်များကိုညွှန်ကြားသည်မှာ စစ်ပွဲ၌ရှုံးနိမ့်သွားခဲ့သော မယုံကြည်သွေဖည်ငြင်းပယ်သူများကို အရေးမပါသောသူများဟု မယူဆသင့်ချေ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို အစွမ်းဘာသာသက်ဝင် ယုံကြည် နိုင်စွမ်းနှင့် အီမာန်၏အလင်းရောင်ဖြင့် ကောင်းချီးမင်္ဂလာပေးနိုင်ချေရှိသောကြောင့်ဖြစ်သည်။ ဟဝါဇင်နကိုယ်စားလှယ်များ၏ အစွမ်းသာသနာသို့ ဝင်ရောက်လာခဲ့မှုက ဤသည်ကို သက်သေ ပြပါသည်။

ထိုဟဝါဇင်နမျိုးနွယ်စု ကိုယ်စားလှယ်အဖွဲ့ကပင် စစ်သုံ့ပန်းများကို ၎င်းတို့ထံပြန်လည်ပေးအပ်ပါရန် တမန်တော်မြတ် ﷺ သခင်ထံ မေတ္တာရပ်ခံခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ က ဆွဟာဗဟ်ကြီးများ အစုအဝေးကို ၎င်းတို့၏လွတ်လပ်သောဆန္ဒအရ ယင်းကိစ္စသဘောတူ/မတူ မေးမြန်းခဲ့သည်။ လူအုပ်ကြီးထံမှ သဘောတူညီကြောင်း အသံဖြင့်တုန့်ပြန်ချက်ရရှိခဲ့သည်။ တမန်တော်မြတ်က ယင်းသို့တုန့်ပြန်မှုကိုပင်လျှင် လုံလောက်သည်ဟု မယူဆခဲ့ချေ။ ကိုယ်တော်မြတ်သည် ထိုသို့မလုပ်မှီ တစ်ဦးချင်းစီထံမှ သဘောတူညီကြောင်း သေချာစေရန် ကျယ်ပြန့်သည့် လုပ်ဆောင်ချက် အဆင့်ဆင့်ပြုလုပ်ခဲ့ပါသည်။

ဤသည်က ရပိုင်ခွင့်ကိစ္စရပ်သည် အထူးအရေးကြီးကြောင်း သက်သေပြသည်။ သူ (သို့မဟုတ်) သူမ၏ လွတ်လပ်သောဆန္ဒပေါ်အခြေခံ၍ လုပ်ဆောင်ကြောင်းမသေချာသေးသရွေ့ တစ်စုံတစ်ဦးထံမှ ပိုင်ဆိုင်သည်ကို ရပိုင်ခွင့်အနေဖြင့် ယူခွင့်မရှိခြင်းကို သက်သေပြပါသည်။ လူအုပ်စုအား ထိတ်လန့်၍သော်လည်းကောင်း၊ လူအများရှေ့ ရှက်ကြောက်စိုးရိမ်၍သော်လည်းကောင်း၊ လူတစ်ဦးသည် ဆိတ်ဆိတ်နေခြင်းသည် လူတစ်ဦး၏ လွတ်လပ်သော ဆန္ဒဖြစ်ကြောင်း စိတ်ရောကိုယ်ပါ သဘောတူညီကြောင်း သက်သေပြရန်မလုံလောက်ချေ။ ဤသည်မှ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ဥပဒေတစ်ရပ်ထုတ်နှုတ်သည်မှာ တစ်စုံတစ်ဦး၏ရာထူးဌာနန္တရ၊ ဩဇာအာဏာ(သို့မဟုတ်) လွှမ်းမိုးမှုကိုအထင်ကြီးစေရန် ဘာသာရေးဆိုင်ရာ ကိစ္စအချို့အတွက် အလှူငွေကောက်ခံခြင်းသည် မမှန်ကန်ချေ။ အကြောင်းမှာ နူးညံ့သိမ်မွေ့သည့် များစွာသောသူများသည် ဤကဲ့သို့သောအခြေ အနေများကြောင့် ဖြစ်ပေါ်သည့် စိတ်အနှောင့်အယှက်ဖြစ်မှုမှ ရှောင်ရှားရန်အလို့ငှာ တစ်စုံတစ်ရာပေးလိုက်ခြင်းရှိသည်။ ဤသို့ပေးခြင်းသည် မိမိ၏ လွတ်လပ်သောဆန္ဒနှင့် ကျေနပ်ပျော်ရွှင်မှုမပါဘဲ စိတ်အနှောက်အယှက် ကင်းဝေးရန်သာဖြစ်သည်။ ထိုကဲ့သို့ စိတ်နှင့် ပေးကမ်းခြင်းတွင် ဘရကသ်မင်္ဂလာမရှိပါ။

အာယသ် (၂၈)

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنَّمَا الْمُشْرِكُوْنَ نَجَسٌ فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هٰذَا ۚ وَاِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيْكُمُ اللّٰهُ مِنْ فَضْلِهٖٓ اِنْ شَاۤءَ ۗ اِنَّ اللّٰهَ عَلِيْمٌ حَكِيْمٌ ﴿٢٨﴾

အို - မုအ်မင်နှ် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မုရှ်ရစ်*တို့ကား ညစ်ညမ်းသော သူများသာ ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် 'မတ်စ်ဂျိဒ ဟရာမ်' ထူးမြတ်သောဗလီဝတ်ကျောင်းတော်၏ အပါးသို့ပင် ချဉ်းကပ်ခြင်းမပြုကြရချေ။ ၎င်းပြင်အကယ်၍ အသင်တို့သည် ဆင်းရဲနွမ်းပါးမှုကို စိုးရိမ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါက မကြာမြင့်မီအတွင်း အသင်တို့အား မိမိကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝ ပြည့်စုံစေတော်မူအံ့။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို အကြွင်းမဲ့ သိတော်မူသောအရှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉း၂၈)

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အသ်သောင်ဗဟ်၏အစ၌ မုရှ်ရိက်များနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူတို့အား ထွက်ခွာရန်အမိန့် ထုတ်ထားသည်။ အထက်ဖော်ပြပါ အာယသ်တော်ထဲ၌ ဤကြေညာချက်နှင့် ပတ်သက်သော အမိန့်ပညတ်ချက်များ ဖော်ပြထားသည်။ ပါရှိသည်မှာ မယုံကြည်သွေဖည်သူများနှင့် ချုပ်ဆိုထားသောစာချုပ်များကို အဆုံးသတ်ခြင်း (သို့မဟုတ်) တစ်နှစ်အတွင်းဖြည့်ဆည်းခြင်းနှင့် ဤကြေညာချက်မှ တစ်နှစ်ကျော်လျှင် ဖျက်သိမ်းပြီးဖြစ်၍ မြင့်မြတ်သော ပရဝုဏ်အတွင်း မည်သည့်မုရှ်ရိက်မျှမရှိစေရ ဟူ၍ ပြဋ္ဌာန်းသတ်မှတ်ထားသည်။

ဤအကြောင်းအရာကို လက်ရှိအာယသ်ထဲတွင် ရည်မှန်းချက်နှစ်ရပ် တစ်ပြိုင်နက်တည်းပြီးမြောက်စေရန် သီးသန့်နည်းလမ်းဖြင့် ဖော်ပြထားသည်။ ယင်းက ဤအမိန့်ပညတ်ချက်၏နောက်ကွယ်ရှိ အသိဉာဏ်ကိုညွှန် ပြကာ ဤအမိန့်အတည်ပြုမှုတွင် မုစ်လင်မ်အချို့၏ သောကရောက်မှုကိုလည်း ပြေပျောက်စေပါသည်။ ဤနေရာ၌ نَجَسٌ (နဂျာစ်) ဟူသောစကားလုံးကား ဂျီမ်ဟူသောစကားလုံးပေါ်တွင် ဖသာဟ် နှင့် သုံးနှုန်းထားသောကြောင့် ညစ်ညမ်းခြင်းဟူသည့် အဓိပ္ပာယ်သက်ရောက်သည်။ ထို့နောက် ညစ်ညမ်းမှုသည် တစ်စုံတစ်ဦးသဘာဝ အလျောက် ရောင်ကြဉ်သည့် မသန့်စင်သည့်အရာတိုင်းကို ဖော်ပြသည်။ အီမာမ်ရာဂိဗ်အလ်အစ္စဖဟာနီက ပြောသည်မှာ ညစ်ညမ်းမှုတွင် အာရုံများဖြစ်သည့် မျက်စိ၊ နှာခေါင်း၊ (သို့မဟုတ်) လက်စသောအရာဖြင့် ခံစားသိရှိနိုင်ခြင်း၊ အသိဉာဏ်နှင့်ဆင်ခြင်တုံတရားတို့ဖြင့် သိနိုင်သော ညစ်ညမ်းမှုအားလုံးပါဝင်သည်။ ထို့ကြောင့် 'နဂျာစ်'ဟူသော စကားလုံးတွင် မသန့်ရှင်းမှု ညစ်ညမ်းမှုပုံစံ ၃မျိုးပါဝင်သည်။ ပထမတန်းအစားမှာ အစစ်အမှန်ဖြစ်၍ လူတိုင်းယင်းကို အရှုံအတိုင်း ခံစားသိရှိနိုင်သည်။ ထို့နောက် ဒုတိယအတန်းအစားလည်း ရှိသည်။ ဤသည်ကို တရားဝင်ဟုခေါ်ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ဝုသူ

* အလ္လာဟ်အရှင်မြတ်နှင့် ဂုဏ်ရည်တူဟု မှတ်ယူပြီး ယှဉ်တွဲကိုးကွယ်သူ

(ဆေးကြောသန့်စင်ခြင်း) ဂုစုလ် (ရေချိုးခြင်း) တို့အား တရားဝင်ပြုလုပ်ရန်လိုအပ်သည်။ ဥပမာဖြင့်ပြရလျှင် ဂျနာဗသ် (ကာမဆက်ဆံခြင်း၊ သုက်လွှတ်ခြင်း၊ အိပ်မက်တွင်သုတ်လွှတ်ခြင်း) စသည်တို့နှင့် ယိုင်းဒ်နှင့် နိဖားစ်ဟုခေါ်ဆိုသည့် ဓမ္မတာရာသီလာပြီးချိန်နှင့်ကလေးမွေးဖွားပြီးချိန်တို့လည်းဖြစ်သည်။ထို့နောက်လူသား၏နှလုံးသားနှင့်ပတ်သက်သော နာမ်ပိုင်းဆိုင်ရာမသန့်ရှင်းမှုဖြစ်သည်။ ဥပမာဆိုသော် မှားယွင်းသောယုံကြည်မှုနှင့် မကောင်းသောကိုယ် ကျင့်တရားတို့ ဖြစ်သည်။ နဂျစ်ဟူသော စကားလုံးတွင် ဤအရာအားလုံး အကျုံးဝင်သည်။

ဤအာယသ်ထဲတွင်ပါဝင်သော **إِنَّمَا** အင်္ဂါနမာဟူသောစကားလုံးကို ဟစ္စရ် (သို့မဟုတ်) ကန့်သတ်ခြင်း အတွက် သုံးနှုန်းထားသည်။ ထို့ကြောင့် ဝါကျက မုရှ်ရစ်က် (အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ် သူများ) တို့သည် မုချဇကန် မသန့်စင်သောသူများ (အညစ် အကြေးများသည်သာ) ဟု အဓိပ္ပာယ်သက်ရောက်စေသည်။ ကိစ္စရပ်၏ အမှန်တရားကား မသန့်ရှင်းသည့်အမျိုးအစား ၃ မျိုးစလုံးကို မုရှ်ရစ်က်များတွင် တွေ့ရခြင်း မှာ အမှန်တကယ် မသန့်စင်သည့် မြောက်မြားစွာသောအရာများကို ၎င်းတို့က မသန့်ရှင်းဟု မသတ်မှတ်ကြခြင်းကြောင့် ဖြစ်သည်။ ရလဒ်မှာ ထိုသူတို့သည် ၎င်းတို့အားညစ်ညမ်းပေရေစွန်းထင်းနေသော ထင်ရှားသည့် မသန့်ရှင်းမှုများကို ရှောင်ရှားရန် မကြိုးပမ်းကြချေ။ ပမာဆိုသော် အရက်သေစာများနှင့် ယင်းဖြင့်ပြုလုပ်ထားသော ပစ္စည်းများဖြစ်ကြသည်။ ဂျနာဗသ် ကိုယ် မသန့်ဖြစ်ပြီးနောက် ရေချိုးသန့်စင်ရမည်ဟု တရားတော်ကပြဋ္ဌာန်း ထားသကဲ့သို့သော မသန့်စင်သောအခါတွင် တရားတော်ကပြဋ္ဌာန်းထားသည့် သန့်ရှင်းစေခြင်းနည်းလမ်းများကို လည်း ၎င်းတို့က မယုံကြည်ကြပါ။ နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးများဖြစ်သည့် လွဲမှားသောယုံကြည်မှုနှင့် မကောင်းသော ကိုယ်ကျင့်တရားများသည်လည်း ၎င်းတို့အတွက် အဓိပ္ပာယ်မရှိချေ။

ထို့ကြောင့် ဤအာယသ်တော်ထဲတွင် မုရှ်ရစ်က်များအား မသန့်ရှင်းဟုကြေငြာ၍ **فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ بَعْدَ عَامِهِمْ هٰذَا** သို့ဖြစ်ပေရာ ၎င်းတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် မတ်စ်ဂျိဒေဟရာမ် ထူးမြတ်သော ဗလီဝတ်ကျောင်းတော်၏ အပါးသို့ပင် ချဉ်းကပ်ခြင်း မပြုကြရပေဟု အမိန့်ပညတ်ထားခဲ့သည်။

အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်ဟူသောစကားလုံးသည် ယေဘုယျအနေဖြင့် ဗိုင်သွလ္လာဝန်းကျင်တွင် တံတိုင်းကာရံထားသည့်နေရာကို ဖော်ကျူးရန်အလို့ငှာ သုံးနှုန်းထားသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်များတွင် ဤစကားလုံးကို မက္ကာဟ်မြို့ရှိဟရာမ်တစ်ခုလုံးနှင့် မြင့်မြတ်သောပရဝုဏ် အတွင်းလည်း သုံးနှုန်းခဲ့သည်။ ယင်းနေရာသည် စတုရန်းမိုင်များစွာကျယ်၍ စိုက်ယိဒနာ အီဗ်ရာဟီးမ် a သခင် ကနဦးက သတ်မှတ်ထားခဲ့သည့် နယ်နိမိတ်ဖြစ်သည်။ ဤအနက်အဓိပ္ပာယ်ဆောင်၍ မဲအ်ရာဂျ်ကြွေတော်မူသည့်အဖြစ်အပျက်ကို ရည်ညွှန်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စာသားများတွင် **مِنَ الْمَسْجِدِ الْحَرَامِ** မတ်စ်ဂျိဒ်ဒေဟရာမ် ထူးမြတ်သောဗလီ ဝတ်ကျောင်းတော်မှ(၁၈း၁)ဟူ၍သုံးနှုန်းထားသည်။ဤအဓိပ္ပာယ်ဖွင့်ဆိုမှုကိုအများသဘောတူညီညွတ်ထောက်ခံကြသည်။ အဘယ်ကြောင့်ဆိုသော် မဲအ်ရာဂျ်ကိစ္စသည် အများတကာ သိပြီးဖြစ်သော အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်အတွင်းမှ ဖြစ်ပေါ်ခဲ့သည် မဟုတ်ဘဲ စိုက်ယိဒါအွမ္မေ့ဟာနီ g သခင်မ အိမ်တော်မှစတင်ခဲ့သည်။ အလားတူပင် အာယသ်တော်တွင် **إِلَّا الَّذِينَ عٰهَدْتُّمْ عِنْدَ الْمَسْجِدِ الْحَرَامِ** မတ်စ်ဂျိဒေဟရာမ် ထူးမြတ်သောဗလီဝတ်ကျောင်းတော်၏ အပါးတွင် အသင်တို့ပဋိညာဉ်ဖွဲ့ခဲ့ကြသော သူတို့မှတစ်ပါး(၉း၇) ပါ အလ်မတ်စ်ဂျိဒေ အလ်ဟရာမ် ဆိုသည်မှာ ဟရာမ်တစ်ခုလုံးကို ဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုသည့် လုပ်ရပ်ဟူသည်မှာ ဟရာမ်နယ်နမိတ် အနီး အနားတည်ရှိသည့် ဟုဒိုင်ဗီယဟ်တွင် ပြုလုပ်ခဲ့၍ဖြစ်သည်။ (အလ်ဂျဆွ်ဆွားဆ်)

ထို့ကြောင့် အာယသ်တော်က ဤ နှစ်ကုန်ဆုံးပြီးသည့်နောက်တွင် မုရှ်ရစ်က်များ ဟရာမ်၏ မြင့်မြတ်သော ပရဝုဏ်အတွင်း ဝင်ရောက်ခြင်းကို ပိတ်ပင်ပါလိမ့်မည်။ ဤ နှစ်ဆိုသည်မှာ မည်သည့်နှစ်နည်း၊ ဋီကာရှင်အချို့က ပြောသည်မှာ ယင်းနှစ်သည် ဟစ်ဂျရီ ၁၀ ခုနှစ်ဟုဆိုသည်။ သို့သော်လည်း ဋီကာရှင်အများစုအဆိုအရ ဟစ်ဂျရီ ၉ ခုနှစ်ကို ကြိုက်နှစ်သက်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ် s သခင်က စိုက်ယိဒနာ အဗူဗကရ် d နှင့် စိုက်ယိဒနာအလီ d တို့မှတစ်ဆင့် ဤအမိန့်တော်ကို ထုတ်ပြန်သည်မှာ ဟစ်ဂျရီ ၉ ခုနှစ်၏ ဟဂျ်ရာသီ ကာလအတွင်းဖြစ်၍ပင်တည်း။ ထို့ကြောင့် ဟစ်ဂျရီ ၉ ခုနှစ်နှင့် ဟစ်ဂျရီ ၁၀ ခုနှစ်ကြားကာလသည် တစ်နှစ် ဆိုင်းငံ့ ကာလ ဖြစ်သွားသည်။ ဟစ်ဂျရီ ၁၀ ခုနှစ်ပြီးနောက် ဤဥပဒေအတည်ဖြစ် အသက်ဝင်လာသည်။

မြင့်မြတ်သောဗလီဝတ်ကျောင်းတော်အတွင်း မုရှ်ရစ်က်များဝင်ရောက်ခြင်းကို ဟန့်တားသည့်ဥပဒေသည် ထိုဗလီဝတ်ကျောင်းတော်တစ်ခုတည်းအတွက်လော၊ သို့တည်းမဟုတ် ဗလီဝတ်ကျောင်းတော်အားလုံးလော။

အလ်မတ်စ်ဂျ်ဒ်အလ်ဟရာမ် (မြင့်မြတ်သောဝတ်ကျောင်းတော်) အနီးအနားသို့ ဟစ်ဂျရီ ၁၀ ခုနှစ်နောက်တွင် မည်သည့်မုရှ်ရစ်က်မှ လာရောက်ခြင်းခွင့်မပြုဟူသော အထက်ဖော်ပြပါအာယသ်ရှိ အမိန့်ပညတ်ချက်နှင့် ပတ်သက်၍ အချက် ၃ ချက်ကို စဉ်းစားရန်လိုအပ်သည်။ ပထမဦးစွာ ဤအမိန့်ပညတ်ချက်သည် မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွက် သီးသန့်ဖြစ်သလောဟူသည်ကို ကျွန်ုပ်တို့စဉ်းစားရပါမည်။ သို့တည်းမဟုတ် ကမ္ဘာပေါ်ရှိအခြားဗလီကျောင်းတော်များသည်လည်း ဤစီရင်ပိုင်ခွင့်တွင် အကျုံးဝင်သလော။ ဒုတိယမှာ အကယ်၍ ဤအမိန့်ပညတ်ချက်သည် မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွက် သီးသန့်ဖြစ်ခဲ့လျှင် မြင့်မြတ်သော ဗလီဝတ် ကျောင်းတော်အတွင်း မုရှ်ရစ်က်တစ်ဦး ဝင်ရောက်မှုသည် အကြွင်းမဲ့တားမြစ်ခြင်းလော။ သို့တည်းမဟုတ်လျှင် ထိုသို့ဝင်ရောက်မှုကို တားမြစ်ခြင်းသည် ဟဂျ်နှင်အွမ္မရဟ်ကိစ္စတစ်ခုတည်းကိုသာလျှင် တားမြစ်ခြင်းလော။ တတိယမှာ အာယသ်ပါဤအမိန့်ပညတ်ချက်သည် မုရှ်ရစ်က်များနှင့် ပတ်သက်သည်။ သို့ဆိုလျှင် ကျမ်းရပုဂ္ဂိုလ်များအနက်မှ မယုံကြည်သွေဖည်ငြင်းပယ်သူများ (ကုဖ်ဖာရ်)များ အကျုံးဝင်သလော/ မ ဝင်သလော။

ဤအသေးစိတ်ကိစ္စများနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများတွင် မပါရှိသောကြောင့် မုဂျ်သဟိဒ်အီမာမ်များသည် ကုရ်အာန်ကျမ်းမြတ်ပါအညွှန်းများနှင့် ဟဒီးဆ်ဆင့်ပြန်ချက် တို့အရ ၎င်းတို့အသီးသီး၏ အိဂျ်သိဟဒ်နှင့် လိုက်လျောညီထွေစွာ အမိန့်ပညတ်ချက်များကို ရှင်းလင်းထားပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ပထမဦးစွာ စုံစမ်းရှာဖွေမှုမှာ ကုရ်အာန်ကျမ်းတော်မြတ်က မုရှ်ရစ်က်များသည် မုရှ်ရစ်က်များကို နဂျာစ် (ညစ်ညမ်းသူ) အဖြစ် ကြေငြာထားသောအသုံးအနှုန်းများနှင့် ပတ်သက်သော အကြောင်းဖြစ်သည်။ အကယ်၍ ဤသည်က ရုပ်ပိုင်းဆိုင်ရာ ညစ်ညမ်းမှု(သို့မဟုတ်) ကြီးမားသောမသန့်စင်မှု (အကြီးစား) (ဂျနာဗတ်စသည်တို့) ဟုဆိုခဲ့လျှင် ထိုသို့ညစ်ညမ်းမှုကို မည်သည့် မတ်စ်ဂျ်ဒ်ဗလီဝတ်ကျောင်းတော်တွင်း ဝင်ရောက်ခြင်းခွင့်မပြုသည်မှာ ထင်ရှားသည်။ အလားတူ မည်သူမဆို အကြီးစားမသန့်ရှင်းသော အခြေအနေမျိုးတွင်ရှိနေခြင်း (သို့မဟုတ်) ဓမ္မတာရာသီလာနေသော (သို့မဟုတ်) မီးဖွားထားသော အခြေအနေရှိသည့် အမျိုးသမီးကို မဆို မည်သည့်ဗလီဝတ်ကျောင်းတော်တွင်းသို့မဆို ခွင့်မပြုချေ။ ထို့နောက် အကယ်၍ နဂျာစသ်ဟူသော စကားလုံးသည် ကုဖ်ရ်နှင့် ရှိရ်ိက်၏ နာမ်ပိုင်းဆိုင်ရာ အညစ်အကြေးဟုဆိုလိုခဲ့လျှင် ဤကိစ္စနှင့် ပတ်သက်သောအမိန့် ပညတ်ချက်သည် အပြင်ပိုင်းဆိုင်ရာအညစ်အကြေးနှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်နှင့် မတူကွဲပြားနိုင်သည်မှာ ဖြစ်နိုင်သည်။

သဖိစီရ်အလ်ကုရ်သုဗီ၊ အီမာမ်မာလိက်နှင့် မဒီနဟ်ရှိအခြားမမွသတ်ပညာရှင်များ အဆိုအရ မုရှ်ရစ်က်များသည် အရာရာတိုင်းတွင် ညစ်ညမ်းကြသည်။ သူတို့အများစုသည် ထင်ရှားမြင်သာသော အညစ်အကြေးများမှ မရှောင်ရှားကြပါ။ အကြီးစားမသန့်ရှင်းမှုအခြေအနေရောက်လျှင် ရေချိုးရန်ဟူသည်ကို ဂရုမပြုကြပါ။ ထို့နောက် ကုဖ်ရ်နှင့် ရှိရ်ဂ်ဖြစ်သော နာမ်ပိုင်းဆိုင်ရာအညစ်အကြေးမှာမူ ၎င်းတို့တွင်ရှိပြီးဖြစ်သည်။ ထို့ကြောင့် ဤအမိန့်ပညတ် ချက်သည် မုရှ်ရစ်က်အားလုံးနှင့် ဗလီဝတ်ကျောင်းတော်အားလုံးနှင့် သက်ဆိုင်သည်။ ဤသည်ကိုသက်သေပြရန်မှာ ဋီကာရှင်များက စိုက်ယိဒနာ အုမရ်အိဗ်နိအဗ်ဒုလ်အဇီးဇ် [d] ထုတ်ပြန်ခဲ့သည့် အမိန့်ပြန်တမ်းကို ကိုးကားပြခဲ့သည်။ ယင်းအမိန့်တွင် မြို့ကြီးပြကြီးများကို အုပ်ချုပ်သောသူများအား ဗလီဝတ်ကျောင်းတော်များအတွင်းသို့ မုရှ်ရစ်က်များ ဝင်ရောက်ခြင်း ခွင့်မပြုရန်ညွှန်ကြားထားသည်။ သူ၏ အမိန့်ပြန်တမ်းတွင် ဤအာယသ်တော်ကိုးကားပြခဲ့သည်။ နောက်ထပ်၍ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် [s] မိန့်ထားသည်မှာ- **لَا أُحِلُّ الْمَسْجِدَ لِحَائِضٍ وَلَا جُنُبٍ** မည်သည့် အမျိုးသမီးမဆို ဓမ္မတာပန်းပွင့်စဉ်လည်းကောင်း၊ မည်သူမဆို အကြီးစားမသန့်စင်မှုအခြေအနေရှိလျှင် လည်းကောင်း၊ မတ်စ်ဂျ်ဒ်အတွင်း ဝင်ရောက်ခြင်း တရားမဝင်ဟု ကျွန်ုပ်သတ်မှတ်သည်ဟူ၍ဖြစ်သည်။ ထို့နောက် မုရှ်ရစ်က်နှင့် မယုံကြည်သွေဖည် ငြင်းပယ်သူများသည် ဂျနာဗသ်အခြေအနေတွင် ရေချိုးသန့်စင်ခြင်းမရှိသောကြောင့် ထိုသူများမတ်စ်ဂျ်ဒ်ဗလီဝတ်ကျောင်းတော်တွင်း ဝင်ရောက်ခြင်းကို တားမြစ်ခဲ့သည်။

အီမာမ်ရှာဖီအီကပြောသည်မှာ ဤအမိန့်ပညတ်ချက်သည် ကျမ်းရပုဂ္ဂိုလ်များမှ မုရှ်ရိစ်က်နှင့် မယုံကြည်သွေဖည်သူအားလုံးတို့နှင့် သက်ဆိုင်သည်။ သို့သော်လည်း ကန့်သတ်ထားသည်မှာ မြင့်မြတ်သောဝတ်ကျောင်းတော်အတွက်ဖြစ်သည်။ ၎င်းကို အခြားဗလီဝတ်ကျောင်းတော်များထဲဝင်ခြင်းကို တားမြစ်မထားချေ။ (ကုရ်သုဗီ) သက်သေသာဓကကို သုမာမဟ်အိဗ်နိအတ်သာလ်နှင့်ပတ်သက်သည့် အဖြစ်အပျက်ကို ၎င်းက ကိုးကားခဲ့သည်။ ယင်းအဖြစ်အပျက်တွင် သုမာမဟ်သည် အဖမ်းခံခဲ့ရသည်။ တမန်တော်မြတ်က ထိုသူကို ၎င်းအစ္စလာမ်ဘာသာ သို့မဝင်မီက တမန်တော်မြတ်၏ ဗလီရှိ ကျောက်တိုင်တစ်ခုတွင် ချည်နှောင်ထားခဲ့သည်။

အီမာန်အဗူဟာနီဖာဟ်၏အဆိုအရ အာယသ်တော်ထဲတွင် အမိန့်ပေးထားသည့်မုရှ်ရစ်က်များကို မြင့်မြတ်သောဗလီဝတ်ကျောင်းတော်အနီး မလာရခြင်းဆိုသည်မှာ နောက်နှစ်မှစ၍ ဘုရားအများကိုးကွယ် သူတို့၏ ထူးဆန်းသော နည်းဟန်ဖြင့် ဟဂျ်အွမ်ရာဟ်လုပ်ငန်းစဉ်ကို ခွင့်မပြုဟုဆိုလိုသည်။ ယင်းအတွက် သက်သေသာဓကမှာ စိုက်ယိဒနာ အလီအလ်မုရ်သသွာ ပြုလုပ်ခဲ့သည့် ဆုတ်ခွာရန်ကြေငြာခြင်းသည် ဟဂျ်ရာသီအတွက်ကြေငြာခဲ့ခြင်းဖြစ်သည်။ ဤကြေငြာချက်မှာ **لَا يَحُجَّنَّ بَعْدَ الْعَامِ مُشْرِكٌ** ဟူသည်မှအပ ဘာမှမဟုတ်သောကြောင့် ထိုနှစ်နောက် မည်သည့်မုရှ်ရိစ်က်မှ ဟဂျ်ပြုလုပ်နိုင်မည်မဟုတ်ပါက ရှင်းရှင်းလင်းလင်းဖြစ်စေပါသည်။ ထို့ကြောင့် ဤအာယသ်တော်ပါ **فَلَا يَقْرَبُوا الْمَسْجِدَ الْحَرَامَ** သို့ဖြစ်ပေရာ ၎င်းတို့သည် ဤနှစ်ကုန်ဆုံးပြီးလျှင် မတ်စ်ဂျ်ဒေဟရာမ် ထူးမြတ်သော ဗလီကျောင်းတော်၏ အပါးသို့ပင် ချဉ်းကပ်ခြင်း မပြုကြရချေ ဟူသော အဆိုအမိန့်သည် ဤကြေငြာချက်နှင့် လိုက်လျောညီထွေရှိသည်။ ယင်းသည်၎င်းတို့ကို ဟဂျ်အွမ္မရဟ်ပြုလုပ်ခြင်းမှ တားမြစ်သည်။ မုစ်လင်မ်အမီးရ်၏ ခွင့်ပြုချက်ဟူသော ထူးခြားသည့် လိုအပ်ချက်အခြေခံ၍ ယင်းမြင့်မြတ်သော ဝတ်ကျောင်းတော်တွင် ဝင်ရောက်ခြင်းက ချွင်းချက်ဖြစ်သည်။ ဤကိစ္စရပ်အတွက် သကီးဖ်မျိုးနွယ်စုမှ ကိုယ်စားလှယ်အဖွဲ့၏ အကြောင်းက မည်သည်တို့ ဖြစ်ခဲ့ကြောင်းက သက်သေဖြစ်သည်။ မက္ကာဟ်မြို့ အောင်နိုင်ပြီးနောက် ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့တမန်တော်မြတ်ထံရောက်ခဲ့စဉ် ကိုယ်တော်မြတ်သည် ၎င်းတို့ထိုအချိန်က ကာဖိရ်များ ဖြစ်နေလင့်ကစား မတ်စ်ဂျ်ဒ်တွင်နေစေသည်။ ထိုစဉ်ဆွာဟာဗဟ်

သာဝကကြီးများက "ယာရစူလလ္လာဟ်၊ ဤသူများသည် မသန့်ရှင်းသောသူများဖြစ်ကြပါသည်"ဟု လျှောက်ထားခဲ့ကြသည်။ ကိုယ်တော်မြတ်က "မတ်စ်ဂျိဒ်၏ ကြမ်းပြင်သည် ဤသူတို့၏ မသန့်ရှင်းမှုကမထိခိုက်စေပါ။"(ဂျဆွဲဆွားဆ်)

ဟဒီးဆ်တော်ပါ ဤတင်ပြချက်က ရှင်းလင်းစေသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က မုရှ်ရိုက်များကို'နာဂျစ်'(ညစ်ညမ်းမှု)များဟု ခေါ်ဆိုရာတွင် ၎င်းတို့၏ ကုဖ်ရ်နှင့် ရှိရိုက်ကိုသာ ရည်ညွှန်းကြောင်း အိမာမ်ကြီး အဗူဟနီဖဟ်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ အလားတူပင် ဆွဟာဗဟ် သာဝကကြီး စိုက်ယိဒနာ ဂျာဗိရ် အိဗ်နိ အဗ်ဒွလ္လာဟ် d သခင်၏ ဆင့်ပြန်ချက် တစ်ရပ်အရ တမန်တော်မြတ် s သခင် မိန့်ခဲ့သည်မှာ မုစ်လင်မ်တစ်ဦး ပိုင်ဆိုင်သည့်ကျေးကျွန်ယောကျ်ား(သို့မဟုတ်) ကျေးကျွန်မိန်းမမှအပ မည်သည့် မုရှ်ရိုက်မှ မတ်စ်ဂျိဒ်အနီးအနား မသွားသင့်ပေ။ မုစ်လင်မ် ပိုင်သော ကျေးကျွန်-ကျေးကျွန်မကိုမူ လိုအပ်လျှင် လိုအပ်သလို ဝင်ခွင့်ပြုနိုင်သည်။ (ကုရ်သုဒီ)

ဤဟဒီးဆ်တော်ကလည်း အတည်ပြုသည်မှာ မုရှ်ရိုက်များအား ၎င်းတို့၏ အပြင်ပန်း မသန့်စင်မှုကို အခြေခံ၍ မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်တွင် ဝင်ရောက်ခြင်း ဟန့်တားခဲ့ခြင်းမဟုတ်ချေ။ ထိုသို့မဟုတ်လျှင် ကျေးကျွန်(သို့မဟုတ်) ကျေးကျွန်မတစ်ဦးအတွက် ဘာမျှသီးခြားဖော်ပြနေရန် မရှိချေ။ စင်စစ် မှန်ကန်သော အခြေခံမှာ ကုဖ်ရ်နှင့် ရှိရိုက်တို့ လွှမ်းမိုးမည့် အန္တရာယ်ပင်ဖြစ်သည်။ ကျေးကျွန်(သို့မဟုတ်) ကျေးကျွန်မတို့မှာ ဤအန္တရာယ် မရှိချေ။ ထို့ကြောင့် ၎င်းတို့ကို ခွင့်ပြုသည်။ နောက်ထပ်၍ အပြင်ပိုင်းဆိုင်ရာ မသန့်ရှင်းမှုနှင့်ပတ်သက်လျှင် မုစ်လင်မ်များ သည်ပင်လျှင် ဤကန့်သတ်ချက်တွင် အကျုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည်လည်း လုံးဝ မသန့်ရှင်းသော အခြေအနေ (ဂျနာဗသ်(သို့မဟုတ်)ဟိုက်ဖ်(သို့မဟုတ်)နိဖားစ်) အခြေအနေများတွင်ရှိခဲ့လျှင် မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွင်း ဝင်ရောက်ခြင်းခွင့်မပြုချေ။

ထို့အပြင် ဤနေရာပါ အလ်မတ်စ်ဂျိဒ် အလ်ဟရာမ်ဆိုသည်မှာ ဟရာမ်တစ်ခုလုံးကို ဆိုလိုသည်ဟူသော ဋီကာရှင် အများစု၏ ရှင်းလင်းချက်အရ ယင်းသည်လည်း တားမြစ်ချက်မှာ အပြင်ပိုင်းဆိုင်ရာ ညစ်ညမ်းမှု၊ မသန့်ရှင်းမှု အပေါ် အခြေမခံဘဲ ကုဖ်ရ်နှင့် ရှိရိုက်ဟူသော မသန့်ရှင်းမှုအပေါ် အခြေခံသည့်အမြင်ကို ထောက်ခံထားသည်။ ဤအကြောင်းကြောင့် ၎င်းတို့ မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်အတွင်း ဝင်ရောက်ခြင်းသက်သက် ကိုသာ တားမြစ်သည်မဟုတ်။ စင်စစ်ဟရာမ်ဟု ခေါ်ဆိုသည့် ဇရီယာတစ်ခုလုံးအတွင်း ဝင်ရောက်ခြင်းကို တားမြစ်သည်။ ဤသို့လုပ်ရခြင်းသည် ဟရာမ်မှာ မုစ်လင်မ်များ ခိုလှုံရာနှင့် ခံတပ်ဖြစ်ပြီး ယင်းထဲတွင် မုစ်လင်မ်မဟုတ်သူ အချို့ ရှိနေခြင်းကို သည်းမခံနိုင်ချေ။

အိမာမ်အဗူဟနီဖဟ် သခင်ကြီး၏ စူးစမ်းစစ်ဆေးသည့် ချဉ်းကပ်မှု အချုပ်ပြောရလျှင် အပြင်ပိုင်းနှင့် အတွင်းပိုင်းဆိုင်ရာ ညစ်ညမ်းမှု အလုံးစုံ ကင်းစင်၍ မတ်စ်ဂျိဒ်ကို ပြီးပြည့်စုံသည့် သန့်ရှင်းမှုဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားရမည်ဆိုခြင်းက အလွန်အရေးပါ အရာရောက်သည့် ကိစ္စရပ်ဖြစ်သည်။ ယင်းကိစ္စ၏ သက်သေမှာ ကုရ်အာန်ကျမ်းမြတ်နှင့် ဟဒီးဆ်တော်တွင်ရှိသည်။ သို့သော်လည်း ဤအာယသ်သည် ထိုပြဿနာနှင့် မပတ်သက်ချေ။ စင်စစ်တွင် ဤအာယသ်သည် စူရဟ်အလ်ဗရာအသ်၌ ကြေငြာထားခဲ့သည့် အစွလာမ်၏ သီးသန့်နိုင်ငံရေးဆိုင်ရာ အမိန့်နှင့် သက်ဆိုင်သည်။ ယင်းကြေငြာချက်၏ ရည်ရွယ်ချက်မှာ မက္ကာဟ်မြို့ရှိ မုရှ်ရိုက်အားလုံး မြင့်မြတ်သော ဟရာမ်မှ ထွက်ခွာပြီး ဖြစ်စေရမည်။ သို့သော်လည်း တရားမျှတမှုနှင့် သနားကြင်နာမှု၏ စေ့ဆော်ချက်အရ မက္ကာဟ်မြို့ အောင်နိုင် ပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းတို့ကို ချက်ချင်းနှင့် တစ်စုတစ်ဝေးတည်း မပြောင်းရွှေ့စေခဲ့ပါ။ စီမံကိန်းမှာ တစ်နှစ်အတွင်း ပြီးစေ

ရမည်။ ထိုတစ်နှစ်ကာလ အချိန်အတွင်း သတ်မှတ်ထားသော အချိန်တစ်ခုအထိ စာချုပ်ချုပ်ဆိုထားသူသည် စည်းကမ်းချက်ပါအတိုင်း နေထိုင်ရန်နှင့် အခြားသူများကို လေးနက်သော ဖြည့်ဆည်းမှု လုပ်ဆောင်နိုင်ရန် အတတ်နိုင်ဆုံး ဆိုင်းငံ့ကာလပေးရန်ဖြစ်သည်။ ဤသည်ကိုပင် လက်ရှိလေ့လာနေသော အာယသ်တွင် မိန့်ထားသည်။ ထိုနှစ်ကုန်ဆုံးပြီးနောက် ဟရာမ်၏မြင့်မြတ်သော ပရဝုဏ်အတွင်း မုရှ်ရိုက်များ ဝင်ရောက်ခြင်းကို အမြဲတားမြစ်သည်။ ၎င်းတို့၏ ဘုရားအများကိုးကွယ်သည့် ပုံစံဖြင့် ဟဂျ်နှင့် အွမ္မရဟ်လုပ်ဆောင်ခြင်းကိုလည်း ခွင့်မပြုပါ။

ထို့နောက် စူရဟ်အလ်သောင်ဗဟ်၏ အာယတ်တော်ထဲတွင် ရှင်းလင်းစွာ မိန့်ထားသည်မှာ ဟစ်ဂျရီ ၉ ခုနှစ်နောက်တွင် မည်သည့် မုရှ်ရိုက်မှ ဟရာမ်မြင့်မြတ်သော ပရဝုဏ်အတွင်း မဝင်ရောက်နိုင်ချေ။ တမန်တော်မြတ် ﷺ သည်ဤအမိန့်ကို တိုးချဲ့၍ အာရေးဗီးယားကျွန်းဆွယ်တစ်ခုလုံးကို အကျုံးဝင်စေခဲ့သည်။ ဟဒီးဆ်တော် တင်ပြချက်များက ယင်းကိစ္စရပ်ကို အတည်ပြုခဲ့သည်။ သို့သော်လည်း ကိုယ်တော်မြတ် ﷺ သခင် အသက်ရှင်စဉ် ကာလအတွင်း ယင်း အမိန့် အတိုင်း ဆောင်ရွက်မှု မပြီးမြောက်ခဲ့ချေ။ ထို့နောက် စိုက်ယိဒနာ အဗူဗကရ် رضي الله عنه သည် အခြားလတ်တလော အရေးပေါ် ပြဿနာများကြောင့် ဤကိစ္စကို မဆောင်ရွက်နိုင်ခဲ့ပါ။ စိုက်ယိဒနာ အုမရ် رضي الله عنه ၏ကာလတွင်သာ ဤဥပဒေဆိုင်ရာ အမိန့် တည်ဖြစ်ခဲ့သည်။

မယ့်ကြည်သွေဖည်သူများ၏ မသန့်ရှင်းမှု ပြဿနာများနှင့် မတ်စ်ဂျိဒ် ဝတ်ကျောင်းတော်ကို အမျိုးမျိုးသော မသန့်ရှင်းမှု ပြဿနာများမှ ကင်းစင်အောင် ထားရှိရေးမှာ သူ့နေရာနှင့်သူ ရှိသည်။ ဤပြဿနာများနှင့် ယင်းတို့ကို ဖြေရှင်းနည်းများအား ဖိကာဟ်(အစွလာမ့်မမွသတ်) ကျမ်းများတွင် ဖော်ပြထားသည်။ အသေးစိတ်များကို ထိုကျမ်းများထဲတွင် ကြည့်ရှုနိုင်သည်။ အတိုချုပ်မှာ မည်သည့်မတ်စ်ဂျိဒ် အတွင်းမဆို နဂျာစသ်(သို့မဟုတ်) ဂျနာဗသ် အခြေအနေတွင် မည်သည့် မုစ်လင်မ်မှ ဝင်နိုင်ခွင့်မရှိချေ။ မယ့်ကြည် သွေဖည်ငြင်းပယ်သူများနှင့် မုရှ်ရိုက်များ (သို့မဟုတ်) ကျမ်းရပုဂ္ဂိုလ်များ အတွက်ဆိုလျှင်လည်း မသန့်ရှင်းမှုမှ သန့်ရှင်းသွားအောင် ဆောင်ရွက်မထားလျှင် ယေဘုယျအားဖြင့် အခွင့်မပေးရချေ။ အထူးတလည် လိုအပ်ချက် မရှိလျှင် ထိုသူတို့ကိုလည်း မည်သည့် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်တွင်းကိုမှ ဝင်ခွင့်မပေးရချေ။

ဤအာယသ်တော်အရ ကာဖိရ်နှင့် မုရှ်ရိုက်များကို ဟရာမ်အတွင်း ဝင်ရောက်ခြင်း တားမြစ်ခဲ့သော အခါတွင် မုစ်လင်မ်များတွင် စီးပွားရေးဆိုင်ရာ ပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရသည်။ မက္ကာဟ်တွင် မည်သည့်ပစ္စည်းမှ မထွက်ပါ။ အနီးအဝေးမှ လာသောသူများသည် လိုအပ်သည်များကို မိမိတို့နှင့် တစ်ပါတည်း ယူခဲ့ကြရသည်။ ထို့ကြောင့် ဟရာမ်ရာသီအတွင်း မက္ကာဟ်မြို့သားများသည် သူတို့လိုအပ်သည်များ ယင်းနေရာတွင် ရနေကြသည်။ ကာဖိရ်နှင့် မုရှ်ရိုက်များ ဝင်ရောက်ခွင့် ပိတ်ပင်လိုက်သောကြောင့် မက္ကာဟ်မြို့သားများသည် ၎င်းတို့လိုအပ်သည်များ မည်သို့ ဖြည့်ဆည်းရမည် ဆိုသည်ကို စိုးရိမ်ပူပန်ခဲ့ကြသည်။ တုန့်ပြန်မှုအနေဖြင့် ထိုသူများအတွက် ကုရ်အာန်ကျမ်းတွင် **وَإِنْ خِفْتُمْ عَيْلَةً فَسَوْفَ يُغْنِيكُمُ اللَّهُ مِنْ فَضْلِهِ إِنْ شَاءَ** "၎င်းပြင် အကယ်၍ အသင်တို့သည် ဆင်းရဲနွမ်းပါးမှုကို စိုးရိမ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူပါက မကြာမြင့်မီအတွင်း အသင်တို့အား မိမိကျေးဇူးတော်ဖြင့် ဥစ္စာပစ္စည်းကုံလုံကြွယ်ဝပြည့်စုံတော်မူအံ့"ဟု မိန့်ထားသည်။ တစ်နည်းဆိုရလျှင် ဆိုလိုရင်းမှာ အကယ်၍ အသင်တို့သည် မည်သည့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို ကြုံတွေ့ တွေးတောမိပါက ဖန်ဆင်းမှုတစ်ခုလုံး၏ စီးပွားရေးဆိုင်ရာ ထောက်ပံ့မှုမှာ အလ္လာဟ်အရှင်မြတ်အပေါ်တွင် တည်မှီကြောင်း သတိရပေမည်။ အကယ်၍ အရှင်မြတ် အလိုရှိတော်မူလျှင် ထိုကာဖိရ်များအပေါ်တွင် မည်သည့်မှခြိုမှုမှမရှိဘဲ သင်တို့ကိုယ် သင်တို့လုံလောက်စေရန် အရှင်မြတ်က ပြုလုပ်

ပေးတော်မူလိမ့်မည်။ တိုက်ဆိုင်စွာဖြင့် "အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိတော်မူပါက" ဟူသော ကန့်သတ်ချက်ကို ဤနေရာ၌ ထည့်ထားခြင်းသည် သံသယ(သို့မဟုတ်) တုန့်ဆိုင်းခြင်း အတွက်မဟုတ်၊ ရုပ်ပိုင်းဆိုင်ရာ အနေနှင့် မုရှ်ရိဂ်များကို မှီခိုနေသကဲ့သို့ ဖြစ်ကာ ၎င်းတို့စီးပွားရေးပိတ်ဆို့နေသယောင် ထင်ကြသည်။ သို့ပေမဲ့ ၎င်းတို့နားလည်ရမည်မှာ အလ္လာဟ်အလိုတူလျှင် ဘာမဆိုဖြစ်နိုင်သည်ဟူ၍ ဖြစ်သည်။ ဤသည်က ညွှန်ပြသည်မှာ ရုပ်ပိုင်းဆိုင်ရာ အကြောင်းများမှ အပ မည်သည့်အပေါ်မှ စူးစိုက် မကြည့်သူများကို ဤသို့သော အခြေအနေ တစ်ရပ်မှာ လက်ခံရန်နှင့် နားလည်သဘောပေါက်ရန် အလွန်ခက်ခဲကြောင်း ညွှန်ပြသည်။ ဤနေရာ၌ ဖြစ်ရပ်မှန်မှာ ထိုမုစ်လင်မ် မဟုတ်သူများသည် စီးပွားရေးဆိုင်ရာ ထောက်ပံ့မှု အားလုံး၏ အရင်းအမြစ်ဖြစ်သည် ဆိုခြင်းကား အပေါ်ယံမျှဖြစ်သည်။ မယုံကြည် သွေဖည်ငြင်းပယ်သူများ ဝင်ရောက်ခြင်းမှ တားမြစ်ချက်တစ်ခု ထားခြင်းမှာ အီမာန်သက်ဝင်ယုံကြည်သူများအတွက် စားဝတ်နေရေး နည်းလမ်းများ အဆုံးသတ်ခြင်း တစ်ခုမှအပ မည်သည်မျှ မဟုတ်ဟု သဘောပေါက်ကြသည်။ ထို့ကြောင့် ဤတားမြစ်ချက်သည် ထိုသို့သော သံသယနှင့် ပူပင်သောကများကို ဖယ်ရှားရန်အတွက်ထားရှိခြင်းဖြစ်သည်။ ထိုသူများအား ခိုင်မာသည့် သတင်းပေးခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အကြောင်းများအပေါ် မမှီခိုကြောင်းဟူ၍ ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် တစ်စုံတစ်ရာလုပ်ဆောင်ရန် ရည်စူးခဲ့လျှင် ထိုကိစ္စရပ်နှင့်နှီးနွယ်သော အကြောင်းများ အားလုံးသည် အရှင်မြတ် အလိုတော်နှင့်အညီ အားလုံးဖြစ်သွားသည်။ ထို့ကြောင့် အရှင်မြတ်၏အလိုတော်သာလျှင် အဓိကဖြစ်၍ ကျန်သည်များ အလိုလိုဖြစ်လာပေသည်။ ထို့ကြောင့် ဝါကျအဆုံး၌ ပါဝင်သော اِنْ شَآءَ (အင်နှ်ရှာအ်) ဟူသော စကားလုံးသည် ဤမှန်ကန်မှု၏ အသိဉာဏ်ကြွယ်သော အညွှန်းတစ်ရပ်ပင်ဖြစ်သည်။

အာယသ် (၂၉-၃၀)

قَاتِلُوا الَّذِيْنَ لَا يُؤْمِنُوْنَ بِاللّٰهِ وَ لَا بِالْيَوْمِ الْاٰخِرِ وَ لَا يُحَرِّمُوْنَ مَا حَرَّمَ اللّٰهُ وَ رَسُوْلُهٗ وَ لَا يَدِيْنُوْنَ دِيْنَ الْحَقِّ مِنَ الَّذِيْنَ اُوْتُوا الْكِتٰبَ حَتّٰى يُعْطُوا الْجِزْيَةَ عَنْ يَّدٍ وَّ هُمْ صٰغِرُوْنَ ﴿۲۹﴾ وَ قَالَتِ الْيَهُوْدُ عُزَيْرُ ِۨابْنُ اللّٰهِ وَ قَالَتِ النَّصٰرَى الْمَسِيْحُ ابْنُ اللّٰهِ ؕ ذٰلِكَ قَوْلُهُمْ بِاَفْوَاهِهِمْ ۚ يُضَاهِـُٔوْنَ قَوْلَ الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ؕ قٰتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤْفَكُوْنَ ﴿۳۰﴾

(အို-မုဟ်မင်န် သက်ဝင်ယုံကြည်သူ အပေါင်းတို့) အသင်တို့သည် အတိတ်ခေတ် ကျမ်းဂန်ရရှိသော သူတို့ကို (မိမိတို့၏)လက်ဖြင့် အောက်ကြို၍ လူစွန်တော်ကိုကြည်ဖြူစွာ ဆက်သခြင်းမပြုသမျှ ကာလပတ်လုံး တိုက်ခိုက်ကြလေကုန်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြသည် မဟုတ်ပေ။ နောက်ဆုံးနေ့ကိုလည်း ယုံကြည်ကြသည် မဟုတ်ချေ။ ထို့ပြင် ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်ကလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်ကလည်းကောင်း 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူသော အရာများကို 'ဟရာမ်' တားမြစ်ထားသောအရာဟူ၍ မယူဆကြချေ။

ထိုနည်းတူစွာ ၎င်းတို့သည် မှန်ကန်သော(အစ္စလာမ်)သာသနာတော်ကိုလည်း ယုံကြည်လက်ခံခြင်းမပြုကြချေ။

စင်စစ်သော်ကား ယဟူဒီတို့က 'အုဇိုင်ရ်'သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ နဆ္ဆရာနီတို့ကလည်း 'မစီဟ်'သည် အလ္လာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ ဤသည်ကား ၎င်းတို့သည် မိမိတို့နှုတ်ဖြင့် ပြောဆိုကြသော (အခြေအမြစ်ကင်းမဲ့သည့်) စကားမျှသာဖြစ်ချေသတည်း။ ၎င်းတို့သည်(မိမိတို့)အလျင်ရှေးအထက်ကျော်ကာလ၌ ရှိခဲ့ကြသော ကာဖစ်ရိယုံကြည်မှုကင်းမဲ့သော သူတို့၏ ပြောဆိုမှုကို လိုက်၍ တုခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပျက်စီးစေတော်မူပါစေသတည်း။ ၎င်းတို့သည် (အမှန်ကိုပယ်၍ အမှားဘက်သို့) အသို့လျှင် ပြန်လှည့်သွားကြသနည်း။

အကျယ်ဖွင့်ဆိုခြင်း

အစောပိုင်းဖော်ပြခဲ့သည့် အာယသ် ၂၈ထဲတွင် မက္ကဟ်မြို့ရှိ မုရှ်ရိုက်များနှင့် တိုက်ခိုက်သော ဂျိဟာဒ်စစ်ပွဲအကြောင်း ရည်ညွှန်းသည်။ လက်ရှိ အာယသ်များမှာ ကျမ်းရသူများနှင့် တိုက်ခိုက်သော ဂျိဟာဒ်စစ်ပွဲအကြောင်း မိန့်ထားသည်။ တစ်နည်းဆိုရသော် ကျမ်းရသူများနှင့် တိုက်ခိုက်သည့် သဗုက်စစ်ပွဲ၏ စကားချီး ပဏာမဖြစ်သည်။ ဋီကာရှင် မုဂျာဟစ်က သဖ်စီရ် အလ်သူရ်ရှုလ်မာန်စူးရ်တွင် တင်ပြထားသည်မှာ ဤ အာယသ်တော်များသည် သဗုက်စစ်ပွဲနှင့် ပတ်သက်၍ ကျရောက်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် "အသင်တို့သည် အတိတ်ခေတ် ကျမ်းဂန်ရရှိသော သူတို့ကို"ဟူသော ရည်ညွှန်းချက်ပါဝင်သည်။ အစ္စလာမ့် ဘာသာရေးဆိုင်ရာ အသုံးအနှုန်းတွင် ထိုသူများကို "အဟ်လုလ် ကိသားဗ်" (သို့မဟုတ်) ကျမ်းရသူများဟု ရည်ညွှန်းသည်။ ယင်းစကားလုံး၏ စာပေဆိုင်ရာ ဝေါဟာရအရဆိုလျှင် ကျမ်းတစ်စောင်ကို ရရှိ၍ ယင်းကျမ်းစာကို ယုံကြည်သက်ဝင်သည့် မယုံကြည် သွေဖည်ငြင်းပယ်သော အုပ်စုဝင်လူများအားလုံး အကျုံးဝင်သည်။ သို့သော်လည်း ကုရ်အာန် ကျမ်းတော်၏ အသုံးအနှုန်းအရ ဤအသုံးအနှုန်း သည် ဂျူးများနှင့် ခရစ်ယာန်များအတွက်သာ သုံးနှုန်းသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းရသူများအနက် ဤအုပ်စု နှစ်စုသာလျှင် အာရေးဗီးယားနှင့် ဝန်းကျင်တွင် လူသိများကြသည်။ထို့ကြောင့် အာရေးဗီးယားရှိ မုရှ်ရိုက်များကို ဦးတည်ပြောကြားရာတွင် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်သည်မှာ-

اَنْ تَقُوْلُوْٓا اِنَّمَآ اُنْزِلَ الْكِتٰبُ عَلٰى طَآئِفَتَيْنِ مِنْ قَبْلِنَا وَ اِنْ كُنَّا عَنْ دِرَاسَتِهِمْ لَغٰفِلِيْنَ ﴿۱۵۶﴾

"အသင်တို့သည် (ကိယာမသ် ရှင်ပြန်ထမည့်နေ့တွင်) ကျွန်တော်မျိုးတို့အလျင် ရှိခဲ့သော (ယဟူဒီနှင့် ခရစ်ယာန်) အုပ်စုနှစ်ခုအပေါ်၌သာလျှင် ကျမ်းဂန်များ ကျရောက်လာလေသည်။ ကျွန်တော်မျိုးတို့မူကား ၎င်းတို့ ဖတ်ကြားလေ့လာသည်(များ)ကို(လည်း) မသိနားမလည်ကြချေ"ဟူ၍ မိန့်ထားသည်။ (၆း၁၅၆)

အာယသ် ၂၉ ပါ ကျမ်းရသူများကို ဂျိဟာဒ်စစ်ပွဲတိုက်ခိုက်ရန်ဟူသော အဓိန့်သည် အမှန်စင်စစ်တွင် ကျမ်းရသူများအတွက် သီးသန့်မဟုတ်ချေ။ အမှန်မှာ ဤအဓိန့်သည် မယုံကြည် သွေဖည်ငြင်းပယ်သူ အားလုံးနှင့် သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် တိုက်ခိုက်ရန် အဓိန့်ပညတ်ချက်အတွက် နောက်တွင် ဖော်ပြထားခဲ့သော အကြောင်း

ရင်းများမှာ မယုံကြည် သွေဖည်ငြင်းပယ်သူ အားလုံး သက်ဆိုင်သည်။ သို့ဆိုလျှင် အမိန့်ပညတ်ချက်သည် လည်း အများနှင့် သက်ဆိုင်သည်။ သို့သော်လည်း ဤနေရာ၌ ကျမ်းရသူများကို ဖော်ပြရခြင်းမှာ ရည်ရွယ်ချက်တစ်ခု အတွက် ဖြစ်သည်။ ထိုသူများသည် စိုက်ယိဒနာမူစာ [a] နှင့် စိုက်ယိဒနာ အီစာ [a] အားလည်းကောင်း၊ သောင်ရာသ် ကျမ်းနှင့် အင်ဂျီးလ်ကျမ်းတို့ကို ယုံကြည်ကြသူများဖြစ်ကြသည်အား လည်းကောင်း၊ အီမာန်ရှင် ယုံကြည်သူများ ဖြစ်နိုင်သည့် အတိုင်းအတာရှိ၍ ထိုသူတို့ကို တိုက်ခိုက်ရန် တုန့်ဆိုင်းနိုင်ချေ ရှိပါသည်။ ထို့ကြောင့် အတိတ်က တမန်တော်များနှင့် ၎င်းတို့၏ ကျမ်းတော်များနှင့် အဆက်အသွယ်ရှိနေခြင်းက ထိုသူတို့နှင့် ဂျီဟာဒ်စစ်ခင်းမှု မလုပ်ရန် မုစ်လင်မ်များကို ဖျောင်းဖျတားမြစ်သည့် အချက်ဖြစ်နိုင်ချေရှိသည်။ ထို့ကြောင့် ထိုသူများနှင့် စစ်ဆင်ရန် သီးသန့် ဖော်ပြထားခဲ့သည်။

ဤနေရာ၌ ဆက်စပ်နေသော အခြားအချက်လည်း ရှိသည်။ ဤအာယတ်ထဲ၌ ကျမ်းရသူများကို ဤသီးသန့် ပြုမူကြောင့် အညွှန်းတစ်ခု ထွက်လာသည်မှာ တစ်နည်းအားဖြင့် ဤသူများသည် ကြီးမားသော ပြစ်ဒဏ်ခတ်မှုနှင့် ထိုက်တန်သူများ ဖြစ်ကြသည်ဟူ၍ပင်တည်း။ အကြောင်းကား ရိုးရှင်းသည်။ ထိုသူတို့သည် တတ်သိနားလည်သော သူများဖြစ်ကြသည်။ သူတို့သည် သောင်ရာသ်နှင့် အင်ဂျီလ်ကျမ်းတို့ကို တတ်သိနားလည်သူများဖြစ်သည်။ ဤကျမ်း များထဲ၌ တမန်တော်များအနက် နောက်ဆုံးတမန်တော်မြတ် မုဟမ္မဒ်အလ်မုစ်သွဖာ [s] ကို ရည်ညွှန်း၍ ကိုယ်တော်မြတ် ၏ မြင့်မြတ်ထင်ရှားသည့် လက္ခဏာများကို အသေးစိတ် ဖော်ပြထားသည်။ ဤသည်တို့အားလုံးကို ၎င်းတို့သိရှိခဲ့ကြ သော်လည်း မှန်ကန်မှုကို ငြင်းပယ်ကာ မုစ်လင်မ်များနှင့် အစွလာမ်ဘာသာကို လျှို့ဝှက်ပူးပေါင်း ကြံစည်မှုကို တိုး၍ ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့ ပူးပေါင်းကြံစည်မှုများက ၎င်းတို့အား အဘယ်ကြောင့် တိုက်ခိုက်ခဲ့ကြောင်း သီးခြားဖော်ပြမှုက ရှင်းလင်းစေသည်။

ဤအာယသ်ထဲတွင် တိုက်ခိုက်မှုအတွက် အမိန့်ပညတ်ခြင်း၏ အကြောင်းလေးရပ် ဖော်ပြထားသည်။

(၁) لَا يُؤْمِنُوْنَ بِاللّٰهِ "ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြသည် မဟုတ်ပေ။"

(၂) وَلَا بِالْيَوْمِ الْاٰخِرِ "နောက်ဆုံးနေ့ကိုလည်း ယုံကြည်ကြသည်မဟုတ်ချေ။"

(၃) وَلَا يُحَرِّمُوْنَ مَا حَرَّمَ اللّٰهُ "ထို့ပြင် ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်က လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်က လည်းကောင်း၊ ဟရာမ်ဟူ၍ တားမြစ်ထားတော်မူသော အရာများကို ဟရာမ်ဟူ၍ မယူဆကြချေ။"

(၄) وَلَا يَدِيْنُوْنَ دِيْنَ الْحَقِّ "ထိုနည်းတူစွာ ၎င်းတို့သည် မှန်ကန်သော (အစွလာမ်)သာသနာတော်ကိုလည်း ယုံကြည်လက်ခံခြင်း မပြုကြချေ။"

ဤသည်က သံသယတစ်ခု ပေါ်ထွက်စေပါသည်။ ဂျူးနှင့် ခရစ်ယာန်များဖြစ်သော ကျမ်းရသူများသည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောင်တမလွန်ဘဝကို လည်းကောင်း၊ တရားစီရင်မည့်နေ့ကို လည်းကောင်း၊ အထင်အရှားယုံကြည်သူများ မဟုတ်ကြသလော။ သို့ဆိုလျှင် ဤကိစ္စရပ်များနှင့် ပတ်သက်၍ ၎င်းတို့၏ အီမာန် ယုံကြည်ချက်ကို အဘယ်ကြောင့် ငြင်းဆိုရပါသနည်း။ အကြောင်းမှာ ယုံကြည်မှု၏ စကားလုံးများ သက်သက်သည် တစ်စုံတစ်ဦး အမှန်တကယ် သက်ဝင်ယုံကြည်ကြောင်း သက်သေပြရန် မလုံလောက်ချေ။ အလ္လာဟ်အရှင်မြတ်၏ ရှေ့ တော်မှောက်တွင် နှစ်လိုဖွယ်ရာသော ယုံကြည်မှုမျိုး မရှိခြင်းသည် လုံးဝမယုံကြည်သည်ပင်ဖြစ်သည်။ ထို့ကြောင့် ဂျူး နှင့် ခရစ်ယာန်များသည် သောင်ဟီးဒ်ဟူသော အလ္လာဟ် တစ်ပါးတည်းရှိခြင်း (သို့မဟုတ်) ဘုရားတစ်ပါးတည်းသာလျှင် ကိုးကွယ်ခြင်းနှင့် ပတ်သက်သော ယုံကြည်မှုကို ပွင့်ပွင့်လင်းလင်း မငြင်းပယ်ပါ။ သို့သော်လည်း နောင်လာမည့်

အာယသ်က မိန့်ထားသည့်အတိုင်း ဂျူးများသည် စိုက်ယိဒနာ အုဇိုင်းရ် a ကိုလည်းကောင်း၊ ခရစ်ယာန်များသည် စိုက်ယိဒနာ အီစာ a ကိုလည်းကောင်း ဘုရား၏ သားတော်များဟု မှတ်ယူခဲ့သောကြောင့် ထိုသူများကို အလွှာဟ် အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ပြီးဖြစ်သွားစေသည်။ ထို့ကြောင့် ၎င်းတို့၏ ဘုရားတစ်ပါးတည်း ကိုးကွယ်မှုနှင့် အီမာန် ယုံကြည်မှုရှိသည်ဟု အခိုင်အမာ ဝန်ခံပြောဆိုခြင်းတို့သည် အကျိုးမရှိဘဲ မှားယွင်းမှုသာ ဖြစ်သည်။

အလားတူ နောင်တမလွန်ဘဝတွင် နှစ်လိုဖွယ်ရှိသော အီမာန် သက်ဝင်ယုံကြည်မှုမျိုးသည် ကျမ်းရသူများတွင် ရှာမတွေ့ချေ။ ၎င်းတို့ထဲမှ အများအပြားမှာ ကိယာမသ်(နောက်ဆုံးနေ့)တွင် ဤကမ္ဘာလောကမှာ အသက်နှင့် ခန္ဓာကိုယ် ရှိနေသကဲ့သို့ ရှင်ပြန်ထရမည်မဟုတ်ဟု ၎င်းတို့က ယုံကြည်ကြသည်။ ယင်းအစား နောင်တမလွန်ဘဝမှာ နာမ်ပိုင်းဆိုင်ရာ ဘဝတစ်မျိုးသာ ဖြစ်လိမ့်မည်ဟု ယုံကြည်သည်။ ဂျန္နသ်သုခဘုံနှင့် ဂျဟန္နမ်ငရဲတို့ကိုမူ ၎င်းတို့က သီးခြားနေရာတစ်ခုအဖြစ် မမှတ်ယူကြပါ။ ဝိညာဉ်များ ပျော်ရွှင်လျှင် သုခနိဗ္ဗာန်ဟုယူဆ၍ ဝိညာဉ်များ စိတ်ရှုပ်ထွေးလျှင် ငရဲကျသည်ဟူ၍ ဖြစ်သည်။ ဤကိစ္စအားလုံးသည် အလွှာဟ်အရှင်မြတ် မိန့်တော်မူထားသည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသဖြင့် တရားစီရင်မည့်နေ့ကို ၎င်းတို့ သက်ဝင်ယုံကြည်ခြင်းသည်ပင် အမှန်တကယ်ဆိုလျှင် လုံးဝ ယုံကြည်မှုမရှိဟု ဆိုခြင်းဖြစ်သည်။

တတိယအချက်ဖြစ်သည့် အလွှာဟ်အရှင်မြတ်က တရားမဝင် ဟရာမ်ဟု ကြေငြာထားခဲ့သည်များကို ဤသူများက တရားဝင် ဟလာလ်ဟု မှတ်ယူခြင်းဆိုသည်မှာ သောင်ရာသ်နှင့် အင်ဂျီလ်ကျမ်းတွင် တားမြစ်ထားသည့် အရာများစွာကို တရားမဝင် ဟရာမ်ဟု မယုံကြည်ကြပါ။ ပမာဆိုသော် ရိဗာ(အတိုး)တို့ဖြစ်သည်။ အလားတူပင် သောင်ရာသ်နှင့် အင်ဂျီလ်ကျမ်းများတွင် စားသောက်ဖွယ်ရာ များစွာကို တားမြစ်ထားခဲ့သည်။ ဤသည်တို့ကို ၎င်းတို့က တရားမဝင် ဟရာမ်ဟု မမှတ်ယူဘဲ ယင်းတို့ကို လွတ်လပ်စွာ စားသုံးကြသည်။

ဤသည်က ကျွန်ုပ်တို့ကို လုပ်ဆောင်မှုဆိုင်ရာ ဘာသာရေး ဥပဒေတစ်ရပ်အကြောင်း ပြောသည်။ ဤ ဥပဒေအရ အလွှာဟ်အရှင်မြတ်က တရားမဝင် ဟရာမ်ဟု ကြေငြာထားသည့် မည်သည့် အရာကိုမဆို တရားဝင် ဟလာလ်ဟု မှတ်ယူခြင်းသည် အပြစ်ဂုနာဟ်တစ်ခု ကျူးလွန်ရုံ သက်သက်မျှ မဟုတ်ဘဲ စင်စစ်တွင် ယင်းမှာ အီမာန် ယုံကြည်မှုကို ငြင်းပယ်ခြင်း ကုဖ်ရ်ပင်ဖြစ်သည်။ အလားတူပင် တရားဝင် ဟလာလ် တစ်စုံတစ်ရာကို တရားမဝင်ဟရာမ်ဟု ကောက်ယူယုံကြည်ခြင်းသည်လည်း ကုဖ်ရ်ပင် ဖြစ်သည်။ မည်သို့ပင်ဆိုစေ တစ်စုံတစ်ဦးသည် လက်တွေ့တွင် တရားမဝင်မှုကို တရားမဝင်ဟု ကောက်ယူ၍ ယင်းတွင် ချို့တဲ့သွားခဲ့လျှင် ယင်းသည် ပြစ်မှုဂုနာဟ် ကျူးလွန်သည်သာ ဖြစ်၍ ကုဖ်ရ်မဟုတ်ချေ။

စစ်ပွဲအားလုံးသည် မုချ အဆုံးသတ်ရမည်ဖြစ်ရာ ထိုသူတို့အား တိုက်ခိုက်မှုတွင် ကန့်သတ်ချက်တစ်ရပ်နှင့် အဆုံးသတ်မှုအား ဤအာယသ်ထဲ၌ ပြဋ္ဌာန်း၍ မိန့်ထားသည်မှာ **حَتَّىٰ يُعۡطُوا ٱلۡجِزۡيَةَ عَن يَدٖ وَهُمۡ صَٰغِرُونَ** "မိမိတို့လက်ဖြင့် ဂျိဇ်ယာ လူခွန်တော်ကို ကြည်ဖြူစွာ ဆက်သခြင်းမပြုသမျှ ကာလပတ်လုံး တိုက်ခိုက်ကြလေကုန်"(၉း၂၉) ဟူ၍ ဖြစ်သည်။

စာပေဝေါဟာရအရ ဂျိဇ်ယာဟူသည်မှာ ပြန်လည်ပေးအပ်ခြင်း (သို့မဟုတ်) ပေးဆပ်ခြင်းဟု ခေါ်သည်။ ရှရီအသ် အသုံးအနှုန်းအရ သတ်ဖြတ်မှုအတွက် မယုံကြည်သွေဖည်ငြင်းပယ်သူများထံမှ ယူငင်သော ငွေကြေးပမာဏကို ရည်ညွှန်းသည်။

အကြောင်းမှာ ကုဖ်ရန်ှင့် ရှိရက်သည် အလ္လာဟ်နှင့် ရစူလ်ကို တော်လှန်ပုန်ကန်ခြင်းဖြစ်သည်။ ထိုကိစ္စအတွက် စစ်မှန်သော ပြစ်ဒဏ်ခတ်မှုမှာ သတ်ဖြတ်ခြင်းဖြစ်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ပြီးပြည့်စုံသည် အသနားကြင်နာမှုအရ ထိုသူများ၏ ပြစ်ဒဏ်ကို လျော့ပေါ့သည့်အနေဖြင့် ၎င်းတို့အား ရွေးချယ်မှုတစ်ခု ပေးခဲ့သည်။ ရွေးချယ်ရန်မှာ ထိုသူများသည် ယေဘုယျ အစွလာမ့်တရားဥပဒေစနစ်ဖြင့် အုပ်ချုပ်သော အစွလာမ့်နိုင်ငံတွင် နိုင်ငံသားအဖြစ် နေထိုင်လိုပါက သတ်မှတ်ထားသည့် ဂျိဇ်ယာပမာဏကို ပေးဆောင်ခဲ့လျှင် ထိုသူများကို နေထိုင်ခွင့်ပြုရမည်။ ထိုသူများသည် မုစ်လင်မ်နိုင်ငံတွင် နိုင်ငံသားအဖြစ် နေထိုင်သောကြောင့် ထိုသူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်နှင့် ဂုဏ်သိက္ခာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးမှာ အစွလာမ့်အစိုးရ၏ တာဝန်ဖြစ်သွားသည်။ ထို့နောက် ၎င်းတို့၏ ဘာသာရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရာတွင် အဟန့်အတား မပြုစေရပါ။ ထိုကဲ့သို့ လုပ်ဆောင်ရ၍ ယူရသော ငွေပမာဏကို ဂျိဇ်ယာဟုခေါ်သည်။

ဂျိဇ်ယာပမာဏကို အချင်းချင်း ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှု ရယူကာ သတ်မှတ်ရသည်။ ဤသည်ကို ရှရီအသ်က ကန့်သတ်၍ မပြဋ္ဌာန်းပါ။ အချင်းချင်း ငြိမ်းချမ်းရေးစာချုပ်၍ ပမာဏတစ်ရပ်သတ်မှတ်လက်ခံခဲ့သည့် တမန်တော်မြတ် ﷺ နာဂျ်ရာန်မှ လူများနှင့် လုပ်ဆောင်ခဲ့သကဲ့သို့ဖြစ်သည်။ ဤလူအုပ်စုနှင့် တမန်တော်မြတ်တို့သည် ငြိမ်းချမ်းရေး စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။ ထိုသူများက ကိုယ်တော်မြတ်ကို နှစ်စဉ်ဟုလ္လာဟ်နှစ်ထောင်ပေးရန် သဘောတူညီခဲ့ကြသည်။ ဟုလ္လာဟ်တစ်ခုသည် အဝတ်တစ်စုံဖြစ်သည်။ အောက်ပိုင်း လုံခြုံစေရန် ခါးပတ်ရန်အစနှင့် အပေါ်ပိုင်းလွှမ်းခြုံရစ်ပတ်၍ ရှည်လျားသော အစဖြစ်စေ ပွသောအင်္ကျီ(သို့မဟုတ်) အဝတ်စ ဖြစ်နိုင်သည်။ ဟုလ္လာဟ်တိုင်း၏ အနီးစပ်ဆုံးငွေကြေးတန်ဖိုးကို ကြိုတင်ဆုံးဖြတ်ထားခဲ့သည်။ ဟုလ္လာဟ်တစ်ခုစီ၏ တန်ဖိုးကို ငွေစတစ်အောင်ကီယဟ်* အဖြစ် သတ်မှတ်ခဲ့သည်။ ကျွန်ုပ်တို့ခေတ်သုံး အချိန်အတွယ်အရ တစ်အောင်ကီယဟ်သည် ငွေစ ၁၂၂.၄၇၂ ဂရမ်နီးပါးနှင့်တူညီသည်။ (ဟဇရသ်မော်လာနာ မုဖ်သီမုဟမ္မဒ်ရှဖီး၏ အောင်ဇနီရှရီယာဟ်ကျမ်း)

အလားတူ သဘောတူညီမှုမျိုးကို စိုက်ယိဒနာ အုမရ်နှင့် ဗနီတဂ်လစ်ဗ် ခရစ်ယာန်မျိုးနွယ်စုတို့ ပြုလုပ်ခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ခရစ်ယာန်များအပေါ်၌ ဂျိဇ်ယာအခွန်ငွေအား ဇကားသ်နှုန်းထားအတိုင်း ကောက်ခံရန်ဖြစ်ပါသည်။ သို့သော်လည်း ဇကားသ်နှုန်းထား၏ နှစ်ဆဖြစ်ရမည်ဟူ၍ ဖြစ်သည်။

ထို့ပြင် မုစ်လင်မ်များ စစ်တိုက်ပြီး အောင်နိုင်ခဲ့သည့် အချို့သော နယ်မြေများအတွက်လည်း ရှိပါသေးသည်။ အကယ်၍ ထိုသူများတို့သည် ထိုမြေများပေါ်တွင် စည်းကမ်းလိုက်နာသော ပြည်သူများအဖြစ် နေထိုင်ရန် သဘောတူခဲ့ပါလျှင် ထိုမြေများကို ပိုင်ဆိုင်သော သူတို့အား မြေများပေါ်တွင်နေထိုင်ခွင့်ပြုကာ ပိုင်ဆိုင်မှုပေးအပ်ပါမည်။ ဂျိဇ်ယာ အခွန်သတ်မှတ်ခါ ပေးဆောင်စေသော ငွေပမာဏမှာ လူချမ်းသာများအတွက် လေးဒိရ်ဟမ်၊ လူလတ်တန်းစားများအတွက် နှစ်ဒိရ်ဟမ်၊ လက်လုပ်လက်စားများ၊ တိုလီမိုလီ ရောင်းဝယ်သူများကို တစ်ဒိရ်ဟမ် ပေးစေပါသည်။ ဤလစဉ် ပေးဆောင်ရသော တစ်ဒိရ်ဟမ်သည် ငွေသား ၃.၆၁၈ ဂရမ် (သို့မဟုတ်) အလားတူ တန်ဖိုးဖြစ်ပါသည်။ ဥပဒေများအရ အလွန်ဆင်းရဲနွမ်းပါးသောသူများ၊ မစွမ်းမသန်သောသူများနှင့် ကိုယ်အင်္ဂါ ချို့ယွင်းနေသော သူများထံမှ မကောက်ခံရပါ။ အလားတူစွာ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် လူသူကင်းဝေးရာတွင် နေထိုင်သော ဘာသာရေးခေါင်းဆောင်များထံမှ အခွန်မကောက်ပါရပါ။

---

* ၁ အောင်ကီယဟ် = ငွေသား ၁၂၂.၄၇၂ ဂရမ်နီးပါး (ဟဇရသ်မောင်လာနာ မုဖ်သီ မုဟမ္မဒ်ရှဖီး၏ အောင်ဇနီရှရီအဟ်ကျမ်း)

အခွန်ကောက်များသည် နည်းပါးသော်လည်း တစ်စုံတစ်ဦးသည် သူတတ်နိုင်သည်ထက် ပိုမိုမပေးစေရဟု တမန်တော်မြတ် ﷺ က ညွှန်ကြားချက်များ ထုတ်ထားပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် မုစ်လင်မ် မဟုတ်သူ တစ်ဦးအား ဖိနှိပ်ချုပ်ချယ်ခဲ့ပါလျှင် တမန်တော်မြတ် ﷺ သခင်ကိုယ်တိုင် ကိယာမသ်နေ့၌ ဖိနှိပ်သူအစား မုစ်လင်မ် မဟုတ်သူအား အထောက်အပံ့ပေးပါလိမ့်မည်။ (မဇ်ဟရီ)

ဤဆင့်ပြန်ချက်များကြောင့် မုစ်လင်မ်မမ္မသတ်ပညာရှင်တို့အဖို့ ရှရီအသ်တွင် အခွန်အခအတွက် သတ်မှတ်ထားသော နှုန်းထားမရှိသော အခြေသို့ ရောက်ရှိသွားပါသည်။ သို့မဟုတ်ပါမူ ထိုအချိန်အခါတွင် ရှိသော အုပ်ချုပ်သူက ယင်းကိစ္စကို လုပ်ဆောင်ရပါမည်။ သူသည် တည်ဆဲ အခြေအနေများနှင့်အညီ လျော်ကန်သော လုပ်ဆောင်မှုကို ဆုံးဖြတ်ရပါမည်။

အထက်ဖော်ပြပါ မှတ်ချက်များတို့က ရှင်းလင်းသည်မှာ ဂျိဇ်ယာဆိုသည်မှာ မယုံကြည် သွေဖည်သူများ၏ သတ်ဖြတ်မှုအတွက် ပြစ်ဒဏ်ခတ်ခံရခြင်းမှ ကင်းလွတ်စေရန် အလျော်ပေးခြင်းဖြစ်သည်။ အစွလာမ်ဘာသာအတွက် အစားထိုးမှုမဟုတ်ပါ။ ထို့ကြောင့် ငွေစအနည်းငယ်မျှဖြင့် ၎င်းတို့၏ အစွလာမ်ဘာသာအား စက်ဆုပ်ခြင်းနှင့် ငြင်းပယ်ခြင်း ဆိုသည့်မူပေါ်တွင် ဆက်လက်တည်ရှိနေစေရန် အတွက် အဘယ်ကြောင့် ခွင့်ပြုနိုင်ရပါသနည်းဟု သံသယဖြစ်စရာ မလိုတော့ပေ။ သက်သေပြနိုင်သည့် အခြားသော လူအများအားလည်း ၎င်းတို့၏ ဘာသာတရားကို လိုက်နာကျင့်သုံးရန် လွတ်လပ်ခွင့်ပေးထားခြင်းပင်ဖြစ်သည်။ ဂျိဇ်ယာကို လူတိုင်းထံမှ မကောက်ခံပါ။ ပမာဆိုသော် အမျိုးသမီးများ၊ ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ဘာသာရေးခေါင်းဆောင်များ၊ မသန်မစွမ်းသူများနှင့် ကိုယ်အင်္ဂါ ချို့တဲ့သူများ ဖြစ်ကြသည်။ အကယ်၍သာ ဂျိဇ်ယာသည် အစွလာမ်အတွက် ကောက်ခံသည်ဆိုပါလျှင် ထိုသူများထံမှ လည်း ကောက်ခံရပါမည်။

ဤအာယသ်ပါ ဂျိဇ်ယာ ပေးဆောင်ခြင်းကို **عَنْ يَّدٍ** 'လက်ဖြင့်' ဟူသော စကားလုံးတို့ဖြင့် အထူးပြုထားပါသည်။ ဤနေရာ၌ ပထမစကားလုံးတို့ဖြင့် အထူးပြုထားပါသည်။ ဤနေရာ၌ ပထမစကားလုံး **عن** (အန်နှင့်အတူ)သည် အကြောင်းရင်းဟု ဖော်ကျူးကာ **يد** ('ယဒ်' လက်များ) သည် အာဏာနှင့် အောက်ကျို့စေခြင်းကို ဖော်ညွှန်းပါသည်။ ဤသည်က ဆိုလိုသည်မှာ ဤဂျိဇ်ယာ အခွန်ပေးဆောင်ခြင်းသည် အလှူငွေထည့်ခြင်း (သို့မဟုတ်)ဒါနပြုခြင်း စိတ်ဓာတ်မျိုးဖြင့် မပြုလုပ်စေရပါ။ ထိုသို့မဟုတ်မူဘဲ ယင်းအခွန်ပေးဆောင်မှုကို အစွလာမ်အောင်နိုင်မှုအား အသိအမှတ်ပြုလက်ခံကာ ထိုနိုင်ငံတွင် လိုလိုလားလားနှင့် နေထိုင်ပါမည် ဟူသော စိတ်ဓာတ်မျိုးဖြစ်ရမည်။ (ရှုဟုလ် မအာနီကျမ်းအရ) ဝါကျ၏ နောက်ပိုင်းဖြစ်သော **وَ هُمْ صٰغِرُوْنَ** "စင်စစ် ၎င်းတို့သည် အောက်ကျို့လျက်ရှိကြကုန်၏" ဟူသည်က အီမာမ် ရှာဖိအီ ﷺ ၏ ရှင်းလင်းချက်အရဆိုလျှင် ထိုသူတို့သည် အစွလာမ့် ယေဘုယျ ဥပဒေအရ အတိုင်း ပေးဆောင်ရပါမည်။ ထို့နောက် ထိုဥပဒေအား အမြဲတမ်းနာခံရန် တာဝန်ယူရပါမည်ဟူ၍ ဆိုလိုပါသည်။ (ရှုဟုလ်မအာနီနှင့် မဇ်ဟရီကျမ်း)

ဤအာယသ်ပါ "ထိုသူများ ဂျိဇ်ယာအခွန်ပေးဆောင်ရန် သဘောတူညီပြီးသည်နှင့် တစ်ပြိုင်နက် ယင်းတို့အား တိုက်ခိုက်ခြင်းမှ ရပ်တန့်ရမည်"ဟူသော ညွှန်ကြားချက်ကို အနည်းငယ်ရှင်းလင်းတင်ပြခြင်းက အသုံးဝင်ပါလိမ့်မည်။ အများမုစ်လင်မ် မမ္မသတ်ပညာရှင်တို့က ကျမ်းရပုဂ္ဂိုလ်များ အနက်မှဖြစ်စေ၊ အခြားသော သူများထဲမှဖြစ်စေ၊ မယုံကြည် သွေဖည်သူအားလုံး အကျုံးဝင်စေပါသည်။ သို့သော်လည်း အာရေးဗီးယားရှိ မှုရှိရိုက်များထံမှ ဂျိဇ်ယာအား လက်မခံသောကြောင့် ထိုသူတို့အား အမြဲပယ်ထုတ်ပြီးဖြစ်ပါသည်။

ဒုတိယအာယသ်(၃၀)ထဲတွင် အာယသ်(၂၉)၌ တိုတိုတုတ်တုတ် ဖော်ပြထားခဲ့သော "ထိုသူတို့ အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြသည်မဟုတ်ပေ"ဟူသော အဆိုအမိန့်ကို အကျယ်ချဲ့ထားခဲ့ပါသည်။ ဒုတိယအာယသ်ထဲ၌ ဂျူးများသည်စိုက်ယိဒိနာအုဖိုင်ရ် [d] အားဘုရားသားတော်ဟုမှတ်ယူခဲ့ကြသည်။ ခရစ်ယာန်များကလည်း ထိုနည်းနှင်နှင် ဖြစ်ပါသည်။ ၎င်းတို့က စိုက်ယိဒိနာ အီစာ [a] သည် ဘုရား၏ သားတော်ဟု ပြောကြပါသည်။ ထို့ကြောင့် အလ္လာဟ်တစ်ပါးတည်း တည်ရှိကြောင်း၊ ၎င်းတို့အဓိမာန် သက်ဝင်ယုံကြည်ကြောင်းကို ၎င်းတို့အခိုင်အမာပြောဆိုချက်များသည် မှားယွင်း ကြောင်း ပေါ်ထွက်လာပါသည်။

ထိုသည်၏နောက် ذٰلِكَ قَوْلُهُمْ بِاَفْوَاهِهِمْ ဤသည်ကား ၎င်းတို့ မိမိတို့နှုတ်ဖြင့် ပြောဆိုကြသော (အခြေအနေကင်းမဲ့သည့်) စကားမျှသာ ဖြစ်ချေသတည်း။ ဤသည်က ဆိုလိုနိုင်သည်မှာ ဤသူများသည် ယင်းတို့၏ နှုတ်လျှာဖြင့် ၎င်းတို့ သက်ဝင်ယုံကြည်ကြောင်း ပွင့်ပွင့်လင်းလင်းနှင့် ရှင်းလင်းစွာ ပြောကြပါသည်။ ဤတွင် ဖုံးကွယ်ထားရန် မရှိပါ။ ထပ်မံ ပြောဆိုနိုင်သည်မှာ သူတို့ပြောဆိုသော ဘုရားတရားကို စော်ကားသည့် စကားများသည် ၎င်းတို့၏ အပြောသက်သက် ဖြစ်ပြီး ဟုတ်မှန်ကြောင်း သက်သေမပြနိုင်ပါ။

အဆုံး၌ يُضَاهِـُٔوْنَ قَوْلَ الَّذِيْنَ كَفَرُوْا مِنْ قَبْلُ ۭ قٰتَلَهُمُ اللّٰهُ ۚ اَنّٰى يُؤْفَكُوْنَ "၎င်းတို့သည်(မိမိတို့) အလျင်ရှေးအထက်ကာလ၌ ရှိခဲ့ကြသော ကာဖိရ်ယုံကြည်မှု ကင်းမဲ့သော သူတို့၏ပြောဆိုမှုကို လိုက်၍ တုခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ဖျက်ဆီးတော်မူ ပါစေသတည်း။ ၎င်းတို့သည် (အမှန်ကိုပယ်၍ အမှားဘက်သို့) အသို့လျှင် ပြန်လှည့်သွားကြသနည်း"ဟူ၍ မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ ဂျူးများနှင့် ခရစ်ယာန်တို့က တမန်တော်များအား အလ္လာဟ်သားတော်များဟု ခေါ်ဆိုခြင်းသည် လွန်လေပြီးသော ကာလများတွင်ရှိမယုံကြည်သွေဖည်သူ၊ မှုရှိရိုက်များနှင့် တူညီသွားပေသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူများသည် ကောင်းကင်စေတမန်များနှင့် ၎င်းတို့၏ ရုပ်ထုများဖြစ်သော လတ်နှင့် မနတ်တို့အား ဘုရား သမီးတော်များဟု ခေါ်ဆိုကြပါသည်။

(ဤသည်မှာ ဂျူးများ အားလုံး၏ယုံကြည်ချက်မဟုတ်ပါ။ အာရေးဗီးယားရှိ အချို့သော ဂျူးများကသာ ထိုကဲ့သို့ယုံကြည် ကြသည်။ ပင်လယ်ဒေသမှ ရရှိသော ရှေးစာရွက်များကလည်း ဂျူးဘာသာဝင် ဂိုဏ်းအချို့တို့သည် အစွဲရာအား ဘုရား၏ သားတော်အဖြစ် မှတ်ယူခဲ့သည် ဆိုသည့်အချက်ကို သက်သေပြပါသည်။ ဤသည်ကို ရှေးစာရွက်များကို လေ့လာခဲ့ကြသော ပညာရှင်များ ထံမှကြားသိခဲ့ရပါသည်။) မုဟမ္မဒ်သကီးအုဆ်မာနီ။

အာယသ် (၃၁-၃၅)

اِتَّخَذُوْۤا اَحْبَارَهُمْ وَ رُهْبَانَهُمْ اَرْبَابًا مِّنْ دُوْنِ اللّٰهِ وَ الْمَسِيْحَ ابْنَ مَرْيَمَ ۚ وَ مَاۤ اُمِرُوْۤا اِلَّا لِيَعْبُدُوْۤا اِلٰهًا وَّاحِدًا ۚ لَاۤ اِلٰهَ اِلَّا هُوَ ؕ سُبْحٰنَهٗ عَمَّا يُشْرِكُوْنَ ﴿۳۱﴾ يُرِيْدُوْنَ اَنْ يُّطْفِـُٔوْا نُوْرَ اللّٰهِ بِاَفْوَاهِهِمْ وَ يَاْبَى اللّٰهُ اِلَّاۤ اَنْ يُّتِمَّ نُوْرَهٗ وَ لَوْ كَرِهَ الْكٰفِرُوْنَ ﴿۳۲﴾ هُوَ الَّذِيْۤ اَرْسَلَ رَسُوْلَهٗ بِالْهُدٰى وَ دِيْنِ الْحَقِّ لِيُظْهِرَهٗ عَلَى الدِّيْنِ كُلِّهٖ ۙ وَ لَوْ كَرِهَ الْمُشْرِكُوْنَ ﴿۳۳﴾ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْۤا اِنَّ كَثِيْرًا مِّنَ الْاَحْبَارِ وَ الرُّهْبَانِ لَيَاْكُلُوْنَ اَمْوَالَ النَّاسِ بِالْبَاطِلِ وَ يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ؕ وَ الَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَ الْفِضَّةَ وَ لَا يُنْفِقُوْنَهَا فِيْ سَبِيْلِ اللّٰهِ ۙ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ ﴿۳۴﴾ يَّوْمَ يُحْمٰى عَلَيْهَا فِيْ نَارِ جَهَنَّمَ فَتُكْوٰى بِهَا جِبَاهُهُمْ وَ جُنُوْبُهُمْ وَ ظُهُوْرُهُمْ ؕ هٰذَا مَا كَنَزْتُمْ لِاَنْفُسِكُمْ فَذُوْقُوْا مَا كُنْتُمْ تَكْنِزُوْنَ ﴿۳۵﴾

ထိုသူတို့သည် မိမိတို့၏ဓမ္မဆရာတို့ကိုလည်းကောင်း၊ ဘုန်းကြီးရဟန်းတို့ကိုလည်းကောင်း၊ 'မရ်ယမ်'၏သားတော် 'မစီဟ်'ကိုလည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား စွန့်၍ (မိမိတို့၏)အရှင်သခင်များပြုလုပ်ထားခဲ့ကြလေသည်။ အမှန်စင်စစ်သော်ကား ထိုသူတို့သည် တစ်ဆူတည်းသော ကိုးကွယ်ရာအရှင်မြတ် အားသာလျှင် ခဝပ်ကိုးကွယ်ရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ကြရလေသည်။ ထို (တစ်ဆူတည်းသော) အရှင်မြတ်မှ တစ်ပါး အခြားခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျင်းမရှိပြီ။ ထိုအရှင်မြတ်သည် ၎င်းတို့တွဲဖက်နှိုင်းယှဉ် (ကိုးကွယ်)ကြသည်တို့မှ (လုံးဝ)သန့်ရှင်းစင်ကြယ်တော် မူချေသတည်း။ (၉ : ၃၁)

၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ရောင်ခြည်တော်ကို မိမိတို့၏ပါးစပ်များဖြင့် ငြိမ်းစေလိုကြကုန်၏။ သို့ရာတွင် မူကား အလ္လာဟ်အရှင်မြတ်သည် 'ကာဖိရ်' မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့က မနှစ်မြို့ကြသော်လည်း မိမိ၏ ရောင်ခြည်တော်ကို ပြည့်ဝ စုံလင်စေတော်မူခြင်းမှတစ်ပါး (အခြား) မည်သည့်တစ်စုံတစ်ရာကိုမျှ သဘောတူတော်မူသည် မဟုတ်ပေ။ (၉ : ၃၂)

ထို (အလ္လာဟ်) အရှင်မြတ်သည် အကြင်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် 'မုရှ်ရိစ်က်' များက မနှစ်သက်ကြသော်လည်း မိမိရစူလ်တမန်တော်အား ဘာသာသာသနာအားလုံးတို့အပေါ်ဝယ် လွှမ်းမိုးစေခြင်းငှာ တရားမွေ နှင့်အတူလည်းကောင်း၊ မှန်ကန်သော 'ဒီးန်' သာသနာနှင့်အတူလည်းကောင်း စေလွှတ်တော်မူခဲ့လေသည်။ (၉ : ၃၃)

အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့၊ ဇကန်စင်စစ် များစွာသော (ယဟူဒီ၊ နဆွာရာနီ) ဓမ္မဆရာများသည် လည်းကောင်း၊ ဘုန်းကြီးရဟန်းများသည်လည်းကောင်း လူတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းဖြင့် စားသုံးကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် (လူသားတို့အား) အလ္လာဟ်အရှင်မြတ်၏လမ်းတော်မှ ပိတ်ပင်တားဆီးကြကုန်၏။ ထို့အပြင် အကြင်သူတို့သည် ရွှေငွေ (ရတနာပစ္စည်း) များကို စုဆောင်းသိုမှီး၍ ထားရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် ၎င်း (ရွှေငွေ ရတနာများ)ကို အလ္လာဟ် အရှင်မြတ်၏လမ်းတော်၌ သုံးစွဲကြသည်မဟုတ်ပေ။ (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့အား နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း သတင်းကောင်း ပြောကြားပါလေ။ (၉ : ၃၄)

(ယင်းပြစ်ဒဏ်သည် ၎င်းတို့၌ အကြင်နေ့တွင်ကျရောက်အံ့)။ ထိုနေ့တွင် ယင်းရွှေ၊ ငွေ (ရတနာများ)သည် ဂျဟန္နမ်ငရဲမီးတွင် ဖုတ်မြိုက်ခြင်းခံရအံ့။ ထိုနောက် ထိုသူတို့၏ နဖူးများ (သည်လည်းကောင်း)၊ ထိုသူတို့၏နံဘေးများ (သည်လည်းကောင်း)၊ ထိုသူတို့၏ ကျောကုန်းများ (သည်လည်းကောင်း)၊ ယင်း (မီးဖုတ်ထားပြီးဖြစ်သော) ရွှေငွေဖြင့် တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရလတ္တံ့။ (ထို့အပြင် ၎င်းတို့အားပြစ်ဒဏ်ပေးသော 'မလာအိကဟ်' ကောင်းကင်တမန်တို့က) "ဤသည်ကား အသင်တို့သည် မိမိတို့အဖို့ သိုမှီးသိမ်းဆည်း၍ ထားရှိခဲ့ကြသည့် ရတနာများပင်တည်း။ သို့ဖြစ်ပေရာ (ယခုသော်ကား) အသင်တို့သည် မိမိတို့သိုမှီးသိမ်းဆည်းခြင်း (၏ပြစ်ဒဏ်)ကို မြည်းစမ်းကြလေကုန်" (ဟု ပြောဆိုကြ ကုန်အံ့သတည်း)။ (၉ : ၃၅)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ (၄) အာယသ်ထဲ၌ ဂျူးများနှင့် ခရစ်ယာန်များအနက်မှ "ပညာရှိများ"၊ ဘုးရားတရားကြည်ညို သူများနှင့် ရှောင်ကြဉ်သူများသည် မည်မျှလမ်းလွဲနေကြောင်းနှင့် ဘုရားတရားကို စော်ကားပုတ်ခတ်ပြောဆိုခြင်းကို လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။ **احبار** အဟ်ဗာရ်ဆိုသော စကားလုံးသည် **حبر** ဟိဗ်ဗရ်၏ ဗဟုဝုစ်ကိန်းဖြစ်ပြီး **رهبان** ရွှပ်ဗန်ဆိုသော စကားလုံးသည် **راهب** ရာဟိဗ်၏ ဗဟုဝုစ်ကိန်းဖြစ်ပါသည်။ ဟိဗ်ဗရ်ဆိုသော စကားလုံးက ဂျူးများနှင့် ခရစ်ယာန်များအနက်မှ ဘာသာရေးဆိုင်ရာ ပညာရှင်များဟု ရည်ညွှန်းသကဲ့သို့ ရာဟိဗ်ဆိုသည်က ဘဝသက်တမ်းတွင် လောကီရေးဆိုင်ရာများ ရှောင်ကြဉ်ကာ ဘုရားတရားကိုးကွယ်မှု၌သာ လုပ်ဆောင်သော သူဟု ဖော်ညွှန်းပါသည်။

ပထမအာယသ် (၃၁) ထဲ၌ ဤသူတို့သည် ၎င်းတို့၏ဓမ္မဆရာနှင့် ဘုန်းကြီးရဟန်းတို့အား အလ္လာဟ်အရှင်မြတ်၏အပြင် ဘုရားများဟုမှတ်ယူပါသည်။ ၎င်းနောက် ထိုသူတို့သည် စိုက်ယိဒနာအီစာအိဗ်နိမရ်ယမ်အား ဘုရား၏ သားတော်ဟု ၎င်းတို့မှတ်ယူခြင်းက ထင်ရှားပါသည်။ ထို့နောက် ၎င်းတို့သည် ထို့ကဲ့သို့ပြောဆိုရန်အတွက် ဆိုင်းတွ ခြင်းမရှိပါ။ ထိုသူများအား ၎င်းတို့၏ ဘုန်းကြီးရဟန်းနှင့် ဓမ္မဆရာတို့အား ဘုရားအဖြစ်မှတ်ယူခြင်းအတွက် စွဲချက်တင်

ရန် အကြောင်းရှိနေပါသည်။ ထိုသူများသည် ၎င်းတို့၏ဘုန်းကြီးရဟန်တို့အား ရှင်းလင်းသော အသုံး အနှုန်းများဖြင့် ၎င်းတို့၏ဘုရားဟု ခေါ်ဆိုကြသည်။ သို့သော်လည်း ထိုသူများသည် ဘုန်းကြီးရဟန်းတို့အား သူတို့၏ ဘုရားများဖြစ်သည်ဟု မယုံကြည်ခဲ့လျှင်လည်း ထိုသို့ ပြောဆိုချက်များအား အလွှာဟ်တစ်ပါးတည်းအတွက်သာသီးသန့် ဖြစ်သော နာခံရမည်ဆိုသော ဂုဏ်တော်အား ထိုသူများကို လွှဲပြောင်းပေးလိုက်ခြင်းပင် ဖြစ်တော့သည်။ ပြောရလျှင် ထိုသူတို့သည် အလွှာဟ်နှင့် အလွှာဟ်၏ရစူလ် မိန့်ကြားချက်များကို ဆန့်ကျင်သွားလျှင်သော်မှ ထိုသူတို့သည်မည်သည့် အခြေအနေတွင်မဆို ၎င်းတို့၏ခေါင်းဆောင်များ မိန့်ကြားချက်များကို လိုက်နာကြပါလိမ့်မည်။ ထိုသို့သော အနေအထားမျိုးတွင် တစ်စုံတစ်ဦးသည် ပြန်လမ်းမရှိသော တောင်ကြားထဲသို့ မုချကျရောက်သွားပါလိမ့်မည်။ တစ်စုံတစ်ဦးက အလွှာဟ်အရှင်မြတ်နှင့် အလွှာဟ်ရစူလ်တို့၏ အမိန့်တော်များကိုဆန့်ကျင်ပြောကြားနေသည်ဆိုလျှင် ယင်းသူအား အဘယ်ကဲ့သို့နာခံအံ့နည်း။ ၎င်းနောက် တစ်စုံတစ်ဦးသည် အဆုံးစွန်သောလမ်ဆုံးသို့ရောက်သွားသည့်တိုင်အောင် အဘယ်ကြောင့် ထိုသူအားနာခံရန် မငြင်းဆိုပါသနည်း။ ဤသည်မှာ တစ်စုံတစ်ဦးအား ဘုရားအဖြစ် မှတ်ယူခြင်းပင် ဖြစ်ပါသည်။ ယင်းသည် ဘုရားတရားကို ဆန့်ကျင်စော်ကားသော ရှုတ်ဖွယ်လိလိလုပ်ရပ်ပင် ဖြစ်ပါသည်။ ပြောင်ပြောင်တင်းတင်း ကုဖိဖုရ် လုပ်ရပ်ပင်တည်း။

ဤအာယသ်တော်က မိန့်ကြားသည်မှာ ဓမ္မသတ်ကျောင်းမှပေါ်ထွက်လာသော လူသိများသည့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်တစ်ခုကို လိုက်သည်ဆိုခြင်း တက္ကလီဒ် နှင့် မည်သို့မျှမပတ်သက်ပါ။ ယင်းတွင် အပြင်နှစ်မျိုးရှိပါသည်။ ပထမ အနေဖြင့် သာမန်လူများသည် ဘာသာရေးဆိုင်ရာ ကျင့်ဝတ်များနှင့် ယင်းတို့၏အသေးစိတ်အချက်အလက်များကို သတိမမူသောကြောင့် အိုလမာသာသနာ့ပညာရှင်များကိုယုံကြည်ကာ ယင်းတို့၏ဖသ်ဝါ(ဓမ္မသတ်)ဆုံးဖြတ်ချက်များကို လိုက်နာကြသည်။ ဒုတိယအနေဖြင့် အီဂျ်သိဟာဒ်ပြုလုပ်ရန်လိုအပ်သော ဓမ္မသတ်ဆိုင်ရာကိစ္စရပ်များအတွက် မုဂျ်သဟစ်ဒ်အီမာမ်များ၏ အဆိုအမိန့်များကို လိုက်နာကြပါသည်။ ထို့ကြောင့် ဤအာယသ်တော်အရ လိုက်နာခြင်းနှင့် ပတ်သက်လျှင် (ယဟူဒ်၊ နဆ္စရာနီ)တို့ လိုက်နာခြင်းနှင့်မတူပါ။ ယခုလိုက်နာခြင်းမျိုးသည် အလွှာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ်တို့၏အမိန့်တို့ကို လိုက်နာခြင်းပင်ဖြစ်သည်။ အသိပညာနှင့် ထိုးထွင်းဉာဏ်တို့ဖြင့် အလွှာဟ်အရှင်ကောင်းချီးပေးခြင်းကို ခံရသောသူတို့သည် ရှရီအသ်၏မူလအရင်းအမြစ်များအား တိုက်ရိုက်ရရှိနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် အလွှာနှင့်အလွှာဟ်၏ရစူလ် မိန့်ကြားချက်များကို ကောင်းမွန်စွာသိမြင်ပြီး ယင်းအတိုင်း လိုက်နာဆောင်ရွက်ပါသည်။ မသိနားမလည်သော လူထု (အုမ္မသ်ထု)ကလည်း တတ်သိနားလည်သောသူများကိုမေးမြန်းပြီး ယင်းနှင့်အညီ လိုက်နာဆောင်ရွက်ကြသည်။ ထို့နောက် အသိပညာရှိသော်လည်း အီဂျ်သိဟာဒ်အဆင့်ကိုရယူနိုင်ရန်အတွက် အရည်အသွေးမပြည့်မီသောသူများလည်း ရှိကြပါသည်။ ထိုသူများသည်လည်း အီဂျ်သိဟာဒ်လိုအပ်သောကိစ္စရပ်တို့တွင် မုဂျ်သဟိဒ်အီမာမ်များအတိုင်း လိုက်နာဆောင်ရွက်ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်အား ဤနည်းဖြင့်လိုက်နာကျင့်သုံးခြင်းသည် အလွှာဟ်သအာလာအား နာခံရိုကျိုးခြင်းပင်ဖြစ်ပါသည်။ ယင်းကို ကုရ်အာန်ကျမ်းမြတ်တွင် **فَاسْأَلُوا أَهْلَ الذِّكْرِ إِن كُنتُمْ لَا تَعْلَمُونَ** "အကယ်၍အသင်တို့သည် (မိမိကိုယ်တိုင်) မသိကြလျှင်

(ရှေး) ကျမ်းဂန်ရရှိသူအား မေးမြန်းကြည့်ကြလေကုန်။" ၁၆း၄၃ ဟူ၍မိန့်ထားသည်။ *

အချုပ်ဆိုရသော် ဂျူးနှင့်ခရစ်ယာန်အများစုသည် ကျမ်းစာများ၊အလ္လာဟ်အရှင့်အမိန့်တော်များနှင့် တမန်တော်များ၏ သင်ကြားပို့ချချက်များကို လုံးဝလျစ်လျူရှုခဲ့ပြီး၊ယင်းအစား ကိုယ်ကျိုးရှာသောပညာရှင်များနှင့် တတ်သိနားလည် ခြင်းမရှိသော ဘာသာရေး ကိုင်းရှိုင်းသူ အယောင်ဆောင်တို့အား ၎င်းတို့ဘာသာ၏မကျိုးပဟု မှတ်ယူကြသည်။ ထိုသည် ကို ဤအာယသ် တော်ထဲ၌ ပြစ်တင်ရှုတ်ချထားသည်။

၎င်းတို့ယှဉ်တွဲ ကိုးကွယ်သည့်အရာများမှ ကင်းစင်တော်မူသော အလ္လာဟ်အရှင်၊ တစ်ပါးတည်းတည်ရှိတော်မူသော အရှင်က၊ အရှင့်အားကိုးကွယ်ရန်မိန့်ထားခဲ့သော်လည်း ထိုသူများသည် လမ်းမှားကိုရွေးချယ်ခဲ့ကြပြီဟု အာယသ်တော်က မိန့်ကြားထားသည်။ ဤအာယသ်တော်က ၎င်းတို့သည် အမှားနောက်သို့လိုက်ခဲ့ခြင်းကြောင့် အလ္လာဟ်အရှင်မှအပ မည်သူကိုမျှ မကိုးမကွယ်ရဆိုသည်ကို ပြစ်ပယ်ကာ အခြားသူများကိုကိုးကွယ်ခဲ့ကြသည်။ ယင်းသို့လုပ်ဆောင်ရန်ခွင့်မပြုပါ။ နောက်ဆက်လက်ဖော်ပြသည့်အာယသ် (၃၂) ထဲတွင် ၎င်းတို့နောက်ထပ် အမှားတစ်ခုကျူးလွန်ကြောင်း ဖော်ပြသည်။၎င်းတို့သည် ကျူးလွန်ပြီးအမှားတွင် မရပ်တန့်သေးဟု မိန့်ကြားထားသည်။ ထိုသူတို့သည် ယင်းတို့အမှားများပေါင်းစပ်ကား အလ္လာဟ်အရှင်၏လမ်းညွှန်မှုအား ဖြိုဖျက်ပြီး အီမာန်၏မှန်ကန်ခြင်းကို အမှောင်ချပစ်လိုက်ပါသည်။ "၎င်းတို့သည် အလ္လာဟ် အရှင်မြတ်၏ရောင်ခြည်တော်ကို မိမိတို့၏ပါးစပ်များဖြင့် ငြိမ်းစေလိုကြကုန်၏။"ဟူသော အဆိုအမိန့်အား ပုံဆောင်၍တင်ပြထားသည်။ အမှန်အားဖြင့်ယင်းတို့တွင် ထိုကဲ့သို့လုပ်နိုင်စွမ်း မရှိပါ။ မယုံကြည်သွေဖည်သူများ မည်မျှပင်မနှစ်မြို့စေကာမူ အစွမ်းသတ္တိဘာသာဟုခေါ်ဆိုသော အလ္လာဟ်အရှင်မြတ်၏ အလင်းရောင်တော်ကို ထိန်းသိမ်းရန်အတွက် အလ္လာဟ်အရှင်မြတ် သည် ဆုံးဖြတ်တော်မူပြီးဖြစ်သည်။

ယင်းနောက် ထိုအကြောင်းအရာကိုပင် တတိယအာယသ်တော် (၃၃) တွင်တိုးချဲ့၍ အလေးအနက်ထားကာ အီမာန်ယုံကြည်မှု၏မှန်ကန်ချက်နှင့် ကုရ်အာန်ကျမ်းတော်မြတ်တို့နှင့်အတူ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်ကို လမ်းညွှန်မှုနှင့်တကွ စေလွှတ်ခဲ့သည်။ ဆိုလိုသည်မှာ အစွမ်းသတ္တိဘာသာသည် အခြားသော ယုံကြည်ချက်များအပေါ် လွှမ်းမိုးရန်ဖြစ်သည်။ ထိုစကားလုံးများနှင့်အလားတူ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များထဲ၌ အစွမ်းသတ္တိဘာသနာသည် ကမ္ဘာပေါ်ရှိအခြားယုံကြည်မှုအားလုံးအပေါ် လွှမ်းမိုးစေရန်ပြုလုပ်မည်ဟု ကတိပြုထား တော်မူသည်။

---

* (မတူညီမှု၏အခြေခံချက်မှာအီမာမ်တစ်ပါးပါး၏နောက်သို့လိုက်နာသည်ထိုအီမာမ်အား ကျမ်းတော်မြတ်ကုရ်အာန်နှင့်စွန့်သည်တို့အား ဘာသာပြန်သူ အဖြစ် ဆွေးနွေးတိုင်ပင်ခြင်းသားဖြစ်သည်။ ထို့ကြောင့် ထိုအီမာမ်၏ အယူအဆနှင့် ကျမ်းတော်မြတ်ကုရ်အာန်နှင့် စွန့်သတ်တော်က ပေးထားသော ရှင်းလင်း ပြတ်သားသည့် ဥပဒေနှင့် ပြတ်ပြတ်သားသား ဆန့်ကျင်နေပါက ထိုအီမာမ်၏နောက်လိုက်မည် မဟုတ်ပါ။ ဂျူးများနှင့် ခရစ်ယာန်များ၏ကိစ္စမှာ ဤသည်နှင့်လုံးဝ ခြားနားပါသည်။ ထိုသူများက ဘာသာရေးခေါင်းဆောင်များ (ဓမ္မဆရာများ နှင့် ပုပ်ရဟန်း) တို့အား ဥပဒေထုတ်ပြန် သူများအဖြစ် ယုံကြည်ကြပါသည်။ ထိုသူများက ဘာသာရေး ခေါင်းဆောင် တို့သည် မည်သည့်အခါမျှ မှားယွင်းမှုမရှိ၊ အမှားများကိုလည်း မကျူးလွန်သောသူများဖြစ်သောကြောင့် ၎င်းတို့ထုတ်ပြန်သော အမိန့်များသည် ကျမ်းဂန်ပါအမိန့်ပညတ်များနှင့် ဆန့်ကျင် ဘက်ဖြစ်နေလျှင်သော်မှ မည်သို့ဖြစ်စေ လိုက်နာ ကျင့်သုံးရမည်ဟု မှတ်ယူကြသည်။ ဤသည်နှင့်ပတ်သက်၍ များစွာသော အသေးစိတ်ဖော်ပြချက်များကို မုဟမ္မဒ် သကီးအုဆ်မာနီ၏ သက္ကလိဒ် (သို့) အုလုမုလ်ကုရ်အာန်ကျမ်းတွင် ကြည့်ရှုနိုင်ပါသည်။)

အစ္စလာမ်ဘာသာသည် အထွဋ်အထိပ်ရောက်မည်ဟူသော ဤကောင်းသတင်းသည် သဖိစီရ်မဇ္ဈာဟီရီ ကျမ်းအရ မြောက်မြားစွာသောအချိန်နှင့် များစွာသော အခြေအနေများအတွက်ဖြစ်သည်။ စိုက်ယိဒနာမိက်ဒါဒ် d ဆင့်ပြန်သောဟာဆီးစ် တော်တစ်ရပ်တွင် တမန်တော်မြတ် s မိန့်ကြားခဲ့သည်မှာ ဤကမ္ဘာပေါ်ရှိသိကွာရှိသောသူ ဂုဏ် သိကွာနှင့်ဝင်ရောက်သက့ဲသို့ လည်းကောင်း အစ္စလာမ်စကားလုံး ဝင်ရောက်ခြင်းမရှိသည့် အိမ်ဟူ၍မရှိချေ။ အလ္လာဟ် အရှင်မြတ် ကောင်းချီးမင်္ဂလာပေး သူသည် အစ္စလာမ်ဘာသာဝင်ယုံကြည်ခဲ့၍ ဂုဏ်သိကွာမဲ့မှုနှင့်ရင်ဆိုင်ရသူများသည် အစ္စလာမ့်အစိုးရလက်အောက်တွင် တိုင်းသူပြည်သားအဖြစ်ရှိနေလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ ကတိတော်မှာ ဖြည့်ဆည်းပြီးဖြစ်သည်။ နှစ်ပေါင်းတစ်ထောင် မျှ အစ္စလာမ်ဘာသာ၏ အထွဋ်အထိပ်ဖြစ်မှုသည် ကမ္ဘာတွင်တည်တံ့ ရှင်သန်ခဲ့သည်။

တမန်တော်မြတ် s နှင့် မုစ်လင်မ်အွမ္မသ်ထု၏ ဖြောင့်မတ်မှန်ကန်ဆုံးနှင့် လေးစားထိုက်သော အကြီးအကဲများ၏ မြင့်မြတ်သောအချိန်ကာလတွင် ဤအလ္လာဟ်အရှင်မြတ်၏ အလင်းရောင်ပြီးပြည့်စုံမှုကို တကမ္ဘာလုံးကမျက်မြင်ကိုယ်တွေ့ ပင်ဖြစ်သည်။ ထို့နောက် အနာဂတ်တွင်လည်း နောင်လာမည့်အချိန်ကာလများအတွက် တရားဝင်မှုနှင့်မှန်ကန်မှုအရဆိုလျှင် အစ္စလာမ်ဘာသာသည် ပြည့်ဝသည့်ဘာသာသာသနာတစ်ခုဖြစ်၍ မည်သူကမျှမဝေဖန်နိုင်ချေ။ ဤ အတွက်ကြောင့် ဤမှန်ကန်သောယုံကြည်မှုသည် အခြေအတင်ပြောဆိုမှုနှင့် သက်သေပြမှုများကြောင့် ယင်းက အမြဲတမ်းဩဇာအာဏာ ကြီးမားလျက် ရှိပေမည်။ ထို့ကြောင့် မုစ်လင်မ်များသည် ဤဘာသာတရားကို ပြည့်ပြည့်ဝဝနှင့် သစ္စာရှိစွာ လိုက်နာကျင့်သုံးခဲ့လျှင် အပြင်ပိုင်းဆိုင်ရာ အထွဋ်အထိပ်ရောက်မှုတန်ခိုးအာဏာနှင့် အုပ်ချုပ်မှုတို့သည် မလွဲသွေရရှိမည့်ရလဒ်များဖြစ်လာမည်။ အစ္စလာမ့်သမိုင်း၏အတ္ထုပ္ပတ္တိများ၏ သက်သေပြချက်အရ မုစ်လင်မ်များသည် ကုရ်အာန်ကျမ်းမြတ်နှင့် စွန္နသ်တော်နှင့်အညီ စိတ်ရောကိုယ်ပါပြုမူကျင့်သုံးခဲ့လျှင် ၎င်းတို့၏ သန္ဓိဋ္ဌာန်ကို ချေမှုန်းရန် အတွက်မည်သည့်အတားအဆီးကမျှမတတ်နိုင်ကြပါ။ ၎င်းတို့သည်ကမ္ဘာပေါ်တွင်လွှမ်းမိုးသော အင်အားစုဖြစ်ကြောင်း တွေ့မြင်ရမည်။ ထို့အပြင် မည့်သည့်အခါ မည့်သည့်နေရာမှ ဖြစ်စေ ထိုသူများအဖိနှိပ်ခံရလျှင် (သို့မဟုတ်) ညှင်းပမ်းခံရလျှင် ယင်းသည် ၎င်းတို့ရှေ့မှောက်ရှိ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့၏ အမိန့်ပညတ်ချက်များကို ဆန့်ကျင်ခဲ့သောကြောင့် သတိမမူခဲ့သောကြောင့်ဖြစ်သည်။ မှန်ကန်သောဘာသာ တရားမှာမူ အမြဲတမ်း ကြီးကျယ်ခမ်းနားပြီး ကာကွယ်ပေးပြီးဖြစ်နေပါလိမ့်မည်။

စတုတ္ထအာယသ် (၃၄)ထဲတွင် မုစ်လင်မ်များကိုဦးတည်ပြောထားသည်။ သို့သော်လည်း ပြောသည့်အကြောင်းမှာ ဂျူးများနှင့် ခရစ်ယာန်များ၏ ဓမ္မဆရာများ၊ တရားဟောဆရာများနှင့် ဘုန်းကြီးရဟန်းတို့၏ လုပ်ဆောင်မှုကိစ္စဖြစ်သည်။ ထိုလုပ်ဆောင်မှုများက လူအများကိုလမ်းမှားရောက်စေသည်။ မုစ်လင်မ်များအား ဦးတည်ပြောကြားကာ ဂျူးဓမ္မဆရာများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ လုပ်ဆောင်ချက်ကို ဖော်ပြခြင်းက ယင်း၏နောက်ကွယ်တွင် ရည်ရွယ်ချက်တစ်ခုကိုညွှန်းဟန်ရှိသည်။ ထိုအခြေအနေများမုစ်လင်မ်များအပေါ် လွှမ်းခြုံခြင်းမှ အမြဲသတိရှိရန်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

အာယသ်တော်က ဂျူးနှင့်ခရစ်ယာန်များတွင်ရှိသော ဓမ္မသတ်ဆရာများစွာနှင့်ဘုန်းကြီးများစွာတို့သည် လူအများ၏ ဥစ္စာဓနများကို မှားယွင်းသော နည်းလမ်းများဖြင့် စားသုံးကြ၍ ထိုသူများအား အလ္လာဟ်အရှင်မြတ်လမ်းတော်ရောက်ခြင်းမှ တားဆီးထားမည်။

ဣဗ္ဗူးနှင့် ခရစ်ယာန်တို့တွင်ရှိသော ဓမ္မဆရာများနှင့် ဘုန်းကြီးရဟန်းအများစုသည် ဤလုပ်ရပ်တွင် ပါဝင်ပတ်သက်ကြသည်။ ထိုအခြေအနေမျိုးတွင် လူအများကယင်းနှင့်ပတ်သက်သော ကျယ်ပြန့်သည့် တင်ပြချက်ကို တင်ပြလျှင် ယင်းကို မကောင်းဟုသတ်မှတ်ကြသည်။ သို့ရာတွင် ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်က كثير (ကဆီရာ များစွာသော)ဟူသော စကားလုံးထည့်ထားခြင်းသည် မုစ်လင်မ်များကို ရန်သူများနှင့်ဆက်ဆံရာတွင် ၎င်းတို့၏ ပြောစကားများကိုသတိမူရန် စေ့ဆော်ထားသည်။ဤနေရာတွင်ရှင်းလင်းစွာပြသထားသည်မှာဂင်းတို့အား လုံး ၏ လုပ်ရပ် ဟုမမှတ်ယူကြရန်ဖြစ်သည်။ ဤနေရာ၌မိန့်သည်မှာ ၎င်းတို့အများစုလုပ်ကြသည်ဟု မိန့်ထား သည်။ ထို့နောက် ထိုသူများသည် လူအများ၏ဥစ္စာဓနကို မတရားသောနည်းလမ်းဖြင့် စားသုံးနေခြင်းသည် မမှန်ကန်သောလုပ်ရပ်ဟု မိန့်ထားသည်။ "မတရားသောနည်းလမ်းများ" ဆိုသည်မှာ ငွေကြေးရရှိရန် သောင်ရာသ်ကျမ်းပါ အမိန့်ပညတ်ချက်များနှင့် ဆန့်ကျင်သောဖသ်ဝါ (ဓမ္မသတ်(သို့)ဘာသာရေး ဆိုင်ရာဥပဒေ) ထုတ်ပြန်သည့် အလေ့အကျင့် ဖြစ်သည်။ ထိုသို့ လုပ်ရာတွင် အချိန်အခါများစွာတွင် ဖုံးကွယ်မှုများ၊ အမှားအယွင်းများဖြင့် အလွှာဟ့် အမိန့်ပညတ်ချက်များကို မမှန်မကန် အဓိပ္ပာယ် ဖွင့်ဆိုကြလိမ့်မည်။ ဤသည်မှဆက်၍ ၎င်းတို့လုပ်ရပ်ရှိ နောက်ထပ်အမှားကို ထောက်ပြထားသည်။ ထိုသူတို့သည် ကံမကောင်းသူများဖြစ်ကြသည်မှာ သူတို့ကိုယ်သူတို့ လမ်းမှားသို့ ရောက်စေရုံမျှမက မှန်ကန်သော လမ်းညွှန်မှုကို ရှာဖွေရန်ဟူသောဆန္ဒဖြင့် အလွှာဟ်အရှင်မြတ်လမ်းတော် လျှောက် လမ်းသူများကို တားဆီးပိတ်ပင်ထားကြသည်။ အကြောင်းမှာလူအများသည် ၎င်းတို့၏ခေါင်းဆောင်များ ထိုကဲ့သို့သော လုပ်ရပ်လုပ်ဆောင်သည်ကို မြင်တွေ့ရသောအခါ မွေးရာပါအမှန်တရားကို ချစ်မြတ်နိုးသည့် စိတ်သည်လည်း ကွယ် ပျောက်သွားရတော့သည်။ ထပ်ဆောင်း၍ ၎င်းတို့၏လုပ်ရပ်များကို ယင်းသို့သောမှားယွင်းသည့် ဥပဒေများအပေါ် စတင်အခြေခံခဲ့၍ အမှားနှင့် လမ်းလွဲရောက်ခြင်းကို ကောင်းမြတ်၍ မှန်ကန်သည်ဟုမှတ်ယူကာ အဆုံးသတ်သွားခဲ့ ကြသည်။

ငွေကြေးအတွက် မမှန်ကန်သည့် ဥပဒေများပေးခြင်းဟူသော ဣဗ္ဗူးဓမ္မဆရာများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများထံတွင် စွဲကပ်နေသည့် ဤရောဂါမှာ ငွေကြေးအပေါ် ချစ်မြတ်နိုး၍ လောဘ ကြီးသောကြောင့် ဖြစ်ကြောင်း အာယသ်တော်က သူနည်းသူဟန်ဖြင့် ဖော်ပြထားသည်။ အာယသ်တော်တွင် မိန့်ထားသည်မှာ ငွေကြေးနှင့်ဥစ္စာပစ္စည်းကို လွန်လွန်ကျူးကျူး မြတ်နိုးတွယ်တာခြင်းသည် မကောင်းသော ရလဒ်ပေါ်ထွက်စေသည်။ အလွှာဟ်လမ်းတော်တွင် ထိုငွေကြေးကို မသုံးစွဲပါက ပြစ်ဒဏ်ခတ်ခံရမည်။ ထို့နောက် ထိုရောဂါဆိုးကား မည်သို့ ဖယ်ရှားရမည်ကို အကြံပြုထားသည့် စာသားအတိုအကျမှာကား-

وَالَّذِيْنَ يَكْنِزُوْنَ الذَّهَبَ وَالْفِضَّةَ وَلَا يُنْفِقُوْنَهَا فِيْ سَبِيْلِ اللّٰهِ ۙ فَبَشِّرْهُمْ بِعَذَابٍ اَلِيْمٍ

"ထို့အပြင် အကြင်သူတို့သည် ရွှေငွေ (ရတနာပစ္စည်း)များကို စုဆောင်းသိုမှီး၍ထားရှိကြကုန်၏။ သို့ရာတွင် ထိုသူတို့သည် ၎င်း(ရွှေငွေ၊ရတနာများ)ကို အလွှာဟ်အရှင်မြတ်၏လမ်းတော်၌သုံးစွဲကြသည်မဟုတ်ပေ။ (အို-နဗီတမန်တော်) အသင်သည် ထိုသူတို့အား နာကျင်ဖွယ်သောပြစ်ဒဏ်ကို ခံကြရမည့်အကြောင်း သတင်းကောင်းပြောကြားပါလေ" ဟူ၍ ဖြစ်သည်။

وَلَا يُنْفِقُوْنَهَا "သို့ရာတွင် ၎င်းတို့သည် သုံးစွဲလူဒါန်းကြသည်မဟုတ်ပေ" ဟူသော စကားလုံးများကရည်ညွှန်းသည်မှာ အလွှာဟ့်လမ်းတော်၌ သုံးစွဲသင့်သည့်အတိုင်း သုံးစွဲသောလူများအတွက် ၎င်းတို့သိုမှီးထား၍ ကျန်သောအရာများသည် ၎င်းတို့အား အန္တရာယ်မပေးဟူ၍ဖြစ်သည်။

ဟဒီးဆ်တော်တွင်လည်း တမန်တော်မြတ် ﷺ မိန့်ထားသည်မှာ ဇကားသ်ဆင်းရဲသား ဒါနကြေးပေးဆောင်ပြီးသော ဥစ္စာဓနများသည် كنزتم (ကနဇ်သွန်မ်) အသင်တို့စုဆောင်းသိုမှီးထားခြင်းတွင် အကဲျူးမဝင်ချေ။

(အဗူးဒါဝူဒ်၊ အဟ်မဒ်နှင့်အခြားကျမ်း)

ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဇကားသ်ဆင်းရဲသားဒါနကြေးပေးပြီးနောက် ကျန်သည့်ဥစ္စာဓနကို သိုမှီး သိမ်းဆည်းထားခြင်းသည် အပြစ်ဂုနာဟ်မဟုတ်ချေ။

မုစ်လင်မ်မမွသတ်ပညာရှင်များနှင့် အီမာမ်အများစု ဤသို့ပင် ချည်းကပ်သဘောတူကြသည်။ وَلَا يُنْفِقُوْنَهَا "သို့ရာတွင် ၎င်းတို့သည် သုံးစွဲလူဒါန်းကြသည် မဟုတ်ချေ"တွင် ပါဝင်သော နာမ်စားများ ငွေဟုဆိုသော فضة (ဖဿ်သွာဟ်) ထိုသို့ ပြန် ဦးလှည့်စေသည်။ ရွှေနှင့်ငွေအရာနှစ်မျိုးအကြောင်း အစောပိုင်းကဖော်ပြသော်လည်း နာမ်စားကို ငွေဘက်သို့သာ ဦးလှည့်စေသည်။ ဤသည်ကို သဖီစီရ်မဇာဟရီကကောက်ယူသည်မှာ အကယ်၍ လူတစ်ဦးတွင် ရွှေနှင့်ငွေနှစ်မျိုးစလုံး အနည်းငယ် ဆိရှိပါက သူ၏နိဆ်ဘးဗ် (ဇကားသ်ထိုက်သောပမာဏ) အား ငွေစတန်းဘိုးအရသာ ဆုံးဖြတ်ရမည်ဟူသော ရှင်းလင်း ပြတ်သားသည့် အညွှန်းဖြစ်သည်။ သူ၏ ဇကားသ် ဆင်းရဲသားဒါနကြေးအဖြစ် ရွှေတန်ဘိုးကို ငွေစတန်ဖိုးနှင့် တွက်ချက်ပေးရ လိမ့်မည်။

ပဋ္ဌမအာယသ် (၃၅)ထဲတွင် အာယသ် ၃၄ အဆုံး၌ ရည်ညွှန်းထားသည့် နာကြင်ဖွယ်သော ပြစ်ဒဏ်၏ အသေးစိတ် ရှင်းလင်းဖော်ပြထားသည်။ ယင်းထဲတွင် မိန့်ထားသည်မှာ- يَّوْمَ يُحْمٰى عَلَيْهَا فِيْ نَارِ جَهَنَّمَ فَتُكْوٰى بِهَا جِبَاهُهُمْ وَ جُنُوْبُهُمْ وَ ظُهُوْرُهُمْ ؕ هٰذَا مَا كَنَزْتُمْ لِاَنْفُسِكُمْ فَذُوْقُوْا مَا كُنْتُمْ تَكْنِزُوْنَ "(ယင်းပြစ်ဒဏ်သည် ၎င်းတို့ ၌ အကြောင်နေ့တွင် ကျရောက်အံ့)။ ထိုနေ့တွင် ယင်းရွှေ၊ ငွေ (ရတနာများ)သည် ဂျဟန္နမ်ဝေဒီများတွင် ဖုတ်မြိုက်ခြင်း ခံရအံ့။ ထို့နောက် ထိုသူတို့၏နဖူးများ (သည် လည်းကောင်း)၊ ထိုသူတို့၏နံဘေးများ (သည် လည်းကောင်း)၊ ထိုသူတို့ ကျောကုန်းများ (သည် လည်းကောင်း) ယင်း (မီးဖုတ်ထားပြီးဖြစ်သော) ရွှေ၊ငွေဖြင့် တံဆိပ်နှိပ်ခြင်းကို ခံကြရလတ္တံ့။ (ထို့ပြင် ၎င်းတို့အား ပြစ်ဒဏ်ပေးသော 'မလာအိကဟ်' ကောင်းကင်တမန်တို့က) "ဤသည်ကား အသင်တို့သည် မိမိတို့အဖို့ သိုမှီးသိမ်းဆည်း၍ ထားရှိခဲ့ကြသည့် ရတနာများပင်တည်း။ သို့ဖြစ်ပေရာ (ယခုသော်ကား) အသင်တို့သည် မိမိတို့အဖို့ သိုမှီးသိမ်းဆည်ခြင်း၏ (ပြစ်ဒဏ်)ကို မြည်းစမ်းကြလေကုန်(ဟုပြောဆိုကြ ကုန်အံ့သတည်း)။"ဟူ၍ ဖြစ်သည် အာယသ်တော်က ဆိုလိုသည်မှာ ဤ 'နာကျင်ဖွယ်ရာ ပြစ်ဒဏ်ခတ်မှု'သည် ဇကားသ် ဒါနကြေးမပေးဆောင်သူတို့အတွက် ဖြစ်လိမ့်မည်။ ၎င်းတို့စုဆောင်းသိမ်းဆည်းထားခဲ့ကြသည့် ရွှေနှင့်ငွေ တို့ကို ဂျဟန္နမ်မီးထဲတွင် ဖုတ်၍ မီးမြိုက်သော နေ့တစ်နေ့ ရောက်လာပါလိမ့်မည်။ ထို့နောက် ၎င်းတို့၏နဖူးများ၊ နံဘေးများနှင့် ကျောကုန်းများကို ယင်းတို့နှင့် တံဆိပ်ခပ်နှိပ်လိမ့်မည်။ ထို့နောက် နှုတ်ဖြင့် ပြစ်ဒဏ်ခတ်သည့် အနေဖြင့် ၎င်းတို့ အားပြောမည်မှာ ဤသည်တို့မှာ အသင်တို့သိမ်းဆည်း သိုမှီးထားသောအရာများ ဖြစ်သည်။ ၎င်းနောက် အကျိုးဆက် အနေဖြင့် ဤသည်တို့၏ အရသာကို မြည်းစမ်းကြလေကုန် ဟူ၍ဖြစ်သည်။ လုပ်ရပ်တစ်ခု၏ အစားပေးမှုသည် ယင်းလုပ်ရပ်ပင်ဖြစ်သည်။ တရားဝင်ဖြစ်စေ၊ စုဆောင်းသိုမှီးထားသမျှသည် ဇကားသ်ဒါနကြေး ပေးဆောင်ထားခဲ့ခြင်း မရှိသည့် အတွက် အဆုံးတွင် ယင်းပစ္စည်းများကြောင့် ၎င်းတို့ပြစ်ဒဏ်ခတ်မှုဖြစ်သွားစေသည်။

ဤအာယသ်ထဲတွင် နဖူးများ၊ နံဘေးများနှင့် ကျောကုန်းများကို တံဆိပ်ခတ်နှိပ်သည်ဟု ဖော်ပြထားခဲ့သည်။ ယင်းက ခန္ဓာကိုယ်တစ်ခုလုံးလည်းကောင်း၊ အပိုင်းသုံးပိုင်းထဲကိုလည်းကောင်း ဆိုလိုနိုင်သည်။ ဤသုံးနေရာဟု

သီးသန့်ပြောရခြင်းမှာ ချို့တဲ့သော သူတစ်ဦးသည် ဇကားသ်ဒါနကြေးတောင်းရန် စေးနည်းသူထံရောက်သည့်အခါ အတောင်းခံရသူသည် နဖူးကျော်ရှုံ့ကာ မနှစ်မြို့ချေ။ ထို့နောက် ၎င်းသူသည် တောင်းရမ်းသူကိုရှောင်ရှားရန်အလို့ငှာ ဘယ်သို့လည်းကောင်း၊ ညာသို့လည်းကောင်း လှည့်နိုင်သည်။ ထို့နောက် အကယ်၍ချို့တဲ့သူသည် ဆက်လက်တောင်းခံခဲ့လျှင် ၎င်းသည် ထိုသူကိုကျောပေးလိမ့်မည်။ ဤပြစ်ဒဏ်ခတ်မှုအတွက် နဖူး၊ နံဘေး၊ ကျောကုန်းဟု သီးခြား ဖော်ပြရခြင်းမှာဤသည်ကြောင့် ဖြစ်နိုင်သည်။

အာယသ် (၃၆-၃၇)

اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَا عَشَرَ شَهْرًا فِيْ كِتٰبِ اللّٰهِ يَوْمَ خَلَقَ السَّمٰوٰتِ وَ
الْاَرْضَ مِنْهَآ اَرْبَعَةٌ حُرُمٌ ؕ ذٰلِكَ الدِّيْنُ الْقَيِّمُ ۙ فَلَا تَظْلِمُوْا فِيْهِنَّ اَنْفُسَكُمْ وَ
قَاتِلُوا الْمُشْرِكِيْنَ كَآفَّةً كَمَا يُقَاتِلُوْنَكُمْ كَآفَّةً ؕ وَ اعْلَمُوْٓا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ
﴿۳۶﴾ اِنَّمَا النَّسِيْٓءُ زِيَادَةٌ فِي الْكُفْرِ يُضَلُّ بِهِ الَّذِيْنَ كَفَرُوْا يُحِلُّوْنَهٗ عَامًا وَّ
يُحَرِّمُوْنَهٗ عَامًا لِّيُوَاطِـُٔوْا عِدَّةَ مَا حَرَّمَ اللّٰهُ فَيُحِلُّوْا مَا حَرَّمَ اللّٰهُ ؕ زُيِّنَ لَهُمْ سُوْٓءُ
اَعْمَالِهِمْ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الْكٰفِرِيْنَ ﴿۳۷﴾

ဇကန်စင်စစ် လများ၏အရေအတွက်သည် အလ္လာဟ်အရှင်မြတ်၏ထံတော်တွင် အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်းကင်များနှင့် ပထဝီမြေကို ထိုအရှင်မြတ် ဖန်ဆင်းတော်မူသည့်နေ့မှစ၍ ဆယ့်နှစ်လမျှသာဖြစ်ချေသည်။ ၎င်း (ဆယ့်နှစ်လ)အနက်မှ လေးလသည် ထူးမြတ်သောလများပင် ဖြစ်ကြပေသည်။ ဤသည် ဖြောင့်မတ် မှန်ကန်သော 'ဒီးန်'သာသနာက (ညွှန်ကြားပြသသော လမ်းစဉ်) ပင်ဖြစ်လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်း(လများ)နှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်ကို နှိပ်စက်ကလူမပြုကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် 'မုရှ်ရိစ်က်' အားလုံးတို့ကို ၎င်းတို့သည် အသင်တို့အားလုံးတို့အား တိုက်ခိုက်ကြသကဲ့သို့ပင် တိုက်ခိုက်ကြလေကုန်။ ထို့အပြင် ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် သူတော်စင်အပေါင်းတို့နှင့်အတူ ရှိတော်မူကြောင်း အသင်တို့သည် ကောင်းစွာ မှတ်ယူကြလေကုန်။ (၉ : ၃၆)

လများကိုရွှေ့ဆိုင်းခြင်းသည် 'ကုဖရ်'သွေဖည်ငြင်းပယ်မှု၌ တိုးတက်ခြင်းသာ ဖြစ်၏။ ယင်း (ကဲ့သို့) ရွှေ့ဆိုင်းထားခြင်းအားဖြင့် 'ကာဖိရ်' မယုံကြည်သွေဖည်ငြင်းပယ်သောသူတို့သည် လမ်းမှားသို့ရောက်စေခြင်းကို ခံကြရလေသည်။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်ထားတော်မူခဲ့သော (လများ၏) အရေအတွက်နှင့် ကိုက်ညီစေခြင်းငှာ ယင်းရွှေ့ဆိုင်းထားသောလကို တနှစ် 'ဟလာလ်' ပြုလုပ်၍ နောက်တနှစ်တွင် 'ဟရာမ်'ဟူ၍ ပြုလုပ်ကြလေသည်။ သို့အားဖြင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့သည့် (လ)ကို 'ဟလာလ်'

ပြုကြကုန်၏။ ၎င်းတို့၏မကောင်းမှုများသည် ၎င်းတို့၏ (အမြင်)၌ လှပတင့်တယ်စွာရှိနေကြချေပြီ။ အမှန်စင်စစ်ကား အလ္လာဟ်အရှင်မြတ်သည် 'ကာဖိရ်'မယုံကြည်သွေဖည်ငြင်းပယ်သော သူတို့အား တရားလမ်းမှန်ကို ပြတော်မူသည် မဟုတ်ပေ။ (၉ : ၃၇)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် မုရှ်ရစ်ဂ်နှင့်မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အမှားများနှင့်မကောင်းမှုလုပ်ရပ်များကို ဖော်ပြထားသည်။ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်သော တစ်ပါးတည်းတည်ရှိမှုကို အခြားအရာများနှင့်ယှဉ်တွဲကိုးကွယ်ခြင်းနှင့် ၎င်းတို့၏မယုံကြည်သွေဖည်မှုတို့ဖြင့် မဆုတ်မနစ်ရှိနေခဲ့ကြသည်။ လက်ရှိအာယသ်နှစ်ခုထဲတွင် အမှောင်ခေတ်မှစ၍ ယခုထက်တိုင် အာရေးဗီးယားတွင် တည်ရှိခဲ့သော အခြားဓလေ့ဆိုးတစ်ခုကို ဖော်ပြထားသည်။ ယင်းမှ မုစ်လင်မ်များရှောင်ရှားရန် ညွှန်ကြားထားသည်။ ထိုဓလေ့ဆိုးသည် အဖြစ်အပျက်များ၏ကွင်းဆက်နှင့်ပတ်သက်သည်။ ဟိုအလျင်ရှေးခေတ်ကတည်း က အတိတ်ခေတ်တမန်တော်များအားလုံး၏ ဘာသာရေးဆိုင်ရာ ကိုဓ ဥပဒေအရ တစ်နှစ်တွင်ဆယ့်နှစ်လရှိသည်ဟု လက်ခံခဲ့ကြသည်။ ဤတစ်ဆယ့်နှစ်လတွင် လေးလသည်မြင့်မြတ်သည်ဟုမှတ်ယူခဲ့၍ အလွန်လေးစားထိုက်သည့် ဤလများကား ဇွလ်ကအ်ဒါ၊ ဇွလ်ဟစ်ဂျ်နှင့် မုဟရာမ်ဆက်တိုက်သုံးလနှင့် ရဂျဗ်လတို့ဖြစ်သည်။

လွန်လေပြီးသောတမန်တော်များ၏ ဘာသာရေးဆိုင်ရာကိုဓဥပဒေများအားလုံးက သဘောတူထားသည်မှာ ဤလေးလအတွင်းပြုလုပ်သည့် ခဝပ်ကိုးကွယ်မှုများသည် စဝါးဗ်ဆုလာဘ်ပိုမိုရှိသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဤလများအတွင်း အပြစ်ဂုနာဟ်တစ်ခုကျူးလွန်ခဲ့လျှင် ယင်းကြောင့်ရမည် ပြစ်ဒဏ်ခတ်မှုနှင့်အပြစ်ရမှုမှာ ပို၍ ကြီးလေးပေသည်။ လွန်လေပြီးသော ဘာသာရေးဆိုင်ရာကိုဓဥပဒေအရ ဤလများအတွင်း စစ်ခင်းခြင်းနှင့် သတ်ဖြတ်ခြင်းများ တားမြစ်ထားခဲ့သည်။

မက္ကာဟ်အလ်မုကရ်ရမာဟ်ရှိအာရဗ်များသည် စိုက်ယိဒနာအိဗ်ရာဟီးမ် a မှ တစ်ဆင့် စိုက်ယိဒနာ အိစ်မာအီးလ် a ၏ သားစဉ်မြေးဆက်ဖြစ်သည့်အလျောက် စိုက်ယိဒနာအိဗ်ရာဟီးမ် a သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးအဖြစ် ယုံကြည် လက်ခံကြကာ ၎င်း၏ရှရီအသ်တရားတော်ကိုလည်း လိုက်နာကြသည်ဟု အခိုင်အမာပြောဆိုကြပါသည်။ သို့သော်လည်း အိဗ်ရာဟီးမ်အွမ္မသ်ထု၏ နောက်လိုက်များတွင် ဤမြင့်မြတ်သော လေးလအတွင်း တိုက်ခိုက်ခြင်း၊သတ်ဖြတ်ခြင်းနှင့် အမဲလိုက်ခြင်းတို့ကို တားမြစ်ထားခဲ့သောကြောင့် မသိနားမလည်သောခေတ်တွင်ရှိ အာရဗ်လူမျိုးများသည် ဤအမိန့်ပညတ်ချက်ကို လိုက်နာဆောင်ရွက်ရန် အလွန်ခက်ခဲကြသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားမဲ့ကာလအတွင်းက စစ်တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းမှာ ၎င်းတို့အတွက် တစ်ခုတည်းသောအလုပ်ပင်ဖြစ်သည်။ ထို့ကြောင့် ဤကန့်သတ်ချက်သည် ၎င်းတို့အပေါ် တစ်မျိုးတစ်ဖုံလွယ်ကူ စေရန် အလို့ငှာ၎င်းတို့ အကြိုက်ဖြစ်သည့် အကြောင်းပြချက် အမျိုးမျိုးပြကြသည်။ မြင့်မြတ်သော ကာလတစ်လအတွင်း စစ်တိုက်လိုလျှင် (သို့မဟုတ်) စစ်တိုက်စဉ် မပြီးမီ မြင့်မြတ်သော လတစ်လ ချဉ်းကပ်လာလျှင် ၎င်းတို့က ဤနှစ်တွင် ဤလသည် မြင့်မြတ်သော လမဟုတ် နောက်လသာ မြင့်မြတ်သော လမြတ်ဖြစ်လိမ့်မည်ဟု ပြောကြမည်။ ပမာဆိုသော် မုဟရာမ်လ ကျရောက်သောအခါ ၎င်းတို့က ဤနှစ်တွင် မုဟရမ်လသည် မြင့်မြတ်သော လမဟုတ်၊ ဆွဖရ်လသည်

မြင့်မြတ်သော လဖြစ်သည်ဟု သူတို့က ပြောကြမည်။ အကယ်၍ သူတို့အရေးတကြီးဆောင်ရွက်ရန် ကိစ္စရှိခဲ့လျှင် ဤနှစ်တွင် ရဗီအွလ်အောင်ဝလ်လသည် မြင့်မြတ်သော လဖြစ်လိမ့်မည်ဟု သူတို့က ပြောကြသည်။ ထို့ကြောင့် ၎င်းတို့က မုဟရမ်လကို ဆွဖရ်လဟု တစ်ချက်တည်းနှင့် လုပ်ချလိုက်ကြသည်။ အတိုချုပ်ဆိုသော်ထိုသူတို့သည် တစ်နည်း မဟုတ်တစ်နည်း ဖြင့် တစ်နှစ်တွင် မြင့်မြတ်သော လေးလကို ဖြစ်အောင်လုပ်ကြမည်။ သို့ရာတွင် ၎င်းတို့၏ လုပ်ဆောင်ပုံမှာ အလွှာဟ်အရှင် ကြိုတင်ပြဋ္ဌာန်းထားသည့် ထူးခြားမှုနှင့် အစီအစဉ်ကျမှု မပါဝင်ချေ။ သူတို့သည် သူတို့စိတ်ကြိုက်လများကို အမည်ခေါ်ကြသည်။ ဇုလ်ဟိဂ္ဂျဟ်(သို့မဟုတ်) ရမသွာန်ကြိုက်သလို ခေါ်သည်။ အစီအစဉ်ကြိုက်သလို ထားသည်။ ပမာဆိုသော် ၎င်းတို့တွင် အရေးပေါ်ကိစ္စ တစ်ရပ် ပေါ်ပေါက်၍ တိုက်ခိုက်မှုတွင် ဆယ်လ ကြာညောင်းခဲ့မည်ဟု ယူဆခဲ့လျှင် တစ်နှစ်အတွက် နှစ်လလိုသော်လည်း ဤနှစ်မှာ တစ်ဆယ့်လေးလရှိ၍ ကျန်သည့် လေးလမှာ မြင့်မြတ်သော လဟု ၎င်းတို့က သတ်မှတ်သည်။ ဤနည်းဖြင့် လေးလကို မြင့်မြတ်သောလအဖြစ် သတ်မှတ်သည်။

အတိုချုပ်မှာ သူတို့က အိဗ်ရာဟီးမ်၏ယုံကြည်မှုအပေါ် အလေးထားမှုကိုပြသထားသည့်အနေဖြင့် အနည်းဆုံး တစ်နှစ်တွင်လေးလ စစ်တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။ သို့သော်လည်း တစ်နှစ်တွင် လများ၏ အစီအစဉ်အရ ဤလေးလကို မြင့်မြတ်သောလများအဖြစ် သတ်မှတ်ထားမှုဌ အစီအစဉ်တကျဖြစ်မှုကို အလေးမထားပါ။ သူတို့စိတ်ကူးများနှင့် လိုအပ်ချက်အတိုင်း ပြုလုပ်ရန်အလို့ငှာ လိုက်လျောညီထွေသည့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် လများကို ဖြစ်သလိုစီစဉ်ကြသည်။

ရလဒ်မှာ ထိုကာလအတွင်း မည်သည်လသည် ရမ်ဇာန် သို့မဟုတ် ရှောင်ဝလ် သို့မဟုတ် ဇုလ်ကအ်ဒါဟ်၊ ဇုလ်ဟိဂ္ဂျာဟ် သို့မဟုတ် ရဂျဗ်လဖြစ်သည်ကို ဆုံးဖြတ်ရန်ခက်ခဲလာခဲ့သည်။ ဟစ်ဂျရီ ၈ ခုနှစ်၌ မက္ကာဟ်အလ်မုကရ်ရမဟ် အောင်နိုင်ပြီးနောက် တမန်တော်မြတ် ﷺ က စိုက်ယိဒနာအဗူဗကရ် ؓ သခင်ကို ဟစ်ဂျရီ ၉ ခုနှစ် ဟဂ္ဇ်ရာသီကာလတွင် မယုံကြည်သွေဖည် ငြင်းပယ်သူများနှင့် မုရှ်ရစ်ကများဆုတ်ခွာစေရမည်ဟု ကြေညာခိုင်းသည့် ဤလမှာ မှန်ကန်သော တွက်ချက်မှုအရ ဇုလ်ဟဂ္ဇ်ဂျာဟ်လဖြစ်သည်။ သို့သော်လည်း ဂျာဟလီယတ် အမှောင်ခေတ်၏ဓလေ့ဟောင်းအရ ဤလသည် ဇုလ်ကအ်ဒါဟ်လဖြစ်ကြောင်း ၎င်းတို့ကကြေညာခဲ့သည်။ သို့သော် ဇုလ်ကအ်ဒါဟ်လကို ဟဂ္ဇ်၏လဟုသတ်မှတ် ခဲ့သည်။ ထို့နောက် တမန်တော်မြတ် ﷺ သခင်နောက်ဆုံး ဟဂ္ဇ်ပြုလုပ်ခဲ့သည့် ဟစ်ဂျရီ ၁၀ ခုနှစ်ရောက်ခဲ့သည်။ သဘာဝအလျောက်ဆိုလျှင် အနှိုင်းမဲ့သော အစီအမံများအရ ဤလမှာ ဇုလ်ကအ်ဒါဟ်လ ပင်ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် ﷺ က မိနာတွင်မိန့်ကြားခဲ့သော မိန့်ခွန်းထဲ၌ **اِنَّ الزَّمَانَ قَدِ اسْتَدَارَ كَهَيْئَتِهٖ يَوْمَ خَلَقَ اللّٰهُ السَّمٰوٰتِ وَالْاَرْضَ** "စကြဝဠာများနှင့် ကမ္ဘာမြေကို အရှင်မြတ်စတင် ဖန်ဆင်းသည့်အချိန်က သတ်မှတ်ထားသည့်အချိန်သည် သူနေရာသို့ ပြန်လည်ရောက်လာခဲ့သည်" ဟုမိန့်ကြားခဲ့သည်။ ဆိုလိုသည်မှာ ဤလသည် ဇုလ်ဟဂ္ဇ်ဂျာဟ်လအစစ်မှန်ဖြစ်ကြောင်း ဂျာဟီလိယက်ခေတ်လူများ အမြင်တွင်ပင်လည်း ယင်းအတိုင်းပင်ဖြစ်နေသည်။

ဤသည်မှာ ဂျာလီယသ်ခေတ်ဓလေ့ထုံးစံကို လှစ်ဟပြနေသည်။ ယင်းဓလေ့ထုံးစံမှာ နှစ်တစ်နှစ်၏ လများအရေအတွက်၊ အစီအစဉ်နှင့်အထူးပြုလုပ်မှုတို့ကို ပြောင်းလဲရုံမျှမက ချန်လှပ်ခြင်းနှင့် ပြင်ဆင်ခြင်းများ စိတ်တိုင်းကျပြုလုပ်ခြင်းဖြစ်သည်။ ကိစ္စများကို ဤနေရာ၊ထိုနေရာတို့တွင် အနည်းငယ်ပြောင်းလဲခြင်းသည် မကြီးမား၊ ဘေးအန္တရာယ်မရှိဟန် ရှိသည်။ လတစ်လကို မည်သည့်အမည်ဖြင့်ခေါ်သည်ဖြစ်စေ လတစ်လမှာ လတစ်လအဖြစ် တည်ရှိနေပါသည်။ သို့သော် လည်း ဖော်ပြပါအခြေအနေတွင်မူ ကိစ္စရပ်များက ယင်းသို့မရိုးရှင်းပါ။

ဤအပြောင်းအလဲများက သီးခြားလတစ်လ သို့မဟုတ် သီးသန့်ရက်စွဲတစ်ခုနှင့် ဆက်နွယ်နေသည့် အစွမ်းမဲ့ ဥပဒေများ အကောင်အထည် ဖော်ရာတွင် အနှောင့်အယှက်ဖြစ်သည်။ နှစ်တစ်နှစ်၏အစတွင်လည်းကောင်း၊ နှစ်၏အဆုံးတွင် လည်းကောင်း သတ်မှတ်ထားခဲ့သည် တာဝန်ဝတ္တရားကို ထိခိုက်စေသည်။ ပမာဆိုသော် ဇုလ်ဟိဂ္ဂ် ဂျာဟတ်လ၏ ဆယ်ရက်အတွင်း ဟဂ်၏အမိန့်ပညတ်ချက်များ၊ မုဟရာမ်လ၏ ဆယ့်ရက်တွင် ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် နှစ်ကုန်တွင် ဇကားသ် ဆင်းရဲသားဒါနကြေး ပေးဆောင်ခြင်း ဥပဒေများတို့ဖြစ်သည်။ ဤလုပ်ရပ်၏ တိုက်ရိုက်ရလဒ်ကား အစွမ်းမဲ့ဥပဒေ ရာပေါင်းများစွာသည် ပုံပျက်ပန်းပျက်ဖြစ်ကာ ယင်းတို့ကိုလိုက်နာခြင်းသည် အချည်းအနှီး ဖြစ်စေပါသည်။ ကုရ်အာန်ကျမ်းတော် မြတ်၏ ဤအာယသ်တော်နှစ်ခုထဲတွင် မုစ်လင်မ်များကို ဤ ဘုရားမဲ့များ၏ ဓလေ့ထုံးစံတွင်ပါသည့် မကောင်းသည်များမှ ကာကွယ်စောင့်ရှောက်ရန် ညွှန်ကြားထားခဲ့သည်။

အာယသ်တော်များအား ရှင်းလင်းခြင်း

ပထမအာယသ်တော်(၃၆)ထဲ၌ **اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَا عَشَرَ شَهْرًا** "ဇကန်စင်စစ် လများ၏ အရေအတွက်သည် အလ္လာဟ်အရှင်မြတ် အထံတော်တွင် ဆယ့်နှစ်လဖြစ်သည်"ဟုမိန့်ထားသည်။ ဤနေရာ၌ **عِدَّةَ** (အိဒ်ဒသ်) ဟူသောစကားလုံးကို အရေအတွက် သဘောအရဖော်ပြထားသည်။ ထို့နောက် **شُهُوْرِ**(ရှိုဟူရ်) ဟူသည်က လဟုအဓိပ္ပာယ် သက်ရောက်သည်။ **شهر** (ရှာဟရ်) ၏အများကိန်းဖြစ်သည်။ အာယသ်ကဆိုလိုသည်မှာ အလ္လာဟ် အရှင့် ရှေ့တော်မှောက်တွင် လများ၏အရေအတွက်ကို တစ်ဆယ့်နှစ်ဟု သတ်မှတ်ထားသည်။ မည်သူတစ်ဦး တစ်ယောက်မျှ ဤအရေအတွက်ကို တိုးခြင်းလျော့ခြင်းလုပ်ခွင့်မရှိချေ။

ထို့နောက် **فِيْ كِتٰبِ اللّٰهِ**(ဖီကိသာဗိလ္လာဟ်- အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်၌) ဟူသောစကားစုထည့်ထားခြင်းက ကိန်းဂဏန်းသတ်မှတ်ချက်သည် ထိန်းသိမ်းထားသည့်သင်ပုန်း (အလ်လောင်ဟိ အလ်မဟ်ဖူးဇ်) တွင်ပါရှိသည့် အတိုင်း တည်ရှိကာ ထာဝရတည်တံ့ရမည်ဟူ၍ အလေးအနက်ပြုထားသည်။ ထို့နောက် **يَوْمَ خَلَقَ السَّمٰوٰتِ وَالْاَرْضَ** "အလ္လာဟ်အရှင်မြတ်ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်းကင်များနှင့် ပထဝီမြေကို ထိုအရှင်မြတ် ဖန်ဆင်းတော်မူသည့်နေ့ ဟူ၍ မိန့်ထားခြင်း" အလ္လာဟ်အရှင်မြတ်၏အမိန့်တော်မြတ်သည် အဆုံးမရှိကာ လတွင် ထုတ်ပြန်ကြေညာထားသော်လည်း ဤလများ၏ အစီအစဉ်နှင့် သတ်မှတ်ထားမှုသည် မိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းခဲ့သည့် အချိန်မှစ၍ အသက်ဝင်ခဲ့သည်ဟု ရည်ညွှန်းသည်။

ယင်းနောက် **مِنْهَآ اَرْبَعَةٌ حُرُمٌ** (ယင်းလများအနက် လေးလသည် ထူးမြတ်သောလများပင်ဖြစ်၏)ဟုမိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ ဤတစ်ဆယ့်နှစ်လအနက် လေးလမှာထူးမြတ်သည်။ ထိုလများကို **حرم**(ဟုရုမ်) (ထွဋ်မြတ်သည်များ) ဟုခေါ်ဆိုခြင်းမှာ ဤလများတွင် စစ်မက်တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းကို တားမြစ်ထား၍ဖြစ်သည်။ ၎င်းပြင် ဤလများတွင် ကောင်းချီးမင်္ဂလာပေး၍ ခံရသည့်အတွက် ယင်းလများကို ရိုသေလေးစားထိုက်သည့် အတိုင်း လေးစားကာ ဤလများအတွင်းပြုလုပ်သော ခဝပ်ကိုးကွယ်မှုများသည် ကုသိုလ်အကျိုး ပို၍ရထိုက်သည်။ ဤအမိန့်ပညတ်ချက်နှစ်ခုအနက် ပထမအမိန့်ပညတ်ချက်ကို အစွမ်းမဲ့ရှိရှိ အသိတွင် ပယ်ဖျက်ရုတ်သိမ်းပြီးဖြစ်သည်။ သို့သော်လည်း ဒုတိယတစ်ခုဖြစ်သည့် ကြည်ညိုမှုရှိသေမှုနှင့် အိဗာဒသ်ခဝပ်ကိုးကွယ်ခြင်းတို့ကို များစွာလုပ်ဆောင်ခြင်းမှာကား အစွမ်းမဲ့တွင် ယင်းကာလမှယခုတိုင် ဆက်လက်အတည် ဖြစ်လျက်ရှိသည်။

တမန်တော်မြတ်(ﷺ)သခင်၏ နောက်ဆုံးဟဂျ်[1] ရက်များအတွင်း စွန့်လွှတ်ခြင်းနေ့ ကုရ်ဘာနီအ(စ်)နေ့[2] ခွသ်သဗဟ်မိန့်ခွန်း[3] ပြောကြားရာတွင် ဤလများ၏အကြောင်းကို ရှင်းပြရာမှာ-ဆက်တိုက်လာသော လ(၃)လမှာ ဇွလ်ကအ်ဒဟ်၊ ဇွလ်ဟိဂျ်ဂျဟ်၊ မုဟရ်ရမ်နှင့် တစ်လသည် ရဂျဗ်လဖြစ်သည်။ သို့ရာတွင် ရဂျဗ် လနှင့်ပတ်သက်၍ အရဗ်တို့၌ ဆိုရိုးစကားနှစ်ရပ်ရှိသည်။ အချို့အရဗ်မျိုးနွယ်စုက ကျွန်ုပ်တို့သိသော ရမ်ဇမ်ကို ရဂျဗ်ဟု မုဒဟ်မျိုးနွယ်စုအခေါ် အတိုင်း ခေါ်သည်။ ထိုကြောင့်တမန်တော်မြတ်(ﷺ) က ဤရဂျဗ် မုဒဟ်လကို ဂျမာဒီဆ်ဆာနီ နှင့် ရှအ်ဗာန်လ အကြား မှာရှိကြောင်းမိန့်ကြားခဲ့သည်။

ယင်းနောက် ذٰلِكَ الدِّيْنُ الْقَيِّمُ "ဤသည် ဖြောင့်မတ်မှန်ကန်သော ဒီးန် သာသနာတော်က (ညွှန်ကြားပြသသောလမ်းစဉ်) ပင်ဖြစ်လေသည်"ဟူသော အဆိုအမိန့်လာရှိသည်။ ဆိုလိုသည်မှာ လများစီစဉ်ထားမှုနှင့် သတ်မှတ်ထားမှုသည် အထူးသဖြင့်မြင့်မြတ်သောလ လေးလနှင့်ပတ်သက်လျှင် အလွှာဟ်အရှင်မြတ်၏ မူလချမှတ်ထားခဲ့သော အမိန့်တော်နှင့်အညီ လိုက်နာကျင့်သုံးခြင်းသည်သာလျှင် စစ်မှန်သောယုံကြည်မှုရှိခြင်း ဖြစ်သည်။ ထိုကိစ္စများတွင် ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ တိုးခြင်း၊ လျှော့ခြင်းများပြုလုပ်မှုသည် သဘောပေါက်နားလည်းမှုနှင့် သဘောထားတွင် ကောက်ကျစ်စဉ်းလဲမှုပင်ဖြစ်သည်။

နောက်ဝါကျ فَلَا تَظْلِمُوْا فِيْهِنَّ اَنْفُسَكُمْ "သို့ဖြစ်ပေရာ အသင်တို့သည် ၎င်း (လများနှင့်စပ်လျဉ်း၍ မိမိတို့ကိုယ်ကို နှိပ်စက်ကလူမပြု ကြကုန်လင့်"ဟူသည် ဆိုလိုသည်မှာ ဤလများနှင့်ပတ်သက်သော လိုက်နာရမည့် အမိန့်ပညတ်ချက်များအား ဆန့်ကျင်စွာ ပြုမူဆောင်ရွက်ခြင်း (သို့မဟုတ်) ထိုလများတွင် ထိုက်သင့်သော၊ လေးစား ရိုသေသမှုမပြုလုပ်ခြင်း (သို့မဟုတ်) အသင်ကိုယ်တိုင် အိဗာဒ်ပြုခြင်း ချို့တဲ့လျော့နည်းဖြင့် မိမိကိုယ်မိမိ မတရားမှု မပြုပါလေနှင့်။

သူ၏အဟ်ကာမုလ် ကုရ်အာန်ကျမ်းထဲ၌ အိမာမ်အဗူဗကရ် အလ်ဂျဆွ်ဆွားဆွ်က ပြောသည်မှာ ဤလများသည် ၎င်းတို့၏ ကိုယ်ပိုင်သီးသန့် အရည်အသွေး ရှိခြင်းဖြင့် ကောင်းချီးပေးခြင်း ခံရပါသည်။ မည်သူမဆိုဤလများတွင် အေဗာဒသ်ကို နှစ်နှစ်သက်သက် ခုံခုံမင်မင်ပြုလုပ်ပါက ကျန်လများတွင် ထိုကဲ့သို့လုပ်ဆောင်နိုင်ရန်အတွက် အစွမ်းသတ္တိ ရှိးမြှင့်ခြင်းခံရပါလိမ့်မည်။ အလားတူစွာပင် လူတစ်ဦးသည် ဤလများ၌ ဂုနာဟ်ပြစ်မှုများနှင့် မကောင်းသော လုပ်ရပ်များမှ ရှောင်ရှားရန် ပြုလုပ်ခဲ့ပါလျှင် ကျန်လများတွင်လည်း ယင်းကဲ့သို့ပြုလုပ်ရန် သူအတွက် လွယ်ကူသွားပါလိမ့်မည်။ ထို့ကြောင့် ဤလများမှ အမြတ်မထုတ်နိုင်မှုသည် အလွန်ဆိုးရွားသော ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်သည်။ ယခုအချိန်တိုင် စာသားသည် မက္ကဟ်မြို့မှမုရ်ရစ်ဂ်များ ကျင့်သုံးခဲ့သော ဂျာဟိလီယသ်ခေတ်၏ သီးသန့်ဓလေ့တစ်ခုအကြောင်းကိုဖော်ပြကာ မမှန်ကန်ဟုငြင်းဆိုထားသည်။ အယယသ်၏အဆုံး၌ အာယသ်တော် (၅) ၏အစတွင်ဖော်ပြထားသော အမိန့်ဆီသို့ ပြန်လှည့်သွားခဲ့ပါသည်။ ယင်းအမိန့်မှာ သတ်မှတ်ထားသည့်ငြိမ်းချမ်းရေးစာချုပ်သက်တမ်းကုန်ဆုံးသည့်တစ်ပြိုင်နက်မုရ်ရစ်ဂ်များနှင့်မယုံကြည်သူတို့အားဂျိဟာဒ်စစ်ခင်ခြင်းသည်မပြုမနေရတာဝန်ဖြစ်သည်။

ဒုတိယအာယတ်(၃၇)ကလည်း اِنَّمَا النَّسِيْٓءُ زِيَادَةٌ فِي الْكُفْرِ "လများကိုရွှေ့ဆိုင်းခြင်းသည် 'ကုဖ်ရ်' သွေဖည်ငြင်းပယ်မှု၌ တိုးတက်ခြင်းသာဖြစ်၏။"ဟူ၍ မိန့်ထားခြင်းက ဤဂျာဟိလီယသ်ခေတ်၏ ဓလေ့ထုံးစံကိုပင် ရည်ညွှန်းပါ

၁။ ခွသ်သဗဟ်မိန့်ခွန်းပြောကြားခြင်း

၂။ ယုမူအန်-နဟာရ်သည် စွန့်လွှတ်ခြင်းနေ့ အီဒုလ်အဒ်ဟာနေ့ကိုခေါ်သည်။

၃။ ဟဂျ် ဂျသွလ်ဝေဒဟ် (နောက်ဆုံးဟဂျ်)

သည်။ နစီ ئَسِيئُ ဟူသော စကားလုံးသည် ကြိယာနာမ်ဖြစ်ကာ နောက်သို့ပြန်ဆုတ်ခြင်း (သို့မဟုတ်)ရွှေ့ဆိုင်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဤစကားလုံးကို နှောင့်နှေးခြင်း (မုအက်ခါရ်) ဟူသောအဓိပ္ပာယ်ဖြင့်လည်း အသုံးပြုပါသည်။

ဤကဲ့သို့လများကို အစီအစဉ်မတဲ့လုပ်ခြင်းအားဖြင့် ကိစ္စနှစ်ရပ်ပြီးမြောက်သွားစေသည်ဟု အာရေဗီးယားရှိ မုရှ်ရစ်ကျမ်းက ထင်မှတ်ခဲ့ကြသည်။ (၁) ၎င်းတို့ကိုယ်ကျိုးရရှိသွားခြင်း၊ (၂) အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်အား လိုက်နာဆောင်ရွက်သည်ဆိုသည့် ဂုဏ်လည်းရရှိသွားပါသည်။ ဤကဲ့သို့သောချဉ်းကပ်မှုမျိုးကို အလ္လာဟ်အရှင်အသိအမှတ်မပြုပါ။ အဘယ်ကြောင့်ဆိုသော် လများအား ၎င်းတို့ရှိရမည့်နေရာမှ ရွှေ့ပစ်ခြင်းနှင့် ရွှေ့ဆိုင်းခြင်းဆိုသည့် ၎င်းတို့၏လုပ်ရပ်သည် လမ်းမှားသို့ပိုမိုရောက်သွားစေသည့် ယင်းတို့၏ငြင်းဆိုမှုအနေအထားကို ပိုမိုကြီးထွားစေပါသည်။ မြင့်မြတ်သောလသည် အချို့သောနှစ်တွင် မမြင့်မြတ်ပါဟု ၎င်းတို့ကကြေညာနေခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိပါ။ ဆက်၍ဖော်ပြထားသော لِيُوَاطِـُٔوْا عِدَّةَ مَا حَرَّمَ اللهُ "၎င်းတို့သည် အလ္လာဟ်အရှင်မြတ်က ဟရာမ်ဟူ၍ တားမြစ်တော်မူခဲ့သော (လများ၏) အရေအတွက်နှင့်ကိုက်ညီစေခြင်းငှာ" ဟူသောဝါကျကဆိုလိုသည်မှာ သတ်မှတ်ထားသော အရေအတွက် ကိုက်ညီစေရန် လုပ်ဆောင်ခြင်းသည် အမိန့်ပညတ်ချက်အား မှန်ကန်စွာလိုက်နာသည်မဟုတ်ပါ။ ကိစ္စရပ်၏အမှန်တရားမှာ လတစ်လ အမိန့်တော်တစ်ရပ်ပေးခဲ့ပါလျှင် ထိုလထဲ၌ပင် ယင်းအမိန့်တော် ပြီးမြောက်အောင်ဆောင်ရွက်ရပါမည်။ ဤသည်မှာ လိုက်နာရမည့် အမိန့်ဖြစ်ပါသည်။

အမိန့်ပညတ်ချက်များနှင့် ဥပဒေသများ

အထက်ဖော်ပြပါအာယသ်များက သက်သေပြသည်မှာ အစ္စလာမ်ဘာသာတွင် လများအား အစီအစဉ်အလိုက် ထားရှိမှုနှင့် ၎င်းတို့၏အမည်နာမများသည် လူသားများကသတ်မှတ်သည့် အစီအမံများမဟုတ်ပါ။ အမှန်အားဖြင့် စကြဝဠာနှင့် ကမ္ဘာမြေကို ဖန်ဆင်းတော်မူသည့် နေ့မှာပင် လများ၏အစီအစဉ်နှင့် အမည်နာမတို့အား အလ္လာဟ်အရှင်က စီမံပြီးစီးစေခဲ့ပါသည်။ ထိုသည်နှင့်အတူ သီးသန့်လများထဲတွင် သီးသန့်အမိန့်ပညတ်ချက်များကို လိုက်နာဆောင်ရွက်စေပါသည်။ ဤသည်မှ ကျွန်ုပ်တို့သိရှိရသည်မှာ အစ္စလာမ့်တရားဝင် အမိန့်ပညတ်ချက်တို့သည် လအဝင်အထွက်နှင့် ပတ်သက်သော လများသည် အလ္လာဟ်အရှင်မြတ်ရေတော်မှောက်တွင် တရားဝင်ပါသည်။ အခြားနည်းနှင့်ပြောရလျှင် ရိဇဟ်ဥပဒိစောင့်ခြင်း၊ ဟဂျ်ပြုလုပ်ခြင်း၊ ဇကာသ် တရားဝင်ဒါနကြေးပေးခြင်းနှင့် မြောက်များစွာသော အစ္စလာမ်ရှရီအသ်၏ အားလုံးသောအမိန့်ပညတ်ချက်တို့သည် လအဝင်အထွက်နှင့်ပြုလုပ်ထားသောပြက္ခဒိန်နှင့်သာ သက်ဆိုင်ပါသည်။ သို့ရာတွင် နေ့၊ လ၊ နှစ်များကို ရှာဖွေရန်အတွက်ဆိုလျှင် လသည် ယင်းတို့အတွက် အညွှန်းဖြစ်သည်ဟု ကြေညာထားသည့် အတိုင်း ကုရ်အာန်ကျမ်းတော်မြတ်က အလားတူစွာပင် နေသည်လည်း အခြားသော လက္ခဏာ တစ်ရပ်ဖြစ်ကြောင်း لِتَعْلَمُوْا عَدَدَ السِّنِيْنَ وَالْحِسَابَ "ထို့ပြင် ထိုအရှင်မြတ်သည် နှစ်များ၏ အရေအတွက်ကို လည်းကောင်း၊ စာရင်းကို လည်းကောင်း အသင်တို့ သိနားလည်ကြအံ့သောငှာ(၁၀း၅)ဟု ဖော်ပြထားသည်။ ထိုကြောင့်နေ့များနှင့် နှစ်များအတွက် လကိုအခြေခံသောစနစ်နှင့် နေကိုအခြေခံသောစနစ် နှစ်ခုစလုံးအညီအမျှပြုလုပ်ခွင့်ရှိပါသည် ။ သို့သော် အလ္လာဟ်အရှင်မြတ်သည် သူ၏ အမိန့် ပညတ်ချက်များအတွက် လ ပြက္ခဒိန်ကို ဦးစားပေးပါသည်။ အဘယ့်ကြောင့်ဆိုသော် အစ္စလာမ့်ရှရီအသ်ဥပဒေများသည် ယင်းအား မကျိုးပြုဘဲ လည်ပတ်နေသည်။ ထို့ကြောင့် လအဝင်အထွက် နှင့် ပြုလုပ်ထားသော ပြက္ခဒိန်အား ထိန်းသိမ်း စောင့် ရှောက်ခြင်းသည် ဖရသွအလ်ကိဖာယာဟ် (ဘာသာရေးဆိုင်ရာ မပြုမနေရတာဝန်တစ်ရပ်ဖြစ်၍ ယင်းတာဝန်ကို အကယ်၍ လူတစ်ချို့က ဖြည့်ဆည်းခဲ့လျှင်

ကျန်သူများအတွက် တာဝန်ကျေသွားပါသည်) ဖြစ်သည်။ အကယ်၍ မုစ်လင်မ်အွမ္မသ်ထုတစ်ခုလုံးက လအဝင်အထွက် ဖြင့်ပြုလုပ်ထားသော ပြက္ခဒိန်ကိုစွန့်လွှတ်၍ မေ့လျော့ထားခဲ့လျှင် လူတိုင်းသည် ပြစ်မှုဂုနာဟ်ကျူးလွန်သူ များဖြစ်သွားလိမ့်မည်။ သို့သော်လည်း အကယ်၍ ထိုပြက္ခဒိန်ကို ရှင်သန်အောင် ထိန်းသိမ်းထားမည်ဆိုလျှင် အခြားပြက္ခဒိန် အသုံးပြုခြင်းကိုလည်း ခွင့်ပြုသည်။ သို့သော်လည်း ယင်းသို့ လုပ်ဆောင်ခြင်းမှာ အလွှာဟ်အရှင်နည်းလမ်းတော်နှင့် လေးစားထိုက်သော အစွလာမ့်ဦးဆောင်ဦးရွက်ပြုသူများ၏ လမ်းနှင့် ဆန့်ကျင်သည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ ထို့ကြောင့်မလိုလားအပ်ဘဲ ရွေးချယ်မှုသည် မကောင်းချေ။

ဤအာယသ်အရဆိုလျှင် နှစ်များရေတွက်မှု ပြီးပြည့်စုံရန် အလို့ငှာ လများကိုဝါထပ်စေခြင်းသည် အချို့သူများထင်မြင် ယူဆချက်အရ ခွင့်မပြုဟုဆိုကြသည်။ သို့သော်လည်း ယင်းသည် မမှန်ကန်ချေ။ ရေတွက်မှုစနစ်တစ်ခုအရ ဝါထပ်၍ လတိုးစေခြင်းငှာ အစွလာမ့်ရှရီအသ်တရားတော်နှင့် မည်သို့မျှမပတ်သက်ချေ။ ဂျာဟီလိယသ် အမှောင်ခေတ်က လူများသည် လအဝင်အထွက်ဖြင့် တရားဝင်ပြုလုပ်ထားသောလများကို ထပ်ဆောင်းခြင်းဖြင့် ဘာသာရေးဆိုင်ရာ ဥပဒေများကိုပြောင်းလဲခဲ့ကြသည်။ ထို့ကြောင့် ထိုသူတို့ကိုအပြစ်တင်ထားသည်။ ဝါထပ်ခြင်းဟူသောအလေ့အထသည် အစွလာမ့်တရားဝင်အမိန့် ပညတ်ချက်များကို မထိခိုက်သဖြင့် ယင်းကို ဤတားမြစ်ချက်ထဲ၌ အကျုံးမဝင်စေပါ။

အာယသ် (၃၈-၄၂)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا مَا لَكُمْ اِذَا قِيْلَ لَكُمُ انْفِرُوْا فِيْ سَبِيْلِ اللّٰهِ اثَّاقَلْتُمْ اِلَى
الْاَرْضِ ؕ اَرَضِيْتُمْ بِالْحَيٰوةِ الدُّنْيَا مِنَ الْاٰخِرَةِ ۚ فَمَا مَتَاعُ الْحَيٰوةِ الدُّنْيَا فِي
الْاٰخِرَةِ اِلَّا قَلِيْلٌ ﴿۳۸﴾ اِلَّا تَنْفِرُوْا يُعَذِّبْكُمْ عَذَابًا اَلِيْمًا ۙ وَّ يَسْتَبْدِلْ قَوْمًا
غَيْرَكُمْ وَ لَا تَضُرُّوْهُ شَيْـًٔا ؕ وَ اللّٰهُ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۳۹﴾ اِلَّا تَنْصُرُوْهُ فَقَدْ
نَصَرَهُ اللّٰهُ اِذْ اَخْرَجَهُ الَّذِيْنَ كَفَرُوْا ثَانِيَ اثْنَيْنِ اِذْ هُمَا فِي الْغَارِ اِذْ يَقُوْلُ
لِصَاحِبِهٖ لَا تَحْزَنْ اِنَّ اللّٰهَ مَعَنَا ۚ فَاَنْزَلَ اللّٰهُ سَكِيْنَتَهٗ عَلَيْهِ وَ اَيَّدَهٗ بِجُنُوْدٍ
لَّمْ تَرَوْهَا وَ جَعَلَ كَلِمَةَ الَّذِيْنَ كَفَرُوا السُّفْلٰى ؕ وَ كَلِمَةُ اللّٰهِ هِيَ الْعُلْيَا ؕ وَ اللّٰهُ
عَزِيْزٌ حَكِيْمٌ ﴿۴۰﴾ اِنْفِرُوْا خِفَافًا وَّ ثِقَالًا وَّ جَاهِدُوْا بِاَمْوَالِكُمْ وَ اَنْفُسِكُمْ فِيْ
سَبِيْلِ اللّٰهِ ؕ ذٰلِكُمْ خَيْرٌ لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ﴿۴۱﴾ لَوْ كَانَ عَرَضًا قَرِيْبًا وَّ
سَفَرًا قَاصِدًا لَّاتَّبَعُوْكَ وَ لٰكِنْۢ بَعُدَتْ عَلَيْهِمُ الشُّقَّةُ ؕ وَ سَيَحْلِفُوْنَ بِاللّٰهِ لَوِ
اسْتَطَعْنَا لَخَرَجْنَا مَعَكُمْ ۚ يُهْلِكُوْنَ اَنْفُسَهُمْ ۚ وَ اللّٰهُ يَعْلَمُ اِنَّهُمْ لَكٰذِبُوْنَ ﴿۴۲﴾

အို-မုအ်မင်နှ်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား "အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်" ဟုပြော သောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီး ဘက်သို့

လေးလံစွာထိုင် နေကြကုန်သတည်း (ဝါ) (လေးလံစွာသွားကြသနည်း)။ အသင်တို့သည် (ဤ) မျက်မှောက်လောကီ ဘဝ၏(စည်းစိမ်ချမ်းသာများ)ကို နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာများ)ထက် နှစ်သက်ကြလေပြီလော။ သို့ဖြစ်ပါမူ (ဤ)ပစ္စက္ခမျက်မှောက် ဘဝ၏ (စည်းစိမ်ချမ်းသာ)သည် နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာ နှင့် နှိုင်းလျှင် အနည်းငယ်မျှသာ ဖြစ်ကြောင်း (အသင်တို့သည် ကောင်းစွာမှတ်ယူကြလေကုန်)။

(၉ : ၃၈)

အကယ်၍ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ရန်) မထွက်ကြပါလျှင် ထိုအရှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ် ဖြစ်သောပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထိုမှတစ်ပါးလည်း ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုးတစ်မျိုးကို လဲလှယ်(ဖန်ဆင်း) တော်မူအံ့။ ထို့အပြင် အသင်တို့သည် ထိုအရှင်မြတ်အား အနည်းငယ်စိုးစဉ်မျှလည်း အကျိုးယုတ်စေနိုင်ကြမည်မဟုတ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်း တို့ကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၉ : ၃၉)

အကယ်၍ အသင်တို့သည် ထို (နဗီတမန်တော်) အား မကူညီမယိုင်းပင်းကြပါလျှင် မုချဇကာန် အလ္လာဟ်အရှင်မြတ်သည် ထို (နဗီတမန်တော်)ကို 'ကာဖိရ်'မယုံမကြည် သွေဖည ငြင်းပယ်သောသူများက ၎င်းအား (မက္ကာဟ်မြို့မှ) နှင်ထုတ်ကြစဉ် ၎င်း (နဗီ တမန်တော်)သည် နှစ်ယောက်အနက် ဒုတိယဖြစ်ခဲ့စဉ် ၎င်းတို့နှစ်ဦး ဂူထဲကြရှိနေကြစဉ် ထိုတမန်တော်က မိမိအဖော်အား "အသင်မပူပါလေနှင့်၊ မုချဇကာန် အလ္လာဟ်အရှင်မြတ် သည်ငါတို့နှင့်အတူရှိတော်မူသည်"ဟုပြောဆို၍ရှိနေစဉ်ကူညီမိုင်းမတော်မူခဲ့လေသည်။ ထိုအချိန်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် မိမိထံတော်မှ (စိတ်) တည်ငြိမ်မှု ၎င်း(နဗီ တမန်တော်)၏အပေါ်၌ ချပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါးလည်း ၎င်း(နဗီ တမန်တော်)အား အသင်တို့မမြင်ခဲ့ကြရသော စစ်သည်ဗိုလ်ခြေများဖြင့် ကူညီအားပေး ထောက်မတော်မူခဲ့လေ၏။ ထို့ပြင် ထိုအရှင်မြတ်သည် 'ကာဖိရ်'မယုံမကြည်သွေဖည်ငြင်း ပယ်သော သူတို့၏စကားကို နိမ့်ကျစေတော်မူခဲ့လေ၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ် ၏စကားတော်မှာမူကားအမြင့်ဆုံးအထက်ဆုံးဖြစ်ခဲ့ချေသည်။ အမှန်သော်ကားအလ္လာဟ် အရှင်မြတ်သည် အလွန်တန်ခိုးကြီး မားတော်မူသောအရှင်၊ နက်နဲသိမ့်မွေ့သော ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉ : ၄၀)

အသင်တို့သည် ပေါ့ပါးစွာလည်းကောင်း၊ လေးလံစွာလည်းကောင်း (သန်စွမ်းသည် ဖြစ်စေ၊ မသန်စွမ်းသည်ဖြစ်စေ၊ ဝဖြိုးသည်ဖြစ်စေ၊ ပိန်ချုံးသည်ဖြစ်စေ၊ နုပျိုသည်ဖြစ်စေ၊ အိုမင်းသည်ဖြစ်စေ၊ရွှင်လန်းသည်ဖြစ်စေ၊ပျင်းရိသည်ဖြစ်စေ၊ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာ သည်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးသည်ဖြစ်စေ၊ ခရီးသွားရန် အစီးအနင်းရှိသည်ဖြစ်စေ၊ မရှိ သည် ဖြစ်စေ၊ အားလပ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ) မိမိတို့အိမ်များမှ (စစ်ချီ)

ထွက်ကြွ၍အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့် လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်လေကုန်။ ဤသည် အကယ်၍ အသင်တို့သိတတ်ကြပါလျှင် အသင်တို့အဖို့အကောင်းဆုံးပင်ဖြစ်ပေသတည်း။ (၉း၄၁)

အကယ်၍သာ ပစ္စည်းတစ်စုံတစ်ရာကို ရုတ်တရက် လွယ်ကူစွာရရှိမည်ဖြစ်သည့်ပြင် (ခရီးသည်လည်း) မနီးမဝေး အလယ်အလတ်ခရီးပင်ဖြစ်ခဲ့မူ ၎င်းတို့သည် အသင်၏နောက်သို့ အမှန်ပင်လိုက်ခဲ့ကြမည်သာတည်း။ သို့ရာတွင် (ယခုသော်ကား) ၎င်းတို့(အမြင်)၌ ခရီးသည်ကမ်းလှမ်းဝေးကွာခက်ခဲ၍ ရှိနေခဲ့ပေရာ ၎င်းတို့သည် အသင်၏နောက် သို့မလိုက်ဘဲ နေရစ်ခဲ့ကြလေသည်။ ထိုမှတစ်ပါး မကြာမြင့်မီ ၎င်းတို့သည် (အသင်တို့ရှေ့ဝယ်) "အကယ်၍သာ ကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ခဲ့ကြလျှင် အသင်တို့နှင့်အတူ ထွက်ခဲ့ကြမည်မှာအမှန်ပင်"ဟု အလွှာဟ်အရှင်မြတ်အား တိုင်တည်၍ပြောဆိုကြဦးမည်ဖြစ်သည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကိုသာ ဖျက်ဆီးလျက်ရှိကြပေသည်။ အမှန်စင်စစ်မှာမူကား အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ မုသားဝါဒီများ ဖြစ်ကြောင်းကို ကောင်းစွာ သိရှိတော်မူပေသည်။ (၉ : ၄၂)

အကျယ်ဖွင့်ဆိုခြင်း

အထက်ကိုးကားခဲ့သော အာယသ်များတွင် တမန်တော်မြတ် ﷺ သခင်တိုက်ခိုက်ခဲ့သည့် စစ်ပွဲများအနက် အရေးပါသည့် စစ်ပွဲတစ်ပွဲအကြောင်း ဖော်ပြထားသည်။ ဆင့်ပွားအနေဖြင့် အမိန့်ပညတ်ချက်များစွာနှင့် ညွှန်ကြားချက်များစွာပေးထားသည်။ ဤစစ်ပွဲကို သဗုက်စစ်ပွဲဟုခေါ်တွင်၍ တမန်တော်မြတ် ﷺ တိုက်ခိုက်ခဲ့သည့် နောက်ဆုံးစစ်ပွဲဖြစ်သည်။

သဗုက်ဆိုသည်မှာ မဒီနာဟ်မြို့မြောက်ဘက် ဆီးရီးယားနိုင်ငံနယ်စပ်အနီး တည်ရှိသည့်နေရာတစ်ခု အမည်ဖြစ်သည်။ ဆီးရီးယားနိုင်ငံမှာ ထိုအချိန်က ဗိုင်ဇန်တိုင်း ခရိယာန်များအုပ်ချုပ်ခဲ့သည့် နယ်တစ်နယ်ဖြစ်ပေသည်။ ဟစ်ဂျရီ ၈ ခုနှစ် မက္ကာဟ်မြို့အောင်နိုင်ခြင်းနှင့် ဟုနိုင်းစစ်ပွဲအောင်နိုင်ပြီးနောက် တမန်တော်မြတ် ﷺ မဒီနာဟ်မြို့ရောက်ခဲ့သည် အချိန်မှာ အာရေဗီးယားကျွန်ဆွယ်၏ အဓိကအပိုင်းများ မုစ်လင်မ်နိုင်ငံတော်၏ ထိန်းသိမ်းမှုအောက်ရောက်ရှိခဲ့သော အချိန်ဖြစ်သည်။ ဤအခါသမယသည် မက္ကာဟ်ရှိမုရှ်ရစ်ကို့ကို ရှုစ်နှစ်ကြာညောင်းသည့် စစ်ပွဲများဆင်နွှဲပြီး မုစ်လင်မ်များ အေးချမ်းသာယာစွာ နေကြသောအချိန်ဖြစ်သည်။

သို့သော်လည်း ကံကြမ္မာကား ဖန်လာခဲ့ပါသည်။ အလွှာဟ်အရှင်မြတ်က "ရစူလ်တမန်တော် ﷺ အား ဘာသာသာသနာအားလုံးတို့အပေါ်ဝယ် လွှမ်းမိုးစေခြင်းငှာ"(၉း၃၃၊ ၄၈း၂၈၊ ၆၁း၉) တို့တွင် အစွယ်လာမ်ဘာသာသည် အထွတ်အထိပ်ရောက်၍ အောင်ပွဲအလီလီ ခံရမည်ဟူသည်တို့မှာ ကောင်းသတင်းမဟုတ်ပါလော။ တာဝန်အပ်နှင်း ခံရသော တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်၏ဆွာဟာဗဟ်သာဝကြီးများသည် နားဖို့အချိန်ပင်မရလိုက်ပါ။ တမန်တော်မြတ် ﷺ တို့ မဒီနဟ်ရောက်လျှင်ရောက်ခြင်း ဆီးရီးယားနိုင်ငံသား သံလွင်ဆီကုန်သည်များက ဗိုင်ဇာန်တိုင်းဘုရင်ဟီရာကလ်

သည် ဆီးရီးယားနိုင်ငံနယ်စပ်သဗက်တွင် တပ်စွဲနေကြကြောင်း သတင်းပို့ခဲ့ကြသည်။ သူတို့က ဗိုင်ဇာန်တိုင်း စစ်တပ်ရှိ စစ်သားများကို လစာငွေတစ်နှစ်ကြိုတင်ပေး၍ နှစ်သိမ့်ထားကာ အာရဗ်မျိုးနွယ်စုအချို့နှင့် ယုတ်မာသော နားလည်မှုရယူကာ မဒီနဟ်မြို့ကို ရှောင်တခင်ထိုးစစ်ဆင်မည့် အကြံအစည်ကို တမန်တော်မြတ် S ထံ ပြောကြားခဲ့သည်။

ဤသတင်းစကား တမန်တော်မြတ် S ထံ ရောက်ရှိသောအခါ ၎င်းတို့ တိုက်ခိုက်မည့်အကြံအစည်ကို လက်ဦးမှုယူ၍ ထိုသူများစုဝေးနေသည့် နေရာသွားကာ ၎င်းတို့ကို ရင်ဆိုင်တိုက်ခိုက်ရန် တမန်တော်မြတ် S က ဆုံးဖြတ်ခဲ့သည်။ (မုဟမ္မဒ်အိဗ်နိုယူစွဖ် ဆွာလိဟီကိုရည်ညွှန်း၍ သဖ်စီရ်မဇာဟီရီကျမ်း)

ဤအခြိန်မှာ အလွန်ပူပြင်းသည့်နွေရာသီဖြစ်သည်။ မဒီနဟ်ရှိလူများသည် ထိုအခြိန်၌ လယ်ယာစိုက်ပျိုးရေးတွင် အများအားဖြင့် အာရုံစိုက်နေကြသည်။ သူတို့လယ်ယာများသည် ရိပ်သိမ်းခါးနီးအခြိန်ဖြစ်သည်။ ၎င်းတို့စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးပေါ် တည်မှီနေသည်။ တစ်နှစ်လုံးအတွက် စားဝတ်နေရေးမှာ ယင်းအပေါ်တည်မှီနေသည်။ လက်လုပ်လက်စားများသည် လကုန်ရက်တွင်း ငွေကြေးကုန်ခန်းခြို့တဲ့နေသကဲ့သို့ လယ်ယာလုပ်ကိုင် စားသောက်သူများသည် ရိတ်သိမ်းချိန်နီးချိန်တွင်လည်း အစစအရာအရာ လက်မဲ့ဖြစ်နေပါသည်။ တစ်ဘက်မှာ၎င်းတို့သည် ချို့တဲ့သူများ ဖြစ်သကဲ့သို့ တစ်ဘက်တွင် မကြာမီအနာဂတ်မှာ ဝင်ငွေများရရှိလိမ့်မည်ဟူသော မျှော်လင့်ချက်ရှိသူများ ဖြစ်သည်။ ထို့နောက် ရှစ်နှစ်ဆက်တိုက် စစ်ပွဲများအပြီး အနားရစသူများအတွက် လောင်ကျွမ်းအောင်ပူပြင်းသည့် နွေရာသီကလည်း ရှိနေပါသည်။ ဤသည်မှာ ပြင်းထန် သောစမ်းသပ်မှုကြီးဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိချေ။

သို့သော်လည်း အလားတူ အရေးကြီးသည်မှာလည်း အခြိန်ပင်ဖြစ်သည်။ ဤဂျိဟားဒ်စစ်ပွဲမှာ ကွဲပြားခြားနားပါသည်။ ဤသည်မှာ ၎င်းတို့ယခင်က တိုက်ခိုက်ဖူးခဲ့ကြသည့် စစ်ပွဲများနှင့်မတူပေ။ ထိုအခြိန်က တိုက်ခိုက်ခဲ့ရသည်မှာ သူတို့လိုသာမန်လူများနှင့် တိုက်ရခြင်းဖြစ်သည်။ ယခုအခြိန်မှာ ဗိုင်ဇာန်တိုင်းဘုရင်ဟီရာကလ်၏လေ့ကျင့်ထားသည့် လက်နက်ကိုင်တပ်နှင့် ရင်ဆိုင်တိုက်ခိုက်ရန်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် S သခင်သည် မဒီနဟ်ရှိမုစ်လင်မ်အားလုံး ဤဂျိဟာဒ်စစ်ပွဲအတွက်ထွက်လာရန် အမိန့်ထုတ်တော်မူခဲ့သည်။ ကိုယ်တော်မြတ် S သည် မဒီနဟ်ဝန်းကျင်နေထိုင်သော အခြားမျိုးနွယ်စုအချို့ကိုလည်း ပူးပေါင်းရန်ဖိတ်ခေါ်ခဲ့သည်။

ဤလူအများကိုဖိတ်ခေါ်မှုမှာ အစွလာမ်ဘာသာအတွက် စွန့်လွှတ်မှုများကို စိတ်ရောကိုယ်ပါပြုလုပ်လိုသူ မုစ်လင်မ် များအတွက် ခက်ခဲသောစမ်းသပ်မှုတစ်ခုဖြစ်သကဲ့သို့ ၎င်းတို့ကိုယ်၎င်းတို့ မုစ်လင်မ်ဟုအခိုင်အမာပြောသော အရေခြီများ သက်သေပြရန်အတွက် ဤစစ်ပွဲဝင်ရမည်မှာလည်း ၎င်းတို့အတွက် စိန်ခေါ်မှုဖြစ်သည်။ စစ်ပွဲသို့မဝင်ခဲ့လျှင် ၎င်းတို့သည် အယောင်ဆောင်ဖြစ်ကြောင်း ပေါ်လွင်သွားပေလိမ့်မည်။ ဤတွေးတောဆင်ခြင်မှုအပြင် မလွဲမရှောင်သာသည့် အကျိုးဆက်မှာ အစွလာမ့်ဘာသာ သက်ဝင်ယုံကြည်သည့်သူများသည် ထိုအခြေအနေတွင်ရှိနေသော အခြေအနေများအရ တုန့်ပြန်ကြပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသူများကို သီးခြားအုပ်စုများအဖြစ် အမှတ်စဉ်ထိုး၍ ၎င်းတို့၏ အခြေအနေများကို ထောက်ပြထားသည်။

ပထမအုပ်စုတွင် ၎င်းတို့၏ အီမာန်ယုံကြည်ချက်ပြီးပြည့်စုံ၍ ခိုင်မာသောသူများပါဝင်ကြသည်။ ထိုသူတို့သည် မည်သည့်တွန့်ဆိုင်းမှုမျှမရှိဘဲ ဂျိဟားဒ်အတွက် အဆင်သင့်ဖြစ်နေသည်။ ဒုတိယအုပ်စုတွင် အစဦးတွင် တွန့်ဆုတ်နေသော်လည်း နောက်ပိုင်းတွင် ဂျိဟားဒ်အတွက် အဆင်သင့်ဖြစ်နေသောသူများနှင့် ပူးပေါင်းသွားခဲ့ကြသည်။ ဤအုပ်စုနှစ်စုတွင် ပါဝင်သူများဖြစ်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် **الَّذِينَ اتَّبَعُوهُ فِي سَاعَةِ الْعُسْرَةِ مِن بَعْدِ مَا كَادَ**

يَزِيْغُ قُلُوْبُ فَرِيْقٍ "ယင်း 'မုဟာဂျိရီန်' နှင့် 'အန်ဆွာရ်' သာဝကတို့သည် မိမိတို့အနက် လူတစ်စု၏ စိတ်နှလုံးများ တိမ်းစောင်းလုဆဲဆဲ ဖြစ်ပြီးနောက် ကျပ်တည်းသော အချိန်ကာလ၌ နဗီတမန်တော်မြတ်၏ နောက်သို့ လိုက်ခဲ့ကြကုန်၏။ (၉း၁၁၇)"ဟူ၍ မိန့်ထားသည်။ တတိယအုပ်စုထဲတွင် စစ်မှန်သော အကြောင်းပြချက် အချို့အခြေခံကြောင့် ဤဂိုဟာဒ်စစ်ပွဲတွင်ပူးပေါင်း ပါဝင်မှု မပြုလုပ်နိုင်ခဲ့သော သူများဖြစ်သည်။ ထိုသူများနှင့်ပတ်သက်၍ ထိုသူတို့၏ အကြောင်းပြချက်ကို လက်ခံကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် **لَيْسَ عَلَى الضُّعَفَآءِ وَلَا عَلَى الْمَرْضٰى** "အားအင်ချိနဲ့ သူတို့အပေါ်၌ (စစ်တလင်းသို့ မလိုက်ခဲ့ကြခြင်းကြောင့်) အပြစ်တစ်စုံတစ်ရာမျှမရှိချေ။ ထို့အတူ ဝေဒနာရှင်တို့ အပေါ်၌လည်းအပြစ်မရှိချေ။(၉း၉၁)"စတုတ္ထအုပ်စုတွင် မည်သည့်အကြောင်းပြချက်မျှမရှိဘဲ ပျင်းရိခြင်းသက်သက်ဖြင့် ဂိုဟာဒ်စစ်ပွဲဆင်နွှဲမှုတွင် မပါဝင်သူများပါဝင်သည် ထိုသူများနှင့်ပတ်သက်၍ အာယသ်တော်များကျရောက်ခဲ့သည်။ ပမာဆိုသော် **وَاٰخَرُوْنَ اعْتَرَفُوْا بِذُنُوْبِهِمْ** "ထို့ပြင်အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ပြစ်မှုဒုစရိုက်များကို ဝန်ခံခဲ့ကြသည်။ "ထိုပြင် အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့၏အရေးကိစ္စမှာ အလ္လာဟ်အရှင်မြတ်၏အမိန့်တော် (ကျရောက်လာသည်)အထိ ရွေ့ဆိုင်းပြီး ဖြစ်ချေသည်။ (၉း၁၀၆)" "ထို့အတူ (ထိုအရှင်မြတ်သည်) အကြင်(သာဝက) သုံးဦးတို့ပေါ်၌လည်း ကရုဏာတော်နှင့် လှည့်တော်မူခဲ့၏။ ထိုသုံးဦးတို့သည် (မည်သို့မျှ အဆုံးအဖြတ်ကို မရရှိသေးဘဲ) ရွေ့ဆိုင်းခြင်း ခံခဲ့ကြရလေရာ (၉း၁၁၈)"ဟုဖြစ်သည်။ ဤအာယသ် ၃ ခုသည် ထို အလားတူသူများအကြောင်း ကျရောက်ခဲ့သည်။ ထိုအာယသ်များထဲတွင် ၎င်းတို့မတက်ကြွမှုအတွက် ဆုံးမသတိပေး ထားခြင်းအပြင် ၎င်းတို့၏ သောင်ဗဟ်(သို့မဟုတ်) ဝန်ချတောင်းပန်မှုကို လက်ခံသည့် ကောင်းသတင်းပါဝင်သည်။

ပဉ္စမအုပ်စုမှာ အရေခြုံမုနာဖိက်များဖြစ်ကြသည်။ သူတို့၏အရေခြုံမှုမှာ အလွန်ခိုင်၍ ဂိုဟာဒ်စစ်ပွဲတွင် ပါဝင်မည်ဟု ပြောဆိုရန် ခက်ခဲပေသည်။ နောက်ဆုံးတွင် ၎င်းတို့သည် အရေခြုံမှုကိုမကွယ်ဝှက်တော့ဘဲ ဂိုဟာဒ်စစ်ပွဲရှောင်ရှားနေကြသည်။ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်များစွာ အရေခြုံများအကြောင်းဖော်ပြထားခဲ့သည်။

ဆဋ္ဌမအုပ်စုတွင် သူလျှိုလုပ်ငန်းနှင့် မကောင်းမှုလုပ်ရန် ရည်ညွှန်းချက်ဖြင့် မုစ်လင်မ်များနှင့် ပူးပေါင်းခဲ့သည့် မုနာဖိက်များပါဝင်သည်။ ၎င်းတို့၏အပြုအမူတို့ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်များတွင် အောက်ပါအတိုင်း ဖော်ပြထားသည်မှာ-

(၁) **وَفِيْكُمْ سَمّٰعُوْنَ لَهُمْ** "ထို့ပြင် (ယခုလည်း) သင်တို့တွင် ၎င်းတို့၏သတင်းထောက်လှမ်းသူများ (သူလျှိုများ) ရှိကြကုန်၏။ (၉း၄၇)"

(၂) **وَلَئِنْ سَاَلْتَهُمْ لَيَقُوْلُنَّ** "စင်စစ်သော်ကား အကယ်၍ အသင်တို့သည် ထိုသူတို့အား စစ်ဆေးမေးမြန်းခဲ့လျှင် ဇကန်မလွဲ ၎င်းတို့က ဖြေကြားလတ္တံ့ (၉း၆၅)"

(၃) **وَهَمُّوْا بِمَا لَمْ يَنَالُوْا** "ထိုမျှမကသေး ၎င်းတို့သည် အကြင်ကိစ္စတစ်ရပ်ကိုလည်း ပြုလုပ်ရန်ကြံရွယ်ခဲ့ကြလေသည်။ သို့ရာတွင် ၎င်းတို့သည် မအောင်မြင်ခဲ့ကြပေ။ (၉း၇၄)"တို့ဖြစ်သည်။

အထက်ပါအသေးစိတ်များသည် ဂိုဟာဒ်စစ်ပွဲမှရှောင်တိမ်းခဲ့သောသူများ အကြောင်းဖြစ်သည်။ သို့သော်လည်း ၎င်းတို့အရေအတွက်မှာ မပြောပလောက်ချေ။ အများစုမှာ မုစ်လင်မ်များဖြစ်ကြသည်။ ထိုသူတို့သည် အဟန့်အတားဖြစ်စေသည့် အကြောင်းများစွာရှိလင့်ကစား အကျိုးအမြတ်များနှင့် စည်းစိမ်များအားလုံးကို စွန့်လွှတ်ကာ အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် မျှော်မှန်းထားသည့် အခက်အခဲများကို ရင်ဆိုင်ရန် အဆင်သင့်ဖြစ်နေကြသည်။

ဤဂျိဟာဒ်စစ်ပွဲအတွက် ထွက်လာသော အစွလာမ့်စစ်တပ်၏ စုစုပေါင်းအရေတွက်မှာ ၃၀၀၀၀ (သုံးသောင်း) ဖြစ်ပေသည်။ မည်သည့်ဂျိဟာဒ်စစ်ပွဲ တွင်မျှ ဤမျှများပြားသော အရေအတွက်ကို မမြင်တွေ့ခဲ့ရချေ။

ဤဂျိဟာဒ်စစ်ထွက်မှုရလဒ်မှာ ဗိုင်ဇာန်တိုင်းဘုရင် ဟီရကလ်သည် ဤမျှလောက်ကြီးမားသည့် မုစ်လင်မ် စစ်တပ်တစ်ခု ၎င်းနှင့်ရင်ဆိုင်ရန်လာနေသည်ကို ကြားရသောအခါ အထိတ်တလန့်ဖြစ်သွားခဲ့သည်။ ၎င်းသည် စစ်မြေပြင်သို့ မလာတော့ချေ။ တမန်တော်မြတ် ﷺ သည် ရှေ့တန်းစစ်မျက်နှာပြင်တွင် ကိုယ်တော်မြတ်၏ ကောင်းကင်စေတမန်ကဲ့သို့ ဆွတ်ဖတ်သာဝကြီးများနှင့်အတူ ရန်သူများထွက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ရက်အနည်းငယ်မျှစခန်းချခဲ့သည်။ လုံးဝစိတ်ပျက်သွားသောအခါမှ ကိုယ်တော်မြတ် ﷺ သည် မဒီနဟ်သို့ပြန်ကြွတော်မူခဲ့သည်။

အထက်ကိုးကားခဲ့သော အာယသ်များသည် မည့်သည့်ခိုင်လုံသော အကြောင်းပြချက်မှမရှိဘဲ ၎င်းတို့မတက်ကြွ၍ဂျိဟာဒ်စစ်ပွဲတွင်မပါဝင်ခဲ့သောစတုတ္ထအုပ်စုအကြောင်းဖြစ်သည်မှာထင်ရှားသည်။ဤအာယသ်တော်၏အစတွင် ထိုသူများ၏ ပျင်းရိနေးကွေးမှုအတွက် ပြစ်တင်မောင်းမဲထားသည်။ အဘယ်ကြောင့် ထိုသူများ ထိုကဲ့သို့ ပြုလုပ်သည်ဆိုကြောင်း မိန့်ထားကာ အဆုံး၌ ထိုသူများမိမိကိုယ်ကိုမိမိ မည်သို့ပြုပြင်ရမည်ဆိုသည်ကို မိန့်ထားသည်။ ဤအသိဉာဏ်ကြွယ်သည့် ချည်းကပ်မှုက အဓိကသင်ခန်းစာများပင်ဖြစ်သည်။

ဒွန္ဒယာအား အလေးထားခြင်းနှင့် အာခိရသ်ကို ဥပေက္ခာပြုခြင်း

ပြစ်မှုအားလုံး၏ရင်းမြစ်

အထက်တွင်ဖော်ပြထားသည်များသည် သီးခြားဖြစ်စဉ်တစ်ခုနှင့်သက်ဆိုင်သည်မှာ သံသယမရှိချေ။ သို့သော်လည်း ယင်းအကြောင်း ကျွန်ုပ်တို့တွေးတောကြည့်ခဲ့လျှင် အီမာန်နှင့်ပတ်သက်၍ လျစ်လျူရှုခြင်း၏ စစ်မှန်သောအကြောင်းတရားနှင့် ပြစ်မှု၊ ဂုနာဟ်တိုင်း၏ စစ်မှန်သောအကြောင်းတရားတို့သည် ဤလောကီကို ချစ်မြတ်နိုးခြင်းနောင်တမလွန်ဘဝကို ဂရုမပြုခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ က حُبُّ الدُّنْيَا رَأْسُ كُلِّ خَطِيْئَةٍ "ဒွန္ဒယာ (လက်ရှိလောကီဘဝ) ပေါ်ချစ်မြတ်နိုးမှုသည် အမှားတိုင်း၊ ဂုနာဟ်အပြစ်တိုင်း၏ ထိပ်တွင်ရှိနေသည်" ဟုမိန့်ကြားခဲ့သည်။ ထို့အတွက်ကြောင့် အာယသ်တော်တွင်-

> "အို- မုအ်မင်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား အလွှာဟ် အရှင်မြတ်လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်ဟု ပြောဆိုသောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီးဘက်သို့ လေးလံစွာထိုင်နေကြကုန်သတည်း (ဝါ) (လေးလံစွာသွားကြသနည်း)။ အသင်တို့သည် (ဤ) မျက်မှောက် လောကီဘဝ၏ (စည်းစိမ်ချမ်းသာများ) ကို နောင်တမလွန်ဘဝ၏ (စည်းစိမ်ချမ်းသာများ) ထက် နှစ်သက် ကြလေပြီလော။" (၃၈) ဟုမိန့်ထားသည်။

ဤသည်မှာ ရောဂါကိုရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။ ဤသည်၏ကုထုံးကို နောက်အာယသ်တွင် ဆက်မိန့်ထားသည်မှာ-

"သို့ဖြစ်ပါမူ(ဤ) ပစ္စက္ခမျက်မှောက်ဘဝဖ၏(စည်းစိမ်ချမ်းသာ) သည်သာ နောင်တမလွန် ဘဝ၏ (စည်းစိမ်ချမ်းသာ) နှိုင်းယှဉ်လျှင်အနည်းငယ်မျှသာဖြစ်ကြောင်း (အသင်တို့သည် ကောင်း စွာမှတ်ယူကြလေကုန်)(၃၈)" ဟုဖြစ်သည်။

အခြေအတင်ပြောဆိုမူ၏ တွန်းအားမှာ လူ့ဘဝတွင် တစ်စုံတစ်ဦး၏ အဓိကသောကရောက်မှုမှာ အာခိရသ် ဘဝ အတွက်ဖြစ်သင့်သည်။ ဤအာခိရသ်အတွက် သောကရောက်မှုသည်သာလျှင် ရောဂါအားလုံး၏ အပြီးပြည့်စုံ ဆုံးသော ကုထုံးဖြစ်သည်။ တိုက်ဆိုက်စွာပင် ဤသည်မှာလည်း ကမ္ဘာတစ်ဝှမ်းရှိ လူ့အသိုင်းအဝိုင်းများကို နှောင့်ယှက် နေသည့် ပြစ်မှုများ ပယ်ရှားရေးအတွက် အကောင်းဆုံးဆေးညွှန်းဖြစ်သည်။

အစ္စလာမ်အကာအိဒ် (ယုံကြည်မှုအချက်အလက်များ) သည် မူ ၃ရပ်ပေါ်အခြေခံသည်။ (၁) သောင်ဟီးဒ် (အလ္လာဟ်ရှင်မြတ် တစ်ပါးတည်းတည်းရှိမှု) (၂) ရိစာလသ် (အလ္လာဟ်အရှင်မြတ်စေလွှတ်သော နဗီတမန်တော်များ၏ စစ်မှန်သောတာဝန်ဝတ္တရားနှင့် (၃)အာခိရသ် (နောင်တမလွန်) တို့ဖြစ်သည်။ ဤသည်တို့အနက် အာခိရသ်ကို ယုံကြည်ခြင်းဆိုသည်မှာ စင်စစ်တွင် လုပ်ရပ်များပြုပြင်ရန်အတွက် ဝိညာဉ်ရှင်သန်ခြင်းဖြစ်ကာ ပြစ်မှုဒုစရိုက်များရှေ့တွင် ကာရံထားသော သံမဏိတံတိုင်းဖြစ်သည်။ ဤယုံကြည်ချက်ကိုမကျင့်သုံးပါက ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှု ရှိနိုင်မည် မဟုတ်ကြောင်း အနည်းငယ်တွေးကြည့်လျှင်ပင် အလွန်ရှင်းလင်းပေသည်။ ယနေ့မျက်မှောက်ကမ္ဘာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု အထွတ်အထိပ်ရောက်နေသည်ကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရပေပြီ။ ထို့နောက် ပြစ်မှုဒုစရိုက်များ ကွယ်ပျောက်စေရန် စီမံထားသည့်လုပ်ငန်းဆိုင်ရာ ဖြေရှင်းချက်များသည်လည်း မနည်းလှပေ။ ဥပဒေများလည်း ပေါ် ထွက်လာပါသည်။ အလားတူ ရည်မှန်းချက် အားဖြည့်ရန်နှင့် အဓိပ္ပာယ်ပြန်ဆိုရန် အုပ်ချုပ်မှုယန္တရားလည်း တိုးတက် လာပါသည်။ ထိုအရာများတွင် တိုးတက်မှုနှင့်အတူလူ့အဖွဲ့အစည်းအားလုံးတွင် နေရာတိုင်း၌နေ့စဉ်နှင့်အမျှ ပြစ်မှုများ တိုးပွား နေသည်ကို လူတိုင်းမျက်မြင်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ နှိမ့်ချသောအမြင်နှင့်ပြောရလျှင် အကြောင်းမှာ ရောဂါ ကို စနစ်တကျ ဖော်ထုတ်ခြင်းမပြုမှုနှင့် ကုသမှုနည်း စနစ်မခိုင်မာသောကြောင့် ဖြစ်သည်။ ရောဂါ၏ ရင်းမြစ်မှာ ရုပ်ပိုင်း ဆိုင်ရာဖြစ်သည့် လောကီရေးဆိုင်ရာတွင် လွန်လွန်ကျူးကျော်ယစ်မူးခြင်းနှင့် နောင်တမလွန် ဘဝဟူသော အတွေးကို လျစ်လျူရှုခြင်း (သို့မဟုတ်) ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။ ဤသို့သော စိတ်ဓာတ်မျိုးကို ပြင်ဆင်ရန် တစ်ခုတည်းသော နည်းလမ်းကာ အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရခြင်းနှင့် နောင်တမလွန်ဘဝ အာခိရသ်အကြောင်း တွေးတောခြင်းဖြစ်သည်။ ဤကမ္ဘာလောကတွင် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ဤပြီးပြည့်စုံသည့် ဆေးညွှန်းကို အသုံးပြုခဲ့လျှင် နိုင်ငံများအားလုံးနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းအားလုံးသည် လူသားထု၏ အကောင်းဆုံး စံနမူနာဖြစ်ကာ ကောင်းကင် စေတမန်များ၏ ချီးကျူးမှုနှင့် ထိုက်တန်သွားစေပါသည်။ ဤအဖြစ် အပျက်မျိုး တမန်တော်မြတ် S သခင်၏ မြင့်မြတ်သော အချိန်ကာလနှင့် ကိုယ်တော်၏ဆွေဟာဗဟ်သာဝကကြီးများ၏ ကာလအတွင်း ထိုသို့ဖြစ်ခဲ့သည်။ ဤသည်မှာလုံလောက်သော သက်သေသာဓကဖြစ်သည်။

ခေတ်သစ်ကမ္ဘာသည် ရာဇဝတ်မှုများကင်းရှင်းစေရန် ဆန္ဒအလွန်ရှိခဲ့သည်ဆိုခြင်းမှာ စိတ်ဝင်စားဖွယ် ဖြစ် သည်။ သို့သော်လည်း ဘုရားနှင့်နောင်တမလွန်ဘဝကို အလေးမထားဘဲ လုပ်ဆောင်ခဲ့ကြသည်။ ဤ ရည်ရွယ်ချက် ပေါက်မြောက်ရန် ကမ္ဘာကြီးသည် တီထွင်မှုများ၊ ၎င်းတို့နေထိုင်ရန်အတွက် ဝန်းရံထားစေမည့် ပစ္စည်းများပြုလုပ်ခဲ့ကြ သည်။ သို့သော်လည်း ယင်းလူနေမှုပုံစံ လူသားများအား အလ္လာဟ်အရှင် နှင့်နောင်တမလွန်ဘဝဆိုသည်ကို သတိ မမူစေနိုင်ပါ။ ဤအနှုတ်လက္ခဏာ ဆောင်သည့် ချဉ်းကပ်မှုရလဒ်မှာ အံ့သြဖွယ်မဟုတ်ချေ။ ယင်းကို ကျွန်ုပ်တို့ မျက်ဝါး

ထင်ထင် မြင်တွေ့နေရသည်။ အမြဲကောင်းသော ဥပဒေများ ရှိနေလင့်ကစား တရားရေးဆိုင်ရာစနစ်များအားလုံး မအောင်မြင်ပါ။ ပြစ်မှုဒုစရိုက်များကား ရှိမြဲရှိနေသည်။ စင်စစ် ယင်းရာဇဝတ်မှုများသည် စိုးရိမ်ဖွယ်ရာအရှိန်နှင့် တိုးပွားလျက်ရှိသည်။ နိဂုံးချုပ်ရလျှင် ကမ္ဘာပေါ်ရှိ နိုင်ငံများမှ ပညာရှင်များသည် အနည်းဆုံးတစ်ကြိမ်မျှခန့် ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤဆေးညွှန်းကို သုံးစွဲရန် ကျွန်ုပ်တို့ဆန္ဒထားပါ။ သို့မှသာ ရာဇဝတ်မှုများကို မည်ကဲ့သို့လွယ်ကူစွာ ထိန်းချုပ်နိုင်သည်ဆိုကြောင်း ၎င်းတို့ကိုယ်တိုင် တွေ့ရှိရပါလိမ့်မည်။

ကျွန်ုပ်တို့ ဒုတိယအာယသ်တော် (၃၉)သို့ ရောက်ရှိရာ၌ စာသားများမှ ပျင်းရိ၍ အာရုံမဝင်စားသည့် လူများကို ၎င်းတို့ရောဂါများနှင့် ယင်းကိုကုသမှုအကြောင်း သတိပေးဖော်ပြပြီးနောက် အမိန့်တစ်ရပ်ထုတ်ပြန်၍ မိန့်ထားခဲ့သည်မှာ-

"အကယ်၍ အသင်တို့သည် (အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) မထွက်ကြပါလျှင် ထိုအရှင်မြတ်သည် အသင်တို့အား နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထိုမှတစ်ပါးလည်း ထိုအရှင်မြတ်သည် အသင်တို့အစား အခြားလူမျိုးတစ်မျိုးကို လဲလှယ်(ဖန်ဆင်း)တော်မူအံ့။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်အား အနည်းငယ်စိုးစဉ်မျှလည်း အကျိုးယုတ်စေနိုင်ကြမည် မဟုတ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ်ဖြစ်တော် မူပေသတည်း" ဟုဖြစ်သည်။

တတိယအာယသ်(၄၀)ထဲ၌ တမန်တော်မြတ် s ၏ဟစ်ဂျရသ်အဖြစ်အပျက်ကို ကိုးကားဖော်ပြ၍ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်သည် မည်သည့်လူသားအကူအညီနှင့် အထောက်အပံ့ပေါ်တွင်မှ မမှီခိုကြောင်း အလေးအနက်ပြုထားသည်။အလ္လာဟ်အရှင်မြတ်သည်တမန်တော်မြတ် s ကိုမမြင်နိုင်သောအကြောင်းတရားများဖြင့် တိုက်ရိုက်ကူညီနိုင်တော်မူသည်။ ယင်းကဲ့သို့ဖြစ်ပျက်ခဲ့သည်ကို တမန်တော်မြတ် s အား ကိုယ်တော်၏ ဇာတိမြေမှ ၎င်း၏လူများက အတင်းအကြပ်နှင်ထုတ်ခဲ့သော ဟစ်ဂျရသ်အခါန်က ဖြစ်ပျက်ခဲ့သည်။ ဤခရီးစဉ်တွင် တမန်တော်မြတ် s သခင်ထံတွင် စိုက်ယိဒနာအဗူဗကရ် d ဟူသည့် တစ်ဦးတည်းသော အဖော်သာလျှင် ပါခဲ့သည်။ ၎င်းသည် စစ်မှန်သူတစ်ဦးဖြစ်သည်။ ရန်သူခြေလျင်စစ်သားနှင့် မြင်းသည်တော်များသည် ၎င်းတို့ကို အပူတပြင်းလိုက်လံရှာဖွေခဲ့ကြသည်။ ပုန်းခိုရန် ကိုယ်တော်မြတ်တွေ့ ခဲ့သည့် နေရာမှာ ခိုင်ခန့်သောခံတပ်မဟုတ်ချေ။ ယင်းမှာလိုဏ်ဂူတစ်ခုသာဖြစ်၍ ရန်သူ၏ရှာဖွေရေးအဖွဲ့ သည် ယင်းဂူ၏အစွန်နားထိရောက်ခဲ့သည်။ လိုဏ်ဂူတွင်းတွင် အဖော်ဖြစ်သူ စိုက်ယိဒနာအဗူဗကရ် d သည် ၎င်း၏လုံခြုံရေး မဟုတ်ပဲ ၎င်း၏သခင်ဖြစ်သော ကိုယ်တော်မြတ်အတွက်သာလျှင် စိတ်ပူခဲ့သည်။ ဂူအပြင်ရှိ ရန်သူများက ကိုယ်တော်မြတ် s အား အန္တရာယ်ပြုမည်ကို ၎င်းစိုးရိမ်ခဲ့သည်။ သို့သော်လည်း သခင်ကိုယ်တော်မြတ်ကား တောင်တစ်လုံးသဖွယ် ငြိမ်သက်စွာနေထိုင်ခဲ့သည်။ တမန်တော်မြတ် s သည် ကိုယ်တိုင်အေးဆေး၍ တည်ငြိမ်ရုံမျှမက အဖော်ဖြစ်သူ အဗူဗကရ် d ကို(လာသဟ်ဇင်နှ အင်နနလ္လာဟမအနာ) စိတ်မပူပါနှင့် အလ္လာဟ်အရှင်မြတ်သည် ငါတို့နှင့်အတူရှိနေသည်ဟု မိန့်ခဲ့သည်။

ဤနေရာတွင် ပြောခဲ့သည်မှာ စကားလုံးအနည်းငယ်မျှသာဖြစ်၍ ၎င်းတို့မှထွက်လာသောအသံမှာ အေးဆေး၍တည်ငြိမ်ပါသည်။ သို့သော်လည်း ထိုပြောကြားချက်များကို နားထောင်သောသူများသည် အဖြစ်အပျက်များကို ၎င်းတို့ မျက်မှောက်မြင်ခဲ့မည်ဆိုလျှင် ရင်တမမဖြစ်၍မေးမည်မှာ ရုပ်ဝတ္ထုနည်းလမ်းများ သက်သက်ပေါ်တွင် မှီတည်နေသူသည် ထိုမျှလောက်တည်ငြိမ်အေးချမ်းပါမည်လောဟူ၍ ဖြစ်သည်။ ရိုးသားသူတိုင်းက ဤသည်မှာ မဖြစ်နိုင် ဟု

ပြောပါလိမ့်မည်။ ဤသည့်အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည်မှအပ အခြားမရှိပြီ။ နောက် ဝါကျတစ်ခု၌ မိန့်ထားသည်မှာ-

"ထိုအချိန်အခါဝယ် အလ္လာဟ်အရှင်မြတ်သည် မိမိထံတော်မှ (စိတ်)တည်ငြိမ်မှု ၎င်း(နဗီတမန်တော်)၏ အပေါ်၌ ချပေးသနားတော်မူခဲ့လေသည်။ ထိုမှတစ်ပါးလည်း ၎င်း (နဗီတမန်တော်) အား အသင်တို့မမြင် ခဲ့ကြရသော စစ်သည်ဗိုလ်ခြေများဖြင့် ကူညီအားပေးထောက်မတော်မူခဲ့လေ၏"ဟူ၍ ဖြစ်သည်။

ဤစစ်သည်တော်များသည် ကောင်းကင်တမန်စစ်သည်တော်များ ဖြစ်နိုင်သည်။ ထို့နောက် စကြဝဠာ တစ်ခု လုံး၏ မူလစစ်တပ်များလည်း ဖြစ်နိုင်သည်။ ပြောရလျှင် ယင်းသည် အလ္လာဟ်အရှင်မြတ်၏စစ်တပ်သာ ဖြစ်သည်။ ဤသို့ဖြစ်သောအခါ အဆုံးစွန်ဖြစ်လာပါသည်။ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ စကားသည် အနိမ့်ကျဆုံးဖြစ်၍ အလ္လာဟ်အရှင်မြတ်၏မုကၠပါဠိများသည် အမြင့်မားဆုံးဖြစ်လာခဲ့သည်။

စတုတ္ထအာယသ် (၄၁)ထဲ၌ အစောပိုင်းပေးထားသောအမိန့်ကို ပိုမိုလေးနက်စေရန်အလို့ငှာ ထပ်မံ၍ဖော်ပြ ထားသည်။ ဤနေရာတွင်မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ တမန်တော်က လူအများစုကို ဂျိဟားဒ်စစ်ပွဲ အတွက်ထွက်လာရန် အမိန့်ပေးသည်နှင့်တစ်ပြိုင်နက် ထိုသူတို့သည် ဤအမိန့်ကိုအကြွင်းမဲ့ တာဝန်တစ်ရပ်အဖြစ် မှတ်ယူ၍ ထွက်လာကြရမည်။ အဘယ့်ကြောင့်ဆိုသော် ဤအမိန့်နာခံခြင်းသည် ၎င်းတို့အတွက် ကောင်းသည်။

ပဉ္စမအာယသ်တော် (၄၂) ထဲတွင် လျစ်လျူရှုမှုနှင့် ပျင်းရိကာစိတ်မပါမှုတို့ကြောင့် ဂျိဟာဒ်စစ်ပွဲတွင် မပါဝင်ခဲ့ သူများ၏ အကြောင်းပြချက်တစ်ခုအကြောင်း ဖော်ပြထားသည်။ ယင်းအကြောင်းပြချက်ကို လက်မခံနိုင်ဟု ငြင်းပယ်ခဲ့ သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် မှန်ကန်သောအရာ တစ်ခုကို ရွေးချယ်ကာပြုလုပ် ရန်အတွက် အလ္လာဟ်အရှင်မြတ်ပေးအပ်ထားသော စွမ်းဆောင်ရည်ကို ၎င်းတို့ အသုံးမချခဲ့၍ ဖြစ်သည်။ ထို့ကြောင့် ထိုစွမ်းဆောင်ရည်မရှိဟူသောကြောင်းပြချက် မခိုင်လုံချေ။

အာယသ် (၄၃-၅၂)

عَفَا اللّٰهُ عَنْكَ ۚ لِمَ اَذِنْتَ لَهُمْ حَتّٰى يَتَبَيَّنَ لَكَ الَّذِيْنَ صَدَقُوْا وَ تَعْلَمَ
الْكٰذِبِيْنَ ﴿۴۳﴾ لَا يَسْتَاْذِنُكَ الَّذِيْنَ يُؤْمِنُوْنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ اَنْ يُّجَاهِدُوْا
بِاَمْوَالِهِمْ وَ اَنْفُسِهِمْ ؕ وَ اللّٰهُ عَلِيْمٌۢ بِالْمُتَّقِيْنَ ﴿۴۴﴾ اِنَّمَا يَسْتَاْذِنُكَ الَّذِيْنَ لَا
يُؤْمِنُوْنَ بِاللّٰهِ وَ الْيَوْمِ الْاٰخِرِ وَ ارْتَابَتْ قُلُوْبُهُمْ فَهُمْ فِيْ رَيْبِهِمْ يَتَرَدَّدُوْنَ
﴿۴۵﴾ وَ لَوْ اَرَادُوا الْخُرُوْجَ لَاَعَدُّوْا لَهٗ عُدَّةً وَّ لٰكِنْ كَرِهَ اللّٰهُ انْۢبِعَاثَهُمْ
فَثَبَّطَهُمْ وَ قِيْلَ اقْعُدُوْا مَعَ الْقٰعِدِيْنَ ﴿۴۶﴾ لَوْ خَرَجُوْا فِيْكُمْ مَّا زَادُوْكُمْ اِلَّا
خَبَالًا وَّ لَاَوْضَعُوْا خِلٰلَكُمْ يَبْغُوْنَكُمُ الْفِتْنَةَ ۚ وَ فِيْكُمْ سَمّٰعُوْنَ لَهُمْ ؕ وَ اللّٰهُ
عَلِيْمٌۢ بِالظّٰلِمِيْنَ ﴿۴۷﴾ لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ وَ قَلَّبُوْا لَكَ الْاُمُوْرَ حَتّٰى

جَآءَ الۡحَقُّ وَ ظَهَرَ اَمۡرُ اللّٰهِ وَ هُمۡ كٰرِهُوۡنَ ﴿۴۸﴾ وَ مِنۡهُمۡ مَّنۡ يَّقُوۡلُ ائۡذَنۡ لِّىۡ وَ لَا
تَفۡتِنِّىۡ ؕ اَلَا فِى الۡفِتۡنَةِ سَقَطُوۡا ؕ وَ اِنَّ جَهَنَّمَ لَمُحِيۡطَةٌ ۢ بِالۡكٰفِرِيۡنَ ﴿۴۹﴾ اِنۡ تُصِبۡكَ
حَسَنَةٌ تَسُؤۡهُمۡ ۚ وَ اِنۡ تُصِبۡكَ مُصِيۡبَةٌ يَّقُوۡلُوۡا قَدۡ اَخَذۡنَاۤ اَمۡرَنَا مِنۡ قَبۡلُ وَ يَتَوَلَّوۡا
وَّ هُمۡ فَرِحُوۡنَ ﴿۵۰﴾ قُلۡ لَّنۡ يُّصِيۡبَنَاۤ اِلَّا مَا كَتَبَ اللّٰهُ لَنَا ۚ هُوَ مَوۡلٰٮنَا ۚ وَ عَلَى اللّٰهِ
فَلۡيَتَوَكَّلِ الۡمُؤۡمِنُوۡنَ ﴿۵۱﴾ قُلۡ هَلۡ تَرَبَّصُوۡنَ بِنَاۤ اِلَّاۤ اِحۡدَى الۡحُسۡنَيَيۡنِ ؕ وَ نَحۡنُ
نَتَرَبَّصُ بِكُمۡ اَنۡ يُّصِيۡبَكُمُ اللّٰهُ بِعَذَابٍ مِّنۡ عِنۡدِهٖۤ اَوۡ بِاَيۡدِيۡنَا ۚ فَتَرَبَّصُوۡۤا اِنَّا
مَعَكُمۡ مُّتَرَبِّصُوۡنَ ﴿۵۲﴾

(အိ-နဗီတမန်တော်) အလ္လာဟ်အရှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ ချေပြီ။ (သို့ရာတွင်) အသင့်အဖို့ (ထိုသူတို့အနက်) မှန်ကန်စွာပြောဆိုသောသူတို့သည် ထင်ရှားခြင်းမရှိသေးမီလည်းကောင်း၊ (ထိုသူတို့အနက်မှ) မုသားဝါဒီများကို အသင်မသိ သေးမီလည်းကောင်း အသင်သည် မည်သည့်အတွက် ထိုသူတို့အား (စစ်ရှိုတက်ရာ သို့မလိုက်ဘဲ နေရစ်ခဲ့ကြရန်) ခွင့်ပြုခဲ့ပါသနည်း။ (၉ : ၄၃)

အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို သက်ဝင်ယုံကြည်သော သူတို့ကား မိမိ တို့၏ဥစ္စာပစ္စည်းများဖြင့် လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့်လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခြင်းမှ ထိုင်နေကြရန် (မည်သည့်အခါ၌မျှ) အသင့်ထံ ခွင့်ပန်ကြ မည် မဟုတ်ပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပြစ်မှုဒုစရိုက်များမှ ကြဉ် ရှောင်ကြကုန်သော သူတော်စင်တို့အား ကောင်းစွာသိရှိတော်မူသောအရှင် ဖြစ်တော်မူ ပေသတည်း။ (၉ : ၄၄)

အကြင်သူတို့သည်သာလျှင် အသင့်ထံခွင့်ပန်ကြကုန်၏။ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ မယုံကြည်ကြသည့်ပြင် ၎င်းတို့၏စိတ်နှလုံးများသည်လည်း (အစွမ်းမာန်နှင့်စပ်လျဉ်း၍) ဒွိဟသံသယဖြစ်လျက်ရှိ ကြကုန်သည်။သို့ဖြစ်ပေရာ၎င်းတို့သည် မိမိ ဒွိဟသံသယ၌ပင် တဝဲလည်လည်ဖြစ်လျက် ရှိကြကုန်သတည်း။ (၉ : ၄၅)

စင်စစ်တမူကား၊ အကယ်၍သာ ၎င်းတို့သည် (အသင်တို့နှင့်အတူ စစ်တလင်းသို့) ထွက်ကြရန် ရည်စူးခဲ့ကြပါလျှင် မုချဖကန် ၎င်းတို့သည်ထွက်ရန်အလို့ငှာ တစ်စုံတစ်ရာ ပြင်ဆင်မှု အသင့်ပြုလုပ် ထားရှိကြပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ၎င်း တို့ (စစ်တလင်းသို့လိုက်ပါ)သွားခြင်းကို နှစ်မြို့တော်မမူခဲ့ချေ။ သို့ဖြစ်ပေရာ ထိုအရှင် မြတ်သည် ၎င်းတို့အား နေမြဲနေစေတော်မူခဲ့လေသည်။ ၎င်းပြင် (အလ္လာဟ်အရှင်မြတ်ထံ တော်မှ ထိုသူတို့အား) "အသင်တို့သည် ကျန်ရစ်ခဲ့သော သူတို့နှင့်အတူထိုင်၍ပင်

ကျန် ရစ်ခဲ့ကြလေကုန်" ဟု အဓိန့်ရှိခဲ့လေသတည်း။ (၉ : ၄၆)

အကယ်၍ထိုသူတို့သည်အသင်တို့တွင်ပါဝင်၍ထွက်ခဲ့ကြသည်ရှိသော်၎င်းတို့သည် ပျက်စီးရာပျက်စီးကြောင်းမှအပ အသင်တို့၌ မည်သည့် တစ်စုံတစ်ရာကိုမျှ တိုးပွားစေခဲ့ကြသည်မှ မဟုတ်ပေ။ ၎င်းပြင် ဇကာမုချ ထိုသူတို့သည် အသင်တို့ အကြားတွင်အနှောင့်အယှက်ဖြစ်စေရန် လူးလာပြန်ခတ်သွားချေလာချေ ပြုလုပ်ကြမည်သာတည်း။ ထို့ပြင် (ယခုလည်း) အသင်တို့တွင် ၎င်းတို့၏သတင်းထောက်လှမ်းသူများ (သူလျှိုများ)ရှိကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားပြုမူသော သူတို့အား ကောင်းစွာ သိရှိတော်မူပေသတည်း။ (၉ : ၄၇)

ဇကာစင်စစ် ၎င်းတို့သည် ယခင်ကတည်းက (အသင်တို့အား "အုဟုဒ်" အစရှိသော စစ်ပွဲများတွင်) အနှောင့် အယှက်ဖြစ်စေခဲ့ကြလေသည်။ ထို့ပြင်၎င်းတို့သည်(အသင်၏ အရေးကိစ္စများကိုကပြောင်းကပြန်ပြုလုပ်ခဲ့ကြလေသည်။) နောက်ဆုံးတွင်မူ၎င်းတို့မနှစ်မြို့ကြသော်လည်း အမှန်တရားသည် ရောက်လာခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ အဓိန့်တော်သည် ထင်ရှားလားခဲ့လေသတည်း။ (၉ : ၄၈)

၎င်းပြင် ထို (ကျန်ရစ်ခဲ့)သူ (မုနာဖစ်က်) တို့တွင် "ကျွန်ုပ်အား (စစ်တလင်း သို့ မလိုက်ပါဘဲအိမ်တွင် နေရစ်ခဲ့ရန်) ခွင့်ပေးပါ။ ထို့ပြင် အသင်သည် ကျွန်ုပ်အား မဖျက်ဆီးပါနှင့်"ဟူ၍ ပြောဆိုသူလည်းရှိပေသေး၏။ ၎င်းတို့သည် ပျက်စီးမှု၌ ကျဆင်းခဲ့ပြီးဖြစ်ကြသည်ကို (အသင်တို့သည်) ကောင်းစွာမှတ်ယူကြလေကုန်။ ထိုမှတစ်ပါး (နောင်တမလွန်ဘဝတွင်လည်း) ဂျဟန္နမ်ငရဲဘုံသည် ၎င်းတို့အား ဝန်းရံလျက်ရှိချေအံ့သတည်း။ (၉ : ၄၉)

အကယ်၍အသင်၌ ကောင်းမွန်သောအခြေအနေ တစ်စုံတစ်ရာဆိုက်ရောက်သည် ရှိသော်ထိုကောင်းမွန်သောအခြေ အနေသည် ၎င်းတို့အားပူပင်သောကဖြစ်စေ၏။သို့ရာတွင်အကယ်၍အသင်တို့၌ဘေးအွန္တရာယ် တစ်စုံတစ်ရာ ဆိုက်ရောက်သည်ရှိမူ ၎င်းတို့က "ဇကာစင်စစ် ကျွန်ုပ်တို့သည်မိမိတို့၏အရေးကိစ္စကို ယခင်ကပင်တင်ကူး၍စီမံခဲ့ပြီးဖြစ်သည်။"ဟု ပြောဆိုကာ ဝမ်းမြောက် ပျော်ရွှင်စွာ ပြန်လှည့်သွားလေ့ ရှိကြကုန်သတည်း။ (၉ : ၅၀)

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား)ကျိသို့) ပြောကြားပါလေ။ အလ္လာဟ် အရှင်မြတ်က ကျွန်ုပ် တို့နှင့်ပတ်သက်၍ စီရင်ရေးသားတော်မူခဲ့သည်မှအပ အခြားမည်သည့်တစ်စုံတစ်ရာကိုမျှ အကျွန်ုပ်တို့၌ အလျင်း ဆိုက်ရောက်နိုင်မည်မဟုတ်ပေ။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏အရှင်သခင်ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ "မုအ်မင်နဲ့" သက်ဝင်ယုံကြည်သော သူတို့သည် ထိုအရှင်တော်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ကြရာကုန်သတည်း။ (၉ : ၅၁)

(အိုး-နဗီတမန်တော်) အသင်သည် (ငုံးတို့အား ဤသို့) ပြောကြားပါလေ။ ဟယ် (အချင်းတို့) အသင်တို့သည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ကောင်းမြတ်သော အကြောင်း အရာနှစ်ခုအနက် တစ်ခုမှတစ်ပါး အခြားတစ်စုံတစ်ရာကို စောင့်မျှော် နေကြသလော။ စင်စစ်သော်ကား ကျွန်ုပ်တို့သည်အသင်တို့နှင့်ပတ်သက်၍ အလွှာဟ်အရှင်မြတ်သည် မိမိအထံတော်ဖြစ်စေ၊ကျွန်ုပ်တို့၏ လက်များဖြင့်ဖြစ်စေ အသင်တို့၌ အပြစ်ဒဏ်တစ်စုံ တစ်ရာကို သက်ရောက်စေတော်မူရန် စောင့်မျှော်လျှက်ရှိကြပေသည်။ သို့ဖြစ်ရာအသင် တို့သည်စောင့်မျှော်၍ နေကြလေကုန်။ ကျွန်ုပ်တို့သည်လည်း (မိမိတို့ အနေနှင့်) အသင်တို့ နှင့် အတူစောင့်မျှောက်လျက်ပင်ရှိကြပေသည်။ (၉ : ၅၂)

အကျယ်ဖွင့်ဆိုခြင်း

ဤပါဒတစ်ခုလုံးပါ အာယသ် (၁၇) ပုဒ်လုံးနီးနီးပင် မမှန်ကန်သောဆင်ခြေဆင်လက်များပေး၍ သဗ္ဗက် ဂျိဟားဒ် စစ်ပွဲတွင် မပါဝင်နိုင်စေရန်အတွက် မမှန်ကန်သောဆင်ခြင်များပေးကာ တမန်တော်မြတ် S သခင်ထံမှ ခွင့်ပြုချက် ရယူခဲ့သော အရေခြုံများအကြောင်း ဖော်ပြထားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ များစွာသောအမိန့်ပညတ် ချက်များကို ဥပဒေများနှင့် ညွှန်ကြားချက်များကို အကျယ်ဖွင့်ဆိုချက်များတွင် ထောက်ပြခဲ့ပြီးဖြစ်ပါသည်။

ပထမအာယသ် (၄၃) သည် နူးညံ့သိမ်မွေ့သောအနေထားဖြင့် အစပြုခဲ့ပါသည်။ ဤထဲတွင် တမန်တော်မြတ် S သခင်အား တိုင်တန်းချက်တစ်ခုပြုလုပ်ခဲ့ပါသည်။ ဂျိဟားဒ်စစ်ပွဲတွင် တက်တက်ကြွကြွဝင်ရောက်ဆင်နွှဲခြင်းမှ ခွင့်လွှတ်ရန် တင်ပြခဲ့သည့် အရေခြုံများသည် လိမ်လည်ပြောခြင်းသာဖြစ်ကြောင်း တမန်တော်မြတ် S အား ပြောကြား ခဲ့ပါသည်။သို့ရာတွင် တမန်တော်မြတ် S သည် ၎င်းတို့၏အသနားခံမှုကို ထိုသူတို့၏ကိစ္စရပ်များ မှန်၏။ မမှန်၏ ဦးစွာ ပထမ စစ်ဆေးမှုမပြုဘဲ လက်ခံခဲ့ပါသည်။ ဤသည်က ၎င်းတို့သည် မည်မျှပါးနပ်စွာဖြင့် တမန်တော်မြတ် S အား လှည့်စားခဲ့ကြောင်း မိမိကိုယ်မိမိ ဂုဏ်တင်ကာပြောကြားနေပါသည်။ လာမည့်အာယသ်များထဲ၌ အလွှာသအာ လာက ထိုသူများသည် ဂျိဟားဒ်တွင်ပါဝင်ခြင်းမှ ကင်းလွတ်ရန်တောင်းခံခြင်းသည် လိမ်လည်လှည့်ဖျားမှုဖြစ်ကြောင်း ရှင်းလင်းစွာမိန့်ထားခဲ့ပါသည်။ အကယ်၍ ထိုသူများအားခွင့်မပြုဘဲ စစ်ထွက်စေခိုင်းခဲ့လျှင် ထိုသူများ အဘယ်သော အခါမျှ စစ်ထွက်ကြလိမ့်မည်မဟုတ်ပါ။ နောက်တစ်အာယသ်ထဲတွင်လည်း အကယ်၍ ထိုသူများစစ်ထွက်ခဲ့လည်း ထိုသူတို့သည် မုစ်လင်မ်များကို အကျိုးမပြုနိုင်ကြပါ။ အမှန်ဆိုရသော် သူတို့၏ပူးပေါင်းကြံစည်မှုနှင့် အကျိုးပျက်စီး စေမှုတို့က မုစ်လင်မ်များအတွက် အန္တရာယ်ပင် ဖြစ်စေပါသည်။

သို့ရာတွင် စကားအခြေအတင်ပြောဆိုမှုအာဘော်အရဆိုလျှင် အကယ်၍ စစ်မထွက်ခွင့် တောင်းခံခြင်းကို ငြင်းဆန်ခဲ့လျှင်လည်း ၎င်းတို့သည် မည်သည့်နည်းနှင့်မဆို စစ်ထွက်ကြလိမ့်မည်မဟုတ်ပါ။ သူတို့၏ အယောင် ဆောင်မှုသည် ဗူးပေါ်သလို ပေါ်သွားကာ မုစ်လင်မ်များကို အထင်သေးကဲ့ရဲ့ခြင်းနှင့် လှည့်စားဝမ်းမြောက်ခဲ့ရသည် ဆိုသည့်အခွင်အရေး ရရှိတော့မည် မဟုတ်ပါ။ ဤသည်၏ စစ်မှန်သောရည်ရွယ်ချက်မှာ စိတ်ပျက်မှု၊ မနှစ်မြို့မှုတို့ကို ဖော်ပြရန်မဟုတ်ပါ။ နောင်တွင်ထိုသူတို့၏ရည်ရွယ်ချက်များ၊ လှုပ်ရှားမှုများအားဂရုတစိုက် စောင့်ကြပ်စိစစ်ရမည်ဟူ၍ ပြောဆိုခြင်းဖြစ်ပါသည်။ ထို့နောက် စကားလုံးများ၏အပြင်ပိုင်းဆိုင်ရာ တည်ဆောက်မှုထဲတွင် မနှစ်သက်မှုတစ်မျိုးရှိနေ

ပါသည်။ သို့သော်လည်း ယင်းစကားလုံးတို့အား သူ၏ချစ်မြတ်နိုးရသော တမန်တော်မြတ် ကြီးအတွက် နှစ်လိုဖွယ် သောကရောက်မှုဖြင့် ဖုံးကွယ်ထားပါသည်။ မနှစ်သက်ကြောင်းဖော်ပြချက်ကို **لِمَ اَذِنْتَ لَهُمْ** "အသင်သည် မသိသေးမီလည်းကောင်း၊ အသင်သည်မည်သည့်အတွက် ထိုသူတို့အား (စစ်ရှိုတက်ရာသို့မလိုက်ဘဲ နေရစ်ခဲ့ကြရန်) ခွင့်ပြုခဲ့သနည်း"ဟူသော အသုံးအနှုန်းတွင် တွေ့မြင်နိုင်ပါသည်။ သို့သော်လည်း ယင်းအသုံးအနှုန်းအား**عَفَا اللّٰهُ عَنْكَ** "အလ္လာဟ်အရှင်မြတ်သည် အသင့်အား ခွင့်လွှတ်တော်မူခဲ့ချေပြီ"ဟူသည်၏ နောက်တွင်သာ ဖော်ပြထားသည်။

အလ္လာဟ်-ရစူလ်ဆက်ဆံမှု သဘောသဘာဝကို ထိုးထွင်းသိမြင်သူတို့ပြောကြသည်။ တမန်တော်မြတ် S သည် အလ္လာဟ်ဂျလ္လရှာနဟူအပေါ်၌ ထူးခြားသောတွယ်တာမှုရှိပါသည်။ အလ္လာဟ်အရှင်မြတ်၏ စုံစမ်းစစ်ဆေးမှု အခြေအနေတစ်ရပ် မျိုးဖြစ်ခဲ့ပါလျှင် ထိုသည်၏ဒဏ်ကို တမန်တော်မြတ် S သခင်၏ နှလုံးသားသည် ခံနိုင်ရည်ရှိလိမ့်မည် မဟုတ်ပါ။ ပမာဆိုသော် အကယ်၍ စုံစမ်းစစ်ဆေးခြင်း၏ ပုံမှန်အနေထားအရ စုံစမ်းစစ်ဆေးခြင်းဖြစ်သော **لِمَ اَذِنْتَ لَهُمْ** "အသင်သည် မသိသေးမီလည်းကောင်း၊ အသင်သည် မည်သည့်အတွက် ထိုသူတို့အား (စစ်ရှိုတက်ရာသို့မလိုက်ဘဲ နေရစ်ခဲ့ကြရန်) ခွင့်ပြုခဲ့သနည်း"ဟူသော အသုံးအနှုန်းဖြင့် အာယသ်အားစတင်ခဲ့ပါလျှင် တမန်တော်မြတ် S သခင်၏ နှလုံးသားအား မည်သို့မျှ ခံနိုင်စွမ်းမရှိစေနိုင်ပါ။ ထို့ကြောင့် **عَفَا اللّٰهُ عَنْكَ** "အလ္လာဟ် အရှင်မြတ်ခွင့်လွှတ်တော်မူသည် ဟူသော စကားလုံးများကို အဦးဆုံး ဖော်ပြထားသည်။ ယင်းတွင်ရည်ရွယ်ချက်နှစ်ရပ်ရှိသည် ပထမ တစ်စုံတစ်ရာဖြစ်ခဲ့သည်ဆိုသော သတင်းစကား ကိုယ်တော်မြတ် S ကိုမေး၍ ယင်းကို အလ္လာဟ်မနှစ်သက်ကြောင်းဖြစ်သည်။ သတင်းစကားကို တမန်တော်မြတ် S မည်သည်ကိုပဲ ဖြစ်ခဲ့စေကာမူ မဖြစ်မီကပင် ခွင့်လွှတ်ပြီးဖြစ်ကြောင်း သတင်း စကားပေးပါသည်။ ထို့နောက် အာယသ်ထဲတွင် တမန်တော်မြတ် နှလုံးသား မကြေကွဲစေသင့်ပါဟု မိန့်ထားသည်။

ခွင့်လွှတ်တော်မူမည်ဟူသော စကားလုံးနှင့်ပတ်သက်၍ သံသယမရှိပါနှင့်။ ခွင့်လွှတ်ခြင်းဟူသည် ပြစ်မှုများနှင့် ဂုနာဟ်ဒုစရိုက်များအတွက်သာဖြစ်သည်ဟု မည်သူမှမပြောကြပါနှင့်။ တမန်တော်မြတ် S သည် မအ်စူမ် (အပြစ်မှကာကွယ်ပြီး) ဖြစ်သည်။ သို့ဆိုလျှင် ဤနေရာ၌ပါရှိသော ခွင့်လွှတ်တော်မူခြင်းဟူသည်ကား မည်သည်နည်း။ အဖြေမှာ ပြစ်မှုဒုစရိုက် အတွက် ခွင့်လွှတ်သည့်နည်းလမ်းရှိသလို အလားတူ နှစ်သက်ရာနည်းလမ်းနှင့် ဆန့်ကျင်မှု (ခိလာဖုလ် အောင်လာ) အတွက် နည်းလမ်းလည်းရှိသည်။ တနည်းဆိုရသော် မနှစ်မြို့ခြင်းသာ ဖြစ်သည်။ ထို့နောက် တမန်တော်တစ်ပါးသည် အစ္စမာအ် (မည့်သည့်အခါမျှမမှားယွင်း) ဟူသည့်ခံယူချက်ကို မဖောက်ဖျက်ချေ။

ဒုတိယအာယသ်၄၄နှင့်တတိယအာယသ်၄၅ထဲတွင်ယုံကြည်သက်ဝင်သူများနှင့်အရေခြုံများကွဲပြားခြားနားသည့်အကြောင်း ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်အား မှန်ကန်စွာနှင့်စွဲမြဲစွာသက်ဝင်ယုံကြည်သည့်သူများသည် ထိုသို့သောအခြိန်အခါမျိုးတွင် ၎င်းတို့တမန်တော်ထံမှ အသက်နှင့်ဥစ္စာအတွက် ဂျိဟာဒ်စစ်ပွဲမှ ချန်နေရစ်ခွင့်ကို တောင်းခံလိမ့်မည်မဟုတ်ချေ။ စင်စစ် ထိုနောက်ချန်ခွင့် တောင်းခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့် တရားစီရင်မည့်နေ့ (အာခိရသ်)ကို စစ်မှန်၍နည်းလမ်းကျစွာ မသိသော မယုံကြည်သူများ၏ အပြုအမူများဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေမှုအား ပြီးပြည့်စုံစွာ သိရှိတော်မူသည်။

သူတို့၏အကြောင်းပြချက်သည် အဘယ်ကြောင့်မှားယွင်းကြောင်း အနည်းဆုံးလက္ခဏာ သွင်ပြင်တစ်ခုအဖြစ် အာယသ် ၄၆တွင် ဖော်ပြထားသည်မှာ **وَلَوْ اَرَادُوا الْخُرُوْجَ لَاَعَدُّوْا لَهٗ عُدَّةً** "အကယ်၍ ၎င်းတို့သည် (အသင်

တို့နှင့်အတူ စစ်တလင်းသို့) ထွက်ရန် ရည်စူးခဲ့ကြပါလျှင် မုချဇကန် ၎င်းတို့သည် ထွက်ရန်အလို့ငှာ တစ်စုံတစ်ရာ ပြင်ဆင်မှု အသင့်ပြုလုပ်ထားရှိကြပေမည်။ (၄၆)"ဟုဖြစ်သည်။ ဤသည်က အကြောင်းပြချက်ရှိသော အသနားခံမှုသည် မှားယွင်းကြောင်းပြသည်။ ကိစ္စရပ်၏အမှန်တရားကား ထိုသူများသည် ဂျိဟာဒ်စစ်ပွဲထွက်ရန် မည်သည့်ရည်စူးချက်မျှမရှိချေ။

အကြောင်းပြချက်တစ်ရပ်သည် ကျိုးကြောင်းဆီလျော်သည် (သို့မဟုတ်) ကျိုးကြောင်းမညီညွတ် ဟူသည်ကို ကျွန်ုပ်တို့ မည်သို့သိနိုင်မည်နည်း။

ဤအာယသ်တော်မှ အရေးကြီးသည့်မူတစ်ရပ်ထွက်လာပါသည်။ ယင်းမူမှာ အကြောင်းပြချက်တစ်ခုသည် ကျိုးကြောင်းဆီလျော်သည်၊ ကျိုးကြောင်းမညီညွတ်ဟူသည်ကို ခွဲခြားနိုင်သည်။ ဆိုလိုသည်မှာ အမိန့်များကို ဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေသူများကတင်ပြသော အကြောင်းပြချက်ဖြစ်သည်။ ထိုသူတို့သည် အကြောင်းကိစ္စ အချို့ကြောင့် မထမ်းဆောင်နိုင်ဘဲ ဖြစ်နေသူများဖြစ်၍ ရည်ရွယ်ချက်လည်းမရှိသောသူသည် အကြောင်းပြချက်အချို့တင်ပြလာလျှင် ပြစ်မှုဂုနာဟ် ကင်းလွတ်ခွင့်တောင်းသည်နှင့် တူ၍ ယင်းသည် ပြစ်မှုဂုနာဟ်ထက် ပိုဆိုးဝါးသည်။ ဤသည်မှာ စစ်မှန်သော အကြောင်းပြချက်ဟု မှတ်ယူလိမ့်မည် မဟုတ်ချေ။ ဂျွမ္မအဟ်ဆွလာသ် ဝတ်ပြုဆောက်တည်မှု အတွက် မစ်ဂျဒ် ဝတ်ကျောင်းတော်တွင် သွားရန် ရည်စူးပြီး အလုံးစုံ ပြင်ဆင်ထားသည့် သူတစ်ဦး၏ ဥပမာကို ကြည့်ကြစို့။ ထိုသူသည် ထိုနေရာသို့သွားရောက်ရန် ရည်စူးခဲ့သော်လည်း ရုတ်တရက်ချက်ချင်း ယင်းနေရာသွားမည်ကို အဟန့်အတားနှင့် ကြုံတွေ့ရသည်ဆိုပါစို့။ ထို့နောက် သူ၏ အကြောင်းပြချက်မှာ ကျိုးကြောင်း ဆီလျော်ပါသည်။ ထို့နောက် အလ္လာဟ် အရှင်မြတ်သည် ထိုသူ့ကို ၎င်းပြုလုပ်မည့် အိဗာဒသ်(ခဝပ်ကိုးကွယ်မှု)၏ ဆုလာဘ် အပြည့်အဝ ကောင်းချီး မင်္ဂလာပေးအပ်တော်မူပေမည်။ မည်သည့်ပြင်ဆင်မှုမှ မပြုလုပ်ထားသူတစ်ဦးသည် နောက်မှကံအားလျော်စွာ အကြောင်းပြချက် တစ်ခုရခဲ့လျှင် ယင်းသည် ရိုးမယ်ဖွဲ့ခြင်း ဆင်ခြေပေးခြင်း ဖြစ်သည်။

နေ့စဉ်ဘဝမှ ဥပမာတစ်ရပ်ကိုကြည့်ကြစို့။ တစ်စုံတစ်ဦးသည် နံနက်စောစောအိပ်ရာမှထရန် လိုအပ်သည့် ပြင်ဆင်မှုလုပ်၍ ဖဂျရ်ဆွလာသ်ဝတ်ပြုဆောက်တည်ရန် အဆင်သင့်ပြုလုပ်ခဲ့သည်။ အိမ်သုံးနှိုးစက်ပါနာရီကို တိုက်လျှင်တိုက်ထားမည်။ သို့မဟုတ် တစ်စုံတစ်ဦးကိုနှိုးရန် တာဝန်ပေးကောင်းပေးထားမည်။ ယင်းနောက်ကံအားလျော်စွာ ယင်းပြင်ဆင်ထားခဲ့မှုသည် အကောင်အထည်မပေါ်ဘဲ ဆွလာသ်ဝတ်ပြုမှု လွတ်သွားခဲ့သည်။ တမန်တော်မြတ် s ၏ ခရီးစဉ်တစ်ခုတွင် စခန်းချခဲ့သောအခါ (လိုင်လတုတ်တာရီးစ်) ညဉ့်နှောင်းပိုင်းတွင် အလားတူအဖြစ်အပျက် ဖြစ်ခဲ့လေသည်။ ဖဂျရ်ဆွလာသ် ဝတ်ပြုချိန်ကျရောက်စဉ် ဝတ်ပြုဆောက်တည်နိုင်ရန် လူတိုင်းကိုအိပ်ရာနိုးရန် စိုက်ယိဒနာဗီလာလ် d အား ထိုင်စောင့်ရန် အစီအစဉ်တစ်ခုပြုလုပ်ထားခဲ့သည်။ သို့သော်လည်း ကံအားလျော်စွာ စိုက်ယိဒနာဗီလာလ် d လည်း အိပ်ပျော်သွားခဲ့သည်။ လူတိုင်းသည် နေထွက်ပြီးမှနိုးလာခဲ့ကြသည်။ ထို့ကြောင့် ဤသည် မှန်ကန်၍ ကျိုး ကြောင်းဆီလျော်သော အကြောင်းပြချက်ဖြစ်သည်။ ဤသည်ပေါ်အခြေခံ၍ တမန်တော်မြတ် s သည် ဆွဟာဗဟ် သာဝကကြီးများကို နှစ်သိမ့်၍မိန့်ကြားသည်မှာ لَاتَفْرِيْطَ فِي النَّوْمِ اِنَّمَا التَّفْرِيْطُ فِي الْيَقْظَةِ "အိပ်ပျော်နေစဉ် လျစ်လျူရှုမှုမှာ နိုးကြားစဉ်သာလျှင်ဖြစ်သည်။" ဆိုလိုသည်မှာ တစ်စုံတစ်ဦး၏အိပ်ပျော်ခြင်းသည် ခွင့်လွှတ်နိုင်သည်။ အကြောင်းမှာ ဆွလာသ်ဝတ်ပြုမှုကို အဖြစ်နိုင်ဆုံးလုပ်ဆောင်ရန် အချိန်မှီအိပ်ရာမှထရေး အစီအစဉ်များ လုပ်ထားသည်။ လုပ်ထားသည့်အထဲမှ ယင်းသို့ဖြစ်ရခြင်းဖြစ်သည်။

အတိုချုပ်ဆိုရသော် အမိန့်များထမ်းဆောင်ရန် ပြင်ဆင်မှုများလုပ်ထားသည်၊ မလုပ်ထားသည်ကို သိရှိထားပြီးမှသာလျှင် အကြောင်းပြချက်ကျိုးကြောင်းဆီလျော်သည်၊ ကျိုးကြောင်းမဆီလျော်သည်ကိုဆုံးဖြတ်ရမည်။ လိုရာဆွဲ၍ စကားလုံးများသုံး နှုန်းခြင်းသည် အလုပ်မဖြစ်ချေ။

ပဉ္စမအာယသ် ၄၇ တွင် ဂျိဟာဒ်စစ်ပွဲမှချန်နေရစ်ခွင့်ကို အရေခြံများက လှည့်ဖျား၍ရယူခဲ့ကြသည်။ ထို့နောက် ၎င်းတို့ ယင်းစစ်ပွဲတွင်မပါဝင်သည်က ပိုကောင်းသည်။ ထိုသူတို့ စစ်ပွဲသွားခဲ့လျှင် ၎င်းတို့သည် ပူးပေါင်းကြံစည်မှုများလုပ်ခြင်း ကောလာဟလလွှင့်ခြင်းနှင့် မငြိမ်မသက်ဖြစ်စေရန်လုပ်ခြင်းမှအပ အခြားဘာမျှလုပ်ကြမည်မဟုတ်ချေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့် **وَ فِيْكُمْ سَمّٰعُوْنَ لَهُمْ** "အသင်တို့တွင် ၎င်းတို့၏ သတင်းထောက်လှမ်းသူများ (သူလျှိုများ)ရှိကြကုန်၏"က ဆိုလိုသည်မှာ မုစ်လင်မ်များအနက် ရိုးသားသူအချို့လည်းရှိသည်။ အရေခြံများ၏ မှားယွင်းသော ကောလာဟလများကြောင့် ၎င်းတို့တွင်လည်း ထိခိုက်သွားနိုင်ပေသည်။

ဆဋ္ဌမအာယသ် (၄၈) ၏အဖွင့်ဝါကျ **لَقَدِ ابْتَغَوُا الْفِتْنَةَ مِنْ قَبْلُ** "ဇကာန်စင်စစ် ၎င်းတို့သည် ယခင်ကလည်းအနှောက်အယှက် ဖြစ်စေခဲ့ ကြလေသည်" က အုဟုဒ်စစ်ပွဲတွင် မည်သည်တို့ဖြစ်ခဲ့ကြောင်းရည်ညွှန်းသည်။

အာယသ်အဆုံးရှိ **وَ ظَهَرَ اَمْرُ اللّٰهِ وَ هُمْ كٰرِهُوْنَ** "နောက်ဆုံးတွင်မူ ၎င်းတို့သည် မနှစ်မြို့ကြသော်လည်းအမှန်တရားသည် ဆိုက်ရောက်လာခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်သည်လည်း ထင်ရှားလာခဲ့လေသတည်း" ရှိ အဆိုအမိန့်က အောင်နိုင်ခြင်းသည် အလ္လာဟ်အရှင့် လက်ဝယ်ရှိတော်မူကြောင်း ရည်ညွှန်းသည်။ အစောပိုင်းက အဖြစ်အပျက်များသည် တမန်တော်မြတ် ﷺ အား အောင်နိုင်ခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးထားခြင်းသည် ဤသည်ကို သက်သေပြပြီး ဖြစ်သည်။ ဤဂျိဟာဒ်စစ်ပွဲတွင်လည်း အရေခြံများ၏ လှည့်စားမှုအားလုံးရှုံးနိမ့်ကာ အလားတူဖြစ်လိမ့် မည်ဟူ၍ဖြစ်သည်။

သတ္တမအာယသ် (၄၉) ထဲတွင် ဂျဒ်အိဗ်နိကိုက်စ်ဟူသည့် လူဂုဏ်တံအရေခြံတစ်ဦး၏ သီးသန့်အကြောင်းပြချက်ကို တင်ပြကာ ၎င်းသူမည်မျှ လမ်းလွဲရောက်သွားကြောင်း မှတ်ချက်တစ်ခုပြုထားသည်။ ဂျိဟာဒ်စစ်ပွဲကို မလိုက်နာရခြင်း အကြောင်း ၎င်းတင်ပြသောအကြောင်းပြချက်မှာ သူသည်ငယ်ရွယ်ပျိုမြစ်သည့် လူငယ်ဖြစ်သည်ဆိုခြင်းဖြစ်သည်။ အကယ်၍ သူရောမခရီယာန်များနယ်မြေတွင် သွားရောက်တိုက်ခိုက်လျှင် ၎င်းတို့၏လှပသော အမျိုးသမီးများ၏ညွှတ်ကွင်းတွင် ကျရောက်နိုင်သည်။ (ကျွန်ုပ်ကို ဒုက္ခဖြစ်မည့်နေရာသို့မပို့ပါနှင့်။) ကုရ်အာန်ကျမ်းတော်မြတ်သည် ယင်းကိုတုန်ပြန်သည့် အနေဖြင့် **اَلَا فِي الْفِتْنَةِ سَقَطُوْا** "၎င်းတို့သည် ပျက်စီးမှု၌ ကျဆင်းခဲ့ပြီးဖြစ်သည်ကို (အသင်တို့သည် ကောင်းစွာ မှတ်ယူကြလေကုန်"ဟူ၍ မိန့်ထားခဲ့သည်။ ဆိုလိုသည်မှာ ထိုကဲ့သို့သောသူများသည် လွန်စွာမပါးနပ်ကြချေ။ ထိုသူများသည် စိတ်ကူးထဲရှိဒုက္ခ သုက္ခကို အကြောင်းပြချက်ဖြင့် ဖုံးကွယ်ရန်ကြိုးစားကြပါသည်။ ယင်းဒုက္ခသုက္ခရောက်မှု (ပျက်စီးမှု)သည် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်ရစူလ်တမန်တော်တို့၏အမိန့်ကို ဆန့်ကျင်ခြင်း နှင့် ယင်းနေရာတွင် ဂျိဟာဒ်စစ်ပွဲထွက်ခြင်းမှ ရှောင်ပြေးခြင်းတို့ဖြစ်သည်။

အာယသ်တော်၏နောက်ဆုံးဝါကျ **وَ اِنَّ جَهَنَّمَ لَمُحِيْطَةٌ بِالْكٰفِرِيْنَ** "ထိုမှတစ်ပါး (နောင်တမလွန်ဘဝတွင်လည်း) ဂျဟန္နမ်ငရဲဘုံသည် ၎င်းတို့အား ဝန်းရံလျက်ရှိချေအံ့သတည်း"တွင် အဓိပ္ပာယ်နှစ်မျိုးရှိနိုင်သည်။ နောင်တမလွန်ဘဝတွင် ထိုသူများကို ဂျဟန္နမ်ငရဲမီးက ဝန်းရံထားလိမ့်မည်ဟူ၍လည်း အဓိပ္ပယ်သက်ရောက်နိုင်သည်။ သို့တည်းမဟုတ် သူတို့ကို ဂျဟန္နမ်ငရဲ ရောက်စေသည့် ကွင်းဆက်အကြောင်းသည် ထိုအချိန်တွင် ၎င်းတို့အား ဝန်းရံ

ထားစေကာ ယင်းသည် နောင်တမလွန် ဘဝတွင် ဂျဟန္နမ်ငရဲမီးဝန်းရံထားသည်နှင့် အလားတူသွားစေသည် ဟုလည်း အဓိပ္ပာယ်သက်ရောက်နိုင်သည်။ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်အရဆိုလျှင် ယခုပင်လျှင် ထိုသူတို့သည် ဂျဟန္နမ်ငရဲမီး၏ ကြီးမားသောဝန်းရံမှုအတွင်း သက်ဆင်းလျက်ရှိကြောင်း ရည်ညွှန်းသည်။

အဋ္ဌမအာယသ်တော် (၅၀)ထဲတွင် ထိုသူများ၏နိမ့်ကျသော သဘာဝအကြောင်းဖော်ပြပြီးမိန့်ထားသည်မှာ ထိုသူတို့သည် မုစ်လင်မ်များနှင့်ရောနှောနေထိုင်ကာ ၎င်းတို့သည် အပြင်ပန်းအားဖြင့် မုစ်လင်မ်များအဖြစ် နေထိုင်ကြသော်လည်း အတွင်းပိုင်းဆိုင်ရာတုန့်ပြန်မှုအားဖြင့် တမန်တော်မြတ် ﷺ ကို တစ်စုံတစ်ခုဖြစ်သွားစေရန် ဖြစ်ပေသည်။ မူရင်းစာသားက ဤသည်ကိုပုံဖော်ပြ၍ မိန့်ထားသည်မှာ **اِنْ تُصِبْكَ حَسَنَةٌ تَسُؤْهُمْ** "အကယ်၍ အသင့်၌ ကောင်းမွန်သောအခြေအနေ တစ်စုံတစ်ရာ ဆိုက်သည်ရှိသော် ထိုကောင်းမွန်သောအခြေအနေသည် ၎င်းတို့အား ပူပင်သောကမဖြစ်စေ၏"နှင့် **وَ اِنْ تُصِبْكَ مُصِيْبَةٌ يَّقُوْلُوْا قَدْ اَخَذْنَاۤ اَمْرَنَا مِنْ قَبْلُ وَ يَتَوَلَّوْا وَّ هُمْ فَرِحُوْنَ** "သို့ရာတွင် အကယ်၍ အသင်တို့၌ ဘေးအန္တရာယ် တစ်စုံတစ်ရာဆိုက်သည်ရှိမှု ၎င်းတို့က "ဇကာန်စင်စစ် ကျွန်ုပ်တို့သည် မိမိတို့၏ အရေးကိစ္စကို ယခင်ကပင်တင်ကူး၍ စီမံခဲ့ပြီးဖြစ်သည်"ဟု ပြောဆိုကာ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လှည့်သွားလေ့ရှိကြကုန်သတည်း" ဟူ၍ဖြစ်သည်။ မုစ်လင်မ်များနှင့်အတူ စစ်မတိုက်မှုသည် ၎င်းတို့ကောင်းကျိုးအတွက် သင့်လျော်သည်ဟု သတ်မှတ်ကာ ပေါ်ထွက်လာသောရလဒ်မှာ ၎င်းတို့ပျော်ရွှင်စွာထွက်ခွာသွားစေရန် လုံလောက်ကြောင်းတွေ့ ရှိရသည်။

နဝမအာယသ်(၅၁)ထဲတွင်အလ္လာဟ်အရှင်မြတ်သည်တမန်တော်မြတ် ﷺ နှင့်မုစ်လင်မ်များကိုညွှန်ကြားထားသည်မှာ အရေခြံများပြောသည့်ကိစ္စများကြောင့် ၎င်းတို့အား မထိခိုက်စေရ၊ ထို့နောက် မုစ်လင်မ်များသည် အမြဲတန်းအမှန်တရားကို အရှိအတိုင်းထားရမည်ဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများမှာ **قُلْ لَّنْ يُّصِيْبَنَاۤ اِلَّا مَا كَتَبَ اللّٰهُ لَنَا ۚ هُوَ مَوْلٰىنَا ۚ وَ عَلَى اللّٰهِ فَلْيَتَوَكَّلِ الْمُؤْمِنُوْنَ** "(အို- နဗီ တမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့နှင့်ပတ်သက်၍ စီရင်ရေးသား တော်မူခဲ့သည်မှအပ အခြားမည်သည့်တစ်စုံတစ်ရာမျှ အကျွန်ုပ်တို့၌ အလျဉ်းဆိုက်ရောက်နိုင်မည် မဟုတ်ပေ။ ထိုအရှင်မြတ်သည် ကျွန်ုပ်တို့၏ အရှင်သခင် ဖြစ်တော်မူသည်။ သို့ဖြစ်ပေရာ မုအ်မင်နဉ်သက်ဝင် ယုံကြည်သော သူတို့သည် ထိုအရှင်မြတ်အပေါ်၌ သာလျှင် ယုံကြည်စိတ်ချလွှဲအပ်ကြကုန်သတည်း။" (၅၁) တနည်းဆိုရသော် တမန်တော်မြတ် ﷺ သခင်ကို ထိုသူများထံမိန့်ကြားခိုင်းသည်မှာ ဖော်ပြပါ ရုပ်ပိုင်းဆိုင်ရာ အကြောင်းတရားများကို ကိုးကွယ်နေကြသူများသည် ကြီးလေးသောလှည့်စားမှု ခံနေကြရကြောင်းပင်ဖြစ်သည်။ ဤရုပ်ပိုင်းဆိုင်ရာအကြောင်းအရာများသည် အကာအရံ တစ်ခုမှအပ မည်သည့်မျှမဟုတ်။ အကြောင်းတရားများဖြစ်စေသည့် တန်ခိုးအာဏာမှာ အလ္လာဟ်အရှင်မြတ်မှအပ၊ မည်သူမျှ မပိုင်ဆိုင်ချေ။ ကျွန်ုပ်တို့တွင် ဖြစ်ပေါ်သမျှအားလုံးသည် အလ္လာဟ်အရှင်မြတ် ရေးမှတ်ထားသည့် အတိုင်းသာလျှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏အရှင်သခင်၊ ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင် ဖြစ်တော်မူသည်။ ထို့ပြင် မုစ်လင်မ်များသည် ၎င်းတို့၏စစ်မှန်သော ယုံကုံအပ်မှုကို အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း အပေါ်ထားရှိရမည်။ အကျိုးဆက်အားဖြင့်ရုပ်ပိုင်းဆိုင်ရာ အကြောင်းတရားများသည် အကျိုးတရား ဖြစ်စေသောအရာများနှင့် လက္ခဏာများဟုရှုမြင်ရမည်။ ယင်းအကြောင်းတရားများကြောင့် အကောင်း အဆိုးဖြစ်စေ သည်ဟု မည်သည့်အခါမျှ မမှတ်ယူပါနှင့်။

သက္ကဒီးရ် (အကောင်းအဆိုး) ကို ယုံကြည်မှုသည် ကိစ္စရပ်များစီမံခန့်ခွဲမှုတွင် အကဲ့ဖြတ်သည်။

ဘာမျှမလုပ်ခြင်း (သို့မဟုတ်) မှားယွင်းစွာလုပ်ဆောင်ခြင်းကို သဝက္ကျလ် (ယုံပုံအပ်နှံမှု)ဟု အမည်ပေးခြင်းသည် မှားယွင်းသည်။

ဤအာယသ် ၅၁ သည် ဘာသာရေးဆိုင်ရာ အကြောင်းအရာဖြစ်သည့် သက္ကဒီးရ် (အကောင်းအဆိုး) နှင့် သဝက္ကျလ် (ယုံပုံအပ်နှံမှု) ၏ အဓိကစစ်မှန်မှုကို ရှင်းလင်းပြတ်သားစွာ ရှင်းပြထားသည်။ သဝက္ကျလ်နှင့်သက္ကဒီးရ်တို့ကို ယုံကြည်ခြင်းရလဒ်သည် တစ်စုံတစ်ဦးသည် အိမ်မှာနေကာထိုင်နေရင်း ဘာမျှမလုပ်ဘဲဖြစ်သမျှ အကြောင်းသည် အလွှာဟ်အရှင်မြတ်အလိုတော်အတိုင်း ဖြစ်သည်ဟု ဘယ်သောအခါမှ မမှတ်ယူသင့်ချေ။ ဤနည်းသည် သက္ကဒီးရ်ကို ယုံကြည်ခြင်းမဟုတ်၊ သဝက္ကျလ်ယုံပုံအပ်နှံမှု၏ လုပ်ထုံလုပ်နည်းလည်း မဟုတ်ချေ။ တစ်စုံတစ်ဦးသည် သူထိန်းချုပ်နိုင်သော အစွမ်းအောက်ရှိ တရားဝင်သော ရုပ်ပိုင်းဆိုင်ရာနည်းလမ်းစုံဖြင့် စီမံခန့်ခွဲကာ ယင်းကိုအစွမ်းနှင့်သတ္တိရှိသမျှ အပြည့်အဝ ထည့်ကာလုပ်ဆောင်ရမည်။ ဤကဲ့သို့လုပ်ဆောင်ပြီးလျှင် ယင်းကိစ္စကို သက္ကဒီးရ်(အကောင်းအဆိုး) နှင့် သဝက္ကျလ် (ယုံပုံအပ်နှံခြင်း) ပြုလုပ်ပါလေ။ သို့သော်လည်း ကြိုတင်သတိပေးချက်မှာ တစ်စုံတစ်ဦးသည် ၎င်းအရှုကို အရှင်မြတ်ထံတွင်သာလျှင် စူးစိုက်ထားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရှင်သည် သာလျှင် အရှင်မြတ်၏ အကြွင်းမဲ့တန်ခိုးအာဏာနှင့် ထိန်းချုပ်မှုအရ တစ်စုံတစ်ဦးလုပ်ရပ်တိုင်း၏ အဆုံးစွန်ရလဒ်ကို ပေါ်ထွက်စေပါသည်။

ယေဘုယျပြောရလျှင် ကမ္ဘာတစ်ဝှမ်းရှိလူများသည် သက္ကဒီးရ်နှင့်သဝက္ကျလ်၏ ဘာသာရေးပြဿနာများ နှင့် ပတ်သက်လျှင် အကြီးအကျယ်ရှုတ်ထွေးနေပေသည်။ အချို့မှာ ဘာသာတရား မကြည်ညိုသူသက်သက်ဖြစ်သည်။ ထိုသူတို့သည် ယင်းကဲ့သို့သောကိစ္စရပ်များ တည်ရှိခြင်း၏အလွန်ဖြစ်နိုင်မှုကိုပင် မသိရှိကြချေ။ ထိုသူတို့သည် ရုပ်ပိုင်းဆိုင်ရာနည်းလမ်း များကို ၎င်းတို့အတွက် သက်တောင့်သက်သာကိုးကွယ်ရာအဖြစ် ကျေနပ်နေကြသည်။ ထို့နောက် စနစ်တကျဂရုတစိုက်မှု နည်းပါးသော သူများလည်းရှိပေသည်။ ထိုသူတို့သည် ပျင်းရိခြင်းနှင့် စိတ်မပါမှုဆင်ခြေ ပေးရန် အတွက် သက္ကဒီးရ်နှင့်ယုံပုံအပ်နှံမှု သဝက္ကျလ်ကို အသုံးပြုကြသည်။ အစ္စလာမ့် တမန်တော်မြတ် [S] သည် ဂျိဟာဒ်စစ်ပွဲ ဆင်နွှဲရန် ပြည့်ပြည့်စုံစုံ ပြင်ဆင်ခဲ့သည်။ ယင်းနောက်မှ ဤအာယသ်တော်ကျလာ၍ လွန်ကျူးခြင်းနှင့် လျော့နည်းခြင်း သံသရာကို အဆုံးသတ်ကာ လမ်းမှန်ကိုပြသခဲ့သည်။ ယင်းကိစ္စကို အာဝဇ္ဇန်းရွှင်သော ပါရှင်းဆိုရိုးစကားတစ်ရပ်မှာကား **بر توکل زانوسی اشتربه**"သဝက္ကျလ်နှင့်အတူ ကုလားအုတ်ကိုလည်း ကြိုးချည်ထားပါ" ဟုဖြစ်သည်။

အချုပ်ဆိုရသော် အသင်အသုံးပြုရန် ရွေးချယ်ရသောနည်းလမ်းများသည် အလွှာဟ်အရှင်မြတ်ပေးသနား တော်မူသည့် ကောင်းချီးမင်္ဂလာများဖြစ်သည်။ ဤနည်းလမ်းများဖြင့် အကျိုးမခံစားရပါလျှင် ယင်းသည်ကျေးဇူးကန်း ခြင်းနှင့် မိုက်မဲမှုပင်ဖြစ်သည်။ ဤနည်းလမ်းများ မပေးသောအခြေအနေကို ရှိသည့်အလား မလုပ်နှင့်။ ရလဒ်နှင့်အကျိုး များသည် ဤအရာများမှ မပေးစွမ်းနိုင်ဟုယုံကြည်ပါ။ ဤအကျိုးနှင့်ရလဒ်မှာ အလွှာဟ်အရှင်မြတ်၏ အမိန့်တော် အရဖြစ်သည်။

ဒဿမအာယသ် (၅၂) သည် စစ်မှန်သောယုံကြည်သူ၏ နှစ်လိုဖွယ်အမူအရာကို ဖော်ပြထားစဉ် မုစ်လင်မ်များ၏ ကသိကအောက်ဖြစ်မှုအပေါ် နှစ်သက်သွားကြသည့်အရေခြုံများကို အဖြေတစ်ရပ်ပေးထားခဲ့သည်။ မုစ်လင်မ်များအတွက် အရေခြုံများက ဒုက္ခခံစားမှုအပေါ် ပျော်ရွှင်ခဲ့ရာတွင် စစ်မှန်သောယုံကြည်သူ တစ်ဦးအတွက်မှာမူ ယင်းဒုက္ခသည် ဒုက္ခဟုမသတ်မှတ်ချေ။ စင်စစ်တွင် ယင်းမှာ စည်းစိမ်နှင့်အောင်မြင်မှု၏ အခြားအသွင် သဏ္ဌာန် တစ်မျိုးပင်

ဖြစ်သည်။ အကြောင်းမှာ စစ်မှန်စွာ ယုံကြည်သူ တစ်ဦး၏ နိုင်မာသောသန္ဓိဌာန်ချမှု မအောင်မြင်သည့်တိုင် ထာဝရ အစားရမှုနှင့် ဆုလာဘ်နှင့် ထိုက်တန်သွားပေသည်။ ယင်းသည် ၎င်း၏အောင်မြင်မှုအားလုံး၏ စစ်မှန်သော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် သူဆုံးရှုံးသည် ဖြစ်စေ၊ အောင်နိုင်သည်ဖြစ်စေ ၎င်းသည် အောင်မြင်မည့်သူဖြစ်ပေသည်။

အာယသ်၏ပထမဝါကျ **قُلْ هَلْ تَرَبَّصُوْنَ بِنَآ اِلَّآ اِحْدَى الْحُسْنَيَيْنِ** "(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ ဟယ် (အချင်းတို့) အသင်တို့သည် အကျွန်ုပ်တို့နှင့်ပတ်သက်၍ ကောင်းမြတ်သောအကြောင်းအရာ နှစ်ခုအနက် တစ်ခု (သာသနာ့ အာဇာနည်နှင့်စစ်အောင်နိုင်ခြင်း)မှတပါး အခြားတစ်စုံတစ်ရာကို စောင့်မျှော်၍နေကြသလော›› ဟူသည်က ဤသည်ကိုဆိုလို ပေသည်။ သို့သော်လည်း ဤသည်နှင့်အတူ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကံကြမ္မာသည် မည်သည့်အခြေအနေ ဖြစ်စေကာမူ မုစ်လင်မ်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ ထိုသူတို့သည် ဤကမ္ဘာလောကီတွင် မုစ်လင်မ်များ၏ ပြစ်ဒဏ်ခတ်မှု ခံရနိုင်သကဲ့သို့ ဤကမ္ဘာရော နောင်တမလွန်ဘဝတွင်ပါ နှစ်ဌာနစလုံး၌ ပြစ်ဒဏ်ခတ်ခံ ရနိုင် ပါသည်။ ထို့ပြင် အကယ်၍ သူတို့သည် ဤကမ္ဘာလောကတွင် ပြစ်ဒဏ်ခတ်ခံရမှုမှ တစ်နည်းနည်းနှင့် လွတ်ခွဲလျှင်ပင် နောင်တမလွန် ဘဝ၏ပြစ်ဒဏ်ခတ်ခံရမှုမှ ရှောင်လွဲရမည် မဟုတ်ချေ။

အာယသ် (၅၃-၅၉)

قُلْ اَنْفِقُوْا طَوْعًا اَوْ كَرْهًا لَّنْ يُّتَقَبَّلَ مِنْكُمْ ؕ اِنَّكُمْ كُنْتُمْ قَوْمًا فٰسِقِيْنَ ﴿۵۳﴾ وَ مَا مَنَعَهُمْ اَنْ تُقْبَلَ مِنْهُمْ نَفَقٰتُهُمْ اِلَّآ اَنَّهُمْ كَفَرُوْا بِاللّٰهِ وَ بِرَسُوْلِهٖ وَ لَا يَاْتُوْنَ الصَّلٰوةَ اِلَّا وَ هُمْ كُسَالٰى وَ لَا يُنْفِقُوْنَ اِلَّا وَ هُمْ كٰرِهُوْنَ ﴿۵۴﴾ فَلَا تُعْجِبْكَ اَمْوَالُهُمْ وَ لَآ اَوْلَادُهُمْ ؕ اِنَّمَا يُرِيْدُ اللّٰهُ لِيُعَذِّبَهُمْ بِهَا فِي الْحَيٰوةِ الدُّنْيَا وَ تَزْهَقَ اَنْفُسُهُمْ وَ هُمْ كٰفِرُوْنَ ﴿۵۵﴾ وَ يَحْلِفُوْنَ بِاللّٰهِ اِنَّهُمْ لَمِنْكُمْ ؕ وَ مَا هُمْ مِّنْكُمْ وَ لٰكِنَّهُمْ قَوْمٌ يَّفْرَقُوْنَ ﴿۵۶﴾ لَوْ يَجِدُوْنَ مَلْجَاً اَوْ مَغٰرٰتٍ اَوْ مُدَّخَلًا لَّوَلَّوْا اِلَيْهِ وَ هُمْ يَجْمَحُوْنَ ﴿۵۷﴾ وَ مِنْهُمْ مَّنْ يَّلْمِزُكَ فِي الصَّدَقٰتِ ۚ فَاِنْ اُعْطُوْا مِنْهَا رَضُوْا وَ اِنْ لَّمْ يُعْطَوْا مِنْهَآ اِذَا هُمْ يَسْخَطُوْنَ ﴿۵۸﴾ وَ لَوْ اَنَّهُمْ رَضُوْا مَآ اٰتٰىهُمُ اللّٰهُ وَ رَسُوْلُهٗ ۙ وَ قَالُوْا حَسْبُنَا اللّٰهُ سَيُؤْتِيْنَا اللّٰهُ مِنْ فَضْلِهٖ وَ رَسُوْلُهٗٓ ۙ اِنَّآ اِلَى اللّٰهِ رٰغِبُوْنَ ﴿۵۹﴾

(အို-နဗီတမန်တော်) အသင်သည် (ငင်းမုနာဖစ်က်တို့အားဤသို့ပြောကြားပါ ဦးလေ။ အသင်တို့သည်သဒ္ဓါကြည်ဖြူစွာဖြစ်စေ၊ သို့တည်းမဟုတ် သဒ္ဓါကြည်ဖြူခြင်း မရှိဘဲလျက်ဖြစ်စေ ပေးကမ်းသုံးစွဲကြလေကုန်။ (သို့ရာတွင်) ထိုသုံးစွဲမှုသည် (အလ္လာဟ် အရှင်မြတ်ထံတော်၌) အသင်တို့ထံမှ သဘောတူတော်မူခြင်းကို အလျှင်းခံရလိမ့်မည် မဟုတ်ပေ အကြောင်းသော်ကား အသင်တို့သည်(အမိန့်တော်ကို) သွေဖည်ငြင်းပယ် သောသူများ ဖြစ်ကြသောကြောင့်ပင်တည်း။ (၉ : ၅၃)

စင်စစ်သော်ကား ယင်း(မုနာဖစ်က်)တို့ထံမှ ငင်းတို့၏အလှူပစ္စည်းများကို သဘော တူ လက်ခံတော်မူခြင်းမှ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရဿူလ်တမန်တော် အား ငင်းတို့၏ သွေဖည်ခြင်းမှတစ်ပါး အခြားမည်သည့်အရောကမျှ မြစ်တားခဲ့သည် မဟုတ်ပေ။ ထို့ပြင် ငင်းသည် ပျင်းရိစွာမှအပ ဆွလာသ်ဝတ်ပြုကြသော်လည်း မရှိချေ။ ထိုနည်းတူစွာ ငင်းတို့သည် မနှစ်မြို့သောသူများအဖြစ်မှ တစ်ပါး လှူဒါန်းသုံးစွဲကြသည် လည်းမရှိပေ။ (၉ : ၅၄)

သို့ဖြစ်ပေရာ ထို(မုနာဖစ်က်)တို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ထိုသူတို့၏ သားသမီးများသည်လည်းကောင်း၊ အသင့်အားအံ့အားမသင့်စေရ။ အလ္လာဟ်အရှင်မြတ် သည် ထိုဥစ္စာပစ္စည်းများနှင့် သားသမီးတို့အားဖြင့် ထိုသူတို့အား ပစ္စပ္ပန်လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် ငင်းတို့သည် ကာဖိရ်သွေဖည် ငြင်းပယ်သူများ အဖြစ်နှင့် ငင်းတို့၏ အသက်ဇီဝန်များ ထွက်သွားရန်သာလျှင် ရည်စူးတော်မူပေသတည်း။ (၉ :၅၅)

ထိုမှတစ်ပါး ယင်း(မုနာဖစ်က်)တို့သည် ဇကာန်စင်စစ် အသင်တို့အနက်မှ ဖြစ်ကြ သည်ဟူ၍ အလ္လာဟ်အရှင်မြတ်အား တိုင်တည်ကာကျိန်ဆိုကြလေသည်။ အမှန်သော် ကား ငင်းတို့သည် အသင်တို့အနက်မှမဟုတ်ကြချေ။ သို့ရာတွင် ငင်းတို့သည် သူရဲဘော နည်း၊ သတ္တိကြောင်သူများသာ ဖြစ်ကြကုန်သတည်း။ (၉ : ၅၆)

အကယ်၍သာ ထို(မုနာဖစ်က်)တို့သည် ခိုကိုးရာ နေရာတစ်ခုခုကို သော်လည်း ကောင်း၊ ဥမင်လိုက်ခေါင်းများကို သော်လည်းကောင်း၊ ဝင်ရောက် (ပုန်းအောင်း)ရန် နေရာတစ်ခုခုကိုလည်းကောင်း တွေ့ရှိကြပါလျှင် ငင်းတို့သည် ထိုနေရာသို့ ဦးခေါင်းမော့ ကာ တဟုန်ထိုး တွန်းတိုးကာ ထွက်ပြေး (ဝင်ရောက် ပုန်းအောင်း) ကြမည်သာတည်း။ (၉ : ၅၇)

ထို့ပြင် ယင်း (မုနာဖစ်က်)တို့တွင် အသင့်အား အလှူပစ္စည်းများနှင့် စပ်လျဉ်း၍ ကဲ့ရဲ့ ပြစ်တင်ရွတ်ချသူများလည်း ရှိကြသေး၏။ သို့ရာတွင် အကယ်၍ ထိုသူတို့သည် ယင်း အလှူပစ္စည်းများအနက်မှ (မိမိတို့စိတ်တိုင်းကျ) ရရှိခဲ့ကြလျှင် ထိုသူတို့သည် ကျေနပ်ကြ လေသည်။ သို့ရာတွင် အကယ်၍ ငင်းတို့သည် ထိုအလှူပစ္စည်းများအနက်မှ (မိမိတို့ စိတ် တိုင်းကျ)မရရှိခဲ့ကြပါလျှင် ရုတ်တရက် အမျက်ထွက်ကြလေသတည်း။ (၉ : ၅၇)

အမှန်သော်ကား အကယ်၍သာ ထိုသူတို့သည် မိမိတို့အား အလွှာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည် လည်းကောင်း၊ ရိုးမြွှင့် ပေးသနားတော်မူသည်များအပေါ်၌ ကျေနပ်ခဲ့ကြပြီး "ကျွန်ုပ်တို့ အဖို့ အလွှာဟ် အရှင်မြတ်သည်ပင်လုံလောက် တော်မူပေသည်။ အလွှာဟ်အရှင်မြတ်သည် မကြာမြင့်မီ ကျွန်ုပ်တို့အား မိမိကျေးဇူးတော်ဖြင့် ရိုးမြွှင့်ပေးသနားတော်မူအံ့။ ၎င်းပြင် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်သည်လည်း (ကျွန်ုပ်တို့အား ထပ်မံ၍ပေး တော်မူဦးအံ့)။ "ဇကန်စင်စစ် ကျွန်ုပ်တို့သည် အလွှာဟ်အရှင်မြတ်ဘက်သို့သာလျှင် တိမ်းယိမ်း ညွတ်ပြောင်းသူများ ဖြစ်ကြပါသည်"ဟု ပြောဆိုခဲ့ကြပါလျှင် ကောင်းလေစွ တကား။ (၉ : ၅၉)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်တော်များတွင် အရေခြုံများ၏ မကောင်းသော ကိုယ်ကျင့်တရားများနှင့် မကောင်းသော လုပ်ရပ်များ ဖော်ပြခဲ့သည်။ အထက်ဖော်ပြထားသော အာယသ်တော်ထဲတွင် ဤအကြောင်းအရာကိုပင် ဖော်ပြထားပါသည်။ အာယသ် ၅၅ ထဲတွင်ပါသည့် အဆိုအမိန့်သည် အရေခြုံများ၏ဥစ္စာပစ္စည်းများနှင့် သားသမီးတို့အား ၎င်းတို့အတွက် ကောင်းချီးမင်္ဂလာဟု မမှတ်ယူသင့်ချေ။ စင်စစ်မှာ အလွှာဟ်အရှင်မြတ်ထံမှ ပြစ်ဒဏ်တစ်မျိုးချပေးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ပြောရာတွင် အကြောင်းရှိသည့် လောကီဘဝကိုချစ်မြတ်နိုးမှုနှင့် အာရုံဝင်စားမှုသည်ပင်လျှင် ဤကမ္ဘာလောကမှာပင် ပြစ်ဒဏ်ခတ်ခြင်းတစ်မျိုး ဖြစ်သွားသည်မဟုတ်ပါလော။ တစ်စုံတစ်ဦးသည် လောကီဥစ္စာ ပစ္စည်းရရှိရန် စတင်၍ဆန္ဒရှိခဲ့သည်။ ထို့နောက် ယင်းတို့ရရှိရန် နည်းလမ်းစုံဖြင့် တစ်သီးတစ်တန်း နေ့တဒူဝလုပ်ဆောင်ခဲ့သည်။ သို့လုပ်ဆောင်ရာတွင် အိပ်စက်ခြင်း၊ သက်သောင့်သက်သာနေခြင်းနှင့် မိသားစုဘဝတို့ကို စွန့်လွှတ်ခဲ့သည်။ ယင်းနောက် တစ်စုံတစ်ဦးသည် အောင်မြင်ခဲ့လျှင် ရပြီးသားကို ထိန်းသိမ်းထားရန်နှင့် တိုးပွားလာရန် သောကပေါ်လာသည်။ ဤသည်မှာ မရပ်မနားပြစ်ဒဏ်ခတ်ရမှုပင် ဖြစ်သည်။ ကြီးမားသောဆုံးရှုံးမှု (သို့မဟုတ်)ဖျားနာခြင်းတို့သည် သောကအစုအဝေးကြီးဖြစ်သွားနိုင်သည်။ ၎င်းနောက် အကယ်၍ တစ်စုံတစ်ဦးသည် လိုချင်သည်တိုင်းရခဲ့လျှင်ပင် ဥစ္စာဓနများလျော့နည်းမည်ကို စိုးရိမ်မှု (သို့မဟုတ်)ရရှိပြီးသား ဥစ္စပစ္စည်းများ ပိုမိုတိုးပွားစေရန် သောကတို့သည် မရပ်မနားအဆက်မပြတ် ဖြစ်ပေါ်နေလိမ့်မည်။ မည်သည့်အချိန်မှ အနားရသည်မရှိချေ။

အဆုံးတွင် ဤအရာများသည် တစ်စုံတစ်ဦးမှ လက်မဲ့ဖြစ်ပေလိမ့်မည်။ ယင်းဖြစ်ရပ်သည် သေဆုံးချိန် (သို့မဟုတ်) မဆုံးမီအစောပိုင်းတွင် လည်းကောင်းဖြစ်မည်။ မည်သည့်အချိန်မဆို ထိုသို့ဖြစ်လျှင် စိတ်ပျက်၍ လက်မှိုင်ချရမည်။ ဤသည်မှာ ပြစ်ဒဏ်ခတ်ခံရမှုမဟုတ်လျှင် အဘယ်နည်း။ လူသည် စည်းစိမ်ချမ်းသာဖြစ်စေသောအရာများ ဝန်းရံထား၍ ယင်းကိုပင် စည်းစိမ်ဟုခေါ်သည်။ စစ်မှန်သောစည်းစိမ်၊ ငြိမ်းချမ်းသာယာမှုနှင့် နှလုံးသား၏ အေးချမ်းသာယာဖြစ်မှုမှာ လူသားရှာဖွေရဦးမည့် အရာဖြစ်သည်။ သို့သော်လည်း ထိုအချိန်အတောအတွင်း၌ လူသားများသည် ၎င်း၏ ကျေနပ်နှစ်သိမ့်မှုအတွက် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများနှင့် အရာများပေါ်မှီခိုရသည်။ ဤအရာများသည် ဤကမ္ဘာလောကတွင် သူ၏အေးချမ်းသာယာမှု ဝေစုကို ဆွဲနှုတ်ယူသွားကြောင်းနှင့် နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်ခတ်ခံရရန် အစပျိုးမှုဖြစ်ကြောင်း သူသတိမမူမိခဲ့ချေ။

မယုံကြည် သွေဖည်ငြင်းပယ်သူ တစ်ဦးကို ဆွာဒကာဟ် အလူဒါန ပေးနိုင်သလော။

နောက်ဆုံးနှစ်အာယသ်ထဲတွင် အရေခြံများသည် ဆွဒကာသ် (ဆွဒကာဟ်၏ ဗဟုဝုစ်ကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ အလွာဟ်အရှင်မြတ်ပေးသနားမည့် ဆုလာဘ်တော်ကို မျှော်ကိုး၍လူဒါန်းခြင်း) အနေဖြင့် ရရှိနိုင်သော ပစ္စည်းများမှ ဝေစုတစ်ခုလက်ခံရရှိလေ့ရှိကြောင်း ပြဆိုထားသည်။ သို့သော်လည်း ဤပစ္စည်းများကို ၎င်းတို့ဆန္ဒရှိသကဲ့သို့ မရခဲ့လျှင် ၎င်းတို့သည် အမျက်ထွက်ကာ စွပ်စွဲခြင်းနှင့် ဆဲရေးတိုင်းထွာခြင်းတို့ကို စတင်လုပ်ဆောင်ခဲ့သည်။ အကယ်၍ ဤနေရာတွင် ဆွဒကာဟ်ကို ယေဘုယျဆွဒကာဟ်အားလုံး (ဝါဂျိဗ်) နဖိလ်အားလုံးပါဝင်သည်ဟု ဆိုလျှင်ကား မုစ်လင်မ်မဟုတ်သူကို ပေးအပ်ခြင်းသည် ပြဿနာမဟုတ်ချေ။ ဤကဲ့သို့ခွင့်ပြုခြင်းသည် မုစ်လင်မ်အစွမ်းသတ္တိအားလုံးအညီအညွတ်ထောက်ခံမှုအပေါ်အခြေခံ၍စွန့်သတ်မှသက်သေပြကာအတည်ပြုပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့သော်လည်း ဤနေရာပါဆွဒကာဟ်မှာ မပေးမနေရဖြစ်သော ဇကားသ်နှင့်အုရှ်ရ်ဆိုလျှင်ပင် အရေခြံများကို ယင်းက ဝေစုပေးရခြင်းမှာ ထိုသူများမုစ်လင်မ်ဖြစ်သည်ဆိုကြောင်းအခိုင်အမာပြောဆိုချက်ပေါ် အခြေခံသောကြောင့်ဖြစ်သည်။ အီမာန်ယုံကြည်မှု၏ အရေးကြီးသော အချက်များအားလုံးကို ၎င်းတို့သက်ဝင်ယုံကြည်ပါသည်ဟု အခိုင်အမာ ပြောဆိုကာ ၎င်းတို့၏ကုဖရ်ကို နှလုံးသားတွင် သိမ်းဆည်းထားသော ၎င်းတို့၏အပြင်ပန်းအားဖြင့် ကုဖရ်ဖြစ်ကြောင်း မငြင်းသာအောင် ပြည့်ပြည့်စုံစုံ သက်သေမပြနိုင်သောကြောင့် ဤကမ္ဘာလောကတွင် ၎င်းတို့ကို မုစ်လင်မ်များအဖြစ် ဆက်ဆံခဲ့ပါသည်။ ထို့နောက် အလွာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ အရေခြံများကို မုစ်လင်မ်များကဲ့သို့ ဆက်ဆံရမည်ဟု အဓိန့်များပေးပြီးဖြစ်သည်။ (ဗယာနုလ်ကုရ်အာန်)

အရေခြံများ၏လက္ခဏာများနှင့် မုစ်လင်မ်များအတွက်သတိပေးချက်

အာယသ် ၅၄ ထဲတွင် အရေခြံများ၏လက္ခဏာနှစ်ရပ်ကို ဖော်ပြထားသည်။ (၁) ထိုသူတို့သည် ဆွလာသ်ဝတ်ပြုမှုကို ပျင်းရိစွာနှင့် စိတ်မဝင်စားဘဲလာကြသည်။ (၂) ထိုသူတို့သည် အလွာဟ်အရှင်မြတ်လမ်းတော်တွင် စိတ်မပါလက်မပါ သုံးစွဲကြသည်။

ဤနေရာ၌ မုစ်လင်မ်များကို သတိပေးထားသည်မှာ ဆွလာသ်ဝတ်ပြုရာတွင် ပျင်းရိခြင်းနှင့် အလွာဟ်အရှင့်လမ်းတော်တွင် သုံးစွဲမှုဖြစ်သော ဇကားသ်နှင့် ဆွဒကာဟ်တို့တွင် စိတ်အားထက်သန်မှုမရှိခြင်းတို့သည် အရေခြံ(နိဖားက်)တို့၏ လက္ခဏာများဟု သတိပေးထားသည်။ မုစ်လင်မ်အားလုံးသည် ဤလက္ခဏာများမှ ကင်းကင်းရှင်းရှင်းနေနိုင်ရန် အသိစိတ်ဖြင့် ကြိုးပမ်းအားထုတ်ရမည်။

အာယသ် (၆၀)

إِنَّمَا الصَّدَقٰتُ لِلْفُقَرَآءِ وَ الْمَسٰكِيْنِ وَ الْعٰمِلِيْنَ عَلَيْهَا وَ الْمُؤَلَّفَةِ قُلُوْبُهُمْ وَ فِي الرِّقَابِ وَ الْغٰرِمِيْنَ وَ فِيْ سَبِيْلِ اللّٰهِ وَ ابْنِ السَّبِيْلِ ؕ فَرِيْضَةً مِّنَ اللّٰهِ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿٦٠﴾

မုချဇကန် ဇကားသ်သည် ဆင်းရဲနွမ်းပါးသူတို့အဖို့လည်းကောင်း၊ ပစ္စည်းမဲ့များအဖို့ လည်းကောင်း၊ ဇကားသ်နှင့် စပ်လျဉ်းသော ကိစ္စအဝဝကိုဆောင်ရွက်သည့် အမှုထမ်း များအဖို့ လည်းကောင်း၊ အစွလာမ်သာသနာတော်၏ တရားများကိုနှစ်သက်၍ သာသနာ ဘောင်တွင်ဝင်လိုသူများ၏စိတ်ကိုနှစ်သိမ့်စေရန်အလို့ငှာ လည်းကောင်း၊ ကျေးကျွန်များ ကို ကျွန်ဘဝမှ လွတ်မြောက်စေရန် လည်းကောင်း၊ မြီစားများအဖို့ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လည်းကောင်း၊ (ဒုက္ခရောက်နေသော) ခရီးသည် များ အဖို့လည်းကောင်း ဖြစ်သည်။ ဤသည်ကား အလ္လာဟ်အရှင်မြတ် အထံတော်မှ ပြဋ္ဌာန်းထားတော်မူသော ပညတ်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ သိ တော်မူသောအရှင်၊ ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသတည်း။ (၉း ၆၀)

အကျယ်ဖွင့်ဆိုခြင်း

ဆွဒကာဟ်လက်ခံရရှိသူများ

ဤအာယသ်တော်အလျင် အာယသ်များထဲ၌ အရေခြို့အချို့က တမန်တော်မြတ် S ကို ကန့်ကွက်မှုအား ဖြေကြားထားသည့်အချက် ပါရှိသည်။ ပြန်လည်သတိရမည်ဆိုလျှင် အရေခြို့များက တမန်တော်များသည် ဆွဒကာဟ် များဝေငှရာတွင် တရားမျှတမှုမရှိဘဲ ကိုယ်တော်မြတ်ပေးလိုသူကို ပေးချင်သလောက်ပေးသည်ဟု ကိုယ်တော်မြတ် S အား အပြစ်ဖို့ကြသည်။

လက်ရှိအာယသ်တွင် ဆွဒကာဟ်လက်ခံရရှိသူအတန်းစားကို စာရင်းပြုစုထားခြင်းက အလ္လာဟ်အရှင်မြတ် သည် ထိုသူများ၏နားလည်မှုများခြင်းကို ဖယ်ရှားကာ မည်သူသည် ဆွဒကာဟ်ရသင့်ကြောင်း အလ္လာဟ်အရှင်မြတ် ကိုယ်တိုင် ဆုံးဖြတ်ထားတော်မူကြောင်း ထိုသူများကိုပြောကြားခဲ့သည်။ တမန်တော်မြတ် S သည် ဆွဒကာဟ်ဝေငှရာ တွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ကို လိုက်နာဆောင်ရွက်ခြင်းသာလျှင် ဖြစ်သည်။ ကိုယ်တော်မြတ်သဘောနှင့် ကိုယ်တော်မြတ် မလုပ်ဆောင်ပါ။

ဤသည်ကို စိုက်ယိဒနာဇိယာသ်အိပ်နိုဟာရိသ် အလ်စူဒါအီမှတစ်ဆင့် တင်ပြထားသည့် ဆင့်ပြန်ချက်တစ်ခု ပေါ် အခြေခံ၍ ဒါရ်ကုသ်နီကျမ်းနှင့် အဗူဒါဝူဒ်ကျမ်းတို့တွင် တင်ပြထားသည့်ဟဒီးဆ်တော်က အတည်ပြုထောက်ခံထား သည်။ ထိုဆင့်ပြန်သူက ပြောသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ် S သခင်ထံ ရောက်ရှိခဲ့သည့် အချိန်က ကျွန်ုပ်တို့ ၏လူများနှင့် စစ်တိုက်ရန် မုစ်လင်မ်စစ်တပ်ကို ကိုယ်တော်မြတ်က စေလွှတ်နေကြောင်း ကျွန်ုပ်တွေ့ခဲ့ရသည်။ ကျွန်ုပ်

က ကိုယ်တော်မြတ်ကို 'ယာရစူလွလ္လာဟ်' ကိုယ်တော်မြတ် မည့်သည်စစ်တပ်မှ ပို့ရန်မလိုပါ။ ထိုသူအားလုံးသည် ဝမ်းပန်းတသာနှင့် ကိုယ်တော်မြတ်ထံ အည့်ခံကြလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်မျိုးအာမခံပါသည်။' ဟု ပြောကြားခဲ့သည်။ ထိုနောက် ကျွန်ုပ်သည် ကျွန်ုပ်လူများထံ စာတစ်စောင်ရေးပို့ခဲ့သည်။ ထို့နောက် ၎င်းတို့အားလုံး အစွလာမ် ဘာသာသို့ သက်ဝင်ယုံကြည်ခဲ့ကြသည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ- **يَا أَخَا صُدَاءٍ الْمُطَاعِ فِيْ قَوْمِهِ** 'ဤသည်မှာ ဤလူသည် သူလူများ ချစ်ခင်သောသူဖြစ်၍ သူပြောလျှင် သူ့နောက်လိုက်သော ဂုဏ်ဒြပ်ရှိခြင်း ပင်ဖြစ်သည်။ ကျွန်ုပ်က လျှောက်ထားသည်မှာ ထိုကိစ္စအတွက် ကျွန်ုပ်ကိုဂုဏ်မပြုပါနှင့်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကျေးဇူးတော်အရ ထိုသူများကို လမ်းမှန်သို့ ညွှန်ပြသဖြင့် ၎င်းတို့ အစွလာမ်ဘာသာ သက်ဝင်ကြခြင်း ဖြစ်ပါသည်။ ဆင့်ပြန်သူကပြောသည်မှာ ကျွန်ုပ်သည် ကိုယ်တော်မြတ်နှင့် ထိုင်နေစဉ်တွင် လူတစ်ဦးသည် တစ်စုံတစ်ရာ တောင်းရမ်းရန် ရောက်လာခဲ့သည်။ ထိုသူကို တမန်တော်မြတ် ﷺ က အဖြေပေးခဲ့သည်မှာ-

> 'အလ္လာဟ်အရှင်မြတ်သည် တမန်တော်မဟုတ်သော မည်သူ့ကိုမဆိုထားဘိဦးမည်သည့် တမန်တော်ကိုမျှပင် ဆွဒကာသ်ဝေငှသည့်တာဝန် မပေးခဲ့ပါ။ ယင်းဝေငှမှုအတွက် အရှင်မြတ်သည် ကိုယ်တော်တိုင် အတန်းအစားရှစ်မျိုး ဆုံးဖြတ်သတ်မှတ်ခဲ့သည်။ အကယ်၍ အသင်သည် ထို အတန်းအစားရှစ်မျိုးတွင် အကျုံးဝင်ပါက အသင့်အား ကျွန်ုပ် ပေးနိုင်သည်'ဟု ဖြစ်သည်။
>
> (သစ်စိရ်အလ်ကုရ်သုဗီ စာ-၁၆၈၊ အတွဲ-၈)

ဤသည်မှာ ဤအာယသ်တော်ကျရောက်ခဲ့ခြင်း၏ နောက်ခံအကြောင်းဖြစ်သည်။ ဤကိစ္စကို ပြည့်စုံစွာ မရှင်းလင်းမည်အလျှင် အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းမူအားလုံး၏ ပြုစုပျိုးထောင် ကျွေးမွေးစောင့်ရှောက်တော်မူ ကြောင်းကို ကတိပြုထားတော်မူကြောင်း ကျေးဇူးပြု၍နားလည်ထားပါ။ ကုရ်အာန်ကျမ်းတော်မြတ်က-**وَ مَا مِنْ دَآبَّةٍ فِي الْأَرْضِ إِلَّا عَلَى اللهِ رِزْقُهَا** 'အမှန်သော်ကား ကမ္ဘာမြေဝယ် ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာ ပေးသနားတော်မူရန် အလ္လာဟ်အရှင်မြတ် အပေါ်၌ တာဝန်ဖြစ်ပေသည်။(၁၁း၆)' ဟု မိန့်ထားသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အဆုံးအစ မရှိသော ဟစ်က်မသ်ညာဏ်တော်အရ စားနပ်ရိက္ခာနှင့် ပတ်သက်လျှင် ဖန်ဆင်းခံအားလုံးကို တစ်ပြေးညီ အဖြစ် ပြုလုပ်ထားသည်မဟုတ်ပါ။ ယင်းကို ကုရ်အာန်ကျမ်းတော်မြတ်က ရိဇ်ဟုမိန့်ထားသည်။ ယင်းသို့ တစ်ပြေးညီ သာဆိုလျှင် ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟူ၍ ခြားနားမှုမရှိနိုင်တော့ပါ။ ဤကိစ္စသည် စူးစမ်းမှုကျယ်ဝန်းသော နယ်ပယ်ဖြစ်၍ ယင်းထဲတွင် လူသားများ၏ကိုယ်ကျင့်တရား ပျိုးထောင်ခြင်း၊ ၎င်းတို့နေထိုင်သော စကြဝဠာစနစ်၏ သဟဇာတ ဖြစ်သော အစီအစဉ်များနှင့် ရာပေါင်းမြောက်မြားစွာသော ထိုးထွင်းဉာဏ်တော်အရ အရှင်မြတ်သည် တစ်စုံတစ်ဦးကို ချမ်းသာစေ၍ အခြားတစ်စုံတစ်ဦးကို ဆင်းရဲမွဲတေစေပါသည်။ ထို့နောက် အရှင်မြတ်သည် ချမ်းသာသူများအနက် အချမ်းသာဆုံးထဲတွင် ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူတို့အတွက် သတ်မှတ်ထားခဲ့သော ဝေစုတစ်ရပ်ရှိသည်။ မိန့်ထားသည်မှာ- **وَ الَّذِيْنَ فِيْ أَمْوَالِهِمْ حَقٌّ مَّعْلُوْمٌ لِّلسَّآئِلِ وَ الْمَحْرُوْمِ** '၎င်းတို့၏ ဥစ္စာပစ္စည်းများ၌သိရှိသတ်မှတ်ပြီး ဖြစ်သော အခွင့်အရေးသည် ရှိပေ၏။ တောင်းရမ်းသောသူများအဖို့ လည်းကောင်း၊ (သိက္ခာကို စောင့်စည်းသောအားဖြင့်) တောင်းရမ်းခြင်း မပြုသောသူတို့၏ အဖို့လည်းကောင်း (၇၀း၂၄)ဟု ဖြစ်၍ ယင်းသည် ထိုသူများ၏ ရပိုင်ခွင့် ဖြစ်သည်။

ပထမဦးစွာ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ချမ်းသာသောသူ၏ဥစ္စာဓနမှ ဆွဒကာသ်ပေးလှူရန် အမိန့်သည် သူဆင်းရဲနှင့် ချို့တဲ့သူများကို ကျေးဇူးပြုခြင်းမဟုတ်ချေ။ စင်စစ်တွင် ဤသည်မှာ ချို့တဲ့နွမ်းပါးသူ၏ ရပိုင်

ခွင့် ဖြည့်ဆည်းခြင်းသည် လူချမ်းသာများ၏ တာဝန်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့ကိုလည်းပြောသည်မှာ ဤရပိုင်ခွင့်ကို အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် သတ်မှတ်ထားသည်။ မည်သည့်အချိန်တွင်မဆို တစ်စုံတစ်ဦးက ၎င်းစိတ်ကြိုက် တိုးခြင်း လျော့ခြင်းလုပ်မရပါ။ ဤသည်အတိုင်း လိုက်နာဆောင်ရွက်ကာ သတ်မှတ်ထားသည့် ရပိုင်ခွင့်ပမာဏ ပေးဆောင်စေသည့် တာဝန်သည် တမန်တော်မြတ် ﷺ ထံ အပ်နှင်းထားကြောင်း လူအများသိပေသည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ဆွဟာဗဟ် သာဝကကြီးများကို နှုတ်ဖြင့်အသိပေးနိုင်ခဲ့သည်။ သို့သော်လည်း တမန်တော်မြတ် ﷺ သည် ယခင်ကဲ့သို့လုပ်ဆောင်ခြင်းသည် လုံလောက်ပြီဟုမယူဆခဲ့ချေ။ ကိုယ်တော်မြတ်သည် စီမံခန့်ခွဲသည့်အမိန့်များ အသေးစိတ်ရေးသားကာ စိုက်ယိဒနာအုမရ်နှင့် စိုက်ယိဒနာအမရ်အိဗ်နိုဟဇမ် ؓ တို့၏ထံတွင် ထိန်းသိမ်းထားရှိခဲ့သည်။ ဤသည်က ဇကားသ်၏နိဆွာဗ် (ကန့်သတ်ထားသည့်ပမာဏ)နှင့် နိဆွားဗ်တစ်ခုစီ၏ ဇကားသ်ပမာဏကို အလ္လာဟ်အရှင်မြတ်က သတ်မှတ်တော်မူခဲ့ပြီး အရှင်မြတ်၏ တမန်တော်မြတ်မှ တစ်ဆင့် ထုတ်ပြန်ကြေညာကာ ထာဝရ အတည်ဖြစ်စေခဲ့သည်။ မည်သည့်အချိန်၊ မည်သည့်နိုင်ငံရှိမည်သူမဆိုသည် သတ်မှတ်ပြဋ္ဌာန်းထားခဲ့သည်ကို တိုးခြင်း၊ လျော့ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း မည်သည့်အခွင့်မျှ မရှိခဲ့ချေ။

မက္ကာဟ်အလ်မကရ်ရမဟ်တွင် အစ္စလာမ်ဘာသာ၏ အစောပိုင်းအချိန်က ဝဟီအားဖြင့် ဆွဒကာဟ်နှင့် ဇကားသ် မလုပ်မနေရတာဝန်ကို အမိန့်ချမှတ်ပြဋ္ဌာန်းပြီးဖြစ်သည်ဟု ပြောရလျှင် မှန်ကန်ပေသည်။ သဖိစီရ်ပညာရှင် အိဗ်နိကဆီးရ်က သက်သေပြရန်အလို့ငှာ စူရဟ်အလ်မုဇ်ဇမ်မိလ်၏အာယသ် (၇၃း၂၀) **وَ اَقِيۡمُوا الصَّلٰوةَ وَ اٰتُوا الزَّكٰوةَ** -'၎င်းပြင်အသင်တို့သည် ဆွလာသ်ဝတ်ပြုမှုကို (စွဲမြဲစွာ) ဆောက်တည်ကြလေကုန်။ ထို့ပြင် ဇကားသ်ပေးဆပ်ကြလေကုန်' ကို ကိုးကားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ဤစူရဟ်သည် ဝဟီကနဦးကျစဉ်ကာလမှာ ပါဝင်ကာ ဆွလာသ်ဝတ်ပြုမှု အမိန့်နှင့်အတူ ဇကားသ်ပေးဆောင်ရန် အမိန့်လည်းပါဝင်သည်။ မည်သို့ပင်ဆိုစေကာမူ ဟဒီးဆ်ဆင့်ပြန်ချက်များက ညွှန်းဟန်ပြုသည်မှာ အစ္စလာမ့် ကနဦးကာလတွင်း ဇကားသ်အတွက် မည်သည့် သီးသန့် နိဆွားဗ် (သို့မဟုတ်) သီးသန့်ပမာဏ တစ်ရပ်ကိုမျှ သတ်မှတ်မထားခဲ့ပါ။ ယင်းသို့သတ်မှတ် ချက်မရှိ၍ မုစ်လင်မ် တစ်ဦး၏ လိုအပ်ချက်များ ဖြည့်ဆည်းပြီး နောက်မှသာလျှင် ကျန်သည်များကို အလ္လာဟ့် လမ်းတွင် သုံးစွဲရမည်။ နိဆွာဗ်သတ်မှတ်ချက်နှင့် ဇကားသ် ပမာဏ ပြောကြားခြင်းတို့သည် မဒီနာအလ်တွိုင်ယိဗဟ်သို့ ဟစ်ဂျ်ရသ်ကြွမြန်းပြီးနောက်မှ ဖြစ်သည်။ ယင်းနောက် ဇကားသ်နှင့် ဆွဒကာသ် လက်ခံရရှိခြင်း၏ ခိုင်မြဲစွာ အတည်ပြုခဲ့သည့်စနစ်သည် မက္ကာဟ်မြို့ အောင်နိုင်ပြီးနောက်မှသာလျှင် ပေါ်ပေါက်တည်ရှိလာခဲ့သည်။

ဤအာယသ်သည် ဆွဟာဗဟ်များနှင့် သာဗီအီန်များ တညီတညွတ်တည်း သဘောတူညီချက်နှင့် မုစ်လင်မ်များပေါ်တွင် ဆွလာသ်ဝတ်ပြုမှုကို မပြုမနေရတာဝန်သတ်မှတ်သကဲ့သို့ အလားတူ ဆွဒကာဟ်ထုတ်ခြင်းသည် မပြုမနေရ တာဝန် (ဝါဂျိဗ်)ဖြစ်သည်ဟု ဆိုကြသည်။ ဤအာယသ်ပါ ထုတ်ဝေခြင်း၏ခေါင်းစဉ်များသည် မပြုမနေရ ဆွဒကာဟ်၏ ခေါင်းစဉ်များဖြစ်သည်။ နဖိလ်ဆွဒကာဟ်အတွက်မှာမူ ဟဒီးဆ်တော်၏ရှင်းလင်းသော အဆိုအမိန့်များအရ ၎င်းတို့၏နယ်ပယ်မှာ အလွန်ကျယ်ပေသည်။ ပြတ်ပြတ်သားသားဆိုရလျှင် ယင်းသည် သုံးစွဲမှုခေါင်းစဉ်ရှစ်ခုဖြင့်သာ ကန့်သတ်မထားပါ။

အထက်ဖော်ပြပါအာယသ်ထဲ၌ **صدقات** ဆွဒကာဟ်ကို ယေဘုယျအနေဖြင့်သုံးနှုန်းထားသည်။ ထို့ကြောင့် ယင်း တွင် နဖိလ်နှင့် ဝါဂျိဗ်နှစ်ခုစလုံးပါသွားနိုင်ပါသည်။ သို့သော်လည်း မုစ်လင်မ်အမှုသံထုတစ်ညီတစ်ညွတ်တည်း သဘောတူညီချက်အရ ဤအာယသ်သည် (ဝါဂျိဗ်)ဆွဒကာဟ်ကိုသာလျှင် ရည်ညွှန်းခြင်းဖြစ်သည်ဟုဆိုကြသည်။

သဖိစီရ်အလ်ကုရ်သုဗီကျမ်းတွင် ပါရှိသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်နေရာ၌မဆို ဆွဒကာဟ်ကို နဖိလ်ဆွဒကာဟ်ဖြစ်ကြောင်း စာသားများအထောက်အထားက သက်သေပြမထားလျှင် ယင်းနေရာတွင် ထိုဆွဒကာဟ်သည် မပြုမနေရဖရ်တ်သွ် ဆွဒကာဟ်ဟု မလွဲမသွေဆိုလိုသည်။

ဤအာယသ်တော်သည် **اٰمَنُوْا** (အင်နန်နမာ) ဟူသောစကားလုံးနှင့် အစပြုထားခြင်းမှာ (ဟစရ်နှင့်အင်ဟိစာရ်) ကန့်သတ်မှုအတွက် သုံးနှုန်းထားသည်။ သို့ဖြစ်၍ အဆိုအမိန့်၏ အစပထမစကားလုံးသည် ယင်းစကားလုံး၏ အနက်ဖြစ်သည်။ ဆွဒကာဟ်လက်ခံယူမည့်သူများ၏ အစီအစဉ်ကို ဆွဒကာဟ်၏နောက်တွင် သုံးနှုန်းထားသောကြောင့် ဆွဒကာဟ်ကို ထိုသူများပေါ်တွင် မှုချသုံးစွဲရဲမည်။ စင်စစ်တွင် မပြုမနေရဆွဒကာဟ်သည် ထိုသူများမှအပ အခြားကောင်းမှုကောင်းရာများဖြစ်သည့် ဂျီဟားဒ်စစ်ပွဲအတွက်ပြင်ဆင်ခြင်း၊ မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်များနှင့် ဘာသာရေးဆိုင်ရာကျောင်းများ ဆောက်လုပ်ခြင်း (သို့မဟုတ်) အခြားလူမှုရေးဆိုင်ရာအဆောက်အဦးများ တည်ဆောက်ရေးတို့တွင် မသုံးစွဲနိုင်ပါ။ ဤစီမံကိန်းကြီးများသည် လိုအပ်၍ ယင်းတို့အပေါ်တွင် ရင်းနှီးသုံးစွဲခြင်းသည် ကြီးမားသောဆုလာဘ်စဝါးဗ်ရနိုင်သော်လည်း မပြုမနေရ ဆွဒကာဟ်ကို အမြဲသတ်မှတ်ပြီးဖြစ်သောကြောင့် ယင်းကဲ့သို့သောစီမံကိန်းများတွင် မသုံးစွဲနိုင်ပါ။

ဤအာယသ်တော်ပါ ဒုတိယစကားလုံး **صدقات** ဆွဒကာတ်သည် ဆွဒကာဟ်၏အများကိန်းဖြစ်သည်။ အဘိဓာန်အရ ဥစ္စာပစ္စည်း (သို့မဟုတ်) ဓနကို အလ္လာဟ်အရှင်မြတ်အတွက်သုံးစွဲခြင်းဟု ဖော်ညွှန်းသည်။ (ကာမူးစ်) မုဖ်ရာဒါတ် အလ် ကုရ်အာန်ကျမ်းတွင် အီမာမ်ရာဂိဗ် အလ်အစ္စဖဟာနီက ပြောသည်မှာ ဆွဒကာဟ်ကို ဆွဒကာဟ်ဟု ခေါ်ရခြင်း အကြောင်းမှာ ယင်းစကားလုံးသည် မှန်ကန်ခြင်းဟု အဓိပ္ပာယ် သက်ရောက်သည့် 'ဆွဒ်ဒ်ကဲ'ဟူသော အရင်းအမြစ်မှ ဆင်းလာခြင်းဖြစ်သည်။ ထို့ပြင် တစ်စုံတစ်ဦးသည် တစ်စုံတစ်ရာကို ဆွဒကာဟ်အဖြစ်ပေးပါက ၎င်းသည်အပြော နှင့်အလုပ် ညီညွတ်ကြောင်း၊ ၎င်းတွင် အလ္လာဟ်အရှင်ကျေနပ်နှစ်သက်မှုအတွက် သုံးစွဲခြင်းသည် လောကီဆိုင်ရာ ရည်မှန်းချက်မရှိကြောင်း ဖော်ပြရာရောက်သည်။ ထို့ကြောင့် ဆွဒကာဟ်တစ်ခုကို နာမည်ကောင်းရစေရန် (သို့မဟုတ်) ပုဂ္ဂိုလ်ရေးအထင်ကြီးစေရန် (သို့မဟုတ်) မည်သည့်လောကီရေးဆိုင်ရာ ရည်မှန်းချက်များနှင့်မဆိုရောထွေးသွားပါက ယင်းဆွဒကာဟ်သည် အတည်မဖြစ် ပျက်ပြယ်သည်ဟု ကုရ်အာန်ကျမ်းတော်မြတ်က ကြေညာထားသည်။

အစောပိုင်းကဖော်ပြထားသကဲ့သို့ပင် **صدقه** ဆွဒကာဟ် ဟူသော စကားလုံးသည် ဝေါဟာရအရဆိုလျှင် ယေဘုယျဖြစ်သည်။ယင်းကိုနဖိလ်ဆွဒကာဟ်နှင့်ဖရတ်သွ်မပြုမနေရတာဝန်ဖြစ်သောဇကာသ်အတွက်သုံးနှုန်းသည်။ ယင်းစကားလုံးကို နဖိလ်ဆွဒကာအဖြစ် အများအားဖြင့်သုံးနှုန်းသည်။ သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအတော်များများတွင် ယင်းစကားလုံးကို ဖရ်သွ်မပြုမနေရ (သို့မဟုတ်)သတ်မှတ်ပြဋ္ဌာန်းထားသည့်အလျှဒါနဟုသုံးနှုန်းထားသည်။ ပမာဆိုသော -**خُذْ مِنْ اَمْوَالِهِمْ صَدَقَةً** 'အသင်သည် ထိုသူတို့၏ဥစ္စာပစ္စည်းများထဲမှ အလျှဝတ္ထုကို လက်ခံယူလိုက်ပါ။ (၉း၁၀၃)'နှင့် ယခုကျွန်ုပ်တို့ ဆွေးနွေးနေသော အာယသ် **اِنَّمَا الصَّدَقَاتُ** 'မုချဇကန် အလျှဒါနဇကားသ်သည် ..)တို့ဖြစ်သည်။ စင်စစ် ဋီကာရှင် အလ် ကုရ်သုဗီ၏ စူးစမ်းစစ်ဆေးချက်အရ ကုရ်အာန် ကျမ်းတော်မြတ်တွင် ဆွဒကာဟ် **صدقه** ဟူသော စကားလုံးကို အကြွင်းမဲ့ အဓိပ္ပာယ်ဖြင့် ဖော်ပြခဲ့လျှင် ယင်းစကားလုံးသည် မုချဇကန် ဖရတ်သွ်ဆွဒကာဟ် အဓိပ္ပာယ် သက်ရောက်သည်။

ဟဒီးဆ်ဆင့်ပြန်ချက်များတွင် صدقة (ဆွဒကာဟ်) ဟူသောစကားလုံးကို ကောင်းမူလုပ်ရပ်များအတွက် သုံးနှုန်းထားသည်။ ပမာဆိုသော် ဟဒီးဆ်တော်တွင် မိန့်ထားသည်မှာ- 'မုစ်လင်မ် တစ်ဦးဦးကို ပြုံးပြခြင်းသည် ဆွဒကာဟ် ဖြစ်သည်။ သို့မဟုတ် အလေးအပင် သယ်မနေသူ တစ်ဦးကို ကူညီခြင်းသည်လည်း ဆွဒကာဟ်ဖြစ်သည်။ သို့မဟုတ် ရေတွင်းမှရေကို မိမိအတွက်ခပ်ငင်ပြီး အခြားသူနှင့်မျှသုံးစွဲခြင်းသည်လည်း ဆွဒကာဟ်ဖြစ်သည်။' ဤဟဒီးဆ်ရည်ရွယ် ချက်များတွင် ဆွဒကာဟ်ဟူသောစကားလုံးကို ယေဘုယျအဓိပ္ပာယ်အနေဖြင့် သုံးစွဲထားကာ တင်စားသုံးနှုန်းထားသည့် ဟန်လည်းပါသည်။

ယင်းနောက် للفقراء လိလ်ဖုကရာဟူသော တတိယစကားလုံးနှင့်စတင်ထားသည်။ စာလုံးတစ်ခုအစတွင် 'လာမ်' ဟူသော စကားလုံးပါဝင်၍ ယင်းနှင့်စလျှင် သီးသန့်ပြုခြင်းအနက်ဆောင်ကြောင်း သတိပြုရမည်။ ထို့ကြောင့် ဝါကျက ဆွဒကာဟ် အားလုံးတို့သည် နောက်တွင်ဖော်ပြမည့်လူများသာ မှန်ကန်စွာ ပိုင်ဆိုင်ရမည် ဖြစ်ကြောင်း ဆိုလိုသည်။

ယခုလက်ခံမည့်သူရှစ်ဦး၏ အသေးစိတ်ဖော်ပြချက်ဆီသို့ ကျွန်ုပ်တို့သွားကြစို့။

ဤသည်တို့အနက်မှ လက်ခံရယူမည့်ပထမအမျိုးအစားမှာ 'အလ်ဖုကရာ' ဆင်းရဲနွမ်းပါးသူဖြစ်ကာ ယင်းနောက် ဒုတိယအမျိုးအစားမှာ အလ်မစာကီးန် (ချို့တဲ့သူ (သို့မဟုတ်) ပစ္စည်းမဲ့) ဖြစ်သည်။ ဖကိရ်နှင့် မိစ်ကီန်းတို့၏ စစ်မှန်သော အဓိပ္ပာယ်နှင့်ပတ်သက်လျှင် ထင်မြင်ယူဆချက်ကွဲလွဲကြပါသည်။ ဖကိရ်ဆိုသည်မှာ ဘာမျှမရှိသူ တစ်ဦးကိုဆိုလို၍ မိစ်ကီန်းဆိုသည်မှာ ဇကားနိဆွားဗ်*သတ်မှတ်ချက်ထက် လျော့နည်းစွာရှိသူကိုဆိုသည်။ သို့သော်လည်း ဇကားသ်၏အဓိန့်ပညတ်ချက်အောင်တွင်မူ ထိုအတန်းအစားနှစ်မျိုးသည် အတူတူပင်ဖြစ်သည်။ ယင်းနှစ်ခုတွင် ခြားနားမှုမရှိခဲ့ချေ။ ရလဒ်ကား သူ(သို့မဟုတ်) သူမတစ်ဦးသည် ၎င်း၏အခြေခံလိုအပ်ချက်များ သုံးစွဲပြီးနောက် ကျန်သောငွေကြေး (သို့မဟုတ်) ပိုင်ဆိုင်ပစ္စည်းသည် နိဆွားဗ်အဆင့်ထိမမီလျှင် ၎င်းအား ဇကားသ်ပေးပိုင်ခွင့်ရှိ၍ ထိုသူကလည်း ဇကားသ်ကို ယူပိုင်ခွင့်ရှိသည်။ 'အခြေခံလိုအပ်ချက်များတွင် နေထိုင်သည့်အိမ်၊ အသုံးပြုသည့် ပစ္စည်းအသုံးအဆောင်များ၊ အိမ်ထောင် ပရိဘောဂများနှင့် အဝတ်အစားများ စသည်တို့တွင်ပါဝင်သည်။ မည်သူမဆိုတွင် ကြွေးမြီကင်းရှင်း၍ နိဆွားဗ် သတ်မှတ်ချက်ဖြစ်သော (ရွှေ ၇ ၁/၂တိုးလာ (သို့မဟုတ်) ငွေ ၅၂ ၁/၂တိုလာ **(သို့မဟုတ်) ယင်းတန်ဘိုးနှင့်ညီမျှသော ငွေကြေးရှိခဲ့လျှင် ၎င်းသူသည် ဇကားသ်ကို လက်ခံရယူပိုင်ခွင့်မရှိသကဲ့သို့ မည်သူကမျှလည်း ၎င်းကိုပေးပိုင်ခွင့်မရှိခဲ့ချေ။ အလားတူပင် လူတစ်ဦး၌ ငွေကြေး (သို့မဟုတ်) ငွေစနှင့် ရွှေအချို့ရှိသူကာ ၎င်းတို့စုစုပေါင်း ကာလတန်ဘိုးသည် ငွေ ၅၂ ၁/၂တိုးလာ (၆၁၂ .၃၆ဂရမ်) ၏ တန်ဘိုးနှင့် ညီတူရှိလျှင် ထိုသူသည် နိဆွားဗ် ပမာဏရှိသူ ဖြစ်သွားသည်။ ထိုသူတို့မှာ ဇကားသ် ယူပိုင်ခွင့် မရှိသကဲ့သို့ မည်သူကမျှလည်း ၎င်းကိုဇကားသ် ပေးပိုင်ခွင့်မရှိပါ။ သို့သော်လည်း လူတစ်ဦးသည် နိဆွားဗ်ပမာဏ မရှိသော်လည်း ၎င်း၏ဝမ်းစာရှာဖွေရန် ကျန်းမာသန်စွမ်း၍ တစ်နေ့လုပ်စာသည် ၎င်းအတွက်လုံလောက်လျှင် ထိုသူကို ဇကားသ်ပေးခြင်းမှာ သံသယမရှိခွင့်ပြုသည်။ သို့သော်

---

* နိဆွားဗ်ဆိုသည်မှာ ဖရတ်သွ် မပြုမနေရ ဇကားသ်အလှူဒါနပေးရန် သတ်မှတ်ထားသည့် ပစ္စည်းဥစ္စာ ငွေကြေး ပိုင်ဆိုင်မှု ပမာဏဟု ဆေါ် သည်။

** ရွှေ ၇ ၁/၂တိုလာ = ၈၇.၄၈ ဂရမ်၊ ငွေ ၅၂ ၁/၂တိုလာသည် ၆၁၂ .၃၆ ဂရမ်နှင့်ညီမျှသည်ဟု ဟဇရသ် မော်လာနာ မုဖ်သီ မုဟမ္မဒ်ရှဖီးက ၎င်း၏ အောင်ဇာနလ်ရှိရဿီကျမ်းတွင် သတ်မှတ်ဖော်ပြထားသည်။

ယင်းသို့သောသူသည် လူများထံသွား၍ ၎င်းအားကူညီရန် တောင်းခံခြင်းကို ခွင့်မပြုချေ။ ယင်းကဲ့သို့သော သူများစွာတို့သည် အများတကာထံတွင် လက်ဖြန့် တောင်းခံခြင်းသည် ဟရာမ် (တရားမဝင်)ဟူသော ဤကန့်သတ်ချက်ကို လျစ်လျူရှုကြသည်။ ထိုကဲ့သို့သောသူတစ်ဦးက ယင်းသို့တောင်းရမ်းခြင်းဖြင့် ရရှိခဲ့သည်များကို တမန်တော်မြတ် s က ဂျာနန္တမ်ငရဲမီး၏ မီးကျီခဲနှင့်တူသည်ဟုမိန့်ကြားခဲ့သည်။ (စိုက်ယိဒနာအလီ d မှ ဆင့်ပြန်ချက် တစ်ရပ်ခိုင်လုံမှုအပေါ် အပူးဒါဂူးဒ်တွင်တင်ပြချက်၊ ကုရ်သုဗီကျမ်း)

ထို့ကြောင့် ရလဒ်သည် ဇကားသ်နှင့်ပတ်သက်လျှင် ဖကိရ်နှင့် မိစ်ကီန်းသည် မခြားနားချေ။ သို့သော်လည်း ဝစ္စိယသုံ (သေတမ်းစာ)နှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်တွင် ခြားနားသည်။ အကယ်၍ သေတမ်းစာတစ်ခုသည် မစ်ကီန်းအတွက် ပြုလုပ်ထားခဲ့လျှင် သေတမ်းစာပါပမာဏကို မည်သူလက်ခံရယူပိုင်ခွင့်ရှိသနည်း။ အကယ်၍ သေတမ်းစာသည် 'ဖုကရာ'အတွက် ပြုလုပ်ထားလျှင် မည်သို့သောသူများသည် ယင်းကိုလက်ခံရယူမိသူဖြစ်သနည်း။ ဤနေရာ၌ ယင်းကိစ္စကို အသေးစိတ်ဖော်ပြရန် မလိုအပ်ချေ။ အတိုချုပ်မှာ ထိုအတန်းအစားနှစ်ခုဖြစ်သည့် ဖိကရ်နှင့် မိစ်ကီန်း တို့သည် မည်သူပင်ဖြစ်စေကာမူ ဇကားသ်ပစ္စည်းလက်ခံရယူမည့်သူမှာ မုစ်လင်မ်ဖြစ်ရမည်။ လက်ခံသူသည် ၎င်း၏ အခြေခံလိုအပ်ချက်များထက် ပို၍ ပိုင်ဆိုင်သူမဟုတ်ရပါ။ (သို့မဟုတ်) နိဆွားဗ်ပမာဏရှိသူမဟုတ်ရပါ။

ယေဘုယျ ဆွဒကာဟ်ကို မုစ်လင်မ်မဟုတ်သူများကိုလည်း ပေးနိုင်သည်။ တမန်တော်မြတ် s က **تَصَدَّقُوْا عَلٰى اَهْلِ الْاَدْيَانِ كُلِّهَا** 'ဘာသာ အားလုံးမှ လူများကို ဆွဒကာဟ်ပေးပါ' ဟု မိန့်ထားခဲ့သည်။ သို့သော်လည်း ဇကားသ်၏ဆွဒကာဟ်နှင့် ပတ်သက်လျှင်မူ စိုက်ယိဒနာ မုအားဇိအိဗ်နီ ဂျဗလ် d ကို တမန်တော်မြတ် s က ယီမင်နိုင်ငံသို့ စေလွှတ်ခဲ့ရာတွင် ထိုနိုင်ငံရှိ မုစ်လင်မ် သူဌေးများထံမှ ဇကားသ်ကောက်ခံ၍ ယင်းနိုင်ငံရှိ ဆင်းရဲသောမုစ်လင်မ်အပေါ်တွင် သုံးစွဲပါဟု ညွှန်ကြားခဲ့သည်။ ထို့ကြောင့် ဇကားသ်ကို မုစ်လင်မ်များမှ ဖုကရာ(သူဆင်းရဲများ)နှင့် မစာကီန်း (ပစ္စည်းမဲ့များ) အတွက်သာလျှင် သုံးစွဲနိုင်သည်။ သို့သော်လည်း ဇကားသ်မှအပ အခြားဆွဒကာဟ်လူဒါနိုးမှုဖြစ်သော ဆွဒကတုလ်ဖိသ်ရ်ကိုပင်လျှင် မုစ်လင်မ် မဟုတ်သော 'ဖကီးရ်'ကို ပေးခွင့်ရှိသည်။ (ဟီဒါယဟ်)

တိုက်ဆိုင်စွာပင် ဒုတိယအခြေအနေဖြစ်သော နိဆွာဗ်ပိုင်ဆိုင်သူမဟုတ်သူသည် ဖိကိရ်တစ်ဦးနှင့် မိစ်ကီန်းတစ်ဦး၏ အဓိပ္ပာယ်မှပင်လျှင် ယင်းသည် ပေါ်လွင်ထင်ရှားနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူ့တွင် မည်သည်မှမရှိသူ ဖြစ်နိုင်သကဲ့သို့ ၎င်း၏ပိုင်ဆိုင်သမျှပမာဏသည် နိဆွားဗ်ပမာဏထက် လျော့နည်းကောင်း လျော့နည်းပေလိမ့်မည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးစလုံးသည် သတ်မှတ်ထားသော နိဆွားဗ်တန်ဘိုးနှင့်ညီမျှသော ပစ္စည်းဥစ္စာပိုင်ဆိုင်ခြင်းမရှိသဖြင့် ဖကိရ်နှင့်မိစ်ကီန်းသည် အတူတူပင်ဖြစ်သည်။ လက်ခံရယူမည့် အမျိုးအစားနှစ်မျိုးကို ဖော်ပြပြီးနောက် မူရင်းစာသားက ကျန်ခြောက်မျိုးအကြောင်းဖော်ပြထားသည်။ ဤသည်တို့အနက် ပထမ (ဇကားသ်၏ တတိယ)သည် ဆွဒကာဟ်များ ကောက်ခံသောသူများဖြစ်ကြသည်။ ယင်းတို့ကို စာသားထဲ၌ **اَلْعَامِلِيْنَ عَلَيْهَا** 'ဇကားသ်နှင့် စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်သည့်အမှုထမ်းများ' ဟုဖော်ပြထားသည်။ ဤသည်က လူများထံမှ ဇကားသ်နှင့် အုရှရ် စသည့်တို့၏ ဆွဒကာဟ်များကို စုဆောင်းကောက်ခံရန်နှင့် ဗိုင်တုလ်မာလ် (အစိုးရဘဏ္ဍာတော်တိုက်)သို့ ထည့်သွင်းရန် အစွမ်းသတ္တိအစိုးရက ခန့်အပ်ခဲ့သောသူများကို ရည်ညွှန်းသည်။ ဤခန့်အပ်ခံရသောသူများသည် ၎င်းတို့ တာဝန်ကို တစ်ချိန်လုံး ထမ်းဆောင်နေရသောကြောင့် ၎င်းတို့၏လိုအပ်ချက်ကို တာဝန်ယူရန်မှာ အစွမ်းသတ္တိ အစိုးရပေါ် ကျရောက်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ၎င်းတို့၏အမှုထမ်းမှုအတွက် အခကြေးငွေပေးရန် ပြတ်ပြတ် သားသား သတ်မှတ်ထားသည်။

အမှန်တကယ်တွင် အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များထံမှ ဇကာသ်နှင့် ဆွဒကာဟ်များ ကောက်ခံသည့် တာဝန်ကို တမန်တော်မြတ် S ကို တိုက်ရိုက် ခန့်အပ်ခဲ့ကြောင့် ဤစူရဟ်၏ နောက်ပိုင်း၌ ပါရှိသောအာယသ် **خُذْ مِنْ اَمْوَالِهِمْ صَدَقَةً** '(အို-နဗီတမန်တော်)အသင်သည် ထိုသူတို့၏ဥစ္စာပစ္စည်းထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ။ (၉း၁၀၃)'၌ မိန့်ထားသည်။ ယင်းကိစ္စအသေးစိတ်ကို ထိုနေရာရောက်မှ ဖော်ပြပါမည်။ ဤအာယသ်တော်အရ ဤနေရာ၌ ဖော်ပြရခြင်းမှာ ဇကာသ်နှင့် ဆွဒကာဟ်ကောက်ခံခြင်း တာဝန်ကို မုစ်လင်မ်များအမီးရ်၏ ပုခုံးပေါ်တင်ထားကြောင်း ပြသခြင်းဖြစ်သည်။ လုပ်ငန်းဆိုင်ရာကို အမှုဆောင်များနှင့် လက်ထောက်များမပါဝင်ဘဲ အမီးရ်တစ်ဦးတည်းက တစ်နိုင်ငံလုံးမှ တာဝန်ကို မလုပ်ဆောင်နိုင်ကြောင်းထင်ရှားသည်။ ဤအမှုအဆောင်များနှင့် လက်ထောက်များကို **وَالْعَامِلِيْنَ عَلَيْهَا** 'ဇကာသ်နှင့် စပ်လျဉ်းသော ကိစ္စအဝဝကို ဆောင်ရွက်သည့်အမှုထမ်းများအဖို့လည်းကောင်း' ဟူသော စကားလုံးများ ဖြင့် ဖော်ပြထားသည်။

ဤအာယသ်များထဲတွင် ပေးထားခဲ့သည့်အမိန့်ပြီးမြောက်ရန် တမန်တော်မြတ် S သည် ဆွဟာဗဟ် များစွာကို အစွလာမ်နိုင်ငံ၏ များစွာတွင် ဇကာသ်နှင့်ဆွဒကာဟ်များ သိမ်းဆည်းကောက်ခံရန်အတွက် လုပ်ငန်းဆိုင်ရာ ဝန်ထမ်းများ စေလွှတ်ခဲ့သည်။ ထိုသူတို့အမှုထမ်းမှုအတွက် အခကြေးငွေကို အာယသ်ထဲတွင် ညွှန်းကြားထားသည့်အတိုင်း ကောက်ခံရရှိသည့် ဇကာသ်ထဲမှ ပေးသည်။ ထိုအမှုထမ်းများထဲတွင် ချမ်းသာသော ဆွဟာဗဟ် များလည်း ပါဝင်သည်။ ဟဒီးဆ်တော်တွင် တမန်တော်မြတ် S မိန့်ထားသည်မှာ ဆွဒကာဟ်သည် လူငါးဦးမှအပ မည်သည့် ချမ်းသာသူ (အလ်ဂနီ =ပစ္စည်းဥစ္စာ 'မာလ်'ကို ပိုင်ဆိုင်သူ) တို့အတွက် ဟလာလ်မဟုတ်ချေ။

ထိုငါးဦးကား-

(၁) ချမ်းသာသောသူဖြစ်လင့်ကစား ဂျိဟာဒ်စစ်ပွဲထွက်လာသောသူတစ်ဦးသည် ထိုဂျိဟာဒ်၌ လုံလောက်သော ဘဏ္ဍာရေးဆိုင်ရာ ထောက်အပံ့မပါသူ၊

(၂) ဆွဒကာဟ်၏အာမီလ် (ဆွဒကာဟ်ကောက်ခံသူ) အဖြစ်တာဝန်ထမ်းဆောင်သူ၊

(၃) တစ်စုံတစ်ဦးသည် ဥစ္စာမနှနှင့် ပစ္စည်းများပိုင်ဆိုင်သော်လည်း ကြွေးမြီသည် ပိုင်ဆိုင်သည်ထက်ပိုများနေသော သူ၊

(၄) မိစ်ကီန်း (ချို့တဲ့သူ) ထံမှ ဆွဒကာဟ်ပစ္စည်းဝယ်ယူသူ၊

(၅) သူဆင်းရဲ (ဖကိရ်) တစ်ဦးက ၎င်းရရှိသောဆွဒကာဟ်ပစ္စည်းကို လက်ဆောင်တစ်ရပ်အဖြစ် ပေးခံရသူ တို့ဖြစ်သည်။

ဆွဒကာဟ်ကောက်ခံရန် ခန့်အပ်ခံရသောသူများကို ပေးရမည့်ငွေကြေးပမာဏ၏ အချိုးအစားဆုံးဖြတ်ရန် ပြဿနာ၏အဖြေမှာ ၎င်းတို့လုပ်ဆောင်မှုနှင့် လုပ်ဆောင်သည့် အချိန်ကာလအရ ပေးရမည်ဆိုသော ဥပဒေအတိုင်းပင် ဖြစ်သည်။ (ဂျဆွဲဆွားဆ်၊ အဟ်ကမုရ်ကုရ်အာန်နှင့်ကုရ်သုဗီကျမ်း)

သို့သော်လည်း ဇကာသ်ကောက်ခံသူ၏ လစာသည် စုစုပေါင်းဇကာသ်၏ တစ်ဝက်ထက် မပိုစေရချေ။ အကယ်၍ ဇကာသ်ကောက်ခံမှုက သိပ်နည်းနေလျှင် လစာနှုတ်လိုက်ပါက ဇကာသ်တန်ဖိုး ထက်ဝက်ပင် မကျန်လျှင် လစာထဲမှပင် လျော့ရမည်။ (သဖိစီရ် မဇဟရီ၊ ဇဟီရီယာတ်)

အထက်တွင်ဖော်ပြခဲ့သည်တို့မှ ပြဿသည်မှာ ဇကားသ်ခေါင်းစဉ်အောက်မှ ဆွဒကာဟ်ကောက်ခံသူကို ပေးကမ်းသော ငွေကြေးပမာဏသည် ဆွဒကာဟ်အနေဖြင့်ပေးခြင်းမဟုတ်၊ ၎င်းတို့၏အမှုထမ်းအတွက် ပေးခြင်းဖြစ်သည်။ ထို့ကြောင့် ထိုသူတို့သည် ချမ်းသာသော်လည်း ဤငွေပမာဏရထိုက်၍ ဤပမာဏကို ဇကားသ်ရံပုံငွေထဲမှ ပေးပိုင်ခွင့် ရှိသည်။ ဇကားသ်ဝေငှမှုတွင် ခေါင်းစဉ်ရှစ်ခုရှိသည့်အနက် ဤခေါင်းစဉ်တစ်ခုတည်းသာလျှင် အမှုထမ်းမှုအတွက် ဇကားသ်ငွေပေးခြင်း ဖြစ်သည်။ တနည်းဆိုရသော် ဇကားသ်ဟူသော အမည်ကပင် သူဆင်းရဲများကို မည်သည့် အမှုထမ်းမှုအတွက်မှမဟုတ် အမှုထမ်းဆောင်ခအဖြစ်ပဲ ပေးခြင်းဖြစ်သည်။ အကယ်၍ သူဆင်းရဲတစ်ဦးအား တစ်စုံတစ်ရာအမှုထမ်းစေ၍ ဇကားသ်ရံပုံ ငွေမှ ပေးခဲ့လျှင် ယင်းသည် ဇကားသ်ပေးခြင်းမမည်ပေ။

ဤအကြောင်းကြောင့် ဤနေရာတွင် မေးခွန်းနှစ်ခု ထွက်ပေါ်လာသည်။ ပထမှာ အမှုထမ်းမှုအတွက် ဇကားသ်ပစ္စည်းကို မည်သို့ပေးရမည်နည်း။ ဒုတိယမှာ သူဌေးများအတွက် ဇကားသ်ပစ္စည်း မည်သို့ ဟလာလ် (တရားဝင်) ဖြစ်သွားမည်နည်း။ မေးခွန်းနှစ်ခုစလုံးအတွက် အဖြေမှာ အတူတူပင်ဖြစ်သည်။ ယင်းကား ကျွန်ုပ်တို့သည် ဆွဒကာဟ် ကောက်ခံရန် ခန့်အပ်ထားခဲ့သူများ၏ အခြေအနေမှန်ကို သိနားလည်ထားသင့်သည်။ ဤဝန်ထမ်းများ၏ အခြေအနေမှာ အလိဖကရာ ဆင်းရဲသူတစ်ဦး၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ၎င်း၏ကြွေးမြီကို ရရန်အလို့ငှာ တရားဝင်ကောက်ခံသူတစ်ဦးခန့်၍ ကောက်ခံခိုင်းလျှင် ကြွေးမြီပေးရန်ရှိသူသည် ထိုကိုယ်စားလှယ်ကို ကြွေးမြီပေးပြီးသည်နှင့် ၎င်းသူသည် ကြွေးမြီပေးဆပ်ပြီး ဖြစ်သွားသည်။ ထို့ကြောင့် ဖကရာစသည့် သူဆင်းရဲ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဇကားသ်ငွေကြေးကို လူအများထံမှ ကောက်ခံရပြီးသည်နှင့် ပေးစရာရှိသူသည် ပေးပြီးဖြစ် သွားပေမည်။ ဤကောက်ခံမှုပမာဏအားလုံးသည် ဖကရာများ၏ ပိုင်ဆိုင်မှု ဖြစ်သွားသည်။ ထို့ကြောင့် ကောက်ခံသူများကို ၎င်းတို့အား ဝန်ဆောင်ပေး၍ ပေးရခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဖာကိရ်တစ်ဦး (သို့မဟုတ်) သူကိုယ်စားလှယ် တစ်ဦးသည် ဇကားသ်ကိုလက်ခံရသည်နှင့် တစ်ပြိုင်တည်း သူတို့အား ဝန်ဆောင်ပေးသူကို ပေးနိုင်ပါသည်။

မေးစရာကျန်သည်မှာ ဖကရာများသည် ၎င်းတို့အား သူတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် မည်သည့်အခါကမျှ မခန့်အပ်ခဲ့ပါ။ သို့ဆိုလျှင် ထိုသူများ ၎င်းတို့ကိုယ်စားလှယ်အဖြစ် အမှန်စင်စစ် မည်သို့ဖြစ်သွားရသနည်း။ အဖြေကား မုစ်လင်မ်နိုင်ငံ၏ခေါင်းဆောင် (အမီးရ်)ကို အလ္လာဟ်အရှင်မြတ်သည် ဇကားသ်ငွေဝေငှရန်နှင့် ကောက်ခံရန် အတွက် သူဆင်းရဲများ၏ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခဲ့ပါသည်။ ဤအစီအမံ၏ ယုတ္တိဗေဒဆိုင်ရာအကျိုးဆက်အရ အမီးရ်တစ်ဦးကခန့်အပ်ခဲ့သော ထိုလူများသည် အမီးရ်၏လက်ထောက်များဖြစ်ကာ ၎င်းတို့ကိုလည်း သူဆင်းရဲများ၏ ကိုယ်စားလှယ်ဟု မှတ်ယူနိုင်သည်။

အချုပ်မှာ ဆွဒကာဟ် (သတ်မှတ်ပြဋ္ဌာန်းထားသော အလှူဒါနကြေး) ကောက်ခံရန် ခန့်အပ်ထားသူများကို ပေးခြင်းသည် အမှန်တကယ်တွင် ဇကားသ်မဟုတ်ချေ။ ထိုသို့ပေးခြင်းသည် ဇကားသ်လက်ခံရယူသည့် သူဆင်းရဲများကိုယ်စား ၎င်းတို့အတွက်လုပ်ဆောင်ပေးမှုကို အစားပေးခြင်းဖြစ်သည်။ ဤသည်မှာ သူဆင်းရဲတစ်ဦးက သူ့အမှုအတွက် ရှေ့နေတစ်ဦးကို ၎င်းထမ်းဆောင်သည့်တာဝန်အတွက် ဇကားသ်ရရှိသည့်အထဲမှ ပေးခြင်းဖြစ်သည်။ ဤကဲ့သို့သောအခြေနေတွင် အမှုလိုက်ခပေးဆောင်ခြင်းကို ဇကားသ်ပေးခြင်းအဖြစ် မခေါ်ဆိုနိုင်ပါ။

အထူးမှတ်စု

အထက်ဖော်ပြပါသေးစိတ်များက ကျွန်ုပ်တို့ကိုပြောသည်မှာ အစွလာမ့်ဘာသာရေးဆိုင်ရာကျောင်းများနှင့် အဖွဲ့အစည်းများအတွက် ဇကားသ်နှင့် ဆွဒကာဟ်ကောက်ခံသူများ (ထိုသို့လုပ်ဆောင်ရန်ရည်ရွယ်၍ အစွလာမ့်နိုင်ငံတစ်ခုက ခန့်အပ်ထားမှုမရှိ)သည် 'အာမီလီန်း' (ဇကားသ်ကောက်ခံသူများ) တွင် အကျုံးမဝင်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် သုံးသပ်ထားသည်။ အကြောင်းမှာ ထိုသူများသည် သူဆင်းရဲများက တရားဝင်ကိုယ်စားလှယ်မခန့်အပ်သကဲ့သို့ အစွလာမ့်နိုင်ငံအကြီးအကဲကလည်း ၎င်းတို့ကိုခန့်အပ်ထားခြင်းမဟုတ်ပါ။ ၎င်းတို့၏ မှန်ကန်သော အဆင့်အတန်းမှာ ဇကားသ်ပေးသူများသည် ၎င်းတို့၏ ဇကားသ်ဝေငှမှုကို လူများထဲမှ ထိုက်တန်သူကို ပေးရန်အတွက် ၎င်းတို့ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုသူတို့သည် ကောက်ခံရရှိသော ဇကားသ်မှ ၎င်းတို့၏လစာများ မထုတ်နိုင်သကဲ့သို့၊ ဇကားသ်လက်ခံထိုက်သူတို့ ထိုဇကားသ်ငွေမရောက်သမျှ ယင်းဇကားသ် တာဝန်သည် မကျနိုင်ချေ။

အများအားဖြင့် ဤကိစ္စရပ်တွင် အကြီးအကဲယ် လျစ်လျူရှုမှုရှိကြောင်း ပြသည်။ အဖွဲ့အစည်းများစွာသည် ဇကားသ်ငွေများစုဆောင်း၍ ပေးလိုက်ပြီဖြစ်သောကြောင့် တာဝန်ကျပွန်သွားပြီဟု တွေးထင်ကြသည်။ ယင်းသို့မဟုတ်ချေ။ ဇကားသ်သည် ထုတ်လိုက်သော ဇကားသ်ပမာဏ လက်ခံရရှိသူများထံ ဝေငှပေးပြီးမှသာလျှင် တာဝန်ကျပါသည်။

အလားတူပင် လူများစွာသည် ဆွဒကာဟ်ကောက်ခံသူများနှင့် အတူတူဟု မသိနားမလည်ဘဲ ထင်မှတ်ကာ လခကို ဇကားသ်ငွေကြေးမှ ပေးကြပါသည်။ ဤသည်မှာ ပေးသူနှင့် ယူသူနှစ်ဦးစလုံး ပေးပိုင်ခွင့်မရှိ။ ယူပိုင်ခွင့်မရှိခြေ။

အခြားမေးခွန်း - အီဗာဒသ်အတွက် အခကြေးငွေပေးခြင်း

အခြားမေးခွန်းကိုလည်း ဤနေရာတွင် ရှင်းလင်းသင့်သည်။ အချို့သော ကုရ်အာန်ကျမ်းတော်မြတ် အညွှန်းနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များမှ တစ်ဆင့် ကောက်ချက်ချခဲ့သည်မှာ အီဗာဒသ် လုပ်ရပ်အတွက် အခကြေးငွေနှင့် အစားယူခြင်းသည် ဟရာမ် (တရားမဝင်၊ တားမြစ်သည်)ဖြစ်သည်။ စိုက်ယိဒနာ အဗ်ဒုလ်ရဟ်မာန် အိဗ်နိုရှိုက်ဗလ်မှ တစ်ဆင့် ဟဒီးဆ်တော် တစ်ရပ်ကို မုစ်နဒ်အဟ်မဒ်ကျမ်းတွင် တင်ပြထားသည်။ ယင်းဆင့်ပြန်ချက်အရ တမန်တော်မြတ် ﷺ မိန့်ထားခဲ့သည်မှာ ﴿اِقْرَأُوا الْقُرْاٰنَ وَلَا تَأْكُلُوْا بِهٖ﴾ 'ကုရ်အာန်ကျမ်းတော်မြတ်ကို ဖတ်ရွတ်ပါလေ။ သို့သော် ယင်းသို့ကုရ်အာန်ရွတ်ဖတ် ခြင်းဖြင့် မစားသောက်လေနှင့်' အခြားတင်ပြချက်အချို့တွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့်ပတ်သက်၍ အစားယူခြင်းကို ဂျာဟန္နမ်ငရဲမီး၏အပိုင်းအစဟုခေါ်သည်။' ဤသည်အပေါ်အခြေခံ၍ မုစ်လင်မ်အွမ္မသ်ထု၏ ဓမ္မသတ်ပညာရှင်များစွာက မည်သည့်အီဗာဒသ်(ခဝပ်ကိုးကွယ်)မှုအတွက်မှ အခကြေးငွေယူခြင်း(သို့မဟုတ်) အစားယူခြင်း ခွင့်မပြုပါ။ ထို့ကြောင့် ယင်းသတ်မှတ်ထားသော အလှူဒါနကြေးကို ကောက်ခံသည့်လုပ်ငန်းသည် ဘာသာရေးဆိုင်ရာတာဝန်နှင့် အီဗာဒသ် အပြုအမူဖြစ်သည်မှာ ထင်ရှားသည်။ တမန်တော်မြတ် ﷺ -က ဤသို့သော လုပ်ရပ်ကို ဂျီဟာဒ်တစ်မျိုးဟု ခေါ်သည်။ ဤမူအရဆိုလျှင် ဇကားသ်ကောက်ခံခြင်းအတွက် မည်သည့်အခကြေးငွေ ကိုမဆို လက်ခံခြင်းသည် တရားဝင်မဟုတ်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်က ယင်းကို ခွင့်ပြုကြောင်း ရှင်းလင်းစွာ ကြေညာခဲ့ကာ ယင်းကို ဇကားသ်ဝေငှမှုခေါင်းစဉ်ရှစ်ခုတွင် တစ်ခုအဖြစ်ထည့်သွင်းခဲ့သည်။

အီမာမ်ကုရ်သုဗီက ဤမေးခွန်းအကြောင်းကို ၎င်း၏သဖ်စီရ် အကျယ်ဖွင့်ကျမ်းတွင် တင်ပြထားသည်။ သူက ပြောသည်မှာ (ဖရ်သွဲ)မပြုမနေရဖြစ်သော အိဗာဒသ်(ခဝပ်ကိုးကွယ်မှု အပြုအမူ) (သို့မဟုတ်) (ဝါဂျိဗဲပုလ်အိုင်) တစ်ဦးချင်း မလုပ်မနေရ တာဝန်အတွက် အခကြေးငွေယူခြင်းသည်။ အကြွင်းမဲ့ဟရာမ် (တရားမဝင်)ဖြစ်သည်။ သို့သော်လည်း ဖရ်သွလ်ကိဖာယဟ်ဟုခေါ်သော တာဝန်များအတွက် မည်သည့်အစားယူခြင်းကိုမဆို ဤအာယသ်တော်အရ ခွင့်ပြုသည်။ ဖရာဒ်ဒုလ်ကိဖာယဟ်ဆိုသည်မှာ မုစ်လင်မ်အွမ္မသ်ထုတစ်ရပ်လုံးပေါ်၌ လည်းကောင်း (သို့မဟုတ်) တစ်မြို့လုံးပေါ်၌ လည်းကောင်း၊ စုပေါင်းမပြု မနေရတာဝန် တစ်ရပ်ဖြစ်သည်။ သို့သော်လည်း ဤတာဝန်ကို လူတိုင်းက တစ်ဦးစီ၏ တာဝန်မဟုတ်ပါ။ အကယ်၍ ယင်းနေရာရှိ လူအချို့က ဤတာဝန် ဖြည့်ဆည်းခဲ့လျှင် ကျန်သူများသည် တာဝန်ထမ်းဆောင်ခြင်းမှ လွတ်ကင်းသည်။ မှန်သည်-အကယ်၍ မည်သူတစ်ဦးတစ်ယောက်မျှ ဤတာဝန် မထမ်းဆောင်လျှင် လူတိုင်းသည် အပြစ်ဂုနာဟ်ရှိသူဖြစ်လာမည်။

အီမာမ်အလ်ကုရ်သုဗီကပြောသေးသည်မှာ လူစုလူဝေးနှင့် ဝတ်ပြုဆောက်တည်ရာတွင် ရှေ့ဆောင်(အီမာမ်) လုပ်ခြင်းနှင့် ခုသ်ဗာဟ် (မိန့်ခွန်း)ရွတ်ဖတ်ခြင်းအတွက် အခကြေးငွေယူခြင်းကို ခွင့်ပြုသည်ဟု ဤအာယသ်တော်က သက်သေပြပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကိစ္စရပ်တို့သည်လည်း ဝါဂျိဗဲပုလ်ကိဖာယဟ် (လူအများတွင်တာဝန်ရှိသော်လည်း လူအချို့ဆောင်ရွက်ခဲ့လျှင် အားလုံးတာဝန်ကျသည်)ဖြစ်ကာ ဝါဂျိဗဲပုလ်အိုင်(တစ်ဦးချင်းစီ တာဝန်တင်ခြင်း) မဟုတ်ချေ။ အလားတူပင် ကုရ်အာန်ကျမ်းတော်မြတ်၊ ဟဒီးဆ်တော်နှင့် အခြားဘာသာရေးဆိုင်ရာ သိပ္ပံပညာများသည်လည်း မခြားနားချေ။ ဤသည်တို့သည် ထမ်းဆောင်ရမည့် တာဝန်များဖြစ်သည်။ ယင်းကိစ္စအတွက် မုစ်လင်မ်အွမ္မသ်ထု တစ်ရပ်လုံးပေါ် တာဝန်ရှိသည်။ ဤသည်မှာ အွမ္မသ်ထုပေါ်ရှိ ဖရတ်ဒုလ်ကိဖာယဟ်ဖြစ်သည်။ အကယ်၍ လူတစ်ချို့သည် ဤတာဝန်များဖြည့်ဆည်းခဲ့လျှင် ကျန်သူများသည် တာဝန်ကျေပြီးဖြစ်သည်။ ထိုကြောင့် အကယ်၍ ယင်းကိစ္စရပ်တွင် လစာအချို့ (သို့မဟုတ်)အစားပေးခြင်းအချို့ယူခဲ့လျှင် ဤသည်မှာလည်း ခွင့်ပြုနိုင် ပေသည်။

ဇကားသ်လက်ခံရယူမည့် အတန်းအစားရှစ်မျိုးမှ စတုတ္ထအဆင့်အတန်းသည် သာသနာ့ဘောင်ဝင်လိုသူများ၏စိတ်ကို နှစ်သိမ့်စေရန်အလို့ငှာ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က ၎င်းတို့ကို **مؤلفة القلوب** ဟုခေါ်သည်။ ဤသူများကို ဆွဒကာဟ်ပေးရခြင်းမှာ ၎င်းတို့သည် အစွလာမ့်ဘာသာအပေါ်တွင် ၎င်းတို့သဘောထားကို နှစ်သိမ့်စေရန်ဖြစ်သည်။ ဤအတန်းစားနှင့်ပတ်သက်၍ ယေဘုယျယူဆချက်မှာ မုစ်လင်မ်များနှင့်မုစ်လင်မ်မဟုတ်သူ နှစ်မျိုးလုံး အကျုံးဝင်သည်။ ရည်ရွယ်ချက်မှာ မုစ်လင်မ်မဟုတ်သူသည် အစွလာမ်ဘာသာကို လိုလားစေရေး ဖျောင်းဖျရန်ဖြစ်ပြီး မုစ်လင်မ်သစ်လွင် များကို ပိုမိုခိုင်မြဲစေရန်ဖြစ်သည်။ အမာခံဖြစ်သောမုစ်လင်မ်များကိုလည်း ၎င်းတို့လူများ ယင်းသို့သောဆောင်ရွက် ခြင်းဖြင့် မှန်ကန်စွာလမ်းညွှန်မှုရရန် အထောက်အကူပြုသည်။ မုစ်လင်မ်မဟုတ်သူများထဲမှ ဆိုးဝါးသောသူများကို နှစ်သိမ့်စေသော ပေါ်လစီတစ်ရပ်လည်းဖြစ်သည်။ ထို့ပြင် ယင်းတို့ထဲတွင် တရားမရှိ၊ မှားမရှိဆိုသော သူများလည်း ရှိကြသည်။ ၎င်းတို့နားလည်သည်မှာ ရက်ရောခြင်းနှင့် ကျေးဇူးပြုခြင်းသာလျှင်ဖြစ်သည်။ ထိုသူများကို ဤမှဖြင့်လည်း ပြန်လည် ရင်ကြားစေ့သွားနိုင်သည်။ တမန်တော်မြတ် ﷺ သည် ထိုကာလက ဖြစ်နိုင်ဖွယ် တရားဝင်နည်းလမ်း မည်သည်နှင့်မဆို အမှောင်ထဲမှမယုံကြည်သွေဖည်သူများကို သစ္စာတရား၏အလင်းရောင်ဆီသို့ ခေါ်ဆောင်ခဲ့သည်။ သို့သော် တမန်တော်မြတ် ﷺ ဝဖာသ်ကွယ်လွန်ပြီးနောက် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ခြိမ်းခြောက်မှု ရှောင်ရှားရန်နှင့် မုစ်လင်မ်သစ်လွင်များကို ထောက်ပံ့ပေးရန်ဟူသော ကနဦးစိမံကိန်းသည် တရားမဝင်အတည်မဖြစ်တော့ချေ။ ထိုအချိန် အခါက ဆီလျော်အပ်စပ်မှုသည် ယခုအခါ မဆီလျော် မအပ်စပ်ချေ။ ထို့ကြောင့်

ထိုဝေစုသည်လည်း အဆုံးသတ်သွားသည်။ မုစ်လင်မ်ဓမ္မသတ် ပညာရှင်အချို့က ယင်းကို ပယ်ဖျက်ရုပ်သိမ်းပြီး ဖြစ်သည်ဟု သတ်မှတ်သည်။ ဤသို့မှတ် ယူခြင်းကို စိုက်ယိဒနာအုမရ်၊ ဟစံန်ဝဆွရီ၊ အဗူဟနီဖာနှင့် မာလိက် အိဗ်နိအနာစ် [d] တို့ ဖြစ်သည်။

သို့သော်လည်း အခြားသောအများစုက ဤအတန်းအစားအတွက် ဝေစုအား ပယ်ဖျက်ရုပ်သိမ်းမထားဟု မှတ်ယူကြသည်။ စိုက်ယိဒနာအဗူဗကရ်နှင့် အုမရ်တို့အခါသမယက ဤကိစ္စရပ်ကို မဆောင်ရွက်ဘဲထားခဲ့ခြင်းကို ခွင့်ပြုခြင်းမှာ ထိုအချိန်အခါက ဆောင်ရွက်ရန်မလိုသောကြောင့်ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် လိုအပ်လာသောအခါ ယင်းဝေစုကို တစ်ဖန်ပြန်လည်ပေးအပ်နိုင်သည်။ ဤသည်မှာ အိမာမ်ဇော်ဟ်ရီ၊ ကာဒီအဗ်ဒုလ်ဝဟဗ်၊ အိဗ်နိအလ် အရဗီ၊ အိမာမ်ရှာဖိအီနှင့် အဟ်မဒ်တို့၏ ဓမ္မသတ်ဆိုင်ရာအမြင်ဖြစ်ပါသည်။ သို့ရာတွင် အလွန်ခိုင်လုံသောအနေ အထားမှာ မုစ်လင်မ်မဟုတ်သူများအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းနှင့်မဆို ဆွဒကာဟ်မှ ဝေစုမပေးသကဲ့သို့ လက်ရှိအာယသ်တော်(၆၀) စေ့စေ့စပ်စပ်စဉ်းစားဆင်ခြင်ထားသော 'မုအလ်လဖဟ် အလ်ကုလုဗ်' အတန်းစားတွင်လည်း အကျုံးမဝင်ပါ။

အိမာမ်အလ်ကုရ်သုဗီက သူ၏သဖီစီရ်ကျမ်းထဲ၌ ဆွဒကာဟ်ခေါင်းစီးအောက်မှ တမန်တော်မြတ် [s] သခင်ဝေစုပေးခဲ့သောလူများ၏ အသေးစိတ်စာရင်းကို ဖော်ပြထားသည်။ ရည်ရွယ်ချက်မှာ ဖျောင်းဖျမှုဖြင့် ထိုသူများ တို့၏ နလုံးသားများ ပျော့ပြောင်းစေရန်ဖြစ်သည်။ သူ၏စာရင်းအဆုံး၌ အိမာမ်အလ်ကုရ်သုဗီက **وَبِالْجُمْلَةِ فَكُلُّهُمْ مُّؤْمِنٌ** **وَلَمْ يَكُنْ فِيْهِمْ** ဟူ၍မိန့်ထားသည်။အဓိပ္ပာယ်မှာ'အချုပ်ဆိုရသော်ဤအတန်းအစားပါလက်ခံရယူသူအားလုံးတို့သည် မုစ်လင်မ်များသာဖြစ်ကြပြီး ကာဖိရ်များလုံးဝမပါဟု ပြောနိုင်ပါသည်' ဟူ၍ဖြစ်သည်။

အလားတူစွာ သဖီစီရ်မဇ်ဟရီကျမ်း၌ **لَمْ يُثْبَتْ اَنَّ النَّبِيَّ صَلَّى اللّٰهُ عَلَيْهِ وَسَلَّمَ اَعْطٰى اَحَدًا مِّنَ الْكُفَّارِ لِلْاِيْلَافِ شَيْئًا مِّنَ الزَّكٰوةِ** ဟူ၍ရှိပါသည်။ ယင်းကဆိုလိုသည်မှာ 'ကာဖိရ်တစ်ဦးအား ကျေးဇူးရှိ စေရန်အတွက် ဖျောင်းဖျရန် တမန်တော်မြတ် [s] သည် ဆွဒကာဟ်ပစ္စည်းမှ ကာဖိရ်မယုံကြည်သူတစ်ဦးအား ဝေစုပေး သည်ဆိုကြောင်း သက်သေပြရန် မည်သည့်ဆင့်ပြန်ချက်မှမရှိပါ' ဟူ၍ ဖြစ်သည်။ ဤသည်ကို ထောက်ခံသည့် အနေဖြင့် သဖီစီရ် အလ်ခရ္ခကျမ်းထဲတွင် မိန့်ကြားထားသည်မှာ 'ဆွဒကာဟ်' လက်ခံရရှိမည့်သူတို့၏ အသေးစိတ် အကြောင်းကို ဖော်ပြ ထားရခြင်းမှာ 'ဆွဒကာဟ်'မှ ၎င်းတို့မှမရှိကြောင်း တမန်တော်မြတ် [s] အား ကန့်ကွက်သည့် မယုံကြည် သွေဖည်သူ၊ အရေခြံများ သစ္စာခံမှုသည် မှားယွင်းနေသည်ဆိုကြောင်း ပြောကြားရန်ဖြစ်သည်။ ဤ အာယသ်ထဲ၌ အသေးစိတ် များဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ မယုံကြည်သွေဖည်သူများ 'ဆွဒကာဟ်' ပစ္စည်းရ ပိုင်ခွင့်မရှိကြောင်းပြောကြားရန် ဖြစ်သည်။ အကယ်၍သာ မယုံကြည်သွေဖည်သူများကိုလည်း ဤ 'မုအလ်လဖဟ်အဟ် ကုလုဗ်' အတန်းအစားတွင် အကျုံးဝင်ပါက ဤကဲ့သို့သောငြင်းဆိုသည့် အဖြေပေးရန်မလိုပါ။

အချို့သောဟဒီးဆ်ဆင့်ပြန်ချက်များ၌ တမန်တော်မြတ် [s] သည် မုစ်လင်မ်မဟုတ်သူတို့အား လက်ဆောင်များ ပေးကြောင်း သက်သေပြသယောင်ရှိသောကြောင့် အချို့သောအမှားများဖြစ်စေမှုကို သဖီစီရ်မဇ်ဟရီကျမ်းက ရှင်းလင်းထားပါသည်။ ပမာဆိုသော် ဆွဟီးမုစ်လင်မ်ကျမ်းနှင့် သိရ်မိဇီကျမ်းများတွင် တင်ပြချက်တစ်ခု၌ တမန်တော်မြတ် [s] သည် ဆွဖ်ဝမ်အိဗ်နိအုမိုင်ယဟ်သည် ကာဖိရ်ဖြစ်နေစဉ်က လက်ဆောင်အချို့ပေးခဲ့သည်ဟု ဖော်ပြခဲ့သည်။ ဤသည်နှင့်ပတ်သက်၍ ကျမ်းပြုစုသူက အိမာမ်အလ်နဝါဝီအားကိုးကား၍ပြောသည်မှာ ထိုလက်ဆောင်များသည်

ဇကားသံမှမဟုတ်ပါ။ ထိုလက်ဆောင်များတို့သည် ဗိုင်သုလ်မာလ်တွင် သိမ်းဆည်းထားသော ဟုနိုင်းစစ်ပွဲမှ သုံ့ရပစ္စည်း၏ (ငါးပုံတစ်ပုံ) 'ခွမ်း'မှပေးခြင်းဖြစ်ပါသည်။ ဗိုင်သုလ်မာလ်ရှိ ဤခေါင်းစဉ်အောက်ရှိ မုစ်လင်မ်အတွက်နှင့် မုစ်လင်မ်မဟုတ်သူများအတွက်ပါ သုံးစွဲခြင်းသည် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ ညီညွတ်ဆုံးဖြတ်ထားသည်မှာကား ခွင့်ပြုပါသည်။ ထိုသည်မှာခွင့်ပြုပါသည်။ ထို့နောက် ကျမ်းရှင်ကပြောသည်မှာ ဤလက်ဆောင်သည် ဇကားသံမှ ပေးခြင်းမဟုတ်ဘဲ သုံ့ရပစ္စည်း ငါးပုံတစ်ပုံမှပေးသည်ဆိုကြောင်းကို အိမာမ်အလ်ဗိုင်ဟကီ၊ အိဗ်နဲစိုင်ယဒ် အလ်နားစ်၊ အိမာမ်အိဗနီ နှင့် အခြားသူများကလည်း သဘောတူကြသည်' ဟူ၍ဖြစ်သည်။

အသုံးဝင်သော နောက်ဆက်တွဲမှတ်စု

ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ ဆွဒကာဟ်နှင့်ပတ်သက်သောပစ္စည်းဥစ္စာတို့အား တမန်တော်မြတ် S ကိုယ်တော်တိုင် ဗိုင်သုလ်မာလ်တွင် သိမ်းဆည်းထားကာ သီးခြားစာရင်းတစ်ခုပြုစုထားပါသည်။ အလားတူစွာ ဗိုင်သုလ်မာလ်တွင် သိမ်းဆည်းထားသည့် အခြားခေါင်းစဉ်များဖြစ်သော ဂနီမာဟ်ခွန်းမ်များ (သုံ့ရပစ္စည်းများ၏ ငါးပုံတစ်ပုံ) သို့မဟုတ် မအာဒင်နှစ်၏'ခွန်းမ်'များ (တွင်းထွက်ပစ္စည်းများ၏ငါးပုံတစ်ပုံ) တို့ကို သီးခြားစာရင်းနှင့် သီးသန့် ဝေပုံဝေနည်းတို့ ထားရှိပါသည်။ ဤသည်တို့အတွက် မုစ်လင်မ်ဓမ္မသတ်ပညာရှင်တို့က အသေးစိတ်များ ဖော်ပြထားရှိခဲ့သည်။ ထိုဓမ္မသတ်ပညာရှင်များအရ တစ်ခုနှင့်တစ်ခုမတူသော သီးခြားခေါင်းစဉ်လေးခု ဗိုင်သုလ်မာလ် တွင်ရှိရပါမည်။ သို့မှသာ အတန်းအစားလိုက် အတည်ပြုပြီးသောလက်ခံသူများအား ဝေငှရာတွင် ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ပါလိမ့်မည်။ အကယ်၍ ခေါင်းစဉ်တစ်ခုမှ ငွေကြေးများပြတ်လပ်သွားပါက ယင်းလိုငွေကို အခြားစာရင်း ခေါင်းစဉ်မှ ချေးယူကာ လိုအပ်သလိုသုံးစွဲနိုင်ပါသည်။ ဗိုင်လ်သုလ်မာလ်တွင်ရှိ ဤခေါင်းစီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ခွမ်းစ်အလ် ဂနာအင်မ်- သုံ့ရပစ္စည်းများ၏ငါးပုံတစ်ပုံ ဤပစ္စည်းများတို့သည် စစ်ပွဲတစ်ခု၏ရလဒ်အဖြစ် မယုံကြည် သွေဖည်သူများထံမှ ရရှိသောပစ္စည်းများဖြစ်ပါသည်။ ယင်းပစ္စည်းများ၏ငါးပုံအနက် လေးပုံအားမုဂျာဟီဒီန်းတို့အား ဝေငှပေးကာ ကျန်တစ်ပုံသည် ဗိုင်သွလ်မာလ်၏ပိုင်ဆိုင်မှုဖြစ်သွားပါသည်။ ထို့နောက်တွင်းထွက်ပစ္စည်းများ (ခွမ်းစ်အလ်မအာဒင်)၏ ငါးပုံတစ်ပုံလည်းရှိပါသေးသည်။ အမျိုးမျိုးသောမိုင်းတွင်းများမှ တူးဖော်ရရှိသည်တို့၏ ငါးပုံတစ်ပုံသည်လည်း ဗိုင်သုလ်မာလ်၏ပိုင်ဆိုင်ခွင့်ဖြစ်သွားပါသည်။ ထို့နောက် မြုပ်နှံထားသည့်ရတနာတို့၏ ငါးပုံတစ်ပုံလည်းရှိပါသည်။ ဤသည်ကို 'ရိကာဇ်' ခွန်မ်းစ်ဟုခေါ်ရှိပါသည်။ ဤသည်ကမြေကြီးမှတူးဖော်ရရှိသည့် မည်သည့် ရှေးဟောင်းရတနာမဆို ရည်ညွှန်းပါသည်။ ဤသည်၏ငါးပုံတစ်ပုံသည်လည်း ဗိုင်သုလ်မာလ်ပိုင်ဖြစ်ပါသည်။ ဤသုံးမျိုးသော 'ခွမ်းစ်' (ငါးပုံတစ်ပုံ)တို့အား ဗိုင်သုလ်မာလ်တွင် ခေါင်းစည်းတစ်ခု၏အောက် အကျုံးဝင်စေပါသည်။

(၂) ဆွဒ်ကာဟ်- ဤထဲတွင် ဇကားသံ၊ဆွဒကာဟ်တွလ်ဖိသ်ရိန့် မုစ်လင်မ်များပေးဆောင်ရသည့် ၎င်းတို့ လယ်ယာမြေမှထွက်သည့် အုရှ်ရ်အခွန်။

(၃) ခရာဂျ်နှင့် ဗိုင်- ဤပစ္စည်းများထဲတွင် မုစ်လင်မ်မဟုတ်သူများဗိုင်ဆိုင်သည့်မြေများမှ ကောက်ခံရသည့်အခွန်၊ ဂျီဇီယာအခွန်၊ ၎င်းတို့လုပ်ဆောင်သော ကုန်သွယ်မှုအတွက်ပေးဆောင်ရသော (အလ်ခရာဂျ်) ကုန်သွယ်ခွန်များ ပါဝင်ပါသည်။ မုစ်လင်မ်မဟုတ်သူများထံမှရရှိသော အလုံးစုံသောပစ္စည်းများသည် ၎င်းတို့၏ဆန္ဒနှင့် သဘောတူညီချက်အရသာ ဖြစ်ပါသည် (အလ်ဗိုင်)။

(၄) **ဒဝါအီ-** (ပိုင်ရှင်မဲ့ပစ္စည်းများ) ယင်းတွင် ပျောက်ဆုံးသည်များ၊ ပိုင်ရှင်မဲ့များနှင့်အတူ အမွေဆက်ခံသူ မရှိသောသူ တစ်ဦးကျန်ခဲ့သောပစ္စည်းတို့ပါဝင်သည်။

ဤခေါင်းစဉ်လေးခုအောက်ရှိ အသုံးစရိတ်များသည် သီးခြားဖြစ်သော်လည်း သူဆင်းရဲနှင့် ချို့တဲ့သူများ၏ ရပိုင်ခွင့်များကို ဤ၄ မျိုးထဲတွင် သတ်မှတ်ထားသည်။ ဤသည်က လူ့အသိုင်းအဝိုင်းရှိချို့တဲ့၍ အင်အားနည်းသူများကို အင်အား ဖြည့်တင်းရန် သီးသန့် ဂရုမူကြောင်းပြသပါသည်။ ဤသည်မှာ အစွလာမ်နိုင်ငံ၏ သီးသန့်အမှတ်လက္ခဏာ တစ်ရပ်ဖြစ် သည်။

သို့မဟုတ်လျှင် ကမ္ဘာကြီး၏လူမှုဆိုင်ရာစနစ်တွင် အထက်တန်းလွှာများသည် ဆင်းရဲသားများကို အရင်းပြု၍ ပိုမိုကြီးပွားလာနိုင်ခွင့်ရရှိပါလိမ့်မည်။ ဆင်းရဲသားများကား မည်သည့်အခါမျှ အခွင့်အရေးရလိမ့်မည်မဟုတ်ချေ။ ဤသို့သောအခြေအနေမျိုးကို တုန့်ပြန်သည့်အနေဖြင့် ပေါ်ပေါက်လာသော ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့မှာ သဘာဝနှင့် အလွန်ကင်းကွာပေသည်။ စင်စစ် ဤသည်မှာ မိုးလွတ်စေရန်ရေပန်းပိုက် အောက်ခိုလှုံနေသည် နှင့်တူပေသည်။ လူသားများ၏ ကိုယ်ကျင့်တရားပေါ် ယင်းစနစ်၏ဆိုးကျိုးကို ပြောရန်ပင်မလိုချေ။

အချုပ်မှာ အစွလာမ့်အစိုးအရတစ်ခုတွင် မတူညီသောခေါင်းစဉ်လေးခုအတွက် ဗိုင်သုလ်မာလ် ၄ ခုရှိကာ ယင်း ၄ရပ်အောက်တွင် ဆင်းရဲသားနှင့် ချို့တဲ့သူများ၏ရပိုင်ခွင့်ကို လုံခြုံစိတ်ချစွာ ထိန်းသိမ်းထားပါသည်။ ဤခေါင်းစဉ်လေးခုမှ ပထမသုံးခု၏အသုံးစရိတ်များကို ကုရ်အာန်ကျမ်းတော်မြတ်က သတ်မှတ်ထားကာ ရှင်းလင်းစွာဖြင့် အောက်ပါအတိုင်းမိန့်ထားသည်။ ပထမခေါင်းစဉ်ဖြစ်သော သို့ရပစ္စည်း၏ငါးပုံတစ်ပုံ (ခွန်မ်စ်လ်ဂနီးမ်) ၏အသုံးစရိတ်ကို စူရဟ်အလ်အာန်ဖာလ်၏ အပိုင်း ၁၀ အစ (အာယသ် ၄၁) တွင် ဖော်ပြထားသည်။ ဒုတိယ ခေါင်းစဉ်ဖြစ်သည့် ဆွဒကာဟ်အကြောင်းကို ကျွန်ုပ်တို့ယခုလေ့လာနေသော စူရဟ်အသ်သောင်ဗဟ်၏ အာယသ်(၆၀)တွင်ဖော်ပြ ထားသည်။ တတိယခေါင်းစဉ်ဖြစ်သော အလ်ဖိုင်ယ် ပစ္စည်းများအကြောင်းကို စူရဟ်အလ်ဟရှရ် (ပြည်နှင်ဒဏ်ကဏ္ဍ ၅၉) တွင် အသေးစိတ်ဖော်ပြထားသည်။ အစွလာမ့်အစိုးရ၏ အသုံးစရိတ်များဖြစ်သော စစ်ဘက်ဆိုင်ရာနှင့် နိုင်ငံ ဝန်ထမ်းလစာများကို ဤခေါင်းစဉ်အောက်မှဝေငှပေးသည်။ စတုတ္ထခေါင်းစဉ်ဖြစ်သော အလ်ဒဝါအီသည် ပျောက်ဆုံး ပစ္စည်း (သို့မဟုတ်) ပိုင်ရှင်မဲ့ပစ္စည်း (သို့မဟုတ်) အမွေဆက်ခံသူမရှိပဲ ကျန်ခဲ့သည့်ပစ္စည်းများဖြစ်သည်။ ယင်းခေါင်းစဉ်အား မသန်မစွမ်းသူများ၊ ကိုယ်အင်္ဂါချို့တဲ့သူများ၊ ခိုကိုးရာမဲ့သောအမျိုးသား၊ အမျိုးသမီးများနှင့် စွန့်ပစ်ကလေးငယ်များတို့အတွက် သတ်မှတ်ထားသည်။ ယင်းသို့လုပ်ခြင်းသည် တမန်တော်မြတ် S ၏ လက်တွေ့ ကျင့်စဉ်နှင့် သင်ကြားမှုများဖြစ်ကာ ဖြောင့်မတ်မှန်ကန်စွာ လမ်းညွှန်းခံခဲ့ရသည့် အစွလာမ့်ခလီဖာဟ်များ (ခုလဖာ) များ၏ သစ္စာရှိရှိကျင့်သုံးမှုလည်း ဖြစ် သည်။ (ရှာမီကျမ်း - ကိသာဗုဇ်ဇကားသ်)

တိုက်ဆိုင်စွာဖြင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များပြောကြားသည့် ဗိုင်သွလ်မာလ်၏ ခေါင်းစဉ်လေးခုကို သီးခြားထားရှိရန်နှင့် တစ်ခုစီအတွက် အတည်ပြု ပြဋ္ဌာန်းထားသည့်အတိုင်း သုံးစွဲရန်ဆိုကြောင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၊ တမန်တော်မြတ်၏ စွန္ဒသ်တော်များနှင့် ခုလာဖာဖြောင့်မတ်မှန်ကန်သည့် ဆွဟာဗဟ်ကြီးများ၏ လမ်းစဉ်များထဲမှ သက်သေသာဓက ဖြစ်လေသည်။

ဤနောက်ဆက်တွဲမှတ်စုနောက်တွင် ကျွန်ုပ်တို့သည် မူလကိစ္စဖြစ်သော မုအလ်လဖဟ်အလ်ကုလူဖ်ဆီသို့ ပြန်လှည့်ကြပါစို့။ ဤအတန်းအစားအောက်တွင် မုစ်လင်မ်မဟုတ်သူ မည်သူကိုမဆို ဇကားသ်မပေးထိုက်ကြောင်း

အတည်ပြုပြီးဖြစ်သည်။ ထို့ကြောင့် ထိုသူများသည်ဇကားသ်လက်ခံရယူထိုက်သူများစာရင်းမှ ဖယ်ထုတ်ပြီးဖြစ်သွားသည်။ ကျန်ရှိသည်များ ဤခေါင်းစဉ်အောက်တွင် အကျုံးဝင်သွားမည့် မုစ်လင်မ်သစ်လွင်များ အကြောင်းဖြစ်သည်။ မုစ်လင်မ် ဓမ္မသတ်ပညာရှင်များအားလုံးက ဤခေါင်းစဉ်အောက်တွင် ဆင်းရဲနွမ်းပါးသော မုစ်လင်မ်သစ်လွင်များသည် ၎င်းတို့၏ဝေစုကို ဤအမျိုးအစားအောက်တွင် ရပိုင်ခွင့်ရှိသည်ဟု တညီတညွတ်တည်း သဘောတူညီကြသည်။ သို့သော်လည်း ချမ်းသာသူများနှင့် ပတ်သက်၍မူ အယူအဆကွဲလွဲကြပါသည်။ အီမာမ်ရာဇီအီနှင့် အီမာမ်အဟ်မဒ်တို့က အစွလာမ့် ယုံကြည်မှုများခိုင်မြဲစေရန်အတွက် စာနာထောက်ထားသည့် သဘောထားတစ်ရပ်အရ မုစ်လင်မ်ဘက်သို့ ကူးပြောင်း လာသူလိုအပ်သူများအားလုံး ချမ်းသာသည်ဖြစ်စေ နိဆ္ဆာဗ်းပိုင်ဆိုင်သူဖြစ်စေ ဇကားသ်ငွေရယူနိုင်သည်။ ၎င်းတို့အဆိုရ အခြေခံစည်းမျဉ်းမှာ ဤအာယသ်တော်တွင် ဖော်ပြထားသည့်အမျိုးအစားရှစ်မျိုးမှ ခေါင်းစဉ် တစ်ခုစီအောက်တွင် ဇကားသ်ရယူခွင့်အတွက်ကန့်သတ်ထားသည့် အခြေအနေမှာ ဆင်းရဲနွမ်းပါးခြင်း မဟုတ်ဟူ၍ ဖြစ်သည်။ ယင်းနှင့်ဆန့်ကျင်စွာ အီမာမ်အဗူဟနီဖာဟ်နှင့် အီမာမ်မာလိက်တို့ အယူအဆအရ 'မုအလ်လဖာဟ် အလ်ကုလူဗ်' မုစ်လင်မ်များသည်အကယ်၍၎င်းတို့ဆင်းရဲလျှင် သို့မဟုတ်နိဆ္ဆာဗ်မပိုင်လျှင်၎င်းသူတို့ကို ဇကားသ်ပေးနိုင်သည်ဟုဆိုသည်။ အကယ်၍ နိဆ္ဆာဗ်ပိုင်ခဲ့လျှင် ဤအတန်းအစားအောက်တွင်ပင်လျှင် ဇကားသ်ကိုလက်ခံနိုင် ခွင့်မရှိခဲ့။ ဤအီမာမ်နှစ်ပါးစလုံးသည် အစောပိုင်းက ရှင်းလင်းခဲ့သည့် 'အာမိလီန်း' ဟူသော ချွင်းချက်တစ်ခုမှအပ အာယသ်ထဲတွင်ဖော်ပြထားသည့် အတန်းအစားရှစ်မျိုးစလုံးအတွက် အခြေခံအခြေအနေမှာ ဆင်းရဲခြင်းဖြစ်သည်ဟု ၎င်းတို့က ဆုပ်ကိုင်ထားသည်။ ကြွေးမြီးတင်နေသူ၊ ဆင်းရဲနွမ်းပါသူနှင့် ကျွန်များသည် ၎င်းမည်သို့ပစ္စည်းရှိစေကာမူ လက်ရှိအခြေအနေအရဆိုလျှင် ၎င်းတို့သည် ဇကားသ်ရယူပိုင်ခွင့်ရှိပေသည်။

ဤရှင်းလင်းချက်ကပြသသည်မှာ အီမာမ်ကြီးများ ဤကိစ္စနှင့်ပတ်သက်၍ သီးခြားအမြင် ထင်မြင်ယူဆချက်ကွဲလွဲကြသော်လည်း 'မုအလ်လဖာဟ်အလ်ကုလူဗ်' အုပ်စုတွင်ပါရှိသော ဇကားသ်လက်ခံယူသူ အတန်းအစားတစ်ရပ်အဖြစ်နှင့် ပတ်သက်၍မူ ပယ်ဖျက်ရုပ်သိမ်းခြင်းလည်းမရှိပြင်လည်းမပြင်ဆင်ဘဲ အမြဲတည်ရှိနေသည်အဖြစ်ခွဲကိုင်ကြသည်။

ယခုအထိ ဆွဒကာဟ်လက်ခံရယူသူ ရှစ်မျိုးအနက် လေးမျိုးဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤလေးမျိုး၏ ရပိုင်ခွင့်များကို لِلْفُقَرَآءِ وَالْمَسَاكِيْنِ လိလ်ဖုကရာဝါလ်မစာကီန်း 'ဆင်းရဲနွမ်းပါသူတို့အဖို့လည်းကောင်း၊ပစ္စည်းမဲ့များအဖို့လည်းကောင်း' တွင် 'လာမ်'အက္ခရာထည့်သွင်း၍ မိတ်ဆက်ခဲ့သည်။ ကျန်လက်ခံရယူသူလေးမျိုးအကြောင်း ဖော်ပြရာတွင် ကနဦးအက္ခရာ 'လာမ်'အစား 'ဖီ'ဖြင့်အစားထိုးကာ وَفِي الرِّقَابِ وَالْغَارِمِيْنَ -'ကျေးကျွန်များကို ကျွန်ဘဝမှလွတ်မြောက်စေရန် လည်းကောင်း၊ မြီစားများအဖို့ လည်းကောင်း' ဖော်ပြထားသည်။ ဤဘာသာစကားမသိမသာ ပြောင်းလဲရခြင်းအကြောင်းကို 'အလ် ဇမာခ်ရှရီ'က ၎င်း၏သဖိစီရ် အလ်ခါရှ်ရှာဖ်ကျမ်းတွင် ဖော်ပြထားသည်။ ၎င်းအဆိုအရ ပထမ အတန်းအစားလေးမျိုးထက် နောက်အတန်းအစားလေးမျိုးသည် ဇကားသ်ရပိုင်ခွင့် ပိုထိုက်တန်ကြောင်း ညွှန်းသည် နည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် 'ဖီ'ဟူသော စကားလုံးသည် လက်ရှိအခြေအနေကိုဖော်ထုတ်ရန် သုံးနှုန်းထားကာ ဆွဒကာဟ်သည် ၎င်းတို့ အတွင်း(သို့မဟုတ်)၎င်းတို့အထဲထားရမည်ဟု ဆိုလိုသည်။ ထို့နောက် သူတို့ပိုမို၍ လိုအပ်သောကြောင့် ပိုမိုထိုက်တန်စွာ သွားစေသည်။ အဘယ့်ကြောင့်ဆိုသော် တစ်စုံတစ်ဦးပိုင်ဆိုင်သည့် ကျေးကျွန်တစ်ဦးနှင့် ဆင်းရဲနွမ်းပါးသူ နှိုင်းယှဉ်လိုက်လျှင် ကြွေးမြီတင်ရှိသူသည် ကြွေးရှင်များ၏ ကြွေးတောင်းကာဟိန်းဟောက်သောကြောင့် ဒုက္ခသုက္ခခံစားရသောကြောင့် ဒုက္ခတွင်းနက်စေသည့်အပြင် သူ၏သမရိုးကျလိုအပ်ချက်

များ ဖြည့်ရမည်ထက်ကြွေးဆပ်ဖို့အရေးက ပို၍ဒုက္ခ ဖြစ်စေပါသည်။

လက်ခံရယူသည့် ကျန်အတန်အစားလေးမျိုးမှ ဤနေရာတွင် ပထမဦးဆုံးဖော်ပြထားသောအတန်းအစားမှာ **وَفِي الرِّقَابِ وَالْغَارِمِيْنَ** '၀ဖိရ်ရိကားဗ်=ကျေးကျွန်များကို ကျွန်ဘဝမှလွတ်မြောက်စေရန်လည်းကောင်း' ဖြစ်သည်။ ရိကားဗ်သည် ရိကာဗဟ်၏ အများကိန်းဖြစ်သည်။ အမှန်တကယ်ဆိုလျှင် ယင်းအဓိပ္ပာယ်မှ လည်ကုပ်ဖြစ်သည်။ သို့ရာတွင် အသိအမှတ်ပြုသော အသုံးနှုန်း ကျေးကျွန်ပြုမှုတွင် လူတစ်ဦးကို လည်ပင်းတွင်သံကွင်းဖြင့် ခတ်နှောင်ထားခြင်းအား ရည်ညွှန်းသည်။

ဤအာယသ်တော်ပါ အရ်ရိကားဗ်၏အဓိပ္ပယ်ကား မည်သည်နည်း။ ဓမ္မသတ်ပညာရှင်များ၏ အဓိပ္ပာယ် ဖွင့်ဆိုမှုများတွင် ကွဲလွဲကြသည်။ ဓမ္မသတ်ပညာရှင်အများစုနှင့် ဟဒီးဆ်တော် ကျမ်းကျင်သော ပညာရှင်များက သဘောတူကြသည်မှာ ဤသည်မှာ ကျေးကျွန်များနှင့် ၎င်း၏အရှင်သခင်တို့ သဘောတူစာချုပ်ချုပ်ခြင်းကို ရည်ညွှန်းသည်။ စာချုပ်အရ ကျေးကျွန်တစ်ဦးသည် သတ်မှတ်ထားသောငွေကြေးပမာဏကို ၎င်းတို့ရှာကြံပေးရ၍ သတ်မှတ် ချက်ပြည့်မီလျှင် ၎င်းသည် ကျေးကျွန်အဖြစ်မှလွတ်လပ်ခွင့်ရနိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော် အသုံးအနှုန်းအရ ထိုသို့သော ကျေးကျွန်တစ်ဦးကို မုကာတပ်ဟုခေါ်သည်။ ထိုသို့သောကျေးကျွန်၏ အရှင်သခင်က ထိုကျေးကျွန်ကို စီးပွားရေးလုပ်စေခြင်း (သို့မဟုတ်) အခစားလုပ်စေခြင်းဖြင့် ဝင်ငွေရှာ၍ ဝင်ငွေကို အရှင်သခင်ထံ ပေးသည်။ ယခုလက်ရှိအာယသ်တော်ထဲတွင် ဖိရ်ရိကားဗ်ဆိုသည်မှာ ဤကျေးကျွန်သည် ဇကားသ်မှ ဝေစုတစ်ရပ်ကို ၎င်းတင်ရှိသည့် ငွေပမာဏ အရှင်သခင်အားပေးဆပ်ကာ သူ၏လွတ်လပ်မှုရရှိရန် အထောက်အကူပြုသင့်သည်။

ဋီကာရှင်များနှင့် ဓမ္မသတ်ပညာရှင်များ တညီတညွတ်တည်းသဘောတူကြသည်မှာ **وَفِي الرِّقَابِ** '၀ဖိရ်ရိကားဗ်- ကျေးကျွန်များကို ကျွန်ဘဝမှလွတ်မြောက်စေရန်လည်းကောင်း' ဟူသောအသုံးအနှုန်းက ဇကားသ်ငွေများဖြင့် တင်ရှိသည့် ငွေကြေးပမာဏကို ပေးခြင်းဖြင့် ၎င်းတို့လွတ်လပ်စေရန် ကူညီသင့်သည်ဟူသော အချက်သည် ဤကဲ့သို့သော သူများကို ရည်ရွယ်ရင်းဖြစ်သည်။ ဤကဲ့သို့ကိစ္စများအပင် အခြားကိစ္စများလည်း ရှိသေးသည်။ ယင်းမှာ ကျွန်များဝယ်၍လွှတ်ကာ လွတ်လပ်ပေးခြင်း (သို့မဟုတ်) ကျေးကျွန်နှင့်အရှင်သခင် သဘောတူညီထားသည့် ပမာဏတစ်ရပ်ကို ဇကားသ်ငွေကြေးမှ ဖြည့်ဆပ်ပြီးပေးကာ လွတ်လပ်ပေးခြင်း။ စသည်တို့တွင်မူ မုစ်လင်မ်ဓမ္မသတ်ပညာရှင် အီမာမ်အများစု ဖြစ်သည့် အဗူဟနီဖဟ်၊ ရှာဖိအီ၊ အဟ်မဒ်အိဗ်နိဟမ်ဗလ်နှင့် အခြားဓမ္မသတ်ပညာရှင်များ ﷺ သည် ဤသည်ကို ခွင့်ပြုသည်ဟု မမှတ်ယူပါ။ အီမာမ်မာလိက်သည် အများစုနှင့်(ရိဝါယသ်) ဆင့်ပြန်ချက် တစ်ခုတွင် သာသဘောတူညီသည်။ ၎င်းက ဖိရ်ရိကားဗ်၏ အဓိပ္ပာယ်ကို မုကာသဗ် (သခင်နှင့်ငွေကြေးပေးခြင်းဖြင့် လွတ်လပ်ခွင့်ရမည်ဟုစာချုပ်ထားသည့် ကျေးကျွန်များကို ဖိရ်ရိကားဗ်အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် အကျုံးဝင်ကာ ဇကားသ်ငွေကျေးဖြင့် ကျေးကျွန်များကို လွတ်လပ်စေခြင်း ခွင့်ပြုသည်ဟုတင်ပြထားသည်။ (အဟ်ကာမုလ်ကုရ်အာန်၊ အိဗ်နိအလ်အရဗီ အလ်မာလိကီ)

ထိုသို့လုပ်ခြင်းကို ခွင့်မပြုဟုဆိုသော အီမာမ်များနှင့် ဓမ္မသတ်ပညာရှင် အများစုသည် ဓမ္မသတ်ဆိုင်ရာ အခက်အခဲတစ်ရပ်ကြုံတွေ့ရပါသည်။ အကယ်၍ ကျေးကျွန်တစ်ဦးကို ဇကားသ်ရန်ပုံငွေနှင့် ဝယ်၍လွတ်လပ်စေခဲ့လျှင် ပြဿနာမှာ ယင်းလုပ်ရပ်သည် ရသင့်ရထိုက်သူသို့ ၎င်းထံမှ မည်သည့်အရာမျှမမျှော်ကိုးဘဲ ပေးရသော အရာဖြစ်သည်။ သို့ဆိုလျှင် သခင်သို့ ဇကားသ်ငွေကြေးပမာဏာ တစ်ရပ်ပေးလိုက်လျှင် ထင်ရှားသည်မှာ ၎င်းသူသည် ဇကားသ်လည်း

မထိုက်သလို ၎င်းထံမှ ဘာမျှမမျော်လင့်ပဲပေးခြင်းမျိုးလည်း မဟုတ်ချေ။ ဇကာသ်ထိုက်သည့်ကျေးကျွန်အတွက် ယင်းပမာဏကို ၎င်းလက်ဝယ်သို့လည်း မပေးလိုက်ရပါ။ ပိုင်ရှင်ကို ငွေကြေးပမာဏပေးခဲ့ခြင်းဖြင့် ကျေးကျွန်မှာ အဝယ်ခံ၍ လွှတ်မြောက်သွားခဲ့ခြင်းဖြစ်သည့်ရလဒ်ကား တခြားကိစ္စဖြစ်သည်။ သို့သော်လည်း လွတ်မြောက်စေခြင်းမှာ ဆွဒကာဟ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် မပါဝင်ချေ။ ထို့ပြင် တစ်စုံတစ်ဦးသည် မည်သည့်အကြောင်းမျှမရှိဘဲ စစ်မှန်သော အဓိပ္ပာယ်ကိုစွန့်လွှတ်၍ ဆွဒကာဟ်၏ ယေဘုယျ အဓိပ္ပာယ်နှင့် တင်စားမှုအရ အဘယ့်ကြောင့်မလိုလားအပ်ပဲလုပ်ရမည်နည်း။ ဤကဲ့သို့လုပ်ခြင်းသည် တရား မမျှတ ချေ။ ထို့နောက် ဤအာယသ်ထဲတွင် ဖော်ပြထားသည့်အကြောင်းမှာ ဇကာသ်လက်ခံရယူသူတို့၏ အတန်းအစားမှ အပ မည်သည့်မျှ မဟုတ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဆွဒကာဟ် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အံဝင်ဂွင်ကျ မဟုတ် သည့် မည်သည့်အရာကို မဆို 'ဖိရိကာဗ်း'၏ အဓိပ္ပာယ်ဖြင့် မယူဆနိုင်ပါ။ ထို့နောက်အကယ်၍ ဤပမာဏကို ကျေးကျွန်အားပေးခဲ့လျှင် ကျေးကျွန်သည် ယင်းကိုပိုင်ဆိုင်ခွင့်မရှိချေ။ ရလဒ်မှာ ယင်းပမာဏသည် ပိုင်ရှင်၏ပစ္စည်းဥစ္စာ အဖြစ် အလိုအလျောက်ဖြစ်သွားလိမ့်မည်။ သို့ဆိုလျှင် ကျေးကျွန်ကို လွှတ်ခြင်း၊ မလွှတ်ခြင်းကိစ္စသည် ၎င်းကျေးကျွန်ပိုင် ရှင်၏ ထိန်းချုပ်မှုအောက်တွင် ဆက်လက်ရှိနေပါလိမ့်မည်။

ဤဓမ္မသတ်ဆိုင်ရာအခက်ခဲကြောင့် အီမာမ်နှင့် ဓမ္မသတ်ပညာရှင်အများစုသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဖော်ပြချက်ဖြစ်သော **فِي الرِّقَابِ** (ဖိရ်ရိကာဗ်)သည် မုကာသဗ်ကျေးကျွန်များအတွက်သာ ရည်ညွှန်းသည်ဟု ယူဆကြသည်။ ဤသည်ကလည်း ဤကိစ္စရပ်တွင်ရှိလုပ်ဆောင်မှုဆိုင်ရာ စံပြဥပဒေသအကြောင်း ကျွန်ုပ်အားတို့ပြောပြပါသည်။ ဆွဒကာဟ်စနစ်တကျပေးရန်ဆိုလျှင် ထိုက်သင့်သူအား ပိုင်ဆိုင်သူဖြစ်သွားရန် ယင်းပိုင်ဆိုင်မှုသည် ၎င်းထိုက်သင့်သူရသွားသည် အထိပြုလုပ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုက်တန်သူတစ်ဦး လက်ဝယ်ပိုင်ဆိုင်ခွင့် မရောက်မချင်း ဇကာသ်မပေးရသေးဟုဆိုရမည်။

လက်ခံရယူသူဆဋ္ဌမအမျိုးအစားမှာ **الْغَارِمِيْنَ** '(အလ်ဂါရိမီမ်) မြီစားများအဖို့လည်းကောင်း'သည် ဂါရိမ်၏ အများကိန်းဖြစ်ကာ ကြွေးတင်နေသူတစ်ဦးကိုဆိုလိုသည်။ အစောပိုင်းမိန့်ကြားထားသည့် ပဉ္စမနှင့်ဆဋ္ဌမ အမျိုးအစား လက်ခံရ ယူသူကို 'ဖီ'ဟူသော အက္ခရာနှင့် ဖော်ပြခဲ့သဖြင့် ပထမလေးမျိုးလေးစားသည် ဦးစားပေးခံရကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကျေးကျွန်တစ်ဦးအား လွတ်မြောက်စေရန် (သို့မဟုတ်) ကြွေးမြီတင်ရှိသူတစ်ဦး ကြွေးမြီကင်းရှင်းစေရန် ပေးကမ်းခြင်းသည် အများအားဖြင့် ဆင်းရဲသားနှင့်ချို့တဲ့သူကိုပေးခြင်းထက် ပို၍မြတ်ပေသည်။ သို့သော်လည်း ကြွေးမြီ တင်နေသူသည် ကြွေးမြီကင်းရှင်းစေရန် လုံလောက်သောငွေကြေးမရှိဆိုသည့် အခြေအနေဖြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် အဘိဓာန်အရ ဂါရိမ်ဟူသောစကားလုံးသည် ထိုကဲ့သို့ကြွေးမြီတင်ရှိသူကို ရည်ညွှန်းသည်။ ထိုပြင် အီမာမ်အချို့သည် အခြေအနေတစ်ရပ် ထပ်ဆောင်းထားသည်မှာ ဤကဲ့သို့သောသူသည် ခွင့်မပြုသော လုပ်ရပ် အချို့ထက် ချေဖှင်းထားခြင်း မဖြစ်သင့်ချေဟူ၍ ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဂုနာဟ်အပြစ် ဖြစ်သည့် တစ်စုံတစ်ရာ လုပ်ရပ်ဖြစ်သော အရက်သေစာနှင့် ယင်းကဲ့သို့သောအရာအတွက် အကြွေးတင်ခြင်း သို့မဟုတ် မင်္ဂလာဆောင်နှင့် အသုဘကိစ္စရပ်များတွင် ခွင့်မပြုသည့်ဓလေ့ထုံးစံများအတွက် သုံးစွဲ၍ ကြွေးမြီတင်ခဲ့လျှင် ၎င်း၏ ဂုနာဟ် ပြစ်မှုနှင့် သုံးဖြုန်းမှုအတွက် ဇကာသ်း ခေါင်းစဉ်မှ ကူညီလိမ့်မည်မဟုတ်ချေ။

ဝေဉ္ဇဉ်း၏ သတ္တမအတန်းစားကို **فِي سَبِيْلِ اللهِ**(ဖီစဗီလစ်လ္လာဟ်- အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လည်းကောင်း)' ဟူသောစကားလုံးဖြင့် ဖော်ပြထားသည်။ ဤနေရာ၌ **فِيْ**'ဖီ' ဟူသော စကားလုံးကို တစ်ကြိမ်ထပ်မံ၍ သုံးစွဲထားသည်ကို သတိမူမိပါလိမ့်မည်။ သဖီစီရ်အလ်ကရ်ရှ်ဖိကျမ်း အဆိုအရ ဤထပ်မံဖော်ပြခြင်း၏ ရည်ရွယ်

ချက်မှာ ဤအသုံးစရိတ် နယ်ပယ်သည် စောပိုင်းဖော်ပြခဲ့သည်တို့နှင့် နှိုင်းယှဉ်လျှင် ပိုမိုချစဝါးဗ်ကုသိုလ်ရသည်ဟုဆို သည်။ ဤတွင် အကျိုးကျေးဇူး နှစ်ရပ်ရှိသည်။ ပထမမှာ ဆင်းရဲသားတစ်ဦးကို ကူညီခြင်းဖြစ်သည်။ ဒုတိယမှာ ဘာသာရေးဆိုင်ရာကိစ္စ အတွက် အကူအညီပေးခြင်းဖြစ်သည်။ အကြောင်းမှာ ဖီစဗီလစ်လွှာဟ်သည် လိုအပ်သော စစ်လက်နက်ပစ္စည်းများ၊ စစ်အထောက်အပံ့ အသုံးဆောင် ဝယ်ခြမ်းရန်မတတ်နိုင်သော မုဂ္ဂဟစ်တစ်ဦး (သို့မဟုတ်) ဟဂျ်ပြုလုပ်ထိုက်သူဖြစ်၍ ဟဂျ်တာဝန်ပြည့်စုံစွာထမ်းဆောင်ရန် ငွေကြေးမပြည့်စုံသူတစ်ဦးကိုလည်း ဖော်ညွှန်းသည်။ ဤတာဝန်နှစ်ရပ်သည် ဘာသာရေးသက်သက်သာဖြစ်သည်။ ထိုလုပ်ရပ်များသည် အိဗာဒသ်ခဝပ်မှု ဖြစ်သည်။ ထို့ကြောင့် ဇကားသ်ရံပုံငွေကို ထိုသူများအပေါ် သုံးစွဲခြင်းဖြစ် ဆင်းရဲသားတစ်ဦးကို ကူညီခြင်းဖြစ်၍ တစ်စုံတစ်ယောက်ကို သူအိဗာဒသ်ပြုလုပ်ရန် အထောက်အကူပြုခြင်းဖြစ်သည်။ ထိုနည်းနှင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်က ဤအတန်း အစားအောက်တွင် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် အိဗာဒသ်လုပ်ရပ်တစ်ခုကို ဖြည့်ဆည်းရန် အစွမ်းဘာသာ ရေး ကျောင်းတွင် သင်ကြားနေသောကျောင်းသားများသည် အကျုံးဝင်သည်။

(ဇာဟီရီယာဟ်ကိုညွှန်း၍ ရှုဟုလ်မအာနီ ကျမ်း)

ဗဒါအီကျမ်းရှင်ကပြောသည်မှာ တစ်ဦးသည်အိဗာဒသ်ကို ရိုးသားဖြူစင်စွာလုပ်လိုသောဆန္ဒရှိ၍ ငွေကြေး ဆိုင်ရာ အထောက်အပံ့လိုအပ်နေလျှင် ၎င်းကိုလှူဒါန်းခြင်းမှာ ဖီစဗီလစ်လွှာဟ်အတန်းအစားတွင် အကျုံးဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ထိုကိစ္စကိုဆောင်ရွက်ရန် ငွေကြေးမလုံလောက်သော အခြေအနေ ရှိရမည်ဖြစ်သည်။ ဘာသာရေးဆိုင်ရာ သင်ကြားပို့ချခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ရန်တို့နှင့်အတူ နှီးနှယ်သည့်ဌာနများဖြစ်သော ပုံနှိပ်ထုတ်ဝေ ခြင်းနှင့် ဖြန့်ဝေခြင်းတို့မှာ ဥပမာအချို့ဖြစ်ပေသည်။ အကယ်၍ ဇကားသ်ထိုက်သူတစ်စုံတစ်ဦးသည် ဤလုပ်ငန်းများ လုပ်ဆောင် နေပါက ၎င်းကို ဇကားသ်ရံပုံငွေနှင့် ကူညီနိုင်သည်။ သို့သော်လည်း နိဆွားဗ်ပမာဏ ပိုင်ဆိုင်သော သူဌေး တစ်ဦးကို ထိုသို့သော အကူအညီ မပေးနိုင်ပါ။

အမျိုးမျိုးသော အခြေအနေပါဝင်သော 'ဖီစဗီလစ်လွှာဟ်' အလ္လာဟ်အရှင်မြတ်လမ်းတော်နှင့် ပတ်သက်သော အကြောင်း ရှင်းလင်းထားသည့် အထက်ပါ အသေးစိတ်အကြောင်းတွင် ဆင်းရဲခြင်းနှင့် ချို့တဲ့ခြင်းတို့သည် အတူတွဲ လျက် ပါဝင်နေသည်။ နိဆွားဗ်ပမာဏပိုင်ဆိုင်သော သူဌေးတစ်ဦးသည်လည်း ဤခေါင်းစဉ်မှဝေစုမရနိုင်ပါ။ ချွင်းချက်မှာ ၎င်း လုပ်ဆောင်မည့်ဂျိဟာဒ်(သို့မဟုတ်) ဟဂျ်ပြုမှုခြင်းအတွက် လိုအပ်ချက်များသည် သူ့လက်ရှိပိုင်ဆိုင်မှု နှင့် မလုံလောက်သောအခါ ယူခွင့်ရှိသည်။ သူ့တွင်နိဆွားဗ်ပမာဏထက် ပစ္စည်းဥစ္စာရှိ၍သူဌေးဟု ခေါ်ခြင်းဖြစ်သည်။ သို့သော်လည်း နောက်ဆုံး ဆန်းစစ်မှုပြုလုပ်ပြီးသောအခါ၌မူ ဂျိဟာဒ်(သို့မဟုတ်) ဟဂျ်ပြုလုပ်ရန်အတွက် ၎င်းလိုအပ်သော ရံပုံငွေပမာဏ အရဆိုလျှင် ၎င်းသည်လည်း ဆင်းရဲသားတစ်ဦး (သို့မဟုတ်) ချို့တဲ့သူတစ်ဦးဖြစ်သွားပေသည်။ လိုအပ်သော ပမာဏလည်း သူထံတွင်မရှိချေ။ ရှိုက်ခ်အိပ်နိဟူမာမ်က ဖသ်ဟုလ်ကဒီရ်ကျမ်းတွင် ပြောခဲ့သည်မှာ ဆွဒကာဟ်နှင့် ပတ်သက်သော အာယသ်တွင် လက်ခံရယူသူများကို ဖော်ညွှန်းရန် သုံးနှုန်းထားသောစကားလုံးသည် ဆင်းရဲခြင်းနှင့်ချို့တဲ့ခြင်း အပေါ်အခြေခံထား၍ ထိုသူများသည် ၎င်းတို့လုပ်ရမည့်လုပ်ငန်းအရ ၎င်းတို့သည်လည်း ထိုက်တန်သွားပါသည်။ ဆင်းရဲခြင်းနှင့်ချို့တဲ့ခြင်းအတွက် စကားလုံးများသည် သူ့စကားလုံးနှင့်သူပင် ပေါ်လွင်ထင်ရှား နေပါသည်။ ကျေးကျွန်များကို လွတ်မြောက်စေခြင်း၊ မြီစားများ ကြွေးကင်းစေရန်လည်းကောင်း၊ အလ္လာဟ်အရှင် မြတ်လမ်းတော်၌ လည်းကောင်း၊ ဒုက္ခရောက်နေသောခရီးသည်များအတွက် သုံးနှုန်းသော စကားလုံးများသည် ထိုသူများ၏ ဝေစုခြင်းဖြင့် ၎င်းတို့၏လိုအပ်ချက်များ လျော့နည်းစေသည်ဟု ရည်ညွှန်းသည်။ သို့သော်လည်း ဆွဒကာဟ်

ကောက်ခံသူဝန်ထမ်း များသည် ၎င်းတို့လုပ်ဆောင်မှုအတွက် ဝေစုရရှိနိုင်သည်။ ထို့ကြောင့် ဝန်ထမ်းကိစ္စ တွင် ဆင်းရဲသောသူနှင့် ချမ်းသာသောသူ အတူတူပင်ဖြစ်သည်။ ဤသည်မှာ အစောပိုင်းက တိုတိုတုတ်တုတ်ဖော်ပြခဲ့သည့် ကြွေးမြီတင်ရှိသော 'မြီစားများ' အတန်းအစားအကြောင်းနှင့် အတူတူပင်ဖြစ်သည်။ လူတစ်ဦးသည် ကြွေးမြီတစ်သောင်း တင်ရှိနေသည်။ သူ့ထံတွင် ငွေ ၅၀၀၀ ငါးထောင်ရှိသည်။ ထိုသူ့ကို ငွေငါးထောင်သာ ဇကာသံအဖြစ်ပေးနိုင်သည်။ (အဘယ့်ကြောင့် ဆိုသော် ငါးထောင်အကြွေးဆပ်ပြီးလျှင် ၎င်းတွင် အကြွေးပေးရန် ငါးထောင်သာကျန်သောကြောင့် ဖြစ်သည်။)

သတိပေးစကားတစ်ရပ်

ဖီစဗီလစ်လွှာဟ်၏စာပေအဓိပ္ပာယ်မှာ အလွန်ယေဘုယျကျ၍ အသုံးများသည်။ အလွှာဟ်အရှင်မြတ် ကျေနပ်နှစ်သက်ရန်အတွက် လုပ်သည့်မည့်သည့်ကိစ္စကိုမဆိုသည် ဤရေပန်းစားသည့်အသုံးအနှုန်း ဖီစဗီ လစ်လွှာဟ်တွင် အကျုံးဝင်သွားသည်။ ကံမကောင်း အကြောင်းမလှစွာပင် စာပေဆိုင်ရာ ဘာသာပြန်မှုတစ်ခုတည်းဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ကို နားလည်သဘောပေါက်ရန် ဆန္ဒရှိသူများရှိပေသည်။ ထိုသူတို့သည် တမန်တော်မြတ် S သခင်၏ အဆိုအမိန့်များနှင့် ရှင်းလင်းချက်များကိုကျော်ကာ ဋီကာရှင်အများစု၏ မိန့်ကြားချက်များကို လျစ်လျူရှုကြပါသည်။ ရလဒ်ကား ၎င်းတို့အမှားဖြစ်သွားကြသည်။ ထိုကဲ့သို့သောအမှားတစ်ရပ်သည် ဖီစဗီလစ်လွှာဟ်တွင် ပေါ်ပေါက်လာသည်။ ယင်းစကားလုံးသည် အလွန်ကျယ်ပြန့်၍ ၎င်းတို့စိတ်ကူးများအားလုံး ဝင်ဆန့်စေပါသည်။ ဤဇကာသံခေါင်းစဉ်အောက်တွင် ကောင်းခြင်း(သို့မဟုတ်) ဘာသာရေးဆိုင်ရာများဟု ထင်မြင်ယူဆသည့် အရာအားလုံး ၎င်းတို့က အကျုံးဝင်သည်ဟု ထင်ကြသည်။ ဤခေါင်းစဉ်အောက်၌ ထိုသူတို့သည် ဗလီဝတ်ကျောင်းတော် ဆောက်လုပ်ခြင်း၊ ဘာသာရေးဆိုင်ရာ ကျောင်းဆောက်ခြင်း၊ ဆေးရုံများဆောက်ခြင်း၊ တည်းခိုခန်းများဆောက်လုပ်ခြင်းသာမက ပရဟိတကိစ္စများဖြစ်သည့် ရေတွင်းတူးခြင်း၊ တံတားဆောက်ခြင်းနှင့် လမ်းဖောက်ခြင်းများ အကျုံးဝင်စေခဲ့သည်။ ထို့နောက် ပရဟိတအဆောက် အဦးများ၏ မရေမရာ မသေချာသော ကုန်ကျစရိတ်များနှင့် လစာများကို မေ့နေဟန်မတူချေ။ ထိုသူများက ယင်းကိစ္စ အားလုံးသည် ဖီစဗီ လစ်လွှာဟ်အောက်တွင် အကျုံးဝင်စေ၍ ယင်းတို့သည် ဇကာသံရံပုံငွေရထိုက်သည်ဟု ကြေညာကြသည်။ ဤသည်မှာ လုံးဝဥသုံမှားယွင်း၍ မှစ်လင်မ်အသွမ်းထု၏ အညီအညွတ်ဆန့်ကျင်သောကိစ္စဖြစ်သည်။ ဤသည်မှာ ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီး ဖြစ်သည်။ တမန်တော်မြတ် S ၏ တိုက်ရိုက်ဖြစ်သော ဆွဟာဗဟ်သာဝကကြီးများ၏ အဆိုအမိန့်များလည်း ရှိသည်။ ထိုဆွဟာဗဟ်များသည် တမန်တော်မြတ် S ထံမှ ကုရ်အာန်ကျမ်းတော်မြတ်ကို လေ့လာ ဆည်းပူးသဘောပေါက် နာလည် ခဲ့ကြပါသည်။ ထို့နောက် သာဗီအီန်များထဲမှ အလွန်တတ်သိ လိမ္မာသော ပညာရှင်များကလည်း ဤရှင်းလင်းချက်များကို ကျွန်ုပ်တို့ထံ လက်ဆင့်ကမ်းခဲ့ပါသည်။ ထိုသူတို့ အားလုံးက ဤ အသုံးအနှုန်းကို ဟုဂျ်ဂျာဂျ်နှင့် မုဂျာဟိဒ္ဒီန်ကိုသာ ကန့်သတ်ထားသည်။

ဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိသည်မှာ တစ်စုံတစ်ဦးသည် အလွှာဟ်အရှင်မြတ် လမ်းတော်၌ ဖီစဗီလစ်လွှာဟ် ဘာသာရေးဆိုင်ရာ လှူဒါန်းမှုအဖြစ် ကုလားအုတ်တစ်ကောင်ပေးခဲ့သည်။ ယင်းသို့ လုပ်သည့်အတွက် တမန်တော်မြတ် S သခင် မိန့်ကြားခဲ့သည်မှာ ဤကုလားအုတ်ကို ဟုဂျာဂျ်(ဟဂျ်ပြုလုပ်သူများ) ကို ၎င်းတို့ခရီးစဉ်တွင် သယ်ယူပို့ဆောင်ရန် အသုံးပြုပါလေ" ဟူ၍ ဖြစ်သည်။ (အလ်မဗ်စူတ်၊ အလ်စရခ်စီ၊ စာမျက်နှာ -၁၀၊ အတွဲ-၃)

အိမာမ် အိပ်နို့ဂျရီးရိန်နှင့် အိပ်နိုကဆီးရ် တို့သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရှင်းလင်းပြသရာတွင် ဟဒီးဆ်တော် ဆင့်ပြန်ချက်များဖြင့်သာ ၎င်းတို့ကို ၎င်းတို့ ကန့်သတ်ထားသည်ဟု ကျော်ကြားသည့် ဋီကာရှင်များ ဖြစ်ကြသည်။ နှစ်ဦးစလုံးသည် ဖီစဗီလစ်လွာဟ်ကို ဂျီဟာဒ်(သို့မဟုတ်)ဟဂျ် ပြုလုပ်ဆောင်ရွက်ရန် ငွေကြေးဥစ္စာ မပြည့်စုံသည့် မုဂျာဟီဒင်နှင့် ဟွဂ်ဂျာဟ်များအတွက် သီးသန့်လုပ်ထားခဲ့သည်။ ဘာသာရေးဆိုင်ရာကို သင်ကြားနေသည့် ကျောင်းသားများ(သို့မဟုတ်) ကောင်းမှုကောင်းရာ လုပ်ဆောင်နေသူများသည် ဤ အတန်းအစားထဲတွင် အကျုံးဝင်သည်ဟုဆိုသော ဓမ္မသတ်ပညာရှင်များကမူ ယင်းသို့သော သူများသည် ဆင်းရဲခြင်းနှင့် ချို့တဲ့ခြင်ဟူသော အခြေအနေကြောင့် ယင်းသို့ထည့်သွင်းခြင်းဖြစ်သည်။ ထို့ပြင် ဆင်းရဲသူနှင့် ချို့တဲ့သူတို့ ကိုယ်တိုင်ကပင်လျှင် ဇကားသ် လက်ခံရယူကြသူများတွင် ဦးစွာပထမ ရထိုက်သူများတွင် ပါဝင်နေသည်မှာ ထင်ရှားသည်။ ဖီစဗီလစ်လွာဟ် အဓိပ္ပာယ်အောက်တွင် အကျုံးမဝင်သည့်တိုင် ထိုသူတို့သည် ဇကားသ် လက်ခံရယူထိုက်သူ အဖြစ် ရှိနေကြသည်။ သို့သော်လည်း အီမာမ်လေးပါးနှင့် မုစ်လင်မ် အ္စမ္မသ်ထု၏ ဓမ္မသတ်ပညာရှင်များတွင် မည်သူတစ်ဦးတစ်ယောက် ကမျှ ပရဟိတ လုပ်ငန်းများ၊ ဗလီဝတ်ကျောင်းတော် ဆောက်လုပ်ခြင်း၊ ဘာသာရေးကျောင်း ဆောက်လုပ်ခြင်းနှင့် ကျန်သော ၎င်းတို့ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များသည် ဇကားသ်ခွဲဝေမှု ခေါင်းစဉ်အောက်တွင် အကျုံးဝင်သည်ဟု မပြောခဲ့ကြပါ။ စင်စစ် ထိုသူများသည် ဤရည်ရွယ်ချက်များအတွက် ဇကားသ် ရန်ပုံငွေမှ သုံးစွဲခြင်း ခွင့်မပြုဟုဆိုကြောင်း ရှင်းလင်းစေခဲ့ပါသည်။ မတူကွဲပြားသော အစ္စလာမ့်ဓမ္မသတ်ဆိုင်ရာ ကျောင်းများမှ ဓမ္မသတ်ပညာရှင်များသည် ဤအကြောင်းအသေးစိတ်ကို မြောက်များစွာ ရေးသားထားခဲ့သည်။ ထိုဓမ္မသတ်ရှင်များ၏ အချို့အမည်များကို အောက်တွင် ဖော်ပြထားသည်။ ဟန်နဖီဓမ္မသတ်ပညာရှင် အလ်စရခ်ရှီက အလ်မဗ်စုကျမ်း(စာ-၂၀၂၊ တွဲ၂) ထဲတွင် လည်းကောင်း၊ ရှရာလ်အလ်စီယာရ် (စာ-၂၄၄၊ တွဲ-၄) ထဲတွင် လည်းကောင်း၊ ရှာဖိအီဓမ္မသတ်ပညာရှင် အဗူအဒုဝိုက်ဒ်က ကိယာဗုလ် အမ်ဝါလ်ကျမ်းတွင် လည်းကောင်း၊ မာလီကီဓမ္မသတ်ပညာရှင် ဒရ်ဒီက ရှရဟ်မုခ်တ်အာစီရ် အလ်ခလီးလ်ကျမ်း (စာ-၁၆၁၊ တွဲ-၁)ထဲတွင် လည်းကောင်းနှင့် အလ်မုဝါဖားက် က အလ်မုဂ်ဟ်နီ ကျမ်းတွင် အသီးသီးရေးသားဖော်ပြခဲ့သည်။

အစောပိုင်းရည်ညွှန်းခဲ့သည့် အစ္စလာမ့်ဓမ္မသတ်ပညာရှင်များနှင့် သဖီစီရ် ပညာရှင်များ၏ ရှင်းလင်းချက်များအပြင် ဤကိစ္စကို အနည်းငယ် စဉ်းစားကြည့်ရုံဖြင့် ပြဿနာကို မြန်မြန်ဆန်ဆန် နားလည် သဘောပေါက်ရန် အထောက်အကူပြုလိမ့်မည်။ ခဏလောက် ကျွန်ုပ်တို့ စဉ်းစားကြည့်ကြစို့။ အကယ်၍သာ ဇကားသ်နယ်ပယ်သည် အားလုံးအတွက် အကျုံးဝင်ပါသည်ဆိုလျှင် ခဝပ်ကိုးကွယ်မှုနှင့် ကောင်းမှုကောင်းရာ လုပ်ခြင်းတိုင်းသည် ဤတွင် အကျုံးဝင်သွားလိမ့်မည်။ သို့ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ လက်ခံရယူသူ အဆင့်အတန်း ရှစ်မျိုး ဖော်ပြခြင်းသည် မလိုအပ် အပိုဖြစ်သွားပေလိမ့်မည်။ (နအူးဇိုဗီလွာဟ် - အလွာဟ်မလုပ်ပါစေနှင့်) အလားတူပင် အစောပိုင်းကိုးကားခဲ့သည့် တမန်တော်မြတ် S ၏ အဆိုအမိန့်တစ်ခုဖြစ်သော ဆွဒကာဟ် လက်ခံရရှိခြင်းကို ဆုံးဖြတ် သတ်မှတ်ရန် တာဝန်ဝတ္တရားကို အလွာဟ်အရှင်မြတ်သည် တမန်တော်တစ်ပါးကိုပင်လျှင် မအပ်နှင်းခဲ့ဟူသော အဆိုသည်လည်း အပိုဖြစ်သွားမည်။ အဟောသိကံ ဖြစ်သွားပေမည်။ ဖီစဗီလစ်လွာဟ် (အလွာဟ့်လမ်းတော်တွင်)၏ စာပေသဘော ဘာသာပြန်ဆိုမှုမှ စကြဝဠာလုံးဆိုင်ရာ အသုံးအနှုန်းကိုသာ မြင်သော သတိမမူမိသည့် လူတစ်ဦးအတွက် အလွာဟ်အရှင်မြတ်က မည်သည်ကို ဆိုလိုကြောင်း သိမည်မဟုတ်ချေ။ ယင်း၏နှုန်ဿယ်သော ရှင်းလင်းချက်မှာ သက်သေပြပြီးဖြစ်လေသည်။

ဇကားသ်ဝေဌခြင်း၏ ရှစ်ခုမြောက် အတန်းအစားမှာ **ابن السبيل** (အိဗ်နိလ်စဗီးလ် - ခရီးသည်) ဖြစ်သည်။ စဗီးလ် ဆိုသည်မှာ လမ်းခရီးဟု အဓိပ္ပာယ်သက်ရောက်၍ **ابن** အိဗ်နိ ဟူသည့် စကားလုံးသည် သားတစ်ဦးအတွက် အဓိက ထားသုံးနှုန်းသည်။ သို့ရာတွင် အာရဗ်လူမျိုးတို့ အသုံးအနှုန်းတွင် **ابن** (အိဗ်နိ-သား) **اب** (အဗ်- အဖေ)နှင့် **اخ** (အတ်ခ်-ညီအစ်ကို) စသည့် စကားလုံးများကို တစ်စုံတစ်ဦးနှင့် နက်ရှိုင်းစွာ ဆက်နွယ်သည့် အရာများအတွက် သုံးနှုန်းသည်။ ဤ အသုံးအနှုန်းအရ ခရီးသည်တစ်ဦးကို အိဗ်နစ် စဗီလ်ဟု ရည်ညွှန်းရန်မှာ ခရီးသည် တစ်ဦးသည် ရောက်မည့် ခရီးနှင့် ဖြတ်သန်းသွားလာသည့် လမ်းကြောင်းသည် ၎င်းနှင့် နက်ရှိုင်းစွာ ဆက်နွယ်နေသည်။ ဇကားသ်အတန်းအစား များ၏ လုပ်ငန်းဆိုင်ရာ အသုံးအနှုန်းအရ ယင်းစကားလုံးသည် ခရီးသည် တစ်ဦးသည် ၎င်း၏ နေရပ်ဌာနတွင် သူဌေး တစ်ဦးဖြစ်နေသည့်တိုင် ၎င်း ခရီးသည် ဖြစ်နေစဉ် လုံလောက်သော ငွေကြေးမပါရှိသူဟု ဆိုလိုသည်။ ထိုသို့သော ခရီးသည် တစ်ဦးကိုဇကားသ်ပေးခြင်းဖြင့် ခရီးစဉ် အသွားတွင် ၎င်း၏ လိုအပ်ချက် ပြည့်စုံစေ၍ အပြန်ခရီးစဉ်တွင် ငြိမ်းချမ်းစေပါသည်။

အာယသ် (၆၀)တွင် ဖော်ပြထားသည့် ဇကားသ်နှင့် ဆွဒကာဟ် လက်ခံရယူသူ ရှစ်မျိုးရှစ်စား အကြောင်း ဆွေးနွေးခြင်း ဤနေရာတွင်ပြီးဆုံးသည်။ ယခု ဤအတန်းအစားများအားလုံးနှင့် အတူတူနှီးနွယ်သည့် အခြား ဘာသာရေးဆိုင်ရာ ကိစ္စအချို့ ပေါ်ပေါက်လာပါသည်။

သမ်လီးက် (ဗိုင်ဆိုင်မှု လွှဲပြောင်းခြင်း)ကိစ္စ

မုစ်လင်မ် ဓမ္မသတ်ပညာရှင်အများစုက သဘောတူကြသည်မှာ သတ်မှတ်ပြီးသော လက်ခံရယူသူ ရှစ်မျိုး ရှစ်စားတွင်ပင် ဇကားသ်ပေးမှု အတည်ဖြစ်ရန် အတွက် ဇကားသ်လက်ခံရယူသူသည် ဇကားသ်ပစ္စည်း၏ ပိုင်ဆိုင်မှုကို အပြီးအပြတ် ရရှိသူ ဖြစ်ရမည်။ ဇကားသ်ငွေများ ထိုသူတို့ပိုင် မဖြစ်သေးမီ အကယ်၍ သူတို့ကောင်းကျိုးအတွက် သုံးစွဲ ပြီးသည့်တိုင် ယင်းဇကားသ်သည် ပေးပြီး မဖြစ်ချေ။ ဤအကြောင်းကြောင့် အီမာမ် လေးပါးနှင့် မုစ်လင်မ် ဓမ္မသတ် ပညာရှင်အများစုက ဇကားသ်ရန်ပုံငွေကို ဗလီဝတ်ကျောင်းတော် ဆောက်လုပ်ခြင်း၊ ဘာသာရေးဆိုင်ရာ ကျောင်း ဆောက်ခြင်း၊ ဆေးရုံနှင့် မိဘမဲ့ဂေဟာ ဆောက်ခြင်း(သို့မဟုတ်) ထိုသူများနှင့် ပတ်သက်သည့် အခြားလုပ်ငန်းဆိုင်ရာ လိုအပ်ချက်အတွက် သုံးစွဲခြင်းမပြုဟူ၍ သဘောတူညီကြသည်။ ထိုကဲ့သို့သော လုပ်ရပ်များမှ ပေါ်ထွက်လာသော ကောင်းကျိုးများမှာ ဆင်းရဲသားများနှင့် ဇကားသ် လက်ခံရယူသည့် အရည်အချင်းရှိသော အခြားသူများ ခံစားရသည် ဆိုသည်ကား သံသယဖြစ်ဖွယ်မရှိချေ။ သို့သော်လည်း ဤကိစ္စရပ်များသည် ဇကားသ်ပစ္စည်းများ ၎င်းတို့ ပိုင်ဆိုင်မှု မရမီ ကပင် ပြုလုပ်ခဲ့သောကြောင့် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မိဘမဲ့ကျောင်းများတွင် အစားအသောက်များ၊ အဝတ်အစားများကို ၎င်းတို့ကိုယ်ပိုင် ကဲ့သို့ ကျွေးမွေးပေးကမ်းခဲ့လျှင် ဤသတ်မှတ် ကုန်ကျစရိတ် အထိကိုမူ ဇကားသ်ရန်ပုံငွေသုံးရန် ယူခွင့်ရှိသည်။ အလားတူပင် လိုအပ်နေသော ဆင်းရဲသားများအတွက် ဆေးဝါးကုန်ကျစရိတ်ကို ၎င်းတို့ကိုယ်ပိုင် အဖြစ် ပေးကမ်း ခဲ့လျှင် ဆေးဝါးအတွက် ထောက်ပံ့ရန် ဇကားသ်ရန်ပုံငွေမှ သုံးစွဲခွင့်ရှိသည်။ အလားတူပင် မုစ်လင်မ် ဓမ္မသတ် ပညာရှင် များက အမွေ လုံးဝမကျန်ရစ်သူ တစ်ဦး၏ အခေါင်းအတွက် ဇကားသ်ငွေကြေးမှ မထောက်ပံ့နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် သေဆုံးပြီးဖြစ်သော သူတစ်ဦးသည် ပိုင်ဆိုင်သူတစ်ဦး ဖြစ်မလာနိုင်သောကြောင့် ဖြစ်သည်။ မှန်သည်၊

ဖြစ်နိုင်သည်မှာ ဆင်းရဲသားတစ်စုံတစ်ဦးသည် ဇကားသ်ယူထိုက်ကာ ဇကားသ် ငွေကြေး ရယူ လက်ခံခဲ့သည်။ ထိုသူက ယင်းငွေကြေးကို ၎င်း၏ လွတ်လပ်သော ဆန္ဒအရ အမွေ မကျန်ရစ်သော သေသူ၏ အခေါင်းအတွက် သုံးစွဲနိုင်သည်။ အလားတူပင် အကယ်၍ ဤသေဆုံးသူ၏ အမွေခံများသည် ဆင်းရဲကာ ဇကားသ်ယူထိုက်သူများ ဖြစ်ပါက ထိုပမာဏကို အမွေခံများ၏ ပိုင်ဆိုင်ခွင့်အဖြစ် ပေးအပ်ရမည်။ ထိုအမွေခံများသည် ဤပမာဏ၏ ပိုင်ဆိုင်သူ များဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ၎င်းတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့် ရွေးချယ်မှုအရ သေဆုံးသူ၏ ကြွေးမြီကို ဤပမာဏဖြင့် ရှင်းနိုင်သည်။ အပ်နိုင်သည်။ အစောပိုင်း ထောက်ပြသကဲ့သို့ ပရဟိတ လုပ်ငန်းများ ပြုလုပ်ခြင်းတွင် ဇကားသ်ယူထိုက်သူများ ကောင်းကျိုးရပါသည်။ သို့သော်လည်း စီစဉ်မှုတွင် ၎င်းတို့၏ ပိုင်ဆိုင်မှု အခွင့်အရေး အတည် မပြုခဲ့သေးသမျှ ဇကားသ် အတည်မဖြစ်ပါ။

ကျွန်ုပ်တို့ ယခင်က ပြောခဲ့သကဲ့သို့ပင် မုဂ္ဂါတဟိဒ် အိမာမ် လေးပါး၊ အိမာမ် အဗူဟနီဖဟ်၊ အီမာမ်ရှာဖီအီ၊ အိမာမ် မာလိကီနှင့် အိမာမ် အဟ်မဒ်အိဗ်နိုဟမ်ဘလ်တို့နှင့်အတူ မုစ်လင်မ် ပညာရှင် အများစုက ဤ ဥပဒေများကို သဘောတူကြသည်။ သာပိုရှင်းလင်းသည်တို့ကို မဇဟပ်လေးပါး၏ ဓမ္မသတ်ပညာရှင်များ၏ ရေးသားမှုများတွင် အလွယ်တကူတွေ့ရှိနိုင်ပါသည်။

ဤနေရာတွင် အစောပိုင်းဆွေးနွေးမှုအတွင်း မဖော်ပြခဲ့သည့် အချက်အလက် အနည်းငယ်ကို ထပ်လောင်း ဖော်ပြထားသည်။

ရှာဖီအီဓမ္မသတ်ပညာရှင် အိမာမ်အဗူအုဗိုက်ဒ်က ကိသာဗုလ်အမ်ဝါလ်ကျမ်းတွင် မိန့်ထားသည်မှာ- သေဆုံးသူတစ်ဦး၏ ကြွေးမြီကို ဆပ်ရန် ဇကားသ်ရန်ပုံငွေ သုံးစွဲခြင်း (သို့မဟုတ်) သေသူ၏ သဂြိုဟ်စရိတ် ပေးခြင်း(သို့မဟုတ်) ဗလီဝတ်ကျောင်းတော်များ ဆောက်လုပ်ခြင်း (သို့မဟုတ်) အများသုံးစွဲရန် ရေမြောင်းတူးဖော်ခြင်းတို့အတွက် သုံးစွဲခြင်း ခွင့်မပြုဟူ၍ ဖြစ်သည်။ အိမာမ်စုဖ်ယာန် အလ်ဆောင်ဝ်ရီနှင့် အခြားအိမာမ်များကလည်း ဤသည်များနှင့် ပတ်သက်သည်များအပေါ် သုံးစွဲခြင်းသည် ဇကားသ်ပေးခြင်း မမြောက်ဟူသော ဥပဒေသကို သဘောတူညီကြသည်။ အဘယ်ကြောင့် ဆိုသော် ဤသည်တို့မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည့်အသုံးစရိတ် ခေါင်းစဉ်ရှစ်မျိုးတွင် မည်သည့်အထဲမှ မပါသောကြောင့် ဖြစ်သည်။

အလားတူပင် ဟဗ်ဗလီဓမ္မသတ်ပညာရှင် အလ်မုဂါဖိဖာက်က အလ်မုဂ်နီကျမ်းတွင် ပြောထားသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်ထဲတွင် ဖော်ပြထားခဲ့သည့် ဇကားသ်ငွေ သုံးစွဲခြင်းနယ်ပယ်တို့မှ အပ မည်သည့် ပရဟိတ လုပ်ငန်း လုပ်ဆောင်ခြင်းအတွက် မဆို ဇကားသ်ငွေကြေး သုံးစွဲခြင်း ခွင့်မပြုချေ။ ဗလီဝတ်ကျောင်းတော်များ ဆောက်လုပ်ခြင်း၊ တံတားများဆောက်ခြင်း၊ သောက်သုံးရေ ရစေခြင်း၊ အများပြည်သူသုံး လမ်းများ ပြုပြင်ခြင်း၊ သေဆုံးသူများအတွက် အခေါင်း (သင်္ဂြိုဟ်စရိတ်) ထောက်ပံ့ခြင်း၊ ဇည့်သည်များအား ကျွေးမွေးခြင်းနှင့် ဤသဘော သဘာဝရှိသည့် အခြားလုပ်ဆောင်မှုများသည် ပေါ်လွင်ထင်ရှားသော ဥပမာများ ဖြစ်ကြသည်။ ထိုလုပ်ရပ်များသည် စဝါးဗ်ကုသိုလ်ရထိုက်သော လုပ်ရပ်များဖြစ်သည်ကို သံသယမရှိသော်လည်း ယင်းလုပ်ငန်းများသည် ဆွဒကာဟ် (ဇကားသ်) ၏ သီးခြားသုံးစွဲမှုအောက်တွင် မပါဝင်ပါ။

ထင်ရှားလူသိများသော ဗဒါအီကျမ်းရှင်က သမ်လီးဂ်(လက်ခံရယူသူအား ပိုင်ဆိုင်သူနှင့် ပိုင်ဆိုင်မှု လွှဲပြောင်းသည့်လုပ်ရပ်)အခြေအနေကို ဇကားသ်ပေးနည်း စနစ်နှင့် ညီညွတ်၍ ခိုင်လုံစေရန် အခြေခံအဖြစ် ဆွေးနွေး

ရာတွင် ယင်းကိစ္စ အတွက် ကုရ်အာန် ကျမ်းတော်မြတ်မှ စာသားများဖြင့် သက်သေသာဓက ပြခဲ့သည်။ သူက ထောက်ပြ သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဇကာသ်နှင့် ဖရသွ် မပြုမနေရ ဆွဒကာဟ်တို့သည် **ایتاء** (အီတာ ပေးရန် သဘောတူ၊ ခွင့်ပြုသည်၊ ကမ်းလှမ်းသူ(ဆက်ကပ်သည်) ဟူသည်နှင့် အများအားဖြင့် ဖော်ပြခဲ့သည်။ ဤစကားလုံး သုံးနှုန်းမှု၏ နမူနာအချို့ကို အောက်တွင် ဖော်ပြထားသည်။ **اَقَامُوا الصَّلٰوةَ وَ اٰتَوُا الزَّكٰوةَ** ဇကာသ် တရားဝင်ဒါနကြေး ပေးဆောင်ခြင်းကိုလည်းကောင်း (၂း၂၇၇။ ၉း၅၊ ၁၁။ ၂၂း၄၁)။ **اَقِيْمُوا الصَّلٰوةَ وَ اٰتُوا الزَّكٰوةَ** "ထို့ပြင် ဇကာသ်ပေးဆေပ်ကြလေကုန်" (၂း၄၃၊ ၈၃၊ ၁၁၀။ ၄း၇၇။ ၂၂း၇၈။ ၂၄း၅၆။ ၇၃း၂၀)။ **اِقَامَ الصَّلٰوةِ وَاِيْتَآءَ الزَّكٰوةِ** "ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ရန် လည်းကောင်း၊ ဇကာသ် ပေးဆောင်ရန် လည်းကောင်း ဝဟီအမိန့် တော် ထုတ်ပြန်တော်မူခဲ့၏" (၂၁း၇၃။ ၂၄း၃၇)။ **اٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ** "ထို့ပြင် တဝ အသင်တို့သည် ၎င်း အသီးအနှံများ ဆွတ်ခူးရိတ်သိမ်းသော နေ့တွင် ၎င်းအသီးအနှံများနှင့် စပ်လျဉ်း၍ တရားတော်ကပေးဆပ်ထားသော) တာဝန်ကို ပေးဆပ်ကြလေကုန်" (၆း၁၄၁)

ထို့ကြောင့်အဘိဓာန်အရ ဤစကားလုံးကို လက်ဆောင်အဖြစ် အဓိပ္ပာယ်ပေးကာ သုံးနှုန်းထားသည်။ အီမာမ်ရာဂိဗ် အလ်အစ္စဖာနီက မုဖ်ရာဒ္ဒတာလ် ကုရ်အာန်ကျမ်းထဲ၌ **اَلْاِيْتَاءُ الْاِعْطَاءُ وَخُصَّ وَضْعُ الصَّدَقَةِ فِي الْقُرْاٰنِ بِالْاِيْتَاءِ** (အလ်အိအ်တာ (ပေးကမ်းခြင်း)ဟူသည် စကားလုံးသည်လက်ဆောင်ပေးခြင်း အဓိပ္ပာယ်သက်ရောက်သည်။ ဖရ်တ်သွ်ဆွဒကာဟ် ပေးကမ်းမှုကို ကျမ်းတော်မြတ်ကုရ်အာန်၌ ဤစကားလုံးဖြင့် သီးသန့်ပူးတွဲထားသည်)ဟု ပြောထားခဲ့သည်။ ထို့ကြောင့် တစ်စုံတစ်ဦးကို တစ်စုံတစ်ရာ လက်ဆောင်အဖြစ်ပေးခြင်း၏ စစ်မှန်သော အဓိပ္ပာယ်မှာ လက်ခံသူကို ယင်းပစ္စည်း၏ ပိုင်ဆိုင်သူ ဖြစ်စေခြင်းမှအပ အခြားမရှိပြီ။

ပထမအနေဖြင့် အလ်အိအ်တာဟူသောစကားလုံးကို ယင်းအနက်အဓိပ္ပာယ်နှင့် သုံးနှုန်းထားခြင်းသည် ဇကာသ်နှင့် ဆွဒကာဟ်အတွက်သာလျှင် ကန့်သတ်ထားသည်မဟုတ်ပါ။ ကုရ်အာန်ကျမ်းတော်မြတ် ထဲတွင် တစ်စုံတစ်ဦးကို ပေးထားသည့်အရာ၏ ပိုင်ရှင်အဖြစ် အဓိပ္ပာယ်ဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်။ ပမာဆိုသော် **وَاٰتُوا النِّسَآءَ صَدُقٰتِهِنَّ** "ထို့ပြင်တဝ အသင်တို့သည် (မိမိတို့၏) ဇနီးမိန်းမတို့အား ၎င်းတို့၏မဟာရ်ကို ကြည်ဖြူစွာပေးကြကုန်လော့" (၄း၄)။ ခင်ပွန်းသည် ဇနီးအား မဟာရ်ပမာဏကို ပေးကမ်းပြီး သူမပိုင်ဆိုင်သွားမှသာလျှင် မဟာရ်ပေးမှု အတည် ဖြစ်သွားသည်ဟု အသိအမှတ်ပြုသည်။

ဒုတိယအနေဖြင့် ဇကာသ်ကို အလှည့်ကျစကားလုံး ဆွဒကာဟ်အဖြစ် ကုရ်အာန်ကျမ်းတော်မြတ်တွင် **اما الصدقة للفقراء** "ဆွဒကာဟ် (အလှူဝတ္ထုပစ္စည်းများသည် သူဆင်းရဲများအဖို့သာ တည်း (၆၀)" ဟု ဖော်ပြထားခဲ့သည်။ ဤသည်မှာ သိမ်မွေ့နူးညံ့သည့် ရှင်းလင်းပြသမှုတစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဆွဒကာဟ်၏ စစ်မှန်သော အဓိပ္ပာယ်မှာ သူဆင်းရဲတစ်ဦးအား ပိုင်ဆိုင်စေခြင်း (၎င်းနောက် သူ့စိတ်တိုင်းကျ သုံးစွဲနိုင်သည်)ဟူ၍ အဓိပ္ပာယ် သက်ရောက်သည်။ တစ်စုံတစ်ဦးအား သနားကြင်နာ၍ ကျွေးမွေးခြင်းဖြစ်စေ၊ ပရဟိတ လုပ်ငန်းများတွင် သုံးစွဲခြင်း ဖြစ်စေ ယင်းတို့သည် အမှန်တကယ် ဆိုလိုသော ဆွဒတ်ကာသ်ဟူ၍ မခေါ်ဆိုကြောင်း စိတ်တွင်စွဲမှတ်ထားရမည်။ ဖသ်ဟုလ်ကာဒိရ် ကျမ်းထဲတွင် ရှိုက်ခ်အိဗ်နိအလ်ဟူမာမ်ကပြောသည်မှာ လူတစ်ဦးအား ပိုင်ရှင်ဖြစ်စေခြင်းသာလျှင် ဆွဒကာဟ်၏အဓိပ္ပာယ်စစ်ဖြစ်သည်။ အလားတူပင် အဟ်ကာမုလ် ကုရ်အာန်ကျမ်းတွင် အီမာမ် အဗူဗကရ် အလ်ဂျဆ်ွ ဆွားဆွ်က ပြောသည်မှာ **صدقه** (ဆွဒကာဟ်)ဟူသော စကားလုံးသည် သမ်လစ်က် (ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း)၏ အခြား အမည်ဖြစ်သည်။ (ဂျဆ်ွဆွားဆွ်၊ စာ-၁၅၂၊ တွဲ-၂)

ဇကားသ်ဒါနကြေးကို စည်းကမ်းနည်းလမ်းတကျပေးခြင်း အကြောင်း အရေးကြီးသည့်အချက်အချို့

ဆွဟီးဒ်ဟဒီးဆ်တစ်ရပ်မှ အချက်တစ်ချက်ပေါ်ထွက်လာသည်။ ယင်းတွင် တမန်တော်မြတ် ﷺ က ဆိုက်ယိဒနာ မုအားဒ်အိဗနိုဂျဇာလ်ကို ဆွဒကာဟ် စုဆောင်းကောက်ခံခြင်းအကြောင်း ညွှန်ကြားချက်ပေးခဲ့သည်မှာ **خُذْهَا مِنْ أَغْنِيَائِهِمْ وَرُدَّهَا فِي فُقَرَائِهِمْ** "ယင်း (ဆွဒကာဟ်)ကို ထိုသူများ (မုစ်လင်မ်များ) ထဲမှ ချမ်းသာသောသူများမှ ကောက်ခံ၍ရရှိသည်ကို မုစ်လင်မ်များထဲတွင်ရှိ ဆင်းရဲသားများကို ပြန်၍ဝေငှပါ"ဟူ၍ ဖြစ်သည်။ ဤသည်ကိုအခြေခံ၍ မုစ်လင်မ် ဓမ္မသတ်ပညာရှင်များက မြို့တစ်မြို့ (သို့မဟုတ်) မြို့နယ်တစ်မြို့နယ်မှ ကောက်ခံရရှိသော ဇကားသ်ကို မလိုအပ်ဘဲ အခြားမြို့ (သို့မဟုတ်) မြို့နယ်သို့ မပို့သင့်ချေ။ ကောက်ခံသည့် မြို့ (သို့မဟုတ်)မြို့နယ်တွင် နေထိုင်သော ဆင်းရဲသားများသာလျှင် ယင်းနှင့်ထိုက်တန်ပေသည်။ အကယ်၍ လူတစ်ဦး၏ အနီးစပ်ဆုံးဆွေမျိုးများသည် ဆင်းရဲနွမ်းပါးကာ အခြားမြို့တွင် နေထိုင်လျှင် ၎င်းသူသည် သူ၏ဇကားသ်ကို ထိုသူများထံ ပေးပို့နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ လုပ် ဆောင်သောအခြေ အနေမျိုး တွင် စဝါးဗ်ကုသိုလ်နှစ်ဆရသည်ဟူသော ကောင်းသတင်းများကို တမန်တော်မြတ် ﷺ က ပေးခဲ့ သောကြောင့်ဖြစ်သည်။

အလားတူပင် တစ်စုံတစ်ဦးနေထိုင်သောမြို့ထက် အခြားမြို့သည် ငတ်မွတ်ခေါင်းပါးခြင်း အခြေအနေ ပိုဆိုးဝါးခဲ့လျှင် ဇကားသ်ငွေကို ပေးပို့နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဆွဒကာဟ်ပေးခြင်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲသား၏ လိုအပ်ချက်ကို ပယ်ရှားရန်ဖြစ်သည်။ ယင်းအတွက်ကြောင့် စိုက်ယိဒနာမုအားဒ် d သည် ယီမင်နိုင်ငံမှ ဆွဒကာဟ်၏ တစ်စိတ်တစ်ဒေသအဖြစ်ပေးသော အဝတ်အထည်များကို မဒီနာဟ်မှ ပြောင်းရွှေ့လာသည့် ဆင်းရဲသားများအတွက် ပေးပို့နိုင်ရန် ၎င်းက လက်ခံလေ့ရှိသည်။ (ဒရ်ကုသ်နီကျမ်းကိုရည်ညွှန်းလျက် အလ်ကုရ်သုဗီကျမ်း)

အကယ်၍ လူတစ်ဦးသည် မြို့တစ်မြို့တွင်နေထိုင်၍ ၎င်း၏ဥစ္စာပစ္စည်းများမှာ အခြားမြို့တွင်ရှိနေခဲ့လျှင် သူနေသော် မြို့အတွက်သာလျှင် စဉ်းစားရမည်။ အဘယ်ကြောင့်ဆိုသော် ဤသူသည် ဇကားသ်ပေး ရန်အတွက် ဦးတည်ပြောကြားခံရသောကြောင့်ဖြစ်သည်။ (ကုရ်သုဗီ)

ဥပဒေသများ

(၁) ပစ္စည်းဥစ္စာအချို့အတွက် ဇကားသ်ဒါနကြေးပေးဆောင်ရန်မူ ထိုသီးခြားပစ္စည်း၏ အပုံလေးဆယ် ပုံတစ်ပုံကို ထိုက်တန်သူများအားပေးခြင်း ခွင့်ပြုသည်။ ယင်းပစ္စည်းများကား အဝတ်အထည်၊ အိုးခွက်ပုဂံ၊ အိမ်ထောင်ပရိဘောဂနှင့် ရောင်းဝယ်ဖောက်ကားရန် သိမ်းဆည်းထားသည့် အလားတူပစ္စည်းများဖြစ်ကြသည်။ အလားတူပင် ပစ္စည်းဥစ္စာများ၏ စုစုပေါင်းတန်ဘိုးကို တွက်ချက်၍ ဇကားသ်ဒါနကြေးပမာဏသတ်မှတ်ကာ တိုက်တန်သူများကို ပေးနိုင်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းကို ရှာဖီဒ်အဟဒီးဆ်တော်များ၏ စစ်မှန် ခိုင်လုံမှုအရ အမြဲသက်သေပြပြီးဖြစ်ပေသည်။ (ကုရ်သုဗီ) ကျွန်ုပ်တို့ခေတ်သမယရှိ ဦးဆောင်ဓမ္မသတ်ပညာ ရှင်အချို့က ယင်းဇကားသ်ပစ္စည်းနှင့် ညီမျှသော ငွေတန်ဖိုးပေးခြင်းသည်သာ ကောင်းသည်ဟုထောက်ခံကြသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသား၏ လိုအပ်ချက်များ၊ သဘာဝနှင့် လိုအပ်ချက် မတူညီကြသောကြောင့်ဖြစ်သည်။ ငွေကြေးသည် လိုသမျှအတွက် သုံးစွဲရဲပေသည်။

(၂) အကယ်၍ တစ်စုံတစ်ဦး၏ အနီးဆုံးဆွေမျိုးသားချင်းသည် ဆင်းရဲ၍ ဇကားသ်ဒါနကြေးယူ ထိုက်လျှင် ၎င်းတို့ကို ဇကားသ်နှင့်ဆွဒကာဟ် ပေးကမ်းခြင်း ပို၍ကောင်းပေသည်။ ယင်းသို့လုပ်ခြင်းဖြင့် ဆွဒကာဟ်ပေးခြင်းအတွက်

စဝါးဗ်ကုသိုလ်တစ်ခုနှင့် အနီးစပ်ဆုံးဆွေမျိုးသားချင်းကို (စီလာဟ်အလ်ရဟီးမ်) တို့အား စောင့်ရှောက်မှုအတွက်စဝါးဗ်ကုသိုလ်တစ်ခု စုစုပေါင်းနှစ်ခုရပေသည်။ ဤသို့သောကိစ္စရပ်တွင် လက်ခံသူများကို ဆွဒကာဟ်(သို့မဟုတ်) ဇကားသ်ပေးခြင်းဖြစ်သည်ဟု ပြောကြားရန်မလိုချေ။ ယင်းသို့ပေးခြင်းကို လက်ဆောင် (သို့မဟုတ်) ကျေးဇူးပြုအဖြစ်နှင့် ပေးအပ်ခဲ့လျှင် လက်ခံရယူသူများသည် သိမ်ငယ်မှုမခံစားရချေ။

(၃) လူအများကို မကြာခဏအနောက်အယှက်ဖြစ်စေသော ဘာသာရေးဆိုင်ရာ ပြဿနာတစ်ရပ် လည်းရှိပေသည်။ ပမာဆိုသော် လူတစ်ဦးသည် ၎င်း၏ပြောဆိုစကားနှင့် လုပ်ဆောင်ချက်အရ ချို့တဲ့သည့် ပုံပေါ်၍ ဆွဒကာဟ် စသည်မှ အကူအညီအတွက် တောင်းခံလာပါသည်။ ထိုတောင်းခံလာလျှင် ဆွဒကာဟ် ပေးသူများသည် ထိုသူ၏စစ်မှန်သောနောက်ကြောင်းကို ပထမစုံစမ်းစစ်ဆေးရန် လိုအပ်ပါသလော။ ထင်ရှားသော ဟဒီးဆ်တော်များနှင့် မွတ်စ်လင်မ်ဓမ္မသတ်ပညာရှင်များ၏ အဆိုအမိန့်အရ ဤသို့လုပ်ဆောင်ရန်မလိုပါ။ အကယ်၍သူ၏ထင်ရှားပေါ်လွင်သော လက်ရှိအခြေအနေမှ ယင်းလူသည် အမှန်တကယ်ဆင်းရဲ ချို့တဲ့သည်ဟူ သော ရည်ညွှန်းသည့်အချက်များရှိလျှင်မူ ၎င်းကို ဇကားသ်ဒါနကြေးပေးနိုင်သည်။ ဟဒီးဆ်တော်တွင်ပါရှိသည် မှာ တမန်တော်မြတ် S ထံ ဆင်းရဲနွံချာသော အခြေအနေရှိကြသည့် လူတစ်ချို့ရောက်ရှိလာခဲ့သည်။ တမန်တော်မြတ် S သခင်က လူအများကို၎င်းတို့အတွက် ဆွဒကာဟ် ကောက်ခံရန် ပြောကြားခဲ့သည်။ ကောင်းမွန်လုံလောက်စွာ ကောက်ခံရ၍ ၎င်းတို့ကိုပေးအပ်ခဲ့သည်။ ကိုယ်တော်မြတ် S ထိုသူများ၏ အတွင်းပိုင်းနောက်ကြောင်းကို စုံစမ်းစစ်ဆေးရန် လိုအပ်သည်ဟုမမှတ်ယူခဲ့ချေ။ (ကုရ်သုဗီ)

(၄) သို့သော်လည်း အဟ်ကာမုလ်ကုရ်အာန်ကျမ်း၌ အလ်ကုရ်သုဗီကပြောသည်မှာ ကြွေးမြီးတင်ရှိ သူတစ်ဦးသည်လည်း ဇကားသ်ဒါနကြေး လက်ခံယူနိုင်သူတစ်ဦးဖြစ်သည်။ အကယ်၍လူတစ်ဦးသည် ၎င်း ကြွေးမြီမည်မျှရှိကြောင်း၊ ကြွေးပေးရန်ဇကားသ်ငွေကြေး ပေးသည့်ကြောင်းပြောလျှင် ယင်းကြွေးမြီးရှိကြောင်း သက်သေပြရန် သူ့ကို တောင်းဆိုရမည်။ (ကုရ်သုဗီ) သို့ဆိုလျှင် ယင်းကဲ့သို့သောစုံစမ်းစစ်ဆေးမှုကို ဖီစဗီ လစ်လ္လာဟ် (အလ္လာဟ်အရှင်မြတ်လမ်းတော်)နှင့် အိဗနိအလ်စဗီလ်(ခရီးသည်)တို့အတွက်မူ မခက်ခဲကြောင်း အတော်အတန်ထင်ရှားသည်။ ဤသို့သောခေါင်းစဉ်များအတွက် သုံးစွဲမည်ဆိုလျှင် စုံစမ်းစစ်ဆေးမှုလုပ်ရန် လိုအပ်သည်။

(၅) ဇကားသ်ငွေကြေးကို တစ်စုံတစ်ဦး၏ ဆွေမျိုးသားချင်းကိုပေးခြင်းသည် ပို၍စဝါးဗ်ရသည်။ သို့သော်လည်း ဇနီးနှင့်ခင်ပွန်းသည် တစ်ဦးမှတစ်ဦးကိုလည်းကောင်း၊ မိဘနှင့်သားသမီးသည် တစ်ဦးမှတစ် ဦးသို့လည်းကောင်း မပေးနိုင်ပါ။ အကြောင်းမှာ ထိုသို့ပေးကမ်ခြင်းသည် မိမိအိမ်ထဲမှသိမ်းထားခြင်းနှင့် အတူတူပင်ဖြစ်သောကြောင့် ခင်ပွန်းကဇနီးကို ဇကားသ်ပေးခြင်းနှင့် ဇနီးကခင်ပွန်းကို ဇကားသ်ပေးခြင်းသည် အဓိပ္ပာယ်မရှိချေ။ အမှန်တကယ်တွင် အားလုံးမှာ၎င်းတို့သုံးစွဲမှုတွင်ရှိပါသည်။ မိဘနှင့်သားသမီးတွင် အတူ ဖြစ်သကဲ့သို့ သားသမီးက သားသမီးကိုလည်းကောင်း၊ အဘိုးကအဘွားကိုလည်းကောင်း ဇကားသ်ပေးခြင်း ခွင့်မပြုချေ။

(၆) အကယ်၍ လူတစ်ဦးသည် အခြားတစ်ဦးကို ထိုသူဇကားသ်ငွေယူရန် တရားဝင်လက်ခံထိုက်သည် ဟု ထင်မြင်ယူဆ၍ပေးခဲ့ကာ နောင်တွင်ထိုသူသည် ၎င်းပိုင်ကျွန် (သို့မဟုတ်) ကာဖိရ်တစ်ဦးဖြစ်ကြောင်းတွေ့ရှိခဲ့လျှင် ထိုအခါဇကားသ်သည် တာဝန်မကျသေးချေ။ ဇကားသ်တစ်ဖန်ပြန်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် ကျေးကျွန်တစ်ယောက်၏ ပိုင်ဆိုင်မှုသည် သခင်၏ပိုင်ဆိုင်မှုသာဖြစ်သောကြောင့်ဖြစ်သည်။ ဤနေရာ၌ ကျေးကျွန်သည် ၎င်းပိုင်ဖြစ်သောကြောင့် ဇကားသ်တာဝန်မကျသေးပါ။ ကာဖိရ်တစ်ဦးအတွက်မူ ထိုသူသည် ဇကားသ်လက်ခံရယူ ထိုက်သူမဟုတ်ချေ။

(၇) တစ်ဖန်ထပ်၍ အကယ်၍ဇကားသ်ပေးခံရသူသည် ချမ်းသာသောသူ (သို့မဟုတ်) ဟာရှမိုက်စိုင်ယာဒ်တစ်ဦး ဆိုလိုသည်မှာ တမန်တော်မြတ် ﷺ ၏ ဆွေစဉ်မျိုးဆက် (သို့မဟုတ်) အဖေ (သို့မဟုတ်) ဇနီး(သို့မဟုတ်) ခင်ပွန်း ဖြစ်ကြောင်း၊ တွေ့ရှိရကြောင်း နောင်မှသိခဲ့လျှင်မူ ဇကားသ်ကိုပြန်ပေးရန် မလိုအပ်ချေ။ အကြောင်းမှာ ဇကားသ် ငွေကြေးပမာဏသည် ပေးသူ၏ပိုင်ဆိုင်မှုမှထွက်ခွာ၍ အလ္လာဟ်အရှင်မြတ် စဝါးဗ်ပေးမည့်နေရာသို့ ရောက်ရှိ သွား၍ ဖြစ်သည်။ နားလည်မှုမှားယွင်းခြင်း၊ အချို့ကြောင့်မှန်ကန်သော လက်ခံရယူသူဆုံးဖြတ်မှုတွင် မှားယွင်းမှုကိုခွင့်လွှတ်ပြီး ဖြစ်သည် ဟု မှတ်ယူရမည်။ (အလ်ဒုရ်ရ်လ်မုခ်သာရ်)

ဆွဒကာဟ်နှင့်အရေးကြီးသော ကိစ္စရပ်များနှင့်ပတ်သက်သည့် အသေးစိတ်များပါဝင်သော အာယသ် တော်ရှင်းလင်းချက် ဤနေရာတွင်ပြီးသည်။

အာယသ် (၆၁-၆၆)

وَ مِنْهُمُ الَّذِيْنَ يُؤْذُوْنَ النَّبِيَّ وَ يَقُوْلُوْنَ هُوَ اُذُنٌ ؕ قُلْ اُذُنُ خَيْرٍ لَّكُمْ يُؤْمِنُ بِاللّٰهِ
وَ يُؤْمِنُ لِلْمُؤْمِنِيْنَ وَ رَحْمَةٌ لِّلَّذِيْنَ اٰمَنُوْا مِنْكُمْ ؕ وَ الَّذِيْنَ يُؤْذُوْنَ رَسُوْلَ اللّٰهِ
لَهُمْ عَذَابٌ اَلِيْمٌ ﴿۶۱﴾ يَحْلِفُوْنَ بِاللّٰهِ لَكُمْ لِيُرْضُوْكُمْ ۚ وَ اللّٰهُ وَ رَسُوْلُهٗۤ اَحَقُّ
اَنْ يُّرْضُوْهُ اِنْ كَانُوْا مُؤْمِنِيْنَ ﴿۶۲﴾ اَلَمْ يَعْلَمُوْۤا اَنَّهٗ مَنْ يُّحَادِدِ اللّٰهَ وَ رَسُوْلَهٗ
فَاَنَّ لَهٗ نَارَ جَهَنَّمَ خَالِدًا فِيْهَا ؕ ذٰلِكَ الْخِزْيُ الْعَظِيْمُ ﴿۶۳﴾ يَحْذَرُ الْمُنٰفِقُوْنَ
اَنْ تُنَزَّلَ عَلَيْهِمْ سُوْرَةٌ تُنَبِّئُهُمْ بِمَا فِيْ قُلُوْبِهِمْ ؕ قُلِ اسْتَهْزِءُوْۤا ۚ اِنَّ اللّٰهَ مُخْرِجٌ
مَّا تَحْذَرُوْنَ ﴿۶۴﴾ وَ لَئِنْ سَاَلْتَهُمْ لَيَقُوْلُنَّ اِنَّمَا كُنَّا نَخُوْضُ وَ نَلْعَبُ ؕ قُلْ اَبِاللّٰهِ وَ
اٰيٰتِهٖ وَ رَسُوْلِهٖ كُنْتُمْ تَسْتَهْزِءُوْنَ ﴿۶۵﴾ لَا تَعْتَذِرُوْا قَدْ كَفَرْتُمْ بَعْدَ اِيْمَانِكُمْ
ؕ اِنْ نَّعْفُ عَنْ طَآئِفَةٍ مِّنْكُمْ نُعَذِّبْ طَآئِفَةً ۢ بِاَنَّهُمْ كَانُوْا مُجْرِمِيْنَ ﴿۶۶﴾

ထိုမှတစ်ပါး ၎င်းတို့တွင် အချို့သူများသည် နဗီတမန်တော်မြတ်အား စိတ်ဒုက္ခ ပေးကြ၏။ ၎င်းပြင် ထိုနဗီတမန်တော်မြတ်သည် (မည် သည့်စကားမျိုးမဆို) နားထောင် (၍ယုံစား) လေ့ရှိသည်ဟု ပြောဆိုကြ၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (ဟယ်- အချင်းတို့)ငါသည် အသင်တို့နှင့်ပတ်သက်၍ ကောင်းရာကောင်းကြောင်းများကိုသာ နားထောင်လေ့ရှိသည်။ အလ္လာဟ်အရှင်မြတ်အား ယုံကြည်သည်။ မုအ်မင်န်သက်ဝင်ယုံကြည်သူများကိုလည်း (၎င်းတို့ပြော ကြားသော သတင်းစကားနှင့်စပ်လျဉ်း၍) ယုံကြည်ထောက်ခံလေသည်။ ၎င်းပြင် အသင်တို့အနက်မှ သက်ဝင်ယုံကြည်ကြကုန်သော သူတို့အဖို့ ကရုဏာတော်လည်း ဖြစ်ချေသည်။ စင်စစ် သော်ကား အလ္လာဟ်အရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်အား စိတ်ဒုက္ခပေးကြသော သူတို့တွင် ပြင်းပြနာ ကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည်ရှိချေအံ့သတည်း။ (၉ : ၆၁)

ထိုသူတို့သည် အသင်တို့အား နှစ်သိမ့်ကျေနပ်စေအံ့သောငှာ အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြလေသည်။ စင်စစ်သော်ကား အကယ်၍သာ ထိုသူတို့သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်သည် လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်သည်လည်းကောင်း ထိုသူတို့၏ ကျေနပ်စေခြင်းကို ပိုမို၍ ပင် ခံထိုက်တော်မူ၏။ (၉ : ၆၂)

ဇကန်စင်စစ် မည်သူမဆို အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အားလည်းကောင်း ဆန့်ကျင်ဘက် ပြုပါလျှင် မလွဲဇကန် ထိုသူ၏ အဖို့ ငရဲမီးသာလျှင်ရှိ၍ ထိုငရဲမီးတွင် ထာဝစဉ် နေထိုင်လျက် ရှိရမည်။ ဤကား ကြီးကျယ်လှစွာသော ကျိုး ယုတ်ရှက်ရစေခြင်းပင်ဖြစ်သည်ကို ထိုမုနာဖိစ်ကျားသည် (ယခုထက်တိုင်) မသိကြသေးသလော။ (၉ : ၆၃)

'မုနာဖိစ်က်' တို့သည်ထို 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အပေါ်၌ မိမိတို့၏ စိတ်နှလုံး တွင်းရှိသည်တို့ကို ထိုမုအ်မင်န်တို့အား သိကြစေ သော ကဏ္ဍာတစ်ခုခုချပေးခြင်းခံရမည်ကို ကြောင့်ကြစိုးရိမ်လျက်ရှိကြလေသည်။ (အို-နဗီတမန်တော်) အသင်သည် (ထိုမုနာဖိစ်က်တို့အား ဤသို့) ပြောကြားပါလေ။ အသင်တို့သည် ပြက်ရယ်ပြောင်လှောင်နေကြကုန်။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့စိုးရိမ်လျက်ရှိကြသည်ကို ထုတ်ဖော် တော်မူမည့်အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉ : ၆၄)

စင်စစ်သော်ကား အကယ်၍အသင်သည် ထိုသူတို့အား စစ်ဆေးမေး မြန်းခဲ့ပါလျှင် ဇကန်မလွဲငဲ့တို့က ကျွန်ုပ်တို့သည် အပျော် အပြင်းပြေ စကားပြောဆိုလျက်သာ ရှိနေကြပါသည်။ ၎င်းပြင် "ကျွန်ုပ်တို့သည် ရယ်စရာပြောဆို လျက်ရှိကြပါသည်"ဟု ဖြေလတ္တံ့။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားလည်းကောင်း၊ ထိုအရှင်မြတ်၏ အာယသ်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်အား လည်းကောင်း ပြယ်ရယ်ပြောင်လှောင်ကြလေသလော။ (၉ : ၆၅)

အသင်တို့သည် (အချည်းနှီး) အကြောင်းမပြကြကုန်လင့်။ စင်စစ် ဇကန် အသင်တို့သည် မိမိတို့အီမာန်သက်ဝင်ယုံကြည်ကြကြောင်း ထုတ်ဖော် ပြောဆိုပြီးနောက် ဒေသဖည် ငြင်းပယ်ခဲ့ကြလေပြီ။ အကယ်၍ ငါအရှင်မြတ်သည် အသင်တို့အနက် လူ တစ်စုကို ခွင့်လွှတ်တော်မူညှာအံ့လည်း၊ အခြားလူတစ်စုကိုမူကား ပြစ်ဒဏ်ပေးတော်မူ မည်သာ ဖြစ်သည်။ အကြောင်းသော်ကား ၎င်းတို့သည် ပြစ်မှုထင်ရှားသောသူများ ဖြစ်ကြသော ကြောင့်ပင်တည်း။ (၉း၆၆)

အကျယ်ဖွင့်ဆိုခြင်း

လက်ရှိအာယသ်များသည် ပြီးခဲ့သောအာယသ်များကဲ့သို့ပင် အရေခြုံများကို ၎င်းတို့၏ ဖြစ်နိုင်ဖွယ်မရှိသော ကန့်ကွက်ချက်များအတွက် တမန်တော်မြတ် ﷺ ကို ရန်လိုခြင်းနှင့် ၎င်းတို့၏ဟန်ဆောင်ယုံကြည်မှုအပေါ် မမှန်ကန်သော ကျိန်ဆိုမှုပြုလုပ်ထားခြင်းတို့အား ပြစ်တင်မောင်းမဲထားသည်။

ပထမအာယသ် (၆၁)ထဲ၌ အရေခြုံများသည် တမန်တော်မြတ် ﷺ သခင်အပေါ် နာကျင်ဖွယ် မှတ်ချက်ချထားသည့်အကြောင်း ဖော်ပြထားသည်။ ကိုယ်တော်မြတ် ﷺ သည် ကြားသည်တိုင်းကို ယုံကြည်သဖြင့် တမန်တော်မြတ် ﷺ နှင့် ပတ်သက်၍ စိတ်ပူပန်စရာမရှိကြောင်း သူတို့ထင်မှတ်ခဲ့သည်။ ထိုသူတို့၏ ပူးပေါင်းကြံစည်မှုပေါ်ပေါက်ခဲ့လျှင် ယင်းလုပ်ရပ်သည် ၎င်းတို့နှင့်မည်သို့မျှ မသက်ဆိုင်ကြောင်း ကျိန်တွယ်ပြော ဆိုကြပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ တမန်တော်သည် ကိုယ်တော်၏ မြင့်မားသော ကိုယ်ကျင့်တရားကြောင့် အခြေအမြစ်မရှိသည့် ရန်လိုမှုများအတွက် ဆိတ်ဆိတ်နေရန် နှစ်သိမ့်ခဲ့သည်ဟူ၍ ထိုသူများကို ပြုပြင်သည့်အနေဖြင့် အလ္လာဟ်အရှင်က မိန့်ကြားခဲ့သည်။ ၎င်းတို့ပြောသည်တို့ကို တမန်တော်မြတ် ﷺ က မယုံကြည်ခဲ့ပါ။ ကိုယ်တော်မြတ်ကိုယ်တော်တိုင် အမှန်ကိုသိရှိခဲ့သည်။ တမန်တော်မြတ် ﷺ သည် ကိုယ်တော်၏မွေးရာပါ နူးညံ့သိမ်မွေ့သည့်သဘာဝအရ၊ အပြင်ပန်း အရ ထိုသူများမှားယွင်းကြောင်းကို ပြောဆိုရန်ရှောင်ရှားခဲ့သည်။

အာယသ် (၆၄) إِنَّ اللَّهَ مُخْرِجٌ مَّا تَحْذَرُونَ ဖကန်အမှန် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ စိုးရိမ်လျက်ရှိကြသည်ကို ထုတ်ဖော်တော်မူမည့် အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း" ထဲ၌ အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ ပူးပေါင်းကြံစည်မှုနှင့် မကောင်းမှုလုပ်ရပ်ကို ဖော်ထုတ်မည့်သတင်း ကြေညာထားခဲ့သည်။ ထိုကဲ့သို့သော ဖော်ထုတ်သည့် အဖြစ်အပျက်တစ်ရပ် ဖြစ်ခဲ့သည်။ တမန်တော်မြတ် ﷺ သည် သဗ္ဗစစ်ပွဲမှပြန်လာစဉ် ကိုယ်တော်မြတ်ကို သတ်ဖြတ်ရန် အရေခြုံအချို့ ပူးပေါင်းကြံစည်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်အား ထိုအကြံအစည်အကြောင်း ကောင်းကင်စေတမန် ဂျစ်ဗ်ရာအီးလ်မှတစ်ဆင့် အသိပေးခဲ့ကာ အရေခြုံများ ခြုံခိုတိုက်ခိုက်ရန် စောင့်ဆိုင်းနေသည့် နေရာမှ ရှောင်ကွင်းသွားစေရန် ကိုယ်တော်မြတ် အားကူညီခဲ့သည်။ (အလ်ဗဂါဝီကိုရည်ညွှန်း၍ မဇာဟရီကျမ်း)

ထို့ပြင်စိုက်ယိဒါနာ အိဗ်နိအဗ္ဗားစ် d ကပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် ﷺ ကို အရေခြုံခုနစ်ဆယ်၏အမည်ကို မျိုးရိုးစဉ်ဆက်နှင့် လိပ်စာများအပြည့်အစုံဖြင့် အသိပေးခဲ့သည်။ သို့သော်လည်း စကြဝဠာတစ်ခုလုံး၏ သနားကြင်နာမှုဖြစ်တော်မူသည့် တမန်တော်မြတ် ﷺ သည် ဤသူများအကြောင်း ကိုယ်တော်မြတ်၏ လူများအရှေ့တွင် မဖော်ထုတ်ခဲ့ပါ။ (မဇာဟီရီကျမ်း)

အာယသ် (၆၇-၇၀)

اَلْمُنٰفِقُوْنَ وَ الْمُنٰفِقٰتُ بَعْضُهُمْ مِّنْۢ بَعْضٍ ۘ يَاْمُرُوْنَ بِالْمُنْكَرِ وَ يَنْهَوْنَ عَنِ
الْمَعْرُوْفِ وَ يَقْبِضُوْنَ اَيْدِيَهُمْ ؕ نَسُوا اللّٰهَ فَنَسِيَهُمْ ؕ اِنَّ الْمُنٰفِقِيْنَ هُمُ
الْفٰسِقُوْنَ ﴿٦٧﴾ وَعَدَ اللّٰهُ الْمُنٰفِقِيْنَ وَ الْمُنٰفِقٰتِ وَ الْكُفَّارَ نَارَ جَهَنَّمَ خٰلِدِيْنَ
فِيْهَا ؕ هِيَ حَسْبُهُمْ ۚ وَ لَعَنَهُمُ اللّٰهُ ۚ وَ لَهُمْ عَذَابٌ مُّقِيْمٌ ﴿٦٨﴾ كَالَّذِيْنَ مِنْ
قَبْلِكُمْ كَانُوْۤا اَشَدَّ مِنْكُمْ قُوَّةً وَّ اَكْثَرَ اَمْوَالًا وَّ اَوْلَادًا ؕ فَاسْتَمْتَعُوْا بِخَلَاقِهِمْ
فَاسْتَمْتَعْتُمْ بِخَلَاقِكُمْ كَمَا اسْتَمْتَعَ الَّذِيْنَ مِنْ قَبْلِكُمْ بِخَلَاقِهِمْ وَ خُضْتُمْ
كَالَّذِيْ خَاضُوْا ؕ اُولٰٓئِكَ حَبِطَتْ اَعْمَالُهُمْ فِي الدُّنْيَا وَ الْاٰخِرَةِ وَ اُولٰٓئِكَ هُمُ
الْخٰسِرُوْنَ ﴿٦٩﴾ اَلَمْ يَاْتِهِمْ نَبَاُ الَّذِيْنَ مِنْ قَبْلِهِمْ قَوْمِ نُوْحٍ وَّ عَادٍ وَّ ثَمُوْدَ وَ
قَوْمِ اِبْرٰهِيْمَ وَ اَصْحٰبِ مَدْيَنَ وَ الْمُؤْتَفِكٰتِ ؕ اَتَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ ۚ فَمَا
كَانَ اللّٰهُ لِيَظْلِمَهُمْ وَ لٰكِنْ كَانُوْۤا اَنْفُسَهُمْ يَظْلِمُوْنَ ﴿٧٠﴾

'မုနာဖိစ်က်' မွတ်စ်လင်မ်အယောင်ဆောင်သော ယောကျာ်း၊ မိန်းမတို့သည် တစ်မျိုး တစ်စားတည်းပင် ဖြစ်ကြကုန်၏။ ၎င်းတို့သည် စက်ဆုပ် ရွံ့ရှာဖွယ်များကို အမိန့်ပေးကြလေသည်။ ထို့ပြင် ကောင်းမှုများမှ တားမြစ်ကြလေသည်။ ထိုမှတစ်ပါး ၎င်းတို့သည် (အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ သုံးစွဲခြင်းမပြုဘဲ) မိမိတို့၏လက်များကို ဆုပ်ထားကြလေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား မေ့လျော့ခဲ့ကြပေရာ ထိုအရှင်မြတ်သည်လည်း ၎င်းတို့အား မေ့လျော့(ထား)တော်မူခဲ့လေသည်။ အကယ်စင်စစ် 'မုနာဖိစ်က်' 'မွတ်စ်လင်မ်အရေ့ိ'တို့သည် အမှန်တကယ် အမိန့်ကို သွေဖည်ငြင်းပယ်သော သူများပင် ဖြစ်ကြပေသတည်း။ (၉ : ၆၇)

အလ္လာဟ်အရှင်မြတ်သည် 'မုနာဖိစ်က်' မွတ်စ်လင်မ်အရေ့ိသော ယောကျာ်း၊ မိန်းမတို့အား လည်းကောင်း၊ ကာဖိရ်များအား လည်းကောင်း ဂျဟန္နမ်ဝရဲမီး (ထဲသို့ လား စေတော်မူမည့်အကြောင်း) ကတိပြုထားတော် မူခဲ့လေသည်။ ၎င်းတို့သည် ထိုဝရဲမီး၌ ထာဝစဉ်နေထိုင်လျက်ရှိကြလတ္တံ့၊ ထိုဝရဲမီးသည် ၎င်းတို့အား (ပြစ်ဒဏ်ပေးရန်) လုံလောက်ပေအံ့။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကရုဏာတော်မှ ကင်းဝေးစေတော်မူအံ့။ ထိုမှတစ်ပါး ၎င်းတို့တွင် (ထိုအရှင်မြတ်၏ ကတိတော်အတိုင်း) ထာဝစဉ်တည်သော ပြစ်ဒဏ်သည်ရှိရေချအံ့သတည်း။ (၉ : ၆၈)

(အသင်တို့၏အခြေအနေကား) အသင်တို့အလျင် ရှေးအထက်ကျော် ကာလ၌ ရှိခဲ့ဖူးကြသောသူတို့(၏ အခြေအနေ)ကဲ့သို့ပင် ၎င်းတို့သည် အသင်တို့ထက် ခွန်အား ဗလ

နှင့် ပိုမိုပြင်းထန်ကြသည့်အပြင် ဥစ္စာပစ္စည်းနှင့် သားသမီးအားဖြင့်လည်း (အသင် တို့ထက်) အလွန်များပြားခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့၏ (လောကီ) ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားခဲ့ကြလေသည်။ အသင်တို့သည် အသင်တို့အလျင် ရှိခဲ့ကြဘူးသော သူများက မိမိတို့၏ (လောကီ) ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားခဲ့ကြသည့် နည်းတူ အသင်တို့သည်လည်း မိမိတို့၏ (လောကီ) ဝေစုဝေပုံဖြင့် (အစွမ်းကုန်) အကျိုးခံစားခဲ့ကြချေပြီ။ ထို့ပြင် ၎င်းတို့သည် မကောင်းမှုတို့၌ ဝင်ရောက်ခဲ့ကြသည့်အလား အသင်တို့သည်လည်း မကောင်းမှုတို့၌ ဝင်ရောက်ခဲ့ကြလေသည်။ ဤသူများပင် အပြင်သူများတည်း။ ထိုသူတို့၏ အကျင့်အမူများသည် ပစ္စုပ္ပန်လောကီဘဝ၌လည်းကောင်း၊ နောင်တမလွန် ဘဝ၌လည်းကောင်း အချည်းအနှီးပင် ဖြစ်ခဲ့ကြချေပြီ။ ၎င်းပြင် ဤသူများ သာလျှင် နစ်နာဆုံးရှုံးသောသူများ ဖြစ်ကြကုန်သတည်း။ (၉ : ၆၉)

ထို (မုနာဖိဧဝ်က်) များထံသို့ ၎င်းတို့အလျင် ရှိခဲ့ကြသောသူတို့၏ (ပျက်စီးဆုံးရှုံးခြင်း) သတင်း၊ (ဥပမာ-နဗီတမန်တော်) 'နူဟ်'၏ အမျိုးသားများ၏သတင်း၊ 'အာဒ်' အမျိုးသားများ၏သတင်း၊ 'ဆမူဒ်'အမျိုးသားများ၏သတင်း၊ (နဗီတမန်တော်) 'အိဗ်ရာဟီမ်' ၏ အမျိုးသားများ၏ သတင်း၊ 'မဒ်ယန်'မြို့သားများ၏သတင်း၊ ထက်အောက်ပြောင်းပြန်ဖြစ်၍ ပျက်စီးသွားခဲ့သော မြို့များ၊ ရွာများ၏သတင်းသည် မရောက်ရှိခဲ့ လေသလော။ ၎င်းတို့ထံ ၎င်းတို့၏ရစူလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာများနှင့်တကွ ရောက်ရှိလာခဲ့ကြလေသည်။ (သို့ရာတွင် ယင်းအမျိုးသားများသည် သွေဖည်ငြင်းဆန် မနာခံခဲ့ကြသည့် အတွက် ပျက်စီးဆုံးရှုံး၍ သွားခဲ့ကြလေသည်။) စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ဤပျက်စီးမှု၌) ၎င်းတို့အား မတရားသဖြင့် နှိပ်စက်တော်မူသည် မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ခဲ့ ကြပေသတည်း။ (၉:၇၀)

အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ်သည် အရေခြုံများ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် အစပြုထားသည်။ အာယသ်တော်ပါ အသုံးအနှုန်းများအနက် ယင်းနေရာတွင် သုံးနှုန်းထားသည့် يَتَّقِضُوْنَ اَيْمَانَهُمْ "ထိုမှတစ်ပါး ၎င်းတို့သည် မိမိတို့၏လက်များကို ဆုပ်ထားကြလေသည်"။ မှာဂျီဟာဒ်စစ်ပွဲဝင်ခြင်းမှ စွန့်လွှတ်ခြင်းနှင့် ဖရတ်ဆွ် မပြုမနေရတာဝန်များကို မလိုက်နာခြင်း အဖြစ် သဖိစိရ်ကုရ်သုဒီကျမ်းတွင် ရှင်းလင်းထားခဲ့သည်။ ထို့နောက် ဆက်ပါသောဝါကျက نَسُوا اللّٰهَ فَنَسِيَهُمْ "ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား မေ့လျော့ခဲ့ကြပေရာ ထိုအရှင်မြတ်သည်လည်း ၎င်းတို့အား မေ့လျော့(ထား)တော်မူခဲ့လေသည်" ဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် မေ့လျော့ခြင်းမှ ကင်းစင်တော်မူသည်။ ထို့ကြောင့် ဤနေရာတွင် ဆိုလိုသည်မှာ "ဤလူများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုသိလျက်နှင့် ၎င်းတို့မေ့လျော့၍ စွန့်လွှတ်ခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်ကလည်း နောင်တမလွန်

ဘဝတွင် ၎င်းတို့နှင့် ပတ်သက်သည့် ကောင်းမွန်သောဘဝအလားအလာများ ဖြစ်သောသူတို့အတွက် ဆုလာဘ်များနှင့် ကောင်းချီး စသည်တို့ကို အစအနမကျန် စွန့်လွှတ်ပစ်ခဲ့သည်။

အာယသ် (၆၉) ပါ كَالَّذِيْنَ مِنْ قَبْلِكُمْ "အသင်တို့အလျင် ရှေးအထက်ကျော်ကာလ၌ ရှိခဲ့ကြဘူးသောသူတို့ (၏အခြေ အနေ) ကဲ့သို့ပင်ဟူသော အဆိုအမိန့်ကို ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်ကြစို့။ အကျယ်ဖွင့်ရှင်းလင်းချက်တစ်ရပ် အရ ဤသည်မှာ အရေခြုံများကို ဦးတည်မိန့်ကြားခဲ့သည်ဟု ဆိုသကဲ့သို့ အခြားရှင်းလင်းချက်က ဤဦးတည်မိန့်ကြား ခြင်းသည် မွတ်စ်လင်မ်များကို ဦးတည်သည်ဟု ရှင်းလင်းကြသည်။ (အသင်တို့) ဟူသည်ကို ထည့်သွင်းထားခြင်း ဤ ဦးတည်ချက်ကို ပြပါသည်။ ထို့ကြောင့် ဤသည်က "အသင် တို့သည်လည်း အသင်တို့အလျင်က လူများကဲ့သို့ပင် ဖြစ်သည်"ဟုဆိုလိုသည်။ထိုသူတို့သည်လောကီဆိုင်ရာပျော်ရွှင်မှုနောက်လိုက်ခဲ့၍နောင်တမလွန်ဘဝနှင့်ပတ်သက်၍ မေ့လျော့ခဲ့ကြသည်။ ရလဒ်မှာထိုသူတို့သည် ဂိုနာဟ်ပြစ်မှုအလုံးစုံတွင် နစ်မြုပ်သွားကြလေသည်။ အသင်တို့သည် လည်း ဤသို့ဖြစ်သွားပေမည်။

ဤအာယသ်တော်ရှင်းလင်းရာ၌ စိုက်ယိဒနာ အဗူဟုရိုင်ရဟ် d က ဟဒီးဆ်တစ်ပုဒ်ဆင့်ပြန်ခဲ့သည်။ ယင်းထဲ တွင် တမန်တော်မြတ် s မိန့်သည်မှာ "အသင်တို့သည်လည်း အသင်တို့အလျင်က အွမ္မသ်ထုပြုလုပ်ခဲ့သည့်အတိုင်း ပြုလုပ်ကြပါလိမ့်မည်။ အသင်တို့သည် ထိုသူများပြုကြသကဲ့သို့ ထပ်တူထပ်မျှ ပြုကြလိမ့်မည်။ မည်မျှနည်းဟူမူ ထိုသူတို့ ဖွတ်တွင်းထဲဝင်လျှင် အသင်တို့လည်း လိုက်ဝင်ကြလိမ့်မည်" ဟူ၍ဖြစ်သည်။ စိုက်ယိဒနာ အဗူဟုရိုင်ရဟ် d သခင်သည် ဤမျှထိဆင့်ပြန်ပြီးနောက် ပြောသည်မှာ အသင်တို့အထဲမှ ဤဟဒီးဆ်တော်ပါ အကြောင်းအရာခိုင်လုံမှုကို သေချာစေချင်လျှင် ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤအာယသ် كَالَّذِيْنَ مِنْ قَبْلِكُمْ "အသင်တို့အလျင် ရှေး အထက်ကျော်ကာလက ရှိခဲ့ကြဘူးသောသူတို့(၏ အခြေအနေ) ကဲ့သို့ပင်ကို ဖတ်ပါစေလေ။"(၉း၆၉)ဟူ၍ ဖြစ်သည်။

ဤသည်ကို ကြားသောအခါ စိုက်ယိဒနာ အဗ္ဗဒွလ္လာဟ်အိဗ်နိအဗ္ဗာစ် d က مَا أَشْبَهَ اللَّيْلَةَ بِالْبَارِحَةِ "ဤညဉ့် (ကျွန်ုပ်တို့အချိန် အခါသမ)နှင့် ယမန်ညဉ့် (လွန်လေပြီးသောအချိန်)သည် မည်မျှလောက်တူ သနည်းဆိုလျှင် ယခုဇနီအစ္စရာအိလ် မျိုးနွယ်မှ သူများသည် ထိုအချိန်ကလူများနှင့် အလွန်တူကြသည်ဟု ကျွန်ုပ်တို့မှတ်ကြသည်။

(ကုရ်သုဗီ)

ဟဒီးဆ်တော်၏ ရှင်းလင်းချက်သည် အတော်အတန်ရှင်းလင်းပါသည်။ နောက်နောင်တွင်လည်း မုစ်လင်မ် များသည် ဂျူးနှင့်ခရစ်ယာန်တို့၏ နည်းအတိုင်း စတင်လုပ်ဆောင်လာကြလိမ့်မည်ဟု ဤဟဒီးဆ် တော်က သတိပေး ထားပါသည်။ ဤအဆိုအမိန့်သည် အရေခြုံများအတွက် ပြစ်ဒဏ်ခတ်မှုတစ်ရပ်ကို ဖော်ပြပြီးသည့်နောက် ကြေညာခဲ့ သည်။ ဤသည်က ကောင်းမြတ်သောမုစ်လင်မ်များသည် ထိုကဲ့သို့ပြုလုပ်လိမ့် မည်မဟုတ်ဟူသော အညွှန်းကို ဖြစ်စေ ပါသည်။ မုစ်လင်မ်များအနက် အီမာန်ယုံကြည်မှုအားနည်းသူများသာ လုပ်ဆောင်ကြပါလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် ထိုသူများသည် ဤအရေခြုံပိုးများ၏ ကူးစက်ခြင်းခံနေ ရသေးသည်။ ဤအာယသ်တော်ထဲတွင် မုစ်လင်မ် အွမ္မသ်ထုရှိကောင်းမြတ်သောအမျိုးသားနှင့် ကောင်းမြတ်သော အမျိုးသမီးအားလုံးသည် ထိုသို့သောနည်းလမ်းများမှ ၎င်းတို့ကိုယ်တိုင် ရှောင်ကြဉ်သင့်သကဲ့သို့ အခြားသူများကိုလည်း အလားတူရှောင်ကြဉ်နိုင်ရန် ကူညီရမည်ဟု ညွှန် ကြားထားသည်။

အာယသ် (၇၁-၇၃)

وَ الْمُؤْمِنُوْنَ وَ الْمُؤْمِنٰتُ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۘ يَاْمُرُوْنَ بِالْمَعْرُوْفِ وَ يَنْهَوْنَ
عَنِ الْمُنْكَرِ وَ يُقِيْمُوْنَ الصَّلٰوةَ وَ يُؤْتُوْنَ الزَّكٰوةَ وَ يُطِيْعُوْنَ اللّٰهَ وَ رَسُوْلَهٗ
ؕ اُولٰٓئِكَ سَيَرْحَمُهُمُ اللّٰهُ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿۷۱﴾ وَعَدَ اللّٰهُ الْمُؤْمِنِيْنَ وَ
الْمُؤْمِنٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَا وَ مَسٰكِنَ طَيِّبَةً فِيْ
جَنّٰتِ عَدْنٍ ؕ وَ رِضْوَانٌ مِّنَ اللّٰهِ اَكْبَرُ ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿۷۲﴾ يٰۤاَيُّهَا
النَّبِيُّ جَاهِدِ الْكُفَّارَ وَ الْمُنٰفِقِيْنَ وَ اغْلُظْ عَلَيْهِمْ ؕ وَ مَاْوٰىهُمْ جَهَنَّمُ ؕ وَ بِئْسَ
الْمَصِيْرُ ﴿۷۳﴾

ထိုနည်းတူစွာ 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သော ယောကျ်ား၊ မိန်းမတို့သည်လည်း (သာသနာရေးတွင်) အချင်းချင်း တစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများပင် ဖြစ်ကြကုန်၏။ ၎င်းတို့သည် ကောင်းမြတ်သော ကိစ္စများကို အမိန့်ပေးကြလေသည်။ ၎င်းပြင် စက်ဆုပ်ရွံရှာဖွယ်ရာများမှလည်း တားမြစ်ကြလေသည်။ ထိုမှတစ်ပါး ယင်းသူတို့သည် အမြဲတစေ 'ဆွလာသ်' ဝတ်ပြုကြလေသည်။ ထို့ပြင် ၎င်းတို့သည် ဇကားသ်တရား ဝင်ဒါနကြေးကိုလည်း ပေးဆောင်ကြလေသည်။ ထိုနည်းတူစွာ ယင်းသူတို့ သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော် အမိန့်တော်များကိုလည်းကောင်း လိုက်နာကြလေသည်။ ဤသူများသည် အကြင်သူများပင် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား မုချကရုဏာပြုတော်မူပေမည်။ ဇကာန်အမှန် အလ္လာဟ် အရှင် မြတ်သည် ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသောအရှင်၊ ဆင်ခြင်တုံတရား နှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၇၁)

အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူ ယောကျ်ား၊ မိန်းမတို့အား အကြင်ဥယျာဉ်တော်များကို (ချီးမြှင့်တော်မူရန်) ကတိပြုထားတော်မူခဲ့လေသည်။ ထိုဥယျာဉ်များ၏အောက်၌ စမ်းရေချောင်းများ စီးဝေ့လျက်ရှိကြပေမည်။ (ထိုသူတို့သည်) ၎င်းဥယျာဉ်များတွင် ထာဝစဉ် နေထိုင်လျက်ရှိကြပေမည်။ ထို့ပြင် (ထိုအရှင်မြတ်သည်) ထာဝစဉ်တည်သော ဥယျာဉ်များ၌ ကောင်းမွန်စင်ကြယ်သော ဗိမာန်များကို (ချီးမြှင့်တော်မူရန်)လည်း (ကတိပြုထားတော်မူခဲ့လေသည်) ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုမှာကား အကြီးအကျယ်ဆုံးပင် ဖြစ်ပေသည်။ ဤသည် ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုပင်တည်း။ (၉ : ၇၂)

အို-နဗီတမန်တော် အသင်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သူ တို့အားလည်းကောင်း၊ 'မုနာဖိစ်ဂ်' မုစ်လင်မ်အရေခြုံသူတို့အား လည်းကောင်း ဂျိဟာဒ်ပြုပါလေ။

ထို့ပြင် ၎င်းတို့အပေါ်၌ အသင်သည်ပြင်းထန် ကျပ်တည်းမှုကို ပြုပါလေ။ ထိုမှတစ်ပါး ၎င်းတို့၏ ခိုကိုးရာဌာနသည် 'ဂျဟန္နမ်' ငရဲဘုံပင်ဖြစ်သည်။ အမှန်သော်ကား ထိုစခန်းသည် အလွန် ဆိုးရွားလှပေသကား။ (၉ : ၇၃)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲ၌ အရေခြုံများ၏ ပူးပေါင်းကြံစည်မှုများ၊ နိုင်လိုမင်းထက်ပြုမှုများကြောင့် ၎င်းတို့အတွက် ပြစ်ဒဏ်ခတ်မှုသည် စောင့်ဆိုင်းနေသည့်အကြောင်းများ ဖော်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ တစ်မူ ထူးခြားသည့် ဟန်ပန်အရဆိုလျှင် ဤနေရာတွင် စစ်မှန်သောယုံကြည် သူများ၏ ဘဝနေထိုင်ပုံ၊ ဆုလာဒ်များနှင့် အဆင့်အတန်းများအကြောင်းကိုလည်း ဖော်ပြရန်လိုအပ်သည်။ အထက်ဖော်ပြပါအာယသ်များက ယင်းတို့ကိုဖော်ပြထားသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ စာသားသည် ဤအချိန်တွင်စစ်မှန်သောယုံကြည်မှုများနှင့် အရေ ခြုံများကို နှိုင်းယှဉ်မှုတစ်ရပ်ပြုလုပ်စဉ်မှာပင် **بَعْضُهُمْ مِّنْۢ بَعْضٍ** "၎င်းတို့သည် တစ်မျိုးတစ်စားတည်းပင်ဖြစ်ကြကုန်၏။ (၆၇)" ဟူ၍ မိန့်ထားသည်။ သို့သော်လည်း စစ်မှန်သောသက်ဝင်ယုံကြည် သူများအတွက် **بَعْضُهُمْ اَوْلِيَآءُ بَعْضٍ** 'ထိုနည်းတူစွာ မုအ်မင်နသက်ဝင်ယုံကြည်သူ ယောကျ်း၊ မိန်းမတို့သည်လည်း (သာသနာရေးတွင်) အချင်းချင်းတစ်ဦးနှင့်တစ်ဦး အဆွေခင်ပွန်းများပင်ဖြစ်ကြကုန်၏' (၇၁)ဟုမိန့်ကြားထားသည်။ ဤအဆိုအမိန့်မှ သက်ဝင်ယုံကြည်သူများအချင်းချင်း ဆက်နွယ်မှု၏သဘော သဘာဝ အကြောင်း ပေါ်ထွက်လာသည်။ အရေခြုံများသည်ကား အချင်းချင်းဆက်နွယ်မှုသည် ဆွေမျိုးသားချင်း လုပ်ငန်း ဆောင်တာ ပူးပေါင်းဆောင်ရွက်ခြင်း (သို့မဟုတ်) ကိုယ်ကျိုးအပေါ်တွင်သာအခြေခံသည်။ ယင်းသို့ သောနှောင်ကြိုး သည် ကြာရှည်မခံသကဲ့သို့ နာမ်ပိုင်းဆိုင်ရာ အကျိုးအမြတ်အမျိုးအစားကိုလည်း မရရှိစေပါ။ နာမ်ပိုင်းဆိုင်ရာ အကျိုးအမြတ်များသည် မိတ်ဆွေအဖြစ် နှစ်နှစ်ကာကာ ချစ်ခင်မှုအမှတ်အသားဖြစ်သည်။ အရေခြုံများနှင့် ဆန့်ကျင်ဘက်တည် ရှိသည်မှာ စစ်မှန်သောယုံကြည်သူ မုအ်မင်နများဖြစ်ကြသည်။ မုအ်မင်နများသည် ရိုးသားဖြူစင်သောမိတ်ဆွေများ ဖြစ်၍ တစ်ဦးကောင်းကျိုးတစ်ဦး လိုလားသူများ ဖြစ်ကြသည်။ (ကုရ်သုဒီ)

ထို့ပြင် တစ်ဦးနှင့်တစ်ဦး မိတ်ဆွေပြုမှုနှင့် သောကထားမှုသည် အလ္လာဟ်အရှင်အတွက်သာလျှင် ဖြစ်၍ အမြဲတမ်း တည်တံ့နေပေမည်။ ယင်းသည်ပွင့်လင်းသည်ဖြစ်စေ၊ လျှို့ဝှက်သည်ဖြစ်စေ၊ တည်ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ အခြေအနေအားလုံးတွင် ဤအတိုင်းအမြဲတည်ရှိပေမည်။ ထာဝရဖြစ်သည်။ ဤသည်မှာ စစ်မှန်သော ယုံကြည်သက်ဝင်သူ၏ အမှတ်အသားဖြစ်သည်။ အီမာန်ယုံကြည်ခြင်းနှင့် အလ်အအ်မာလ်အတ်စ်ဆွာလိဟ် (ကောင်းမှုကောင်းရာ)၏ သဘောသဘာဝမှပင် အချင်းချင်းချစ်ခင်မှုနှင့် မိတ်ဆွေဖြစ်မှုပေါ်ထွက်လာသည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က အတည်ပြု၍ မိန့်ထားသည်မှာ **سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا** (၁၉း၉၆)ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာယုံကြည်သက်ဝင်၍ဘဝတွင်ကောင်းမှုကောင်းရာကိုစွဲစွဲမြဲမြဲပြုလုပ်သူတို့အားအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ နှလုံးသားထဲတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်စေသည့် အဆွေခင်ပွန်းဖြစ်မှုကို ဖန်ဆင်းပေးတော်မူသည်။ ကျွန်ုပ်တို့ ခေတ်၌ ကျွန်ုပ်တို့ ဘာတွေဖြစ်ကြကုန်ပြီလဲ။ ကျွန်ုပ်တို့နှလုံးသားတွင် အီမာန်သက်ဝင်ယုံကြည်မှုအပေါ်နှင့် ကျွန်ုပ်တို့ လုပ်ဆောင်မှုများတွင် ကောင်းမှုကောင်းရာအတွက် သောကထားမှုလျော့နည်း၍ဖြစ်နိုင်သည်။ ယင်းကြောင့် မုစ်လင်မ် များ အချင်းချင်း ဆက်ဆံရေးတွင် ကုရ်အာန်ကျမ်းတော်မြတ်က ဖြစ်စေချင်သောပုံ ဖြစ်မလာခဲ့ကြချေ။

ကံမကောင်း အကြောင်းမလှစွာပင် ဤသည်များသည် လောကီရေးဆိုင်ရာလိုအပ်ချက်နှင့် အကျိုးအမြတ်များ၏ လက်အောက်ခံ ဖြစ်သွားကာ အလွှာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်ရမည်ဟူ သော ဖြစ်သင့်ဖြစ်ထိုက်သည့်အတိုင်း မဖြစ်ခဲ့ကြပါ။

နောက်ဆုံးအာယသ် (၇၃) جَاهِدِ الْكُفَّارَ وَ الْمُنٰفِقِيْنَ وَ اغْلُظْ عَلَيْهِمْ အို-နဗီတမန်တော် အသင်သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သူတို့အား လည်းကောင်း၊ 'မုနာဖိစက်' မုစ်လင်မ်အယောင်ဆောင်သူတို့အားလည်းကောင်း ဂျိဟာဒ်ပြုပါလေ။ ထို့ပြင် ၎င်းတို့အပေါ်၌ အသင်သည်ပြင်းထန်ကျပ်တည်းမှုကို ပြုပါလေ'ထဲတွင် တမန်တော်မြတ် S ကို မယုံကြည် သွေဖည်ငြင်းပယ်သူများနှင့် အရေခြုံများ နှစ်မျိုးစလုံးကို စစ်ခင်းရန်နှင့် ထိုသူများနှင့်ပတ်သက်လျှင် တင်းတင်း ကြပ်ကြပ်လုပ်ဆောင်ရန် အမိန့်ပေးထားခဲ့သည်။ စစ်မက်လိုလားသည့် မယုံကြည်သွေဖည်ငြင်းပယ်သူတို့ အား စစ်ခင်းရန်လိုအပ်သည်မှာ သူ့အလိုအလျောက် ပေါ်လွင်ထင်ရှားပြီးဖြစ်သည်။ သို့သော်လည်း အရေခြုံများနှင့် ဂျိဟာဒ် လုပ်ခြင်းဆိုသည်ဟူသည့် အဓိပ္ပာယ်မှာ တမန်တော်မြတ် S ၏ လုပ်ရပ်နှင့်ပင် ရှင်းလင်းပြီးဖြစ်သွားသည်။ ထိုသူများကို အစွလာမ်ဘာသာ၏ စစ်မှန်ကြောင်း နားလည်သဘောပေါက်ရန် ဖျောင်းဖျခြင်း၊ ထို့နောက် အစွလာမ်ကို ခံစားစေ ခြင်းနှင့် ၎င်းတို့သည် အစွလာမ်သာသနာကို ရိုးသားစွာ ဖက်တွယ်ထားစေရန် နူတ်ဖြင့်ဂျိဟာဒ်ပြုခြင်းသည် ၎င်းတို့ အားလက်နက်ဖြင့်တိုက်၍ ဂျိဟာဒ်ပြုခြင်းဖြစ်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ (ကုရ်သုဗီနှင့် မဇာဟီရီကျမ်း) غلظ (၎င်းတို့အပေါ်၌ အသင်သည် ပြင်းထန်ကျပ်တည်းမှုကိုပြုပါလေ)တွင် အသုံးပြုထားသော واغلظ (ဂိလုဇ်) ဟူသော စကားလုံး၏ စစ်မှန်သောအဓိပ္ပာယ်မှာ အရေးယူဆောင်ရွက်မှု တစ်ခုပြုရာတွင် ဦးတည်ပြောကြားခံရသူများနှင့် ထိုက်တန်သည့်အရေးယူမှု ပြုလုပ်ရာတွင် မည်သည့်လိုက်လျောမှု (သို့မဟုတ်) မည်သည့်အလျော့ပေးခြင်းမှ မပြုလုပ်ရန် စိတ်တွင်စွဲမှတ်ထားရမည်။ ဤစကားလုံးသည် ကြင်နာခြင်း၊ သနားခြင်းဟူသော အဓိပ္ပာယ်ဆောင်သည့် رأفة (ရာအ်ဖာဟ်) ဟူသည့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ထွက် သောစကားလုံးတစ်ခုအဖြစ် သုံးနှုန်းထားသည်။

အီမာမ်ကုရ်သုဗီက သူ၏မှတ်ချက်များတွင် ပြောကြားခဲ့သည်မှာ ဤနေရာ 'ဂိလ်ဇာဟ်' (ပြင်းထန် ကျပ်တည်းမှု) ဟူသည့် စကားလုံး သုံးနှုန်းထားခြင်းမှာ ထိုသူများအပေါ် ရှရီအတ်၏အမိန့်ပညတ်တော်များ အတိုင်း လိုက်နာစေရာတွင် လျော့ပေါ့ပေးခြင်းနှင့် သနားကြင်နာမှုမပြုရဟုဆိုသည်။ ဤချဉ်းကပ်မှုသည် နူတ်ဖြင့်ပြင်းထန်ကျပ်တည်းမှုနှင့် ဘာမျှမပတ်သက်ချေ။ ထိုသို့သောလုပ်ရပ်မျိုးသည် မြင့်မြတ်သော တမန်တော်များ နှစ်သက်လေးထားသည့် လုပ်နည်းလုပ်ဟန်မဟုတ်ချေ။ တမန်တော်များသည် ပြောဆိုရာတွင် မည်သည့်အခါမျှ ယုတ်ရင်းကြမ်းတမ်းခြင်း မရှိသကဲ့သို့ ဆဲရေးတိုင်းထွာခြင်း မရှိခဲ့ပါ။ ဟဒီးဆ်တော်များတွင် တမန်တော်မြတ် S မိန့်တော်မူခဲ့သည်မှာ إِذَا زَنَتْ أَمَةُ أَحَدِكُمْ فَلْيَجْلِدْهَا الْحَدَ وَلَا يُثَرِّبْ عَلَيْهَا (အကယ်၍ အသင်တို့ အနက်မှ ကျေးကျွန်မ တစ်ဦးသည် ကာမေသုမို့ဆာစရက်ကျူးလွန်ခဲ့လျှင် သူမအပေါ် အစွလာမ့်တရားဝင် ပြစ်ဒဏ်ခတ်မှုအတိုင်း ကျင့်သုံးပါလေ။ သို့သော်လည်း သူမကို ရှုံ့ချပြောဆိုခြင်း မပြုလေနှင့်) ဟူ၍ဖြစ်သည်။ (ကုရ်သုဗီ)

လူအများရှေ့တွင် ပေါ်ထွက်သည့် ကိုယ်တော်မြတ် S ၏ ပုံရိပ်တော်ကို ရည်ညွှန်း၍ အလွှာဟ် အရှင်မြတ် ကိုယ်တော်တိုင်က မိန့်ထားသည်မှာ وَلَوْ كُنْتَ فَظًّا غَلِيْظَ الْقَلْبِ لَانْفَضُّوْا مِنْ حَوْلِكَ (အကယ်၍သာ အသင်သည် ကြမ်းတမ်းသောသူ (လူမှုဆက်ဆံရေးတွင်) စိတ်သဘောခတ်ထန်ကြမ်းကြုတ်သောသူ ဖြစ်ခဲ့ပါမူ ထိုသူတို့သည် အသင်၏အပါးမှ ကစင့်ကလျားဖြစ်ကာ ထွက်ခွာသွားကြသည်မှာ ဇကန်မလွဲတည်း(၃ း၁၅၉)ဟူ၍ ဖြစ်သည်။ ၎င်းနောက် တမန်တော်မြတ် S ၏ လက်တွေ့ပြုမူ ဆက်ဆံမှုများတွင် စကားစမြည်ပြောဆို ရာတွင်ဖြစ်စေ၊ မယုံမကြည်

သွေဖည်ငြင်းပယ်သူများနှင့် အရေးခံုများရှေ့တွင် ဦးတည်ပြောကြားရာတွင် ဖြစ်စေ ကြမ်းတမ်းခက်ထန်စွာ ပြုမူ ပြော ဆိုခဲ့သည့်သက်သေ သာဓကမရှိခဲ့ချေ။

အချက်ပြသတိပေးမှုတစ်ခု

ဝမ်းနည်းစရာကောင်းသည်မှာ ခေါင်းမာ၍ရန်လိုသော မယုံကြည်သွေဖည်ငြင်းပယ်သောသူ ကာဖိရ်များကို စကားပြောဆိုရာတွင်ပင်လျှင် အစွလာမ်ဘာသာသည် ကြမ်းတမ်းခက်ထန်သော သဘောထားမရှိခဲ့ချေ။ သို့သော်လည်း ခေတ်ပြိုင်မုစ်လင်မ်များသည် အခြားသောမုစ်လင်မ်များအတွက်ဆိုလျှင် မျက်တောင် တစ်ချက် မခတ်ဘဲ ယင်းသို့ပြောဆိုကြသည်။ ယင်းသို့ပြုလုပ်ခြင်းကို ၎င်းတို့၏ ဘာသာရေးတာဝန်ထမ်းဆောင်မှု အချို့ဖြစ်သည်ဟု မိမိကိုယ်ကို မိမိဂုဏ်ယူလေ့ ရှိသူများကိုမူ ပြောစရာပင်မလိုချေ။ (အင်နာလစ်လွာဟ်)

အာယသ် (၇၄-၇၈)

يَحْلِفُوْنَ بِاللّٰهِ مَا قَالُوْا ۗ وَلَقَدْ قَالُوْا كَلِمَةَ الْكُفْرِ وَكَفَرُوْا بَعْدَ اِسْلَامِهِمْ وَهَمُّوْا
بِمَا لَمْ يَنَالُوْا ۚ وَمَا نَقَمُوْٓا اِلَّآ اَنْ اَغْنٰىهُمُ اللّٰهُ وَرَسُوْلُهٗ مِنْ فَضْلِهٖ ۚ فَاِنْ يَّتُوْبُوْا
يَكُ خَيْرًا لَّهُمْ ۚ وَاِنْ يَّتَوَلَّوْا يُعَذِّبْهُمُ اللّٰهُ عَذَابًا اَلِيْمًا ۙ فِى الدُّنْيَا وَالْاٰخِرَةِ ۚ وَمَا
لَهُمْ فِى الْاَرْضِ مِنْ وَّلِيٍّ وَّلَا نَصِيْرٍ ﴿٧٤﴾ وَمِنْهُمْ مَّنْ عٰهَدَ اللّٰهَ لَئِنْ اٰتٰىنَا مِنْ
فَضْلِهٖ لَنَصَّدَّقَنَّ وَلَنَكُوْنَنَّ مِنَ الصّٰلِحِيْنَ ﴿٧٥﴾ فَلَمَّآ اٰتٰىهُمْ مِّنْ فَضْلِهٖ بَخِلُوْا
بِهٖ وَتَوَلَّوْا وَّهُمْ مُّعْرِضُوْنَ ﴿٧٦﴾ فَاَعْقَبَهُمْ نِفَاقًا فِىْ قُلُوْبِهِمْ اِلٰى يَوْمِ يَلْقَوْنَهٗ
بِمَآ اَخْلَفُوا اللّٰهَ مَا وَعَدُوْهُ وَبِمَا كَانُوْا يَكْذِبُوْنَ ﴿٧٧﴾ اَلَمْ يَعْلَمُوْٓا اَنَّ اللّٰهَ يَعْلَمُ
سِرَّهُمْ وَنَجْوٰىهُمْ وَاَنَّ اللّٰهَ عَلَّامُ الْغُيُوْبِ ﴿٧٨﴾

ငင်းတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ မိမိတို့သည် (ထိုစကားကို) မပြောဆိုခဲ့ကြပါဟု ဆိုခဲ့ကြလေသည်။ အမှန်စင်စစ် သော်ကား ငင်းတို့သည် 'ကုဖိရ်' မိစ္ဆာဝါဒစကားကို မုချပြောဆိုခဲ့ကြလေသည်။ ထို့ပြင် ငင်းတို့သည် မိမိတို့ (အရေးခံု) မုစ်လင်မ်ဖြစ်ခဲ့ကြပြီးနောက် (မျက်မြင်အားဖြင့်လည်း) သွေဖည်ငြင်းပယ်ခဲ့ကြလေသည်။ ထို့မျှမကသေး ငင်းတို့သည် အကြင်ကိစ္စတစ်ရပ်ကိုလည်း ပြုလုပ်ရန် ကြံရွယ်ခဲ့ကြလေသည်။ သို့ရာတွင် ငင်းတို့သည် မအောင်မြင်ခဲ့ကြပေ။ စင်စစ်သော်ကား ငင်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်က မိမိကျေးဇူးတော်နှင့် ငင်းတို့အား ချမ်းသာကြွယ်ဝစေတော်မူခဲ့သည်မှ အပ အခြားတစ်စုံတစ်ရာကိုမျှ တုံ့ပြန်လက်စားချေခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ ငင်းတို့သည် ဝန်ချတောင်းပန်ကြပါလျှင် ငင်းတို့အဖို့သာလျှင် အကောင်းဖြစ်ပေမည်။ သို့ရာတွင် အကယ်၍ ငင်းတို့သည် မျက်နှာ

လွှဲဖယ် ကျောခိုင်းၗသွားကြပါမူ။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ပစ္စုပ္ပန်လောကီ ဘဝ၌လည်းကောင်း၊ နောင်တမလွန် ဘဝ၌ လည်းကောင်း ပြင်းပြနာကျင်စေသော ပြစ်ဒဏ်ကို ပေးတော်မူအံ့။ ထိုမှတစ်ပါး ၎င်းတို့အဖို့ ပထဝီမြေပြင်၌ အဆွေခင်ပွန်းဟူ၍ လည်းကောင်း၊ ကူညီစောင့်မမည့်သူဟူ၍လည်းကောင်း မည်သူတစ်ဦးတစ်ယောက်မျှ ရှိချမည်မဟုတ်ပေ တကား။ (၉ : ၇၄)

၎င်းပြင် ထိုသူတို့အနက် အကြင်သူတို့သည်လည်းရှိကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား (ဤသို့) ပဋိညာဉ်ပေးခဲ့ကြလေသည်။ 'အကယ်၍ ထိုအရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (မိမိကျေးဇူးတော်ဖြင့်) ဥစ္စာပစ္စည်းများကို ချီးမြှင့်ပေးသနားတော်မူခဲ့ပါလျှင် ကျွန်တော်မျိုးတို့သည် ကောင်းစွာလှူဒါန်းကြပါမည်။ ၎င်းပြင် ကျွန်တော်မျိုးတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသော သူတော်စင် သူတော်ကောင်းတို့တွင် မုချပါဝင်ကြပါမည်။' (၉ : ၇၅)

တစ်ဖန်ထိုအရှင်မြတ်သည် ၎င်းတို့အား မိမိကျေးဇူးတော်ကို ချီးမြှင့် ပေးသနားတော်မူသောအခါ ၎င်းတို့သည် ကျေးဇူးတော်ကို (ပေးကမ်း လှူဒါန်းခြင်းမပြုဘဲ) စေးနှဲခဲ့ကြကုန်၏။ ထို့ပြင် ၎င်းတို့သည် မျက်နှာလွှဲဖယ် ကျောခိုင်းခဲ့ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် တိမ်း ရှောင်လေ့ရှိကြသူများပင် ဖြစ်ကြကုန်သတည်း။ (၉ : ၇၆)

သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ထိုသူများ၏စိတ်နလုံးများတွင် ထိုအရှင်မြတ်နှင့် ထိုသူများတွေ့ဆုံကြမည့်နေ့တိုင်အောင် 'နိဖာက်' (မုစ်လင်မ် အရေခြုံမှု)ကို (ထည့်သွင်းခြင်းအားဖြင့်) ၎င်းတို့အား ပြစ်ဒဏ်ခတ် တော်မူခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား မိမိတို့ပေးခဲ့ကြသော ကတိဝန်ခံချက်ကို ဖောက်ခဲ့ကြသည့်ပြင် မုသားပြောဆို၍ ရှိခဲ့ကြသောကြောင့်ပင်။ (၉ : ၇၇)

အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ လျှို့ဝှက်ချက်ကို လည်းကောင်း၊ ထိုသူတို့၏ လျှို့ဝှက်နှီးနှောချက်ကိုလည်းကောင်း မလွဲဖကန် သိရှိတော်မူသည်ကို ယင်းသူတို့သည် မသိကြလေသလော။ ထို့ပြင် ဇကန် စင်စစ် အလ္လာဟ်အရှင်မြတ်သည် ဖုံးကွယ်လျက်ရှိသည်တို့ကို ကောင်းစွာ သိတော်မူသော အရှင်မြတ်ဖြစ်တော်မူသည် ကိုလည်း ၎င်းတို့ မသိကြလေသလော။ (၉ : ၇၈)

အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ် يَحۡلِفُوۡنَ بِاللّٰهِ '၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြလေသည်' (၇၄)ပါစာသားသည် အရေခြုံများဆီသို့ တစ်ဖန်ပြန်၍ဦးတည်သွားသည်။ ယင်းအရေခြုံတို့သည် ၎င်းတို့လူစုလူဝေးတွင် ဘုရားတရားမယုံကြည်၊ မကြည်ညိုသည့်စကားများပြောကြသည်။ သို့သော်လည်း မုစ်လင်မ်များက သိရှိသွားလျှင် ၎င်းတို့ယင်းသို့မပြုလုပ်ကြောင်း ချက်ချင်းကျိန်တွယ်၍ ကြော်ငြာကြပါလိမ့်မည်။ ဤအယသ်တော်ကျရောက်ခြင်း၏

နောက်ခံအကြောင်းပြောပြရာတွင် အလ်ဗဂါဝီက တမန်တော်မြတ် ﷺ သည် သဗုခ်စစ်ပွဲအချိန်က မိန့်ကြားခဲ့သည့် မိန့်ခွန်းတော် တစ်ရပ်ကို တင်ပြထားသည်။ ကိုယ်တော်မြတ် ﷺ က အရေခြုံများ၏ဝမ်းနည်းဖွယ်ရာ အခြေအနေတွင် ရှိနေကြောင်းပြော၍ ထိုသူများ၏ဝမ်းနည်း ဖွယ်အခြေအနေ အဆုံးသတ်မှုကို သတိပေးထားခဲ့သည်။ ထိုအထဲတွင် ဂျူလ်လတ်စ်ဆိုသော အရေခြုံတစ်ဦးသည် အပါအဝင်ဖြစ်ပေသည်။ ထိုသူသည် သူ့လူများထံပြန်ရောက်သောအခါ၌ 'အကယ်၍ မုဟမ္မဒ်ပြောဆိုသည်များ မှန်ကန်လျှင် ကျွန်ုပ်တို့အားလုံးသည် မြည်းများထက်ပင် ဆိုးဝါးပေသည်' ဟု ပြောခဲ့သည်။ ကံအားလျော်စွာ အမိရ်အိပ်နီကိုက်စ်ဟူသော ဆွဟာဒီတစ်ပါးသည် ထိုသူ၏မှတ်ချက်ကို ကိုယ်တိုင်ကြားခဲ့ရသည်။ ထိုဆွဟာဒီက ၎င်းကိုပြောသည်မှာ 'တမန်တော်မြတ် ﷺ သခင် ပြောသမျှတို့နှင့် ပတ်သက်၍ ဘာမျှသံသယဖြစ်စရာမရှိချေ။ ကိုယ်တော်မြတ်ပြောသမျှသည် အမှန်တရားဖြစ်၍ အသင်သာလျှင် မြည်းထက် အမှန်တကယ်ဆိုးဝါးသူဖြစ်ပေသည်' ဟု ဖြစ်သည်။

တမန်တော်မြတ် ﷺ သည် သဗုခ်ခရီးစဉ်မှ မဒီနဟ်မြို့သို့ပြန်လည်ရောက်ခဲ့သောအခါတွင် အမိရ် အိပ်နိကိုက်စ်က ဤအဖြစ်ပျက်ကို ကိုယ်တော်မြတ် ﷺ အား လျှောက်ထားခဲ့လေသည်။ သို့သော်လည်း ဂျူလ်လတ်စ်က သူကမပြောခဲ့ကြောင်း ပြောင်ပြောင်တင်းတင်း ပြောဆိုခဲ့သည်။ ထပ်၍၎င်းသည် အမိရ် အိပ်နိကိုက်စ်အား သူ့အပေါ်တွင် မှားယွင်းစွာစွပ်စွဲကြောင်း ပြောခဲ့သည်။ တမန်တော်မြတ် ﷺ သည် ထိုသူနှစ်ဦးစလုံးကို နဗီတမန်တော်၏ မင်မ်ဟရ် (ဗလီဝတ်ကျောင်းတော်ထဲတွင် ခွသ်ဗဟ်မိန့်ခွန်းမိန့်ချွေရာတွင် လည်းကောင်း ထုံးတမ်းစဉ်လာအရ ကိုယ်တော်မြတ် သတင်းစကားပြောကြားရာ သင်္ကေတတစ်ခုဖြစ်သည့် လှေကားထစ်များပါ တရားဟောစင်) နားတွင်ရပ်စေကာ ကျမ်းကျိန်စေခဲ့ပါသည်။ ဂျူးလတ်စ်က အလျင်အမြန်ပင် ၎င်းသည် မည်သည့်အခါကမျှ ထိုသို့မပြောဆိုကြောင်း အမိရ်သာလျှင် လိမ်လည်ကြောင်း မမှန်မကန် ကျမ်းကျိန်ခဲ့သည်။ အမိရ်အလှည့်ကျသောအခါ အမိရ်ကလည်း ကျမ်းကျိန်ခဲ့သည်။ ထို့နောက်သူသည် လက်များမြှောက်၍ ဒိုအာဆုမွန်ပြုသည်မှာ 'အိုအလ္လာဟ်အရှင်မြတ် အရှင်မြတ်၏တမန်တော်ကို ဤကိစ္စရပ်၏ ဖြစ်ရပ်မှန်အား ဝဟီအားဖြင့် သိစေတော်မူပါ' ဟူ၍ ဖြစ်သည်။ သူဆုဒိုအာပြုပြီးနောက် တမန်တော်မြတ်နှင့် ယင်းနေရာရှိမုစ်လင်မ်အားလုံးသည် အာမိန်ဟူ၍လိုက်ဆိုကြသည်။ ဤသူများထိုနေရာမှ မထွက်ခွာမီပင် ကောင်းကင်စေတမန် ဂျစ်ဗရာအီလ်သည် ဤအာယသ်တော်ပါဝင်သော ဝဟီဖြင့်ဆင်းသက်လာခဲ့သည်။ ဂျူးလတ်စ်သည် ဤအာယသ်တော်ကို ကြားသိရသောအခါ ချက်ချင်းမတ်တပ်ရပ်၍ ပြောသည်မှာ 'ယာ ရစူလ္လာဟ် ယခုအခါ ကျွန်တော်မျိုးသည် အမှားပြုလုပ်သူတစ်ဦးအဖြစ် ဝန်ခံပါသည်။ ထို့နောက် အမိရ်ပြောဆိုသမျှမှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော်လည်း ဤအာယသ်တော်အရ ကျွန်တော်မျိုးသောင်ဗဟ်ပြုလုပ်ရန် အခွင့်အရေးရှိပါသည်။ ထို့ကြောင့် ကျွန်တော်မျိုးအစောပိုင်းက ပြုလုပ်ခဲ့သည်များအတွက် အလ္လာဟ်အရှင်မြတ်ထံ ဝန်ချတောင်းပန်၍ ခွင့်လွှတ်ခွင့်တောင်းခံပါ၏' ဟူ၍ ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် သူ၏သောင် ဗဟ်ဝန်ခံတောင်းပန်မှုကို လက်ခံခဲ့ကာ သောင်ဗဟ်တွင်ခိုင်မာစွာရှိခဲ့သောကြောင့် သူ့ဘဝတွင် ကိစ္စရပ်များသည် အကောင်းဘက်ဆီသို့ လှည့်သွားစေခဲ့ပါသည်။ (မဇဟီရီ)

ဋီကာရှင်အချို့က ဤအာယသ်တော် ကျရောက်ခြင်းနောက်ကြောင်းအဖြစ် အလားတူအဖြစ်အပျက် များကို ရည်းညွှန်းခဲ့ရာတွင် ဤအာယသ်ပါ ﴿وَهَمُّوا بِمَا لَمْ يَنَالُوا﴾'ထိုမျှမကသေး ၎င်းတို့သည် အကြင် ကိစ္စတစ်ရပ် ကိုလည်း ပြုလုပ်ရန် ကြံရွယ်ခဲ့ကြလေသည်။ သို့ရာတွင် ၎င်းတို့သည် မအောင်မြင်ခဲ့ကြပေ' (၇၄)ဟူသောဝါကျကြောင့်ဖြစ်သည်။ အာယသ်သည် အရေခြုံများက တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်၏ မုစ်လင်မ်နောက်လိုက်များအပေါ် ပူးပေါင်းကြံစည်မှု တစ်ခုပြုလုပ်ခဲ့ကာ ယင်းကိစ္စမအောင်မြင်ခဲ့သော အဖြစ်အပျက်အချို့နှင့် ပတ်သက်နေကြောင်း ဝါကျက

ရည်ညွှန်းဟန် ရှိသည်။ ပမာဆိုသော် သဗုခ်စစ်ပွဲမှအပြန်တွင် လူသိအတော်များသော အဖြစ်အပျက်တစ်ရပ်ဖြစ်ပျက်ခဲ့ပါသည်။ အရေခြုံများမှလူ(၁၂)ဦးသည် တမန်တော်မြတ် ﷺ ကို ရုတ်တရက် တိုက်ခိုက်သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် တောင်ကြား တစ်ခုနောက်ကွယ်တွင် ခြုံခိုရှိစောင့်ဆိုင်းနေခဲ့သည်။ ကောင်းကင်စေတမန် ဂျစ်ဗရာအီလ်က ထိုသူတို့၏ ရည်ရွယ်ချက်ကို အသိပေး အကြောင်းကြားခဲ့သည်။ ကိုယ်တော်မြတ်သည် တခြားလမ်းမှထွက်ခွာခဲ့၍ ပူးပေါင်းကြံစည်မှု အထမမြောက် ခဲ့ချေ။ ထိုကိစ္စရပ်အတွက် ဤသို့သောသဘောသဘာဝရှိသည့် အဖြစ်အပျက်အတော်များများကိုလည်း မှတ်တမ်းတင်ထားခဲ့သည်။ သို့သော်လည်း ဤအာယသ်တော်သည် ထိုအဖြစ်အပျက်အားလုံးကို ရည်ညွှန်း သည်ဆိုရာတွင် မဖြစ်နိုင်ဟူ၍မရှိ (သို့မဟုတ်) ဖီလာဆန့်ကျင်သည်မရှိချေ။

ဒုတိယအာယသ် وَ مِنْهُمْ مَّنْ عٰهَدَ اللّٰهَ ‘ထင်ပြင် ထိုသူတို့အနက် အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား (ဤသို့) ပဋိညာဉ်ပေးခဲ့ကြလေသည်။ (၇၅) ’ သည်လည်း သီးခြားအဖြစ် အပျက်တစ်ခုနှင့် ဆက်နွယ်နေကြောင်းကို စိုက်ယိဒိနာ အဗူအုမာမဟ်ဗာဟီလီ d ၏ ဆင့်ပြန်ချက်ခိုင်လုံမှုအရ အိဗ်နိဂျရီး၍၊ အိဗ်နိအဗီ ဟာသင်ဗ်၊ အိဗ်နိမရ်ဒူဝေးဟ်၊ အလ်သဗရာနီနှင့် အလ်ဗိုင်ဟကီတို့ကလည်း တင်ပြထားခဲ့သည်။ ဤတင်ပြချက်အရ သအ်လာဗဟ် အိဗ်နိဟာသစ်ဗ် အလ်အန်ဆွာရီဟု အမည်တွင်သော သူတစ်ဦးသည် တမန်တော်မြတ် ﷺ သခင်၏ ရှေ့တော်မှောက်ဝင်ရောက်၍ သူချမ်းသာကြွယ်ဝလာစေရန် တမန်တော်မြတ် ﷺ က ဆုဒိုအာပြုပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ တမန်တော်မြတ် ﷺ သခင်က ‘ကျွန်ုပ်၏နည်းလမ်းကို အသင်မကြိုက်လေသလော’ ကျွန်ုပ်၏ အသက်ကို စိုးပိုင်တော်မူသောအရှင်ကို သက်သေထား၍ ကျွန်ုပ်ပြောပါမည်။ အကယ်၍သာ ကျွန်ုပ်ဆန္ဒရှိခဲ့လျှင် မဒီနဟ်ရှိတောင်များသည် ရွှေအဖြစ်ပြောင်း၍ ကျွန်ုပ်သွားရာလမ်းတွင် ကျွန်ုပ်နောက်၌ရှိနေပါလိမ့်မည်။ သို့သော်လည်း ကျွန်ုပ်သည် ထိုသို့ ချမ်းသာခြင်းကို မနှစ်သက်ချေ’ ဟူ၍ မိန့်ခဲ့သည်။ ထိုသူသည် ထွက်ခွာသွားခဲ့သည်။ သို့ရာတွင် နောက်ပိုင်းတွင် ထိုသူတစ်ဖန်ပြန်လာ၍ သူကထက်မံဆုဒိုအာပြုရန် မေတ္တာရပ်ခံခဲ့သည်။ အကယ်၍ဆုဒိုအာ အရသူချမ်းသာသွားခဲ့လျှင် ထိုမှထိုက်တန်သူများအားလုံးကို ယင်းထဲမှဝေစုပေးပါမည်ဟု ပြောကြားခဲ့သည်။ တမန်တော်မြတ် ﷺ က ဒိုအာပြုခဲ့သည်။ ဆုဒိုအာတောင်းခံခြင်း အကျိုးသက်ရောက်မှုမှာ ထိုသူပိုင်သည့် ဆိတ်များသည် အဆမတန်တိုးပွားလာခဲ့သည်။ ဆိတ်များထပ်မံတိုးပွားလာခဲ့ရာ၌ မဒီနဟ်မြို့ရှိသူ့နေရာမှာ ယင်းတို့ကိုတားရန်ပင် မဆန့်တော့ချေ။ ထို့ကြောင့်သူသည် မြို့ပြင်ဘက်ပြောင်းရွှေ့ကာ ဇိဟိုရိန်နှင့်အဆွရ် ဆွေလာသ်ဝတ်ပြုမှုကို တမန်တော်မြတ် ﷺ နှင့်အတူဝတ်ပြုဆောက်တည်ရန်အတွက်မဒီနဟ်မြို့သို့လာရောက်လေ့ရှိသည်။ကျန်ဆွေလာသ်ဝတ်ပြုမှုများကို သူ၏အဖိုးတန်ဆိတ်အုပ်ရှိသာနေရာတွင် ဆောက်တည်ခဲ့ပါသည်။

ထို့နောက်ဆိတ်အုပ်ပိုကြီးလာသောအခါ မြို့စွန်ရှိနေရာသည်ပင် မလုံလောက်တော့ချေ။ သူသည် မဒီနဟ်မြို့မှ ပိုဝေးသောနေရာကိုပြောင်းရွှေ့ကာ ဂျွမ္မအာဆွေလာသ်ဝတ်ပြုမှုအတွက်သာလျှင် မဒီနဟ်မြို့သို့ ပြန်လာခဲ့သည်။ နေ့စဉ်ဆွေလာသ်ဝတ်ပြုမှုကို ၎င်းရှိရာနေရာ၌သာလျှင် ဝတ်ပြုဆောက်တည်ခဲ့သည်။ ထို့နောက် သူ၏ဥစ္စာဓနများ ပိုမိုတိုးပွားလာကာ ထိုနေရာကိုလည်း စွန့်ခွာခဲ့ပြီး မဒီနဟ်နှင့် ပို၍အလှမ်းဝေးသောနေရာသို့ ပြောင်းရွှေ့သွားခဲ့သည်။ ယင်းကသူ့ကို ဂျွမ္မအာဆွေလာသ်ဝတ်ပြုခြင်းနှင့် ဂျမာအတ်နှင့်ဝတ်ပြုဆောက်တည်ခြင်း နှစ်မျိုးစလုံးကင်းမဲ့စေခဲ့သည်။

အချိန်ကာလ အတော်ကြာညောင်းသွားသောအခါ တမန်တော်မြတ် ﷺ က ထိုသူ့အကြောင်းကို လူများအားမေးမြန်းခဲ့သည်။ သူ၏ဥစ္စာဓနများ မည်မျှတိုးပွားသနည်းဟူမူ သူမဒီနဟ်နှင့် အလွန်ဝေးသောနေရာ တိုင် ပြောင်းရွှေ့ခဲ့ရသောကြောင့် သူ့ကိုမဒီနဟ်မြို့တွင် မမြင်ခဲ့ရတော့ဟု လူအများကပြောကြားခဲ့ကြသည်။ ဤသည်ကိုကြားရသောအခါ

တမန်တော်မြတ် ﷺ က وَثُجَّ ثَعْلَبَة(သနားစဖွယ် စအ်လဗဟ်) ဟူ၍ သုံးကြိမ်သုံးခါ ရွတ်ဆိုခဲ့သည်။

တိုက်ဆိုင်စွာဖြင့် ဆွဒကဟ်နှင့်ပတ်သက်သောအာယသ် (၆၀) خُذْ مِنْ اَمْوَالِهِمْ صَدَقَةً ကျရောက်ခဲ့ကာ တမန်တော်မြတ် ﷺ အား မုစ်လင်မ်များထံမှ ဆွဒကဟ်ကောက်ယူရန် အမိန့်ပေးထားခဲ့သည်။ တမန်တော်မြတ် ﷺ သခင်သည် ဆွဒကဟ် ဥပဒေတစ်ခုလုံးရေးသားစေ၍ ဆွဒကဟ်ကောက်ခံသူအဖြစ် လူနှစ်ဦးကိုခန့်အပ်ကာ မွေးမြူရေးလုပ်ငန်းပိုင်ရှင် မုစ်လင်မ်များထံမှ ကျသင့်သည့်ဆွဒကဟ်ကောက်ခံရန် ၎င်းတို့နှစ်ဦးကိုစေလွှတ် ခဲ့သည်။ ထိုသူတို့အား စအ်လဗဟ် အိပ်နိဟာရီဗ်ထံသို့လည်းကောင်း၊ ဗနီစူလိုင်းမ်မျိုးနွယ်စုမှ လူများထံသို့ လည်းကောင်း သွားရောက်ရန်စေလွှတ်ခဲ့သည်။

ကောက်ခံသူနှစ်ဦးသည် စအ်လဗဟ်ထံရောက်ရှိပြီး တမန်တော်မြတ် ﷺ ၏ အမိန့်ကိုပြသခဲ့သောအခါ ၎င်းက ဤလုပ်ရပ်သည် မုစ်လင်မ်မဟုတ်သူများထံမှ ဂျိဇ်ယာကောက်ခံသည်နှင့်တူနေသည် ဆိုကြောင်း ပြောကြားခဲ့သည်။ သူကစကားကြီးလွှဲပြောကာ အခုပြန်လိုက်ပါဦး အပြန်မှာဝင်ခဲ့ပါဟု ပြောဆိုခဲ့သည်။ ထိုသူနှစ်ဦးက ထွက်ခွာ ခဲ့ပါသည်။

ဗနီစုလိုင်းမ်မျိုးနွယ်စုမှ အခြားသူတစ်ဦး၏ကိစ္စတွင်မူ တစ်စုံတစ်ရာမတူသည့်ကိစ္စဖြစ်ခဲ့သည်။ တမန်တော်မြတ် ﷺ ၏ အမိန့်တော်ကြားသိရသောအခါ ကောက်ခံသူနှစ်ဦးကို ဆရာ့ထံသွားရောက်၍ သူ၏ဇကားသံ နိဆွာဗ်ဖြစ်သော ဆွဒကာဟ်ကိုပေးရန်အတွက် ၎င်းအမိန့်ဖြင့် မွေးမြူရေးလုပ်ငန်းမှ အကောင်းဆုံးကုလားအုတ် များနှင့် ဆိတ်များကို ရွေးထုတ်ကာယူလာခဲ့သည်။ ကောက်ခံသူများက ၎င်းတို့သည် တိရစ္ဆာန်များထဲမှ အကောင်းဆုံးကို ရွေးမယူရန်နှင့် ပျမ်းမျှကိုသာယူရန် အမိန့်ပေးထားသဖြင့် ဤသည်တို့ကိုမယူနိုင်ကြောင်း ထိုသူအားပြောကြားခဲ့သည်။ ဗနီစူလိုင်းမ်မျိုးနွယ်စုမှလူသည် ဤတိရစ္ဆာန်များပေးရခြင်းကို ၎င်းဝမ်းမြောက် ကျေနပ်ကြောင်းပြော၍ အတင်းအကြပ်လက်ခံစေရန် ပြောကြားခဲ့သည်။

ထို့နောက် ဤကောက်ခံသူနှစ်ဦးက ဆွဒကဟ်ကောက်ခံရမည်တို့ကို ကောက်ခံပြီးနောက် စအ်လဗဟ် ထံပြန်လာခဲ့ကြသည်။ ကောက်ခံသူနှစ်ဦးကို ဆွဒကဟ်နှင့်ပတ်သက်သော ဥပဒေကို သူကြည့်ချင်ကြောင်း ပြောခဲ့သည်။ သူသည်ထိုဥပဒေကိုကြည့်ခဲ့၍ ယင်းကပြောခဲ့သည်နှင့် မခြားဘဲ 'ဤကိစ္စသည် မုစ်လင်မ်များထံမှ မကောက်ခံသင့်သည့် ဂျိဇ်ယာတစ်မျိုးဖြစ်သည်' ဟုပြောခဲ့သည်။ ထိုသူက 'ကောင်းပြီ' ခင်ဗျားတို့အခု ပြန်လိုက်ကြဦး။ ဤကိစ္စကို ကျွန်တော်ပထမစဉ်းစားလိုက်ပါဦးမည်။ နောက်မှကျွန်တော်ဆုံးဖြတ်ပါမည်' ဟု ပြောခဲ့သည်။

ဤကောက်ခံသူနှစ်ဦး မဒီနဟ်မြို့သို့ရောက်သောအခါတွင် ကိုယ်တော်မြတ် ﷺ အား တွေ့ဆုံရန်သွား ခဲ့ကြသည်။ ထိုအချိန်တွင် တမန်တော်မြတ် ﷺ ကြီးသည် ဤသူများ၏လုပ်ငန်းဆိုင်ရာ အစီရင်စာမတင်ပြမီ တမန်တော်မြတ် ﷺ သခင်က ပြောကြားခဲ့သော وَثُجَّ ثَعْلَبَة(စအ်လဗဟ်) ကို သုံးကြိမ်သုံးခါရေရွတ်ခဲ့သည်။ ထို့နောက် စူလိုင်မီလုပ်ရပ်ကို ကြားသိရသောအခါ တမန်တော်မြတ် ﷺ သည် အလွန်နှစ်ထောင်းအားရ ကျေနပ်တော်မူ၍ ထိုသူများအတွက် ဒိုအာ ဆုမွန်တောင်းခံပေးခဲ့သည်။ ထိုစဉ် وَ مِنْهُمْ مَّنْ عٰهَدَ اللّٰهَ 'ငင်းပြင် ထိုသူတို့အနက် အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်အား (ဤသို့)ပဋိညာဉ်ပေးခဲ့ကြသည်။(၇၅)' ဟူသော အာယသ်ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ 'အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို ဥစ္စာဓနပေးသနားတော်မူခဲ့ပါလျှင် ရထိုက်သော သူများ၏ရိုင်ခွင့်ကို ဖြင့်ဆည်းသည့်အနေဖြင့် ကုသိုလ်ပြုခြင်းနှင့် အလှူဒါနပြုလုပ်ကြရမည်။ ရထိုက်သူများမှာ ဆွေမျိုးသားချင်းများနှင့် သူဆင်းရဲများဖြစ်ကြသည်။ အွမ္မသ်ထု၏ ဖြောင့်မတ်မှန်ကန်သူများ

ကလည်း ထိုကဲ့သို့ပင် ပြုလုပ်ကြသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို အရှင်မြတ်၏ အသနားကြင်နာမှုအရ ဥစ္စာဓနဖြင့် ကောင်းချီးမင်္ဂလာပေးတော်မူလျှင် ထိုသူတို့သည် တမဟုတ်ချင်းစေးနဲ့ တွန့်တိုကြကာ အလ္လာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်ကို အမိန့်နာခံခြင်း၏ ပဋိညာဉ်ကို လိုက်နာခြင်းမှ သွေဖည်သွားခဲ့ကြသည်။

အာယသ် (၇၇) فَأَعْقَبَهُمْ نِفَاقًا فِي قُلُوبِهِمْ သို့ဖြစ်ပေရာ ထိုအရှင်မြတ်သည် ထိုသူများ၏ စိတ်နလုံးများတွင် ထိုအရှင်မြတ်နှင့် ထိုသူများတွေ့ဆုံကြမည့်နေ့တိုင်အောင် 'နိဖာက်'(မုစ်လင်မ်အရေခြုံမှု)ကို (ထည့်သွင်းတော်မူခြင်းအားဖြင့်)'က သူတို့၏ လိမ်လည်ခြင်းနှင့် ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် ပေါ်ပေါက်လာမည့် အကြောင်းတရားကို ထောက်ပြထားသည်။ အကျိုးဆက်အနေဖြင့် သူတို့နှလုံးသားထဲတွင် အရေခြုံမှုကို နှလုံးသားတွင် ပိုမိုနက်ရှိုင်း၍ ခိုင်မာသွားစေသည်။ သို့ဆိုလျှင် ထိုသူများသည် သောင်ဗဟ်ကိုပင် ပြုလုပ်နိုင်စွမ်းရှိသည် မဟုတ်ချေ။

သတိပေးမှု၏ လေးနက်သောမှတ်စုတစ်ခု

ဤသည်မှကျွန်ုပ်တို့ သင်ကြားသိရသည်မှာ မကောင်းမှု၏ဆိုးကျိုး ကြောက်လန့်ဖွယ်ကောင်းကြောင်း မည်မျှ အတိုင်းအဆ ထိရောက်သလဲဆိုလျှင် တစ်စုံတစ်ဦးသည် သောင်ဗဟ်ပြုလုပ်နိုင်သည့် (သောင်ဗီးက်) စွမ်းအားကင်းမဲ့စေပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤကဲ့သို့သော ကံကြမ္မာဆိုးမှ ကာကွယ်တော်မူပါစေ။

အစောပိုင်းဖော်ပြခဲ့ပြီးဖြစ်သည့် စိုက်ယိဒနာ အဗူအိုမာမဟ် d ၏ ဆင့်ပြန်ချက်အသေးစိတ်ဆီသို့ တစ်ဖန်ပြန်လည်သွားကြစို့။ ထိုဆင့်ပြန်ချက်အဆုံး၌ အိပ်နီဂျရီးရ်က ရေးသားခဲ့သည်မှာ တမန်တော်မြတ် s သခင်သည် (သနားဖွယ်ကောင်းသော စအ်လဗဟ်) ဟု ၃-ကြိမ်၊ ၃-ခါ ရွတ်ဆိုခဲ့ရာ၌ သူ့ဆွေမျိုးသားချင်း အချို့သည် ထိုလူစုလူဝေးတွင် ရှိနေခဲ့သည်။ ထိုသူတို့သည် ယင်းကိုကြားသိပြီးနောက် ၎င်းတို့အနက်မှ တစ်ဦးသည် စအ်လဗဟ်နှင့် တွေ့ဆုံရန်ချက်ချင်းခရီးထွက်ခဲ့သည်။ ထိုသူစအ်လဗဟ်ထံ ရောက်ရှိခဲ့သောအခါ ၎င်းကြောင့်ကုရ်အာန်ကျမ်းတော်မြတ်၏ သီးခြားအာယသ်တော်တစ်ရပ် ကျရောက်ခဲ့ခြင်းအတွက် စအ်လဗဟ်ကိုအသိပေးခဲ့ပြီး ၎င်း၏အပြုအမူကြောင့် စအ်လဗဟ်ကို ပြစ်တင်မောင်းမဲခဲ့သည်။ သူသည်မဒီနဟ် မြို့သို့သွားရောက်ခဲ့၍ သူ၏ဆွဒကဟ်ကို လက်ခံပါရန် တမန်တော်မြတ် s ကို မေတ္တာရပ်ခံခဲ့ပါသည်။ ကိုယ်တော်မြတ် s က ထိုသူ၏ ဆွဒကဟ်ကိုလက်မခံရန် အလ္လာဟ်အရှင်မြတ်က ကိုယ်တော်မြတ်အား မိန့်ကြားထားခဲ့ကြောင်း ပြောပြခဲ့သည်။ ဤသည်ကိုကြားလျှင် စအ်လဗဟ်သည် စိတ်ပျက်လက်ပျက်နှင့် သူရှုံးပမာဖြစ်ကာ ၎င်း၏ခေါင်းပေါ်ဖုံးများပြစ်တင်ခဲ့သည်။ တမန်တော်မြတ် s က 'ဤသည်မှာ သင့်စိတ်ကြိုက် သင်ကိုယ်တိုင် ရွေးချယ်လုပ်ဆောင်မှုပင်ဖြစ်သည်။ ကျွန်ုပ်အသင့်ကိုအမိန့်ပေးခဲ့သည် အသင်မနာခံခဲ့ချေ။ ယခုအခါ အသင်၏ဆွဒကဟ်ကို လက်မခံနိုင်တော့ပါ'ဟု မိန့်ခဲ့သည်။ စအ်လဗဟ်သည် စိတ်ပျက်လက်ပျက်နှင့် ပြန်လည်ထွက်ခွာသွားသည်။ ထို့နောက် ရက်အနည်းငယ် ကြာသော်အခါ တမန်တော်မြတ် s သခင်သည် ဤလောကမှစွန့်ခွာသွားခဲ့သည်။ ထို့နောက် စိုက်ယိဒနာ အဗူဗကရ် d သခင်သည် ခလီဖဟ် ဖြစ်လာခဲ့သည်။ စအ်လဗဟ်သည် စိုက်ယိဒနာ အဗူဗကရ် d သခင်ထံလာရောက်၍ သူ၏ဆွဒကဟ်ကို လက်ခံသင့်ကြောင်း မေတ္တာရပ်ခံခဲ့သည်။ စိုက်ယိဒနာ အဗူဗကရ် d က 'တမန်တော်မြတ် s သခင် လက်မခံခဲ့သည်ကို ကျွန်ုပ်ကမည်သို့လက်ခံနိုင်မည်နည်း' ဟု မိန့်ကြားခဲ့သည်။

ထို့နောက် စိုက်ယိဒနာ အဗူဗကရ် d ကွယ်လွန်ပြီးနောက်တွင် စအ်လဗဟ်သည် စိုက်ယိဒနာ အုမရ် d သခင်ထံ လာရောက်ခဲ့သည်။ သူသည်ယခင်ကဲ့သို့ မေတ္တာရပ်ခံချက်ပြုလုပ်ခဲ့သည်။ ထို့နောက် စိုက်ယိဒနာ အုမရ် d

သခင်ထံမှ၊ စိုက်ယိဒနာ အဗူဗကရ် d သခင်က ပေးခဲ့သည့်အဖြေမျိုးပင် ရရှိခဲ့ သည်။ တစ်ဖန်သူသည် စိုက်ယိဒနာ အွစ်မာန် d သည် ခလီဖဟ်ဖြစ်စဉ်ကာလအတွင်း ဤမေတ္တာရပ်ခံ ချက်ကို တင်သွင်းခဲ့သည်။ စိုက်ယိဒနာ အွစ်မာန် d ကလည်း ငြင်းပယ်ခဲ့သည်။ စိုက်ယိဒနာ အွစ်မာန် d ၏ ခလီဖဟ်တာဝန်ထမ်းဆောင်ချိန်အတွင်းမှာပင် စအ်လဗဟ် သေဆုံးခဲ့သည်။ ကျန်တော်များတို့သည် မကောင်းမှုများအားလုံးမှ အလ္လာဟ်အရှင်မြတ်၏ ကာကွယ်မှုရရန် ခိုလှုံ ပါသည်။ (မဏဟီရီ)

မေးခွန်းတစ်ခုနှင့်ယင်း၏အဖြေ

စအ်လဗဟ် ဝန်ချတောင်းပန်ခဲ့ခြင်းကို အဘယ့်ကြောင့်လက်မခံခဲ့သနည်းဟူသော မေးခွန်းဖြစ်သည်။ အကြောင်းမှာထင်ရှားပေါ်လွင်သည်။ တမန်တော်မြတ် s သခင်ကို ဝဟီမှတစ်ဆင့် အသိပေးထားခဲ့သည်မှာ ထိုသူသည် သောင်ဗဟ်ပြုလုပ်ရာတွင် အကြွင်းမဲ့ရိုးသားဖြူစင်မှု မရှိဟူ၍ဖြစ်သည်။ သူသည် အရေးခံုမှုကို နှလုံးသားထဲတွင် ဖုံးကွယ်ထားခဲ့သည်။ သူသည် မုစ်လင်မ်များနှင့်သူအကြားရှိ ကိစ္စရပ်ခဏတာ အဆင်ပြေသွားရန် အလို့ငှာ မုစ်လင်မ်များကို လှည့်ဖြားရန်ကြိုးပမ်းခဲ့သည်။ ထို့ကြောင့် ဝန်ချတောင်းပန်မှုသည် လက်ခံ နိုင်ဖွယ်မဟုတ်ချေ။ ထို့နောက် တမန်တော်မြတ် s သခင် ကိုယ်တော်တိုင် ထိုသူသည် အရေးခံုဖြစ်သည်ဟု ကြော်ငြာထားခဲ့သောကြောင့် ကိုယ်တော်မြတ်ကိုဆက်ခံသော ခိုလဖာသည် သူ၏ဆွဲဒကဟ်ကို လက်ခံရန် အခွင့်မရှိတော့ချေ။ အဘယ့်ကြောင့်ဆိုသော် ဇကားသ်သည် မုစ်လင်မ်တစ်ဦးဖြစ်မှသာ ပေးဆောင်ရသော အချက်ကြောင့်ဖြစ်သည်။ တမန်တော်မြတ် s မရှိသည့် နောက်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ လူတစ်ဦး ၏နှလုံးသားထဲတွင် အရေးခံုမှုဖုံးကွယ်ထားကြောင်း မသိနိုင်တော့ပါ။ ထို့ကြောင့် နောင်တွင်လိုက်နာရမည့် ဥပဒေသကား အကယ်၍တစ်စုံတစ်ဦးသည် သောင်ဗဟ်ပြုလုပ်ကာ အစွလာမ်ဘာသာနှင့် အီမာန်သက်ဝင် ယုံကြည်ကြောင်း ဖွင့်ဟဝန်ခံခဲ့လျှင် ၎င်း၏နှလုံးသားထဲ၌ မည်သို့ပင်ရှိစေကာမူ ၎င်းကိုမုစ်လင်မ်တစ်ဦးအဖြစ် သတ်မှတ်ရမည်။ (ဗယာနလ်ကုရ်အာန်ကျမ်း)

အာယသ် (၇၉-၈၀)

اَلَّذِيْنَ يَلْمِزُوْنَ الْمُطَّوِّعِيْنَ مِنَ الْمُؤْمِنِيْنَ فِي الصَّدَقٰتِ وَ الَّذِيْنَ لَا يَجِدُوْنَ
اِلَّا جُهْدَهُمْ فَيَسْخَرُوْنَ مِنْهُمْ ؕ سَخِرَ اللّٰهُ مِنْهُمْ ۫ وَ لَهُمْ عَذَابٌ اَلِيْمٌ ﴿۷۹﴾
اِسْتَغْفِرْ لَهُمْ اَوْ لَا تَسْتَغْفِرْ لَهُمْ ؕ اِنْ تَسْتَغْفِرْ لَهُمْ سَبْعِيْنَ مَرَّةً فَلَنْ يَّغْفِرَ
اللّٰهُ لَهُمْ ؕ ذٰلِكَ بِاَنَّهُمْ كَفَرُوْا بِاللّٰهِ وَ رَسُوْلِهٖ ؕ وَ اللّٰهُ لَا يَهْدِي الْقَوْمَ الْفٰسِقِيْنَ
﴿۸۰﴾ ع

(ထို 'မုနာဖစ်က်' မုစ်လင်မ်အရေးခံုများသည်) အကြင်သူများပင်၊ ယင်း (မုနာဖစ်က်) များသည် 'မုအ်မင်နှ်' သက်ဝင်ယုံကြည်သူတို့အနက် မှ သဒ္ဒါကြည်ဖြူစွာ ပေးကမ်းလှူဒါန်း သူတို့အား ပြစ်တင်ပြောဆိုကြလေသည်။ ၎င်းပြင် မိမိတို့အားသွန်ခွန်စိုက် ရှာဖွေရရှိသော ချွေးနှဲစာမှအပ အခြားတစ်စုံရာကို မရနိုင်ကြသောသူတို့အားလည်း ထို (မုနာ

ဖစ်က် မုစ်လင်မ်အရေ၍်)တို့သည် ပြက်ချော်ပြောင်လျောင် ကြပေသည်။ အလ္လာဟ် အရှင်မြတ်သည် ယင်း (မုနာဖစ်က်)တို့အား ပြောင်လျောင်တော်မူခဲ့ လေသည်။ ထို့ပြင် ၎င်းတို့၌ ပြင်းပြနာကျင်စေသော ပြစ်ဒဏ်သည်လည်းရှိပေအံ့သတည်း။ (၉ : ၇၉)

(အို-နဗီတမန်တော်) အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာ ခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို မပန်ကြားသည်ဖြစ်စေ (အကြောင်းမထူးပေ။ အဘယ်ကြောင့်ဆိုသော်) အကယ်၍ အသင်သည် ၎င်းတို့အဖို့ အကြိမ်ခုနှစ်ဆယ်တိုင် လွတ်ငြိမ်း ချမ်းသာခွင့်ကို ပန်ကြားသော်လည်း အလ္လာဟ် အရှင်မြတ်သည် ၎င်းတို့အား အလျှင်းလွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည် မဟုတ်ပေ။ အကြောင်းသော်ကား ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း ထို အရှင်မြတ်၏ ရာ၊ူလ်တမန်တော်အားလည်းကောင်း ဩဇာပြည် ငြင်းပယ်ခဲ့ကြသောကြောင့်ပင်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အဓိန္ဓတော်ဗီဆန်သောသူတို့အား တရားလမ်းမှန်သို့ ပို့ဆောင်တော်မူသည် မဟုတ်ပေတကား။ (၉ : ၈၀)

အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ် (၇၉)ထဲ၌အလူဒါန (နဖီလ်ဆွဒကဟ်) ပေးလူသူမုစ်လင်မ်များကို ကွဲရဲ့ပြစ်တင်ထားမှုအား ဖော်ပြ ထားသည်။ ဆွဟီးဟ်မုစ်လင်မ်ကျမ်းတွင်ပါရှိသည်မှာ စိုက်ယိဒနာ အဗူမတ်စ်အူးဒ် [d] က ပြောသည် 'ကျွန်ုပ်တို့ ဆွဒကဟ်ပေးရမည်ဟူသော အလ္လာဟ်အရှင်မြတ်၏ အဓိန္ဓတော်ကျွန်ုပ်တို့ရခဲ့သည်။ ယုံကြည်ကြပါ။ ထိုအဓိန္ဓကို လိုက်နာရန်အတွက် ကျွန်ုပ်တို့ အလုပ်ကြမ်းများလုပ်ကြရပါသည်။ (ဆိုလိုသည်မှာ ကျွန်ုပ်တို့တွင် ငွေကြေး(သို့) အရာဝတ္ထုဟူ၍ မရှိခဲ့ပါ။ ကျွန်ုပ်တို့အလုပ်ကြမ်းလုပ်၍ ရရှိသည်အထဲမှ ဆွဒကဟ်ပေးခဲ့ကြသည်။) ထို့ကြောင့် အဗူအာကီးလ်သည် ဆွဒကဟ်အဖြစ် ဆွာအ်တစ်ဝက်(အနီးစပ်ဆုံး ၁ .၇၅ ကီလိုဂရမ်)ကို အလူဒါနပေးခဲ့သည်။ ထို့နောက်တစ်စုံတစ်ဦးသည် ထိုသည်ထက် အနည်းငယ်ပို၍ ပေးလူဒါန်းခဲ့သည်။ အရေ၍ုံများသည် ဆွဒကဟ်အတွက် ထိုမျှမပြောပလောက်သောတစ်စုံတစ်ရာပေးခြင်းအတွက်ထိုသူများကိုပျက်ရယ်ပြောင်လျောင်ခဲ့သည်။အလ္လာဟ်အရှင်မြတ်အတွက် ထိုအရာများ မလိုအပ်ပါ။ ထို့နောက် မည်သူမဆို ဆွဒကဟ်ကို အနည်းငယ်ပို၍ပေးခဲ့လျှင် ယင်းလုပ်ရပ်သည် လူအများကိုပြစားရန် ဖြစ်သည်ဟု အရေ၍ုံတို့က စွပ်စွဲခဲ့ကြသည်။ ထို့စဉ် ဤအာယသ်တော်ကျရောက်ခဲ့သည်။

سَخِرَ اللّٰهُ مِنۡهُمۡ 'အလ္လာဟ်အရှင်မြတ်သည်လည်းယင်း(မုနာဖစ်က်)တို့အား ပြောင် လျောင်တော်မူခဲ့လေသည် (၇၉) ' ဟူသောဝါကျ 'ပြောင်လျောင်တော်မူခဲ့သည်' ဟူသောစကားလုံးသည် 'ထိုသူများ၏ ပြောင်လျောင်ပျက်ရယ်မှုအတွက် ပြစ်ဒဏ်ခတ်ခြင်း' ဟု ဆိုလိုသည်ကိုသတိပြုပါ။

ဒုတိယအာယသ် (၈၀) ထဲတွင် အရေ၍ုံများနှင့်ပတ်သက်သော ဖော်ပြချက်တစ်ရပ်ပါဝင်သည်။ ယင်းသည် တမန်တော်မြတ် [s] ကို ဦးတည်၍မိန့်ကြားခဲ့သည်။ ထိုသူများအတွက် ခွင့်လွှတ်မှုကို တမန်တော်မြတ် [s] က တောင်းခံသည်ဖြစ်စေ၊ မတောင်းခံသည်ဖြစ်စေ၊ ထို့နောက်အကြိမ်မည်မျှ တောင်းခံသည်ဖြစ်စေ ဘာမျှအကျိုးထူးမည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူများကို ခွင့်လွှတ်လိမ့်မည် မဟုတ်ချေ။ ဤကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြသမှုကို နောင်တွင်ဖော်ပြမည့်အာယသ် (၈၄) **لَا تُصَلِّ عَلٰٓى اَحَدٍ مِّنۡهُمۡ** 'ဎင်းပြင် (အိုနဗီတမန်တော်) အသင်

သည် ၎င်းတို့အနက် မည်သူတစ်ဦးတစ်ယောက်မဆို သေဆုံးခဲ့ပါလျှင် ထိုသူ၏အပေါ်၌ 'ဆွလာသွလ်ဂျနာဇာဟ်' ဝတ်ပြုမှုကို မည်သည့်အခါ မျှ မပြုပါလေနှင့်' ၏ အကျယ်ဖွင့်ဆို ချက်တွင် ဖော်ပြပါမည်။

အာယသ် (၈၁-၈၃)

فَرِحَ الْمُخَلَّفُوْنَ بِمَقْعَدِهِمْ خِلٰفَ رَسُوْلِ اللّٰهِ وَ كَرِهُوْٓا اَنْ يُّجَاهِدُوْا بِاَمْوَالِهِمْ وَ اَنْفُسِهِمْ فِيْ سَبِيْلِ اللّٰهِ وَ قَالُوْا لَا تَنْفِرُوْا فِي الْحَرِّ ؕ قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا ؕ لَوْ كَانُوْا يَفْقَهُوْنَ ﴿۸۱﴾ فَلْيَضْحَكُوْا قَلِيْلًا وَّ لْيَبْكُوْا كَثِيْرًا ۚ جَزَآءًۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿۸۲﴾ فَاِنْ رَّجَعَكَ اللّٰهُ اِلٰى طَآئِفَةٍ مِّنْهُمْ فَاسْتَاْذَنُوْكَ لِلْخُرُوْجِ فَقُلْ لَّنْ تَخْرُجُوْا مَعِيَ اَبَدًا وَّ لَنْ تُقَاتِلُوْا مَعِيَ عَدُوًّا ؕ اِنَّكُمْ رَضِيْتُمْ بِالْقُعُوْدِ اَوَّلَ مَرَّةٍ فَاقْعُدُوْا مَعَ الْخٰلِفِيْنَ ﴿۸۳﴾

(တပူးက်စစ်မြေပြင်သို့ မလိုက်ပါဘဲ) နောက်ကျန်ရစ်ခဲ့ကြသော သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ရာဇလ်တမန်တော်မြတ် (ကြွသွားတော်မူပြီး) နောက်တွင် မိမိတို့ ထိုင်နေရစ်ခဲ့ကြသောကြောင့် ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ မိမိတို့၏ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်လည်းကောင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကို စက်ဆုပ်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ၎င်းတို့သည် (မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး) 'အသင်တို့သည် (ဤမျှ ပြင်းထန်လှသော) အပူရှိန်တွင် (နေအိမ်မှ)မထွက်ကြကုန်လင့်'ဟု ပြောဆိုခဲ့ကြ၏။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ဂျဟန္နမ်ငရဲဘုံ၏မီးသည် အပူရှိန် အားဖြင့် ပိုမိုချဉ်းကပ်ပြင်းထန်လှပေသည်'ဟု ပြောဆိုပါလော။ အကယ်၍ ၎င်းတို့သည် သိမြင် နားလည်သည်ဖြစ်ကြပါလျှင် ကောင်းလေစွ။ (၉ : ၈၁)

သို့ဖြစ်ပေရာ ၎င်းတို့သည် (ဤလောကတွင်) အနည်းငယ်မျှ ရယ်မောကြစေ။ တစ်ဖန်(နောင်တမလွန်ဘဝတွင်မူ) မိမိတို့ရာဖွေဆည်းပူးခဲ့ ကြသည်များကြောင့် များစွာ ငိုကြွေးကြစေ။ (၉ : ၈၂)

သို့ဖြစ်ပေရာ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ၎င်းတို့အနက်မှ လူတစ်စုစု၏ထံသို့ ပြန်လည်၍ ရောက်ရှိစေခဲ့ပါလျှင် တစ်ဖန် ၎င်းတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ခဲ့ကြပါရစေဟု အသင့်ထံခွင့်ပန်ကြပါလျှင် အသင်သည် (ထိုသူတို့အား) 'အချင်းတို့ အသင်တို့သည် ငါနှင့်အတူ မည်သည့်အခါမျှ ထွက်ကြမည် လည်းမဟုတ်၊ ထိုနည်းတူစွာ အသင်တို့သည် ငါနှင့်အတူ မည်သည့်ရန်သူ တစ်ဦးတစ် ယောက်ကိုမျှ တိုက်ခိုက်ကြမည်လည်းမဟုတ်၊ အဘယ်ကြောင့်ဆိုသော် အသင်တို့သည်

ပထမအကြိမ်ကလည်း (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် မထွက်ခဲ့ကြဘဲ) ထိုင်၍နေရစ်ခဲ့ခြင်းကိုသာ နှစ်မြို့ခဲ့ကြသောကြောင့်ပင်။ သို့ဖြစ်ပေရာ ယခုလည်း အသင်တို့သည် နောက်၌ကျန်ရစ်ခဲ့ကြသော သူတို့နှင့်အတူထိုင်၍ပင် နေရစ်ခဲ့ကြလေကုန်'ဟု ဖြေကြားပါလေ။ (၉ : ၈၃)

အကျယ်ဖွင့်ဆိုခြင်း

လူအများကို ဂျီဟာဒ်စစ်ပွဲပါဝင်ရန် ဖိတ်ခေါ်သော်လည်း သဗုခ်စစ်ပွဲတွင် မပါဝင်သော အရေခြံများ၏ ပြုမူကျင့်ကြံပုံ အကြောင်း ပြီးခဲ့သောအာယသ်များစွာတွင် ဖော်ပြထားသကဲ့သို့ ဆက်လက်ဖော်ပြထားခဲ့သည်။

လက်ရှိအာယသ်ထဲတွင် ၎င်းတို့၏ပြုမူကျင့်ကြံပုံ နောက်ထပ်ဥပမာပေးထားသည်။ ထို့နောက် ထိုသူများသည် နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်ခတ်ခံရမည့်အကြောင်း ပြောထားသည်။ ဤကမ္ဘာလောကတွင် ၎င်းတို့ အမည်များကို အစွလာမ့်မုဂျာဟစ်ဒီးန်များ စာရင်းထဲမှ အပြီးအပိုင်ပယ်ဖျက်၍ နောင်တွင်ဆင်နွှဲမည့် မည်သည့် ဂျီဟာဒ်စစ်ပွဲတွင်မျှ ပါဝင်ဆင်နွှဲခွင့်ပြုမည်မဟုတ်ချေ။

مُخَلَّفُوْنَ (နောက်ကျန်ရစ်ခဲ့ကြသောသူတို့ပေ) ဟူသောစကားလုံးသည် **مُخَلَّف** (မုခလ်လဖ်)၏ အများကိန်းဖြစ်သော 'စွန့်လွှတ်ခြင်း' သို့မဟုတ် 'ချန်ရစ်ခဲ့ခြင်း'ဟု အဓိပ္ပာယ်သက် ရောက်သည်။ ဤသည်မှပေါ်ထွက်သည့် နူးညံ့သိမ်မွေ့သောအညွှန်းကား ဂျီဟာဒ်စစ်ပွဲတွင် မပါဝင်သောကြောင့် ၎င်းတို့အသက်အန္တရာယ်ပြစ်မှုမှ ကင်းဝေးစေခဲ့ရသည်ဟူသော အယူအဆဖြင့် ကျေနပ်နေသောသူများဖြစ်သည်။ သို့သော်လည်း ကိစ္စရပ်၏အမှန်တရားကား အလ္လာဟ်အရှင်မြတ်က ဤသူများသည် ဤအထွတ်အထိပ် ဂုဏ်ပုဒ်နှင့် ထိုက်တန်သည်ဟု မယူဆခဲ့ချေ။ ထို့ကြောင့် ထိုသူတို့က ဂျီဟာဒ်ကိုစွန့်ခွာသည်မဟုတ်။ စင်စစ် ဂျီဟာဒ်သည် ၎င်းတို့မှ စွန့်ခွာခြင်းဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့က ၎င်းတို့၏ ကြိုတင်ဆုံးဖြတ်ချက်အရ ဤသူများကို ချန်လပ်ထားခြင်းသည် သင့်မြတ်လျော်ကန်သည်ဟု ထင်မြင်ယူဆသည်။

ဆက်တိုက်ဖော်ပြထားသည့် 'အလ္လာဟ်အရှင်မြတ်၏ တမန်တော်မြတ် စိတ်ညစ်ညူးစေရန်' ဟု ဘာသာပြန်ထားသည့် **خِلٰفَ رَسُوْلِ اللّٰهِ** ဟူသည်ထဲတွင် **خلاف** (ခိလာဖ်)ဟူသော စကားလုံးပါလာသည်။ ဤစကားလုံးကို 'နောင်တွင်' သို့မဟုတ် 'ပြီးမှ'ဟူ၍လည်း မှတ်ယူနိုင်သည်။ စင်စစ်ဤအဓိပ္ပာယ်ကို အဗူအိုဗိုဒ်က သုံးစွဲခဲ့သည်။ နေရစ်ဟုဆိုပါလျှင် အလ္လာဟ့်တမန်တော်မြတ် ﷺ 'ထွက်ခွာသွားပြီးမှ' ဤလူများသည် သူတို့နေရစ်ခဲ့ခြင်း (အိမ်တွင်)ကို ဝမ်းပန်းတစ်သာ ဖြစ်နေသည်ဟု ဆိုလိုသည်။ ဝမ်းပန်းတစ်သာမဖြစ်ထိုက်သော ကိစ္စဖြစ်သည်။ **بِمَقْعَدِهِمْ** 'မိမိတို့ထိုင်ရစ်ခဲ့ကြသောကြောင့်' ဟူသော ဤအာယသ်တော်ပါ စကားလုံးသည် **قعود** (ကုအုဒ်-ထိုင်ခြင်း)ဟူသော ကြိယာနာမ် အနေဖြင့် ဖော်ပြထားသည်။

'ခိလာဖ်' ဟူသော စကားလုံးကို 'ဆန့်ကျင်ခြင်း' 'ဆန့်ကျင်၍' ဟူသောအဓိပ္ပာယ်ဆောင်သည်။ 'မုခ်လာဖတ်' ဟူ၍လည်းမှတ်ယူနိုင်ချေရှိသည်။ထိုသို့ဆိုလျှင်ယင်းကထိုသူတို့သည်တမန်တော်မြတ် ﷺ ၏အမိန့်တော်ကိုဆန့်ကျင်၍ အိမ်တွင်ထိုင်နေသည်ဟု အဓိပ္ပာယ်သက်ရောက်လိမ့်မည်။ ထိုသူတို့သည် ဤသည်နှင့်မပြီးသေးချေ။ ထိုသူများသည် အခြားသူများကိုလည်း **لَا تَنْفِرُوْا فِي الْحَرِّ** ပူပြင်းသောရာသီဥတုတွင် စစ်မထွက်သင့်ဟု ပြောဆိုလှုံဆော်ခဲ့သည်။

သဗုခ်စစ်ပွဲတွင် စစ်တိုက်ရန် အမိန့်ပေးထားသောအချိန်သည် အလွန်ပူပြင်းသည့်အချိန်ဖြစ်ကြောင်း ကျွန်ုပ်တို့သိပြီးဖြစ်သည်။ ၎င်းတို့မှတ်ချက်အတွက် ပြန်လည်ချေပချက်ကို အလ္လာဟ်အရှင်မြတ်ထံတော်မှ **قُلْ نَارُ جَهَنَّمَ اَشَدُّ حَرًّا** '(အို နဗီတမန်တော်) အသင်သည် (၎င်းတို့အား) 'ဂျဟန္နမ်ငရဲဘုံ၏မီးသည် အပူရှိန်အားဖြင့် ပိုမိုချိပင် ပြင်းထန်လှပေသည်'ဟု ပြောဆိုပါလေ'ဟူသော အမိန့်တော်ကျရောက်ခဲ့သည်။ ဆိုလိုသည်မှာ ဤသူများသည် တကယ်ဆိုလျှင် ကံမကောင်းအကြောင်းမလှသူများဖြစ်ကြသည်။ ထိုသူတို့သည် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွက် အပူရှိန်ကို တစ်နည်းမဟုတ်တစ်နည်း ရှောင်ကွင်းကြသည်။ သို့သော်လည်း ဤသူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်မနာခံခြင်းကြောင့် ဂျဟန္နမ်ငရဲဘုံ၏ မီးနှင့်ထိပ်တိုက်တွေ့ရမည်ကို သတိမမူမိခဲ့ချေ။ အဘယ်ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းတို့မစိုးရိမ်ကြသနည်း။ ကျွန်ုပ်တို့၏ ရာသီဥတုအပူရှိန်သည် ဂျဟန္နမ်ငရဲမီး၏ အပူရှိန်ထက် ပိုပူသလော။

ယင်းနောက် **فَلْيَضْحَكُوْا قَلِيْلًا** 'သို့ဖြစ်ပေရာ ၎င်းတို့သည် (ဤလောကတွင်) အနည်းငယ်မျှ ရယ်မောကြစေ၊ တစ်ဖန် (နောင်တမလွန်ဘဝတွင်မူ) မိမိတို့ရှာဖွေဆည်းပူးခဲ့သည်များကြောင့် များစွာငိုကြွေးကြစေ (၉၂)' ဟူ၍မိန့်ထားသည်။ 'ဖလ်ယသ်ဟက္ကူ' (ရယ်မောကြစေ)ဟူသော စကားလုံးသည် အမိန့်ပေးပုံစံဖြင့် သုံးစွဲထားသော်လည်း ဋီကာရှင်များက ယင်းကို နာမ်ပုဒ်၏ဝါစက အနေဖြင့်သုံးစွဲထားသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထိုဋီကာရှင်များက ပေးသည့်အမိန့်ပေး ပုံစံဖြင့် သုံးစွဲထားသည်ဆိုခြင်း၏ နောက်ကွယ်ရှိ အသိဉာဏ်မှာ ယင်းသည် ချွင်းချက်မရှိနှင့် မှုချဖောက်ဖြစ်သည်။တစ်နည်းဆိုရသော်ဤသည်မှာမှုချဖြစ်ရသည့်သေချာသောကိစ္စဖြစ်သည်။ထိုကဲ့သို့သောသူများသည် ဤကမ္ဘာ လောကတွင် နေထိုင်ရသမျှ ရက်များတွင် ရယ်မောကြလိမ့်မည်။ သို့သော်လည်း အာခိရတ်တွင် သူတို့သည် ထာဝရ ငိုပြီးရင်း ငိုရပေမည်။

ဋီကာရှင် အိဗ်နိအဗီဟာသင်မ်က စိုက်ယိဒနာ အဗ်ဒွလ္လာဟ် အိဗ်နိအဗ္ဗာစ် d ၏ ဤအာယသ် ရှင်းလင်းချက်ကို အောက်ပါအတိုင်းတင်ပြထားသည်။

اَلدُّنْيَا قَلِيْلٌ فَلْيَضْحَكُوْا فِيْهَا مَاشَآءُوْا فَاِذَا انْقَطَعَتِ الدُّنْيَا

وَصَارُوْا اِلَى اللّٰهِ فَلْيَسْتَأْنِفُوْا الْبُكَاءَ بَكَاءً لَا يَنْقَطِعُ اَبَدًا

'ဒွန်ယာ (လက်ရှိကမ္ဘာလောက) သည် ခဏတာမျှဖြစ်သည်။ ထို့ကြောင့် ထိုသူများ ဤကမ္ဘာရှိနေစဉ် ဆန္ဒရှိသလောက် ရယ်မောကြပါစေ။ သို့သော်လည်း ဒွန်ယာအဆုံးသတ်သောအချိန်တွင် ထိုသူများ အလ္လာဟ်အရှင်မြတ်ထံ လာရောက်ရပါလိမ့်မည်။ ထိုအချိန်တွင် ၎င်းတို့စတင်ငိုကြွေးကြရကာ ယင်းငိုကြွေးမှုသည် မည်သည့်အခါမျှအဆုံးသတ်မည်မဟုတ်ချေ။' (မဇာဟီရီ)

ဒုတိယအာယသ် (၈၃) ပါ **لَنْ تَخْرُجُوْا** 'လမ်သခ်ရုဂျူ . . . အသင်တို့သည် အလျဉ်းထွက်ကြလိမ့် မည်မဟုတ်' ဟူသော အဆိုအမိန့်ကို မော်လာနာအရှ်ရဖ်အလီထာနဝီက သူ၏သဖ်စိရ် ဗယာနလ်ကုရ်အာန် ကျမ်း၏ အကျဉ်းချုပ်ထဲတွင် ရှင်းလင်းပြသထားခဲ့သည်။ ၎င်းအဆို 'အကယ်၍ ဤသူများသည် နောင်အနာဂတ် ဂျီဟာဒ်စစ်ပွဲတွင် ပါလိုစိတ်ရှိခဲ့လျှင်ပင် ထိုသူတို့သည် အကြောင်းတစ်ခုမဟုတ်တစ်ခုပြု၍ ထွက်ချင်သည့်အချိန် ထွက်ကြပါလိမ့်မည်။ ထို့နောက် ဤသူများ၏ နှလုံးသားတွင် အီမာန်ယုံကြည်ချက်မရှိသောကြောင့် ၎င်းတို့၏ရည်စူးချက်သည်လည်း ရိုးသား ဖြူစင်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် တမန်တော်မြတ် s ကို အကယ်၍ ဤသူများ ဂျီဟာဒ်စစ်ပွဲတစ်ပွဲတွင် ပါဝင် ဆင်နွှဲလိုသည်

ဟု ဆိုခဲ့လျှင် ၎င်းတို့၏ပြောဆိုချက်နှင့် လုပ်ဆောင်ချက်မှာ ယုံကြည်ကိုးစားဖွယ်ရှိသော အမှန်တရားကို ပြောကြား သင့်ကြောင်း တမန်တော်မြတ် ﷺ ကို အမိန့်ပေးထားခဲ့သည်။ ထို့ကြောင့် ထိုသူတို့သည် ဂျီဟာဒ်စစ်ပွဲအတွက် လည်း ကောင်း၊ အစွမ်းရန်သူများကို တိုက်ရန်လည်းကောင်း ကိုယ်တော်မြတ် ﷺ ၏ အပေါင်းအဖော်တို့တွင် မပါဝင်ရပါ။

ဦးကာရှင်အများစုက ပြောကြသည်မှာ ဤအမိန့်အတိုင်း လိုက်နာဆောင်ရွက်ခြင်းကပင်လျှင် ဤသူများကို ဤကမ္ဘာလောက၌ ပြစ်ဒဏ်ခတ်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ ဤသူများသည် ဂျီဟာဒ် စစ်ပွဲတစ်ပွဲတွင် ပါဝင်ခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ပါလျှင်ပင် ထိုသူများကို ပါဝင်ဆင်နွှဲခွင့်မပြုသင့်ပါ။

အာယသ် (၈၄)

وَلَا تُصَلِّ عَلٰٓى اَحَدٍ مِّنْهُمْ مَّاتَ اَبَدًا وَّلَا تَقُمْ عَلٰى قَبْرِهٖ ۗ اِنَّهُمْ كَفَرُوْا بِاللّٰهِ وَرَسُوْلِهٖ وَمَاتُوْا وَهُمْ فٰسِقُوْنَ ﴿٨٤﴾

၎င်းပြင် (အို-နဗီတမန်တော်)အသင်သည်၎င်းတို့အနက်မည်သူတစ်ဦးတစ်ယောက် ကိုမဆို သေဆုံးခဲ့ပါလျှင် ထိုသူ၏အပေါ်၌ 'ဆွလာ တွလ်ဂျနာဇဟ်' ဝတ်ပြုမှုကိုမည်သည့် အခါ၌မျှ မပြုပါလေနှင့်။ ၎င်းပြင် ထိုသူ၏ သင်္ချိုင်းပေါ်၌လည်း မည်သည့် အခါမျှမရပ်ပါ လေနှင့်။ အကြောင်းသော်ကား ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ်အား လည်း ကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အားလည်းကောင်း သွေဖည် ငြင်းပယ်ခဲ့ကြ သည့်ပြင် ယင်းသူတို့သည် အမိန့်တော်ကို ဖီဆန်သူများ အဖြစ်နှင့်ပင် သေဆုံးခဲ့ကြသော ကြောင့်တည်း။ (၉ : ၈၄)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ် ကျရောက်သောအချိန်သည် အရေခြုံ အဗ်ဒွလ္လာဟ်အိဗ်နိအိုဗိုက်ဒ် သေဆုံးပြီး သူ၏ အသုဘ အတွက် 'ဂျနာဇဟ်ဆွလာသ်' ဝတ်ပြုခြင်းနှင့် ပတ်သက်သည်ဆိုသည်ကို ဆွဟီးဟ်အဟဒီးဆ်နှင့် မုစ်လင်မ်အွမွသ်ထု တစ်ညီတစ်ညွတ်တည်း သဘောတူညီချက်အရ အတည်ပြုထားသည်။ ထို့နောက် ဆွဟီးဟ် မုစ်လင်မ်နှင့် ဆွဟီးဟ် ဗုခါရီကျမ်းများတွင် တင်ပြထားသည်။ တမန်တော်မြတ် ﷺ က ထိုသူအတွက် 'ဂျနာဇာဆွလာသ်' ဝတ်ပြုပေးခဲ့သည် ဆိုသည်မှာလည်း အတည်ပြုပြီးဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ဂျနာဇာဟ်ဆွလာသ် ဝတ်ပြုပြီးမှ ဤအာယသ်တော်ကျ ရောက်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ကိုယ်တော်မြတ် ﷺ သည် မည်သည့် မုနာဖိက် (အရေခြုံ) တစ်ဦးအတွက်မျှ ဂျနာ ဇာဟ်ဆွလာသ် ဝတ်မပြုတော့ပါ။

ရှဟီးဒ်မုစ်လင်မ်ကျမ်းတွင် ဤအာသ်တော်ကျရောက်ခဲ့သည် နောက်ခံအကြောင်းပါရှိသည်။ စိုက်ယိ ဒနာ အဗ္ဒဒွလ္လာဟ် အိဗ်နိအုမရ် ﷺ ၏ ဤတင်ပြချက်အရ အဗ္ဒဒွလ္လာဟ် အိဗ်နိအိုဗိုက်၊ အိဗ်နိစလူလ် သေဆုံးခဲ့သောအချိန်၌ သူ၏သား အဗ္ဒဒွလ္လာဟ် ﷺ သည် တမန်တော်မြတ် ﷺ ထံ လာရောက်ခဲ့သည်။ သူသည်ရိုးသားဖြူစင်သော မုစ်လင်မ် တစ်ဦးနှင့် ဆွဟာဗီတစ်ဦးဖြစ်သည်။ သူဖခင်အလောင်းကိုလွှမ်းခြုံရန် အတွက် တမန်တော်မြတ် ﷺ ထံမှ ကိုယ်တော်၏

ရှပ်အင်္ကျီကို မေတ္တာရပ်ခံသောအခါ ကိုယ်တော်မြတ်ကပေးခဲ့သည်။ ထို့နောက်သူသခင်၏ ဂျနာဇာဟ်ဆွလာသ်အတွက် တမန်တော်မြတ် s က ဦးဆောင်၍ ဖတ်ပေးရန်မေတ္တာရပ်ခံခဲ့ရာ ကိုယ်တော်မြတ်ကလက်ခံခဲ့သည်။ ကိုယ်တော်မြတ် s သည် ယင်းကိုလက်ခံ၍ လုပ်ရန်မတ်တပ်ရပ်လိုက်သည်။ ထိုအချိန်တွင် စိုက်ယိဒနာအုမရ် အိဗ်နိအလ် ခတ်သွ်သွားဗ် d က တမန်တော်မြတ် s ၏ အင်္ကျီစကိုဆွဲကိုင်၍ 'အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် s သခင်ကို ထိုကဲ့သို့ လုပ်ဆောင်ခြင်းမှ တားမြစ်ထားပါလျက် ဤမုနာဖိက်အတွက် ဂျနာဇာဟ်ဆွလာသ်ကို ဦးဆောင်၍ ဝတ်ပြုမည်လော'ဟူ၍ပြောကြားခဲ့သည်။တမန်တော်မြတ် s က'အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်ကိုရွေးချယ်ခွင့်ပေးထားသည်။ ထိုသူတို့ ခွင့်လွှတ်ခံရမှုအတွက် ကျွန်ုပ်ဒုအာဆုမွန် တောင်းလျှင် လည်းကောင်း၊ မတောင်းလျှင် လည်းကောင်း ထို့ပြင် ဤအာယသ်ထဲပါသော အကြိမ်ခုနှစ်ဆယ် ဆုဒုအာ တောင်းခံလျှင်ပင် ခွင့်လွှတ်ချမ်းသာခွင့် ရလိမ့်မည် မဟုတ် ဆိုသည်နှင့် ပတ်သက်၍ ကျွန်ုပ်ပြောနိုင်သည်မှာ အကြိမ်ခုနှစ်ဆယ်ထက်ပို၍ ဒုအာတောင်းဆိုမှုပြုနိုင်ပါသည်'ဟု မိန့်ကြားခဲ့သည်။ ဤနေရာ၌ ရည်ညွှန်းခဲ့သော အာယသ်သည် အစောပိုင်းက ကျွန်ုပ်တို့ဆွေးနွေးပြီးခဲ့သည့် စူရဟ် အလ်သောင်ဗဟ်၏ အာယသ်နံပါတ် (၈၀)ဖြစ်သည်။ စာရွှသူ အဆင်ပြေစေရန် ယင်းအာယသ်ပါ စကားလုံးများမှာ **اِسْتَغْفِرْ لَهُمْ اَوْ لَا تَسْتَغْفِرْ لَهُمْ ۚ اِنْ تَسْتَغْفِرْ لَهُمْ سَبْعِيْنَ مَرَّةً فَلَنْ يَّغْفِرَ اللّٰهُ لَهُمْ** '(အိုနဗီတမန်တော်) အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားသည်ဖြစ်စေ၊ သို့တည်းမဟုတ် အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်း ချမ်းသာခွင့်ကို မပန်ကြားသည်ဖြစ်စေ၊ (အကြောင်းမထူးပေ။ သို့သော်) အကယ်၍ အသင်သည် ၎င်းတို့အဖို့ အကြိမ် ခုနှစ်ဆယ်တိုင်တိုင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားသော်လည်း အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား အလျင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူမည်မဟုတ်ပေ' ဟူ၍ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် s သည် သေဆုံးသူအတွက် ဂျနာဇာဟ် ဆွလာသ် ဝတ်ပြုပေးခဲ့သည်။ ဂျနာဇာဟ်ဆွလာသ် ပြီးသည်နှင့် တစ်ပြိုင်နက် ဤအာယသ်တော် **لَا تُصَلِّ عَلٰٓى اَحَدٍ مِّنْهُمْ** ' ၎င်းပြင် (အိုနဗီတမန်တော်) အသင်သည် ၎င်းတို့အနက် မည်သူတစ်ဦး တစ်ယောက်ကိုမဆို သေဆုံးခဲ့ပါလျှင် ထိုသူ၏အပေါ်၌ ဆွလာသုလ်ဂျနာဇာဟ် ဝတ်ပြုမှုကို မည်သည့်အခါ၌မျှ မပြုပါလေနှင့် . . . .' ကျ ရောက်ခဲ့သည်။ (ထို့နောက်ပိုင်း တမန်တော်မြတ် s သည် မည်သည့်မုနာဖိက်အတွက်မျှ ဂျနာဇာဟ် ဆွလာသ် ဦးဆောင် ဝတ်ပြုမပေးခဲ့ပါ။)

ဤအဖြစ်အပျက်နှင့်ပတ်သက်သည့် ဒွိဟသံသယများကိုဖယ်ရှားခြင်း

ဤနေရာ၌ မုနာဖိက်တစ်ဦးဖြစ်သည့် အဗ္ဒုလ္လာဟ်အုဗိုက်ဒ်နှင့် ပတ်သက်သော မေးခွန်းတစ်ခု ပေါ်ထွက်လာသည်။ ၎င်း၏အရေခြုံမှုကို အကြိမ်များစွာတွင် ဖော်ထုတ်ခဲ့ပြီးဖြစ်ကာ အရေခြုံများ၏ ခေါင်းဆောင်အဖြစ် ၎င်းကို သတ်မှတ်ထားပြီး ဖြစ်သည်။ သို့ဆိုလျှင် သူ့အလောင်းကို လွှမ်းခြုံရန် တမန်တော်မြတ် s က ကိုယ်တော်၏ ဝတ်ရုံတော်ကို ပေးသော တမန်တော်မြတ်၏ ယင်းသို့တမူထူးခြားသော ဆက်ဆံမှုသူ မည်သို့ရခဲ့သနည်း။

အဖြေကို အကြောင်းပြချက် နှစ်ရပ်ပေးနိုင်သည်။ ပထမအနေဖြင့် ဖြူစင်ရိုးသားသည့် ဆွဟာဗီဖြစ်သော သူ့သားက မေတ္တာရပ်ခံခဲ့သောကြောင့် သူ့သား၏ဆုံးရှုံးမှုအတွက် နှစ်သိမ့်ရန် သက်သက်လုပ်ဆောင် ခဲ့ခြင်းဖြစ်သည်။ ဒုတိယအကြောင်းပြချက်လည်း ရှိနိုင်သည်။ ဤအကြောင်းကို စိုက်ယိဒနာ ဂျဗီးရ် d ၏ ခိုင်လုံချက်အရ ဆင့်ပြန်ခဲ့သည်ကို အလ်ဗုခါရီကျမ်းတွင် တင်ပြထားခဲ့သည်။ ဗဒရ်စစ်ပွဲအချိန်က ကုရိုက်ရှ် ခေါင်းဆောင်အချို့ အဖမ်းခံခဲ့ရာတွင် တမန်တော်မြတ် s ၏ ဦးရီးတော် အဗ္ဗာစ်သည်လည်း ယင်းတို့ အနက်မှ တစ်ဦးဖြစ်လေသည်။ ကိုယ်တော်မြတ် s သည် ဦးရီးတော် ရှပ်အင်္ကျီမပါသည်ကို တွေ့ခဲ့သောအခါ ကိုယ်တော်မြတ်က ဆွဟာဗဟ်များကို ဦးရီးတော်အပေါ်

ရှပ်အကျိုတစ်ထည် ဝတ်ဆင်စေခိုင်းခဲ့သည်။ စိုက်ယိဒနာ အဗ္ဗား‌စ် d သည် အရပ်ရှည်သူဖြစ်သည်။ အဗ္ဗဒွလ္လာဟ် အိဗ်နိအုဗိုက်ဒ်၏ ရှပ်အကျိုမှအပ မည်သည့်အကျိုမျှ မတော်ချေ။ ထို့ကြောင့် တမန်တော်မြတ် s သည် အဗ္ဗဒွလ္လာဟ် အိဗ်နိအုဗိုက်ဒ်ထံမှ အကျိုကိုယူကာ ဦးရီးတော် အဗ္ဗား‌စ် d ကို ဝတ်ဆင်စေခဲ့သည်။ ဤကျေးဇူးရှိခဲ့မှုကို ပြန်လည်ဆပ်ရန် သာလျှင် ကိုယ်တော်မြတ် s က ကိုယ်တော်၏အကျိုကို သူ့အား ပေးစေခဲ့ပါသည်။ (ကုရ်သုဗီ)

ဒုတိယမေးခွန်းမှာ စိုက်ယိဒနာ အုမရ် d က တမန်တော်မြတ် s သခင်ကို ပြောကြားခဲ့သည် နှင့်ပတ်သက်သည်။ ၎င်းပြောခဲ့သည့် 'အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ် s ကို အရေးခြုံတစ်ဦး အတွက် ဂျနာဇာဟ်ဆွလာသ် ဦးဆောင်ဝတ်ပြုမှုကို တားမြစ်ခဲ့သည်'ကို ပြန်၍သတိရပါလိမ့်မည်။ သူပြောကြားခဲ့ခြင်း၏ အခြေခံကို ကျွန်ုပ်တို့ ရှာဖွေရပါသည်။ အဘယ့်ကြောင့်ဆိုသော် မည်သည့်အာယသ်ကမျှ တမန်တော်မြတ် s ကို အရေးခြုံတစ်ဦးအတွက် ဂျနာဇာဟ်ဆွလာသ် ဝတ်ပြုခြင်းကို ရှင်းရှင်းလင်းလင်း တားမြစ်ခဲ့ခြင်းမရှိပါ။ ဤသည်မှ အတော်အတန်ရှင်းလင်းစေသည်မှာ စိုက်ယိဒနာ အုမရ် d သည် အစောပိုင်းရည်ညွှန်းထားခဲ့သည်။ စူရဟ်အလ်သောင်ဗဟ်၏ ဤအာယသ်ထဲမှ တားမြစ်ခြင်းဆိုသည့် အနက်အဓိပ္ပာယ်ကို ၎င်းကောက်နှုတ်ခြင်းဖြစ်နိုင်သည်။ ယင်းမှာ اِسۡتَغۡفِرۡ لَهُمۡ '(အိုနဗီတမန်တော်) အသင်သည် ၎င်းတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားသည်ဖြစ်စေ....(၈၀)'ဟူ၍ဖြစ်သည်။ သို့ဆိုလျှင် မေးနိုင်သည်မှာ အကယ်၍ ဤအာယသ်ပါတားမြစ်ချက်သည် ဂျနာဇာဟ်ဆွလာသ်ကို ရည်ညွှန်းခဲ့လျှင် တမန်တော်မြတ် s သည် အဘယ့်ကြောင့် တားမြစ်ခဲ့သည်ကို အလေးမထားဘဲ ကိုယ်တော့်တွင် ရွေးချယ်ခွင့်ပေးထားသည်ဟု မိန့်ခဲ့ရသနည်း။

အဖြေမှာ စင်စစ်တွင် အာယသ်တော်များ၏ စကားလုံးများ သမရိုးကျအထားအသိုတွင် ရွေးချယ် ခွင့်တစ်ခု ပေးထားသည့် သဘောပါဝင်သည်။ ထို့နောက် ဤနေရာ၌ အကြိမ်ခုနှစ်ဆယ်ဟု ဖော်ပြခြင်းကလည်း ကန့်သတ်ချက် တစ်ခုထားသည် မဟုတ်ကြောင်းမှာလည်း ထင်ရှားသည်။ ယင်းသို့ သုံးနှုန်းထားမှုသည် အကြိမ်များစွာဟူသော အဓိပ္ပာယ်ဖော်ပြရန်ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်၏ ထင်ရှားပေါ်လွင်သော အနက်အဓိပ္ပာယ်အရဆိုလျှင် အာယသ်တော်၏ရလဒ်မှာ 'အသင် (နဗီတမန်တော်မြတ် s) သည် မြောက်များစွာသောအကြိမ်တိုင် လွတ်ငြိမ်းချမ်းသာခွင့်တောင်းခံသည့်တိုင် အရေးခြုံတစ်ဦးသည် ခွင့်လွတ်ခံရလိမ့်မည်မဟုတ်ချေ' ဟုပေါ်ထွက်လာသည်။ သို့သော်လည်း ကိုယ်တော်မြတ်အား ထိုသူများအတွင် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခြင်းကိုမူ အထင်အရှားတားမြစ်ထားသည်မရှိချေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရဟ်ယာစီန်မှ အခြားအာယသ်သည်လည်း အပြိုင်ဥပမာတစ်ရပ်ဖြစ်ပေသည်။ ယင်းတွင် وَسَوَآءٌ عَلَيۡهِمۡ ءَاَنذَرۡتَهُمۡ اَمۡ لَمۡ تُنذِرۡهُمۡ لَا يُؤۡمِنُوۡنَ 'စင်စစ် (အိုနဗီတမန်တော်) အသင်သည် ၎င်းတို့အား သတိပေးနှိုးဆော်ခဲ့သည်ဖြစ်စေ၊ သတိပေး နှိုးဆော်ခဲ့ခြင်းမရှိသည်ဖြစ်စေ ၎င်းတို့အဖို့ အကြောင်းမထူးပြီ။ ၎င်းတို့သည် 'အီမာန်' သက်ဝင်ယုံကြည်ကြမည်မဟုတ်ပေ' (၃၆ : ၁၀) မိန့်ထားခဲ့သည်။ ဤအာယသ်တော်က လူများကို မကောင်းမှုများမှ သတိပေးခြင်းနှင့် ကောင်းသည့်ဘက် ဖိတ်ခေါ်ခြင်းဆိုသည်ကို ပြတ်ပြတ်သားသား မရပ်ဆိုင်းစေခဲ့ချေ။ ထိုကိစ္စအတွက်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်များကလည်း ကောင်းရာညွှန်၍၊ မကောင်းမှုမြစ်တားခြင်း အီမာန်ဘက်ဆီသို့ လူအများအား ဖိတ်ခေါ်ခြင်းလုပ်ငန်းကို မည်သည့်အခါမျှ မရပ်တံ့စေခဲ့ဟူကြောင်း သက်သေပြခြင်းဖြစ်သည်။ ယင်းတို့ထဲတွင် ထိုကဲ့သို့သော သူများပါဝင်ကြောင်း ဥပမာအနေဖြင့် ဖော်ပြရသော بَلِّغۡ مَاۤ اُنۡزِلَ اِلَيۡكَ مِنۡ رَّبِّكَ 'အိုရစူလ်တမန်တော် အသင်သည် မိမိအရှင်မြတ်အထံတော်မှ မိမိထံသို့ကျရောက် လာသမျှသော ဒေသနာတော်များကို (လူခပ်သိမ်းတို့ထံသို့) ပို့ဆောင်ပေးကြပါလေ။ (၅ : ၆၇) 'နှင့် اِنَّمَاۤ اَنۡتَ مُنۡذِرٌ وَّ لِكُلِّ قَوۡمٍ هَادٍ

အသင်သည် သတိပေးနှိုးဆော်သူ တစ်ဦးမျှသာဖြစ်ပေသည်။ ထိုနည်းတူစွာ လူမျိုးတိုင်းအဖို့ တရားလမ်းမှန် ကို ညွှန်ကြားပြသသူရှိခဲ့သတည်း (၁၃ : ၇)'တို့ဖြစ်သည်။ အထက်တွင် ကိုးကားခဲ့သည့် စူရဟ်ယာစီန်အာယသ် (၃၆ : ၁၀) ၏ရလဒ်မှာ တမန်တော်မြတ် S ကို ရည်ညွှန်းသည့် ကန့်သတ်ထားသောဘောင်တွင် ရွေးချယ်ခွင့်ပေးထားခဲ့ ကြောင်း သက်သေပြခဲ့သည်။ထို့နောက် အစောပိုင်းဖော်ပြခဲ့သည့် အာယသ်များ၏ နောက်ပိုင်းအာယသ်များတွင်လည်း လူအများကို မကောင်းမှုများမှ သတိပေးခြင်းလုပ်ငန်း စဉ်ဆက်မပြတ်စေခြင်း၏ သက်သေပြချက်ဖြစ်သည်။ ကျွန်ုပ်တို့ လေ့လာနေသော အာယသ်တော်မှလည်း ထိုသူများသည် ခွင့်လွှတ်ခံရလိမ့်မည် မဟုတ်ကြောင်း သိရှိခဲ့သည်။ သို့ သော်လည်း ထိုအချိန်ထိတိုင် ကျရောက်ပြီးသည့် အာယသ်များတွင် တမန်တော်မြတ် S ကို လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံခြင်းအား ဟန့်တားထားခြင်းလည်းမရှိခဲ့ချေ။

ထို့နောက်တမန်တော်မြတ် S ကလည်း သေဆုံးသူအရေခြုံအတွက် ကိုယ်တော်မြတ်၏အကျီကသော်လည်း ကောင်း၊ ကိုယ်တော်မြတ် ဝတ်ပြုပေးခဲ့သည့် ဂျနာဇာဟ်ဆွလာသ်ကလည်းကောင်း ခွင့်လွှတ် မှုရလိမ့်မည်မဟုတ် ကြောင်းသိသည်။ သို့သော်လည်း တမန်တော်မြတ် S ၏ လုပ်ရပ်သည် အခြားသူများ အမြင်တွင် အစွလာမ့်ဘာသာ အတွက် ကောင်းကျိုးများ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သေဆုံး သူ၏မိသားစုနှင့် မယုံကြည်သွေဖည် ငြင်းပယ်သူတို့ အများစုသည် တမန်တော်မြတ် S က ၎င်းတို့၏ ခေါင်းဆောင်အပေါ် ပြုမူဆက်ဆံသည့်နည်းအတိုင်း ၎င်းတို့ကလည်း လိုက်နာကျင့်သုံးကြလိမ့်မည်။ ဤသည်က ထိုသူများ အစွလာမ်သာသနာနှင့် နီးကပ်စေရုံမျှမက သက်ဝင်ယုံကြည်၍ပင်သွားနိုင်ပါသည်။ ဆွလာသုလ် ဂျနာဇာဟ် ဝတ်ပြုခြင်းကို ရှင်းလင်းပြတ်သားစွာ တားမြစ်မှုနှင့် ပတ်သက်၍ ထိုအချိန်အထိ ထိုသို့တားမြစ်ထားမှုမရှိခဲ့ချေ။ ထို့ကြောင့် ကိုယ်တော်မြတ် S သည် ဆွလာသ်ကိုဦးဆောင် ဝတ်ပြုခဲ့ပါသည်။

စိုက်ယိဒနာ အဗ္ဗဒွလ္လာဟ်အိဗ်နိအဗ္ဗားစ် d ၏ ခိုင်လုံမှုအရ ဆွဟီးဟ်အလ်ဗုခါရီကျမ်းတွင် တင်ပြထားခဲ့သည့် ဝါကျတစ်ခုတွင် အခြားအဖြေလည်းရှိနိုင်သေးသည်။ ယင်းထဲတွင် တမန်တော်မြတ် S က 'အကယ်၍ အကြြိမ်(၇၀) ထက်ပို၍ ခွင့်လွှတ်မှုရရန် တောင်းခံရခြင်းဖြင့် ခွင့်လွှတ်မှုခံရမည်ဟု ကျွန်ုပ်သိရပါလျှင် ထိုသို့လုပ်ဆောင်ပါမည်'ဟု မိန့်ကြားခဲ့သည်။ (ကုရ်သုဗီ)

အခြားဟဒီးဆ်တော်မှ ကိုယ်တော်မြတ် S မိန့်ထားခဲ့သည်က ဒုတိယသက်သေသာဓက ပေါ်ထွက်ခဲ့ သည်မှာ 'ကျွန်ုပ်၏အကျီသည် သူ့ကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုမှ မကာကွယ်နိုင်ပါ။ သို့ရာတွင် ဤလုပ်ရပ်၏ အခြေခံအရ ထောင်ပေါင်းများစွာသော သူလူများသည် အစွလာမ်ဘာသာ သက်ဝင်ယုံကြည် လာမည်ဟု ကျွန်ုပ်မျှော် လင့်သည်'ဟူ၍ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်မိန့်ကြားခဲ့သည့်အတိုင်း ဤအဖြစ် အပျက်ကို မြင်တွေ့ခဲ့ရပြီးနောက် ခဇိရဂျ်မျိုးနွယ်စုမှ လူတစ်ထောင်သည် အစွလာမ်ဘာသာ သက်ဝင်ယုံကြည်ခဲ့ကြသည်။ (မဂါဇီကျမ်းနှင့် သဖိစိရ် ကျမ်းအချို့တွင် တင်ပြထားသည်)

အကျဉ်းချုပ်

အချုပ်မှာ ပြီးခဲ့သောအာယသ်တော်များအရ တမန်တော်မြတ် S သိရှိခဲ့သည်မှာ ထိုသူများဘာ လုပ်လုပ် မုနာဖစ်က်(အရေခြုံ)များသည် ခွင့်လွှတ်ခြင်းခံရမည်မဟုတ်ချေ။ သို့ရာတွင် တမန်တော်မြတ် S ၏ လုပ်ရပ်သည်

ကျိုးကြောင်းညီညွတ်ကြောင်းကို ရှင်းလင်းစေသည့် အချက်အချို့ရှိသည်။ အာယသ်တော်၏ စကားလုံးများက တမန်တော်မြတ် s ကို ရွေးချယ်ခွင့်ပေးဟန်ရှိသည်။ ကိုယ်တော်မြတ် s ကိုထိုသို့ လုပ်ဆောင်ခြင်းအား တားမြစ်သော အာယသ်လည်း မရှိသေးပါ။ ထို့နောက် မယုံကြည်သွေဖည်ငြင်းပယ်သူ တစ်ဦး၏ကျေးဇူးကို ဤလောကကမ္ဘာတွင် ပြန်၍ပေးရန် အခွင့်အရေးလည်းရှိပေသည်။ နောက်ဆုံးမှာ ဤလုပ်ရပ်၏ရလဒ်ကြောင့် အခြားမယုံကြည်သွေဖည်ငြင်းပယ်သူများ အစွမ်းသတ္တိဘာသာ သက်ဝင်ယုံကြည် နိုင်သည်ဟူသော မျှော်လင့်ချက်ရှိသည်။ ထို့ကြောင့် တမန်တော်မြတ် s သည် ဆွေးသုလ်ဂျနာဇာဟ်ကို ဦးဆောင်ဝတ်ပြုရန် ရွေးချယ်ခဲ့ပါသည်။ စိုက်ယိဒနာ အုမရ် d ၏ အပြုအမူနှင့် ပတ်သက်၍ ယခုဆွေးနွေးနေသည့် အာယသ်က အရေးခြုံတစ်ဦးသည် မည်သည့်အခါမျှ ခွင့်လွှတ်ခံရမည်မဟုတ်ဟူသည်ကို အမြဲသက် သေပြခဲ့ပြီးသည်နှင့် တစ်ပြိုင်နက် ၎င်းသေသူအတွက် ဂျနာဇာဟ်ဆွေးသ် ဝတ်ပြုပေးရန်နှင့် ခွင့်လွှတ်မှု ရရန် ဒုအာဆုမွန်တောင်းခြင်းလုပ်ရန် အကြောင်းမရှိထင်မှတ်ခဲ့သည်။ ၎င်း၏အဆိုအရဆိုလျှင် ဤလုပ်ရပ်သည် အပိုဖြစ်လျှင်ဖြစ်၍ တမန်တော်တစ်ပါး၏ အဆင့်အတန်းနှင့်လည်း ဆန့်ကျင်သည်။ ထို့ကြောင့် ဆွေးသုလ် ဂျနာဇာဟ် ဝတ်ပြုခြင်းကို တားမြစ်ခဲ့သည်ဟု မှတ်ယူခဲ့သည်။ တမန်တော်မြတ် s ၏ အနေ အထားမှာမူ ဤလုပ်ရပ်သည် သူသဘောသဘာဝအရ အကျိုးမရောက်ဟု မှတ်ယူသော်လည်း အခြားသူများ အစွမ်းသတ္တိဘာသာသို့ သက်ဝင်နိုင်ကြောင်းမြင်ပါသည်။ ထို့ကြောင့် ဤလုပ်ရပ်မှာ အချည်းအနှီးမဖြစ်ချေ။ နိဂုံးချုပ်မှာ ဤကိစ္စတွင် တမန်တော်မြတ် s နှင့် လုပ်ရပ်တွင်လည်းကောင်း၊ စိုက်ယိဒနာအုမရ် d ၏ ပြောစကားတွင်လည်းကောင်း ဒွိဟာမရှိတော့ချေ။

(ဗယာနုလ်ကုရ်အာန်)

ယခုရှင်းလင်းသောအသုံးအနှုန်းများဖြင့် ချပေးတော်မူသည့် لَا تُصَلِّ 'အသင်သည် ဂျနာဇာဟ်ဆွေးသ် ဝတ်ပြုမှုကို မပြုပါလေနှင့်' ဟူသော အာယသ်တော်ရောက်လာပေပြီ။ တမန်တော်မြတ် s ဂျနာဇာဟ်ဆွေးသ် ဝတ်ပြုမှုတွင် ဘာသာရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုကို မြင်နိုင်သည်ဆိုခြင်းမှာ သံသယမရှိချေ။ သို့သော် ယင်းလုပ်ရပ်တွင် စိတ်အနှောက်အယှက်ဖြစ်စေသည့် အကြောင်းတစ်ရပ်ဖြစ်သော မျှော်လင့်ထားသည့် အကျိုးသက်ရောက်မှု၏ ပြောင်းပြန်ဖြစ်နိုင်သည်ကို သတိပြုရမည်။ ဤအချက်ကို တမန်တော်မြတ် s က ဂရုမစိုက်ခဲ့ပါ။ ဤလုပ်ရပ်က ရိုးသားဖြူစင်သော မုစ်လင်မ်များတွင် ပြင်းထန်သည့် မကျေနပ်မှုဖြစ်စေနိုင်သည်။ ထိုသူများက ရိုးသားဖြူစင်သော မုစ်လင်မ်များနှင့် ကောက်ကျစ်စဉ်းလဲသော အရေးခြုံများကို တရားဝင်တူညီသွားစေသည်ဟု မှတ်ထင်ကြသည်။ ဤအန္တရာယ်ကို ထေမိစေရန် ဤသီးသန့်တားမြစ်ချက်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ချပေးတော်မူခဲ့သည်။ ယင်းနောက် တမန်တော်မြတ် s က မည်သည့်မုနာဖစ်က်အတွက်မျှ ဂျနာဇာဟ်ဆွေးသ် မည်သည့်အခါမျှ ဝတ်ပြုမပေးခဲ့ပါ။

ဥပဒေသများ

(၁) ဤအာယသ်တော်က ကျွန်ုပ်တို့ကိုပြောသည်မှာ ကာဖိရ်တစ်ဦးအတွက် ဂျနာဇာဟ်ဆွေးသ် ဝတ်ပြုခြင်း သို့မဟုတ် သူ (သို့မဟုတ်) သူမ ခွင့်လွှတ်ခံရရန်အတွက် ဒုအာဆုမွန်တောင်းခံခြင်း ခွင့်မပြုဟူ၍ဖြစ်သည်။

(၂) ဤအာယသ်က အရိုအသေပေးသည့်အနေဖြင့် ကာဖိရ်တစ်ဦး၏ ဂူသချိုင်းရှေ့တွင်ရပ်ခြင်း (သို့မဟုတ်) ထိုဂူသချိုင်းသို့ သွားခြင်းသည် ဟရာမ်ဖြစ်ကြောင်း သက်သေပြသည်။ အကယ်၍ ယင်းသို့သွားရောက်ခြင်းသည် ထိုဂူသချိုင်းမှ သင်ခန်းစာရရန်အတွက် လည်းကောင်း၊ သို့မဟုတ် အခြားအတင်းအကြပ်လုပ်မှုကြောင့်လည်းကောင်း ပြုလုပ်ခဲ့ရလျှင် ယင်းသည် ဤဥပဒေနှင့်မဆန့်ကျင်ချေ။ ပမာဆိုသော် ဟဒါဃသ်ကျမ်းတွင်ပါသည်မှာ မုစ်လင်မ်

တစ်ဦး၏ ဆွေမျိုးတော်စပ်သည့် ကာဖိရ်တစ်ဦးသည် အုပ်ထိန်းသူ (သို့မဟုတ်) အမွေဆက်ခံသူမရှိပဲ သေဆုံးသွားခဲ့လျှင် ဆွေမျိုးတော်သော မုစ်လင်မ်သည် သေဆုံးသူကို ကျင်းထဲချပေး နိုင်သည်။ သို့သော်လည်း တမန်တော်မြတ် ﷺ ၏ စွန့်တ်နည်းလမ်းတော်နှင့် အညီမလုပ်ရပါ။ (ဗယာနလ်ကုရ်အာန်ကျမ်း)

အာယသ် (၈၅-၈၉)

وَ لَا تُعْجِبْكَ اَمْوَالُهُمْ وَ اَوْلَادُهُمْ ؕ اِنَّمَا يُرِيْدُ اللّٰهُ اَنْ يُّعَذِّبَهُمْ بِهَا فِي
الدُّنْيَا وَ تَزْهَقَ اَنْفُسُهُمْ وَ هُمْ كٰفِرُوْنَ ﴿۸۵﴾ وَ اِذَاۤ اُنْزِلَتْ سُوْرَةٌ اَنْ
اٰمِنُوْا بِاللّٰهِ وَ جَاهِدُوْا مَعَ رَسُوْلِهِ اسْتَاْذَنَكَ اُولُوا الطَّوْلِ مِنْهُمْ وَ
قَالُوْا ذَرْنَا نَكُنْ مَّعَ الْقٰعِدِيْنَ ﴿۸۶﴾ رَضُوْا بِاَنْ يَّكُوْنُوْا مَعَ الْخَوَالِفِ وَ
طُبِعَ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَفْقَهُوْنَ ﴿۸۷﴾ لٰكِنِ الرَّسُوْلُ وَ الَّذِيْنَ اٰمَنُوْا
مَعَهٗ جٰهَدُوْا بِاَمْوَالِهِمْ وَ اَنْفُسِهِمْ ؕ وَ اُولٰٓئِكَ لَهُمُ الْخَيْرٰتُ ۫ وَ اُولٰٓئِكَ
هُمُ الْمُفْلِحُوْنَ ﴿۸۸﴾ اَعَدَّ اللّٰهُ لَهُمْ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ
خٰلِدِيْنَ فِيْهَا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿۸۹﴾

ထို့ပြင် ယင်းသူတို့၏ ဥစ္စာပစ္စည်းများသည်လည်းကောင်း၊ ယင်းသူတို့၏သားသမီးများသည်လည်းကောင်း အသင့်အား အံ့သြခြင်း မဖြစ်စေရ။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ယင်းဥစ္စာပစ္စည်းများနှင့် သားသမီးများအားဖြင့် လောကီဘဝတွင် ပြစ်ဒဏ်ပေးတော်မူရန်နှင့် ထိုသူတို့သည် ကာဖိရ် သွေဖည်ငြင်းပယ်သူများ အဖြစ်နှင့် ထိုသူတို့၏ အသက် ဇီဝိန်ထွက်သွားရန်ကိုသာ ရည်စူးတော်မူလေသတည်း။ (၉ : ၈၅)

စင်စစ်သော်ကား 'အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား (စိတ် ရောကိုယ်ပါ) သက်ဝင်ယုံကြည်သည့်ပြင် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်မြတ်နှင့်အတူ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကိုလည်း ပြုကြလေကုန်'ဟူသော အမိန့်တော်ပါရှိသည့် ကဏ္ဍာတစ်ခုခုသည် ကျရောက်လာ သောအခါ ၎င်းတို့အနက်မှ ဥစ္စာဓနကြွယ်ဝသောသူများက ပင်လျှင် 'ကျွန်တော်မျိုးတို့အား ခွင့်လွှတ်ပါ။ ကျွန်တော်မျိုးတို့သည် ထိုင်၍နေရစ်ခဲ့သူတို့နှင့်အတူ နေရစ်ခဲ့ကြပါစေ'ဟူ၍ အသင်ထံ ပြောဆိုခွင့်ပန်လာကြကုန်သတည်း။ (၉း၈၆)

ထိုသူတို့သည် (စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ရန် မလိုက်ကြဘဲ) နောက်၌ ကျန်ရစ်ခဲ့သော အမျိုးသမီးတို့နှင့်အတူ နေရစ်ခဲ့ခြင်းကိုပင် နှစ်သက်ခဲ့ကြလေသည်။ ၎င်းပြင် ထိုသူတို့၏ စိတ်နလုံးများအပေါ်၌လည်း တံဆိပ်ခတ်နှိပ် ပြီးဖြစ်ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် (ဂျိဟာဒ် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်း၏ သဘောတရား အစစ်အမှန်ကို အလျှင်း) သိမြင်နားလည်ကြသည် မဟုတ်ချေ။ (၉ : ၈၇)

သို့ရာတွင်မူကား ရစူလ်တမန်တော်မြတ်နှင့် ထိုရစူလ်တမန်တော် နှင့်အတူ အီမာန်သက်ဝင် ယုံကြည်ကြသော သူတို့မူကား မိမိတို့၏ ဥစ္စာပစ္စည်းများဖြင့်လည်းကောင်း၊ မိမိတို့၏အသက်ဇီဝိန်များဖြင့် လည်းကောင်း စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့ကြလေသည်။ စင်စစ်သော်ကား ထိုသူတို့အဖို့သာလျှင် ကောင်းခြင်းအဖြာဖြာသည် ရှိကြပေသည်။ ထိုနည်းတူစွာ ထိုသူတို့သာလျှင် အောင်မြင်သောသူများ ဖြစ်ကြကုန်သတည်း။ (၉ : ၈၈)

အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အဖို့ အကြင်ဥယျာဉ်များကို အဆင်သင့် ပြုလုပ်ထားတော်မူလေသည်။ ထိုဥယျာဉ်များ၏ အောက်မှ စမ်းရေရောင်းများသည် စီးဝေ့လျက်ရှိကြချေသည်။ (၎င်းတို့သည်) ထိုဥယျာဉ်များ၌ ထာဝစဉ် နေထိုင်စံမြန်းလျက်ရှိကြပေမည်။ ဤသည်ကားအလွန်ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုပင်တည်း။ (၉ : ၈၉)

အကျယ်ဖွင့်ဆိုခြင်း

တစ်ဖန် လက်ရှိအာယသ်များထဲတွင် သဗုခ်စစ်ပွဲဝင်ရောက်ဆင်နွှဲရခြင်းမှ ရှောင်ရှားနိုင်ရန် တစ်ခုမဟုတ် အခြားသော အကြောင်းတစ်ခုခု အကြောင်းပြခဲ့သော အရေခြံများ၏ အကြောင်းပါဝင်သည်။ ထိုအရေခြံများတွင် ကြွယ်ဝချမ်းသာသူအချို့ ပါဝင်ကြသည်။ ထိုသူများ၏ ကြွယ်ဝချမ်းသာသော ဘဝက 'အလ္လာဟ်အရှင်မြတ်၏ ရှေ့မှောက်တွင် လက်ခံနိုင်ဖွယ်ရာ မရှိသောကြောင့်လည်းကောင်း ဤသူများတို့သည် ကမ္ဘာလောကၥ အဘယ့်ကြောင့် ဤ ကောင်းချီးများအား လုံး ရရှိနေကြရပါသနည်း' ဟူ၍ မုစ်လင်မ်များက မေးခွန်းထုတ်စေနိုင်ပါသည်။

တုန့်ပြန်သည့်အနေဖြင့် မိန့်ကြားထားသည်။ ဥစ္စာဓနများ သားသမီးများအနေဖြင့် ၎င်းတို့ပိုင်ဆိုင်မှု၏ နောက်ကွယ်ရှိ စစ်မှန်ချက်ကို အနည်းငယ်စဉ်းစားစေရုံမျှဖြင့် ပေါ်ထွက်စေနိုင်ပါသည်။ ဤအရာများသည် ၎င်းတို့အတွက် အကြောင်နာနှင့်ကောင်းချီးမင်္ဂလာများ မဟုတ်ပါ။ ဤသည်တို့သည် ကမ္ဘာလောကၥ ၎င်းတို့အတွက် စမ်းသပ်မှုနှင့် ပြစ်ဒဏ်ခတ်မှုတို့ဖြစ်ကြပါသည်။ နောင်တမလွန်ဘဝတွင် ထပ်ဆောင်းပြစ်ဒဏ်ခတ်မှု ခံရမည်ဆိုသည်မှာ ပြောရန်မလိုပါ။ အကြောင်းပြချက်ကို နားလည်သဘောပေါက်ရန် မခဲယဉ်းပါ။ ထိုသူသည် ဥစ္စာဓနကို ချစ်မြတ်နိုးကာ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ထားကြသည်။ ၎င်းနောက် ထိုသူများတို့သည် ယင်းဥစ္စာဓနများ တိုးပွားစေရန်အတွက် မည်သို့ လုပ်ဆောင်ရပါမည်နည်းဟူ၍ အမြဲသောကရောက်နေပါသည်။ ထိုသူတို့ ဘယ်သောအခါမျှ ငြိမ်းချမ်းသာယာခြင်းမရှိကြပါ။ ထိုသူများ ပတ်ဝန်းကျင်တွင် စည်းစိမ်ရှိမည့်အရာတို့နှင့် စုဆောင်းဝန်းရံထားသော်လည်း ၎င်းတို့ထံ၌ စစ်မှန်သောငြိမ်းချမ်းသာယာမှုနှင့် စည်းစိမ်ချမ်းသာရှိမှုများ ဘယ်သောအခါမျှ ရောက်ရှိမလာပါ။ အဘယ်ကြောင့် ဆိုသော် ဤအရာတို့သည် နလုံးသားနှင့် ပတ်သက်သောအရာတို့ ဖြစ်ကြသည်။ ၎င်းနောက် ဥစ္စာဓန၏နောက်သို့ တကောက်ကောက် လိုက်ခြင်းဆိုသည့် စွဲလမ်းမှုက ၎င်းတို့အား နောင်တမလွန်ဘဝအတွက် သောကများကို ဂရုမမူမိစေကာ ထိုသူများသည် သူတို့၏မွေးမြူဖန်ဆင်းရှင်အား မနာခံသောလုပ်ရပ်များတွင် နစ်မွန်းနေစေပါသည်။ ယင်းတို့သည် ၎င်းတို့ပြစ်ခတ်ခံရမှု၏ အကြောင်းတရားဖြစ်သွားပါတော့သည်။ ထို့ကြောင့် မည်သို့သော အကျိုးတရား (သို့မဟုတ်) ယင်း၏အကြောင်းတရားတို့ ဖြစ်ပါစေ ရလဒ်မှာ ပြစ်ဒဏ်ခတ်ခံရမှုပင် ဖြစ်ပါသည်။ ဤအတွက်ကြောင့်ပင် لِيُعَذِّبَهُمْ بِهَا ပြစ်ဒဏ်ခတ်လိမ့်မည်ဟူသော အဓိပ္ပာယ်ဆောင်စေရန် သုံးနှုန်းထားသည်။

أُوْلُوا الطَّوْلِ(အုလူတွင်တောင်လိ) 'ဥစ္စာဓနကြွယ်ဝချမ်းသာသောသူများ' ဟု ဘာသာပြန်ဆိုထားသည့် အသုံးအနှုန်းသည် သီးသန့်ဖော်ပြခြင်း တစ်ရပ်မဟုတ်ပါ။ ယင်းတွင် ရည်ရွယ်ချက်တစ်ခုရှိပါသည်။ ဤသည်က ပြောသည်မှာ မချမ်းသာ မကြွယ်ဝသောသူများလည်း ရှိသေးသည်ကို ပြောဆိုပါသည်။ ၎င်းနောက် မချမ်းသာ မကြွယ်ဝသော သူတို့သည် စစ်ပွဲမှ ချန်နေရစ်ခဲ့ခြင်းအတွက် ထင်ရှားသည့် အကြောင်းပြချက်များ အနည်းဆုံးတော့ ရှိကြပါသည်။

အာယသ် (၉၀)

وَ جَآءَ الْمُعَذِّرُوْنَ مِنَ الْاَعْرَابِ لِيُؤْذَنَ لَهُمْ وَ قَعَدَ الَّذِيْنَ كَذَبُوا اللّٰهَ وَ رَسُوْلَهٗ ؕ سَيُصِيْبُ الَّذِيْنَ كَفَرُوْا مِنْهُمْ عَذَابٌ اَلِيْمٌ ﴿۹۰﴾

စင်စစ်သော်ကား ကျေးရွာများ၌ နေထိုင်ကြကုန်သော သူတို့အနက်မှ လိမ်လည်၍ အကြောင်းပြသော သူတို့သည် မိမိတို့ခွင့်ပြုခြင်းခံကြရန် (အသင့်ထံသို့) လာခဲ့ကြကုန်၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အား လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်အားလည်းကောင်း မုသားပြောဆိုခဲ့သော သူတို့မူကား (လိမ်လည်၍ အကြောင်းပြရန်ပင်မလာ ကြဘဲ)ထိုင်၍ပင် နေရစ်ခဲ့သည်ကြကုန်၏။ ၎င်းတို့အနက် 'ကာဖိရ်' သွေဖည်ငြင်းပယ်ကြသောသူတို့၌ နာကျင်စေသော ပြစ်ဒဏ် မကြာမြင့်မီပင် ဆိုက်ရောက် ပေလိမ့်မည်ဖြစ်သတည်း။ (၉ : ၉၀)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြခဲ့သော အာယသ်တော်၌ သဲကန္တာရတွင်နေထိုင်လျက်ရှိသော ဘေဒိုရင်လူမျိုးများ နှစ်မျိုးနှစ်စားရှိသည်ဆိုသည့် အကြောင်း အသေးစိတ်များဖော်ပြကာ ကျွန်ုပ်တို့အား ပြောပြပါသည်။ ပထမအမျိုးအစားမှာ တမန်တော်မြတ် ထံလာရောက်ကာ ၎င်းတို့ချန်နေမှုကို ခွင့်ပြုရန်အတွက် အကြောင်းပြကာ မေတ္တာရပ်ခံခဲ့ ကြပါသည်။ ထို့နောက် ထိုသူ များအနက် စစ်ပွဲမှချန်ရစ်ခဲ့အတွက် အကျိုးအကြောင်းပြခွင့်ယူမှု ပြုလုပ်ရန်ကိုပင် ဂရုမစိုက်သော မောက်မာပြီး ပုန်ကန် သောသူများလည်း ရှိပါသေးသည်။

တမန်တော်မြတ် ﷺ က ဂျပ်ဒ် အိပ်နိုကိုက်စ်အား ဂျီဟာဒ်သို့ မလိုက်ပါနိုင်သည်ကို ခွင့်ပြုခဲ့ရာ၌ စိုက်ယိဒနာဂျာဗီရ်အိပ်နိအဗ္ဒဒ္ဒလ္လာဟ် d ကပြောသည်မှာ 'အရေးခြုံအချို့သည်လည်း တမန်တော်မြတ် ﷺ သခင်ထံလာရောက်ခဲ့၍ သူတို့၏ ဆင်ခြေများကို တင်ပြကာ ဂျီဟာဒ်မှ ချန်နေရစ်ခဲ့ရန် ကိုယ်တော့်ထံ ခွင့်ပြုတောင်းခံခဲ့ကြသည်။ ခွင့်ပြုချက်လိုလား ထိုသူများအတွက် တမန်တော်မြတ် ﷺ က ပေးခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် မမှန်ကန်သော အကြောင်းပြချက်များ ပြုလုပ်ခံခြင်းကိုကား ကိုယ်တော်မြတ် သိရှိခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ သည် ထိုသူများထံမှ မျက်နှာလွှဲခဲ့သည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်ခဲ့သည်။ အာယသ်တော်က ထိုသူတို့၏ အကြောင်းပြချက်သည် လက်ခံနိုင်ဖွယ် မရှိဟု ရှင်းလင်းပြတ်သားစွာ မိန့်ထားခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် နာကျင်ဖွယ်ပြစ်ဒဏ်ခတ်မှုခံရမည့် အကြောင်း သတိပေးထားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ **اَلَّذِيْنَ كَفَرُوْا مِنْهُمْ** 'ကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့၌....' ဟူ၍ မိန့်ထားခြင်းက ဤသူများပေးသော အကြောင်းပြချက်သည် သူတို့၏ မယုံကြည်

သွေဖည် ငြင်းပယ်မှု (သို့မဟုတ်) အယောင်ဆောင် အရေခြုံမှုကြောင့် မဟုတ်ဘဲ ၎င်းတို့၏ ပင်ကိုယ်ပျင်းရိ ခြင်းကြောင့် ဖြစ်ကြောင်း အညွှန်းပေးထားသည်။ ထို့ကြောင့် မယုံကြည်သွေဖည်ငြင်းပယ်သူများထံ ကျရောက် မည့်ပြစ်ဒဏ်ခတ်မှုသည် ထိုသူများအပေါ်တွင် မကျရောက်တော့ချေ။

အာယသ် (၉၁-၉၃)

لَيْسَ عَلَى الضُّعَفَآءِ وَ لَا عَلَى الْمَرْضٰى وَ لَا عَلَى الَّذِيْنَ لَا يَجِدُوْنَ مَا يُنْفِقُوْنَ حَرَجٌ اِذَا نَصَحُوْا لِلّٰهِ وَ رَسُوْلِهٖ ؕ مَا عَلَى الْمُحْسِنِيْنَ مِنْ سَبِيْلٍ ؕ وَ اللّٰهُ غَفُوْرٌ رَّحِيْمٌ ﴿۹۱﴾ وَّ لَا عَلَى الَّذِيْنَ اِذَا مَاۤ اَتَوْكَ لِتَحْمِلَهُمْ قُلْتَ لَاۤ اَجِدُ مَاۤ اَحْمِلُكُمْ عَلَيْهِ تَوَلَّوْا وَّ اَعْيُنُهُمْ تَفِيْضُ مِنَ الدَّمْعِ حَزَنًا اَلَّا يَجِدُوْا مَا يُنْفِقُوْنَ ﴿۹۲﴾ اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَسْتَاْذِنُوْنَكَ وَ هُمْ اَغْنِيَآءُ ۚ رَضُوْا بِاَنْ يَّكُوْنُوْا مَعَ الْخَوَالِفِ وَ طَبَعَ اللّٰهُ عَلٰى قُلُوْبِهِمْ فَهُمْ لَا يَعْلَمُوْنَ ﴿۹۳﴾

အားအင်ချည့်နဲ့သူတို့အပေါ်၌ (စစ်တလင်းသို့ မလိုက်ခဲ့ကြသောကြောင့်) အပြစ် တစ်စုံတစ်ရာမျှမရှိပြီ။ ထို့အတူ ဝေဒနာရှင်တို့အပေါ်၌လည်း (အပြစ်)မရှိပြီ။ ထိုနည်း တူစွာ (စစ်ရေးတွင်)သုံးစွဲရန် တစ်စုံ တစ်ရာမျှမရရှိကြသော သူတို့အပေါ်၌လည်း ထိုသူ တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ် တမန်တော်နှင့် ပတ်သက်၍လည်းကောင်း သစ္စာရှိကြည်ဖြူသော စိတ်စေတနာ ထားရှိကြ ပါလျှင် မည်သည့်အပြစ်မျှမရှိချေ။ ကောင်းမြတ်သော အကျင့်သီလကို ဆောက်တည်ကြ ကုန်သော သူတော်ကောင်း၊ သူတော်စင်တို့ အပေါ်ဝယ် အပြစ်တင်ရန် မည်သည့် နည်း လမ်းမျှ မရှိပေ။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ သနားကြင်နာ ညှာတာသော မူသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ (၉ : ၉၁)

ထိုမှတစ်ပါး အကြင်သူတို့အပေါ်၌လည်း (အပြစ်တင်ရန် မည်သည့် နည်းလမ်းမျှ) မရှိချေ။ အစီးအနင်းပေါ်သို့ တင်ပေးကြသောအခါ အသင်သည် ၎င်းတို့အား 'ငါထံ၌ အသင်တို့အား တင်ပေးရန် အစီးအနင်းတစ်စုံ တစ်ရာမရှိပါ'ဟု ပြောခဲ့လေသည်။ (ထို အခါ) ၎င်းတို့သည် (စစ်ရေးတွင်) သုံးစွဲရန် တစ်စုံတစ်ရာမျှ မရရှိနိုင်သောကြောင့် ဝမ်း နည်းပူဆွေး၍ မျက်စိများမှာ ၎င်းတို့မျက်ရည်များဖြင့် ပြည့်လျှံလျက် ပြန်ခဲ့ကြလေ သတည်း။ ပြန်သွားခဲ့ကြရှာလေသတည်း။ (၉ : ၉၂)

ပြစ်တင်ရန် နည်းလမ်းမှာကား အကြင်သူတို့အပေါ်၌သာ ရှိချေသည်။ ထိုသူတို့သည် ချမ်းသာကြွယ်ဝသူများ ဖြစ်ကြပါလျက် (စစ်တလင်း သို့ မလိုက်ဘဲနေကြရန်) အသင့်ထံ

ခွင့်ပန်ကြလေသည်။ ၎င်းတို့သည် နောက်၌ ကျန်ရစ်ခဲ့ ကြသော အမျိုးသမီးတို့နှင့်အတူ နေရစ်ခဲ့ကြရန် နှစ်မြို့ခဲ့ကြလေသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့၏ စိတ် နလုံးများအပေါ်၌ တံဆိပ်ခတ်နင်္ဂြိတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် (စစ် မက် ပြိုင်ဆိုင်တိုက်ခိုက်ခြင်း၏ သဘောတရားကိုပင်) မသိနားမလည်ကြပေ။ (၉ : ၉၃)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲတွင် ဂျီဟာဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းမှ အမှန်တကယ်ခွင့်မပြုခဲ့သော်လည်း ပျင်းရိခြင်းကြောင့် ထိုင်နေခဲ့သူများအကြောင်း ပါဝင်သည်။ ထို့နောက် ၎င်းတို့၏ မယုံကြည်မှုနှင့် အရေးခြုံမှုအရ မမှန်ကန်သောအကြောင်း ပြချက်များဖြင့် တမန်တော်မြတ် s ထံမှ ခွင့်ပြုချက်ရယူခဲ့ကြသော အရေးခြုံများရှိခဲ့ပါသည်။ ထို့နောက် အကြောင်းပြချက်များ၊ ခွင့်ပြုချက်များ စသည်တို့ကို ဂရုမထားဘဲ သက်သက်မောက်မာပလ္ဘားသော သူများလည်းရှိသေးသည်။ ထိုသူတို့ကို ခွင့်မလွှတ်ကြောင်းနှင့် မယုံကြည် သွေဖည်မှုနှင့် အရေးခြုံမှုတို့ကို လုပ်သည့်သူများအတွက် နာကျင်ဖွယ် ပြစ်ဒဏ်ခတ်မှုတစ်ရပ် စောင့်ဆိုင်းလျက် ရှိကြောင်းမိန့်မှာထားသည်။

လက်ရှိအာယသ်များထဲ၌ ဂျီဟာဒ်စစ်ပွဲ` မဆင်နွှဲခဲ့သော ရိုးသားဖြူစင်သည့် မုစ်လင်မ်များအကြောင်း နှင့် ၎င်းတို့အမှန်တကယ် ဆင်နွှဲနိုင်စွမ်းမရှိသော ရိုးသားဖြူစင်သည့် မုစ်လင်မ်များအကြောင်း ဖော်ပြထားသည်။ ထိုအထဲမှ အချို့မှာ မျက်မမြင်များ၊ နာမကျန်းသူများ (သို့မဟုတ်) ကိုယ်အင်္ဂါချို့ယွင်းသူများ ဖြစ်ကြသည်။ ထိုသူတို့၏ အကြောင်းပြချက်က အလွန်ပင်ထင်ရှားပေါ်လွင်လှသည်။ ထို့နောက် ဂျီဟာဒ်စစ်ပွဲဆင်နွှဲရန် အဆင်သင့်ဖြစ်နေသူများလည်းရှိကြသည်။ ၎င်းတို့သည် ဂျီဟာဒ်စစ်ပွဲကို သေမတတ်ဆင်နွှဲနေချင်နေကြသည်။ သို့သော်လည်း ထိုသူများ ယင်းခရီးစဉ်တွင် မပါဝင်ရခြင်းမှာ စီးနင်းရန် တိရစ္ဆာန်တစ်ကောင်မျှပင် မရှိကြပါ။ ခရီးစဉ်မှာ အလွန်ရှည်လျားး၍ ရာသီဥတုမှာ အလွန်ပူပြင်းလှသည်။ သူတို့က ဂျီဟာဒ်စစ်ပွဲ` ဝင်ရောက်ဆင်နွှဲရန် သူတို့မည်မျှစိတ်ထက်သန်ကြောင်းနှင့် စီးနင်းရန်ဘာမျှ မရှိလောက်အောင် ကံဆိုးကြောင်း တမန်တော်မြတ် s ကို လျှောက်တင်ခဲ့ကြသည်။ သူတို့အတွက် အစီးအနင်း အချို့ ရစေရန် တမန်တော်မြတ် s အား မေတ္တာရပ်ခံခဲ့ကြသည်။

အကျယ်ဖွင့်ကျမ်းများနှင့် သမိုင်းစာအုပ်များထဲတွင် ဤသို့သော သဘောသဘာဝရှိသည့် အဖြစ် အပျက်များစွာကို မှတ်တမ်းတင်ထားခဲ့သည်။ ထို့ကြောင့် အမျိုးမျိုးသောကိစ္စများ ဖြစ်ခဲ့သည်။ ယင်းတို့ထဲမှ ဦးစွာရောက်ရှိလာခဲ့သူများကို တမန်တော်မြတ် s က စစ်သည်တော်များအတွက် အစီးအနင်းပေးရန် အစီအစဉ်မရှိကြောင်း ပြောရန်မှအပ ဘာမျှမရှိခဲ့။ သို့သော်လည်း ဤသူများသည် ကိုယ်တော်မြတ်ထံမှ မျက်ရည်စက်လက်ဖြင့် ထွက်ခွာလာခဲ့ပြီး စိတ်ပျက်လက်ပျက်နှင့် ဆက်လက်၍ ငိုကြွေးနေသောအခါ၌ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ စွန့်တော်ခလေ့တော်အရ ထိုသူများကို ကြည့်ရှုစောင့်မခဲ့သည်။ ထိုအချိန်တွင် တမန်တော်မြတ် s ထံ ကုလားအုတ်(၆)ကောင် ရောက်ရှိလာခဲ့သည်။ ကိုယ်တော်မြတ် s က ထိုသူများကို ယင်းကုလားအုတ်များ ပေးခဲ့သည်။ (မဇာဟီရီ) ထို့နောက် စိုက်ယိဒနာအွစ်မားန် d သည် ၎င်းတို့မှ သုံးဦးစီးနင်းရန်အတွက် ခုံ(ကုန်းနှီး)စဉ်ပေးခဲ့သည်။ အစောပိုင်းကလည်း ဤကဲ့သို့ အစီအစဉ်များ များစွာပြုလုပ်ပေးခဲ့သည်။

အဆုံး၌ အစီးအနင်းမလုပ်ပေးနိုင်သည့်အကြောင်းကြောင့် ၎င်းတို့မှအချို့ ကျန်နေရစ်ခဲ့ပါသေးသည်။ လုံးဝဥ အကူအညီကင်းမဲ့ခဲ့သောကြောင့် ဂျီဟာဒ်အတွက် ၎င်းတို့၏ ပြင်းပြသောစိတ်ဆန္ဒတွင် မည်သို့မျှ မဖြည့်ဆည်းနိုင်တော့ပါ။ အထက်ကိုးကားခဲ့သော အာယသ်များပါ ဤကဲ့သို့သော သူများ၏အကြောင်းပြချက်ကို သာ အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူသည်။ သို့သော်လည်း အာယသ်တော်အဆုံး၌ သူတို့၌ အစွမ်းရှိလင့်ကစား ဂျီဟာဒ်စစ်ပွဲဆင်နွှဲခြင်းမှ အမျိုးသမီးများကဲ့သို့ ချန်နေရစ်ခဲ့သည့် စက်ဆုပ်ဖွယ်ကောင်းသူများကို ထပ်မံ၍ သတိပေးထားသည်။ اِنَّمَا السَّبِيْلُ عَلَى الَّذِيْنَ يَسْتَاْذِنُوْنَكَ وَهُمْ اَغْنِيَآءُ '(ပြစ်တင်ရန် နည်းလမ်းမှာကား အကြင်သူတို့ အပေါ်၌သာ ရှိချေသည်။ ထိုသူတို့သည် ချမ်းသာကြွယ်ဝသူများဖြစ်ကြပါလျက် (စစ်တလင်းသို့ မလိုက်ဘဲနေရန်) အသင့်ထံခွင့်ပန်ကြလေသည် (၉၃)' ဟူသော ဝါကျသည် ဤသည်ကိုပင်ဆိုလိုသည်။

အာယသ် (၉၄-၉၆)

يَعْتَذِرُوْنَ اِلَيْكُمْ اِذَا رَجَعْتُمْ اِلَيْهِمْ ؕ قُلْ لَّا تَعْتَذِرُوْا لَنْ نُّؤْمِنَ لَكُمْ قَدْ نَبَّاَنَا اللّٰهُ مِنْ اَخْبَارِكُمْ ؕ وَ سَيَرَى اللّٰهُ عَمَلَكُمْ وَ رَسُوْلُهٗ ثُمَّ تُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَ الشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۹۴﴾ سَيَحْلِفُوْنَ بِاللّٰهِ لَكُمْ اِذَا انْقَلَبْتُمْ اِلَيْهِمْ لِتُعْرِضُوْا عَنْهُمْ ؕ فَاَعْرِضُوْا عَنْهُمْ ؕ اِنَّهُمْ رِجْسٌ ۖ وَّ مَاْوٰىهُمْ جَهَنَّمُ ۚ جَزَآءًۢ بِمَا كَانُوْا يَكْسِبُوْنَ ﴿۹۵﴾ يَحْلِفُوْنَ لَكُمْ لِتَرْضَوْا عَنْهُمْ ۚ فَاِنْ تَرْضَوْا عَنْهُمْ فَاِنَّ اللّٰهَ لَا يَرْضٰى عَنِ الْقَوْمِ الْفٰسِقِيْنَ ﴿۹۶﴾

အသင်တို့သည် (စစ်တလင်းမှ) ၎င်းတို့ထံပြန်ခဲ့ကြသည့်အခါ ၎င်းတို့သည် အသင်တို့ရှေ့ဝယ် (စစ်တလင်းသို့ မလိုက်ဘဲ နေခဲ့ကြသည့်နှင့် စပ်လျဉ်း၍) အကြောင်းပြကြလိမ့်မည်။ (ထိုအခါ) အသင် (၎င်းတို့အား)ပြောကြပါလေ။ (အချင်းတို့) 'အသင်တို့သည် အကြောင်းမပြကြလေနှင့်။ ကျွန်ုပ်တို့သည် အသင်တို့(၏စကား)ကို (မှန်သည်ဟု) အလျဉ်း ယုံကြည်ကြမည်မဟုတ်။ (အကြောင်းသော်ကား) ဇကာန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား အသင်တို့၏(လျှို့ဝှက်သော)သတင်းများကို(အလုံးစုံ) အကြောင်းကြားတော်မူပြီးဖြစ်သည်။ (နောက်နောင်တွင်လည်း) အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထိုအရှင်မြတ်၏ ရဿူလ်တမန်တော်မြတ်သည် လည်းကောင်း အသင်တို့၏ အကျင့်အမူကို တွေ့မြင်တော်မူကြအံ့။ ထို့နောက်တစ်ဖန် အသင်တို့သည် ဖုံးကွယ်လျက်ရှိသော အရာခပ်သိမ်းတို့ကို လည်းကောင်း၊ ထင်ပေါ်လျက်ရှိသော အရာခပ်သိမ်းတို့ကို လည်းကောင်း (အကြွင်းမဲ့) သိရှိတော်မူသော အရှင်မြတ် အထံတော်သို့ ပြန်လည်ပို့ဆောင်ခြင်းကို ခံကြရပေမည်။ ထိုအခါ ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်ခဲ့ကြသော အမှုကိစ္စတို့ကို ထုတ်ဖော်၍မိန့်ကြားတော်မူပေအံ့။(၉ : ၉၄)

မကြာမြင့်မီ အသင်တို့ (စစ်တလင်းမှ) ၎င်းတို့ထံ (မဒီနဟ်မြို့သို့) ပြန်ခဲ့ကြသောအခါ အသင်တို့သည် ၎င်းတို့အား (တစ်စုံတစ်ရာ ပြစ်တင် အရေးယူခြင်းမပြုဘဲ) ခွင့်လွှတ်ကြရန် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား တိုင်တည်၍ ကျိန်ဆိုကြပေလိမ့်မည်။ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား စွန့်ထားကြလေကုန်။ အမှန်သော်ကား ၎င်းတို့သည် ညစ်ညမ်းသူများပင်ဖြစ်ကြကုန်၏။ ထို့ပြင် ၎င်းတို့၏ ခိုလှုံရာစခန်းသည် 'ဂျဟန္နမ်' ငရဲဘုံပင်ဖြစ်ချေသတည်း။ စင်စစ်သော်ကား ၎င်းတို့ရွာဖွေ ဆည်းပူးလျက်ရှိကြကုန်သည်တို့၏ အကျိုးအားဖြင့် ၎င်းတို့၏ ခိုလှုံရာစခန်းမှာ 'ဂျဟန္နမ်' ငရဲဘုံပင် ဖြစ်ချေသတည်း။ (၉ : ၉၅)

ထိုသူတို့သည် အသင်တို့ ထိုသူတို့အပေါ်၌ ကျေနပ်အံ့သောငှာ ကျိန်ဆိုကြပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် ထိုသူတို့အပေါ်၌ ကျေနပ်ခဲ့အံ့ငြားလည်း အလ္လာဟ်အရှင်မြတ်သည် အမိန့်တော် ဖီဆန်သူတို့အပေါ်၌ ကျေနပ်တော်မူမည် မဟုတ်ပေတကား။ (၉ : ၉၆)

အကျယ်ဖွင့်ဆိုခြင်း

ဂျီဟာဒ်စစ်ပွဲတိုက်ခိုက်ရန် တပ်ဖွဲ့များအဆင်သင့်ဖြစ်နေစဉ် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ချန်ရစ်နေခွင့်ကို ရရှိသွားသောအရေးခြုံများအကြောင်း ပြီးခဲ့သောအာယသ်တွင် ဖော်ပြထားခဲ့သည်။ လက်ရှိအာယသ်များထဲတွင် တမန်တော်မြတ် ﷺ ဂျီဟာဒ်စစ်ပွဲမဲ့ ပြန်လည်ရောက်ရှိလာသောအခါ၌ ယင်းစစ်ပွဲတွင် ၎င်းတို့၏ မမှန်ကန်သော အကြောင်းပြချက်နှင့် မဝင်ရောက်ခဲ့သူများက တမန်တော်မြတ် ﷺ ကို လာရောက်တွေ့ဆုံခဲ့ကြောင်း ဖော်ပြထားခဲ့သည်။ ဤအာယသ်များသည် တမန်တော်မြတ် ﷺ မဒီနဟ်မြို့သို့ ပြန်လည်မရောက်မီကပင် ကျရောက်ခဲ့သော ရှေ့တွင်ဖြစ်ပျက်မည့် အဖြစ်အပျက်ကို တမန်တော်မြတ် ﷺ အား ကြိုတင်မိန့်ထားခဲ့သည်။ ယင်းကြိုတင်မိန့်ထားချက်မှာ တမန်တော်မြတ် ﷺ မဒီနဟ်မြို့ရောက်လျှင် ရောက်ချင်း ၎င်းတို့၏အကြောင်းပြချက်များကို တင်ပြရန်အလို့ငှာ ကိုယ်တော်မြတ် ﷺ ထံလာလိမ့်မည်ဟူ၍ ဖြစ်သည်။ ထိုမိန့်ထားသည့်အတိုင်း ဖြစ်ပျက်ခဲ့သည်။

အထက်ဖော်ပြပါ အာယသ်များထဲ၌ ထိုသူတို့နှင့်ပတ်သက်၍ ညွှန်းကြားချက်၃-ရပ်ကို ကိုယ်တော်မြတ် အားအောက်ပါအတိုင်းပေးထားခဲ့သည်။

(၁) ထိုသူများက အကြောင်းပြချက်တင်ပြလာခဲ့လျှင် သူတို့၏ပြောကြားချက်များ ယုံကြည်လိမ့်မည် မဟုတ်သဖြင့် မမှန်ကန်သော အကြောင်းပြချက်များကို မတင်ပြသင့်ကြောင်း ထိုသူများကို ပြောရမည်။ အလ္လာဟ်အရှင်မြတ်က ထိုသူများ၏ ကောက်ကျစ်စဉ်းလဲသည့် အစီအမံများနှင့် လျှို့ဝှက်ထားသော ရည်ရွယ် ချက်များအပါအဝင် ၎င်းတို့၏ လုပ်ဆောင်ပုံ အခြေအနေများကို တမန်တော်မြတ် ﷺ အား အသိပေးပြီးဖြစ်သည်။ ဤသည်က ထိုသူတို့ လူလိမ်ဖြစ်ကြောင်း သက်သေပြရန် လုံလောက်သည်။ ထို့ကြောင့် အကြောင်းပြချက်များ တင်ပြခြင်းသည် အဓိပ္ပာယ်မရှိခေ။ ထို့နောက် وَسَيَرَى اللَّهُ عَمَلَكُمْ 'အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏အကျင့်အမူကို တွေ့မြင်တော်မူအံ့ . . . .' ဟူ၍ မိန့်ထားသည်။ ဤသည်ထဲ၌ ထိုသူများ သောင်ဗဟ် (ဝန်ချတောင်းပန်ခြင်းပြုလုပ်ရန်)၊ နိဖားက် (အရေခြုံမှုကို စွန့်လွှတ်

ရန်)နှင့် စစ်မှန်သော မုစ်လင်မ်များဖြစ်သွားရန်အတွက် ထိုသူများကို ဆိုင်းငံ့ကာလပေးထားသည်ဆိုကြောင်း ဖော်ပြထားသည်။ အဘယ့်ကြောင့်ဆိုသော် စာသားပါစကားလုံးများက အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်တို့သည် ထိုသူများ ဘာတွေလုပ်သည်၊ မည်သို့လုပ်သည်ဆိုသည်ကို စောင့်ကြည့်မည်ဖြစ်ကြောင်း သတ်မှတ်ပြဋ္ဌာန်းထားသည်။ တစ်နည်းဆိုရလျှင် ၎င်းတို့၏အပြုအမူပုံစံနှင့် လျော်ညီစွာ အရေးယူမှုပြုလုပ်မည်ဟု ဆိုလိုသည်။ အကယ်၍ ထိုသူများ ရိုးသားဖြူစင်စွာ ဝန်ချတောင်းပန်၍ စစ်မှန်သော မုစ်လင်မ်များဖြစ်သွားလျှင် ၎င်းတို့၏ အပြစ်ဂိုနာဟ်များသည် အမြဲခွင့်လွှတ်ပြီး ဖြစ်သွားမည်။ သို့မဟုတ်ခဲ့လျှင် ဤမမှန်ကန်သော အကြောင်းပြချက်က ၎င်းတို့ကို မည်သည့်ကောင်းကျိုးမျှ မပေးချေ။

(၂) တမန်တော်မြတ် ﷺ အသင့်ကိုပေးထားသည့် ဒုတိယညွှန်ကြားချက်ကို ဒုတိယ အာယသ်တော်(၉၅)ထဲ၌ ဖော်ပြထားသည်မှာ ဤသူများသည် တမန်တော်မြတ် ﷺ မဒီနဟ် ပြန်ရောက်လျှင် လာကြမည့်အကြောင်း သူတို့၏ လီဆည်ထားသည့် ကျမ်းကျိန်မှုဖြင့် တမန်တော်မြတ် ﷺ ကို ကျေနပ်နှစ်သိမ့်ကြလိမ့်မည်ဟု မိန့်ထားသည်။ ဤကဲ့သို့ လုပ်ဆောင်မှုဖြင့် ၎င်းတို့ရလိုသည်မှာ لِتُعْرِضُوا عَنْهُمْ 'ငင်းတို့အား (တစ်စုံတစ်ရာ ပြစ်တင်အရေးယူမှုမပြုဘဲ) ခွင့်လွှတ်ရန်'ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ဂျီဟာဒ်စစ်ပွဲ`မဆင်နွှဲဘဲ ပျက်ကွက်မှုမှ လျစ်လျူရှုရန်နှင့် ထိုပျက်ကွက်မှုအတွက် ပြစ်တင်မောင်းမဲခြင်း မပြုရန်ဖြစ်သည်။ ထို့အတွက် မိန့်ထားသည်မှာ တမန်တော်မြတ် ﷺ သည် ၎င်းတို့ဆန္ဒကို ခွင့်ပြုနိုင်သည့် စာသားမှာ فَأَعْرِضُوا عَنْهُمْ'သို့ဖြစ်ပေရာ အသင်တို့သည် လျစ်လျူရှုထားကြလေကုန်' ဟူ၍ဖြစ်သည်။ ထို့ကြောင့် ညွှန်ကြားချက်တွင် ပါဝင်သောအဓိပ္ပာယ်မှာ 'ပြစ်တင်မောင်းမဲခြင်း မပြုရသကဲ့သို့ နှစ်လိုဖွယ် မဆက်ဆံလေနှင့်' အဘယ့်ကြောင့်ဆိုသော် ပြစ်တင်မောင်းမဲခြင်းသည် အများအားဖြင့် ကောင်းမလာပါ။ ၎င်းတို့ နှလုံးသားတွင် ယုံကြည်ချက်လည်းမရှိ၊ ရှိရန်လည်းမလိုလားသောအခါ ပြစ်တင်မောင်းမဲခြင်းဖြင့် မည်သည်ကို ရလာနိုင်မည်နည်း။ ထို့ကြောင့် အချိန်ကောင်းကို အဘယ့်ကြောင့် ဖြုန်းတီးရမည်နည်း။

(၃) တမန်တော်မြတ် ﷺ ကို ပေးထားသည့် တတိယညွှန်ကြားချက်ကို တတိယအာယသ် (၉၆) ထဲ၌ 'ထိုသူတို့သည် အသင်တို့ကို သူတို့အပေါ်၌ ကျေနပ်အံ့သောငှာ ကျိန်ဆိုကြပေမည်'ဟု ဖော်ပြထား သည်။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မှာ ထိုသူများ၏ဆန္ဒကို မဖြည့်ဆည်းရ ထိုသူများအပေါ် ကျေနပ်နှစ်သက်မှုမရှိရ ဟူ၍ဖြစ်သည်။ ထို့နောက် ဆက်လက်၍ မိန့်ထားသည်မှာ အကယ်၍ အသင်သည်ထိုသူများကို ကျေနပ်ခဲ့လျှင်ပင် ယင်းကျေနပ်မှုသည် ၎င်းတို့အား မည်သည့်နည်းနှင့်မျှ အကျိုးသက်ရောက်စေမည် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ထိုသူများအပေါ်၌ ကျေနပ်တော်မမူခဲ့၍ဖြစ်သည်။ ထို့ပြင် ငြင်းပယ်သူနှင့် အရေခြံမှုအပေါ်၊ ဆက်လက်ခိုင်မြဲနေသော သူများအပေါ် အလ္လာဟ်အရှင်မြတ်သည် မည်သို့ကျေနပ်နှစ်သက်နေအံ့နည်း။

အာယသ် (၉၇-၉၉)

اَلۡاَعۡرَابُ اَشَدُّ كُفۡرًا وَّ نِفَاقًا وَّ اَجۡدَرُ اَلَّا يَعۡلَمُوۡا حُدُوۡدَ مَاۤ اَنۡزَلَ اللّٰهُ عَلٰى رَسُوۡلِهٖ ؕ وَ اللّٰهُ عَلِيۡمٌ حَكِيۡمٌ ﴿۹۷﴾ وَ مِنَ الۡاَعۡرَابِ مَنۡ يَّتَّخِذُ مَا يُنۡفِقُ مَغۡرَمًا وَّ يَتَرَبَّصُ بِكُمُ الدَّوَآئِرَ ؕ عَلَيۡهِمۡ دَآئِرَةُ السَّوۡءِ ؕ وَ اللّٰهُ سَمِيۡعٌ عَلِيۡمٌ ﴿۹۸﴾ وَ مِنَ الۡاَعۡرَابِ مَنۡ يُّؤۡمِنُ بِاللّٰهِ وَ الۡيَوۡمِ الۡاٰخِرِ وَ يَتَّخِذُ مَا يُنۡفِقُ قُرُبٰتٍ عِنۡدَ اللّٰهِ وَ صَلَوٰتِ الرَّسُوۡلِ ؕ اَلَاۤ اِنَّهَا قُرۡبَةٌ لَّهُمۡ ؕ سَيُدۡخِلُهُمُ اللّٰهُ فِىۡ رَحۡمَتِهٖ ؕ اِنَّ اللّٰهَ غَفُوۡرٌ رَّحِيۡمٌ ﴿۹۹﴾

ကျေးရွာများ၌ နေထိုင်ကြကုန်သော အရပ်အမျိုးသားများ (မုနာ ဖိစ်ဂ်)များသည် 'ကုဖ်ရ်' သွေဖည် ငြင်းပယ်မှု တွင်လည်းကောင်း၊ 'နိဖာဂ်' အယောင်ဆောင်မှုတွင်လည်းကောင်း ပိုမိုၑ်ပင်ပြင်းထန်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်က မိမိ၏ရစူလ် တမန်တော်မြတ်အပေါ်၌ ချပေးသနားတော်မူသော အမိန့်ပညတ်တော်များကို ပို၍ပင် မသိထိုဂ်ကြသူများဖြစ်ကြ၏။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် နဂ်နဲ့ သိမ်မွေ့သော ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၉၇)

စင်စစ်သော်ကား ကျေးရွာများ၌ နေထိုင်ကြကုန်သော အရပ်အမျိုး သားတို့တွင် (ဇကားသ်၊ ဂျိဟားဒ် စသည့်မွန်မြတ်သော ကိစ္စများတွင်) မိမိတို့သုံးစွဲကြသည်တို့ကို 'ဒဂ်ဆောင်ခြင်းဖြစ်သည်'ဟု မှတ်ယူကြသူများလည်း ရှိကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် အသင်တို့နှင့်ပတ်သက်၍ အလှည့်ကြုံခြင်းများကို စောင့်မျှော်နေကြကုန်၏။ (အမှန်အားဖြင့်) ထိုသူ တို့အပေါ်၌ပင် မကောင်းသော အလှည့်ကြုံခြင်းသည် ရှိပေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အလုံးစုံတို့ကို ကြားတော်မူသော အရှင်၊ အရာခပ်သိမ်းတို့ကို သိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၉၈)

ထို့ပြင်ကျေးရွာများ၌ နေထိုင်ကြကုန်သော အရပ်အမျိုးသားတို့တွင် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်သူများလည်း ရှိကြကုန်၏။ ထိုသူတို့သည် (မွန်မြတ်သော ကိစ္စများ)၌ မိမိတို့ သုံးစွဲကြသည်များကို 'အလ္လာဟ်အရှင်မြတ် အထံတော်တွင် ချဉ်းကပ်ရန်အကြောင်းဖြစ်သည်' ဟူ၍လည်းကောင်း၊ 'ရစူလ်တမန်တော်မြတ် (မုဟမ္မဒ်)ဆုမွန်များ ရယူရန်အကြောင်းဖြစ်သည်' ဟူ၍လည်းကောင်း မှတ်ယူကြကုန်၏။ သတိပြုကြလေကုန်။ ဇကန်မလွဲသုံးစွဲသူများ သည်

ငင်းတို့အဖို့ ချဉ်းကပ်ရန် အကြောင်းပင် ဖြစ်ပေသည်။ ဇကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ငင်းတို့အား မိမိကရုဏာတော်တွင် ဝင်စေတော်မူအံ့။ ဇကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်တရာ ကြင်နာညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၉၉)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များတွင် မဒီနဟ်မြို့ရှိ အရေခြံများအကြောင်း ဖော်ပြခဲ့သည်။ လက်ရှိအာယသ်များသည် မဒီနဟ်မြို့စွန် မြို့ဖျားရှိ သဲကန္တာရထဲ၌ နေထိုင်သော အရေခြံများအကြောင်း ဖော်ပြထားသည်။

الاعراب အလ်အာရဗ် ဟူသောစကားလုံးသည် **العرب** အလ်အရဗ်၏ ဗဟုဝုဝ်ကိန်း မဟုတ်ပါ။ ဤစကားလုံးသည် **جمع اسم** (အစွမအလ်ဂျမာအ်-စုပေါင်းနာမ်)ဖြစ်ကာ သဲကန္တာရတွင်နေသော ဘီဒိုအင် လူမျိုးများ (အာရဗ်ကျေးတောသားများ) အတွက် အသုံးပြုသည်။ **الانصار** (အလ်အန်ဆွာရ်)၏ ဇကဝုဝ်ကိန်းသည် (အလ်အန်ဆွာရီ) ဖြစ်သကဲ့သို့ ယင်းစကားလုံး၏ ဇကဝုဝ်ကိန်းသည် **الاعرابي** (အလ်အရဗီ) ဖြစ်သည်။

အာယသ် (၉၇) ထဲတွင် ငင်းတို့၏ အခြေအနေကို ဖော်ပြထားသည်မှာ မြို့ပြတွင်နေထိုင်သူများ၏ မယုံကြည်မှုနှင့် အရေခြံမူထက် ယင်းလူများကပို၍ သာလွန်ကြသည်ဟူ၍ဖြစ်သည်။ အကြောင်းပြသည်မှာ ဤသူများသည် အသိ ပညာရှိသူများတို့နှင့် ဝေးနေသဖြင့် အများအားဖြင့် အသိဉာဏ်ခေါင်းပါးကာ အသည်းမာကြပါသည်။ ထို့နောက် စာသားများက မိန့်ထားသည်မှာ 'ဘီဒိုအင်လူမျိုးများ (အာရဗ်ကျေးတောသားများ)သည် အလ္လာဟ်အရှင်မြတ်ချပေးထားသော ကန့်သတ်များကို ပို၍ပင်မသိနားမလည်ကြပါ။ ဆိုလိုသည်မှာ ငင်းတို့နေထိုင်သော ပတ်ဝန်းကျင်က အလ္လာဟ်အရှင် မြတ် ဝဟီဖြင့်ချပေးသနားတော်မူသည့် ကန့်သတ်ချက်များကို ငင်းတို့လုံးဝမသိရှိကြပါ။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုသူများထံ မရောက်လာသကဲ့သို့ ကျမ်းမြတ်ပါအမိန့်တော်များနှင့် ရှင်းလင်းချက်များ အဓိပ္ပာယ်များကို ငင်းတို့မချဉ်းကပ်နိုင်ပါ။

ဒုတိယအာယသ် (၉၈)ထဲ၌ ဤဘီဒိုအင်လူမျိုးများ (အာရဗ်ကျေးတောသားများ) နှင့်ပတ်သက်သော အခြားအကြောင်းတစ်ခု ဖော်ပြထားသည်မှာ 'ဤသူများသည် ငင်းတို့၏ သုံးစွဲခြင်း (ဇကားသ်စသည်များ)ကို ဒဂ်ကြေးဆောင်ခြင်းဟု မှတ်ယူခဲ့ကြသည်'ဟူ၍ ဖြစ်သည်။

ထိုသူများ အဘယ့်ကြောင့် ထိုသို့လုပ်ရသနည်း။ အကြောင်းမှာ ငင်းတို့နှလုံးသားထဲ၌ အီမာန် ယုံကြည်မှုစိုးစဉ်းမျှမရှိ၍ဖြစ်သည်။ ဆွလာသ်ဝတ်ပြုခြင်း ကိစ္စအတွက်တွင်လည်း ထိုသူများသည် ငင်းတို့၏ မယုံကြည်မှုကို ဖုံးအုပ်ရန်အတွက်သာ ပြုလုပ်ကြသည်။ ထိုသူတို့သည် ဇကားသ်တာဝန်ကို ဖြည့်ဆည်းကြသည့်တိုင် ငင်းတို့ငွေကြေးများ အဘယ့်ကြောင့် မြောင်းထဲလွှင့်ပစ်ရသနည်းဟု ငင်းတို့နှလုံးသားက စိုးရိမ် သောကရောက်နေကြသည်။ ထို့ကြောင့်ဤသူများသည်ဤဒဂ်ကြေးအနေဖြင့်ပေးဆောင်ခြင်းမှကယ်တင်ခံရရန်အလို့ငှာမုစ်လင်မ်များအပေါ်ကပ်ဆိုးအချို့ကျရောက်ခြင်း၊ မုစ်လင်မ်များအပေါ် လွှမ်းမိုးအောင်နိုင်သွား မည့်အချိန်ကို စောင့်နေခဲ့ကြသည်။ **الدوائر** (အလ် ဒဝါအိရ်-အလှည့်ကြုံခြင်း)ဟူသော စကားလုံးသည် **دائرة** (ဒါအိရာဟ်)၏ဗဟုဝုဝ်ကိန်းဖြစ်သည်။ အာရဗ်စ် အဘိဓာန်အရ 'ဒါအိရာဟ်'ဆိုသည်မှာ ကောင်းသော အခြေအနေတစ်ရပ်မှ ဆိုးဝါးသောအခြေအနေတစ်ရပ်သို့ ပြောင်းခြင်းဟု

ဆိုလိုသည်။ ထို့ကြောင့် ထိုသူများကို တုန့်ပြန်သည့်အနေဖြင့် ကုရ်အာန်ကျမ်းတော်မြတ်က **عَلَيْهِمْ دَآئِرَةُ السَّوْءِ** 'ထိုသူတို့အပေါ်၌ပင် မကောင်းသော အလှည့်ကြုံခြင်းသည် ရှိပေသည်'ဟု မိန့်ထားသည်။ တစ်နည်းဆိုရသော် ထိုသူများက မုစ်လင်မ်များအပေါ် မကောင်းသည့် အခြေအနေကျရောက်စေလိုမှုသည် ၎င်းတို့အပေါ်၌သာလျှင် ကျရောက်စေပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများ၏ ပြောဆိုမှုများနှင့် လုပ်ရပ်များသည် ၎င်းတို့ကိုယ် ၎င်းတို့ ဂုဏ်အသရေမဲ့မှုနှင့် ထိုက်တန်စေပါသည်။

ဝေးလံသည့်သဲကန္တာရများထဲရှိအရေခြုံများ၏ လက်ရှိအခြေအနေကို ဖော်ပြပြီးသည့်နောက် ယင်း ဘီဒိုအင် (အာရဗ်ကျေးတောသား)အုပ်စုတွင်ရှိသော အမာခံမုစ်လင်မ်များအကြောင်း ဖော်ပြလျှင် သင့်လျော်မည်ဟုယူဆသည်။ ဤသည်ကို အာယသ် (၉၉)ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ စံပြပုံစံနှင့်အညီ ဖော်ပြထားသည်။ ယင်းသို့ဖော်ပြခြင်းက ဘီဒိုအင်(အာရဗ်ကျေးတောသား) များအားလုံး တပြေးညီတူညီ ကြသည်မဟုတ်ဟူသည်ကို အတည်ပြုပြီးသည်။ ယင်းတို့အထဲတွင် အသိအမြင်ထက်မျက်၍ ရိုးသားဖြူစင် သည့် မုစ်လင်မ်များလည်းရှိကြသည်။ သူတို့၏ ဘဝနေထိုင်မှု စတိုင်ဟန်ပန်မှာ မတူကွဲပြားသည်။ ထိုသူတို့က မပြုမနေရ အလှူဒါန (ဇကားသ်)၊ အခြားသောအလှူဒါန (ဆွဒကာဟ်) ပေးကမ်းမှုတို့ကို အလွှာဟ်အရှင်မြတ်နှင့် နီးကပ်စေသော အရင်းအမြစ်ဟု မှတ်ယူကြသည်။ တမန်တော်မြတ် ﷺ က သူတို့အတွက် ဒုအာဆုမွန် တောင်းပေးလိမ့်မည်ဟု မက်ထားကြပါသည်။

ထိုဆွဒကာဟ်များသည် အလွှာဟ်အရှင်မြတ်နှင့် နီးကပ်စေသည်မှာ ထင်ရှားသည်။ သို့သော်လည်း တမန်တော်မြတ် ﷺ ၏ ဆုမွန်ဒုအာတောင်းခြင်းကို မက်ထားခြင်းမှာကား မတူညီသောအခြေခံဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က မည်သည့်နေရာတွင်မဆို တမန်တော်မြတ် ﷺ အား မုစ်လင်မ်များ၏ဥစ္စာ ဓနနှင့် ပိုင်ဆိုင်ပစ္စည်းများအပေါ် ဇကားသ်ဒါနကြေးကောက်ခံရန် ညွှန်ကြားထားခဲ့သည့်တိုင်းတွင် ဇကားသ် ပေးလှူသူများအတွက် ဒုအာဆုမွန်တောင်းပေးရန်ကိုလည်း ညွှန်ကြားထားခဲ့ကြောင်းကို စိတ်တွင်းစွဲမဲ့မှတ်ထားသင့်သည်။ ရှေ့တွင် ဖော်ပြမည့်အာယသ် (၁၀၃) **خُذْ مِنْ اَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَ تُزَكِّيْهِمْ بِهَا وَ صَلِّ عَلَيْهِمْ** '(အိုနဗီတမန်တော်) အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ။ ယင်းသို့ (အလှူလက်ခံယူလိုက်ခြင်း)အားဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေနိုင်မည်။ ထို့ပြင် အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်းပါလေ။' ဟူသည်ကကောင်းမွန်သော ဥပမာတစ်ရပ်မဟုတ်ပါသလော။ တမန်တော်မြတ် ﷺ သည် ယင်းလူများအတွက် ဆုမွန်တောင်းသင့်သည်ဆိုသည့် ညွှန်ကြားချက်ကို **صل عليهم** 'ထို့ပြင် အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်းပါလေ'ဟု သုံးနှုန်းထားကာ ယင်းအတွက် **صلوة** (ဆွလာသ်)ဟူသော စကားလုံးသုံးထားသည်။ ထို့ကြောင့် လက်ရှိအာယသ်တွင်လည်း တမန်တော်မြတ် ﷺ ၏ ဆုမွန်ဒုအာများဟူသော အဓိပ္ပာယ်ကို **صلوة** (ဆွလာသ်) ဟူသောစကားသုံးနှုန်း၍ ဖော်ပြထားခဲ့သည်။

အာယသ် (၁၀၀)

وَ السّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ وَ الْاَنْصَارِ وَ الَّذِيْنَ اتَّبَعُوْهُمْ بِاِحْسَانٍ ۙ رَّضِيَ اللّٰهُ عَنْهُمْ وَ رَضُوْا عَنْهُ وَ اَعَدَّ لَهُمْ جَنّٰتٍ تَجْرِيْ تَحْتَهَا الْاَنْهٰرُ خٰلِدِيْنَ فِيْهَآ اَبَدًا ؕ ذٰلِكَ الْفَوْزُ الْعَظِيْمُ ﴿۱۰۰﴾

(အဒီမာန်သက်ဝင်ယုံကြည်ရာတွင် အမွှမသ်သား အားလုံးတို့ထက်) ရှေးဦး ပထမ ဖြစ်ကြကုန်သော 'မုဟာဂျိရိန်' သာဝကကြီးများသည်လည်းကောင်း 'အန်ဆွာရ်' (သာဝ ကြီး)များသည်လည်းကောင်း၊ ထို ('မုဟာဂျိရိန်' နှင့် 'အန်ဆွာရ်') တို့၏နောက်သို့ ကောင်းမွန်စွာ လိုက်ခဲ့ကြသူတို့သည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်သည် ထိုသူ များအပေါ်၌ ကျေနပ်တော်မူခဲ့လေပြီ။ ထိုသူတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ခဲ့ကြလေပြီ။ ၎င်းပြင်ထိုအရှင်မြတ်သည် ၎င်းတို့အဖို့ အကြောင် ဥယျာဉ်များကို အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူခဲ့လေသည်။ ထိုဥယျာဉ်များ၏ အောက်၌ စမ်းချောင်း များ စီးထွေလျက်ရှိကြပေသည်။ (၎င်းတို့သည်) ထိုဥယျာဉ်များတွင် ထာဝစဉ်နေထိုင် စံမြန်းလျက်ရှိကြပေမည်။ ဤကား ကြီးကျယ်မြင့်မြတ်လှသော အောင်မြင်မှုပေတည်း။ (၉ : ၁၀၀)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်၏အလျင်ဖြစ်သော အာယသ် (၉၉)ထဲတွင် သဲကန္တာရတွင်းနေသော ဘီဒိုအင် (အာရဗ်ကျေး တောသား) တို့အနက်မှ ဖြူစင်ရိုးသား၍ စစ်မှန်သောမုစ်လင်မ်များအကြောင်း ဖော်ပြခဲ့သည်။ လက်ရှိအာယသ် ထဲတွင် ဖြူစင်ရိုးသား၍ စစ်မှန်သောမုစ်လင်မ်အားလုံးနှင့် ၎င်းတို့၏သာလွန်ကောင်းမွန်သော အဆင့်အတန်းနှင့်အတူ ဖော်ပြ ထားသည်။

အဖွင့်အဆိုအမိန့်ဖြစ်သည်။ وَ السّٰبِقُوْنَ الْاَوَّلُوْنَ مِنَ الْمُهٰجِرِيْنَ وَ الْاَنْصَارِ (အဒီမာန်သက်ဝင်ယုံကြည်ရာတွင် အမွှမသ် သားအားလုံးတို့ထက်) ရှေးဦးပထမ ဖြစ်ကြကုန်သော 'မုဟာဂျိရိန်' သာဝကကြီးများသည်လည်းကောင်း၊ 'အန်ဆွာရ်' သာဝကကြီး) များသည်လည်းကောင်း၊ ဖြင့် ကျွန်ုပ်တို့စတင်ကြစို့။ ဋီကာရှင်အများစုက ဝိဘတ် مِن ကို 'သဗ်အိဒ်' ဟုမှတ်ယူကာ ယင်းကတစ်စုံတစ်ရာ၏ အစိတ်အပိုင်းဟု ဖော်ကျူးသည်။ ထို့ကြောင့် ယင်းကို 'အထဲမှ' ဟုဘာသာပြန်ထားသည်။ ယင်းသို့အဓိပ္ပာယ်သက်ရောက်သဖြင့် ပြောင်းရွှေ့လာသူများ (အလ်မုဟာဂျိရိန်)နှင့် (အန် ဆွာရ်) ကူညီသူများအဖြစ် ဆွဟာဗဟ်များတွင် နှစ်မျိုးနှစ်စားဖြစ်သွားစေသည်။ (၁) ပထမအတန်းအစားကား 'ရှေးဦး ပထမဖြစ်ကြကုန်သောနှင့် (၂) ၎င်းတို့ထဲမှ ကျန်ရှိသူ များဖြစ်ကြသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်က အထက်ပါအာယသ်တွင် ရည်ညွှန်းခဲ့သည့် ပထမအတန်းအစားဖြစ်သော 'ရှေးဦး ပထမဖြစ်ကြကုန်သော'ကိုသာ ရည်ညွှန်းသည်။ ထို့နောက် 'ရှေးဦးပထမဖြစ်ကြကုန်သော' ကိုသာ ထုတ်ဖော်ပြသခြင်း နှင့်ပတ်သက်၍ ဋီကာရှင်များတွင် ကွဲပြားသောအယူအဆများ ရှိကြသည်။ အချို့က မြင့်မြတ်သော ဆွဟာဗဟ်

သာဝကကြီးများထဲမှ 'ရှေးဦးပထမဖြစ်ကြကုန်သော' ဆွဟာဗဟ်များ သည် ကိဗလဟ်နှစ်ဖက်စလုံးကို မျက်နှာမူ၍ ဆွ လာသ်ဝတ်ပြုဆောက်တည်ခဲ့ကြသူများကို ဆိုလိုသည်ဟု မှတ်ယူကြသည်။ ဆိုလိုသည်မှာ ကိဗလာဟ်မပြောင်းမီကပင် အစွလာမ်ဘာသာ သက်ဝင်ယုံကြည်ခဲ့ကြသူများကိုသာ 'ရှေးဦး ပထမဖြစ်ကြကုန်သော' ဟုဆိုလိုသည်။ ဤအယူအဆ သည် စအီးဒ်အိဝ်နိအလ်မုစယ်ယိဝ်နှင့် ကသာဒါဟ်တို့၏ အယူ အဆဖြစ်သည်။ အသွာအိဗနိရာဗာဟ်က ဤ'ရှေးဦး ပထမဖြစ်ကြကုန်သော' ဆွဟာဗဟ်များမှာ ဗဒရ်စစ်ပွဲတွင် ပါဝင် ဆင်နွှဲခဲ့ကြသည့် ဆွဟာဗဟ်များဖြစ်ကြသည်။ ရှာအ်ဗီက 'ဗိုင်အတ် သွရ်ရိသွားန်' (ဟုဒိုင်ဗီယဟ် ပဋိညာဉ်စာချုပ်မှ အုပ်စုတွင် ပါဝင်ခဲ့ကြသူများသည်သာလျှင် 'ရှေးဦးပထမ ဖြစ်ကြကုန်သော' ဖြစ်သည်ဟု ပြောခဲ့သည်။ အယူအဆ တစ်ခုစီ၏ ဖော်ပြချက် အသီးသီးတွင် 'ဦးစွာပထမ ဖြစ်ကြကုန် သော' ဖော်ပြပြီးနောက် ကျန်သောဆွဟာဗဟ်များဖြစ်သည့် မုဟာဂျိရ် (ရွှေ့ပြောင်းလာသူများ) (သို့မဟုတ်) အန်ဆွာရ် (ကူညီထောက်ပံ့သူများ) သည် ဒုတိယအတန်းအစား ဖြစ်သွားကြသည်။ (မဇာဟီရီ၊ ကုရ်သုဗီ)

ဤအယူအဆအားလုံးသည် အစောပိုင်းပြောကြားခဲ့သကဲ့သို့ ဤအာယသ်ပါ ဝိဘတ်မင်နှ် **من** အား 'သဗ်အိဒ်'ဟု မှတ်ယူထားသည့်ပေါ် အခြေခံထားခြင်းဖြစ်သည်။ သို့သော်လည်း သဗ်စိရ်မဇာဟီရီ ကျမ်းက အခြား အဓိပ္ပာယ် တစ်ခုဖွင့်ဆိုမှု တစ်ခုတင်ပြထားသည်။ ထိုအဓိပ္ပာယ်ပြန်ဆိုချက်အရဆိုလျှင် ဤနေရာ ပါ ဝိဘတ် (မင်နှ်) သည် 'သဗ်အိဒ်'အတွက် သုံးနှုန်းထားခြင်းမဟုတ်ပါ။ ဤစကားလုံးသည် ရှေ့တွင် ပါလာသည့်စကားလုံးများကား ရှင်လင်းပြသသည့် 'ဗယာန်'အနေနှင့် သုံးနှုန်းထားကာ 'ဆိုလိုသည်မှာ' ဟူ၍ဖြစ်သည်။ သို့ဆိုလျှင် အာယသ်၏အဓိပ္ပာယ် ပြန်ဆိုမှုမှာ အောက်ပါအတိုင်းဖြစ်ပါလိမ့်မည်။ 'ရှေးဦးပထမ ဖြစ်ကြကုန်သော လူများအတွက်ဆိုလျှင် ဆိုလိုသည်မှာ ပြောင်းရွှေ့သူများ (မုဟာဂျိရ်)နှင့် ကူညီထောက်ပံ့သူများ (အန်ဆွာရ်) များ . . . .' ဖြစ်သည်။ ထို့ကြောင့်ဝါကျမှာ ကျန်ရှိ မုစ်လင်မ်အစွမ်သတ္တိနှင့် နှိုင်းယှဉ်လျှင် မုဟာဂျိရိန်နှင့် အန်ဆွာရ်များသည် ရှေးဦးပထမဖြစ်ကြကုန်သော သူများဖြစ်မည်ဟု ဆိုလိုလိမ့်မည်။

အချုပ်ဆိုရသော် ပထမသဗ်စိရ်တို့အရ ဆွဟာဗဟ်သာဝကကြီးများ၏ အတန်းအစားနှစ်မျိုးရှိသည်။ ယင်းတို့ မှာ 'ရှေးဦးပထမဖြစ်ကြကုန်သော' သူများဖြစ်ကြကာ၊ ဒုတိယအမျိုးအစားမှာ ကိဗ်လာဟ်ပြောင်းလဲ ပြီးမှ အစွလာမ် ဘာသာဝင်ရောက်ခဲ့သူများ သို့မဟုတ် ဗိုင်သွရ်ရိသွားန်ပြီးမှ အစွလာမ်ဘာသာဝင်ရောက်ခဲ့ကြ သူများဖြစ်ကြသည်။ နောက်ဆုံးဖော်ပြသည့် သဗ်စိရ်၏အနှစ်သာရမှာ မြင့်မြတ်သော ဆွဟာဗဟ်သာဝက ကြီးများအားလုံးသည် 'ရှေးဦး ပထမဖြစ်ကြကုန်သော' ဆွဟာဗဟ်များဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ 'အီမာန်' (ယုံကြည်မှု) သည် ကျန်မုစ်လင်မ်အွမ္မသ်ထုနှင့် နှိုင်းယှဉ်လျှင် ဦးစွာပထမဖြစ်ကြသည်။

အာယသ်တော်၏ဒုတိယဝါက **وَ الَّذِيْنَ اتَّبَعُوْهُمْ بِإِحْسَانٍ** အား 'ထို (မုဟာဂျိရ်နှင့်အန်ဆွာရ်) တို့၏နောက် ကောင်းမွန်စွာ လိုက်ရဲကြသူများသည် လည်းကောင်း'ဟူ၍ ဘာသာပြန်ဆိုထားသည်။ ယင်းက ဆိုလိုသည်မှာ 'ဦးစွာ ပထမဖြစ်ကြကုန်သော' သူများ၏ခြေရာများကို လုပ်ရပ်များနှင့် ကိုယ်ကျင့်တရားနယ်ပယ် အားလုံးတွင် တိတိကျကျနှင့် ပြီးပြည့်စုံစွာလိုက်နာခဲ့သော မုစ်လင်မ်များဟုဆိုလိုသည်။ ပထမဝါကျ၏ ပထမသဗ်စိရ်အရဆိုလျှင် ပထမအမျိုးအစား တွင် ပါဝင်သောသူများသည် အစွလာမ်သာသနာကို ကိဗ်လာဟ်ပြောင်းလဲပြီးမှ သော်လည်းကောင်း၊ ဗဒရ်စစ်ပွဲပြီးမှ သော်လည်းကောင်း ဟုဒိုင်ဗီယာ၏ဗိုင်အတ်ပြီးမှ သက်ဝင် ယုံကြည်ခဲ့ကြသော ပြောင်းရွှေ့သူ မုဟာဂျိရိန်နှင့် ကူညီ ထောက်ပံ့သူ (အန်ဆွာရ်)များအနက်မှ ဆွဟာဗဟ် များဖြစ်ကြသည်။ ထိုသူများနောက်တွင် မုစ်လင်မ်အားလုံးသည် ဒုတိယ အမျိုးအစား ဖြစ်သွားကြသည်။ ၎င်းမုစ်လင်မ်များမှာ ယုံကြည်မှု၊ လုပ်ဆောင်မှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာ

အားလုံးတွင် မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများ စံနမူနာအဖြစ်ပြခဲ့သည်များကို ကိယမသ်နေ့တိုင် ရိုးရိုးသားသားနှင့် စွမ်းစွာ လိုက်နာခဲ့ကြသူများဖြစ်ကြသည်။

အခြားသဖိစိရ်များအရ **اَلَّذِيْنَ اتَّبَعُوْهُ** ထို (မုဟာဂျိရ်နှင့်အန်ဆွာရ်) တို့၏နောက်သို့ ကောင်းမွန်စွာလိုက်ခဲကြသူများတို့' ဟူသော အသုံးအနှုန်းထဲတွင် မြင့်မြတ်သောဆွဟာဗဟ်များနောက် ပေါ်ထွန်းလာသည့် အစွယ်လာမ်အသုံးအနှုန်း အရ သာဗီအီန် ဟု ခေါ်ဆိုသူများပါဝင်သည်။ ဆွဟာဗဟ်ကြီး များ၏ဆက်ခံသူများ (သို့မဟုတ်) သာဗီအီန်များဟု သီးခြား ဖော်ပြပြီးသူများ နောက်တွင် (အလ်အီမာမ်၊ အလ်အာမာလ်၊ အတ်စ်ဆွာလေ့) ယုံကြည်မှုတွင် စင်ကြယ်၍ လုပ်ရပ်တွင်ကောင်းမွန်ခြင်းဖြင့် ဆွဟာဗဟ်များချမှတ်ထားခဲ့သည့်အတိုင်းတိတိကျကျနှင့်ပြီးပြည့်စုံစွာလိုက်နာကြမည့် ကိယာမသ်နေ့တိုင် ပေါက်ဖွားမည့်မုစ်လင်မ်များ ပါဝင်သည်။

ဆွဟာဗဟ်အားလုံးသည် ဂျန္နသ်သားများဖြစ်ကြကာ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုနှင့် ကောင်းချီးမင်္ဂလာပေးခံရသူများဖြစ်ကြသည်

တစ်စုံတစ်ဦးက မုဟမ္မဒ်အိဗနိကအ်ဗ် အလ်ကုရာဇီထံ 'တမန်တော်မြတ် ﷺ ၏ ဆွာဟာဗဟ် သာဝကကြီးများနှင့် ပတ်သက်၍ ၎င်းတို့ကို သင်မည်သို့ ထင်မြင်သနည်း'ဟုမေးမြန်းခဲ့သည်။ သူပြောသည်မှာ ဆွဟာဗဟ်အချို့ အမှားအယွင်းများနှင့် အပြစ်ဂုနာဟ် ကျူးလွန်ခဲ့ကြလင့်ကစား ယင်းဆွဟာဗဟ်များသည် ဂျန္နသ်သုခဘုံတွင်ပင် ရှိကြပါသည်။ 'ထိုသူက ထပ်မံ၍ငင်းအားမေးမြန်းသည်မှာ'မည်သည်ကို အခြေခံ၍အသင်ယင်းသို့ပြောနိုင်သနည်း သူကပြောသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ် **اَلسّٰبِقُوْنَ الْاَوَّلُوْنَ** (ရှေးဦးပထမ ဖြစ်ကြကုန်သော . . .) ကို ဖတ်ပါလေ။ ဤအထဲတွင်ပါဝင်သော အားလုံးသောဆွဟာဗဟ်များ အကြောင်း ပြောထားရာတွင် မည်သည့် ကန့်သတ်ချက်မှ မပါဝင်ဘဲ **رضى الله عنهم ورضوا عنه** (အလ္လာဟ်အရှင်မြတ်သည် ထိုသူများအပေါ်၌ ကျေနပ်တော်မူခဲ့လေပြီ။ ထိုသူတို့သည်လည်း ထိုအရှင်မြတ်အပေါ်၌ ကျေနပ်ခဲ့ကြလေပြီ' က ရှင်းလင်းစွာမိန့်ထားသည်။ သို့ရာတွင် သာဗီအီန် (ဆွဟာဗဟ်များအား ဆက်ခံသူများ) အတွက်မှာမူ **اتبا ع بإحسان** (ကောင်းမွန်စွာလိုက်ခဲ့ခြင်း) ဟူသည့် အခြေအနေတစ်ခုပါလာသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ မြင့်မြတ်သော ဆွဟာဗဟ်သာဝကကြီးများအားလုံးသည် မည်သည့် အခြေအနေ (သို့မဟုတ်) ကင်းလွတ်ချက်မျှမပါဘဲ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုလက်ခံရရှိသူများအဖြစ် ဂုဏ်ပေးခြင်းခံရသည်။

ဤအဆိုအမိန့်တင်ပြပြီးသည့်နောက် သဖိစိရ်မဇာဟီရီကျမ်းရှင်က ပြောသည်မှာ ကျွန်ုပ်အမြင်အရ ဆိုလျှင် အောက်ပါအာယသ် **لَا يَسْتَوِى مِنْكُمْ مَّنْ أَنْفَقَ مِنْ قَبْلِ الْفَتْحِ وَقَاتَلَ أُولٰئِكَ أَعْظَمُ دَرَجَةً مِّنَ الَّذِيْنَ أَنْفَقُوْا مِنْ بَعْدُ وَقَاتَلُوْا وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى** ထဲတွင် လေးစားအပ်သော ဆွဟာဗဟ်အားလုံးသည် ဂျန္နသ်သုခဘုံနှင့် ထိုက်တန်သည်ဟူသော ပိုမိုခိုင်လုံသည့်အချက်အတွက် သက်သေပြချက်ပါဝင်သည်။ ဤအာယသ်တော်ထဲ၌ ပထမမှအဆုံးထိ ဆွဟာဗဟ်သာဝကအားလုံးကို ဂျန္နသ်(သို့မဟုတ်) သုခဘုံဖြစ်သော 'အလ်ဟုစ်နာ' အတွက် ကတိပေးပြီးဖြစ်ကြောင်း ပြည့်ပြည့်စုံစုံနှင့် ရှင်းလင်းစွာဖော်ပြထားသည်။ (၅၇း၁၀)

ထို့နောက်ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သခင် မိန့်ကြားထားသည်ကို တင်ပြရာ၌ 'ဂျာဗာန္နမ်(ဂရဲ)၏ မီးသည် ငါကိုယ်တော်ကို တွေ့မြင်ပြီးခဲ့သောသူ သို့မဟုတ် ငါကိုယ်တော်မြတ်အား တွေ့မြင်ခဲ့သူများကို တွေ့မြင်ခဲ့သူတို့အား မထိနိုင်ပါ။' (စိုက်ယိဒနာဂျာဗိရ် [d] မှတစ်ဆင့် သိရ်မီဇီကျမ်း)

သတိပေးချက်မှတ်စုတစ်ခု

သူတို့အချင်းချင်း သဘောထားကွဲလွဲမှုများမှာ ပေါ်ထွက်လာသည်ကို အခြေခံ၍ ဆွဟာဗဟ်သာဝကကြီးများအား ရိုသေလေးစားသော မုစ်လင်မ်များ၏ နှလုံးသားဝယ်ဒွိဟနှင့် မငြိမ်သက်မှုများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့်လေးစားဖွယ် ဆွဟာဗဟ်အချို့ကို ဝေဖန်သူများသည် စင်စစ်တွင် အန္တရာယ်ကြီးမားသော လမ်းလျှောက်နေကြသူများဖြစ်ကြသည်။ ထိုကဲ့သို့သောအဖြစ်မျိုးမှ အကာအကွယ်ရရန် ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှာခိုလှုံပါ၏။

အာယသ် (၁၀၁)

وَمِمَّنْ حَوْلَكُمْ مِّنَ الْاَعْرَابِ مُنٰفِقُوْنَ ۛ وَمِنْ اَهْلِ الْمَدِيْنَةِ ۛ مَرَدُوْا عَلَى النِّفَاقِ ۖ لَا تَعْلَمُهُمْ ۗ نَحْنُ نَعْلَمُهُمْ ۗ سَنُعَذِّبُهُمْ مَّرَّتَيْنِ ثُمَّ يُرَدُّوْنَ اِلٰى عَذَابٍ عَظِيْمٍ ﴿١٠١﴾

ထို့ပြင်အသင်တို့၏ ပတ်ဝန်းကျင်၌ ရှိကြကုန်သော အရပ်ကျေး တောသားတွင်လည်းကောင်း၊ မဒီနဟ် မြို့သားတို့တွင်လည်းကောင်း အကြင်ကဲ့သို့သော 'မုနာဖိစ်ကဲ့' အရေခြုံများရှိကြကုန်၏။ ထိုသူတို့ သည် 'နိဖာက်' အယောင်ဆောင်မှုဌာပင် ဖွတ်မှိတ်၍ စွမ်းစွာနေခဲ့ကြလေသည်။ အသင်တို့သည် ထိုသူတို့အားမသိချေ။ ငါအရှင်မြတ်သည် ထိုသူတို့အား သိတော်မူ၏။ မကြာမြင့်မီကပင် ငါအရှင်မြတ်သည် ၎င်းတို့အား နှစ်ကြိမ်တိုင်တိုင် ပြစ်ဒဏ်ပေးတော်မူမည်။ တစ်ဖန် ၎င်းတို့သည် ကြီးလေးလှသော ပြစ်ဒဏ်သို့ရောက်စေခြင်းကို ခံကြရပေမည်။ (၉ : ၁၀၁)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော်များစွာထဲ၌ ၎င်းတို့၏ပြောဆိုမှုနှင့် လုပ်ဆောင်မှုများမှတစ်ဆင့် ၎င်းတို့အရေခြုံမှုဖော်ထုတ်ပြသပြီးဖြစ်သွားသော အရေခြုံများအကြောင်းပါဝင်သည်။ ထို့ပြင်တမန်တော်မြတ် ﷺ သည် ထိုသူများအရေခြုံဖြစ်ကြောင်း သိရှိနားလည်သဘောပေါက်သည်။ အထက်ဖော်ပြပါအာယသ်ထဲတွင် ထိုအရေခြုံများ၏ အရေခြုံမှုကို ဖုံးကွယ်ထားသည်မှာ မည်မျှပြည့်စုံအောင် ဖုံးကွယ်ထားသနည်းဆိုလျှင် ယင်းအချိန်ထိတိုင် ကိုယ်တော်မြတ် ﷺ က မသိရှိခဲ့ပါ။ ဤအာယသ်ထဲတွင် အရိုးစွဲနေသော အရေခြုံများ အပေါ်၌ အာခိရတ်မတိုင်မီပင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု နှစ်ခုကျရောက်မည့်အကြောင်း ဖော်ပြ ထားသည်။ ပထမနေဖြင့် ဤကမ္ဘာလောကမှာပင် ထိုသူများသည် ၎င်းတို့၏အရေခြုံမှု ဖုံးကွယ်ရန်သောကနှင့် ယင်းဖုံးကွယ်မှု ပေါ်သွားမည်ကို ကြောက်ရွံ့မှုဖြင့် ကုန်ဆုံးသွားမည်။ ထို့နောက်သူတို့သည် မုစ်လင်မ်များနှင့် အစွမ်းကိုရန်လိုချင် အလွန်အကျူးမနာလိုလင့်ကစား အပြင်ပန်းအားဖြင့် ၎င်းတို့က ရိုသေသယောင်၊ လိုက်နာသယောင်ပြု၍ အတင်းအကြပ်နေရ၍ ခံစားရသည်မှာပင် ပြစ်ဒဏ်တစ်ရပ်ခတ်မှုတစ်မျိုးပင်ဖြစ်သည်။ ထို့နောက် ကဗရ်သခ်ျိုင်းအတွင်း ပြစ်ဒဏ်ခတ်ခံရမှု၊ ဗရ်ဇခ် (သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထမှု မတိုင်မီရှိသောအချိန်)တွင် ပြစ်ဒဏ်ခတ်ခံရမှုဆိုသည့် ပြစ်ဒဏ်ခတ်မှုတစ်မျိုးသည် ကိယာမသ် (တရားစီရင်မည့်နေ့) နှင့် အာခိရတ် (တမလွန်ဘဝ) မတိုင်မီ ၎င်းတို့ ခံစားရလိမ့်မည်ဖြစ်သည်။

အာယသ် (၁၀၂-၁၀၆)

وَ اٰخَرُوْنَ اعْتَرَفُوْا بِذُنُوْبِهِمْ خَلَطُوْا عَمَلًا صَالِحًا وَّ اٰخَرَ سَيِّئًا ؕ عَسَى اللّٰهُ اَنْ يَّتُوْبَ عَلَيْهِمْ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ﴿۱۰۲﴾ خُذْ مِنْ اَمْوَالِهِمْ صَدَقَةً تُطَهِّرُهُمْ وَ تُزَكِّيْهِمْ بِهَا وَ صَلِّ عَلَيْهِمْ ؕ اِنَّ صَلٰوتَكَ سَكَنٌ لَّهُمْ ؕ وَ اللّٰهُ سَمِيْعٌ عَلِيْمٌ ﴿۱۰۳﴾ اَلَمْ يَعْلَمُوْۤا اَنَّ اللّٰهَ هُوَ يَقْبَلُ التَّوْبَةَ عَنْ عِبَادِهٖ وَ يَاْخُذُ الصَّدَقٰتِ وَ اَنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۰۴﴾ وَ قُلِ اعْمَلُوْا فَسَيَرَى اللّٰهُ عَمَلَكُمْ وَ رَسُوْلُهٗ وَ الْمُؤْمِنُوْنَ ؕ وَ سَتُرَدُّوْنَ اِلٰى عٰلِمِ الْغَيْبِ وَ الشَّهَادَةِ فَيُنَبِّئُكُمْ بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۱۰۵﴾ وَ اٰخَرُوْنَ مُرْجَوْنَ لِاَمْرِ اللّٰهِ اِمَّا يُعَذِّبُهُمْ وَ اِمَّا يَتُوْبُ عَلَيْهِمْ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۱۰۶﴾

ထို့ပြင် အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များကို ဝန်ခံခဲ့ကြလေသည်။ ထိုသူတို့သည် ကောင်းမြတ်သော အကျင့်အမူနှင့် မကောင်းသော အကျင့်အမူကို ရောနှောပြုလုပ်ခဲ့ကြလေသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ ဘက်သို့ ကရုဏာတော်နှင့် လှည့်တော်မူရန် မျှော်ကိုးရာ၏။ ဇကာတ်စစ် အလ္လာဟ် အရှင်မြတ်သည် (ပြစ်မှုများကို) အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အရှင် (မိမိကျွန်များအပေါ်၌) အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။ (၉ : ၁၀၂)

(အို-နဗီတမန်တော်) အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံလိုက်ပါ။ ယင်းသို့ (အလှူလက်ခံလိုက်ခြင်း) အား ဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေနိုင်မည်။ ထို့ပြင် အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်း ပါလေ။ အကြောင်းသော်ကား အသင်၏ဆုမွန်တောင်းခံခြင်းသည် ၎င်းတို့အဖို့ ငြိမ်းအေး သက်သာ (နှစ်သိမ့်ကျေနပ်)မှုပင် ဖြစ်ချေသည်။ စင်စစ်တစ်မူကား အလ္လာဟ် အရှင်မြတ် သည် အလုံးစုံတို့ကို ကြားတော်မူသောအရှင်၊ အရာခပ်သိမ်း တို့ကို သိတော်မူသောအရှင် ဖြစ်တော်မူချေသတည်း။ (၉ : ၁၀၃)

မုချဇကန် အလ္လာဟ်အရှင်မြတ်သည်ပင် မိမိကျွန်များ၏ ဝန်ချ တောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူသည်ကို လည်းကောင်း၊ ထိုအရှင်မြတ်သည်ပင် အလှူဒါန ဝတ္ထု ပစ္စည်းများကို လက်ခံတော်မူသည် ကိုလည်းကောင်း ထိုအရှင်မြတ်သည်သာလျှင် (မိမိကျွန်များ၏) ဝန်ချတောင်းပန်ချက်ကို အလွန်တရာ သဘောတူ လက်ခံတော်မူသော

အရှင်၊ (ၾကီးတို့အပေါ်၌) အလွန်တရာ သနား ကြင်နာညှာတာတော်မူသော အရှင် ဖြစ်တော်မူပေသည်ကို ၎င်းတို့သည် မသိကြလေသလော။ (၉ ။ ၁၀၄)

ထိုမှတစ်ပါး အသင်သည် (ဤသို့) ပြောကြားပါလေ။ 'အသင်တို့ သည် (အသင်တို့ နှစ်သက်ရာများကို) ပြုလုပ်ကြလေကုန်။ မကြာမြင့်မီ အသင်တို့၏ အပြုအမူကို အလ္လာဟ်အရှင်မြတ်သည်လည်းကောင်း၊ ထို အရှင်မြတ်၏ ရာဇလ်တမန်တော်မြတ်သည် လည်းကောင်း၊ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့သည်လည်းကောင်း တွေ့မြင်ကြပေ မည်။ ထိုမှတစ်ပါး အသင်တို့သည် ဖုံးအုပ်လျက်ရှိသော အရာတို့ကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစွာ သိမြင်နိုင်သောအရာတို့ကိုလည်းကောင်း သိတော်မူ သောအရှင် မြတ်ထံတော်သို့ မုချပြန်ရောက်စေခြင်းကို ခံကြရပေမည်။ တစ်ဖန် ထိုအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုမူလျက်ရှိကြ သည်တို့ကို ထုတ်ဖော်မိန့်ကြားတော်မူပေမည်။ (၉ ။ ၁၀၅)

အကျယ်ဖွင့်ဆိုခြင်း

မုစ်လင်မ်များအားလုံးကို သဗုခ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ခဲ့သောအချိန်၌ ရာသီဥတုမှာ အလွန်တရာ ပူပြင်းခဲ့သည်။ ခရီးစဉ်ကလည်း ရှည်လျားကာ မုစ်လင်မ်များသည် ကြီးမားသော နိုင်ငံတစ်ခု၏ လေ့ကျင့်ထားပြီးသော စစ်တပ်တစ်တပ်နှင့် ရင်ဆိုင်တိုက်ရမည်ဖြစ်သည်။ ယင်းသို့သောဖြစ်စဉ်သည် အစွမ်းသမိုင်းတွင် ပထမဆုံးသော အဖြစ်အပျက်ဖြစ်သည်။ ဤသည်အကြောင်းတို့မှာ လူအများအုပ်စုကွဲသွားခြင်း၏ အကြောင်းအချို့ဖြစ်သည်။

ပထမအုပ်စုသည် ဂျီဟာဒ်အတွက် ခေါ်လျှင်ခေါ်ချင်း တုန့်ဆိုင်းမှုမရှိသော ရိုးသားဖြူစင်သည့် မုစ်လင်မ်များ ဖြစ်သည်။ နောက်အုပ်စုသည် ပထမတွင် တုန့်ဆိုင်းနေခဲ့သော်လည်း နောင်တွင် ပါဝင်ဆင်နွှဲခဲ့ကြသူများဖြစ်သည်။ **اَلَّذِيْنَ اتَّبَعُوْهُ فِيْ سَاعَةِ الْعُسْرَةِ مِنْۢ بَعْدِ مَا كَادَ يَزِيْغُ قُلُوْبُ فَرِيْقٍ مِّنْهُمْ** 'ယင်းမုဟာဂျိရိန် နှင့်အန်ဆွာရ်သာဝကတို့သည် မိမိတို့ အနက် လူတစ်စုု၏ စိတ်နလုံးများ တိမ်းစောင်းလုဆဲဆဲ ဖြစ်ပြီးနောက် ကြပ်တည်းသောအချိန်ကာလ၌ နဗီ တမန်တော်မြတ်၏ နောက်သို့လိုက်ခဲ့ကြကုန်၏။ (၉ ။ ၁၁၇) ထဲတွင် ပါဝင်သည်မှာ ထိုသူများအကြောင်း ဖြစ်သည်။

တတိယအုပ်စုတွင် ပါဝင်သူများမှာ အမှန်တကယ် ကိုယ်လက်အင်္ဂါချို့ယွင်းသူများဖြစ်ကြကာ ယင်းကြောင့် ထိုသူများ မပါဝင်နိုင်သူများဖြစ်သည်။ ထိုသူများအကြောင်း **لَيْسَ عَلَى الضُّعَفَآءِ** 'အားအင်ချည့်နဲ့သူတို့အပေါ်၌ (စစ်တလင်းသို့ မလိုက်ခဲ့ကြသောကြောင့်) အပြစ်တစ်စုံတစ်ရာမျှမရှိပြီး' (၉ ။ ၉၁)တွင် ဖော်ပြထားသည်။ စတုတ္ထအုပ်စု ထဲတွင် ပျင်းရိမှုမှအပ မည်သည့် အကြောင်းပြချက်မျှမရှိဘဲ ဂျီဟာဒ်စစ်ပွဲမဲပါဝင် မဆင်နွှဲခဲ့ကြသည့် ဖြူစင်ရိုးသားသော မုစ်လင်မ်များပါဝင်သည်။ ၎င်းတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့လေ့လာသည် **اُخَرُوْنَ اعْتَرَفُوْا** ' ထို့ပြင်အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များကို ဝန်ခံခဲ့ကြလေသည်။ (၁၀၂)'နှင့် **وَاُخَرُوْنَ مُرْجَوْنَ** 'ၾကပြင် အခြားသူတို့လည်း ရှိကြကုန် ၏။ ထိုသူတို့၏ အရေးကိစ္စမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်(ကျရောက်သည်) အထိ ရွေ့ဆိုင်းထားပြီး ဖြစ်ချေ သည်။ (၁၀၆)'ထဲတွင် ဖော်ပြထားသည်။ ပဉ္စမအုပ်စုတွင် အရေးခြုံမှုကြောင့် ဂျီဟာဒ်စစ်ပွဲမဲပါဝင်သည့် အရေးခြုံများ ပါဝင်သည်။ ၎င်းတို့အကြောင်းပြီးခဲ့သော အာယသ်များစွာထဲတွင် ဖော်ပြပြီး

ဖြစ်သကဲ့သို့ လက်ရှိအာယသ် (၁၀၂)ထဲတွင်မူ စစ်မှန်သော မုစ်လင်မ်များဖြစ်လင့်ကစား ပျင်းရိမှုကြောင့် ဂျီဟာဒ် စစ်ပွဲမဲပါဝင်ခဲ့သည့် စတုတ္ထအုပ်စုပါ လူများ အကြောင်း ဖြစ်သည်။

ပထမအာယသ် (၁၀၂)ထဲ၌ အချို့သူများသည် ၎င်းတို့၏အပြစ်ကို ဝန်ခံခဲ့ကြောင်းမိန့်ထားသည်။ သူတို့၏ လုပ်ရပ်များသည် ရေပြွမ်းနေသည်။ ၎င်းတို့လုပ်ရပ်အချို့မှာ ကောင်းသော်လည်း အချို့လုပ်ရပ်များမှာ အဆိုးဖြစ်သည်။ ထိုသူတို့အတွက် အလ္လာဟ်အရှင်မြတ်က ၎င်းတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံနိုင်သည် ဆိုသည့် မျှော်လင့်ချက် ရှိသည်။ စိုက်ယိဒိနာ အိပ်နိုအဗ္ဗားစ် d ကပြောသည်မှာ လူဆယ်ဦးသည် သဗုခ်စစ်ပွဲတွင် မလိုက်ပါခဲ့ကြပါ။ ထို လုပ်ဆောင်ခြင်းအတွက် ၎င်းတို့တွင် ခိုင်လုံသောအကြောင်းပြချက် မရှိချေ။ နောက်ပိုင်းတွင် သူတို့လုပ်ခဲ့သည့်လုပ်ရပ် အတွက် ပူဆွေးပမ်းနည်းနေကြသည်။ ထိုဆယ်ဦးအနက်မှ ခုနစ်ဦးသည် တမန်တော်မြတ် s သခင်၏ ဗလီဝတ် ကျောင်းတော်ရှိ ကျောက်တိုင်များတွင် အကျဉ်းသားသဖွယ် မိမိကိုယ် မိမိ ကြိုးဖြင့်ချည်နှောင်ထားခဲ့ကြသည်။ တမန် တော်မြတ် s သခင်က ၎င်းတို့၏ ဝန်ချတောင်းပန်မှုကို လက်ခံပြီးသူတို့ကို မဖြည်ပေးသမျှကာလပတ်လုံး ထိုသို့ရှိကြ မည်ဟု အဓိဋ္ဌာန်ပြုထားသည်။ ဤအဖြစ်အပျက်နှင့်ပတ်သက်သော ဆင့်ပြန်ချက်အားလုံးက စိုက်ယိဒိနာ အဗူလူဗာ ဗဟ် d သည် တစ်ဦးအပါအဝင်ဖြစ်ကြောင်း သဘောတူညီကြသည်။ ကျန်သူများ၏အမည်များမှာမူ ဆင့်ပြန်ချက်များ တွင် ကွဲပြားကြသည်။

တမန်တော်မြတ် s က ထိုသူတို့အား ချည်နှောင်ထားမှုကို တွေ့မြင်ခဲ့ရပြီး ထိုသူများက ကိုယ်တော်မြတ် s မဖြည်ပေးသမျှကာလပတ်လုံး ယင်းသို့ချည်နှောင်လျက်နေမည်ဟု သန္ဋိဌာန်ချထားကြောင်း လျှောက်တင်ကြသော အခါကိုယ်တော်မြတ် s က 'အလ္လာဟ်အရှင်မြတ်၏ကစမ်ဝါကိုယ်တော်မြတ်သည်လည်းအလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်မကျရောက်ဘဲ ဖြည်ပေးလိမ့်မည်မဟုတ် ပြစ်မှုသည်ကြီးလေးလှသည်'ဟု ပြောကြားခဲ့သည်။ ထိုစဉ် ဤအာယသ်တော်(၁၀၂) ကျရောက်ခဲ့ကာ တမန်တော်မြတ် s က ထိုသူများအား ဖြည်ပေးရန် အမိန့်တော်ပေးတော်မူ ခဲ့သည်။ သူတို့ချုပ်နှောင်မှုမှ လွတ်ပေးခဲ့သည်။ (ကုရ်သုဗီ)

စအီးဒ်အိဗနိအလ်မုဗိုးယိဗ်၏ ဆင့်ပြန်ချက်တစ်ရပ်အရ လူအများသည် စိုက်ယိဒနာ အဗူလုဗာဗဟ် d ကို ကြိုးဖြေပေးရန် လာရောက်ခဲ့ရာ ၎င်းပြင်ပြင်းဆန်၍ ပြောခဲ့သည်မှာ 'ကိုယ်တော်မြတ် s သခင် ကိုယ်တိုင်ကျေကျေ နပ် နပ်ဖြင့် ကိုယ်တော့်လက်ဖြင့် မဖြေပေးသမျှ ကာလပတ်လုံး ချည်နှောင်လျက်ပင်နေပါမည်' ။ ထို့ကြောင့် တမန်တော် မြတ် s သခင်သည် ဖဂျိရ်ဆွလာသ်ပြုရန်လာသောအခါ၌ ကိုယ်တော်မြတ်ကိုယ်တိုင် ကြိုးဖြေပေးခဲ့သည်။

ဤရောပြွမ်းနေသည့် လုပ်ရပ်များကား မည်သည်များနည်း

အာယသ်ထဲတွင် သူတို့သည် ကောင်းမှုကောင်းရာ တစ်ရပ်လုပ်ရာတွင် အခြားမကောင်းသည့်လုပ်ရပ်များ ရောပြွမ်းနေခဲ့သည်ဟု မိန့်ထားခဲ့သည်။ ကောင်းမြတ်သည်များမှ ထင်ရှားသည်မှာ အီမာန်ဆွလာသ် ဝတ်ပြုခြင်းနှင့် ဥပုသ် သီလဆောက်တည်ခြင်းတို့ဖြစ်သည်။ ထို့နောက် ထိုသူတို့သည် တမန်တော်မြတ်နှင့် အတူတကွ အစောပိုင်း စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့နောက် ၎င်းတို့မပါဝင်ခဲ့သည့် သဗုခ်စစ်ပွဲ`နောက်တွင် ထိုသူများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်အတွက် ဝန်ခံကာ ယင်းလုပ်ရပ်အတွက် အရှက်ရကြပြီးနောက် ဝန်ချတောင်းပန်ခဲ့သည်။ မကောင်းသည်များမှာကား ထိုသူတို့သည် သဗုခ်စစ်ပွဲတွင် မပါဝင် မဆင်နွှဲခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏လုပ်ရပ် သည် အရေခြံများ၏ ချဉ်းကပ်မှုနှင့် တူညီသွားခဲ့သည်။

မုစ်လင်မ်များအားလုံး၏ ရောပြွမ်းသောလုပ်ရပ်များသည် ဤဥပဒေသအောက်တွင် အကျုံးဝင်သည်

သဖိစိရ်အလ်ကုရ်သုဗီကျမ်းထဲ၌ပါသည်မှာ ဤအာယသ်သည် သီးသန့်အုပ်စုတစ်ခုအတွက်ကြောင့် ကျ ရောက်ခဲ့သော်လည်း စကြဝဠာတစ်ခုလုံးအတွက်ဖြစ်ကာ ယင်းဥပဒေပါလုပ်ဆောင်မှုနှင့် အမိန့်ပညတ်ချက်သည် ကိယာမသ်နေ့တိုင် အတည်ဖြစ်နေမည်။ ဤဥပဒေသသည် မုစ်လင်မ်များအားလုံး၏ အကောင်းနှင့်အဆိုးလုပ်ရပ်များ ရောပြွမ်းနေသည့်လုပ်ရပ်များအားလုံး အကျုံးဝင်သည်။ အကယ်၍ သူတို့သည် ပြစ်မှု ဂုနာဟ်အတွက် ဝန်ချတောင်းပန်ခဲ့လျှင် ခွင့်လွှတ်ခံရ၍ လွတ်ငြိမ်းချမ်းသာခွင့်ရမည်ဟု မျော်လင့်နိုင်သည်။

အဗူအွသ်မာန် d ကပြောသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်က ဤအွမွသ်ထု အတွက် ကြီး မားသောမျော်လင့်ချက်ဖြစ်စေသည်'ဟူ၍ ဖြစ်သည်။ စိုက်ယိဒနာ စမုရာဟ်အိဗနိဂျွန်ဒွပ် d ၏ ခိုင်လုံမှုအရ ဆွဟီးဒ် အလ်ဗုခါရီကျမ်းပါ တမန်တော်မြတ် s မဲအ်ရာဂျ် ကောင်းကင်ခရီးကြွမြန်းသည်ကို အသေးစိတ်ဖော်ပြသည့် ဟဒီးဆ် တော်တစ်ရပ်၌ မိန့်ထားသည်မှာ 'တမန်တော်မြတ် s သည် မိုးကောင်းကင်(၇)ထပ်သို့ ရောက်ရှိသောအခါ စိုက်ယိဒနာ အိဗ်ရာဟီးမ် a သခင်နှင့် တွေ့ခဲ့ရသည်။ ကိုယ်တော်မြတ် s သည် စိုက်ယိဒနာ အိဗ်ရာဟီးမ် a နှင့်အတူ မျက်နှာများ လင်းဝင်းတောက်ပနေသော သူများကို တွေ့ခဲ့ရသည်။ ထိုပြင် ထိုသူများအနက် အချို့သူတို့၏မျက်နှာများပေါ်တွင် အကွက်နှင့်အစွန်း များရှိနေခဲ့ကြသည်။ ဤသူများသည် စမ်းရေချောင်းတစ်ခုတွင်ဆင်း၍ သန့်ရှင်းကာတက်လာသော အခါ ထိုသူများ၏မျက်နှာများ ဝင်းလက်တောက်ပနေခဲ့သည်။ ကောင်းကင်စေတမန် ဂျိဗရာအီလ် a က တမန်တော် မြတ် s ကို ပြောသည်မှာ ကိုယ်တော်မြတ် ပထမဦးစွာမြင်ခဲ့ရသည့် လင်းဝင်းတောက်ပသော မျက်နှာရှင်များသည် အီမာန်သက်ဝင်ယုံကြည်ပြီး ပြစ်မှုဂုနာဟ်များမှ ကင်းစင်အောင် နေခဲ့ကြသူများဖြစ်သည်။ اَلَّذِيْنَ اٰمَنُوْا وَ لَمْ يَلْبِسُوْٓا اِيْمَانَهُمْ بِظُلْمٍ 'အကြင်သူတို့သည် အီမာန် သက်ဝင်ယုံကြည်ကြ၏။ ၎င်းပြင် ထိုသူများသည် မိမိတို့အီမာန်သက်ဝင် ယုံကြည်မှုကို ရှစ်ရိက်တွဲဖက်ကိုးကွယ်မှုနှင့် ရောနှောခြင်းကိုလည်း မပြုခဲ့ကြချေ။ (၆ : ၈၂)' အခြားသူများမှာမူ ကောင်းမှုနှင့်မကောင်းမှု ရောပြွမ်းလုပ်ဆောင်ခဲ့ကာ နောင်တွင် ဝန်ချတောင်းပန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံခဲ့ပြီး သူတို့၏ ပြစ်မှုဂုနာဟ်များကို ခွင့်လွှတ်ချမ်းသာပေးတော်မူခဲ့သည်။'

(ကုရ်သုဗီ)

ဒုတိယအာယသ်တော် (၁၀၃)ပါ နာခံရမည့် အမိန့်တော်ဖြစ်သည့် خُذْ مِنْ اَمْوَالِهِمْ صَدَقَةً '(အိုနဗီတမန်တော်) အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ (၁၀၃) ' ဟူသည်တွင် နောက်ခံအကြောင်းရှိသည်။ အစောပိုင်းဖော်ပြသကဲ့သို့ လူအချို့သည် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သဗုခ်စစ်ပွဲမှ ချန်ရစ်ခဲ့ သည်။ ထို့နောက် သံဝေဂရသည့်နေဖြင့် ဗလီဝတ် ကျောင်းတော်၏ ကျောက်တိုင်တွင် မိမိကိုယ် မိမိချည်နှောင်၍ထားခဲ့သည်။

ထို့နောက်ပြီးခဲ့သောအာယသ် (၁၀၂) တွင် ဝဟီအရ ၎င်းတို့၏ဝန်ချတောင်းပန်မှုကို လက်ခံခဲ့ကာ ကိုယ့်ကိုယ် ကို အကျဉ်းချမှုမှ လွတ်ကင်းခဲ့ရသည်။ ဤသို့ဖြစ်ပျက်ပြီးနောက် ထိုသူတို့သည် ၎င်းတို့၏ ကျေးဇူးတင်ရှိမှုကို ဖော်ပြ သည့်အနေဖြင့် သူတို့၏ဥစ္စာဓနတစ်ရပ်လုံးကို ဆွဒကာဟ်အနေဖြင့် အသုံးပြုနိုင်ရန် ပေးအပ်ခဲ့သည်။ တမန်တော်မြတ် s က ယင်းတို့ကိုငြင်းပယ်ခဲ့ကာ တမန်တော်မြတ် s တွင် ယူပိုင်ခွင့်မရှိဟု မိန့်ကြားခဲ့သည်။ ထိုစဉ် ဤအာယသ် (၁၀၃) خُذْ مِنْ اَمْوَالِهِمْ '(အိုနဗီတမန်တော်) အသင်သည် ထိုသူတို့၏ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံ

ယူလိုက်ပါ' ကျရောက်လာခဲ့ကာ ယင်းတို့ အနက်မှ သုံးပုံတစ်ပုံကို ဆွဒကာဟ်အဖြစ်လက်ခံခဲ့သည်။ အာယသ်တော်ထဲတွင် ညွှန်းထားသကဲ့သို့ တမန်တော်မြတ် s သည် ဥစ္စာပစ္စည်းအလုံးစုံကို မယူဘဲ တစ်စိတ်တစ်ဒေသသာလျှင်ယူငင်ခဲ့သည်။ ဝိဘတ် (မင်နှ်) ﻣِﻦ 'အနက်မှ' ဟူသည်က ယင်းကိုသက်သေပြသည်။

ဇကားသ်ကောက်ခံခြင်းနှင့် ခွဲဝေပေးခြင်းသည် အစွလာမ့်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားဖြစ်သည်

ဝဟီ၏နောက်ခံအကြောင်းအရ ဆွဒကာဟ်ကောက်ခံခြင်းသည် သီးသန့်လူတစ်စုထံမှဖြစ်သော်လည်း စကားလုံးများ၏ ယေဘုယျကျမှုကြောင့် စကြဝဠာတစ်ခုလုံးအတွက် အသုံးပြုနိုင်သည်။

ဤအယူအဆကို သဖိစိရ်အလ်ကုရ်သုဗီ၊ အလ်ဂျဆ်ဆွားဆွ်၏ အဟ်ကမုလ်ကုရ်အာန်ကျမ်း၊ သဖိစိရ် မဇာဟီရီကျမ်းနှင့် အခြားကျမ်းများက နှစ်သက်ခဲ့ကြသည်။ အလ်ကုရ်သုဗီနှင့် အလ်ဂျဆ်ဆွားဆ်တို့က ဤသည်ကိုတိုး၍ ရှင်းလင်းပြခဲ့သည်။ ထိုသူတို့အဆိုအရ ဤသီးသန့်အဖြစ်အပျက်သည် ဤအာယသ်တော် ကျရောက်ခြင်း၏ အကြောင်းခံဟုမှတ်ယူခဲ့လျှင်ပင် ကုရ်အာန်ကျမ်းတော်မြတ်မူအရ ဤအမိန့်ပညတ်ချက်သည် ယေဘုယျဖြစ်ကာ ကိယာမသ်နေ့တိုင် မုစ်လင်မ်များအပေါ်၌ တာဝန်တင်ရှိနေပေလိမ့်မည်။ အကြောင်း မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များစွာသည် သီးသန့်အဖြစ်အပျက်တစ်ခုမဟုတ် အခြား တစ်ခုကြောင့် ကျရောက်ခဲ့သည်။ သို့သော်လည်း ထိုအမိန့်ပညတ်ချက်လုပ်ဆောင်မှုသည် ထိုသီသန့်အဖြစ် အပျက်အတွက်သာ ကန့်သတ်ထားသည်ဟု မည်သူကမျှ မမှတ်ယူကြပါ။ စင်စစ်ယင်း၏ သီးခြားပြုလုပ်ထားမှုသေချာသည့် သက်သေမရှိသမျှ ယင်းအမိန့်ပညတ်ချက်သည် စကြဝဠာတခွင်ရှိ မုစ်လင်မ်အားလုံးနှင့် အကျုံးဝင်သည်။

ဤမူပေါ်အခြေခံ၍ အာယသ်ထဲ၌ ဦးတည်ပြောကြားမှုသည် တမန်တော်မြတ် s ကို ဦးတည်ထားသော်လည်း ဤအမိန့်ပညတ်ချက်သည် ကိုယ်တော်မြတ် s အတွက်သာ ကန့်သတ်မထားသကဲ့သို့ တမန်တော်မြတ် s ၏ ခေတ်ကာလကိုသာလည်း ကန့်သတ်မထားဟူ၍ မုစ်လင်မ်အွမ္မသ်ထုတစ်ရပ်လုံးက သဘောတူညီကြသည်။ တမန်တော်မြတ် s မရှိသည့်နောက် မုစ်လင်မ်များ၏ အမီးရ်အဖြစ်ဆက်ခံသူတိုင်းသည် ဤအမိန့်ပညတ်ချက်၏ဦးတည်ပြောကြားခံရသူများဖြစ်ကာ ယင်းအမိန့်ပညတ်ချက်ကို ဆောင်ရွက်ရန် တာဝန်အပ်နှင်းခြင်း ခံရသူများဖြစ်သည်။ မုစ်လင်မ်များပေးဆောင်သည့် ဇကားသ်နှင့်ဆွဒကာဟ်များ ကောက်ခံခြင်းနှင့် ယင်းကောက်ခံရသည်များကို သတ်မှတ်ခေါင်းစဉ်အတိုင်း ဝေငှခြင်းစီမံခန့်ခွဲမှုသည် ထိုအမီးရ်၏ ဝတ္တရားများအနက်မှ တစ်ခုဖြစ်သည်။

စိုက်ယိဒနာ အဗူဗကရ် d ၏ ခလီဖဟ်ဖြစ်သော ကနဦးအချိန်က ဇကားသ်မပေးသူများကား ဂျီဟာဟ် စစ်ပွဲကြေညာတိုက်ခိုက်သည့်တိုင် ပြောင်ပြောင်တင်းတင်း အစွလာမ်ကိုဆန့်ကျင်၍ ဇကားသ်မပေးဘဲ ဘာသာမဲ့အဖြစ် ပြောင်းသွားသူများရှိခဲ့သည်။ ဘာသာရေးဆိုင်ရာ မပြုမနေရတာဝန် ဝတ္တရားဖြစ်သည်ကို မငြင်းဆိုသော သူများလည်း ရှိကြသည်။ သို့သော်လည်း ထိုသူများဇကားသ်မပေးခြင်းအတွက် ပေးသော အကြောင်းပြချက်မှာ ဇကားသ်ပေးဆောင်ခြင်းတာဝန်သည် တမန်တော်မြတ် s သက်ရှိထင်ရှားရှိစဉ်ကသာ တာဝန်ရှိ၍ ထိုသူများက ယင်းအချိန်တွင် ပေးဆောင်ခဲ့ပါသည်။ ယခုအခါ တမန်တော်မြတ် s ဝဖာသ် ကွယ်လွန်ပြီးသောကြောင့် သူတို့ထံမှ ဇကားသ်နှင့်ဆွဒကာစ်ကောက်ခံရန် အဗူဗကရ် d သခင်ထံတွင် မည်သည့်အခွင့်အာဏာရှိသနည်းဟု မေးမြန်းခဲ့ကြသည်။ အစတွင် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ် တစ်ခုကို အကာအကွယ်ယူ၍ ဇကားသ်ပေးခြင်းကို ရှောင်ရှားလိုသူများသည်

စင်စစ်တွင် မုစ်လင်မ်များဖြစ်သောကြောင့် စိုက်ယိဒနာ အုမရ် d က ထိုသူများကို သမရိုးကျဘုရားမဲ့များအား ဆက်ဆံသကဲ့သို့ မဆက်ဆံသင့်ဟု ပြောခဲ့သည်။ သို့သော်လည်း စိုက်ယိဒနာ အဗူဗကရ်သည် ပြင်ဆင်၍ မရသောဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးဖြစ်ခဲ့သည်။ အဗူဗကရ် s ပြောသည်မှာ ဆွလာသ်နှင့်ဇကားသ်ကို ခွဲခြားသူမည်သူ ကိုမဆို ကျွန်ုပ်တို့ ဂျီဟာဒ်စစ်ပွဲဆင်နွှဲမည်။

ဤသည်က ထင်ရှားသော အညွှန်းတစ်ခုပေးသည်။ ယခုအခါ၌ လူအများကပြောသည်မှာ ဇကားသ်နှင့် ပတ်သက်သော အမိန့်ပညတ်ချက်သည် တမန်တော်မြတ် s အတွက် သီးသန့်ဖြစ်ကာ တမန်တော်မြတ် s ကွယ်လွန်သောအခါ ယင်းအမိန့်သည် ရပ်ဆိုင်းပြီးဖြစ်သည်။ မနက်ဖန်တွင် ထိုသူများက ဆွလာသ် သည်လည်း တမန်တော်မြတ် s အတွက် သီးသန့်ဖြစ်သည်ဟု ပြောကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ပါအာယသ်တစ်ခု ﴿أَقِمِ الصَّلٰوةَ لِدُلُوْكِ الشَّمْسِ﴾ '(အိုနဗီတမန်တော်) အသင်သည် နေမွန်းလွဲချိန်မှစ၍ ညဉ့်မှောင်ချိန်အထိ ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ(၁၇ း ၇၈)' သည် တမန်တော်မြတ် s ကို ဦးတည်မိန့်ကြားထားသည်။ သို့သော်လည်း အာယသ်ပါ ဆွလာသ်နှင့် ပတ်သက်သည့် အမိန့်ပညတ်သည် စကြဝဠာတစ်ခုလုံးအတွက်ဖြစ်သည်။ ယင်းမှာ မုစ်လင်မ်ထုတစ်ရပ်လုံးအတွက်ဖြစ်သည်။ ထို့ကြောင့် ယင်းအာယသ်သည် တမန်တော်မြတ် s အတွက် သီးသန့်ဖြစ်သည်ဟု မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသူများ ကာဖိရ်ဖြစ်သွားခြင်းမှ မကယ်တင်နိုင်ပါ။ အလားတူပင် ဤအာယသ်တော်ထဲတွင် ﴿خُذْ مِنْ اَمْوَالِهِمْ﴾ '(အိုနဗီတမန်တော်) အသင်သည် ထိုသူတို့၏ ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံလိုက်ပါ' ကိုအလားတူ အဓိပ္ပာယ်ဖွင့်ဆိုခဲ့လျှင် ထိုသူများကို ကုဖိရ်နှင့်ဘုရားမဲ့ဖြစ်ခြင်းမှ မကာကွယ်နိုင်ပါ။ ထို့ကြောင့် စိုက်ယိဒနာ အုမရ် d ထိုသူများကို ဂျီဟာဒ် စစ်ခင်းခြင်းသည် ဆွဟာဗဟ် အများစု၏ သဘောတူညီချက်အရဖြစ်သည့်အလျောက် သူကလည်း ကျေနပ်နှစ်သက်ခဲ့ပါသည်။

ဇကားသ်ပေးခြင်းသည် အီဗာဒသ်ဖြစ်သည် အစိုးရအခွန်တစ်ရပ်မဟုတ်

ဆက်လက်ဖော်ပြသည့် အာယသ်(၁၀၃)ပါ ﴿خُذْ مِنْ اَمْوَالِهِمْ﴾ '(အိုနဗီတမန်တော်) အသင်သည် ထိုသူတို့ဥစ္စာပစ္စည်းများထဲမှ အလှူဝတ္ထုကို လက်ခံယူလိုက်ပါ' ﴿صَدَقَةً تُطَهِّرُهُمْ وَ تُزَكِّيْهِمْ بِهَا﴾ ယင်းသို့ (အလှူလက်ခံလိုက်ခြင်း) အားဖြင့် အသင်သည် ထိုသူများအား စင်ကြယ်သန့်ရှင်း အပြစ်ကင်းစေနိုင်မည်' ၏နောက်တွင် ဆက်လက်ဖော်ပြထားသောအဆိုအမိန့်ထဲ၌ ဇကားသ်နှင့်ဆွဒကာဟ် ကောက်ခံခြင်းတို့သည် အစိုးရတစ်ခု၏ စနစ်တစ်ခုလည်ပတ်ရန် အခွန်အခများကောက်ခံခြင်းနှင့် မတူကြောင်းအညွှန်း တစ်ခုပါဝင်သည်။ ကိစ္စရပ်၏ အမှန်တရားကား ဥစ္စာဓနချမ်းသာသောသူများ ၎င်းတို့၏ အပြစ်ဂုနာဟ်များမှ သန့်စင်ရန်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

ဤနေရာ၌ ဇကားသ်နှင့်ဆွဒကာဟ် ကောက်ခံခြင်းဖြင့် အကျိုးကျေးဇူးနှစ်ရပ် ပေါ်ထွက်သည် ဆိုကြောင်း သတိမူရမည်။ ပထမအကျိုးကျေးဇူးကို ဥစ္စာဓနရှိသူများ ခံစားရမည်။ သို့ပေးဆောင်ခြင်းဖြင့် ဥစ္စာဓနအပေါ် လောဘရမက်ကြီးမှုကြောင့် ပေါ်ထွက်လာစေသည့် ကိုယ်ကျင့်တရားရောဂါများ၏ ပိုးမွှားများ ကင်းစင်စေကာ ဂုနာဟ်အပြစ်များမှ သန့်ရှင်းစေပါသည်။ အခြားအကျိုးကျေးဇူးများမှာ လူအသိုင်းအဝိုင်း၏ နွမ်းပါးသောအစိတ်အပိုင်းကို အထောက်အကူဖြစ်စေသည်။ ထိုသူတို့သည် ၎င်းတို့တည်ရှိရေးလိုအပ်သည်မှာ ရှာဖွေနိုင်စွမ်းမရှိသူများဖြစ်ကြသည်။ ဘမဲ့ကလေးများ၊ မုဆိုးမများ၊ ကိုယ်အင်္ဂါချို့တဲ့သည့် အမျိုးသား၊ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသည့်သာမန်လူများသည် ထင်ရှားသည့် ဥပမာများဖြစ်ကြသည်။

သို့သော်လည်း ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်သည် ကျွန်ုပ်တို့ကို ပထမအကျိုးကျေးဇူး အကြောင်းကို သာဖော်ပြသည်။ ထို့ကြောင့် ထိုနည်းအတိုင်း အတည်ပြုပြီးနောက် ပထမအကျိုးကျေးဇူး သည်သာလျှင် ဇကားသ်နှင့် ဆွဒကာဟ်ပေးခြင်းအကြောင်း အညွှန်းပေးထားသည်။ ဒုတိယအကျိုးကျေးဇူးမှာ ဆင့်ပွားဖြစ်သည်။ ထို့ကြောင့် မည်သည့်အချိန် မည်သည့်နေရာ၌မဆို ဘမဲ့ကလေးများ၊ မုဆိုးမ (သို့မဟုတ်) ဆင်းရဲသား (သို့မဟုတ်) ချို့တဲ့သူမရှိသည့်တိုင် ချမ်းသာသူများနှင့် သက်ဆိုင်သော ဇကားသ်အမိန့်ပညတ်ချက်သည် ရပ်တန့်သွားလိမ့်မည်မဟုတ်။

ဤနေရာ၌ ဖော်ပြခဲ့သည်တို့ကို လွန်လေပြီးသောအွမ္မသ်ထု၏ လုပ်ထုံးလုပ်နည်းက ထောက်ခံခဲ့သည်။ ဥစ္စာဓန (သို့မဟုတ်) ပိုင်ဆိုင်ပစ္စည်း အစိတ်အပိုင်းအချို့ကို အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ဖယ်ထုတ်ထားခဲ့လျှင် ယင်းကိုလူတိုင်းအတွက် သုံးစွဲခွင့်မရှိချေ။ ဓလေ့ထုံးစံအရ ဤသည်တို့ကို လူသူကင်းမဲ့သည့်နေရာ တစ်ခုတွင် ထားရှိကာ မိုးကောင်းကင်မှ ကျလာသောလျှပ်စီးဖြင့် မီးလောင်စေပါသည်။ ဤသည်မှာ အလ္လာဟ်အရှင်မြတ် လက်ခံတော်မူသည့် အမှတ်လက္ခဏာပင်ဖြစ်သည်။ ဤမိုးကောင်းကင်မှ မီးမကျခဲ့လျှင် ယင်းပစ္စည်းအားဆွဒကာဟ် လက်မခံသည့် အမှတ်လက္ခဏာဟု မှတ်ယူရသည်။ မည်သူကမျှ ဤမကောင်းသည့် လက္ခဏာရှိပစ္စည်းကို မတို့ထိကြပါ။

ဤသည်က ထင်ရှားစေသည်မှာ ဇကားသ်နှင့်ဆွဒကာဟ်ကို တရားဝင်လိုက်နာကျင့်သုံးမှုသည် ဆင်းရဲသားများ၏ ဒုက္ခများလျော့နည်းစေရေး သက်သက်ကိုသာပြုလုပ်ထားသည်မဟုတ်။ စင်စစ်ယင်းသည် ငွေကြေးဆိုင်ရာ မပြုမနေရ တာဝန်တစ်ရပ်နှင့် အိဗာဒသ်အပြုအမူတစ်ရပ်ဖြစ်သည်။ ဆွလာသ်ဝတ်ပြုဆောက် တည်ခြင်းနှင့် ဥပုသ်သီလဆောက်တည်ခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ အိဗာဒသ်အပြုအမူနှင့် အလားတူပေသည်။ ဤသည်မှာ ကောင်းချီးပေးခံရသည့် မုစ်လင်မ်အွမ္မသ်ထုမှ ပေါ်လွင်ထင်ရှားမှုများအနက်မှ တစ်ခုဖြစ်ကာ အလ္လာဟ်လမ်းတော်အတွက် ဖယ်ထုတ်ထားသည်တို့ကို ၎င်းတို့၏ဆင်းရဲသားနှင့် ချို့တဲ့သူများအားလုံး သုံးစွဲခွင့်ပြုခြင်းဖြစ်သည်။ မုစ်လင်မ်ကျမ်းမှ ဆွဟီးဟ်ဟဒီးဆ်တော်တစ်ရပ်တွင် ဖော်ပြထားသည်မှာ ဤခွင့် ပြုမှုကို တမန်တော်မြတ် ﷺ က အတည်ပြုထားသည်။

မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ

ဤနေရာ၌ မေးခွန်းတစ်ရပ်ပေါ်ထွက်လာသည်မှာ အထက်ဖော်ပြပါ အဖြစ်အပျက်ထဲမှ ဤလူများ၏ ဝန်ချတောင်းပန်မှုကို လက်ခံလိုက်သောအခါ၌ ဤဝန်ချတောင်းပန်မှုလုပ်ရပ်ကြောင့် ၎င်းတို့၏ပြစ်မှုဂုနာဟ်များ ခွင့်လွှတ်ခံရကာ ယင်းတို့ကို ဆေးကြောသန့်စင်ပြီးဖြစ်သွားသည်။ သို့ဆိုလျှင် ပြစ်မှုဂုနာဟ်များ သန့်ရှင်းစေရန် ထိုသူများ၏ ဥစ္စာပစ္စည်းများမှ အစိတ်အပိုင်းတစ်ရပ်ကို ယူဝင်ခဲ့သည်ဟု ကြေညာခြင်း၏ အဓိပ္ပာယ်မှာ မည်သည် ဖြစ်လိမ့်မည်နည်း။

အဖြေမှာ ပြစ်မှုဂုနာဟ်ကို ဝန်ချတောင်းပန်ခြင်းကြောင့် ခွင့်လွှတ်ချမ်းသာပေးခြင်းဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ သို့သော်လည်း လုံးဝဖြစ်နိုင်သည်မှာကား ပြစ်မှုကိုခွင့်လွှတ်ပြီးနောက် အကြွင်းအကျန်အကျိုး သက်ရောက်မှုကို ဖယ်ရှားပစ်စေကာ သန့်ရှင်းစင်ကြယ်မှု ပြီးပြည့်စုံစေပါသည်။

وَصَلِّ عَلَيْهِمْ 'ထို့ပြင်အသင်သည် ၎င်းတို့အဖို့ ဆုမွန်တောင်းပါလေ (၁၀၃) ' ဟူသော ဖော်ပြချက်၌ သုံးနှုန်းထားသည့် صَلِّ (ဆွလာသ်)ဟူသော စကားလုံးက အလ္လာဟ်အရှင်မြတ်၏ အသနားကြင်နာမှုကို တောင်းခံခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ ဤသည်မှာ တမန်တော်မြတ် ﷺ သည် လူအချို့အတွက် ဒုအာဆုမွန်တောင်းရာတွင် 'ဆွလာသ်'ကို သုံးနှုန်းခဲ့သည်ဟူသော တင်ပြထားချက်နှင့် လိုက်လျောညီထွေရှိသည်။ ပမာဆိုသော် ဟဒီးဆ်တော်

တစ်ရပ်၌ ပါရှိသည်မှာ اَللّٰهُمَّ صَلِّ عَلٰى اٰلِ اَبِىْ اَوْفٰى ‘အိုအလ္လာဟ်အရှင်မြတ် အဗူအောဝ်ဖာ၏ မိသားစုပေါ်၌ ကောင်းချီးမင်္ဂလာချပေးတော်မူပါ ဟူ၍ ဖြစ်သည်။

သို့သော်လည်း နောက်ပိုင်း၌ ‘ဆွလာသ်’ဟူသော စကားလုံးအသုံးပြုမှုသည် တမန်တော်များအတွက် သီးသန့်ဖြစ်သွားခဲ့သည်။ ထို့ကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ပြောကြသည်မှာ ယခုအခါတွင် မည်သည့်တစ်ဦးတစ်ယောက်ကမျှ အခြားသူတစ်ဦးအတွက် ဒုအာဆုမွန်တောင်းခံခဲ့ရာတွင် ‘ဆွလာသ်’ဟူသော စကားလုံးမသုံးသင့်ချေ။ သံသယဖြစ်ဖွယ်(သို့မဟုတ်) ဒွိဟဖြစ်ဖွယ်တို့ကို ရှောင်ရှားရန်အတွက် ဤစကားလုံးသုံးနှုန်းခြင်းကို တမန်တော်များအတွက်သာ ကန့်သတ်ထားသင့်ပါသည်။* (ဗယာနလ်ကုရ်အာန်ကျမ်းစသည်ဖြင့်)

ဤနေရာတွင် ဆွဒကာဟ်ပေးသူများအတွက် ဆုဒုအာတောင်းဓရန် တမန်တော်မြတ် ﷺ အား မိန့်ကြားထားခဲ့ကြောင်းကျွန်ုပ်တို့တွေ့မြင်ရသည်။ ဤအခြေခံအရ မုစ်လင်မ်ဓမ္မသတ်ရှင်အချို့က ဥပဒေ ချမှတ်သည်မှာ ဆွဒကာဟ်ပေးသူများအတွက် မုစ်လင်မ်နိုင်ငံ၏အကြီးအကဲ (အီမာမ်၊ အမီးရ်)က ဆုဒုအာ တောင်းပေးရန် ဝါဂျစ်ဗ် (မပြုမနေရ တာဝန်)ဖြစ်သည်။သို့သော်လည်းဤအမိန့်သည်(မုစ်သဗဟ်)သဘောသဘာဝရှိသည်ဟုမှတ်ယူသူများလည်းရှိသည်။ (ကုရ်သုဗီ)

ယခု ကျွန်ုပ်တို့ وَ اٰخَرُوْنَ مُرْجَوْنَ لِاَمْرِ اللّٰهِ ‘ၔင်းပြင် အခြားသူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့၏ အရေးကိစ္စမှာ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော် (ကျရောက်သည့်) အထိ ရွေ့ဆိုင်းထားပြီး ဖြစ်ချေသည်။ (၁၀၆) ’ ဟူသော အဆိုအမိန့်ဆီသို့ လှည့်ကြစို့။ ယုံကြည်သက်ဝင်သူ ဆယ်ဦးအနက်ခုနှစ်ဦးသည် မည်သည့်ခိုင်လုံသော အကြောင်းပြချက် တစ်ခုမှမရှိဘဲနှင့် သဗုခ်စစ်ပွဲမဲပါဝင် မဆင်နွှဲခဲ့သောကြောင့် အလွန်ကြေကွဲဝမ်းနည်းကာ တမန်တော်မြတ် ﷺ ဗလီဝတ်ကျောင်းတော်၏ ကျောက်တိုင်များတွင် ကိုယ့်ကိုယ်ကို ချည်နှောင်ထားခဲ့ကြကြောင်း ကျွန်ုပ်တို့ သိရှိပြီးဖြစ်ခဲ့သည်။ ထိုသူများနှင့်ပတ်သက်သော အမိန့်ပညတ်ချက် وَ اٰخَرُوْنَ اعْتَرَفُوْا ‘ထို့ပြင် အခြားသူတို့လည်း ရှိကြကုန်၏။ ထိုသူတို့သည် မိမိတို့၏ ပြစ်မှုဒုစရိုက်များကို ဝန်ခံခဲ့ကြလေသည်’ ကို ပထမအာယသ် (၁၀၂)ထဲ၌ ဖော်ပြထားခဲ့သည်။ အာယသ် (၁၀၆)သည် ထိုခုနှစ်ဦးက မတ်စ်ဂျိဒ်ဝတ်ကျောင်းတော်ထဲတွင် ပြုလုပ်သက့ဲသို့ မပြုလုပ်ခဲ့ကြသော ကျန်သုံးဦးကို ရည်ညွှန်းထားခဲ့သည်။ ထို့ကြောင့် ထိုသူများသည် ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်ကို ပွင့်လင်းစွာဝန်မခံ ခဲ့ကြပါ။ ထိုသူများနှင့်ပတ်သက်၍ မုစ်လင်မ်များသည် ၎င်းတို့ကို စကားမပြောဘဲ ဝိုင်းပယ်ခြင်းကို စောင့်ကြည့်ရန် ကိုယ်တော်မြတ်၏ ဆွဟာဗဟ် သာဝကကြီးများကို အမိန့်ချမှတ်ခဲ့သည်။ ကိစ္စရပ်များသည် ထိုသတ်မှတ်ချက် ရောက်ခဲ့သောအခါ ထိုသူများ သင်ခန်းစာရကာ ၎င်းတို့၏ မှားယွင်းသောလုပ်ရပ်ကို ထုတ်ဖော်ဝန်ခံ၍ ရိုးသားဖြူစင်စွာ ဝန်ချတောင်းပန်ခဲ့သည်။ ယင်းနောက် ထိုသူများကို ခွင့်လွှတ်ကြောင်း အမိန့် ထုတ်ပြန်ခဲ့သည်။

(ဆွဟီးဒ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်း)

---

* သို့သော်လည်း ဤစကားလုံးကို တမန်တော်တစ်ဦးနှင့် ပတ်သက်သော အခြားသူများအတွက် သုံးနှုန်းခြင်း ကိုမူ ခွင့်ပြုနိုင်သည်။ ထို့ကြောင့် اَللّٰهُمَّ صَلِّ عَلٰى مُحَمَّدٍ وَّعَلٰى اٰلِهٖ وَاَصْحَابِهٖ ဟူ၍ ရွတ်ဆိုခြင်းကို ခွင့်ပြုသည်။

(မုဟမ္မဒ်သကီးဆွတ်စမာနီ)

အာယသ် (၁၀၇-၁၁၀)

وَ الَّذِيْنَ اتَّخَذُوْا مَسْجِدًا ضِرَارًا وَّ كُفْرًا وَّ تَفْرِيْقًۢا بَيْنَ الْمُؤْمِنِيْنَ وَ
اِرْصَادًا لِّمَنْ حَارَبَ اللّٰهَ وَ رَسُوْلَهٗ مِنْ قَبْلُ ؕ وَ لَيَحْلِفُنَّ اِنْ اَرَدْنَاۤ اِلَّا
الْحُسْنٰى ؕ وَ اللّٰهُ يَشْهَدُ اِنَّهُمْ لَكٰذِبُوْنَ ﴿۱۰۷﴾ لَا تَقُمْ فِيْهِ اَبَدًا ؕ لَمَسْجِدٌ
اُسِّسَ عَلَى التَّقْوٰى مِنْ اَوَّلِ يَوْمٍ اَحَقُّ اَنْ تَقُوْمَ فِيْهِ ؕ فِيْهِ رِجَالٌ
يُّحِبُّوْنَ اَنْ يَّتَطَهَّرُوْا ؕ وَ اللّٰهُ يُحِبُّ الْمُطَّهِّرِيْنَ ﴿۱۰۸﴾ اَفَمَنْ اَسَّسَ بُنْيَانَهٗ
عَلٰى تَقْوٰى مِنَ اللّٰهِ وَ رِضْوَانٍ خَيْرٌ اَمْ مَّنْ اَسَّسَ بُنْيَانَهٗ عَلٰى شَفَا
جُرُفٍ هَارٍ فَانْهَارَ بِهٖ فِيْ نَارِ جَهَنَّمَ ؕ وَ اللّٰهُ لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ
﴿۱۰۹﴾ لَا يَزَالُ بُنْيَانُهُمُ الَّذِيْ بَنَوْا رِيْبَةً فِيْ قُلُوْبِهِمْ اِلَّاۤ اَنْ تَقَطَّعَ
قُلُوْبُهُمْ ؕ وَ اللّٰهُ عَلِيْمٌ حَكِيْمٌ ﴿۱۱۰﴾

ထိုမှတစ်ပါး (ၾကီးတို့တွင်) အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် 'မတ်စ်ဂျစ်ဒ်' ဗလီဝတ်ကျောင်းတစ်ဆောင်ကို (အစွမ်းသာသနာတော်နှင့် မုစ်လင်မ်တို့အား) အကျိုးယုတ်စေခြင်းငှာလည်း ကောင်း၊ (နဗီတမန်တော်မြတ်အား ကွဲရှဲခြင်းအား ဖြင့်) သွေဖယ်ခြင်းပယ်ခြင်းငှာ လည်းကောင်း၊ မုစ်လင်မ်တို့အချင်းချင်းတွင် သွေးခွဲခြင်း ငှာလည်းကောင်း၊ ယခင်က အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ ရဿူလ်တမန်တော် မြတ်အား တိုက်ခိုက်ခဲ့ကြသောသူများ ကင်းထောက်ရာဌာနတစ်ခု ရရှိစေခြင်းငှာလည်း ကောင်း တည်ဆောက်ခဲ့ကြကုန်၏။ တစ်ဖန် ထိုသူတို့က 'ကျွန်တော်မျိုးတို့သည် အကောင်းကိုသာ ရည်စူးခဲ့ကြပါသည်'ဟု ကျိန်ဆိုကြပေလိမ့်မည်။ သို့ရာတွင် အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့ ဇကန်မလွဲ မုသာဝါဒီများ ဖြစ်ကြသည်ကို သက်သေခံ တော်မူ၏။ (၉ : ၁၀၇)

(တစ်နည်း) ၎င်းပြင် (ထိုသူများတွင်) အကြင်သို့သောသူများလည်း ရှိကြကုန်၏။ ၎င်းတို့သည် (အစွမ်းသာမ်ကို) အကျိုးယုတ်နစ်နာစေရန်လည်း ကောင်း၊ ကာဖိရ်သူများ၏ စကားပြောဆိုရန်လည်းကောင်း၊ မုအ်မင်န်တို့ စပ်ကြားတွင် သွေးခွဲရန်အတွက် လည်း ကောင်း၊ အလ္လာဟ်အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်အား ယခင်ကပင် ဆန့်ကျင် တိုက်ခိုက်ခဲ့သော သူတို့ တည်းခိုရန်အတွက်လည်းကောင်း ဗလီတစ်လုံးကို တည်ဆောက်ခဲ့ ကြသည်။ ၎င်းပြင် ထိုသူများက 'ကျွန်ုပ်တို့သည် အကောင်းမှတစ်ပါး အခြားမည်သည့်အရာကိုမျှ ရည်စူးခဲ့ကြသည် မဟုတ်ပါ'ဟု မုချကျိန်ဆိုကြလိမ့်မည်။ သို့ရာတွင် မုချဇကန် ၎င်းတို့သည် မုသာဝါဒီများဖြစ်ကြသည်ကို အလ္လာဟ်အရှင်မြတ် အသိသက်သေဖြစ်တော်မူသည်။ (၉ : ၁၀၇)

(အို-နဗီတမန်တော်) အသင်သည် ထိုဗလီဝတ်ကျောင်းတော်တွင် မည်သည့်အခါမျှ (‘ဆွလာသ်’ ဝတ်ပြုရန်) မတ်တတ်မရပ်ပါလေနှင့်၊ မုချဇကန် အကြင် ‘မတ်စ်ဂျစ်ဒ်’ ဗလီဝတ်ကျောင်းတော်သည် ပထမနေ့မှ စ၍ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ညားခြင်းအပေါ်၌ (မူတည်၍) အုတ်မြစ်ချခဲ့ပြီးဖြစ်၏။ အသင်သည် ထိုဗလီဝတ်ကျောင်း တော်၌သာလျှင် ပိုမိုချစ်ရပ်ထိုက်၏။ ထိုဗလီဝတ်ကျောင်းတော်တွင် အလွန်သန့်ရှင်းစင်ကြယ်ကြရန် နှစ်သက်သောသူတို့သည်ရှိကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည်အလွန်သန့်ရှင်းစင်ကြယ်ကြကုန်သော သူတို့အားနှစ်မြို့တော်မူချေသတည်း။ (၉ : ၁၀၀)

သို့ဖြစ်ပေရာ အကြင်သူတို့သည် မိမိအဆောက်အအုံကို (အလ္လာဟ် အရှင်မြတ်အား) ကြောက်ရွံ့ခန့်ညားခြင်းအပေါ်၌လည်းကောင်း၊ (ထိုအရှင် မြတ်၏) ကျေနပ်မှုအပေါ်၌ လည်းကောင်း အုတ်မြစ်ချခဲ့၏။ ထိုသူသည် ပို၍ကောင်းလေသလော။ ထိုသူသည် မိမိ အဆောက်အအုံကို ပြိုကျအံ့ဆဲဆဲဖြစ်သော ချောက်ကမ်းပါးအပေါ်၌ အုတ်မြစ်ချခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ ‘ဂျဟန္နမ်’ ငရဲဘုံ၏ မီးထဲသို့ ပြိုကျသွားခဲ့လေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မတရားကျင့်မှု ပြုလုပ်သောသူတို့အား တရားလမ်းမှန်သို့ ပို့တော်မူသည် မဟုတ်ပေ။

(၉ : ၁၀၉)

ထိုးတို့ တည်ဆောက်ခဲ့ကြသော အဆောက်အအုံမှာ ထိုးတို့၏ စိတ်နှလုံးများအစိတ်စိတ်အပိုင်းပိုင်း ဖြစ်မသွားသမျှ ကာလပတ်လုံး ထိုးတို့၏ စိတ်နှလုံးများတွင် အမြဲတစေ ထင်လျက်ပင်ရှိရေမည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို သိတော်မူသောအရှင်၊ နက်နဲသိမ်မွေ့သော ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၉ : ၁၁၀)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်တော် အများအပြားတွင် အရေခြုံတို့၏ အစွလာမ်ဆန့်ကျင်ရေး လုပ်ရပ်များဖော်ပြခဲ့ပါသည်။ ယခုလက်ရှိအာယသ်များတွင် ထိုသူများဖန်တီးလုပ်ကြံထားသည့် အခြားလျှို့ဝှက်ကြံစည်မှုကို ဖော်ပြထားသည်။ တင်ပြထားခဲ့သည်မှာ မဒီနဟ်မြို့တော်၌ အဗူအာမီးရ်ဟုအမည်ရှိသော သူတစ်ဦးရှိသည်။ ထိုသူသည် ဂျာဟီလီယဟ်အမှောင်ခေတ်ကာလက ခရိစ်ယာန်တစ်ဦးဖြစ်ခဲ့ကာ ရာဟိဗ် (ဘုန်းကြီးတစ်ပါး) ဖြစ်သော အဗူအာမီရ်အဖြစ် ကျော်ကြားခဲ့သည်။ ထိုး၏သေဆုံးပြီးသောကိုယ်ခန္ဓာကို ကောင်းကင်စေတမန်များက ရေချိုးသန့်စင်ပေးခဲ့သောကြောင့် ‘ကောင်းကင်စေတမန်များ ရေချိုးသန့်စင်ခံရသူ’ဟု ချစ်စနိုးအမည် ရထားသည့် ထင်ရှားကျော်စေသည့် ဆွဟာဗဟ် သာဝကကြီး ဟမ်ဇလာဟ် d ၏ ဖခင်မှာ ဤအဗူအာမီရ် ပင်ဖြစ်သည်။ သို့သော်လည်း ဖခင်မှာသူ၏ အမှား၌ ငြိတွယ်နေကာ ခရစ်ယာန်တစ်ဦးရှိနေခဲ့သည်။

တမန်တော်မြတ် S မဒီနာဟ်မြို့ရောက်စဉ် ဘုန်းတော်ကြီးအဗူအာမီးရဲသည် တမန်တော်မြတ် S ကို လာရောက်တွေ့ဆုံ၍ အစွလာမ်ဘာသာကို ဝေဖန်ခဲ့သည်။ တမန်တော်မြတ် S ဖြေကြားခဲ့ငြားလည်း ဤကဲ့မကောင်း၊ အကြောင်းမလှသူအား ကျေနပ်မှုမဖြစ်ခဲ့ချေ။ စင်စစ် ၎င်းပြောခဲ့သည်မှာ 'ကျွန်ုပ်တို့နှစ်ဦး အနက် လိမ်လည်ပြောဆို သူသည် ဆွေမျိုးသားချင်းနှင့် မိတ်ဆွေသင်္ဂဟများမှ ဝေးရာသို့ခရီးသွားစဉ် သေဆုံးပါစေ'ဟု ကျိန်ဆိုခဲ့သည်။ သူက ပြောသည်မှာ 'အသင့်ကို မည်သည့်ကျူးကျော်တိုက်ခိုက်မှုကိုမဆို ကျွန်ုပ်ကကူညီပါလိမ့်မည်' ထို့ကြောင့် သူသည် ပြောသလိုလုပ်ခဲ့သည်။ ဟုနိုင်းစစ်ပွဲတိုင် တိုက်ခဲ့ပြီးသမျှ စစ်ပွဲတိုင်းတွင် ၎င်းသည် အစွလာမ့်ရန်သူများဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ကြီးမား၍ သန်စွမ်းသော ဟဝါဇင်မျိုးနွယ်စုလည်း ရှုံးနိမ့်ခဲ့သောအခါ ၎င်းမျှော်လင့်ချက်ဆုံးရသည်။ သူသည် ခရစ်ယာန်များ၏ အမာခံ နယ်မြေဖြစ်သော ဆီးရီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ကာ သူ၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟများမှ ဝေးရာတွင်ဆုံးရသည်။ တစ်စုံတစ်ဦးအတွက် ဂုဏ်သရေမဲ့မှု ပြဋ္ဌာန်းပြီးခဲ့လျှင် ထိုသူသည် ဤသို့ပင်လုပ်ဆောင်ခဲ့သည်။ သူ၏ဆုတောင်းမှုသည် သူ့အပေါ် သိက္ခာမဲ့စေပါသည်။

သို့သော်လည်း သူ့အသက်ရှင်သမျှကာလပတ်လုံး အစွလာမ်နှင့်မုစ်လင်မ်များကို ဆန့်ကျင်ရန် ပူးပေါင်းကြံစည်မှုများနှင့် အလုပ်များနေခဲ့သည်။ တကယ်ပြောရလျှင် သူသည် မဒီနာဟ်မြို့အား ဝင်တိုက်ခိုက်ရန်နှင့် မြို့တွင်းရှိ မုစ်လင်မ်များကို နှင်ထုတ်ပစ်ရန် ဗိုင်ဇိုင်တိုင်းဘုရင်ခံကို သူကသွေးဆောင်ခဲ့ပါသည်။

အဗူအာမီးရဲသည် သူနှင့်ယုတ်မာသော နားလည်မှုခြင်းရှိသည့် မဒီနာဟ်မြို့ရှိ အရေးခဲများထံ စာတစ်စောင် ရေးလိုက်သောအခါ ဤပူးပေါင်းကြံစည်မှုတစ်ရပ် အကောင်အထည်ပေါ်သွားခဲ့သည်။ သူက ဗိုင်ဇန်တိုင်းဘုရင်က မဒီနာဟ်မြို့အား တိုက်ခိုက်စေရန် ၎င်းလုပ်ကိုင်နေကြောင်းစာရေးခဲ့သည်။ သို့သော်လည်း ထိုကိစ္စဖြစ်မြောက်ရန် ဝင်ရောက်ကျူးကျော်သူများကို အကူအညီပေးရန်အတွက် ဒေသခံအုပ်စုအင်အားရှိ လိုသည်။ ဤရည်ရွယ်ချက်အတွက် ၎င်းသည်မဒီနာဟ်မြို့တွင် အဆောက်အဦးတစ်ခု ဆောက်လုပ်သင့် ကြောင်း အကြံပြုခဲ့သည်။ သို့တည်ဆောက်ရာတွင် မုစ်လင်မ်များသံသယမဝင်စေရန် ဗလီဝတ်ကျောင်းတော်တစ်ခု တည်ဆောက်နေသည့် အသွင်မျိုးဖြစ်ရမည်။ ပြီးနောက် သူတို့ရန်ိုင်သမျှသော လူအင်အား၊ လက်နက်အင်အားကို ထိုနေရာတွင် စုဆောင်းထားကြသင့်သည်။ ဤအဆောက်အဦးသည် လျှို့ဝှက်သော ဌာနတစ်ခုဖြစ်စေကာ အချင်းချင်းတိုင်ပင်ဆွေးနွေး၍ မုစ်လင်မ်များကို ဆန့်ကျင်သည့်လုပ်ငန်းများ လုပ်ဆောင်မှု ပြီးမြောက်စေလိုသောနေရာဖြစ်ရန် သူလိုလားသည်။

သူ့အကြံပြုချက်အရ အရေးခဲတစ်ဆယ့်နှစ်ဦးသည် 'ကူဗာ'မြို့တွင် စုဝေးကြသည်။ ယင်းမှာ မဒီနာဟ်မြို့ပတ်ဝန်းကျင်တွင် ရှိကာ တမန်တော်မြတ် S ဟစ်ဂျရတ်ကြွတော်မူစဉ်အတွင်း ပထမဆုံးသော နေသော ဌာနဖြစ်ကာ ယင်းနေရာတွင် ဗလီဝတ်ကျောင်းတော် မတ်စ်ဂျိဒ်တစ်လုံးဆောက်လုပ်ခဲ့သည်။ ထိုနေရာကိုပင်ရွေး၍ နောက်ထပ်ဝတ်ကျောင်းတော် မတ်စ်ဂျိဒ်ကို တည်ဆောက်ရန် အုတ်မြစ်ချကြသည်။ အိဗနိအစွဟာက်နှင့် အခြားသူများက ဤအရေးခဲ (၁၂)ဦးအမည်များကို တင်ပြခဲ့သည်။ ထို့နောက် မုစ်လင်မ်များကို လှည့်စားသည့်အနေဖြင့် အရေးခဲများက တမန်တော်မြတ် S ကို သူတို့၏အမည်ခံ ဗလီဝတ်ကျောင်းတော် မတ်စ်ဂျိဒ်ထဲတွင် ဂျမာအတ်နှင့်ဆွလာသ်ကို ဦးဆောင်ဝတ်ပြုစေရန် အကြံအစည် တစ်ရပ်ပြုလုပ်ခဲ့သည်။ သို့မှသာ မုစ်လင်မ်များသည် ဤနေရာသစ်၌ ဆောက်ထားသော မတ်စ်ဂျိဒ်သည် ယခင်ဆောက်လုပ်ထားသော မတ်စ်ဂျိဒ်ဖြစ်သည်ဟု ယုံကြည်သွားကြလိမ့်မည်။

သူတို့ထံမှ ကိုယ်စားလှယ်တစ်ဖွဲ့ တမန်တော်မြတ် S ထံ လာရောက်ခဲ့သည်။ သူတို့က ကူဗာတွင်ရှိ ဗလီဝတ်ကျောင်းတော်သည် ဝေးနေသည်ဟု လျှောက်ကြသည်။ အိုမင်းမစွမ်းသူနှင့် နာမကျန်းသူများသည် ထိုနေရာသွားရန်အလွန်ခဲယဉ်းသည်။ ထို့ပြင် ကူဗာရှိ မတ်စ်ဂျိဒ်မှာ အနီးရှိသူများအားလုံးအတွက် နေရာမသန့်ဟု ဆင်ခြင်ပေးခဲ့ကြသည်။ ထို့ကြောင့် သူတို့သည်ရည်မှန်းချက်ပြည့်ရန် သက်ရွယ်ကြီးရင့်သော မုစ်လင်မ်များ အကျိုးရှိစေရန် အခြားမတ်စ်ဂျိဒ်တစ်လုံး အုတ်မြစ်ချခဲ့ကြောင်း အခိုင်အမာပြောခဲ့သည်။ နောက်ဆုံးတွင် (သူတို့၏ဟာသဇာတ်လမ်း အတွက် အထွတ်အထိပ်ကိုဖော်ပြသည့် စကားလုံးများ)အဖြစ် သူတို့က 'ထို ဗလီဝတ်ကျောင်းတော်သည် ကောင်းချီး မင်္ဂလာပေးပြီးဖြစ်စေရန် တမန်တော်မြတ် S က ဆွလာသ်ဝတ်ပြုမှု တစ်ခုကို ဦးဆောင်ဝတ်ပြုပေးရန်' ပြောကြားခဲ့သည်။

ထိုအချိန်သည် ကိုယ်တော်မြတ် S က သဗုခ်စစ်ပွဲအတွက် အဆင်သင့်ပြင်ဆင်ပြီးချိန်ဖြစ်သည်။ ကိုယ်တော်မြတ် S က မြို့မှထွက်ခွာရန်ရှိနေသဖြင့် ထိုကဲ့သို့ လုပ်မပေးနိုင်ကြောင်း ပြောခဲ့သည်။ သို့ရာတွင် ပြန်ရောက်လျှင် ရောက်ချင်းကိုယ်တော်က ဆွလာသ်ဝတ်ပြုပေးမည့်အကြောင်း ကတိပြုခဲ့သည်။

သို့သော်လည်း တမန်တော်မြတ် S သည် သဗုခ်စစ်ပွဲမှအပြန် မဒီနာဟ်မြို့အနီးရှိ နေရာတစ်ခုတွင် စခန်းချခဲ့သောအခါ၌ အထက်ဖောက်ပြပါ အာယသ်များကျရောက်ခဲ့သည်။ ယင်းအာယသ်များထဲတွင် ဤအရေးပြုံများ၏ ပူပေါင်းကြံစည်မှုကို ဖော်ထုတ်ထားခဲ့သည်။ ဤအာယသ်များကျရောက်ပြီးနောက် တမန်တော်မြတ် S က သူ၏ ဆွဟာဗဟ်အချို့ဖြစ်သော အမီးရ်အိဗန် စခါန်၊ ဟမ်ဇာဟ်ကို သတ်ဖြတ်ခဲ့သည့် ဝါရှိနှင့်အခြားသူများကို သွား၍ အဆောက်အဦး (ယုတ်မာသောရည်စူးချက်ဖြင့် တည်ဆောက်ထားသော မတ်စ်ဂျိဒ်)အား ဖြိုဖျက်၍ မီးရှို့ရန်အမိန့် ပေးခဲ့သည်။ ထို့ကြောင့် ဤသူများကထွက်ခွာသွားကာ အမိန့်တော်အတိုင်း ဆောင်ရွက်၍ အဆောက်အဦးကို မြေသို့ ပြားပြားစပ်စေခဲ့သည်။ (ဤအဖြစ်အပျက်ကို သပ်ဖ်စိရ် အလ်ကုရ်သုဗီနှင့် မဇာဟီရီကျမ်းတွင် တင်ပြခဲ့သည့် ဆင့်ပြန်ချက်များမှ အကျဉ်းချုပ်တင်ပြထားခဲ့သည်။

မုဟမ္မဒ်အိဗန် ယူစွဖ်ဆွာလီဟီကို ကိုးကား၍ သပ်ဖ်စိရ်မဇာဟီရီကျမ်းတွင်လည်း တင်ပြထားသည်မှာ တမန်တော်မြတ် S မဒီနာဟ်မြို့ရောက်ရှိခဲ့၍ အခြေချနေထိုင်ခဲ့စဉ်တွင် မတ်စ်ဂျိဒ်သွားရ်၏နေရာသည် ကွက်လပ်ဖြစ်နေခဲ့သည်။ တမန်တော်မြတ် S က အာစင်းမ်အိဗန်အဒီးကို ထိုနေရာ၌ သူ့အိမ်ဆောက်ရန် ခွင့်ပြုခဲ့သောအခါ ၎င်းက လျှောက်ထားသည်မှာ 'ယာရစူလလ္လာဟ် ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်များ ကျရောက်ခဲ့သောအခါ ကျိန်စာသင့်နေရာတစ်ခုတွင် အိမ်တစ်လုံးဆောက်လုပ်ရန် ကျွန်တော်မျိုးမနှစ်သက်ပါ။ သို့သော်လည်း သာဗစ်အိဗန် အတ်ဂ်ရာမ်မှာ ဘာမျှမရှိသောကြောင့် သူသည်အိမ်တစ်လုံး အမှန်လိုအပ်နေပါသည်။ ကျေးဇူးပြု၍ သူ့ကိုဤနေရာတွင် အိမ်တစ်လုံးဆောက်ရန် ခွင့်ပြုတော်မူပါ' ဟူ၍ဖြစ်သည်။ ထို့ကြောင့် သူ၏အကြံပြုချက်အတိုင်း တမန်တော်မြတ် S သည် ဤမြေကွက်ကို သာဗစ် အိဗန်အတ်ဂ်ရာမ်ကို ပေးအပ်ခဲ့သည်။ သို့သော်လည်း ကံကြမ္မာအရဆိုလျှင် စိုက်ယိဒနာ သာဗစ် d က ထိုအိမ်တွင် နေထိုင်စဉ်မှစ၍ သူသည်သားသမီးမရသကဲ့သို့ ရလျှင်လည်းအဖတ်မတင်ခဲ့ချေ။

သမိုင်းပညာရှင်များက ထပ်၍ပြောသည်မှာ ဤနေရာသည် လူသားအတွက် ကျိန်စာသင့်သည် သာမက အိမ်မွေးတိရစ္ဆာန်များနှင့် ငှက်များသည်ပင်လျှင် သူတို့၏ ပုံမှန်နည်းလမ်းဖြင့် အသက်ရှင်နေထိုင် နိုင်ခဲ့ရသည်မရှိချေ။ ထို့ကြောင့် ယင်းနောက်ပိုင်း ဤနေရာသည် ကူဗာမတ်စ်ဂျိဒ်ဟု လူသိများသည့်နေရာမှ ဝေးကွာသော လူသူမနေထိုင်ရာ နေရာဖြစ်သွားခဲ့သည်။

အဖြစ်အပျက်၏ အသေးစိတ်များအကြောင်းပြီးနောက် ဖော်ပြပါစာသားများဆီသို့ ကျွန်ုပ်တို့လှည့် ကြစို့။ ပထမ (၁၀၇) ထဲ၌ မုစ်လင်မ်များအပေါ် အန္တရာယ်ပြုရန် **وَالَّذِينَ اتَّخَذُوا مَسْجِدًا** 'ထိုမှတစ်ပါး (၎င်းတို့တွင်) အကြင်သူတို့သည်လည်း ရှိကြကုန်၏။ ထိုသူတို့သည် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတစ်ဆောင် ကို (အစွယ်လာမ်သာသနာတော်နှင့် မုစ်လင်မ်တို့အား) အကျိုးယုတ်စေခြင်းငှာ တည်ဆောက်ခဲ့ကြကုန်၏' ဟု မိန့်ထားသည်။

ဤအာယသ်က မတ်စ်ဂျိဒ်ပြုလုပ်ခြင်းနောက်ကွယ်ရှိ အကြောင်းရင်း ၃-ရပ် တင်ပြထားသည်။

(၁) ပထမတစ်ခုမှာ **ضِرَارًا** (သွေ့ရာရာမ်-မုစ်လင်မများကို အကျိုးယုတ်စေရန်) ဖြစ်သည်။ **ضرر** (ဒွရား်ရ်) နှင့် **ضرار** (သွရာရ်) ဟူသော စကားလုံးနှစ်လုံးအား အာရဗီဘာသာ၌ အကျိုးယုတ်စေသည် ဟူသော အဓိပ္ပာယ်သက်ရောက်ရန် သုံးနှုန်းသည်။ စကားလုံးနှစ်လုံး၏ခြားနားချက်မှာ ဒွရား်ရ်သည် ပြုသူအား အကျိုးရှိစေ၍ အပြုခံရသူတွင် အကျိုးမဲ့စေသည်ဟု ပြောကြသည်။ (သွရာရ်)သည် အခြားသူများ အပေါ်၌ အနာတရဖြစ်စေရန်ဖြစ်ကာ ပြုသူအပေါ်၌ မည်သို့မျှ အကျိုးမရှိစေရန် သုံးနှုန်းသည်။ ဆောက်လုပ်သူ များအပေါ်၌ အကျိုးမရှိဟူသည့်အတိုင်း ဤမတ်စ်ဂျိဒ်၏ ကံကြမ္မာက ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ဤနေရာ၌ (ဒွရား်ရ်) စကားလုံးသုံးနှုန်းထားသည်။

(၂) ဒုတိယရည်ရွယ်ချက်မှာ **تَفْرِيقًا بَيْنَ الْمُؤْمِنِينَ** 'မုစ်လင်မ်တို့ အချင်းချင်းတွင် သွေးခွဲခြင်း ဝှာလည်းကောင်း' ဖြစ်သည်။ ဆိုလိုသည်မှာ ဤဗလီဝတ်ကျောင်းတော် မတ်စ်ဂျိဒ်တည်ရှိခြင်းက မုစ်လင်မ် အစ္စသ်ထု ကွဲပြုမှုတစ်ရပ်ဖန်တီးရန် ဖြစ်သည်။ သူတို့မတ်စ်ဂျိဒ်ဆွလာသ်တွင် ဆွလာသ်ဝတ်ပြုသော သီးခြားအုပ်စုတစ်စုအဖြစ် ခွဲထွက်လာစေရန် မျှော် လင့်ကြသည်။ ထို့နောက် ဤလုပ်ရပ်က ကူဗာမတ်စ်ဂျိဒ်ဗလီဟောင်းတွင် ဆွလာသ် ဝတ်ပြုရန်သွားသော မုစ်လင်မ် ဦးရေ လျော့ကျ သောရလဒ်ဖြစ်စေနိုင်သည်။

(၃) တတိယရည်ရွယ်ချက်ကို **إِرْصَادًا لِّمَنْ حَارَبَ اللَّهَ** ဟု ဖော်ပြခြင်းက အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ့်ရစူလ်တမန်တော်၏ ရန်သူများခိုအောင်းပြီး မုစ်လင်မ်များကို ပူးပေါင်းဆန့်ကျင်ရန်ဖြစ်သည်။

ဤတင်ပြချက်တစ်ခုလုံးက သက်သေပြသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က ကြေငြာထားသည့်အကျိုးယုတ်စေသော ဗလီဝတ်ကျောင်းတော် (မတ်စ်ဂျိဒ်ဒီရာရ်) ကို တမန်တော်မြတ် ﷺ ၏ အမိန့်တော်အရ မီးရှို့၍ ဖြိုဖျက်ခဲ့သော မတ်စ်ဂျိဒ်သည် စစ်မှန်သောအဓိပ္ပာယ်ရှိသည့် မတ်စ်ဂျိဒ်မဟုတ်ကြောင်းဖြစ်သည်။ ထိုမတ်စ်ဂျိဒ်သည် လူများ ဆွလာသ်ဝတ်ပြုနိုင်သည့် နေရာဟူ၍လည်း မရည်စူးခဲ့ပါ။ အထက်တွင် ယင်း မတ်စ်ဂျိဒ် တည်ဆောက်ခြင်း၏ ရည်မှန်းချက်သုံးရပ်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤသည်မှ ကျွန်ုပ်တို့ခေတ် အခါသမယအတွင်း လိုက်နာသင့်သည့် ဥပဒေသများကို ကျွန်ုပ်တို့သင်ယူခဲ့ရပါသည်။ ယခုအချိန်တွင် မုစ်လင်မ် အချို့သည် ဗလီဝတ်ကျောင်းတော်တစ်လုံးနှင့် အနီးတွင် မတ်စ်ဂျိဒ်တစ်ခုကို အပြိုင်ဆောက်ကောင်းဆောက် ပါလိမ့်မည်။ ဆောက်မည့်သူများ၏ ရည်ရွယ်ချက်မှာ အချင်းချင်း မသင့်မြတ်သည်မှအပ မည်သည်မျှမဟုတ်ချေ။ ပထမမတ်စ်ဂျိဒ်၏ ဂျမာအသ်ကွဲပြသွားစေရန်ဆိုသည့် သမရိုးကျလမ်း ဟောင်းအတိုင်း လုပ်ဆောင်မှုဖြစ်သည်။ သို့မဟုတ်လျှင် ဤသဘောသဘာဝရှိသော အခြားမကောင်းသည့် ရည်ရွယ်ချက်ရှိပါလိမ့်မည်။ အကယ်၍ ထိုသို့ဖြစ်လျှင် ယင်းကဲ့သို့သော ဗလီဝတ်ကျောင်းတော်ပြုလုပ်ခြင်းသည် အလ္လာဟ် အရှင်မြတ်ထံမှ မည်သည့်ဆုလာဒ်မျှရရှိလိမ့်မည်မဟုတ်ချေ။ ထိုသို့ပြုသူသည် မုစ်လင်မ်များအား စိတ်ဝမ်းကွဲစေရန် ပြုလုပ်သူဖြစ်သောကြောင့် ပြစ်မှုဂုနာဟ်ကျူးလွန်သူတစ်ဦး ဖြစ်သွားပေလိမ့်မည်။ သို့သော် ယင်းသို့ရည်ရွယ်ခြင်းလည်း ဆောက်ပြီးသော ဗလီဝတ်ကျောင်းတော်ကို အစွယ်လာမ့်ဥပဒေအရ မတ်စ်ဂျိဒ်ဟုသာခေါ်ဆိုပါလိမ့်မည်။ ဗလီ

ဝတ်ကျောင်းတော်နှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်များသည်ကား အကျိုးဝင်ပေသည်။ ယင်း မတ်စ်ဂျ်ဒ်ကို ဖြိုဖျက်ခြင်း(သို့မဟုတ်) မီးတင်ရှို့ခြင်း ခွင့်မပြုချေ။ ထို့ပြင် ထိုမတ်စ်ဂျ်ဒ်တွင် ဆွေလာသ် ဝတ်ပြုသူ၏ ဝတ်ပြုဆောက်တည်မှုသည်ကား အတည်ဖြစ်သည်။ ဆောက်လုပ်ခြင်းသည်ကား အပြစ်ဖြစ်မြဲ ဖြစ်ပေသည်။

ဤသည်မှ ကျွန်ုပ်တို့ ထပ်မံသိရသည်မှာ အလားတူအဖြစ်အပျက်မျိုးမှ ထင်ရှားသော အခြားဥပဒေကို လေ့လာသိရှိရပါသည်။ အကယ်၍ မုစ်လင်မ်တစ်ဦးသည် ကြွားဝါရန်အတွက်သော်လည်းကောင်း၊ ခေါင်းမာ ၍ရန်လိုမှု အရ ဆန့်ကျင်ဘက်အနေနှင့် မတ်စ်ဂျ်ဒ်တစ်လုံး တည်ဆောက်ခဲ့လျှင် ထိုသူသည် ဗလီဝတ်ကျောင်း တော်တစ်လုံး တည်ဆောက်သည့် ကုသိုလ်စဝါးဗ်မရရှိသည်သာမက ဂုနာဟ်အပြစ်လုပ်သည့် ပြစ်ဒဏ်ကျခံ ရပေလိမ့်မည်။ ယင်း မတ်စ်ဂျ်ဒ်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရ မတ်စ်ဂျ်ဒ်ဒီရာရ်ဟုခေါ် လိမ့်မည်မဟုတ်ချေ။ အချို့သူတို့ သည် ထိုသို့သောမတ်စ်ဂျ်ဒ်ကို မြင်တွေ့လျှင်ယင်းကို မတ်စ်ဂျ်ဒ်ဒီရာရ်ဟု ပြောလိမ့်မည်။ ဤသည်မှာ မမှန်ချေ။ သို့သော်လည်း တစ်စုံတစ်ဦးသည် ဤသည်မှာ မတ်စ်ဂျ်ဒ်ဒီရာရ်နှင့် တူသည်ဟုပြောနိုင်သည်။ ထို့ကြောင့် အဆောက် အဦးတည်ဆောက်ခြင်းကို တားမြစ်နိုင်သည်။ စိုက်ယိဒနာအုမရ် d က ပထမမတ်စ်ဂျ်ဒ်၏ ဂျမာအသ် စည်ကားနေပြီး ဖြစ်သော နေရာအနီးတွင် အခြားဗလီဝတ်ကျောင်းတော် မတ်စ်ဂျ်ဒ်တစ်လုံး တည်ဆောက်ခြင်းကို မတည်ဆောက်ရဟု တရားရုံးအမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ (သဖ်စီရ်ကရ္ဂ်ရ်ဖ်)

ဤမတ်စ်ဂျ်ဒ်ဒီရာရ်နှင့် ပတ်သက်၍ တမန်တော်မြတ် s ကို ﴿لَا تَقُمْ فِيهِ أَبَدًا﴾ (အိုနဗီတမန်တော်) အသင် သည် ထိုဗလီဝတ်ကျောင်းတော်တွင် မည်သည့်အခါမျှ (ဆွေလာသ်ဝတ်ပြုရန်) မတ်တပ်မရပ်ပါလေနှင့် (၁၀၈)'ဟု အမိန့်ပေးခဲ့သည်။ စာသားပါကီယာမ်ဟူသော စကားလုံးသည် ဆွေလာသ်ဝတ်ပြုစဉ် မတ်တပ်ရပ်ခြင်းကိုခေါ်သည်။ ဆိုလိုသည်မှာ တမန်တော်မြတ် s သည် ထိုကဲ့သို့ အမည်ရှိသည့် ဝတ်ကျောင်းတော်တစ်ခုသို့သွား၍ ဝတ်ပြုဆောက် တည်ခြင်း မပြုသင့်ဟူ၍ ဖြစ်သည်။

ဥပဒေသ

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အကယ်၍ခေါင်းမာခြင်း၊ ရန်လိုခြင်းတို့အရ ဆန့်ကျင်ဘက် ပြုခြင်း အနေအထားအရ လုပ်ဆောင်လျှင်သော်လည်းကောင်း (သို့မဟုတ်) ကြွားဝါရန်အတွက်သော်လည်းကောင်း မလိုလား အပ်ဘဲရှိပြီး ဗလီကျောင်းတော်အနီးအနားတွင် နောက်ထပ်မတ်စ်ဂျ်ဒ်အသစ်တစ်လုံးကို ယနေ့ မျက်မှောက်တွင် ဆောက်လုပ် ခဲ့လျှင် ထိုမတ်စ်ဂျ်ဒ်ထဲ၌ ဆွေလာသ်ဝတ်ပြုမှုပိုင် (အတည်ဖြစ်)သော်လည်း ယင်းဝတ်ကျောင်းတော်ထဲတွင် ဝတ်မပြုခြင်း က ပိုကောင်းပေသည်။

အာယသ် (၁၀၈) ထဲတွင်ပင် တမန်တော်မြတ် s ကို မိန့်ထားခဲ့သည်မှာ 'သတ်ဂ်ဝါ' (အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်း) ဖြင့် အုတ်မြစ်ချထားသည့် သီးသန့်မတ်စ်ဂျ်ဒ်ထဲတွင် ဆောက်ပြီးသည့် နေ့မှာပင် ဝင်ရောက် ဝတ်ပြုခြင်းမှာ မှန်ကန်သည်။ ထို့နောက် လူများ (ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာ အညစ် အကြေးအားလုံး) မှ သန့်ရှင်း စင်ကြယ်ပြီးသော အနေဖြစ်စေရန် ပြည့်ပြည့်ဝဝ ဂရုစိုက်ရန် နှင့် ချစ်ခင်မြတ်နိုးခြင်း၌ ထိုမတ်စ်ဂျ်ဒ်အတွင်း ဝင်ရောက်ကာ ဆွေလာသ်ဝတ်ပြုတည်ဆောက်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည်လည်း ကိုယ့်ကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် ဂရုတစိုက် စောင့်ထိမ်းသူများကိုလည်း နှစ်သက်တော်မူလေသည်။

အာယသ်ပါစာသားက ထိုအချိန်က ယင်းကုဗာဝတ်ကျောင်းတော်သည် တမန်တော်မြတ် ﷺ ဝတ်ပြုလေ့ရှိသော ဗလီဝတ်ကျောင်းတော်ကို ရည်ညွှန်းကြောင်းပြသသည်။ ဟဒီးဆ်ဆင့်ပြန်ချက်အချို့ကလည်း ဤအယူအဆကို ထောက်ခံသည်။ (အိဗနိအဗ္ဗားစ်မှတစ်ဆင့် အိဗနိမရိဒ္ဒဂေးဟ်၏ တင်ပြချက်၊ ဆာဟဲလ်အန်ဆွာရီ မှတစ်ဆင့် အမီးရ်အိဗနိရွိုက်ဗာဟ် တင်ပြချက်တို့ကို မဇာဟီရီကျမ်းအား ရည်ညွှန်းလျက် အိဗနိခုဇိုင်မာဟ်က သူ၏ဆွဟီးဒ်ကျမ်းတွင် အဝါမိရ်း အိဗနိစာအိဒါဟ်၏ တင်ပြချက် ဖော်ပြထားသည်။

ထိုဝတ်ကျောင်းတော်သည် တမန်တော်မြတ် ﷺ ၏ ဝတ်ကျောင်းတော်ဖြစ်သည်ဟူသော အခြား တင်ပြချက်များနှင့်လည်း မဆန့်ကျင်ပါ။ အကြောင်းမှာ ဗလီဝတ်ကျောင်းတော်၏ အုတ်မြစ်ကိုအမိန့်အရ တမန်တော်မြတ် ﷺ ၏ လက်တော်နှင့်ချခဲ့ပါသည်။ ယင်းဝတ်ကျောင်းတော်၏ အုတ်မြစ်သည် သတ်ဂ်ဝါပေါ်၌ တည်ရှိသည်ဟူသည်မှာ ပြောစရာပင်မလိုချေ။ သတ်ဂ်ဝါဆိုသည်မှာ သန့်ရှင်းစင်ကြယ်ခြင်းနှင့် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ ခြင်းဖြစ်သည်။ ထို့ပြင် အလွှာဟ်အရှင်မြတ်၏ တမန်တော်ထက် မည်သူကပို၍ သန့်ရှင်းစင်ကြယ်အံ့နည်း။ ထို့ကြောင့် ထိုဝတ်ကျောင်းတော်သည်လည်း သတ်ဂ်ဝါအပေါ်၌ အုတ်မြစ်ချထားသော ဝတ်ကျောင်းတော်ဖြစ်သည်။ (ကုရ်သုဗီမှတစ်ဆင့် သိရ်မီဇီကျမ်းပါ စိုက်ယိဒနာ အဗူစအီးဒ်အလ်ခုဒ်ရီ d နှင့် တမန်တော်မြတ် ﷺ မှ ဆင်းသက်လာသော အဆင့်ဆင့် ဆင့်ပြန်သူများ၏ ခိုင်လုံသောဆင့်ပြန်ချက်)

အာယသ် (၁၀၈) အဆုံးတွင် فِيهِ رِجَالٌ يُحِبُّونَ اَنْ يَّتَطَهَّرُوْا 'ထိုဗလီဝတ်ကျောင်းတော်တွင် အလွန်သန့်ရှင်းစင်ကြယ်ကြရန် နှစ်သက်သောသူတို့သည် ရှိကြကုန်၏'ဟူ၍ မိန့်ထားသည်။ ဤအာယသ်ထဲ၌ တမန်တော်မြတ် ﷺ ဝတ်ပြုထိုက်သော မတ်စ်ဂျိဒ်သည် သတ်ဂ်ဝါဖြင့် အုတ်မြစ်ချထားသော မတ်စ်ဂျိဒ် ဖြစ်သည်ဟု ကြေညာထားသည်။ ထို့ကြောင့်အာယသ်တော်၏ဆိုလိုချက်အရမတ်စ်ဂျိဒ်ကူဗာနှင့်တမန်တော်မြတ် ﷺ ၏ဗလီဝတ်ကျောင်းနှစ်ခုစလုံးသည် အကျုံးဝင်သည်။ အာယသ်ထဲတွင် ဤမတ်စ်ဂျိဒ်၏ အခြားမြင့်မြတ်မှု(ဂုဏ်ပုဒ်)ကို ဖော်ပြထားသည်။ ယင်းမှာ ဤမတ်စ်ဂျိဒ်ထဲတွင် ဝတ်ပြုသောသူများသည် အမြဲသန့်ရှင်းစင်ကြယ်နေစေရန်အတွက် အကောင်းဆုံးကြိုးစားသော လူတစ်မျိုးဖြစ်ကြောင်း ဖော်ပြထားသည်။ သန့်ရှင်းစင်ကြယ်မှုအတွက် သုံးနှုန်းသောစကားလုံးသည် 'သွဟာရတ်' ဖြစ်သည်။ ဤနေရာပါ သွဟာရတ်၏အနက်အဓိပ္ပာယ်တွင် သာမန်အညစ်ကြေးနှင့်အတူ ပြစ်မှုဂုနာဟ်များနှင့် မကောင်းသော ကိုယ်ကျင့်တရားကင်းစင်မှုပါဝင်သည်။ မတ်စ်ဂျိဒ်ကူဗာနှင့် တမန်တော်မြတ် ဗလီဝတ်ကျောင်းတော်တွင် ဝတ်ပြုဆောက်တည်သူများသည် အများအားဖြင့် ထူးမြတ်မှုအားလုံးရှိကြသည်။

အထူးမှတ်စု

ဤသည်မှာ ကျွန်ုပ်တို့ သိရသေးသည်မှာ မတ်စ်ဂျိဒ်တစ်ခု၏ မြင့်မြတ်မှု (သို့မဟုတ်) သာလွန်ကောင်းမှုသည် အလွှာဟ်အရှင်မြတ်အတွက်ဟု လုံးဝဖြူစင်ရိုးသားစွာ လုပ်ဆောင်ချက်အပေါ် အမှန်တကယ် တည်မှီ သည်။ ထို့ပြင် တစ်နည်းပြောရလျှင်ဗလီဝတ်ကျောင်းတော် တည်ဆောက်ခြင်းတွင် မည်သည့်မရိုး ဖြောင့်ခြင်းအစအန၊ မည်သည့်ကျော်စောမှု၊ နာမည်ကြီးမှု၊ အသိအမှတ်ပြုခံရမှု (သို့မဟုတ်) မည်သည့်မမှန်မကန်သော ရည်စူးချက်နှင့် ပျက်စီးယိုယွင်းသော ရည်စူးချက်မရှိသင့်ချေ။ ထို့နောက် မတ်စ်ဂျိဒ်တစ်ခုတွင် ဝတ်ပြု ဆောက်တည်သူများ၏ အရည်အသွေးကလည်း အရေးပါသည်။ အကယ်၍ ၎င်းတို့သည် ကောင်းမြတ်၊ ဖြောင့်မတ်မှန်ကန်၊ ဘာသာရေးဆိုင်ရာ အိလ်မ်အသိပညာဗဟုသုတနှင့် အလွှာဟ်အရှင်မြတ်၏ ခဝတ်ကိုးကွယ် မှုတွင် စွဲမြဲစုံမက်သော (အာဗစ်) များဖြစ်ကြ

လျှင် ယင်းမတ်စ်ဂျ်ဒ်၏ မြင့်မြတ်မှုတိုးပွားပေသည်။ ယင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသူများက မတ်စ်ဂျ်ဒ်တစ်ခုတွင် ဝတ်ပြုဆောက်တည်မှုများလေလေ မြင့်မြတ်မှုနှင့်ပို၍ ထိုက်တန်လေဖြစ်သည်။

တတိယအာယသ် (၁၀၉) ထဲနှင့် စတုတ္ထအာယသ် (၁၁၀)ထဲတွင် အရေခြုံများဆောက်လုပ်ထားသည့် မတ်စ်ဂျ်ဒ်ဒီရာရ် (အကျိုးယုတ်သော ဗလီဝတ်ကျောင်းတော်)အား ကောင်းချီးမင်္ဂလာပေးခံရသည့် မတ်စ်ဂျ်ဒ်နှင့်ယှဉ်လျှင် ယင်းဗလီကို ရွှတ်ချပြစ်တင်ရပေမည်။ ယင်းရွှတ်ချမှုကို ခိုင်းနှိုင်းမှုတစ်ရပ် အသုံးပြုခြင်းအားဖြင့် ပြီးမြောက်စေခဲ့သည်။ထိုသူတို့၏မတ်စ်ဂျ်ဒ်အတွက်အုတ်မြစ်ချရန်အသုံးပြုသောမြေမျက်နှာပြင်ကိုအတွင်းပိုင်းရေတိုက်စားခံရသောမျက်နှာပြင်နှင့် အလားတူစေသည်။ မြေမျက်နှာပြင်အပေါ်လွှာမှာ မာကျောရှိ ချောပွတ်နေသယောင်ရှိသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ထိုနေရာ၌ အဆောက်အဦး စတင်ဆောက်ခဲ့လျှင် ချက်ချင်းပင် အဆောက်အဦးတစ်ခုလုံး ပြိုကျသွားမည်မှာထင်ရှားသည်။ အလားတူပင် မတ်စ်ဂျ်ဒ်ဒီရာရ်၏ အုတ်မြစ်သည် ထာဝရမတည်မြဲချေ။ ရလဒ်မှာ ယင်းသည် ပြိုကျပျက်စီး၍ ဂျဟန္နမ်ငရဲမီးထဲကျသွားမည်။ 'သို့ဖြစ်ပေရာ ထိုအဆောက်အအုံသည် ထိုသူနှင့်တကွ 'ဂျဟန္နမ်ငရဲဘုံ၏ မီးထဲသို့ ပြိုကျသွားခဲ့လေသည်'ဟူသော အသုံးအနှုန်းသည် အဓိပ္ပာယ်တင်စားမှုဖြစ်နိုင်သည်။ ဆိုလိုသည်မှာ ယင်းဗလီ ဆောက်သူများအတွက် ဂျဟန္နမ်ငရဲဘုံသွား လမ်းချောမွေ့စေသည်ဟူ၍ဖြစ်သည်။ အချို့ဋီကာရှင်များက ယင်းအသုံးအနှုန်းကို ယင်းထဲပါသည့်အတိုင်း ဂျဟန္နမ်ထဲသို့ ပြိုကျသွားသည်ဟု ယူဆကြသည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

ထို့နောက် နောက်ဆုံးအာယသ် (၁၁၀) ထဲ၌ ထိုသူများ၏ နှလုံးသားများ အစိတ်စိတ်အမွှာအမွှာ မဖြစ်သရွေ့ ဤအဆောက်အဦးကြောင့် ၎င်းတို့နှလုံးသားထဲတွင် သံသယနှင့်အရေခြုံမှုသည် အမြဲတိုးပွား နေလိမ့်မည်။ ဆိုလိုသည်မှာ သူတို့၏သံသယ၊ အရေခြုံမှု၊ မနာလိုဝန်တိုမှုနှင့် စိတ်နာကျည်းမှုတို့သည် ဘဝတက်သမ်းကုန်ဆုံးသည့် တိုင်တိုးပွားနေလိမ့်မည်။

အာယသ် (၁၁၁-၁၁၂)

اِنَّ اللّٰهَ اشْتَرٰی مِنَ الْمُؤْمِنِیْنَ اَنْفُسَهُمْ وَ اَمْوَالَهُمْ بِاَنَّ لَهُمُ الْجَنَّةَ یُقَاتِلُوْنَ فِیْ سَبِیْلِ اللّٰهِ فَیَقْتُلُوْنَ وَ یُقْتَلُوْنَ ۟ وَعْدًا عَلَیْهِ حَقًّا فِی التَّوْرٰىةِ وَ الْاِنْجِیْلِ وَ الْقُرْاٰنِ ؕ وَ مَنْ اَوْفٰی بِعَهْدِهٖ مِنَ اللّٰهِ فَاسْتَبْشِرُوْا بِبَیْعِكُمُ الَّذِیْ بَایَعْتُمْ بِهٖ ؕ وَ ذٰلِكَ هُوَ الْفَوْزُ الْعَظِیْمُ ﴿۱۱۱﴾ اَلتَّآئِبُوْنَ الْعٰبِدُوْنَ الْحٰمِدُوْنَ السَّآئِحُوْنَ الرّٰكِعُوْنَ السّٰجِدُوْنَ الْاٰمِرُوْنَ بِالْمَعْرُوْفِ وَ النَّاهُوْنَ عَنِ الْمُنْكَرِ وَ الْحٰفِظُوْنَ لِحُدُوْدِ اللّٰهِ ؕ وَ بَشِّرِ الْمُؤْمِنِیْنَ ﴿۱۱۲﴾

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့ထံမှ ထိုသူတို့၏ အသက်ဇီဝိန်များကိုလည်းကောင်း၊ ထိုသူတို့၏ ဥစ္စာပစ္စည်းများကိုလည်း

ကောင်း ထိုသူတို့အဖို့ ဂျန္ဒသ်အမတ သုခဘုံ(သည် အစားပေးရန်) ရှိသည်ဟူ၍ ဝယ်ယူတော်မူခဲ့လေသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်၏။ သို့ဖြစ်ပေရာ (ရံဖန်ရံခါ) ထိုသူတို့သည် (ရန်သူတို့အား) သတ်ဖြတ်ကြ၍ (ရံဖန်ရံခါ) ထိုသူတို့သည် (ရန်သူတို့ ၏)သတ်ဖြတ်မှုကို ခံကြရကုန်၏။ ထိုအရှင်မြတ်သည် မိမိအပေါ်၌တာဝန်ရှိကြောင်း 'သောင်ရဲသ်' ကျမ်းမြတ်တွင် လည်းကောင်း၊ 'အင်နှ်ဂျီလ်' ကျမ်းမြတ်တွင် လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်တွင် လည်းကောင်း မှန်ကန်စွာကတိ ပြုထားတော်မူခဲ့လေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်ထက်ပို ၍ မိမိကတိကိုပြည့်စုံပြီးစီးအောင် ဆောင်ရွက်သူမည်သူ ရှိမည်နည်း။ သို့ဖြစ်ပေရာအသင်တို့သည် မိမိတို့၏ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ဝမ်းမြောက်ဂျော်ရွှင်ကြလေကုန်။ အမှန်သော်ကား ဤသည်သာလျှင် အလွန် ကြီးကျယ်မြင့်မြတ်လှစွာသော အောက်မြင်မှုပင်တည်း။ (၉ : ၁၁၁)

ထိုစစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသော (မုဂျာဟစ်ဒ်များသည်) ဝန်ချ တောင်းပန်လျက်ရှိကြသူများ၊ ဝတ်ပြုလျက်ရှိကြသူများ၊ ချီးမွမ်းထောမနာ ပြုလျက်ရှိကြသူများ၊ ဥပသ်သီလဆောက်တည်လျက်ရှိကြသူများ၊ 'ရုကူအ်' ဦးညွှတ်လျက်ရှိကြသူများ၊ 'စဂျ်ဒဟ်' ပျဝပ်ဦးချလျက်ရှိကြသူ များ၊ ထိုပြင်ကောင်းမှုများကို အမိန့်ပေးညွှန်ကြားလျက်ရှိကြသူများ၊ မကောင်းမှုများမှ တားမြစ်လျက်ရှိကြသူများ ဖြစ်ကြကုန်၏။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စောင့်စည်းထိန်းသိမ်းသူများ ဖြစ်ကြကုန်၏။ (အိုနဗီတမန်တော်) အသင်သည် 'မုအ်မင်နှ်' သက်ဝင် ယုံကြည်သူတို့အား သတင်းကောင်းပြောကြားပါလေ။ (၉ : ၁၁၂)

အကျယ်ဖွင့်ဆိုခြင်း

နောက်ဆက်တွဲအဖြစ်အပျက်

ပြီးခဲ့သောအာယသ်များထဲတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ နောက်ကျန်ရစ်ခဲ့ကာ ဂျီဟာဒ်စစ်ပွဲ၌ မပါဝင်ခဲ့သူများအား ပြစ်တင်ရှုတ်ချထားမှုတစ်ခုပါဝင်သည်။ လက်ရှိအာယသ်သည် မုဂျာဟီဒင်မ်များ၏ ကောင်းမြတ်မှုများကို ဖော်ပြထားသည်။

ဝဟီကျရောက်ခြင်း၏နောက်ခံအကြောင်း

ဋီကာရှင်အများစု၏ ရှင်းလင်းချက်အရ ဤအာယသ်များသည် ဗိုင်သုလ်အတ်ဗာဟ် (အလ်အကဗဟ် ၌ တမန်တော်မြတ် S ထံ ပဋိညာဉ်ခံမှု)တွင် ပါဝင်ခဲ့သောသူများအကြောင်းဖြစ်သည်။ ပဋိညာဉ်ရယူမှုသည် မက္ကာဟ် အလ်မုကာရ်ရာမာဟ်မြို့၌ ဟစ်ဂျရတ်မတိုင်မီ မဒီနာဟ်မြို့မှအန်ဆွာရ်များထံမှဖြစ်သည်။ ထို့ကြောင့် စူရဟ်တစ်ခုလုံးသည် မဒနီစူရဟ်ဟုသတ်မှတ်လင့်ကစား ဤအာယသ်များကို မက္ကီအာယသ်များ ဟု ခေါ်ဆိုသည်။

အလ်အကဗာဟ်သည် တောင်တစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည်။ ဤနေရာ၌ ယင်းဂျမ္မရာသုလ် အတ်ကဗာဟ် (မီနာရှ် အတ်ကဗာဟ်၏ကျောက်တိုင်) ဖြစ်သော တောင်၏တစ်စိတ်တစ်ဒေသဖြစ်သည့် အတ်ကဗာဟ်ကို ရည်ညွှန်းသည်။ (ကျွန်ုပ်တို့အချိန်အခါတွင် ဟုဂ်ဂျာဟ်(ဟဂျ်ပြုသူများ) အရေအတွက်များပြား လာခြင်းကြောင့်တောင်၏တစ်စိတ်တစ်ဒေသကို ဖြိုချကာ ဂျမရာဟ်(ကျောက်တိုင်)ကို ချန်၍ ချောမွေ့သော မြေမျက်နှာပြင်အဖြစ် ပြုလုပ်ခဲ့သည်။ဤအတ်ကဗာဟ်ပေါ်၌မဒီနာဟ်ရှိလူများထံမှပဋိညာဉ်(ဗိုင်အတ် بيعة)တောင်းခံမှုသုံးကြိမ်သုံးခါပြုလုပ်ခဲ့သည်။ ပထမပဋိညာဉ်ကို တမန်တော်မြတ် s တမန်တော်ဖြစ်ခြင်း တစ်ဆယ့်တစ်နှစ် မြောက်တွင် ပြုလုပ်ခဲ့သည်။ လူခြောက်ဦး အစွလာမ်ဘာသာသက်ဝင်ယုံကြည်၍ ပဋိညာဉ်ခံယူကာ မဒီနာဟ်မြို့သို့ ပြန်သွားခဲ့သည်။ ထိုသူများ မဒီနာဟ် ပြန်ရောက်သောအခါ၌ အစွလာမ်ဘာသာနှင့် အစွလာမ့်တမန်တော်အကြောင်းမှာ လူတိုင်းပါးစပ်များ၌ ပြောစရာဖြစ်နေသည်။ နောက်နှစ်တွင် ဟဂျ်ရာသီ၌ လူဆယ့်နှစ်ဦးသည် ထိုနေရာ၌စုရုံးခဲ့သည်။ ဤတစ်ဆယ့်နှစ်ဦးအနက် ငါးဦးမှာ ပထမ ပဋိညာဉ်ခံယူကာ ပါဝင်၍ ခုနှစ်ဦးမှာ လူသစ်ဖြစ်သည်။ အားလုံးပဋိညာဉ် ခံခဲ့ကြသည်။ ထိုအချိန်တွင် မဒီနာဟ်မြို့ရှိ မုစ်လင်မ် ဦးရေမှာ(၄၀)လေးဆယ်ကျော်မျှ တိုးပွားခဲ့သည်။ သူတို့အား ကုရ်အာန်ကျမ်းမြတ်သင်ကြားပို့ချပေးရန် တစ်စုံတစ်ယောက်ကို စေလွှတ်ပေးပါရန် မေတ္တာရပ်ခံခဲ့ကြသည်။ တမန်တော်မြတ် s သည် စိုက်ယိဒနာ မုစ်အာဝ်အိဗန် အုမိုရ် d ကို စေလွှတ်ခဲ့သည်။ သူသည် ယင်းရှိမုစ်လင်မ်များကို ကုရ်အာန်ကျမ်းမြတ် သင်ကြားပို့ချရုံမျှမက ပတ်ဝန်းကျင်ကိုလည်း အစွလာမ်၏ သတင်းစကားပို့ဆောင်ခဲ့သည်။ ယင်းကြောင့်မဒီနာဟ်ရှိ အဓိက အုပ်စုဝင်လူများသည် အစွလာမ်သာသနာကို ဝင်ရောက်ခဲ့ကြသည်။

ယင်းနောက် တမန်တော်မြတ် s ၏ တမန်တော်ဖြစ်ခြင်း တစ်ဆယ့်သုံးနှစ်မြောက်တွင် ထိုနေရာ၌ အမျိုးသား၊ အမျိုးသမီး (၇၀) စုရုံးခဲ့ပါသည်။ ဤသည်မှာ တတိယနှင့်နောက်ဆုံး ဗိုင်အတုလ်အတ်ကဗာဟ် ဖြစ်သည်။ အများအားဖြင့် ဗိုင်အတုလ်အတ်ကဗာဟ်ဟု ရည်ညွှန်းလျှင် ဤဗိုင်အတ် (ပဋိညာဉ်ခံမှု)ကို ဆိုလိုသည်။ ဤပဋိညာဉ်ခံမှုကြောင့် ပါဝင်ခဲ့သူများသည် အစ္စလာမ်အခြေခံ ယုံကြည်မှုများ (အကာအိဒ်)နှင့် ကျင့်စဉ် (အာမလ်)တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ခင်းလျှင် ပါဝင်ရန်အဆင်သင့်ဖြစ်ရေးနှင့် တမန်တော်မြတ် s ပြောင်းရွှေ့လာပြီး မဒီနာဟ်ရောက်စဉ် တမန်တော်မြတ် s ကို ကူညီထောက်ပံ့ရန်နှင့် အကာအကွယ်ပေးရန် တို့သည် ၎င်းတို့အပေါ် တာဝန်ဖြစ်သွားသည်။ ဤဆက်နွယ်မှုနှင့်ပတ်သက်၍ စိုက်ယိဒနာ အဗ္ဗဒ္ဒလာဟ်အိဗန် ရဝါဟာဟ် d က တင်ပျောက်သည်မှာ 'ယာရစ္ရလလ္လာဟ်- ယခုအချိန်တွင် စာချုပ်တစ်ခုချုပ်ဆိုခဲ့ပြီးပါပြီ။ အကယ်၍ ကိုယ်တော်မြတ်၏ ဖန်ဆင်းရှင် (သို့မဟုတ်) ကိုယ်တော်မြတ်နှင့် သက်ဆိုင်သည်များရှိလျှင် ယင်းတို့ကို ယခုအချိန်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြသင့်ပေသည်'ဟုဖြစ်သည်။ ကိုယ်တော်မြတ်က မိန့်ကြားသည်မှာ 'အလ္လာဟ်အရှင်မြတ် နှင့် ပတ်သက်၍ ငါကိုယ်တော် အချက်တစ်ချက်သတ်မှတ်သည်။ ယင်းမှာ အသင်တို့သည် ထိုအရှင်မှအပ မည်သည်ကိုမျှ ခဝတ်ကိုးကွယ်မှုမပြုပါနှင့် ငါကိုယ်တော်မြတ်အတွက်ဆိုလျှင် အသင်တို့သည် အသင်တို့၏အသက်၊ ဥစ္စာပစ္စည်း၊ သားသမီးများကို ကာကွယ်သကဲ့သို့ ငါကိုယ်တော်မြတ်ကို ကာကွယ်ရမည်' ဟူ၍ မိန့်ခဲ့သည်။ ထိုသူများက 'အကယ်၍ ကျွန်တော်မျိုးတို့သည် ဤအချက်နှစ်ချက်ကို ဖြည့်ဆည်းလျှင် ယင်းအစား ကျွန်တော် မျိုးတို့ မည်သည်ကိုရမည်နည်း' ဟု မေးလျှောက်ခဲ့သည်။ ကိုယ်တော်မြတ် s က 'အသင်တို့ဂျန္နသ် သုခဘုံရလိမ့်မည်'ဟု မိန့်ခဲ့သည်။ အားလုံးက နှစ်ခြိုက် သဘောကျစွာပြောသည်မှာ 'ဤအပေးအယူကို ကျွန်တော်မျိုးတို့ အားရကျေနပ်ပါသည်။ မည်မျှ ကျေနပ်နှစ်သက်သနည်းဆိုလျှင် ကျွန်တော်မျိုးတို့ကြောင့် ဤသဘောတူညီမှု မပျက်စေရ၊ ပျက်ပြယ်စေခြင်းကိုလည်း ကျွန်တော်မျိုးတို့ မနှစ်သက်ကြပါ' ဟူ၍ဖြစ်သည်။

ဤနေရာတွင် ပဋိညာဉ်ခံမှုသည် အပေးအယူသဘောရှိသည့် ရောင်းဝယ်ဖောက်ကားမှု ပုံစံဖြစ်နေသောကြောင့် ဤအာယသ် (၁၁၁)ကို ရောင်းဝယ်ဖောက်ကားမှု အသုံးအနှုန်းဖြင့် ပို့ချထားသည်မှာ **اِنَّ اللّٰهَ اشْتَرٰی مِنَ الْمُؤْمِنِیْنَ اَنْفُسَهُمْ وَ اَمْوَالَهُمْ بِاَنَّ لَهُمُ الْجَنَّةَ** 'ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့ထံမှ ထိုသူတို့၏ အသက်ဇီဝိန်များကိုလည်းကောင်း၊ ထိုသူတို့၏ ဥစ္စာပစ္စည်းများကိုလည်းကောင်း ထိုသူတို့အဖို့ ဂျန္နသ်အမတသုခဘုံ (သည်အစားပေးရန်) ရှိသည်ဟူ၍ ဝယ်ယူတော်မူခဲ့လေသည်' ဟူ၍ ဖြစ်သည်။ ဤအာယသ်ကို ကြားသိပြီးနောက် စိုက်ယိဒနာ ဗရာအ် အိဗနိမာအ်ရူးရ်၊ အဗူအလ်ဟိုင်သွာမ် နှင့် အဆ်အဒ် d တို့သည် ၎င်းတို့၏ လက်များကို ကိုယ်တော်မြတ် s ၏ လက်တော်ပေါ်သို့ ပထမဦးဆုံး တင်ခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်းသည် ၎င်းတို့က ဤအပေးအယူကို လျောလျောရွရွ သဘောတူညီ ကြောင်း နှင့်သူတို့သည် တမန်တော်မြတ် s အတွက်ဆိုလျှင် ကမ္ဘာပေါ်ရှိအဖြူအမဲ ပူးပေါင်းအင်အားများ အကယ်၍ လာခဲ့လျှင်ပင် မိမိတို့မိသားစုကို ကာကွယ်စောင့်ရှောက်သကဲ့သို့ ကိုယ်တော်မြတ် s ကို ကာကွယ်စောင့် ရှောက်ကြမည်ဟု ကတိပြုခြင်းပင်ဖြစ်သည်။

ဤအာယသ်သည် ဂျီဟာဒ်နှင့်ပတ်သက်သည့် ပထမဆုံးအာယသ်ဖြစ်သည်

ကိုယ်တော်မြတ်၏အစောပိုင်း မက္ကာဟ်မြို့ကာလအတွင်း ဂျီဟာဒ်၏အမိန့်ပညတ်ချက်များ မကျရောက်သေးပါ။ တိုက်ခိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းတို့နှင့်ပတ်သက်သော ဤအာယသ်သည် မက္ကာဟ်အလ် မုကရ်ရာမာဟ်တွင် ကျရောက်ခဲ့သော်လည်း ယင်းအမိန့်ပညတ်ချက်များ ပြီးမြောက်စေရန်ဆောင်ရွက်မှုမှာ ဟစ်ဂျ်ရတ်ကြွမြန်းတော်မူပြီးနောက်မှသာဖြစ်သည်။ ယင်းနောက် အခြားအာယသ်ဖြစ်သည့် **اُذِنَ لِلَّذِیْنَ یُقٰتَلُوْنَ بِاَنَّهُمْ ظُلِمُوْا** '(ယခုသော်) တိုက်ခိုက်ခြင်းခံနေကြရသော (မုစ်လင်မ်) တို့သည် (ခုခံတိုက်ခိုက်) ခွင့်ရရှိလေပြီ။ (၂၂း၃၉) အလ်ဟဇ္ဇ်'သည် တိုက်ခိုက်ခြင်းခံရသူများအတွက် ချေးခံရသည်။ မက္ကာဟ်ရှိ မယုံကြည်သွေဖည်ငြင်း ပယ်သူများမသိစေပဲ လျှို့ဝှက်၍ ဤဝိုင်အတုလ်အတ်က်ဗာဟ် (အတ်ကဗာဟ်တွင် ပဋိညာဉ်ခံမှု) အဆုံးသတ် ပြီးသောအခါတွင် တမန်တော်မြတ် s သည် ကိုယ်တော်၏ ဆွဟာဗဟ်သာဝကကြီးများကို မက္ကာဟ်မြို့မှ မဒီနာဟ်မြို့သို့ရွှေ့ပြောင်းရန် အမိန့်ပေးခဲ့သည်။ ထိုသူတို့ထဲမှ အုပ်စုများသည် တဖြည်းဖြည်းခြင်း စတင်၍ ပြောင်းရွှေ့ခဲ့သည်။ တမန်တော်မြတ် s သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ခွင့်ပြုမှုကို စောင့်စားရင်း ချန်နေခဲ့သည်။ စိုက်ယိဒနာ အဗူဗကရ် d က ပြောင်းရွှေ့ရန် ဆုံးဖြတ်ချက်ချခဲ့သောအခါ၌ တမန်တော်မြတ် s က ကိုယ်တော်နှင့်အတူပြောင်းရွှေ့စေရန် စိုက်ယိဒနာ အဗူဗကရ် d ကို ဟန့်တားထားခဲ့သည်။ (ဤအဖြစ်အပျက်တစ်ခုလုံးကို ထင်ရှားသော ကိုးကားချက်များနှင့်တကွ သဖိစီရ်မဇာဟီရီကျမ်းတွင် ဖော် ပြထားခဲ့သည်။)

ယခုအခါတွင် ကျွန်ုပ်တို့သည် အာယသ် (၁၁၁) ၏ ဒုတိယဝါကျ **یُقَاتِلُوْنَ فِیْ سَبِیْلِ اللّٰهِ فَیَقْتُلُوْنَ وَ یُقْتَلُوْنَ ۟ وَعْدًا عَلَیْهِ حَقًّا فِی التَّوْرٰىةِ وَ الْاِنْجِیْلِ وَ الْقُرْاٰنِ** ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်။ သို့ဖြစ်ပေရာ (ရံဖန် ရံခါ) ထိုသူတို့သည် (ရန်သူတို့အား) သတ်ဖြတ်ကြ၍ (ရံဖန်ရံခါ) ထိုသူတို့သည် (ရန်သူတို့၏) သတ်ဖြတ်မှုကို ခံကြရကုန်၏။ ထိုအရှင်မြတ်သည် မိမိ၏အပေါ်၌ တာဝန်ရှိကြောင်း သောင်ရသ် ကျမ်းမြတ်တွင်လည်း ကောင်း၊ အင်နှ်ဂျီလ်ကျမ်းမြတ်တွင်လည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်တွင်လည်းကောင်း မှန်ကန်စွာ ကတိပြုထားတော်မူခဲ့လေသည်' ဆိုသို့သွားကြစို့။ ဤအာယသ်က ကျွန်ုပ်တို့ကိုပြောသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်၌ စစ်တိုက်ခိုက်ရန်ဆိုသည့် အမိန့်သည် လွန်လေပြီးသောအွမ္မသ်ထု၏ ကျမ်းစာများ၌လည်းပါဝင်

သည်။ အင်နဂျီလ်ကျမ်းတွင် ဂျီဟာဒ်နှင့်ပတ်သက်သော အမိန့်ပညတ်ချက်မပါဟူသော လူကြိုက်များသည့် ယူဆချက်အတွက်ဆိုလျှင် ယင်းသည် ထိုကျမ်းများကျပြီးနောက် နောင်လာနောင်သားတို့ ပြုပြင် ပြောင်းလဲထားသည့် အစိတ်အပိုင်းဖြစ်နိုင်ဖွယ်ရှိသည်။ ယင်းကဲ့သို့လုပ်ရပ်ကြောင့် ဂျီဟာဒ်နှင့်ပတ်သက်သော အမိန့်ပညတ်ချက်သည် ဖယ်ထုတ်ပြီးသား ဖြစ်သွားတော့သည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

အာယသ် (၁၁၁) အဆုံးတွင် فَاسْتَبْشِرُوْا بِبَيْعِكُمُ 'သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ဝမ်းမြောက်ပျော်ရွှင်ကြလေကုန်' ဟု မိန့်ထားသည်။ ဗိုင်အတုလ်အတ်က် ဗာဟ်အဖြစ်အပျက်ထဲတွင် တမန်တော်မြတ် s နှင့် သဘောတူညီမှု ပြုလုပ်ခဲ့ခြင်းသည် အပေါ်ယံအနေဖြင့် ရောင်းဝယ်ခြင်းကိစ္စ တစ်ရပ်ကဲ့သို့ဖြစ်သွားသည်။ ထို့ကြောင့် အာယသ်တော်အစဉ် شَرَاء (အလ္လာဟ် အရှင်မြတ်သည် ဝယ်ယူတော်မူခဲ့လေသည်) ဟူသော စကားလုံးဖြင့် ဖော်ပြထားသည်။ လက်ရှိဝါကျဆဲတွင် မုစ်လင်မ်များကို ၎င်းတို့အတွက် ကောင်းချီးမင်္ဂလာကျရောက်စေမည့် ကောင်းမြတ်သောလုပ်ရပ်တစ်ခု လုပ်ခဲ့လေပြီဟု မိန့်ထားခဲ့သည်။ အကြောင်းမှာ ၎င်းတို့သည်ထာဝရ အစားပြန်ရစေမည့်အရာနှင့် ဤလောကီတွင်ရှိ၎င်းတို့၏ အသက်ဇီဝိန်နှင့်ဥစ္စာဓနကို အလဲအလှယ်ပြုလုပ်ခဲ့သည်။ ကျွန်ုပ်တို့သည် ထိုအကြောင်းအရာကို စဉ်းစားကြည့်လျှင် ဥစ္စာဓနဟူသည် သုံးစွဲခဲ့ပြီးသည့်အရာဖြစ်ကြောင်း သိရပါလိမ့်မည်။ အရေးကြီးသည့် ဝိညာဉ်ဖြစ်သော အသက်ဆိုသည်မှာ သေပြီးနောက်တွင်လည်းတည်ရှိကာ ထာဝရတည်ရှိနေမည်။ ထို့ပြင် အကယ်၍ ကျွန်ုပ်တို့သည် ဥစ္စာဓန၏အစစ်အမှန်ကို နက်ရှိုင်းစွာကြည့်မည်ဆိုလျှင် ယင်းသည်လည်း အလ္လာဟ်အရှင်မြတ်၏လက်ဆောင်မွန်ဖြစ်သည်မှအပ အခြားမဟုတ်ချေ။ မွေးဖွားစဉ်က လူသားအားလုံး သည် ကဿာလောကသို့ လက်ချည်းဗလာရောက်လာခဲ့ပါသည်။ အရှင်မြတ်သည်သာလျှင် ထိုသူများ၏ ဝန်းကျင်ရှိ အရာအားလုံးကို ပိုင်ဆိုင်စေပြီး ထိုအရှင်မြတ်သည် အရှင်မြတ်၏လက်ဆောင်ကို ဂျန္နသ်သုခဘုံနှင့် ထာဝရကောင်းချီးမင်္ဂလာရရှိစေရန်အတွက် အဖိုးအခအဖြစ်ပေးခဲ့သည်။ ထို့ကြောင့် စိုက်ယိဒနာအုမရ် d က 'ဤသည်မှာ သန်းကြွယ်သော အလဲအလှယ်တစ်ခုဖြစ်၍ ယင်းထဲတွင် ပစ္စည်းနှင့်အဖိုးအခ နှစ်ခုစလုံး အသင့်ကိုပေးအပ်ခဲ့ခြင်းဖြစ်သည်' ဟုပြောခဲ့သည်။

ပညာရှင်ဟစန်အလ်ဗဆွရီက ပြောသည်မှာ 'နားဆင်ကြကုန် အလ္လာဟ်အရှင်မြတ်သည် ယုံကြည် သက်ဝင်သူတိုင်းကို အကျိုးအမြတ်ဖြစ်သော ရောင်းဝယ်ဖောက်ကားမှုတစ်ခု ဖွင့်ပေးလိုက်လေပြီ'ဟူ၍ ဖြစ်သည်။ ထို့ပြင် သူက ပြောခဲ့သေးသည်မှာ 'အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသင်တို့ကို ဥစ္စာဓနနှင့် ပစ္စည်းများဖြင့် ကောင်းချီး မင်္ဂလာပေးတော်မူသောအရှင်ဖြစ်တော်မူသည်။ ယင်းထဲမှ အနည်းငယ်သုံး၍ ဂျန္နသ်သုခဘုံကို ဝယ်ယူကြပါလေ'

(မဇာဟီရီ)

اَلتَّآئِبُوْنَ الْعٰبِدُوْنَ 'ထိုစစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြသော (မုဂျာဟစ်ဒ်များသည်) ဝန်ချတောင်းပန်လျက်ရှိကြသူများ. . .) ဟူသော စကားလုံးဖြင့် အစပြုထားသည်။ နောက်ဆုံးအာယသ် (၁၁၂)ထဲ၌ အစောပိုင်းက မိန့်ထားသော အလ္လာဟ်အရှင်မြတ်သည် ယုံကြည်သက်ဝင်သူများ၏ အသက်ဇီဝိန် နှင့် ဥစ္စာဓနတို့ဖြင့် ဂျန္နသ်သုခဘုံကို ဝယ်စေခဲ့သည်ဟု မိန့်ထားခဲ့သော ထိုသက်ဝင်ယုံကြည်သူများ၏ အရည်အချင်းများကို ဖော်ပြထားခဲ့သည်။ အာယသ်သည် ဗိုင်အတုလ်အတ်က်ဗာဟ်တွင် ပါဝင်သည့် သီးသန့် အုပ်စုအတွက် ကျရောက်ခဲ့သော်လည်း အာယသ်တော်၏ အလိုသဘောအရဆိုလျှင် အလ္လာဟ်အရှင်မြတ်လမ်း တော်ရှိမုဂျာဟီဒင်နိအားလုံး အကျုံးဝင် သွားသည်။ ထိုသူများ၏ အရည်အချင်းစာရင်းပါ အခြေအနေတစ်ခုဖြစ်သည့် اَلتَّآئِبُوْنَ (ဝန်ချတောင်းပန်သူများဖြစ်ကြကုန်၏) ဟူသည်နှင့် အစပြုထားခြင်းက စည်းကမ်း ကန့်သတ်ချက်အနေဖြင့် ပြုလုပ်ထားသည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော်

အလ္လာဟ်အရှင်မြတ်၏ လမ်းတော်တွင် ဂျီဟာဒ်စစ်ပွဲဆင်နွှဲသူများအတွက် ဂျန္နတ်သုခဘုံကို ကတိပြုထားခြင်းဖြစ်သည်။ ဤအရည်အချင်းများ ဖော်ပြခြင်း၏ နောက်ကွယ်ရှိရည်ရွယ်ချက်မှာ ယင်းကဲ့သို့သော အရည်အချင်းရှိသူများသည် ဂျန္နတ်သုခဘုံ နှင့်ထိုက်တန်ကြောင်း အလေးအနက်ပြုရန်ဖြစ်သည်။ ဗိုင်အတုလ် အတ်က်ဗာဟ် ပြုလုပ်သည့်အဖွဲ့ပါ ဆွဟာ ဗဟ်သာဝကကြီးများသည် ထိုသို့သော အရည်အချင်းများရှိကြသည်။

السَّآئِحُوْنَ (အတ်စ်စာအိဟ္ဝန်-ခရီးသွားကြသူများ) ဟူသောစကားလုံးသည် ဋ္ဌီကာရှင်အများစုက (စိုင်ဟူမ်) ဥပုသ်စောင့်သူများကို ဆိုလိုသည်။ ဤစကားလုံးသည် **سياحه** (စီယာဟတ်ဟ်ခရီးသည်၊ ဘုရားဖူး)မှ ဆင်းသက်လာသည်။ အစ္စလာမ်မတိုင်မီက ခရိစ်ယာန်ဘာသာတွင်]စီယာဟာဟ်'ဟူသည်မှာ ခဝတ်ကိုးကွယ်ခြင်းအပြုအမူတစ်ရပ်ဟုမှတ်ယူကြသည်။ အစ္စလာမ်ဘာသာက ယင်းကို ဘုန်းတော်ကြီးဝါဒဟု ကြေညာကာတားမြစ်ခဲ့သည်။ ယင်းကိုအီဗာဒသ် ခဝတ်ကိုးကွယ်မှုအပြုအမူတစ်ရပ်ဖြစ်သော ဥပုသ်သီလ စောင့်ထိမ်းခြင်းနှင့် အစားထိုးခဲ့သည်။ အကြောင်းမှာ စီယာဟာဟ်သည် လောကီဘဝနှင့် အဆက်အသွယ် ဖြတ်မှုကို သင်ကြားပေးသကဲ့သို့ ဥပုသ်သီလစောင့်ထိမ်းခြင်းကလည်း အိမ်တွင်နေ၍လောကီဆန္ဒများကို ကန့်သတ်ထားသော အချိန်ကာလတစ်ခုအတွင်း ရှောင်ကြဉ်ရန် သင်ကြားပေးသည်။ ဤအပေါ် အခြေခံ၍ အချို့သောဆင့်ပြန်ချက်များ၌ ဂျီဟာဒ်ကိုလည်း စီယာဟာဟ်နှင့် တူညီစေပါသည်။ အီဗနိ မာဂျာဟ်၊ ဟာကင်မ်နှင့် ဗိုင်ဟကီကျမ်းများထဲတွင် ခိုင်မာစွာတင်ပြထားသည်။ ယင်းတွင် တမန်တော်မြတ် s မိန့်ကြားသည်မှာ 'سِيَاحَةُ اُمَّتِیْ اَلْجِهَادُ فِیْ سَبِیْلِ اللّٰهِ'ကျွန်ုပ် အွမ္မသ်၏ စီယာဟာဟ်သည် အလ္လာဟ်အရှင်မြတ်လမ်းတော် တွင် ဂျီဟာဒ်ပြုခြင်းဖြစ်သည်။'

စိုက်ယိဒိနာ အဗ်ဒွလ္လာဟ်အီဗနိအဗ္ဗာစ် d က ပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ **سَآئِحِيْنَ** (စာအိဟင်န်၊ ခရီးသွားသူများ) ဟူသည်က **صَآئِمِيْنَ**(ဆွာအိမင်န် ဥပုသ်သီလစောင့်ထိမ်းသူများ)ဟူ၍ ဆိုလိုသည်။ **سَآئِحِيْنَ** (စာအိဟင်န် ခရီးသွားသူများ) အကြောင်း ရှင်းလင်းပြရာ၌ အိခ်ရိမာဟ်က ပြောသည်မှာ 'ထိုသူတို့သည် ကျောင်းသားများ ဖြစ်ကာ ၎င်းတို့အိမ်ကို စွန့်ခွာ၍ ဘာသာဆိုင်ရာအသိ ပညာရှာဖွေသူများဖြစ်ကြသည်။' (မဇာဟိရီ)

ဤနေရာ၌ ယုံကြည်သက်ဝင်သော မုဂျာဟီဒင်နှင်တစ်ဦး၏ အရည်အချင်းခုနှစ်ခုကို ဖော်ပြထားသည်မှာ ဝန်ချတောင်းပန်သူ၊ ခဝပ်ကိုးကွယ်သူ၊ အလ္လာဟ်အရှင်မြတ်အား ချီးကျူးထောမနာပြုသူ၊ ခရီးသည်၊ ရက္ခဦးညွတ်သောသူ၊ စဂျ်ဒဟ်ပျဝပ်ဦးချသူ၊ မကောင်းမြစ်တား၍ ကောင်းရာညွှန်ကြားသူ ဟူ၍ဖြစ်သည်။ ဤအရည်အချင်းခုနှစ်ရပ် ဖော်ပြပြီးနောက် အဋ္ဌမမြောက်အရည်အချင်းကို **وَ الْحٰفِظُوْنَ لِحُدُوْدِ اللّٰهِ** ၎င်းပြင် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စောင့်စည်းထိန်းသိမ်းသူများဖြစ်ကြကုန်' ဟူ၍ ဖော်ပြထားသည်။ အမှန်တကယ်တွင် ဤဖော်ပြချက်သည် အစောပိုင်းဖော်ပြခဲ့သည့် အရည်အချင်းအားလုံး တစ်ပေါင်းတစ် စည်းတည်းဖြစ်စေသည်။ တစ်နည်းဆိုရသော် အရည်အချင်းခုနှစ်ခု၏ အသေးစိတ်ဖော်ပြချက်ကို အာဝဇ္ဇာန်းရွှင်စွာ သေးငယ်သောဝါကျအဖြစ် ချုံ့ပစ်လိုက်သည်။ ယင်းက ဆိုလိုသည်မှာ ထိုသူများသည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စွဲစွဲမြဲမြဲလိုက်နာကြသည်။ ဆိုလိုသည်မှာ ထိုသူတို့သည် အစ္စလာမ့်ရှရီအတ်၏ အမိန့်ပညတ်ချက်များကို ဖက်တွယ်၍နာခံကာ ထိန်းသိမ်းစောင့်ရှောက်ကြသည်။

အာယသ် (၁၁၂) အဆုံး၌ **وَبَشِّرِ الْمُؤْمِنِيْنَ** (အိုနဗီတမန်တော်) အသင်သည် 'မုအ်မင်န်'သက်ဝင်ယုံကြည်သူတို့အား သတင်းကောင်းပြောကြားပါလေ'ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ အစ္စလာမ့်တမန်တော်ကြီးသည် အထက်ဖော်ပြပြီး အရည်အချင်းရှိသည့် သက်ဝင်ယုံကြည်သူများကို ကောင်းချီးမင်္ဂလာပေးမည်ဖြစ်ကြောင်း သတင်း

ကောင်း ပါးသင့်သည်။ ယင်းကောင်းချီးမင်္ဂလာများမှာ မည်သူကမျှ တွေးမဆနိုင်၊ စကားလုံးများနှင့်လည်း ရှင်းမပြနိုင်၊ မည်သည့်နေရာမှာလာကြောင်း မည်သူ တစ်ဦးတစ်ယောက်မှလည်း မကြားဘူးပါ။ ဂျန္နသုခဘုံ၏ အဆုံးစွန်သော ကောင်းချီးမင်္ဂလာများကို ရည်ညွှန်းသည်။

အာယသ် (၁၁၃-၁၁၄)

مَا كَانَ لِلنَّبِيِّ وَ الَّذِيْنَ اٰمَنُوْٓا اَنْ يَّسْتَغْفِرُوْا لِلْمُشْرِكِيْنَ وَ لَوْ كَانُوْٓا
اُولِيْ قُرْبٰى مِنْۢ بَعْدِ مَا تَبَيَّنَ لَهُمْ اَنَّهُمْ اَصْحٰبُ الْجَحِيْمِ ﴿۱۱۳﴾ وَ مَا كَانَ
اسْتِغْفَارُ اِبْرٰهِيْمَ لِاَبِيْهِ اِلَّا عَنْ مَّوْعِدَةٍ وَّعَدَهَآ اِيَّاهُ فَلَمَّا تَبَيَّنَ لَهٗٓ
اَنَّهٗ عَدُوٌّ لِّلّٰهِ تَبَرَّاَ مِنْهُ ؕ اِنَّ اِبْرٰهِيْمَ لَاَوَّاهٌ حَلِيْمٌ ﴿۱۱۴﴾

နဗီတမန်တော်မြတ်၌ ထို့အတူ မုအ်မင်နှ်သက်ဝင်ယုံကြည်သူတို့၌ 'မွတ်ရှ်ရစ်က်' တို့အဖို့ ၎င်းတို့သည် ၎င်းတို့၏ ဆွေမျိုးနီးစပ်သူများ ဖြစ်ကြသော်လည်း ၎င်းတို့သည် ငရဲသားများဖြစ်ကြောင်း မိမိတို့၌ ထင် ရှားခဲ့ပြီးနောက် (အလ္လာဟ်အရှင်အထံတော်၌) လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပေးပိုင်ခွင့်မရှိရေ။ (၉ : ၁၁၃)

စင်စစ်သော်ကား (နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် မိမိဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားခဲ့သည်မှာ ထို (နဗီတမန်တော်) အစ်ဗ် ရာဟီမ်သည် ဖခင်အား ပေးခဲ့သော ကတိဝန်ခံချက်ကြောင့်သာဖြစ်ပေ၏။ တစ်ဖန် ထို (နဗီတမန်တော်) အစ်ဗ်ရာဟီမ်၌ (ဖခင်)သည် အလ္လာဟ်အရှင် မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သော အခါ ထို(နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် ဖခင်နှင့် (မည်သို့မျှ) မသက်ဆိုင်၊ မပတ်သက်ဟူ၍ ငြင်းဆိုခဲ့လေ၏။ ဇကန်စင်စစ် (နဗီတမန်တော်) အစ်ဗ်ရာဟီမ်သည် စိတ်နှလုံး အလွန်နူးညံ့သူ၊ သည်းခံခြင်းတရား အလွန်ထားရှိသူ ဖြစ်ခဲ့ပေသတည်း။

(၉ : ၁၁၄)

အကျယ်ဖွင့်ဆိုခြင်း

စူရဟ်အလ်သောင်ဗဟ်တစ်ခုလုံးတွင် အပြစ်မှလွတ်ငြိမ်းချမ်းသာခွင့်များ၊ ကာဖိရ် (မယုံကြည်သွေ ဖယ်ငြင်းပယ်သူများ)နှင့် မုရှ်ရစ်က် (အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်သူများမှ တာဝန်ကင်းကြောင်း နှင့်ပတ်သက်သော အမိန့်ပညတ်ချက်များပါဝင်သည်။ စူရဟ်သည် بَرَآءَةٌ مِّنَ اللّٰهِ 'ဤသည်မှာ အလ္လာဟ်အရှင်မြတ်ထံတော်မှ တာဝန်ကင်းကြောင်း (ကြေညာ)ပင်' ဟူသည့်စကားလုံးများဖြင့် အစပြုထား ခဲ့သောကြောင့် ဤစူရဟ်ကို စူရဟ်အလ် 'ဗရာအတ်'ဟုလည်းခေါ်ဆိုသည်။ အစောပိုင်းကဖော်ပြခဲ့သော အမိန့်ပညတ်ချက်များမှာ ဤကမ္ဘာလောကတွင် ကာဖိရ်များ၊ မုရှ်ရစ်က်များနှင့် ပေါင်းသင်းဆက်ဆံရေးတွင် တာဝန်ကင်းကြောင်းနှင့် အဆက်ဖြတ်ရန်တို့ဖြစ်သည်။ လက်ရှိအာယသ်များထဲတွင် ထိုဆက်ဆံရေး၌ တာဝန် ကင်းကြောင်းနှင့် အဆက်ဖြတ်ခြင်းတို့ပါဝင်သည်။ သို့သော်

လည်း ယင်းတို့သည် နောင်တမလွန်ဘဝနှင့်သာ သက်ဆိုင်သည်။ ကာဖိရ်နှင့်မုရှ်ရိစ်ကျား သေဆုံးပြီးနောက် ၎င်းတို့အတွက်အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့် ဆုဒုအာတောင်းခြင်းကို ခွင့်မပြုချေ။ ယင်းနှင့်ပတ်သက်၍ ပြီးခဲ့သောအာယသ် (၈၄) ထဲ၌ တမန်တော်မြတ် S ကို အရေခြုံများအတွက် ဂျနာဇာဟ်ဆွလာသ် ဝတ်ပြုပေးခြင်းကို တားမြစ်ခဲ့သည်။

ဝဟီကျရောက်ခြင်း၏ နောက်ခံအကြောင်း

ဤအာယသ်ကျရောက်ခြင်း၏ နောက်ခံအကြောင်း (သို့မဟုတ်) အကြောင်းခံဖြစ်စေသည့် အဖြစ်အပျက်ဆင့်ပြန်ချက်တစ်ခုကို ဆွဟီးဟ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းများထဲတွင် တင်ပြထားခဲ့သည်။ ဤတင်ပြ ချက်အရ တမန်တော်မြတ် S ၏ ဦးရီးတော်သူ အဗူသွာလစ်ဗ်သည် အစွလာမ်ဘာသာ သက်ဝင်မယုံကြည်ခဲ့သော်လည်း သူ့ဘဝတစ်လျှောက်လုံးတွင် တမန်တော်မြတ် S ကို အထောက်အပံ့ပြုခြင်းနှင့် အကာ အကွယ်ပေးခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ သူ၏မျိုးနွယ်ဝင်မည်သူ တစ်ဦးတစ်ယောက်၏ ပြောဆိုချက်ကိုမျှ သူနားမထောင် ခဲ့ပါ။ တမန်တော်မြတ် S ကလည်း သူနှင့်ပတ်သက်၍ သောကရောက်ခဲ့သည်။ ကိုယ်တော်မြတ်သည် ဦးရီးတော် တစ်နည်းမဟုတ်တစ်နည်း ကလိမဟ်ဖတ်ရွတ် ၍ အစွလာမ်ဘာသာသို့ သက်ဝင်ယုံကြည်စေလိုသော ဆန္ဒရှိခဲ့သည်။ သို့မှသာလျှင် တမန်တော်မြတ် S သည် ၎င်းအတွက် ကြားဝင်အသနားခံနိုင်ကာ ဂျဟန္နမ်၏ပြစ်ဒဏ်ခတ်မှုမှ ကယ်တင်နိုင်မည်ဖြစ်သည်။ အဗူသွာလစ်ဗ်သည် နောက်ဆုံးနာမကျန်းမှုဖြစ်ကာ သေဆုံးရန်သေချာသွားသောအခါ တမန်တော်မြတ် S သည် စိုးရိမ်ပူပန်ခဲ့သည်။ အကယ်၍သာ ဤအချိန်မှာပင်လျှင် ကလိမဟ်ဖတ်ရန် တမန်တော်မြတ် S က ဆန္ဒရှိခဲ့သည်။ သို့မှသာလျှင် ၎င်းအတွက်ကိုယ်တော်မြတ်က လုပ်ဆောင်စရာကို လုပ်ဆောင်ပေးနိုင်မည် ဖြစ်သည်။ တမန်တော်မြတ် S သည် ပူပင်သောကရောက်စွာနှင့် သူ့အနားသွားခဲ့သည်။ သို့သော်လည်း အဗူဂျဟလ်နှင့်အဗ္ဒွလ္လာဟ် အိဗနိအုမိုင်ယဟ် (ခေါင်းမာသည့် မယုံကြည် ငြင်းပယ်သူများ)တို့သည် သူ့အနားတွင် ရှိနေပြီးဖြစ်သည်။ တမန်တော်မြတ် S က لا إله إلا الله 'လာအိလာဟအစ်လလ္လာဟ် ကလိမာဟ်ကို ဖတ်ပါလေ။ ကျွန်တော်သည် ဦးရီးတော်အတွက်၊ ခွင့်လွှတ်ချမ်းသာရမှုအတွက် ရှာဖွေတောင်း ခံရန်ကြိုးပမ်းပါမည်'ဟု ပြောကြားခဲ့သည်။ သို့သော်လည်း အဗူဂျဟလ်က ကြားဖြတ်၍ပြောသည်မှာ 'မင်းအဗ္ဒွလ်မုသွာလိဗ် (အဗူသွာလစ်ဗ်၏ဖခင်) ၏ယုံကြည်မှုကို စွန့်လွှတ်တော့မည်လော' ဟုဖြစ်သည်။ တမန်တော်မြတ် S က ပြောကြားခဲ့သည်ကို ကြိမ်ဖန်များစွာထပ်ခါတစ်လဲ ပြောကြားခဲ့သည်။ သို့သော်လည်း တစ်ဖန် တမန်တော်မြတ် S သခင် ပြောကြားတိုင်း အဗူဂျာဟလ်ကလည်း ၎င်းယခင်ကပြောသ ကဲ့သို့ပင် ပြောကြားခဲ့သည်။ အဗူသွာလိဗ် နောက်ဆုံးပြောသောစကားမှာ 'ငါသည် အဗ္ဒွလ်မုသွာလိဗ် ယုံကြည်သည့်အတိုင်း ယုံကြည်သည်'ဟူ၍ဖြစ်သည်။ ဤအခြေအနေတိုင်း သူကွယ်လွန်သေဆုံးခဲ့သည်။ ထို့နောက် တမန်တော်မြတ် S က ကိုယ်တော်မြတ်အား မတားမြစ်သရွေ့ကာလပတ်လုံး အဗူသွာလိဗ် လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်ရှာဖွေနေမည် ဖြစ်ကြောင်း ကျိန်ဆိုမိန့်ကြားခဲ့သည်။ ထိုစဉ် တားမြစ်ချက်ပါသော ဤအာယသ်တော်ကျရောက်ခဲ့သည်။ ထိုအာယသ်ထဲတွင် တမန်တော်မြတ် S နှင့် မုစ်လင်မ်အားလုံးကို အကယ်၍ ၎င်းတို့သည် အနီးကပ်ဆုံး ဆွေမျိုးများဖြစ်လင့်ကစား ကာဖိရ်နှင့်မုရှ်ရိစ်ကျားအတွက် ခွင့်လွှတ် ချမ်းသာခွင့် တောင်းခံခြင်းကို ပိတ်ပင်တားမြစ်ခဲ့သည်။

ဤသည်က မုစ်လင်မ်အချို့တွင် သံသယဖြစ်စေပါသည်။ စိုက်ယိဒနာအဗ်ရာဟီးမ် a သည်လည်း သူ၏ မယုံကြည်သော ဖခင်အတွက် ဒိုအာတောင်းမပေးခဲ့သလောဟု စဉ်းစားကြသည်။ ဤသည်ကို ဖြေကြားရန် ဒုတိယ

အာယသ် (၁၁၄) مَا كَانَ اسْتِغْفَارُ إِبْرٰهِيمَ ကျရောက်ခဲ့သည်။ ယင်းက အတိုချုပ်ဆို လိုသည်မှာ စိုက်ယိဒနာ အိပ်ရာဟီးမ် a သည် သူ၏ဖခင်အတွက် ဒိုအာတောင်းရခြင်းမှာ အခြေအနေ အရဖြစ်သည်။ အစပထမတွင် စိုက်ယိဒနာအိပ်ရာဟီးမ် a သည်သူ၏ဖခင်မယုံကြည်သွေဖည်မှုတွင်စွဲမြဲပြီး ဆုံးခန်းတိုင်ရှိနေကာမယုံကြည်သွေဖည်ခြင်းပယ်သူ တစ်ဦးအဖြစ် သေဆုံးမည့်အကြောင်း ၎င်းမသိခဲ့။ ထိုအချိန်တွင် သူ၏ဖခင်ခွင့်လွှတ်ခံရမှုရစေရန်အတွက် ဒိုအာတောင်းဆုပန်မည်ဟု ကတိပြုခဲ့သည်မှာ سَأَسْتَغْفِرُ لَكَ رَبِّيٓ 'ယခုသော်ကား ကျွန်ုပ်သည် အသင် (ဖခင်) အဖို့မိမိအား ဖန်ဆင်းမွေး မြူတော်မူသော အရှင်မြတ်အထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါတော့မည်။ (၁၉ : ၄၇) ' ဟူ၍ဖြစ်သည်။ နောက်ပိုင်းတွင် တမန်တော် s ၏ဖခင်သည် အလ္လာဟ်အရှင်မြတ်၏ရန်သူ ဆိုလိုသည်မှာ ဆုံးခန်းတိုင် အိပ်ရာဟီမ်း မယုံကြည်သွေဖည်ခြင်းပယ်သူ တစ်ဦးအနေဖြင့် ရှိသွားကြောင်း အိပ်ရာဟီးမ်ရှင်းလင်းစွာ သိရှိသွားခဲ့သော အခါ တမန်တော်သည်ဖခင်ကို အလေးမမူတော့ဘဲ ဖခင်အတွက် ခွင့်လွှတ်ချမ်းသာ တောင်းခံ မှုကို ရပ်တန့်ပစ်ခဲ့သည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် နေရာအမျိုးမျိုးတို့၌ တမန်တော်အိစ်ပ်ရာဟီးမ်၏ဖခင် ခွင့်လွှတ်မှုရ စေရန် အတွက် စိုက်ယိဒနာ အိစ်ပ်ရာဟီးမ်ဆုဒိုအာ တောင်းခံခြင်းနှင့်ပတ်သက်လျှင် ယခင်ဒိုအာတောင်းဆိုမှု ကို ထိုသဘော အတိုင်း မှတ်ယူရမည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် သူ့အား အစွလာမ်ဘာသာ ဝင်ရောက်ခြင်းနှင့် အီမာန်ယူခြင်း သောင်ဖြိုက်စွမ်းအားပေးလျှင် ပေးပေလိမ့်မည်။ သို့ဆိုလျှင် သူသည် ခွင့်လွှတ်ခြင်းခံရနိုင်သည်။

အုဟုဒ်စစ်ပွဲအတွင်းက မယုံကြည်သွေဖည်ခြင်းပယ်သူများသည် တမန်တော်မြတ် s ၏ မျက်နှာ တော်ပေါ်တွင် ထိခိုက်အနာတရဖြစ်စေခဲ့သောအခါ ကိုယ်တော်မြတ် s သည် မျက်နှာတော်ပေါ်မှ သွေးများကို သုတ်၍ اللّٰهُمَّ اغْفِرْ لِقَوْمِيْ إِنَّهُمْ لَا يَعْلَمُوْنَ 'အိုအလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏လူများကို ခွင့်လွှတ်တော်မူပါ။ သူတို့ဘာမျှ မသိကြပါ' ဟူ၍ ဒိုအာဆုပန်နေကြောင်း တွေ့မြင်ခဲ့ရသည်။ မယုံကြည်သွေဖည်ခြင်းပယ် သူများအတွက် ခွင့်လွှတ်ခံရမှု ရရှိရန် ဤသို့ဒိုအာဆုပန်ခြင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများကို အစွလာမ်နှင့် အီမာန်ရစေ နိုင်သည့် သောင်ဖြိုးက်ပေးခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးရန်နှင့် သို့မှသာ ထိုသူများသည် ခွင့်လွှတ်ခြင်းနှင့် ထိုက်တန်သွားစေပါသည်။

အီမာမ်အလ်ကုရ်သုဗီက ပြောသည်မှာ 'မယုံကြည်သွေဖည်ခြင်းပယ်သူတစ်ဦး အီမာန်၏သောင် ဖြိုးက်ရ စေရန်နှင့် ခွင့်လွှတ်ခံရမှု ထိုက်တန်စေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် သက်ရှိထင်ရှားရှိနေသော ကာဖိရ်တစ်ဦးအတွက် ခွင့်လွှတ်မှုရရန် ဆုဒိုအာပန်ကြားမှုသည် ခွင့်ပြုသည်ဟု ဤသည်ကသက်သေပြ သည်' ဟူ၍ဖြစ်သည်။

အာယသ်(၁၁၄)၏ နောက်ဆုံးဝါကျထဲတွင် إِنَّ إِبْرٰهِيمَ لَأَوَّاهٌ حَلِيمٌ 'ဇကန်စင်စစ် (နဗီတမန်တော်) အစ်ပ်ရာဟီးမ်သည် စိတ်နှလုံး အလွန်နူးညံ့သူ၊ သည်းခံခြင်းတရားအလွန်ထားရှိသူ ဖြစ်ခဲ့ပေသတည်း' ဟူ၍ မိန့်ထားသည်။ أواه (အောင်ဝဟ်) ဟူသော စကားလုံးအား အဓိပ္ပာယ်တစ်သီကြီးဖြင့် သုံးနှုန်းထားသည်။ အလ်ကုရ်သုဗီက ဤစကားလုံး၏အဓိပ္ပာယ် (၁၅)မျိုးကို တင်ပြထားသည်။ သို့ရာတွင် ထိုအဓိပ္ပာယ်များတွင် တစ်ခုနှင့်တစ်ခု အမှန် တကယ်တွင် ခြားနားမှုမရှိခဲ့။ ယင်းတို့အနက် အချို့မှာ များစွာသက်ပြင်းချသောသူ၊ မနားတမ်း ဝတ်ပြုသူ၊ သို့မဟုတ် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များအပေါ်၌ အကြင်နာတရားအပြည့်အဝရှိသူ ဟူ၍ဖြစ်သည်။ ဤ (နောက်ဆုံး) အဓိပ္ပာယ်ကို စိုက်ယိဒနာ အဗ္ဒဒ္ဒလ္လာဟ်အိဗနိမတ်စ်အူးဒ် d မှ တင်ပြ ထားခဲ့သည်။

အာယသ် (၁၁၅-၁၁၆)

وَ مَا كَانَ اللّٰهُ لِيُضِلَّ قَوْمًۢا بَعْدَ اِذْ هَدٰىهُمْ حَتّٰى يُبَيِّنَ لَهُمْ مَّا يَتَّقُوْنَ ؕ اِنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۱۱۵﴾ اِنَّ اللّٰهَ لَهٗ مُلْكُ السَّمٰوٰتِ وَ الْاَرْضِ ؕ يُحْيٖ وَ يُمِيْتُ ؕ وَ مَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ وَّلِيٍّ وَّ لَا نَصِيْرٍ ﴿۱۱۶﴾

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် မည်သည့်လူမျိုးကိုမဆို ထိုလူမျိုး တို့အား တရားလမ်းမှန်သို့ ပို့တော်မူပြီးနောက် ၎င်းတို့ရှောင်ကြဉ်ကြရမည့်အရာများကို ထင်ရှားစွာ မိန့်တော်မူခြင်း ပြုတော်မမူသည့် ကာလပတ်လုံး လမ်းလွဲစေတော်မူသည် မဟုတ်ချေ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၉ : ၁၁၅)

ဧကန်စင်စစ် မိုးကောင်းကင်များကို စိုးမိုးအုပ်ချုပ်ခြင်းသည်လည်း ကောင်း၊ ပထဝီ မြေကို စိုးမိုးအုပ်ချုပ်ခြင်းသည်လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်၌သာ ရှိချေသည်။ ထိုအရှင်မြတ်သည်သာလျှင် ရှင်စေတော် မူသည်၊ ထိုအရှင်မြတ်သည်သာလျှင် သေစေ တော်မူသည်။ ထိုမှတစ်ပါး အလ္လာဟ်အရှင်မြတ်အပြင် အသင်တို့အဖို့ အဆွေခင်ပွန်းဟူ၍ လည်းကောင်း၊ ကူညီမှုိင်းမ မည်သူဟူ၍လည်းကောင်း တစ်ဦးတစ်ယောက်မျှ မရှိချေ။

(၉ : ၁၁၆)

အာယသ် (၁၁၇-၁၁၉)

لَقَدْ تَّابَ اللّٰهُ عَلَى النَّبِيِّ وَ الْمُهٰجِرِيْنَ وَ الْاَنْصَارِ الَّذِيْنَ اتَّبَعُوْهُ فِيْ سَاعَةِ الْعُسْرَةِ مِنْۢ بَعْدِ مَا كَادَ يَزِيْغُ قُلُوْبُ فَرِيْقٍ مِّنْهُمْ ثُمَّ تَابَ عَلَيْهِمْ ؕ اِنَّهٗ بِهِمْ رَءُوْفٌ رَّحِيْمٌ ﴿۱۱۷﴾ وَّ عَلَى الثَّلٰثَةِ الَّذِيْنَ خُلِّفُوْا ؕ حَتّٰۤى اِذَا ضَاقَتْ عَلَيْهِمُ الْاَرْضُ بِمَا رَحُبَتْ وَ ضَاقَتْ عَلَيْهِمْ اَنْفُسُهُمْ وَ ظَنُّوْۤا اَنْ لَّا مَلْجَاَ مِنَ اللّٰهِ اِلَّاۤ اِلَيْهِ ؕ ثُمَّ تَابَ عَلَيْهِمْ لِيَتُوْبُوْا ؕ اِنَّ اللّٰهَ هُوَ التَّوَّابُ الرَّحِيْمُ ﴿۱۱۸﴾ يٰۤاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَ كُوْنُوْا مَعَ الصّٰدِقِيْنَ ﴿۱۱۹﴾

ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်မြတ်အပေါ် သို့လည်း ကောင်း၊ အကြင် 'မုဟာဂျိရိန်' နှင့် 'အန်ဆွာရ်' သာဝကများအပေါ်သို့လည်းကောင်း ကရုဏာတော်နှင့်လှည့်တော်မူခဲ့လေပြီ။ ယင်းမိုဟာဂျိရိန်နှင့် 'အန်ဆွာန်' သာဝကတို့ သည် မိမိတို့အနက် လူ တစ်စုဏီစိတ်နလုံးများ တိမ်းစောင်းလုဆဲဆဲဖြစ် ပြီးနောက်

ကျပ်တည်းသော အချိန် ကာလ၌ နဗီတမန်တော်မြတ်၏ နောက်သို့ လိုက်ခဲ့ကြကုန်၏။ ထို့နောက် အရှင်မြတ် သည် ၎င်းတို့အပေါ်၌ ကရုဏာတော်နှင့် လှည့်တော်မူခဲ့လေသည်။ မုချဇကန် ထိုအရှင် မြတ်သည် ၎င်းတို့နှင့်ပတ်သက်၍ အလွန်တရာ သနားကြင်နာတော်မူသောအရှင်၊ အလွန်တရာ သနားညှာတာတော်မူသောအရှင် ဖြစ်တော်မူ၏။ (၉ း ၁၁၇)

ထို့အတူ (ထိုအရှင်မြတ်သည်) အကြင် (သာဝက) သုံးဦးတို့အပေါ် ၌လည်း (ကရုဏာတော်နှင့်လှည့်တော်မူခဲ့၏)။ ထိုသုံးဦးတို့သည် (မည်သို့မျှအဆုံး အဖြတ်ကိုမရရှိကြသေးဘဲ) ရှေ့ဆိုင်းခြင်းခံခဲ့ကြလေရာ နောက်ဆုံးတွင် ပထဝီမြေသည် ဤမျှ ကျယ်ဝန်းပါလျက်နှင့်ပင် ၎င်းတို့အပေါ်၌ ကျဉ်းကျပ်လာလေ တော့၏။ ထို့ပြင် ၎င်းတို့ အသက်ထင်ရှားရှိနေခြင်းသည် ပင် ၎င်းတို့အပေါ်၌ ကျပ်တည်းခဲယဉ်းလာ ခဲ့လေသည်။ ထိုမှတစ်ပါး ၎င်းတို့သည် အလ္လာဟ်အရှင်မြတ် (၏အမျက်တော်)မှ လွတ်ကင်းရန် ထို အရှင်မြတ်အထံတော်မှတစ်ပါးအခြားမည်သည့်ခိုနားရာဌာနမျှမရှိသည်ကိုယုံကြည်လာခဲ့ကြလေသည်။ ထို့နောက် ထိုအရှင်မြတ်သည် ၎င်းတို့ (အနာဂတ်ကာလ များတွင်လည်း ပြစ်မှုကျူးလွန်မိတိုင်း အရှင်မြတ်အထံတော်သို့) ပြန်လှည့်နိုင်ကြခြင်းငှာ ၎င်းတို့အပေါ်၌ ကရုဏာတော်နှင့် လှည့်တော်မူခဲ့လေသည်။ ဇကန်အမှန် အလ္လာဟ်အရှင် မြတ်သည် ကရုဏာတော်နှင့် အလွန်တရာ ပြန်လှည့်တော်မူသောအရှင်၊ အလွန်တရာ သနားညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၉ း ၁၁၈)

အို- 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် သစ္စာဝါဒီတို့နှင့်အတူ ရှိကြလေကုန်။ (သစ္စာဝါဒီနှင့်အတူ နေထိုင်ကြလေ ကုန်။) (၉ း ၁၁၉)

အကျယ်ဖွင့်ဆိုခြင်း

အာယသ် (၁၀၂) وَاٰخَرُوْنَ اعْتَرَفُوْا 'ထို့ပြင် အခြားသူတို့လည်းရှိကြကုန်၏။ . . . . ' နှင့်ပတ်သက်၍ မှတ်ချက်ပေးထားသည်ထဲ၌ မုစ်လင်မ်များအားလုံး ပါဝင်ဆင်နွှဲရမည့် သဗုခ်ဂျီဟာဒ်တွင်ပါဝင်ရန် လူအများ ကို ဖိတ်ခေါ်ပြီးနောက် မဒီနာဟ်ရှိလူများတွင် အုပ်စုငါးစုကွဲသွားသည်ဆိုကြောင်း ပါဝင်သည်။ ယင်းတို့အနက် နှစ်စုသည် ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ချန်ရစ်ခဲ့သူများဖြစ်ကြသည်။ ၎င်းတို့ အကြောင်း ပြီးခဲ့သောအာယသ်တွင် အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သည်။ လက်ရှိအာယသ်များထဲတွင် ဖြူစင် ရိုသားသော ယုံကြည်သက်ဝင်သူသုံးမျိုးကို ဖော်ပြထားခဲ့သည်။ ပထမအမျိုးအစားမှာ ဂျီဟာဒ်စစ်ပွဲဖိတ် ခေါ်သည်နှင့် မဆိုင်းမတွတုန့်ပြန်ခဲ့သည်။ ထိုသူတို့ကို ကနဦးဝါကျ لَقَدْ تَّابَ اللّٰهُ عَلَى النَّبِيِّ وَالْمُهٰجِرِيْنَ وَالْاَنْصَارِ الَّذِيْنَ اتَّبَعُوْهُ فِيْ سَاعَةِ الْعُسْرَةِ 'ကြပ်တည်း သောအချိန်ကာလ၌ နဗီတမန်တော်မြတ်၏ နောက်သို့လိုက်ခဲ့ကြကုန်၏' အာယသ် (၁၁၇) တွင် ဖော်ထုတ် ပြသထားသည်။ ဒုတိယအုပ်စုလူများသည် အစပိုင်း၌ ချီတုန်ချတုန် ဖြစ်နေကြသော်လည်း မကြာမီအချိန် အတွင်း အသိတရားပြန်လည်ရရှိကာ ဂျီဟာဒ်တွင်ပါဝင်သော အခြားသူများနှင့်အတူ

ပါဝင်ဆင်နွှဲရဲန် အဆင်သင့်ဖြစ်သွားခဲ့ကြသည်။ ထိုသူများအကြောင်းကို အာယသ် (၁၁၇)ထဲပါ مِنۢ بَعۡدِ مَا كَادَ يَزِيغُ قُلُوبُ فَرِيقٖ مِّنۡهُمۡ 'လူတစ်စု၏ စိတ်နှလုံးများ တိမ်းစောင်းလုဆဲဆဲဖြစ်ပြီးနောက် (ကြပ်တည်းသောအချိန်ကာလ၌) နဗီတမန်တော်မြတ်၏ နောက်သို့လိုက်ခဲ့ကြကုန်၏' ဟူသောဝါကျ၌ ဖော်ပြထားသည်။

တတိယအုပ်စုရှိ ယုံကြည်သူများသည် ထိုအချိန်တွင် ၎င်းတို့၏ပျင်းရိမှုကြောင့် ဂျီဟာဒ်စစ်ပွဲ၌ မပါဝင်မဆင်နွှဲခဲ့ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့သည် နောင်တရကာ ခွင့်လွှတ်မှုရရန် တောင်းခံ ခဲ့သည်။ အဆုံး၌ ထိုသူများ၏သောင်ဗာဟ်ပြုမှုကို လက်ခံခဲ့သည်။ သို့သော်လည်း ထိုသူတို့အုပ်စုကို ထပ်မံ ၍ နှစ်မျိုးနှစ်စားခွဲခြားခဲ့သည်။ ကနဦး၌ ထိုအုပ်စုတွင် လူဆယ်ဦးပါဝင်သည်။ ယင်းထဲမှ (၇) ဦးသည် တမန်တော်မြတ် ﷺ ပြန်ရောက်လျှင်ရောက်ချင်း ၎င်းတို့၏စစ်မှန်သော ဝမ်းနည်းကြေကွဲမှုနှင့် ဝန်ချတောင်း ပန်မှုကို မဆိုင်းမတွပြုသခဲ့သည်။ ၎င်းတို့လုပ်ဆောင်ပြသည့်ပုံစံမှာ တမူထူးခြားသည်။ ၎င်းတို့သည် သောင်ဗာဟ်ဝန်ချတောင်းပန်မှုကို လက်မခံသမျှကာလပတ်လုံး ကြိုးချည်လျက် အတိုင်းနေမည်ဟူသော သန္နိဋ္ဌာန်နှင့် တမန်တော်မြတ် ﷺ ၏ ဗလီဝတ်ကျောင်းတော်ကျောက်တိုင်တွင် သူတို့ကိုယ်သူတို့ ချည်နှောင်ထားကြသည်။ တခဏချင်းပင် ထိုသူတို့ကို ခွင့်လွှတ်ချမ်းသာမှု ပေးသနားတော်မူသည်ဟု လူသိများသည့် စူရဟ်သောင်ဗာဟ်၏ ဤအာယသ်ကို ချပေးခဲ့သည်။ အသေးစိတ်ကို အာယသ်(၁၀၂)၏ မှတ်ချက်များတွင် တွေ့နိုင်သည်။ (၁၀)ဦးမှကျန်သောသုံးဦးသည် ထိုကဲ့သို့မလုပ်ဆောင်ခဲ့ကြပါ။ ထိုသူများကို မည်သူကမျှ နှုတ်မဆက်၊ စကားမပြောခြင်းဖြင့် ဝိုင်းပယ်ကြရန် တမန်တော်မြတ် ﷺ က ဆွဖာဗဟ်သာဝကကြီးများကို မှာကြားခဲ့သည်။ ဤကိစ္စသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည်။ ဤသည်က ၎င်းတို့ကို စိတ်အနှောက်အယှက် အမှန်ဖြစ်စေသည်။ ထိုသူများအကြောင်း ဒုတိယအာယသ် (၁၁၈)က وَّعَلَى الثَّلٰثَةِ الَّذِيۡنَ خُلِّفُوۡا 'ထို့အတူ (ထိုအရှင်မြတ်သည်) အကြင် (သာဝက)သုံးဦးတို့အပေါ်၌လည်း (ကရုဏာတော်နှင့်လှည့်တော်မူခဲ့၏) ထိုသုံးဦးတို့သည် (မည်သို့မျှ အဆုံးအဖြတ်ကို မရရှိကြသေးဘဲ) ရွှေ့ဆိုင်းခြင်းခံခဲ့ကြလေရာ' ဟူသော စကားလုံးများဖြင့် ဖော်ပြထားပြီး နောက် ထိုသူများ၏သောင်ဗာဟ် ဝန်ချတောင်းပန်မှု လက်ခံကြောင်းဖော်ပြထားသည်။ ဝန်ချမှုလက်ခံပြီးသည်နှင့် တစ်ပြိုင်နက် ၎င်းတို့အား ဝိုင်းပယ်ရန်ဟူသည့် အမိန့်ကိုရုပ်သိမ်းခဲ့သည်။

ပထမအာယသ် (၁၁၇) لَقَدۡ تَّابَ اللّٰهُ عَلَى النَّبِىِّ وَ الۡمُهٰجِرِيۡنَ وَ الۡاَنۡصَارِ الَّذِيۡنَ اتَّبَعُوۡهُ فِىۡ سَاعَةِ الۡعُسۡرَةِ 'ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် နဗီ တမန်တော်မြတ် အပေါ်သို့လည်းကောင်း၊ အကြင်မုဟာဂျိရိန့် အန်ဆွာရ်သာဝကများအပေါ်သို့လည်းကောင်း၊ ကရုဏာတော်နှင့် လှည့်တော်မူခဲ့လေပြီ။ နောက်ကြပ်တည်းသောအချိန်ကာလ၌ နဗီတမန်တော်မြတ်၏ နောက်သို့လိုက်ခဲ့ကြကုန်၏' ကို အသေးစိတ်အချက်အလက်ဖြင့် စတင်မရှင်းလင်းမီ ဦးစွာပထမမေးခွန်း တစ်ခုစတင် ဖြေကြားကြပါစို့။ သောင်ဗာဟ်ပြုလုပ်ခြင်းသည် ဂုနာဟ်ပြစ်မှုတစ်ခုကျူးလွန်ခြင်းနှင့် အမိန့်ဖီဆန်မှု အတွက် ပြုလုပ်ရသည်မဟုတ်ပါလော။ တမန်တော်မြတ် ﷺ သည် ထိုသို့ပြုလုပ်ခြင်းမှ အကာအကွယ်ပေးထားသည်။ (မအ်စွန်) ဖြစ်သည်။ သို့ဆိုလျှင် ကိုယ်တော်၏သောင်ဗာဟ်ကို လက်ခံခြင်း (တမန်တော်မြတ် ﷺ ဘက်သို့ ကရုဏာတော်နှင့် လှည့်တော်မူခြင်း) ဟူသည်က မည်သည်ကိုဆိုလိုသနည်း။ ထပ်၍ တစ်ဖန် မုဟာဂျိရိန်နှင့်အန်ဆွာရ်များထဲမှ ဆွဖာဗဟ်များသည် အစကတည်းက ဂျီဟာဒ်စစ်ပွဲ ပါဝင်ဆင်နွှဲရဲန် ရွေးချယ်ခဲ့ကြပါသည်။ သူတို့သည်လည်း မည်သည့်အမှားမျှ မကျူးလွန်ခဲ့ပါ။ မည်သည့်ပြစ်မှုအတွက် ၎င်းတို့၏သောင်ဗာဟ် အမှားဝန်ချတောင်းပန်ခြင်းကို လက်ခံခဲ့သနည်း။

အဖြေမှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အားလုံးအား အပြစ်ဂုနာဟ်မှ လုံခြုံစေပါသည်။ ဤ လုံခြုံမှုကို သောင်ဗာဟ်ဟုဖော်ပြထားသည်။ သို့မဟုတ်ပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူများအားလုံးကို အလ္လာဟ်အရှင်မြတ် ဘက်သို့ လှည့်သူများ (သဝါဗ်) အဖြစ်ပြုလုပ်ထားသည်။ ဤသည်ကညွှန်းသည်မှာ မည်သူ တစ်ဦးတစ်ယောက်မျှမဆို တမန်တော်မြတ် ﷺ နှင့် ကိုယ်တော်နှင့်အနီးကပ်ဆုံး ဆွေဟာဗဟ်များ သည်ပင်လျှင် သောင်ဗာဟ်ပြုခြင်းမှ မကင်း လွတ်ပါ။ ယင်းနှင့်ပတ်သက်၍ **وَتُوبُوٓاْ إِلَى ٱللَّهِ جَمِيعًا** 'ထို့ပြင် အို 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အောင်မြင်မှု ရရှိကြအံ့သောငှာ အသင်တို့အားလုံးသည် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်ဝယ် ဝန်ချတောင်းပန်ကြလေကုန် (၂၄း၃၁)'ဟူသော အခြားအာယသ်တော်၌ ဖော်ပြထားသည်။ အကြောင်းမှာ အလ္လာဟ်အရှင်မြတ်နှင့် နီးကပ်မှုအဆင့် အတန်းများသည် အဆုံးမရှိခြေ။ မည်သူမဆို အဆင့်အတန်းတစ်ခုကို ရောက်ခဲ့လျှင် ရှေ့တွင် ယင်းထက်သာလွန် မြင့်သော အဆင့်အတန်းရှိသည်ကို သတိပြုရမည်။ ထိုမြင့်မားသောအဆင့်အတန်းနှင့် နှိုင်းယှဉ်လျှင် ယခုလက်ရှိ အဆင့်အတန်းသည် ချို့တဲ့မှုရှိနေမည်။ စူးစမ်းရှာဖွေမှု ဆက်လုပ်ရမည်။ ယခုလက်ရှိအဆင့်တွင် မည်သည့်ချို့တဲ့မှု အတွက်မဆို ခွင့်လွတ်ခံရမှုရှာဖွေပါလေ။ သို့မှသာသူသည် နောက်ထပ်မြင့်မားသော အဆင့် အတန်းသို့ တက်လှမ်း နိုင်ပေမည်။

အာယသ် (၁၁၇)ပါ **سَاعَةِ ٱلۡعُسۡرَةِ** 'ကြပ်တည်းသောအချိန်ကာလအဖြစ် ဘာသာပြန်ဆိုထားသော' စကား လုံးများသည် ဤဂျီဟာဒ်စစ်ပွဲကာလတွင်းရှိမုစ်လင်မ်များအခြေအနေကို ပုံဖော်ပြသရန်အလို့ငှာ ကုရ်အာန် ကျမ်းတော် မြတ်က သုံးနှုန်းထားသည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များမှာ ဆင်းရဲနွမ်းပါး ၍ များစွာသော ကိစ္စရပ်များတွင် ကြပ်တည်းကျဉ်းမြောင်းနေကြသည်။ ဟာစန်အလ်ဗဆ္စရီက ပြောသည်မှာ 'လူဆယ်ဦးတိုင်းမှာ အစီးအနင်းစီးရန် ခုံတစ်ခုသာရှိသည်။ သူတို့သည်အလှည့်ကျစီးနင်းရသည်။ ထိုကဲ့သို့ ခရီးစဉ်အတွက် လိုအပ်သော ငွေကြေးမှာ အနည်းငယ်နှင့်သာမန်မျှသာဖြစ်သည်။ အခြားတစ်ဘက်တွင် အပူရှိန်မှာပြင်းထန်ကာ လောင်ကျွမ်းစေပါသည်။ လမ်း ခရီးစဉ်တစ်လျှောက် ရေရှာ၍ အလွန်ဝေးသော နေရာမှာ သာရနိုင်သည်။

နောက်ဝါကျ **مِنۢ بَعۡدِ مَا كَادَ يَزِيغُ قُلُوبُ فَرِيقٖ مِّنۡهُمۡ** '(လူတစ်စုတ်၏စိတ်နှလုံးများ တိမ်းစောင်းလုဆဲဆဲဖြစ်ပြီး နောက်) နှင့်ပတ်သက်၍ အချို့သူများ၏နှလုံးသားများ **زيغ** (ဇိုက်ဂ်တိမ်းစောင်းမှု) ဟု ဤနေရာ၌ညွှန်းထားခြင်းသည် ထိုသူများအီမာန် ယုံကြည်မှုမှ တိမ်းချော်လွဲမှားခြင်းဟု မဆိုလိုခြေ။ စင်စစ်ရာသီဥတုပူပြင်းမှုဒဏ်နှင့် လိုအပ်သော အထောက်အပံ့ပစ္စည်း ရှားပါးမှုကြောင့် ဂျီဟာဒ်စစ်ပွဲဆင်နွှဲခြင်းမှ ရှောင်သွားလိုသည့် စိတ်ပျက်သည့် ဆန္ဒကိုဆိုလို သည်။ ဟဒီးဆ်ဆင့်ပြန်ချက်များက ယင်းသို့ဖြစ်ကြောင်း သက်သေခံသည်။ ၎င်းတို့ရင်ဆိုင်ခဲ့ ရသည့် ဤအခက်အခဲများကြောင့် သူတို့၏ဝန်ချတောင်းပန်မှုကို လက်ခံခဲ့ပါသည်။

အာယသ် (၁၁၈)သည် **وَعَلَى ٱلثَّلَٰثَةِ ٱلَّذِينَ خُلِّفُواْ** 'ထို့အတူ (ထိုအရှင်မြတ်သည်) အကြင် (သာဝက) သုံးဦး တို့အပေါ်၌လည်း (ကရုဏာတော်နှင့်လှည့်တော်မူခဲ့၏) ထိုသုံးဦးတို့သည် (မည်သို့မျှ အဆုံးမဖြတ်ကိုမရရှိကြသေးဘဲ) ရွှေ့ဆိုင်းခြင်းခံခဲ့ကြရလေရာ' ဟူသော စကားလုံးများဖြင့်အစပြုထားသည်။ ဤနေရာ၌ **خُلِّفُواْ** (ခွလိလိဖူး)ဟူသော စကားလုံးသည် စာပေအရ 'ချန်ရစ်ခဲ့သောသူများ'ဟု အဓိပ္ပာယ် သက်ရောက်သည်။ စာသားအားဘာသာပြန်ဆိုရာတွင် ရွေးချယ်ထားသကဲ့သို့ ယင်းစကားလုံးက 'ထိုသူများ၏ ဝန်ချတောင်းပန်မှုကိစ္စကို ရွှေ့ဆိုင်းထားခဲ့သည်' ဟု အဓိပ္ပာယ် သက်ရောက်သည်။ ဤသုံးဦးဖြစ်ကြသော စိုက်ယိဒနာ ကအဗ်အိဗနိမာလိက်၊ မူရာရာဟ်အိဗနိရာဗိအ်နှင့် ဟိလာလ အိဗနိအုမိုင်ယာဟ် [f] တို့သည် မဒီနာဟ်မြို့မှ အန်ဆွာရ်များဖြစ်ကြသည်။ ထို့နောက် ၎င်းတို့သည် အစွလာမ် သာသနာ့

အမှုတော်ထမ်းရာတွင် ထင်ရှားသည့်မှတ်တမ်းများ ရှိခဲ့ကြသောသူများဖြစ်ကြသည်။ အစောပိုင်းက ၎င်းတို့သည် ဗိုင်အတုလ်အတ်က်ဗာဟ်နှင့် စစ်ပွဲများစွာတွင် တမန်တော်မြတ် s နှင့်အတူတက္ပ ပါဝင်ဆင်နွှဲခဲ့ကြသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင်သာ ကံကြမ္မာအရာ ဤကိစ္စတွင်ချွတ်ချော်သွားခဲ့ကြသည်။ ထို့နောက် အရေးခဲမှုကြောင့် ဤဂျီဟာဒ် စစ်ပွဲမပါဝင်ခဲ့သော အရေးခဲများလည်းရှိခဲ့သည်။ ထိုအရေးခဲများက ၎င်းတို့ ၏သတ္တိကြောင်သွားစေသော အကြံဉာဏ်များလည်းပေးခဲ့ကြသည်။ သို့သော်လည်း တမန်တော်မြတ် s ဤဂျီဟာဒ်စစ်ပွဲမှ ပြန်လည်ရောက်ရှိလာသောအခါ ထိုအရေးခဲများသည် ကိုယ်တော်မြတ်ထံရောက်လာ၍ မမှန်ကန်သော အကြောင်းပြချက်များတင်ပြပြီး မမှန်ကန်သည့် ကျိမ်းကျိန်မှုပြုလုပ်ကာ တမန်တော်မြတ် s ကျေနပ်စေရန် ကြိုးစားပြုလုပ်ခဲ့ကြသည်။ တမန်တော်မြတ် s ကမူသူတို့၏ နလုံးသား အတွင်းပိုင်း အခြေအနေတို့ကို အလွှာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံ၍ အပြင်ပိုင်းဆိုင်ရာ ၎င်းတို့၏ ကျိမ်းကျိန်ကြောမှုကို လက်ခံခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် သာမန်အခြေအနေအတိုင်း အေးအေးဆေးဆေး နေသွားခဲ့ကြသည်။ အချို့သူများက ဤအန်ဆွာရ်များကို အရေးခဲများလုပ်သကဲ့သို့ မမှန်မကန်သော ဆင်ခြေများပေး၍ အပြစ် မရှိသကဲ့သို့ နေထိုင်သွားရန် အကြံပေးခဲ့သည်။ သို့သော်လည်း ၎င်းသူများ၏ နလုံးသားများက ထိုသူတို့ကို ပြစ်တင်မောင်းမဲခဲ့သည်။ ၎င်းတို့က ဂျီဟာဒ်စစ်ပွဲမှ နောက်ချန်နေရစ်ခဲ့ခြင်းကြောင့် ပြစ်မှုဂုနာဟ် ကျူးလွန်ခဲ့ပြီးဖြစ်သွား ကြောင်း သိရှိခဲ့ကြသည်။ သို့ဆိုလျှင် တမန်တော်မြတ် s အား လိမ်လည်ခြင်းဟူသော နောက်ထပ်ဂုနာဟ်အပြစ်တစ်ခုကို မည်သို့ထပ်မံလုပ်နိုင်ပါအံ့နည်း။ ထို့ကြောင့် ၎င်းတို့သည် စိတ်သန့်သန့်ဖြင့် သူတို့၏မှားယွင်းသောလုပ်ရပ်ကို ဖွင့်ဟဝန်ခံခဲ့ကြသည်။ အပြစ်ဒဏ်ခတ်သည့်အနေဖြင့် ထိုသူများကို နှုတ်ဆက်ခြင်း၊ စကားစမြည်ပြောဆိုခြင်း မပြုလုပ်ရန် မုစ်လင်မ်များကို မှာကြားထားခဲ့သည်။ အဆုံးတွင် ကုရ်အာန်ကျမ်းတော်မြတ်သည် ကိစ္စရပ်တစ်ခုလုံးကို ဖော်ထုတ်ပြသခဲ့သည်။ အကြောင်းပြချက်များကို မမှန်ကန်သော ကျိန်ဆိုမှုဖြင့် ကာကွယ်ထားသူများအား ဖော်ထုတ်ပြသခဲ့သည်။ ယင်းနှင့်ပတ်သက်သော အသေးစိတ်များကို အစောပိုင်းအာယသ်တော်များစွာ يَعْتَذِرُوْنَ اِلَيْكُمْ اِذَا رَجَعْتُمْ اِلَيْهِمْ 'ထိုသူတို့သည် အကြောင်းပြကြလိမ့်မည်(၉၄)' မှ عَلَيْهِمْ دَآئِرَةُ السَّوْءِ 'ထိုသူတို့အပေါ်၌ပင် မကောင်းသော အလှည့်ကြုံခြင်းသည်ရှိပေသည် (၉၈) 'ထိတွင် ဖော်ပြထားသည်။ ဤသာဝကသုံးဦးတို့၏ အမှန်ပြောဆိုချက်နှင့် ဖွင့်ဟဝန်ခံခြင်းတို့နှင့်ပတ်သက်လျှင် ၎င်းတို့ သောင်ဗာဟ်ပြုသည်ဆိုကြောင်း ဤအာယသ်ကျရောက်ခြင်းဖြင့် လုံလောက်သည်။ ထိုသာဝကများသည် တမန်တော်မြတ် s က ကြဉ်ထားမှုရက်ပေါင်း(၅၀) ခံရကာ ဆွဟာဗဟ်သာဝကကြီးများကလည်း စကားမပြော နှုတ်မဆက်နှင့် သပိတ်မှောက်ထားခြင်းကိုလည်း ခံခဲ့ရသည်။ အလွန်ကြေကွဲဝမ်းနည်းဖွယ် ဖြစ်ရပ်ပင်တည်း။ အဆုံး၌ ဂုဏ်အသရေရှိရှိ အပြစ်မှလွတ်ကင်းခြင်းနှင့် သောင်းသောင်းဖျဖျ ချီးကျူးမှုများဖြင့် နှစ်ထောင်းအားရဖွယ် မြင်ကွင်းရှိ နေ့တစ်နေ့ရောက်လာခဲ့သည်။ ထိုသူများမှာ တမန်တော်မြတ် s နှင့် မုစ်လင်မ် အားလုံးတို့၏ ယုံကြည်မှုကို ပြန်လည်ရရှိပါတော့သည်။

ခိုင်လုံသောဟဒီးဆ်များမှ ဤအန်ဆွာရ်သုံးဦးနှင့်သက်ဆိုင်သည့် အဖြစ်အပျက်အသေးစိတ်များ

ခိုင်လုံသောကျမ်းနှစ်စောင်ဖြစ်သည့် အလ်ဗုခါရီ၊ မုစ်လင်မ်ကျမ်းများနှင့် ဟဒီးဆ်ကျမ်းတော်များစွာတွင် စိုက်ယိဒနာ ကအဗ်အိဗနိမာလိက် d က ဆင့်ပြန်ခဲ့သော ဤအဖြစ်အပျက်နှင့်ပတ်သက်သည့် ရှည်လျားသော ဟဒီးဆ်တော်ပါဝင်သည်။ ယင်းဟဒီးဆ်တော်ထဲတွင် လမ်းညွှန်မှုဆိုင်ရာ ဘာသာရေးပြဿနာ ဖြေရှင်းခြင်းနှင့် စဉ်းစားထိုက်သောအချက်အလက်များစွာ ပါရှိသောကြောင့် ထိုဟဒီးဆ်တော်ကို ပြည့်ပြည့်စုံစုံ ဘာသာပြန်ဆိုကာ ဤနေရာ၌

တင်ပြခြင်းသည် လျော်ကန်သင့်မြတ်သည်ဟုထင်သည်။ အန်ဆွာရီ သုံးဦးမှတစ်ဦးဖြစ်သည့် စိုက်ယိဒနာ ကအစ်အိဗနီ မာလိက် d ကာ ဖော်ပြသည့် ဤအဖြစ်အပျက်အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်။

သဗုခ်စစ်ပွဲမှအပ တမန်တော်မြတ် s တိုက်ခိုက်ခဲ့သည့် စစ်ပွဲတိုင်းတွင် ကျွန်ုပ်သည် တမန်တော် မြတ် s နှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့ပါသည်။ သို့သော်လည်း ဗဒရ်စစ်ပွဲ ရုတ်တရက်ဖြစ်ပေါ်လာကာ တမန်တော်မြတ် s က လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပါဝင်ဆင်နွှဲရန်မပြောကြားခဲ့ပါ။ ထို့နောက် ယင်းစစ်ပွဲမဲပါဝင်သူများကိုလည်း တမန်တော်မြတ် s က စိတ်မဆိုးခဲ့ပါ။ ဤစစ်ပွဲတွင်လည်း ကျွန်တော် မပါဝင်ခဲ့ပါ။ အစ္စလာမ်ဘာသာကို အထောက်အကူ ပြုရန်နှင့် ဗိုင်အတုလ်အတ်က်ဗာဟ်တွင် ကျွန်ုပ်ပါဝင် နိုင်မှုကို နှိုင်းယှဉ်လျှင် ဗိုင်အတုလ်အတ်က်ဗာဟ်တွင် ပါဝင်နိုင်မှုကို ကျွန်ုပ်ပိုမိုနှစ်သက်တန်ဖိုးထားသည်။ ကျွန်ုပ်သည် သဗုခ်စစ်ပွဲမဲ့ ပျက်ကွက်ရခြင်းနောက်ကြောင်းအမှန်မှာ ထိုစဉ်က ကျွန်ုပ်သည် မချမ်းသာ၊ မကြွယ်ဝသေးချေ။ အလွှာဟ်အရှင်မြတ်အလိုတော်နှင့် ကျွန်ုပ်တွင် အစီးအနင်း စီးစရာ နှစ်ခုရှိ သည်မျိုး ထိုအချိန်ကမရှိခဲ့ပါ။

စစ်ပွဲများအတွက် မဒီနာဟ်မှထွက်ခွာတိုင်း တမန်တော်မြတ် s ၏ ဓလေ့တော်မှာ ကိုယ်တော်မြတ်၏ ရည် ရွယ်ချက်ကို ဖုံးကွယ်၍ ဂျီဟာဒ်စစ်ပွဲဆင်နွှဲရာလမ်းကြောင်းနှင့် ဆန့်ကျင်ဘက်သို့သွားပါသည်။ ရည်ရွယ်ချက်မှာ အရေခြံများသည် သူလျှိုလုပ်ရာတွင် ရှုတ်ထွေး၍ရန်သူများထံ သတင်းမပို့နိုင်စေရန်ဖြစ် သည်။ တမန်တော်မြတ် s ပြောလေ့ရှိသည်မှာ 'စစ်ပွဲတွင် (ထိုကဲ့သို့သေနင်္ဂဗျူဟာ) လှည့်ဖျားခြင်း (ခုဒါဟ်) ပြုလုပ်မှုခွင့်ပြုသည်' ဟူ၍ဖြစ်သည်။

ထို့နောက် တမန်တော်မြတ် s သည် ဂျီဟာဒ်စစ်ပွဲအတွက် ကိုယ်တော်မြတ်၏ အစီအမံကို အကောင် အထည်ဖော်ရန် အစဉ်သင့်ဖြစ်ပါသည်။ (ဤဂျီဟာဒ်စစ်ပွဲမှာ သဗုခ်စစ်ပွဲဖြစ်၍ အကြောင်းအမျိုး မျိုးကြောင့် တမူထူးခြား သည်) အပူရှိန်မှာ အလွန်ပြင်းထန်သည်။ မုစ်လင်မ်စစ်တပ်တွင် အထောက်အကူများ ချို့တဲ့ပါသည်။ ခရီးစဉ်က ရှည် လျားသည်။ ထို့နောက် မုစ်လင်မ်များမှာ ၎င်းတို့ထက် အင်အားနှင့် အရေအတွက်များပြားကာ တောင့်တင်းသော ရန်သူစစ်တပ်ကို တိုက်ခိုက်ရပါမည်။ ထို့ကြောင့် တမန်တော်မြတ်သည် ဂျီဟာဒ်စစ်ပွဲအတွက် ဖိတ်ခေါ်မှုကို လူအများ အတွက် ပွင့်လင်းစွာပြုလုပ်ခဲ့သည်။ သို့မှသာ မုစ်လင်မ်များသည် လိုအပ်သောပြင်ဆင်မှုအလုံးစုံကို ကြိုတင်ပြုလုပ်နိုင် မည်ဖြစ်သည်။

ဆွဟီးဟ်မုစ်လင်မ်ကျမ်းတွင် တင်ပြချက်အရ ဤဂျီဟာဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော အရေအတွက်မှာ တစ်သောင်းကျော်သည်။ စိုက်ယိဒနာမုအာဒ် d မှတစ်ဆင့် ဟာကင်မ်ကျမ်းတွင် တင်ပြထားသည်။ ၎င်းကပြောသည်မှာ 'တမန်တော်မြတ် s နှင့်တကွ ကျွန်ုပ်တို့ ဤဂျီဟာဒ်စစ်ပွဲထွက်ခွာသောအချိန်၌ ကျွန်ုပ်တို့အရေအတွက်မှာ သုံးသောင်း ကျော်ရှိသည်' ဟူ၍ဖြစ်သည်။

ဤဂျီဟာဒ်စစ်ပွဲတွင် ထွက်ခွာသူများစာရင်းကို မှတ်တမ်းတင် ရေးမှတ်မထားသောကြောင့် ဤဂျီဟာဒ် စစ်ပွဲ မလိုက်ပါလိုသူတို့အတွက် အခွင့်အရေးတစ်ရပ် လွယ်လင့်တကူရရှိသွားသည်။ အကယ်၍ ၎င်းတို့မလိုက်ခဲ့လျှင် မည်သူမျှသိလိမ့်မည်မဟုတ်ဟု သူတို့ကထင်မှတ်ခဲ့ကြသည်။ တမန်တော်မြတ် s ဤဂျီဟာဒ်စစ်ပွဲထွက်ခွာသောအချိန် သည် စွန်ပလွန်သီးများရင့်မှည့်၍ စိုက်ပျိုးသူများသည် အလုပ်များနေသောအချိန်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေ တွင် တမန်တော်မြတ် s နှင့် သာမန်မုစ်လင်မ်များသည် ခရီးထွက်ခွာ ရန်အဆင်သင့်ဖြစ်နေသည်။ တမန်တော်မြတ် s ခရီးစတင်ထွက်ခွာနေသည် ကြာသပတေးနေ့ဖြစ်သည်။ ဂျီဟာဒ်စစ်ပွဲအတွက်ဖြစ်စေ (သို့မဟုတ်) အခြားကိစ္စအတွက်

ဖြစ်စေ ခရီးထွက်ရမည်ဆိုလျှင် ကြာသပတေးနေ့၌ ခရီးထွက်ခြင်းကို တမန်တော်မြတ် ﷺ နှစ်သက်တော်မူခဲ့သည်။

ကျွန်တော်က ဂျီဟာဒ်စစ်ပွဲအတွက် ပြင်ဆင်ရန် မနက်တိုင်းထွက်ခွာသွားပြီး ဘာမှမလုပ်ခဲ့ရတဲ့ပြန်လာခဲ့ပါသည်။ ကျွန်ုပ်နလုံးသားက 'ကျွန်ုပ်သည် ဂျီဟာဒ်စစ်ပွဲအတွက် စွမ်းဆောင်နိုင်သည်။ ကျွန်ုပ်သွားကိုသွားရမည်' ဟု ပြောနေပါသည်။ သို့သော်လည်း ရက်ပေါင်းများစွာကုန်ဆုံးသည့်တိုင် ကျွန်ုပ်၏ရည်စူးချက်ကို ကျွန်ုပ်ရွေ့ဆိုင်းခဲ့သည်။ မည်မျှထိရွေ့ဆိုင်းခဲ့သနည်းဆိုလျှင် တမန်တော်မြတ် ﷺ နှင့် သာမန်မုစ်လင်မ်များ ထွက်ခွာသည့်မနက်တိုင် ရွေ့ဆိုင်းခဲ့ပါသည်။ ယင်းအချိန်တိုင် ကျွန်ုပ်နလုံးသားမှာ ခရီးစဉ်၏တစ်နေရာမှ ဝင်ရောက်ပူးပေါင်းစေရန် ကျွန်ုပ်ထွက်ခွာရေး ကျွန်ုပ်အားစေ့ဆော်နေခဲ့သည်။ အကယ်၍ ထိုသို့သာ ကျွန်ုပ်လုပ်နိုင်ခဲ့လျှင် မည်မျှကောင်းမည်နည်း။ သို့သော်လည်း ကံမကောင်း အကြောင်းမလှ စွာဖြင့် ထိုသို့မလုပ်နိုင်ခဲ့ပါ။

တမန်တော်မြတ် ﷺ ထွက်ခွာသွားပြီးနောက် မဒီနာဟ်မြို့၏ မည်သည့်နေရာ ကျွန်ုပ်သွားသွား ပတ်ဝန်းကျင်များက ကျွန်ုပ်ကို ဝမ်းနည်းကြေကွဲမှုဖြစ်စေပါသည်။ ထို့အချိန်တွင် မဒီနာဟ်မြို့ကို တစ်စုံတစ်ဦး မြင်နိုင်သည့်မြင်ကွင်းများမှာ အရေခြုံမှုတွင် နစ်မွန်းသူများ (သို့မဟုတ်) ခရီးသွားနိုင်စွမ်းမရှိသော လုံးဝ နာမကျန်းသူများနှင့် ကိုယ်အင်္ဂါချို့တဲ့သူများသာဖြစ်သည်။ တစ်ဘက်တွင် တမန်တော်မြတ် ﷺ သည် သဗ္ဗသို့မဆိုက်ရောက်မီအထိ ဤခရီးစဉ်တစ်လျှောက်လုံး ကျွန်ုပ်ကို မေ့နေခဲ့သည်။ သဗ္ဗသို့ရောက်ပြီး လူစုလူဝေးတစ်ခုဌ တမန်တော်မြတ် ﷺ က 'ကအဗ်အီဗနီမာလိက် ဘာဖြစ်နေသနည်း' ဟု မိန့်ခဲ့သည်။

ဗနူစလီမာဟ်မျိုးနွယ်စုမှ လူတစ်ဦးက 'ယာရစူလလ္လာဟ် သူ၏ဝတ်ကောင်းစားလှမျာနှင့် သူ့ကိုယ်သူရုပ်ဖော်နေခြင်းက သူ့ကိုဟန့်တားထားသည်' ဟု ပြောခဲ့သည်။ စိုက်ယိဒနာမုအာဒ်အိဗနီဂျာလ် d က ထိုသူ့ကို 'မင်းသူ့ကို ဘာလို့မကောင်းပြောတာလဲ'ဟုပြောခဲ့သည်။ထို့နောက်စိုက်ယိဒနာမုအာဒ်အိဗနီဂျာလ် d သည်တမန်တော်မြတ် ﷺ ဘက်လှည့်၍ 'ယာရစူလလ္လာဟ် အလ္လာဟ်အရှင်မြတ်ကို တိုင်တည်ပြောပါသည်။ သူနှင့်ပတ်သက်၍ အကောင်းမှလွဲ၍ ကျွန်ုပ်တို့ဘာမျှမသိပါ' ဟု ပြောကြား ခဲ့သည်။ ထိုစဉ် တမန်တော်မြတ် ﷺ က ဆိတ်ဆိတ်နေခဲ့သည်။

စိုက်ယိဒနာကအဗ် d ကပြောသည်မှာ တမန်တော်မြတ် ﷺ ပြန်လာပြီဟု ကျွန်ုပ်ကြားသိရသောအခါ၌ ကျွန်ုပ်ပူပင်သောကရောက်ကာ ကျွန်ုပ်ပျက်ကွက်ခြင်းအတွက် ဆင်ခြေအချို့ကို အလျင်အမြန် ဖန်တီး၍ တမန်တော်မြတ် ﷺ မနှစ်မြို့မှမှ လွတ်မြောက်ရန်အလို့ငှာ ဥစ္စာပစ္စည်းအချို့ လက်ဆောင်ပေးရန် ပြုလုပ်ခဲ့သည်။ ဤခက်ခဲ၍ မနှစ်မြို့ဖွယ်အခြေအနေမှ အကူအညီရရန် ကျွန်ုပ်သည် ကျွန်ုပ်၏မိသားစုနှင့် မိတ်ဆွေများကို အကူအညီတောင်းခံနိုင်သည်။ တမန်တော်မြတ် ﷺ ပြန်လည်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်ကြားသိသည့်တိုင် (ဤအသေးမွှားများက ကျွန်ုပ်နလုံးသား မတည်ငြိမ်အောင် ပြုလုပ်ခဲ့သည်) ထို့နောက် ဤရှုပ်ထွေးလှသော အတွေးအားလုံးကို ကျွန်ုပ်နလုံးသားမှ ဖယ်ထုတ်ခဲ့ပြီး လိမ်လည်မှုဖြင့် စွန်းထင်းနေသော အကြောင်းပြချက် ဆင်ခြေများသည် တမန်တော်မြတ် ﷺ မနှစ်မြို့မှကို မရှောင်ကွင်းနိုင် ကြောင်း ကျွန်ုပ်သိရှိခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ကို အမှန်လျှောက်တင်ရန် ဆုံးဖြတ်ခဲ့သည်။ အမှန်တရားတစ်ခုတည်းသာလျှင် ကျွန်ုပ်ကို (ဤအခြေအနေ)မှ ကယ်တင်နိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ခဲ့သည်။

တမန်တော်မြတ် ﷺ မဒီနာဟ်မြို့သို့ ဝင်ရောက်ခဲ့သည့်အချိန်မှာ ဒူဟာ (အူရဒူနှင့်ပါရှန်းအခေါ် ကြားရှ) အချိန်ဖြစ်သည်။ ဆိုလိုသည်မှာ နေထွက်ပြီးနောက် နံနက်ခင်းဖြစ်သည်။ တမန်တော်မြတ် ﷺ ၏ ဓလေ့တော်မှာ ခရီးစဉ်မှ

အပြန် ဤအချိန်တွင် ပြန်ရောက်လေ့ရှိကာ ကိုယ်တော်မြတ် S သည် ဗလီဝတ်ကျောင်းသို့ ဦးစွာသွား၍ ဆွလာသ် နှစ်ရကအတ် ဝတ်ပြုဆောက်တည်လေ့ရှိသည်။ ပြီးမှ စိုက်ယိဒနာ ဖွာသွေမာဟ် g ထံ သွားတွေ့သည်။ ထို့နောက်မှ ကိုယ်တော်မြတ်သည် မြောက်သားတော်များ (ဇနီးများ) ထံသွားခဲ့သည်။

ဤအချိန်မှာလည်း တမန်တော်မြတ် S သည် သူ၏ဓလေ့ထုံးစံအရ မတ်စ်ဂျစ်သို့သွားကာ ဆွလာသ် နှစ်ရကအသံဝတ်ပြုပြီး ဗလီဝတ်ကျောင်းတော်ထဲ၌ ထိုင်နေခဲ့ပါသည်။ သဗ္ဗခ်စစ်ပွဲတွင် မပါဝင်ခဲ့သော ရှစ်ဆယ်ကျော်မျှရှိသည့် အရေးခဲ့များသည် တမန်တော်မြတ် S ထံသို့ ရောက်ရှိလာပြီး မမှန်မကန် ကျမ်းကျိန်ဆိုမှုပြုလုပ်ကာ မမှန်သောအကြောင်းပြချက်များ တင်ပြကြပါသည်။ တမန်တော်မြတ် S သည် ၎င်းတို့ပြောဆိုသည်များအား အပြင်ပန်းအရသာ လက်ခံတော်မူပြီး ၎င်းတို့၏သစ္စာခံမှုကိုလက်ခံကာ အပြစ် မှ ခွင့်လွှတ်မှုရရှိစေရန်အတွက် ဒိုအာတောင်းပေးခဲ့ပါသည်။ ၎င်းတို့၏နှလုံးသားများထဲတွင် ရှိနေသည်ကိုတော့ အလ္လာဟ်အရှင့်ထံ ယုံပုံအပ်နှံလိုက်ပါသည်။

ဤကဲ့သို့အချိန်အခါမျိုးတွင် ကျွန်ုပ်သည် တမန်တော်မြတ် S ရှေ့တော်မှောက်သို့ ဝင်ရောက်ခဲ့ပါသည်။ ကျွန်ုပ်တမန်တော်မြတ် S ကို စလာမ်ဆိုသောအခါ၌ တမန်တော်မြတ် S က ပြုံးတော်မူခဲ့ပါ သည်။ ထိုအပြုံးသည်ကား တစ်စုံတစ်ဦး စိတ်ဆိုးသောအခါ အပြုံးမျိုးနှင့်တူနေပါသည်။ ထို့နောက် တမန်တော်မြတ် S က မိန့်တော်မူသည်မှာ ရှေ့သို့လာခဲ့ပါဟူ၍ဖြစ်သည်။ ထို့ကြောင့် ရှေ့သို့လျှောက်သွားကာ တမန်တော်မြတ် S သခင်ရှေ့၌ ထိုင်လိုက်ပါသည်။ အချို့သောဟဒီးဆ်တော်များတွင် တင်ပြချက်များအရ တမန်တော်မြတ် S သခင်သည် သူ့အားမကြည်ဘဲ မျက်နှာတော်လွှဲလိုက်ပါသည်။ ထိုစဉ် စိုက်ယိဒနာ ကအဗ်ကပြောသည်မှာ ယာရစူလလ္လာဟ် အဘယ်ကြောင့်မျက်နှာတော်လွှဲရပါသနည်း။ အလ္လာဟ်အရှင်မြတ်နာမတော်ဖြင့် တိုင်တည်ပြောပါမည်။ ကျွန်တော်မျိုးသည် အရေးခဲ့များနှင့်မည်သို့မျှမပတ်သက်ပါ။ ကျွန်ုပ်၏ ဘာသာသာနသာတွင်လည်း ကျွန်ုပ်မည်သည့်သံသယမျှမရှိပါ။ ကျွန်ုပ်၏ဘာသာသာသနာအား ပြုပြင်ပြောင်းခြင်းဆိုသည့် ပြစ်မှုကိုလည်း ကျွန်ုပ်မကျူးလွန်ခဲ့ပါဟူ၍ ဖြစ်သည်။ ထို့နောက် တမန်တော်မြတ် S က မိန့်တော်မူသည်မှာ သို့ဆိုပါလျှင် အဘယ့်ကြောင့်အသင်သည် ဂျီဟာဒ်စစ်ပွဲတွင် မပါဝင်ခဲ့ပါသနည်း။ ဂျီဟာဒ်စစ်ပွဲအတွက် အသင်သည် အစီးအနင်းတစ်ခုကို ဝယ်ခဲ့သည်မဟုတ်ပါသလော ဟူ၍ဖြစ်သည်။

ကျွန်ုပ်ကပြောသည်မှာ 'ဟုတ်ပါသည်' ယာရစူလလ္လာဟ် အကယ်၍သာ ကျွန်ုပ်သည် ကိုယ်တော်မြတ်၏ရှေ့တွင် ထိုင်နေခဲ့ပါလျှင် ထိုသူ၏မနှစ်မြို့မှု ရှောင်ရှားရန်အတွက် အချို့သောအကြောင်းပြချက် ကျွန်ုပ်ပြုလုပ်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် စကားအရတွင် စကားပြောဆိုမှုဘက်၌ ကျွမ်းကျင်သူတစ်ဦးဖြစ်ပါသည်။ ကျွန်တော်မျိုး အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် ကျိန်တွယ်ပြောဆိုပါမည်။ အကယ်၍ ကျွန်ုပ်သည် ကိုယ်တော်အား လိမ်လည်ပြောဆိုခဲ့ပါလျှင် ကိုယ်တော်သည် ကျွန်ုပ်အား ယာယီကျေနပ်သွားပါလိမ့်မည်။ သို့သော် အလ္လာဟ်အရှင်မြတ်က ကိုယ်တော်အားဖြစ်ရပ်မှန်သိရှိစေသောနေ့တွင် ကိုယ်တော်သည် ကျွန်ုပ်အား မနှစ်မြို့သွားမည်ဆိုသည်ကို ကျွန်တော်မျိုး ပြည့်စုံစွာ နားလည်သဘောပေါက်ပါသည်။ ၎င်းနောက် အကယ်၍ ကျွန်တော်မျိုးက ကိုယ်တော်မြတ်အား အမှန်ကို ထုတ်ဖော်ပြောကြားခဲ့ပါလျှင် ထိုအချိန်တွင် ကိုယ်တော်သည် ကျွန်ုပ်အား မနှစ်မြို့ပါလိမ့်မည်။ အလ္လာဟ်သအာလာကမူ ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူလိမ့်မည်ဟု ကျွန်တော်မျိုး မျှော်လင့်ပါသည်။ ကျွန်တော်မျိုး ဂျီဟာဒ်စစ်ပွဲသို့ မလိုက်ရခြင်းအကြောင်းမှာ ထိုစဉ်အခါက ကျွန်တော်မျိုးသည် ငွေကြေးဆိုင်ရာရော၊ရုပ်ပိုင်းဆိုင်ရာပါ၍ တဲ့မှုရှိနေသည်ဟူသည့်အကြောင်းပြချက်ကလွဲ၍ကျွန်တော်မျိုးတွင်ပြောစရာအကြောင်းပြချက်မရှိပါ။

တမန်တော်မြတ် ﷺ က မိန့်ကြားသည်မှာ ဤသူသည် အမှန်ကိုပြောဆိုခဲ့ပါသည်။ အသင်သွားနိုင်ပါပြီ။ အလ္လာဟ်သအာလာသည် အသင်နှင့်ပတ်သက်၍ အမိန့်ချတော်မူသည်အထိစောင့်ပါ။ ကျွန်ုပ်ပြန်ရန်အတွက် မတ်တပ်ရပ်လိုက်သောအခါ၌ ဗနီစလီမာဟ်မျိုးနွယ်စုမှ လူအချို့တို့သည် ကျွန်ုပ်၏နောက်မှ ကပ်လိုက်လာပြီး ပြောသည်မှာ ကျွန်ုပ်တို့သိရသလောက် အသင်သည် ဤကိစ္စမဖြစ်ပွားမည်အလျင်က မည်သည့်အပြစ် ဂုနာဟ်တစ်ခုမျှ မကျူးလွန်ခဲ့ပါ။ အသင်အဘယ့်ကြောင့် ထိုသို့လုပ်ခဲ့ရပါသနည်း။ အသင်ကဲ့သို့စစ်ပွဲတွင် ချန်နေရစ်ခဲ့သော သူများကဲ့သို့ အချို့သော အကြောင်းပြချက် တစ်မျိုးမျိုး အသင်တင်ပြခွင့်ရှိပါသည်။ အသင်သာထိုကဲ့သို့ လုပ်ခဲ့ပါလျှင် ကိုယ်တော်မြတ် ﷺ ၏ တောင်းဆုဒိုအာကြောင့် အသင်၏ပြစ်မှုဂုနာဟ်များ ခွင့်လွှတ်ခံရမှုအတွက် လုံလောက်စေပါသည်။ အလ္လာဟ်အရှင်မြတ် အလိုတော်အရ ဤသူသည်ကျွန်ုပ်အား ထပ်တလဲလဲ ပြစ်တင်ပြောဆိုနေသောကြောင့် ကျွန်ုပ်တွင် စိတ်ကူး တစ်ခုပေါ်ပေါက်ခဲ့ပါသည်။ ယင်းစိတ်ကူးက ကိုယ်တော်မြတ် ﷺ ထံ ပြန်လည်သွားရောက်စေကာ ယခင်က ပြောဆိုခဲ့သည်များတို့သည် မှားယွင်းကြောင်းနှင့် ကျွန်ုပ်တွင်တင်ပြရန် မှန်ကန်သောအကြောင်းပြချက်တစ်ခု ရှိကြောင်း လျှောက်ထားရန် စေ့ဆော်နေပါသည်။

သို့သော်လည်း ယခင်ကပြစ်မှုတစ်ခု ကျူးလွန်ထားခဲ့သည့်အပေါ်၌ နောက်ထပ်ဂုနာဟ်တစ်ခု ထပ် မဆောင်းသင့်ဟူ၍ ကျွန်ုပ်စဉ်းစားမိပါသည်။ ဂျီဟာဒ်စစ်ပွဲတွင် မပါဝင်ခြင်းဆိုသည်ကပင် ကျွန်ုပ်ဂုနာဟ် တစ်ခု ကျူးလွန်ခဲ့ပြီးဖြစ်သွားပါတော့သည်။ လိမ်လည်ခြင်းဆိုသည့် နောက်ထပ်ပြစ်မှုတစ်ခုကို ကျွန်ုပ်မည် သို့လုပ်နိုင်အံ့နည်း။ ထို့နောက် ကျွန်ုပ်ကဲ့သို့လုပ်ရပ်မှားအတွက် ဖွင့်ဟဝန်ခံခဲ့သည့် အခြားသောသူများ ရှိပါသေးသလားဟု ထိုသူများအားမေးခဲ့သည်။ ထိုသူများက ကျွန်ုပ်အားပြောကြားသည်မှာ အသင်လုပ်သကဲ့သို့ လုပ်ခဲ့ကြပြီး အသင်ကဲ့သို့ အဖြေ(အလ္လာဟ် အရှင်မြတ်၏ အဆုံးအဖြတ်ကိုစောင့်ရန်) အဖြေပေးခြင်းခံရသော အခြားသူနှစ်ယောက်ရှိပါသည်။ ထိုသူနှစ်ဦးတို့သည် မည်သူများနည်းဟု ကျွန်ုပ်ကမေးမြန်းခဲ့သည်။ ထိုသူတို့ကပြောသည်မှာ ပထမတစ်ဦးသည် မုရာရဟ်အိဗနိရဇ်ဗီအလ်အုမာရီဖြစ်ပြီး နောက်တစ်ဦးမှာ ဟီလားလ်အိဗနိအုမိုင်ယားဟ် အလ်ဝကာဖီတို့ဖြစ်ကြသည်။

အိဗနိအဗီက သင်၏တင်ပြချက်တစ်ခုအရ ၎င်းတို့နှစ်ဦးအနက် တစ်ဦးဖြစ်သူ (မုရာရဟ်)ချန်ရစ်ခဲ့သည့် အကြောင်းမှာ သူတွင်အသီးအနှံများ မှည့်ရင့်နေသော စွန်ပလွန်ခြံတစ်ခြံရှိသောကြောင့်ဖြစ်ပါသည်။ ထိုသူက သူ့ကိုယ်သူပြောသည်မှာ ဤစစ်ပွဲအလျင်က မြောက်မြားစွာသော စစ်ပွဲတို့တွင် အသင်ပါဝင်ခဲ့ပါသည်။ ဤနှစ်တွင် ဖြစ်ပွားသော ဂျီဟာဒ်စစ်ပွဲတွင် အသင်မပါဝင်နိုင်သည်က အဘယ်ကဲ့သို့ပြစ်မှုတစ်ခု ဖြစ်သွားပါသနည်းဟူ၍ ဖြစ်သည်။ နောက်ပိုင်းတွင် ဤအပြစ်ထိုက်သော အတွေးမှ သူအသိတရားဝင်ခဲ့သောအခါ၌ စွန်ပလွန်ခြံအား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်အတွက် ဆွဒကာဟ်အဖြစ် လှူဒါန်းကြောင်း အလ္လာဟ်အရှင်မြတ်ထံ ကတိပြုခဲ့ပါသည်။

နောက်တစ်ဦးဖြစ်သော စိုက်ယိဒနာအိဗနိအုမိုင်ယာဟ်သည် သူ၏မိသားစုတို့နှင့် အချိန်ကြာမြင့်စွာ တကွဲတပြားစီနေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် သူတို့မိသားစု စုစည်းမိသောအချိန်ဖြစ်ပါသည်။ ထိုနှစ်တွင် ဂျီဟာဒ်စစ်ပွဲပါဝင်မဆင်နွှဲဘဲ သူ၏မိသားစုနှင့်အတူ အချိန်ကုန်စေမည်ဟု တွေးတောခဲ့ပါသည်။ သူသည်လည်းသူ၏ပြစ်မှုအကြောင်း သတိပေးခြင်းခံရပြီးသည့်နောက်၌ ထိုအချိန်မှစ၍ သူ၏မိသားစုနှင့် ခွဲခွာနေတော့မည်ဆိုကြောင်းကတိပေးခဲ့ပါသည်။

စိုက်ယိဒနာကအဗ်အိဗနိမာလိက်က ပြောသည်မှာ ဤသူများပြောကြားခဲ့သော ကောင်းချီးပေးခံရသူ နှစ်ဦး

သည် ဗဒရ်စစ်ပွဲ၏ မဂ္ဂါဟိဒ္ဒင်များအနက်မှ နှစ်ဦးဖြစ်သည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်ကပြောသည်မှာ 'ကောင်းလေစွ' ဤသူနှစ်ဦးလုပ်ဆောင်ခဲ့သည်များကို ကျွန်ုပ်လိုက်နာကျင့်သုံးသင့်ပါသည်' ဟူ၍ဖြစ်သည်။ ဤကဲ့သို့ပြောကြားပြီး ကျွန်ုပ်အိမ်သို့ပြန်ခဲ့သည်။

တစ်ဖက်တွင်မူ ကျွန်ုပ်တို့သုံးဦး နှုတ်ဆက်ခြင်းကိုဖြစ်စေ၊ စကားပြောဆိုခြင်းကိုဖြစ်စေ မပြုလုပ်ရန်သူ၏ ဆွဟာဗဟ်ကြီးတို့အား တမန်တော်မြတ် ﷺ က တားမြစ်ထားခဲ့ပါသည်။ ကျွန်ုပ်တို့ကတော့ ယခင်အတိုင်း မုစ်လင်မ်အားလုံးအား ချစ်ခင်မြတ်နိုးကြပါသည်။ သို့ရာတွင် မုစ်လင်မ်များကသာ ကျွန်ုပ်တို့အား ရှောင်ကြဉ်ခဲ့ပါသည်။

အိဗနိအဗီရှိုင်ဗဟ်၏ တင်ပြချက်တစ်ခုတည်းတွင် ပါရှိသည်မှာ 'ယခုအခါတွင် ကျွန်ုပ်တို့သည် လူများထံသို့ သွားရောက်သောအခါ ထိုသူများက ကျွန်ုပ်တို့ကို စကားမပြောကြပါ။ ကျွန်ုပ်တို့ကို နှုတ်မဆက်ကြပါ။ ကျွန်ုပ်တို့ကနှုတ်ဆက်သော်လည်း ၎င်းတို့ကပြန်လည်နှုတ်မဆက်ကြပါ'ဟူသော အခြေအနေမျိုးတွင် ရှိနေပါသည်ဟူ၍ဖြစ်သည်။

စိုက်ယိဒနာကအဗ်အိဗနီမာလိက်၏ ပြောကြားချက်ကို မုစ်နဒ်အလ်အဗ်ဒုလ်ရာဇာက်က အောက်ပါ အတိုင်း ပြောပြထားပါသည် 'အလွန်ဆိုးရွားလှသော အချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဝန်းကျင်ရှိ ကမ္ဘာငယ်ကလေးသည် လုံးဝ ပြောင်းလဲသွားပါသည်။ ယခင်ကရှိနေသောသူများ၊ ကျွန်ုပ်တို့၏သစ်သီးဝလံခြံမြေများ၊ ကျွန်ုပ်တို့၏ အိမ်ယာများသည် ၎င်းတို့ယခင်က ရှိနေသောနေရာများတွင် ယခုအခါမရှိတော့သရောင် ဖြစ်နေပါသည်။ အရာရာတိုင်းတို့သည် အထူး အဆန်း ဖြစ်နေပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်အတွက် အကြီးအကျယ် သောကရောက်ခဲ့ပါသည်။ ကျွန်ုပ် ဤအခြေ အနေမျိုးတွင် သေဆုံးသွားခဲ့ပါလျှင် တမန်တော်မြတ် ﷺ ကျွန်ုပ်အတွက် ဂျနာဇာဟ်နမာဇ် ဖတ်ပေးလိမ့်မည် မဟုတ်ဟု ကျွန်ုပ်ထင်မှတ်ခဲ့ပါသည်။ သို့မဟုတ်ပါမူ ဤအချိန်အခါတွင် တမန်တော်မြတ်ကြီးသာ ကွယ်လွန်သွားပါက ကျွန်ုပ် တစ်သက်လုံး လူတိုင်း၏ အပြစ်တင်ခံရခြင်းနှင့် ဂုဏ်အသရေမဲ့ခြင်းတို့ဖြင့် နေထိုင်သွားရပါလိမ့်မည်။ ဤအကြောင်း ကြောင့် ကျွန်ုပ်အတွက် ဤကမ္ဘာလောကတစ်လုံးသည် မည်သို့မျှ ထူးခြားမှုမရှိဘဲ လွင်တီးခေါင်ပြင် သဖွယ် ဖြစ်လာ ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအခြေအနေမျိုးတွင် ညဉ့်ပေါင်းငါးဆယ်တိတိ ကုန်ဆုံးခဲ့ပါသည်။ ထိုအချိန်တွင် ကျွန်ုပ်၏အဖော်နှစ်ဦး ' (မူရာရဟ်နှင့်ဟီလားလ်) တို့သည် စိတ်ဓာတ်ကျကာ အိမ်တွင်သာနေပြီး ငိုကြွေး ခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ထိုသူတို့ထက် အသက်ငယ်ပါသည်။ ကျွန်ုပ်သည် အပြင်ထွက်ကာ၊ လျှောက်သွားကာ အခြားမုစ်လင်မ်များဝတ်ပြုသော မတ်စ်ဂျိဒ်၌ ဝတ်ပြုခဲ့ပါသည်။ ၎င်းနောက် ဈေးများသို့ လည်း သွားရောက်ခဲ့ပါသည်။ သို့သော်မည်သူကမျှ ကျွန်ုပ်ကိုစကားလည်းမပြော၊ ကျွန်ုပ်၏စလာမ်နှုတ်ခွန်း ဆက်ခြင်းကိုလည်း ပြန်လည်နှုတ်ခွန်း မဆက်ကြပါ။ ဆွလာသ်ဝတ်ပြုပြီးသည့်နောက်တွင် တမန်တော်မြတ် ﷺ ၏ လုပ်လေ့လုပ်ထရှိသော ထိုင်ဝိုင်းတွင်လည်း ကျွန်ုပ်ပါဝင်ခဲ့ပါသည်။ ကျွန်ုပ်တမန်တော်မြတ် ﷺ သခင်အား စလာမ် ဆိုရာ၌ ကျွန်ုပ်စလာမ်ဆိုမှုကို ပြန်လည်တုန့်ပြန်ရန် အတွက် တမန်တော်မြတ် ﷺ သခင်၏မြင့်မြတ်တော်မူသော နှုတ်ခမ်းတော်လှုပ်ရှားမှုရှိ၊ မရှိ ကျွန်ုပ်ဂရုပြုကြည့်မိခဲ့သည်။ တမန်တော်မြတ် ﷺ သခင်သည် ကျွန်ုပ်အား ဂရုပြုသိရှိရန်အတွက် ကျွန်ုပ်သည် တမန်တော်မြတ် ﷺ သခင်အနီး၌ ဆွလာသ်ဝတ်ပြုရန် ကြိုးစားခဲ့ပါသည်။ ကျွန်ုပ်ဝတ်ပြုနေစဉ်တွင် တမန်တော်မြတ် ﷺ သည် ကျွန်တော့် အားကြည့်ကြောင်း ကျွန်ုပ်တွေ့ရှိခဲ့ပါသည်။ ၎င်းနောက် ကျွန်ုပ်က တမန်တော်မြတ်အား ကြည့်ရှုသောအခါ ၌ တမန်တော်မြတ် ﷺ သခင်က မျက်နှာလွှဲဖယ်သွားပါသည်။

ဤကဲ့သို့လူအများ၏ (ဆုံးဖြတ်ထားပြီးဖြစ်သော) အလေးမမူ၊ ဂရုမပြုမှု အချိန်ကြာလာသောအခါ ၌ ကျွန်ုပ် မိတ်ဆွေများအနက် အချစ်ဆုံးမိတ်ဆွေဖြစ်သူ ကျွန်ုပ်၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သော အဗူ ကသာဒဟ်ထံသို့ သွား

ရောက်ခဲ့ပါသည်။ ခြံစည်းကိုခုန်ကျော်၍ သူ့ခြံတွင်းသို့ဝင်ရောက်ကာ သူ့အားကျွန်တော် စလာမ်ဆိုလိုက်ပါသည်။ အံ့သြစရာကောင်းသည်က သူသည်လည်း ကျွန်ုပ်စလာမ်ကိုမပြန်ပါ။ ကျွန်ုပ်က သူ့အား 'အိုအဗူကသာဒဟ် အလ္လာဟ် အရှင်နှင့် အရှင့်ရစူလ်အား ကျွန်ုပ်ချစ်မြတ်နိုးကြောင်း အသင် မသိပါသလောဟူ၍ မေးခဲ့ပါသည်။ သို့တိုင် အဗူကသာဒဟ်သည် ဆိတ်ဆိတ်ပင်နေခဲ့ပါသည်။ သူကမတုန့်ပြန်ခဲ့ပါ။ ကျွန်ုပ်ကသူ့အား ထပ်ခါတစ်လဲလဲ မေးသောအခါ၌ သုံးကြိမ် (သို့မဟုတ်) လေးကြိမ်မြောက်သောအခါ၌ သူက 'အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင် မြတ်၏ရစူလ်သာ အကောင်းဆုံးသိတော်မူပါ၏'ဟူ၍သာ ဖြေဆိုခဲ့ပါသည်။ ကျွန်ုပ်သည်ငိုကြွေးလျက် ဝင်လာစဉ်ကကဲ့သို့ပင် ခြံစည်းရိုးကို ခုန်ကျော်ကာ အပြင်သို့ ထွက်ခဲ့ပါသည်။ ထိုရက်များအတွင်း တစ်ကြိမ်သောအခါတွင် ကျွန်ုပ် မဒီနာဟ်ဈေးအတွင်း လှည့်လည်သွားနေစဉ် ရုတ်တရက်ဆိုသလို မဒီနာဟ်မြို့သို့ကောက်ပဲသီးနှံများကိုရောင်းရန်အတွက် လာခဲ့သောဆီးရီးယားမှ လယ်သမားတစ်ဦး သတိပြုမိခဲ့ပါသည်။ သူကလူအများအား ကအဗ်အိဗ်နိမာလိက်၏ လိပ်စာကိုမေးမြန်းနေကြောင်း ကျွန်ုပ်တွေ့ခဲ့သည်။ လူအများက ဈေးအတွင်းကျွန်ုပ်အား လက်ညှိုးထိုးညွှန်ကြခဲ့ပါသည်။ ထိုသူသည် ကျွန်ုပ်ထံသို့လာရောက်ကာ ပိုးလက်ကိုင်ပဝါပေါ်တွင် ရေးသားထား ဂတ်စ်စံဘုရင်၏ စာတစ်စောင် ပေးအပ်ခဲ့ပါသည်။ စာပါအကြောင်းအရာမှာ 'နှုတ်ခွန်းဆက်လိုက်ပါသည်။ အသင်တို့တမန်တော်ကြီးက အသင့်အား သစ္စာဖောက်ကာ အသင့်အား သူနှင့်ဝေးစေရန်ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်သိခဲ့ရသည်။ (အလ္လာဟ်အရှင်မြတ်က အသင့်အား သိက္ခာမဲ့စေကာ ပျက်စီးစေသောနေရာ၌ ရှိနေစေမည်မဟုတ်ကြောင်း ကျွန်ုပ်အသေချာသိရှိပါသည်။ ကျွန်ုပ်တို့ထံသို့ အသင်လာရောက်လိုပါက အသင်လာပါ။ ကျွန်ုပ်တို့ အသင့်အား ကူညီပါမည်။)

ကျွန်ုပ်ဤစာကိုဖတ်ရသောအခါ၌ ကျွန်ုပ်ကိုကျွန်ုပ်ပြောသည်မှာ 'ကျွန်ုပ်အတွက် နောက်ထပ်စမ်းသပ်မှုတစ်ခုရောက်လာပါသည်။ လူများအနက် ကဖ် မယုံကြည်သွေဖည်မှု၏ ဘက်တော်သားများက ကျွန်ုပ် ထိုကဲ့သို့လုပ်ရပ် (၎င်းတို့ထံသွားရောက်၍ ၎င်းတို့နှင့်ပူးပေါင်းရန်)ဟူ၍ ကျွန်ုပ်အား ထိုသို့လုပ်ရပ်မျိုး ကျွန်ုပ်လုပ်လိမ့်မည်ဟု မျှော်လင့်ကာ ကျွန်ုပ်အားမြှုဆွယ်ခဲ့ပါသည်။ ဤစာကိုကျွန်ုပ်ကိုင်၍ ရှေ့ဆက်ထွက်ခဲ့ပါသည်။ ရှေ့တွင် မီးရဲရဲတောက်နေသည့် မီးဖိုရှိသော ပေါင်မုန့်ဖိုတစ်ခုရှိပါသည်။ ကျွန်ုပ်စာအား မီးဖိုထဲသို့ ပစ်ထည့်ခဲ့ပါသည်။

စိုက်ယိဒနာကအဗ် d က ပြောသည်မှာ 'ညဉ့်(၅၀)အနက် (၄၀)ကုန်ဆုံးသွားသောအခါ၌ တမန်တော် မြတ် s ၏ သတင်းစကားဖြန့်ဝေသူ ဥဇိုင်မဟ်အိဗနိသာဗိသ် အကျွန်ုပ်ထံသို့လာရောက်ကာ ကျွန်ုပ်တအံ့တသြဖြစ်စေရန် ပြောသည်မှာ တမန်တော်မြတ် s က အသင်သည် အသင့်ဇနီးမယားနှင့် ခွဲခွာနေရမည်ဟု အမိန့်ပေးလိုက်ပါသည်' ဟူ၍ဖြစ်သည်။ ကျွန်ုပ်က 'သူမကို ကျွန်ုပ်ကွာရှင်းရပါမည်လော သို့မဟုတ် မည်သို့လုပ်ဆောင်ရပါမည်နည်း' ဟု မေးခဲ့လေသည်။ သူကပြောသည်မှာ 'ကွာစရာမလိုပါ သူမအနားသို့မသွားနှင့်' ဟူ၍ဖြစ်သည်။ ဤအမိန့်ကို ကျွန်ုပ်၏အဖော်နှစ်ဦးထံသို့လည်း ရောက်စေခဲ့ပါသည်။ ကျွန်ုပ်က ကျွန်ုပ်၏ဇနီးသည်အား 'အသင်၏မိဘများအိမ်သို့ ပြန်သွားပါလေ။ အလ္လာဟ်အရှင်မြတ်က ကျွန်ုပ်တို့အတွက် နည်းလမ်းတစ်ခုမဖွင့်ပေးသမျှ ကာလပတ်လုံး သူမ၏မိဘ အိမ်တွင်နေပါလေ' ဟု ပြောခဲ့သည်။

ဤအမိန့်အား ကြားပြီးသည့်နောက်တွင် ဟီလားလ်အိဗနိအုမိုင်ယဟ်၏ ဇနီးသည်ဖြစ်သူ ခေါင်လာ ဗင့်သ် အာစွင်မ်သည် တမန်တော်မြတ်ထံသို့ လာရောက်ကာ သူမ၏ခင်ပွန်းသည်ဖြစ်သူသည် အသက် အရွယ်ကြီးရင့်ပြီး အားအင်ချို့တဲ့သူသဖြင့် ၎င်းအားပြုစုမည့် အစေအပါးမရှိကြောင်း အသနားခံလေသည်။ အိဗနိအဗီရွိုင်ဗဟ်၏ တင်ပြချက်တစ်ခုတည်း၌ သူမကပြောသည်မှာ 'ကျွန်မ၏ခင်ပွန်းသည် မျက်စိလည်း မှုန်ပါသည်။ ကျွန်မသူ့ကို ဆက်လက်

အလုပ်ကြွေးပြုရန် တမန်တော်မြတ် s ခွင့်မပြုချင်ပါသလော' ဟူ၍ဖြစ်သည်။ တမန်တော်မြတ် s က မိန့်ကြားသည်မှာ 'သူ့အား အလုပ်အကြွေးပြုမှုတွင် ပြဿနာမရှိ ပါ။ သို့သော်လည်း သူသည်အသင်၏ အနားတွင်မရှိသင့်ပါ။ သူမပြောသည်မှာ ဤကဲ့သို့သောအခြေအနေ မျိုးတွင် ကျွန်မ၏အနီးအနားတွင် လာရောက်ရန် ဆန္ဒမရှိပါ။ ၎င်းနောက် အလွာဟ် အရှင်မြတ်၏နာမတော်ကို တိုင်တည်၍ပြောပါမည်။ သူသည်နေ့ရောညပါ ငိုကြွေး၍ပင်နေပါသည်' ဟူ၍ဖြစ်သည်။

ကအဗ်အိဗနိမာလိက်က ပြောသည်မှာ ကျွန်ုပ်၏ဆွေမျိုးနှင့် မိတ်ဆွေအချို့က ကျွန်ုပ်ကို အကြံပြုသည်မှာ အသင်သည်လည်း တမန်တော်မြတ် s ထံမှ အသင်၏ဇနီးသည်နှင့်အတူတကွ နေထိုင်ရန်ခွင့် ပြုချက်တောင်းခံသင့်သည်။ ဟီလားလ်အား ခွင့်ပြုသကဲ့သို့ပင် ဖြစ်ပါသည်။ ကျွန်ုပ်ကပြောသည်မှာ ကျွန်ုပ် ထိုကဲ့သို့ မလုပ်နိုင်ပါ။ တမန်တော်မြတ် s က အဘယ်သို့အဖြေပေးမည်ကို မည်သူသိပါသနည်း။ ကျွန်ုပ် သည်ငယ်ရွယ်သူဖြစ်သည်။ (ဆိုလိုသည်မှာ တစ်စုံတစ်ဦးနှင့်ဇနီးသည်နှင့်အတူ နေထိုင်ခြင်းသည် တားမြစ်ချက်အား ဆန့်ကျင်ရာရောက်ပါသည်) ဟူ၍ဖြစ်သည်။ ဤအခြေအနေအတိုင်းပင် ဆယ်ညကုန်ဆုံးသွားပြီးနောက် သတ်မှတ်ထားသည့် ညဉ့်ပေါင်းငါးဆယ် ကုန်ဆုံးသွားပါသည်။ မုစ်နဒ်အဗ်ဒုလ်ရာဇာက်ကျမ်းပါ ဆင့်ပြန်ချက်တစ်ခုတွင် ပါရှိသည်မှာ 'သတ်မှတ်ထားသည့် ညဉ့်၏သုံးပုံတစ်ပုံ ရောက်ရှိသောအချိန်၌ ကျွန်ုပ်တို့၏သောင်ဗာဟ် (ဝန်ချတောင်းပန်မှု) ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်သည် တမန်တော်မြတ် s ထံ ကျရောက်ခဲ့ပါသည်။ ထိုအမိန့်ကျရောက်ခဲ့သော အချိန်အခါ၌ အီမာန်ရှင်များ၏ မိခင်မွန် စိုက်ယိဒနာအွမ်မိစလ်မာဟ်လည်း ရှိနေခဲ့ကာ သူမပြောသည်မှာ အကယ်၍ ကိုယ်တော်ဆန္ဒရှိခဲ့ပါလျှင် ကအဗ်အိဗနိမာလိက်အား ယခုချက်ချင်းပင် အသိပေးအကြောင်းကြားနိုင်ပါသည်'ဟူ၍ဖြစ်သည်။တမန်တော်မြတ် s မိန့်သည်မှာ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ဤနေရာတွင် လူအုပ်ကြီးတစ်အုပ် ရောက်ရှိ လာလိမ့်မည်။ သို့ဆိုလျှင် ညဉ့်၏ကျန်ရှိသောအချိန်တွင် အိပ်စက်နိုင်လိမ့်မည်မဟုတ်တော့ပါ။

ကအဗ်အိဗနိမာလိက်က ပြောသည်မှာ ညဉ့်ငါးဆယ်ပြည့်သည့်နေ့၌ ကျွန်ုပ်ဖဂျ်ရ်ဆွလာသ် ဝတ်ပြု ပြီးသည်နှင့် ကျွန်ုပ်အိမ်ခေါင်မိုးပေါ်သို့ တက်ရောက်သွားခဲ့ပါသည်။ ထိုနေရာတွင် ကျွန်ုပ်ထိုင်လိုက်သောအခါ ကျွန်ုပ်၏ အခြေအနေသည် ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ အလ္လာဟ်သအာလာ မိန့်ဆိုထားသည်အတိုင်း ဖြစ်သွားပါသည်။ ယင်းမှာ ကမ္ဘာလောကကြီးသည် ကျယ်ပြောလင့်ကစား ကျွန်ုပ်အတွက်တော့ ကျဉ်းမြောင်း လှပါသည်။ (၁၁၈) ရုတ်တရက်ချက်ချင်းပင် 'စီးလအ်'တောင်ထိပ်ပေါ်မှ ကြေညာသူတစ်ဦးက အသံကျယ် လောင်စွာဖြင့် ကြေညာသည်မှာ 'အိုကအဗ်အိဗနိမာလိက် ကောင်းသတင်းကြောင့် အသင်ဝမ်းမြောက်ပါစေ' ဟူ၍ဖြစ်သည်။

မုဟမ္မဒ်အမားရ်၏ တင်ပြချက်တစ်ခုတွင်ပါရှိသည်မှာ ကြေညာသူသည် စိုက်ယိဒနာအဗူဗကရ် d ဖြစ်ပြီး 'စီးလအ်' တောင်ထိပ်ပေါ်သို့သွားကာ ကအဗ်သောင်ဗာဟ်ပြုခြင်းကို အလ္လာဟ်အရှင်မြတ် လက်ခံကြောင်းနှင့် ကအဗ်အောင်မြင်မှုကို ချီးကျူးဂုဏ်ပြုကြောင်း ကြေညာခဲ့ပါသည်။ အုတ်ကဗရ် d သခင်၏ ဆင့်ပြန်ချက်တစ်ခုထဲ၌ ပါရှိသည်မှာ စိုက်ယိဒနာကအဗ် d အား ကောင်းသတင်းပေးရန် အတွက် လူနှစ်ဦးတို့ အပြေးအလွှားသွားရောက်ခဲ့ကြ ပါသည်။ ထိုသို့ပြေးလွှားနေစဉ် တစ်ဦးက ကျန်တစ်ဦးအား ကျော်တက်သွားသောအခါ၌ နောက်ကျန်ရစ်သူက ပြန်လှည့်ကာ 'စီးလ' တောင်ထိပ်ပေါ်သို့တက်ခါ ထိုမှနေ၍ ကောင်းသတင်းကိုကြေညာခဲ့သည်။ ဤကဲ့သို့အပြေးအလွှား သွားခဲ့သောမြင့်မြတ်သောလူနှစ်ဦးတို့သည် စိုက်ယိဒနာအဗူဗကရ် d သခင်နှင့် စိုက်ယိဒနာအုမရ် d သခင်တို့ဖြစ်သည် ဆိုကြောင်းပြောကြပါသည်။

စိုက်ယိဒိနာကအဗ်အိဗနိမာလိက် d က ပြောသည်မှာ ဤကြေညာသံကိုကြားသည်နှင့် ကျွန်ုပ် စဂျ်ဒဟ်ဦးချလိုက်ပါတော့သည်။ အလွန်ဝမ်းမြောက်ပျော်ရွှင်သောကြောင့် ကျွန်ုပ်ဝိုင်ကြွေးခဲ့ပါသည်။ ကျွန်ုပ်၏ ကောင်းမွန်သောရက်များ ကျွန်ုပ်ပြန်လည်ရရှိကြောင်း သိလိုက်ရပါတော့သည်။ တမန်တော်မြတ် s သခင်သည် ဖဂျရ်ဆွလာသ်ဝတ်ပြုပြီးသည်နှင့် ကျွန်ုပ်တို့၏သောင်ဗာဟ်အား လက်ခံကြောင်း ဆွဟာဗဟ်ကြီးတို့အား ပြောကြားခဲ့ပါသည်။ ကျွန်ုပ်တို့သုံးဦးအား ချီးကျူးဂုဏ်ပြုရန်အတွက် လူအများကပြေးထွက်လာကြသည်။ အချို့သောသူများသည် ကျွန်ုပ်တို့ထံသို့ မြင်းစီးဝှေ့လာကြသည်။ သို့ရာတွင် တောင်ထိပ်ပေါ်မှ ကြေညာခဲ့သောသူ၏အသံသည် ကျွန်ုပ်ထံသို့ မြင်းစီးလာ သူတို့အလျင်ရောက်ရှိခဲ့ပါသည်။

တမန်တော်မြတ် s အား တွေ့ဆုံရန် ကျွန်ုပ်ထွက်လာသောအချိန်၌ တမန်တော်မြတ် s သခင်သည် ဆွဟာဗဟ်ကြီးများ ခြံရံလျက်ထိုင်နေပါသည်။ ကျွန်ုပ်အားတွေ့မြင်သောအခါ၌ သွလ်ဟာအိဗနိအုဗိုင် တွလ္လာဟ်သည်အဦးဆုံးမတ်တပ်ထကာ ကျွန်ုပ်ထံပြေး၍လာခဲ့သည်။ ကျွန်ုပ်၏လက်များကို ဆွဲရဲမ်းကာ ကျွန်ုပ်၏သောင်ဗာဟ်အား လက်ခံသောကြောင့် ကျွန်ုပ်အားချီးကျူးဂုဏ်ပြုခဲ့ပါသည်။ ကျွန်ုပ်အားထိုနေ့က ပြုလုပ်ခဲ့သည်တို့ကို ဘယ်သောအခါမျှ မမေ့တော့ပါ။ ကျွန်ုပ်တမန်တော်မြတ် s သခင်အား စလာမ်ဆို လိုက်သောအခါ၌ ကိုယ်တော်၏ မြင့်မြတ်သော မျက်နှာတော်သည် ကျေနပ်နှစ်သိမ့်မှုတို့ဖြင့် ဝင်းလက်နေပါသည်။ တမန်တော်မြတ် s က မိန့်သည် အိုကအဗ်အသင်၏ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့အတွက် ကျွန်ုပ်အသင့်အား ချီးကျူးဂုဏ်ပြုပါသည်။ ဤနေ့ရက်သည် အသင်မွေးဖွားပြီး အသင့်ဘဝ တစ်လျှောက်လုံးရှိရက်များအနက် အကောင်းဆုံးရက်ဖြစ်ပါတော့သည်။ ကျွန်ုပ်ကပြောသည်မှာ 'ယာရစူ လလ္လာဟ် ဤအမိန့်သည် ကိုယ်တော်၏အမိန့်ပါလော သို့မဟုတ် အလ္လာဟ်အရှင်မြတ်ထံတော်မှ ကျရောက်လာသော အမိန့်တော်ပါလေ' ဟူ၍ဖြစ်သည်။ တမန်တော်မြတ် s က မိန့်သည်မှာ ငါ၏အမိန့်မဟုတ်ပါ။ ဤအမိန့်သည် အလ္လာဟ်အရှင်မြတ်အထံတော်မှဖြစ်သည်။ အသင်သည် အမှန်ကိုသာပြောဆိုခဲ့ပါသည်။ အလ္လာဟ်သအာလာသည် အသင်၏မှန်ကန်မှုအား အများတကာသိကြားတော်မူခဲ့သည်' ဟူ၍ဖြစ်သည်။

ကျွန်ုပ်သည် တမန်တော်မြတ် s ရှေ့တွင်ထိုင်ပြီးသောအခါ ကျွန်တော်က ကိုယ်တော်မြတ် s ကို လျှောက်သည်မှာ 'ယာရစူလလ္လာဟ် ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ဆွဒကဟ် အနေဖြင့် ကျွန်တော်၏ဥစ္စာပစ္စည်းများနှင့် ပိုင်ဆိုင်သည်များအားလုံးကို လှူဒါန်းလိုပါသည်။ ဤသို့လုပ် ခြင်းသည် ကျွန်တော်မျိုးသောင်ဗာဟ်၏တစ်စိတ်တစ်ဒေသဖြစ်စေပါလိမ့်မည်' ကိုယ်တော်မြတ် s က မိန့်သည်မှာ 'ထိုသို့မလုပ်နှင့် အချို့အဝတ်ကို သင့်လိုအပ်ချက်များအတွက် ချန်ထားပါ။ ဤသည်မှာ ပိုကောင်းသည်' ဟူ၍ဖြစ်သည်။ ထို့နောက် ကျွန်တော်က 'ကောင်းပါပြီ သို့ဆိုလျှင် ဆွဒကာဟ်အနေဖြင့် တစ်ဝက်ပေးလျှင်ရပါမည်လော' ဟု မေးမြန်းခဲ့သည်။ ယင်းကိုလည်း တမန်တော်မြတ် s က ငြင်းပယ်ခဲ့သည်။ ထို့နောက် ကျွန်တော်က ယင်းပစ္စည်းအားလုံးကို သုံးပုံတစ်ပုံ လှူဒါန်းခွင့်ပြုပါရန် ကိုယ်တော်မြတ် ထံမှ သဘောတူညီမှုတောင်းခံခဲ့သည်။ ဤသည်ကို တမန်တော်မြတ် s လက်ခံခဲ့သည်။ ကျွန်တော်က 'ယာရစူလလ္လာဟ် ကျွန်တော်အမှန် ပြောကြားခဲ့မှုကြောင့် ကျွန်တော်ကို အလ္လာဟ်အရှင်မြတ် အကျဉ်းဖြစ်စေခြင်းမှကယ်တင်ခြင်းခံခဲ့ရပါသည်။ ထို့ကြောင့် ကျွန်တော်မျိုး အသက်ရှင်နေသမျှ ကာလပတ်လုံး အမှန်မှအပ မပြောဆိုတော့ကြောင်း ကိုယ်တော့်ထံ ပဋိညာဉ်ပြုပါ၏။ ထို့နောက် စိုက်ယိဒနာကအဗ် d က 'ကျွန်တော်သည် တမန်တော်မြတ် s ထံ ပဋိညာဉ်ပြုခဲ့သည့်အချိန်မှစ၍ အလ်ဟမ်ဒုလိလ္လာဟ် ယနေ့ထက်တိုင် မည်သည့်မုသားမျှ ကျွန်တော်မထွက်ဆိုတော့ပါ။ ထို့နောက် ကျွန်တော်၏ကျန်ရှိဘဝ အတွက် မုသားပြောခြင်းမှ အလ္လာဟ်အရှင် ကာကွယ်ပေးရန် မက်

ထားပါသည်'ဟု ပြောဆိုခဲ့သည်။ စိုက်ယိဒနာကအဝ် d က ပြောကြားသေးသည်မှာ 'အလ္လာဟ်အရှင်ကို တိုင်တည်ပြုပါသည်။ အစ္စလာမ်ဘာသာ၏ ကောင်းချီးမင်္ဂလာကျရောက်ပြီးနောက် ဤသည်ထက် ကောင်းသော ကောင်းချီးမင်္ဂလာကျရောက်လိမ့်မည်ဟု ကျွန်တော်မတွေးတော့နိုင်ပါ။ ကျွန်တော်ဆိုလိုသည်မှာ ကျွန်တော်သည် ကိုယ်တော်မြတ်ရှေ့တွင် လိမ်လည်ပြောဆိုခြင်းမပြုဘဲ အမှန်ကိုသာပြောဆိုခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် ကျွန်တော်သာလိမ်လည်ပြောဆိုခဲ့လျှင် မမှန်ကန်သော ကျိန်ဆိုမှုပြုလုပ်ခဲ့သူများ ပျက်စီးသကဲ့သို့ ကျွန်တော်လည်းပျက်စီးသွားပါလိမ့်မည်' ဟူ၍ဖြစ်သည်။ سَيَحْلِفُوْنَ بِاللّٰهِ لَكُمْ اِذَا انْقَلَبْتُمْ اِلَيْهِمْ သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အားစွန့်ထားကြလေကုန်။ (၉၅)မှ فَاِنَّ اللّٰهَ لَا يَرْضٰى عَنِ الْقَوْمِ الْفٰسِقِيْنَ 'အလ္လာဟ်အရှင်မြတ်သည် အမိန့်တော်ကို ဖီဆန်သူတို့အပေါ်၌ ကျေနပ်တော်မူမည် မဟုတ်ပေ တကား။ (၉၆)' အထိတွင် မိန့်ထားသည်။

ဤဆွဟာဗဟ်သုံးဦးတို့ကို ရက်ပေါင်း (၅၀) ဝိုင်းပယ်ထားခြင်းဆိုသည်က တမန်တော်မြတ် s သည် သဗုခ်စစ်ပွဲအတွက် ရက်ပေါင်း (၅၀) တိတိကြာညောင်းခဲ့သည့်အသိပေါ် အခြေခံထားနိုင်သည်ဟူ ပြောကြသည်။ (ဤဟဒီးဆ်ဆင့်ပြန်ချက်တစ်ခုလုံးနှင့် အဖြစ်အပျက်နှင့် နှီးနွယ်သည့်အလုံးစုံကို သဖိစီရ်မဏဟီရီကျမ်းမှ ထုတ်နှုတ်ဖော်ပြသည်)

စိုက်ယိဒနာကအဝ်အိပနိမာလိက် d ၏ ဟဒီးဆ်မှလမ်းညွှန်ချက်များ

စိုက်ယိဒနာကအဝ် d က သူ့အကြောင်းရှင်းရှင်းလင်းလင်းနှင့် အသေးစိတ်ဖော်ပြသည်များထဲတွင် မုစ်လင်မ်များအတွက် လမ်းညွှန်အချက်အလက် များစွာပါဝင်သည်။ ထို့ကြောင့် ဤဟဒီးဆ်ကို ဤနေရာတွင် ပြည့်ပြည့်စုံစုံတင်ပြထားသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဤဟဒီးဆ်မှ ကျွန်ုပ်တို့ကိုပြောသည်မှာ တမန်တော်မြတ် s ၏ လုပ်လေ့ရှိသောဓလေ့တော် မှာ သမရိုးကျ စစ်ရေးအစီအမံများထဲတွင် စစ်ပွဲသို့သွားရာ အမှန်လမ်းသို့မသွားပဲ မဒီနာဟ်မြို့မှ ပြောင်း ပြန်အရပ်သို့ ပရိယာယ်ဖြင့် ထွက်လေ့ရှိပါသည်။ ရည်ရွယ်ချက်မှာ မည်သူတို့နှင့် ဂျီဟာဒ်စစ်ခင်းမည်။ မည်သည့်နေရာတွင် စစ်ခင်းမည်ဆိုသည်ကို တမန်တော်မြတ် s ၏ ရန်သူများမသိရှိစေရန်ဖြစ်သည်။ ဤလုပ်ရပ်ကို ကိုယ်တော်မြတ်က اَلْحَرْبُ خُدْعَةٌ ' (အလ်ဟရ်ဗုခ်အဟ်) ' စစ်ပွဲတွင် လှည့်စားမှုခွင့်ပြုသည်' ဟူ၍ သရုပ်ဖော်ပြထားသည်။ ဂျီဟာဒ် (သို့မဟုတ်) စစ်ပွဲတွင် လိမ်လည်ခြင်းဖြင့် ရန်သူအားလှည့်စားခြင်း ခွင့်ပြုသည်ဟု သူတို့ထင်ကြသည်။ ဤသည်မှာ မမှန်ချေ။ စင်စစ်ယင်းက ရန်သူတို့အား လှည့်ဖြားမှုအောင်မြင် စေရန် တစ်စုံတစ်ဦးက လှည့်ဖြားနည်းတစ်နည်း လုပ်ခြင်းဖြစ်သည်ဟု ဆိုလိုသည်။ ပမာဆိုသော် ဂျီဟာဒ်စစ်ပွဲအတွက် ဆန့်ကျင်ဘက်ဦးတည်ရာလမ်းသို့စစ်ထွက်ခြင်းသည် လိမ်လည်ခြင်းသက်သက်ဖြင့် ဖြား ယောင်းသည်မဟုတ်။ စစ်ပွဲတွင် ယင်းသို့ တစ်စုံတစ်ရာပြုလုပ်ခြင်းပင်လျှင် မပိုင်ချေ။ အလားတူပင် နားလည်သဘောပေါက်သင့်သည်မှာ ခွင့်ပြုသည်ဟု ကြေညာထားသည့် ဤလက်တွေ့လှည့်စားမှုအတွက် စာချုပ် (သို့မဟုတ်) ပဋိညာဉ်တွင်ပါဝင်သော အချက်မဖြစ်ရချေ။ စစ်ဖြစ်စဉ်တွင်လည်းကောင်း၊ ငြိမ်းချမ်းရေးယူထားစဉ် လည်းကောင်း ပဋိညာဉ် (သို့မဟုတ်) စာချုပ်ဖောက်ဖျက်ခြင်းကို မည်သည့်အခြေအနေမျိုးတွင်မျှ ခွင့်မပြုပါ။

(၂) ဂျီဟာဒ်စစ်ပွဲအတွက်သော်လည်းကောင်း၊ အခြားကိစ္စများအတွက်လည်းကောင်း၊ တမန်တော်မြတ် s ၏ ခရီးစဉ်များတွင် ကိုယ်တော်သည် ကြာသပတေးနေ့၌ စတင်ထွက်ခွာခြင်းကို နှစ်သက်တော် မူသည်။

(၃) အကြီးအကဲအချို့ (သို့မဟုတ်) နာမ်ပိုင်းဆိုင်ရာလမ်းညွှန်သူ (သို့မဟုတ်) ဆရာသမား (သို့မဟုတ်) ဖခင်တို့ ကျေနပ်စေရန်အလို့ငှာ လိမ်လည်ပြောဆိုခြင်း ခွင့်မပြုသကဲ့သို့ ယင်း၏ အဆုံးသည်လည်းမကောင်းချေ။ တမန်တော်မြတ် s အတွက်ဆိုလျှင် ဝဟီဖြင့် အမှန်တရားအသိပေးခြင်းခံရသည်။ ထို့ကြောင့် လိမ်လည်ပြောဆိုခြင်း၏ အဆုံးစွန်ရလဒ်မှာ မကောင်းချေ။ ယင်းကိစ္စနှင့်ပတ်သက်၍ စိုက်ယိဒနာ ကအဗ်အိဗနိမာလိက် d နှင့် နေရစ်ခဲ့သူများ၏ အဖြစ်အပျက်နှင့် ပတ်သက်သောအကြောင်းတွင် ဖော်ပြထားသည်။ တမန်တော်မြတ် s မရှိသည့်နောက်ပိုင်း မည်သည့်သူတော်စင် (သို့မဟုတ်) ဘုရားတရားကြည်ညိုသူအကြီးအကဲ (သို့မဟုတ်) နာမ်ပိုင်းဆိုင်ရာလမ်းညွှန်သူ မည်သူတစ်ဦးတစ်ယောက်မျှ ဝဟီလက်ခံခွင့်မရှိတော့ချေ။ ထို့ကြောင့် ကိစ္စရပ်များ အကြောင်းကို (အိလ်ဟမ်)နှင့် ကတ်ရှ်ဖြင့်တို့ဖြင့် သိနိုင်သည်ဆိုသည်ကား အရေးမကြီးချေ။ သို့သော်လည်း အတွေ့အကြုံအရ လိမ်လည်မှုတွင် မကောင်းသည့်အငွေ့အသက်များပါဝင်၍ယင်းတို့က လိမ်လည်ပြောခြင်းစသည်မှစ၍မကောင်းသောရလဒ်များပေါ်ပေါက်စေပါသည်။ အကြောင်းခံများမှာ သဘာဝအရ မည်မျှထိစုစည်း ဖြစ်သွားသနည်းဆိုလျှင် လေးစားဖွယ် အကြီးအကဲသည်လိမ်လည်ပြောဆိုသူကို မနှစ်မြို့တော့ချေ။

(၄) ဤအဖြစ်အပျက်မှ ကျွန်ုပ်တို့လေ့လာရမည်မှာ မုစ်လင်မ်များ၏ အမီးရ် (အကြီးအကဲ) တွင် တစ်စုံတစ်ဦး၏ ပြစ်မှုဂုနာဟ်ထိုက်သော မှားယွင်းသည့်လုပ်ရပ်အတွက် ထိုသူအား စကားပြောခြင်း၊ နှုတ် ဆက်ခြင်းမှ ရပ်ဆိုင်းရန် အမိန့်ပေးပိုင်ခွင့်ရှိသည်။ အဖြစ်အပျက်ပါ ဆွဟာဗဟ်သုံးဦးကို အရေးယူသကဲ့ သို့ဖြစ်သည်။

(၅) ဤအဖြစ်အပျက်သည် တမန်တော်မြတ် s သည် ဆွဟာဗဟ်သာဝကကြီးများပေါ် ထားသည့် ချစ်ခင်ခြင်းမေတ္တာကို ဖော်ပြသောကြေးမုံပြင်ဖြစ်သည်။ ဤချစ်ခင်မေတ္တာ၏ နက်ရှိုင်းမှုအတိုင်းအတာက ၎င်းသူတို့ကို တမန်တော်မြတ် s က မနှစ်မြို့သည့်တိုင် ကိုယ်တော်မြတ်နှင့် အတူနေစေပါသည်။ ထို့နောက် ဆွဟာဗဟ်ကြီးများကို ယင်းမနှစ်သက်သူများအား လူမှုရေးပိုင်းပယ်ရန် နှုတ်ဆက်ခြင်း၊ စကားပြောခြင်း မပြုရန်တားမြစ်ခဲ့သည်။ အဖြစ်အပျက်တင်ပြမှုကို ဂရုတစိုက်နှင့် ဖတ်ရှု့သူတစ်ဦးအနေဖြင့် ဆွဟာဗဟ်များ၏ချစ်ခင်မှု ဆွဟာဗဟ်များနှင့်တမန် တော်မြတ် s ကြားရှိသည့် သံယောဇဉ်၊ ကိုယ်တော် မြတ်က ၎င်းတို့အပေါ် နွေးထွေးစွာဂရုပြုမှု၊ ကိုယ်တော်မြတ်၏ စိတ်နေသဘောထားကို စမ်းစစ်ရန်အလို့ငှာ ကိုယ်တော့်ကို တစေ့တစောင့်ကြည့်ရှုနေကြသည်။ ဆွဟာဗဟ်များသည် မည်သည့်အခြေအနေရောက်ရောက် ကိုယ်တော်မြတ် သဘောတော်အတိုင်း ဖြစ်စေကြသည်။

(၆) စိုက်ယိဒနာကအဗ် d ၏ ညီအစ်ကိုဝမ်းကွဲလည်းဖြစ်၊ မိတ်ဆွေလည်းဖြစ်သော စိုက်ယိဒနာ အဗူကသာဒဟ် d အား စလာမ်ဆိုရာ၌ အဗူကသာဒဟ် d က စလာမ်လည်းမပြန်၊ စကားလည်း မပြောသည့်အကြောင်းမှာ သူတွင် ရန်ငြိုး၊ ရန်လိုမှု၊ မနာလိုဝန်တိုမှု မရှိသည်မှာထင်ရှားသည်။ စင်စစ် သူဤသို့ပြုလုပ်ခြင်း၏ တစ်ခုတည်းသော အကြောင်းကား တမန်တော်မြတ် s သည် သူ့အား ထိုကဲ့သို့လုပ်ဆောင်ရန် အမိန့်ပေးထားခြင်းကြောင့် ယင်းတာဝန်ကို လိုက်နာကျင့်သုံးခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ တမန်တော်မြတ် s ထုတ်ပြန်ခဲ့သည့်အမိန့်ကိုလူအများကအပြင်ပိုင်းဆိုင်ရာလိုက်နာရုံမျှမက အတွင်းပိုင်းဆိုင်ရာ၌လည်းလိုက်နာကျင့်သုံးခဲ့ပါသည်။ ဥပဒေသည် ၎င်းတို့နှလုံးသားများအပေါ် လွှမ်းမိုးခဲ့သည်။ သူတို့သည် ထိုဥပဒေကို မျက်မှောက်တွင်လည်းကောင်း၊ အကွယ်၌လည်းကောင်း ဆန့်ကျင်ခြင်းမပြုကြပါ။ အကယ်၍ ၎င်းတို့၏ အချစ်ဆုံးမိတ်ဆွေများနှင့် ဆွေမျိုးသားချင်းတို့နှင့်ပတ်သက်လျှင်ပင် မဆန့်ကျင်ကြချေ။

(၇) စိုက်ယိဒနာကအဗ် d ထံ ဂတ်ဆန်ဘုရင်က စာတစ်စောင်ရေးသား ပေးပို့ခဲ့ခြင်း ယင်းစာ ကို စိုက်ယိဒနာကအဗ် d က မီးဖိုထဲပစ်ချခဲ့ခြင်းနှင့် ပတ်သက်သောအဖြစ်အပျက်က ဆွဟာဗဟ်သာဝက ကြီးများသည် မည်မျှ သစ္စာစောင့်ထိန်းခဲ့သည်ဆိုကြောင်း ပြသသည်။ သုံးဦးအနက်မှ တစ်ဦးမှာ တမန်တော်မြတ် s ၏ မနှစ်မြို့မှုခံရခြင်း၊ ညီနောင်မုစ်လင်မ်များက ဝိုင်းပယ်ခြင်း၊ အကြီးအကျယ်စိတ်လှုပ်ရှားနေ သူတစ်ဦးကို ဘုရင်တစ်ပါးက စွဲမက်ဖွယ် ကမ်းလှမ်းသော်လည်း သူ၏နှလုံးသားမှာ ယင်းဆီသို့မရောက်ခဲ့ပါ။

(၈) စိုက်ယိဒနာကအဗ် အိဗနိမာလိက် d ၏ သောင်ဗာဟ်ပြုမှုကိုလက်ခံကြောင်း ပေါ်လွင်ထင်ရှားသည့်အခါတွင် စိုက်ယိဒနာအဗူဗကရ်၊ စိုက်ယိဒနာအုမရ်နှင့် အခြားဆွဟာဗဟ်သာဝကကြီးများက ၎င်းထံအပြေးအလွှားသွားရောက်၍ ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ဤသည့်အလျင်က ထိုသူတို့သည်သူ့အား လူမှုဆိုင်ရာယဉ်ကျေးဖွယ် နှုတ်ဆက်မှုနှင့် စကားပြောခြင်းတို့ကို ရှောင်ရှားခဲ့ကြောင်း ကျွန်ုပ်တို့စိတ်ဝယ် စွဲမက်ထားရမည်။ ဤလုပ်ရပ်က ဝိုင်းပယ်သည့်ရက်များအတွင်းမှာပင် ၎င်းတို့နှလုံးသားများထဲ၌ စိုက်ယိဒန ကအဗ် d ကို ချစ်မြတ်နိုးကြကြောင်း ပြသသည်။ သို့သော်လည်း တမန်တော်မြတ် s ၏ အမိန့်ကို နာခံသောအားဖြင့် ဤစိတ်ဓာတ်ကို ချိုးနှမ်ထားခဲ့ကြသည်။ သောင်ဗာဟ်၏အာယသ် (ဝန်ချတောင်းပန်မှု အာယသ်) ကျရောက်ခဲ့သောအခါ၌ သူတို့တွင်ရှိသော နက်ရှိုင်းသည့် အချင်းချင်းချစ်ခင်မြတ်နိုးမှုက ပေါ် လွင်ထင်ရှားလာခဲ့သည်။

(၉) ဆွဟာဗဟ်သာဝကကြီးများက စိုက်ယိဒနာကအဗ် d အား ကောင်းသတင်းထုတ်ဖော်ပြ ခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းဆိုသည့် လုပ်ရပ်မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ မိတ်ဆွေများကို ပျော်ရွှင်ဖွယ်ရာ အချိန်သမယများ၏ ချီးကျူးဂုဏ်ပြုခြင်း အခြေခံမှာ စွန့်သဲ့တော်တွင်ရှိသည်။

(၁၀) အပြစ်ဂုနာဟ်တစ်ခုမှ ဝန်ချတောင်းပန်ခြင်းတွင် ယင်းဂုနာဟ်၏ အကျိုးသက်ရောက်မှု ကင်းစင်သွားခြင်းကို အထောက်အကူပြုသည့်အနေဖြင့် မိမိပိုင်ပစ္စည်းအားလုံးကို လှူဒါန်းခြင်းမှာ မလျော်ကန် ချေ။ တစ်စုံတစ်ဦးပိုင်ဆိုင်သည်များအနက်မှ သုံးပုံတစ်ပုံထက်ကျော်၍ ဆွဒကာဟ်လှူဒါန်းခြင်းကို တမန် တော်မြတ် s မနှစ်သက်ချေ။

မုစ်လင်မ်များကိုအကြံပေးခြင်း

သတ်က်ဝါလိုက်နာကျင့်သုံးပါ။ ထို့နောက် ပြောဆိုမှု၊ လုပ်ကိုင်မှုတွင် ဖြောင့်မတ်မှန်ကန်သူများနှင့် အတူရှိပါလေ

ဤသည်က ကျွန်ုပ်တို့ကို နောက်ဆုံးအာယသ် يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا اللّٰهَ وَ كُوْنُوْا مَعَ الصّٰدِقِيْنَ 'အိုမုအ်မင်နသက်ဝင် ယုံကြည်သူအပေါင်းတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ထို့ပြင် အသင်တို့သည် သစ္စာဝါဒီတို့နှင့် အတူရှိကြလေကုန်။ (၁၁၉) ' ဆီသို့ ရောက်စေပါသည်။ ရိုးသားဖြူစင်သည့် လူအချို့သည် နောက်တွင်ချန်ရစ်ခဲ့ကာ အဆုံး၌ ၎င်းတို့၏ ဝန်ချတောင်းပန်မှု လက်ခံခြင်းတို့နှင့်ပတ်သက်သည့် အဖြစ်အပျက်က အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်း၊ သူတို့တွင် တင်ရှိသည့်တာဝန်ကို သိရှိခြင်းဆိုသည့် ၎င်းတို့ သတ်က်ဝါရလဒ်ပင်ဖြစ်သည်။ထို့ကြောင့် ဤအာယသ်ထဲတွင်မုစ်လင်မ်ထုကြီးကို ၎င်းတို့၏သတ်က်ဝါ(သူတို့၏တစ်ကိုယ်ရေဘဝရှိမပြောင်းလဲသည့်သွင်ပြင်)ကို စောင့်ထိမ်းရမည်ဟု ညွှန်ကြားထားသည်။ ထို့နောက် كُوْنُوْا مَعَ الصّٰدِقِيْنَ (ထို့ပြင် အသင်တို့သည် သစ္စာဝါဒီများနှင့် အတူရှိကြလေကုန်) ဟု မိန့်ထားခြင်းက သတ်က်ဝါကို ရရှိနိုင်သည့် တစ်ခုတည်းသော

နည်းလမ်းကား လုပ်ရပ်နှင့် ပြောဆိုမှုများတွင် ဖြောင့်မတ်မှန်ကန်သောသူများနှင့် မကြာခဏရှိနေရန်နှင့် မိမိလုပ်ရပ်သည် ထိုသူများ၏ လုပ်ရပ်နှင့် အနီးစပ်ဆုံးဖြစ်စေရ မည်ဟု ညွှန်းထားသည်။ အရေခြုံများနှင့် အပေါင်းအသင်းလုပ်၍ ထိုသူတို့၏ အကြံပေးမှုကို နားထောင်ခဲ့၍ တိမ်းချော်သွားခဲ့သော လူများအကြောင်းကို ညွှန်ပြဟန်ရှိသည်။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အမိန့်ဒီဆန်သူနှင့် အပေါင်းအသင်းလုပ်ခြင်း ရှောင်ကြဉ်ရန်နှင့် ဖြောင့်မတ်မှန်ကန်သူများကို ပေါင်းဖော်သင့်ပေသည်။ ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်က ပညာရှိ (အိုလမာ) သို့မဟုတ် သူမွန်သူမြတ် (ဆွာလေ့ဟာ) များဟု မသုံးစွဲပါ။ ယင်းအစား **الصادقين** (အတ်စ်ဆွာဒိကီးန်၊ သစ္စာဝါဒီများ)ဟူ၍ ရွေးချယ်သုံးနှုန်းထားခြင်းက ပညာရှင် နှင့် သူမွန်သူမြတ် ဆိုသည် တို့၏ စစ်မှန်သော သရုပ်သဟန်ကို ကျွန်ုပ်တို့အား ပြောပြပါသည်။ ထိုကဲ့သို့သော သစ္စာဝါဒီတစ်ဦးသည် အတွင်းပိုင်းနှင့် အပြင်ပိုင်းတို့ တူညီရမည်။ ထို့ပြင် ထိုသူ၏ ရည်ရွယ်ချက်များ (နိယသ်) နှင့် အပြောအဆိုတွင် မှန်ကန်၍ လုပ်ကိုင်မှု မှန်ကန်ရမည်။

အာယသ် (၁၂၀-၁၂၁)

مَا كَانَ لِاَهْلِ الْمَدِيْنَةِ وَ مَنْ حَوْلَهُمْ مِّنَ الْاَعْرَابِ اَنْ يَّتَخَلَّفُوْا عَنْ رَّسُوْلِ اللّٰهِ وَ لَا يَرْغَبُوْا بِاَنْفُسِهِمْ عَنْ نَّفْسِهٖ ؕ ذٰلِكَ بِاَنَّهُمْ لَا يُصِيْبُهُمْ ظَمَاٌ وَّ لَا نَصَبٌ وَّ لَا مَخْمَصَةٌ فِيْ سَبِيْلِ اللّٰهِ وَ لَا يَطَـُٔوْنَ مَوْطِئًا يَّغِيْظُ الْكُفَّارَ وَ لَا يَنَالُوْنَ مِنْ عَدُوٍّ نَّيْلًا اِلَّا كُتِبَ لَهُمْ بِهٖ عَمَلٌ صَالِحٌ ؕ اِنَّ اللّٰهَ لَا يُضِيْعُ اَجْرَ الْمُحْسِنِيْنَ ﴿۱۲۰﴾ وَ لَا يُنْفِقُوْنَ نَفَقَةً صَغِيْرَةً وَّ لَا كَبِيْرَةً وَّ لَا يَقْطَعُوْنَ وَادِيًا اِلَّا كُتِبَ لَهُمْ لِيَجْزِيَهُمُ اللّٰهُ اَحْسَنَ مَا كَانُوْا يَعْمَلُوْنَ ﴿۱۲۱﴾

မဒီနာဟ်မြို့သားတို့အဖို့လည်းကောင်း၊ ထိုသူတို့၏ ပတ်ဝန်းကျင် ၌ရှိကြသော အရပ် ကျေးတောသားတို့အဖို့ လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်မြတ် အား စွန့်၍ နောက်ကျန်ရစ်ခဲ့ကြရန် မသင့်လျော်ခဲ့ချေ။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏ အသက်ဇီဝိန်များကို ထိုရစူလ်တမန်တော်မြတ်၏ အသက်ဇီဝိန်ထက် ပိုမိုနှစ်သက်ကြရန်လည်း မထိုက်ပေ။ ဤ (ကဲ့သို့နောက် ချန်ရစ်ခဲ့ခြင်းမပြုဘဲ ရစူလ် တမန်တော်မြတ်နှင့် အတူလိုက်ကြရန် အမိန့်ပြဋ္ဌာန်းတော်မူခြင်း၏) အကြောင်းကား ထိုသူတို့၌ အလ္လာဟ် အရှင်မြတ်၏ လမ်းတော်တွင် မည်သည့်ရေမွှတ်သိပ်ခြင်းမဆို ဆိုက်ရောက်ခဲ့သည်ရှိသော်၊ ထိုမှတစ်ပါး မည်သည့်ပင်ပန်းခြင်းကိုမဆို ဆိုက်ရောက်ခဲ့သည်ရှိသော်၊ ထိုမှတစ်ပါး ၎င်းတို့သည် 'ကာဖိရ်' သွေဖည်ငြင်းပယ်သောသူတို့အား အမျက်ဒေါသထွက်စေသည့် မည်သည့် သွားလာမှုကိုမဆို သွားလာကြသည်ရှိသော်၊ ထို့ပြင် ၎င်းတို့သည် ရန်သူ တစ်ဦးဦးထံမှ (ရန်သူ၏တတ်လန်ခြင်းကိုသော်လည်းကောင်း၊ ထိုသူတို့ထံမှ လက်ရပစ္စည်းကိုသော်လည်းကောင်း၊ ဒဏ်ရာဒဏ်ချက်ကိုသော်လည်းကောင်း၊ ဖမ်းဆီး

ခြင်းခံရခြင်းကိုသော်လည်းကောင်း၊ ရရှိ(ခံစား)ခဲ့ကြရသည်ရှိသော် ၎င်းတို့အဖို့ခံစားကြရသော ထိုအချက်အသီးသီးနှင့် စပ်လျဉ်း၍ ကောင်းမြတ်သော အပြုအမူတစ်ရပ်သည် ရေးသားခြင်းခံခဲ့ကြရသည် ချည်းသာတည်း။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကျင့်သီလ ကောင်းမြတ်သောသူတို့၏ အကျိုးကို အချည်းအနှီးဖြစ်စေ တော်မူသည် မဟုတ်ချေ။ (၉ : ၁၂၀)

၎င်းပြင် ထိုသူတို့သည် အသေးအဖွဲသုံးစွဲခြင်းကိုလည်းကောင်း၊ အကြီးအကျယ် သုံးစွဲခြင်းကိုလည်းကောင်း၊ သုံးစွဲကြသည်ရှိသော် ထို့အတူ ထိုသူတို့သည် မည်သည့် တောင်ကြားအရပ် တစ်ရပ်ရပ်ကိုမဆို ဖြတ်ကျော်ကြသည်ရှိသော် ထိုသူတို့အဖို့ရေးသား ထားရှိပြီး ဖြစ်ခဲ့သည်သာတည်း။ (ယင်းကဲ့သို့ ရေးသား၍ထားရှိခြင်းမှာ)အလ္လာဟ် အရှင်မြတ်သည် ထိုသူတို့အား ထိုသူတို့၏ အပြုအမူများနှင့် စပ်လျဉ်း၍ အကောင်းဆုံးသော အကျိုးကျေးဇူးတော်ကို ချီးမြှင့်ပေးသနားတော်မူခြင်းငှာ ဖြစ်ချေသည်။ (၉ : ၁၂၁)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်နှစ်ခုထဲ၌ မည်သည့်ခိုင်လုံသော အကြောင်းပြချက်မှမရှိဘဲ သဗ္ဗဒစ်ပွ`ပါဝင်ရန် ပျက်ကွက်ခဲ့ကြသူများအား ပြစ်တင်မောင်းမဲထားသည်။ ၎င်းတို့၏ လုပ်ရပ်မလျော်ကန်ကြောင်း ထိုသူတို့ကို ပြောကြား ထားသည်။ ထို့နောက် အာယသ်များက ဂျီဟာဒ်စစ်ပွဲတွင် ပါဝင်ခဲ့ကြသူများ၏ ကောင်းမြတ်မှုကို ဖော်ပြထားခဲ့သည်။ ထို့နောက် ထိုသူများစစ်ပွဲတွင် လုပ်ခဲ့သည်များအတွက် ကြီးမားသော ဆုလာဘ်များရရှိခဲ့ကြောင်း ကျွန်ုပ်တို့ကို ပြောပြပါသည်။ ဤထဲတွင် ရန်သူများကို အနာတရရစေခြင်း၊ (သို့မဟုတ်) ဆုံးရှုံးစေခြင်းနှင့် ရန်သူများ ဒေါသထွက်စေသည့် ဗျူဟာတစ်ရပ်သုံးစွဲထားကြောင်း ထည့်သွင်းထားသည်။ ဤသည်အားလုံးမှာ ကောင်မြတ်သော လုပ်ရပ်ဖြစ်၍ ဆဝါးဗ် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ဆုလာဘ်) နှင့် ထိုက်တန်စေသည်။

အာယသ် (၁၂၂)

وَ مَا كَانَ الْمُؤْمِنُوْنَ لِيَنْفِرُوْا كَآفَّةً ؕ فَلَوْ لَا نَفَرَ مِنْ كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُوْا فِي الدِّيْنِ وَ لِيُنْذِرُوْا قَوْمَهُمْ اِذَا رَجَعُوْۤا اِلَيْهِمْ لَعَلَّهُمْ يَحْذَرُوْنَ ﴿۱۲۲﴾

စင်စစ်သော်ကား 'မုအ်မင်နဲ်' သက်ဝင်ယုံကြည်သူတို့သည် တစ်ယောက် မကျန် (စစ်တလင်းသို့) ထွက်ကြရန် (လည်း) မထိုက်ချေ။ သို့ဖြစ်ပေရာ ၎င်းတို့အနက် အုပ်စုတိုင်းမှ လူတစ်စုသည်သာလျှင် (စစ်တလင်းသို့ အဘယ်ကြောင့် မထွက်သနည်း) ထွက်ကြရပေမည်။ သို့မှသာလျှင် (ကျန်လူတို့မှာ)ဒီန် သာသနာနှင့်စပ်လျဉ်း၍ (အသိပညာများကို) သင်ယူ ဆည်းပူးနိုင်ကြပေမည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏အမျိုးသား

တို့အား(စစ်တလင်းမှ)မိမိတို့ထံ ပြန်လည်ရောက်ရှိလာခဲ့ကြသောအခါ (အလ္လာဟ် အရှင်မြတ်၏ အမိန့်ပညတ်တော်များကို ဟောကြားခြင်းအားဖြင့်) သတိပေး နှိုးဆော်နိုင်ကြပေမည်။ သို့မှသာလျှင် ထိုအမျိုးသားတို့သည် (ပြစ်မှုဒုစရိုက်တို့မှ) ရှောင်ရှားတန်ကြရာကုန်သတည်း။ (၉ : ၁၂၂)

အကျယ်ဖွင့်ဆိုခြင်း

စူရစ်အလ်သောင်ဗဟ်ထဲ၌ သဗုခ်စစ်ပွဲသည် အရေးကြီးသည့် အကြောင်းအရာအနေဖြင့် ဆက်တိုက် ပါဝင်နေသည်ကို သတိမူမိပါလိမ့်မည်။ ဤ ဂျီဟာဒ်စစ်ပွဲအတွက် အထွေထွေဖိတ်ခေါ်မှုပြု၍ မုစ်လင်မ်များ ပါဝင်ဆင်နွှဲရန် ပြောကြားထားသည်။ ဤအမိန့်ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ချိုးဖောက်ခြင်း ခွင့်မပြုချေ။ ဤအမိန့်ကို ချိုးဖောက်သူများသည် များသောအားဖြင့် အရေးခဲ့များသာဖြစ်ကြကာ ယင်းတို့အကြောင်းပြီးခဲ့သော အာယသ်များစွာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို့နောက် မရည်ရွယ်သော ပျင်းရိမှုကြောင့်ချန်ရစ်ခဲ့သည့် ရိုးသား ဖြူစင်သော မုစ်လင်မ်များလည်းရှိသည်။ ၎င်းတို့၏ ဝန်ချတောင်းပန်မှုကို အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူခဲ့သည်။ ဤအဖြစ်အပျက်အားလုံးမှ သိရသည်မှာ မုစ်လင်မ် များအားလုံးသည် ဂျီဟာဒ်စစ်ပွဲတိုင်းတွင် ပါဝင်ဆင်နွှဲရန်မှာ မပြု မနေရ ဖရ်သွဲ့ဖြစ်ကာ နောက်ချန်ရစ်ခဲ့ခြင်း သည် ဟရာမ် တရားမဝင်ဖြစ်သော်လည်း ဤသည်မှာ ဘာသာရေးဆိုင်ရာ ဥပဒေမဟုတ်ချေ။ စင်စစ် သာမန်အခြေအနေတွင် ဂျီဟာဒ်စစ်ပွဲဆင်နွှဲခြင်းသည် ဖရ်သွဲအလ်ကိဖာယဟ်ဖြစ်၍ စုပေါင်း တာဝန်တစ်ရပ်ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ ဂျီဟာဒ်စစ်ပွဲအတွက် လုံလောက်သော မုစ်လင်မ်အရေအတွက် ဆင်နွှဲခဲ့လျှင် ကျန်ရှိမုစ်လင်မ်များအတွက် ဤတာဝန်မှာ ကင်းလွတ်သွားသည်။ သို့သော်လည်း ဂျီဟာဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲသည့် အရေအတွက်မှာ လွှမ်းမိုးခံရလောက်အောင် နည်းပါးခဲ့လျှင် အနီးအနားတွင် နေထိုင်သည့် မုစ်လင်မ်များသည် ထိုစစ်ပွဲ၀င်သူများကို အားဖြည့်ရန်နှင့် ၎င်းတို့နှင့်လက်တွဲ၍ ပူးပေါင်းတိုက်ပွဲ၀င်ရန်မှာ ဖရ်သွဲတာဝန်ဖြစ်ပေသည်။ အကယ်၍ အနီးရှိသူများနှင့် မလုံလောက်လျှင် ယင်းတို့နှင့်နီးသူ မုစ်လင်မ်များ ပေါ်တွင်လည်းကောင်း၊ ထပ်၍ မလုံလောက်သေးလျှင် နောက်ထပ်၍ နီးကပ်သော မုစ်လင်မ်များတွင် တာဝန်တင်ရှိပါသည်။ ဤကဲ့သို့ အရေးပေါ်အခြေ အနေမျိုးကြောင့် တစ်ကမ္ဘာလုံးရှိ မုစ်လင်မ်များအပေါ်တွင် ဂျီဟာဒ်စစ်ပွဲ၀င်ရောက်ဆင်နွှဲခြင်းသည် ဖရ်သွဲအိုင် (တစ်ဦးချင်း မပြုမနေရ တာဝန်)ဖြစ်သွားကာ ယင်းဂျီဟာဒ်တွင် ပါဝင်ခြင်းမှရှောင်ခဲ့လျှင် ဟရာမ်ဖြစ်လိမ့်မည်။ အလားတူ အကယ်၍ မုစ်လင်မ်များ၏ အမီးရ်တစ်ဦးသည် လိုအပ်ချက်အရ မုစ်လင်မ်အားလုံးကို ဂျီဟာဒ်စစ်ပွဲပါဝင်ရန် အထွေထွေ ဖိတ်ခေါ်မှုပြုလုပ်ခဲ့လျှင် ယင်းသည်လည်း မပြုမနေရ ဖရ်သွဲတာဝန်ဖြစ်သွားသည်။ ထို့နောက် ယင်းအချိန်တွင် ဂျီဟာဒ် စစ်ပွဲ၌ မပါဝင်ဘဲ ချန်နေခဲ့လျှင် ဟရာမ်(တရားမဝင်)ဖြစ်သည်။ သဗုခ်စစ်ပွဲတွင် အထွေထွေ ဖိတ်ခေါ်မှု၌လည်း ယင်းကဲ့ သို့ဖြစ်သွားခဲ့သည်။ အထက်ကိုးကားခဲ့သော အာယသ်က ရှင်းလင်းစေသည်မှာ သဗုခ်ဂျီဟာဒ်စစ်ပွဲ ပါဝင်ဆင်နွှဲရန်ဟူသော ဤအမိန့်သည် အထွေထွေ ဖိတ်ခေါ်ခြင်းဖြစ်၍ သီးသန့်အမိန့်ဖြစ်သွားသည်။ သာမန်အခြေအနေများတွင် ဆင်နွှဲရသော ဂျီဟာဒ်စစ်ပွဲတွင် မုစ်လင်မ်အားလုံး ပါဝင်စေရသော တစ်ဦးစီ ပေါ်တင်ရှိသည့် ဖရ်သွဲအိုင် အမျိုးအစားမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဂျီဟာဒ်ကဲ့သို့ပင် အစွလာမ်သာသနာ၌ မုစ်လင်မ်များအပေါ်တွင် စုပေါင်းလုပ်ဆောင်ရမည့် တာဝန်များ၊ အရေးကြီးသည့်ကိစ္စများ ရှိလေသည်။ ယင်းတို့ကို ဖရ်သွဲကိဖာယဟ်ဟုခေါ်သည်။ ဤတာဝန်ဝတ္တရားဖြည့်ဆည်းရန် မုစ်လင်မ်အုပ်စုများသည် လုပ်ငန်းခွင်၀င်လုပ်ဆောင်ရမည့်မူကို လိုက်နာရမည်။ ထို့ကြောင့် ဂျီဟာဒ်စစ်ပွဲ

တိုင်းတွင် မုစ်လင်မ်အားလုံးသွားရန် မလိုချေ။ ဤနေရာတွင် အမိန့်နာခံခြင်းသည်လည်း ဖရ်သွင်ကိဖာယဟ်၏ စစ်မှန်မှုကို သိရှိနားလည်စေရန် အထောက်အကူပြုသည်။ တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းလုပ်ဆောင်ရမည့်သဘော သဘာဝရှိသော လုပ်ငန်းနယ်ပယ်များအတွက် ဆိုလျှင် မုစ်လင်မ်အားလုံးအပေါ်တွင် တာဝန်ရှိကာ အစွလာမ် ရှရီအတ်သည် ယင်းနယ်ပယ်တို့ကို ဖရ်သွင်ကိဖာယဟ်အဖြစ် ကြေငြာထားခဲ့သည်။ ရည်ရွယ်ချက်မှာ နယ်ပယ် အသီးသီးရှိ ကိစ္စတိုင်းသည် အမြဲတာဝန်ယူ လုပ်ဆောင်ပြီးစီးစေကာ ထိုစုပေါင်းတာဝန်အားလုံး ဖြည့်ဆည်း ပြီးဖြစ်သွားသည်။ လျော်ဖွပ်ခြင်း၊ ဝတ်စားဆင်ယင်ခြင်း၊ ဂျနာဇာဟ်ဆွလာသ် ဝတ်ပြုခြင်း၊ သေဆုံးမုစ်လင်မ်များကို မြှုပ်နှံသင်္ဂြိုလ်ခြင်း၊ ဗလီဝတ်ကျောင်းတော်များဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ဂျီဟာဒ်စစ်ပွဲပါဝင်ခြင်း၊ အစွလာမ့်နယ်ပယ်၏ နယ်စပ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း စသော တာဝန်ဝတ္တရားများသည် ဖရ်သွင်အလ်ကိဖာယဟ်၏ ဥပဒေသအောက်တွင် အကျုံးဝင်သည်။ တစ်နည်းဆိုရသော် ဤတာဝန် ဖြည့်ဆည်းခြင်း တာဝန်သည်မူအရ တစ်ကမ္ဘာလုံးရှိ မုစ်လင်မ်များအပေါ် တင်ရှိသော်လည်း အချို့သူများက ထိုတာဝန်များကို စိတ်ကျေနပ်ဖွယ် ထမ်းဆောင်ခဲ့လျှင် ကျန်သောမုစ်လင်မ်များ၏အပေါ် တင်ရှိသောတာဝန်သည် ကင်းလွတ်သွားသည်။ ဤဖရ်သွင်အလ်ကိဖာယဟ် အာဏာစက်တွင် အကျုံးဝင်သည်။ အရေးပါသော လုပ်ငန်းနယ်ပယ်တစ်ခုမှာ ဘာသာရေးဆိုင်ရာ ပညာရေးပင်ဖြစ်သည်။ ဤသည်မှာ မပြုမနေရတာဝန် ဖြစ်ကြောင်း ဤအာယသ်ထဲတွင် ဖော်ပြကာ ဂျီဟာဒ်စစ်ပွဲပါဝင်ဆင်နွှဲရသည့် တာဝန်ကဲ့သို့ပင် ယင်းကိစ္စကို လျစ်လျူရှုမထားသင့်ချေ။ ဤကိစ္စကို ပြီးမြောက်စေနိုင်သောနည်းလမ်းကား လူစုလူဝေးကြီးမှ လူအနည်းငယ်တစ်စု စစ်ပွဲထွက်ခွာသွားလျှင် ကျန်သူများသည် ဘာသာရေးဆိုင်ရာ ပညာရေးလိုက်စားမှုတွင် ပါဝင်ပတ်သက်နေရမည်။ ထို့နောက် ထိုကဲ့သို့ ဘာသာရေးဆိုင်ရာ ပညာတတ်မြောက်ပြီးသူများသည် ဂျီဟာဒ်စစ်ပွဲသွားသူများကို သိရှိနားလည်ကာ ကျန်ရှိသူများကိုလည်း ဘာသာရေး ဆိုင်ရာ သင်ကြားမှု လေ့ကျင့်ပျိုးထောင်မှု ပြုလုပ်ပေးရမည်။

ဘာသာရေးဆိုင်ရာ အသိပညာရရှိရေး မပြုမနေရတာဝန်နှင့် ယင်း၏ကျင့်ဝတ်များ

အီမာမ်အလ်ကုရ်သုဗီက 'ဤအာယသ်သည် ဘာသာရေးဆိုင်ရာအသိပညာ (ဒီန်၏အိလ်မ်) ရှာဖွေ သူများအတွက် အခြေခံဖစ်မြစ်ဖြစ်သည်။ အကယ်၍ ဂရုတစိုက်ကြည့်လျှင် ဤနေရာ၌ ဘာသာရေးဆိုင်ရာ သင်ရိုး အကျဉ်း (နိဆွားဗ်)နှင့် ဤအသိပညာ အရည်အချင်းရှိသူ(အာလင်မ်)၏တာဝန်များကို ဖော်ပြထားသည်။ ထို့ကြောင့် ဤအကြောင်းအရာကို အသေးစိတ် အချို့နှင့်တကွ ဖော်ပြထားသည်။

ဘာသာရေးဆိုင်ရာ အသိပညာရရှိခြင်း၏ ဖဇီအိလ် (ထွတ်မြတ်မှု) များ

မုစ်လင်မ်ပညာရှင်များသည် ဘာသာရေးအသိပညာ၏ ထွတ်မြတ်မှုများ၊ ယင်းကြောင့် ရရှိမည့် စဝါဗ် (ဆုလာဘ်) များနှင့် နှီးနွယ်သည့်အရာများကို ပုံမှန်ကျမ်းများ ရေးသားထားခဲ့သည်။ ဤအကြောင်း နှင့်ပတ်သက်သည့် ထင်ရှားသည့် အတိုချုပ်အချို့ ဤနေရာတွင် ဖော်ပြထားသည်။ တမန်တော်မြတ် s မိန့်ကြားသည်ကို ကြားနာခဲ့ရသည်။ စိုက်ယိဒနာ အဗူအလ်ဒရ်ဒါဟ် d ၏ ဆင့်ပြန်ချက်ကို သိရ်မိဇီကျမ်းတွင် တင်ပြထားသည်။ ယင်းတင်ပြချက်၌ တမန်တော်မြတ် s မိန့်ထားသည်မှာ 'မည်သူမဆို ဘာသာရေး အသိပညာ (ဒီန်၏အိလ်မ်)ကို ရှာဖွေရန် ခရီးထွက်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်း၏ ကြိုးပမ်းအားထုတ်မှုအတွက် ဆုလာဘ် (စဝါဗ်)ပေးသည့်အနေဖြင့် သူ၏ခရီးစဉ်ဦးတည်မှုကို ဂျန္နသ်သုခဘုံဘက်ဆီသို့ လှည့်ပေးတော်မူသည်' ဟူ၍ဖြစ်သည်။

သဖိစိရ်အလ်ကုရ်သုဗိကျမ်းတွင် ဖော်ပြထားသော ဟဒီးဆ်ဆင့်ပြန်ချက် မြောက်များစွာတွင် တမန်တော်မြတ် s မိန့်ကြားခဲ့သည်များမှာ -

(၁) 'အသိပညာရှာဖွေသူများကို ကြိုဆိုရန်အတွက် အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်စေတမန် များသည် အတောင်ပံများ ဖြန့်ကျက်ထားသည်။'

(၂) 'ထိုကဲ့သို့ အသိပညာရှာဖွေသူများကို ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်ရှိ အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခံများနှင့် ရေထဲရှိငါးများက ဆုဒိုအာတောင်းခံပေးနေကြမည်။'

(၃) နဖိလ်အိဟဒသ် ခဝ်ဝ်ကိုးကွယ်မှုများစွာ လုပ်သူထက် အာလင်မ်၏သာလွန်မှုသည် လပြည့်ဝန်းကကြယ်များထက် သာလွန်သည်နှင့်တူသည်။

(၄) အိုလမာပညာရှင်များသည် မြင့်မြတ်သော တမန်တော်များ၏ အမွေစားအမွေခံများဖြစ်သည်။

(၅) မြင့်မြတ်သော တမန်တော်များသည် ရွှေနှင့်ငွေကို အမွေပစ္စည်းအဖြစ် မချန်ရစ်ပါ။ သို့သော် အသိပညာကို အမွေအဖြစ် ချန်ထားခဲ့သည်။ ထို့ကြောင့် မည်သူမဆို ဤအသိပညာ အမွေအနှစ်ရရှိခြင်း သည် ကြီးကျယ်သော ဥစ္စာဓနအမွေရခြင်းပင်ဖြစ်သည်။

မုစ်နဒ်ကျမ်းတွင် ဒါရိမီက ဟဒီးဆ်တော်တစ်ရပ် တင်ပြထားသည်မှာ 'တစ်စုံတစ်ဦးသည် တမန်တော်မြတ် s ကို မေးမြန်းခဲ့သည်။ ဗနီအစ္စရာအီလ်မျိုးနွယ်စုတွင် လူနှစ်ဦးရှိခဲ့သည်။ တစ်ဦးသည် အာလင်မ်ပညာရှင်ဖြစ်၍ ၎င်း၏ ဝတ်ပြုဆောက်တည်မှုပြီးသည်နှင့် လူအများကို ဘာသာရေးဆိုင်ရာ သင်ကြားပို့ချပါသည်။ နောက်တစ်ဦးကား တစ်နေ့လုံး ဥပုသ်သီလစောင့်ထိမ်း၍ တစ်ညဉ့်လုံး ဆွလာသ်ဝတ်ပြု ဆောက်တည်လျက်ရှိပါသည်။ ဤသူနှစ်ဦးအနက် မည်သူပို၍ မြင့်မြတ်ပါသနည်း။ တမန်တော်မြတ် s က 'ထိုအာလင်မ် (ဘာသာရေးအသိပညာရှိသူ)သည် အာဗစ်ဒ် (တရားအားထုတ်သူ)ထက်ပို၍ မြတ်သည်။ ငါကိုယ်တော်မြတ်သည် အသင်တို့အထဲမှ သာမန်လူတစ်ဦးထက် မြင့်မြတ်သကဲ့သို့ပင်ဖြစ်သည်'ဟု မိန့်ကြားခဲ့သည်။ (ဆင့်ပြန်သူများ၏ ထင်ရှားသောကွင်းဆက်နှင့်တကွ စိုက်ယိဒနာ အဗူစအီးဒ်အလ်ခုဒ်ရီ d ၏ ဆင့်ပြန်ချက်ကို အီမာမ်အိဗနိအဗ္ဗဒလ်ဗာရ်က သူ၏ ဂျာမီအုလ်ဗယာမ်အလ်အိလ်မ်ကျမ်းတွင် တင်ပြထားသည်။ (ကုရ်သုဗီ)

ထို့နောက် တမန်တော်မြတ် s မိန့်သည်မှာ ဖကီဟ် (ကျမ်းကျင်သော မုစ်လင်မ် ဓမ္မသတ်ပညာရှင်) တစ်ဦးသည် ရှိုင်တွာန်ကို ရင်ဆိုင်ရာတွင် အိဗာဒသ်လုပ်နေသော သူတစ်ထောင်ထက် အင်အားကောင်း ပေသည်။

(မဇာဟီရီကျမ်းပါကဲ့သို့ သိရ်မိဇီကျမ်းတွင် အိဗနိအဗ္ဗားစ်၏ တင်ပြချက်)

တမန်တော်မြတ် s ကလည်း မိန့်ကြားထားသေးသည်မှာ 'လူတစ်ဦးသေဆုံးလျှင် သုံးခုသော အရာမှအပ ကျန်လုပ်ရပ်များ အဆုံးသတ်သွားသည်။ ယင်းသုံးခုမှာ စဝါးဗ် (အကျိုးကျေးဇူးဆုလာဘ်) သည် သေဆုံးပြီးသည့်တိုင် ၎င်းထံအမြဲရောက်ရှိနေမည်။ ပမာဆိုသော် မတ်စ်ဂျိဒ်ဝတ် ကျောင်းတော်တည်ဆောက်ခြင်း၊ ဘာသာရေးပညာရပ်အတွက် အဆောက်အဦးတည်ဆောက်ခြင်း (သို့မဟုတ်) အများအကျိုးအတွက် အဆောက်အဦးဆောက်ခြင်း တို့ဖြစ်သည်။ ဒုတိယတစ်ခုမှာ အသိပညာအရ နောင်ထိတိုင်လူအများကို ကောင်းကျိုးရရှိစေခြင်း (ပမာဆိုသော် ဘာသာရေးပညာ လေ့လာဆည်းပူးနေသော ကျောင်းသားတစ်ဦး အာလင်မ်ဖြစ်သွားကာ နောင်လာနောင်သား တို့အတွက် ဘာသာရေးဆိုင်ရာ သင်ကြားပေးသင်ယူမှုဖြင့် အဆက်မပြတ်စေခြင်း သို့မဟုတ် တစ်စုံတစ်ဦးသည် ကျမ်းတစ်စောင်

ပြုစုခဲ့၍ ကျမ်းပြုသူသေဆုံးပြီးသည့်တိုင် ယင်းကျမ်းမှ လူအများအကျိုးအမြတ် ရရှိနေခြင်း)။ တတိယတစ်ခုမှာ (အကျင့်စာရိတ္တနှင့် ပြုစုပျိုးထောင်မှု)တွင် ကောင်းမွန်ခဲ့သော သားသမီးများသည် ၎င်းတို့မိဘများ အတွက် အမြဲဆုဒိအာပြုလုပ်ပေးခြင်းနှင့် ဆုလာဘ် (စဝါးဗ်)ရစေသောအရာများ ပြုလုပ်ပေးခြင်းကြောင့် မိဘများထံ ထိုကုသိုလ် စဝါးဗ် အမြဲမပြတ် ရောက်နေစေပါသည်။ (ကုရ်သုဗီ)

ဘာသာရေးသင်ကြားရာတွင် တစ်ဦးချင်းနှင့် စုပေါင်းတာဝန်၏ အသေးစိတ်များ

ခိုင်လုံမှုအထောက်အထားဖြင့် အိဗနိအဒီနှင့် အလ်ဗိုင်ဟကီးက အနတ်စ် d မှ တင်ပြခဲ့သည်မှာ တမန်တော်မြတ် s သည် "طَلَبُ الْعِلْمِ فَرِيْضَةٌ عَلَى كُلِّ مُسْلِمٍ" "အိလ်မ်အသိပညာရှာဖွေခြင်းမှာ မုစ်လင်မ်တိုင်း အပေါ်ဝယ် မပြုမနေရ တာဝန်ဖြစ်သည်' ဟု မိန့်ကြားခဲ့သည်' (မဇာဟီရီ) လက်ရှိအာယသ်တော်တွင်း နှင့် အစောပိုင်းကိုးကားခဲ့သည်တို့တွင် ပါဝင်သည့် အိလ်မ် (အသိပညာ)သည် ဒီန်၏အိလ်မ် ဘာသာ ရေးပညာဖြစ်သည်မှာ ထင်ရှားသည်။ ဤကဿာလောကတွင် ဘဝ၏ရုပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လောကီဆိုင်ရာ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရပ်များသည် တစ်စိတ်တစ်ဒေသ အရေးပါသော်လည်း ယင်းတို့သည် အထက်ကိုးကားဖော်ပြခဲ့သော ဟဒီးဆ်တော်တွင် ဖော်ပြထားသည့် ဒီန်၏ အသိပညာတို့နှင့် မြင့်မြတ်မှု မတူချေ။ ထို့နောက် ဒီန်သာသနာအိလ်မ် (ဘာသာရေးဆိုင်ရာအသိပညာ) သည် အသိပညာနယ်ပယ်၏ တစ်ခုတည်းသော နယ်ပယ်အချို့မဟုတ်ပါ။ ဒီန်၏အိလ်မ်သည် သိပ္ပံပညာရပ်များစွာနှင့် ဖွဲ့စည်းထားသည့် ထင်ရှားပေါ်လွင်နေသော စနစ်တစ်ခုဖြစ်သည်။ ထို့ပြင် မုစ်လင်မ်အများသမီး၊ အများသားတိုင်းသည် ဤသိပ္ပံ ပညာရပ်အားလုံးကို အပြည့်အဝကျွမ်းကျင်စွာရနိုင်သည့် အစွမ်းမရှိသည်မှာလည်း ထင်ရှားသည်။ ထို့ ကြောင့် ဟဒီးဆ်တော်က 'အသိပညာရှာဖွေမှုသည် မုစ်လင်မ်တိုင်းအပေါ် တာဝန်ရှိသည်' ဟု မိန့်ထား ခြင်းက ဘာသာရေး ဆိုင်ရာ အသိပညာ၏ သီးခြားအစိတ်အပိုင်းတစ်ခုကို ဆိုလိုသည်။ ယင်းအသိပညာကို မသိခဲ့လျှင် သူ (သို့မဟုတ်) သူမ၏ တာဝန်ဝတ္တရားကို မဖြည့်ဆည်းနိုင်သကဲ့သို့ ဟရာမ် (တရားမဝင်သည့်အရာ များ) များမှလည်း မရှောင်ရှားနိုင်ပါ။ ယင်းအစိတ်အပိုင်းတွင် အီမာမ်နှင့် အစွလာမ်ကို ခွဲခြားမရစေသော အရေးကြီးသည့်မူများ ပါဝင်သည်။ ကျန်ရှိသိပ္ပံပညာရပ်များအတွက် ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်မှ ကောက်နှုတ်ရွေးချယ်ထားသော အသိပညာ အချက်အလက်များနှင့် မြောက်မြားစွာသော ရှင်းလင်းချက် အသေးစိတ် အချက်အလက်များအပြင် ယင်းထဲမှ အမိန့်ပညတ်ချက်များနှင့် ဥပဒေများ ထုတ်နှုတ်ထားသည်ဆိုကြောင်း စိတ်တွင်စွဲမှတ်ရမည်။ ဤအရာများသည် မုစ်လင်မ်တိုင်း ထိမ်းချုပ်နိုင်စွမ်းထက် ကျော်လွန်နေကာ ယင်းတို့တစ်ခုစီသည် တစ်ဦးချင်း၏တာဝန် (ဖရ်တ်သွအိုင်) တစ်ရပ်အဖြစ်လည်း မသတ်မှတ်ထားပါ။ သို့သော်လည်း ဤသိပ္ပံပညာရပ်ကို ဖရ်သွအလ်ကိဖာယဟ် (အများစု ပေါ်တင်ရှိသည့် တာဝန်) ဟု ပြုလုပ်ထား၍ ယင်းသည် အစွလာမ်ကဿာတစ်ခုလုံး၏ တာဝန်ဝတ္တရားဖြစ်သည်။ ဤသိပ္ပံ ပညာရပ်များနှင့် ဘာသာရေးဆိုင်ရာဥပဒေများတွင် စစ်မှန်ကျွမ်းကျင်သော အာလင်မ်တစ်ပါး မြို့တိုင်းတွင် ရှိနေခဲ့လျှင် ကျန်မုစ်လင်မ်တိုင်းအပေါ်၌ ဤတာဝန်မရှိတော့ပါ။ အကယ်၍ မြို့တစ်မြို့ (သို့မဟုတ်) မြို့နယ်တစ် ခုတွင် အာလင်မ်တစ်ပါးမရှိခဲ့လျှင် မြို့ (သို့မဟုတ်)မြို့နယ်ရှိလူများသည် ၎င်းတို့အနက်မှ တစ်စုံတစ်ဦးကို အာလင်မ်ဖြစ်စေရန်မှာ မပြုမနေရတာဝန်ဖြစ်သည်။ အကယ်၍ ယင်းသို့မလုပ်ဆောင်နိုင်လျှင် ပြင်ပမှ အာလင်မ်တစ်ဦးကို ဖိတ်ခေါ်၍ မြို့ထဲထားစေရမည်။ သို့မှသာ ထိုသူတို့သည် ဤအာလင်မ်ပညာရှင်၏ ဖတ်သဝါအရ ၎င်းတို့နားလည် သဘောပေါက်ကာ လုပ်ဆောင်နိုင်လိမ့်မည်။ အထူးသဖြင့် ပြဿနာများ သည် သိမ်မွေ့၍ လိုအပ်ချက်အရေးပေါ်လာလျှင် ယင်းပညာရှင်ရှိနေပေမည်။ ထို့ကြောင့်

ဒီန်၏အိလ်မ် (ဘာသာရေးဆိုင်ရာအသိပညာ) နှင့် ပတ်သက်သည့် ဖရ်သွင်အိုင်နှင့် ဖရ်တ်သွင်ကိဖာယဟ်တို့၏ အသေးစိတ်များကို အောက်တွင်ဖော်ပြထားသည်။

ဖရ်တ်သွင်-အိုင် - တစ်ဦးချင်း တင်ရှိသည့်တာဝန်

မုစ်လင်မ်အမျိုးသား၊ အမျိုးသမီးတိုင်းအပေါ် တာဝန်တစ်ရပ်အဖြစ် သင်ယူလေ့လာရမည့် အသိ ပညာများမှာ

(၁) အစွလာမ်ဘာသာ၏ မှန်ကန်၍ ခိုင်လုံသော အကာအိဒ် (ယုံကြည်မှုများ)

(၂) သွဟာရသ် (သန့်ရှင်းမှု) နှင့် နိဂျာစာဟ် (မသန့်မှု) တို့၏ စည်းမျဉ်းစည်းကမ်း ဥပဒေများ

(၃) ဆွလာသ် (ဝတ်ပြုဆောက်တည်ခြင်းများ)၊ ဇောင်မ် (ဥပုသ်သီလဆောင့်ထိမ်းခြင်း) နှင့် ရှရီ အတ် တရားတော်က ဖရ်တ်သွင်နှင့် ဝါဂျိဗ်ဟု သတ်မှတ်ထားသည့် အိဗာဒတ်အားလုံး

(၄) ဟရာမ် (တရားမဝင်) (သို့မဟုတ်) မတ္တရူဟ် ဟူ၍ ကြေညာထားသည့်အရာများ

(၅) သတ်မှတ်ထားသည့် နိဆွားဗ်ထက်ပိုသော တစ်စုံတစ်ဦးပိုင်ဆိုင်သည့် ဥစ္စာဓနနှင့် ပိုင်ဆိုင် ပစ္စည်းအတွက် ဇကားသ် (အလှူဒါန) ပေးခြင်းအတွက် စည်းမျဉ်းစည်းကမ်းများနှင့် အမိန့်ပညတ်ချက်များ

(၆) ဟဂျ် ပြုလုပ်နိုင်စွမ်းရှိသူတစ်ဦးအတွက် ဟဂျ်နှင့်ပတ်သက်သော အမိန့်ပညတ်ချက်များဖြစ် သည်။ ယင်းမှာ ဟဂျ်ပြုနိုင်စွမ်းရှိသောသူ (သို့မဟုတ်) သူမ တစ်ဦးစီအပေါ်၌ ဟဂျ်ပြုခြင်းသည် ဖရ်တ်သွ် မပြု မနေရ တာဝန်ဖြစ်သည်။

(၇) ရောင်းဝယ်ခြင်းနှင့် ငှားရမ်းခြင်း (ဗိုင်အ်နှင့်အီဂျာရာဟ်) နှင့် ပတ်သက်သော စည်းမျဉ်းစည်း ကမ်းများနှင့် အမိန့်ပညတ်ချက်များဖြစ်သည်။ ယင်းတွင် တစ်စုံတစ်ဦးသည် ရောင်းဝယ်ခြင်း (သို့မဟုတ်) အ ရောင်းအဝယ် (သို့မဟုတ်) စက်မှုလက်မှုလုပ်ငန်းများတွင် အလုပ်အတွက် အလုပ်သမားများ၏လုပ်ခ (သို့မဟုတ်) လခများနှင့် သက်ဆိုင်သူတို့သည် အထက်ပါကိစ္စများ ဆောင်ရွက်ရန်အတွက် ၎င်းတွင် တစ်ဦးချင်းတာဝန် တင်ရှိပေသည်။

(၈) လက်ထပ်မင်္ဂလာ ပြုလုပ်ရာတွင် နိကာဟ် (ထိမ်မြားခြင်း) နှင့်ပတ်သက်သော စည်းကမ်း စည်မျဉ်းများနှင့် အမိန့် ပညတ်ချက်များ။ ထိုပြင် (ကွာရှင်းပြတ်စဲမှု)သွလာက်နှင့်ပတ်သက်သော စည်းမျဉ်းများနှင့် အမိန့် ပညတ်ချက်များ)။

အတိုချုပ်မှာ အစွလာမ်ရှရီအတ်က လူတိုင်းအပေါ် ဖရ်တ်သွ် (သို့မဟုတ်) ဝါဂျစ်ဗ် ဟုသတ်မှတ်ထားသော အရာများရှိသည်။ ဤအရာများနှင့်ပတ်သက်သည့် အသိပညာသင်ယူရရှိရေးသည် မုစ်လင်မ်အမျိုးသား နှင့် အမျိုးသမီးတိုင်းအပေါ် မပြုမနေရ တာဝန်ဖရ်တ်သွ်ဖြစ်သည်။

နာမ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုကို သိရှိနားလည်ခြင်းသည်လည်း တစ်ဦးချင်းပေါ်တင်ရှိသည့် မပြုမနေရတာဝန် (ဖရာသုလ်အိုင်) ဖြစ်သည်

တစ်စုံတစ်ဦး၏ အပြင်ပိုင်းဆိုင်ရာလုပ်ရပ်များဖြစ်သည့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ စောင်မဉ္ဇုသိ သီလစောင့်ထိန်းခြင်းကဲ့သို့သော လုပ်ရပ်များ၏အသိပညာသည် မပြုမနေရ ဖရ်တ်သွင်အိုင် ဖြစ်ကြောင်း လူတိုင်းသိပါသည်။ သို့သော်လည်း သဖိစိရိမဇာဟီရီကျမ်းရှင် ကာရီသနာအွလ္လာဟ်ပါနီပသီက ဤအာယသ်နှင့် ပတ်သက်သည့် အကျယ်ဖွင့်ဆိုခြင်းတွင် တစ်စုံတစ်ဦး၏ အတွင်းပိုင်ဆိုင်ရာ အပြုအမူများနှင့် အရည်အချင်းနှင့် သက်ဆိုင်သော တားမြစ်ချက်များနှင့် မပြုမနေရတာဝန်များကို သိရှိထားရန်လည်း လိုအပ်သည်ဟု ဖော်ပြထားသည်။ ဤအသိ ပညာမျိုးကို သစောင်ဝုဖ် အတတ်ပညာဟု ခေါ်လေ့ရှိသည်။ ဤမပြုအနေရ တာဝန်များသည် ဖရ်တ်သုလ်အိုင် အမျိုးအစားတွင် ပါဝင်နေကြောင့် ယင်းတို့ကို သိရှိနားလည်ခြင်းသည်လည်း ဖရတ်သုလ်အိုင်ဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်တို့ခေတ်တွင် သစောင်ဝုဖ်ဟုခေါ်သည့် အသိပညာနယ်ပယ်တွင် ထိုးထွင်းဉာဏ်၊ စိတ်စေတသိက်စသည် နယ်ပယ်တို့ပါဝင်သည့် သောင်းပြောင်းတွေလာ ဖြစ်နေပေသည်။ ဤနေရာတွင် ဖရ်တ်သုလ်အိုင်ဟု ဆိုလိုသည်မှာ တစ်စုံတစ်ဦး၏ အတွင်းပိုင်းဆိုင်ရာ လုပ်ဆောင်မှုနှင့် အတွင်းပိုင်း ဆိုင်ရာတို့နှင့် သက်ဆိုင်သည့် ဖရတ်သွ် မပြုအနေရ အမိန့်ပညတ်ချက်များသာဖြစ်သည်။ ပမာဆိုသော် သစ္စာတရားစစ်မှန်ခြင်းနှင့် ခိုင်လုံသော အကာအစ် (ယုံကြည်မှု) နှင့် ပတ်သက်သော ကိစ္စရပ်များရှိပါသည်။ ဤသည်တို့မှာ လူသား၏ အတွင်းပိုင်းဆိုင်ရာ အခြေအနေနှင့်ပတ်သက်သည်။ သို့မဟုတ်ပါက စွဗရ် (သည်းခံခြင်း)၊ ရှုဂ်ရ် (ကျေးဇူးတင်ခြင်း)၊ သဝတ်ကုလ် (ယုံပုံအပ်နှံခြင်း)၊ ကန်နာအာဟ်(ရသည်နှင့် ရောင့်ရဲခြင်း) နှင့်အလားတူ ကိစ္စရပ်များကို ကြည့်ကြစို့။ ဤသည် တို့မှာ သီးခြားအဆင့်ရှိသော မပြုမနေရတာဝန် ဖရ်တ်သွင်များဖြစ်သည်။ သို့မဟုတ်ပါက နာမ်ပိုင်းဆိုင်ရာ မကောင်းမှုများဖြစ်သည့် မောက်မာခြင်း၊ မာနထောင်လွှားခြင်း၊ မနာလိုဝန်တိုခြင်း၊ အာဃာတထားခြင်း၊ စေးနဲ့ဝွန့်တိုခြင်း၊ ပစ္စည်းများပေါ်လောဘတက်ခြင်းနှင့် အလားတူအခြားကိစ္စများကို ကြည့်ကြစို့။ ဤသည်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒတ်တော်၏ ခိုင်လုံမှုအရ ဟရာမ်(တားမြစ်ထား) ဖြစ်သည်။ ထို့ကြောင့် မုစ်လင်မ်အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပေါ် ဖရ်တ်သွ်တာဝန်ဟု သတ်မှတ်ထားခြင်းမှာ ဤသည်တို့နောက်ကွယ်ရှိ စစ်မှန်မှုကို သူ၊ သူမက ရှာဖွေရမည်။ ထို့နောက် ထူးမြတ်မှုရရန်နှင့် တားမြစ်ထားသည်ကို ရှောင်ကြဉ်ရန် နည်းလမ်းများကို ဆည်းပူးရမည်။ သစောင်ဝုဖ်၏ တစ်ခုတည်းသော အခြေခံမှာ ဖရ်တ်သွ်အိုင် (အစ္စလာမ့်ဥပဒေအရ) ဖြစ်သည်မှအပ အခြားမဟုတ်ချေ။ (သစောင်ဝုဖ်နယ်ပယ်တွင် အခိုင်အမာပြောဆိုချက်များ (သို့မဟုတ်) ယင်းနှင့် ပတ်သက်သည့် အစ္စလာမ့်နှင့်ဆန့်ကျင်သော ဂိုဏ်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မသက်ဆိုင်ချေ။

ဖရာသုလ်ကိဖာယဟ်

ဒီန်၏အိလ်မ် (ဘာသာရေးဆိုင်ရာ အသိပညာအပြည့်အစုံ) က အဘယ့်ကြောင့် ဖရတ်သုလ် ကိဖာယာဟ် အဖြစ် သတ်မှတ်ထားသည်ဆိုခြင်းကို နားလည်ရန်မှာ ယင်းပါသတ်မှတ်ချက်များကို တစ်စေ့တစ်စောင်းကြည့်ခြင်းက အသုံးဝင်ပါသည်။ စာရှုသူ အဆင်ပြေစေရန် ကိစ္စတစ်ခုလုံးကို အပိုင်းသုံးပိုင်းခွဲ`ထားပါသည်။

(၁) ကုရ်အာန်ကျမ်းတော်တစ်စောင်လုံး၏ ဥပဒေများနှင့်အဓိပ္ပာယ်များ နားလည်သဘောပေါက်ရန်

(၂) ဟဒီးဆ်အားလုံးကို နားလည်သဘောပေါက်ရန်နှင့် မခိုင်လုံသော ဟဒီးဆ်များမှ ခိုင်လုံသော ဟဒီးဆ်များကို သိရှိနားလည်၍ ရွေးချယ်နိုင်စွမ်းတွင် ကျွမ်းကျင်စေရန်။

(၃) ကုရ်အာန်ကျမ်းတော်မြတ်မှ ထုတ်နှုတ်ထားသည့် အဓိန့်ပညတ်ချက်အားလုံးနှင့် ဥပဒေများ အားလုံး၏အသိပညာအပြည့်အစုံကို သင်ယူရရှိရန်။ ဆွဟာဗဟ်များ၊ သာဗိအီန်များနှင့် မုဂျ်သဟီးဒ် အီမာမ်များ၏နှုတ်ဖြင့်လည်းကောင်း၊ ကျင့်ဆောင်မှုဖြင့်လည်းကောင်း ဖော်ပြခဲ့သည့် အယူအဆများကို ပြည့်ပြည့်ဝဝ သတိရှိနေရမည်တို့ဖြစ်သည်။

ဤသည်တို့ကို တတ်သိနားလည်ရန် ဆိုသည်မှာ ကြီးကျယ်လှသော လုပ်ငန်းတစ်ခုဖြစ်၍ တစ်စုံ တစ်ဦးက တစိုက်မတ်မတ်လုပ်ဆောင်သည့်တိုင် မလွယ်ကူလှချေ။ ထို့ကြောင့် အစွမ်းရှိရှိအတ်က ဤ အသိပညာနယ်ပယ်ကို ဖရ်တ်သုလ်ကိဖာယဟ် အဖြစ်ကြေညာခဲ့သည်။ ဆိုလိုသည်မှာ အကယ်၍ လူအချို့ က ဤအသိပညာကို လူမှုဘဝ၏ လိုအပ်သမျှကို တတ်သိနားလည်ခဲ့လျှင် ကျန်မုစ်လင်မ်များသည် ထို တာဝန်မှ ကင်းလွတ်ပေသည်။

ဒီန်၏အိလ်မ်အတွက် သင်ရိုးညွှန်းတမ်း

ဤနေရာ၌ ကျမ်းတော်မြတ်ကုရ်အာန်က အသိပညာ၏ အနှစ်သာရ သို့မဟုတ် ဘာသာရေးသိပ္ပံ ပညာရပ်နှင့် ယင်း၏သင်ရိုးညွှန်းတမ်းကိုပါ စကားလုံးတစ်ခုတည်း အသုံးပြုကာ ကျွန်ုပ်တို့အား ပြောပြထားပါသည်။ အကယ်၍သာ စာသားများက لِيَتَعَلَّمُوا الدِّيْنَ (သို့မှသာ ထိုသူများသည် ဘာသာရေးဆိုင်ရာ အသိပညာကို ဆည်းပူးရယူပါသည်) ဟူသည်တို့ကို ရွေးချယ်သုံးနှုန်းခဲ့ပါလျှင် ယင်းရွေးချယ်မှုသည် အခြေအနေနှင့်ကိုက်ညီကြောင်း ထင်ရှားပါသည်။ သို့ရာတွင် ဤနေရာ၌ ကျမ်းတော်မြတ်ကုရ်အာန်သည် **تعلم** (သအ်လမ်သင်ယူခြင်း) ဟူသော စကားလုံးကို ရှောင်ကွင်းကာ **تفقه** (သဖတ်ကာဟ် နားလည်သ ဘောပေါက်ခြင်း) ဟူသော စကားလုံးကို ရွေးချယ်သုံးနှုန်းထားသည်။ ဤသည်က 'ဒီန်အိလင်မ်'ကို ဖတ်ကြားရုံသက်သက်ဖြင့် မလုံလောက်သည်ဆိုကြောင်း ညွှန်းပါသည်။ ဤသို့သော လုပ်ရပ်ကို မယုံကြည် သွေဖည်သူများဖြစ်သော ဂျူးများနှင့်ခရစ်ယာန်တို့ကလည်း ပြုလုပ်ကြသည်။ ထို့နောက် ရှိုင်တွာန်သည် သူများတကာထက် ထိုကဲ့သို့ပိုမိုလုပ်ဆောင်ပါသည်။ အကြောင်းမှာ ဒီန်၏အိလင်မ်ဆိုသည်မှာ 'ဘာသာ တရား နားလည်သဘောပေါက်မှု ဖန်တီးရန်' ဟုဆိုလိုပါသည်။ ဤသို့ပြန်ဆိုမှုသည် အာယသ်ပါ (**تفقه** သဖတ်ကဟ်) စကားလုံး၏ အဓိပ္ပာယ်အတိအကျဖြစ်ပါသည်။ ဤစကားလုံးသည် နားလည်သဘောပေါက် နှင့် သိမြင်ခြင်းဟု အဓိပ္ပာယ်ကဆိုလိုသော **فقه** (ဖစ်ဂ်)ဟူသော စကားလုံးမှ ဆင်းသက်လာသည်။ ဤနေရာ၌ ကျမ်းတော်မြတ် ကုရ်အာန်က သာမန်ကြိယာကို သုံးစွဲထားကာ (لِيَفْقَهُوا الدِّيْنَ လိယဖ်ကဟူဒ်ဒီန်) သို့မှသာ ထိုသူတို့သည် ဘာသာရေးကို နားလည်သဘောပေါက်စေမည်)ဟူ၍ မမိန့်ထား သတိထားသင့်ပါသည်။ ထိုသို့မဟုတ်မူဘဲ ကျမ်းတော်မြတ် ကုရ်အာန်က لِيَتَفَقَّهُوْا فِي الدِّيْنِ (လိယတ ဖတ်ကဟူ ဖိတ်စ်ဒီန်) သို့မှသာ ထိုသူတို့သည် အီမာန်ယုံကြည်မှု၏ ပြီးပြည့်စုံသော နားလည်သဘောပေါက်မှုကို ဆည်းပူးနိုင်ပေမည်) ဟူ၍ မိန့်ထားသည်။ **باب تفعل** (ဗာဗအလ်သဖအုလ်) မှ ဆင်းသက်လာသော ကြောင့် ယင်းကဲ့သို့ လေ့လာလိုက်စားရာတွင် အားစိုက်ခြင်း၊ ကြိုးပမ်းခြင်းဟူသော အဓိပ္ပာယ်ထပ်ဆောင်းထားပါသည်။ ထို့ကြောင့် အဓိပ္ပာယ်၏တွန်းအားမှာ ထိုသူတို့သည် ဘာသာရေးကို ပြီးပြည့်စုံသော နားလည်ပေါက်မှု တစ်ခုဖန်တီးရာတွင် ပညာခန်းဆိုင်ရာ ကျွမ်းကျင်မှု၊ အတတ်နိုင်ဆုံးရရှိရန်အတွက် အဆက်

မပြတ်ကြိုးပမ်းအားထုတ်ခြင်း၊ ကြိုးစားလုပ်ဆောင်ခြင်းနှင့် ခံနိုင်ရည်များရှိရပါမည်။ ၎င်းနောက် ကျွန်ုပ်တို့ ယခုပြောဆို နေသော ဘာသာရေးဆိုင်ရာ နားလည်သဘောပေါက်ခြင်းဆိုသည်မှာ သန့်ရှင်းစင်ကြယ်ခြင်း၊ မသန့်ရှင်းခြင်း၊ ဝတ်ပြု မှုများ၊ ဥပုသ်ဆောက်တည်မှုများ၊ ဇကားသ်နှင့် ဟဂျ်တို့နှင့် ပတ်သက်သော ပြဿနာများနှင့် အဖြေတို့အား ရှာဖွေခြင်း တို့ဖြင့် အကောင်အထည်ပေါ်မလာပါ။ တကယ်ဆိုရသော် ဘာသာ ရေးဆိုင်ရာ နားလည်သဘောပေါက်ခြင်း ဆိုသည် မှာ တစ်စုံတစ်ဦးသည် အာခီရသ်၌ သူပြောဆိုသမျှ၊ သူလုပ်ဆောင်သမျှ လူပ်ရှားမှု၊ ငြိမ်သက်မှုများအကြောင်း၊ စစ်ဆေးမေးမြန်းခံရမည့်အကြောင်း၊ ထိုအ ကြောင်းကြောင့် သူ (သို့မဟုတ်) သူမသည် ဤကဲ့သို့သောကထားခြင်းသည် ဘာသာ ရေးအား ပြီးပြည့်စုံ စွာနားလည်ခြင်းဆိုသည်၏ အမည်ပင်ဖြစ်ပါသည်။ ထို့ကြောင့် အီမာမ်အဗူဟနီဖဟ်က ဖိစ်ဂ် (နားလည် သဘောပေါက်ခြင်း) ကို အဓိပ္ပာယ်ဖော်ရာ၌ ပြောသည်မှာ 'လုပ်ဆောင်သမျှတို့သည် သူ/သူမ အတွက် အရေးပါကြောင်း နားလည်သဘောပေါက်ခြင်းနှင့် ရှောင်ကြဉ်သမျှတို့သည် သူ/သူမ အတွက် အရေးပါကြောင်း နားလည်သဘောပေါက်ခြင်း ဟူ၍ဖြစ်ပါသည်။ 'အိလ်မုလ်ဖိစ်ဂ်'အား ဘာသာရေးသိပ္ပံပညာရပ်ဟူ၍ လတ်တလော အဓိပ္ပာယ်ဖွင့်ဆိုပြီး ယင်းတွင် ဆင့်ပွားပြဿနာနှင့် ဥပဒေများပါဝင်သည်က နောက်ပိုင်းအသုံးအနှုန်းပင် ဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ပါ 'ဖိစ်ဂ်'၏ စစ်မှန်ချက်သည် ကြီးမြတ်သောအီမာမ်ကြီး ပြောသည်ထက် မပိုပါ။ ယင်းမှာ 'လူတစ်ဦးသည် ဘာသာရေးဆိုင်ရာ ကျမ်းစာများအားလုံး ဖတ်ခဲ့ပါသည်။ သို့ရာတွင် နားလည်သဘော ပေါက်မှု မရရှိခဲ့ပါက ထိုသူသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တွင် ပါရှိသော အာလင်မ်တစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် ဤနေရာ၌ပြုလုပ်သော စူးစမ်းမှု အကျဉ်းချုပ်က ကျွန်ုပ်တို့အား ပြောသည်မှာ ကုရ်အာန်ကျမ်း တော်မြတ်၏ အသုံးအနှုန်းအရ ဘာသာရေးဆိုင်ရာ အသိပညာရရှိခြင်းကို ဆိုသည်မှာ ယင်းဘာသာရပ်တွင် နားလည် သဘောပေါက်ခြင်း ရယူရန်ဖြစ်ပါသည်။ ယင်းသို့ရယူရာတွင် မည်ကဲ့သို့သော ရင်းမြစ်များကို သုံးစွဲသည် ဆိုသည်က အကြောင်းမဟုတ်ပါ။ ဤအရင်းအမြစ်များသည် ကျမ်းစာအုပ်များ (သို့မဟုတ်) သင်ကြားပြသသော ဆရာများဖြစ်နိုင် ပါသည်။ ထိုအရာများအားလုံးတို့သည် သင်ရိုးညွှန်းတမ်း၏ အစိတ်အပိုင်းသာ ဖြစ်ပါသည်။

ဒီန်အသိပညာကို ရရှိပြီးသည့်နောက် အာလင်မ်တစ်ဦး၏ အရေးကြီးသောတာဝန်ဝတ္တရား

ဤသည်ကိုလည်း ကုရ်အာန်ကျမ်းတော်မြတ်က لِيُنْذِرُوْا قَوْمَهُمْ ထိုပြင် ၎င်းတို့သည် မိမိတို့၏ အမျိုးသား တို့အား (စစ်တလင်းမှ) မိမိတို့ထံ ပြန်လည်ရောက်ရှိလာခဲ့ကြသောအခါ (အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များ ကို ဟောကြားခြင်းအားဖြင့်) သတိပေးနှိုးဆော်နိုင်ကြပေမည်' ဟူသောဝါကျဖြင့် မိန့်ထားသည်။ ဤနေရာမှာလည်း သတိမူထိုက်သည်မှာ 'မိမိတို့၏ အမျိုးသားများအား သတိပေးခြင်း' ဟူသောဝါကျက အာလင်မ်တစ်ဦး၏ တာဝန် ဖြစ်သည်ဆိုကြောင်း ဖော်ထုတ်ထားသည်။ အရဗီစကားလုံး انذار (အင်ဇာရ်) အား မြန်မာဘာသာဖြင့် တစ်စုံတစ်ဦးထံ သို့ အကြောက်တရား တစ်စုံတစ်ရာ ထည့်သွင်းခြင်းဟူ၍ ပြန်ဆိုထားသော်လည်း ယင်းစကားလုံး၏ အဆုံးစွန် အဓိပ္ပာယ်အပြည့်မပါဝင်ပါ။ ယင်းကိစ္စရပ်၏ အကြောင်းမှန်မှာ ထိုကဲ့သို့သတိပေးခြင်း (သို့မဟုတ်) မည်သည်ကို ရှောင်ကြဉ်ရမည်ဆိုကြောင်း အကြောက်တရား ထည့်ခြင်းဆိုသည်တွင် ပုံစံအမျိုးမျိုး ဖြစ်သွားပါသည်။ ပမာဆိုသော် တစ်စုံတစ်ဦးသည် ရန်သူ၊ သူခိုး၊ ခါးပြ (သို့မဟုတ်) သားရဲ တိရစ္ဆာန်အချို့ (သို့မဟုတ်) အဆိပ်ရှိတွားသွားသတ္တဝါတို့မှ သတိပေးနိုင်သည်။ထို့နောက်ဖခင်တစ်ဦးသည်သူ့သားသမီးများအပေါ်၌ချစ်ခင်မြတ်နိုးမှု၊သောကရောက်မှုတို့ကြောင့်

မီးအန္တရာယ်၊ အဆိပ်ရှိသော ပိုးမွှားနှင့် ကျန်းမာရေးနှင့် မညီမညွတ်သော အစားအစာအတွက် ကြောင်နာသော သတိပေးခြင်းမျိုးလည်းရှိသည်။ ဖခင်ကပေးသည့် သတိပေးချက်သည် ချစ်ခင်မြတ်နိုးမှုနှင့် အကာအကွယ်ပေးလိုသည့် ဆန္ဒပေါ်အခြေခံထား၍ ယင်းတွင် အထူးသံနေသံထားနှင့် စိတ်နေသဘောထား ပါဝင်သည်။ ပထမဖော်ပြခဲ့သည့် သတိပေးချက်နှင့် လုံးဝခြားနားသည်။ ထိုသို့သောနည်းနှင့် ရည်ရွယ်ချက်ဖြင့်ပေးသော သတိပေးချက်မှာ အင်ဒ်ဟာရ် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ နဗီများနှင့် တမန် တော်များအား နဇီးရ် نذير (သတိပေးသူ) ဟူသော ဘွဲ့အပ်နှင်းခဲ့သည်။ ထိုပြင် အာလင်မ်များကို လူအများအား သတိပေးရန်ဟူသည့် တာဝန်ကိုလည်း စင်စစ်တွင် နဗီ တမန်တော်များ ချန်ရစ်ခဲ့သော အမွေ တစ်စိတ်တစ်ဒေသဖြစ်သည်။ ဟဒီးဆ်တော်များ၏ခိုင်လုံသော ဆင့်ပြန်ချက်များအရ ယင်းအမွေကို အာလင်မ်များက ဆက်ခံရပါသည်။

ဤနေရာ၌ ကောင်းချီးမင်္ဂလာပေးခံရသည့် တမန်တော်များကို လူသိများစေသည့် အမည်နာမ နှစ်မျိုးကို စဉ်းစားရပေမည်။ ယင်းမှာ ဗရှီရ်နှင့် နဇီးရ်ဖြစ်သည်။ နဇီးရ် (သတိပေးနှိုးဆော်သူ)၏ အဓိပ္ပာယ်ကို ပြီးခဲ့သော ဆွေးနွေးမှုများအရ စာရှုသူ သိရှိခဲ့ပြီးဖြစ်သည်။ ဗရှီရ်၏ အဓိပ္ပာယ်သည် ဗရှာရာဟ် ကောင်းသတင်း (သို့မဟုတ်) ဝမ်းမြောက်ဖွယ်သတင်းပေးသူဖြစ်သည်။ ဖြောင့်မတ်မှန်ကန်စွာ ကျင့်ကြံသူများကို ကောင်းသတင်းပေးခြင်းသည် မြင့်မြတ်သော တမန်တော်များ၏ လုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသဖြစ်သည်။ ဤနေရာတွင်လည်း အင်ဇီရ် (သို့မဟုတ်) ရှင်းလင်းစွာ သတိပေးခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သော်လည်း အခြားစာသားပါ အဓိန့်ဖော်ပြသည်များမှာ ကောင်းသောလုပ်ရပ် လုပ်ဆောင်သူများကို ကောင်းသတင်းပေးခြင်းသည် အာလင်မ်များ၏ တာဝန်လည်းဖြစ်သည်။ ဤနေရာတွင် အင်ဇာရ် (သတိပေးချက်)ဖော်ပြခြင်းသည် လုံလောက်သည်ဟု မှတ်ယူရခြင်းတွင် အကြောင်း ရှိပေသည်။ အမှန်တကယ်တွင် လူသားကို ကိစ္စနှစ်ရပ် ဖြင့် တာဝန်အပ်နှင်းထားသည်။ တစ်ခုမှာ သူ့အတွက်ဤကမ္ဘာနှင့် နောင်လာမည့်ကမ္ဘာအတွက်ပါ ကောင်းသည့်အကျိုးရှိသည်ကို ရွေးချယ်ပြုလုပ်ရန်ဖြစ်သည်။ နောက်တစ်ခုမှာကား သူ့ကို အန္တရာယ်ဖြစ်စေနိုင်သည့် အရာများမှ ရှောင်ရှားရလိမ့်မည်ဖြစ်သည်။ စာပေတတ်မြောက်သူနှင့် အသိဉာဏ် ကြွယ်ဝသူ နှစ်မျိုးလုံးက အထက်ပါ နှစ်ခုအနက် ဒုတိယတစ်ခုတွင် ပို၍ဦးစားပေးသည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ အသုံးအနှုန်းအရဆိုလျှင် ဤသည်ကို 'အကျိုးအမြတ်ရရှိစေခြင်း' နှင့် 'အန္တရာယ်ကင်းဝေးခြင်း'ဟူ၍ ဖြစ်သည်။ နှစ်မျိုးမှ ဒုတိယတစ်ခုကို ဦးစားပေးပါသည်။ တစ်ဖန်ထပ်၍ အန္တရာယ်ကို ဖယ်ရှားခဲ့လျှင် အကျိုးအမြတ်ဖြစ်ခြင်းဟူသည့် ရည်ရွယ်ချက်က အလိုအလျောက်ဖြစ်လာမည်။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ တစ်စုံတစ်ဦးသည် သူ့အတွက် အရေးကြီးသည်၊ အကျိုးအမြတ်ရှိသည်တို့ကို စွန့်လွှတ်ခဲ့လျှင် အန္တရာယ်ဖြစ်စေသည်။ ဤအခြေအနေက မည်သူမဆို မကောင်းမှုလုပ်ရပ်များ၏ ဆိုးကျိုးမှကင်းဝေးစေရန် ကြိုးပမ်းခဲ့လျှင် ယင်းသည်မကောင်းမှုများမှ ရှောင်ခွာ၍ မှုချလုပ်ရမည့်အရာများ လုပ်ရန် ကြိုးပမ်းပြီးဖြစ်သွားပေမည်။

ဤသည်မှ ကျွန်ုပ်တို့အခါသမယတွင် ဘာသာရေးဆိုင်ရာ ဟောပြောမှုနှင့် ဒါအ်ဝတ်လုပ်ရပ်များ အဘယ့်ကြောင့် မထိရောက်သနည်းဟူသည်ကိုလည်း သိရှိနိုင်သည်။ အထက်ပါဖော်ပြချက်များအရ အင်ဇာရ် (သို့မဟုတ်) သတိပေးခြင်း၏ အရေးကြီးသည့် ကျင့်ဝတ်အကြောင်း တစ်စေ့တစ်စောင်း မြင်ခဲ့ရပါသည်။ ခေတ်ပြိုင်တရားဟောခြင်းနှင့် ဒအ်ဝတ်လုပ်ငန်းလုပ်များထဲတွင် ဂရုစိုက်မှု၊ သောကရောက်မှု၊ ခင်တွယ်မှု၊ သနားကြင် နာမှုနှင့် နားဆင်သူများကို စစ်မှန်သည့် ကောင်းသတင်းပေးမှု ပြင်းပြသောဆန္ဒများ ထွက်ပေါ်စေသော အပြုအမူများ မပါဝင်ဟန်ဖြစ်နေသည်။ ပြောကြားနေသော စကားများတွင်လည်းကောင်း၊ ပြောသည့်ဟန် ပန်တွင်လည်းကောင်း၊ စာနာသည့်စကားနှင့်

လေသံတွင်လည်းကောင်း ယင်းတို့တွင်မပါဝင်ကြချေ။ အကယ်၍ ဦးတည်ပြောခံရသူများက ဟောပြောသူ၏ ဟော ပြောမှုသည် သူတို့ကို အရှက်ရသိက္ခာမဲ့စေရန် သို့မဟုတ် သူတို့နှင့်စာရင်းရှင်းရန် ဟူသော ရည်ရွယ်ချက်မပါလျှင် ယင်းသည် အလွန်အံ့သြဖွယ်ဖြစ်လိမ့်မည်။ စင်စစ် ထိုဟောပြောသူ၏ ဟောပြောမှုသည် အပြောခံရသူများက ၎င်းတို့ကို ချစ်ခင်မြတ်နိုးချီလည်းကောင်း၊ ၎င်းတို့အကျိုးရှိစေရန်လည်းကောင်းဟု ဆန္ဒရှိသည်ဟု မှတ်ယူခဲ့လျှင်အလွန်ကောင်းပေသည်။ အကယ်၍ ယနေ့ ကျွန်ုပ်တို့လုပ်နေသည့် သဗ်လိဂ်လုပ်ငန်း (သို့မဟုတ်) ရှရီအတ်၏အမိန့် ပညတ်ချက်များ ချိုးဖောက်နေသူများကို ပြုပြင်ရန်အလို့ငှာ ကျွန်ုပ်တို့လုပ်ဆောင်နေသော ဒါအ်ဝတ်လုပ်ငန်းတွင် အထက်ပါကဲ့သို့သော အမူအရာပုံစံမျိုး ကျင့်သုံးခဲ့ပါလျှင် အနည်းဆုံးမှာ လတ်တလော တုန့်ပြန်ချက်တစ်ခု ရရှိမည်ကား မုချ ဧကန်ဖြစ်သည်။ ယင်းတုန့်ပြန်ချက်ကား ဦးတည်ပြောကြားခံရသူသည် သောကရောက်လိမ့်မည် မဟုတ်၊ ဒေါသဖြစ်လိမ့်မည် မဟုတ်၊ တစ်ယူသန်မည်မဟုတ် (သို့မဟုတ်) အမိန့်နာခံမှုတွင် ခေါင်းမာမည်မဟုတ်ချေ။ သဗ်လီးဂ် လုပ်သူများကို ရင်ဆိုင်ရာတွင်လည်း မစိုးရိမ်ရတော့ချေ။ လူတိုင်းသည် မိမိကိုယ်မိမိ အခြေအနေနှင့်လိုက်လျောညီရန် ညှိနှိုင်း၍ မိမိလုပ်ရပ်များကို စမ်းစစ်ပါတော့မည်။ ယင်းလုပ်ရပ်ကြောင့် သူ့ကား ဘာဖြစ်မည်ဆိုသည်ကို စတင် တွေးတောလာလိမ့်မည်။ ထို့ပြင်အကယ်၍ ဤကြိုးပမ်းမှုကို ဆက်လက် ဆောင်ရွက်ခဲ့လျှင် အနေးနှင့်အမြန် အချိန်တစ်ချိန် ရောက်လာပါလိမ့်မည်။ ထိုအချိန်တွင် ယင်းကဲ့သို့သောသူသည် သူ့အား တင်ပြသည်များကို လိုလိုလားလား လက်ခံပါလိမ့်မည်။ ဤအနေအထားကြောင့် ရလာမည့် ဒုတိယရလဒ်မှာ အချင်းချင်း မုန်းတီးခြင်းနှင့် အငြင်းပွားမှုများ အနည်းဆုံး မထွက်တော့ချေ။ ယင်းကြောင့် ခေတ်ပြိုင်မုစ်လင်မ်များကို ဒါအ်ဝတ်လုပ်ငန်းက ချုပ်ကိုင်ပြီး ဖြစ်သွားပါလိမ့်မည်။

အဆုံး၌ **لَعَلَّهُمْ يَحْزَرُوْنَ** 'သို့မှသာလျှင် ထိုအမျိုးသားတို့သည် (ပြစ်မှုဒုစရိုက်တို့မှ) ရှောင် ရှားတန်ကြရာကုန်သတည်း'ဟူ၍မိန့်ထားခြင်းက အာလင်မ်တစ်ပါး၏တာဝန်သည် လူများ၏နှလုံးသားများကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကြောက်ရွံ့စိတ် ထည့်သွင်းရန်အတွက်သာ ကန့်သတ် ထားသည်မဟုတ်ကြောင်း ရည်ညွှန်းသည်။ ထိုအာလင်မ်သည် သူ၏သဗ်လီးဂ်နှင့် ဒါအ်ဝတ်လုပ်ငန်းများမှ ပေါ်ထွက်လာသော အကျိုးသက်ရောက်မှု၏ အတိုင်းအဆကို စောင့်ကြည့်ကာ စမ်းစစ်ရပါမည်။ ပထမ အကြိမ်တွင်မူကား အလုပ်ဖြစ်ခြင်မှဖြစ်ပေမည်။ သို့ဆိုလျှင် ရလဒ်ကို သူမြင်တွေ့ရသည့်တိုင် အဖန်တလဲလဲ ကြိုးစားလုပ်ဆောင်ပါလေ။ **يَحْذَرُوْنَ** ဆိုသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ပါစေ။ ဆိုလိုသည်မှာ လူအများသည် သတိမူလာကာ ပြစ်မှုဂုနာဟ်ပြုလုပ်ခြင်းမှ စတင်ရှောင်ကြဉ်လာကြပါသည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်သည်။

အာယသ် (၁၂၃-၁၂၇)

يٰۤاَيُّهَا الَّذِيْنَ اٰمَنُوْا قَاتِلُوا الَّذِيْنَ يَلُوْنَكُمْ مِّنَ الْكُفَّارِ وَ لْيَجِدُوْا فِيْكُمْ غِلْظَةً ؕ وَ اعْلَمُوْۤا اَنَّ اللّٰهَ مَعَ الْمُتَّقِيْنَ ﴿۱۲۳﴾ وَ اِذَا مَاۤ اُنْزِلَتْ سُوْرَةٌ فَمِنْهُمْ مَّنْ يَّقُوْلُ اَيُّكُمْ زَادَتْهُ هٰذِهٖۤ اِيْمَانًا ۚ فَاَمَّا الَّذِيْنَ اٰمَنُوْا فَزَادَتْهُمْ اِيْمَانًا وَّ هُمْ يَسْتَبْشِرُوْنَ ﴿۱۲۴﴾ وَ اَمَّا الَّذِيْنَ فِيْ قُلُوْبِهِمْ مَّرَضٌ فَزَادَتْهُمْ رِجْسًا اِلٰى رِجْسِهِمْ وَ مَاتُوْا وَ هُمْ كٰفِرُوْنَ ﴿۱۲۵﴾ اَوَ لَا يَرَوْنَ اَنَّهُمْ يُفْتَنُوْنَ فِيْ كُلِّ عَامٍ مَّرَّةً اَوْ مَرَّتَيْنِ ثُمَّ لَا يَتُوْبُوْنَ وَ لَا هُمْ يَذَّكَّرُوْنَ ﴿۱۲۶﴾ وَ اِذَا مَاۤ اُنْزِلَتْ سُوْرَةٌ نَّظَرَ بَعْضُهُمْ اِلٰى بَعْضٍ ؕ هَلْ يَرٰىكُمْ مِّنْ اَحَدٍ ثُمَّ انْصَرَفُوْا ؕ صَرَفَ اللّٰهُ قُلُوْبَهُمْ بِاَنَّهُمْ قَوْمٌ لَّا يَفْقَهُوْنَ ﴿۱۲۷﴾

အို-'မုအ်မင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့၏ အနီးပတ်ဝန်းကျင်ရှိ 'ကာဖိရ်' မယုံကြည်သွေဖည်ငြင်းပယ် သူတို့အား တိုက်ခိုက်ကြလေကုန်။ ထို့ပြင် ၎င်း 'ကာဖိရ်' မယုံကြည် သွေဖည်ငြင်းပယ်သူတို့သည် အသင်တို့၌ ပြင်းထန်မှုကို တွေ့ရှိကြစေရာ ၏။ ၎င်းပြင် ဇကာန်မလွဲ အလ္လာဟ်အရှင်မြတ်သည် သူတော်စင်တို့နှင့် အတူ ရှိတော်မူကြောင်း အသင်တို့သည် (ကောင်းစွာ) သိထားကြလေကုန်။ (၉ : ၁၂၃)

စင်စစ်သော်ကား မည်သည့်အခါမျိုး၌မဆို (ကုရ်အာန်ကျမ်းတော် မြတ်၏) စူရဟ် ကလ္လာတစ်ခုခုသည် (အလ္လာဟ်အရှင်မြတ်အထံတော်မှ) ချပေးသနားတော်မူခြင်း ခံခဲ့ရပါလျှင် ထို ('မုနာဖစ်က်' မုစ်လင်မ်ရေခြုံသော) သူတို့အနက်မှ အချို့က 'ဤစူရဟ် ကလ္လာသည် အသင်တို့အနက် မည်သူ၏ အီမာန်သက်ဝင်ယုံကြည်မှုကို တိုးတက်ပါစေသနည်း'ဟု ပြောဆိုကြလေ၏။ စင်စစ်သော်ကား မည်သို့ပင်ဖြစ်စေ 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့အဖို့ ထို 'စူရဟ်'ကလ္လာသည် ၎င်းတို့၏ 'အီမာန်' သက်ဝင်ယုံကြည်မှုကို တိုးတက်စေခဲ့၏။ ထို့ပြင် ၎င်းတို့သည် ဝမ်းမြောက်ပျော်ရွှင်လျက် ရှိကြကုန်သတည်း။

(၉ : ၁၂၄)

သို့ရာတွင် စိတ်နလုံးများတွင် ရောဂါရှိသောသူတို့အဖို့ထို 'စူရဟ်' ကလ္လာသည် ၎င်းတို့၏ အညစ်အကြေးတွင် အညစ်အကြေးတစ်ခုခုကို (ထပ်လောင်း၍) တိုးစေခဲ့သည်။ ထို့ပြင် ၎င်းတို့သည် 'ကာဖိရ်' မယုံ ကြည်သွေဖည်ငြင်းပယ်သူများအဖြစ်နှင့်ပင် သေဆုံးခဲ့ကြရလေသည်။ (၉ : ၁၂၅)

ငင်းတို့သည် မိမိတို့မှာ တစ်နှစ်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်ခြင်းခံကြရသည်ကို မမြင်ကြလေသလော။ သို့ပါလျက် ငင်းတို့သည် ဝန်ချတောင်းပန်ကြသည်လည်း မဟုတ်ချေတကား။ သတိတရား ရရှိကြသည်လည်း မဟုတ်ချေတကား။

(၉ : ၁၂၆)

ထိုမှတစ်ပါး မည်သည့်အခါမျိုးမဆို 'စူရဟ်' ကဏ္ဍာတစ်ခုခုကို ချပေးသနားတော်မူခြင်းကို ခံခဲ့ရပါလျှင် ငင်းတို့အနက် တစ်ဦးကတစ်ဦးကို ကြည့်(၍) 'အသင်တို့အား (နဗီတမန်တော်နှင့် မုစ်လင်မ်တို့အနက်မှ) တစ်ဦးဦးသည် ကြည့်နေသလော'ဟု (အရိပ်ယောင်ဖြင့် ပြောဆို) မေးမြန်းပြီးနောက် ပြန်လှည့် (၍ထွက်သွား) ခဲ့ကြလေသည်။ (စင်စစ်သော်ကား) အလ္လာဟ်အရှင်မြတ်သည် ငင်း၏စိတ်နလုံးများကို လှည့်၍ထား တော်မူခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ငင်းတို့သည် အသိဉာဏ်ကို အသုံးမပြုသောသူများသာ ဖြစ်ကြသောကြောင့်ပင်။ (၉ : ၁၂၇)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များထဲတွင် ဂျီဟာဒ်စစ်ပွဲအတွက် တိုက်တွန်းနှိုးဆော်ချက်များ ပါဝင်သည်။ လက်ရှိ အာယသ်များအနက် يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ قَٰتِلُواْ 'အိုမုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့အနီးပန်ဝန်းကျင်ရှိ 'ကာဖိရ်' မယုံကြည်သွေဖည်ငြင်းပယ်သူတို့အား တိုက်ခိုက်ကြလေကုန်' ဟူသော စကားလုံးဖြင့် အစပြုထားသော ပထမအာယသ် (၁၂၃) ထဲတွင် အသေးစိတ်များပါဝင်သည်။ အဘယ့်ကြောင့်ဆိုသော် မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ကမ္ဘာတစ်လွှားတွင် ပြန့်ကြဲလျက်ရှိပြီး ငင်းတို့နှင့် မည်သည့်ရင်ဆိုင်မှု များတွင်မဆို လုပ်ဝန်းဆိုင်ရာ အစီအစဉ်ကျမှ လိုအပ်သည်။ အာယသ်များက ဂျီဟာဒ်စစ်ပွဲသည် အနီးအနားတွင်ရှိ မယုံကြည်သွေဖည်သူများနှင့်အလျင် စစ်ခင်းဟု မိန့်ထားသည်။ 'အနီးအနား'ဟူသော အသုံးအနှုန်းကို တည်နေရာ နှင့်ပတ်သက်၍ သုံးနှုန်းသည်ဟု မှတ်ယူသည်။ ဆိုလိုသည်မှာ မုစ်လင်မ်များ နေထိုင်နေသည်နှင့်အနီးအနားရှိသော မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဦးစွာပထမ စစ်ခင်းသင့်သည်။ ထို့ပြင် ယင်းအသုံးအနှုန်းကို ဆွေမျိုးတော်စပ်မှုနှင့် ပတ်သက်၍လည်း နားလည်သဘောပေါက်ရမည်။ ဆိုလိုသည်မှာ ဆွေမျိုးတော်စပ်ခြင်း၊ မျိုးရိုးဆက်နွယ်ခြင်းနှင့် အခြားလူမှု ရေးဆိုင်ရာ နှောင်ဖွဲ့မှုရှိနေသူများကို ဦးစားပေးသင့်သည်။ ဤသည်မှာ အစွလာမ့်ဂျီဟာဒ်သည် ထိုသူများ၏ ကောင်းကျိုးနှင့် ငင်းတို့ကိုယ်စိတ်နလုံး ချမ်းသာစေရန် အထူးသဖြင့် ပြုလုပ်သည်။ ထို့ကြောင့် ငင်းတို့ကို တာဝန်ယူရန်နှင့် သောကထားရန်မှာ ဆွေမျိုးသားချင်းကို ဦးစားပေးရမည်။ ယင်းကဲ့သို့လည်း တမန်တော်မြတ် ﷺ က အမိန့် ထားခဲ့သည်။ وَأَنذِرْ عَشِيرَتَكَ ٱلْأَقْرَبِينَ 'ငင်းပြင် အသင်သည် မိမိနီးစပ်သော ဆွေမျိုးသားချင်းကို သတိပေးနှိုးဆော်ပါလေ' နှင့် အလားတူပေသည်။ တမန်တော်မြတ် ﷺ သည် ကိုယ်တော်မြတ်ထံ ဝဟီ ကျခဲ့သည့်အတိုင်း မိသားစုဝင်များကို စုစည်း၍ အလ္လာဟ်အရှင်မြတ်နှင့် မုကျပါတ်တော်ကို ထိုသူများထံ ပို့ဆောင်ပေးကာ အမိန့်တော်ကို နာခံစေခဲ့သည်။ မိသားစုအဝန်းအဝိုင်းမှာ ပို၍ကြီးမားကျယ်ပြန့်လာသည်။ ထိုအနီးအဝေးမှုအရ အခြားသူများနှင့် နှိုင်းယှဉ်လျှင် ပထမဦးစွာ ရင်ဆိုင်ခဲ့ရသောသူများမှာ မဒီနာဟ်ပတ်ဝန်းကျင်တွင် နေထိုင်သည့် ဗနူကုရိုင်ဇာဟ်၊ ဗနူနဇီးရ်နှင့် ခိုင်ဗရ်မှ လူများဖြစ်သည်။ ထို့နောက်မှ အာရေးဗီးယားကျွန်းဆွယ်ရှိ ကျန်လူမျိုးကို တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းနောက် ကိစ္စရပ်များ

ဖြေရှင်းပြီးနောက်တွင် ဗိုင်ဇန်တိုင်းမှ မယုံကြည် သွေဖည်ငြင်းပယ်သူများကို စစ်ခင်းရန် နောက်ဆုံး အမိန့်တော်ကျ ရောက်ခဲ့သည်။ ယင်းအကျိုးအဖြစ် သဗုခ်စစ်ပွဲ`သို့ စုရုံးချီတက်သည့် အရေးကိစ္စပေါ်ပေါက် ခဲ့သည်။

အာယသ် (၁၂၃) ၏ ဒုတိယဝါကျ **وَلْيَجِدُوْا فِيْكُمْ غِلْظَةً** 'ထို့ပြင် ၎င်းကာဖိရ် မယုံကြည်သွေဖည် ငြင်းပယ်သူတို့သည် အသင်တို့၌ ပြင်းထန်မှုကို တွေ့ရှိကြစေရာ၏' ပါ **غلظة** (ဂိလ်သွား်စ်) ဆိုသော စကားလုံးက ပြင်းထန်ခြင်း (သို့မဟုတ်) ခပ်တင်းတင်း၊ ခပ်မာမာဟူသော အဓိပ္ပာယ်သက်ရောက်သည်။ ဆိုလိုသည်မှာ မယုံကြည်သွေဖည် ငြင်းပယ်သူများကို ရင်ဆိုင်ရာတွင် ထိုသူများက ၎င်းတို့ရန်သူများသည် ပျော့ညံ့သည်ဟူသော သဘောမသက် ရောက်စေသည့် နည်းမျိုးဖြင့် ရင်ဆိုင်ရမည်။

အာယသ်(၁၂၄)ပါ **فَزَادَتْهُمْ إِيْمَانًا** 'ထို (မုနာဖစ်က် မုစ်လင်မ်အယောင်ဆောင်သော) သူတို့အနက်မှ အချို့က ဤစူရတ်ကဏ္ဍာသည် အသင်တို့အနက် မည်သူ၏ အီမာန်သက်ဝင်ယုံကြည်မှုကို တိုးတက်စေပါသနည်း' ဟူသောဝါကျက ကျွန်ုပ်တို့ကိုပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်များနှင့်အညီ ဖတ်ရွတ်သရဇ္ဈာယ်ခြင်း၊ တွေးတော ဆင်ခြင်ခြင်းနှင့် ယင်းပါအမိန့်များနှင့်အညီ ကျင့်ကြံခြင်းသည် တစ်စုံ တစ်ဦး၏ အီမာန်ယုံကြည်မှုကို တိုးတက်စေပါ သည်။ တစ်စုံတစ်ဦးသည် ပိုမြင့်မား၍ ပို၍ကောင်းမွန်ခြင်းတို့ ပြောင်းလဲခံစားရပါသည်။ အီမာန်ယုံကြည်မှု တိုးပွားလာ လေလေ ယင်း၏အလင်းရောင်နှင့် ချို့မြိန်မှုတိုးပွားလေဖြစ်သည်။ ဤချမ်းသာပျော်ရွှင်မှု အခြေအနေရောက် သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ဦးသည် အလွှာဟ်အရှင်မြတ်နှင့် အရှင့်ရစူလ် တမန်တော် ﷺ ကို အမိန့်နာခံရန်မှာ လွယ်ကူသည်ဆိုကြောင်း စတင်မြင်လာပါရတော့သည်။ 'အီဗာဒသ်' လုပ်ချင်လာလိမ့်မည်။ ယင်းအရသာကိုလည်း ခံစားနိုင် ပါသည်။ အပြစ်ဂုနာဟ်သည် ပြဿနာမဖြစ်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သူပင်ကိုယ်သဘာဝအရ ပြစ်မှုဂုနာဟ်ကို စတင်မုန်းတီးလာသည်။ အပြစ်ဂုနာဟ်ကလည်း မြူဆွယ်ခြင်း၊ ဆွဲဆောင်ခြင်း မရှိတော့ပါ။ စင်စစ် ပြစ်မှုဂုနာဟ်များမှာ ဒေါသထွက်စေသည်။ စိတ်ရှုပ်ထွေးစေသည်။

စိုက်ယိဒနာအလီ [d] က 'နှလုံးသားတွင် အီမာန်ဝင်ရောက်သွားစဉ် ယင်းသည် ရောင်ခြည်ဖြာ ထွက်နေသော အစက်အပျောက်တစ်ခုနှင့် တူသည်' အီမာန်ယုံကြည်မှု တိုးတက်လေလေ၊ ရောင်ခြည်ဖြာမှု တိုးလေဖြစ်ကာ နှလုံး သားတစ်ခုလုံး ပီတိဖြာထွက်နေစေသည်။ အလားတူ မယုံကြည်သွေဖည်မှုနှင့် အရေခြုံမှုသည် နှလုံးသားတွင် အမဲစက်တစ်ခုအနေဖြင့် ဦးစွာပထမပေါ်ပေါက်သည်။ ထို့နောက် ပြစ်မှု ဂုနာဟ်နှင့် မယုံကြည်သွေဖည်ငြင်းပယ်မှုတိုင်း တိုးပွားလေလေ အမဲစက်သည် အရွယ်ပမာကြီးလေဖြစ်ကာ နှလုံးသားတစ်ခုလုံး မဲနက်လာခဲ့သည်' ဟုပြောခဲ့သည်။ (မဇာဟီရီ)ဤအကြောင်းကြောင့်တမန်တော်မြတ် [s] ၏ဆွဟာဗဟ်သာဝကကြီးများကအချင်းချင်းပြောလေ့ရှိသည်မှာ 'ကျွန်ုပ်တို့ အီမာန်ယုံကြည်မှု တိုးပွားစေမည့် ဒီးန်နှင့်အာခိရတ်၏ အကြောင်းအရာများကို ခဏတစ်ဖြုတ်ထိုင်၍ အချင်းချင်းပြောကြစို့' ဟူ၍ ဖြစ်သည်။

အာယသ် (၁၂၆)**يُفْتَنُوْنَ فِيْ كُلِّ عَامٍ مَّرَّةً اَوْ مَرَّتَيْنِ** 'ငင်းတို့သည် မိမိတို့မှာတစ်နှစ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်ခြင်းခံကြရသည်ကို မမြင်ကြလေသလော' ထဲ၌ အရေခြုံများကို ၎င်းတို့၏ခိုင်မြဲသောအရေခြုံမှုနှင့် ယုံကြည်အပ်နှံမှု ချိုးဖောက်ခြင်းကြောင့် ဒုက္ခအလုံးစုံကျရောက်ကြောင်း ၎င်းတို့ကို တစ်နှစ်လျှင်တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ် သတိပေးခဲ့သည်။ သူတို့သည် မယုံကြည်သွေဖည်ငြင်းပယ်သူ အပေါင်းပါများ ဖြစ်သည်။ မက္ကာဟ်က ကာဖိရ်များ ရုံးနိမ့်ကြသည်ကို ၎င်းတို့မြင် တွေ့ခဲ့ရသည်။ ထို့နောက် ၎င်းတို့၏ အရေခြုံမှု ပေါ်လွင်သွားခြင်းက ၎င်းတို့

အပေါ် ဂုဏ်အရေမွဲခြင်းနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထို့ကြောင့် ၎င်းတို့အတွက် သတိပေးအချက်ပြမှု မရှားပါးချေ။ တိုက်ဆိုင်စွာဖြင့် ဤနေရာပါ တစ်ကြိမ် (သို့မဟုတ်)နှစ်ကြိမ်ဟူသော အရေအတွက်သည် ယင်းနံပါတ်များအတိုင်း ဖော်ပြခြင်းမဟုတ်ပါ။ စင်စစ် ရည်ရွယ်ချက်ကား အပြုအမူနှင့် တုန့်ပြန်ချက်မှာ တစ်ချိန်လုံးဖြစ်ပျက်နေသော်လည်း ယင်းတို့မှ ထိုသူများ သင်ခန်းစာမျှ မယူကြောင်း အလေးအနက်ပြုရန်ဖြစ်သည်။

အာယသ် (၁၂၈-၁၂၉)

لَقَدْ جَآءَكُمْ رَسُوْلٌ مِّنْ اَنْفُسِكُمْ عَزِيْزٌ عَلَيْهِ مَا عَنِتُّمْ حَرِيْصٌ عَلَيْكُمْ بِالْمُؤْمِنِيْنَ رَءُوْفٌ رَّحِيْمٌ ﴿۱۲۸﴾ فَاِنْ تَوَلَّوْا فَقُلْ حَسْبِيَ اللّٰهُ لَاۤ اِلٰهَ اِلَّا هُوَ ؕ عَلَيْهِ تَوَكَّلْتُ وَهُوَ رَبُّ الْعَرْشِ الْعَظِيْمِ ﴿۱۲۹﴾

ဇကန်မလွှဲ အသင်တို့အနက်မှပင် 'ရစူလ်'တမန်တော်တစ်ပါးသည် အသင်တို့ထံ ရောက်ရှိလာခဲ့ချေပြီ။အသင်တို့တွေ့ကြုံရသောဒုက္ခသည်ထိုရစူလ်တမန်တော်၏အပေါ် အလွန်ဝန်လေးလှသည်။ (၎င်းပြင် ထိုရစူလ်တမန်တော်သည်) အသင်တို့နှင့်ပတ်သက်၍ ကောင်းရာကောင်းကြောင်း များကိုသာ အာသာဆန္ဒပြင်းပြစွာ တပ်မက်သူဖြစ်၏။ (ထိုမှတစ်ပါး) 'မုအ်မင်န်' သက်ဝင်ယုံကြည်သူတို့နှင့်ပတ်သက်၍ အလွန်တရာ နူးညံ့ သိမ်မွေ့သူ၊ အလွန်တရာ သနားကြင်နာသူတစ်ဦး (လည်း) ဖြစ်ချေသတည်း။ (၉ : ၁၂၈)

တစ်ဖန်အကယ်၍ ၎င်းတို့သည် (သိနားလည်ပါလျက်နှင့် ယုံကြည် လိုက်နာခြင်း မရှိဘဲ) ပြန်လှည့်သွားခဲ့ကြပါလျှင် အသင်သည် (၎င်းတို့အား ဤသို့ပြောကြားပါလေ) ' ငါ၏အဖို့ အလ္လာဟ်အရှင်မြတ်သည် (အဖက်ဖက်မှ) လုံလောက်တော်မူလေသည်။ ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ရာအရှင် ဟူ၍ အလျှင်းမရှိ၊ ထိုအရှင်မြတ်အပေါ်၌သာ လျှင် ငါသည်(အစစအရာရာတွင် လုံးဝ) ယုံကြည်လွှဲအပ်ခဲ့လေပြီ။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် ကြီးကျယ်မြင့်မြတ်လှစွာသော 'အရ်ရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသော အရှင်လည်း ဖြစ်တော်မူပေသတည်း။ (၉ : ၁၂၉)

အကျယ်ဖွင့်ဆိုခြင်း

ဤသည်များမှာ စူရဟ်အလ်သောင်ဗဟ်၏ နောက်ဆုံးအာယသ်တော်ဖြစ်ကာ တမန်တော်မြတ် ﷺ သည် အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုလုံး အထူးသဖြင့် မုစ်လင်မ်များအပေါ်တွင် အလွန်တရာ နူးညံ့သိမ်မွေ့သူ၊ အလွန်တရာ သနားကြင်နာသူတစ်ဦးဟု ကြေညာထားခဲ့သည်။ ထို့နောက် နောက်ဆုံး အာယသ်ထဲ၌ တမန်တော်မြတ် ﷺ ကြိုးပမ်းအားထုတ်လင့်ကစား အကယ်၍ ဤသူများ မယုံကြည်ခဲ့သည့် တိုင် အလ္လာဟ်အရှင်မြတ်အပေါ်တွင် ယုံပုံအပ်နှံ၍ သည်းခံသင့်ကြောင်း မိန့်ထားသည်။

ဤအကြောင်းအရာသည် စူရပ်သောင်ဗဟ်၏ အဆုံးတွင်ပါဝင်ခြင်းမှာ အလွန်လျော်ကန်သင့်မြတ် ပေသည်။ ဤစူရပ်ထဲတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများကို စွန့်ခွာခြင်း၊ ဆက်ဆံမှုအပြီး အပြတ်ဖြတ်တောက်ခြင်းနှင့် ၎င်းတို့အား ဂျီဟာဒ်စစ်ခင်းရန် ဆိုသည့်အကြောင်းများနှင့် ပြည့်နှက်နေကြောင်း သတိရပါလိမ့်မည်။ ဤသည်မှာ ဒါအိဝတ် (ဖိတ်ခေါ်မှု) နှင့် သဗ်လီးဂ် (သတင်းစကားဆက်သွယ်မှု) လုပ် လင့်ကစား ကောင်းမွန်မလာ၊ ပြုပြင်မလာသော မျော်လင့်ချက်ကင်းမဲ့သည့် သဏ္ဌာန်ကို ဖော်ပြခြင်းဖြစ်သည်။ သို့သော်လည်း တမန်တော်များ၏ အခြေခံလုပ်ငန်းစဉ်မှာ လူအများကို အလွှာဟ်အရှင်မြတ်လမ်းသို့ ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ စာနာခြင်းနှင့် ၎င်းတို့၏ ကောင်းကျိုး ပြင်းပြစွာ လိုလားသောဆန္ဒနှင့် ဖိတ်ခေါ်ခြင်း ဖြစ်သည်။ အကယ်၍ လူအများ၏ မနှစ်မြို့မှု ရင်ဆိုင်ခဲ့ရလျှင်သော်လည်းကောင်း၊ အခက်အခဲအချို့ ကြုံတွေ့ရလျှင်သော်လည်းကောင်း၊ တမန်တော်များသည် အလွှာဟ်အရှင်မြတ်ထံ ယုံပုံအပ်နှံကာ အရှင်မြတ်ထံ လွှဲအပ်ရမည်။ အဘယ့်ကြောင့်ဆိုသော် အလွှာဟ်အရှင်မြတ်သည်သာလျှင် ကြီးကျယ်တော်မူသော အရှ်ရှ်ပလ္လင်၏ အရှင်သခင် ဖြစ်တော်မူပေသည်။ ရဗ် (သို့မဟုတ်) ကြီးကျယ်သောအရှ်ရှ်၏ အရှင်သခင်ဟုပြောဆိုခြင်း၏ ရည်ရွယ်ချက်မှာ အလွှာဟ်အရှင်မြတ်သည် ဖန်ဆင်းမှု တစ်ခုလုံးပေါ် လွှမ်းခြုံထားသည့်အချက်ကို အလေးအနက် ပြုရန်ဖြစ်သည်။

စိုက်ယိဒနာ အုဗိုက်အိဝနိကအဗ် d ၏ အဆိုအရ နောက်ဆုံးအာယသ်နှစ်ခုသည် ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ဆုံးအာယသ်ဖြစ်သည်။ ဤသည်နောက် မည်သည့်အာယသ်မျှ မကျရောက်ခဲ့ဘဲ တမန်တော်မြတ် s သည် ဤကမ္ဘာလောကမှ စွန့်ခွာသွားခဲ့သည်။ ဤသည်မှာ စိုက်ယိဒနာ အိဝနိအဗ္ဘားစ် d ၏ အဆိုလည်းဖြစ်သည်။(ကုရ်သုဗီ)

ဤအာယသ်နှစ်ခု၏ ကြီးမားသော မြင့်မြတ်မှုသည် ဟဒီးဆ်တော်တွင်ပါဝင်သည်။ စိုက်ယိဒနာ အဗူဒရ်ဒါဟ် d က မိန့်သည်မှာ 'တစ်စုံတစ်ဦးသည် ဤအာယသ်များကို နံနက်တွင် သုံးကြိမ်၊ ညနေတွင်သုံးကြိမ် ရွတ်ဖတ် သရဇ္ဈယ် ပါက အလွှာဟ်အရှင်မြတ်သည် ထိုသူ့အတွက် ကိစ္စရပ်များ လွယ်ကူသွားကြောင်း တွေ့ရပါလိမ့်မည်' ဟူ၍ ဖြစ်သည်။

စူရပ်အလ်သောင်ဗဟ်၏ အကျယ်ဖွင့်ဆိုခြင်း ဤတွင်ပြီးသည်။

၂ .၄ .၂၀၁၁ (စနေနေ့) ည ၁၀ : ၀၈ နာရီ



سُورَةُ يُونُسَ



ဥရုဟ်ယူန္နတ်စ်



ركوعاتها 11 10 سُوْرَةُ يُوْنُسَ مَكِّيَّةٌ 51 اٰياتها 109

စူရဟ်ယူနွတ်စ်

စူရဟ်ယူနွတ်စ်သည် မက္ကာမြို့ရဟ်ဖြစ်ကာ အာယသ်တော် (၁၀၉)ပါးနှင့် ရကူအ်အပိုဒ် (၁၁) ပိုဒ် ပါသည်။

အာယသ် (၁-၄)

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

الٓرٰ ۚ تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ ۝١ اَكَانَ لِلنَّاسِ عَجَبًا اَنْ اَوْحَيْنَآ اِلٰى رَجُلٍ
مِّنْهُمْ اَنْ اَنْذِرِ النَّاسَ وَ بَشِّرِ الَّذِيْنَ اٰمَنُوْٓا اَنَّ لَهُمْ قَدَمَ صِدْقٍ عِنْدَ رَبِّهِمْ ؕ
قَالَ الْكٰفِرُوْنَ اِنَّ هٰذَا لَسٰحِرٌ مُّبِيْنٌ ۝٢ اِنَّ رَبَّكُمُ اللّٰهُ الَّذِيْ خَلَقَ السَّمٰوٰتِ
وَ الْاَرْضَ فِيْ سِتَّةِ اَيَّامٍ ثُمَّ اسْتَوٰى عَلَى الْعَرْشِ يُدَبِّرُ الْاَمْرَ ؕ مَا مِنْ شَفِيْعٍ اِلَّا
مِنْۢ بَعْدِ اِذْنِهٖ ؕ ذٰلِكُمُ اللّٰهُ رَبُّكُمْ فَاعْبُدُوْهُ ؕ اَفَلَا تَذَكَّرُوْنَ ۝٣ اِلَيْهِ مَرْجِعُكُمْ
جَمِيْعًا ؕ وَعْدَ اللّٰهِ حَقًّا ؕ اِنَّهٗ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ لِيَجْزِيَ الَّذِيْنَ اٰمَنُوْا وَ عَمِلُوا
الصّٰلِحٰتِ بِالْقِسْطِ ؕ وَ الَّذِيْنَ كَفَرُوْا لَهُمْ شَرَابٌ مِّنْ حَمِيْمٍ وَّ عَذَابٌ اَلِيْمٌ ۢ بِمَا
كَانُوْا يَكْفُرُوْنَ ۝٤

အနန္တကရုဏာတော်ရှင်ဖြစ်တော်မူသော အစဉ်မပြတ် သနားကြင်နာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အလစ်ဖ်လာမ်ရာ။ ဤသည် ဉာဏ်ပညာနှင့် ပြည့်စုံသော(ခိုင်မာသော)ကျမ်းတော်မြတ်၏ အာယသ်တော်များပင်တည်း။ (၁၀း၁)

ငါအရှင်မြတ်သည် ၎င်းတို့အနက်မှပင် လူတစ်ဦးထံသို့ "အသင် သည် လူခပ်သိမ်းတို့အား သတိပေးနှိုးဆော်ပါလေ" ဟူ၍လည်းကောင်း၊ 'မုအ်မင်န်'သက်ဝင်ယုံကြည်သူတို့အား ထိုသူတို့၏ အရှင်မြတ်အထံတော်၌ ထိုသူတို့အဖို့ မြင့်မြတ်သော အဆင့်အတန်းရှိသည်ဟု သတင်းကောင်း ပြောကြားပါလေ"ဟူ၍လည်းကောင်း၊ ဝဟီအမိန့်ဗျာဒိတ်တော် ချပေးတော်မူခြင်းသည် လူတို့၌ အံ့သြဖွယ်ဖြစ်နေပါသလော။ ကာဖစ်ရိ သွေဖည်ငြင်းပယ်သော သူတို့ကမူ (ထိုသူနှင့်ပတ်သက်၍) "ဤသူကား ထင်ရှားသော စုန်းကဝေအမှန်ပင်ဖြစ်သည်" ဟု ပြောဆိုကြကုန်သတည်း။ (၁၀ : ၂)

ဇကန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည်အလ္လာဟ် အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက်

ထိုအရှင်မြတ်သည် 'အရိရှိပလွင်တော်ထက်၌ တည်နေတော်မူခဲ့လေသည်။ ထို အရှင်မြတ်သည်ပင် အမှုကိစ္စအရပ်ရပ်တို့ကို စီမံခန့်ခွဲတော်မူ၏။ မည်သူမဆို ထိုအရှင်မြတ်ခွင့်ပြုတော်မူပြီးမှသာလျှင် ကြားဝင်အသနား ခံပေးနိုင်မည်ဖြစ်၏။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား ဖန်ဆင်း မွေးမြူတော်မူသော အလ္လာဟ်အရှင်ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အားသာလျှင် ခဝတ်ကိုးကွယ်ကြလေကုန်။ သို့ပါလျက် အသင်တို့သည် သတိတရားမရှိကြသေးသလော။ (၁၀ း ၃)

ထိုအရှင်မြတ်အထံတော်သို့သာလျှင် အသင်တို့အားလုံး (စုရုံးလျက်) ပြန်လည် ရောက်ရှိကြမည်ဖြစ်၏။ (ဤသည်) အလ္လာဟ်အရှင်မြတ်အထံတော်မှ မှန်ကန်စွာ ကတိပြုတော်မူခြင်းပင် ဖြစ်ပေသည်။ ဇကန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းခြင်းခံရသည်များကို ပထမအကြိမ်လည်း စတင်ဖန်ဆင်းတော်မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင်လျှင် ယင်းဖန်ဆင်းခြင်းခံရသည်များကို တစ်ဖန် ပြန်၍ ဖန်ဆင်းတော်မူမည်ဖြစ်သည်။ (ဤသို့ တစ်ဖန်ပြန်၍ ဖန်ဆင်း တော်မူခြင်းကား) ထိုအရှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်မှုထားရှိကြသော ကောင်းမြတ်သော အကျင့်သီလများကို ဆောက်တည်ကြသော သူတို့အား တရားမျှတစွာဖြင့် အကျိုးပေးတော်မူခြင်းငှာဖြစ် ချေသည်။ သို့ရာတွင် "ကာဖစ်ရ်"မယုံကြည်သွေဖည်ငြင်းပယ်သူတို့၌ မူကား ၎င်းတို့သည် သွေဖည်ငြင်းပယ်လျက် ရှိခဲ့ကြသောကြောင့် လွန်စွာ ဆူပွက်ပူလောင်သော ရေနွေးကို သောက်သုံးခြင်းသည် လည်းကောင်း၊ နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် လည်းကောင်း ရှိချေအံ့သတည်း။ (၁၀ း ၄)

အကျယ်ဖွင့်ဆိုခြင်း

စူရတ်ယူနွတ်စ်သည် မက္ကီစူရတ်များအနက်မှဖြစ်သည်။ ယင်း၏အာယသ်သုံးခုမှာ မဒီနာဟ်မြို့သို့ ဟစ်ဂျရသ် ပြုပြီးမှ ကျရောက်ခဲ့သောကြောင့် ထိုအာယသ်များကို မဒနီဟုခေါ်သည်။

ဤစူရတ်တွင်လည်း အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိခြင်း၊ အရှင်တမန်တော်၏ တာဝန် ဝတ္တရားနှင့် ရှောင်လွှဲမရသောတမလွန်ဘဝဆိုသည့်ကုရ်အာန်ကျမ်းတော်မြတ်နှင့်အစွယ်လာမ်ဘာသာ၏အခြေခံရည်မှန်းချက်များ၏ သက်သေပြချက်များပါဝင်သည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် စူးစမ်းမှုရှိသော စကြဝဠာအား နောက်ခံထား၍ တင်ပြထားသောကြောင့် ဤစူရတ်ကို နားလည်ရန် လွယ်ကူလေသည်။ ယင်းနှင့်အတူ အလ္လာဟ်အရှင်မြတ်၏ ပွင့်လင်းထင်ရှားသော လက္ခဏာတော်များကို သတိမမူသောသူများအား သတိပေးရန်အဖြစ် သင်ခန်းစာများပါဝင်သောသမိုင်းဆိုင်ရာ အဖြစ်အပျက်များနှင့် အကြောင်းအရာများ ထည့်သွင်းထားသည်။ ဆင့်ပွားအဖြစ် မူရင်းစာသားတွင် ရှစ်ရိုက်လုပ်ရပ်သည် မမှန်ကန်ကြောင်း ငြင်းဆိုထားသည်။ ထိုရှစ်ရိုက်ကြောင့် သတိမမူသောလူများသည် သန့်ရှင်းစင်ကြယ်တော်မူ၍ တစ်ပါးတည်း ရှိတော်မူသည့် အလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲမှုကို စတင်လုပ်ဆောင်ခဲ့သည်။ ထို့ပြင် သံသယ အချို့နှင့် ဆက်နွယ်သည်များကိုလည်း အဖြေပေးထားခဲ့သည်။ ဤသည်မှာ စူရတ်ပါအကြောင်းအရာများ၏ အကျဉ်းချုပ်ဖြစ်သည်။ ဤသည်တို့ကို ဂရုတစိုက်လေ့လာကြည့်ရှုလျှင် ဤစူရတ်နှင့် ပြီးခဲ့သော စူရတ်အလ်သောင်ဗဟ်

တို့သည် အချင်းချင်းဆက်သွယ်မှုရှိကြောင်း နားလည်သဘောပေါက်စေရန် ကျွန်ုပ်တို့ကို အထောက်အကူပြုပါသည်။ စူရဟ် အလ်သောင်ဗဟ်သည် ကုဖ်ရိန့်၌ ရှစ်ရိက် အတားအဆီးအဝန်း အရံကို ဖြိုခွဲရန် ရုပ်ပိုင်းဆိုင်ရာနည်းလမ်းများ သုံးရာတွင် မယုံကြည်သွေဖည်သူနှင့် ငြင်းပယ်သူများကို တိုက်ခိုက်ရန် ဂျီဟာဒ်စစ်ပွဲကို ရွေးချယ်ရန်ဟူသော ခိုင်မာသည့် အဆိုအမိန့် တစ်ခုပေးထားသည်။ ထို့ပြင်လက်ရှိ စူရဟ်သည် ဂျီဟာဒ်၏ အမိန့်ပညတ်ချက်များအလျင် မက္ကာမြို့တွင် ကျရောက်ခဲ့သောကြောင့် ဤစူရဟ်ပါ ရည်မှန်းချက်များကို မက္ကာကာလရှိ ဥပဒေနှင့်အညီ အခြေအတင် ပြောဆိုမှုများနှင့် အထောက်အထားများဖြင့်သာလျှင် ရှင်းလင်းကာ သက်သေပြခဲ့သည်။

စူရဟ်သည် အလစ်ဖ်၊ လာမ်၊ ရာ(الر)ဟူသော အက္ခရာစာလုံးများနှင့် စတင်ထားသည်။ ဤအက္ခရာ စာလုံးများသည် သီးသန့်စာလုံးများဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ်များစွာတွင် ဤအက္ခရာစလုံးများနှင့် စတင်ထားသည်။ ဋီကာရှင်များက ဤအက္ခရာစုများဖြစ်သော الٓمٓ(အလစ်ဖ်၊ လာမ်၊ မီးန်)၊ حٰمٓ(ဟာ၊ မီးန်) နှင့် عٓسٓقٓ (အိုင်၊ စင်မ်၊ ကားဖ်) တို့နှင့်ပတ်သက်သည့် စူးစမ်းရှာဖွေမှုများ အခြေတင်ပြောဆို မှုများမှာ အတောမသတ်ရှိကြသည်။ သို့ရာတွင် ဤတစ်လုံးချင်းအက္ခရာများနှင့်ပတ်သက်၍ ဆွဟာဗဟ်ကြီးများ၊ သာဗီအီန်များနှင့် ဖြောင့်မတ်မှန်ကန်သည့် အကြီး အကဲများ (ဆလာဖ်)များ၏ ခိုင်လုံသည့်အဆုံးအဖြတ်များ ကျွန်ုပ်တို့တွင်ရှိသည်။ ၎င်းတို့အဆိုအရ ဤအက္ခရာများမှာ လျှို့ဝှက်သည့် အထိမ်းအမှတ် (သို့မဟုတ်) လက္ခဏာ များဖြစ်ကြသည်။ တမန်တော်မြတ်ﷺ ကိုသာလျှင် ယင်းတို့၏အဓိပ္ပာယ်များကို လျှို့ဝှက်စွာ အသိပေးခဲ့ခြင်းဖြစ်နိုင်သည်။ သို့သော်လည်း တမန်တော်မြတ်ﷺ က အွမ္မသ်ထုတွင် အသိဉာဏ်ပညာနှင့် ထိုထွင်း ဉာဏ်ရှိသော နယ်ပယ်တွင်သာ အသိပေးခဲ့၍ အကယ်၍ သာမန်လူများမှာ ယင်းကိစ္စသိရန် မလိုအပ်သောကြောင့် မသိဘဲထားလျှင်လည်း အတားအဆီးမဖြစ်ချေ။ ဤလျှို့ဝှက် 'တစ်လုံးချင်း အက္ခရာများ'အား သိရှိနားလည်ရန် မုစ်လင်မ်များအတွက် မလိုအပ်သကဲ့သို့ ယင်းသို့မသိလျှင် ဘာမျှဆုံးရှုံးရန် မရှိချေ။ ထို့ကြောင့် တမန်တော်မြတ်ﷺ ကလည်း အွမ္မသ်ထုအတွက် မလိုလားအပ်၍ ဤသည်များအကြောင်း မပြောဆိုခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယင်းကိစ္စကို တူးဖော်မနေသင့်ချေ။ အဘယ့်ကြောင့်ဆိုသော် ဤအက္ခရာများ အဓိပ္ပာယ်သိရှိခြင်းသည် ကျွန်ုပ်တို့အတွက် အကျိုးဖြစ်ထွန်းမည်ဆိုလျှင် ကမ္ဘာတစ်ခုလုံးအတွက် သနားကရုဏာထားတော်မူခဲ့သည့် ကျွန်ုပ်တို့အရှင်သခင်သည် ယင်းတို့ကို ကျွန်ုပ်တို့အားပြောဆိုရန် မည်သည့်အခါမျှဆိုင်းငံ့နေလိမ့်မည်မဟုတ်ချေ။

ပထမအာယသ် تِلْكَ اٰيٰتُ الْكِتٰبِ الْحَكِيْمِ "ဤသည် ဉာဏ်ပညာနှင့်ပြည့်စုံသော (ခိုင်မာသော) ကျမ်းတော်မြတ်၏ အာယသ်တော်များပင်တည်း" ပါ-تِلْكَ (သိလ်က = ဤသည်များ) ဆိုသည့် စကားလုံးက ဤစာလုံး၏ နောက်ပါ ဆက်လက်ဖော်ပြမည့် စူရာဟ်ပါ အာယသ်ကို ရည်ညွှန်းသည်။ ကျမ်းဟူသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ရည်ညွှန်းသည်။ ယင်း၏ဂုဏ်ပုဒ်ဖော်ပြရန် ဤနေရာတွင် ကုရ်အာန်ကျမ်းမြတ်က حَكِيْمِ (ဟကီးမ်)ဟူသော စကားလုံးသုံးနှုန်း ထားသည်။ ယင်းက ဆိုလိုသည်မှာ ဉာဏ်ပညာနှင့် ပြည့်စုံသောကျမ်းဟူ၍ဖြစ်သည်။

ဒုတိယအာယသ်ထဲတွင် မုရ်ရစ်က်များ ပြသခဲ့သည့် ဒွိဟသံသယတစ်ခုကို ရည်ညွှန်းကာ ယင်းအတွက် အဖြေပေးထားသည်။ တစ်ပေါင်းထဲပြောရလျှင် ဤသူများသည် ၎င်းတို့၏မသိနားမလည်မှုကြောင့် အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူသည့် နဗီ(သို့မဟုတ်) တမန်တော်တစ်ပါးသည် လူသား (အလ်ဗရှရ်) မဖြစ်သင့်ဘဲ ကောင်းကင်စေတမန်တစ်ပါး ဖြစ်သင့်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ် သည် ၎င်းတို့၏ ဤယုတ္တိမတန်သော အယူအဆကို ထောင့်စုံမှ အချိန်တိုင်း မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။ ထိုကဲ့သို့သော အာယသ်တစ်ခုတွင် -

قُلْ لَّوْ كَانَ فِي الْأَرْضِ مَلَٰئِكَةٌ يَمْشُونَ مُطْمَئِنِّينَ لَنَزَّلْنَا عَلَيْهِم مِّنَ السَّمَاءِ مَلَكًا رَّسُولًا ﴿٩٥﴾

"(အိုနဗီတမန်တော်) အသင်သည် (ၦင်းတို့အား ဤသို့) ပြောဆိုဖြေကြားပါလေ။ (အချင်းတို့) အကယ်၍ ပထဝီမြေ၌ ကောင်းကင်တမန်များသည် အတည်တကျ နေထိုင်သွားလာနေကြပါလျှင် ဇကန်မလွဲ ငါအရှင်မြတ်သည် ၦင်းတို့ အပေါ်၌ မိုးကောင်းကင်မှ ကောင်းကင်တမန်တစ်ပါးကိုပင် ရစူလ်တမန်တော်အဖြစ် ချပေး (စေလွှတ်) တော်မူခဲ့အံ့ သတည်း။ (၁၇ း ၉၅)"

ဟူ၍ မိန့်ထားသည်။ အချုပ်ဆိုရသော် ဤတမန်တော်နှင့် ၦင်း၏အွမ္မသ်ထုသည် တစ်သားတည်း မကျလျှင် သူ၏တာဝန်ဝတ္တရားကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်မည်မဟုတ်ချေ။ ကောင်းကင်စေတမန်များသည် စေတမန်များနှင့်လည်းကောင်း၊ လူသားသည် လူသားနှင့်လည်းကောင်း၊ တစ်သားတည်းကျကြပါသည်။ အကယ်၍ ရည်ရွယ်ချက်မှာ လူအများထံ တမန်တော်တစ်ပါးစေလွှတ်ရန်ဖြစ်ခဲ့လျှင် ထိုတမန်တော်သည် လူသားထဲမှပင်ဖြစ်ရမည်။

ထိုအကြောင်းအရာကိုပင် ဤအာယသ်ထဲ၌ ပုံစံတစ်မျိုးဖြင့် ဖော်ပြထားသည်။ လူသားတစ်ဦး အား တမန်တော်အဖြစ် ခန့်အပ်ခြင်းကို လူအများက အံ့သြစရာအကြောင်းမရှိဟု စာသားများကဆိုပါသည်။ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခံရခြင်းမှ သတိပေးခြင်းဆိုသည့်တာဝန်ကို အဘယ့်ကြောင့် လူသားတစ်ဦးအား အပ်နှင်းခဲ့ရပါသနည်း။ လိုက်နာရိုကျိုးသူများအတွက် အလ္လာဟ်အရှင်မြတ်၏ ဆုလာဘ်တော်များအကြောင်း ကောင်းသတင်းဆင့်ပြန်ရန် ဆိုသည့်လုပ်ငန်းကိုလည်း တစ်ဖန် လူသားတစ်ဦးအား အဘယ့်ကြောင့် တာဝန်ပေးအပ်ရပါသနည်း။ ဤကဲ့သို့သော တွေးတောမှုများအတွက် တန်ပြန်တွေးတောမှုနှင့် ထိုက်တန်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူသားများထံသို့ လူသားတမန်တော် စေလွှတ်ခြင်းသည် ပြီးပြည့်စုံသော အသိဉာဏ်ပင်ဖြစ်ပါသည်။

ဤအာယသ်ထဲ၌ ယုံကြည်သက်ဝင်သောသူတို့အား ကောင်းသတင်းပေးခြင်းကို **اَنَّ لَهُمْ قَدَمَ صِدْقٍ عِنْدَ رَبِّهِمْ** "ထိုသူတို့၏ အရှင်မြတ်အထံတော်၌ ထိုသူအဖို့ မြင့်မြတ်သော အဆင့်အတန်းရှိသည်ဟု သတင်းကောင်း ပြောကြားပါလေ" ဟူ၍ မိန့်ထားသည်။ ဤနေရာ၌ သုံးစွဲထားသော **قدم**(ကဒမ်)ဟူသော စကားလုံး၏ ကနဦး အဓိပ္ပာယ်မှာ 'အဆင့်' ဟူ၍ဖြစ်ပါသည်။ 'ကဒမ်'ဆိုသည်မှာ လူတစ်ဦး၏ ကြိုးပမ်းအားထုတ်မှုကြောင့် အဖြစ် အသုံးပြုပြီး တိုးတက်မှုဖြစ်ပေါ်စေသောကြောင့် မြင့်မားသောအဆင့်အား **قدم** (ကဒမ်)ဟူ၍ တင်စားခေါ်ဆိုကြသည်။ ထို့နောက် 'ကဒမ်' (မြင့်မားသော အဆင့်၊ ဂုဏ်ရှိသောနေရာ) ကဒမ်ကို တင်စား၍ **صدق** 'ဆွစ်ဒစ်ဂ်' (မှန်ကန်မှု၊ သေချာမှု၊ လိုက်နာမှု၊ တည်မြဲမှု) တို့တွင် ပြီးပြည့်စုံခြင်း)ဟု ဂုဏ်ပေးခေါ်ဝေါ်ခြင်းက ထိုသူများရရှိမည့် မြင့်မားသောအဆင့်အတန်း သည် စစ်မှန်၊ သေချာ၊ အတည်ပြုပြီးနှင့် ထာဝရဖြစ်ကြောင်းကို အလေးအနက်ပြုရန်ဖြစ်သည်။ ဤသည်မှာ ကမ္ဘာ လောကရှိ အဆင့်အတန်း၊ ရာထူးများ နှင့်မတူပါ။ အစပြုရမည်ဆိုလျှင် တစ်စုံတစ်ဦး ယင်းတို့ကိုရရှိရန် ဘယ်သောအခါမျှ မသေချာခဲ့ပါ။ အကယ်၍ တစ်စုံတစ်ဦး၏ ပိုမိုကြိုးစားမှုဖြင့် ဤသည်တို့ကိုရရှိခဲ့ပါလျှင်လည်း ယင်းတို့ အစဉ်အမြဲရရှိနေမည်ဆိုခြင်းသည်လည်း မသေချာပါ။ အမှန်အားဖြင့် သေချာသည်မှာ ဤသည်တို့ အချိန်တစ်ခုအတွင်း ပျောက်ကွယ်သွားပေမည်။ တစ်ခါတစ်ရံ ဤကဲ့သို့သောကိစ္စရပ်တို့ လူ တစ်ဦးဘဝတစ်သက်တာ အတွင်း ဖြစ်ပျက်နိုင်ပါသည်။ သို့ရာတွင် သေဆုံးရန်အချိန်ကျရောက်လာပါက တစ်စုံတစ်ဦးသည် လက်မဲ့ဖြစ်သွားပါမည်။ အဆင့်အတန်းများ၊ ရာထူးများ၊ ကောင်းချီးများအားလုံး ကျန်ရစ်ခဲ့ပါသည်။ ထို့ကြောင့် (ဆွစ်ဒ်)ဟူသော စကားလုံး၏အဓိပ္ပာယ်တွင် သေချာခြင်း၊ ပြီးပြည့်စုံခြင်းနှင့် ထာဝရဖြစ်ခြင်းဆိုသည်တို့လည်း အကျုံးဝင်ပါသည်။ ထို့ကြောင့် ဝါကျက "အို-တမန် တော်၊ ထိုသူများသည် ၦင်းတို့၏အရှင်နှင့်တစ်ကွ ပြီးပြည့်စုံသောနေရာတစ်ခု ရရှိစေကာ၊ ယင်းပိုင်ဆိုင်မှုသည် မုချဇကန်နှင့်

ထာဝရဖြစ်ကြောင်း သက်ဝင်ယုံကြည်သူတို့အား ပြောကြားပါလေ" ဟူ၍ အဓိပ္ပာယ်သက်ရောက်ပါ လိမ့်မည်။

အချို့သော ဋီကာရှင်များက ပြောကြားသည်မှာ "ဤနေရာတွင် 'ဆွစ်ဒ်'ဟူသော စကားလုံး ထည့်ထားခြင်း အားဖြင့် ဤမြင့်မားသောအဆင့်အတန်းများကို မှန်ကန်မှုနှင့် အကြွင်းမဲ့ရိုးသားဖြူစင်မှုတို့ဖြင့်သာ ရရှိနိုင်ကြောင်း ညွှန်းထားပါသည်။ တစ်စုံတစ်ဦးသည် အီမာန်ယုံကြည်မှုတွင် မှန်မှန်ကန်ကန်နှင့် စည်းကမ်းနှင့်လျော်ညီစွာ နှုတ်လျှာအားဖြင့်လည်းကောင်း၊ စိတ်ရောကိုယ်ပါနှင့်လည်းကောင်း၊ အသိဉာဏ် ပညာဖြင့်လည်းကောင်း မသက်ဝင်မယုံကြည်သမျှ နှုတ်လျှာဖျားမှ အီမာန်ယုံကြည်ပါသည်ဟု ပြောဆိုရုံမျှနှင့် အီမာန်၏ကလေမာကို သမားရိုးကျ ဖတ်ရွတ်ခြင်းတို့ဖြင့် မလုံလောက်ပါ။ သို့မှသာ ကောင်းသောလုပ်ရပ်တို့ တွင် စွမ်းဆြခြင်း၊ မကောင်းသောလုပ်ရပ်တို့ကို ရှောင်ကျဉ်ခြင်းရလဒ် မလွဲမသွေ ရရှိပါလိမ့်မည်။

တတိယအာယသ်ထဲ၌ အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်း (သောင်ဟီးဒ်)ကို ငြင်းပယ်၍ မရနိုင်သော စစ်မှန်မှုဖြင့် သက်သေပြထားပါသည်။ ယင်းမှာ ကမ္ဘာမြေနှင့် စကြဝဠာတို့အား ဖန်ဆင်းခြင်းတို့အား ဖန်ဆင်းခြင်း၊ ဤစကြဝဠာစနစ်တစ်ခုလုံး၏ လုပ်ဆောင်မှု၊ ခန့်ခွဲမှုနှင့်ပတ်သက်လာပါလျှင် အလ္လာဟ် တအာလာအား မည်သည်နှင့်မျှ ယှဉ်တွဲကိုးကွယ်၍မရပါ။ ဤစစ်မှန်ချက် အမြဲအတည်ဖြစ်ပြီးပါလျက်နှင့် အရှင်၏သန့်ရှင်းစင်ကြယ်သော တည်ရှိမှု (သို့မဟုတ်) ထိုအရှင်အား ခဝတ်ကိုးကွယ်မှုနှင့် အမိန့်နာခံခြင်းတွင် မည်သူနှင့်ယှဉ်တွဲကိုးကွယ်၍ ရနိုင်ပါမည်နည်း။ စင်စစ် အားဖြင့် ထိုသို့လုပ်ဆောင်ခြင်းသည် စိတ်ကူး၍ ပင်မရနိုင်သော မတရားမှုကြီးဖြစ်ပေသည်။

ဤအာယသ်တော်ထဲ၌ အလ္လာဟ်တအာလာသည် ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အား (၆)ရက်နှင့် ဖန်ဆင်းတော်မူသည်ဟု မိန့်ထားပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ သိရှိနေသောနေ့သည် နေထွက်မှနေဝင်အထိ ရှိသောအချိန်ကို ဖော်ညွှန်းပါသည်။ ၎င်းနောက် မိုးကောင်းကင်များ၊ ကမ္ဘာမြေ နှင့်ကြယ်များအား မဖန်ဆင်းမီအလျင်က နေဆိုသည်မှာ မရှိခဲ့ကြောင်း ထင်ရှားပါသည်။ သို့ဆိုပါလျှင် နေဝင်နှင့်နေထွက်တို့အား မည်သို့တွက်ချက်နိုင်အံ့နည်း။ ထို့ကြောင့် နေထွက်နှင့်နေဝင် အတွင်းတွင်ရှိ သောအချိန် အသုံးပြုမှုအတိုင်းအတာကို ဤနေရာတွင် ရည်ညွှန်းပါသည်။

မိုးကောင်းကင်များ၊ ကမ္ဘာမြေကြီး၊ ဂြိုဟ်များနှင့် စကြဝဠာများပါဝင်သော ဤကြီးမားလှသည့် ကမ္ဘာကြီးတစ်ခုလုံးအား အဆင်သင့်နှင့် လုပ်ဆောင်နိုင်စွမ်း (ပြောရမည်ဆိုလျှင် သော့ဖွင့်ရုံမျှဖြင့်) စီမံ ပြုလုပ်ထားမှုသည် အသန့်ရှင်းတကာ၏ အသန့်ရှင်းဆုံးနှင့် မိမိတန်ခိုးတော်ကို အကြွင်းမဲ့သုံးစွဲနိုင်သော အရှင်ကသာလျှင် လုပ်ဆောင်နိုင်တော်မူပါသည်။ အရှင်က ဖန်ဆင်းရန် ဆန္ဒရှိသောအခါ၌ ကုန်ကြမ်း များကြိုတင်စုဆောင်းရန်နှင့် အထောက်အကူပြုမည့် ဝန်ထမ်းများ ထိုအရှင်တွင် မလိုအပ်ပါ။ ထိုသည်တို့မှာ အရှင်၏ပြီးပြည့်စုံသော တန်ခိုးတော်၏ အဆင့်အတန်းဖြစ်သည်။ ထိုအရှင်ဖန်ဆင်းရန် ဆန္ဒရှိခဲ့ပါက မည်သည့်ကုန်ကြမ်း (သို့မဟုတ်) မည်သည့်လူအင်အား၊ စက်အင်အား အထောက်အပံ့မလိုဘဲ တစ်မုဟုတ်ချင်း ဖန်ဆင်းတော်မူပါလိမ့်မည်။ ဤခြောက်ရက် ကြာကာလဆိုသည်မှာ အရှင်၏ သီးသန့် ဟစ်က်မသ် ဉာဏ်တော်အရ ရွေးချယ်ထားခြင်းဖြစ်သည်။ကမ္ဘာနှင့် မိုးကောင်းကင်များ ၎င်းအထဲတွင် ပါဝင်သည်များကို အလ္လာဟ်အရှင်မြတ်သည် တစ်မုဟုတ်ချင်း ဖန်ဆင်းနိုင်တော်မူ၍ ယင်းဖန်ဆင်းမှုမှာ အလ္လာဟ်တန်ဘိုးတော်အတွင်း ရှိပေသည်။

ယင်းနောက် ثُمَّ اسْتَوٰى عَلَى الْعَرْشِ "ထို့နောက် ထိုအရှင်မြတ်သည် အရိရှ်ပ်လွှင်တော်ထက်၌ တည်နေတော်မူခဲ့လေသည်"ဟု မိန့်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်အရလည်းကောင်း၊ ဟဒီးဆ်တော် များအရလည်း

ကောင်း သက်သေပြပြီးဖြစ်သည်။ ရဟ်မာန် (အနန္တကရုဏာတော်ရှင် အလ္လာဟ်အရှင်မြတ်၏) 'အရ်ရှ်' (ပလ္လင်)ဆို သည်မှာ မိုးကောင်းကင် ကမ္ဘာမြေကြီးနှင့် စကြဝဠာတစ်ခုလုံး လွှမ်းခြုံထားစေသည့် ဖန်ဆင်းထားသော အရာဖြစ် သည်။ ထို့ကြောင့် ပြောင်းပြန်ကြည့်လျှင် ရှိသမျှအရာအားလုံးသည် ဤထဲတွင် ဝင်ဆန့်သွားသည်။ ယင်း၏ စစ်မှန်မှုကို ပိုမိုသိရှိရန်မှာ လူသားမတတ်စွမ်းနိုင်ချေ။ ကျွန်ုပ်တို့ ခေတ်အခါသမယတွင် သိပ္ပံပညာဆိုင်ရာ အသိပညာမှာ အထွတ် အထိပ်ရောက် နေသည်ဆိုခြင်းကား သံသယမရှိချေ။ လူသားသည် အောင်မြင်မှု၏ ရောပြွန်းထားသည့်နည်းလမ်းများ ဖြင့် ဂြိုဟ်တာရာများအနီးသို့ ရောက်ရှိရန် အဆင်သင့်ဖြစ်နေကြပါပြီ။ သို့သော်လည်း သိပ္ပံပညာရှင်များက ဂြိုဟ်များ၏ အကွာအဝေးသည် ကျွန်ုပ်တို့နှင့် အလွန်ဝေးကွာလှသောကြောင့် ရနိုင်သမျှသော စက်ကိရိယာဖြင့် တိုင်းတာရရှိခဲ့သော အချက်အလက်များသည် အစစ်မှန်မဟုတ်ကြောင်း ဝန်ခံထားကြသည်။ ထို့နောက် ယင်း၏အမြန်နှုန်းသည် တစ်စက္ကန့် လျှင် မိုင် (၁၈၆၀၀၀)ဟု ကျွန်ုပ်တို့သိသော်လည်း မိုးကောင်းကင်ပြင်ရှိ အချို့သောကြယ်များ၏ အလင်းရောင်သည် ကျွန်ုပ်တို့ကမ္ဘာဆီသို့ ယနေ့ထက်တိုင် မရောက်သေးပါ။ ဤသည်မှာ ဂြိုဟ်များနှင့် ကြယ်တာရာများ အကြောင်း လေ့ လာရာတွင် လူသား၏ကြိုးပမ်းမှုချို့တဲ့ခြင်း ဇယားဖြစ်ပါက ကြယ်တာရာနှင့် ဂြိုဟ်တို့ထက် ပိုဝေးလံကာ ပို၍မြင့်မား သော မိုးကောင်းကင်အကြောင်း ကျွန်ုပ်တို့သည် မည်သို့ယုံကြည်နိုင်ဖွယ် (သို့မဟုတ် ကျိုးကြောင်းဆီလျော်) ဖြစ်ပါ မည်နည်း။ အဆုံးတွင် ရဟ်မာန်၏ အရ်ရှ်တော်သည် ရှိသမျှအရာအားလုံးအပေါ် လွှမ်းခြုံရုံမျှမက မိုးကောင်းကင် ၇-ထပ် ပါဝင်သည့်အကြောင်းကို စက်မှုအတတ်ပညာဖြင့် လေ့လာခြင်းအား မှတ်ချက်ပေးစရာပင် မလိုတော့ချေ။

ထို့ကြောင့် ဤအချက်ရောက်သည့်တိုင် တတိယအာယသ်က ကျွန်ုပ်တို့ကိုပြောသည်မှာ အလ္လာဟ် အရှင် မြတ်သည် ကမ္ဘာမြေကြီး၊ မိုးကောင်းကင်များနှင့် "ထို့နောက် ထိုအရှင်မြတ်သည် အရ်ရှ်ပလ္လင်တော်ထက်၌ တည်နေ တော်မူခဲ့လေသည်" ဟူ၍ဖြစ်သည်။ (နောက်ဆုံးဝါကျသည် ثُمَّ اسْتَوٰى عَلَى الْعَرْشِ (စွမ္ဘတ်စ်သဝါ အလလ်အရ်ရှ်) ဟူသော စာသားပါ စကားလုံးများအတွက် ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်ကာ ယင်းကိုအောက်တွင် ဖော်ပြမည့် မှတ်ချက်များ အရ နားလည်သဘောပေါက်သင့်သည်။)

ဤသည်မှာ အလ္လာဟ်အရှင်မြတ်သည် အမြင့်မားဆုံးနှင့် အမှန်ကန်ဆုံးဖြစ်၍ လူသားတို့ခံယူ ထားသည့် ကိုယ်ခန္ဓာအစိုင်အခဲနှင့် ယင်းတွင်းရှိ ဂုဏ်ထူးနှင့်ဝိသေသထက် ပိုမိုများပြားစွာရှိကြောင်း ထင်ရှားသည်။ အရှင်မြတ် တည်ရှိတော်မူခြင်းတွင် မည်သည့်ဦးတည်ချက် (သို့မဟုတ်) ပုံပန်းသဏ္ဌာန်မရှိသကဲ့သို့ ထိုအရှင်မြတ် တည်တော်မူခြင်း သည် ကျွန်ုပ်တို့ကမ္ဘာတွင် အရာဝတ္ထုများ တည်ရှိနေသည့် မျိုးမဟုတ်ချေ။ သို့ဆိုလျှင် အရှင်မြတ်တည်ရှိခြင်းပုံစံ (သို့မဟုတ်) သဘောသဘာဝနှင့် အရ်ရှ်ပလ္လင်ပေါ်တည်ရှိခြင်းဟူသည်ကို ကျွန်ုပ်တို့မည်သို့ ရှင်းလင်းမည်နည်း။ ဤသည်ကို ရှင်းလင်းရန်အတွက် တစ်ခုတည်းသောနည်းကား ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းဖြစ်သည့် 'မုတရှာဟ်ဗိဟာတ်' (ဆိုလိုရင်း အဓိပ္ပာယ်ကို ဖုံးကွယ်ထားသည့် အဆိုအဓိန့်များ) များမှ လာသည်ဟုပြော၍ ရှင်းလင်း ရန်ဖြစ်သည်။ ဤသည်မှာ လူသားများ နားမလည်နိုင်သည့် ထူးခြားသောကိစ္စဖြစ်သည်။ ထို့ကြောင့် ယင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က وَمَا يَعْلَمُ تَأْوِيلَهُ إِلَّا اللّٰهُ وَالرَّاسِخُونَ فِي الْعِلْمِ يَقُولُونَ آمَنَّا بِهِ "သို့ရာတွင် ပညာအရာ၌ ကျွမ်းကျင်လိမ္မာရင့်သန် သော ပါရဂူများကမူ (ကုရ်အာန်ကျမ်းလာ မုတ်ကမာဟ်၊ မုတရှာဗိဟာတ်၊ အာယသ်တော်များ) အားလုံးတို့သည် ကျွန်ုပ်တို့အား မွေးမြူတော်မူသော အရှင်မြတ်အထံတော်မှပင် (ကျရောက်လာသော အာယသ်တော် များ)ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းအဓိပ္ပာယ်ပြားသော ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များကိုလည်း (ခြွင်းချက်လုံး၀မရှိ) ယုံကြည်ကြပါသည်ဟု ပြောဆိုကြကုန်၏။ (၃ း ၇)ဟု မိန့်ထားသည်။ ထို့နောက် ယင်း၏အစစ်အမှန်

ကို သွားမတူးဆွလိုက်နှင့်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ပါးကို နေရာ(သို့မဟုတ်) ပုံပန်းသဏ္ဌာန်နှင့် ပြုလုပ်ထားခြင်း (သို့မဟုတ်) ကုရ်အာန်ကျမ်းမြတ်ပါ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ လက်၊ မျက်နှာနှင့် ခြေသလုံး စသည့် စကားလုံးများနှင့်ပတ်သက်၍ စံပြချဉ်းကပ်မှု တစ်ခုရှိလေသည်။ မုစ်လင်မ်အုမ္မသ်ထု၏ အိုလမာသာသနာ့ ပညာရှင် အများစု၏ အကီဒါဟ်(ယုံကြည်ချက်)မှာ တစ်စုံတစ်ဦးသည် ထိုစကားလုံးများသည် ယင်းတို့နေရာတွင် မှန်ကန်သည်ဟု ယုံကြည်ရန်၊ ထို့ပြင် အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်များကို ယုံကြည်ရန်၊ ယင်းတို့၏ သဘာဝနှင့် စစ်မှန်မှုသည် လူသားများ နားလည်မှုမှ ကျော်လွန်သွား၍ ယင်းတို့ကိုသိရှိရန် သောကမထားရချေ။

ယင်းတို့၏ အဓိပ္ပာယ်အချို့ကို အကြံပြုခဲ့သည့်နောက်ပိုင်း အိုလမာသာသနာ့ပညာရှင်များက ၎င်းတို့က ဖြစ်နိုင်ချေ အနည်းငယ်ရှိသည့်လောက်သာ ပြောကြားခဲ့သည်။ ထိုအရာသည် ဤသို့ဆိုလို ကြောင်းလောက်သာ အကြံပြုကြသည်။ ၎င်းတို့ပေးထားသည့် အဓိပ္ပာယ်မှာ မုချဇောနမြစ်ကြောင်း မည်သည့်အခါမျှ မပြောကြားပါ။ ဖြစ်နိုင်ချေများမှာ အစစ်အမှန်ကို ဖော်ထုတ်နိုင်စွမ်း မရှိသည်မှာ ထင်ရှားသည်။ ထို့ကြောင့် တစ်ခုတည်းသော ရိုးရှင်းသည့် ဖြောင့်မတ်မှန်ကန်သော အယူဝါဒ (မတ်စ်လတ်က်)မှာ ဆွဟာဗဟ်သာဝကကြီးများ၊ သာဗီအိန် အကြီးအကဲများ၏ ယုံကြည်မှုကို အီမာန်စတင်ယူခဲ့သူများ)၏မူပင်ဖြစ်သည်။ ထိုကဲ့သို့သော ကိစ္စရပ်များ၏စစ်မှန်မှုသည် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မတ် ဉာဏ်တော်တွင်သာ ရှိသည်ဟူသော ချည်းကပ်မှုမျိုးဖြင့် သူတို့ကိုယ်သူတို့ နှစ်သိမ့်ခဲ့ကြသည်။

ဤသည်က **يُدَبِّرُ الْأَمْرَ** "ထိုအရှင်မြတ်သည်ပင် အမှုကိစ္စအရပ်ရပ်တို့ကို စီမံခန့်ခွဲတော်မူ၏"ဟူသော နောက်ထပ်အဆိုအမိန့်ဆီ ကျွန်ုပ်တို့ကို ရောက်စေသည်။ ယင်းက ဆိုလိုသည်မှာ ပလွင်ပေါ်၌ တည်ရှိပြီးနောက် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအားလုံးကို အရှင်မြတ်၏တန်ခိုးတော်အရ ကိုယ်တိုင်စီမံခန့်ခွဲတော်မူသည်။ ထို့နောက် **مِنْ شَفِيعٍ إِلَّا مِنْ بَعْدِ إِذْنِهِ** "မည်သူမဆို ထိုအရှင်မြတ် ခွင့်ပြုတော်မူပြီးမှသာလျှင် ကြားဝင် အသနားခံပေးနိုင်မည်ဖြစ်၏"ဆက်လာပေသည်။ယင်းကကျွန်ုပ်တို့ကိုပြောသည်မှာအလ္လာဟ်အရှင်မြတ်၏ကြီးကျယ်မြင့်မြတ်မှုသည် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်က ကြားဝင်အသနားခံမှုကို ခွင့်မပြုလျှင် မည်သည့်နဗီတမန်တော်ကမျှ မိမိဆန္ဒနှင့် မည်သူ့အတွက်မျှ ကြားဝင်အသနားခံပေးခြင်းမရပါ။

စတုတ္ထအာယသ် **إِلَيْهِ مَرْجِعُكُمْ جَمِيعًا** "ထိုအရှင်မြတ်အထံတော်သို့သာလျှင် အသင်တို့အားလုံး(စုရုံးလျက်) ပြန်လည်ရောက်ရှိကြလိမ့်မည်ဖြစ်၏" ထဲ၌ အာခိရတ်၏ အကီဒါဟ် (နောင်တမလွန် ဘဝကို ယုံကြည်ခြင်း)အကြောင်း ဖော်ပြထားသည်။ ဤသည်ကို အတည်ပြုကာ **وَعْدَ اللَّهِ حَقًّا** "(ဤသည်) အလ္လာဟ်အရှင် မြတ်အထံတော်မှ မှန်ကန်စွာ ကတိပြုတော်မူခြင်းပင်ဖြစ်ပေ၏" ဟူ၍ ကြေညာထားသည်။ ကတိပြုထားသည်ဆိုခြင်းကို **إِنَّهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيدُهُ** "ဇကန်စင်စစ် ထိုအရှင်မြတ်သည်ပင် ဖန်ဆင်းခြင်းခံရသည်များကို ပထမအကြိမ်လည်း စတင်ဖန်ဆင်းတော် မူခဲ့လေသည်။ ထို့နောက် ထိုအရှင်မြတ်သည်ပင်လျှင် ယင်းဖန်ဆင်းခြင်းခံရသည်များကို တစ်ဖန်ပြန်၍ ဖန်ဆင်းတော်မူမည် ဖြစ်သည်"ဟူသော ရိုးရှင်းသည့် ယုတ္တိဗေဒဖြင့် ရှင်းလင်းထားသည်။ ဝါကျက ကျွန်ုပ်တို့ကို ပြောသည်မှာ ဤကိစ္စရပ်သည် အံ့ဩစရာမရှိချေ။ ထို့ပြင် စကြဝဠာတစ်ခုလုံးကို ပယ်ရှားဖျက်ဆီးပြီးနောက် မည်သို့အသက်ပြန်လည်ဝင်လာမည် ဆိုခြင်းကို သောကဝင်စရာမရှိကြောင်း ဖြစ်သည်။ အကြောင်းမှာ ပထမအကြိမ်ဖန်ဆင်းတော်မူခဲ့သည့် မြင့်မြတ်သောတန်ခိုးတော်ရှင်သည် မည်သည့်ကြိုတင်တည်ရှိသောအရာများ၊ ပုံစံများမရှိဘဲ နောက်တစ်ဖန်ပြန်လည်၍ဖန်ဆင်းရန်မှာ မည်သည့်အခက်အခဲမှ မရှိချေ။ အရှင်မြတ်သည် ဖန်ဆင်းတော်မူသည်။ ပြီးလျှင် ရုတ်သိမ်းတော်မူသည်။

အာယသ် (၅ - ၆)

هُوَ الَّذِیْ جَعَلَ الشَّمْسَ ضِیَآءً وَّ الْقَمَرَ نُوْرًا وَّ قَدَّرَهٗ مَنَازِلَ لِتَعْلَمُوْا عَدَدَ السِّنِیْنَ وَ الْحِسَابَ ؕ مَا خَلَقَ اللّٰهُ ذٰلِكَ اِلَّا بِالْحَقِّ ۚ یُفَصِّلُ الْاٰیٰتِ لِقَوْمٍ یَّعْلَمُوْنَ ۝ اِنَّ فِی اخْتِلَافِ الَّیْلِ وَ النَّهَارِ وَ مَا خَلَقَ اللّٰهُ فِی السَّمٰوٰتِ وَ الْاَرْضِ لَاٰیٰتٍ لِّقَوْمٍ یَّتَّقُوْنَ ۝

ထို (အလ္လာဟ်) အရှင်မြတ်သည်ပင်လျှင် နေကို ထွန်းတောက်စွာလည်းကောင်း၊ လကို လင်းဝင်းစွာ လည်းကောင်း ပြုလုပ်တော်မူခဲ့သော အရှင်ဖြစ်တော်မူပေသည်။ ထို့ပြင် အရှင်မြတ်သည် နှစ်များ၏အရေ အတွက်ကိုလည်းကောင်း၊ စာရင်းများကိုလည်းကောင်း၊ အသင်တို့ သိနားလည်ကြအံ့သောငှာ၊ ယင်းလစဉ်မှာ (သွားလာရန်) စခန်းများကို သတ်မှတ်၍ ပေးတော်မူခဲ့လေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤသည်(တို့)ကို မှန်ကန်သော ရည်ရွယ်ချက်နှင့်သာလျှင် ဖန်ဆင်းတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် သိနားလည်သူတို့အကျိုးငှာ သက်သေ လက္ခဏာရပ်တို့ကို အသေးစိတ် ရှင်းလင်းဖော်ပြ တော်မူလေသည်။ (၁၀ : ၅)

ဧကန်မလွဲ ညဉ့်နှင့်နေ့တို့၏ ပြောင်းလွှဲမှုဥလည်းကောင်း၊ မိုးကောင်းကင်များနှင့် ပထဝီမြေတွင်အလ္လာဟ်အရှင်မြတ်ဖန်ဆင်းထားတော်မူသောအရာများဥလည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်အား) ကြောက်ရွံ့ရိုသေခန့်ညားသူတို့အဖို့ သက်သေလက္ခဏာများသည် ဧကန် မုချရှိခဲ့သည်။ (၁၀ : ၆)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်နှစ်ခုတည်း၌ ကျွန်ုပ်တို့တွေ့ကြုံရသော စကြဝဠာတွင်းရှိ ထင်ထင်ရှားရှား မြင်တွေ့နိုင်သော လက္ခဏာအချို့အား ဖော်ပြထားသည်။ ထိုသည်များမှာ အလွန်ကြီးကျယ် ထွတ်မြတ်လှသော အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် အသိကြွယ်သော ဟစ်က်မသ်ဉာဏ်တော်၏ သက်သေများဖြစ်ပါသည်။ ဤသည်များက အလ္လာဟ်အရှင်သည် ဤစကြဝဠာကြီးအား အဆုံးသတ် စေရန်အတွက် ပြီးပြည့်စုံစွာ တတ်စွမ်းနိုင်တော်မူကြောင်းကို သက်သေပြပါသည်။ ဤစကြဝဠာကြီးအား အမှုန်ကလေးမျှဖြစ်သွားစေကာ ယင်းအမှုန်ကလေးများကို ပြန်လည်စုစည်းကာ အရာရာတိုင်းတို့အား တစ်ဖန်ပြန်လည်၍ အသက်ဝင်စေပါသည်။ အားလုံးတို့သည် အသစ်တစ်ဖန် ဖြစ်သွားကြပါသည်။ ယင်းလုပ်ရပ်ကြောင့် လူတိုင်းလူတိုင်းအား ယင်းတို့၏ လုပ်ရပ်များအတွက် စာရင်းစစ်ဆေးခြင်းခံရစေကာ ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်များ၊ ဆုလာဘ်များ ရရှိစေပါလိမ့်မည်။ အလ္လာဟ်အရှင်သည် ထိုကဲ့သို့ လုပ်ဆောင်ခဲ့ပါလျှင် ယင်းလုပ်ရပ်သည် ယထာဘူတကျပြီး အသိဉာဏ်ကြွယ်ဝသောလုပ်ရပ်ကလွဲ၍ ဘာမျှမဖြစ်နိုင်ပါ။ ထို့ကြောင့် ဤအာယသ်နှစ်ခုသည် တိုတုတ်စွာမိန့်ကြားခဲ့သော အာယသ်(၃)ခုကို ချဲ့ထွင်ခြင်းဖြစ်သည်။ အာယသ်တော်(၃)ထဲ၌ ဖော်ပြထားသည်တို့မှာ ကမ္ဘာမြေနှင့် မိုးကောင်းကင်တို့အား ခြောက်ရက်ဖြင့်ဖန်ဆင်းခြင်း၊ ပလ္လင်တော်ပေါ်၌ တည်ရှိ

ခြင်းနှင့် ကိစ္စရပ်များအား စီမံခန့်ခွဲခြင်းများ အကြောင်း တို့ဖြစ်ပါသည်။ အာယသ်(၅)နှင့်(၆)တို့က အရှင်မြတ်သည် စကြဝဠာကြီးအား ဖန်ဆင်းပြီးနောက်တွင် စကြဝဠာကြီးရှင်နေစေရန်အတွက် စွန့်ပစ်မထားကြောင်းနှင့် အလွှာဟ်အရှင်မြတ်သည် အချိန်တိုင်း၌ အရာရာတိုင်းတို့ကို စီမံခန့်ခွဲခြင်း၊ ညွှန်ကြားခြင်းတို့နှင့် ထိမ်းချုပ်ခြင်းများ လုပ်တော်မူကြောင်း သက်သေပြပါသည်။

အာယသ်တော်(၅)၏ အဖွင့်အဆိုအဓိပ္ပါယ်သည် **هُوَ الَّذِىْ جَعَلَ الشَّمْسَ ضِيَآءً وَّ الْقَمَرَ نُوْرًا** "ထို (အလွှာဟ်) အရှင်မြတ်သည်ပင်လျှင် နေကိုထွန်းတောက်စွာလည်းကောင်း၊ လကိုလင်းဝင်းစွာလည်းကောင်း ပြုလုပ်တော်မူခဲ့သော အရှင် ဖြစ်တော်မူပေသည်" ဤစနစ်ကြီးအကြောင်းနှင့် ယင်း၏စီမံခန့်ခွဲမှုအကြောင်း တစ်စိတ်တစ် ဒေသဖြစ်ပါသည်။ **ضیاء** (သွေ့ယာ) နှင့် **نور** (နူးရ်) ဟူသော စကားလုံးတို့သည် "ထွန်းတောက်ခြင်း" နှင့် "လင်းဝင်းခြင်း" ဟူ၍ အဓိပ္ပာယ် သက်ရောက်ပါသည်။ ထို့ကြောင့် များစွာသောအဘိဓာန်ပြုစုသူ ပညာရှင်များက ဤစကားလုံးများကို ကြောင်းတူသံကွဲ ဟု မှတ်ယူကြပါသည်။ အလွှမာအလ်ဇမာခ် ရှာရီ၊ အလ်တွဲဘီနှင့် အခြားသူများက ပြောကြားသည်မှာ အလင်းရောင်ဆိုသည့် အဓိပ္ပာယ်သည် စကားနှစ်လုံးနှင့် သက်ဆိုင်သော်လည်း "နူးရ်"မှာ ယေဘုယျဖြစ်ပါသည်။ အလင်းအား ပြင်းသည်ဖြစ်စေ၊ အလင်းအားပျော့သည်ဖြစ်စေ၊ မှုန်သည်ဖြစ်စေ၊ ကြည်လင်သည်ဖြစ်ပါစေ အလင်းရောင်ကို နူးရ်ဟုရည်ညွှန်းပါသည်။ သို့သော် **ضوء و ضیاء** (သောဝ်နှင့်သွိယာ) ဆိုသည်တို့က အားပြင်းပြီး ကြည်လင်ပြတ်သားသော အလင်းရောင်ကို ရည်ညွှန်းပါသည်။ တစ်စုံတစ်ဦးသည် ထိုနှစ်မျိုးစလုံးလိုအပ်ပါသည်။ ဘဝ၏သမရိုးကျ အလုပ်အကိုင်များ အတွက်ဆိုလျှင် နေ့၏ ကြည်လင်ပြတ်သားသော အလင်းရောင်များ လိုအပ်သကဲ့သို့ သာမန်တောက်တိုမယ်ရ ကိစ္စရပ်များအတွက်ဆိုလျှင် လ၏ မှုန်ဝါးသော အလင်းရောင်နှင့် သင့်လျော်ပါသည်။ အကယ်၍သာ နေ့တွင်လ၏ မှုန်ဝါးဝါး အလင်းရောင်သာရရှိခဲ့ပါလျှင် လုပ်ငန်းဆောင်တာများ၊ အကြီးအကျယ် ထိခိုက်သွားပါလိမ့်မည်။ ထို့နောက် အကယ်၍ ညဉ့်တွင်နေ၏ ထွန်းလင်းတောက်ပသော အရောင်ရှိနေခဲ့ပါလျှင် ညဉ့်တွင်သာပြုလုပ်ရသော တောက်တိုမယ်ရအလုပ်များ ပြုလုပ်ခြင်းနှင့် အိပ်စက်နားနေခြင်းတို့ကို အနှောင့်အယှက်ပြုပါလိမ့်မည်။ ထို့ကြောင့် သဘာဝက ထိုသို့သောအလင်းရောင်နှစ်မျိုးစလုံးတို့အား **ضوء** နှင့် **ضیاء** (သောဝ်နှင့်သွိယာ)အဆင့်များ ပြုလုပ်ထားပါသည်။ သို့မှ လူအများ အလုပ်အကိုင်များနှင့် ဝမ်းစာရေးလုပ်ဆောင်နေစဉ်တွင် လင်းဝင်းနေပါလိမ့်မည်။ ထို့နောက် လရောင်အား နူးညံ့သိမ်မွေ့ဖျော့တော့ပြီး နှစ်လိုဖွယ်ရာ ပြုလုပ်ထားပါသည်။ ညဉ့်အချိန် ထိုကဲ့သို့ရှိနေစေရန် တာဝန်ပေးထားပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်သည် နေရာအတော်တော်များများတို့ထဲ၌ လနှင့်နေတို့၏ အလင်းရောင် များအား ခွဲခြားပြသထားပါသည်။ စူရတ်နူးဟ်ထဲ၌ **وَّ جَعَلَ الْقَمَرَ فِيْهِنَّ نُوْرًا وَّ جَعَلَ الشَّمْسَ سِرَاجًا** "၎င်းပြင် ထိုအရှင်မြတ်သည် ယင်းမိုးများ၌ "လ" ကို လင်းရောင်ခြည် ဖြစ်စေတော်မူခဲ့၏။ ထို့ပြင် နေကို မီးရှူးမီးတိုင်ပြုလုပ်တော်မူခဲ့၏(၇၁း၁၆)" ဟူ၍ မိန့်ထားသည်။ တစ်ဖန် စူရတ်အလ်ဖုရ်ကာန်ထဲ၌ **وَ جَعَلَ فِيْهَا سِرٰجًا وَّ قَمَرًا مُّنِيْرًا** "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် မိုးကောင်းကင်၌ ဆီမီးတစ်ခုကိုလည်းကောင်း၊ လင်းဝင်းတောက်ပသော လစန္ဒာကို လည်းကောင်း၊ ပြုလုပ်ဖန်ဆင်းတော်မူ၏(၂၅း၆၁)" ဟူ၍ မိန့်ထားသည်။ စိရာဂ်ဆိုသည်မှာ "မီးတိုင်" ဖြစ်ပြီး မီးတိုင်မှ အလင်းရောင်သည် ထိုမီးတိုင်မှ ထွက်ပေါ်လာကာ အခြားမည်သည့်နေရာကမျှ ငှားယူထားခြင်းမဟုတ်ပါ။ ထို့ကြောင့် အချို့သောဋီကာရှင်တို့က **ضیاء** (သွိယာ)ဆိုသည်မှာ တစ်စုံတစ်ခု၏ ပင်ကိုယ်အလင်းဖြစ်ပြီး **نور** (နူးရ်) ဆိုသည်မှာ ပင်ကိုယ်အလင်းရောင်မဟုတ်ဘဲ အခြားတစ်နေရာမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဤဇစ်မြစ်ကိုလိုက်၍ ကျိုးကြောင်းရှာဖွေချဉ်းကပ်မှုနည်းသည်

ခေါမအတွေးအခေါ် လွှမ်းမိုးဟန်ရှိပါသည်။ ယင်းတွင် ဝေါဟာရဆိုင်ရာ အခြေခံလည်းမရှိကုရ်အာန်ကျမ်းတော်မြတ်ကလည်း ယင်းနှင့်ပတ်သက်၍ မည်သည့်ရှင်းလင်းပြတ်သားသော အဆုံးအဖြတ်လည်း ပေးမထားပါ။

ဇရ်ဂျားရ်ိကာ 'ဒီယာ' သည် 'ဒေါဝ်'၏ အများကိန်းဟု မှတ်ယူသည်။ ဤသည်မှာ နေသည် မိုးရွာပြီးပေါ်ထွက်လာသည့် သက်တန့်တွင်ပါဝင်သော အရောင်ခုနှစ်မျိုးနှင့် စပ်ဆိုင်သည့်အကြောင်း ဖြစ်နိုင်သည်။

(အလ်မနာရ်)

နေနှင့်လတို့၏စနစ်နှင့် ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်ထင်ရှားစေသည့် နောက်အချက်မှာ အာယသ်(၅)၏ ဒုတိယဝါကျ **وَ قَدَّرَهٗ مَنَازِلَ لِتَعْلَمُوْا عَدَدَ السِّنِيْنَ وَ الْحِسَابَ** "ထို့ပြင် အလ္လာဟ်အရှင် မြတ်သည် နှစ်များ၏အရေအတွက် ကိုလည်းကောင်း၊ စာရင်းကိုလည်းကောင်း၊ အသင်တို့သိနားလည် ကြအံ့သောငှာ ယင်းလ စန္ဒာ (သွားလာရန်) စခန်းများကို သတ်မှတ်၍ ပေးတော်မူခဲ့လေသည်" တွင်ပါရှိသည်။ **قدر** "ကဒရ်" ဟူသော စကားလုံးသည် **تقدير** 'သတ်ဂ်ဒီရ်' မှ ဆင်းသက်လာသည်။ ယင်းကဆိုလိုသည်မှာ အချိန် (သို့မဟုတ်) နေရာ (သို့မဟုတ်) အရည်အချင်းများအရ တစ်စုံတစ်ခုအား သီးသန့် အရည်အချင်းနှင့် အတိုင်းအတာတစ်ခု၏ အဆင့်တွင် ထားရှိရန်ဖြစ်သည်။ ညနှင့် နေ့၏ အချိန်သတ်မှတ်မှုကို သီးသန့်အတိုင်းတစ်ခုတွင် ထားရှိရန် ကုရ်အာန်ကျမ်းတော်မြတ်က **وَ اللّٰهُ يُقَدِّرُ الَّيْلَ وَ النَّهَارَ** "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သာလျှင် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း (တိကျစွာ) တိုင်း တာသတ်မှတ်နိုင်တော်မူ၏။ (၇၃း၂၀)" ဟု မိန့်ထားခဲ့သည်။ လေဟာပြင်နှင့် ခရီးသွားလာမှုအကွာအဝေးကို သီးသန့် တိုင်းတာမှုပြုထားသည်ကို အခြားတစ်နေရာ၌ ဖော်ပြထားသည်ကိုတွေ့ရသည်။ စူရတ်စဗာထဲ၌ ဆီးရီးယားနှင့်စဗာ ကြားရှိ နေထိုင်မှုများအကြောင်းကို **وَ قَدَّرْنَا فِيْهَا السَّيْرَ** "ငင်းပြင် ငါရှင်မြတ်သည် ထိုမြို့ရွာများ၌ ခရီးထောက်များကို လည်း သတ်မှတ်၍ ပေးတော်မူခဲ့၏။ (၃၄း၁၈)" ဟု မိန့်ထားသည်။ ထို့နောက် အရေအတွက်ဆိုင်ရာ အတိုင်းအတာကို ယေဘုယျအားဖြင့် **خَلَقَ كُلَّ شَيْءٍ فَقَدَّرَهٗ تَقْدِيْرًا** "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည်ပြင် ထိုအရာများကို နှိုင်းချိန်တိုင်းဆထားတော်မူခဲ့လေသည်။ (၂၅း၂)" ဟု မိန့်ထားသည်။

လေ့လာနေသော အာယသ်တော်ပါ မနာဇိလ်ဟူသောစကားလုံးသည် မာန်ဇိလ်ဟူသောစကားလုံး၏ အများကိန်းဖြစ်ကာ တစ်စုံတစ်ဦး ခရီးစဉ်တစ်ခုတွင် ဆိုက်ရောက်ရာနေရာဟု အဓိပ္ပာယ် သက်ရောက်သည်။ ဆိုက်ရောက်ရာနေရာဆိုသည်မှာ ခရီးတစ်ထောက် (စာနီ)သို့မဟုတ် ခရီးဆုံးလည်း ဖြစ်နိုင်သည်။ အလ္လာဟ်အရှင်မြတ်သည် နေနှင့်လရွေ့လျားမှုအတွက် သီးသန့်အတိုင်းအတာများထားရှိကာ ယင်းကို မာန်ဇိလ်(သို့မဟုတ်)စခန်းဟုခေါ်သည်။ 'လ'သည် ကမ္ဘာ့ပတ်လမ်းတွင် ပတ်ရာတွင် တစ်လတွင်ပြီးမြောက်၍ ယင်းခရီးထောက်များ (စခန်းများ)သည် သုံးဆယ် (သို့မဟုတ်) နှစ်ဆယ့်ကိုးဖြစ်သည်။ သို့သော် လမမြင်နိုင်သည်မှာ အနည်းဆုံးတစ်ရက်ဖြစ်၍ ယင်း၏ခရီး ထောက်များ (စခန်းများ)ကို အများအားဖြင့် ၂၈-အဖြစ် သိရှိကြသည်။ နေ၏ပတ်လမ်းသည် တစ်နှစ်တွင်ပြီးမြောက်၍ ယင်းတွင် ခရီးထောက်များ (စခန်းများ) ၃၆၀ (သို့မဟုတ်) ၃၆၅ ရှိသည်။ အာရဗ်ဂျာဟိလိယတ်အမှောင်ခေတ်က နက္ခတ္တဗေဒ ပညာရှင်များနှင့် သင်္ချာပညာရှင်များက ၎င်းတို့အနီးတွင်ရှိကြယ်တာရာများ၏ အမည်များကိုယူ၍ သီးသန့် အမည်များ ပေးထားကြသည်။ အထက်ဖော်ပြသည့် အတတ်ပညာဆိုင်ရာ အမည်ပေးစနစ်ကိုမပေးဘဲ ကုရ်အာန်ကျမ်း တော်မြတ်သည် နေနှင့်လတို့ သွားလာသည့် အကွာအဝေးကို ရက်များဖြင့် ဖော်ထုတ်ခြင်းအားဖြင့် ဖော်ပြခဲ့သည်။

ဆွေးနွေးနေသည့်အာယသ်ပါ **وَ قَدَّرَهٗ مَنَازِلَ** "ထို့ပြင် ထိုအရှင်မြတ်သည် ယင်း (သွားလာရန်) စခန်းများကို

သတ်မှတ်၍ပေးတော်မူခဲ့လေသည်" ဟူသော စကားလုံးများက နာမ်စား တစ်ခု၏အနည်းကိန်း သုံးစွဲထားသော်လည်း ဤနေရာတွင် နေနှင့်လနှစ်ခုစလုံး၏ ခရီးထောက် (စခန်းများ)ကို ရည်ညွှန်းသည်။ ထို့ကြောင့် ဋီကာရှင်အချို့ကပြောသည်မှာ ဤနေရာ၌ ဇကဝုစ်ကိန်းအဖြစ် ဖော်ပြထားသည်မှာ သံသယမရှိချေ။ သို့သော်လည်း တစ်ခုစီကို ရည်ညွှန်းချက်အရဆိုလျှင် နှစ်ခုစလုံးအကျုံးဝင်သည်။ ဤကဲ့သို့အသုံးအနှုန်း ဥပမာများ ကုရ်အာန်ကျမ်းတော်နှင့် အာရဗီဘာသာအသုံးထူးသည့်စကားစု (အီဒီယမ်)များ မြောက်မြားစွာရှိသည်။

အခြားဋီကာရှင်အချို့က ပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် နေနှင့်လတို့၏ ခရီးထောက် (စခန်းများ)ကို သတ်မှတ်ထားခဲ့သော်လည်း ဤနေရာပါ ရည်ရွယ်ချက်မှာ 'လ' ၏ခရီးထောက်(စခန်းများ) ဖော်ပြရန်သာလျှင်ဖြစ်သည်။ထို့ကြောင့် **قَدَّرَهُ**(ကဒ်ဒရဟု = သတ်မှတ်ပေးထားသည်)ပါနာမ်စားသည် 'လ'ကိုပြန်လည်၍ရည်ညွှန်းသည်။ ဤသီးသန့်ဖြစ်စေခြင်းအကြောင်းမှာ တစ်စုံတစ်ဦးသည် နေ၏ခရီးထောက်များ (စခန်းများ) ကို ထင်ရှားပေါ်လွင်သည့် ကိရိယာတန်ဆာပလာနှင့် တွက်ချက်မှုများ၊ အကူအညီမပါဘဲ မတွေ့ရှိနိုင်ပါ။ နေဝင်နေထွက်သည် တစ်နှစ်ပတ်လုံး နေ့တိုင်းတစ်ပုံစံတည်း ဖြစ်သည်။ ရှိုးရှိုးသာမန်လေ့လာခြင်းတစ်ခုဖြင့် နေသည် မည်သည့်ခရီးထောက် (စခန်း) ရောက်နေသည်ဆိုခြင်းကို မည်သူမျှ မပြောနိုင်ပါ။ ဤသည်မှာ လနှင့်ပတ်သက်လျှင် ဆန့်ကျင်ဘက်ဖြစ်သည်။ ယင်း၏ခရီးထောက် (စခန်းများ)သည် နေ့တိုင်း မတူညီကြချေ။ လတစ်လကုန်ဆုံးလျှင် ယင်းကို မမြင်နိုင်တော့ပါ။ ယင်းကဲ့သို့ပြောင်းလဲမှုကို လေ့လာခြင်းအားဖြင့် ပညာမတတ်သောလူများပင်လျှင် ရက်စွဲကိုသိနိုင်သည်။ ပမာဆိုသော် ယနေ့သည် မတ်လ ၈-ရက်နေ့ဖြစ်သည်ဆိုပါစို့၊ နေကိုကြည့်ရုံမျှဖြင့် မည်သူကမျှ ယနေ့သည် ၈-ရက်လော(သို့မဟုတ်) ၂၁-ရက် လောဟု မပြောနိုင်ချေ။ လနှင့်ပတ်သက်လျှင်မူ ကွဲပြားပါသည်။ 'လ'ကိုကြည့်ရုံမျှဖြင့် ရက်ကို ပြောနိုင်သည်။

ကိုးကားခဲ့သည့်အာယသ်ထဲ၌ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ် ကြီးကျယ်သောလက္ခဏာများကို လူသား၏ကိုယ်ပိုင် စိတ်ဝင်စားမှုဖြင့် စည်းနှောင်ထားသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့မှတစ်ဆင့် ရက်၊ လ၊ နှစ်များကို ရေတွက်နိုင်သည်။ ဤတွက်ချက်မှုကို နေနှင့်လနှစ်ခုစလုံးမှ ပြုလုပ်နိုင်သည်ကို သံသယမရှိချေ။ နေနှင့် တွက်ချက်သော နှစ်၊ လများနှင့် လနှင့်တွက်ချက်သော နှစ်၊ လများကို တစ်ကမ္ဘာလုံး သိပြီးဖြစ်သည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်ကလည်း စူရတ်အလ်အစ္စရာ (ဗနီအိစ္စရာအီလ်) ထဲတွင် -

وَجَعَلْنَا الَّيْلَ وَالنَّهَارَ آيَتَيْنِ ۖ فَمَحَوْنَا آيَةَ اللَّيْلِ وَجَعَلْنَا آيَةَ النَّهَارِ مُبْصِرَةً لِتَبْتَغُوا فَضْلًا مِنْ رَبِّكُمْ وَلِتَعْلَمُوا عَدَدَ السِّنِينَ وَالْحِسَابَ ۚ وَكُلَّ شَيْءٍ فَصَّلْنَاهُ تَفْصِيلًا

"ထို့ပြင် ငါအရှင်မြတ်သည် ညဉ့်ကိုလည်းကောင်း၊ နေ့ကိုလည်းကောင်း သက်သေလက္ခဏာနှစ်ရပ်ကို ပြုလုပ်ထားတော်မူခဲ့လေသည်။ သို့ရာတွင် ငါအရှင်မြတ်သည် ညဉ့်၏သက်သေလက္ခဏာနှစ်ရပ်ကို မှေးမှိန်စေတော်မူ၍ နေ့၏သက်သေလက္ခဏာများကိုမူကား အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ကျေးဇူးတော်ကို ဆည်းပူးရှာဖွေကြအံ့သောငှာလည်းကောင်း၊ အသင်တို့သည် နှစ်များကို အရေအတွက်နှင့် တွက်ချက်မှုကို သိရှိကြအံ့သောငှာလည်းကောင်း" (၁၇ း ၁၂)

ဤနေရာတွင် "ညဉ့်၏သက်သေလက္ခဏာ" ဆိုသည်မှာ 'လ'ဟု အဓိပ္ပာယ်ဖြစ်၍ "နေ့၏သက်သေလက္ခဏာ" ဆိုသည်မှာ 'နေ'ဟု ဆိုလိုသည်။ ဤနှစ်ခုစလုံး ဖော်ပြပြီးမှသာလျှင် ယင်းတို့မှ အသင်သည် နှစ်များ၊ လများကို တွက်

ချက်နိုင်သည်ဟု မိန့်ထားသည်။ ထို့ပြင် စူရတ်အလ်ရတ်မာန်ထဲတွင် اَلشَّمْسُ وَالْقَمَرُ بِحُسْبَانٍ ဟူ၍ မိန့်ထား ခြင်းက ကျွန်ုပ်တို့သည် ဤ 'လ'နှင့် 'နေ' တို့မှတစ်ဆင့် ရက်များ၊ လများ၊ နှစ်များတွက်ချက်နိုင်သည်ဟု ကျွန်ုပ်တို့ကား ပြောပြပါသည်။

သို့သော်လည်း လနှင့်ရက်စွဲတွက်ချက်ခြင်းကို လစန္ဒာပေါ်အခြေခံထားသည့် စူးစမ်းလေ့လာမှုနှင့် အတွေ့ အကြုံများဖြင့် ပြုလုပ်သည်။ ယင်းနှင့်ဆန့်ကျင်စွာ ယင်းသို့လုပ်ဆောင်မှုကို နေဖြင့်ပြုလုပ်လျှင် တွက်ချက်မှုများသည် အလွန်ရှုတ်ထွေး၍ ပုံမှန်သမရိုးကျ သချိုင်းပညာရှင်များသာလျှင် ယင်းတို့ကို နားလည် သဘောပေါက်ပါလိမ့်မည်။ ထို့ကြောင့် ဤအာယသ်ထဲတွင် နေနှင့်လ နှစ်ခုစလုံး ဖော်ပြပြီးနောက် ယင်းတို့၏ ခရီးထောက် (စခန်းများ) သတ်မှတ် ပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က بِحُسْبَانٍ قَدَّرَهُ (ကတ်ဒရဟု - ယင်းလအဖို့ သတ်မှတ်ပေးတော်မူခဲ့လေသည်) ဟူ၍ မိန့်တော်မူရန် ရွေးချယ်ခဲ့ရာ၌ နာမ်စားကို ယင်း၏ ဇကဝုစ်ပုံစံ သုံးနှုန်းထားသည်။ ယင်းက လစန္ဒာ၏ခရီးထောက် (စခန်းများ)များကိုသာလျှင် ထိုနေရာ၌ ဖော်ပြထားသည်။

အခြေအနေအရပ်ရပ်အတွက် အစွလာမ့်အမိန့်ပညတ်ချက်များကို ကြီးစွာအလေးထားမှုကြောင့် မြို့နေ လူတန်းစား (သို့မဟုတ်)တောနေလူတန်းစား၊ စာပေတတ်ကျွမ်းသူ (သို့မဟုတ်) စာပေမတတ်ကျွမ်းသူ လူတိုင်းအတွက် ယင်းအမိန့်ပညတ်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် လွယ်ကူစေရန် အစွလာမ့်ဥပဒေများထဲတွင် နှစ်၊ လနှင့်ရက် များ တွက်ချက်ရာတွင် လစန္ဒာပေါ်မှီ၍ ထားသည်။ ထို့ကြောင့် ဆွလာသ်၊ စောင်မ်၊ ဇကားသ်၊ အစ်ဒတ် အစရှိသည်တို့၏ ကိစ္စရပ်များတွင် အစွလာမ်ဘာသာ၏ မပြုမနေရတာဝန်များအားလုံးကို လစန္ဒာ နှင့် တွက်ချက်ထားသော ပြက္ခဒိန်ဖြင့် လုပ်ဆောင်စေပါသည်။

ဤသည်မှာ နေဖြင့်တွက်ချက်ထားသော ပြက္ခဒိန်သုံးစွဲခြင်း၊ ခွင့်မပြုဟု မဆိုလိုချေ။ စင်စစ် ရှရီအသ်နှင့်ပတ် သက်သော ဆွလာသ်၊ စောင်မ်၊ ဟဂ်ျ၊ ဇကားသ်နှင့်အစ်ဒတ်တို့နှင့်ပတ်သက်သော ကိစ္စရပ်များတွင် လစန္ဒာနှင့် တွက် ချက်ထားသော ပြက္ခဒိန်ကို ရွေးချယ်သုံးစွဲနိုင်သည်။ သို့သော်လည်း ကူးသန်းရောင်းဝယ်ရေးနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စ ရပ်များတွင် နေဖြင့်တွက်ချက်ထားသော ပြက္ခဒိန်ကိုသုံးနိုင်သည်။ မည်သို့ပင်ဆိုစေကာမူ ဤသို့ နေဖြင့်တွက်ချက်ထား သည့် ပြက္ခဒိန်သုံးစွဲရာတွင် မုစ်လင်မ်များအနေဖြင့် စုပေါင်းအခြေခံသဘောတရားအရ လစန္ဒာဖြင့် တွက်ချက်ထားသော ပြက္ခဒိန်ကို ဆက်လက်သုံးစွဲရမည်ဆိုသည့် အချက်ပါဝင်သည်။ သို့မှသာ ရမ်ဇာန်၊ ဟဂ်ျတို့ကဲ့သို့သော ဘာသာရေးဆိုင် ရာ မပြုမနေရ တာဝန်ဝတ္တရားကို အချိန်ကျရောက်ခြင်းနှင့် ဆင်နွှဲခြင်းကို လူအများ အချိန်တိုင်းသိရှိနေကြမည်ဖြစ် သည်။ ဤသို့ လုပ်ဆောင်စေရခြင်းမှာ မုစ်လင်မ်များသည် ဇန်နဝါရီ၊ ဖေဖော်ဝါရီ စသည့်လများကိုသာသိရှိပြီး အခြား လများကို မသိရှိသည့် ကြောက်မက်ဖွယ်အခြေအနေကို ရှောင်ရှားရန်ဖြစ်သည်။ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက လဖြင့်တွက်ချက်ထားသည့် ပြက္ခဒိန်ကို ရှင်သန်စေရန်မှာ မုစ်လင်မ်များအတွက် ဖရတ်သွင်ကိဖာယဟ်အဖြစ် သတ်မှတ် ကြသည်။

တမန်တော်များ၏ စွန့်သဲလွှတ်တော်နှင့် သုံးစွဲခဲ့သော ပြက္ခဒိန် နောက်ဆုံးတမန်တော်မြတ် ˢ ၏ စွန့်သဲ တော်နှင့် ကိုယ်တော်၏ ဖြောင့်မတ်မှန်ကန်သော ခုလာဖာများ လက်တွေ့ကျင့်သုံးခဲ့ကြသည်မှာ ဤလစန္ဒာနှင့် တွက် ချက်ထားသော ပြက္ခဒိန်ဖြစ်သည်။ ထိုသူတို့လမ်းစဉ်အတိုင်း ဤပြက္ခဒိန်သုံးစွဲခြင်းဖြင့် ခေတ်သစ်မုစ်လင်မ်များအပေါ် ဆုလာဘ်နှင့်ကောင်းချီးမင်္ဂလာ ကျရောက်ကာ အကျိုးဖြစ်ထွန်းစေသော အကြောင်းရင်းဖြစ်စေသည်။

အချုပ်မှာ အာယသ်တော်က အခြားဖန်ဆင်းခြင်းများနှင့်အတူ မကုန်နိုင်မခန်းနိုင်သော အလင်းရောင်ရတနာသိုက်နှစ်ခုကို ဟန်ချက်ညီ၍ တစ်သားတည်းဖြစ်ကာ ဖန်ဆင်းတော်မူခဲ့သည့် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် ဟစ်က်မသ်ဉာဏ်တော်တို့ကို ထောက်ပြပါသည်။ ထို့နောက် ထိုအရှင်မြတ်က ယင်းတို့၏ ရွေ့လျားမှုစံအတိုင်းအတာကို သတ်မှတ်ခဲ့သဖြင့် နှစ်၊ လ၊ ရက်နှင့် ယင်းရက်ရှိ နာရီများကို စက္ကန့်တိုင်းအတွက် အချိန်ဇယားကို ကျွန်ုပ်တို့သိရှိနိုင်ရန် အထောက်အကူပြုသည်။ ယင်းတို့ ရွေ့လျားမှုများ သည် မပြောင်းလဲသကဲ့သို့ ရှေ့ရောက်သွားခြင်း၊ နောက်ကျန်ရစ်ခြင်း မရှိသကဲ့သို့ ကျွန်ုပ်တို့ခေါ်ဝေါ်သည့် စက်ယန္တယားများဟုခေါ်သည့် အလ္လာဟ်အရှင်မြတ်၏ အံ့သြဘွယ်များသည် ပြုပြင်ရန် မည်သည့်အလုပ်ရုံနှင့်မျှ အချိန်းအချက်မလိုအပ်သကဲ့သို့ ချောဆီမလို၊ ဟောင်းနွမ်းသောပစ္စည်းကို အသစ်နှင့်အစားထိုး လဲလှယ်ရန်မလိုချေ။ ယင်းတို့ကို ကောင်းမွန်စွာရွေ့လျားနေရန် ထာဝရတည်ရှိသော တစ်စုံတရာကစေခိုင်း ထားခဲ့သည်။ ယနေ့တိုင် ၎င်းတို့သည် ထိုအတိုင်းပြုလုပ်နေကြသည်။

ထပ်၍ သတိပေးသည်မှာ အာယသ်တော် (၅) အဆုံး၌ **مَا خَلَقَ اللّٰهُ ذٰلِكَ اِلَّا بِالْحَقِّ ۚ يُفَصِّلُ الْاٰيٰتِ لِقَوْمٍ يَّعْلَمُوْنَ** "အလ္လာဟ်အရှင်မြတ်သည် ဤသည် (တို့) ကို မှန်ကန်သောရည်ရွယ်ချက်နှင့်သာ ဖန်ဆင်းတော်မူခဲ့လေသည်။ ထိုအရှင်မြတ်သည် သိနားလည်သူတို့အကျိုးငှာ သက်သေလက္ခဏာရပ်တို့ကို အသေးစိတ်ရှင်းလင်းဖော်ပြတော်မူလေသည်" ဟု မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဤအရာအားလုံးကို အကျိုးမဲ့အချည်းအနှီးဖန်ဆင်းသည်မဟုတ်ချေ။ ယင်းနောက်ကွယ်တွင် ကြီးမားသည့်အသိဉာဏ်ရှိသည်။ ထို့နောက် လူသားများအတွက် မရေတွက်နိုင်သော အကျိုးအမြတ်ရမည်မှာ မုချဇကာန်ဖြစ်သည်။ ဤသည်တို့မှာ အသေးစိတ် စီစဉ်ထားသော လက္ခဏာများဖြစ်သည်။ ယင်းတို့မှာ ပြတ်သား ၍ ကြည်လင်သည်။ ဆင်ခြင်တုံတရား၊ ထိုးထွင်းဉာဏ်တို့ဖြင့် ကောင်းချီးမင်္ဂလာ ပေးခံရသူများတို့ကား ဤသည်တို့က အမှန်တရားကို ပြောကြားကြောင်း သိကြရသည်။

အလားတူ ဒုတိယအာယသ် (၆)တွင် ညဉ့်မှနေ့ဖြစ်ခြင်း၊ နေ့မှညဉ့်ဖြစ်ခြင်းတို့တွင်နှင့် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားခဲ့သည့် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်များတွင်ရှိအရာရာတိုင်းတွင် လက္ခဏာများရှိသည်ဟု မိန့်ထားခဲ့သည်။ ဤသည်တို့မှာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသူများအတွက် (အလ္လာဟ် အရှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူခြင်းနှင့် အာခိရသ်ကို ရှောင်လွှဲမရနိုင်ခြင်း) ဟူသည်တို့၏ သက်သေ များဖြစ်ပေသည်။

ထိုလက္ခဏာများသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိတော်မူခြင်း (သောင်ဟီးဒ်)၏ သက်သေသာဓကများဖြစ်ကြောင်း မြင်တွေ့ရန်မခက်ခဲချေ။ ထိုအရှင်မြတ်တွင် အရာများဖြစ်ပေါ်စေရန်ဟူသည့် တန်ခိုးတော်ရှိသည်။ မည်သူမျှ မလုပ်နိုင်သောအရာများကို ထိုအရှင်မြတ် ပြုလုပ်နိုင်သည်။ ထိုအရှင်မြတ်သည် ပစ္စည်းများ၊ လူများနှင့်ပုံစံများ အကူအညီမပါဘဲ အရာရာတိုင်းကို ဖန်ဆင်းနိုင်တော်မူသည်။ ထို့ပြင် ထိုအရှင်သည် မည်သည့်အခါတွင်မျှ မပျက်စီး (သို့မဟုတ်) အစားထိုးရခြင်းမရှိသော စနစ်တစ်ခုကို လုပ်ဆောင်နိုင်သော တန်ခိုးတော်ရှိသည်။

ထို့ပြင် ယင်းတို့သည် အာခိရတ် (နောင်တမလွန်ဘဝ)၏ သက်သေများဖြစ်ကြသည်။ အဘယ့်ကြောင့် ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ကြီးကျယ်တော်မူသော ဖန်ဆင်းရှင်တစ်ပါးဖြစ်တော်မူသည်။ အလ္လာဟ်အရှင်သည် အရှင်မြတ်၏ အဆုံးအစမရှိသော အနန္တဟစ်က်မသ်ဉာဏ်တော်အရ လူသားများအကျိုးအတွက် များစွာဖန်ဆင်း ခဲ့သည်။ ထို့နောက် အရှင်မြတ်သည် ထိုအရာများကို အံ့သြဘွယ်တည်ငြိမ်သော စနစ်တစ်ခုကို လိုက်နာကျင့်သုံးစေပါသည်။ သို့ဆိုလျှင် ဤစကြာဝဠာတွင်း ဖန်ဆင်းခဲ့ခြင်းတို့မှာ ထိုလူသားများ စားရုံသောက်ရုံသက်သက် (သို့ မဟုတ်)

အရေးမပါသည့်ကိစ္စများလုပ်ရန် ဖန်ဆင်းခြင်းမဟုတ်ချေ။ တာဝန် ဝတ္တရားတစ်ရပ်ပေးရန် ဖန်ဆင်းခြင်း ဖြစ်သည်။ ဤစကြဝဠာတွင်းရှိ အဖန်ဆင်းခံများအတွက် ကန့်သတ်ချုပ်ခြယ်မှုအချို့ကို ရှင်းလင်းအတည်ပြုပြီးနောက် ထိုကန့်သတ်ချုပ်ချယ်မှုကို ကျင့်သုံးမှုနှင့်ပတ်သက်၍ တစ်ချိန်ချိန် တစ်နေရာရာတွင် စာရင်းရှင်းလင်းရင်ဆိုင်ရပေမည်။ ထိုကန့်သတ်ချုပ်ချယ်မှုကို လိုက်နာကျင့်သုံးသူများသည် ဆုလာဘ်ပေးခြင်းခံရ၍ မလိုက်နာသူများမှာ ပြစ်ဒဏ်ခတ်ခံရမည်မှာ သဘာဝပင်ဖြစ်သည်။ ကျွန်ုပ်တို့ ကြုံတွေ့ရသည့် လက်ရှိကမ္ဘာကြီးတွင် ထိုသို့ဖြစ်မလာသည်မှာ ထင်ရှားသည်။ ဤကမ္ဘာလောကတွင် ဆုပေးခြင်းပြစ်ဒဏ်ခတ်ခြင်းသည် ထိုပုံစံအတိုင်းမဖြစ်ပါ။ ဤကမ္ဘာလောကတွင် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍ အပြစ်ကင်းစင်သော မှန်ကန်သူတစ်စုံတစ်ဦးထက် ရာဇဝတ်သားတစ်ဦးက ကောင်းကောင်း မွန်မွန် နေထိုင်နိုင်ချေရှိသည်။ ထို့ကြောင့် လုပ်ရပ်များကို စစ်ဆေးခြင်း၊ ဆုလာဘ်ပေးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းအတွက် နေ့တစ်နေ့ရှိရန် လိုအပ်ပေသည်။ ဤသည်တို့မှာ ကိယာမသ် (နောက်ဆုံးနေ့)နှင့် အာခိရသ် (တမလွန်ဘဝ) တို့ဖြစ်သည်။

အာယသ် (၇ - ၁၀)

إِنَّ الَّذِينَ لَا يَرْجُونَ لِقَاءَنَا وَرَضُوا بِالْحَيَاةِ الدُّنْيَا وَاطْمَأَنُّوا بِهَا وَالَّذِينَ هُمْ
عَنْ آيَاتِنَا غَافِلُونَ ۝٧ أُولَٰئِكَ مَأْوَاهُمُ النَّارُ بِمَا كَانُوا يَكْسِبُونَ ۝٨ إِنَّ الَّذِينَ
آمَنُوا وَعَمِلُوا الصَّالِحَاتِ يَهْدِيهِمْ رَبُّهُمْ بِإِيمَانِهِمْ ۖ تَجْرِي مِنْ تَحْتِهِمُ الْأَنْهَارُ فِي
جَنَّاتِ النَّعِيمِ ۝٩ دَعْوَاهُمْ فِيهَا سُبْحَانَكَ اللَّهُمَّ وَتَحِيَّتُهُمْ فِيهَا سَلَامٌ ۚ وَآخِرُ
دَعْوَاهُمْ أَنِ الْحَمْدُ لِلَّهِ رَبِّ الْعَالَمِينَ ۝١٠

ဧကန်အမှန် အကြင်သူတို့သည် ငါအရှင်မြတ်နှင့်တွေ့ဆုံခြင်းကို မမျှော်လင့်ကြချေ။ ထို့ပြင် ၎င်းတို့သည် လောကီဘဝကိုပင်ကျေနပ်၍ ထိုလောကီဘဝနှင့်ပင် နှစ်သိမ့်စိတ်ဝင်စားကာ အာရုံစိုက်၍ နေခဲ့ကြလေသည်။ ၎င်းပြင် အကြင်သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာများကို မေ့လျော့လျစ်လျူရှုသူများ ဖြစ်ကြကုန်၏။ (၁၀ း ၇)

ထိုသူများပင် ၎င်းတို့သည် (ပြစ်မှုဒုစရိုက်များကို) ရှာဖွေဆည်းပူးလျက် ရှိခဲ့ကြသောကြောင့် ၎င်းတို့၏ခိုကိုးရာဌာနသည် "ဂျဟန္နမ်" ငရဲဘုံပင်ဖြစ်လတ္တံ့။ (၁၀ း ၈)

ဧကန်အမှန် အကြင်သူများသည် သက်ဝင်ယုံကြည်ခဲ့ကြ၏။ ၎င်းပြင် ထိုသူများသည် ကောင်းမြတ်သောအကျင့်သီလများကို ပြုလုပ် ဆောက်တည်ကြ၏။ ၎င်းတို့အား ၎င်းတို့ကို ဖန်ဆင်းမွေးမြူတော် မူသော အရှင်မြတ်သည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကြောင့် ချမ်းသာသုခနှင့်ပြည့်စုံသော ဥယျာဉ်များသို့ ပို့ဆောင်တော်မူမည် ဖြစ်သည်။ ၎င်းတို့ (နေထိုင်ရာ) အောက်၌ စမ်းရေရောင်းများ စီးတွေလျက်ရှိပေမည်။

(၁၀ း ၉)

ယင်းသုခဘုံနန်းဥယျာဉ်များတွင် ထိုသူတို့၏ စကားသည် "အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏" ဟူ၍လည်းကောင်း၊ ထိုသူတို့၏နှုတ်ခွန်းဆက်ခြင်းသည် "စလာမ်" ဟူ၍ လည်းကောင်း၊ ထိုသူတို့၏ နောက်ဆုံး(နိဂုံးချုပ်) စကားသည် "ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့အား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသောအလ္လာဟ်အရှင်မြတ်နှင့် အပ်စပ်သည်" ဟူ၍လည်းကောင်း ဖြစ်အံ့သတည်း။

(၁၀ : ၁၀)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များတွင် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်များ၊ လနှင့်နေအကြောင်း ဖော်ပြထားခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့်ဉာဏ်တော်၊ အလ္လာဟ်အရှင်မြတ်တစ် ပါးတည်းတည်ရှိတော်မူခြင်းနှင့် နောင်တမလွန်ဘဝကို သက်ဝင်ယုံကြည်ခြင်းတို့ကို ပေါ်လွန်စွာထင်ရှားစေမှုအား အာဝဇ္ဇန်းရွှင်စွာသက်သေပြခဲ့ပြီးဖြစ်သည်။ လက်ရှိအာယသ်မှ ပထမသုံးအာယသ်က ကျွန်ုပ်တို့ ကိုပြောသည်မှ ဤစကြဝဠာကြီးထဲတွင် ထိုကဲ့သို့ပေါ်လွင်ထင်ရှားသည့် သက်သေလက္ခဏာများ နေရာအနှံ့ ရှိခဲ့သော်လည်း လူသားများသည် အုပ်စုနှစ်စုကွဲသွားကြသည်။ အုပ်စုနှစ်စုမှတစ်စုမှာ ဤအလ္လာဟ်အရှင်မြတ် ၏ သက်သေလက္ခဏာများကို အလေးဂရုမမူဘဲ ၎င်းတို့၏ ဖန်ဆင်းရှင်နှင့် အရှင်သခင်ကို အသိအမှတ်မပြုသည်သာမက သူတို့ကိုသူတို့လည်း အသိအမှတ်မပြုချေ။ ထိုသူများသည် အခြားသောတိရစ္ဆာန်များကဲ့သို့ တိရစ္ဆာန်မဟုတ်ကြောင်း မည်သည့်အခါမှ သတိမမူကြပါ။ သူတို့၏ကြီးကျယ်မြင့်မြတ်တော်မူသော အရှင်သခင်က သူတို့ကို တိရစ္ဆာန်များထက်ပို၍ မြင့်မားသောအဆင့်တွင်ရှိစေရန် အသိဉာဏ်၊ ဆင်ခြင်တုံတရားနှင့် ယေဘုယျအသိဉာဏ်ဖြင့် ကောင်းချီးမင်္ဂလာပေးထားကြောင်း သူတို့သည် မည်သည့်အခါမှ ရှာဖွေမတွေ့ရှိခဲ့ပါ။ သူတို့အရှင်သခင်သည် အရှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုလုံး၏ အရင်းအမြစ်များကို ပေးထားတော်မူခဲ့သည်။ အရာရာတိုင်းသည် လူသားတို့အား အလုပ်အကျွေးပြုရန် တာဝန်ပေးထားသကဲ့သို့ဖြစ်သည်။ ဤသည်ကြောင့် ၎င်းတို့၏ဖန်ဆင်းရှင်က တာဝန်အချို့စသော တစ်စုံတစ်ခုလုပ်စေချင်၍ ဖြစ်ကြောင်း ၎င်းတို့သတိမူရပေမည်။ ထိုသို့ဆိုလျှင် ထိုသူများသည် ၎င်းတို့အား ခိုင်းစေထားခြင်းဟူသမျှအတွက် စစ်ဆေးမေးမြန်းခြင်းခံရလိမ့်မည်။ ထိုသို့လုပ်ဆောင်ရန်မှာ ကျမ်းတော်မြတ် အသုံးအနှုန်းဖြစ်ကာ အလ်ဟရှ်ရ်နေ့ (သို့မဟုတ်) ကိယာမသ်တရားစီရင်မည့်နေ့ (သို့မဟုတ်) ပြန်လည်ရှင်ပြန်ထရမည့်နေ့ ဟု သိကြသော နေ့တစ်နေ့သတ် မှတ်ရန် လိုအပ်ပါသည်။ သို့သော်လည်း ထိုသူများသည် ယင်းသို့ကျင့်ကြံနေထိုင်ရမည့်အစား ၎င်းတို့၏ဘဝများကို သာမန်တိရစ္ဆာန်များ အဆင့်အတိုင်းနေထိုင်ရန် နှစ်သက်ကျေနပ်ကြသည်။ ပထမနှစ်အာယသ်ထဲတွင် ဤသူများ၏လက္ခဏာနှင့် အမှတ်အသားများ ဖော်ပြပြီးနောက် မူရင်းစာသားက နောင်တမလွန်ဘဝတွင် သူတို့ရင်ဆိုင်ကြမည့် ပြစ်ဒဏ်ခတ်ခံရမှုအကြောင်း ဖော်ပြထားသည်။ မူရင်းစာသားက ပထမဦးဆုံးပြောသည်မှာ ထိုကဲ့သို့သောသူများသည် ၎င်းတို့၏အရှင်သခင်နှင့် တွေ့ရလိမ့်မည်ဟု ၎င်းတို့မတွေး ထင်ခဲ့ကြချေ။ နောင်တမလွန်ဘဝတွင် ၎င်းတို့၏ရှောင်လွှဲမရသော ဘဝအကြောင်းအားလုံးကို မေ့လျော့ခဲ့ကြသော သူတို့၏ လောကီ ဘဝတစ်ခုကိုသာလျှင် ရောင့်ရဲကျေနပ်နှစ်သက်ခဲ့ကြသည်။

ထို့နောက် ဤကမ္ဘာလောကမှအပ အခြားမည်သည့်နေရာမှ သွားစရာမရှိသကဲ့သို့ ၎င်းတို့သည် ဤလောကကမ္ဘာတွင် ကျေနပ်ရောင့်ရဲကာ ထိုင်နေခဲ့ကြသည်။ ဤလောကသည်သာလျှင် ၎င်းတို့အတွက် လမ်းဆုံးဖြစ်၍

ယင်းတွင်ထာဝရ နေရမည်ဖြစ်သည်ဟု မှတ်ယူထားသည်။ လူတိုင်းသည် ဤကမ္ဘာလောကကို နှုတ်ဆက်ခွဲခွာရမည် ဆိုခြင်းကို ထိုသူတို့က မည်သည့်အခါမျှ မစဉ်းစားခဲ့ကြပါ။ ဤကိစ္စသည် အလွန်ပွင့်လင်းသော သစ္စာတရားဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းနှင့်ပတ်သက်၍ သံသယဖြစ်စရာမရှိချေ။ ထို့နောက် ဤကမ္ဘာမြေကြီးမှ ထွက်ခွာရန် သေချာခဲ့လျှင် တစ်စုံတစ်ဦးသည် သွားရမည့်နေရာအတွက် ပြင်ဆင်မှု အချို့ပြုလုပ်ခဲ့ရမည်။

ထို့ပြင် ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များနှင့် လက္ခဏာတော်များကို အစဉ် တစိုက် ဂရုမပြုကြသူများဖြစ်ကြသည်။ အကယ်၍ ထိုသူများသည် ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်များ ယင်းတို့အကြားတွင် ဖန်ဆင်းထားခဲ့သည့် အံ့မခန်းဖွယ်ရာများကို တွေးတောစဉ်းစားခဲ့ကာ ၎င်းတို့အထဲတွင် လည်း မည်သည်တို့ရှိသည်ကို စဉ်းစားခဲ့လျှင် အရာရာတိုင်း၏ နောက်ကွယ်ရှိစိစ်မှန်မှုကို ၎င်းတို့သဘော ပေါက်ပေလိမ့်မည်။ ထိုနားလည်သဘော ပေါက်မှုက ၎င်းတို့၏ ကြောက်မက်ဖွယ် မေ့လျော့လျစ်လျူရှုမှုမှ ရုန်းထွက်နိုင်လိမ့်မည်။

အထက်ဖော်ပြထားခဲ့သည့် လက္ခဏာများရှိသောသူများ၏ အပြစ်ဒဏ်ခတ်ခံရမှုက ဂျဟန္နမ်ငရဲမီးဖြစ်ကာ နောင် တမလွန်ဘဝ၌ ၎င်းတို့အတွက် စောင့်ဆိုင်းနေသည်။ ဤပြစ်ဒဏ်ခတ်မှုမှာ ၎င်းတို့လုပ်ရပ်များ၏ ရလဒ်မှအပ အခြား မဟုတ်ချေ။

ကုရ်အာန်ကျမ်းတော်မြတ်က ရှင်းလင်တိကျစွာ ဖော်ပြခဲ့သည့် မယုံကြည်သွေဖည်သူများနှင့် ငြင်းပယ်သူများ၏ သွင်ပြင်လက္ခဏာများမှာ မုစ်လင်မ်များ၏ လက်ရှိအခြေအနေနှင့် မကွာခြားဆိုသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ကျွန်ုပ်တို့ဘဝနေနည်းနှင့် လုပ်ဆောင်မှုများ၊ တွေးတောမှုများကိုကြည့်လျှင် ဤကမ္ဘာနှင့်သက်ဆိုင်သည့် သောကမှအပ အခြားမည်သည်မျှမရှိဟူသည်ကို ကောက်ချက်ချနိုင်ပါသည်။ ထိုလက္ခဏာများရှိလင့်ကစား ကျွန်ုပ်တို့သည် စစ်မှန် ခိုင်ကြည်သော မုစ်လင်မ်များအဖြစ် သက်သောင့်သက်သာ ယုံကြည်နေခဲ့ကြသည်။ အစစ်အမှန်ယုံကြည်သော မုစ်လင်မ်မျိုးမှာ ကျွန်ုပ်တို့၏လေးစားဖွယ် ဘိုးဘေးများ၏ဖြစ်ကြကာ ၎င်းတို့အကြောင်း ကျွန်ုပ်တို့ စဉ်းစားတွေးတော၍ ပင်မရချေ။ ထိုသူတို့သည်သာ ၎င်းတို့မျက်နှာ ကြည့်ရုံမျှဖြင့် အလ္လာဟ်အရှင်မြတ်ကို သတိရစေပါသည်။ အလ္လာဟ် အရှင်မြတ်၏ စာရင်းစစ်ဆေးမှုခံရမည် ဟူသော သောကဖြင့် ၎င်းတို့နှလုံးသားက သိမ့်သိမ့်တုန်နေသည်။ ထိုအံ့ဖွယ် လူများအကြောင်း ပို၍ပြောရန်မဆိုထားနှင့် ပြစ်မှုဂိုနာဟ်များမှ ကာကွယ်ထားခြင်း (မအ်စူမ်) ခံရသော တမန်တော်မြတ် S ပင်လျှင် ကိုယ်တော်၏ ဘဝကို ထိုသို့သောအခြေအနေမျိုးနှင့် နေထိုင်သွားခဲ့ပါသည်။ ရှမာအိလ်သိရ်မိဇီကျမ်းထဲ၌ တမန်တော်မြတ် S သည် အမြဲလိုလို ဝမ်းနည်းပူဆွေး၍ သောကရောက်နေသည့်ဟန်ရှိသည်ဟု ဖော်ပြထားသည်။

တတိယအာယသ်(၉)ထဲတွင် ကြီးကျယ်မြင့်မြတ်တော်မူဆုံးဖြစ်သည့် အလ္လာဟ်အရှင်မြတ်၏လက္ခဏာများကို စဉ်းစားတွေးခေါ်သည့် ကံထူးသောသူများအကြောင်း ဖော်ပြထားခဲ့သည်။ ထိုသူများမှာ အရှင်မြတ်ကို အသိအမှတ်ပြု၍ သက်ဝင်ယုံကြည်ခဲ့ကာ ၎င်းတို့အိမာန်ယုံကြည်မှု၏ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာကျင့်သုံးခဲ့သဖြင့် တာဝန်ကျေပွန်သူများဖြစ်ကာ ကောင်း၍ မှန်ကန်သည်များ (အာမာလ်လေ့ဆွာလိဟာဟ်-ကောင်းမှုများ)ကိုသာ ပြောဆိုလုပ်ဆောင်ကြပါသည်။

ဤအံ့ဖွယ်လူများအား ကောင်းသော အစားပေးမှုနှင့် ကောင်းသောဆုလာဘ်များအကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က သီးသန့်အနေအထားဖြင့် ဖော်ပြထားခဲ့သည်။ أُولَٰئِكَ يَهْدِيهِمْ رَبُّهُم بِإِيمَانِهِمْ "၎င်းတို့အား ၎င်းတို့ကို မွေးမြူဖန်ဆင်းတော်မူသော အရှင်မြတ်သည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှုကြောင့် ချမ်းသာသုခ

နှင့်ပြည့်စုံသော ဥယျာဉ်များသို့ ပို့ဆောင်တော်မူမည်ဖြစ်သည်။ ၎င်းတို့ (နေထိုင်ရာ) အောက်၌ စမ်းရေချောင်းများ စီးတွေ့လျက်ရှိပေမည်" ဟု မိန့်ထားသည်။

ဤနေရာတွင် သုံးနှုန်းထားသည့် ကျော်ကြားသော **هدايۃ** ဟိဒါယသ်ဟူသောစကားလုံး၏ အဓိပ္ပာယ်မှာ လမ်းပြရန် (သို့မဟုတ်) ပြောရန်ဖြစ်သည်။ ထို့နောက် ဤစကားလုံးကို အခြားအချိန်အခါများတွင်လည်း တစ်စုံတစ်ဦးကို ရည်မှန်းထားသည့်ပန်းတိုင်ရောက်စေရန် ခေါ်ဆောင်သွားခြင်းဟူသော အဓိပ္ပာယ်နှင့်သုံးနှုန်းသည်။ ဤနေရာတွင် ရည်စူးသည့် အဓိပ္ပာယ်မှာ အထက်ပါအတိုင်းဖြစ်သည်။ နောက်ပိုင်းတွင် ဖော်ပြထားသည့် စကားလုံးများက ရည်မှန်းထားသည့်ပန်းတိုင်ဆိုသည်မှာ ဂျန္နသ်သုခဘုံဖြစ်ကြောင်း ရှင်းလင်းစေပါသည်။

ပထမအုပ်စုအတွက် ပြစ်ဒဏ်သည် ၎င်းတို့၏လုပ်ရပ်များရလဒ်ဖြစ်ကြောင်း ပြန်လည်သတိမူမိသည်။ ဤနေရာတွင်လည်း အလားတူ ဒုတိယအုပ်စု (ယုံကြည်သူများ)၏ ဆုလာဘ်ဖြင့် ကောင်းချီးမင်္ဂလာပေးခံရသည်ဟူ၍ ဖြစ်သည်။ ထို့ပြင် အီမာန်ယုံကြည်ချက်ကို အစောပိုင်းက ကောင်းမှုနှင့်တကွတွဲ၍ ဖော်ပြထားသောကြောင့် ဤနေရာတွင် ဖော်ပြထားသော အီမာန်ယုံကြည်ချက်သည် ကောင်းမှုကောင်းရာ (အာမာလိဆွာ လိဟာဟ်) တို့ဖြင့် ပံ့ပိုးထားသော ယုံကြည်ချက်ဟူ၍ အဓိပ္ပာယ်သက်ရောက်သည်။ အီမာန်ယုံကြည်မှုနှင့် ကောင်းမှုကောင်းရာအတွက် အစားပေးခံရသောအရာမှာ ဂျန္နသ်ဖြစ်ပေသည်။ ယင်းနေရာသည် စိတ်ကူး၍ပင် မရကာ အနှိုင်းမဲ့ချမ်းသာသုခရှိသော နေရာဖြစ်သည်။

ဂျန္နသ်သုခဘုံ၏လူများသည် ဂျန္နသ်သို့ရောက်ပြီးသည်နှင့် ယင်းတို့၏ သီးခြားအခြေအနေအချို့ကို စတုတ္ထ အာယသ် (၁၀)ထဲတွင် ဖော်ပြထားသည်။ ပထမအနေဖြင့် **دَعْوٰىهُمْ فِيْهَا سُبْحٰنَكَ اللّٰهُمَّ** "ယင်းသုခဘုံနန်း ဥယျာဉ်များတွင် ထိုသူတို့၏ စကားသည်" အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏" ဟူ၍ ဖြစ်သည်။ ဤနေရာပါ **دَعْوٰى**(ဒါအ်ဝါ) ဟူသောစကားလုံးအား အများသိသည့် တရားလိုမှ တရားပြိုင်ကို ပြောသည့် အခိုင်အမာပြောဆိုခြင်းဟု မမှတ်သင့်ချေ။ ဤနေရာ၌ 'ဒါအ်ဝါ'အား ဒုအာ (ဆုတောင်းခြင်း) အနေဖြင့် သုံးနှုန်းထားသည်။ ယင်းက ဆိုလိုသည်မှာ ဂျန္နသ်၏လူများသည် ဂျန္နသ်သို့ ရောက်သည်နှင့် ၎င်းတို့က ပြောကြလိမ့်မည်မှာ **سُبْحٰنَكَ اللّٰهُمَّ**၊ "အိုအလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏" ဒုအာဆုတောင်းခြင်း အနေဖြင့် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ထိုသူများသည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို ချီးမွမ်းထောမနာပြုကြပေလိမ့်မည်။(ယင်း လုပ်ရပ်ကို အစွလာမ့်ဘာသာရေး အသုံးအနှုန်းအရ သတ်စ်ဗီဟုခေါ်သည်။)

အများအားဖြင့် သိရှိထားသော 'ဒုအာ' ဆိုသည်မှာ တစ်စုံတစ်ရာကို တောင်းခံခြင်း (သို့မဟုတ်) တစ်စုံတစ်ရာရလိုသည်ကို ရှာဖွေခြင်းဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ မေးစရာပေါ်လာသည်။ **سُبْحٰنَكَ اللّٰهُمَّ** (စွဗ္ဗဟာနကလ်လာဟုမ္မ - အိုအလ္လာဟ်အရှင်မြတ် အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏"ဟူသော စကားလုံးများထဲတွင် တောင်းခံခြင်းမျိုး၊ ရှာကြံခြင်းမျိုး မပါဝင်ချေ။ သို့ဆိုလျှင် ယင်းကို 'ဒုအာ'ဟုခေါ်ခြင်း၏ အခြေခံမှာ မည်သည်နည်း။

အဖြေမှာ ဤနေရာ၌ သုံးနှုန်းထားသောဖော်ပြချက်မှာ ကြီးကျယ်သော အချိန်အခါအတွက် လျော်ညီသည့် ဆက်သွယ်မှု တစ်စုံတစ်ရာ ပေါ်လွင်ထင်ရှားစေသည်။ ဂျန္နသ်၏ လူများသည် အပြီးပြည့်စုံဆုံးသော ချမ်းသာသုခကို ရရှိလိမ့်မည် ဖြစ်ရာ ယင်းထဲတွင် ၎င်းတို့စိတ်ကူးလိုက်သည်နှင့် တစ်ပြိုင်နက် အလိုအလျောက် ရရှိပြီးမဖြစ်ပါသလော။

သို့ဆိုလျှင် တောင်းခံခြင်း (သို့မဟုတ်) ရှာကြံခြင်း မလိုအပ်ချေ။ လူသိများသောဒုအာလုပ် နည်းကို အစားထိုးသော အနေဖြင့် ထိုသူများက လုံးဝဥသုံး အမိန့်နာခံရိုကျိုးဝှ အလွှာဟ်အရှင်မြတ်၏ သပ်စ်ဗီမှအပ အခြားဘာမှပြောလိမ့်မည် မဟုတ်ပါ။ ထိုလုပ်ရပ်သည်လည်း ၎င်းတို့ ကမ္ဘာလောကတွင် နေထိုင်စဉ်က မပြုမနေရ ခဝပ်ကိုးကွယ်မှုလုပ်ရပ် လုပ်ဆောင်ခြင်း (၎င်းတို့သည် ထိုလုပ်ရပ်ကို ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ)တို့နှင့်မတူချေ။ စင်စစ် ထိုသူတို့သည် ဤချီးကျူးထောမနာပြုသည့် စကားလုံးများ ပြောဆိုခြင်း အရသာကို ကြိုက်နစ်သက်ကာ အလွန်အလွန် နှစ်ခြိုက်သည့် အနေဖြင့် ၎င်းတို့ဆန္ဒအလျောက် 'စွဗ္ဗဟာနကလွှာဟ်ဟုမ္မ'ဟု ပြောကြပေလိမ့်မည်။ တစ်ဖန်ထပ်၍ဟဒီးဆ်ကုရ်စီထဲတွင် တင်ပြထားသည်။ အလွှာဟ်အရှင် မိန့်ကြားထားသည်မှာ "ဒုအာတောင်းခံရမည်ကို တောင်းခံခြင်းမပြုနိုင်အောင် တစ်ချိန်လုံး ချီးကျူးထောမနာပြုနေသည့် ငါအရှင်မြတ်၏ ကျေးကျွန်တစ်ဦးကို ငါအရှင်မြတ်က တောင်းခံသူများတောင်းသည်ထက် သာလွန်ကောင်းမြတ်သည်ကို ပေးသနားတော်မူမည်။" ဆိုလိုသည်မှာ ထိုသူ၏ လိုအပ်ချက်များကို မတောင်းခံဘဲလျက် တာဝန်ယူတော်မူသည်ဟူ၍ဖြစ်သည်။ သို့ဆိုလျှင် "ဒိုအလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏"ဟူ၍ ဘာသာပြန်ဆိုထားသော "စွဗ္ဗဟာနကလွှာဟ်ဟုမ္မ"ဟူသည့် အသုံးအနှုန်းသည်လည်း 'ဒုအာ' (တောင်းဆုပြုခြင်း) ဟု ခေါ်ဆိုနိုင်သည်။

ဤအဓိပ္ပာယ်အရ ဆွဟီးဟ်အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ သည် နာကျင်သောအခါ (သို့မဟုတ်) စိတ်သောကရောက်သောအခါတွင် အောက်ဖော်ပြပါဒုအာကို တောင်းဆိုလေ့ရှိကြောင်း တင်ပြထားသည်။ ယင်းမှာ -

لَآ اِلٰهَ اِلَّا اللّٰهُ الْعَظِيْمُ الْحَلِيْمُ، لَآ اِلٰهَ اِلَّا اللّٰهُ رَبُّ الْعَرْشِ الْعَظِيْمِ،

لَآ اِلٰهَ اِلَّا اللّٰهُ رَبُّ السَّمٰوٰتِ وَرَبُّ الْاَرْضِ وَرَبُّ الْعَرْشِ الْكَرِيْمِ.

"အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရန်မရှိ၊ ထိုအရှင်သည် ကြီးကျယ်တော်မူ၍ သည်းခံတော်မူသော အရှင်မြတ်ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ရန်မရှိ၊ ထိုအရှင်မြတ်သည်ကြီးကျယ်သော ပလ္လင်တော်၏အရှင်သခင် ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်မှတစ်ပါး ခဝပ်ကိုး ကွယ်ရန်မရှိ၊ ထိုအရှင်မြတ်သည် မိုးကောင်းကင်များ၏ အရှင်သခင်၊ ကမ္ဘာပထဝီမြေကြီး၏ အရှင်သခင် နှင့် ကြီးကြယ်တော်မူသော ပလ္လင်တော်၏ အရှင်သခင်ဖြစ်တော်မူသည်" ဟူ၍ဖြစ်သည်။

အီမာမ်အလ်သွဗရီကပြောသည်မှာ မုစ်လင်မ်အုမ္မသ်ထု၏ သူတော်စင်သူတော်ကောင်းများ (အလ် ဆွလာဖ် အလ်ဆွာလိဟွန်)တို့က ဤဒုအာကို နာကျင်မှုအတွက် တောင်းဆိုသောဒုအာ (ကရိဗ်၏ဒုအာ) ဟု ခေါ်ဆိုလေ့ရှိသည်။ ပြင်းထန်စွာ နာကျင်စဉ်၊ စိတ်သောကရောက်စဉ်၊ စိတ်ရှုတ်ထွေးစဉ်တို့တွင် ထိုသူများသည် ဤစကားလုံးများ ရွတ်ဖတ်သရဇ္ဈာယ်၍ သက်သာရစေလိုကြောင်း အလ္လာဟ်အရှင်မြတ်ထံ ဒုအာဆုမွန် တောင်းခံကြပါသည်။

(သဖ်စီရ်ကုရ်သုဗီ)

အီမာမ်အိဗနိ ကျရီးရ်၊ အိဗနိမူန်ဒိရ်နှင့် အခြားသူများတင်ပြခဲ့သည့် ဟဒီးဆ်တော်တစ်ရပ်တွင်လည်း ဂျန္နသ်သုခဘုံရှိ လူများသည် တစ်စုံတစ်ရာရလိုသောဆန္ဒရှိလာလျှင် "စွဗ္ဗဟာနကလွှာဟ်ဟုမ္မ" ဟု ပြောဆိုကြလိမ့်မည်ဟု ပါရှိသည်။ ဤရွတ်ဆိုသံကို ကြားသည်နှင့်တစ်ပြိုင်နက် ကောင်းကင်စေတမန်များသည် ထိုသူများဆန္ဒရှိသည်ကို ချက်ချင်း

ဆက်သသည်။ စွပ္ပဟာနကလ္လာဟ်ဟုမ္မဟူသော စကားလုံးများသည် ဂျန္နသ် သုခဘုံမှ လူများအတွက် (PASS WORD) စကားဝှက်အနေဖြစ်သွားကာ ထိုသူများဆန္ဒရှိသည်ကို ပြောဆိုလိုက်သောအခါ၌ ကောင်းကင်စေတမန်များသည် ဝတ္တရားဆောင်ရွက်သည့်အနေဖြင့် အကြိမ်တိုင်း ဖြည့်ဆည်းပေးလိမ့်မည်။ (ရူဟုလ်မအာနီနှင့်ကုရ်သုဗီကျမ်း)

ထိုရှုထောင့်အရဆိုလျှင် စွပ္ပဟာနကလ္လာဟ်ဟုမ္မဟူသော အဆိုအမိန့်သည်လည်း ဒုအာတစ်ခုဟု ကျွန်ုပ်တို့ ခေါ်ဆိုနိုင်သည်။

ဂျန္နသ်သုခဘုံရှိ လူများ၏ဒုတိယအခြေအနေကို ဖော်ပြရာတွင် **تَحِيَّتُهُمْ فِيهَا سَلٰمٌ** "ထိုသူတို့၏ နှုတ်ခွန်းဆက်ခြင်းသည် 'စလာမ်'ဟူ၍လည်းကောင်း" ဟူ၍ မိန့်ထားသည်။ ထုံးတမ်းစဉ်အလာအသုံး၌ **تَحِيَّة** (သဟီယာဟ်) ဟူသည့် စကားလုံးအား ဝင်လာသောတစ်စုံတစ်ဦးကိုလည်းကောင်း၊ (သို့မဟုတ်) တစ်နေရာတွင် တွေ့ရှိသည့်တစ်စုံတစ်ဦးကိုလည်းကောင်း၊ နှုတ်ဆက်ရာတွင် အသုံးပြုသောစကားလုံးဖြစ်သည်။ ပမာဆိုသော် အာရဗ်များပြောလေ့ရှိသည်။"အဟ်လာမ်ဝစဟ်လာမ်"ဟူ၍ဖြစ်သည်။ သို့မဟုတ်မြန်မာများပြောသော'မင်္ဂလာပါ။ကောင်းသောနံနက်ခင်းပါ၊ တွေ့ရတာဝမ်းသာပါတယ်'ဟူ၍ ပြောသကဲ့သို့ပြောပုံဖြစ်သည်။ ဤအာယသ်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဂျန္နသ်ရှိလူများကို အလ္လာဟ်အရှင်မြတ်ကဖြစ်စေ၊ ကောင်းကင်စေတမန်များကဖြစ်စေ 'စလာမ်' ဟူသော စကားဖြင့် နှုတ်ဆက်ပါလိမ့်မည်။ ဆိုလိုသည်မှာ နာကျင်ဖွယ် (သို့မဟုတ်) မနှစ်မြို့ဖွယ်အရာတိုင်းမှ ယခုအခါ အမြဲကာကွယ်ပြီးဖြစ်သည်ဆိုသည့် ကောင်းသတင်း အသင့်အားပေးသည်ဟူ၍ဖြစ်သည်။ ဤစလာမ်နှုတ်ဆက်မှုသည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ထံမှဖြစ်နိုင်သည်ဆိုခြင်းကိုစူရာဟ်ယာစီန် **سَلٰمٌ قَوْلًا مِّنْ رَّبٍّ رَّحِيمٍ** "ဖန်ဆင်းမွေးမြူတော်မူသော အလွန်တရာ သနားကြင်နာတော်မူသော အရှင်မြတ်အထံတော်မှ 'စလာမ်' (ချမ်းမြေ့သာယာစေ)ဟူ၍ မိန့်ကြားတော်မူဒဲ့သတည်း။ (၃၆း၅၈)" ထဲတွင် မိန့်ထားသည်။ ထို့ပြင် ယင်းကို ကောင်းကင်စေတမန်များထံမှလည်း ဖြစ်နိုင်သည်ဆိုကြောင်းကို အခြားတစ်နေရာ၌ **وَالْمَلٰٓئِكَةُ يَدْخُلُونَ عَلَيْهِمْ مِّنْ كُلِّ بَابٍ سَلٰمٌ عَلَيْكُمْ** ၎င်းပြင် မလာအိကဟ်ကောင်းကင်တမန်များသည် ထိုသူတို့ထံသို့ တံခါးတိုင်းမှ ဝင်ရောက်ကြပေမည်။ (ယင်းမလာ အိကဟ် ကောင်းကင်တမန်များသည် ၎င်းတို့ထံ ဝင်ရောက်ကြသောအခါ ဤသို့နှုတ်ခွန်းဆက်သပြောဆိုကြ မည်ဖြစ်၏။ (စလာမွန်အလိုင်းကွန်မ် အသင်တို့သည် (လောကီဘဝ၌) ခန္ဓာတရားထားရှိ၍ တည်တံ့ကြံခိုင်စွာ ရှိခဲ့ကြသည့်အတွက် ငြိမ်းချမ်းသာယာမှုသည် အသင်တို့အပေါ်၌ ကျရောက်ပါစေသား။ (၁၃ း ၂၃-၂၄)" ဟူ၍ မိန့်ထားသည်။ စကားမစပ် ဤအဆိုအမိန့်နှစ်ခုစလုံးမှာ ဖိလာဆန့်ကျင်ခြင်းမရှိပါ။ အလ္လာဟ်အရှင်မြတ်ထံတော်မှ 'စလာမ်' ကို တိုက်ရိုက်ကျရောက်သည့် အခါရှိသကဲ့သို့ ကောင်းကင်စေတမန်များထံမှ ယင်းစလာမ်ကျရောက်သည့်အချိန်များလည်း ရှိပေသည်။ စလာမ်နှုတ်ခွန်းဆက်သခြင်းသည် ဤကမ္ဘာလောကဘ၌ ဒုအာ (ဆုတောင်းမှု) အမှန်ဖြစ်သော်လည်း တစ်စုံတစ်ဦးလိုအပ်သော (သို့မဟုတ်) ဆန္ဒရှိသောအရာရာတိုင်းကို ရရှိနိုင်သည့် ဂျန္နသ်သုခဘုံထဲတွင်မူ ဤစကားလုံးသည် ယင်း၏ တောင်းခံမှု (ဒုအာ) အနက်အဓိပ္ပာယ်အတိုင်း ဆက်၍မရှိတော့ပါ။ ယင်းအစား ကောင်းသတင်း ပြည့်စုံစေသည့်အရာဖြစ်သွားလိမ့်မည်။ (ရူဟုလ်မအာနီ)

ဂျန္နသ်သုခဘုံရှိ လူများ၏ဘဝ တတိယအခြေအနေကို ဖော်ပြရာတွင် **اٰخِرُ دَعْوٰىهُمْ اَنِ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ** "ထိုသူတို့၏ နောက်ဆုံး (နိဂုံးချုပ်) စကားသည် ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့ကား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာ အပ်စပ်သည်" ဟူ၍လည်းကောင်း ဖြစ်အံ့သတည်း" ဟူ၍ မိန့်ထားသည်။

အဆိုအဓိန့်၏ အဓိကအရေးကြီးသော ရည်ရွယ်ချက်မှာ ဂျန္နသ်၏လူများသည် ထိုနေရာရောက်လျှင် ရောက်ချင်း အလွှာဟ်အရှင်မြတ်ကို ပိုမိုကောင်းမွန်စွာ စတင်နားလည်လာလိမ့်မည်ဖြစ်သည်။

နာမ်ပိုင်းဆိုင်ရာ ဆရာတစ်ပါးဖြစ်သည့် ရှဟာဗွတ်ဒီးန် စရ်ဝရ်ဒီးန်က ပြောသည်မှာ "ဂျန္နသ်၏ လူများသည် ဂျန္နသ်ထဲရောက်ပြီးနောက် အားလုံးကို ခြုံငြောရလျှင် ကမ္ဘာလောကတွင် အိုလမာသာသနာ့ ပညာရှင်များ၏ တတ်သိနားလည်မှုနှင့် အသိပညာအဆင့်ဖြင့် ကောင်းချီးမင်္ဂလာပေးခြင်းခံရမည်။ အိုလမာ သာသနာ့ပညာရှင်များမှာ ဤကမ္ဘာမြေပေါ်တွင် တမန်တော်များရရှိခဲ့သည့် အဆင့်အတန်းသို့ မြင့်တက်လိမ့်မည်။ တမန်တော်များမှာ ဤကမ္ဘာတွင် ၎င်းတို့ထက် အထင်ရှားဆုံးဖြစ်သည့် စိုက်ယိဒနာ မုဟမ္မဒ်အလ် မုစ်တဖာ S ၏အဆင့်သို့ ရောက်ရှိသွားလိမ့်မည်။ ထို့နောက် တမန်တော်မြတ် S သည် ဂျန္နသ်သုခဘုံ တွင် အလွှာဟ်အရှင်မြတ်နှင့် နီးကပ်မှု အမြင့်ဆုံးအဆင့်အတန်း ရရှိလိမ့်မည်။ ဤခန်းနားကြီးကျယ်သည့် နေရာသည် "ကောင်းချီးမင်္ဂလာပေးခံရသည့် အဆင့်အတန်း (အလ်မကာမ် အလ်မဟ်မုဒ်)ဟူသော အာဇန် ဖိတ်ခေါ်ပြီးနောက် တောင်းဆုပြုစေသောနေရာဖြစ်ကာ တမန်တော်မြတ် S ကိုယ်တိုင်က မုစ်လင်မ်များကို တောင်းဆုပန်စေရန် သင်ကြားသောနေရာကို ရည်ညွှန်းသည်ဟူ၍ဖြစ်သည်။

အတိုချုပ်မှာ ဂျန္နသ်ရှိလူများ စတင်တောင်းဆိုသော ဒုအာမှာ سُبْحَٰنَكَ اللَّٰهُمَّ "စွဗွဟာန ကလွှာဟ်ဟုမ္မ။ အိုအလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်တော်မူပါ၏" ဖြစ်ကာ နောက်ဆုံးဒုအာမှာ الْحَمْدُ لِلَّٰهِ رَبِّ الْعَٰلَمِينَ "အလ်ဟမ်ဒုလစ်လွှာဟ်ဟိ ရဗ္ဗိလ်အားလမီးန်။ ချီးမွမ်းထောမနာပြုခြင်း အပေါင်းတို့ကား စကြဝဠာ ခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလွှာဟ်အရှင်မြတ်နှင့်သာ အပ်စပ်သည်" ဟူ၍ဖြစ်ပါလိမ့်မည်။ ဤနေရာ၌ အလွှာဟ်အရှင်မြတ်၏ ဂုဏ်တော်နှစ်ပါးကို ထောက်ပြထားသည်။ ပထမတစ်ခုမှာ ထိုအရှင်မြတ်သည် အလွန်ကြီးကျယ်မြတ်ထွတ်တော်မူသော အရှင်ဖြစ်သည်။ ယင်းကပြသသည်မှာ အရှင်မြတ်သည် မည်သည့်ချို့တဲ့မှု (သို့မဟုတ်) မကောင်းမှုများမှ ကင်းစင်ကြောင်းဖြစ်သည်။ ဒုတိယတစ်ခုမှာ ခန့်ညားတော်မူခြင်းဖြစ်ကာ ယင်းကြောင့် ဂုဏ်သိက္ခာရှိမှု၊ ကြီးကျယ်မှု၊ သဘောထားကြီးမှုနှင့် ပြီးပြည့်စုံမှုကို ဖော်ပြသည်။ စူရတ်အရ်ရတ်မာန်၏ နောက်ဆုံးအာယသ်ထဲ၌ ဂုဏ်တော်နှစ်ပါးစလုံးကို အမည်မှည့်ခေါ်၍ မိန့်တော်မူသည်မှာ تَبَٰرَكَ ٱسْمُ رَبِّكَ ذِى ٱلْجَلَٰلِ وَٱلْإِكْرَامِ ("အို-နဗီ တမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော တန်ခိုးတော်ရှင်၊ ကျေးဇူးတော်ရှင်၏ နာမတော်သည် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါပေသည်တကား" (၅၅း၇၈) ဟူ၍ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အနည်းငယ်မျှ စဉ်းစား တွေးတောကြည့်မည်ဆိုလျှင် အလွှာဟ်အရှင်မြတ်၏ အကြွင်းမဲ့ သန့်ရှင်းစင်ကြယ်တော်မူခြင်းဆိုသည်မှာ အရှင်မြတ်၏ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူပါသည်၏ တစိတ်တပိုင်းဖြစ် သည်။ ထိုပြင် အရှင်မြတ်၏ ဂုဏ်တော်ဖြစ်သော အတိုင်းမသိမင်္ဂလာရှိခြင်းဟူသော ဂုဏ်တော်သည် ချီးကျူးထောမနာ ထိုက်သော ဂုဏ်တော်ဖြစ်သည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသောဂုဏ်တော်နှင့် အတိုင်းမသိ မင်္ဂလာရှိခြင်းဟူသော ဂုဏ်တော်တို့သည် ထိုအစီအစဉ်တိုင်း ကျရောက်ရမည်ဖြစ်သောကြောင့် ဂျန္နသ်ရှိ လူများသည် အရှင်မြတ်၏ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောဂုဏ်တော်ကို ပထမဦးစွာ သတိရသောအနေဖြင့် စွဗွဟာန ကလွှာဟ်ဟုမ္မ "အို-အလွှာဟ်အရှင်မြတ်၊ အရှင်မြတ်သည် အလွန်ပင်သန့်ရှင်း စင်ကြယ်တော်မူသော အရှင်ဖြစ်တော်မူ၏" ဟု ပြောကြပါလိမ့်မည်။ ထို့နောက် ၎င်းတို့သည် အရှင်မြတ်၏ချီးကျူးထောမနာထိုက်သော ဂုဏ်တော် အလ်ဟမ်ဒု လစ်လွှာဟ်ဟိ ရဗ်ဗိလ် အာလမီးန် "ချီးမွမ်းထောမနာပြုခြင်းအပေါင်းတို့ကား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော

အလ္လာဟ်အရှင်မြတ်နှင့်သာ အပ်စပ်သည်" ဟူ၍ ပြောကြပါလိမ့်မည်။ ယင်းကို ၎င်းတို့ တစ်ချိန်လုံးပြုလုပ် နေကြမည် ဖြစ်သည်။

ထို့ပြင် ဤအခြေအနေသုံးရပ်၏ သဘာဝအခြေအနေအရ ဂျုန္နသ်ရှိလူများသည် စွတ်ဟာနကလွာ ဟုမ္မဟု ပြောဆိုသောအခါ၌ ယင်းပြောဆိုချက်ကို တုန့်ပြန်သောအားဖြင့် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်မှ စလာမ် နူတ်ခွန်းဆက်မှု ရရှိပါလိမ့်မည်။ ထိုသို့ရရှိပြီးနောက် ၎င်းတို့က ပြန်လည်၍ **اَلْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ** "ချီးမွမ်းထောမနာ ပြုခြင်းအပေါင်းတို့ကား စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အလ္လာဟ် အရှင်မြတ်နှင့်သာ အပ်စပ် သည်" ဟူ၍ ပြောကြလိမ့်မည်။ (ရူဟုလ်မအာနီ)

အမိန့်ပညတ်ချက်များနှင့် ဥပဒေသများ

အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် အလ်ကုရ်သုဒီကပြောသည်မှာ ဂျုန္နသ်ရှိလူများ၏ ဤအပြုအမူအရ စား ခြင်းသောက်ခြင်းနှင့် ကျွန်ုပ်တို့လုပ်သမျှအရာတိုင်းကို စတင်လုပ်ဆောင်ရာတွင် ဗိစ္စမိလ္လာဟ်နှင့် အစပြု၍ အလ်ဟမ် ဒုလစ်လ္လာဟ်ဖြင့် အဆုံးသတ်ခြင်းမှာ စွန္နသ်တော်ဖြစ်သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အရှင် မြတ်၏ ကျေးကျွန်သည် တစ်စုံတစ်ရာစားသည်ဖြစ်စေ၊ သောက်သည်ဖြစ်စေ **بِسْمِ اللّٰهِ** ဗိစ္စမိလ္လာဟ်ဖြင့် အစပြု၍ ပြီးဆုံးလျှင် **اَلْحَمْدُ لِلّٰهِ** အလ်ဟမ်ဒုလစ်လ္လာဟ်ဖြင့် အဆုံးသတ်ခြင်းကို အရှင်မြတ် နှစ်သက်တော်မူသည်ဟုဖြစ်သည်။

وَاٰخِرُ دَعْوٰنَآ اَنِ الْحَمْدُ لِلّٰهِ رَبِّ الْعٰلَمِيْنَ ၌ "ကျွန်ုပ်တို့ ဒုအာအဆုံး၌ စကြဝဠာတစ်ခုလုံး၏ အရှင်သခင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်ကို ချီးကျူး ထောမနာပြုပါသည်" ဟု ရွတ်ဆိုခြင်းသည် (မုစ်သဟဗ်) ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အီမာန်အလ်ကုရ်သုဒီက ထပ်၍ပြောသည်မှာ ထိုဒုအာနှင့်အတူ စူရဟ်အတ်စ်စ်စွာဖာတ်၏ နောက်ဆုံးအာယသ် (၃၇ : ၁၈၀-၁၈၂) ကို ရွတ်ဆိုခြင်း သာလွန်ကောင်းမွန်ပေသည်။ ယင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

سُبْحَانَ رَبِّكَ رَبِّ الْعِزَّةِ عَمَّا يَصِفُوْنَ. وَسَلٰمٌ عَلَى الْمُرْسَلِيْنَ وَالْحَمْدُ لِلّٰهِ رَبِّ الْعَالَمِيْنَ

"အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အနန္တဂုဏ်ထူးရှင်ဖြစ်တော်မူသော အရှင်မြတ်သည် အရှင်မြတ် သည် ၎င်းတို့ ကြံဖန်ပြောဆိုကြသည်တို့မှ လုံးဝကင်းရှင်းစင်ကြယ်တော်မူပါဘိတကား။

၎င်းပြင် ချမ်းမြေ့သာယာမှုသည် "ရစူလ်" တမန်တော်တို့အပေါ်ဝယ် ကျရောက်ပါစေသော်။

ထိုမှတစ်ပါး ချီးမွမ်းထောမနာအလုံးစုံတို့သည် စကြဝဠာခပ်သိမ်းတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်နှင့်သာ အပ်စပ်ပေသတည်း။ (၃၇ : ၁၈၀-၁၈၂)

အာယသ် (၁၁ - ၁၇)

وَلَوْ يُعَجِّلُ اللّٰهُ لِلنَّاسِ الشَّرَّ اسْتِعْجَالَهُمْ بِالْخَيْرِ لَقُضِيَ اِلَيْهِمْ اَجَلُهُمْ ؕ فَنَذَرُ
الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا فِيْ طُغْيَانِهِمْ يَعْمَهُوْنَ ﴿۱۱﴾ وَاِذَا مَسَّ الْاِنْسَانَ الضُّرُّ
دَعَانَا لِجَنْۢبِهٖۤ اَوْ قَاعِدًا اَوْ قَآئِمًا ۚ فَلَمَّا كَشَفْنَا عَنْهُ ضُرَّهٗ مَرَّ كَاَنْ لَّمْ يَدْعُنَاۤ
اِلٰى ضُرٍّ مَّسَّهٗ ؕ كَذٰلِكَ زُيِّنَ لِلْمُسْرِفِيْنَ مَا كَانُوْا يَعْمَلُوْنَ ﴿۱۲﴾ وَلَقَدْ اَهْلَكْنَا
الْقُرُوْنَ مِنْ قَبْلِكُمْ لَمَّا ظَلَمُوْا ۙ وَجَآءَتْهُمْ رُسُلُهُمْ بِالْبَيِّنٰتِ وَمَا كَانُوْا
لِيُؤْمِنُوْا ؕ كَذٰلِكَ نَجْزِي الْقَوْمَ الْمُجْرِمِيْنَ ﴿۱۳﴾ ثُمَّ جَعَلْنٰكُمْ خَلٰٓئِفَ فِي
الْاَرْضِ مِنْۢ بَعْدِهِمْ لِنَنْظُرَ كَيْفَ تَعْمَلُوْنَ ﴿۱۴﴾ وَاِذَا تُتْلٰى عَلَيْهِمْ اٰيَاتُنَا
بَيِّنٰتٍ ۙ قَالَ الَّذِيْنَ لَا يَرْجُوْنَ لِقَآءَنَا ائْتِ بِقُرْاٰنٍ غَيْرِ هٰذَاۤ اَوْ بَدِّلْهُ ؕ قُلْ مَا
يَكُوْنُ لِيْۤ اَنْ اُبَدِّلَهٗ مِنْ تِلْقَآئِ نَفْسِيْ ۚ اِنْ اَتَّبِعُ اِلَّا مَا يُوْحٰۤى اِلَيَّ ۚ اِنِّيْۤ اَخَافُ اِنْ
عَصَيْتُ رَبِّيْ عَذَابَ يَوْمٍ عَظِيْمٍ ﴿۱۵﴾ قُلْ لَّوْ شَآءَ اللّٰهُ مَا تَلَوْتُهٗ عَلَيْكُمْ وَلَاۤ
اَدْرٰىكُمْ بِهٖ ۖ فَقَدْ لَبِثْتُ فِيْكُمْ عُمُرًا مِّنْ قَبْلِهٖ ؕ اَفَلَا تَعْقِلُوْنَ ﴿۱۶﴾ فَمَنْ اَظْلَمُ
مِمَّنِ افْتَرٰى عَلَى اللّٰهِ كَذِبًا اَوْ كَذَّبَ بِاٰيٰتِهٖ ؕ اِنَّهٗ لَا يُفْلِحُ الْمُجْرِمُوْنَ ﴿۱۷﴾

စင်စစ်သော်ကား အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူများထံသို့ ၎င်းတို့အကောင်းကို အလျင်စလိုပြုလုပ်ကြဘိသကဲ့သို့ အဆိုးကို ဖြစ်စေတော်မူပါလျှင် (၎င်းတို့အား ပြစ်ဒဏ်ပေးတော်မူရန် ကတိသည် ပြီးဆုံးခန်းသို့ ရောက်ပြီးဖြစ်ချေအံ့။) တစ်နည်း (၎င်းတို့အဖို့ ပိုင်းခြားအပ်သော ကာလအပိုင်းသည်ကား ဇကာန်မလွဲ ပြီးဆုံးခဲ့ပြီး ဖြစ်ချေအံ့။) သို့ရာတွင် ငါအရှင်မြတ်သည် ငါအရှင်မြတ်နှင့် တွေ့ဆုံခြင်းကို မမျှော်လင့်သူတို့အား ၎င်းတို့၏ ခေါင်းမာမှုဥပင် တဝေ့လည်လည်ဖြစ်ရှိစေကြရန် စွန့်ပစ်၍ ထားရှိတော်မူပေသတည်း။

(တစ်နည်း) ၎င်းပြင် အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် လူများထံသို့ ၎င်းတို့အကောင်းကို အလျင်အမြန်တောင်းဆိုသကဲ့သို့ အဆိုးကိုပို့ဆောင် (သက်ရောက်) စေတော်မူပါလျှင် ၎င်းတို့၏သက်တမ်းသည် မုချအဆုံးသတ်ပြီးဖြစ်ချေမည်။ သို့ရာတွင် ငါအရှင်မြတ်သည် ငါအရှင်မြတ်နှင့်တွေ့ရမည်ကို မမျှော်လင့်သောသူများအား ၎င်းတို့၏ မောက်မာဆိုးသွမ်းမှုဥ တဝေ့လည်လည်ဖြစ် ရှိစေကြရန် စွန့်ပစ်၍ထားတော်မူသည်။

(၁၀ : ၁၁)

သို့ရာတွင် လူသားဌ ဘေးဒုက္ခ (အချို့) ဆိုက်ရောက်လာသောအခါ ၎င်းသည် ငါအရှင်မြတ်အား လဲလျောင်းလျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ၊ မတ်တတ်ရပ်လျက်ဖြစ်စေ

ဟစ်ခေါ်လေတော့၏။ တစ်ဖန် ငါအရှင်မြတ်သည် ၎င်း၏ဘေးဒုက္ခကို ကင်းဝေးပပျောက်စေတော်မူခဲ့ သည်ရှိသော် ၎င်းသည် ငါအရှင်မြတ်အား မိမိ၌ဆိုက်ရောက်ခဲ့သော ဘေးဒုက္ခအတွက် (တစ်ကြိမ်တစ်ခါမျှ) ဟစ်ခေါ်ခြင်းမပြုဘိသကဲ့သို့ပင် ဖြစ်သွားပြန်၏။ ဤသို့ပင် စည်းမဲ့ကမ်းမဲ့ ပြုလုပ်သောသူတို့အမြင်၌ ၎င်းတို့ပြုလုပ်လျက် ရှိခဲ့သည်များသည် လှပတင့်တယ်စွာ တွေ့မြင်ရ လေသတည်း။ (၁၀ : ၁၂)

ထို့ပြင် ဇကာမလွတ်ငါအရှင်မြတ်သည် အသင်တို့အလျင် (များစွာသော) အမျိုးအနွယ်များကို ၎င်းတို့မတော်မတရား ကျူးလွန်ခဲ့ကြသောအခါ ဖျက်ဆီးတော်မူခဲ့လေသည်။ အမှန်စင်စစ်သော်ကား ၎င်းတို့ထံ ၎င်းတို့၏ ရဿုလ်တမန်တော်များသည် ထင်ရှားလှစွာသော သက်သေလက္ခဏာတော်များကို ယူဆောင်လာခဲ့ကြကုန်၏။ စင်စစ်သော်ကား ၎င်းတို့သည် သက်ဝင်ယုံကြည်ကြမည့်သူများ မဟုတ်ကြချေ။ ငါအရှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား ဤကဲ့သို့ပင် အစားပေးတော်မူ လေသည်။ (၁၀ : ၁၃)

ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အသင်တို့မည်သို့ ပြုလုပ်ကြသည်ကို ကြည့်ရှုတော်မူရန် အသင်တို့အား ကမ္ဘာ မြေပြင်ဝယ် ကိုယ်စားလှယ်များပြုလုပ်တော်မူသည်။ (၁၀ : ၁၄)

၎င်းပြင် ထိုသူတို့ရှေ့ဝယ် ငါအရှင်မြတ်၏ ထင်ရှားလှစွာသော အာယသ်တော်ကို ဖတ်ကြားခဲ့သောအခါ ငါအရှင်မြတ်နှင့်တွေ့ဆုံရန် မမျှော်လင့်သောသူတို့က "အသင်သည် ဤမှတစ်ပါး အခြားကုရ်အာန် ကို ယူခဲ့ပါလော၊ သို့တည်းမဟုတ် ဤသည်ကိုပင် ပြောင်းလဲ၍ပေးပါ လော" ဟု ပြောဆိုကြကုန်၏။ အသင်သည် (၎င်းတို့အား)ဤသို့) ပြောကြားပါလော။ (အချင်းတို့) ငါ၏အဖို့ ဤကုရ်အာန်၌ မိမိ၏စိတ်အလို အလျောက် ပြောင်းလဲခွင့်မရှိချေ။ ငါသည် မိမိထံ၌ညွှန်ကြားခြင်းခံရသော အမိန့်ကိုသာလိုက်နာ၏။ အကယ်၍ ငါသည် မိမိအရှင်မြတ်၏ အမိန့်တော်ကို ဖီဆန်မိပါလျှင် ကြီးကျယ်သော (ကိယာမသ်) နေ့၏ အပြစ်ဒဏ်ကို ငါစိုးရိမ်မိသည်။ (၁၀ : ၁၅)

(အိုး-နဗီတမန်တော်) အသင်သည် (၎င်းတို့အား)ဤသို့) ပြောကြားပါလော။ (ဟယ် အချင်းတို့) "အကယ်၍ အလ္လာဟ်အရှင်မြတ်သည် (ဤအတိုင်း) အလိုရှိတော်မူခဲ့လျှင် ငါသည်လည်း ထို(ကုရ်အာန်)ကို အသင်တို့ရှေ့ဝယ် ဖတ်ကြားနိုင်မည်မဟုတ်။ ထိုအရှင်မြတ်သည်လည်း အသင်တို့အား ယင်း(ကုရ်အာန်)နှင့်စပ်လျဉ်း၍ အသိပေးတော်မူမည်မဟုတ်။ တစ်ဖန်ဇကာမ်စင်စစ် ငါသည် ထို(ကုရ်အာန်မကျရောက်မီ) အလျင်ကလည်း အသင်တို့အထဲတွင် တစ်သက်တာမျှ နေခဲ့ပြီးဖြစ်ပေသည်။ သို့ပါလျက် အသင်တို့သည် နားမလည်ကြလေသလော။" (၁၀ : ၁၆)

သို့ဖြစ်ပေရာ အကြင်သူထက်ဝိုမိုး၍ မတရားသောသူသည် မည် သူရှိဦးမည်နည်း။ ထိုသူသည် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို ကြံဖန်လိဆယ်၍ စွပ်စွဲခဲ့လေသည်။

သို့တည်းမဟုတ် ထိုသူသည် ထိုအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မှန်ဟူ၍ ငြင်းပယ်ခဲ့လေသည်။ ဇကန်စင်စစ် ပြစ်မှုကျူးလွန်သူတို့သည် အောင်မြင်မှုအလျှင်းရရှိကြမည် မဟုတ်ပေတကား။ (၁၀ : ၁၇)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်ခုနစ်ခုအနက် ပထမအာယသ်ထဲ၍ ဖော်ပြထားသည်တို့မှာ အာခိရသ် (နောင်တမလွန်ဘဝ)ကို ငြင်းပယ်သောသူများနှင့် သက်ဆိုင်သည်။ ဤအကြောင်းကြောင့် ထိုသူများအား အာခိရသ်တွင် ခံစားရမည့် ပြစ်ဒဏ်များအကြောင်းနှင့် ပတ်သက်၍ သတိပေးခဲ့သောအခါ ပြက်ရယ်ပြောင်လှောင်လျက် "အကယ်၍ သာ အသင်ပြောဆိုသည်တို့ မှန်ကန်ခဲ့လျှင် ယခုပင် ကျွန်ုပ်တို့အပေါ် ပြစ်ဒဏ်ကျ ရောက်ပါစေ" ဟူ၍လည်းကောင်း၊ (သို့မဟုတ်) "ထိုပြစ်ဒဏ်ခတ်မှုသည် အဘယ်ကြောင့် ခပ်မြန်မြန် မကျရောက်ပါသနည်း" ဟူ၍လည်းကောင်း ပြောကြပါသည်။ ဤသို့ပြောဆိုခြင်းသည် "အိုအလ္လာဟ် အကယ်၍ ဤပြစ်ဒဏ်ခတ်မှုမှန်ကန်လျှင် ကျွန်ုပ်တို့ပေါ်သို့ မိုးကောင်းကင်မှ ကျောက်ခဲမိုးချပါစေ၊ (သို့မဟုတ်) အခြား ပြင်းထန်သောပြစ်ဒဏ်ခတ်မှုမျိုး ကျရောက်ပါစေ" ဟူသော နဇရ် အိဗနိဟာရိသ်ပြောသည်နှင့် တူနေပါသည်။

ဤသည်အတွက် ထိုအာယသ်ထဲတွင် ဖြေကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအပေါ်တွင် တန်ခိုးအာဏာ လွှမ်းခြုံထားတော်မူသည်ဟု မိန့်ထားသည်။ ထိုအရှင်မြတ်သည် ယခုအချိန်မှာ ပင်လျှင် ထိုပြစ်ဒဏ်ခတ်မှုကို တစ်ခဏအတွင်းကျရောက်နိုင်ပါသည်။ သို့သော်လည်း အရှင်မြတ်၏အနန္တ ဉာဏ်တော်နှင့် အနန္တအသနားကြင်နာမှုအရ ထိုသို့လုပ်ရန် နှစ်သက်တော်မမူချေ။ လူအများက သူတို့အပေါ် မကောင်းသည်များနှင့် အခက်အခဲများကျရောက်စေရန် ဆန္ဒပြုသောအခါတွင် သူတို့ဘာတွေလုပ်နေသည် ဆိုခြင်းကို သူတို့သတိမမူခဲ့ပါ။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ဆန္ဒပြုသကဲ့သို့ ၎င်းတို့တောင်းဆိုသော ကျိန်စာများကို ကောင်းသောဒုအာတောင်းသည်များ မြန်မြန်နှင့်ချက်ချင်း လက်ခံသကဲ့သို့ လက်ခံခွင့်ပြုခဲ့လျှင် ၎င်းတို့တစ်ယောက်မကျန် ဖျက်ဆီးခြင်းခံရပေမည်။

ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အလ္လာဟ်အရှင်မြတ်သည် လူတစ်ဦး၏ကောင်းကျိုးအတွက် တောင်းဆိုသောဒုအာများကို မကြာခဏလက်ခံလေ့ရှိသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဓလေ့တော်ဖြစ်သည်။ အကယ်၍ တစ်ချိန်မဟုတ်တစ်ချိန်တွင် အသိဉာဏ်ကြွယ်သည့် တွေးတောဆင်ခြင်မှု အချို့ကြောင့် ဒုအာကိုလက်မခံခဲ့လျှင် ယင်းသည်ယေဘုယျ ဥပဒေနှင့်မဆန့်ကျင်ပါ။ သို့သော်လည်း လူတစ်ဦးသည် မသိနားမလည်မှု (သို့မဟုတ်) အမျက်ဒေါသ(သို့မဟုတ်) ဝမ်းနည်းပူဆွေးမှုတို့ကြောင့် သူ့အပေါ်၌လည်းကောင်း၊ သူ့မိသားစုအပေါ်၌ လည်းကောင်း ကျိန်ဆဲမှုတစ်ခုကို ဒုအာ၏လှုပသောအမည်ဖြင့် တောင်းခံလျှင်ကား ယင်းသည်ဒုအာနှင့်မတူ ကွဲပြားခြားနားလေသည်။ ဤကံမကောင်း အကြောင်းမလှသူတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြစ်ဒဏ်ခတ်မှုနှင့်အလားတူ အာခိရသ်၏ မှန်ကန်ခြင်းကို ငြင်းပယ်သူသည် ၎င်းတို့ပေါ် ပြစ်ဒဏ်ခတ်ခံရမှု ကျခံစေရန် တောင်းခံခြင်းသည်ကား အလ္လာဟ်အရှင်မြတ်နှင့် ကစားစရာလုပ်နေသည်နှင့် တူပေသည်။ အလ္လာဟ်အရှင်မြတ်သည် ဤကဲ့သို့သော တောင်းဆုဒုအာကို ချက်ချင်းလက်မခံချေ။ ဤငြင်းပယ်သူများ စဉ်းစားရန်နှင့် ငြင်းဆိုမှုရှောင်ရှားရန် ဆိုင်းငံ့အချိန်ပေးထားသည်။

သို့မဟုတ်လျှင် အကယ်၍ ဒေါသ ဝမ်းနည်းပူဆွေးမှုအချို့ (သို့မဟုတ်) ကြုံမိကြုံရာဖြင့် ဘဒ်ဒုအာကျိန်ဆဲခြင်းပြုခဲ့လျှင် ၎င်း၏လုပ်ရပ်ကို စမ်းစစ်ရန်နှင့် မကောင်းသည်များရှောင်ရှား၍ ယင်းမကောင်းသည်များမှ ကင်းကွာစေရန်အတွက် အချိန်ကာလ တစ်ခုရစေ ပါသည်။

ကသာဒါဟ်၏ခိုင်လုံမှုအရ၊ အိဗနိဂျရီး၏ မုဂျာဟစ်၏ခိုင်လုံမှုအရ၊ အလ်ဗုခါရီနှင့် မွတ်စ်လင်မ်ကျမ်း များတွင် တင်ပြထားသည်မှာ ဤနေရာတွင် ဘဒ်ဒုအာကျန်ဆဲခြင်းမှာ စိတ်ဆိုးနေသောသူတစ်ဦးသည် သားသမီးများ၊ စည်းစိမ်ဥစ္စာ(သို့မဟုတ်) ပိုင်ဆိုင်ပစ္စည်းများကို ပျက်စီးစေရန် ဆိုးကျိုးဖြစ်စေသည့် တောင်းဆိုခြင်းကို ရည်ညွှန်းသည်။ အကယ်၍ လူတစ်ဦးသည် ထိုအရာများအပေါ်၌ ဤကျိန်စာများရွတ်ဆိုခဲ့ရာတွင် ယင်းသည် ဒုအာတောင်းဆိုမှုမှာ အကျုံးဝင်သွားပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏အနန္တကရုဏာတော်အရ ထိုကဲ့သို့သော တောင်း ဆိုမှုကို အဆောတလျင် လက်ခံတော်မူလေ့မရှိပါ။ အီမာမ် အလ်ကုရ်သုဗီက ဟဒီးဆ်ဆင့်ပြန်ချက်တစ်ရပ်၏ ခိုင်လုံမှု ပေါ် တင်ပြချက်တစ်ခုဌ် တမန်တော်မြတ် S မိန့်တော်မူသည်မှာ "ငါကိုယ်တော်သည် မိတ်ဆွေတစ်ဦး (သို့မဟုတ်) ဆွေမျိုး သားချင်းတစ်ဦးက အခြားမိတ်ဆွေတစ်ဦး(သို့မဟုတ်) အခြားဆွေမျိုးသားချင်းတစ်ဦးပေါ် ဘဒ်ဒုအာ မကောင်း ကျိန်ဆဲခြင်းကို လက်မခံရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာပြုအသနားခံတော်မူခဲ့သည်။ ရှာဟ်ရဲအိဗနိဟောင်ဝ်ရှားဗ်က ပြောသည်မှာ "လူသား၏လိုအပ်ချက်များတာဝန်ယူရေးမှတ်ရန်အတွက် ခန့်အပ်ထားသည့် ကောင်းကင်စေတမန်တို့ကို အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ အသနားတော်အရ ညွှန်ကြားသည်မှာ အရှင့်အစေခံတစ်ဦး ဝမ်းနည်းပူဆွေးစဉ် (သို့မဟုတ်) ဒေါသဖြစ်စဉ်တွင်ဖြစ်စေ ပြောဆိုသည်များ မှတ်သားမရေးသားရန် ညွှန်ကြားထားကြောင်း ကျွန်ုပ်ဖတ်ဖူးခဲ့ သည်" ဟု၍ဖြစ်သည်။ (ကုရ်သုဗီ)

ဤနေရာ၌ပြောထားခဲ့သည်များ ရှိလင့်ကစား တစ်စုံတစ်ဦးတစ်ထိုင်တည်း ပြောနေသည်ကို ရုတ်ချည်း လက်ခံခဲ့သော အလ္လာဟ်အရှင်မြတ် လက်ခံသည့်အခါများလည်း ရှိပေသည်။ ထို့ကြောင့် တမန်တော်မြတ် S က မိန့်ခဲ့သည်မှာ အသင်၏သားသမီးများ အပေါ်၌လည်းကောင်း သို့မဟုတ် အသင့်ကိုယ်၌ပေါ်တွင် လည်းကောင်း မကောင်း ဖြစ်စေရန် မည်သည့်အခါမျှ ဒုအာမပြုပါနှင့်။ အဘယ့်ကြောင့်ဆိုသော် ဒုအာတောင်းချိန်တွင် ဒုအာလက်ခံချိန် နှင့် တိုက်ဆိုင်ခဲ့လျှင် ယင်းမကောင်းသည့်ဒုအာ ချက်ချင်းလက်ခံတော်မူပြီး (အသက်ဝင်စေခဲ့လျှင်) နောင်တွင် အသင့် အတွက် ဝမ်းနည်းပူဆွေးဖွယ်များ ဖြစ်လာလိမ့်မည်ဟူ၍ဖြစ်သည်။ ဤဟဒီးဆ်တော်သည် စိုက်ယိဒိနာ ဂျာဗီးရ် d ၏ ခိုင်လုံမှုအရ ဆွဟီးဟ်မွတ်စ်လင်မ်ကျမ်းများတွင် ဘုဝါတ်စစ်ပွဲတွင်ဖြစ်ပွားခဲ့သော အဖြစ်အပျက်နှင့်ပတ်သက်၍ ဖော်ပြ ထားခဲ့သည်။

ဤဟဒီးဆ်များအားလုံး၏ရလဒ်ကို အောက်ပါအတိုင်းတင်ပြထားသည်။ ယခုဆွေးနွေးနေသည့် အာယသ်ထဲ တွင် အဓိကဦးတည်ပြောခံရသူများသည် အာခိရသ်ကိုငြင်းပယ်၍ ပြစ်ဒဂ်ခတ်ခံရမှုကို ရုတ်ချည်း ကျရောက်စေရန် တောင်းဆိုခဲ့သည့်သူများ ဖြစ်သည်ဆိုသည်မှာ ထင်ရှားသည်။ သို့သော်လည်း ရလဒ်၏စကြဝဠာလုံးဆိုင်အမြင်အရ ယင်းတွင်မွတ်စ်လင်မ်များလည်း အကျုံးဝင်သည်။ ထိုမွတ်စ်လင်မ်များမှာ ဝမ်းနည်းကြေကွဲမှုအရလည်းကောင်း (သို့ မဟုတ်) ဒေါသအလျောက်လည်းကောင်း ၎င်းတို့ကိုယ်တိုင်ကို သော်လည်းကောင်း၊ ၎င်းတို့ ပိုင်ဆိုင်သည် များကိုလည်း ကောင်း၊ ၎င်းတို့၏ သားသမီးများကို လည်းကောင်း ကျိန်ဆဲမှုပြုနိုင်သည်။ အရှင်မြတ်၏ဂုဏ်ကျက် သရေတော်နှင့် ကြင်နာတရားမှုအရ ထိုအရှင်မြတ်၏ ဓလေ့တော်မှာ ထိုနှစ်မျိုးစလုံးကို တူညီအပြုအမူဖြင့် ဆက်ဆံ တော်မူသည်။ အရှင်မြတ်သည် ထိုကဲ့သို့သော မကောင်းသည့် ကျိန်ဆဲမှုများကို အကောင်အထည်ဖော်၍ ရုတ်ချည်းအကျိုးသက်ရ

ရာက်မှုမရှိစေပါ။ သို့မှသာ မှားယွင်းစွာပြုမိသောသူများသည် ထိုလုပ်ရပ်ကို ပြန်လည်တွေးတောချ၍ ပယ် ဖျက်ရန် အခွင့်အလမ်းရရှိနိုင်ပါလိမ့်မည်။

ဒုတိယအာယသ် (၁၂)ထဲတွင် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းတည်ရှိကြောင်း (သောင်ဟီးဒ်)နှင့် နောင် တမလွန်ဘဝ အာခိရသ်ရှိသည်ကို ငြင်းပယ်ခဲ့သောသူများအား ဖြောင်းဖြရန် အာဝိဇ္ဇာန်းရွှင်သည့် ချဉ်းကပ်မှုတစ်ခု ပြုလုပ်ထားခဲ့သည်။ မိန့်ထားသည်မှာ အခြေအနေများ ပုံမှန်ဖြစ်ခဲ့လျှင် အလ္လာဟ်အရှင် တစ်ပါးတည်း တည်ရှိခြင်းနှင့် နောင်တမလွန်ဘဝနှင့် ပတ်သက်သောသဘာဝကို အခြေအတင်စကားပြော ဆိုရန် လူများတွင် အချိန်ရှိကြောင်းတွေ့ ရှိပါလိမ့်မည်။ အရှင်မြတ်၏ သန့်ရှင်းစင်ကြယ်တော်မူသော တည်ရှိခြင်းနှင့် အရှင်မြတ်ကို အလုံးစုံနှင့်လွတ်လပ်စွာ တွဲဖက်ယှဉ်တွဲနိုင်သည်ဟု ထင်မှတ်ကြကာ ဒုက္ခရောက်ချိန် တွင် ယင်းတွဲဖက်သည့်အရာများသည် တုန့်ပြန်ကြလိမ့် မည်ဟု မျှော်လင့်ကြသည်။ သို့သော်လည်း ထိုသူများ အပေါ် ကြီးမားသောဒုက္ခအချို့ ကျရောက်သည်နှင့်တစ်ပြိုင်နက် များစွာသောဘုရားများအပေါ် ယုံကြည်မက်ထားသူများသည် ထိုဘုရားများကို စိတ်ပျက်ကြကာ အလ္လာဟ်အရှင်မြတ် ထံတွင် ထိုင်လျက်ဖြစ်စေ၊ လဲလျောင်း၍ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ အကြိမ်ကြိမ်အကူအညီ တောင်းခံခဲ့သည်မှအပ အခြားမည်သည်မျှမလုပ်နိုင်ချေ။ သူတို့တွင် ရွေးချယ်စရာမရှိချေ။ သူတို့သည် အရှင်မြတ်ထံတွင်သာ အကူအညီ တောင်းခံခဲ့ကြသည်။ သို့သော်လည်း ဤသဘောထားနှင့်ယှဉ်တွဲ၍ ၎င်းတို့၏ကျေးဇူးကန်းမှုမှာကား မုချကြောက်မက် ဖွယ်ဖြစ်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ဒုက္ခများကို ဖယ်ရှားပေးလိုက်သောအခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကို လုံးလုံးလျားလျားမေ့လျော့၍ ၎င်းတို့ဒုက္ခရောက်နေစဉ်တွင် ထိုအရှင်မြတ်ထံ မည်သည့်အခါမျှ အကူအညီ မတောင်းခံခဲ့သကဲ့သို့ အရှင်မြတ်နှင့်အဆက်ဖြတ်၍ ဂရုမစိုက်ဘဲနေခဲ့ကြသည်။ ဤသည်က ကျွန်ုပ်တို့ ကို ပြောသည်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်၏ဖန်ဆင်းမှုတစ်ခုလုံး၏လိုအပ်ချက်များကို ဖြည့်ဆည်းတော်မူ၍ သီးသန့်ဖြည့်ဆည်းတော်မူသော အရှင်မြတ်ကို တစ်စုံတစ်ဦး (သို့မဟုတ်) တစ်စုံတစ်ရာနှင့် ယှဉ်တွဲကိုးကွယ်သူများ သည် အထက်က အတွေ့အကြုံအရ ၎င်းတို့ သောင်ဟီးဒ်နှင့် အာခိရတ်၏ ယုံကြည်မှုဖျက်ဆီးပစ်လိုက်ကြသည်။ သို့သော်လည်း ၎င်းတို့၏ရန်လိုမှုနှင့် ခေါင်းမာမှုသည် သူတို့၏မှားယွင်းသောအယူအဆကို တွဲဖက်ထားစေပါသည်။

အာယသ်(၁၂)ပါအကြောင်းအရာကို အာယသ်(၁၃)ထဲတွင် ကွဲပြားသောရှုထောင့်တစ်ခုမှ အလေးအနက်ပြု ထားခဲ့သည်။ မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်က ငြင်းပယ်သူနှင့် မယုံကြည်သွေဖည်သူတို့ကို ဆိုင်းငံ့ကာလ ပေးထား၍ ဤကမ္ဘာလောကတွင် ပြစ်ဒဏ်မခတ်ခြင်းကို အတွက်မမှားပါနှင့်။ အတိတ်က လူများ၏သမိုင်းတွင် သူတို့၏ ခေါင်းမာမှုနှင့် အမိန့်ဖီဆန်မှုအတွက် ဤကမ္ဘာလောကမှာပင် အမျိုးမျိုးသော ပြစ်ဒဏ်ခတ်ခံရမှု ကျခံရသည့်အကြောင်း ပါဝင်သည်။ တမန်တော်များတွင် အထင်ကရဖြစ်သည့် စိုက်ယိဒ်နာ မုဟမ္မဒ်အလ်မွတ်စ်သဖာ S ၏ ဂုဏ်သိက္ခာကြောင့် မွတ်စ်လင်မ်အစ္စမ်သ်ထုပေါ်တွင် မည်သည့်အစုလိုက် အပြုံလိုက် ပြစ်ဒဏ်ခတ်မှုမှ မကျရောက်ဆိုခြင်း၏ ကတိတော်ကား အခြားကိစ္စဖြစ်သည်။ သို့သော်လည်း ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ ဤကရုဏာတော်အရ လူအများသည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို ဖိတ်ခေါ်ရုံမျှမက တောင်းဆိုလာသည်အထိ အတင့်ရဲလာပါ သည်။ ယင်းနှင့်ဆန့်ကျင်စွာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို မည်သည့်အခြေအနေတွင်မဆို ဂရုမမူအလေး မထားခြင်းသည် မလျော်ကန်ကြောင်း သတိရှိရန် အရေးကြီးသည်။ (မွတ်စ်လင်မ်ကျမ်း) အကြောင်းမှာ မွတ်စ်လင်မ် အစ္စမ်သ် ထုအပေါ်၌သော်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခုလုံးပေါ်၌လည်းကောင်း အစုလိုက် အပြုံလိုက် ပြစ်ဒဏ် ခတ်မှု

မကျရောက်စေသော ကတိတော်သည် အမြဲအတည်ဖြစ်သည်မှာ မုချဖြစ်သော်လည်း သီးသန့်လူများ (သို့မဟုတ်) တိုင်းနိုင်ငံများအပေါ်တွင်မူ ယခုအချိန်၌ပင်လျှင် ကျရောက်နိုင်ချေ ရှိလေသည်။

အာယသ်(၁၄)ထဲတွင် ثُمَّ جَعَلْنٰكُمْ خَلٰٓئِفَ فِي الْاَرْضِ مِنْۢ بَعْدِهِمْ لِنَنْظُرَ كَيْفَ تَعْمَلُوْنَ "ထို့နောက် ငါအရှင်မြတ်သည် ၎င်းတို့၏နောက်တွင် အသင်တို့မည်သို့ပြုလုပ်ကြသည်ကို ကြည့်ရှုတော်မူရန် အသင်တို့အား ကမ္ဘာမြေပြင်ဝယ် ကိုယ်စားလှယ်များ ပြုလုပ်တော်မူသည်" ဟူ၍ မိန့်ထားခြင်းက ဆိုလိုသည်မှာ "လွန်လေပြီးသောသူများကို ဖျက်ဆီးပြီးသည့်နောက် ငါအရှင်မြတ်သည် အသင်တို့အား ထိုသူများ၏ ဆက်ခံသူများဖြစ်စေကာ ကမ္ဘာမြေပြင်ဝယ် အသင်တို့ကို ကိုယ်စားလှယ်များအဖြစ် ခန့်အပ်တော်မူသည်။ သို့ရာတွင် ကမ္ဘာမြေပေါ်ဝယ် အသင်တို့အား ဤကိုယ်စားလှယ်ခန့်အပ်မှုသည် အေးဆေးစွာနေရမည်ဟူသည့် မှားယွင်းသော အတွေးအခေါ် မဖြစ်ပါစေနှင့်။ စင်စစ်အသင်တို့အပေါ် ဤဂုဏ်ထူးအပ်နှင်းခြင်းသည် သင်တို့မည်သို့လုပ်ဆောင်မည်ကို စမ်းသပ်ရန်ဖြစ်သည်။ အသင်တို့သည် အတိတ်မှလူများ၏သမိုင်းထဲမှ သင်ခန်းစာရယူမည်လော၊ သို့တည်းမဟုတ် အာဇာနှင့် ဥစ္စာဓနပေါ်ယစ်မူးကြမည်လော" ဟူ၍ဖြစ်သည်။

ဤသည်ကကျွန်ုပ်တို့ကိုပြောသည်မှာ လောကီအာဇာသည်မောက်မာရန် သို့မဟုတ် ထောင်လွှားရန်မဟုတ်ချေ။ ဤတာဝန်မှာ အခက်အခဲဆုံးဖြစ်၍ အလွန်လေးလံကာ ကိုယ်တွယ်ရန် နူးညံ့သိမ်မွေ့သော တာဝန်ဖြစ်သည်။

နောက်ဆုံးအာယသ် (၁၅-၁၇) ထဲ၌ အာခိရတ်ကို ငြင်းပယ်သူများ လက်ခံထာသည့်မှားယွင်းသော စိတ်ကူးစိတ်သန်းအား ငြင်းဆိုထားမှုနှင့် ၎င်းတို့၏မလျော်ကန်သော မေတ္တာရပ်ခံချက်ကို ငြင်းပယ်ထားသည် များပါဝင်သည်။ သူတို့သည် အလွှာဟ်အရှင်မြတ်ကိုလည်းကောင်း၊ အရှင်မြတ်ချပေးတော်မူသည့် ဝဟီများအ ကြောင်းကိုလည်းကောင်း (သို့မဟုတ်) အလွှာဟ်အရှင်မြတ် စေလွှတ်တော်မူသည့် နဗီတမန်တော်များ အကြောင်းကို လည်းကောင်း များများစားစား မသိကြပါ။ ထိုတမန်တော်တို့သည် သာမန်လူသားများသာဖြစ်၍ ဘာမျှမထူးခြားဟု ၎င်းတို့ကမှတ်ယူကြသည်။ အစွလာမ် တမန်တော်မှတစ်ဆင့် ကမ္ဘာပေါ်ရောက်ရှိလာသည့် ကုရ်အာန်ကျမ်းတော်မြတ်အကြောင်း စဉ်းစားကြည့်ပါ။ ဤသည်ကိုပင် ကိုယ်တော်မြတ်က ပြောဆိုရေးသားခဲ့သည်ဟု ၎င်းတို့ကထင်မှတ်ခဲ့ကြသည်။ ဤကဲ့သို့သော စွဲမှတ်သည့်စိတ်ဓာတ်ဖြင့် တမန်တော်မြတ် S ကို ပြောသည်မှာ "ဤကုရ်အာန်သည် ကျွန်ုပ်တို့ယုံကြည်ချက်များ၊ အယူအဆများနှင့် ဆန့်ကျင်သည်။ ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များက ၎င်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းသူများဟူ၍ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်ခဲ့ကြသော ဤရုပ်တုများသည် ကုရ်အာန်အလိုအရ လုံးဝမှားယွင်းကာ အကျိုးသက်ရောက်မှုမရှိဟုဆိုသည်။ ကျွန်ုပ်တို့၏ရောင်းဝယ်ဖောက်ကားမှုတွင် တစ်လျှောက်လုံး သုံးစွဲခဲ့သည့်အရာများရှိသည်။ ကုရ်အာန်က ဤသည် အားလုံးတရားမဝင်ဟု ပြောထားသည်။ ထို့နောက် ကုရ်အာန်က ကျွန်ုပ်တို့သေဆုံးပြီး နောက် တစ်ဖန်ပြန် လည်ရှင်ပြန်ထမြောက်၍ ကျွန်ုပ်တို့ပြုလုပ်ခဲ့သမျှကို စာရင်းစစ်ဆေးခံရမည့်အကြောင်း ပြောထားသည်။ ဤသည်တို့ အားလုံးသည် ကျွန်ုပ်တို့အတွက် အဓိပ္ပာယ်မရှိချေ။ ကျွန်ုပ်တို့သည် ယင်းတို့ကို လက်ခံရန်အဆင်သင့်မဖြစ်သေး ချေ။ ထို့ကြောင့် ကျွန်ုပ်တို့လုပ်ခိုင်းသည့် ကိစ္စရပ်နှစ်ခုအနက် တစ်ခုကို သင်လုပ်ရပါမည်။ ဤကုရ်အာန်ကျမ်းကို ဤအကြောင်းအရာများမပါသည့် အခြားကုရ်အာန်ဖြင့် အစားထိုးပါလေ။ သို့မဟုတ် အနည်းဆုံး ဤကုရ်အာန်ကျမ်းကို ပြင်ဆင်၍ ထို (မလိုလားအပ်သော)အရာများကို ကုရ်အာန်ထဲမှ ထုတ်ပယ်ပါလေ" ဟူ၍ ဖြစ်သည်။

ဤမှားယွင်းသော အယူအဆကို ငြင်းပယ်သည့်အနေဖြင့် ပထမဦးစွာ ကုရ်အာန်ကျမ်းတော်မြတ်က တမန်တော်မြတ် S ကို ညွှန်ကြားသည်မှာ ဤကုရ်အာန်သည် ကိုယ်တော်မြတ်ရေးထားသော ကုရ်အာန်မဟုတ်ကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို မိမိသဘောနှင့် ပြုပြင်ပြောင်းလဲမှုမလုပ်နိုင်ကြောင်း ထိုသူများအား ပြောကြားစေပါသည်။ ကိုယ်တော်မြတ်ထံ အလ္လာဟ်အရှင်မြတ် ချပေးတော်မူသည့်အတိုင်း ကိုယ်တော်က လိုက်နာဆောင်ရွက်ပါသည်။ အကယ်၍ ကိုယ်တော်မြတ်သည် ဤကုရ်အာန်ကျမ်းပါ အသေးငယ်ဆုံးအရာကိုပင် ကိုယ်တော့်သဘောနှင့် ပြုပြင်ပြောင်းလဲခဲ့လျှင် အလ္လာဟ်အရှင်မြတ် အမိန့်ဖီဆန်သူများအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်ခတ်မှုမျိုး ကိုယ်တော်မြတ်အပေါ် ကျရောက်မည်ကို စိုးရွံ့သဖြင့် ထိုသို့မလုပ်နိုင်ပါ။

ထို့နောက် ကိုယ်တော်မြတ်သည် အရာရာတိုင်းကို အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရသာ ပြုလုပ်သည်ဖြစ်ကြောင်း ထိုသူများအား ပြောကြားရန် မိန့်ကြားထားသည်။ အကယ်၍သာ အလ္လာဟ်အရှင်မြတ်၏ အလိုတော်အရ ဤမုကွပါဋိဋ္ဌတော်များကို ထိုသူများမရွတ်ဖတ်ရဟုဆိုလျှင် ကိုယ်တော်သည် ရွတ်ဖတ် သရဇ္ဈာယ်ပြမည် မဟုတ်သကဲ့သို့ အလ္လာဟ်အရှင်မြတ်ကလည်း ထိုသူများကို ဤကျမ်းစာနှင့်ပတ်သက်၍ အသိပေးတော်မူမည် မဟုတ်ချေ။ ယခုအခါ ထိုသူများကို အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိဋ္ဌတော်များ အတိအကျ နားဆင်စေရန် အရှင်မြတ် အလိုရှိတော်မူသဖြင့် မည်သူသည် ထိုကျမ်းတော်ပါစားသားများကို တိုးခြင်း၊ လျော့ခြင်း လုပ်ရဲပါသနည်း။

ယင်းနောက် ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူ၍ အရှင်မြတ်၏ မုကွပါဋိ တော်ဖြစ်သည်ဆိုကြောင်းကို فَقَدْ لَبِثْتُ فِيكُمْ عُمُرًا مِّن قَبْلِهِ "တစ်ဖန် ဇကော်စင်စစ် ငါသည် ထို (ကုရ်အာန် မကျရောက်မီ) အလျင်ကလည်း အသင်တို့အထဲတွင် တစ်သက်တာမျှ နေခဲ့ပြီးဖြစ်ပေသည်" ဟူ၍ မိန့်ထားသော ပွင့်လင်းသောအခြေအတင် ပြောဆိုမှုတစ်ခုဖြင့် အပြီးအပြတ်ဖြစ်စေပါသည်။ အမှန်တကယ် တွင် ကိုယ်တော်မြတ်မိန့်သည်မှာ "တစ်ခဏစဉ်းစားကြည့်ပါ။ ကျွန်ုပ်၏ အနှစ်လေးဆယ် ရှည်လျားသော သက်တမ်းကို အသင်တို့နှင့်အတူ မကုန်ဆုံးခဲ့ပါသလော။ ဤကာလအတွင်း ကျွန်ုပ်သည် ရေးစပ်ခြင်း၊ ကဗျာရွတ်ဆိုခြင်း၊ စာစီစာကုံးများရေးသားခြင်း စသည်တို့ကို သင်တို့မည်သည့်အခါမျှ မကြားခဲ့ရပါ။ အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိဋ္ဌတော်များကဲ့သို့သောအရာများ ကျွန်ုပ်ကျမ်းကျင်ခဲ့လျှင် အနှစ်လေးဆယ်ကာလအတွင်း အနည်းဆုံး အချို့တလေကို ပြောကြားမည်ဖြစ်လျှင် သဘာဝကျပါလိမ့်မည်။ ထပ်၍အသင်တို့နှင့် အတူရှိခဲ့သော ကျွန်ုပ်သက်တမ်း အနှစ်လေးဆယ်တွင် ကျွန်ုပ်၏မှန်ကန်မှုနှင့် ရိုးသားမှုစသော ကျွန်ုပ်အကျင့်စာရိတ္တနှင့် အပြုအမူများမှာ အသင်တို့တွင် တိုက်ရိုက်အတွေ့အကြုံရှိခဲ့ပါသည်။ အသင်တို့သိသည့်အချိန်မှစ၍ ကျွန်ုပ်မည်သည့်အခါမျှ လိမ်လည်ခြင်းမရှိကြောင်း အသိပင်ဖြစ်သည်။ အနှစ်လေးဆယ်ကျော်မှ ကျွန်ုပ်က အသင်တို့ကိုဘာကြောင့် စတင်လိမ်လည်ရမည်နည်း။ ဤသည်မှာ တမန်တော်မြတ် S သည် မှန်ကန်၍ ယုံကြည်ကိုးစားထိုက်သူဖြစ်ကြောင်း ရှင်းလင်းသော သက်သေအထောက်အထားများဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ပါဝင်သည်များသည် အလ္လာဟ်အရှင်မြတ်၏မုကွပါဋိဋ္ဌတော်များသာဖြစ်၍ ထိုအရှင်မြတ်ထံမှ ကျရောက်ခဲ့ခြင်းဖြစ်သည်။

အရေးကြီးသည့်မှတ်စု

ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤအခြေအတင်ပြောဆိုမှုသည် အလ္လာဟ်အရှင်မြတ်၏ မုကွပါဋိဋ္ဌတော်စစ်မှန်ကြောင်း ပြီးပြည့်စုံသည့် သက်သေပြချက်တစ်ခုဖြစ်သည်မှာ သံသယမရှိချေ။ သို့သော်လည်း ယင်းက အများ

သူငါနှင့်ဆိုင်သည့် ကိစ္စရပ်များတွင် လုပ်ဆောင်ရမည့်၊ အမြဲလိုက်နာကျင့်သုံးရမည့် ဥပဒေသတစ်ရပ် ကျွန်ုပ်တို့ကို ပေးထားသည်။ ယင်းဥပဒေသအရ လုပ်ဆောင်မှုတိုင်းတွင် ကျွန်ုပ်တို့သည် အမှားနှင့်အမှန်၊ အစစ်နှင့်အတုကို ခွဲခြားနိုင်စွမ်းရှိရမည်။ တစ်စုံတစ်ဦးကို တာဝန်ဝတ္တရားတစ်ခုအတွက် ရာထူး(သို့မဟုတ်) အဆင့်ပေးမည်ဆိုလျှင် ပေးအပ်ခံရမည့်သူ၏ အရည်အချင်းနှင့် စွမ်းဆောင်နိုင်မှုကို အကဲဖြတ်ရန်အရေးကြီးသည်။ ထိုကိစ္စလုပ်ဆောင်ရန်အတွက် အကောင်းဆုံး နည်းကား ထိုသူ၏အတိတ်ဘဝ မှတ်တမ်းကို လေ့လာရန်ဖြစ်သည်။ အကယ်၍မှတ်တမ်းအရ သက်ဆိုင်သူသည် ဖြောင့်မတ်မှန်ကန်၍ ယုံကြည်ကိုးစားထိုက်ကြောင်း တွေ့ရှိရပါလျှင် အနာဂတ်တွင်လည်း ထိုသို့ပင်ဖြစ်မည်ဟု မျှော်လင့်နိုင်သည်။ ထို့ပြင် အကယ်၍ ထိုသူ၏အတိတ်ဘဝမှတ်တမ်းထဲတွင် သူ၏ရိုးသားမှုနှင့်မှန်ကန်မှု သက်သေလက္ခဏာများ မတွေ့ခဲ့လျှင် ၎င်း၏ပြောဆိုမှုများအရ သူ့ကိုအနာဂတ်အတွက် ယုံကြည်မှုထားခြင်းသည် အသိဉာဏ်ကြွယ်သည့် လုပ်ရပ်မဟုတ်ချေ။ ကျွန်ုပ်တို့ ခေတ်အခါတွင် တာဝန်ရှိသော ရာထူးတစ်ခုအတွက် မှန်ကန်သည့်သူတစ်ဦးရှာဖွေခြင်းဆိုသည်မှာ ထိတ်လန့်စရာဖြစ်ပေသည်။ အမှားပေါင်းစုံ (ရည်ရွယ်ချက်ဖြင့်သော် လည်းကောင်း၊ နောက်ကြောင်းသုတေသနဖြင့် သော်လည်းကောင်း အဆုံးအဖြတ်ပြုခြင်း) ကျူးလွန်ခဲ့ကာ အမှားအယွင်းများဖြစ်သည်။ ယင်းအမှားများသည် ပြန့်နှံ့နေသည့် မငြိမ်မသက်မှုများ (လူမှုရေးဆိုင်ရာနှင့် အစိုးရဆိုင်ရာ ဌာနများရှိ) တွင် ဖြစ်ပွားနေကြသည်။ ဤသို့ဖြစ်ခြင်း၏ စစ်မှန်သောအကြောင်းအရင်းမှာ ဤသဘာဝစည်းမျဉ်းစည်းကမ်းကို စွန့်လွှတ်ကာ ဓလေ့ထုံးစံအရ သမရိုးကျ (မရိုးသားမှုသက်သက်)ကို ဦးစားပေးခြင်းကြောင့်ဖြစ်သည်။

နောက်ဆုံး အာယသ်(၁၇)သည် ဤအကြောင်းအရာကို အပြီးအပြတ်အလေးအနက်ပြု၍ သတိပေးထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ မုကျွပါဠိတော်မဟုတ်သည်တို့ကို အလ္လာဟ်အရှင်မြတ်၏အမိန့်ဟု တင်စားခြင်း(သို့မဟုတ်)အစစ်အမှန်ကိုငြင်းဆိုခြင်းတို့သည်ကြီးလေးသောပြစ်ဒဏ်ခတ်မှုနှင့်ထိုက်တန်သောပြစ်မှုများဖြစ်ကြောင်း သတိပေးထားသည်။

အာယသ် (၁၈ - ၂၀)

وَيَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهُمْ وَلَا يَنْفَعُهُمْ وَيَقُوْلُوْنَ هٰٓؤُلَآءِ شُفَعَآؤُنَا عِنْدَ اللّٰهِ ؕ قُلْ اَتُنَبِّـُٔوْنَ اللّٰهَ بِمَا لَا يَعْلَمُ فِي السَّمٰوٰتِ وَلَا فِي الْاَرْضِ ؕ سُبْحٰنَهٗ وَتَعٰلٰى عَمَّا يُشْرِكُوْنَ ﴿۱۸﴾ وَمَا كَانَ النَّاسُ اِلَّآ اُمَّةً وَّاحِدَةً فَاخْتَلَفُوْا ؕ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ فِيْمَا فِيْهِ يَخْتَلِفُوْنَ ﴿۱۹﴾ وَيَقُوْلُوْنَ لَوْلَآ اُنْزِلَ عَلَيْهِ اٰيَةٌ مِّنْ رَّبِّهٖ ۚ فَقُلْ اِنَّمَا الْغَيْبُ لِلّٰهِ فَانْتَظِرُوْا ۚ اِنِّيْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ﴿۲۰﴾

စင်စစ်သော်ကား ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်ပယ်၍ အကြောင်းအရာများကို ကိုးကွယ်ဆည်းကပ်ကြလေသည်။ ထိုအရာများသည် ၎င်းတို့အား အကျိုးယုတ်စေနိုင်ကြသည်လည်း မဟုတ်ပေ။ ထို့ပြင် ထိုအရာများသည် ၎င်းတို့အား အကျိုးဖြစ်ထွန်းစေနိုင်ကြသည်လည်း မဟုတ်ပေ။ ထိုမှတစ်ပါး ၎င်းတို့က "ဤသည်တို့ကား ကျွန်ုပ်

တို့အား အလွှာဟ်အရှင်မြတ်အထံတော်၌ ကြားဝင်အသနားခံပေးမည့် အရာများပင်ဖြစ်သည်" ဟု ပြောဆိုကြကုန်၏။ (အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ (အချင်းတို့) "အသင်တို့သည် အလွှာဟ်အရှင်မြတ်အား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ထိုအရှင်မြတ် သိတော်မမူသောအရာနှင့် စပ်လျဉ်း၍ သတင်းပေးကြသလော။ ထိုအရှင်မြတ်သည် သန့်ရှင်း စင်ကြယ်တော်မူသည့်အပြင် ထိုအရှင်မြတ်သည် ၎င်းတို့ တွဲဖက် နှိုင်းယှဉ် ကိုးကွယ်ကြကုန်သောအရာများထက် မြင့်မြတ်တော်မူပေ သတည်း။ (၁၀ း ၁၈)

စင်စစ်သော်ကား လူသားတို့သည် (ယခင်မူလက) ဘာသာဝါဒ တူညီသော လူတစ်စု တည်းသာလျှင်ဖြစ်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် (ဘာသာဝါဒ၌) သဘောကွဲလွဲခဲ့ကြကုန်၏။စင်စစ်သော်ကားအကယ်၍သာအသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ စကားတစ်ရပ်သည် ရှေးဦးပထမကပင် ရှိနှင့်ခဲ့ပြီးမဖြစ်ပါလျှင် မုချကောန် ၎င်းတို့အချင်းချင်း သဘောကွဲလွဲနေသောအရာနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပြီးဖြစ်ချိမ့်မည်။ (၁၀ း ၁၉)

ထိုမှတစ်ပါး ၎င်းတို့သည် (ဤသို့) ပြောဆိုကြကုန်၏။ အဘယ်ကြောင့် ထို(ရဏ္ဍလ်တမန်တော်)၏အပေါ်၌၎င်း၏အရှင်မြတ်အထံတော်မှသက်သေလက္ခဏာတစ်စုံတစ်ရာ မကျရောက်ခဲ့ပါသနည်း။ သို့ဖြစ်ပေရာ (အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ဖြေကြားပါလေ။ (အချင်းတို့) "အကယ်စင်စစ် အကွယ်၌ရှိသမျှတို့ကို အလွှာဟ် အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် စောင့်မျှော်၍ နေကြလေကုန်။ ငါသည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်သူတို့တွင် တစ်ဦး အပါအဝင်ဖြစ်ချေသတည်း။" (၁၀ း ၂၀)

အကျယ်ဖွင့်ဆိုခြင်း

ယုံကြည်သူများနှင့် မယုံကြည်သူများသည် တစ်သီးတစ်ခြားစီသော လူမျိုးနှစ်ခုဖြစ်သည်။

မျိုးရိုးနှင့် ဇာတိမြေ ပေါ် အခြေခံထားသော လူမျိုးသည် အချည်းအနှီးသာတည်း။

အာယသ်(၁၉)ပါ كَانَ النَّاسُ أُمَّةً وَاحِدَةً "စင်စစ်သော်ကား လူသားတို့သည် (ယခင်မူလက) ဘာသာဝါဒတူညီသော လူတစ်စု တည်းသာလျှင် ဖြစ်ခဲ့ကြကုန်၏။" အဆိုအမိန့်က ဆိုလိုသည်မှာ စိုက်ယိဒိနာ အာဒမ်က မှ ဆင်းသက်လာသော သူများသည် ကမ္ဘာပထဝီမြေပေါ်တွင် လူသားစတင်ရောက်ရှိသည့် အစောပိုင်းအချိန်အခါက တစ်ဆူတည်းသော ဘုရားကို ကိုးကွယ်သည့် တစ်ခုတည်းသော အုမ္မသ်ထုဖြစ်ပေသည်။ ရှိရ်ဂ်နှင့် ကုဖ်ရ်တို့မှာ ယင်းအချိန်က သိပင်မသိခဲ့ကြချေ။ ထို့နောက် သန့်ရှင်းစင်ကြယ်သည့် တစ်ဆူတည်းသောဘုရားကို ကိုးကွယ်မှု တွင် မတူညီကွဲပြားခြားနားမှု ပေါ်ပေါက်ခြင်းက လူသားများတွင် ကွဲပြားခြားနားသော လူမျိုးများနှင့်အုပ်စုများအဖြစ် ကွဲပြားစေသည်။

ဤယုံကြည်သူများ၏ တစ်အုပ်စုတည်းတည်ရှိနေသောကာလမှာ မည်မျှကြာညောင်းခဲ့သနည်း။ အစွလာမ့် ထုံးဓလေ့၏ မူလရင်းမြစ်များက ကျွန်ုပ်တို့ကိုပြောသည်မှာ ဤအခြေအနေသည် စိုက်ယိဒိနာ နူးဟ် a ခေတ်ထိ ဖြစ်သည်။ နူးဟ် a ၏အချိန်ကာလတွင်းမှာ ကုဖ်ရ်နှင့်ရှိရ်ိုက်ပေါ်ပေါက်ခဲ့ကာ ယင်းကိစ္စနှင့်ပတ်သက်၍ ထိုတမန်တော် က ပထမဦးစွာ ရင်ဆိုင်ခဲ့ရပါသည်။ (သဖ်စီရ်မဇာဟိရီ)

ထို့နောက် စိုက်ယိဒိနာ အာဒမ် a နှင့် စိုက်ယိဒိနာ နူးဟ် a တို့ နှစ်ဦးကြား ကာလအချိန်မှာ အလွန်ရှည်လျားခဲ့ကြောင်း ထင်ရှားသည်။ လူသားမျိုးနွယ်များ ပွားများလာခဲ့ကာ ကမ္ဘာအနှံ့တွင် လူဦးရေများ ပြန့်ကျဲနေခဲ့ပါသည်။ ကွဲပြားခြားနားသည့် အသားအရောင်၊ ဇာတိမျိုးနွယ်နှင့် လူမှုဘဝပုံစံများရှိကြ သည်မှာ သဘာဝကျပေသည်။ ထိုလူများသည် ကွဲပြားခြားနားသော နယ်မြေများတွင် ပြန့်ကျဲနေသည့် အလျောက် နိုင်ငံနှင့်ဇာတိမြေပေါ်အခြေခံ၍ ကွဲပြားမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့နောက် ပြောဆိုသော ဘာသာစကားများသည်လည်း တမျိုးတစ်မည်ကွဲပြားခြားနားနိုင်ချေရှိသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်က ဤသဘာဝအလျောက်ဖြစ်ပေါ်သည့် မျိုးရိုးဆိုင်ရာ သို့မဟုတ် လူမျိုးနွယ်ဆိုင်ရာ မတူကွဲပြားခြားနားမှု (သို့မဟုတ်) အသားအရောင်နှင့် နိုင်ငံများကြောင့် ကွဲပြားခြားနားမှုဖြစ်ခြင်းသည် အုမ္မသ်ထုတစ်ခုတည်းရှိခြင်း ဟူသော ကြီးကျယ်ခမ်းနားသည့် ပုံစံအား အတားအဆီးဖြစ်စေခြင်းကို ခွင့်မပြုချေ။ စင်စစ် ကုရ်အာန်ကျမ်းမြတ်သည် ဤခြားနားမှုများကြောင့် စိုက်ယိဒိနာ အာဒမ် a မှ ဆင်းသက်လာသူများသည် အမျိုးမျိုးသော လူမျိုးများနှင့် အုမ္မသ်များအဖြစ် မကြေညာချေ။ ကုရ်အာန်ကျမ်းတော်က ထိုသူများကို အုမ္မသ်ထုတစ်ရပ်၏ အနေအထားဖြစ်စေပါသည်။

ကုဖ်ရ်နှင့်ရှိရ်ိုက်ပြန့်နှံ့ကာ အီမာန်(သို့မဟုတ်)စစ်မှန်သော ယုံကြည်မှုတစ်ရပ်ကို အန္တရာယ်ဖြစ်လာသော အခါ၌ ကာဖိရ်နှင့်မုရှ်ရိ်ုက်များကို သီးခြားအုပ်စုပါလူများဟူ၍ ကြေညာထားမှုကို **فَاخْتَلَفُوْا** "ပြီးနောက် ၎င်းတို့သည် ကွဲလွဲခဲ့ကြလေသည်"က ညွှန်းပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြား အာယသ်တစ်ခုဖြစ်သော **هُوَ الَّذِىْ خَلَقَكُمْ فَمِنْكُمْ كَافِرٌ وَّمِنْكُمْ مُّؤْمِنٌ** "ထိုအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့ သော အရှင်ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက်အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက် အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။ စူရတ်အတ်သကာဗွန် (၆၄း၂)" ဟူသည်က ဤကိစ္စကို ပိုမိုပေါ်လွင်စေသည်။ ဤအာယသ်က ကျွန်ုပ်တို့ကိုပြောသည်မှာ အလ္လာဟ်အရှင်ဖန်ဆင်းတော်မူသည့် စိုက်ယိဒိနာ အာဒမ် a မှ ပေါက်ဖွားလာသူများအား အမျိုးမျိုးသော လူများဖြစ်စေသည်မှာ အီမာန်နှင့်အစွလာမ်မှ သွေဖည်သွားသောကြောင့်ဖြစ်သည်။ မျိုးရိုးစဉ်ဆက် (သို့မဟုတ်) နိုင်ငံ၏ စည်းနှောင်ဆက်စပ်မှုက လူများကို မကွဲပြားစေပါ။ ဘာသာစကား၊ ဇာတိမြေ၊ အသားအရောင်၊ သို့မဟုတ် မျိုးနွယ်ပေါ်အခြေခံ၍ လူသားများကို အကွဲကွဲအပြားပြားသော အုပ်စုများအဖြစ် သတ်မှတ်ခြင်းသည် ဉာဏ်အလင်းရောင်ရစေမှုဆုထည်အောက်မှ ပယ်ထုတ်ထားသော မသိနားမလည်မှုဖြစ်သည်။ ယင်းမှာ အသစ်အဆန်းဖြစ်သည်။ သို့သော်လည်း သစ်ဆန်းသောအရာတိုင်းသည် မှန်ကန်၍ အသိဉာဏ်ကြွယ်သည်မဟုတ်ချေ။ စင်စစ်ယင်းမှာ အသိဉာဏ်ကြွယ်မှုနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ပါသည်။ ယခုခေတ်တွင် အထက်ဖော်ပြသောအကြောင်း အချက်များပေါ်အခြေခံ၍ ပညာတတ်လူတန်းစားများစွာသည် အမျိုးသားရေးဝါဒ၏ ဤကျဉ်းမြောင်းသောမူဝါဒ ထောင်ချောက်တွင် ပိတ်မိ နေကြပါသည်။ ကံမကောင်းအကြောင်းမလှစွာဖြင့် ဤကဲ့သို့သောလူများ၏ လူမှုဘဝကို အစီအစဉ်ချမှုတွင် မမြင်ရသည့် မြောက်များလှစွာသော ပျက်စီးမှုများဖြင့် ပြည့်လျှံလျက်ရှိပေသည်။ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များကို ထိုမကောင်းကျိုးများမှ ကာကွယ်ပေးတော်မူပါစေ။

အာယသ် (၂၁ - ၂၄)

وَاِذَآ اَذَقْنَا النَّاسَ رَحْمَةً مِّنْۢ بَعْدِ ضَرَّآءَ مَسَّتْهُمْ اِذَا لَهُمْ مَّكْرٌ فِيْٓ اٰيَاتِنَا ؕ قُلِ
اللّٰهُ اَسْرَعُ مَكْرًا ؕ اِنَّ رُسُلَنَا يَكْتُبُوْنَ مَا تَمْكُرُوْنَ ﴿۲۱﴾ هُوَ الَّذِيْ يُسَيِّرُكُمْ فِي
الْبَرِّ وَالْبَحْرِ ؕ حَتّٰٓى اِذَا كُنْتُمْ فِي الْفُلْكِ ۚ وَجَرَيْنَ بِهِمْ بِرِيْحٍ طَيِّبَةٍ وَّفَرِحُوْا بِهَا
جَآءَتْهَا رِيْحٌ عَاصِفٌ وَّجَآءَهُمُ الْمَوْجُ مِنْ كُلِّ مَكَانٍ وَّظَنُّوْٓا اَنَّهُمْ اُحِيْطَ بِهِمْ ۙ
دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ ۚ لَئِنْ اَنْجَيْتَنَا مِنْ هٰذِهٖ لَنَكُوْنَنَّ مِنَ الشّٰكِرِيْنَ
﴿۲۲﴾ فَلَمَّآ اَنْجٰىهُمْ اِذَا هُمْ يَبْغُوْنَ فِي الْاَرْضِ بِغَيْرِ الْحَقِّ ؕ يٰٓاَيُّهَا النَّاسُ اِنَّمَا
بَغْيُكُمْ عَلٰٓى اَنْفُسِكُمْ ۙ مَّتَاعَ الْحَيٰوةِ الدُّنْيَا ۫ ثُمَّ اِلَيْنَا مَرْجِعُكُمْ فَنُنَبِّئُكُمْ
بِمَا كُنْتُمْ تَعْمَلُوْنَ ﴿۲۳﴾ اِنَّمَا مَثَلُ الْحَيٰوةِ الدُّنْيَا كَمَآءٍ اَنْزَلْنٰهُ مِنَ السَّمَآءِ
فَاخْتَلَطَ بِهٖ نَبَاتُ الْاَرْضِ مِمَّا يَاْكُلُ النَّاسُ وَالْاَنْعَامُ ؕ حَتّٰٓى اِذَآ اَخَذَتِ
الْاَرْضُ زُخْرُفَهَا وَازَّيَّنَتْ وَظَنَّ اَهْلُهَآ اَنَّهُمْ قٰدِرُوْنَ عَلَيْهَآ ۙ اَتٰىهَآ اَمْرُنَا لَيْلًا
اَوْ نَهَارًا فَجَعَلْنٰهَا حَصِيْدًا كَاَنْ لَّمْ تَغْنَ بِالْاَمْسِ ؕ كَذٰلِكَ نُفَصِّلُ الْاٰيٰتِ لِقَوْمٍ
يَّتَفَكَّرُوْنَ ﴿۲۴﴾

အမှန်သော်ကား ငါအရှင်မြတ်သည် လူတို့အား ၎င်းတို့၌ ဘေး ဒုက္ခဆိုက်ရောက်ခဲ့ပြီးနောက် (မိမိ၏)ကရုဏာတော်(၏ အရသာ)ကို မြည်းစမ်းစေတော်မူသော် ရုတ်တရက် ၎င်းတို့၌ ငါအရှင်မြတ်၏ သက်သေ လက္ခဏာတော်များနှင့် စပ်လျဉ်း၍ အကြံအစည်များ ပေါ်လာလေ့ရှိပေသည်။ (အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) အလွန်ဟာ အရှင်မြတ်သည် အကြံအစည်ပြုရာ၌ (၎င်းတို့ထက်) ပိုမိုမြန်ဆန်ပင် လျင်မြန် တော်မူသော အရှင်ဖြစ်တော်မူသည် ဟု ပြောကြားပါလေ။ ဇကာန် အမှန် ငါအရှင်မြတ်၏ (ကောင်းကင်) စေတမန်များသည် အသင်တို့ ကြံစည်လျက်ရှိသည်တို့ကို ရေးမှတ်လျက် ရှိကြပေသတည်း။ (၁၀း၂၁)

ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်၊ ထိုအရှင်မြတ်သည် အသင်တို့အား ကုန်းကြောင်း၌လည်းကောင်း၊ သမုဒ္ဒရာ၊ ပင်လယ်ရေ ကြောင်း၌လည်းကောင်း ခရီးသွားလာစေတော်မူ၏။ သို့ဖြစ်သောကြောင့် အသင်တို့သည် သင်္ဘောများတွင်ရှိနေကြသော အခါ သင်္ဘောများသည် လေညင်းလေပြည် ဖြင့် ၎င်းတို့အား သယ်ဆောင်သွားလေ၏။ ၎င်းတို့သည်လည်း ထိုလေပြည်ကြောင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ရှိကြ၏။ ထိုအခါ (ရုတ်တရက်) ထိုသင်္ဘောများကို လေပြင်းမုန်တိုင်းသည် ရိုက်ခတ်လာ၍ လှိုင်း တံပိုးများသည် ၎င်းတို့အပေါ်၌ အဖက်ဖက်မှ လွှမ်းမိုးလာသဖြင့် ၎င်းတို့သည် ဇကာန်မလွဲမိမိတို့မှာ

ဝိုင်းဝန်းခြင်းကို ခံကြရလေပြီဟု ထင်မှတ်ခဲ့ကြလေသည်။ (ထိုအခါ) ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ်သာလျှင် (အာရုံစူးစိုက်) သဒ္ဓါကြည်ဖြူလျက် (အို အရှင်) "အကယ်၍ အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ဤ (ဘေး အန္တရာယ်)မှ လွတ်မြောက်စေတော်မူပါလျှင် ဇကနမလွဲ ကျွန်တော်မျိုးတို့သည် ကျေးဇူးတော်ကို သိတတ်ကြသော သူတို့တွင် အပါအဝင်ဖြစ်ကြပါမည်"ဟု ဟစ်ခေါ် ဆုတောင်းကြသည်။ (၁၀း၂၂)

တစ်ဖန်အကြင်အခါဝယ်ထိုအရှင်မြတ်သည်၎င်းတို့အားလွတ်မြောက်စေသောအခါ ရုတ်တရက်ချက်ချင်းပင် ၎င်းတို့သည် ကမ္ဘာမြေဝယ် မတရားသဖြင့် စည်းကမ်းကျူးလွန်ကြကုန်၏။ "အို-လူသားအပေါင်းတို့၊ အသင်တို့၏ စည်းကမ်းကျူးလွန်မှုသည် အသင်တို့အပေါ်၌သာ (ပြန်လည် ကျရောက်မည်)ဖြစ်သည်။ (အသင်တို့သည်) လောကီဘဝ၏ (အနည်းငယ်မျှသော) အကျိုးကျေးဇူးကို (ခံစားလျက်ရှိ ကြကုန်လော)။ ထို့နောက် အသင်တို့သည် ငါအရှင်မြတ်၏ အထံတော်သို့သာလျှင် ပြန်ကြရပေမည်။ ထိုအခါ ငါအရှင်မြတ်သည် အသင်တို့အား အသင်တို့ပြုလုပ်လျက်ရှိခဲ့ကြသည်များကို ပြသတော်မူမည် ဖြစ်သတည်း။ (၁၀း၂၃)

(ဤမျက်မှောက်) လောကီဘဝ၏ ဥပမာသည်ကား အကြင် ရေ၏ပမာကဲ့သို့ ဖြစ်ချေသည်။ ငါအရှင်မြတ်သည် ထိုရေကို မိုးကောင်းကင်မှ ချပေး (ရွာသွန်းစေ)တော်မူခဲ့လေသည်။ တစ်ဖန် ထိုရေကြောင့် ပထဝီမြေမှ လူတို့သည်လည်းကောင်း၊ ခြေလေးချောင်း သတ္တဝါတို့သည် လည်းကောင်း၊ စားသုံးကြကုန်သော အပင်ငယ်များသည် ရောယှက်၍ထွက်လာလေသည်။နောက်ဆုံးတွင်ပထဝီမြေသည်မိမိဝတ်စားတန်ဆာကိုယူ၍ (လှပတင့်တယ်စွာ) တန်ဆာဆင်ယင်ပြီး ထိုမြေကို ပိုင်ဆိုင်သူတို့က ၎င်းတို့သည် ထို (ပေါက်ရောက်သမျှတို့)ကို (မိမိတို့စိတ်ထင်တိုင်း) သုံးစွဲနိုင်ကြပြီဟု ထင်မြင်ယူဆလာကြသည်။ ထိုအခါ (ရုတ်တရက်) ငါအရှင်မြတ်၏ အမိန့်တော်သည် ထိုလယ်ယာဥယျာဉ်များသို့ ညဉ့်၌ဖြစ်စေ၊ နေ့၌ဖြစ်စေရောက်ရှိ လာလေတော့သည်။ ပြီးနောက် ငါအရှင်မြတ်သည် ယင်းလယ်ယာဥယျာဉ်များကို ရိပ်သိမ်းပြီးပမာ ဖြစ်စေတော်မူလေသော် ထိုလယ်ယာဥယျာဉ်များသည် ယမန်နေ့က လုံးဝမရှိသကဲ့သို့ပင် ဖြစ်သွားချေသည်။ ငါအရှင်မြတ် သည် ထိုကဲ့သို့ပင် သက်သေလက္ခဏာများကို စဉ်းစားဆင်ခြင်ချင့်ချိန်သူတို့အကျိုးငှာ အသေးစိတ်ရှင်းလင်း ဖော်ပြတော်မူလေသတည်း။ (၁၀း၂၄)

အကျယ်ဖွင့်ဆိုခြင်း

အာယသ်(၂၁) قُلِ اللّٰهُ اَسۡرَعُ مَكۡرًا "(အိုနဗီတမန်တော်) အသင်သည် (၎င်းတို့အား) အလ္လာဟ် အရှင်မြတ်သည် အကြံအစည်ပြုရာ၌ (၎င်းတို့ထက်) ပိုမို၍ပင် လျင်မြန်တော်မူတော်အရှင်ဖြစ်တော်မူသည်"ဟု ပြောကြားပါလေ။) ထဲ၌သုံးနှုန်းထားသော مكر (မကရ်)ဟူသော စကားလုံးက ကောင်းသည် (သို့မဟုတ်) ဆိုးသည်တို့ဖြစ်စေနိုင်သော

လျှို့ဝှက်အကြံစည် (သို့မဟုတ်)လုပ်ရပ်ဟုဆိုလိုသည်။ ဤစကားလုံးကို ဒေသဆိုင်ရာ ဘာသာစကားထဲတွင် တစ်စိတ်တစ်ဒေသဖြစ်နေပါက ယင်းကို "လှည့်ဖြားခြင်း"ဟု မမှတ်ယူသင့်ချေ။ ပမာဆိုသော် ဤအကျယ်ဖွင့်ဆိုမှု၏ မူလဘာသာစကားဖြစ်သော အူရဒူဘာသာ၌ ယင်းကဲ့သို့ပင်ဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်သည် ယင်းမှ ကင်းစင်တော်မူသည်မှာ ထင်ရှားသည်။

အာယသ်(၂၃) اِنَّمَا بَغْيُكُمْ عَلٰٓى اَنْفُسِكُمْ "အိုလူအပေါင်းတို့ အသင်တို့၏ စည်းကမ်းကျူးလွန်မှုသည် အသင်တို့အပေါ်၌သာ (ပြန်လည်ကျရောက်မည်)ဖြစ်သည်"တွင် မိန့်ထားသော သတိပေးချက်က ကျွန်ုပ် တို့ကိုပြောသည်မှာ မတရားမှု၏ဆိုးကျိုးမှာ မုချဇကန်ဖြစ်သည်။ တမလွန်ဘဝတွင် ကိစ္စရပ်များ ရှင်းလင်းခြင်းအလျင် ဖြစ်ပေမည်။ တစ်စုံတစ်ဦးသည် မတရားမှုကျူးလွန်လျှင် ဤကမ္ဘာလောကတွင်ပင် ဆိုးကျိုးများ ခံစားရမည်။

တမန်တော်မြတ် ﷺ မိန့်သည်မှာ "အလ္လာဟ်အရှင်မြတ်သည် ဆွေမျိုးများပေါ်တွင် ကြင်နာမှုပြသခြင်းအတွက်နှင့် လူများပေါ်ကောင်းကျိုးပြုခြင်းအတွက် စောလျှင်စွာ အစားပေးတော်မူသည်။ (ယင်းနှင့်ပတ်သက်သော ကောင်းချီးမင်္ဂလာများမှာ အာခိရတ်တမလွန်ဘဝမရောက်မီ ဤကမ္ဘာလောကၭပင် စတင်မြင်တွေ့နိုင်သည်) ထို့နောက် ထိုအရှင်မြတ်သည် မကောင်းမှုပြုခြင်းနှင့် ဆွေမျိုးအဆက်ဖြတ်ခြင်းတို့အတွက်လည်း စောလျင်စွာ အစားပေးတော်မူသည်။ (ယင်းနှင့်ပတ်သက်၍ အကျိုးဆက်များကို ဤကမ္ဘာလောကမှာပင် ရင်ဆိုင်ရမည်)" ဟူ၍ဖြစ်သည်။ (ဆင့်ပြန်သူများ၏ ဟာစန်ကွင်းဆက် (ခိုင်မာသောကွင်းဆက်)ဖြင့် သိရိမိဇီနှင့် အိဗနိဟာဂျာဟ်ကျမ်းတို့တွင် တင်ပြထားသည်) စိုက်ယိဒိနာ အာအိရှာဟ် g သခင်မကြီးဆင့်ပြန်ခဲ့သော အခြားဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ မိန့်ကြားခဲ့သည်မှာ "ဂုနာဟ်ပြစ်မှုကျူးလွန်သူအပေါ်၌ ဆိုးကျိုးကျရောက်သော ဂုနာဟ်ပြစ်မှုသုံးမျိုးမှာ မတရားပြုလုပ်ခြင်း၊ ယုံမှတ်အပ်နှံမှု ဖောက်ဖျက်ခြင်းနှင့် လိမ်လည်လှည့်ဖြားခြင်းတို့ဖြစ်သည်" ဟူ၍ဖြစ်သည်။

(သဖိစိရ်ကျမ်းတွင် အဗူအတ်ရှ်ရှိဂ်ဒ်ခ်နှင့် အိဗနိမရ်ဒူဝေးဟ်တို့၏တင်ပြချက်) (မဇာဟိရီကျမ်းကြည့်)

အာယသ် (၂၅ - ၃၂)

وَاللّٰهُ يَدْعُوْٓا اِلٰى دَارِ السَّلٰمِ ؕ وَيَهْدِيْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿٢٥﴾ لِلَّذِيْنَ
اَحْسَنُوا الْحُسْنٰى وَ زِيَادَةٌ ؕ وَ لَا يَرْهَقُ وُجُوْهَهُمْ قَتَرٌ وَّ لَا ذِلَّةٌ ؕ اُولٰٓئِكَ اَصْحٰبُ
الْجَنَّةِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢٦﴾ وَ الَّذِيْنَ كَسَبُوا السَّيِّاٰتِ جَزَآءُ سَيِّئَةٍ بِمِثْلِهَا ۙ
وَ تَرْهَقُهُمْ ذِلَّةٌ ؕ مَا لَهُمْ مِّنَ اللّٰهِ مِنْ عَاصِمٍ ۚ كَاَنَّمَآ اُغْشِيَتْ وُجُوْهُهُمْ قِطَعًا
مِّنَ الَّيْلِ مُظْلِمًا ؕ اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ﴿٢٧﴾ وَ يَوْمَ نَحْشُرُهُمْ
جَمِيْعًا ثُمَّ نَقُوْلُ لِلَّذِيْنَ اَشْرَكُوْا مَكَانَكُمْ اَنْتُمْ وَ شُرَكَآؤُكُمْ ۚ فَزَيَّلْنَا بَيْنَهُمْ
وَ قَالَ شُرَكَآؤُهُمْ مَّا كُنْتُمْ اِيَّانَا تَعْبُدُوْنَ ﴿٢٨﴾ فَكَفٰى بِاللّٰهِ شَهِيْدًا ۢ بَيْنَنَا وَ
بَيْنَكُمْ اِنْ كُنَّا عَنْ عِبَادَتِكُمْ لَغٰفِلِيْنَ ﴿٢٩﴾ هُنَالِكَ تَبْلُوْا كُلُّ نَفْسٍ مَّآ
اَسْلَفَتْ وَ رُدُّوْٓا اِلَى اللّٰهِ مَوْلٰىهُمُ الْحَقِّ وَ ضَلَّ عَنْهُمْ مَّا كَانُوْا يَفْتَرُوْنَ ﴿٣٠﴾ قُلْ

مَنْ يَّرْزُقُكُمْ مِّنَ السَّمَآءِ وَ الْاَرْضِ اَمَّنْ يَّمْلِكُ السَّمْعَ وَ الْاَبْصَارَ وَ مَنْ يُّخْرِجُ
الْحَيَّ مِنَ الْمَيِّتِ وَ يُخْرِجُ الْمَيِّتَ مِنَ الْحَيِّ وَ مَنْ يُّدَبِّرُ الْاَمْرَ ؕ فَسَيَقُوْلُوْنَ اللّٰهُ ۚ
فَقُلْ اَفَلَا تَتَّقُوْنَ ﴿۳۱﴾ فَذٰلِكُمُ اللّٰهُ رَبُّكُمُ الْحَقُّ ۚ فَمَا ذَا بَعْدَ الْحَقِّ اِلَّا الضَّلٰلُ ۚۖ
فَاَنّٰى تُصْرَفُوْنَ ﴿۳۲﴾

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (လူခပ်သိမ်းတို့အား) ငြိမ်းချမ်းရေး ဘုံဝိမာန်သို့ ဖိတ်ခေါ်တော်မူလေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်သို့ ပို့ဆောင်တော်မူ၏။ (၁၀း၂၅)

ကောင်းမှုကိုပြုခဲ့ကြသောသူတို့အဖို့ ကောင်းမြတ်သောအကျိုး(ဝါ)'ဂျန္နတ်' သုခဘုံရှိသည့်ပြင် အပို(ဆုလာဘ်များ)လည်း ရှိခဲ့ချေသည်။ ထိုမှတစ်ပါး ၎င်းတို့၏မျက်နှာများကို မြူ၊ ဖုန်များဖုံးလွှမ်းမည် မဟုတ်၊ ကျိုးယုတ်ရှက်ရွံ၊ ဂုဏ်သိက္ခာကျခြင်းလည်း ဖုံးလွှမ်းမည် မဟုတ်ပေ။ ထိုသူတို့ပင် 'ဂျန္နသ်'သုခဘုံသားများဖြစ်ကြကုန်၏။ ၎င်းတို့သည်ယင်း'ဂျန္နသ်' သုခဘုံတွင် ထာဝစဉ် နေထိုင်စံမြန်းကြမည့်သူများ ဖြစ်ကြကုန်သတည်း။ (၁၀း၂၆)

သို့ရာတွင် မကောင်းမှုဒုစရိုက်များကို ရှာဖွေဆည်းပူးကြကုန်သော သူတို့မူကား (၎င်းတို့ရှာဖွေဆည်းပူးခဲ့ကြကုန်သော) မကောင်းမှုများ၏ အကျိုးသည် ထိုမကောင်းမှုနှင့် ထပ်တူထပ်မျှပင် ဖြစ်ချေသည်။ ထို့ပြင် ကျိုးယုတ်ရှက်ရွံ၊ ဂုဏ်သိက္ခာကျခြင်းသည်လည်း ၎င်းတို့အား ဖုံးလွှမ်းမည်ဖြစ်သည်။ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်၏(ပြစ်ဒဏ်)မှ ကယ်တင်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းတို့၏ မျက်နှာများမှာကား မည်းမှောင်နေသောညဉ့်၏ အဝိုင်းအစများဖြင့် ဖုံးအုပ်ခြင်း ခံရဘိသကဲ့သို့ ရှိကြပေမည်။ ထိုသူတို့သည် ငရဲသားများဖြစ်ကြပေသည်။ ၎င်းတို့သည် ငရဲဘုံ၌ အမြဲထာဝစဉ် နေထိုင်ခံစားကြရမည့်သူများပင်ဖြစ်ကြကုန်သတည်း။ (၁၀း၂၇)

၎င်းပြင် အကြင်နေ့ကို(သတိရပါလေ။) ငါအရှင်မြတ်သည် (ထိုနေ့တွင်) ၎င်းတို့အားလုံးကို စုရုံးစေတော်မူမည်။ ထို့နောက် ငါအရှင်မြတ်သည် (အခြားအရာများကို ငါအရှင်မြတ်နှင့်) တွဲဖက် နှိုင်းယှဉ်ကိုးကွယ်ကြသူတို့အား "အသင်တို့နှင့် အသင်တို့ယှဉ်တွဲကိုးကွယ်ခဲ့ကြသော ပေါင်းဖော်ပေါင်းဖက်တို့သည် မိမိတို့၏ နေရာတွင်ပင် ရပ်တည်၍နေကြလေကုန်"ဟု မိန့်ကြားတော်မူမည်။ ထို့နောက် ငါ အရှင်မြတ်သည် ၎င်းတို့အား အချင်းချင်းကွဲစေတော်မူမည်။ (ထိုအခါ) ၎င်းတို့တွဲဖက်နှိုင်းယှဉ်၍ ကိုးကွယ်ခဲ့ကြကုန်သော ပေါင်းဖော်ပေါင်းဖက်တို့က (၎င်းတို့အား) "အသင်တို့သည် ငါတို့အားကိုးကွယ်ခဲ့ကြသည်မဟုတ်" ဟု ပြောဆိုကြလတ္တံ့။ (၁၀း၂၈)

သို့ဖြစ်ပေရာ အသင်တို့၏ကိုးကွယ်မှုကို ငါတို့ (အလျင်း) မသိခဲ့ကြောင်း အလွှာဟ် အရှင်မြတ်သည်ပင် ငါတို့နှင့် အသင်တို့စပ်ကြားဝယ် သက်သေအဖြစ် လုံလောက်တော်မူပေသတည်း။ (၁၀း၂၉)

ထိုနေရာတွင် လူတိုင်းလူတိုင်းသည် မိမိတို့ တင်ကြိုပို့နှင့်ခဲ့ပြီးဖြစ်သော အပြုအမူများကို စမ်းသပ် (မျက်ဝါးထင်ထင် သိရှိတွေ့မြင်)ကြမည်ဖြစ်ပေသည်။ ထို့ပြင် ၎င်းတို့သည် မိမိတို့၏အရှင်သခင်အစစ် အမှန်ဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်အထံတော်သို့ ပြန်ပို့ခြင်းကို ခံကြရပေမည်။ ထိုမှတစ်ပါး ၎င်းတို့ ကြံဖန်လီဆယ်ခဲ့သမျှတို့သည် ၎င်းတို့ထံမှ ကွယ်ပျောက်သွားကြမည်သာ ဖြစ်သတည်း။ (၁၀း၃၀)

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ဤသို့ပြောဆို မေးမြန်းကြပါလေ။ "အချင်းတို့ အသင်တို့အား အာကာသမိုးကောင်းကင်မှလည်းကောင်း၊ ပထဝီမြေကြီးမှလည်းကောင်း၊ မည်သူမည်ဝါ စားနပ်ရိက္ခာထောက်ပံ့လေသနည်း။ သို့တည်းမဟုတ် မည်သူသည် နားများနှင့် မျက်စိများကို စိုးပိုင်ပါသနည်း။ ထိုနည်းတူစွာ မည်သူသည် သက်ရှိကို သက်မဲ့မှထွက်စေ၍ သက်မဲ့ကို သက်ရှိမှထွက်စေသနည်း။ ထိုမှတစ်ပါး မည်သူသည် အမှုကိစ္စအဝဝကို စီမံခန့်ခွဲလေသနည်း"ဟု မေးမြန်းပါလေ။ ထိုအခါ ၎င်းတို့က "အလွှာဟ်အရှင်မြတ်" ဟူ၍ပင် မုချ ပြောဆိုဖြေကြားကြပေမည်။ သို့ဖြစ်ပေရာ အသင်သည် (၎င်းတို့အား) "အချင်းတို့ သို့ပါလျက်အသင်တို့သည် (တစ်စုံတစ်ရာကို အလွှာဟ်အရှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းမှ) မရှောင်ကြဉ် ကြလေသလော" ဟု မေးမြန်းပါလေ။ (၁၀း၃၁)

သို့ဖြစ်ပေရာ အသင်တို့၏အရှင် အစစ်အမှန်သည် အလွှာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အစစ်အမှန်ပင်။ သို့ဖြစ်သောကြောင့် အမှန်တရား (ထင်ရှားပြီးသည်) ၏နောက် အမှားမှအပ အခြားမည်သည့် အရာရှိလေတော့သနည်း။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်၍ သွားကြပါသနည်း။ (၁၀း၃၂)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်(၂၄)ထဲတွင် လောကီဘဝ၏ခဏတာ သာဖြစ်သည်ဆိုခြင်းကို လယ်ကွင်းနှင့် အလားတူဟု ခိုင်းနှိုင်းထားသည်။ မိုးကောင်းကင်မှ ရေများကျလာ၍ ကွင်းပြင်သည် ပန်းများ၊ သစ်သီးဝလံများနှင့် ကောက်ပဲသီးနှံတို့ဖြင့် စိမ်းလန်းစိုပြေသွားသည်။ သူတို့လိုအပ်သမျှရစေမည်ဟု မှတ်ယူကာ စိုက်ပျိုးသူများက အလွန်ပျော်ရွှင်ခဲ့သည်။ သို့သော်လည်း ၎င်းတို့၏ အဓိန္ဓိဆန်သောလုပ်ရပ်ကြောင့် အလွှာဟ်အရှင်မြတ်၏ မမြင်ကွယ်ရာမှ ပြစ်ဒဏ်ခတ်မှုအချို့သည် နေ့အချိန်တွင်လည်းကောင်း၊ ညအချိန်တွင်လည်းကောင်း ကျရောက်ခဲ့သည်။ အရာရာတိုင်းမှာ ထိုနေရာ၌မရှိသကဲ့သို့ အားလုံးရှင်းလင်းပြီးဖြစ်သွားသည်။ ဤသည်မှာ လောကီဘဝ၏ အခြေအနေဖြစ်သည်။

ယင်းနောက် ကြုံတွေ့ရမည့် နောင်တမလွန်ဘဝအကြောင်း ဖော်ပြချက်ဖြစ်သည်။ (၂၅)

وَ اللّٰهُ يَدْعُوْٓا اِلٰى دَارِ السَّلٰمِ "စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (လူခပ်သိမ်းတို့အား) ငြိမ်းချမ်းရေး ဘုံဗိမာန်သို့ ဖိတ်ခေါ်တော်မူလေသည်"ဟူ၍ မိန့်ထားသည်။ အကြွင်းမဲ့ထာဝရငြိမ်းချမ်းရေး ဘုံဗိမာန်ဟု အာယသ်တော်ကဆိုလိုသည်။ ယင်းဘုံဗိမာန်၌ နာကြင်မှု၊ ဝမ်းနည်းမှု၊ ရောဂါဘယ၏အန္တရာယ် နှင့် ကြမ်းတမ်းသောပြောင်းလဲမှု (သို့မဟုတ်) ရုတ်တရက်ပျောက်ကွယ်ခြင်းတို့နှင့် ပတ်သက်သော သောကများလည်း မရှိပါ။

ဒါရုတ်စ်စလာမ်၏အဓိပ္ပာယ်မှာ ဂျန္နသ် (သို့မဟုတ်) သုခဘုံဖြစ်သည်။ ယင်းဂျန္နသ်သုခဘုံကို ဒါရုတ်စ်စလာမ်ဟုခေါ်ရခြင်း၏အကြောင်းတစ်ခုမှာ ထိုနေရာတွင် လူတိုင်းသည် စံပြငြိမ်းချမ်းမှု၊ လုံခြုံမှုရရှိလိမ့်မည်။ ဒုတိယအကြောင်းရင်းမှာ ဟဒီးဆ်တော် တင်ပြချက်အချို့ပါဝင်သည်။ ယင်းဟဒီးဆ်များက ဂျန္နသ်ကို ဒါရုတ်စ်စလာမ်အဖြစ် အမည်ပေးရခြင်းအကြောင်းပြောသည်မှာ ယင်းဂျန္နသ်ထဲ နေထိုင်သူများသည် အလ္လာဟ်အရှင်မြတ်နှင့် ကောင်းကင်တမန်များက စလာမ်အမြဲဆက်သခြင်းခံရမည်။ စင်စစ်တွင် ဂျန္နသ်တွင်းရှိ လူများသုံးစွဲသော စလာမ်ဟူသည့် စကားလုံးသည် ၎င်းတို့၏ဆန္ဒများကို ကောင်းကင်စေတမန်များက ဖြည့်ဆည်းစေနိုင်သည့် လုပ်ငန်းဆိုင်ရာ သော့ချက်ကျသော စကားလုံးဖြစ်သည်။ အသေးစိတ်ကို အာယသ်(၁၀) အကျယ်ဖွင့်ဆိုချက်တွင် ကြည့်ရှုနိုင်ပါသည်။

ဤအာယသ်ကို ရှင်းလင်းရာ၌ ယဟ်ယာ အိဗနိမုအားဇ်က မည်သူ့ဆီရောက်ရောက် ပွင့်လင်း သောအကြံဉာဏ်အချို့ပေးထားသည်မှာ -

> *"အိုအာဒမ်၏သားသမီးများတို့ - ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က အသင့်အား ငြိမ်းချမ်းသာယာသော ဘုံဗိမာန် (ဒါရုစ်စလာမ်)သို့ ဖိတ်ခေါ်ထားသည်။ ဤအလ္လာဟ် အရှင့်ဖိတ်ခေါ်မှုကို တုန့်ပြန်သည့်အနေဖြင့် မည်သည့်အချိန်၊ မည်သည့်နိုင်ငံမှ အသင်သည် မှန်ကန်သောခြေလှမ်း လှမ်းနိုင်အံ့နည်း။ နားလည်သဘောပေါက်၍ ကောင်းစွာမှတ်သားထား လေကုန်။ အသင်သည် ဤကမ္ဘာ၌ ရှိစဉ်မှာပင် အကယ်၍ အသင်သည် (အရှင်မြတ်ထံတော်မှ) ဤဖိတ်ကြားချက်ကို လက်ခံရန်ကြိုးပမ်းမှုပြုလုပ်ခဲ့လျှင် အသင်အောင်မြင်ပါလိမ့်မည်။ အသင်သည် ငြိမ်းချမ်းသောဘုံဗိမာန်သို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။ ထို့ပြင် အကယ်၍ ဤကမ္ဘာလောကရှိ သင့်ဘဝအချိန်များကို ဖြုန်းတီးပစ်ကာ သချိုင်းသို့ရောက်ပြီးမှ ဤဖိတ်ခေါ်မှုကို လက်ခံရန်စိတ်ကူးခဲ့လျှင် ယင်းကိုရပ်တန့်ပစ်ပါလိမ့်မည်။ အသင်သည် ထိုနေရာမှ ခြေတစ်လှမ်းမျှရွှေ့နိုင်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အသင်ရောက်နေသောနေရာသည် ကောင်းမှု ကောင်းရာလုပ်ဆောင်ရသော ဒါရုလ်အဒ်မာလ်မဟုတ်ချေ။*

စိုက်ယိဒိနာ အဗ္ဒုလ္လာဟ် အိဗနိအဗ္ဗားစ် [d] က မိန့်သည်မှာ ဒါရုတ်စ်စလာမ်သည် ဂျန္နသ်၏အမည် ခုနှစ်ခုမှ တစ်ခုဖြစ်သည်။ (သဖ်စီရ်အလ်ကုရ်သုဗီ)

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ဤလောကရှိနေအိမ်တစ်လုံးကို ဒါရုတ်စ်စလာမ်ဟုမှည့်ခေါ်ခြင်းမသင့်လျော်ချေ။ အလားတူပင် ထိုနေအိမ်ကို ဂျန္နသ်(သို့မဟုတ်) ဖိရ်သောက်စ် (သုခဘုံ)ဟု အမည်ပေးခြင်းသည်လည်း မမှန်ကန်ချေ။

ယင်းနောက် အထက်ကိုးကားခဲ့သည့် အာယသ်ထဲ၌ وَ يَهْدِيْ مَنْ يَّشَآءُ اِلٰى صِرَاطٍ مُّسْتَقِيْمٍ "ထင်ပြင် ထို အရှင်မြတ်သည် မိမိအလိုရှိတော်မူသောသူအား ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်သို့ ပို့ဆောင်တော်မူ၏ (၂၅)" ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးဘုံဗိမာန် ဒါရုတ်စ်စလာမ်သို့ဖိတ်ခေါ်မှုသည် စကြဝဠာလုံး ဆိုင်ရာဖြစ်၍ လူသားအားလုံးနှင့် သက်ဆိုင်သည်။ ဤအနက်အဓိပ္ပာယ်အရဆိုလျှင် လမ်းညွှန်မှုသည်လည်း လူသား အားလုံးနှင့် သက်ဆိုင်သည်။ သို့သော်လည်း လမ်းညွှန်မှုတစ်မျိုးလည်းရှိသည်။ ယင်းမှာ အထူးဖြစ်သည်။ ဤနေရာ၌ ရှာဖွေသူ တစ်ဦးသည် ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်၌ ရှိနေစေကာ လမ်းကြောင်းအတိုင်း ရှေ့သို့လျှောက်လှမ်းနိုင်စွမ်း လည်းပေးထားသည်။ ဤသည်မှာ သောင်ဗီးက်၏အကောင်းဆုံး အနေအထားဖြစ်သည်။ ကံထူးသူများသာ ဤသောင်ဗီးက်ဖြင့် ကောင်းချီးမင်္ဂလာပေးခံရပါသည်။

ပထမနှစ်အာယသ် (၂၄-၂၅)ထဲ၌ လက်ရှိကမ္ဘာလောကနှင့် နောင်တမလွန်ဘဝရှိ ဘုံဗိမာန်ကို နှိုင်းယှဉ် ထားသည်။ ထိုဘုံဗိမာန်များထဲတွင် နေထိုင်သောသူများ၏ အခြေအနေများကိုလည်း ဖော်ပြထားသည်။ နောက် လေးအာယသ် (၂၆-၂၉)ထဲတွင် လောကီနှင့်လောကုတ္တရာနှစ်ရပ်စလုံး၏ ဆုလာဘ်နှင့် ပြစ်ဒဏ်ခတ်ခံရမှုကို ဖော်ပြ ထားသည်။ ဂျန္နသ်ထဲရှိလူများအကြောင်း ဦးစွာပထမဖော်ပြထားသည်။ ထိုသူများနှင့်ပတ်သက်၍ မိန့်ထားသည်မှာ ကောင်းမှုကောင်းရပ်များကို ရွေးချယ်ခဲ့သောသူများသည် အကောင်းဆုံး အရာဖြစ်သော အီမာန်ယုံကြည်မှုအား အလ အာမာလိဆွာလိဟာ (ကောင်းမှုများ)ကို ပြင်းထန်စွာပြုလုပ်မှုနှင့် ပေါင်းစပ်ထားသူများဖြစ်သည်။ ထိုသူတို့လုပ်ဆောင်ခဲ့ မှုအတွက် အကောင်းဆုံးအစားပေးခြင်း ရကြလိမ့်မည်။ ရထိုက်သည်ထက်ပို၍ များပြားစွာရရှိလိမ့်မည်ဖြစ်သည်။

ဤအာယသ်၏သဖ်စီရ်ကို တမန်တော်မြတ် ﷺ ကိုယ်တော်တိုင် ပေးထားခဲ့ပါသည်။ တမန်တော်မြတ် ﷺ က ဤအာယသ်ကိုရှင်းလင်း၍ မိန့်ထားသည်မှာ "ဤနေရာပါ အလ်ဟုစ်နာ အကောင်းဆုံးအစားပေးမှုသည် ဂျန္နသ် (သုခ ဘုံ)ဟု ဆိုလိုသည်။ ထို့နောက် ဇီယာဒဟ် ပိုမိုကောင်းသောအရာဆိုသည်မှာ ဂျန္နသ်ရှိသူများကို အလွန်ကြီးကျယ် ခန့်ငြားသည့် အလွှာဟ်အရှင်မြတ်ကို ဖူးမြော်ရသည့်အနေဖြင့် ဂုဏ်ပေးခံရခြင်းဖြစ်သည်။ (စိုက်ယိဒနာ အနတ်စ် d ၏ ခိုင်လုံမှုပေါ် သဖ်စီရ် အလ်ကုရ်သုဇီကျမ်း)

ဂျန္နသ်၏စစ်မှန်မှုကိုကား မုစ်လင်မ်တိုင်းသိရှိပြီးဖြစ်သည်။ ယင်းနေရာသည် လူသားများ တွေးတောချင့်ပင် မရလောက်သော ငြိမ်းချမ်းသာယာသော နေရာဌာနတစ်ခုဖြစ်သည်။ အလွှာဟ်အရှင်မြတ်နှင့် တွေ့ဆုံခြင်းမှာ ဂျန္နသ် တွင်ရှိ ကောင်းချီးမင်္ဂလာများအနက် အမြင့်မားဆုံးပင်ဖြစ်သည်။

စိုက်ယိဒနာရှိဟိုက်ဗ် d ၏ ဆင့်ပြန်ချက်တစ်ရပ်အရ ဆွဟီးဟ်မုစ်လင်မ်ကျမ်းတွင် ဖော်ပြထားသည်။ တမန် တော်မြတ် ﷺ မိန့်ကြားခဲ့သည်မှာ "ဂျန္နသ်သားများသည် ဂျန္နသ်ထဲဝင်ရောက်သောအခါတွင် အလွှာဟ်အရှင်မြတ်က ထိုသူများကို ဦးတည်ပြောကြားသည်မှာ "အသင်တို့ ဘာအလိုရှိသနည်း။ အကယ်၍ ထိုသို့လိုအပ်လျှင် ငါအရှင်မြတ် ကို ပြောကြားပါလေ။ ငါအရှင် ယင်းကိုဖြည့်ဆည်းပေးတော်မူမည်။" ဂျန္နသ်သားများက လျှောက်ထားလိမ့်မည်မှာ "အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏မျက်နှာများကို လင်းဝင်း တောက်ပမှုဖြင့် နှစ်မြို့က်စေတော်မူပါသည်။ အရှင် မြတ်က ကျွန်တော်မျိုးတို့ကို ဂျန္နသ်တွင် ရောက်စေတော်မူပါသည်။ အရှင်မြတ်က ကျွန်တော်မျိုးတို့ကို ဂျဟန္နမ်မှ ကယ် တင်တော်မူခဲ့သည်။ကျွန်တော်မျိုးတို့မည်သည်ကိုထပ်တောင်းရပါမည်နည်း"ထိုအချိန်သည်အမြင်ကိုကားရံထားသည့် ကြားရှိ ဟိဂျာဗ်ကိုဖယ်ရှား ပစ်ပါလိမ့်မည်။ ဂျန္နသ်သားများသည် တစ်ဦးမျှမကျန်ဘဲ ၎င်းတို့၏စစ်မှန်သော အရှင်သခင်

ကို ဖူးတွေ့ရခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးခံရမည်။ ဤကောင်းချီးမင်္ဂလာသည် ဂျန္ဒသ်ရှိအခြားသော ကောင်းချီးမင်္ဂလာများထက် ပိုမိုမြင့်မားကာ နူးညံ့သိမ့်မွေ့ကြောင်း ထိုသူများတွေ့ရှိကြပါလိမ့်မည်။ ယင်းသို့ကောင်းချီးမင်္ဂလာရရှိမည်ကို ၎င်းတို့မည်သည့်အခါကမျှပင် မတွေးတောမိခဲ့ကြချေ။ စကြဝဠာအားလုံး၏ အရှင်သခင်သည် ထိုသူများကို တောင်းခံခြင်း မရှိဘဲ ဤကောင်းချီးမင်္ဂလာပေးအပ်ခဲ့ခြင်းသည် အရှင်မြတ်၏ အနန္တအသနား ကြင်နာမှုနှင့် ချစ်ခင်မှုအရ ပေးအပ်တော်မူခြင်းဖြစ်သည်" ဟူ၍ဖြစ်သည်။

ထို့နောက် စာသားများက ထိုဂျန္ဒသ်ရှိလူများအကြောင်း မိန့်ထားသည်မှာ ထိုသူများ၏မျက်နှာများသည် မနှစ်မြို့မှု၊ နာကျင်မှု၊ ဝမ်းနည်းကြေကွဲမှုတို့၏ အကျိုးသက်ရောက်မှုများမှ ကင်းစင်ကာ ဂုဏ်သိက္ခာ မဲ့လိမ့်မည်ဟူသော စိုးရိမ်ကြောင့်ကျမှုလည်း ကင်းမဲ့မည်ဖြစ်သည်။ ဤအခြေအနေမျိုးသည် ဤကမ္ဘာလောကၭ လူတိုင်းသည် တစ်ချိန်မဟုတ်တစ်ချိန် ကြုံတွေ့ရပါလိမ့်မည်။ ထို့နောက် ဂျဟန္နမ်ငရဲမီးကျရောက်မည့် သူများသည် နောင်တမလွန်ဘဝၭ ထိုအခြေအနေများ ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။

ယင်းနှင့်ဆန့်ကျင်စွာ ဂျဟန္နမ်ရှိလူများသည် အခြေအနေကိုဖော်ပြ၍ မိန့်သည်မှာ ၎င်းတို့၏မှတ်တမ်း မှတ်ရာများၭ မကောင်းသည့်လုပ်ရပ်များဖြင့် ဂျဟန္နမ်ကျရောက်သည့်လူများသည် ၎င်းတို့၏မကောင်းသောလုပ် ရပ်တိုင်းနှင့် လျော်ညီသည့် အပိုအလိုမရှိသော တူညီသည့်အစားပေးခြင်းခံရလိမ့်မည်။ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုမှ ထိုသူများကို ကယ်တင်ပေးနိုင်သူ တစ်ဦးတစ်လေမျှပင် ရှိလိမ့်မည်မဟုတ်ချေ။ သူတို့၏ မျက်နှာများ မည်မျှမဲမှောင်သနည်းဟူမူ ၎င်းတို့ကို ညဉ့်၏အမှောင်ထုက ဖုံးအုပ်ထားသကဲ့သို့ပင်ဖြစ်သည်။

နောက်တွင်ဖော်ပြထားသည့် အာယသ် (၂၇-၂၈) နှစ်ခုထဲၭ ဂျဟန္နမ်ရှိလူများနှင့် ၎င်းတို့ကို လမ်းလွဲစေခဲ့သော ရုပ်တုများ (သို့မဟုတ်) ရှိုက်တွာန်မိစ္ဆာကောင်များနှင့် စကားပြောဆိုမှု ဖော်ပြထားသည့် ဌာနကား ပြန်လည်ရှင်ပြန်ထရမည့်ကွင်းပြင်တွင်ဖြစ်လိမ့်မည်။ မိန့်ထားသည်မှာ ထိုနေ့တွင် အလ္လာဟ်အရှင်မြတ်သည် လူတိုင်းကို စုရုံးစေတော်မူမည်။ ထို့နောက် မွရ်ရစ်ဂ်များကို အလ္လာဟ်အရှင်မြတ်က မိန့်တော်မူလိမ့်မည်မှာ "ငါအရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခဲ့ကြသည့် အသင်တို့၏ဘုရားများနှင့်အတူ အသင်တို့သည် အသင်တို့ရှိရင်းစွဲနေရာတွင် ရှိနေကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အသင်တို့ထင်မြင်ယူဆချက်၏ အဖြစ်မှန်ကို အသင်တို့သိရှိနိုင်ကြပါသည်။" ယင်းနောက် ဤသူများနှင့် ၎င်းတို့ဘုရားဟုခေါ်ဆိုသော သူများ၊ကမ္ဘာလောကတွင်ရှိခဲ့သောပတ်သက်ဆက်နွယ်မှုကိုဖြတ်တောက်ပစ်ပါလိမ့်မည်။ ရလဒ်ကား သူတို့၏ရုပ်တုများက "အသင်တို့သည် ကျွန်ုပ်တို့ကို မည်သည့်အခါကမျှ မကိုးကွယ်ခဲ့ကြပါ" ဟုပြောပေမည်။ ထိုရုပ်တုများက အလ္လာဟ်အရှင်မြတ်ကို ၎င်းတို့၏သက်သေအဖြစ်ထားကာ ပြောကြမည်မှာ "ကျွန်ုပ်တို့ကို အသင်တို့ကိုးကွယ်ခဲ့သည်ကို ကျွန်ုပ်တို့မုချမသိရှိခဲ့ကြချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့မှာ ဤကိစ္စရပ်များ နားလည်သဘောပေါက်နိုင်ရန် အာရုံများ၊ လှုပ်ရှားနိုင်မှုနှင့် အသိဉာဏ်ပညာများမရှိကြ" ဟူ၍ဖြစ်သည်။

ဆဋ္ဌမအာယသ် (၃၀) ထဲတွင် ဂျန္ဒသ်၏လူများနှင့် ဂျဟန္နမ်လူများ နှစ်ဦးစလုံး မည်သို့ဖြစ်လိမ့်မည် ဆိုကြောင်း မိန့်ထားသည်မှာ မချိမဆန့် နာကျင်စေမည့်နေရာဟုခေါ်သော ပြန်လည်ရှင်ပြန်ထရမည့် ကွင်းပြင်တွင် သူ (သို့မဟုတ်) သူမ အသီးသီးတို့၏လုပ်ရပ်များအတွက် တစ်ဦးစီ၊ တစ်ဦးစီသည် အကျိုးရှိသလော၊ အန္တရာယ်ရှိသလောဟူသည်ကို စစ်ဆေးပါလိမ့်မည်။ ထို့ပြင် ထိုသူတို့အားလုံးသည် ကိုးကွယ်ခံထိုက်၍ တစ်ပါးတည်းဖြစ်တော်မူသော ၎င်းတို့၏ စစ်မှန်သောအရှင်သခင်ထံ ခေါ်ဆောင်သွားခြင်းခံရမည်။ ထိုအချိန်တွင် တစ်စုံတစ်ဦးသည် အမြဲတစေမျှော်လင့်သည့်

ရွေးချယ်မှု အထောက်အပံ့နှင့် ယုံကြည်အပ်နှံမှုဟူသမျှ အဆုံးသတ်သွားပါလိမ့်မည်။ မွန်ရှိရစ်ကျားက ၎င်းတို့၏နာယကများနှင့် ကြားဝင်အသနားခံမည့်သူများဟု မှတ်ယူထားခဲ့သည့် ရုပ်တုများသည်ပင်လျှင် တစ်စုတစ်ဝေးတည်း ပျောက်ကွယ်သွားပါလိမ့်မည်။

သတ္တမနှင့် အဋမအာယသ်များဖြစ်သည့် (၃း၃၂)ထဲ၌ ကုရ်အာန်ကျမ်းတော်မြတ်က ယင်း၏ အသိဉာဏ်ကြွယ်၍ ဦးဆောင်ဦးရွက်ပြုသည့် သရုပ်စရိုက်ပီပြင်သော ဟန်ပန်ဖြင့် မွတ်ရှ်ရစ်ဂ်များကို ၎င်းတို့၏စိတ်ရင်းမှန်ပြန်လည်ရစေရန် အမေးခွန်းအချို့ပေးခဲ့သည်။ ဤသူများကိုပေးသင့်သည်ဟူ၍ တမန်တော်မြတ် S ကို ဦးတည်မိန့်ကြားထားသည်မှာ "ကမ္ဘာမြေပြင်နှင့် မိုးကောင်းကင်မှ အသင်တို့စားနပ်ရိက္ခာကို မည်သူပေးသနားခဲ့သနည်း။ အရှင်မြတ်အလိုရှိတော်မူလျှင် သင်တို့၏နားနှင့်မျက်စိမှ ကြားနိုင်၊ မြင်နိုင်တော်မူခြင်း အရှင်မြတ်အလိုမရှိလျှင် သင်တို့နားနှင့်မျက်စိမှ မကြားနိုင်၊ မမြင်နိုင်တော်မူခြင်း စသည်တို့ကို ထိမ်းချုပ်ထားသောအရှင်သခင်မှာ မည်သူနည်း။ သို့တည်း မဟုတ် သုတ်ပိုးမှ လူနှင့်တိရစ္ဆာန်များ ဖြစ်ပေါ် စေသကဲ့သို့လည်းကောင်း၊ ဥတစ်လုံးမှငှက်တစ်ကောင်ဖြစ်စေသူမှာ မည်သူနည်း။ သက်မဲ့သုက်ရည်မှ လူသားနှင့်တိရစ္ဆာန်များ ပေါ်ထွက်စေကဲ့သို့ သက်မဲ့မှသက်ရှိသို့ ပြုလုပ်နိုင်စွမ်းရှိသူသည် မည်သူနည်း။ စကြဝဠာတစ်ခုလုံးနှင့် ပတ်သက်သည့်ကိစ္စရပ်များ စီမံခန့်ခွဲသူသည် မည်သူနည်း။

ယင်းနောက် ဤမေးခွန်းများကို ထိုသူများအား ဦးတည်မေးကြားခဲ့သောအခါတွင် ဤအရာများအားလုံးသည် အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကသာလျှင် ဖန်ဆင်းတော်မူသည်ဟု ပြောကြားခဲ့ကြသည်။ ထို့နောက် တမန်တော်မြတ် S ကို ထိုသူများအား မေးမြန်းစေသည်မှာ "သို့ဆိုလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား အဘယ့်ကြောင့် မကြောက်ရွံ့ကြလေသနည်း။ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း သာလျှင် ဖန်ဆင်းတော်မူသည်။ ကျွေးမွေးသုတ်သင်တော်မူသည်။ အရာရာတိုင်းကို စီမံခန့်ခွဲတော်မူသည်ကို အသင်တို့သိပါလျက်နှင့် အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ရာကို အသင်တို့၏ကိုးကွယ်မှုနှင့်အမိန့်နာခံခြင်းတို့ ထိုက်တန်သည်ဟု အဘယ်ကြောင့် မှတ်ယူကြသနည်း။

နိဂုံးချုပ်အာယသ် (၃၂) တွင် فَذَٰلِكُمُ اللَّهُ رَبُّكُمُ الْحَقُّ ۖ فَمَاذَا بَعْدَ الْحَقِّ إِلَّا الضَّلَالُ "သို့ဖြစ်လေရာ အသင်တို့၏အရှင် အစစ်အမှန်သည် အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အစစ်အမှန်ပင်၊ သို့ဖြစ်သောကြောင့် အမှန်တရား (ထင်ရှားပြီးသည့်)၏ နောက်အမှားမှ အပ အခြားမည်သည့်အရာ ရှိလေတော့သနည်း"ဟူ၍ မိန့်ထားသည်။ ဤသည်က "ဤသည်မှာ ဖော်ပြပြီးခဲ့သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသည့် မြင့်မြတ်တော်မူသောအရှင်ဖြစ်တော်မူသည်"ဟု ဆိုလိုသည်။ အသင်သည် အမှန်တရားကို တွေ့သည်နှင့်တစ်ပြိုင်နက် အမှားနှင့်လမ်းလွဲရောက်ခြင်းကို ရှာဖွေရန်မှအပ အခြားဘာမှမရှိချေ။ တစ်နည်းဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် စစ်မှန်၍ ကိုးကွယ်ထိုက်သော အရာဖြစ်ကြောင်း သက်သေပြပြီးနောက်တွင် ဤအမှန်တရားကို အသင်တို့စွန့်လွှတ်၍ အခြားတစ်နေရာသို့ လမ်းလွဲသွားခြင်းသည် ကြောက်စရာကောင်းသော အသိဉာဏ်မဲ့မှုဖြစ်သည်။

အရေးကြီးသောမှတ်စုတစ်ခု

ဤအာယသ်တွင်ပါဝင်သော ဘာသာရေးဆိုင်ရာ ယုံကြည်ချက်ကိစ္စများနှင့်ပတ်သက်၍ مَا ذَا بَعْدَ الْحَقِّ اِلَّا الضَّلٰلُ "အမှန်တရား (ထင်ရှားပြီးသည်)၏နောက် အမှားမှအပ အခြားမည်သည့်အရာ ရှိလေတော့သနည်း" ဟူသော အဆိုအမိန့်ကအမှန်နှင့် အမှားကြားတွင် မည်သည့်ကြားခံဆင့်နွယ်မှုမှမရှိဆိုကြောင်းပြသသည်။ မမှန်ကန်ဆိုသည်မှာ အမှားနှင့်လမ်းလွဲတွင် အကျုံးဝင်သွားလိမ့်မည်။ မမှန်သည်လည်းမဟုတ်၊ မမှားသည်လည်း မဟုတ် ဟူသည်မရှိခေ။ မှန်ရင်မှန်ရမည်၊ မမှန်လျှင်မှားမည်။ ဆန့်ကျင်ဘက်နှစ်ခုသည် အမှန်မဖြစ်နိုင်ခေ။ မုစ်လင်မ်အုမ္မသ်ရှိပညာရှင်အများစု အမြင်အရ ဤဥပဒေသသည် အတည်ဖြစ်လျက်ရှိသည်။ သို့သော်လည်း သာမန်နှင့် ဆင့်ပွားကိစ္စရပ်များတွင်မူ အိုလမာ သာသနာ့ ပညာရှင်များအကြား ကွဲပြားမှုများရှိနိုင်သည်။ ပညာရှင်အချို့၏ အယူအဆမှာ အိဂျ်သိဟာဒ်ပေါ် အခြေခံထားသည့် ကိစ္စရပ်များအတွက်မူ နှစ်ဘက်လုံးသည် မှန်ကန်သည်ဟု ယူဆနိုင်သည်။ ထို့နောက် ပညာရှင်အများစုတို့အဆိုအရအိဂျ်သိဟာဒ်ပေါ် အခြေခံထားသည့် ပြဿနာများအတွက် ဆန့်ကျင်ဘက်အနေအထားရှိနေမှုကို လမ်းမှားခြင်းနှင့် မှားယွင်းခြင်း အဖြစ် မခေါ်နိုင်ကြောင်း မှတ်ယူကြပါသည်။

အာယသ် (၃၃ - ၃၆)

كَذٰلِكَ حَقَّتْ كَلِمَتُ رَبِّكَ عَلَى الَّذِيْنَ فَسَقُوْٓا اَنَّهُمْ لَا يُؤْمِنُوْنَ ﴿٣٣﴾ قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ ؕ قُلِ اللّٰهُ يَبْدَؤُا الْخَلْقَ ثُمَّ يُعِيْدُهٗ فَاَنّٰى تُؤْفَكُوْنَ ﴿٣٤﴾ قُلْ هَلْ مِنْ شُرَكَآئِكُمْ مَّنْ يَّهْدِيْٓ اِلَى الْحَقِّ ؕ قُلِ اللّٰهُ يَهْدِيْ لِلْحَقِّ ؕ اَفَمَنْ يَّهْدِيْٓ اِلَى الْحَقِّ اَحَقُّ اَنْ يُّتَّبَعَ اَمَّنْ لَّا يَهِدِّيْٓ اِلَّآ اَنْ يُّهْدٰى ۚ فَمَا لَكُمْ ۫ كَيْفَ تَحْكُمُوْنَ ﴿٣٥﴾ وَ مَا يَتَّبِعُ اَكْثَرُهُمْ اِلَّا ظَنًّا ؕ اِنَّ الظَّنَّ لَا يُغْنِيْ مِنَ الْحَقِّ شَيْـًٔا ؕ اِنَّ اللّٰهَ عَلِيْمٌۢ بِمَا يَفْعَلُوْنَ ﴿٣٦﴾

ဤအတိုင်းပင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်သည် အမိန့်တော်ကို ဖီဆန်ခဲ့သူနှင့်ပတ်သက်၍ အတည်ဖြစ်သွားခဲ့ချေပြီ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် 'အီမာန်'သက်ဝင်ယုံကြည်ကြမည် မဟုတ်သောကြောင့်ပင်တည်း။ (၁၀း၃၃)

(အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား) "အချင်းတို့ (အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်၊ နှိုင်းယှဉ်ကိုးကွယ်ကြသူ အသင်တို့အနက် (သက်ရှိသက်မဲ့အပေါင်းတို့အား) ပထမအကြိမ် စတင်ဖန်ဆင်း၍ ထို (သက်ရှိ သက်မဲ့အပေါင်းတို့သေကြေပျက်စီးကြပြီး) နောက် ယင်း ဖန်ဆင်းခြင်းကို တစ်ဖန် ဒုတိယအကြိမ်လည်း ပြန်၍ပြုလုပ်မည့်သူဟူ၍ ရှိလေသလော"ဟု မေးမြန်းပါလေ။ (ထို့နောက်) အသင်ကပင် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် (သက်ရှိသက်မဲ့အပေါင်းတို့ကို

ပထမအကြိမ်လည်း စတင်ဖန်ဆင်းတော်မူ၏။ တဖန်ထို သက်ရှိသက်မဲ့အပေါင်းတို့ သေကြေပျက်စီးကြပြီး) နောက်လည်း ထိုအရှင်မြတ်သည်ပင် ဒုတိယအကြိမ် ပြန်လည် ဖန်ဆင်းတော်မူမည်ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် အဘယ်သို့ ပြန်လှည့်(၍ ထွက်သွား)ကြရသနည်း။ (၁၀း၃၄)

(အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား) "အချင်းတို့၊ (အလ္လာဟ်အရှင်မြတ်နှင့်) တွဲဖက်နှိုင်းယှဉ်ကိုးကွယ်ကြသူ အသင်တို့တွင် မှန်ကန်ရာသို့ လမ်းညွှန်မည့်သူ တစ်ဦးတစ်ယောက်မျှ ရှိလေသလော"ဟုမေးမြန်းပါလေ။ (တစ်ဖန်) အသင်ကပင် (၎င်းတို့အား ဤသို့)ပြန်၍ ပြောကြားပါလေ။ (အချင်းတို့) "အလ္လာဟ်အရှင်မြတ်ပင် မှန်ကန်ရာသို့ လမ်းညွှန်တော်မူ၏။ သို့ဖြစ်ပေရာ မှန်ကန်ရာသို့ လမ်းညွှန်တော်မူသော အရှင်မြတ်သည် လိုက်နာခြင်းကို ပို၍ခံထိုက်တော်မူပါသလော။ သို့တည်းမဟုတ် မိမိကိုယ်တိုင်လမ်းညွှန်ခြင်းကို မခံရကမှန်ကန်သော တရားလမ်းကို မရရှိသောသူသည် လိုက်နာခြင်းကို ပို၍ခံထိုက်လေသလော။ သို့ဖြစ်ပေရာ(ဤသည်တို့ကိုအလ္လာဟ်အရှင်မြတ်နှင့် တွဲဖက်ကိုးကွယ်ကြရန်) အသင်တို့တွင် မည်သည့်အကြောင်းရှိသနည်း။ အသင်တို့သည် မည်ကဲ့သို့ ဆုံးဖြတ်ကြပါမည်နည်း။" (၁၀း၃၅)

စင်စစ် ၎င်းတို့အနက် အများဆုံးသောသူတို့သည် (မိမိတို့၏) ထင်မြင်ယူဆချက်ကိုသာ လိုက်နာကြလေကုန်၏။ အမှန်စင်စစ်သော်ကား ထင်မြင်ချက်သည် အမှန်နှင့် ဆန့်ကျင်၍ အနည်းငယ်၊ စိုးစဉ်းမျှပင် အကျိုးပေးသည်မဟုတ်ပေ။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ပြုမူလျက်ရှိသည်တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၀း၃၆)

အာယသ် (၃၇ - ၄၀)

وَمَا كَانَ هٰذَا الْقُرْاٰنُ اَنْ يُّفْتَرٰى مِنْ دُوْنِ اللّٰهِ وَلٰكِنْ تَصْدِيْقَ الَّذِىْ بَيْنَ يَدَيْهِ
وَتَفْصِيْلَ الْكِتٰبِ لَا رَيْبَ فِيْهِ مِنْ رَّبِّ الْعٰلَمِيْنَ ﴿٣٧﴾ اَمْ يَقُوْلُوْنَ افْتَرٰىهُ ؕ قُلْ
فَاْتُوْا بِسُوْرَةٍ مِّثْلِهٖ وَادْعُوْا مَنِ اسْتَطَعْتُمْ مِّنْ دُوْنِ اللّٰهِ اِنْ كُنْتُمْ صٰدِقِيْنَ
﴿٣٨﴾ بَلْ كَذَّبُوْا بِمَا لَمْ يُحِيْطُوْا بِعِلْمِهٖ وَلَمَّا يَاْتِهِمْ تَاْوِيْلُهٗ ؕ كَذٰلِكَ كَذَّبَ
الَّذِيْنَ مِنْ قَبْلِهِمْ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الظّٰلِمِيْنَ ﴿٣٩﴾ وَمِنْهُمْ مَّنْ يُّؤْمِنُ
بِهٖ وَمِنْهُمْ مَّنْ لَّا يُؤْمِنُ بِهٖ ؕ وَرَبُّكَ اَعْلَمُ بِالْمُفْسِدِيْنَ ﴿٤٠﴾

စင်စစ်သော်ကား ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ် အရှင်မြတ်အပြင် (အခြားသူတစ်ဦးဦးက) လီဆယ်ဖန်တီးထားသော ကျမ်းမြတ်မဟုတ်ပေ။ စင်စစ်မှာမူကား (ဤကုရ်အာန်ကျမ်းတော်မြတ်သည်) မိမိအလျင် (ရှိခဲ့ဖူးသောကျမ်းများကို) ခိုင်ခံ့စေသော ကျမ်းဖြစ်၏။ အတည်ပြုသတ်မှတ် ရေးသားထားပြီးဖြစ်သော အမိန့်ပညတ်တော်များကို အသေးစိတ်ရှင်းလင်းဖော်ပြထားသော ကျမ်းလည်းဖြစ်၏။ ဤကုရ်အာန်ကျမ်းတော်မြတ်တွင် ဒွိဟာသံသယလည်း လုံးဝမရှိချေ။ စကြဝဠာခပ်သိမ်းကို ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ (ကျရောက်လာသော ကျမ်းတော်မြတ်အမှန်ပင်) ဖြစ်ပေသတည်း။ (၁၀ း ၃၇)

ၚင်းတို့က "ထို (နဗီတမန်တော်မုဟမ္မဒ်) သည် ယင်းကုရ်အာန် ကျမ်းတော်မြတ်ကို လီဆယ်ဖန်တီးခဲ့သည်" ဟု ပြောဆိုကြလေသ လော။ (အို-နဗီတမန်တော်) အသင်သည် (ၚင်းတို့အား ဤသို့) ပြော ကြားပါလေ။ (အချင်းတို့) "သို့ဖြစ်လျှင် အသင်တို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်ကဏ္ဍ) နှင့်တူသော ကဏ္ဍတစ်ခုကိုပင် (စီကုံး ရေးသား၍) ယူဆောင်ခဲ့ကြလေကုန်။ ၚင်းပြင် အကယ်၍ အသင်တို့သည် 'သစ္စာဝါဒီ' မှန်ကန်စွာပြောဆိုကြသူများဖြစ်ကြလျှင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပြင် မိမိတို့ခေါ်ယူနိုင်ကြကုန်သော (ကူညီ စောင်မမည့်) သူတို့အားလည်း ခေါ်ယူခဲ့ကြလေကုန်။ (၁၀း၃၈)

ထိုသို့ အလျှင်းမဟုတ်၊ စင်စစ်မှာကား ၚင်းတို့သည် မိမိတို့ ကိုယ်တိုင် မသိနားမလည်သောအရာကို (စဉ်းစားဆင်ခြင်ခြင်းမပြုဘဲ) မဟုတ်မမှန်ဟူ၍ စွပ်စွဲပြင်းပယ်ခဲ့ကြကုန်၏။ ထို့ပြင် ၚင်းတို့ထံ ယင်း၏အကျိုးသည်လည်း ရောက်ခဲ့သည်မရှိချေ။ ဤနည်းနှင်နှင် ၚင်းတို့ အလျှင် ရှေးအထက်ကျော် ကာရိဉ်ရှိခဲ့ကြသော သူတို့ကလည်း မဟုတ် မမှန်ဟူ၍ ငြင်းပယ်ခဲ့ဘူးကြလေသည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) မတရားသောသူတို့သည် မည်သို့မည်ပုံ အကျိုးခံစားခဲ့ကြရသည်ကို အသင်သည် ကြည့်ရှုဆင်ခြင်ပါလေ။

(၁၀း၃၉)

ထို့ပြင် ၚင်းတို့တွင် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို ယုံကြည်မည့်သူများလည်း ရှိကြမည်။ ထိုနည်းတူ ၚင်းတို့တွင် ထို (ကုရ်အာန်ကျမ်းတော်မြတ်) ကို မယုံကြည်မည့် သူများလည်းရှိကြမည်။ စင်စစ်တစ်မူကား အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့အား အသိဆုံးသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။ (၁၀း၄၀)

အာယသ် (၄၁ - ၄၄)

وَ اِنۡ كَذَّبُوۡكَ فَقُلۡ لِّىۡ عَمَلِىۡ وَ لَـكُمۡ عَمَلُكُمۡ‌ ۚ اَنۡتُمۡ بَرِىۡٓـُٔوۡنَ مِمَّاۤ اَعۡمَلُ وَ اَنَا بَرِىۡٓءٌ مِّمَّا تَعۡمَلُوۡنَ ﴿۴۱﴾ وَ مِنۡهُمۡ مَّنۡ يَّسۡتَمِعُوۡنَ اِلَيۡكَ‌ ؕ اَفَاَنۡتَ تُسۡمِعُ الصُّمَّ وَ لَوۡ كَانُوۡا لَا يَعۡقِلُوۡنَ ﴿۴۲﴾ وَ مِنۡهُمۡ مَّنۡ يَّنۡظُرُ اِلَيۡكَ‌ ؕ اَفَاَنۡتَ تَهۡدِى الۡعُمۡىَ وَ لَوۡ كَانُوۡا لَا يُبۡصِرُوۡنَ ﴿۴۳﴾ اِنَّ اللّٰهَ لَا يَظۡلِمُ النَّاسَ شَيۡـًٔا وَّ لٰـكِنَّ النَّاسَ اَنۡفُسَهُمۡ يَظۡلِمُوۡنَ ﴿۴۴﴾

ထင်းပြင် (အို - နဗီတမန်တော်) အကယ်၍ ထိုသူတို့သည် အသင့်အား မဟုတ်မမှန် ဟူ၍ စွပ်စွဲငြင်းပယ်လျက်ရှိကြပါလျှင်၊ အသင်သည် (ထင်းတို့အား ဤသို့) ဖြေကြားပါလေ။ (အချင်းတို့) "ငါ၏အပြုအမူသည် ငါ၏အဖို့သာဖြစ်၍ အသင်တို့၏အပြုအမူသည် အသင်တို့အဖို့သာဖြစ်ချေသည်။ အသင်တို့သည် ငါပြုသမျှနှင့် (မည်သို့မျှ မဆိုင် လုံး၀) လွတ်ကင်းသူများဖြစ်ကြကုန်၏။ ငါသည်လည်း အသင်တို့ပြုသမျှတို့နှင့် (မည်သို့မျှမဆိုင်၊ လုံး၀) လွတ်ကင်းသူဖြစ်သည်။ (၁၀း၄၁)

ထိုမှတစ်ပါး ထင်းတို့တွင် (အမြင်အားဖြင့်) အသင့်ဘက်သို့နားစွင့်နေကြသူများလည်း ရှိကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် နားပင်းနေသောသူတို့အား (ထင်းတို့သည် အသိဉာဏ်ကို အသုံးမပြုဘဲ ရှိနေကြပါလျက်) ကြားအောင်ပြုနိုင်ပါသလော။ (၁၀း၄၂)

ထိုနည်းတူစွာ ထင်းတို့တွင် (အမြင်အားဖြင့်) အသင့်အား ကြည့် နေသူများလည်း ရှိကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် မျက်စိ ကန်းနေသောသူတို့အား (ထင်းတို့သည် ဉာဏ်မျက်စိဖြင့် မမြင်ကြပါ လျက်) တရားလမ်းမှန်ကို ညွှန်ပြနိုင်ပါသလော။ (၁၀း၄၃)

ဓကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အနည်းငယ် စိုးစဉ်းမျှပင် နှိပ်စက်ကလူပြုတော်မူသည် မဟုတ်ပေ။ စင်စစ်မှာမူကား လူတို့သည် မိမိကိုယ်တိုင် မိမိတို့ကိုယ်ကို နှိပ်စက်ကလူ ပြုကြကုန်သတည်း။ (၁၀း၄၄)

အာယသ် (၄၅ - ၅၆)

وَ يَوْمَ يَحْشُرُهُمْ كَاَنْ لَّمْ يَلْبَثُوْۤا اِلَّا سَاعَةً مِّنَ النَّهَارِ يَتَعَارَفُوْنَ بَيْنَهُمْ ؕ قَدْ
خَسِرَ الَّذِيْنَ كَذَّبُوْا بِلِقَآءِ اللّٰهِ وَ مَا كَانُوْا مُهْتَدِيْنَ ﴿۴۵﴾ وَ اِمَّا نُرِيَنَّكَ بَعْضَ
الَّذِيْ نَعِدُهُمْ اَوْ نَتَوَفَّيَنَّكَ فَاِلَيْنَا مَرْجِعُهُمْ ثُمَّ اللّٰهُ شَهِيْدٌ عَلٰى مَا يَفْعَلُوْنَ
﴿۴۶﴾ وَ لِكُلِّ اُمَّةٍ رَّسُوْلٌ ۚ فَاِذَا جَآءَ رَسُوْلُهُمْ قُضِيَ بَيْنَهُمْ بِالْقِسْطِ وَ هُمْ لَا
يُظْلَمُوْنَ ﴿۴۷﴾ وَ يَقُوْلُوْنَ مَتٰى هٰذَا الْوَعْدُ اِنْ كُنْتُمْ صٰدِقِيْنَ ﴿۴۸﴾ قُلْ لَّاۤ اَمْلِكُ
لِنَفْسِيْ ضَرًّا وَّ لَا نَفْعًا اِلَّا مَا شَآءَ اللّٰهُ ؕ لِكُلِّ اُمَّةٍ اَجَلٌ ؕ اِذَا جَآءَ اَجَلُهُمْ فَلَا
يَسْتَاْخِرُوْنَ سَاعَةً وَّ لَا يَسْتَقْدِمُوْنَ ﴿۴۹﴾ قُلْ اَرَءَيْتُمْ اِنْ اَتٰىكُمْ عَذَابُهٗ بَيَاتًا
اَوْ نَهَارًا مَّاذَا يَسْتَعْجِلُ مِنْهُ الْمُجْرِمُوْنَ ﴿۵۰﴾ اَثُمَّ اِذَا مَا وَقَعَ اٰمَنْتُمْ بِهٖ ؕ آٰلْـٰٔنَ
وَ قَدْ كُنْتُمْ بِهٖ تَسْتَعْجِلُوْنَ ﴿۵۱﴾ ثُمَّ قِيْلَ لِلَّذِيْنَ ظَلَمُوْا ذُوْقُوْا عَذَابَ الْخُلْدِ ۚ
هَلْ تُجْزَوْنَ اِلَّا بِمَا كُنْتُمْ تَكْسِبُوْنَ ﴿۵۲﴾ وَ يَسْتَنْۢبِـُٔوْنَكَ اَحَقٌّ هُوَ ؕ قُلْ اِيْ وَ رَبِّيْۤ
اِنَّهٗ لَحَقٌّ ۫ وَ مَاۤ اَنْتُمْ بِمُعْجِزِيْنَ ﴿۵۳﴾ وَ لَوْ اَنَّ لِكُلِّ نَفْسٍ ظَلَمَتْ مَا فِي الْاَرْضِ
لَافْتَدَتْ بِهٖ ؕ وَ اَسَرُّوا النَّدَامَةَ لَمَّا رَاَوُا الْعَذَابَ ۚ وَ قُضِيَ بَيْنَهُمْ بِالْقِسْطِ وَ
هُمْ لَا يُظْلَمُوْنَ ﴿۵۴﴾ اَلَاۤ اِنَّ لِلّٰهِ مَا فِي السَّمٰوٰتِ وَ الْاَرْضِ ؕ اَلَاۤ اِنَّ وَعْدَ اللّٰهِ حَقٌّ وَّ
لٰكِنَّ اَكْثَرَهُمْ لَا يَعْلَمُوْنَ ﴿۵۵﴾ هُوَ يُحْيٖ وَ يُمِيْتُ وَ اِلَيْهِ تُرْجَعُوْنَ ﴿۵۶﴾

ထို့ပြင် (အသင်သည် ၎င်းတို့အား) အကြောင်နေ့ကို သတိပေးပါလေ။ ထိုနေ့တွင် ထိုအရှင်မြတ်သည် ၎င်းတို့အား စုရုံးတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် (မိမိတို့မှာ လောကတွင်)နေ့၏တစ်နာရီခန့်မျှသာ နေခဲ့ကြရသည်(ဟု ထင်မှတ်ကြပေမည်)။ ၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦးလည်း မှတ်မိကြပေမည်။ (သို့သော်ငြားလည်း တစ်ဦးသည် တစ်ဦးအဖို့ အသုံးကျမည်မဟုတ်ချေ။) အလ္လာဟ်အရှင်မြတ်နှင့် တွေ့ဆုံခြင်းကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့သည် ဧကန်မလွဲ အကျိုးယုတ်ဆုံးရှုံးကြခဲ့လေပြီ တကား။ စင်စစ်သော်ကား ၎င်းတို့သည် တရားလမ်းမှန်ကို ရရှိအံ့သောသူများ မဟုတ်ခဲ့ကြပေ။ (၁၀း၄၅)

စင်စစ်သော်ကား အကယ်၍ ငါအရှင်မြတ်သည် ၎င်းတို့အား ငါအရှင်မြတ် ကတိထားတော်မူခဲ့သော ပြစ်ဒဏ်အချို့ကို အသင့်အားပြတော်မူသည်ဖြစ်စေ၊ သို့တည်း မဟုတ် ငါအရှင်မြတ်သည် အသင့်အား (ထိုပြစ်ဒဏ်မကျရောက်မီ) သေဆုံးတော်မူသည်ဖြစ်စေ၊ နောက်ဆုံးတွင် ၎င်းတို့၏ပြန်လည်ရောဂ္ဂာနသည် ငါအရှင်မြတ်ထံတော်၌ပင်ရှိပေ

သည်။ ပြီးနောက် အလွှာဟ်အရှင်မြတ်သည် ၎င်းတို့ပြုလုပ်ကြသည်တို့ကိုလည်း သိတော်မူသောအရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၀း၄၆)

စင်စစ်သော်ကား လူမျိုးတိုင်းအဖို့ တမန်တော်တစ်ပါးတည်း ရှိခဲ့လေသည်။ တစ်ဖန် ၎င်းတို့အား အကြောင်းကြားမည့် တမန်တော် ရောက်ရှိခဲ့သောအခါ ၎င်းတို့၏အကြားတွင် တရားမျှတစွာပင် စီရင်ဆုံးဖြတ်ပြီး ဖြစ်ခဲ့သည်သာတည်း။ ထို့ပြင် ၎င်းတို့သည် မတရားပြုလုပ်ခြင်းကို လုံးဝခံကြမည်မဟုတ်ပေ။ (၁၀း၄၇)

ထိုမှတစ်ပါး ၎င်းတို့က "အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသော သစ္စာဝါဒီများဖြစ်ကြပါလျှင် ဤ(ပြစ်ဒဏ်ကျရောက်ခြင်းနှင့်စပ်လျဉ်းသည့်) ကတိသည် မည်သည့်အခါ၌ အတည်ဖြစ်အံ့နည်း" ဟု ပြောဆိုကြကုန်သတည်း။ (၁၀း၄၈)

(အိ-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) "ငါသည် အလွှာဟ်အရှင်မြတ် အလိုရှိတော်မူသော အရေးကိစ္စမှတစ်ပါး မိမိကိုယ်နှင့်ပတ်သက်၍ မည်သည့် ကျိုးယုတ်ဆုံးရှုံးစေခြင်းကိုလည်းကောင်း၊ မည်သည့်အကျိုးကျေးဇူး ဖြစ်ထွန်းစေခြင်းကိုလည်းကောင်း ပိုင်ဆိုင်သည်မဟုတ်ပေ။ လူမျိုးတိုင်းတွင် သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလသည်ရှိ၏။ ၎င်းတို့၏ သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလရောက်ရှိလာသောအခါ ၎င်းတို့သည် တစ်နာရီခန့်မျှပင် ရှေ့ဆိုင်းနိုင်ကြသည်လည်းမဟုတ်၊ စော နိုင်ကြသည်လည်းမဟုတ်။" (၁၀း၄၉)

(အိ-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) "အကယ်၍ အသင်တို့၌ ထိုအရှင်မြတ်၏ ပြစ်ဒဏ်သည် ည၌အချိန်၌ဖြစ်စေ၊ နေ့အချိန်၌ဖြစ်စေ (ရုတ်တရက်) ဆိုက်ရောက်လာခဲ့ပါလျှင် အသင်တို့သည် မည်သို့ယူဆကြမည်ကို ငါ့အား ပြောပြကြလေကုန်။ (သို့ပါလျက်) ပြစ်မှုကျူးလွန်သူတို့သည် မည်သည့်အတွက်ကြောင့် ထိုပြစ်ဒဏ်ကျရောက်ရန် အလျင်လိုကြသနည်း။ (၁၀း၅၀)

အဘယ်သို့ပါနည်း ထိုပြစ်ဒဏ်ကျရောက်လာသည့် နောက်မှသာ အသင်တို့သည် ယင်းပြစ်ဒဏ်ကို ယုံကြည်ကြမည်လော။ ယခုပင် (ယုံကြည်ကြလေ)လော့။ အမှန်စင်စစ်သော်ကား အသင်တို့သည် ထိုပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဧကန်မလွဲ အလျင်လိုခဲ့လျက် ရှိနေကြကုန် သတည်း။ (၁၀း၅၁)

ထို့နောက် (မိမိကိုယ်ကို) နှိပ်စက်က လူပြုခဲ့ကြသောသူတို့သည် (ဤသို့ပြောဆိုခြင်းကို ခံကြရပေမည်။) "အသင်တို့သည် အစဉ်ထာဝရ တည်ဆဲ့သောအပြစ်ဒဏ်၏ (အရသာ)ကို မြည်းစမ်းကြလေကုန်။ အသင်တို့သည် မိမိတို့ရှာဖွေဆည်းပူးခဲ့ကြသည်တို့မှတစ်ပါး မည်သည်ကိုမျှ အစားပေးခြင်းကို ခံကြရသည်မဟုတ်ပေတကား။ (၁၀း၅၂)

ထိုပြင် ထိုသူတို့သည် အသင့်အား "ဤ (ပြစ်ဒဏ်ကျရောက်မည့်) ကိစ္စသည် မှန်ကန်ပါသလော" သတင်းမေးမြန်း စုံစမ်းကြကုန်သည်။ အသင်သည် (၎င်းတို့အား

ဤသို့) ဖြေကြားပါလေ။ "ဟုတ်ပေသည် (ငါသည်) မိမိအားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အား တိုင်တည်၍ပြောကြားအံ့။ ဇကန်မလွဲ၏ ဤကိစ္စသည် အမှန်သာလျှင်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် (မိမိတို့၌ ထိုပြစ်ဒဏ်မကျရောက်စေရန်) တားဆီးထားနိုင်ကြမည့်သူများ မဟုတ်ကြပေ။ (၁၀ း ၅၃)

ထို့ပြင် အကယ်၍(မိမိတို့ကိုယ်ကိုမိမိတို့)နှိပ်စက်ကလူပြုခဲ့ကြကုန်သော'မုရှ်ရစ်က်' (ဘုရားအများကိုးကွယ်) သူ အသီးသီးတို့တွင် ကမ္ဘာအဝန်းနှင့်အမျှ အရာ အားလုံးပိုင်ခဲ့လျှင် ထိုအရာအားလုံးတို့ကို လျော်ကြေးအဖြစ်ပေး(၍ ပြစ်ဒဏ်မှ လွတ်မြောက်) လိုကြပေအံ့။ ၎င်းပြင် ထိုသူတို့သည် ပြစ်ဒဏ်ကို (ဦးစွာပထမ) မြင်ကြရသောအခါတွင် (မိမိတို့စိတ်ထဲမှ လျှို့ဝှက်စွာ) နောင်တရ (ဝမ်းနည်း)ကြကုန်အံ့။ ထို့ပြင် (ထိုနေ့တွင်) ၎င်းတို့၏ အကြားဝယ် တရားမျှတစွာ စီရင်ဆုံးဖြတ်ပြီးဖြစ်အံ့။ စင်စစ်သော်ကား ၎င်းတို့သည် မတရားပြုလုပ်ခြင်းကို (အနည်းငယ်စိုးစဉ်းမျှပင်) ခံကြရမည်မဟုတ်ပေ။ (၁၀း၅၄)

သတိပြုကြလေကုန်၊ ဇကန်စင်စစ် မိုးကောင်းကင်များ၌ ရှိကုန် သော အရာဝတ္ထုအလုံးစုံတို့သည်လည်းကောင်း၊ ပထဝီမြေ၌ရှိကုန်သော အရာဝတ္ထုအလုံးစုံတို့သည် လည်းကောင်း အလွှာဟ်အရှင်မြတ် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုချည်းသာဖြစ်ကြပေသည်။ သတိပြုလေကုန်၊ ဇကန်မလွဲ၏အလွှာဟ်အရှင်မြတ်ထားရှိတော်မူသော ကတိတော်သည် မှန်ကန်သော ကတိတော်ပင်ဖြစ်၏။ သို့ရာတွင် ၎င်းတို့အနက်အများစုသည် မသိနားမလည်ကြချေ။ (၁၀း၅၅)

ထိုအရှင်မြတ်သည်သာလျှင် အသက်ရှင်စေတော်မူ၏။ ထိုနည်း တူစွာထိုအရှင်မြတ်သည်ပင် အသက်သေစေတော်မူ၏။ ထိုမှတစ်ပါး ထိုအရှင်မြတ်ထံတော်သို့ပင် အသင်တို့သည် ပြန်လည်၍ရောက်ရှိကြ ရပေမည်။ (၁၀း၅၆)

အကျယ်ဖွင့်ဆိုခြင်း

အာယသ်(၄၅)ထဲတွင် يَتَعَارَفُوْنَ بَيْنَهُمْ "၎င်းတို့သည် အချင်းချင်း တစ်ဦးကိုတစ်ဦးလည်း မှတ်မိကြပေမည်"ဟူ၍ မိန့်ထားခြင်းက ဆိုလိုသည်မှာ သေဆုံးသောသူများကို ၎င်းတို့၏သချိုင်းမှ ပြန်လည် ရှင်ထစေသောအခါ၌ အချင်းချင်း တစ်ဦးနှင့်တစ်ဦး နောက်ဆုံးတွေ့ခဲ့ရသောအချိန်သည် သိပ်မကြာလိုက်သကဲ့သို့ အချင်းချင်းတစ်ဦးနှင့် တစ်ဦး ကောင်းစွာမှတ်မိသိရှိခဲ့ကြမည် ဟူ၍ဖြစ်သည်။

အီမာမ်အလ်ဗဂါဝီကပြောသည်မှာ ဤမှတ်မိမှုသည် အစောပိုင်းအချိန်အခါတွင်သာ ဖြစ်နိုင်သည်။ နောက်ပိုင်း ကိယာမသ်နေ့၏ ကြောက်မက်ဖွယ်အဖြစ်အပျက်များ ပေါ်ထွက်လာသောအချိန်၌ ဤတစ်ဦးနှင့် တစ်ဦး သိရှိနိုင်စွမ်းသည် ဖြစ်နိုင်စွမ်းမရှိတော့ချေ။ အခြားဆင့်ပြန်ချက်အချို့အရ ဤတစ်ဦးနှင့်တစ်ဦး မှတ်မိနိုင်စွမ်း ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်း ထိတ်လန့်ဖွယ်အခြေအနေကြောင့် ၎င်းတို့သည် မည်သည်ကိုမျှ ပြောဆိုနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။ (မဇာဟိရီ)

အာယသ်(၅၁)ထဲ၌ اَثُمَّ اِذَا مَا وَقَعَ اٰمَنْتُمْ بِهٖٓ اٰلْـٰٔنَ ဟုမိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ "အသင်တို့ သေအံ့မူးမူးအချိန်ကသော်လည်းကောင်း (သို့မဟုတ်) ယင်းထက်စောသော်လည်းကောင်း အသင်တို့အပေါ်၌ အလွှာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်ခဲ့သော် အသင်တို့ယုံကြည်ကြမည်လော။ သို့သော်လည်း ထိုအချိန်၌ အသင်တို့ယုံကြည်ပါသည်ဆိုသော တုန့်ပြန်ချက်မှာ اٰلْـٰٔنَ (အာလ်အာန်-ယခုမှလော) ဟူ၍ဖြစ်လိမ့်မည်။ ယင်းကဆိုလိုသည်မှာ ယုံကြည်ရန်အချိန် ကျော်လွန်သွားပြီးမှ ယခု အသင်တို့ ယုံကြည်ကြသလော" ဟူ၍ဖြစ်သည်။ ဤသည်မှာ ရေနစ်စဉ် ဖိရ်အောင်နှင်ပြောကြားခဲ့သည့် اٰمَنْتُ اَنَّهٗ لَآ اِلٰهَ اِلَّا الَّذِيْٓ اٰمَنَتْ بِهٖ بَنُوْٓا اِسْرَآءِيْلَ "(နောက်ဆုံးတွင် ထိုဖိရ်အောင်နှင်သည် နစ်မြုပ်အံ့ဆဲဆဲဖြစ်ခဲ့သောအခါတွင် "ကျွန်တော်မျိုးသည်လည်း အိစ္စရာအီလ်မျိုးနွယ်ဝင်တို့ သက်ဝင်ယုံကြည်ကုန်သော အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်မြတ်ဟူ၍ အလျှင်းမရှိကြောင်း သက်ဝင်ယုံကြည်ပါပြီ ၁၀း၉၀") ဟူသည် နှင့်အလားတူသည်။ အဖြေပေးသည့်အနေဖြင့် اٰلْـٰٔنَ (အာလ်အာန်-ယခုမှလော) ဟူ၍မိန့်ကာ ၎င်း၏ယုံကြည်မှုကို လက်မခံခဲ့ပါ။ ဟဒီးဆ်တော်တွင် တမန်တော်မြတ် S မိန့်ထားသည်မှာ "အလွှာဟ် အရှင်မြတ်သည် အရှင်၏ကျေးကျွန်တစ်ဦး သေခြင်းတရားဒုက္ခ မကျရောက်မီအထိ ထိုသူ၏သောင်ဗဟ်ကို (ဝန်ချတောင်းပန်မှု)ကို လက်ခံတော်မူသည်"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ သေခြင်းဒုက္ခကျရောက်သည့်အခါမှ ယုံကြည်ခြင်းနှင့် ဝန်ချတောင်းပန်ခြင်းသည် အလွှာဟ်အရှင်မြတ်အသိမှတ်မပြုချေ။ အလားတူ ဤလောကကမ္ဘာတွင်အလွှာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုမကျ ရောက်မီအလျင်ပြုလုပ်သော ဝန်ချတောင်းပန်မှု သောင်ဗဟ်သည် လက်ခံနိုင်ဖွယ်ရှိသည်။ ပြစ်ဒဏ်ခတ်မှု ကျရောက်သည်နှင့်တစ်ပြိုင်နက် သောင်ဗဟ်ကိုလက်မခံတော့ချေ။ ဤစူရတ်အဆုံး၌ဖော်ပြမည် ဖြစ်သော စိုက်ယိဒိနာ ယူနွတ်စ် d ၏လူများ သောင်ဗဟ်ပြုလုပ်ခြင်းကို လက်ခံခြင်းအကြောင်းမှာ ဤဥပဒေသ အောက်တွင် အကျုံးဝင်သည်။ သူတို့သည် ပြစ်ဒဏ်ခတ်မှုကျရောက်လာသည်ကို ခပ်လှမ်းလှမ်းမှမြင်ခဲ့ရသည်။ စိတ်အားထက်သန်စွာ ငိုကျွေး၍ အားလုံး ရိုးရိုးသားသားနှင့် သောင်ဗဟ်ဝန်ချ တောင်းပန်ခဲ့ကြသည်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်မှုကို ရုပ်သိမ်းခဲ့သည်။ ပြစ်ဒဏ်သည် ၎င်းတို့ ပေါ်ကျရောက်သွားလျှင်မူ သူတို့သောင်ဗဟ်ကို လက်မခံခြင်းဖြစ်လိမ့်မည်။

အာယသ် (၅၇ - ၆၁)

يٰٓاَيُّهَا النَّاسُ قَدْ جَآءَتْكُمْ مَّوْعِظَةٌ مِّنْ رَّبِّكُمْ وَ شِفَآءٌ لِّمَا فِي الصُّدُوْرِ ۙ وَ هُدًى
وَّ رَحْمَةٌ لِّلْمُؤْمِنِيْنَ ﴿۵۷﴾ قُلْ بِفَضْلِ اللّٰهِ وَ بِرَحْمَتِهٖ فَبِذٰلِكَ فَلْيَفْرَحُوْا ؕ هُوَ خَيْرٌ
مِّمَّا يَجْمَعُوْنَ ﴿۵۸﴾ قُلْ اَرَءَيْتُمْ مَّآ اَنْزَلَ اللّٰهُ لَكُمْ مِّنْ رِّزْقٍ فَجَعَلْتُمْ مِّنْهُ حَرَامًا
وَّ حَلٰلًا ؕ قُلْ آٰللّٰهُ اَذِنَ لَكُمْ اَمْ عَلَى اللّٰهِ تَفْتَرُوْنَ ﴿۵۹﴾ وَ مَا ظَنُّ الَّذِيْنَ يَفْتَرُوْنَ
عَلَى اللّٰهِ الْكَذِبَ يَوْمَ الْقِيٰمَةِ ؕ اِنَّ اللّٰهَ لَذُوْ فَضْلٍ عَلَى النَّاسِ وَ لٰكِنَّ اَكْثَرَهُمْ
لَا يَشْكُرُوْنَ ﴿۶۰﴾ وَ مَا تَكُوْنُ فِيْ شَاْنٍ وَّ مَا تَتْلُوْا مِنْهُ مِنْ قُرْاٰنٍ وَّ لَا تَعْمَلُوْنَ
مِنْ عَمَلٍ اِلَّا كُنَّا عَلَيْكُمْ شُهُوْدًا اِذْ تُفِيْضُوْنَ فِيْهِ ؕ وَ مَا يَعْزُبُ عَنْ رَّبِّكَ مِنْ
مِّثْقَالِ ذَرَّةٍ فِي الْاَرْضِ وَ لَا فِي السَّمَآءِ وَ لَآ اَصْغَرَ مِنْ ذٰلِكَ وَ لَآ اَكْبَرَ اِلَّا فِيْ
كِتٰبٍ مُّبِيْنٍ ﴿۶۱﴾

အိုး-လူအပေါင်းတို့ မုချဇကန် အသင်တို့ထံသို့ အသင်တို့အား ဖန်ဆင်းမွေးမြူ တော်မူသော အရှင်မြတ်အထံတော်မှ ဆုံးမသြဝါဒတော် သည်လည်းကောင်း၊ ရင်များတွင်ရှိသော (ဝေဒနာများ)ကို ပျောက်ကင်းစေသော ဆေးသည်လည်းကောင်း၊ "မုအ်မင်နိ်" သက်ဝင်ယုံကြည်သူတို့အဖို့ တရားပြလမ်းညွှန်ခြင်းသည်လည်းကောင်း၊ ကရုဏာတော် သည်လည်းကောင်း ရောက်ရှိလာခဲ့ချေပြီ။ (၁၀း၅၇)

(အိုး-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) "အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော် ကြောင့်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်ကြောင့်လည်း ကောင်း၊ ဤသည်တို့ကို အကြောင်းပြု၍ လူသားတို့သည် ဝမ်းမြောက် သင့်ကြပေသည်။ ထို(ကျေးဇူးတော်၊ ကရုဏာတော်)သည်ကား ငင်းတို့စုဆောင်းလျက်ရှိကုန်သော (ဓလာဂီ) ဥစ္စာပစ္စည်းများထက် လွန်စွာပိုမိုကောင်းမြတ်ပေသတည်း။ (၁၀း၅၈)

(အိုး-နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့ အသို့နည်း) "အသင်တို့သည် (ငါ့အား ပြောကြားလေကုန်) အလ္လာဟ်အရှင်မြတ်က ပေးသနားတော်မူခဲ့သော စားနပ်ရိက္ခာတို့ကို ထို (သို့ချပေးသနားတော်မူပြီး) နောက်တွင် အသင် တို့သည် ယင်းစားနပ်ရိက္ခာများအနက်မှ အချို့ကို "ဟရာမ်" (စားပိုင်ခွင့်မရှိ) ဟူ၍လည်းကောင်း၊ (အချို့ကို) "ဟလာလ်" (စားပိုင်ခွင့် ရှိသည်) ဟူ၍လည်းကောင်း သတ်မှတ်ခဲ့ကြသည်ကို စေ့စေ့စပ်စပ်းဆင် ခြင်ပြီးဖြစ်ကြလေသလော။ (အိုး - နဗီတမန်တော်) အသင်သည် (ငင်းတို့အား ဤသို့) ပြောဆိုမေးမြန်းပါလေ။ (အချင်းတို့) "အသို့ပါနည်း။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ခွင့်ပြုတော်မူခဲ့ပါသလော။ သို့တည်းမဟုတ် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အပေါ်၌ လိဆယ်စွပ်စွဲကြလေသလော။

(၁၀း၅၉)

ထို့ပြင် "ကိယာမသ်" ရှင်ပြန်ထမည့်နေ့နှင့်စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လိဆယ်စွပ်စွဲကြကုန်သော သူတို့၏ထင်မြင်ယူဆချက်သည် မည်သို့ရှိသနည်း။ ဓကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူတို့အပေါ်၌ အမှန်ပင်ကျေးဇူးတော်ရှင်ဖြစ်တော်မူပေသည်။ သို့ရာတွင် ငင်းတို့အနက် အများဆုံးသောလူတို့မူ ကား ကျေးဇူးတော်ကို မသိတတ်ကြချေ။ (၁၀း၆၀)

(အိုး-နဗီတမန်တော်) အသင်သည် မည်သည့်အခြေအနေ၌ မဆိုရှိနေသည်ကို လည်းကောင်း၊ ထိုအခြေအနေတွင် အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိနေသည်ကို လည်းကောင်း၊ အသင်တို့သည် မည်သည့်အလုပ်မျိုးကို မဆို ပြုလုပ် လျက်ရှိနေကြသည်ကိုလည်းကောင်း၊ အသင်တို့ ထိုကိစ္စကို အာရုံစိုက်၍ စတင်ဆောင်ရွက်ကြသောအချိန်အခါတွင် ငါအရှင်မြတ်သည် အသင်တို့အပေါ်ဝယ်

အသိသက်သေဖြစ်တော်မူသည်သာတည်း။ စင်စစ်သော်ကားပထဝီမြေ၌လည်းကောင်း၊ မိုးကောင်းကင်၌လည်းကောင်း ရှိသည့် အနည်းငယ်၊ စိုးစဉ်းမျှ (သောအရာဝတ္ထု) သည် ပင်လျှင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်(၏)အသိ)မှ ပျောက်ကွယ်နေသည်မဟုတ်ပေ။ ထိုမှတစ်ပါး ယင်းထက်သေးငယ်သော (အရာဝတ္ထုသည်) လည်းကောင်း၊ (ယင်းထက်)ကြီးသော (အရာဝတ္ထုသည်) လည်းကောင်း၊ ထင်ရှားစွာသော (မှတ်တမ်းတော်) စာအုပ်တွင် (ရေးသားပြီး) ရှိနေသည်သာတည်း။ (၁၀း၆၁)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်များထဲ၌ မယုံကြည်သွေဖည်သူများနှင့် ဘုရားအများကိုးကွယ်သူများ မည်မျှ လမ်းလွဲသို့ရောက်သွားကြသည်ဆိုကြောင်းနှင့် နောင်တမလွန်ဘဝ၌ ၎င်းတို့မည်ကဲ့သို့သော ပြစ်ဒဏ်ခတ်ခံရမှုများရရှိစေမည့် အကြောင်းကို ဖော်ပြထားသည်။

ပထမ နှစ်အာယသ်တော်ထဲ၌ ၎င်းတို့၏မှားယွင်းသော နေထိုင်မှုအကြောင်းနှင့် နောင်တမလွန်ဘဝတွင် ပြစ်ဒဏ်ခတ်ခံရမှုမှ ကယ်ခံရနိုင်မှုအတွက် ၎င်းတို့ ရှာဖွေတွေ့ရှိနိုင်မည့် အရင်းအမြစ်ကို ဖော်ပြထားသည်။ ထိုအရင်းအမြစ်သည်ကား အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်ဖြစ်သည့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အရှင်တမန်တော်ကြီးဖြစ်သော မုဟမ္မဒ်အလ်မွတ်စ်သဖ S တို့ ဖြစ်ကြပါသည်။

နှစ်ရပ်စလုံးတို့သည် လူသားထုတစ်ရပ်လုံးအတွက် ကြီးကျယ်လှသော ကောင်းချီးများဖြစ်ကြပါသည်။ ယင်းတို့သည် ကမ္ဘာပထဝီမြေကြီးနှင့် မိုးကောင်းကင်များတွင်ရှိသော ကောင်းချီးမင်္ဂလာအားလုံးထက် သာလွန်မြင့်မြတ်ပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်ပါ အဓိန့်ပညတ်ချက်များနှင့် တမန်တော်မြတ် S ၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးခြင်းသည် လူသားများအား လူဆိုသည့် စစ်မှန်သောသဘော သက်ရောက်စေသည်။ ၎င်းနောက် ဤလူသားသည် ပြီးပြည့်စုံသော လူသားဟူသည့် စစ်မှန်သောသဘောသက်ရောက်ပါက ကမ္ဘာတစ်ဝန်းလုံး ပြုပြင်ပြောင်းလဲသွားကာ ထိုကမ္ဘာကြီးသည် ကမ္ဘာမြေပေါ်ရှိ နိဗ္ဗာန်ဘုံဖြစ်သွားပါလိမ့်မည်။

အထက်ဖော်ပြပါ အာယသ်(၅)ခုတို့အနက် ပထမအာယသ်(၅၇)ထဲတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ဂုဏ်ပုဒ်လေးခုကို ဖော်ပြထားသည်။

(၁) ဆုံးမသြဝါဒတော်

مَوْعِظَةٌ مِّن رَّبِّكُمْ (ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်အထံတော်မှ ဆုံးမသြဝါဒတော်)

موعظة (မောင်အိဇွဟ်) နှင့် **وعظ** (ဝအဇွဲ)တို့၏ စစ်မှန်သောအဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ နှလုံးသားအား ပျော့ပြောင်းစေပြီး လက်ခံနိုင်စွမ်းပြုလုပ်သော အရာများအား သရုပ်သကန်ပေါ်အောင် ရေးသားထားခြင်းဖြစ်သည်။ ရလဒ်မှာ ယင်းသည် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ကိုင်းညွှတ်စေပါသည်။ လောကီဘဝတွင် အလွန်အကျူးနစ်မွန်းနေခြင်း ကြောင့် ရရှိခဲ့သော သတိမမူခြင်းဆိုသည့် အတားအဆီးအား ဖယ်ရှားပြီးဖြစ်သွားစေပါသည်။ အဆုံး၌ ဤဆုံးမသြဝါဒတော်ကြောင့် နောင်တမလွန်တွင်ရှိသည့် အာခိရသ်တွင် ဘာဖြစ်မည်ဆိုသော ပုဂ္ဂိုလ်ရေးသောကကို

ဖြစ်ပေါ်စေပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်သည် အစမှအဆုံးတိုင် ဤအလွန်ကောင်းမြတ်လှသော အကြံပြုမှုကို အဖွဲ့အစွဲ့ ကောင်းစွာဖြင့် ဟောပြောသူဖြစ်ပါသည်။ မည်သည့်နေရာမဆို ကြည့်ရှုပါ။ အသင်သည် ဒွန္ဒယာနှင့်အာခိရသ်နှစ်ရပ်စလုံးတို့အတွက် သတိပေးခြင်း၊ ဆုလာဘ်နှင့်ပြစ်ဒဏ်ပေးခြင်း ၎င်းနောက် ကြီးပွားခြင်းနှင့် အောင်မြင်ခြင်း ကတိတော် တွေ့ရှိရပါလိမ့်မည်။ ၎င်းနောက် အမှားနှင့်လမ်းလွဲခြင်းကြောင့် လိုက်လျောညီထွေသည့် ကံကြမ္မာကိုလည်း တွေ့ရှိရပါလိမ့်မည်။ အမျိုးမျိုးသော အရောင်အသွေးများ အမျိုးမျိုးသော ပေါင်းစပ်ခြင်းများတို့အား ထပ်ခါတလဲလဲ ဖော်ပြခြင်းဖြင့် အားကောင်းလှသော ဆွဲဆောင်မှုတစ်ရပ်ဖြစ်ပေါ်စေပါသည်။ ယင်းဆွဲဆောင်မှုသည် ကျောက်တုံးကဲ့သို့ မာကြောသော နှလုံးသားအား ပျော့ပြောင်းသွားစေကာ သတင်းစကားအား အလွယ်တကူ စုပ်ယူနိုင်စွမ်းရှိသွား စေပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ ပင်ကိုယ်အဲ့ဖွယ်ရာ အသုံးအနှုန်းသည်ပင်လျှင် နှလုံးသားများအား ပြောင်းလဲစေမှု အကြောင်းအရာဖြစ်ပေသည်။

موعظه (မောင်အိဇ္ဇဟ်) (ဆုံးမသြဝါဒတော်) ဆိုသည်ကို **مِنْ رَّبِّكُمْ** (အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံမှ) ဖြည့်စွက်ထားမှုက ကုရ်အာန်ကျမ်းတော်မြတ်ပါ ဆုံးမသြဝါဒတော်၏ အနေအထားကို အလွန်မြင့်မားသော အဆင့်သို့ မြှင့်တင်ပေးလိုက်ပါသည်။ ဤသည်က ကျွန်ုပ်တို့အား ပြောပြသည်မှာ ဤဆုံးမသြဝါဒတော်သည် မိမိအတွက် အကျိုးပြုစေသော ကိုယ်ပိုင်အစွမ်းအစလည်း မရှိ၊ တစ်ပါးသူအတွက် အကျိုးအမြတ်နှင့် ဆုံးရှုံးမှုရှိစေခြင်းနှင့် ဆုလာဘ်(သို့မဟုတ်) ပြစ်ဒဏ်ခတ်ခံရစေခြင်း ပြုလုပ်နိုင်စွမ်းမရှိသော စွမ်းရည်မဲ့သူ တစ်ဦးတစ်ယောက်ထံမှ လာခြင်းမဟုတ်ကြောင်း ဖြစ်ပါသည်။ ထိုသို့မဟုတ်ဘဲ ဤအကြံပြုမှုသည် မိမိ၏မှတ္ထပါဠိတော်ဖြစ်ကာ အမှားအယွင်း ကင်းစင်တော်မူပြီး သနားကြင်နာသော အရှင်သခင်ထံမှ ဖြစ်ပါသည်။ ထိုအရှင်၏ကတိတော်နှင့် သတိပေးချက်တို့တွင်လည်း အခြားသော အားနည်းချက် သို့မဟုတ် ဆင်ခြေများကင်းစင်ပါသည်။

(၂) ဆေး

شِفَآءٌ لِّمَا فِى الصُّدُوْرِ (ရင်ထဲတွင်ရှိသော (ဝေဒနာများ) ကို ပျောက်ကင်းစေသောဆေး)

شفا (ရှိဖာ) ဟူသော စကားလုံးသည် ရောဂါအား ဖယ်ရှားပစ်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ ၎င်းနောက် **صور** (စွတ်ဒ်ဒ်ဒူ)သည် **صدر** (ဆွဒရ်) ၏ ဗဟုဝုစ်ကိန်းဖြစ်ကာ ရင်ဘတ်ဟု အဓိပ္ပာယ်သက်ရောက်ကာ နှလုံးသားဟု ဖော်ကျူးပါသည်။

ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းမြတ်သည် နှလုံးသား၏ ရောဂါများအတွက် အအောင်မြင်ဆုံးသော ဆေးနည်းဖြစ်သည်။ အဲ့ဖွယ်ဆေး၏အညွှန်းအတိုင်း ကျမ်းမြတ်ကုရ်အာန်က ပြုပြင်ကုသပေးသည်။ ကျော်ကြားထင်ရှားသည့် ဟစံအလ်ဗစ္စရီကပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဂုဏ်ပုဒ်မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာကုရ်အာန်ကျမ်းမြတ်သည် နှလုံးသား၏ရောဂါများကို သီးသန့်ကုသမှုဖြစ်ကာ ရုပ်ပိုင်းဆိုင်ရာရောဂါများကိုမူ မကုသချေ" (ရူဟွလ် မအာနီ) ဟူ၍ ဖြစ်သည်။

သို့သော်လည်း အခြားပညာရှင်များကမူ ကုရ်အာန်ကျမ်းတော်မြတ်သည် ရုပ်ပိုင်းဆိုင်ရာဖြစ်စေ နာမ်ပိုင်းဆိုင်ရာဖြစ်စေ ရောဂါတိုင်းအတွက် ကုသမှုတစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့ကြသည်။ သို့သော်လည်း အမျိုးသားများနှင့် အမျိုးသမီးများအတွက် နာမ်ပိုင်းဆိုင်ရာရောဂါများသည် ရုပ်ပိုင်းဆိုင်ရာရောဂါများထက် ပိုမို၍အန္တရာယ်ရှိသည်။

ထို့ပြင် ထိုရောဂါမျိုး၏ ကုသမှုမှာလည်း လူတိုင်းမထိန်းချုပ်နိုင်ချေ။ ထို့ကြောင့် ဤနေရာ၌ နလုံးသားနှင့်သက်ဆိုင်သော နာမ်ပိုင်းဆိုင်ရာရောဂါများကိုသာလျှင် ဖော်ပြထားခဲ့သည်။ ဤသည်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က ရုပ်ပိုင်းဆိုင်ရာရောဂါများအတွက် ကုသမှုမဟုတ်ဟုလည်း မဆိုနိုင်ချေ။

ဟဒီးဆ်တော်တင်ပြချက်များနှင့် မုစ်လင်မ်အုမ္မသ်ထု၏ ဘာသာရေးဆိုင်ရာပညာရှင်များ၏ မရေတွက် နိုင်သော စမ်းသပ်မှုများက ကုရ်အာန်ကျမ်းတော်မြတ်သည် နလုံးသား၏ ရောဂါများအတွက်ကြီးကျယ်သော ဆေးတစ်ပါးဖြစ်သကဲ့သို့ အလားတူ ရုပ်ပိုင်းဆိုင်ရာရောဂါအတွက် အကောင်းဆုံးကုသမှုဖြစ်ကြောင်း သက်သေ ထူနေပေသည်။

စိုက်ယိဒိနာအပူစအီးဒ်အလ်ခုဒ်ရီ d ၏ ဆင့်ပြန်ချက်အရ တစ်စုံတစ်ဦးသည် တမန်တော်မြတ် S ထံ လာရောက်ကာ ၎င်း၌ ရင်ခေါင်းဆိုင်ရာပြဿနာ ခံစားနေရကြောင်း တင်ပြခဲ့သည်။ ကိုယ်တော်မြတ် S က မိန့်သည်မှာ "ကုရ်အာန်ကျမ်းမြတ်ကို ဖတ်ရွတ်ပါလေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် **شِفَاءٌ لِّمَا فِي الصُّدُورِ** ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ "ကုရ်အာန်ကျမ်းတော်မြတ်သည် ရင်ထဲတွင်ရှိသော (ဝေဒနာများ)ကို ပျောက်ကင်းစေသော ဆေးဖြစ်သည်။ (၁၀း၅၇)" ဟု ဖြစ်သည်။ (အိဗနိမရ်ဒူဝေဟ်မှတစ်ဆင့် ရူဟုလ်မအာနီကျမ်း)

အလားတူ စိုက်ယိဒိနာ ဝါစိလာဟ်အိဗနိအတ်စ်ကာ d ၏ ဆင့်ပြန်ချက်တစ်ရပ်အရ တစ်စုံတစ်ဦးသည် တမန်တော်မြတ် S ထံ လာရောက်ကာ သူ့တွင်လည်ချောင်းနှင့်ပတ်သက်သော ပြဿနာရှိကြောင်း တင်ပြခဲ့သည်။ တမန်တော်မြတ် S က သူ့အား "ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါလေ" ဟူ၍ပင် ပြောဆိုခဲ့သည်။

မုစ်လင်မ်အုမ္မသ်ထု၏ ပညာရှင်များက ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တို့၏ အရည်အချင်းနှင့်အကျိုးသက်ရောက်မှုများကို ရေးရိုးရေးစဉ် ထုတ်ဝေနေကျ ကျမ်းစာအုပ်များတွင် ရေးသားထားကြသည်။ ယင်းကျမ်းများပါ တစ်စိတ်တစ်ဒေသကို ဟဒီးဆ်ဆင့်ပြန်ချက်များ၊ ဆွဟာဗဟ်သာဝကကြီးများ၏ မိန့်ကြား ချက်များဖြင့်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို ၎င်းတို့ ကိုယ်ပိုင်စမ်းသပ်မှုများနှင့် အတွေ့အကြုံများမှ ထုတ်နုတ်ပြုစုထားသည်။ အီမာမ် အလ်ဂဇာလီ၏ "ကုရ်အာန်ကျမ်းတော်မြတ်၏ အရည်အသွေးများ"ဟူသော ကျမ်းသည် ဤနယ်ပယ်၌ ထင်ရှားကျော်ကြားသည်။ မော်လာနာ အရှ်ရဖ်အလီထာနဝီ၏ "အအ်မာလိကုရ်အာနီ" စာအုပ်သည် အူရဒူ စာဖတ်ပရိသတ်အကြား အလွန်ရေပန်းစားခဲ့သည်မှာ အနှစ်ငါးဆယ်ပင် ကြာခဲ့ပြီဖြစ်သည်။ ထို့နောက် ဤနယ်ပယ်ရှိစူးစမ်းလေ့လာမှုများစွာနှင့် စမ်းသပ်မှုများက ကုရ်အာန်ကျမ်းတော်မြတ်၏ အမျိုးမျိုးသော အာယသ်များသည် ရုပ်ပိုင်းဆိုင်ရာ ရောဂါများကိုလည်း လုံးဝပျောက်ကင်းကြောင်း သက်သေပြပါသည်။ ထိုအရာအားလုံးကို ငြင်းပယ်ရန်မှာ မဖြစ်နိုင်ချေ။ မည်သို့ပင်ဆိုစေကာမူ ကုရ်အာန်ကျမ်းတော်မြတ်ချပေးခြင်း၏ စစ်မှန်သောရည်ရွယ်ချက်မှာ နလုံးသားနှင့် ဝိညာဉ်တို့၏ရောဂါများကို ဖယ်ရှားရန်ဖြစ်ကြောင်းမှာကား မှန်ကန်ကြောင်း ဝန်ခံရမည်ဖြစ်သော်လည်း ဆင့်ပွားအနေဖြင့် ယင်းသည် ရုပ်ပိုင်းဆိုင်ရာ ရောဂါများအတွက်ပင်လျှင် အလွန်အကျိုးသက်ရောက်သော ကုသမှုဖြစ်သည်။ ဤသည်ကလည်း ကျွန်ုပ်တို့ကို ပြောသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို ရုပ်ပိုင်းဆိုင်ရာ ရောဂါများကုသရန် (သို့မဟုတ်) လောကီဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းရေးရှာဖွေရန် ဖတ်ရွတ်သရဇ္ဈာယ်သောသူသည် အနှစ်သာရနည်း၍ လမ်းလွဲဖို့များပေသည်။ ထိုကဲ့သို့သောသူများသည် နာမ်ပိုင်းဆိုင်ရာ ရောဂါများကိုပြုပြင်ရန် မည်သည့်အခါမျှ အလေးမထားသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်ပါ ညွှန်ကြားချက်များနှင့်အညီ ကိစ္စရပ်များဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း ဂရုမပြုကြချေ။ ယင်းကဲ့သို့သောသူများအတွက် ကဗျာဆရာ အစ်က်ဗာလ်ကပြောသည်မှာ -

ترا حاصل ز یس اش جزین نیست که از هم خواندنش آسان بمیری

"အသင်ယာစီန်ကို ဖတ်ရွတ်ခြင်းဖြင့် သေဆုံးရာတွင် လွယ်လင့်တကူ သေဆုံးခြင်းမှ အပ အခြား ဘာအကျိုးမျှ ခံစားရမည်မဟုတ်ပါ"(အဓိပ္ပါယ်နှင့် သဘောတရား နားလည်မှ အကျိုးခံစားရမည်)

သူအကြံပြုလိုသည်မှာ အကယ်၍ အသင်သည် ယင်း၏အဓိပ္ပာယ်၊ သတင်းစကား၊ စစ်မှန်မှုနှင့် အတွင်းပိုင်းကို စဉ်းစားခဲ့လျှင် သင်သည် ယင်းကို ဖတ်ရွတ်ခြင်းဖြင့် ပိုမိုများပြားသော အကျိုးကျေးဇူးနှင့် ကောင်းချီးမင်္ဂလာ ရရှိပေလိမ့်မည်ဟု ဖြစ်သည်။

ကုရ်အာန်ကျမ်းမြတ်၏ အဓိပ္ပာယ်များကို နက်နက်ရှိုင်းရှိုင်း သုတေသနပြုခဲ့ကြသော ဋီကာရှင်အချို့က ပြောသည်မှာ ကုရ်အာန်ကျမ်းမြတ်၏ ပထမဂုဏ်ပုဒ်ဖြစ်သည့် **موعظه**('မောင်ဝ်အိသ်သွာ'ကို ဆုံးမသြဝါဒ၊ ကောင်းမြတ်သော အကြံပြုမှု)သည် ရှရီအသ်ဟုခေါ်ဆိုသည့် လူသား၏အပြင်ပိုင်းဆိုင်ရာ (သို့မဟုတ်) ရုပ်ပိုင်း ဆိုင်ရာ ဆောင်ရွက်ခဲ့သော လုပ်ရပ်များနှင့် ပတ်သက်သည်။ ကုရ်အာန်ကျမ်းမြတ်သည် ထိုကဲ့သို့သောလုပ်ရပ်များ ပိုမိုကောင်းမွန်စေရန် ပြုပြင်ခြင်းအတွက် အကောင်းဆုံးအရင်းအမြစ်ဖြစ်သည်။ ထို့နောက် ဒုတိယဂုဏ်ပုဒ်ဖြစ်သည့် **شفآء لما فى الصّدور** " ရင်များတွင်ရှိသော (ဝေဒနာများ)ကို ပျောက်ကင်းစေသော ဆေးသည်လည်းကောင်း" က လူသား၏ဖုံးကွယ်ထားသော အတွင်းပိုင်းဆိုင်ရာဖြစ်သော နှလုံးသားနှင့်ဆိုင်သောလုပ်ရပ်များဟု ခေါ်ဆိုသည်။ သွရီကာနှင့် သစောင်ဝှဖ်တို့နှင့် ပတ်သက်သည်။

(၃) တရားပြလမ်းညွှန်ခြင်း

ဟုဒ်ဳ (တရားပြလမ်းညွှန်ခြင်း)

ဟုဒ်ဳ(ဟုဒါ) ဟူသော စကားလုံးက လမ်းညွှန်ခြင်း (သို့မဟုတ်) လမ်းပြခြင်း (သို့မဟုတ်) လမ်းကို ဦးဆောင်ခြင်းကို ဆိုလိုသည်။ ကုရ်အာန်ကျမ်းမြတ်က လူသားများကို မှန်ကန်မှုနှင့် အဓိမာန်ယုံကြည်မှုလမ်းတော်သို့ ဖိတ်ခေါ်သည်။ ယင်းကျမ်းတော်က လူသားများကို ကမ္ဘာတစ်ဝှမ်း အနီးအဝေးမဆို ရှိသောနေရာနှင့် လူသားများ ကိုယ်တွင်းတွင်ထားရှိသော အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်သောလက္ခဏာများကို စဉ်းစားစေရန် ဖိတ်ခေါ်သည်။ (ယင်းကျယ်ဝန်းလှသော စကြဝဠာတစ်ခွင်ရှိ လက္ခဏာအားလုံးကို ခန္ဓာကိုယ်အသေးလေးထဲအတွင်း ထည့်သွင်းထားသည်မှာ အလွန်အံ့ဖွယ် ဖြစ်သည်။) ထိုပြင် အရာရာတိုင်း၏ ဖန်ဆင်းရှင်နှင့် အရှင်သခင်ကို အသိအမှတ်ပြုရန်ဖြစ်သည်။

(၄) ကရုဏာ

رحمة (မုအ်မင်န်သက်ဝင်ယုံကြည်သူတို့အဖို့ ကရုဏာတော်)

ဒုတိယအာယသ် (၅၈)ထဲ၌ **قُلْ بِفَضْلِ اللّٰهِ وَبِرَحْمَتِهٖ فَبِذٰلِكَ فَلْيَفْرَحُوْا ؕ هُوَ خَيْرٌ مِّمَّا يَجْمَعُوْنَ** "(အို-နဗီတမန်တော်) အသင်သည် (ၔင်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) "အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကြောင့်လည်းကောင်း၊ ထိုအရှင်မြတ်၏ ကရုဏာတော်ကြောင့်လည်းကောင်း ဤသည်တို့ကို အကြောင်းပြု၍ လူသားတို့သည် ဝမ်းမြောက်သင့်ကြပေသည်။ ထို (ကျေးဇူးတော်၊ ကရုဏာတော်) သည်ကား ၔင်းတို့စုဆောင်းလျက် ရှိကုန်သော (လောကီ) ဥစ္စာပစ္စည်းများထက် လွန်စွာပိုမိုကောင်းမြတ်ပေသတည်း" ဟူ၍ မိန့်ထားသည်။ အာယသ်တော်က ဆိုလို

သည်မှာ လူအများသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့်ကရုဏာတော်ကိုသာ နှစ်ခြိုက်စေပြီး ကျေနပ်နှစ်သက်စေသော စစ်မှန်သည့်အရာအဖြစ်သာ မှတ်ယူရပါမည်။ ခဏပန်းမျှဖြစ်သော လောကီဆိုင်ရာဥစ္စာဓန၊ ပိုင်ဆိုင်မှု၊ စည်းစိမ်နှင့်အသိအမှတ်ပြုခံရမှုများသည် စင်စစ်တွင် ပျော်ရွှင်ထိုက်သောအရာများ မဟုတ်ချေ။ အစပြုရသော် တစ်စုံတစ်ဦးတွင် မည်မျှရှိသည်ဖြစ်စေ ၎င်းဆန္ဒရှိသလောက် မဟုတ်ကြောင်းကို တွေ့ရပါလိမ့်မည်။ ယင်းမှာ မဆုံးနိုင်သော စက်ဝန်းပင်ဖြစ်သည်။ ထို့နောက် အမြဲရစ်ဝဲနေသည့် အန္တရာယ်မှာ အချိန်မရွေးကျရောက်နိုင်သည်။ ထို့ကြောင့် အာယသ်တော်အဆုံးတွင် **هُوَ خَيْرٌ مِّمَّا يَجْمَعُوْنَ** "ထိုသည်ကား ၎င်းတို့စုဆောင်းလျက်ရှိကြကုန်သော (လောကီ) ဥစ္စာပစ္စည်းများထက် လွန်စွာပိုမိုကောင်းမြတ် လေသတည်း"ဟူ၍ မိန့်ထားသည်။ ထို့ကြောင့် အဓိပ္ပာယ်၏ အဓိကအချက်မှာ လူဘဝတစ်ခုလုံး၏ စုပေါင်းရလဒ်ဟု မှတ်ယူထားသည့် ဥစ္စာဓန၊ ပစ္စည်း၊ လောကီဆိုင်ရာအသိအမှတ်ပြုခံရမှု၊ အာဏာများကို တစ်စုံတစ်ဦးစုဆောင်းမှုထက် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် ကရုဏာတော်က သာလွန်ကောင်းမွန် သည်ဟူ၍ဖြစ်သည်။

ဤအာယသ်ထဲ၌ နှစ်ခြိုက်မှု၏အရင်းအမြစ်အဖြစ် အကြောင်းအရာနှစ်ခုကို ဖော်ပြထားသည်။ ယင်းတို့မှာ ကျေးဇူးတော်နှင့် သနားကြင်နာတော်မူမှုဖြစ်သည်။ ဤနေရာ၌ ယင်းနှစ်ခုက မည်သည်ကို ဆိုလိုသနည်း။ ဤသည်နှင့်ပတ်သက်၍ စိုက်ယိဒနာအနားစ် [d] ဆင့်ပြန်ခဲ့သည်။ ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် [d] မိန့်ထားခဲ့သည်မှာ "အလ္လာဟ်အရှင်မြတ်၏ **فضل** ဖသွလ်(ကျေးဇူးတော်) ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ဟု ဖော်ကျူး၍ **رحمه** ရဟ်မာဟ် (အသနားအကြင်နာတော်) ဆိုသည်မှာ ဤကုရ်အာန် ကျမ်းတော်မြတ်ကို ဖတ်ရွတ်သရဇ္ဈာယ်နိုင်စွမ်းသောဇီးက်နှင့် ယင်းကျမ်းတော်မြတ်ပါအတိုင်း လိုက်နာကျင့်သုံးနိုင်စွမ်း သောင်ဇီးက်တို့နှင့် အသင့်အား ကောင်းချီးမင်္ဂလာ ပေးထား သည်ဟု အဓိပ္ပာယ်သက်ရောက်သည်" ဟူ၍ဖြစ်သည်။ (အိဗ်နိမရိဒူဝေးဟ်မှတစ်ဆင့် ရှုဟုလ်မအာနီ)

စိုက်ယိဒိနာ ဗရာအ်အိဗနိအာဇိဗ်နှင့် စိုက်ယိဒိနာအဗူစအီးဒ် အလ်ခုရ်ဒီ [f] ကလည်း ယင်းကဲ့သို့ပင် တင်ပြထားသကဲ့သို့ မြောက်များစွာသော ဋီကာရှင်များက ဖသွလ် (ကျေးဇူးတော်) ဟူသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်ဖြစ်၍ ရဟ်မဟ် (အကြင်နာအသနားတော်)ဆိုသည်မှာ အစွမ်းသတ္တိဟု အဓိပ္ပာယ် သက်ရောက်ကြောင်း ပြောကြသည်။ မည်သို့ပင်ဆိုစေကာမူ အဓိပ္ပာယ်မှာ အစောပိုင်းတွင်ပါသည့် ဟဒီးဆ်တော်အတိုင်းဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို ကုရ်အာန်ကျမ်းတော်မြတ် သင်ကြားပို့ချပေးခြင်းသည် ရဟ်မဟ်ဖြစ်ပြီး ယင်းကျမ်းပါအတိုင်း လက်တွေ့လိုက်နာကျင့်သုံးရန် စွမ်းအားပေးခြင်းမှာလည်း အစွမ်းသတ္တိပင်ဖြစ်ပေသည်။

ထို့ပြင် စိုက်ယိဒိနာ အဗွဒုလ္လာဟ်အိဗ်နိအဗ္ဗာစ် [d] က ဖသွလ်သည် ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်၍ 'ရဟ်မဟ်' သည် တမန်တော်မြတ် [s] သခင်ကို ရည်ညွှန်းကြောင်း ဆင့်ပြန်ခဲ့သည်။ ဤအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်တစ်ခုတွင် **وَمَآ اَرْسَلْنٰكَ اِلَّا رَحْمَةً لِّلْعٰلَمِيْنَ** "စင်စစ်သော်ကား (အို-နဗီတမန်တော်) ငါအရှင်မြတ်သည် အသင့်အား ကမ္ဘာခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ်နှင့်သာလျှင် စေလွှတ်တော်မူခဲ့ပေသည်။ (၂၁း၁၀၇)ဟူ၍ အထောက်အကူပြုထားသည်။ မည်သို့ပင်ဆိုစေကာမူ ယင်း၏ရလဒ်မှာလည်း အစောပိုင်းဖော်ပြထားသည့် သဖီစီရ်ဋီကာဖွင့်ခြင်းနှင့် ကွဲပြား ခြားနားသည်မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ပါအတိုင်း လုပ်ဆောင်ကျင့်ကြံခြင်း (သို့မဟုတ်) အစွမ်းဆိုသည်မှာ အဆုံးစွန်၌ တမန်တော်မြတ် [s] ၏ ပေါကြားမှုနှင့် လုပ်ဆောင်မှုတို့၏ ဦးဆောင်မှုကို လိုက်နာခြင်းဆီသို့ ဦးတည်သွားပေသည်။

ဤအာယသ်(၅၈)ပါ فَلْيَفْرَحُوا "ထင်းတို့သည် ဝမ်းမြောက် ကြရာသည်" ဟူသော စကားလုံးသည် ယင်း၏ လူသိများသည့် ကိရာအတ် အနက်ပြန်ခြင်းနှင့်အညီ တတိယ လူကိုညွှန်းသော်လည်း ယင်း၏စစ်မှန်သော ဦးတည်ပြောခံရသူသည် ထိုအချိန်က တည်ရှိသောလူများကို ဖြစ်သည်။ အခြေအနေ၏ အရေးတကြီးလိုအပ်ချက်အရဆိုလျှင် ယင်းအား သုံးစွဲပို့မှာ ဒုတိယလူဖြစ်ရပေမည်။ ယင်းသို့ပင် အချို့အနက်ပေးရာတွင် အမှန်ပင်သုံးနှုန်းခဲ့သည်။ သို့သော်လည်း ကျော်ကြားသည့် အနက်ပေးမှု၏ နောက်ကွယ်ရှိ တတိယလူအနေဖြင့် သုံးနှုန်းမှု၏ အသိဉာဏ်မှာ တမန်တော်မြတ် ˢ သခင်၏ စကြဝဠာကရုဏာတော် (သို့မဟုတ်) အစွယ်မာဘာသာသည် ထိုအချိန်တွင်ရှိသောသူများ (သို့မဟုတ်) ထိုအချိန်က သက်ရှိထင် ရှားရှိသူများကိုသာလျှင် ကန့်သတ်မထားချေ။ ယင်းတွင် ကိယာမသ်နေ့တိုင် ပေါက်ဖွားလာမည့် မျိုးဆက်များပင်လျှင် အကျုံးဝင်ပေသည်။ (ရှုဟုလ်မအာနီ)

အထူးမှတ်စု

ဤနေရာတွင် ယင်း၏အပြင်ပန်းစာပေဆိုင်ရာ အနက်အဓိပ္ပာယ်ပါဝင်သည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်ကို ကျွန်ုပ်တို့သတိမူထိုက်သည်။ ယင်းထဲတွင် ဤလောကကမ္ဘာကြီးသည် အဆင့်မြင့် ပေါ်ထွက်လာသည်။ ပျော်ရွှင်မှုအတွက်မဟုတ်ဟု ရည်ညွှန်းသည်။ لَا تَفْرَحْ إِنَّ اللَّهَ لَا يُحِبُّ الْفَرِحِينَ "အသင်သည် ဂုဏ်မမောက်လေနှင့်၊ ဇကာန်အမှန် အလ္လာဟ် အရှင်မြတ်သည် ဂုဏ်မောက်သောသူတို့အား နှစ်သက်တော်မူသည်မဟုတ်ပေ။ (၂၈း၇၆)" ဟူ၍ မိန့်ထားသည်။ ဤနေရာပါ "ဂုဏ်မမောက်လေနှင့်"ဟု ဘာသာပြန်ဆိုထားသော لَا تَفْرَحْ (လာသဖိရဟ)က အောင်မြင်မှုတွင် ပျော်ရွှင်ခြင်း၊ (သို့မဟုတ်) ယစ်မူးခြင်းဟု ဆိုလိုသည်။ သို့ရာတွင် လေ့လာနေသော အာယသ် (၅၈) ထဲတွင် ပျော်ရွှင်စေရန် ဟူသော အဓိန့်ကို အဓိန့်အာဏာသံဖြင့် ပေးထားသည်။ ဝမ်းမြောက်ခြင်းကို ပိတ်ပင်ထားသည်နှင့် ဆန့်ကျင်ဘက် ဖြစ်ပန်ရှိသည့် နေရာတစ်ခုအတွက် အဖြေတစ်ခုကား ဤကမ္ဘာလောက၏ ခေတ္တခဏဖြစ်သော ပျော်ရွှင်မှုများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မှုနှင့် ပတ်သက်သည်။ ထိုနောက် ပျော်ရွှင်ရမည်ဟုအဓိန့်ပေးထားသည့် နေရာဌာနကား အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်နှင့် ကျေးဇူးတော်များနှင့် ပတ်သက်သည့် ဝမ်းမြောက်ပျော်ရွှင်ရမည့်နေရာဖြစ်သည်။ ထို့နောက် ဤနေရာတွင် အခြားကွဲလွဲမှုတစ်ခုလည်း ရှိသည်။ ဝမ်းမြောက်ပျော်ရွှင်မှုကို ပိတ်ပင်တားဆီးထားသည် ဆိုရာ၌ ဝမ်းမြောက်ပျော်ရွှင်ခြင်း၏ အကြွင်းမဲ့အဓိပ္ပာယ်ကို မဆိုလိုချေ။ ယင်းက ဆိုလိုသည်မှာ ပျော်ရွှင်မှုတွင် စိတ်အလွန်အမင်း တက်ကြွ၍မောက်မာခြင်းကို ဆိုလိုသည်။ ခွင့်ပြုသည်ဆိုရာတွင် ပျော်ရွှင်မှုကို ယင်း၏အကြွင်းမဲ့ အဓိပ္ပာယ် အတိုင်း ပျော်ရွှင်မှုကိုဆိုလိုသည်။

တတိယအာယသ် (၅၈)ထဲတွင် အရေးကြီးကိစ္စဖြစ်သည့် ဟလာလ် (တရားဝင်မှု) နှင့် ဟရာမ် (တရားမဝင်မှု) တို့တွင် မိမိကိုယ်ပိုင်အယူအဆထည့်သွင်းသူများကို သတိပေးထားသည်။ ထိုသူများက ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်၏ အခွင့်အာဏာမပါဘဲ ၎င်းတို့စိတ်တိုင်းကျ အချို့အရာများသည် ဟလာလ်ဖြစ်၍ အချို့အရာများသည် ဟရာမ်ဖြစ်သည်ဟု ပြောကြလိမ့်မည်။ ဤပြစ်မှုကျူးလွန်သူများကို ကိယာမသ်နေ့၌ ပြစ်ဒဏ်ခတ်ခံရမည့်အကြောင်း လေးလေးနက်နက် သတိပေးထားသည်။ (၆၀)။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ တစ်စုံတစ်ရာသည် ဟလာလ် သို့မဟုတ် ဟရာမ်ဖြစ်သည်ဟူသောအချက်သည် လူသား၏ထင်မြင်ချက်ပေါ်၌ မတည်မှီခြေ။ ဤသည်မှာ အလ္လာဟ် အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့၏ အထူးအခွင့်အရေးနှင့် အခွင့်ထူးဖြစ်ပေသည်။ ၎င်းတို့အဓိန့်ပညတ်ချက်များမပါရှိဘဲ တစ်စုံတစ်ရာကို ဟလာလ် (သို့မဟုတ်) ဟရာမ်ခေါ်ဆိုမှုအား ခွင့်မပြုချေ။

ပဌမအာယသ် (၆၁)ထဲတွင် ကြီးမြင့်မြတ်ထွတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ အလုံးစုံလွှမ်းခြုံထားသည့် ဟစ်က်မသ်ဉာဏ်တော်နှင့် ယင်း၏ဘက်ပေါင်းစုံ ကျယ်ပြန့်မှုအကြောင်း ဖော်ပြထားသည်။ ဦးတည်ပြောကြားမှုသည် တမန်တော်မြတ် S ကိုဖြစ်သည်။ ကိုယ်တော်မြတ်၏ လုပ်ကိုင်နည်း (သို့မဟုတ်) ကုရ်အာန်ကျမ်းတော်မြတ်ရွတ်ဖတ်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ကွယ်ဝှက်ထားသည် မရှိချေဟု မိန့်ထားသည်။ အလားတူ လူသားအားလုံး လုပ်သမျှသည်လည်း အရှင်မြတ်ထံတော်တွင် ထိုသို့ ဖြစ်သည်။ မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်ရှိ မြူမှုံတစ်မှုံသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ဖုံးကွယ်ထားခြင်းမရှိချေ။ အရာရာတိုင်းသည် ထိန်းသိမ်းထားသော ကျောက်သင်ပုန်း (အလ်လောင် ဟလ်မဟ်ဖုဇ်) တွင် ရေးမှတ်ထားသည်။

ဤနေရာ၌ အလုံးစုံလွှမ်းခြုံထားသည့် သဘောသဘာဝရှိသော အလ္လာဟ်အရှင့်ဟစ်က်မသ် ဉာဏ်တော်ဖော်ပြခြင်းမှာ တမန်တော်မြတ် S ကို နှစ်သိမ့်ရန်ရည်မျော်သည်။ ဆိုလိုသည်မှာ ရန်သူများ က တမန်တော်မြတ် S ကိုမည်သည့်နည်းနှင့်မျှအန္တရာယ်မပြုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်မြတ် S သည် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုအောက်တွင် ရှိသောကြောင့်ဖြစ်သည်။

အာယသ် (၆၂ - ၆၄)

اَلَاۤ اِنَّ اَوْلِيَآءَ اللّٰهِ لَا خَوْفٌ عَلَيْهِمْ وَ لَا هُمْ يَحْزَنُوْنَ ﴿۶۲﴾ الَّذِيْنَ اٰمَنُوْا وَ كَانُوْا يَتَّقُوْنَ ﴿۶۳﴾ لَهُمُ الْبُشْرٰى فِي الْحَيٰوةِ الدُّنْيَا وَ فِي الْاٰخِرَةِ ؕ لَا تَبْدِيْلَ لِكَلِمٰتِ اللّٰهِ ؕ ذٰلِكَ هُوَ الْفَوْزُ الْعَظِيْمُ ﴿۶۴﴾

(အို - ကြားနာသူအပေါင်းတို့ အသင်တို့သည်) သတိပြုကြလေကုန်။ အလ္လာဟ်အရှင်မြတ်၏ အဆွေတော်တို့အပေါ်၌မူကား တစ်စုံတစ်ရာ ကြောက်ရွံ့စိုးရိမ်ဖွယ်ရာလည်း ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ဝမ်းနည်းပူဆွေးကြမည်လည်း မဟုတ်ချေ။ (၁၀း၆၂)

၎င်း (အဆွေတော်) တို့သည် အကြင်သူတို့ပင် ထိုသူတို့သည် "အီမာန်" ယုံကြည်မှုထားရှိကြသည့်ပြင် (ပြစ်မှုဒုစရိုက်များမှလည်း) ရှောင်ကြဉ်လျက်ရှိခဲ့ကြကုန်သတည်း။ (၁၀း၆၃)

ယင်း (အဆွေတော်) တို့အဖို့ လောကီဘဝတွင်လည်းကောင်း၊ တမလွန်ဘဝတွင်လည်းကောင်း ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းသည် ရှိပေသည်။ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များ၌ ပြောင်းလဲခြင်း အလျှင်းမရှိချေ။ ဤသည်သာလျှင် ကြီးကျယ်မြင့်မြတ်လှစွာသော အောင်မြင်မှုပေတည်း။ (၁၀း၆၄)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယသ်များထဲ၌ အလ္လာဟ်အရှင်မြတ် အောင်လီယာများ၏ သီးသန့်ဂုဏ်ပုဒ်များ သီးသန့်ဂုဏ်ထုတ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သရုပ်သကန်ဖော်ပြခြင်းတို့ကား ဖော်ပြထားခဲ့သည်။ ထပ်၍ ဖော်ပြထားသည်မှာ ထိုသူများအတွက် ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတို့တွင် ကောင်းသတင်း ဖြစ်သည်။ စာသားများက ထိုသူတို့သည် မနှစ်မြို့မှုအချို့ (သို့မဟုတ်) မမြင်နိုင်သည့်အဖြစ်အပျက်များ (သို့မဟုတ်) ဝမ်း နည်းပူဆွေးမှုများ (သို့မဟုတ်) ရည်မှန်းချက်အချို့ မပြည့်ဝမှုများ စသည်တို့ဖြင့် ရင်ဆိုင်ရမည်ဟူသော ပူပင်သောက ကြောင့်ကျမှုများ မရှိကြချေ။ ဤအလ္လာဟ်အရှင်မြတ်၏ အောင်လီယာ (အလ္လာဟ့်အဆွေတော်များ) သည် ယုံကြည်သက်ဝင်ကြကာ၊ ဘာသာတရားကို အမြဲကိုင်းရှိုင်း၍ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသူ များဖြစ်ကြသည်။ ထိုသူများသည် ဤကမ္ဘာလောကနှင့် နောင်လာမည့်ကမ္ဘာ နှစ်ခုစလုံး၌ ဝမ်းမြောက် ဝမ်းသာကြိုဆိုခြင်းခံရသည်။

ဤနေရာ၌ ကျွန်ုပ်တို့သည် အချက်သုံးချက်ကို တွေးတောဆင်ခြင်ရမည်။

(၁) ကြောက်ရွံ့စိုးရိမ်ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းမရှိသော အလ္လာဟ့်အောင်လီယာ၏ အဓိပ္ပာယ်ကား မည်သည်နည်း။

(၂) အလ္လာဟ်အောင်လီယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကား မည်သည်နည်း။ တစ်စုံတစ်ဦးသည် ထိုသူများကို မည်သို့ ဖော်ထုတ်သိရှိနိုင်ပါသနည်း။

(၃) ထိုသူများကို ဒုန္နယာနှင့်အာခိရသ်မှာ ကောင်းသတင်းပေးသည်ဆိုခြင်းကား မည်သည်နည်း။

ပထမဦးစွာ အလ္လာဟ့်အောင်လီယာများသည် ကြောက်ရွံ့ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်း မရှိချေ။ နောင်တမလွန်ဘဝတွင် စာရင်းစစ်ဆေးပြီးသည်နှင့် ဂျန္နသ်သုခဘုံတွင် ၎င်းတို့အတွက် သတ်မှတ်ထားသော နေရာ ဝင်ရောက်စေသောအခါ၌ ထိုသူများသည် ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းပူဆွေးခြင်းများမှ ထာဝရကင်း လွတ်စေသည်ဟု ဆိုလိုသည်။ ထိုသူများတွင် မည်သည့်နာကြင်မှုကိုလည်းကောင်း၊ စိတ်လှုပ်ရှားမှုကိုလည်းကောင်း၊ ယင်းတို့ ချစ်ခင်သော တစ်စုံတစ်ရာ ဆုံးရှုံးမှုကြောင့် လည်းကောင်း ဝမ်းနည်းပူဆွေးခြင်းများမှ သောကရောက်မှု ကင်းစင်စေပါသည်။ သုခဘုံ၏ ကောင်းချီး မင်္ဂလာမှာ ထာဝရဖြစ်လိမ့်မည်။ ဤအဓိပ္ပာယ်အရဆိုလျှင် အာယသ်တော်ပါ အကြောင်းအရာဆန်းစစ်ရာတွင်အခက်အခဲမရှိချေ။ သို့သော်လည်း မေးခွန်းတစ်ခုကားပေါ်ထွက်လာသည်၊ ထိုသို့ဆိုလျှင် အလ္လာဟ့်အောင်လီယာများအတွက် ထူးခြားမှုကို မှတ်တမ်းတင်ရန်မရှိချေ။ စင်စစ် ဂျန္နသ်သုခဘုံသားအားလုံးသည် ငရဲမီးမှ ကယ်တင်ပြီးဖြစ်ကာ ယင်းအခြေအနေကြောင့် ပျော်ရွှင်နေကြပါလိမ့်မည်။ သို့ဆိုပါလျှင် အဆုံးစွန်၌ ဂျန္နသ်သုခဘုံရောက်သွားသူများအားအလ္လာဟ်အရှင်မြတ်၏အောင်လီယာများဟု မလွဲမသွေခေါ်ဆိုနိုင်သည်။ ဤကမ္ဘာလောကတွင် သူတို့၏ကျင့်ကြံမှုများသည်မည်မျှကွဲပြားခြားနားသော်လည်းအကြောင်းမဟုတ်။ ၎င်းတို့ဂျန္နသ်သုခဘုံရောက်သည်နှင့် တစ်ပြိုင်နက် ၎င်းတို့အားလုံးကို အလ္လာဟ် အရှင့် အောင်လီယာများအဖြစ် သတ်မှတ်ပြီးဖြစ်သည်။

သို့ရာတွင်ဋီကာရှင်များစွာကအလ္လာဟ့်အောင်လီယာများသည်ကြောက်ရွံ့ခြင်းနှင့်ဝမ်းနည်းပူဆွေးခြင်းများမှ ကင်းလွတ်စေသော ကောင်းချီး မင်္ဂလာပေးခံရမှုသည် လက်ရှိကမ္ဘာနှင့် နောင်တမလွန်ဘဝ နှစ်ရပ်စလုံး အတွက် ဖြစ်သည်ဟု ပြောကြသည်။ အလ္လာဟ့်အောင်လီယာများသည် ဝမ်းနည်းပူဆွေးခြင်းနှင့် ကြောက်ရွံ့ခြင်းတို့မှ ဤကမ္ဘာ

လောကတွင်ပင် အကာအကွယ်ပေးခံရပြီး နောင်တမလွန်တွင်လည်း ကြောက်ရွံ့ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းရှိ လိမ့်မည် မဟုတ်ကြောင်းမှာ ထူးခြားသည့်အရာဖြစ်သည်။ ယင်းကို လူတိုင်း သိရှိကြသည်။ ထို့ကြောင့် ဂျွန်သ် သုခံဘုံရှိ လူအားလုံး ထိုထဲတွင် အကျုံးဝင်သည်။

ယင်းမှအပ လက်ရှိပေါ်လွင်သည့် အခြေအနေများအရ ကျွန်ုပ်တို့တွင် အခြားအခက်အခဲတစ်ရပ် ရှိပါသေးသည်။ ကမ္ဘာလောကဏ္ဍ၏ ကျွန်ုပ်တို့အတွေ့အကြုံများအပေါ် စူးစမ်းလေ့လာမှုအရ အလွှာဟု အောင်လီယာများမဆို ထားဘိ အလွှာဟု်တမန်တော်များပင်လျှင် ဤကမ္ဘာလောကဘဝ်၌ ကြောက်ရွံ့ခြင်းနှင့် ဝမ်းနည်းပူဆွေးမှုများမှ မပူပင်သည် မရှိခဲ့ချေ။ စင်စစ် အလွှာဟ်အရှင့် ရှေ့တော်မှောက်တွင် ၎င်းတို့၏ကြောက်ရွံ့မှုနှင့် ရိုကျိုးမှုများသည် အခြားသူများနှင့် ယှဉ်လျှင် ပို၍ပင်ပေါ်လွင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် إِنَّمَا يَخْشَى اللَّهَ مِنْ عِبَادِهِ الْعُلَمَٰؤُا "အလွှာဟ်အရှင်မြတ်အား ထိုအရှင်မြတ်၏ ကျွန်ုပ်တို့အနက် "အာလင်မ်"ပညာရှင်များသာလျှင် ကြောက်ရွံ့ကြကုန်၏။ (၃၅း၂၈)" ဟူ၍ မိန့်ထားသည်။ အခြားတစ်နေရာတွင် အလွှာဟ့်အဆွေတော်များနှင့် ဖြောင့်မတ်မှန်ကန်သောသူများ၏ စိတ်နေစိတ်ထားကို အောက်ပါ စကားလုံးများဖြင့်ဖော်ပြထားသည်။ وَ الَّذِيْنَ هُمْ مِّنْ عَذَابِ رَبِّهِمْ مُّشْفِقُوْنَ "ထိုပြင် အကြင် (ဆွလာသ် ဝတ်ပြု) သူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အပြစ်ဒဏ်ကို ကြောက်ရွံ့စိုးရိမ်လျက်ရှိကြကုန်၏။ (၇၀း၂၇)" ဆိုလိုသည်မှာ ကျလာမည့်ဘေးကို သိလျက်နှင့် မည်သူတစ်ဦးတစ်ယောက်မှ အိမ်မှာသက်သက်သာသာ ထိုင်မနေနိုင်ပါ။

ဤသည်ကို မှန်ကန်သောအချက်များအရလည်းကောင်း၊ ရှာမာအီလ်အလ်သိရ်မိဇီ၏ ဟဒီးဆ်တော် တစ်ရပ်အရ သိရှိနိုင်သည်မှာ "တမန်တော်မြတ် S သခင်သည် မကြာခဏသောကရောက်ကာ အတွေး နက်လေ့ရှိခဲ့သည်။ ထို့နောက် တမန်တော်မြတ် S က မိန့်သည်မှာ "သင်တို့အားလုံးထက်ပို၍ ငါကိုယ် တော်သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ပါသည်" ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာ အဗူဗကရ်၊ စိုက်ယိဒိနာ အုမရ်၊ များစွာသော ဆွဟာဗဟ်များ၊ သာဗိအီးန်များ ၊ အလွှာဟ့်အဆွေတော်များနှင့်ပတ်သက်သော မရေမတွက်နိုင်သည့် အဖြစ်အပျက်များက ကျွန်ုပ်တို့ကိုပြောသည်မှာ ထိုသူများ အားလုံးသည် နောင်တမလွန်ဘဝ၌ ၎င်းတို့မည်သို့ဖြစ်မည်ဆိုခြင်းနှင့်ပတ်သက်၍ပြင်းထန်စွာ ပူဆွေးကာ မှန်ကန်စွာကြောက်ရွံ့ခဲ့ကြသည်။

ထိုကြောင့် ရူဟုလ်မအာနီကျမ်းတွင် အလွှာမဟ်အာလူစီကပြောသည်မှာ အလွှာဟ့်အဆွေတော်များသည် ဤကမ္ဘာလောကဏ္ဍ ကြုံတွေ့ရသည့် ဖြစ်ပျက်လေ့ရှိသည်များအရ ပူဆွေးဝမ်းနည်းခြင်းနှင့် ကြောက်ရွံ့မှုများမှ အကာအကွယ်ပေးခံရသည်။ လောကီသားများသည် အချိန်အတော်များများတွင်အမြဲတမ်းလိုလို ကြောက်ရွံ့ခြင်း (သို့မဟုတ်) ဝမ်းနည်းပူဆွေးခြင်းဖြစ်ကြသည်။ ထိုသူများသည် လူဘဝ၏လောကီဆိုင်ရာ အစီအစဉ်ကို အရိုးစွဲနေကြသည်။ ထိုသူတို့သည် အဆင်ပြေမှု၊ သက်သာမှု၊ ဥစ္စာမနှင့် ထင်ပေါ်မှုတို့ရလိုကြသည်။ ဤသည်များကို အနည်းငယ် ချို့တဲ့ရုံမျှဖြင့် သေမလောက်ထိတ်လန့်ကြောက်ရွံ့ကြသည်။ သာမန် အဆင်မပြေမှု (သို့မဟုတ်) စိတ်သောကရောက်မှုက ၎င်းတို့ကို သူရူးပမာဖြစ်စေကာ ယင်းကသိကအောက်ဖြစ်မှုပယ်ရှားရန် နည်းလမ်းစုံရှာဖွေပါတော့သည်။ အောင်လီယာ (အလွှာဟ့်အဆွေတော်)များ၏ အဆင့်အတန်းသည် အလွန်မြင့်မားပေသည်။ ၎င်းတို့အမြင်အရ တစ်စုံတစ်ဦးသည် ခဏတာလောကဏ္ဍ အဆင်ပြေမှု၊ စည်းစိမ်ဥစ္စာမနတို့နှင့် ခြံရံထားမှုသည် ၎င်းတို့အတွက်မူကား ယင်းတို့ကို ရှာဖွေခြင်း၌

အချိန်မဖြုန်းသင့်ဟု ထင်ကြသည်။ လောကီဆိုင်ရာ ပူပင်မှုများကို အလေးကရုမပြုသကဲ့သို့ ယင်းတို့ကို ခုခံကာကွယ်ရန်လည်း မကြိုးစားကြချေ။ သူတို့ဘဝပုံစံမှာ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်မှုနှင့် အရှင်မြတ်အား ချစ်မြတ်နိုးရန်မှအပ အခြားကို လက်မခံချေ။ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ခြင်းနှင့် အရှင်မြတ်ကို ရိုကျိုးခြင်းမှာ ၎င်းတို့အပေါ် မည်မျှလွှမ်းမိုးထားသနည်းဆိုလျှင် လောကီဆိုင်ရာဝမ်းနည်းပူဆွေးမှု၊ စည်းစိမ်(သို့မဟုတ်) အကျိုးအမြတ်နှင့် ဆုံးရှုံးမှုသည် ၎င်းတို့အတွက် အသုံးမဝင်ချေ။

အလ္လာဟ်အောင်လီယာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် တစ်စုံတစ်ဦးသည် ၎င်းတို့ကို ဖော်ထုတ်စေနိုင်သည့် အမှတ်အသားများကိုစွရပ်ဆီသို့ ကျွန်ုပ်တို့သွားကြစို့။ **اولياء** အောင်လီယာဟူသော စကားလုံးသည်(**ولى** ဝလီ၏ အများကိန်း ဖြစ်သည်) အာရဗီဘာသာစကားတွင် **ولى** (ဝလီ)ဟူသည့်စကားလုံးတွင် ပါသော'ယာ'သည် နီးကပ်မှု၊ မိတ်ဆွေ၊ အဆွေတော် (သို့မဟုတ်)ချစ်ခင်ရသော တစ်စုံတစ်ဦးဟူသည့် အနက်ဖြင့်သုံးနှုန်းသည်။ အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်သည့် နီးကပ်မှုနှင့်ချစ်ခင်ခြင်းတို့၏ ယေဘုယျအတိုင်းအတာမှာ လူသားဖြစ်စေ၊ သို့မဟုတ် လူသားမဟုတ်သည်ဖြစ်စေ မည်သည့် အသက်ရှိမဆို ခွင်းချက်မရှိ'ဆိုလိုသည်။ အကယ်၍ ဤသို့သော နီးကပ်မှုမျိုးမရှိခဲ့လျှင် ဤစကြဝဠာတွင် ယင်းတို့သည် ဖြစ်တည်ရန်ပင် အကြောင်းမရှိချေ။ ဤစကြဝဠာတစ်ခုလုံး၏ တည်ရှိမှုအတွက် စစ်မှန်သော အကြောင်း ခိုင်လုံစွာ ပြဆိုခြင်းကား အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အကြွင်းမဲ့ကြီးကျယ်မြင့်မြတ်တော်မူမှုအရ ထိုသီးသန့် ဆက်စပ်ပတ်သက်မှုကို ခွင့်ပြုခဲ့သောကြောင့်ဖြစ်သည်။ ဤဆက်စပ်မှုစစ်မှန်ချက်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ နားလည် သဘောမပေါက်၊ သဘောပေါက်နိုင်စွမ်းလည်း မရှိကြပါ။ သို့သော်လည်း အဓိပ္ပာယ်ဖော်ပြမရသည့် ဆက်စပ် မှုရှိသည်ဆိုခြင်း တည်ရှိမှုမှာကား မုချဇကန်ဖြစ်သည်။ အလ္လာဟ့်အောင်လီယာဟူသည့် အသုံးအနှုန်းတွင် ဤဆက်နွယ်မှု အဆင့်အတန်းကို အမှန်မရည်ရွယ်ချေ။ စင်စစ် အလ္လာဟ်အရှင်မြတ်၏ သီးသန့်ကျေးကျွန်များကို အဆွေ ခင်ပွန်း ဖြစ်ခြင်း၊ ချစ်ခင်ခြင်းနှင့် နီးကပ်မှုဟူသော အခြားသီးသန့်အဆင့်ရှိပေသည်။ ယင်းကို ချစ်ခင်မှုတွင် နီးကပ်ခြင်းအဖြစ်ခေါ်ဆိုသည်။ ဤကဲ့သို့သောနီးကပ်မှုဖြင့် ကောင်းချီးပေးခံရသူကို အလ္လာဟ့်အောင်လီယာဟု ခေါ်ဆိုသည်။ ဤ အကြောင်းအရာကို ဟဒီးဆ်ကုရ်ဆီတစ်ရပ်တွင် အကျဉ်းချုပ်ဖော်ပြထားသည်။ ယင်းတွင် အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ "ငါအရှင်မြတ်၏ ကျေးကျွန်သည် ငါအရှင်မြတ်နှင့် နီးကပ်စေရန် (နဖိလ် အိဗာဒသ်) များဖြင့် ငါအရှင် ၎င်းသူဘက်လှည့်တော်မူသည်အထိ ပြုလုပ်ကြပါသည်။ ထို့နောက် ငါအရှင်မြတ်ထိုသူကို ချစ်မြတ်နိုးလျှင် အရှင်မြတ်သည် သူ၏နားဖြစ်သွား၍ သူကြားသမျှသည် ငါအရှင်မြတ်မှတစ်ဆင့်ကြားပါသည်။ ငါအရှင် သည် သူ့မျက်လုံးဖြစ်သွားကာ သူမြင်သမျှသည် ငါအရှင်ထံမှတစ်ဆင့် မြင်ပါသည်။ ငါအရှင်သည် သူ၏လက်များနှင့် ခြေထောက်များဖြစ်သွားကာ သူလုပ်သမျှသည် ငါအရှင်မြတ်မှတစ်ဆင့် လုပ်ဆောင်ပေသည်။"အတိုချုပ်ဆိုရသော် သူ၏အရှင်သခင် မနှစ်မြို့သည် တို့ကို ထိုသို့သော သူထံမှ မည်သည့်အခါတွင်မျှ ပေါ်ပေါက်လိမ့်မည်မဟုတ်ကြောင်း ဆိုလိုသည်။

ဤအတုမရှိသော ဝိလာယာဟ် (နီးကပ်မှု (သို့မဟုတ်) အဆွေခင်ပွန်းဖြစ်မှုအဆင့်) တို့၏ အဆင့်အတန်းသည် အဆုံးမရှိချေ။ ဤသည်၏အမြင့်အဆုံးအဆင့်မှာ မြင့်မြတ်သော တမန်တော်များအတွက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်တိုင်းသည် လိုအပ်ချက်အရ အလ္လာဟ့်ဝလီများဖြစ်ကြသည်။ ဤအဆင့်တွင် တမန်တော်များအနက် ရှေ့ဆောင်တမန်တော် စိုက်ယိဒိနာ မုဟမ္မဒ်အလ်မုစ်သဖ S သည် အမြင့် မားဆုံးအဆင့်မှာ ဆူဖီသူတော်စင်များအသုံးအနှုန်းအရ 'ဖနာ' (အတ္တဖယ်ထုတ်ခြင်း၊ ဆိုလိုသည်မှာ ငါသည် ဘာမျှမဟုတ်၊ အလ္လာဟ်အရှင်

မြတ်သည်သာ အရာရာဖြစ်သည်) အဆင့်ဟု ခေါ်ဆိုသည်။ ယင်းက လူသား၏နလုံးသားအား အလွှာဟ်အရှင်၏ တွေးတောမှု မည်မျှအာရုံစူးစိုက်သနည်းဟူမူ ဤကမ္ဘာတွင်ရှိ အမြစ်တွယ်နေသည့် မည်သည့်အချစ်ကမျှ မကျော်လွှားနိုင်ချေ။ ယင်းကဲ့သို့သောသူများက ချစ်ခင်မြတ်နိုးလာလျှင် ၎င်းသည် အလွှာဟ်အရှင်မြတ်အတွက်သာလျှင် ချစ်ခင်မြတ်နိုးပေသည်။ သူမုန်းတီးလျှင်လည်း အလွှာဟ်အရှင်မြတ်အတွက်သာ မုန်းတီးသည်။ ဤချစ်ခင်မှု မုန်းတီးမှု စက်ဝန်းတွင် ၎င်းအကျိုးစီးပွားမပါသဖြင့် မလွှဲမရှောင်ရလဒ်ကား အလွှာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှု အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာ နှစ်ခုစလုံးရရှိရန် ရှာဖွေနေခြင်းဖြင့် အလုပ်များနေပေမည်။ ဤသို့သောနေထိုင်မှုပုံစံသည် ၎င်းအား အလွှာဟ် အရှင်မြတ်အမြင်တော်တွင် မနှစ်သက်သောအရာတိုင်းမှ ရှောင်ရှားစေပါသည်။ ဤသို့ဖြစ်တည်မှု၏ လက္ခဏာကား ဇီကိရိမြားမြောင်စွာပြုလုပ်ခြင်းနှင့် အမိန့်နာခံမှုတွင် သစ္စာရှိခြင်းတို့ဖြစ်သည်။ တနည်းဆိုရသော် အလွှာဟ်အရှင်မြတ်ကို မြားမြောင်စွာ အောက်မေ့သတိရ၍ မည်သည့်အချိန် မည်သည့်အခြေအနေတွင်မဆို အလွှာဟ် အရှင့်အမိန့်ပညတ်တော်များကို အမြဲလိုက်နာစေရန်ဖြစ်သည်။ လူတစ်ဦးတွင် ဤအရည်အချင်း နှစ်ခုရှိလျှင် ထိုသူကို အလွှာဟ်အရှင်မြတ်၏ ဝလီဟုခေါ်ဆိုသည်။ မည်သူမဆို ထိုနှစ်ခုအနက် တစ်ခုမရှိလျှင် ထိုအဆင့်အတန်းတွင် အကျုံးမဝင်ချေ။ ထို့နောက် မည်သူ့တွင်မဆို ဤနှစ်မျိုးစလုံးရှိခဲ့လျှင် သူ၏ အဆင့်အတန်းများအရ အလွှာဟ့် အောင်လီယာများ၏ အဆင့်အတန်းများသည် တစ်ဦးစီတစ်ဦးစီတွင် သာခြင်း (သို့မဟုတ်) လျော့နည်း ခြင်းရှိပေသည်။

စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် ^{d} မှတစ်ဆင့် ဆင့်ပြန်ချက်တစ်ရပ်၏ ခိုင်လုံမှုအရ ဟဒီးဆ်တော်တစ်ရပ် တွင် ပါရှိသည်မှာ တမန်တော်မြတ် ^{S} ကို ဤအာယသ်တော်ပါ အလွှာဟ့်အောင်လီယာဆိုသည်မှာ မည်သူများဖြစ်ကြောင်း မေးမြန်းခဲ့သည်။ တမန်တော်မြတ် ^{S} မိန့်သည်မှာ "တစ်ဦးနှင့်တစ်ဦးကြားတွင် လောကီဆိုင်ရာအကျိုးအမြတ်မပါဘဲ အလွှာဟ်အရှင်မြတ်အတွက်သက်သက် တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးသူများဖြစ်သည်" ဟူ၍ဖြစ်သည်။ (အိဗနိမရိဒုဝေဟ်မှတစ်ဆင့်ကိုးကား၍ မဇာဟိရီ) ဤအခြေအနေကို အထက်ဖော်ပြပါလူများကိုသာ ရည်ညွှန်းနိုင်ကြောင်း ထင်ရှားပေသည်။

ဤအခြေအနေတွင် ကျွန်ုပ်တို့တွင် နောက်ထပ်မေးခွန်းရှိလာသည်။ ယင်းမေးခွန်းကား ဤဝိလာယဟ် (အလွှာဟ်အရှင်မြတ်နှင့်နီးကပ်ခြင်း) အဆင့်ကိုရရှိရန်နည်းကား မည်သည်နည်း။

လေးစားဖွယ်ဋီကာရှင် ကာရီဆနာအွလွှာဟ်ပါနီပသီက သဖ်စီရ်မဇာဟိရီကျမ်းတွင် မိန့်ထားသည်မှာ မုစ်လင်မ်အုမ္မသ်ထုမှ တစ်ဦးချင်းသည် ဤဝိလာယဟ်အဆင့်ရရှိရန် တမန်တော်မြတ် ^{S} သခင်နှင့်အတူ ပေါင်းဖော်ခြင်းမှသာ ရနိုင်သည်။ အလွှာဟ်ရှင့်မြတ်နှင့် နက်ရှိုင်းသောဆက်နွယ်မှုကို မြင့်မြတ်သော တမန်တော်မြတ် ^{S} ၏ ထိုင်ပိုင်း၏ အကျိုးအမြတ်ကို အုမ္မသ်ထု၏အောင်လီယာများကလည်း တစ်စိတ်တစ်ပိုင်းရရှိသည်။ တစ်ဖန် ဤထိုင်ပိုင်း၏ အကျိုးသက်ရောက်မှုသည် ဆွဟာဗဟ်သာဝကများအဖို့ မည်သည့် အကြောင်းခံမျှမရှိဘဲ ရရှိကြသည်။ သို့ပါ၍ ထိုသူများ (ဆွဟာဗဟ်များ)၏ဝိလာယဟ်အဆင့်သည်အောင်လီယာများအားလုံးနှင့်အတ်က်တဝ်(ကုသုဝ်၏အများကိန်းဖြစ်ကာ၊ စာပေအရ ဝန်ရိုးဖြစ်သည်။ အဓိပ္ပာယ်မှာ ဆူဖီများကဲ့သို့ တစ်နေရာတည်းတွင်နေထိုင်သော အလွှာဟ်အချစ်တော် ဖြစ်သည်။) အားလုံးထက်မြင့်မားပေသည်။ နောက်ပိုင်းလူများက ဤအကျိုးအမြတ်ကို ကြားခံတစ်ဦးမှဖြစ်စေ ကြားခံအများထံမှဖြစ်စေ ရရှိခဲ့သည်။ ကြားခံများလေလေ ကွဲပြားခြားနားမှု ပိုများလေဖြစ်သည်။ ချစ်ခင်မှုနှင့် အဓိန့်နာခံမှုတွင် တမန်တော်မြတ် ^{S} ၏ ဟောကြားမှု၊ လုပ်ဆောင်မှု၊ သတင်းစကားနှင့် ကိုယ်တော်မြတ်၏ စွန့်သန်အတိုင်း လိုက်နာကျင့်သုံးသူများသာလျှင် ယင်းကဲ့သို့သော ကြားခံဖြစ်နိုင်သည်။ ထိုသူများထံသွားခြင်း၊ ထိုသူများ ၏အပေါင်းအဖော်

အဖြစ် မကြာခဏအတူရှိနေခြင်း၊ ထိုသူများ၏ ကောင်းမြတ်သည့်အကြံပေးမှုကို နားထောင် သည့်အလေ့အကျင့်ပြုလုပ်ခြင်း၊ အလ္လာဟ်အရှင်မြတ်အား များများမြောင်စွာ သတိရတသ၍ အမိန့်နာခံခြင်းတို့ သည်သာလျှင် ဝိလာယဟ်အဆင့်ရရှိရန် အတွက် နည်းလမ်းဖြစ်သည်။ ယင်းတွင် အပိုင်းသုံးပိုင်းရှိသည်။ တစ်မှာ အလ္လာဟ်အရှင့်ဝလီတစ်ပါး၏ အသိုင်းအဝိုင်းတွင်ရှိခြင်း။ နှစ်အချက်မှာ ထိုသူ၏ ကောင်းမြတ်သော အကြံပြုချက်အပေါ် အမိန့်နာခံနေခြင်း။ တတိယအချက်မှာ အလ္လာဟ်အရှင်မြတ်ကို များများမြောင်စွာ အောက်မေ့ တသသတိရခြင်း။ ဤဇိကိရ်များများမြောင်စွာပြုလုပ်ခြင်း (သဘော သဘာဝ) အခြေအနေသည် မတ်စ်နူးန်နည်း လမ်းအရဖြစ်ရမည်။ အကြောင်းမှာ ဇိကိရ်ကို ရိုးသားဖြူစင်စွာနှင့် မကြာမကြာလုပ်ဆောင်ခဲ့ပါလျှင် နလုံးသား ကြေးမုံပြင်၏အရောင် ပိုမိုဝင်းလက်ကာ ဝိလာယဟ်၏အလင်းရောင်မှ ရောင်ပြန်ဟပ်မှုလက်ခံထိုက် လာပေမည်။ ဟဒီးဆ်တော်တစ်ရပ်တွင်လာရှိသည်မှာ အရာရာတိုင်းတွင် တောက်ပြောင်အောင်ပြုလုပ်သော နည်းလမ်းရှိလေသည်။ ဇိက်ကရွလ္လာဟ်သည် နလုံးသားကို ဝင်းလက်တောက်ပြောင်စေသည်။ စိုက်ယိဒိနာ အိဗန်ဒိုအုမရ် d ၏ ဆင့်ပြန်ချက်တစ်ခုပေါ်အခြေခံ၍ ယင်းအကြောင်းအရာကိုပင် အလ်ဗိုင်ဟကီက တင်ပြ ထားခဲ့သည်။ (မဇာဟီရီ)

စိုက်ယိဒိနာ အိဗန်ဒိုမာစ်အူးဒ် d က ပြောခဲ့သည်မှာ လူတစ်ဦးသည် တမန်တော်မြတ် s အား "လူတစ်ဦးသည် နာမ်ပိုင်းဆိုင်ရာ မြင့်မြတ်သောသူတစ်ဦးကို ချစ်ခင်မြတ်နိုးပါသည်။ သို့သော်လည်း ထိုသူသည် ၎င်း၏လုပ်ရပ်အရ ထိုမြင့်မြတ်သောသူ၏ အဆင့်အတန်းကိုကား မမှီချေ။ ယင်းနှင့်ပတ်သက်၍ ကိုယ်တော်မြတ် s မည်သို့ မိန့်တော်မူပါမည်နည်း"ဟု မေးမြန်းခဲ့သည်။ ကိုယ်တော်မြတ်က اَلْمَرْءُ مَعَ مَنْ اَحَبَّ "လူတိုင်းသည် ၎င်းချစ်ခင်မြတ်နိုးသူနှင့်အတူရှိနေပေမည်"ဟု မိန့်ခဲ့သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ အလ္လာဟ်အောင်လီယာကို ချစ်ခင်၍ ၎င်း၏အသိုင်းအဝိုင်းတွင်ရှိခြင်းသည် ဝိလာယဟ် (အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်မှု) ရရှိစေရန် အရင်းအမြစ် တစ်ခု ဖြစ်သည်။ အလ်ဗိုင်ဟကီက (ရှုအာဗုလ်အီမာန်ကျမ်းတွင်) တင်ပြထားခဲ့သည်မှာ တမန်တော်မြတ် s က စိုက်ယိဒိနာ ရာဇင်နဲ့ d ကို ပြောကြားခဲ့သည်။ "အီမာန်ယုံကြည်မှု၏ မူတစ်ရပ်ကို ငါကိုယ်တော်သင့်အား ပြောပြမည်။ ယင်းမူကြောင့် အသင်သည် ဒွန္ဒယာနှင့်အာခိရသ်တွင် အောင်မြင်မှုရရှိနိုင်သည်။ အဟ်လွဒ်ဇိကိရ် (အလ္လာဟ်အရှင်မြတ်ကို အောက်မေ့ တသသတိရသူ)၏ အသိုင်းအဝိုင်းတွင်ရှိခြင်းကို မလွှဲမသွေဟုမှတ်ယူပါ။ ထိုနောက် အသင်တစ်ဦးတည်း ရှိနေစဉ်တွင် သင်၏နှုတ်လျှာကို အလ္လာဟ်အရှင်မြတ်ဇိကိရ်ဖြင့် တတ်နိုင်သမျှပြုလုပ်နေပါစေ။ မည်သူ့ကိုမဆို အသင်၏ချစ်ခင်မှုသည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်ပါစေ။ မည်သူ့ကိုမဆို အသင်၏မုန်းတီးမှုသည် အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်ပါစေ။ (မဇာဟီရီ)

သို့သော်လည်း အကျိုးဖြစ်ထွန်းရန်မှာ ဤ"အသိုင်းအဝိုင်း"တွင် ရှိနေခြင်းသည် ၎င်းတို့ကိုယ်တိုင်က အလ္လာဟ့်ဝလီဖြစ်နေကာ စွန့်သတ်တော်ကို သစ္စာရှိစွာလိုက်နာသောသူများ၏ အသိုင်းအဝိုင်းဖြစ်ရမည်။ တမန်တော်မြတ် s ၏ စွန့်သတ်တော်အတိုင်း လိုက်နာခြင်းမရှိသူများ (၎င်းတို့၏ လုပ်ရပ်များနှင့် စကားများတွင်လည်း ယင်းစွန့်သတ်နှင့် အညီမဟုတ်သူ)သည် ၎င်းတို့ကိုယ်တိုင်ပင် ဝိလာယဟ်၏အဓိကအဆင့်အတန်း ကင်းမဲ့နေပါသည်။ အကယ်၍ ထိုသူများထံမှ ဖြစ်လေ့ဖြစ်ထရှိသည်နှင့်ဆန့်ကျင်သော အံ့ဘွယ်ရာများ (ကရှ်ဖ်နှင့်ကရာမသ်) များပေါ်ထွက်လာ သော်လည်း အကြောင်းမဟုတ်ချေ။ သို့တိုင် ၎င်းတို့သည် ဝိလာယဟ်အဆင့်မဲ့နေပါသည်။ သို့သော်လည်း အကယ်၍ တစ်စုံတစ်ဦးသည် အထက်ဖော်ပြပါအရည်အချင်းများအရ ဝလီတစ်ဦးဖြစ်နေကာ ၎င်းထံမှ အံ့ဖွယ်ရာများ မပေါ်ထွက်သော်လည်း ထိုသူမှာ အလ္လာဟ်ဝလီတစ်ပါးဖြစ်ပေသည်။ (မဇာဟီရီ)

ယခုနောက်ဆုံးအချက်သို့ ကျွန်ုပ်တို့ရောက်ပေပြီ။ အလ္လာဟ်အရှင့်အောင်လီယာ၏ လက္ခဏာများကား မည်သည်တို့နည်း။ ၎င်းတို့ကို မည်သို့ဖော်ထုတ်သိရှိနိုင်မည်နည်း။ သဖီစီရ်မဇာဟိရီကျမ်းတွင် ရည်ညွှန်းထား သည့် ဟဒီးဆ်ကုရ်စီတစ်ပုဒ်က ဤသည်ကိုဦးတည်ထားသည်။ အလ္လာဟ်အရှင့်မြတ်မိန့်တော်မူသည်မှာ "ငါအရှင်၏ကျေးကျွန်များအနက် ငါအရှင့်အောင်လီယာများသည်ကား အကြင်သူများပင်တည်း။ ၎င်းတို့က ငါအရှင်ကို သတိရတသလျှင် ငါအရှင်ကလည်း ထိုသူများကို တသသတိရတော်မူသည်" ဟူ၍ဖြစ်သည်။ အိဗနိမာဂျာဟ်ကျမ်းတွင် စိုက်ယိဒါဟ် အတ်စ်မာဗင်နယဇီးဒ်မှ ဆင့်ပြန်ချက်တစ်ရပ်အရ အလ္လာဟ်၏ အောင်လီယာများကို ထင်ရှားစွာသိသာစေရန် မိန့်ထားသည်မှာ اَلَّذِيْنَ اِذَا رُءُوْا ذُكِرَ اللّٰهُ (ထိုသူများမှာ ၎င်းတို့ကိုမြင်လျှင် အလ္လာဟ်အရှင်မြတ်ကို သတိရစေသူ ဖြစ်သည်။)

အတိုချုပ်မှာ တစ်စုံတစ်ဦး၏ အသိုင်းအဝိုင်းတွင် ထိုင်ခြင်းဖြင့် အလ္လာဟ်အရှင်မြတ်ကို အောက်မေ့ တသ သတိရခြင်း (ဇိကိရ်) နှင့် လောကီဆိုင်ရာ သောကများမှ ကင်းဝေးစေမှု သောင်ဖိုက် (အစွမ်း) ရရှိလျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်၏ ဝလီတစ်ပါးဖြစ်သည်။

သဖီစီရ်မဇာဟိရီကျမ်းတွင် မိန့်ထားသည်မှာ "ဖုံးကွယ်ထားသည်ကို သိရှိနိုင်ခြင်း (ကတ်ရှ်ဖ်)၊ ထူးဆန်း အံ့ဘွယ်အချို့ ပြုလုပ်ပြခြင်း (ကရာမသ်) သို့မဟုတ် အလ်ဂိုက်ဗ် အကွယ်ရှိအရာများကို သိရှိခြင်း စသည်တို့သည် တစ်စုံတစ်ဦးကို အလ္လာဟ်အောင်လီယာဖြစ်သည့် လက္ခဏာများဖြစ်ကြောင်း ခေတ်စားနေသည့် အယူအဆ တစ်ခု ရှိသည်။ ဤသည်မှာမှားယွင်း၍ မိမိကိုယ်မိမိ လှည့်စားခြင်းဖြစ်သည်။ ဤကဲ့သို့ ခိုင်လုံသောသက်သေများဖြင့် ဂုဏ်ပေးမခံရသော အောင်လီယာထောင်ပေါင်းများစွာရှိပေသည်။ ယင်းနှင့် ဖြောင်ဖြောင့်ကြီး ဆန့်ကျင်နေသည်မှာ အကွယ်မှအရာများ၊ ဖုံးကွယ်ထားသောအရာများ၏ သိသည်ဟုပြောဆို နေသူများသည် အခြေခံအဓိမာန် (ယုံကြည်မှု) မမှန်ကန်သူများပင်ဖြစ်ကြသည်။

နောက်ဆုံးအာယသ် (၆၄)တွင် အလ္လာဟ်အဆွေတော်များအတွက် ဤကမ္ဘာ၏ဘဝနှင့် နောင်တမလွန်ဘဝတွင် ကောင်းသတင်းရှိသည်ဟု မိန့်ထားသည်။ နောင်တမလွန်၏ ကောင်းသတင်းအဖြစ် သေဆုံးသူ ၏ဝိညာဉ်ကို သေဆုံးချိန်၌ အလ္လာဟ်အရှင်မြတ်ထံရောက်သွားလျှင် ပေါ်ပေါက်ပါမည်။ ထိုအချိန်တွင် ဂျန္နသ်သုခဘုံသည် ၎င်းအတွက်ဖြစ်ကြောင်း ကောင်းသတင်းကြားရပေလိမ့်မည်။ ထို့နောက် ကိယာမသ်နေ့တွင် သူ၏ဂူသချိုင်းမှ ရှင်ပြန်ထသောအခါတွင် ဂျန္နသ်သုခဘုံမှ ကြိုဆိုနေသည့်ကောင်းသတင်း သူကြားရပါလိမ့်မည်။ ဤသည်မှာ စိုက်ယိဒိနာအိဗနိအုမရ် d မှ တင်ပြချက်ကို အလ်သဗာရာနီကျမ်းတွင် ဖော်ပြထားသည်နှင့်တူသည်။ သူ၏ဆင့်ပြန်ချက်တွင် တမန်တော်မြတ် S မိန့်သည်မှာ لَآ اِلٰهَ اِلَّا اللّٰهُ(အလ္လာဟ်အရှင်မြတ်မှ တစ်ပါး ခဝပ်ကိုးကွယ်ရာမရှိ) ကို ရွတ်ဆိုသော သူသည် သေဆုံးသည့်အချိန်တွင်လည်းကောင်း၊ ကဗရ်(သချိုင်း)တွင်းမှာလည်းကောင်း၊ ထိုကဗရ်သချိုင်းဂူမှ ရှင်ပြန်ထရာတွင်လည်းကောင်း မည်သည့် ကြောက်ရွံ့မှုမျှ ရှိလိမ့်မည်မဟုတ်ချေ။ ဤသည်မှာ လူအများသည် ကဗရ်သချိုင်းဂူအတွင်းမှ ရှင်ပြန်ထလာကာ ကိုယ်ပေါ်မှ ဖုံမှုန့်များခါချပြီး اَلْحَمْدُ لِلّٰهِ الَّذِيْ اَذْهَبَ عَنَّا الْحَزَنَ "ချီးမွမ်းထောမနာအပေါင်းတို့သည် ကျွန်တော်မျိုးတို့မှ ပူပင်သောကကို ပယောက်စေတော်မူသော အလ္လာဟ်အရှင်မြတ်နှင့်သာသက်ဆိုင်၏ (၃၅ း ၃၄)" ဟူ၍ ပြောဆိုနေသည့်မြင်ကွင်းကို ကျွန်ုပ်မြင်နေရသကဲ့သို့ဖြစ်သည်။

ဤလောကီတွင် ကောင်းသတင်းများနှင့်ပတ်သက်၍ တမန်တော်မြတ် S မိန့်ကြားသည်မှာ "(ထို ဝလီများ

သည်) တစ်စုံတစ်ယောက်က ကိုယ်တိုင်မြင်ရသည့် စစ်မှန်သောအိပ်မက် (သို့မဟုတ်) သူနှင့်အတူပါရှိ သည့်လူများ မြင်တွေ့ရသော စစ်မှန်သောအိပ်မက်ဖြစ်၍ ယင်းတွင် ၎င်းတို့အတွက် ကောင်းသတင်းပါရှိသည်။ (ဗုခါရီကျမ်းပါ စိုက်ယိဒိနာ အဗူဟုရိုင်ရဟ် [d] ၏ တင်ပြချက်)

ဤကမ္ဘာ၏နောက် အခြားဗရာရတ် (ကောင်းသတင်း)မှာ မုစ်လင်မ်များသည် မိမိအကျိုးမပါဘဲ တစ်စုံတစ်ဦး ကို ချစ်ခင်မြတ်နိုးခြင်းဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ တမန်တော်မြတ် [s] မိန့်သည်မှာ تِلْكَ عَاجِلُ بُشْرَى الْمُؤْمِنِ "စစ်မှန်သော မုစ်လင်မ်တစ်ဦးအတွက် ကောင်းမြတ်၍ချီးကျူးထိုက် သည်ဟုမှတ်ယူခြင်းသည် ကောင်းသတင်း ဖြစ် သည်။ (မုစ်လင်မ်ကျမ်းနှင့် အလ်ဗဂါဝီကျမ်း)

အာယသ် (၆၅ - ၆၆)

وَلَا يَحْزُنْكَ قَوْلُهُمْ ۘ اِنَّ الْعِزَّةَ لِلّٰهِ جَمِيْعًا ۭ هُوَ السَّمِيْعُ الْعَلِيْمُ ﴿٦٥﴾ اَلَآ اِنَّ لِلّٰهِ مَنْ فِي السَّمٰوٰتِ وَمَنْ فِي الْاَرْضِ ۭ وَمَا يَتَّبِعُ الَّذِيْنَ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ شُرَكَاۗءَ ۭ اِنْ يَّتَّبِعُوْنَ اِلَّا الظَّنَّ وَاِنْ هُمْ اِلَّا يَخْرُصُوْنَ ﴿٦٦﴾

(အို - နဗီတမန်တော်) အသင့်အား ၎င်းတို့၏ ပြောဆိုမှုသည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်စေရ။ ဇကာန်စင်စစ် တန်ခိုးသတ္တိ(ဩဇာအာဏာ) အလုံးစုံတို့သည် အလ္လာဟ်အရှင် မြတ်၌သာရှိကုန်၏။ ထိုအရှင်မြတ်သည် (ပြောဆိုမှုအလုံးစုံတို့ကို) အကြွင်းမဲ့ကြားတော်မူ သော အရှင် (အရာခပ်သိမ်းတို့ကို) အကြွင်းမဲ့သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ် တော်မူပေသည်။ (၁၀း၆၅)

(အို - ကြားနာရသူအပေါင်းတို့) အသင်တို့သည် (ကောင်းစွာ) သတိမူကြလေကုန်။ ဇကာန်အမှန် မိုးကောင်းကင်ရှိသူတို့ကိုလည်း ကောင်း၊ ကမ္ဘာမြေပြင်ဝယ်ရှိသူတို့ကိုလ ည်းကောင်း၊ အလ္လာဟ်အရှင် မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူ၏။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်အပြင် အခြားကို နှိုင်းယှဉ်ဘက်များအဖြစ် ဟစ်ခေါ်ကိုးကွယ် ကြကုန်သောသူတို့သည် (မိမိတို့၏) ထင်မြင်ယူဆချက်မှအပ အခြား တစ်စုံတစ်ရာကို လိုက်နာကြသည်မဟုတ်ပေ။ စင်စစ်မူကား ၎င်းတို့သည် ရမ်းဆ(ကျင့်ကြံ) နေကြသည် သာတည်း။ (၁၀း၆၆)

အာယသ် (၆၇ - ၇၀)

هُوَ الَّذِیْ جَعَلَ لَكُمُ الَّیْلَ لِتَسْكُنُوْا فِیْهِ وَ النَّهَارَ مُبْصِرًا ؕ اِنَّ فِیْ ذٰلِكَ لَاٰیٰتٍ
لِّقَوْمٍ یَّسْمَعُوْنَ ﴿۶۷﴾ قَالُوا اتَّخَذَ اللّٰهُ وَلَدًا سُبْحٰنَهٗ ؕ هُوَ الْغَنِیُّ ؕ لَهٗ مَا فِی السَّمٰوٰتِ وَ
مَا فِی الْاَرْضِ ؕ اِنْ عِنْدَ كُمْ مِّنْ سُلْطٰنٍ بِهٰذَا ؕ اَتَقُوْلُوْنَ عَلَی اللّٰهِ مَا لَا تَعْلَمُوْنَ
﴿۶۸﴾ قُلْ اِنَّ الَّذِیْنَ یَفْتَرُوْنَ عَلَی اللّٰهِ الْكَذِبَ لَا یُفْلِحُوْنَ ﴿۶۹﴾ مَتَاعٌ فِی الدُّنْیَا
ثُمَّ اِلَیْنَا مَرْجِعُهُمْ ثُمَّ نُذِیْقُهُمُ الْعَذَابَ الشَّدِیْدَ بِمَا كَانُوْا یَكْفُرُوْنَ
﴿۷۰﴾

ထိုအရှင်မြတ်သည် အကြင်အရှင်မြတ်ပင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်သည် အသင်တို့အဖို့ ညဉ့်ကို အသင်တို့အိပ်စက်နားနေကြရန် လည်းကောင်း၊ နေ့ကို မြင်နိုင်စွမ်းရှိစေသော အရောအဖြစ်လည်းကောင်း ပြုလုပ်ဖန်ဆင်းတော်မူခဲ့ပေသည်။ ဤ (မည်သော) အချက်တို့တွင် (အာရုံစိုက်လျှင်) ကြားနာသူတို့အဖို့ သက်သေသာဓကများသည် ရှိစေသတည်း။ (၁၀း၆၇)

ထိုသူတို့က "အလ္လာဟ်အရှင်မြတ်၌" သားရှိသည်ဟု ပြောဆိုကြကုန်၏။ ထိုအရှင်မြတ်သည် (ဖန်ဆင်းထားခြင်းခံရသူတို့နှင့် အကြောင်း စပ်ဆိုင်ခြင်း၊ အမျိုးတော်စပ်ခြင်းတို့မှ လုံးဝ ကင်းရှင်း၊ စင်ကြယ်တော်မူ၏။ ထိုအရှင်မြတ်သည် လိုလားတောင့်တခြင်းကင်းမဲ့တော်မူသော အရှင်မြတ်ဖြစ်တော်မူ၏။ မိုးကောင်းကင်များ၌ ရှိသမျှတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ ထိုအရှင်မြတ်ပိုင်ဆိုင်တော်မူသော အရာများသာတည်း။ အသင်တို့၌ ဤ(မဟုတ်မမှန်သော ပြောဆိုစွပ်စွဲမှု)နှင့် စပ်လျဉ်း၍ မည်သည့်သက်သေ သာဓကမှပင်မရှိစေချ။ အသင်တို့သည် မိမိတို့မသိ နားမလည်သော စကားကို အလ္လာဟ်အရှင်မြတ်အပေါ်၌ လီဆယ်၍ ပြောဆိုကြလေသလော။ (၁၀း၆၈)

(အိုဩ-နဗီတမန်တော်) အသင်သည် (ၾကားတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) စင်စစ်ဧကန် အလ္လာဟ်အရှင်မြတ်အပေါ်၌ မုသားကို လီဆယ်စွပ်စွဲကြကုန်သော သူတို့သည် အလျင်းအောင်မြင်ကြမည် မဟုတ်ပေတကား။ (၁၀း၆၉)

(ၾကားတို့အဖို့) လောကီဘဝတွင် အကျိုးခံစားခြင်း အနည်းငယ်မျှသာ ရှိပေသည်။ ထို့နောက်ၾကားတို့သည်ငါအရှင်မြတ်အထံတော်သို့သာလျှင်ပြန်လည်ရောက်ရှိရပေမည်။ ထို့နောက် ငါအရှင်မြတ်သည် ၾကားတို့အား ၾကားတို့သွေဖည်ငြင်းပယ်လျက်ရှိခဲ့ကြသော ကြောင့် ပြင်းထန်စွာသော ပြစ်ဒဏ်(၏ အရသာ)ကို မြည်းစမ်းစေတော်မူ မည်ဖြစ်ပေသတည်း။ (၁၀း၇၀)

အာယသ် (၇၁ - ၇၃)

وَ اتْلُ عَلَيْهِمْ نَبَاَ نُوْحٍ ۘ اِذْ قَالَ لِقَوْمِهٖ يٰقَوْمِ اِنْ كَانَ كَبُرَ عَلَيْكُمْ مَّقَامِيْ وَ
تَذْكِيْرِيْ بِاٰيٰتِ اللّٰهِ فَعَلَى اللّٰهِ تَوَكَّلْتُ فَاَجْمِعُوْۤا اَمْرَكُمْ وَ شُرَكَآءَكُمْ ثُمَّ لَا
يَكُنْ اَمْرُكُمْ عَلَيْكُمْ غُمَّةً ثُمَّ اقْضُوْۤا اِلَيَّ وَ لَا تُنْظِرُوْنِ ﴿۷۱﴾ فَاِنْ تَوَلَّيْتُمْ فَمَا
سَاَلْتُكُمْ مِّنْ اَجْرٍ ؕ اِنْ اَجْرِيَ اِلَّا عَلَى اللّٰهِ ۙ وَ اُمِرْتُ اَنْ اَكُوْنَ مِنَ الْمُسْلِمِيْنَ ﴿۷۲﴾
فَكَذَّبُوْهُ فَنَجَّيْنٰهُ وَ مَنْ مَّعَهٗ فِي الْفُلْكِ وَ جَعَلْنٰهُمْ خَلٰٓئِفَ وَ اَغْرَقْنَا الَّذِيْنَ
كَذَّبُوْا بِاٰيٰتِنَا ۚ فَانْظُرْ كَيْفَ كَانَ عَاقِبَةُ الْمُنْذَرِيْنَ ﴿۷۳﴾

ထို့ပြင် (အို - နဗီတမန်တော်) အသင်သည် ၎င်းတို့၏ရှေ့ဝယ် (နဗီတမန်တော်) "နူးဟ်"၏ အတ္ထုပ္ပတ္တိအကြောင်းကို ဖတ်ကြားပါလေ။ တစ်ရံရောအခါဝယ် (နဗီတမန်တော်) "နူးဟ်"သည် မိမိအမျိုး သားတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ "အို - ငါ၏အမျိုးသားတို့ အကယ်၍ ငါ၏ရပ်တည်ခြင်းသည်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များဖြင့် ငါ၏ဆုံးမသြဝါဒပေးခြင်းသည်လည်း ကောင်း၊ အသင်တို့အပေါ်၌ ဝန်လေးနေပါလျှင် ငါသည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ယုံပုံလွဲအပ်ပြီးဖြစ်ပေရာ အသင်တို့သည် (ငါ့အား ချေမှုန်းရန်) မိမိတို့၏အကြံအစည်များကို မိမိတို့၏ တွဲဖက်၊ နှင်းယှဉ်ကိုးကွယ်ရာများနှင့် ပူးပေါင်း၍ ပြဋ္ဌာန်းကြလေကုန်။ ထို့နောက် အသင်တို့၏ (ယင်း) အကြံအစည်များသည်လည်း အသင်တို့ အပေါ်ဝယ် ဖုံးအုပ်လျက် မရှိပါစေနှင့်။ ထို့နောက် အသင်တို့သည် ငါနှင့်ပတ်သက်၍ စီမံဆောင်ရွက်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ့အား ရှေ့ဆိုင်းခွင့်ပင်မပေးကြကုန်လင့်။ (၁၀း၇၁)

သို့ရာတွင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲ၍သွားခဲ့ပါ မူ ငါသည် အသင်တို့ထံ (မိမိ၏ဆုံးမသြဝါဒပေးခြင်းနှင့် စပ်လျဉ်း၍) တစ်စုံတစ်ရာ အခပေးရန်တောင်းဆိုခဲ့ဘူး သည် မဟုတ်ပေ။ ငါ့အား အစားပေးရန် တာဝန်ကား အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ရှိပေသည်။ ၎င်းပြင်ငါသည် 'မုစ်လင်မ်'(အမိန့်တော်ကိုလိုက်နာသူ) တို့တွင် တစ်ဦး အပါအဝင်ဖြစ်ရန် အမိန့်ပေးတော်မူခြင်းကို ခံခဲ့ရလေသတည်း။ (၁၀း၇၂)

သို့ပါလျက် ယင်း (နဗီတမန်တော်နူးဟ်၏) အမျိုးသားတို့သည် ထို (နဗီတမန်တော်) နူးဟ်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြကုန်၏။ ထို့နောက် ငါအရှင်မြတ်သည် ထို (နဗီတမန်တော်) နူးဟ်အား လည်းကောင်း၊ ထို (နဗီတမန်တော်) နူးဟ်နှင့်အတူသင်္ဘော ပေါ်တွင် (စီးနင်း) လိုက်ပါခဲ့ကြကုန်သော သူတို့အားလည်းကောင်း၊ (ဧရေဘေးမှ) ကယ်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် ထို(နဗီတမန် တော်နူးဟ်နှင့်အတူတကွ လိုက်ပါခဲ့သော) သူတို့အား (ကမ္ဘာမြေပြင် ဝယ် ရေဘေးသင့်၍ သေကြေပျက်စီးသွားခဲ့ကြသောသူတို့၏) အရိုက်အရာ ဆက်ခံသူများ ပြုလုပ်တော်မူခဲ့လေသည်။ ထို့ပြင်

ငါအရှင်မြတ်၏ သက်သေ၊ လက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသော သူတို့အား ငါအရှင်မြတ်သည် နှစ်မြုပ်စေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ သတိပေး နှိုးဆော်ခြင်း ခံကြရသော သူတို့၏ နောက်ဆုံး အကျိုးဆက်သည် မည်သို့မည်ပုံရှိခဲ့သည်ကို အသင်သည် ဆင်ခြင်သုံးသပ်ပါလေ။ (၁၀း၇၃)

အာယသ် (၇၄)

ثُمَّ بَعَثْنَا مِنْۢ بَعْدِهٖ رُسُلًا اِلٰى قَوْمِهِمْ فَجَآءُوْهُمْ بِالْبَيِّنٰتِ فَمَا كَانُوْا لِيُؤْمِنُوْا بِمَا كَذَّبُوْا بِهٖ مِنْ قَبْلُ ؕ كَذٰلِكَ نَطْبَعُ عَلٰى قُلُوْبِ الْمُعْتَدِيْنَ ﴿۷۴﴾

ထို့နောက် ငါအရှင်မြတ်သည် ထို (နဗီတမန်တော်) နူးဟ်မရှိသည့် နောက်တွင် (အခြားသော) ရစူလ်တမန်တော်များကို ထိုရစူလ် တမန်တော်များ၏ အမျိုးသားများထံ စေလွှတ်တော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ထိုရစူလ်တမန်တော်များသည် ၎င်းတို့ထံ ထင်ရှားစွာ သော သက်သေသာဓကများကို ယူဆောင်လာခဲ့ကြလေသည်။ သို့ရာ တွင် (ယခုသော်) ထိုအမျိုးသားများသည် မိမိတို့ ရှေးဦးမဆွက မဟုတ်မမှန်ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် ယုံကြည်ကြရန် မဖြစ်တော့ပေ။ ငါအရှင်မြတ်သည် စည်းကမ်းကျူးလွန်သောသူတို့၏ စိတ်နလုံးပေါ်တွင် ဤအတိုင်းပင် တံဆိပ်ခတ်နှိပ်တော်မူလေ့ရှိပေသတည်း။ (၁၀း၇၄)

အာယသ် (၇၅ - ၈၂)

ثُمَّ بَعَثْنَا مِنْۢ بَعْدِهِمْ مُّوْسٰى وَ هٰرُوْنَ اِلٰى فِرْعَوْنَ وَ مَلَا۟ئِهٖ بِاٰيٰتِنَا فَاسْتَكْبَرُوْا وَ كَانُوْا قَوْمًا مُّجْرِمِيْنَ ﴿۷۵﴾ فَلَمَّا جَآءَهُمُ الْحَقُّ مِنْ عِنْدِنَا قَالُوْۤا اِنَّ هٰذَا لَسِحْرٌ مُّبِيْنٌ ﴿۷۶﴾ قَالَ مُوْسٰۤى اَتَقُوْلُوْنَ لِلْحَقِّ لَمَّا جَآءَكُمْ ؕ اَسِحْرٌ هٰذَا ؕ وَ لَا يُفْلِحُ السّٰحِرُوْنَ ﴿۷۷﴾ قَالُوْۤا اَجِئْتَنَا لِتَلْفِتَنَا عَمَّا وَجَدْنَا عَلَيْهِ اٰبَآءَنَا وَ تَكُوْنَ لَكُمَا الْكِبْرِيَآءُ فِى الْاَرْضِ ؕ وَ مَا نَحْنُ لَكُمَا بِمُؤْمِنِيْنَ ﴿۷۸﴾ وَ قَالَ فِرْعَوْنُ ائْتُوْنِىْ بِكُلِّ سٰحِرٍ عَلِيْمٍ ﴿۷۹﴾ فَلَمَّا جَآءَ السَّحَرَةُ قَالَ لَهُمْ مُّوْسٰۤى اَلْقُوْا مَاۤ اَنْتُمْ مُّلْقُوْنَ ﴿۸۰﴾ فَلَمَّاۤ اَلْقَوْا قَالَ مُوْسٰى مَا جِئْتُمْ بِهِ ۙ السِّحْرُ ؕ اِنَّ اللّٰهَ سَيُبْطِلُهٗ ؕ اِنَّ اللّٰهَ لَا يُصْلِحُ عَمَلَ الْمُفْسِدِيْنَ ﴿۸۱﴾ وَ يُحِقُّ اللّٰهُ الْحَقَّ بِكَلِمٰتِهٖ وَ لَوْ كَرِهَ الْمُجْرِمُوْنَ ﴿۸۲﴾

ထို့နောက် ငါအရှင်မြတ်သည် ထိုရထူလ်တမန်တော်များ မရှိသည့်နောက်တွင် (နဗီတမန်တော်) မူစာအားလည်းကောင်း၊ (နဗီတမန် တော်) ဟာရွန်အားလည်းကောင်း၊ ငါအရှင်မြတ်၏ သက်သေလက္ခဏာ တော်များနှင့်တကွ ဖိရ်အောင်နှင့် ၎င်း၏အကြီး အကဲများထံသို့ စေလွှတ်တော်မူခဲ့လေသည်။ သို့သော် ၎င်းတို့သည် မောက်မာပလွှားခဲ့ ကြလေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ပြစ်မှုကျူးလွန်လေ့ရှိသော အမျိုးသားများ ဖြစ်ခဲ့ကြကုန်သတည်း။ (၁၀း၇၅)

သို့ဖြစ်ပေရာ ၎င်းတို့ထံ ငါအရှင်မြတ်အထံတော်မှ အမှန်တရား (တန်ခိုးပြာဋိဟာ) သည် ရောက်လာသောအခါ ၎င်းတို့က "ဤသည် ဇာနမလွဲ စုန်းပယောဂအတတ်ပင် ဖြစ်သည်" ဟူ၍ ပြောဆိုခဲ့ကြ လေသတည်း။ (၁၀း၇၆)

(ထိုအခါ နဗီတမန်တော်) မူစာက (ဤသို့) ပြောဆိုဖြေကြားခဲ့ လေသည်။ (အချင်းတို့) "အသင်တို့သည် အမှန်တရားနှင့်စပ်လျဉ်း၍ ထိုအမှန်တရားသည် အသင်တို့ထံ ရောက်လာခဲ့ပြီးမှ (ဤသည် စုန်းပယောဂဖြစ်သည်ဟု) ပြောဆိုကြလေသလော။ ဤသည် စုန်းပယောဂ အတတ်ဖြစ်ပါသလော။ အမှန်စင်စစ်သော်ကား စုန်းကဝေတို့သည် (မည် သည့်အခါမျှ) အောင်မြင်ကြသည်မရှိချေတကား"။ (၁၀း၇၇)

၎င်းတို့က (နဗီတမန်တော် မူစာအား ဤသို့) ပြောဆိုကြပြန် လေသည်။ (အို - မူစာ) "အသင်သည် ကျွန်ုပ်တို့၏ အဘ၊ ဘိုး၊ ဘေးများ၏ လမ်းစဉ်မှ ကျွန်ုပ်တို့အား လွှဲဖယ်ရန်လည်းကောင်း၊ တိုင်းပြည်တွင် ခေါင်းဆောင်မှုသည် အသင်တို့နှစ်ဦးဌသာ ရှိအံ့သောငှာ လည်းကောင်း၊ အသင် ကျွန်ုပ်တို့ထံ ရောက်ရှိလာခဲ့လေသလော။ စင်စစ်သော်ကား ကျွန်ုပ်တို့သည် အသင်တို့နှစ်ဦးအား (မည်သည့်အခါမျှ) ယုံစားကြမည့်သူများ မဟုတ်ချေ။" (၁၀း၇၈)

ထို့နောက် ဖိရ်အောင်နှက (မိမိ၏ မှူးကြီးမတ်ရာတို့အား) "အသင်တို့သည် တတ်မြောက်ကျွမ်းကျင်သော စုန်းကဝေခပ်သိမ်းတို့ကို ငါတို့ထံ ခေါ်သွင်းခဲ့ကြလေကုန်" ဟု အမိန့်ထုတ်ပြန်ခဲ့လေသတည်း။ (၁၀း၇၉)

တစ်ဖန် စုန်းကဝေတို့လာရောက်ကြသောအခါ (နဗီတမန်တော်) မူစာက ၎င်းတို့အား "အသင်တို့သည် မိမိတို့ပစ်ချကြမည့်အရာများကို ပစ်ချကြလေကုန်" ဟု ပြောဆိုခဲ့ လေသည်။ (၁၀း၈၀)

ထို့နောက် ၎င်းတို့သည် (မိမိတို့ပစ်ချလိုသော ကြိုးများကို မြေဝယ်) ပစ်ချခဲ့ကြသော အခါ (နဗီတမန်တော်)မူစာက (၎င်းတို့အား ဤသို့) ပြောဆိုခဲ့ကြလေသည်။ "အသင်တို့ ယူဆောင်ခဲ့ကြသော အရာများကား စုန်းပယောဂအတတ်ပင် ဖြစ်ပေသည်။ ဇာနမလွဲ အလ္လာဟ်အရှင်မြတ်သည် ယခုမကြာမီပင် ဤစုန်းပယောဂများကို အချည်းနှီး ဖြစ်စေတော်မူမည်။ ဇာနစင်စစ် အလ္လာဟ်အရှင်မြတ်သည် (တန်ခိုးပြာဋိဟာနှင့် ပြိုင်ဆိုင်၍)

ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့၏ လုပ်ငန်းကို အဆင်ပြေအောင် ပြုလုပ်ပေးသနားတော်မူသည်မဟုတ်ပေ။ (၁၀း၈၁)

စင်စစ်သော်ကား ပြစ်မှုကျူးလွန်သူများ (မည်မျှပင်) မကျေနပ် မနှစ်သက်ကြလင့်ကစား အလ္လာဟ်အရှင်မြတ်သည်အမှန်ကို မိမိပြဋ္ဌာန်းချက်များနှင့်အညီ အမှန်ပင်ဖြစ်စေတော်မူပေသည်တကား။ (၁၀း၈၂)

အာယသ် (၈၃ - ၈၆)

فَمَآ اٰمَنَ لِمُوْسٰٓى اِلَّا ذُرِّيَّةٌ مِّنْ قَوْمِهٖ عَلٰى خَوْفٍ مِّنْ فِرْعَوْنَ وَ مَلَا۟ئِهِمْ اَنْ يَّفْتِنَهُمْ ؕ وَ اِنَّ فِرْعَوْنَ لَعَالٍ فِي الْاَرْضِ ۚ وَ اِنَّهٗ لَمِنَ الْمُسْرِفِيْنَ ﴿۸۳﴾ وَ قَالَ مُوْسٰى يٰقَوْمِ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ فَعَلَيْهِ تَوَكَّلُوْٓا اِنْ كُنْتُمْ مُّسْلِمِيْنَ ﴿۸۴﴾ فَقَالُوْا عَلَى اللّٰهِ تَوَكَّلْنَا ۚ رَبَّنَا لَا تَجْعَلْنَا فِتْنَةً لِّلْقَوْمِ الظّٰلِمِيْنَ ﴿۸۵﴾ وَ نَجِّنَا بِرَحْمَتِكَ مِنَ الْقَوْمِ الْكٰفِرِيْنَ ﴿۸۶﴾

ထို့နောက် နဗီတမန်တော်မူစာအား ထို (နဗီတမန်တော်မူစာ) ၏ အမျိုးသားတို့အနက်မှ ဖိရ်အောင်နှိပ်နှင့် မိမိတို့အနက်မှ အကြီးအကဲတို့သည် မိမိတို့အား အန္တရာယ်ပြုကြမည်ဟု စိုးရိမ်ကြီးစွာ ရှိနေကြသဖြင့် လူတစ်စုသာလျှင် ယုံစား (ယုံကြည်ထောက်ခံ) ခဲ့ကြလေသည်။ စင်စစ်မှာမူကား ဖိရ်အောင်နှိပ်သည် (ထိုစဉ်အခါက) တိုင်းပြည်တွင် လွှမ်းမိုးကြီးစိုးနေသူ ဖြစ်ခဲ့သည့်အပြင် ဓကနစင်စစ် ၎င်းသည် ကျူးကျော်လွန်ကဲသူ တစ်ဦးလည်း ဖြစ်ခဲ့ပေသတည်း။ (၁၀ : ၈၃)

ထို့ပြင် (နဗီတမန်တော်) မူစာသည် (မိမိအမျိုးသားတို့အား ဤသို့) ပြောကြားခဲ့လေသည်။ "အို - ငါ၏အမျိုးသားတို့၊ အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သက်ဝင်ယုံကြည်ကြပြီး အမှန်ပင် "မုစ်လင်မ်" အမိန့်တော်ကိုနာခံသူများ ဖြစ်ကြပါလျှင် အသင်တို့သည် (မိမိတို့၏အရေးကိစ္စအဝဝတွင်) ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံကြည် အားထားကြလေကုန်။" (၁၀ : ၈၄)

ထိုအခါ နဗီတမန်တော်မူစာ၏အမျိုးသားတို့က "အို - နဗီတမန်တော် (မူစာ) ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်အပေါ် ၌သာလျှင် ယုံကြည်အားထားကြပါပြီ" ဟု ပြောဆိုပြန်ကြားခဲ့ပြီး (အလ္လာဟ်အရှင်မြတ်အထံတော်၌) "အို - ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား နှိပ်စက်ကလူပြုမှုကြကုန်သောသူတို့၏ အနှိပ်စက်ခံကြရသူများအဖြစ် ပြုတော်မမူပါနှင့်" (ဟူ၍ လည်းကောင်း) (၁၀ : ၈၅)

ထိုမှတစ်ပါး အရှင်မြတ်သည် မိမိကရုဏာတော်နှင့် ကျွန်တော်မျိုးတို့အား ကာဖိရ် မယုံကြည် သွေဖည်ငြင်းပယ်သော သူတို့(၏ အန္တရာယ်များ)မှ ကယ်တင်တော်မူပါ" (ဟူ၍လည်းကောင်း) ပန်ကြားခဲ့ကြလေသတည်း။ (၁၀ : ၈၆)

အာယသ် (၈၇ - ၉၁)

وَ اَوۡحَيۡنَاۤ اِلٰى مُوۡسٰى وَ اَخِيۡهِ اَنۡ تَبَوَّاٰ لِقَوۡمِكُمَا بِمِصۡرَ بُيُوۡتًا وَّ اجۡعَلُوۡا بُيُوۡتَكُمۡ
قِبۡلَةً وَّ اَقِيۡمُوا الصَّلٰوةَ ؕ وَ بَشِّرِ الۡمُؤۡمِنِيۡنَ ﴿۸۷﴾ وَ قَالَ مُوۡسٰى رَبَّنَاۤ اِنَّكَ اٰتَيۡتَ
فِرۡعَوۡنَ وَ مَلَاَهٗ زِيۡنَةً وَّ اَمۡوَالًا فِى الۡحَيٰوةِ الدُّنۡيَا ۙ رَبَّنَا لِيُضِلُّوۡا عَنۡ سَبِيۡلِكَ ۚ
رَبَّنَا اطۡمِسۡ عَلٰۤى اَمۡوَالِهِمۡ وَ اشۡدُدۡ عَلٰى قُلُوۡبِهِمۡ فَلَا يُؤۡمِنُوۡا حَتّٰى يَرَوُا الۡعَذَابَ
الۡاَلِيۡمَ ﴿۸۸﴾ قَالَ قَدۡ اُجِيۡبَتۡ دَّعۡوَتُكُمَا فَاسۡتَقِيۡمَا وَ لَا تَتَّبِعٰٓنِّ سَبِيۡلَ الَّذِيۡنَ
لَا يَعۡلَمُوۡنَ ﴿۸۹﴾ وَ جٰوَزۡنَا بِبَنِىۡۤ اِسۡرَآءِيۡلَ الۡبَحۡرَ فَاَتۡبَعَهُمۡ فِرۡعَوۡنُ وَ جُنُوۡدُهٗ
بَغۡيًا وَّ عَدۡوًا ؕ حَتّٰۤى اِذَاۤ اَدۡرَكَهُ الۡغَرَقُ ۙ قَالَ اٰمَنۡتُ اَنَّهٗ لَاۤ اِلٰهَ اِلَّا الَّذِىۡۤ اٰمَنَتۡ
بِهٖ بَنُوۡۤا اِسۡرَآءِيۡلَ وَ اَنَا مِنَ الۡمُسۡلِمِيۡنَ ﴿۹۰﴾ آٰلۡـٰٔنَ وَ قَدۡ عَصَيۡتَ قَبۡلُ وَ كُنۡتَ مِنَ
الۡمُفۡسِدِيۡنَ ﴿۹۱﴾

ၾင်းပြင် ငါအရှင်မြတ်သည် (နဗီတမန်တော်) မူစာထံသို့လည်း ကောင်း၊ ထို (နဗီတမန်တော်) မူစာ၏နောင်တော် (နဗီတမန်တော်) ဟာရွန်ထံသို့လည်းကောင်း၊ (ဤကဲ့သို့) အမိန့်တော်ချမှတ်တော်မူခဲ့လေသည်။ "အသင်တို့နှစ်ဦးသည် မိမိတို့၏ အမျိုးသားများ (ဖြစ်ကုန်သော အစွဲရာအဓိလီမျိုးနွယ်တို့)အဖို့ အိမ်ချစ်ပြည်တွင်ပင် နေအိမ်များကို သတ်မှတ်ကြလေကုန်။ ၾင်းပြင် အသင်တို့သည် မိမိတို့၏နေအိမ်များကို "ဆွလာသ်" ဝတ်ပြုရာဌာနများ (မတ်စ်ဂျစ်ဒ် ဗလီဝတ်ကျောင်းတော်များ) ပြုလုပ်ကြလေကုန်။ ထို့ပြင် အသင်တို့သည် "ဆွလာသ်" ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။" ထိုမှတစ်ပါး (အို - နဗီတမန်တော်) မူစာ အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သော သူတို့အား (ၾင်းတို့ ခံစားလျက်ရှိနေသော ဘေးအန္တရာယ်များမှ မကြာမီအတွင်း လွတ်မြောက်ကြတော့မည်ဖြစ်ကြောင်း) ဝမ်းမြောက်ဖွယ်သတင်းကောင်း ပြောကြားပါလေ။ (၁၀ : ၈၇)

ထို့ပြင် (နဗီတမန်တော်) မူစာသည် (ဤသို့) လျှောက်ထားပန် ကြားခဲ့လေသည်။ အို - ကျွန်တော်မျိုးတို့၏အရှင်၊ ဖကန်စင်စစ် အရှင်မြတ်သည် ဖိရ်အောင်နန့်နှင့် ၾင်း၏ မူးမတ်တို့ကို ဤပစ္စက္ခလောကီဘဝတွင် (တစ်ခဏမျှခံစားအပ်သော) ခမ်းနားသိုက်မြိုက်မှုကိုလည်းကောင်း၊ ပစ္စည်းဥစ္စာများကိုလည်းကောင်း ပေးသနားတော်မူခဲ့ပါသည်။ အို

- ကျွန်တော်မျိုးတို့၏အရှင်၊ ထို(ကဲ့သို့ပေးသနားတော်မူခြင်း)ကြောင့် ၎င်းတို့သည် (သူတစ်ပါးအား) အရှင်မြတ်၏လမ်းတော်မှ ချွတ်ချော်တိမ်းပါးစေကြကုန်၏။ အို - ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ၎င်းတို့၏ ဥစ္စာပစ္စည်းများကို ဖျက်ဆီးတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ၎င်းတို့၏စိတ်နှလုံးများကိုလည်း မာကျောစေတော်မူပါ။ သို့ဖြစ်လျှင် ၎င်းတို့သည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မမြင်သမျှကာလပတ်လုံး သက်ဝင်ယုံကြည်ကြမည်မဟုတ်ပါ။ (တစ်နည်း) သို့ဖြစ်ပေရာ ၎င်းတို့သည် နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မမြင်ကြရသမျှကာလပတ်လုံး သက်ဝင်ယုံကြည်ခြင်း မရှိနိုင်ကြရန် အရှင်မြတ်သည် ၎င်းတို့၏ စိတ်နှလုံးများကို ခက်ထန်မာကျောစေတော်မူပါ။ (၁၀ : ၈၈)

(ထိုအခါ) ထိုအရှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို - နဗီတမန်တော်မူစာနှင့် နဗီတမန်တော်ဟာရွန်) "အသင်တို့နှစ်ဦး၏ ဆုတောင်းပန်ကြားချက်သည် သဘောတူခြင်းကို ခံခဲ့ရလေပြီ၊ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် တည်ကြည်ကြံ့ခိုင်စွာ ရှိကြလေကုန်။ ထို့ပြင် အသင်တို့နှစ်ဦးသည် မသိနားမလည်သော ထိုသူတို့၏လမ်းကို မလိုက်ကြကုန်လင့်။ (၁၀ : ၈၉)

ထို့ပြင် ငါအရှင်မြတ်သည် အစ္စရာအီလီမျိုးနွယ်ဝင်တို့အား (ပင်လယ်နီ) တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ရောက်စေတော်မူခဲ့လေ သည်။ ထို့နောက် ယင်းအစ္စရာအီလီမျိုးနွယ်ဝင်တို့နောက်သို့ "ဖိရ်အောင်န်" နှင့် ထိုဖိရ်အောင်န် ဗိုလ်ခြေဗိုလ်ပါတို့သည် မတရားပြုမူရန်လည်းကောင်း၊ နှိပ်ထက်စီးနင်းပြုလုပ်ရန်လည်းကောင်း လိုက်ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ထိုဖိရ်အောင်န်သည် နစ်မြုပ်အံ့ဆဲဆဲဖြစ်ခဲ့သောအခါတွင် "ကျွန်တော်မျိုးသည်လည်း အစ္စရာအီလီမျိုးနွယ်ဝင်တို့ သက်ဝင်ယုံကြည်ကြကုန်သော အရှင်မြတ်မှတစ်ပါး ခဝတ်ကိုးကွယ်ရာအရှင်မြတ်ဟူ၍ အလျှင်းမရှိကြောင်း သက်ဝင်ယုံကြည်ပါပြီ၊ ထို့ပြင် ကျွန်တော်မျိုးသည် 'မုစ်လင်မ်' အမိန့်တော်ကို လိုက်နာသော သူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါပြီ" ဟု ပြောဆိုခဲ့လေသတည်း။ (၁၀ : ၉၀)

(ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူခဲ့၏) ယခုမှပင် (အီမာန်သက်ဝင်) ယုံကြည်လေသလော၊ အမှန်စင်စစ်သော်ကား အသင်သည် ယခု (မနစ်မြုပ်မီ) အလျင်အထိ မထီမဲ့မြင်ပြုခဲ့ရုံမျှမက အသင်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူတို့တွင်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ချေသတည်း။ (၁၀ : ၉၁)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပြီးအာယသ်များထဲတွင် စိုက်ယိဒိနာမူစာ [a]၊ စိုက်ယိဒိနာ ဟာရွန် [a] နှင့် အစ္စရာအီလ် မျိုးနွယ်ဝင်များသည် ဖိရ်အောင်န်၏လူများနှင့်ပတ်သက်သော ယုံကြည်လောက်သည့် အသေးစိတ်များနှင့်အတူ လျော်ညီသော အမိန့်ပညတ်ချက်များ ဖော်ပြထားသည်။ ပထမအာယသ် (၈၇)ထဲတွင် သီးခြားအဖြစ် အပျက်တစ်ခုနှင့် ပတ်သက်သည့် အမိန့်ပညတ်ချက်တစ်ရပ်ပါဝင်သည်။ စိုက်ယိဒိနာမူစာ [a] ၏ဘာသာရေးဆိုင်ရာဥပဒေကို လိုက်နာကျင့်သုံး

ကြသော ဗနီအစ္စရာအီလ် (အစ္စရာအီလ်မျိုးနွယ်ဝင်) များသည် ထုံးတမ်းစဉ်လာအရ ၎င်းတို့၏ဝတ်ပြုမှုကို ဂျူးဘုရားရှိုးကျောင်းများတွင်သာလျှင် ပြုလုပ်ကြသည်။ ထို့နောက် လွန်လေပြီးသော အုမ္မသ်ထုတွင်လည်း ဤပညတ်ချက်အတိုင်း လိုက်နာကြရသည်။ အကယ်၍ ၎င်းတို့၏ဝတ်ပြုမှုကို သူတို့၏အိမ်များတွင်ပြုလုပ်လျှင် တရားမဝင် အတည်မဖြစ်ချေ။ မုစ်လင်မ်အုမ္မသ်ထုမှာ အဆင်ပြေမှု အထူးလက်ခံရသူများဖြစ်ကာ အကယ်၍လိုအပ်လျှင် ဆန္ဒရှိရာမည်သည့်နေရာတွင်မဆို ဝတ်ပြု ဆောက်တည်နိုင်သည်။ ဆွဟီးဟ်မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ် ˢ ၏ထူးခြားချက်ခြောက်ရပ်အနက်တစ်ခုမှာ "ကမ္ဘာမြေတစ်ခုလုံးကိုငါကိုယ်တော်မြတ်အတွက်မတ်စ်ဂျိဒ်ပြုလုပ်ပေးထားခဲ့ခြင်းဖြစ်သည်။" ယင်းက မည်သည့်နေရာတွင်မဆို ဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် တရားဝင်အတည် ဖြစ်သည်ဟု ဆိုလိုသည်။ သို့သော်လည်း ဖရဂ်ဆွလာသ်ဝတ်ပြုမှုကို မတ်စ်ဂျိဒ်ဝတ်ကျောင်းတွင်း၌သာ လူစုလူဝေးဂျမာအသ်နှင့် ဆောက်တည်ရမည်ဟု ကြေညာထားခြင်းသည် အလေးအနက်ပြုလုပ်ထားသော စွန့်သတ်တော်ဖြစ်သည်။ ထို့နောက် နဖိလ်ဆွလာသ်ကို အိမ်တွင်ဝတ်ပြုဆောက်တည်ခြင်းက ပို၍ကောင်းသည်။ ဤသည်မှာ တမန်တော်မြတ် ˢ ၏ လုပ်နေကျဓလေ့တော်ဖြစ်သည်။ တမန်တော်မြတ် ˢ သည် ဖရ်သွ် ဆွလာသ်ဝတ်ပြုမှုကိုသာ မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်တွင် ဆောက်တည်၍ စွန့်သန့်နှင့်နဖိလ်ဆွလာသ်ကို အိမ်၌သာ ဆောက်တည်လေ့ရှိသည်။ ဗနီအစ္စရာအီလ်များအတွက်မူ ၎င်းတို့၏ ဘာသာရေးဆိုင်ရာဥပဒေကို လိုက်နာသည့်အနေဖြင့် သူတို့၏ဝတ်ပြုဆောက်တည်မှုကို ဂျူးဘုရားရှိုးကျောင်း၌သာ ပြုလုပ်ရသည်။ ဤသည်ကိုသိထားသော ဖိရ်အောင်နှသည် အစ္စရာအီလ်တို့၏ ဘာသာရေးဆိုင်ရာဥပဒေများနှင့်အညီ ဝတ်ပြုနိုင်မှုမရှိစေရန် ဂျူးဘုရားရှိုးကျောင်းကို ဖြိုဖျက်ပစ်ခဲ့ကာ နည်းပေါင်းစုံဖြင့် ၎င်းတို့ကို နှိပ်စက်ကလူပြုလုပ် ခဲ့ပါသည်။ ထိုစဉ် အလ္လာဟ်အရှင်မြတ်သည် ဗနီအစ္စရာအီလ် တမန်တော်နှစ်ပါးဖြစ်သော စိုက်ယိဒနာ မူစာ ᵃ နှင့် ဟာရွန် ᵃ တို့ကို စေလွှတ်ခဲ့ကာ အာယသ် (၈၇)တွင် အမိန့်ပညတ်ချက်လည်း ဖော်ပြခဲ့သည်။ ယင်းအမိန့်ပညတ်တွင် ဖော်ပြထားသည်မှာ အီဂျစ်တွင် ဗနီအစ္စရာအီလ်များအတွက် အိုးအိမ်အသစ်များတည်ဆောက်စေကာ အိမ်ကို ကိဗ်လဟ်ဘက်မျက်နှာမူ၍ ထားစေပါသည်။ သို့မှသာ ၎င်းတို့သည် နေအိမ်တွင်ဝတ်ပြု ဆောက်တည်နိုင်လိမ့်မည်ဖြစ်သည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ လွန်လေပြီးသော အုမ္မသ်ထု၏ ဘာသာရေးဆိုင်ရာဥပဒေထဲ၌ ဝတ်ပြုဆောက်တည်ရန်အတွက် သီးသန့်ဆောက်လုပ်ထားသော အိမ်များ၌သာ ဝတ်ပြုဆောက်တည်ရ မည်ဟုပါရှိသည်။ သို့သော်လည်း ဤသီးခြားအဖြစ်အပျက်အရ ဗနီအစ္စရာအီလ်တို့သည် ၎င်းတို့အိမ်များတွင် ဝတ်ပြုဆောက်တည်ခြင်းကို ယာယီခွင့်ပြုခဲ့သည်။ ထို့နောက် ယင်းသို့ဝတ်ပြုစေနိုင်ရန် ၎င်းတို့အိမ်များကို ကိဗ်လဟ်ဘက်သို့ မျက်နှာမူထားစေခဲ့သည်။ ထို့နောက် ပြောနိုင်သေးသည်မှာ ဤအရေးပေါ်အချိန်ကာလတွင် ဝတ်ပြုရန်ကိဗ်လဟ်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ထားသော သီးသန့်အိမ်များတွင် ဝတ်ပြုခြင်းကို ခွင့်ပြုသည်။ ထိုအချိန်မှာပင် သာမန်အိမ်များနှင့် အများပြည်သူဆိုင်ရာနေရာများတွင် ဝတ်ပြုဆောက်တည်ခြင်း ခွင့်မပြုချေ။ မုစ်လင်မ်အုမ္မသ်ထုမှာမူ ယင်းနှင့်မတူ ၎င်းတို့၏ဝတ်ပြုဆောက်တည်မှုကို မြို့ကြီးပြကြီးတွင်သော် လည်းကောင်း တောကြီးမျက်မည်းတွင်လည်းကောင်း မည်သည့်နေရာတွင်မဆို အဆင်ပြေစွာဝတ်ပြုဆောက် တည်နိုင်မှုရရှိပါသည်။ (ရှုဟုလ်မအာနီ)

ဤနေရာ၌ နောက်မေးခွန်းတစ်ရပ်ကို ဖြေကြားလျှင်ကောင်းပါလိမ့်မည်။ ဤအာယသ်ထဲတွင် ဗနီအစ္စရာအီလ်တို့ကို ကိဗ်လဟ်ဘက်မျက်နှာမူရန် အမိန့်ပေးထားသည်။ ဤကိဗ်လာဟ်မှာ အဘယ်ကိဗ်လာဟ်နည်း။ ကအ်ဗဟ်လော သို့မဟုတ် ဗိုင်သုလ်မုကတ်ဒိစ်လော။ စိုက်ယိဒိနာအဗ်ဒွလ္လာဟ်အိဗ်နိအဗ္ဗာစ် ᵈ က ပြောသည်မှာ

"ယင်းက ဆိုလိုသည်မှာ ကအ်ဗာဟ်ကျောင်းတော်ဖြစ်ကာ ယင်းကအ်ဗဟ်သည်သာလျှင် စိုက်ယိဒိနာမူစာ a နှင့် ၎င်း၏ လူများတို့၏ ကိဗ်လာဟ်ဖြစ်သည်။" (အလ်ကုရ်သုဗီနှင့် ရူဟုလ်မအာနီကျမ်း)

စင်စစ် ဘာသာရေးဆိုင်ရာပညာရှင်အချို့ပြောသည်မှာ လွန်လေပြီးသော တမန်တော်အားလုံး၏ အစစ်အမှန် ကိဗ်လာဟ်ကား ကအ်ဗာဟ်မှအပ မည်သည်မျှမဖြစ်နိုင်ချေ။

ဟဒီးဆ်တော်ပါ ဂျူးများသည် ၎င်းတို့ဝတ်ပြုဆောက်တည်စဉ်တွင် ဗိုင်သုလ်မုကတ်ဒိစ်၏ စခ်ရာဟ် (ကျောက်တုံး) ဘက်ဆီသို့မျက်နှာမူသည်ဆိုခြင်းကားစိုက်ယိဒိနာမူစာ a သည်အီဂျစ်နိုင်ငံမှစွန့်ခွာ၍ဗိုင်သုလ်မုကတ်ဒိစ်ဘက်သို့ ဦးတည်သွားရောက်နေသော အချိန်ကာလကိုဆိုလိုသည်။ ဤသည်မှာ ၎င်းအီဂျစ် နိုင်ငံတွင်နေထိုင်စဉ် သူ၏ ကိဗ်လာဟ်မှာ ဗိုင်သုလာဟ်ဖြစ်ခြင်းဆိုသည်နှင့် ဖီလာဆန့်ကျင်မှုမရှိချေ။

ဤအာယသ်တော်မှ သက်သေသာဓကပြသည်မှာလည်း အတိတ်ကတမန်တော်များ၏ကာလအတွင်းကလည်း ကိဗ်လာဟ်ဘက်သို့ မျက်နှာမူခြင်းဟူသောအချက်သည် အကျိုးသက်ရောက်ခဲ့သည်။ အလားတူ ခိုင်လုံသော တင်ပြချက်များအရ အတိတ်ကနဗီတမန်တော်များလက်ထက်တွင် (အတိတ်ကတမန်တော် အားလုံး၏ ဘာသာရေးဆိုင်ရာ ဥပဒေများတွင်) သန့်ရှင်းစင်ကြယ်မှု (သွဟာရသ်)နှင့် ခန္ဓာကိုယ်ဖုံးအုပ်မှု (စတ်ရ် စွေ့အောရ်ရာဟ်) တို့ရှိမှသာ ဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် အတည်ဖြစ်ခဲ့ကြောင်း သက်သေ ပြသည်။

အိမ်များကို ကိဗ်လာဟ်ဘက်လှည့်၍ဆောက်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုအိမ်များထဲတွင် ဝတ်ပြု ဆောက်တည်ရန်ဖြစ်သည်။ ထို့ကြောင့် **اقيم الصّلوة** "ထို့ပြင် အသင်တို့သည် ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်" ဟူသော အမိန့်ပေးထားလေသည်။ ယင်းနောက် ညွှန်ကြားချက်ပေးထားသည်မှာ အကယ်၍ ဖိရ်အောင်သည် အသင်တို့အား ဝတ်ပြုရန်သတ်မှတ်ထားသည့် နေရာများတွင် ဝတ်ပြုခြင်းအား ဟန့်တားခဲ့လျှင် အသင်တို့ဝတ်ပြုရမည့် တာဝန် မကျသွားပါ။ ထိုဝတ်ပြုမှုတာဝန်ကို သင်တို့အိမ်တွင် လုပ်ဆောင်ပါလေ။

အာယသ်တော်အဆုံးတွင် စိုက်ယိဒိနာ မူစာ a သခင်ကို ပြောထားခဲ့သည်မှာ ယုံကြည်သက်ဝင်သူ များကို ၎င်းတို့တာဝန်သည် အောင်မြင်လိမ့်မည်ဟူသော ကောင်းသတင်းပြောကြားရန်ဖြစ်သည်။ သူတို့သည် ရန်သူများကို အောင်နိုင်၍ နောင်တမလွန်တွင် ထိုသူတို့သည် ဂျန္နသ်သုခဘုံသို့သွားကြရလိမ့်မည်။ (ရူဟုလ်မအာနီ)

အာယသ်တော်အစတွင် စိုက်ယိဒိနာမူစာနှင့် စိုက်ယိဒိနာ ဟာရွန် တို့နှစ်ဦးစလုံးကို ဦးတည် ပြောကြားခြင်းသည် တွဲလျက်ပုံစံဖြစ်ကြောင်း သတိမူပါလိမ့်မည်။ သို့ဖြစ်ရသည်မှာ ၎င်းတို့နှစ်ဦးစလုံးကို အိမ်များအား ကိဗ်လာဟ်ဘက် လှည့်ဆောက်စေခြင်းနှင့် အိမ်သူအိမ်သားများ ၎င်းတို့နေအိမ်များတွင် လုပ်ဆောင်စေရမည့်တာဝန်များ အပ်နှင်းထားသောကြောင့်ဖြစ်သည်။ ယင်းနောက် ဗနီအစ္စရာအီလ်များပါ အကျုံးဝင်သော အများကိန်းပုံစံသုံးနှုန်းကာဆွလာသ် ဝတ်ပြုဆောက်တည်ရန် အမိန့်ပေးထားသည်။ အဘယ့်ကြောင့် ဆိုသော် ဤဥပဒေက တမန်တော်နှင့် ၎င်း၏အုမ္မသ်ကိုပါ အကျုံးဝင်စေသည်။ အဆုံးတွင် ကောင်းသတင်း ပေးရန်ဟူသည့်အမိန့်မှာ စိုက်ယိဒိနာမူစာ a ကို သီးသန့် ပေးထားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ဥပဒေဖြန့်ချိပေးသော တမန်တော်တစ်ပါးအနေဖြင့် ဂျန္နသ်သုခဘုံ၏ ကောင်းသတင်းပေးပိုင်ခွင့် ရှိပေသည်။

ဒုတိယအာယသ် (၈၈)ထဲတွင် ဖိရ်အောင်နှင့် သူ့လူများအား ပြုပြင်ပြောင်းလဲရန်ဟူသည့် မျှော်လင့်ချက် ကုန်ဆုံးပြီးနောက် စိုက်ယိဒိနာမူစာက တောင်းဆိုခဲ့သည့် ဗဒ်ဒိုအာ (ကျိန်စာ) တစ်ခုပါဝင်သည်။ ယင်းတောင်းဆိုမှုအစဉ်

တမန်တော်သည် အရှင်သခင်ထံ တင်လျှောက်ခဲ့သည်မှာ ၎င်း ဖိရ်အောင်န် နှင့် သူ့လူများ၏လောကီဘဝအတွက် တပ်မက်ဖွယ်ရာများနှင့် စည်းစိမ်ဥစ္စာများ (ရွှေတွင်း၊ ငွေတွင်းနှင့် အဖိုးတန်ကျောက်မျက်များ အီဂျစ်နှင့်အီသီယိုးပီးယား တွင် ရှိစေပါဟူ၍တောင်းပေးခဲ့သည်။ (အလ်ကုရ်သုဒီ) ရလဒ်မှာ ဤသည်တို့သည် လူအများကို အရှင်မြတ်၏လမ်းမှ သွေဖည်စေပါသည်။ သာမန်လူများသည် ၎င်းတို့၏တိုးပွားလာသော အရှိန်အဝါကိုမြင်ရသောအခါ အကယ်၍ ၎င်းတို့သည် မှားယွင်းမှုတွင်ရှိနေခဲ့လျှင် အဘယ့်ကြောင့် ထိုကဲ့သို့ကောင်းချီးမင်္ဂလာပေးခံရပါသနည်းဟု စတင်သံသယဝင်လာ ခဲ့သည်။ တစ်ဖန်သာမန် လူများမှာ ကောင်းမှုကောင်းရာလုပ်ရပ်များမရှိဘဲ ရုပ်ဝတ္ထုဆိုင်ရာ ပေါကြွယ်မှုသည် လူတစ်ဦးလမ်းမှန်ပေါ်တွင် ရှိသော မှန်ကန်ခြင်း၏ လက္ခဏာမဟုတ်ဟူသော စစ်မှန်မှုကိုလည်း မြင်နိုင်စွမ်းမရှိချေ။ ဖိရ်အောင်နှင့်လူများကို ပြုပြင်ပြောင်းလဲရန်ဆိုသည့် တမန်တော်မူစာ(××) ၏ကြိုးပမ်းမှုများသည် စိတ်ပျက်စရာဖြစ်သွား သော ဖိရ်အောင်နှ်၏အုပ်စုသည် ဥစ္စာဓနများ၏လှည့်ဖြားမှုကြောင့် ထိုသူများပေါ်ကျရောက်မည့် အန္တရာယ်ကို ၎င်းသိရှိ သွားသောအခါ၌ رَبَّنَا اطْمِسْ عَلَىٰ أَمْوَالِهِمْ "အို ကျွန်တော်မျိုးတို့၏အရှင်၊ အရှင်မြတ်သည် ၎င်းတို့၏ပစ္စည်းဥစ္စာများကို ဖျက်ဆီးတော်မူပါ" ဟူသော ဗဒ်ဒိုအာ (ကျိန်စာ)ကို တောင်းခဲ့သည်။

စိုက်ယိဒိနာကသာဒဟ် d ၏ မိန့်ဆိုချက်အရ ဤဗဒ်ဒိုအာ (ကျိန်စာ) ၏အကျိုးသက်ရောက်မှုမှာ ဖိရ်အောင်နှ်၏လူများပိုင်ဆိုင်သော ရွှေ၊ ငွေများ၊ ကျောက်သံပတ္တမြားများ၊ လယ်ယာထွက်ကုန်များအားလုံး သည် ကျောက်တုံးကျောက်ခဲများအဖြစ် ပြောင်းလဲသွားခဲ့သည်။ ဘာသာရေးကိုင်းရှိုင်းရှိသေသည့် ခလီဖာဟ် စိုက်ယိဒိနာ အုမရ်အိပ်နိအပ်ဒွလ်အဇီးဇ်၏ ခေတ်ကာလတွင်းက တွေ့ရှိခဲ့ရသော အိတ်တစ်အိတ်ထဲ၌ ဖိရ်အောင်နှ်ခေတ်ကရှိခဲ့သော ပစ္စည်းများတွေ့ရှိခဲ့ရသည်။ ယင်းထဲတွင် တွေ့ရသည်မှာ ကျောက်ကဲ့သို့မာကျောသော ဥနှင့်ဗာဒမ်စေ့များဖြစ်သည်။

ဦးဆောင်ဋီကာရှင်များကပြောသည်မှာ အလွှာဟ်အရှင်မြတ်သည် သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များနှင့် ကောက်ပဲသီးနှံအားလုံးကို ကျောက်တုံးကျောက်ခဲဖြစ်စေပါသည်။ ဤသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ဖော်ပြထားသော وَلَقَدْ آتَيْنَا مُوسَىٰ تِسْعَ آيَاتٍ بَيِّنَاتٍ "ငါ့ပြင် (နဗီတမန်တော်) မူစာသည် အစွမ်ရာအီလ်မျိုးနွယ်တို့ထံရောက်ရှိလာသောအခါ မချွတ်မလွဲ ငါအရှင်မြတ်သည် ယင်းမူစာအား တန်ခိုးပြာဋိဟာကိုးပါးကို ချီးမြှင့်ပေးသနား တော်မူခဲ့လေသည်။ (၁၇း၁၀၁)" ကိုးခုသောအာယသ် (လက္ခဏာများ (သို့မဟုတ်) အံ့ဘွယ်ရာများ) အနက်မှ တစ်ခုဖြစ်သည်။

ထိုသူများအပေါ် စိုက်ယိဒိနာမူစာ a တောင်းဆိုခဲ့သည့် ဒုတိယဗဒ်ဒိုအာ(ကျိန်စာ)မှာ وَاشْدُدْ عَلَىٰ قُلُوبِهِمْ فَلَا يُؤْمِنُوا حَتَّىٰ يَرَوُا الْعَذَابَ الْأَلِيمَ "ထိုပြင်အရှင်မြတ်သည်၎င်းတို့၏စိတ်နလုံးများကိုလည်းမာကျောစေတော်မူကာ၊ သို့ဖြစ်လျှင် ၎င်းတို့သည် နာကျင်ဖွယ်ဖြစ်သောပြစ်ဒဏ်ကို မမြင်သမျှကာလပတ်လုံး သက်ဝင်ယုံကြည်ကြမည် မဟုတ်ပါ။ (၈၈)"

ဤဗဒ်ဒိုအာ (ကျိန်စာ)တောင်းဆိုမှုသည် တမန်တော်တစ်ပါး (သို့မဟုတ်) နဗီတစ်ပါးထံမှ ထွက်ပေါ်လာခြင်းဆိုသည်မှာ ထုံးတမ်းစဉ်လာမဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် တမန်တော်တစ်ပါး ဘဝ၏တစ်ခု တည်းသောတာဝန်မှာ လူအများကို ယုံကြည်သက်ဝင်ရန်နှင့် မှန်ကန်စွာလုပ်ဆောင်ရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။ ထို့နောက် ယင်းရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

သို့သော်လည်း ဤနေရာ၏ အဖြစ်အပျက်များအရဆိုလျှင် စိုက်ယိဒိနာမူစာ a သည် လုပ်ဆောင် နိုင်သမျှ ကြိုးပမ်းမှုများအားလုံး လုပ်ဆောင်ပြီးဖြစ်သည်။ တမန်တော်သည် လုံးဝစိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ သူတို့ လုပ်ရပ်များအတွက် ရရှိမည့်ပြစ်ဒဏ်ခတ်မှုမှတဆင့် ထိုသူတို့လေ့လာဆည်းပူးရန် ၎င်းလို လားသည်။ ထိုသို့လုပ်ခြင်း ဖြင့် ဤသူများသည် ပြစ်ဒဏ်ခတ်မှုလာနေကြောင်း ၎င်းတို့တွေ့သည်နှင့်တစ်ပြိုင်နက် ဝန်ချတောင်းပန်ကာ ယခုအခါ ၎င်းတို့ယုံကြည်ကြပါသည်ဟု ကြေညာနိုင်ပေသည်။ ထိုသို့ကြေညာခြင်းဖြင့် ပြစ်ဒဏ်ခတ်မှုလည်း ပယ်ရှားသွားစေ နိုင်သည်။ ထို့ကြောင့် တမန်တော်ဗဒိဒိုအာ (ကျိန်စာ) တောင်း ခြင်း၏ အကြောင်းရင်းမှာ ကုဖိရ် (မယုံကြည်သွေဖည်မှု) အပေါ် မှန်းတီးခြင်းကြောင့်ဖြစ်သည်။ ဤသည်မှာ ဖိရ်အောင်နိုဖြစ်သွားသော အဖြစ်အပျက်နှင့်အလားတူပေသည်။ သူရေနစ်မြုပ်နေစဉ် ယုံကြည်ကြောင်း စတင်ကြေညာသောအခါ၌ အလ္လာဟ်အရှင်မြတ်၏အသနားတော်သည် သူ့ထံ လှည့်၍ ပြစ်ဒဏ်ခတ်ခြင်းမှ ကယ်တင်ခံရမည်စိုးသောကြောင့် ဂျစ်ဗရာအီလ်ကောင်းကင်တမန်က သူ့ပါးစပ်ကို ပိတ် ထားခဲ့သည်။

တတိယအာယသ် (၈၉)ထဲတွင် တမန်တော်မူစာ a ၏ တောင်းဆုဒုအာကို လက်ခံခဲ့ကြောင်း မိန့်ထားသည်။ သို့ရာတွင် စိုက်ယိဒိနာ ဟာရွန် a သည် ဒုအာတောင်းဆိုမှု၌ ပူးတွဲပါဝင်သည်ဟုယူဆခြင်းကြောင့် အမှန်တကယ် ဦးတည်ပြောကြားမှုကို قَدْ أُجِيبَتْ دَّعْوَتُكُمَا "အသင်တို့နှစ်ဦး၏ ဆုတောင်းပန်ကြားချက်သည် သဘောတူခြင်းကို ခံခဲ့ကြရလေပြီ"ဟူ၍ မိန့်ထားသည်။ ဤသို့မိန့်ခြင်းမှာ အကြောင်းရှိသည်။ စိုက်ယိဒိနာမူစာ a ဒုအာဆုမွန်တောင်းခံချိန် တွင် စိုက်ယိဒိနာ ဟာရွန် a သည် အာမြီးန်ဟု အမြဲပြောနေလေ့ရှိသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အာမြီးန် (ထိုအတိုင်းဖြစ်တော်မူပါစေ) ဟူ၍ ပြောဆိုခြင်းကပင်လျှင် ဒုအာတောင်းဆု၏ တစ်စိတ်တစ်ဒေသ ဖြစ်သွား ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဒုအာ(သို့မဟုတ်) တောင်းဆုပြုခြင်း၏ မတ်စ်နူးန်နည်းလမ်းမှာ အသံတိုးတိုး ပြုလုပ်ရမည်။ အာမြီးန်ဟုပြောဆိုခြင်းကိုလည်း တိုးတိုးပြုလုပ်ခြင်းမှာ မုစ်သဟဗ်နစ်သက်ဖွယ်ဖြစ်ပေသည်။

ဒုအာတောင်းဆုလက်ခံကြောင်း သတင်းစကားကို တမန်တော်နှစ်ပါးအားပေးခဲ့ကြောင်း ဤအာယသ် တော်ထဲ၌ပါဝင်သည်။ သို့သော်လည်း သူတို့ဒုအာတောင်းဆု၏ အကျိုးသက်ရောက်မှုကို ၎င်းတို့ကိုပင် တစ်နည်းတစ်ဖုံ စမ်းသပ်ခဲ့သည်ဆိုကြောင်း အနှစ် (၄၀)ကြာမှ ပေါ်ထွက်စေခဲ့ကြောင်း အလ်ဗဂါဝီက ပြောကြားခဲ့သည်။ ဤအကြောင်း ကြောင့် ဤအာယသ်ထဲ၌ ၎င်းတို့၏ တောင်းဆုဒုအာလက်ခံတော်မူကြောင်း ဖော်ပြပြီးသည်နှင့် တစ်ပြိုင်နက် ၎င်းတို့ နှစ်ဦးစလုံးကို فَاسْتَقِيمَا وَ لَا تَتَّبِعَآنِّ سَبِيلَ الَّذِينَ لَا يَعْلَمُونَ "သို့ဖြစ်ပေရာ အသင်တို့နှစ်ဦး သည် တည်ကြည်ကြံ့ခိုင်စွာရှိကြလေကုန်။ ထို့ပြင် အသင်တို့နှစ်ဦးသည် မသိနားမလည်သော သူတို့၏ လမ်းကို မလိုက်ကြကုန်လင့်" ဟူ၍ ညွှန်ကြားထားသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အပ်နှင်းထားသောတာဝန် ဖြစ်သည့် လူများကို စစ်မှန်သော ယုံကြည်မှုဆီသို့ ဖိတ်ခေါ်ခြင်းကို ပြုလုပ်နေရမည်။ မသိနားမလည်သူများ ကဲ့သို့ တောင်းဆုအချို့မှာ လက်ခံမှု အကျိုး သက်ရောက်ရန် အချိန်ကြာသဖြင့် ၎င်းတို့သည် စိတ်မပျက်သင့်၊ ဟောဟောဒိုင်းဒိုင်းမလုပ်သင့်ချေ။

စတုတ္ထအာယသ် (၉၀)ထဲ၌ ဖော်ပြထားသည်မှာ စိုက်ယိဒိနာမူစာ a ၏ ကျော်ကြားလှသည့် အံ့ဖွယ်ရာ တစ်ပါးဖြစ်သည့် ပင်လယ်အားဖြတ်ကျော်ခြင်းနှင့် ဖိရ်အောင်နိုရေနစ်ခြင်းဖြစ်ပါသည်။ ထိုအာယသ်ထဲ၌

حَتّٰٓى اِذَآ اَدْرَكَهُ الْغَرَقُ ۙ قَالَ اٰمَنْتُ اَنَّهٗ لَآ اِلٰهَ اِلَّا الَّذِيْٓ اٰمَنَتْ بِهٖ بَنُوْٓا اِسْرَآءِيْلَ وَ اَنَا مِنَ الْمُسْلِمِيْنَ

"နောက်ဆုံးတွင် ထိုဖိရ်အောင်နိသည် နစ်မြုပ်အံ့ဆဲဆဲဖြစ်ခဲ့ သောအခါတွင် ကျွန်တော်မျိုးသည်

> လည်း အစ္စရာအီလီမျိုးနွယ်ဝင်တို့ သက်ဝင်ယုံကြည်ကြကုန်သော အရှင်မြတ်မှတစ်ပါး ခဝပ် ကိုးကွယ်ရာအရှင်မြတ်ဟူ၍ အလျှင်းမရှိကြောင်း သက်ဝင်ယုံကြည်ပါပြီ။ ထို့ပြင် ကျွန်တော်မျိုး သည် မုစ်လင်မ်အမိန့်တော်ကို လိုက်နာသောသူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ပါပြီ”

ဟု ပြောဆို ခဲ့လေသတည်းဟူ၍ မိန့်ထားသည်။

ပဋ္ဌမအာယသ် (၉၁)ထဲ၌ ဖော်ပြထားသော ဤသည်နှင့်ပတ်သက်သောအဖြေသည် အလ္လာဟ်အရှင် ကိုယ်တော်တိုင် ဖြေကြားထားပါသည်-

آٰلْـٰٔنَ وَ قَدْ عَصَيْتَ قَبْلُ وَ كُنْتَ مِنَ الْمُفْسِدِيْنَ

> (ထိုအခါ အလ္လာဟ်အရှင်မြတ်သည် ဤသို့မိန့်ကြားတော်မူခဲ့၏) ယခုမှပင် (အီမာန်သက်ဝင်) ယုံကြည်လေသလော။ အမှန်စင်စစ်သော်ကား အသင်သည် ယခု (မနစ်မြုပ်မီ) အလျင်အထိ မထီမဲ့မြင်ပြုခဲ့ရုံမျှမက အသင်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူတို့တွင်လည်း တစ်ဦးအပါ အဝင်ဖြစ်ခဲ့ချေသတည်း၊ (၁၀း၉၁)

ဟူ၍ မိန့်ထားသည်။

ဤသည်က သေအံ့ဆဲဆဲအချိန်ရောက်မှသာ ယုံကြည်သက်ဝင်သော အီမာန်သက်ဝင်ယုံကြည်မှုသည် တရားမဝင်၊ မယုံကြည်မကိုးစားထိုက်ကြောင်း သက်သေပြပါသည်။ ယင်းအကြောင်းကို ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် ပိုမိုရှင်းလင်းထားရာ၌ တမန်တော်မြတ် S က မိန့်ကြားသည်မှာ “အလ္လာဟ်တအာလာသည် အရှင့်ကျေးကျွန်တစ်ယောက်၏ သောင်ဗဟ်(ဝန်ချတောင်းပန်မှု)ကို သေဆုံးခြင်း၏ “ဂရ်ဂရဟ်” အချိန် မရောက်မီအထိ လက်ခံတော်မူသည်ဟူ၍ဖြစ်သည်။ (သစ်ရိမိဇီ)

သေဆုံးမှု၏ “ဂရ်ဂရဟ်” ဆိုသည်မှာ ခန္ဓာကိုယ်မှ ဝိညာဉ်အားနှုတ်ယူသောအချိန်နှင့် ကောင်းကင် စေတမန်တို့နှင့် မျက်နှာခြင်းဆိုင်တွေ့ရသောအချိန်တို့ကို ဆိုလိုသည်။ ထိုအချိန်သည် လုပ်ရပ်များတို့၏ ဌာနီဖြစ်သော ဤလောကီဘဝသည် ပြီးဆုံးသွားပြီး နောင်တမလွန်ဘဝနှင့်ပတ်သက်သော ဥပဒေများ စတင်သက်ရောက်လာပါတော့သည်။ ထို့ကြောင့် သက်ဝင်ယုံကြည်ခြင်း (သို့မဟုတ်) သွေဖည်ငြင်းပယ်ခြင်း စသည့် ထိုအချိန်တွင် လုပ်ဆောင်သမျှတို့အား လက်မခံပါ။ ထိုအချိန်မှသာ သက်ဝင်ယုံကြည်သူ မည်သူမဆိုအား သက်ဝင်ယုံကြည်သူတစ်ဦးဟု ခေါ်ဆိုလိမ့်မည်မဟုတ်ပါ။ ကဖန်ထုပ်ပြီး ဒဖနာသည့်တိုင် သူ့အား သက်ဝင် ယုံကြည်သူဟု မသတ်မှတ်ပါ။ ဤသည်ကို ဖေရိုဏ်၏ကံကြမ္မာအရ သက်သေပြပြီးဖြစ်ပါသည်။ ဖိရ်အောင်န် သည် မယုံကြည်သူအဖြစ် ကွယ်လွန်သေဆုံးသည်ဟု အများသဘောတူ ညီညွတ်ကြသည်။ ဤအတိုင်းပင် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်။ အကယ်၍ တစ်စုံတစ်ဦးက ဖိရ်အောင်န်၏သက်ဝင်ယုံကြည်မှု တရားဝင်သည်ဟုတင်ပြခဲ့ပါလျှင် ယင်းကိစ္စကို လျှော်ကန်သင့်မြတ်စွာ အဓိပ္ပာယ်ဖွင့်ဆိုရပါမည်။ သို့မဟုတ်မူ ယင်းတင်ပြချက်သည် မှားယွင်းသည်ဟူ၍ မှတ်ယူရပါမည်။ (ရူဟုလ်မအာနီ)

အလားတူစွာ ကိုယ်ခန္ဓာမှ ဝိညာဉ်အား နှုတ်နေသောအချိန်ခါမှ မယုံကြည်သွေဖည်သောစကား တစ်လုံး တစ်လေ ပြောဆိုမိပါက ထိုသူ ကာဖိရ်မယုံကြည်သွေဖည်သူဟူ၍ ခေါ်ဆိုလိမ့်မည်မဟုတ်ပါ။ (ကျွန်တော်မျိုးတို့အား ထိုကဲ့သို့သော အဖြစ်ဆိုးတို့မှ ကယ်တင်တော်မူပါ။ ထိုသို့မဟုတ်မူဘဲ ထိုသူအား ဂျနာဇာဆွလာသ် ဖတ်ပေးကာ သူ့အား အခြားသောမုစ်လင်မ်များကဲ့သို့ မြှုပ်နှံရပါမည်။ ၎င်းနောက် သူပြောဆိုခဲ့သော မယုံကြည်သွေဖည်မှုစကားလုံး

ကိုလည်း (သူ့ကောင်းကျိုးဖြစ်စေရန်) အဓိပ္ပာယ်ဖွင့်ဆိုပေးရပါမည်။ ဤလုပ်ရပ်ကို အချို့သော အလွှာဟ်အရှင်မြတ်၏ အောင်လေယာ တို့နှင့်ပတ်သက်သော ကိစ္စရပ်တို့ဖြင့် အတည်ပြုထားပါသည်။ အချို့သော အောင်လေယာ များသည် သတိလက်လွတ်ဖြစ်သွားသောအချိန်တွင် ၎င်းတို့ပြောဆိုမှုများတွင် ကုဖိရ်ဖြစ်စေသည့်အရာများ ပါဝင်ကာ လူအများအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။ သို့သော်လည်း ထိုသူများ သတိပြန်လည်လာပြီး ရှင်းလင်းပြသရာ၌ ယင်းပြောဆိုမှုသည် စစ်မှန်သောသက်ဝင်ယုံကြည်မှု ကြေညာချက်ဖြစ်ကြောင်း ရှင်းလင်းခဲ့သောအခါ၌ လူအများစိတ်သက်သာရာရသွားသည်။

အတိုချုပ်ဆိုရသော် ဝိညာဉ်အားနှုတ်နေစဉ် သေအံ့မူးမူးဖြစ်နေသောအချိန်ကို တစ်စုံတစ်ဦး ဤကမ္ဘာလောက၌ နေထိုင်သောဘဝသက်တမ်း၏အချိန်ဟု မသတ်မှတ်ပါ။ ရှရီအသ်အရ ထိုအချိန်၌ လုပ်ဆောင် သမျှတို့သည် တရားမဝင်ပါ။ သို့သော်လည်း ထိုအချိန်မတိုင်မီက လုပ်ဆောင်သမျှအရာရာတိုင်းတို့သည် တရားဝင်ပါသည်။ သို့သော်လည်း ကမ္ဘာတစ်ခုမှ အခြားကမ္ဘာတစ်ခုသို့ ကူးပြောင်းနေမှုကိုမြင်ရသောသူတို့သည် အထူးဂရုပြုရပါမည်။ အခြေအနေအမှန်ကို ဆုံးဖြတ်ရာ၌ အမှားအယွင်းရှိနိုင်ပါသည်။ ဤအချိန်သည် ခန္ဓာကိုယ်မှ ဝိညာဉ်နှုတ်ယူခြင်း (နဇတ်တုလ်ရူဟ်) အချိန်လော။ သို့မဟုတ် ဤအချိန်သည် မသေဆုံးမီ နောက်ဆုံးအသံမြည်ခြင်း (ဂဟရ်ဂသုလ်မောက်) အချိန်လော။ သို့မဟုတ် မသေဆုံးမီစောချိ ဖြစ်ပေါ်နေ ခြင်းလော။

အာယသ် (၉၂ - ၉၈)

فَالْيَوْمَ نُنَجِّيْكَ بِبَدَنِكَ لِتَكُوْنَ لِمَنْ خَلْفَكَ اٰيَةً ؕ وَ اِنَّ كَثِيْرًا مِّنَ النَّاسِ
عَنْ اٰيٰتِنَا لَغٰفِلُوْنَ ﴿۹۲﴾ وَ لَقَدْ بَوَّاْنَا بَنِيْۤ اِسْرَآءِيْلَ مُبَوَّاَ صِدْقٍ وَّ رَزَقْنٰهُمْ
مِّنَ الطَّيِّبٰتِ ۚ فَمَا اخْتَلَفُوْا حَتّٰى جَآءَهُمُ الْعِلْمُ ؕ اِنَّ رَبَّكَ يَقْضِيْ بَيْنَهُمْ يَوْمَ
الْقِيٰمَةِ فِيْمَا كَانُوْا فِيْهِ يَخْتَلِفُوْنَ ﴿۹۳﴾ فَاِنْ كُنْتَ فِيْ شَكٍّ مِّمَّاۤ اَنْزَلْنَاۤ اِلَيْكَ فَسْئَلِ
الَّذِيْنَ يَقْرَءُوْنَ الْكِتٰبَ مِنْ قَبْلِكَ ۚ لَقَدْ جَآءَكَ الْحَقُّ مِنْ رَّبِّكَ فَلَا تَكُوْنَنَّ مِنَ
الْمُمْتَرِيْنَ ﴿۹۴﴾ وَ لَا تَكُوْنَنَّ مِنَ الَّذِيْنَ كَذَّبُوْا بِاٰيٰتِ اللّٰهِ فَتَكُوْنَ مِنَ الْخٰسِرِيْنَ
﴿۹۵﴾ اِنَّ الَّذِيْنَ حَقَّتْ عَلَيْهِمْ كَلِمَتُ رَبِّكَ لَا يُؤْمِنُوْنَ ﴿۹۶﴾ وَ لَوْ جَآءَتْهُمْ كُلُّ
اٰيَةٍ حَتّٰى يَرَوُا الْعَذَابَ الْاَلِيْمَ ﴿۹۷﴾ فَلَوْ لَا كَانَتْ قَرْيَةٌ اٰمَنَتْ فَنَفَعَهَاۤ اِيْمَانُهَاۤ
اِلَّا قَوْمَ يُوْنُسَ ؕ لَمَّاۤ اٰمَنُوْا كَشَفْنَا عَنْهُمْ عَذَابَ الْخِزْيِ فِي الْحَيٰوةِ الدُّنْيَا وَ
مَتَّعْنٰهُمْ اِلٰى حِيْنٍ ﴿۹۸﴾

သို့ဖြစ်ပေရာ ငါအရှင်မြတ်သည် အသင်အား အသင်၏ခန္ဓာ ကိုယ် ရုပ်ကလာပ်နှင့်တကွ အသင်သည် မိမိနောင်လာနောက်သားတို့အဖို့ အထိမ်းအမှတ်၊ လက္ခဏာ၊ သံဝေဂရဖွယ်တစ်ရပ် ဖြစ်အံ့သောငှာ ဆယ်တင်ထားတော်မူမည်။ သို့ရာတွင် များစွာသော သူတို့သည် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကို လျစ်လျူရှု မေ့

ပျောက် ၍သွားသောသူများသာ ဖြစ်ကြပေသတည်း။ (၁၀း၉၂)

ထိုမှတစ်ပါး မုချဇကန် ငါအရှင်မြတ်သည်ပင် အစွမ်ရာအီလီမျိုး နွယ်ဝင်တို့အား အလွန်ကောင်းမွန်သင့်မြတ်သော နေရာတွင် နေရာ ချထားပေးတော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ်သည်ပင် ၎င်းတို့အား ကောင်းမွန်သန့်စင်သော စားနပ်ရိက္ခာများကို ချီးမြှင့်ပေးသနား တော်မူခဲ့လေသည်။ တစ်ဖန် ၎င်းတို့သည် မိမိတို့ထံ အသိပညာရောက်ရှိလာပြီးမှသာလျှင် ကွဲလွဲခဲ့ကြပေသည်။ ဇကန်မလွှ အသင်၏အရှင်မြတ်သည် ၎င်းတို့၏ စပ်ကြားတွင် "ကိယာမသ်" ရှင်ပြန်ထမည့်နေ့တွင် ၎င်းတို့၏ကွဲလွဲလျက်ရှိကြကုန်သော အရေးကိစ္စများနှင့်စပ်လျဉ်း၍ စီရင် ဆုံးဖြတ်တော်မူပေမည်။ (၁၀း၉၃)

တစ်ဖန်အကယ်၍ အသင်သည် မိမိထံ ငါအရှင်မြတ်ချပေးသနား တော်မူသော အကြောင်းအချက်များနှင့်စပ်လျဉ်း၍ ဒွိဟသံသယဖြစ်ခဲ့ပါမူ အသင်သည် မိမိအလျင် ကျမ်းဂန်များကိုဖတ်လျက်ရှိသော သူတို့အား စုံစမ်းမေးမြန်းပါလော။ စင်စစ်ဇကန်အသင့်ထံ အသင်၏ အရှင်မြတ်အထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့လေပြီ။ သို့ဖြစ်ပေရာ အသင်သည် ဒွိဟသံသယရှိသူတို့အနက်မှ အလျှင်းမဖြစ်ပါလေနှင့်။ (၁၀း၉၄)

ထိုမှတစ်ပါးအသင်သည်အလွှာဟ်အရှင်မြတ်၏သက်သေလက္ခဏာများကိုမဟုတ်မမှန်ဟူ၍ ငြင်းပယ်သောသူတို့အနက်မှလည်း အလျှင်းမဖြစ်ပါလေနှင့်၊ သို့ဖြစ်ခဲ့ပါလျှင် အသင်သည်လည်း ဆုံးရှုံး သူတို့တွင် အပါအဝင်ဖြစ်သွားပေမည်။ (၁၀း၉၅)

အမှန်စင်စစ် အကြင်သူတို့ကား ၎င်းတို့အပေါ်၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏အမိန့်တော်သည် အတည်ဖြစ်ခဲ့လေပြီ။ ထိုသူတို့သည်ကားသက်ဝင်ယုံကြည်ကြမည် မဟုတ် ပေ။ (၁၀း၉၆)

အကယ်၍ ၎င်းတို့ထံ သက်သေလက္ခဏာအလုံးစုံရောက်လာခဲ့ ငြားသော်လည်း ၎င်းတို့သည် ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို (မျက်ဝါးထင်ထင်) မတွေ့မမြင်ကြရသည့်ကာလပတ်လုံး (သက်ဝင် ယုံကြည်ကြမည်မဟုတ်ပေတကား)။ (၁၀း၉၇)

တစ်ဖန် အကြင်ကဲ့သို့သောရွာတစ်ရွာမျှပင် အဘယ့်ကြောင့် မရှိခဲ့ပါသနည်း။ ထိုရွာ (သူရွာသားတို့)သည် အချိန်မီ အီမာန်သက် ဝင်ယုံကြည်ကြသဖြင့် ၎င်းတို့၏အီမာန်သက်ဝင်ယုံကြည်မှုသည် ၎င်းတို့အား အကျိုးကျေးဇူးဖြစ်ထွန်းစေခဲ့လေသည်။ သို့ဖြင့် (နဗီတမန် တော်ယူနွတ်စ်၏) အမျိုးသားတို့ကား (အချိန်မီအီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အတွက်) အီမာန်အကျိုးခံစားခဲ့ကြရလေသည်။ ထို (နဗီ တမန်တော်ယူနွတ်စ်၏ အမျိုးသားတို့သည် အီမာန်သက်ဝင် ယုံကြည်ခဲ့ကြသောအခါ ငါအရှင်မြတ်သည် ကျိုးယုတ်ရွက်ဖြစ်စေမည့်ပြစ်ဒဏ်ကိုပစ္စက္ခလောကီဘဝတွင်၎င်းတို့မှကင်းဝေးစေတော်မူခဲ့လေသည်။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် ၎င်းတို့အား (သတ်မှတ်ပြဋ္ဌာန်းအပ်သော) အချိန်ကာလတိုင်အောင် ကောင်းစားစေတော်မူခဲ့လေသတည်း။ (၁၀း၉၈)

အကျယ်ဖွင့်ဆိုခြင်း

ပထမအာယသ် (၉၂)ထဲ၌ ဖိရ်အောင်နှ်အား ဦးတည်ပြောကြားကာ မိန့်ထားသည်မှာ အလ္လာဟ်တအာလာသည် ဖိရ်အောင်နှ်အား ရေနစ်စေပြီးသည့်နောက် ရေထဲမှတစ်ဖန် ပြန်လည်ထုတ်ဖော်ယူခဲ့ပါသည်။ သို့မှသာ ယင်းသည် အလ္လာဟ်အရှင်မြတ် တန်ခိုးတော်၏ လက္ခဏာဖြစ်သွားစေကာ လူအများက သူမရှိသည့် နောက်တွင် သင်ခန်းစာရယူနိုင်စေရန်ဖြစ်သည်။

စိုက်ယိဒိနာမူစာ a သည် ပင်လယ်အားဖြတ်ကျော်ပြီးသည့်နောက် ဖိရ်အောင်နှ်ရေနစ်သေဆုံး သွားပြီးဖြစ်ကြောင်း ဗနီအစ္စရာအီလ်တို့အား ပြောခဲ့သောအခါ၌ ထိုသူများသည် အလွန်အံ့သြပြီး စိတ်ဓာတ်ကျဆင်းသွားကာ ကြားသိရသောသတင်းကို ယုံကြည်ရန်ငြင်းဆိုကာ ဖိရ်အောင်နှ်ရေမနစ်ဟု ၎င်းတို့က ပြောကြပါသည်။ ထိုသူများအား လမ်းမှန်သို့ညွှန်ပြရန်နှင့် သင်ခန်းစာရစေရန်အတွက် အလ္လာဟ်သအာလာသည် ဖိရ်အောင်နှ်၏သေဆုံးပြီးသော ခန္ဓာကိုယ်အား လှိုင်းပုတ်ခါ ကမ်းပေါ်သို့တင်စေပါသည်။ လူတိုင်းလူတိုင်းသည် ယင်းကိုမြင်တွေ့ခဲ့ရပြီးမှ ဖိရ်အောင်သေဆုံးပြီးကြောင်း ယုံကြည်ကြပါသည်။ ၎င်းနောက် ဤအလောင်းသည် လူတိုင်းတို့၏ ကိုယ်ကျင့်တရားသန့်စင်စေသော အရာဖြစ်သွားပါသည်။ ယင်းနောက်အဆုံး၌ ဤအလောင်း မည်သို့ဖြစ်သွားသည်ကို မသိရှိတော့ပါ။ ဖေရိုဓ်၏အလောင်းတွေ့ရှိရသောနေရာကို ဖေရိုအင်ဟူ၍ ခေါ်ဆိုနေဆဲဖြစ်ပါသည်။

မကြာသေးသောအချိန်က သတင်းစာများပါ တင်ပြချက်များထဲ၌ ဖိရ်အောင်၏ ရုပ်အလောင်းကို မဟျက်မစီးဘဲ တွေ့ရှိခဲ့ကြောင်း လူထုကြီးက မြင်တွေ့ခဲ့ကာ ယင်းကို ကိုင်ရိုပြတိုက်တွင်ပြသထား၍ လုံခြုံစွာ သိမ်းဆည်းထားကြောင်း ရည်ညွှန်းခဲ့သည်။ သို့သော်လည်း ဤဖိရ်အောင်နှ်သည် စိုက်ယိဒိနာ မူစာ a ကို ထိပ်တိုက်ရင်ဆိုင်ခဲ့သည့် ဖိရ်အောင်ဖြစ်ကြောင်း အတိအကျမပြောနိုင်သကဲ့သို့ အမည်အမျိုးမျိုးရှိသော ဖိရ်အောင်နှ်များထဲမှ ဖိရ်အောင်နှ်တစ်ဦးဖြစ်သလောဟူသည်ကို မပြောနိုင်ချေ။ အီဂျစ်ပြည်အုပ်စိုးသော ဘုရင်တိုင်းကို ဖိရ်အောင်နှ်ဟု ဘွဲ့အမည်ပေးထားကြောင်း ထိုကာလသမိုင်းများတွင်ပါရှိသည်။

အလ္လာဟ်အရှင်မြတ်တန်ခိုးတော်က ရေနစ်သေဆုံးသော ရုပ်အလောင်းကို ကမ်းခြေတင်စေသည်မှာ ကားအံ့သြဘွယ်မဟုတ်ချေ။ အလွန်တူစွာပင် ယင်းတန်ခိုးတော်အရ ထိုအလောင်းကို ပျက်စီးယိုယွင်းခြင်းမရှိဘဲ နောင်အနာဂတ်မျိုးဆက်များ သင်ခန်းစာရယူရန်အတွက် ထိန်းသိမ်းထားနိုင်ပါသည်။ ထိုနောက် ယင်းအလောင်းကောင်သည် ထိုနေရာ၌ ရှိနေနိုင်ပါသည်။ (ယင်းအလောင်းကောင်တွေ့ရှိမှုသည် ရှေးဟောင်း သုတေသနဆိုင်ရာ အောင်မြင်မှုတစ်ခု၏ ဂုဏ်ယူဖွယ်ဖြစ်သည်ထက် ယင်းအလောင်းကောင်မှ သင်ခန်းစာရခြင်းက ပိုအရေးကြီးသည်။)

အာယသ်တော်အဆုံးတွင် လူအများသည် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များနှင့် လက္ခဏာတော်များကို အလေးမထားသတိမမူဟူ၍ မိန့်ထားသည်။ ထိုသူတို့သည် ယင်းအရာများအပေါ် တွေးတော ဆင်ခြင်မှုမပြုလုပ်ခဲ့ပါ။ ထိုနောက် ကောင်းမွန်သောဘဝတစ်ခု နေထိုင်ရေးတွင် ၎င်းတို့၏အဓိကကျသော သင်ခန်းစာကိုသင်ယူရန် ပျက်ကွက်ခဲ့ကြသည်။ တနည်းဆိုရသော် သင်ခန်းစာမှာ မြောက်များစွာရှိပါသည်။ ယင်းတို့မှာ နေရာတကာတွင်ရှိသည်။ စကြဝဠာ၏ သေးငယ်သောအပိုင်းတိုင်းတွင်ရှိပါသည်။ ယင်းလက္ခဏာများကို ကြည့်ရုံမျှဖြင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်ကို နားလည် သိရှိသွားရန် ကောက်ယူနိုင်ပါလိမ့်မည်။

ဒုတိယအာယသ် (၉၃)ထဲတွင် ဖိရ်အောင်နှ်၏သိက္ခာမဲ့စွာ ဖျက်ဆီးခြင်းခံရသော လူအများ၏ အနာဂတ်ကို

ကွက်ကွက်ကွင်းကွင်း ဖော်ပြကာ မင်းဆိုးမင်းညစ်၏ ဆိုးဝါးသောအဆုံးသတ်မှုကို ပေါ်လွင်စေသည်။ အလ္လာဟ်အရှင်မြတ်သည် ဗနီအစ္စရာအီလ်တို့ကိုနေထိုင်ရန် ကောင်းမြတ်သောနေရာဌာနတစ်ခု ပေးထားသည်ဟု မိန့်ထားသည်။ အီဂျစ်နိုင်ငံတစ်နိုင်ငံလုံးကို သူတို့အတွက်ရရှိခဲ့ကြသည်။ ထိုနောက် သူတို့ကို စိုက်ယိဒိနာ အီဗရာဟင်မ် a နှင့် ဆွေစဉ်မျိုးဆက်အတွက် အမွေအဖြစ်သတ်မှတ်ထားသည့် မြင့်မြတ်သော ဂျော်ဒန်နိုင်ငံနှင့် ပါလက်စတိုင်းနိုင်ငံတို့ကိုလည်း ပေးအပ်ခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ နေထိုင်ရန် ကောင်းမြတ်သောနေရာဟူသည်ကို **مبواصدق** (အလွန်ကောင်းမွန် သင့်မြတ်သော နေရာဟူ၍ ဘာသာပြန်ထားသည်)အဖြစ် ခေါ်ဆိုထားသည်။ ဤနေရာပါ (ဆွီဒ်ဂ်) ဟူသည်မှာ ကောင်းမွန်၍ သင့်မြတ်သည်ဟု ဆိုလိုသည်။ ဆိုလိုသည်မှာ သူတို့အတွက် အရာရာတိုင်းတွင် ကောင်းမြတ်၍ သင့်မြတ်သောနေရာကို ပေးထားသည်ဟူ၍ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို ဟလာလ်လည်းဖြစ်၍ သန့်ရှင်းသည့် ကောင်းဆုံးသောအရာကို ပေးသနားတော်မူခဲ့သည်ဟူ၍ မိန့်ထားသည်။

အာယသ်တော်အဆုံးတွင် သူတို့၏ကောက်ကျစ်မှုနှင့် မကောင်းမှု လုပ်ရပ် လုပ်ရာတွင် ခုံမင်မှုကို တစ်ဖန် ဖော်ပြထားပါသည်။ ထိုသူများအနက် လူများစွာသည် အာဏာရပြီးသည်နှင့် မကြာမီ အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာကို ကျေးဇူးတင်ခြင်းမရှိဘဲ အလ္လာဟ်အရှင့်ကို အမိန့်ဖီဆန်ခဲ့ကြသည်။ သူတို့သည် သောင်ရသ်ကျမ်းကို ရွတ် ဖတ်သရဇ္ဈာယ်ကြ၍ ကျမ်းတွင်ဖော်ပြထားသော တမန်တော်မြတ် S နှင့် ပတ်သက်သည့် လက္ခဏာနှင့် ဝိသေသများကို သိရှိခဲ့ကြသည်။ ဤအသိကြောင့်ပင် တမန်တော်မြတ် S ပွင့်တော်မူလာသည်နှင့် တစ်ပြိုင်နက် ၎င်းတို့သည် ဦးစွာ ပထမ ယုံကြည်သက်ဝင်သူများဖြစ်သင့်သည်။ သို့သော်လည်း တမန်တော်မြတ် S အမှန်တကယ် မပွင့်ပေါ်မီအလျင်က တမန်တော်မြတ် S ပွင့်ပေါ်တော်မူမည့်အကြောင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ယုံကြည်မှုမှာ အလွန်အံ့သြဘွယ်ကောင်းပေသည်။ သူတို့သည် လူအများကို တမန်တော်မြတ် S ပွင့်ပေါ်မည့် အချိန်ကာလနှင့် လက္ခဏာများအကြောင်းပြောကြား ကြသည်။ သူတို့သည် ဆုတောင်း ပတ္ထနာပြုလုပ်ရာတွင်ပင် နောက်ဆုံးတမန်တော်၏ဝစ္စလီလာ (ကြားခံ)အနေဖြင့် အသုံးပြုခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံးတမန်တော်သည် တမန်တော်စစ်မှန်ကြောင်း သောင်ရသ်ကျမ်းတွင်သက်သေ သာဓက တစ်သီတစ်တန်းနှင့် ပွင့်ပေါ်လာခဲ့သောအခါ ၎င်းတို့အထဲတွင် အချင်းချင်း အငြင်းပွားကုန်ကြသည်။ အချို့မှာ ယုံကြည်သက်ဝင်ခဲ့၍ ကျန်သူများမှာ ယုံကြည်သက်ဝင်ရန် ငြင်းဆိုခဲ့ကြသည်။ ဤအာယသ်ထဲတွင် တမန်တော်မြတ် S ပွင့်တော်မူမည့်အကြောင်း جَآءَهُمُ الْعِلْمُ "၎င်းတို့ သည် မိမိတို့ထံ အသိပညာရောက်ရှိလာပြီးမှသာလျှင်"ဟူ၍ ဖော်ပြမိန့်ကြားထားသည်။ ဤနေရာပါ **علم**(အီလ်မ်) ဆိုသည်က သေချာခြင်းဟု ဖော်ညွှန်းသည်။ သို့ဆိုလျှင် ယင်းက ဆိုလိုနိုင်သည်မှာ စူးစမ်းလေ့လာမှုနှင့် သေချာခြင်း၏ အကြောင်းများ အတူပေါင်းစည်းသွားသည်နှင့် တစ်ပြိုင်နက် ထိုသူများသည် စတင်ငြင်းခုံကြပေသည်။

ဋီကာရှင်အချို့ကပြောသည်မှာ ဤနေရာပါ **علم**(အီလ်မ်၊ အသိပညာ) ဆိုသည်က **معلوم** (မအ်လူမ်၊ သိရှိပြီးခြင်း) ဟု ဖော်ညွှန်းသည်။ ဆိုလိုသည်မှာ သောင်ရသ်ကျမ်းပါ ကြိုတင်နိမိတ်များအရ သိရှိပြီးဖြစ်သော မြင့်မြတ်သောသူနှင့် မျက်နှာချင်းဆိုင်တွေ့ရသောအခါတွင် အမှန်တရားနှင့်ပတ်သက်၍ သူတို့သည် စတင်ငြင်းခုံကြပါသည်။

အာယသ်တော်အဆုံးတွင် အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်နေ့၌ ၎င်းတို့ငြင်းခုံလေ့ရှိကြသည်ကို အရှင်မြတ်က အဆုံးအဖြတ်ပေးတော်မူမည်ဟု မိန့်ထားသည်။

အမှန်နှင့်အမှားသည် ထင်ရှားပေါ်လွင်သွားလိမ့်မည်။ အမှန်တရားလက်ကိုင်ထားသူများသည် ဂျန္နသ် သုခဘုံသို့ ပို့ဆောင်ခံကြရကာ အမှားကျူးလွန်သူများသည် ဂျဟန္နမ်ငရဲသို့ ပို့ဆောင်ခံရလိမ့်မည်။

တတိယအာယသ် (၉၄)ထဲတွင် ဦးတည်ပြောကြားမှုသည် တမန်တော်မြတ် S အတွက်ဖြစ်သည် ဆိုခြင်းကား ထင်ရှားသည်။ သို့ရာတွင် ဝဟီနှင့်ပတ်သက်၍ တမန်တော်မြတ် S သံသယမရှိသည်မှာ ပြောစရာပင်မလိုချေ။ ထို့ကြောင့် ဤဦးတည်မှုသည် တမန်တော်မြတ် S ကို လက်ခံရသူအဖြစ် မရည်ရွယ် သော်လည်း ဤဦးတည်စကားမှာ မုစ်လင်မ်အမွှမ်သ်ထုကို မီးမောင်းထိုးပြရန် ရည်စူးသည်။ ထို့နောက် ဤသည်က တမန်တော်မုဟမ္မဒ် မုစ်သဖ S မှ တစ်ဆင့် ပို့ခဲ့သော ဤအလ္လာဟ်ဝဟီကို လူသားများတွင် သံသယရှိမရှိမေးထားသည်လည်း ဖြစ်နိုင်သေးသည်။ အကယ်၍ သူတို့တွင် သံသယရှိခဲ့လျှင် သောင်ရသ်ကျမ်းနှင့် အင်ဂျိလ်ကျမ်းဖတ်ရွတ်သရဇ္ဈာယ်သူများကို မေးမြန်းကြပါလေ။ အဝိတ်က တမန်တော်အားလုံးနှင့် ၎င်းတို့ကျမ်းစာများအားလုံးတွင် နဗီတမန်တော်များအနက် နောက်ဆုံးနဗီတမန်တော်၏ ဝမ်းမြောက်ဘွယ် သတင်းကြေညာထားခဲ့မှုကို ၎င်းတို့က ပြောကြားပါလိမ့်မည်။ ဤသည်က ၎င်းတို့၏ သံသယများ ပျယ်ပျောက် ပါလိမ့်မည်။

သဖီစီရ်မဏဟီရီကျမ်းအရ ဤအာယသ်တော်က ကျွန်ုပ်တို့ကိုပြောသည်မှာ မည်သူမဆို ဘာသာရေးဆိုင်ရာကိစ္စအချို့နှင့်ပတ်သက်၍ ဒွိဟာသံသယရှိခဲ့လျှင် ယင်းတို့ပယ်ရှားရန် စစ်မှန်သော အိုလမာများ (သင်ကြားလေ့လာမှု၊ ရိုးသားဖြောင့်မတ်မှုနှင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန့်သတ်တို့ကို တွဲဖက်မှုတွင် ထင်ရှားစွာ အသိအမှတ်ပြုခံရသော ဘာသာရေးဆိုင်ရာ ပညာရှင်များကို အိုလမာအလ်ဟတ်က်အဖြစ် လူသိထင်ရှား ရည်ညွှန်းခံရသူ)တို့အား မေးမြန်းရန်မှာ ထိုသူ၏တာဝန်ဖြစ်သည်။ ထိုကဲ့သို့သော သံသယများ မွေးမြူထားခြင်းသည် ကောင်းသောလုပ်ရပ်မဟုတ်ချေ။

စတုတ္ထ (၉၅)၊ ပဉ္စမ (၉၆)နှင့် ဆဋ္ဌမ (၉၇)အာယသ်များထဲတွင် ဤအကြောင်းအရာကိုပင် ထောက်ခံမှုနှင့် အလေးအနက်ပြုမှုများပါဝင်သကဲ့သို့ အလေးမမူသူများအတွက် သတိပေးချက်လည်း ပါဝင်သည်။

သတ္တမအာယသ် (၉၈)ထဲတွင် အမှန်တရားကိုငြင်းပယ်၍ ဂရုမပြုသူများကို ၎င်းတို့အတွက် သတ်မှတ်သော လူ့ဘဝသက်တမ်းအား အကောင်းဆုံးအသုံးမချသည့်အတွက် ပြစ်တင်မောင်းမဲထားသည်။ သူတို့၏ ငြင်းပယ်မှုနှင့် ခေါင်းမာမှုကိုစွန့်လွှတ်ရန် အချိန်ရှိပါသေးသည်။ သို့မဟုတ်ပါက ၎င်းတို့ သောင်ဗဟ်ပြုလုပ်သော်လည်း ယင်းသောင်ဗဟ်ကို လက်မခံသည့်နမိတ်မကောင်းသော အချိန်ရောက်ရှိလာပါလိမ့်မည်။ သူတို့ယုံကြည်သက်ဝင်လာသည်ဟုပြောသော်လည်း ၎င်းတို့၏ယုံကြည်မှုကို ကြိုဆိုမည်မဟုတ်ပါ။ ထိုအချိန်သည် ၎င်းတို့ သေဒဏ်မှုးမှုးတွင် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ခတ်မှုကို မျက်ဝါးထင်ထင်မြင်တွေ့ရသော အချိန်ဖြစ်သည်။ ဤသည်နှင့်ဆက်နွယ်၍ စိုက်ယိဒိနာယူနွတ်စ် a နှင့် ၎င်း၏လူများနှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ဖော်ပြထားသည်။ ယင်းထဲ၌ ကောင်းမြတ်သောအကြံပြုမှုများနှင့် ကြီးကျယ်သော သင်ခန်းစာများ ပါဝင်သည်။

ဤအာယသ်ထဲ၌ မေးထားခဲ့သည်မှာ အမှန်တရားငြင်းပယ်သူများသည် ၎င်းတို့၏ ယုံကြည်မှုသည် သူတို့ကို အကျိုးဖြစ်ထွန်းလိမ့်မည့်အချိန်တွင် ယုံကြည်သက်ဝင်နိုင်သလားဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ သေခါနီး (သို့မဟုတ်) ပြစ်ဒဏ်ခတ်ခံရမည့်အချိန် (သို့မဟုတ်) ပြစ်ဒဏ်ခတ်မှုတွင် နစ်မြုပ်လုနီးအချိန် (သို့မဟုတ်) ကိယာမသ် ဆိုက်ရောက်မည့်အချိန်တို့တွင် သောင်ဗဟ်တံခါးများ ပိတ်သွားပါလိမ့်မည်။ ထို့နောက် မည်သူ၏သောင်ဗဟ် ဝန်ချတောင်းပန်မှုကိုမှ လက်ခံလိမ့်မည်မဟုတ်ချေ။ ထိုသူများတွင် အချိန်ရှိပါသေးသည်။ ၎င်းတို့သည် ၎င်းတို့၏ ခေါင်းမာမှုကိုဘေးချိတ်၍ တမန်တော်ယူနွတ်စ် a ၏ လူများကဲ့သို့ အလားတူယုံကြည်သက် ဝင်သူများဖြစ်နိုင်ပါသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကျလာနေသည်ကို မြင်ခဲ့ကာ အဆိုးဝါးဆုံးမဖြစ်မီအလျင် အချိန်မဖြုန်းဘဲ ဝန်ချ

တောင်းပန်၍ ယုံကြည်သက်ဝင်သွားခဲ့ကြသည်။ ဤအကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အပေါ် ကျရောက်မည့် နာကျင်ဘွယ် ပြစ်ဒဏ်ခတ် မှုကို ဖယ်ရှားပေးတော်မူခဲ့သည်။

အထက်ဖော်ပြပါ သဖီစီရ်၏အကျဉ်းချုပ်မှာ လောကီဆိုင်ရာပြစ်ဒဏ်ခတ်မှုနှင့် မျက်နှာချင်းဆိုင်တွေ့ ကြုံနေရသော အချိန်မှာပင် သောင်ဗဟ်၏တံခါးများ ပိတ်မသွားပါဟူ၍ဖြစ်သည်။ သို့သော်လည်း နောင် တမလွန်အာခိရသ်တွင် ပြစ်ဒဏ်ခတ်မှုနှင့်မျက်နှာချင်းဆိုင်တွေ့ကြုံရသောအခါတွင်မူ သောင်ဗဟ်ကို လက်မခံတော့ချေ။ နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ခတ်ခံရမှု မျက်နှာချင်းဆိုင် ကြုံတွေ့နေခြင်းဆိုသည်မှာ ကိယာမသ်နေ့ကိုသော်လည်းကောင်း၊ သေဆုံးသည့် အချိန်ကိုသော်လည်းကောင်း ဆိုလိုသည်။ ယင်းသေဆုံး မှုသည် သဘာဝအလျောက်သေဆုံးခြင်းဖြစ်နိုင်သကဲ့သို့ ဖိရ်အောင်နှကိစ္စတွင်ကဲ့သို့ လောကီဆိုင်ရာပြစ်ဒဏ် ခတ်မှုအချို့၏ သားကောင်အဖြစ် သေဆုံးခြင်းလည်းဖြစ်နိုင်သည်။

ထို့ကြောင့် စိုက်ယိဒိနာယူနွတ်စ် S လူများ၏ သောင်ဗဟ်လက်ခံမှုမှာ အလ္လာဟ်အရှင်မြတ် ဥပဒေနှင့် မဆန့်ကျင်ချေ။ စင်စစ်လက်ခံမှုသည် အလ္လာဟ်အရှင်မြတ်၏ဥပဒေတွင် အကျုံးဝင်သည်။ ထိုသူများသည် ပြစ်ဒဏ်ခတ် ခံရမည်ကို မြင်သောအခါတွင် သောင်ဗဟ်ပြုလုပ်ခဲ့ကြသည်။ သူတို့သည် သောင်ဗဟ်ကို ပြစ်ဒဏ်ခတ်ခံရပြီးမှ ပြုလုပ်ခြင်း သေဆုံးခါနီးမှပြုလုပ်ခြင်းမဟုတ်ဆိုသည်ကား သေချာသည်။ ဤသည်မှာ ဖိရ်အောင်နှနှင့် အခြားသူများလုပ်ရပ်နှင့် ဆန့်ကျင်ပေသည်။ ဖိရ်အောင်နှင့်သူလူများသည် ပြစ်ဒဏ်ခတ်ခံရပြီးမှ သာလျှင် သောင်ဗဟ်ပြုကြသည်။ ထို့နောက် သေခြင်း၏ နောက်ဆုံးအသံ ထွက်ပေါ်လာသည့်အချိန်၌သာ သောင်ဗဟ်ဖတ်၍ ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် သူတို့၏ယုံကြည် မှုမှာ မခိုင်လုံ၊ မယုံကြည်ထိုက်ချေ။ ထို့နောက် ၎င်းတို့ပြုလုပ်သည့်သောင်ဗဟ်ကို လက်မခံခဲ့ချေ။

စိုက်ယိဒိနာ ယူနွတ်စ် S ၏ လူများ ရှေ့ကဖြစ်ပျက်ခဲ့ပြီးသော အဖြစ်အပျက်သာဓကမှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည့် ဗနီအစ္စရာအီလ်တို့နှင့်ပတ်သက်သည့် အဖြစ်အပျက်ပင် ဖြစ်သည်။ ဤအဖြစ်အပျက်ထဲ၌ ထိုသူများ ကြောက်ရွံ့စေကာ ဝန်ချတောင်းပန်ရန် ၎င်းတို့ခေါင်းပေါ်တွင် တူရိတောင်ကို တွဲလောင်းချထားသည်။ သူတို့ဝန်ချတောင်းပန်ခဲ့၍ ၎င်းတို့၏သောင်ဗဟ်ကို လက်ခံခဲ့သည်။ ဤအကြောင်းအရာကို စူရဟ်အလ်ဘကရာဟ်တွင် မိန့်ထားသည်မှာ -

رَفَعْنَا فَوْقَكُمُ الطُّوْرَ ۟ خُذُوْا مَاۤ اٰتَيْنٰكُمْ بِقُوَّةٍ

"ငါအရှင်သည် အသင်တို့အထက်ဝယ် သူရိအမည်ရှိသောတောင်ကို ပင့်မြှောက်လျက် (သောင်ရသ် ကျမ်းတော်မြတ်နှင့်အညီ လိုက်နာကျင့်မူပြုရမည့်အကြောင်း) အသင်တို့ထံမှ ဤသို့ ပဋိညာဉ် ခံဝန်ချက်ကို ယူတော်မူခဲ့လေသည်။ (၂း၆၃)" ဟူ၍ ဖြစ်သည်။

အကြောင်းမှာ ထိုသူတို့သည် ပြစ်ဒဏ်ခတ်မှု အကောင်အထည်ပေါ်ကာ မသေဆုံးမီ ကျအံ့ဆဲဆဲ ပြစ်ဒဏ်ခတ်မှုကို သတိမူမိကာ ဝန်ချတောင်းပန်ခဲ့ကြသည်။ အလားတူပင် စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများသည် ပြစ်ဒဏ်ခတ်မှုလာနေသည်ကို မြင်ခဲ့ရသောအခါ၌ ထိုသူတို့သည် ရိုးသားဖြူစင်စွာဝိုကျွေး၍ ဝမ်းနည်းပူဆွေးကာ ဝန်ချတောင်းပန်ခဲ့ကြသည်။ ယင်းအကြောင်း အသေးစိတ်ကို မကြာမီဖော်ပြပါမည်။ ထို့ကြောင့် ဤသောင်ဗဟ်လက်ခံမှုသည် အထက်တွင် ဖော်ပြသကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ဥပဒေနှင့် မဆန့်ကျင်ချေ။ (ကုရ်သုဗီ)

ဤအဆင့်၌ ခေတ်ပြိုင်ပညာရှင်အချို့မှာ ကြီးစွာသောအမှားပြုလုပ်ခဲ့ကြသည်။ ထိုသူတို့က စိုက်ယိဒိနာ ယူနွတ်စ် a သည် တမန်တော်တစ်ပါးအနေဖြင့် တာဝန်ဝတ္တရားထမ်းဆောင်ရာတွင် ချို့တဲ့မှုရှိသည်ဟု သဘောထားကြ

သည်။ သူတို့က လူများပေါ်ကျရောက်သည့် ပြစ်ဒဏ်ဖယ်ရှားခြင်း၏ အကြောင်းရင်းမှာ တမန်တော်၏တာဝန် မကျေမှု ကြောင့်ဖြစ်သည်ဟု ကြေညာခဲ့သည်။ ဤတာဝန်မကျေပွန်မှုသည် အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှု ဖြစ်သွားကြောင်း စူရတ်အလ်အန်ဗီယာနှင့် စူရတ်အဆ်ဆွာဖ်ဖာသ်တွင် ဖော်ပြထားသည်ဟု ကြေညာခဲ့သည်။ သူတို့၏ ပြောကြားချက် များကို အောက်တွင်ဖော်ပြထားသည်။

> **قرآن کے اشارات اور صحیفه یونس کی تفصیلات پر غور کرنے سے اتنی بات صاف معلوم ہوجاتی ہے کہ حضرت یونس علیہ السلام سے فریضہ رسالت ادا کرنے میں کچھ کوتاھیاں ہو گئی تھیں اور غالبًا انھوں نے بے صبر ہو کر قبل از وقت اپنا مستقر چھوڑ دیا تھا۔ اس لئے جب آثار عذاب دیکھ کر آشوریوں نے توبه واستغفار کی تو اللہ تعالی نے انہیں معاف کر دیا۔ قرآن میں خدائی دستور کے جو اصول و کلیات بیان کئے گئے ہیں ان میں ایك مستقل دفعه یه بھی ہے کہ اللہ تعالی کسی قوم کو اسوقت تك عذاب نہیں دیتا جب تك اس پر اپنی حجت پوری نہیں کر دیتا۔ پس جب نبی ادائے رسالت میں کوتاھی کر گیا اور اللہ کے مقرر کردہ وقت سے پہلے خود ھی اپنی جگہ سے ھٹ گیا تو اللہ تعالی کے انصاف نے اس قوم کو عذاب دینا گوارا نہ کیا۔ (تفھیم القرآن مولانا مودودی، ص ۳۲۱، ج ۲، طبع ۱۹٦٤ء)**

"ကုရ်အာန်ကျမ်းတော်မြတ်ပါ အညွှန်းများနှင့် ဂျိုနာဟ်ကျမ်းပါ အသေးစိတ်အချက်တို့ကို တွေးတော ဆင်ခြင်မှုအရ တမန်တော်တစ်ပါးအနေဖြင့် ၎င်း၏တာဝန်ဝတ္တရား ထမ်းဆောင်ရာတွင် ဟဇရသ်ယူနုတ်စ် a တွင် ချို့တဲ့မှုအချို့ ရှိခဲ့သည်မှာ ထင်ရှားသည်။ ထို့ပြင် အဖြစ်နိုင်ဆုံးမှာ ၎င်း၏ အမြဲတမ်းအဆင့်ကို အချိန်မတိုင်မီ စွန့်လွှတ် ခဲ့သည်။ ထို့ကြောင့် ပြစ်ဒဏ်ခတ်မှု၏လက္ခဏာများ မြင်တွေ့ခဲ့ရသောအခါ၌ အဆီးရိုးယမ်းလူမျိုးများသည် ဝန်ချ တောင်းပန်ကာ ခွင့်လွှတ်မှု တောင်းခံခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က ထိုသူများကို ခွင့်လွှတ်ခဲ့သည့်မှုများနှင့် ကုရ်အာန်ကျမ်းတော်တွင် ဖော်ပြထားသည့် အလ္လာဟ်အရှင်မြတ်၏စကြဝဠာလုံးဆိုင်ရာ ဥပဒေများထဲတွင် အမြဲတစေ ပြဋ္ဌာန်းထားသည့် စာပိုဒ် တစ်ခုပါဝင်သည်။ ယင်းကား အလ္လာဟ်အရှင်မြတ်သည် ပြစ်ဒဏ်ခတ်ခံရမည့်လူများနှင့် အပြီး အပြတ်စကား အခြေ အတင်ပြောဆိုမှု အတည် မပြုသေးသမျှ ထိုသူများအပေါ် ပြစ်ဒဏ်မခတ်ပါ။ ထို့ကြောင့် တမန်တော်တစ်ပါးသည် ၎င်း၏တာဝန် ထမ်းဆောင်ရာတွင် ချို့တဲ့မှုရှိသွားစေပြီး အလ္လာဟ်အရှင်သတ်မှတ်ထားသည့် တာဝန်ချိန်မတိုင်မီ မိမိသဘောအလျောက် ၎င်း၏အဆင့်အတန်းကို စွန့်လွှတ်ခဲ့သည်။ သို့ဆိုလျှင် အလ္လာဟ်အရှင်မြတ် သည် ထိုသူများကို ပြစ်ဒဏ်ခတ်ရန် မနှစ်မြို့ချေ၊

(မော်လာနာ မောင်ဒူဒီ၏ သဖ်ဟီမုလ်ကုရ်အာန်* စာ၃၂၁၊ တွဲ-၂၊ ၁၉၆၄-ခုနှစ်တွင် ထုတ်ဝေသည်။)**

ဤနေရာ၌ ပထမဆုံးကြည့်ရမည်မှာ တမန်တော်အားလုံးသည် ပြစ်မှုဂုနာဟ်များမှ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ခံရသူများ (မအ်စူမ်)ဖြစ်ကြသည်။ ဤသည်မှာ မုစ်လင်မ်အုမ္မသ်ထု၏ တစ်ညီတစ်ညွတ်တည်း ပြိုင်ဘက်ကင်းသော ယုံကြည်မှုဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခံရမှု အသေးစိတ်တွင် အချို့ အစိတ်အပိုင်းတွင် ကွဲလွဲမှုကားရှိပေသည်။ ပမာဆိုသော် ဤကာကွယ်စောင့်ရှောက်မှု (အစ္စမာဟ်)သည် သာမန်သေးငယ်သော အပြစ်ဂုနာဟ် (ဆွဂီရာဟ်) အားလုံးမှလည်းကောင်း၊ သို့မဟုတ် ကြီးမားသော ပြစ်မှုဂုနာဟ် (ကဗီရာဟ်)များမှလည်းကောင်း၊ သို့မဟုတ် တမန်တော်မဖြစ်မီကပင် ဤကာကွယ်စောင့်ရှောက်မှု (အစ္စမာအ်) ရခဲ့သလောဟူသည်တို့တွင်သာ ကွဲလွဲခဲ့ကြသည်။ သို့သော်လည်း တမန်တော်များ သည် ၎င်းတို့၏တာဝန်ဝတ္တရားထမ်းဆောင်ရာတွင် မည်သည့်ချို့တဲ့မှုမှမရှိဟူသော ယုံကြည်ချက်သည် ပုဂ္ဂိုလ်ရေးဆိုင်ရာတွင်လည်းကောင်း၊ အုပ်စုချင်းတွင်းလည်းကောင်း၊ မည်သည့်ကွဲလွဲမှုမှမရှိပါ။ အကြောင်း မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ကို ရွေးချယ်တော်မူ၍ အပ်နှင်းထားသော တာဝန်ထမ်းဆောင်စေရာတွင် ချို့တဲ့ခြင်းဆိုသောပြစ်မှုသည် တမန်တော်များအတွက်ဆိုလျှင် ယင်းပြစ်မှုထက်ကြီးသော ပြစ်မှုမရှိတော့ချေ။ ဤသည်မှာ တာဝန်အပ်နှင်းထားရာတွင် ယုံကြည်မှုကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်၍ မည်သည့်နေရာတွင်မဆို သာမန်ကောင်းမြတ်သော လူကပင်လျှင် ယင်းသို့လုပ်လိမ့်မည်မဟုတ်။ အကယ်၍ တမန်တော်တစ်ပါးသည် ဤကဲ့သို့ချို့တဲ့မှု ကာကွယ်ထိန်းသိမ်းထားခြင်း (မအ်စူမ်)မရှိခဲ့လျှင် အခြားသောပြစ်မှုများမှ ကာကွယ်ထိန်းသိမ်းပေးထားခြင်းသည်လည်း အလဟဿပင်ဖြစ်သည်။

* သာမန်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားခဲ့သည်။ တဖ်ဟီမုလ်ကုရ်အာန်၏နောက်ပိုင်း ထုတ်ဝေမှုတွင် ဤမှတ်ချက်များ ထုတ်ပယ်ထားသည်ကို အများပြည်သူသို့မကြေညာခဲ့ချေ။ ယင်းမှတ်ချက် **فریضہ رسالت ادا نہیں کوتا ھی** "တမန်တော်တစ်ပါးအနေဖြင့် တာဝန်ဝတ္တရားထမ်းဆောင်ရာတွင် ချို့တဲ့ခြင်း" များသည် နောက်ထုတ်ဝေသည့် စာအုပ်သစ်များ တွင် မပါဝင်ချေ။ သို့သော်လည်း အောက်ပါစူးစမ်းမှုများတွင်မူ ပါဝင်ဆဲဖြစ်သည်။

جب نبی نے.....پوری نہیں ہوئی تھیں

"ဆိုင်းငံ့ကာလ၏နောက်ဆုံးအချိန်အထိ ၎င်း၏လူများကို ကောင်းမြတ်သောအကြံပေးမှု မပြုလုပ်သောအခါ၌ နှင့် အလ္လာဟ်အရှင်သတ်မှတ်ထားသည့်အချိန်မတိုင်မီ သူ့သဘောနှင့်သူ အဝေးသို့ပြောင်းရွေ့ သွားသည်။ သို့ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ တရားမျှတမှုအရ ထိုသူများကို ပြစ်ဒဏ်ခတ်ခြင်းမှာ မနှစ်မြို့ဖွယ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တရားဝင်အခြေအနေများအရ ထိုသူများနှင့် အပြီးအပြတ်အခြေ အတင်ပြောဆိုမှုဟူသည်ကို မဖြည့်ဆည်းရသေးချေ။ ထို့ကြောင့် တဖ်ဟီမုလ်ကုရ်အာန်၏စာသားတွင် အပြောင်း အလဲရှိလင့်ကစား မအာရိဖုလ်ကုရ်အာန်၏ မှတ်ချက်မှာ ယခင်အတိုင်းပင်ဖြစ်သည်။ (ဟဒါရတုလ်မအာရိဖ်၊ ထုတ်ဝေသူ အောက်တိုဘာလ ၁၉၉၁)

** ဤသဖ်စီရ်အကျယ်ဖွင့်ချက်တွင် ဖော်ပြပြီးခဲ့သည့် အထက်ဖော်ပြပါ ဘာသာရေးဆိုင်ရာ အချက်အလက်များ စူးစမ်းလေ့လာမှုများအပြင် ဤအကြောင်းအရာများကို ဖော်ပြရာတွင် သုံးနှုန်းထားသည့် ဘာသာစကားမှာ လေ့လာစူးစမ်းမှု ကိုပေါ်လွင်ထင်ရှားစွာ ဆိုးဆိုးဝါးဝါး အန္တရာယ်ရှိစေနိုင်သည်။ ပမာဆိုသော် အဆုံးတွင်သုံးနှုန်းထားသည့်ကြိယာ များဖြစ်သည့် **کر گیا** (ကရ်ဂိယာ) **ھٹ گیا** (ဟတ်ဂိယာ) နှင့် **گوارانہ کیا**(ဂဝါရားနကိယာ) စသည်တို့သည် လက်ရှိဘာသာထဲတွင် ကြမ်းတမ်းသောစကားလုံးဖြစ်သည်။ တမန်တော်တစ်ပါးအတွက် သုံးနှုန်းလျှင် ယင်းတို့မှာ အလွန်ဆိုးဝါးသည်။ နောက်ဆုံးစကားလုံးတစ်လုံးကဲ့သို့သော စကားလုံးကို အလ္လာဟ် အရှင်ဂုဏ်တော်တွင်သုံးလျှင် အတင်ရဲလွန်းပေသည်။ ဘာသာစကားတွင် လွတ်လပ်မှုရှိခြင်းကား ဘာသာပြန်ရာတွင် အစားထိုးထည့်သွင်းရန် ခက်ခဲပေသည်။ ယင်းကို လျစ်လျူရှုခြင်းသည် ဘာသာပြန်ဆိုသူကို သစ္စာဖောက်ဖြစ်စေသည်။ ထို့ကြောင့် ဘာသာပြန်ဆိုသူသည် စာသားပါအတိုင်းရှိစေရန် လုပ်ငန်းဆိုင်ရာ ကန့်သတ်မှုအတွင်းရှိနေစေရန် အထူးကြိုးစားရမည်။ မူရင်းအုရ်ဒူကို ဤနေရာ၌ ဖော်ပြထားခြင်းကြောင့် ကောင်းစွာဆုံးဖြတ်သတ်မှတ်တတ်သော စာရှုသူသည် တင်ပြချက်ဖတ်ရှုသည့်အပေါ် သူတို့လွတ်လပ်စွာ ဆုံးဖြတ်ခြင်း၌ ပြဿနာမရှိနိုင်ပါ။ (ဘာသာပြန်သူ)

မုစ်လင်မ်အုမ္မသ်ထု ယုံကြည်မှုဖြစ်သည့် တမန်တော်များသည် ဂုနာဟ်အပြစ်များမှ ကာကွယ် ထိန်းသိမ်း စောင့်ရှောက်ထားကြောင်းနှင့် ကုရ်အာန်ကျမ်းတော်မြတ် စွန္နသ်တို့တွင် အတည်ပြုထားခဲ့သည့် မူများနှင့် ဆန့်ကျင်ဟန် ရှိသည်။ အချို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော်၏ တစ်နေရာရာတွင် ပါခဲ့လျှင်ပင် ယင်းသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်၏ အကြွင်းမဲ့ သက်သေပြပြီးဖြစ်သည့် မူများနှင့်အညီ မကွဲလွဲစေဘဲ အဓိပ္ပာယ် ပြန်ဆိုရပေမည်။

သို့သော်လည်း ဤနေရာတွင် ကိစ္စရပ်များမှာ ထူးခြားနေသည်။ ပညာရှိကျမ်းပြုသူသည် ကုရ်အာန် ကျမ်း တော်မြတ်ပါ အညွှန်းများနှင့် 'ဂျိုနာဟ်'ကျမ်းပါ အသေးစိတ်များကို အထူးရည်ညွှန်းတင်ပြထားသည်။ ယင်းအသေးစိတ် များမှာ "ဂျိုနာဟ်" ကျမ်းတွင် ပါဝင်ကောင်းပါဝင်ပါလိမ့်မည်။ ရှိပါစေ၊ ယင်းတို့သည် အစ္စလာမ်ဘာသာဝင်များအမြင်တွင် မခိုင်လုံပါ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အညွှန်းတစ်ခုအဖြစ် တစ်ခု တစ်လေမျှပင် မပါဝင်ချေ။ စင်စစ် ဤနေရာတွင် ဖြစ်ပျက်ခဲ့သည်မှာ နေရာအချို့တွင် အဖာအထေးပြုရန် အလို့ငှာ ဤယူဆချက်ကို အတင်းအဓမ္မဆွဲထည့်ထားခြင်းဖြစ် သည်။ ပထမဦးစွာ စိုက်ယိဒိနာယူနုတ်စ် a ၏ လူများမှ ပြစ်ဒဏ်ခတ်မှုပယ်ရှားခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ဥပဒေ နှင့်ဆန့်ကျင်စွာဖြစ်ပေါ်သည်ဟု ယူဆထားသည်။ ယင်းယူဆချက်မှာ ဤအာယသ်ပါစာသားနှင့် လုံးဝဆန့်ကျင် သည်။ ထို့ပြင် သဖီစီရ်နယ်ပယ်တွင် အသိအမှတ်ပြုပညာရှင်များ၏ ရှင်းလင်းပြသခြင်းနှင့်လည်း လုံးဝဥသုံး ဆန့်ကျင် နေသည်။ ယင်းနှင့်အတူ ဤကိစ္စရပ်တွင် အလ္လာဟ်အရှင်၏ဥပဒေ ကျိုးပေါက်ခြင်းမှာ တမန်တော်တစ်ပါးသည် ၎င်း၏ တာဝန်ထမ်းဆောင်ရာတွင် ပျက်ကွက်သွားကြောင်းဟု ယူဆထားသည်။ တစ်ဖန် ယင်းနှင့်အတူ စိုက်ယိဒနာ ယူနုတ်စ် a သည် နေရာဌာနမှထွက်ခွာရန် အလ္လာဟ်အရှင်မြတ်က သီးသန့်အချိန်အချို့ သတ်မှတ်ထားသည်ဟု ကျမ်းရှင်က ယူဆထားခဲ့သည်။ ထို့နောက် သတ်မှတ်ချိန်ထက်စော၍ တမန်တော်က ၎င်း၏အုမ္မသ်ထုကို အမှန်တရားဘက် ဖိတ် ခေါ်ခြင်းဟူသော တာဝန်ကိုစွန့်လွှတ်၍ ကိုယ်လွတ်ရုန်းသွားသည်ဟု ယူဆထားသည်။

အကယ်၍ နည်းနည်းလေးဆင်ခြင်စဉ်းစားကာ သမာသမတ်ကျကျကြည့်မည်ဆိုလျှင် ဤယူဆချက်ကို ညွှန်ပြသည့် မည်သည့်အညွှန်းမှ ကုရ်အာန်ကျမ်းတော်မြတ် (သို့မဟုတ်) ဟဒီးဆ်တော်တွင် မပါဝင်ကြောင်း သက်သေ ပြပြီးဖြစ်လိမ့်မည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်ထဲတွင် မည်သည်တို့ဖြစ်ပျက်သည်ကို စဉ်းစားဆင်ခြင်ရန် အာယသ် တော်ပါ စကားလုံးများကို ကျွန်ုပ်တို့ကြည့်ကြစို့။

فَلَوْ لَا كَانَتْ قَرْيَةٌ ءَامَنَتْ فَنَفَعَهَآ إِيمَٰنُهَآ إِلَّا قَوْمَ يُونُسَ

"တစ်ဖန် အကြောင်ကဲ့သို့သော ရွာတစ်ရွာမျှပင် အဘယ့်ကြောင့် မရှိခဲ့ပါသနည်း။ ထိုရွာ (ရွာသူ ရွာ သား)တို့သည် အချိန်မီ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသဖြင့် ၎င်းတို့၏အီမာန်သက်ဝင် ယုံကြည်မှု သည် ၎င်းတို့အား အကျိုးကျေးဇူး ဖြစ်ထွန်းစေခဲ့လေသည်။ သို့ဖြင့် (နဗီတမန်တော် ယူနုတ်စ် a ၏) အမျိုးသားတို့ကား (အချိန်မီ အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည့်အတွက်)အီမာန် အကျိုးခံစားခဲ့ကြ ရလေသည်။"(၁၀း၉၈)

ဆိုလိုသည်မှာ ကမ္ဘာတစ်လွှားရှိ နေရာထိုင်ခင်းများ တွင် သာမန်နေထိုင်သူများအနက် တက်တက်ကြွကြွ မရှိဘဲ တုန့်ဆိုင်းမှုနေးကွေးမှုဖြစ်နေသည်မှာ ဝမ်းနည်းဘွယ်ရာဖြစ်သည်။ ထိုသဘောအရ မိန့်ထားသည်မှာ ယုံကြည်မှု

သည် လက်ခံနိုင်ဖွယ်ဖြစ်၍ အကျိုးဖြစ်ထွန်းသောအချိန်၌ ၎င်းတို့ယုံကြည်ရမည်ကို အဘယ့်ကြောင့် ထိုသို့မပြုလုပ်နိုင်ခဲ့သနည်း။ တနည်းဆိုရသော် ပြစ်ဒဏ်ခတ်ခံရမှသို့ သေဆုံးခြင်းမကျရောက်မီအလျင် ထိုသူများ ယုံကြည်ခဲ့ရမည်။ သို့ဖြစ်လျှင် သူတို့၏ယုံကြည်မှုကို လက်ခံပါလိမ့်မည်။ သို့ရာတွင် ဖိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများသည် ဤဥပဒေ၏ ချွင်းချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ပြစ်ဒဏ်မကျရောက်မီအလျှင် ပြစ်ဒဏ်လက္ခဏာများ မြင်တွေ့သောအခါ ယုံကြည်ခဲ့သောကြောင့် ၎င်းတို့၏ယုံကြည်မှုနှင့် သောင်ဗဟ်ဝန်ချတောင်းပန်မှုသည် လက်ခံပြီး ဖြစ်သွားသည်။

ဤအာယသ်၏ ပေါ်လွင်ထင်ရှားသော အနက်အဓိပ္ပာယ်ကပင်လျှင် ဤနေရာ၌ အလ္လာဟ်အရှင်မြတ်၏ မည်သည့်ဥပဒေကိုမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိခဲ့ပါဟု ကျွန်ုပ်တို့ကို ပြောနေပါသည်။ စင်စစ်တွင် အလ္လာဟ်အရှင့် စွန့်သစ်ဓလေ့တော်နှင့်အညီ သူတို့၏ယုံကြည်ချက်နှင့် ဝန်ချတောင်းပန်မှုကို လက်ခံခဲ့ ပါသည်။

ဋီကာရှင်အများစုဖြစ်သော အဗူဟိုင်ယမ်၊ အလ်ကုရ်သုဗီ၊ အလ်ဇမခ်ရှရီ၊ ကာသွီ သနာအွလ္လာဟ်၊ အလ္လာဟ်မာ အာလူစီနှင့် အခြားသူများက အာယသ်တော်၏ ဤအနက်အဓိပ္ပာယ်အရ ဖိုက်ယိဒိနာယူနွတ်စ် a က လူများ၏ ဝန်ချတောင်းပန်မှု လက်ခံခြင်းသည် အလ္လာဟ်အရှင်မြတ်ဥပဒေ၏ ဓလေ့ထုံးစံတွင် အကျုံးဝင်သည်ဟု ပြောပါသည်။ အလ်ကုရ်သုဗီ၏ ကျမ်းပါစာသားကို အောက်တွင်ပေးထားသည်။

وقال ابنُ جُبَيْر غشيهم العذاب كما يغشى الثوب القبر، فلما صحت توبتهم رفع الله عنهم العذاب. وقال الطبرى : خص قوم يونس عليه السلام من بين سائر الامم بان تيب عليهم بعد معاينة العذاب، وذكر ذلك عن جماعة من المفسرين. وقال الزجاج، انهم لم يقع بهم العذاب، وانما رأوا العلامة التى تدل على العذاب ولو رأوا عين العذاب لما نفعهم ايما نهم. قلت قول الزجاج حسن، فان المعاينة التى لا تنفع التوبة معها هى التلبس بالعذاب كقصة فرعون ولهذا جاء بقصه قوم يونس على اثر قصة فرعون، ويعضد هذا قوله عليه السلام : ان الله يقبل توبة العبد مالم يغرغر والغرغرة، الحشرجة، وذلك هو حال التلبس بالموت، وقد روى معنى ما قلناه عن ابن مسعود رضى الله عنه (الى) وهذا يدل على ان توبتهم قبل رؤية العذاب (الى) وعلى هذا فلا اشكال ولا تعارض ولا خصوص.

(အိဗ်နိဂျုဗိုင်းရ်ကပြောသည်မှာ သရီုင်းပေါ်တွင် လွှမ်းထားသောအဝတ်ကဲ့သို့ ၎င်းတို့အပေါ်ဝယ် ပြစ်ဒဏ် ခတ်မှု လွှမ်းခြုံထားသည်။ ထို့နောက် ၎င်းတို့၏သောင်ဗဟ်သည် စစ်မှန်ခိုင်လုံ (ပြစ်ဒဏ်ခတ်မှု အကောင်အထည် မပေါ်မီအလျင်က) သွားသောအခါ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အပေါ် ကျရောက်မည့် ပြစ်ဒဏ်ကို ဖယ်ရှား လိုက်သည်။ ၎င်းပြင် အတ်သဗရီကပြောသည်မှာ ဖိုက်ယိဒနာ ယူနွတ်စ် a ၏ လူများကို အခြားသူများထက် အထူး နေရာပေးရခြင်းမှာ သူတို့သည် ပြစ်ဒဏ်ခတ်မည်ကို မြင်ပြီးနောက် ၎င်းတို့၏ သောင်ဗဟ်ကို လက်ခံခဲ့သည်။ ထိုအကြောင်းကို ဋီကာရှင်အများစုက ဖော်ပြခဲ့ကြသည်။ သို့သော်လည်း အဇ်ဇက္စ်ဂျ်ကပြောသည်မှာ ထိုသူများ အပေါ် ပြစ်ဒဏ်ခတ်မှု မကျရောက်သေးဟူ၍ဖြစ်သည်။ သူတို့သည် ပြစ်ဒဏ်ခတ်ခံရမှု ကျရောက်တော့မည်ဆိုကြောင်း လက္ခဏာများကိုသာတွေ့မြင်ကြရသည်။ ထို့နောက် အကယ်၍ ထိုသူများ

သည် ပြစ်ဒဏ်ခတ်ခံရမှုကျရောက်ခြင်းကို မြင်တွေ့ခဲ့ရပြီးပါက ၎င်းတို့၏ယုံကြည်မှုသည် ၎င်းတို့အတွက် မည်သည့်ကောင်းကျိုးမှ ပေးမည်မဟုတ်ချေ။ (ထို့ပြင် ၎င်းတို့၏သောင်ဗဟ်ကိုလည်း လက်ခံလိမ့်မည်မဟုတ်ချေ။) အလ်ကုရ်သုဗီကပြောသည်မှာ အဇ်ဇဂ်ျဂျာဂ်ျ၏အဆိုအမိန့်သည် ပိုကောင်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြစ်ဒဏ်ခတ်မှုမြင်တွေ့ပြီးမှ သောင်ဗဟ်ကို လက်မခံဟူခြင်းက ဆိုလိုသည်မှာ ဖိရ်အောင်နှင့်ပတ်သက်၍ ဖြစ်ပျက်ခဲ့သကဲ့သို့ ပြစ်ဒဏ်ခတ်ပြီးမှ သောင်ဗဟ်ပြုခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဤစူရာဟ်ထဲတွင် စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများနှင့်ပတ်သက်သော အဖြစ်အပျက်ကို ဖိရ်အောင်နှ အဖြစ်အပျက်ပြီးလျှင်ပြီးခြင်း ဖော်ပြထားခြင်းဖြစ်သည်။ (ထို့ကြောင့် ခြားနားမှုသည် ရှင်းလင်းသွားစေသည်။ ဖိရ်အောင်နှသည် ပြစ်ဒဏ်ခတ်ခံရပြီးမှ ယုံကြည်ခဲ့ခြင်းဖြစ်သည်။ ယင်းနှင့်ဆန့်ကျင်၍ စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများသည် ၎င်းတို့ပြစ်ဒဏ်ခတ်ခံရမှုမခံရမီ ယုံကြည်ခဲ့ခြင်းဖြစ်သည်။) ဤသည်ကို တမန်တော်မြတ် s ၏ မိန့်ကြားချက်တစ်ခုက ထောက်ခံထားသည်မှာ "အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကျေးကျွန်များ၏သောင်ဗဟ်ကို ထိုသူ သေဆုံးချိန်မတိုင်မီအထိ လက်ခံသည်။ ထို့နောက် (ဟဒီးဆ်ပါအတိုင်း) အလ်ဂရ်ဂရာဆိုသည်မှာ လည်ချောင်းမှ ပေါ်ထွက်လာသော အသံဖြစ်ပြီး သေခါနီးတွင် ဖြစ်ပျက်ပါသည်။ ထို့နောက် ဤအကြောင်းအရာကိုပင် ပိုမိုထင်ရှားစေရန် စိုက်ယိဒိနာ အဗ်ဒွလ္လာဟ်အိဗ်နိမတ်စ်အူးဒ် d ၏ ရိဝါယသ်တစ်ခုတွင် ဖော်ပြထားသည်မှာ စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများသည် ၎င်းတို့အပေါ် ပြစ်ဒဏ်ခတ်မှု အမှန်တကယ်မကျရောက်မီအလျင် ဝန်ချတောင်းပန်ခဲ့သည်။ ၎င်းနောက် ဤရှင်းလင်းချက်ပေါ်အခြေခံ၍ အလ်ကုရ်သုဗီကပြောသည်မှာ (စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများနှင့် ပတ်သက်၍) မည်သည့်အခက်အခဲ (သို့မဟုတ်) ဇီလာဆန့်ကျင်မှု (သို့ မဟုတ်) သီးသန့်ပြုခြင်းများ မကျန်တော့ပါ။)

ဤအဖြစ်အပျက်သည် စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများအတွက် အထူးအဖြစ်အပျက်ဟု မှတ်ယူခဲ့သော အတ်သဗရီနှင့် အခြားကျပ်ဋီကာရှင်များကပြောသည်မှာ ဤသီးသန့်ဖြစ်မှုသည် စိုက်ယိဒိနာ ယူနွတ်စ် a ၏ ချို့တဲ့မှုများကြောင့်ဟု မည်သူတစ်စုံတစ်ဦးကမျှ မပြောကြပါ။ ထိုသူများ၏ ရိုးသားသော ဝန်ချတောင်းပန်မှုနှင့် အလ္လာဟ်အရှင်မြတ် အသိဉာဏ်တော်တွင် ၎င်းတို့၏ဖြူစင်ရိုးသားသော ယုံကြည်မှုကြောင့် ထိုသူများ ယင်းသို့ အဆုံးသတ်ရခြင်းဖြစ်သည်။

ထို့နောက် စိုက်ယိဒိနာ ယူနွတ်စ် a ၏ လူများအပေါ် ကျရောက်မည့်အပြစ်ဒဏ် ဖယ်ရှားခြင်းသည် အလ္လာဟ်အရှင့်အမိန့်တော်ကို မဆန့်ကျင်ဘဲ ယင်းအမိန့်နှင့်အညီဖြစ်ကြောင်း သိရှိရပြီးနောက် သက်သေ မရှိသော ယူဆချက်များသည် ဖျက်သိမ်းပယ်ဖျက်ပြီးဖြစ်ပေသည်။

အလားတူစွာ စိုက်ယိဒိနာ ယူနွတ်စ် a အား ပြစ်ဒဏ်ခတ်ခံရမှု၏ သတိပေးချက်ကို အသိပေးပြီးသည်နှင့် တစ်ပြိုင်နက် အလ္လာဟ်အရှင်မြတ်ခွင့်ပြုချက်အလျင် ၎င်း၏လူများထံမှ ထွက်ခွာသွားခဲ့ကြောင်း သက်သေပြရန် ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်အညွှန်းမျှမပါရှိချေ။ အာယသ်တော်၏ စာသားများ နှင့်သဖီစီရမ္မ ကျွန်ုပ်တို့ကို ပြောသည်မှာ ဤနေရာ၌ ဖြစ်ပျက်ခဲ့သော ကိစ္စရပ်များသည် လွန်လေပြီးသော အုမ္မသ်ထုတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကဲ့သို့ပင်ဖြစ်သည်။ ဆိုလိုသည်မှာ လူများပေါ် အလ္လာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကျရောက်စေရန်

ဆုံးဖြတ်ချက်ချမှတ်ပြီးသောအခါ၌ အလ္လာဟ်အရှင်မြတ်သည် အရှင့်တမန်တော်နှင့် တမန်တော်၏အပေါင်းအဖော်များကို ထိုနေရာမှ ထွက်ခွာသွားစေရန် အမိန့်ပေးပါလိမ့်မည်။ ဤသည်ကို စိုက်ယိဒိနာ လူးတွ် a နှင့် ပတ်သက်သော အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။ အလားတူ ဤနေရာတွင်လည်း နောက်သုံးရက်တွင်ပြစ်ဒဏ်ခတ်ခြင်းခံရမည်ဟု စိုက်ယိဒိနာယူနွတ်စ် a မှတစ်ဆင့် ထိုသူများကို အလ္လာဟ်အရှင့်အမိန့် ပြောကြားခဲ့သောအခါ၌ ထိုဒေသမှ စိုက်ယိဒိနာ ယူနွတ်စ် a ထွက်ခွာခြင်းသည် အလ္လာဟ်အရှင့်အမိန့်အရသာ ပြုလုပ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ကြီးကျယ်ခန်းနားသည့် တမန်တော်ဖြစ်ခြင်းဆိုင်ရာ ရာထူးဖြင့် ကောင်းချီးမင်္ဂလာပေးထားခြင်း ကြောင့်ဆိုလျှင် စိုက်ယိဒိနာယူနွတ်စ် a တွင် ချွတ်ချော်မှုတစ်ခုကားရှိသည်။ စူရတ်အလ်အမ်ဗီယာ (၂၁း၈၇-၈၈) နှင့် စူရာဟ် အတ်စ်ဆွာဖ်ဖာသ် (၃၇း၁၃၉-၁၄၈)တို့တွင် ယင်းနှင့်ပတ်သက်သော မနှစ် မြို့ဖွယ်စကားရပ်များပါဝင်သည်။ ရလဒ်တစ်ခုအဖြစ် တမန်တော်ယူနွတ်စ် a သည် ငါးတစ်ကောင်၏ ဝမ်းဗိုက်ထဲတွင် နေရသောအဖြစ်အပျက် ဖြစ်ခဲ့သည်။ သို့သော်လည်း ဤချွတ်ချော်မှုသည် တမန်တော်တစ်ပါးအဖြစ် ၎င်း၏တာဝန်ဝတ္တရား ဖြည့်ဆည်းရာတွင် ချို့တဲ့မှုဖြစ်သည်ဟူသောကိစ္စနှင့် မည်သို့မျှမသက်ဆိုင်ချေ။ စင်စစ် အမှန်တကယ်ဖြစ်ပျက်ခဲ့သည်ကို စစ်မှန်ခိုင်လုံသည့် သဖိစီရီများတွင် အထောက်အထား နှင့်တကွ အစောပိုင်းက ဖော်ပြခဲ့ပြီးဖြစ်သည်။ အတိုချုပ်ဆိုရသော် အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်အရ သုံးရက်ကြာပြီးနောက် ပြစ်ဒဏ်ခတ်ခံရမှုကျရောက်တော့မည်ဆိုကြောင်း ၎င်း၏လူများကို သတိပေးပြောကြား၍ စိုက်ယိဒိနာ ယူနွတ်စ် a က ဤနေရာမှ ထွက်ခွာသွားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပြစ်ဒဏ်ခတ်မှုမှာ အကောင်အထည်မပေါ်ခဲ့ပါ။ စိုက်ယိဒိနာ ယူနွတ်စ် a သည် ၎င်း၏လူများထဲ မည်သို့ပြန်လည် သွားရမည်ဟူသည်က ၎င်းကို သောကရောက်စေပါသည်။ အကယ်၍ တမန်တော်ပြန်သွားခဲ့လျှင် ၎င်းကို လူလိမ်ဟုစွပ်စွဲကြပေမည်။ ထို့နောက် ထိုသူများ၏ဥပဒေအရ လူလိမ်ဖြစ်ကြောင်း သက်သေပြပြီးသူတစ်ဦး ကို မုချသတ်ပစ်ရပေမည်။ ဤသည်က ၎င်း၏လူများထံ ပြန်သွားခြင်းသည် တဖန်အသက်ဆုံးရှုံးမည့် အန္တရာယ်ဖြစ်သည်။ ထိုသို့သောအခြေအနေများကြောင့် အခြားနိုင်ငံတစ်ခုသို့သွားရုံမှအပ အခြားထွက်ပေါက်မရှိချေ။ သို့သော်လည်း မြင့်မြတ်သော တမန်တော်များလုပ်လေ့လုပ်ထရှိသော ဓလေ့တော်ကား အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြောင်းရွှေ့ရန်အချက်ပေးမှုမရမချင်း ၎င်းတို့၏ ပုဂ္ဂိုလ်ရေးထင်မြင်ချက်ဖြင့် မပြောင်းရွှေ့ကြချေ။

ထို့ကြောင့် စိုက်ယိဒိနာ ယူနွတ်စ် a ၏ ချွတ်ချော်မှုသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက် မရမီအလျင် ပြောင်းရွှေ့ရန်ရည်စူးချက်ဖြင့် လေ့တစ်စီးဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ ပြစ်မှု ဂုနာဟ်မဟုတ်သော်လည်း တမန်တော်များ၏ လုပ်လေ့လုပ်ထရှိသော ဓလေ့တော်နှင့်ကွဲလွဲပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများကို စဉ်းစားဆင်ခြင်ကြည့်လျှင် စိုက်ယိဒိနာ ယူနွတ်စ် a ၏ ချွတ်ချော်မှုသည် တမန်တော်တစ်ပါးက ၎င်း၏တာဝန်ဝတ္တရားဖြည့်ဆည်းခြင်းတွင် ချို့တဲ့မှုမဟုတ်ကြောင်း ပေါ်ထွက်လာပါသည်။ စင်စစ် ယင်းသည် ၎င်း၏လူများက ဖိနှိပ်ခြင်းမှ ကင်းဝေးရန် ဟူသော ရည်ရွယ်ချက်ဖြင့် ခွင့်မပြုဗီအလျင် ထွက်ခွာသွားခြင်းမှအပ အခြားမဟုတ်ကြောင်း သက်သေပြပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ စူရတ်အတ်စ်ဆွာဖ်ဖာသ်တွင် အလွန်ရှင်းလင်းစွာ မိန့်ကြားထားသည်။ **إِذْ أَبَقَ إِلَى الْفُلْكِ الْمَشْحُونِ** "အခါတပါး၌ ထို 'ယူနွတ်စ်' သည် ကုန်စည်အပြည့်တင်ထားသော သင်္ဘော၏အနီးသို့ ပြေး၍သွားခဲ့လေ၏။ (၃၇း၁၄၀)" ဟူ၍ မိန့်ထားသည်။ ဤနေရာ၌ ပြောင်းရွှေ့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လေ့တစ်စင်းပေါ်တက်ရောက်သည့် လုပ်ရပ်ကို မနှစ်မြို့မှုဟု အဓိပ္ပာယ်သက်ရောက်သော 'အဗက'

ဟူသောစကားလုံးဖြင့် ဖော်ပြထားသည်။ ဆိုလိုသည်မှာ သူ့သခင်၏ ခွင့်ပြုချက်မရှိဘဲ ကျွန်တစ်ဦးက ထွက်ပြေး တိမ်းရှောင်ခြင်းဟူ၍ ဖြစ်သည်။ ထို့နောက် စူရာဟ်အန်ဗီယာ၏ အာယသ်တွင် **وَ ذَاالنُّوْنِ اِذْ ذَّهَبَ مُغَاضِبًا فَظَنَّ اَنْ لَّنْ نَّقْدِرَ عَلَيْهِ** "ထိုပြင် (အိုနဗီတမန်တော် အသင်သည်) 'ဇွန်နူးန်' ငါးရှင်ကိုလည်း (ပြောကြားပါလေ)။ တရံရောအခါ ဝယ် ထိုငါးရှင် (နဗီတမန်တော် ယူနုတ်စ်)သည် (မိမိအမျိုးသား တို့အပေါ်ဝယ်) ဒေါသအမျက်ထွက်ကာ (မိမိမြို့ရွာ ဒေသမှ ထွက်ခွာ၍) သွားခဲ့လေသည်။ (၂၁း၈၇)ဟု မိန့်ထားသည်။ ဤနေရာတွင် မိန့်ကြားသံသည် ရန်လိုသောသူများမှ ကာကွယ်ထိန်းသိမ်းရန်ဆန္ဒနှင့် သဘာဝ သိမြင်မှုတို့ကြောင့် ရည်ရွယ်ထားသည့် ပြောင်းရွှေ့ရန်လုပ်ရပ်နှင့်ပတ်သက်၍ မနှစ်မြို့သည်ဆိုကြောင်းတွင် ပါဝင်သည်။ တမန်တော်ဖြစ်ခြင်း၏ တာဝန်ဝတ္တရားပြီးပြည့်စုံစွာ ဖြည့်ဆည်းပြီးနောက် ၎င်း၏လူများထံ ပြန်လာရန်စိတ်ကူးရာတွင် သူ၏အသက်အန္တရာယ်ပြုနိုင်သည်ဟူသော အသိပေါ်တွင်သာလျှင် ဤအဖြစ် အပျက်ဖြစ်ပျက်ခဲ့သည်။ ဤအကြောင်းအရာကို သဖီစီရ် ရူဟုလ်မအာနီကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

ای غضبان علی قومه لشدة شکیمتهم وتمادی اصرارهم مع طول دعوته ایاهم، وکان ذهابه هذا سهم هجرة عنهم، لکنه لم یؤمر به

"စိုက်ယိဒိနာ ယူနုတ်စ် a သည် တမန်တော်သက်တမ်းတလျှောက် ၎င်း၏လူများကို အဓိမာန်ယုံကြည်မှုဘက်ဆီသို့ အချိန်များစွာဖိတ်ခေါ်လင့်ကစား ထိုသူများ၏ ခါးသီးသော ရန်လိုမှုနှင့် အခိုင်အမာ ဘုရားတရားမကြည်ညိုမှုပေါ် ဒေါသထွက်၍ စွန့်ခွာခဲ့သည့် တမန်တော်၏ ဤခရီးစဉ်သည် ပြောင်းရွှေ့ခြင်း တစ်မျိုးဖြစ်သော်လည်း ထိုသို့လုပ်ဆောင်ရန် ခွင့်ပြုချက်မရသေးပါ။"

ဤနေရာတွင် တမန်တော် ဝတ္တရားဆောင်ရွက်ရာ၌ ချို့တဲ့မှုအချို့ကြောင့် အလွှာဟ်အရှင်မြတ်၏ မနှစ်မြို့မှုဖြစ်သွားရခြင်းမဟုတ်ဘဲ အရှင်မြတ်၏ ခွင့်ပြုချက်မရဘဲ ပြောင်းရွှေ့သွားခြင်းကြောင့်ဖြစ်သည်ဟု ရှင်းလင်းထားသည်။ ယင်းသို့ခွင့်ပြုချက်မရဘဲ ပြောင်းရွှေ့သွားခြင်းသည်လည်း ဂုနာဟ်အပြစ်မဟုတ်ချေ။ သို့သော်လည်း ယင်းသို့ ခွင့်ပြုချက်မရဘဲပြောင်းရွှေ့သွားခြင်းသည် မြင့်မြတ်သောတမန်တော်များ၏ လုပ်ရိုး လုပ်စဉ်ဓလေ့တော်နှင့် ဆန့်ကျင်သဖြင့် မနှစ်မြို့ရခြင်းဖြစ်သည်။ ဤမှားယွင်းမှုနှင့်ပတ်သက်၍ 'အိုလမာ'အချို့က ခေတ်ပြိုင်ပညာရှင်ကြီးကို တီးခေါက်ကြည့်ရာတွင် စူရဟ် အတ်စ်စွားဖ်ဖားသ်၏ သဖီစီရ်နှင့် ပတ်သက်သော ဋီကာရှင်များစွာ၏ ပြောပြချက်တို့သည် ၎င်း၏ရပ်တည်မှုကို အထောက်အကူဖြစ်သွားစေခဲ့သည်။

ဤဋီကာရှင်များအနက် ဝဟာဗ်အီဗနီ မုနာဗ်ဗဟ်နှင့် အခြား အစွဲရေးလ်ပညာရှင်များ၏ တင်ပြအချို့ မှအပ စိုက်ယိဒနာယူနုတ်စ် a သည် ၎င်း၏ တာဝန်ဝတ္တရားများ ဖြည့်ဆည်းရာတွင် ချို့တဲ့မှု မှန်ကန်ကြောင်း (အလွှာဟ်အရှင်မလုပ်ပါစေနှင့်)အား မည်သည့်တင်ပြချက် တစ်ခုတစ်လေမျှပင် သက်သေမပြချေ။

ထိုပြင် ဋီကာရှင်များသည် အများအားဖြင့် ၎င်းတို့သဖီစီရ်များထဲတွင် အစွဲရေးတို့၏ တင်ပြချက်များသည် မခိုင်လုံကြောင်း ယုံကြည်ထိုက်သည် မဟုတ်ကြောင်း သဘောတူညီကြသည်။ ထို့ကြောင့် ၎င်းတို့ သဖီစီရ်တွင် မထည့်ထားကြောင်း အသိပညာရှိသူများ အားလုံး သိရှိကြသည်။ မည်သည့် အစွလာမ့်တရားရေး ဆိုင်ရာ ဥပဒေကမျှ ယင်းတို့ အပေါ် အခြေမခံချေ။ မုစ်လင်မ် ဋီကာရှင်များ၏ ကျမ်းများတွင် လည်းကောင်း၊ သို့မဟုတ် ဂျိုနာဟ်ကျမ်းတွင် လည်းကောင်း ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ ဤအစွဲရေးတို့၏ တင်ပြချက်များနှင့်သာ "တမန်တော်ယူနုတ်စ် a

သည် နဗီတမန်တော်တစ်ပါး တာဝန်ထမ်းဆောင်ရာတွင် ချို့တဲ့မှု အချို့ရှိခဲ့သည်" ဟူသော ကြီးကျယ်သော စွပ်စွဲမှု ပြုလုပ်ထားသည်။ မည်သည့် အစွလာမ့်ဦးကာရှင်းကမျှ မည်သည့်အခါတွင်ကမျှ ဤကိစ္စကို အတည်မပြုခဲ့ချေ။

وَاللهُ سُبْحَانَهُ وَتَعَالٰى اَعْلَمُ، وَبِهِ استغيث ان يعصمنا من الخطايا والزلات

"ထို့နောက် အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်၍မြင့်မားကာ အရှင်မြတ်ရှေ့တော်မှောက်တွင် တမ်းတသည်မှာ ကျွန်တော်များတို့ကို အမှားအပေါင်းနှင့် အမှေအမှားပေါင်းစုံမှ ကာကွယ်စောင့်ရှောက် တော်မူပါ"

စိုက်ယိဒိနာ ယူနွတ်စ် ﷺ နှင့်ပတ်သက်သည့် အဖြစ်အပျက်၏အသေးစိတ်များ

စိုက်ယိဒိနာ ယူနွတ်စ် a နှင့် ပတ်သက်သော အဖြစ်အပျက်များ၏ အသေးစိတ် တစ်စိတ်တစ်ပိုင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသကဲ့သို့ အချို့ကို ဟဒီးဆ်တင်ပြချက်များနှင့် သမိုင်းတို့တွင် သက်သေပြခဲ့သည်။ ဤအရင်းအမြစ်များအရ စိုက်ယိဒိနာ ယူနွတ်စ် a နှင့် ၎င်းလူများသည် အီရတ်နိုင်ငံ မိုစဲလ်အနီးတွင်ရှိ လူသိများသော နေရာဖြစ်သည့် နီးနဗာတွင်နေထိုင်ခဲ့သည်။ ၎င်းတို့အရေအတွက်ကို ကုရ်အာန် ကျမ်းတော်မြတ်တွင် တစ်သိန်းကျော်ဟု ပေးထားသည်။ ထိုသူများတို့ကို လမ်းညွှန်ချက်ပေးရန် အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာ ယူနွတ်စ် a ကို စေလွှတ်တော်မူခဲ့သည်။ ထိုသူတို့က ယုံကြည်ရန်ငြင်းဆန်ခဲ့သည်။ ထိုသူများအပေါ် အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှု သုံးရက်အတွင်း ကျရောက်မည်ဆိုကြောင်း သတိပေးရန် အလ္လာဟ်အရှင်မြတ်က စိုက်ယိဒိနာ ယူနွတ်စ် a မိန့်တော်မူထားသည်။ စိုက်ယိဒိနာ ယူနွတ်စ် a သည် ၎င်း၏လူများရှေ့တွင် ကြေညာခဲ့သည်။ သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးပြီးနောက် စိုက်ယိဒိနာ ယူနွတ်စ် a သည် မည်သည့်အခါမျှ လိမ်လည်ပြောဆိုခြင်းမရှိကြောင်း အားလုံးသဘောတူခဲ့ကြသည်။ ထို့ကြောင့် ၎င်း၏ကြေညာချက်ကို လျစ်လျူမရှုပါ။ အဆုံးတွင် ဤနေရာတွင် စိုက်ယိဒိနာ ယူနွတ်စ် a သည် ညဉ့်အချိန်တွင်းတွင် ၎င်း၏နေရာတွင် သူတို့နှင့်အတူရှိနေသည် မရှိနေသည်ကို သိရှိနိုင်ရန် အကြံတစ်ခုပြုလုပ်ခဲ့သည်။ အကယ်၍ ၎င်းရှိနေခဲ့လျှင် ဘာမျှဖြစ်လိမ့်မည်မဟုတ် ကြောင်း သူတို့နားလည်သဘောပေါက်ထားခဲ့သည်။ ထို့ပြင် အကယ်၍ တမန်တော်သည် ဤနေရာတွင်မရှိဘဲ အခြားတစ်နေရာသို့သွားခဲ့လျှင် နောက်တနေ့နံနက်တွင် ၎င်းတို့အပေါ်၌ ပြစ်ဒဏ်ခတ်မှုကျရောက်လိမ့်မည်မှာ သေချာပေသည်။ ညဉ့်အချိန်တွင် စိုက်ယိဒိနာ ယူနွတ်စ် a သည် အလ္လာဟ်အရှင်မြတ်အမိန့်တော်အရ နေထိုင်ရာနေရာမှ ထွက်ခွာခဲ့သည်။ နံနက်ရောက်သောအချိန်တွင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုသည် တိမ်တိုက်ကဲ့သို့သော မီးခိုးမဲကြီးအဖြစ်နှင့် ၎င်းတို့ခေါင်းပေါ်တွင် မိုးထားကာ တဖြည်းဖြည်း ၎င်းတို့ထံနီးကပ်လာခဲ့သည်။ ထိုအချိန်တွင် သူတို့အားလုံး ဖျက်ဆီးခံရမည်ကို ၎င်းတို့အတွက် သေချာလာခဲ့သည်။ ဤသည်ကိုမြင်ရသောအခါ စိုက်ယိဒိနာ ယူနွတ်စ် a ကို ၎င်းတို့၏သက်သေအဖြစ်ထားရှိကာ အတိတ် ကာလက ၎င်းတို့၏ငြင်းပယ်မှုကိုဝန်ခံကာ ဝန်ချတောင်းပန်၍ သက်ဝင်ယုံကြည်မှုပြုလုပ်ရန်အလို့ငှာ စိုက်ယိဒိနာ ယူနွတ်စ် a ကို ရှာဖွေခဲ့သည်။ သို့သော်လည်း ၎င်းတို့သည် တမန်တော်ကို ရှာဖွေမတွေ့သောအခါ အတတ်နိုင်ဆုံး အကောင်းဆုံးသော ဖြူစင်ရိုးသားမှုဖြင့် ဝန်ချတောင်းပန်မှုနှင့် ခွင့်လွှတ်မှုရစေရန် ဒုအာဆုမွန် တောင်းခံခြင်းပြုလုပ်ကြပါသည်။ ထိုသို့ပြုလုပ်ရန် သူတို့သည် နေအိမ်များစွန့်လွှတ်၍ ကွင်းပြင်သို့ထွက်ခဲ့ကြသည်။ ထိုနေရာတွင် အမျိုးသမီးများ၊ ကလေးငယ်များနှင့် တိရစ္ဆာန်များအားလုံး လုံးထွေးနေကြသည်။ အဝတ်အစားအစုတ်အပြတ်များဝတ်ဆင်၍ ငိုကွေးကာ ပူဆွေး၍ဝန်ချတောင်းပန်ခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုမှကင်း

လွတ်ရန် တောင်းခံခြင်းတို့ဖြင့် ဇရိယာတစ်ခုလုံး ညည်းညူတမ်းတခြင်းဖြင့် ပဲ့တင်ထပ် သွားခဲ့သည်။ ဤအာယသ်တော်တွင် ဖော်ပြထားသကဲ့သို့ အလ္လာဟ်အရှင်မြတ်သည် ထိုသူများ၏ ဝန်ချတောင်းပန်မှုကို လက်ခံတော်မူကာ ၎င်းတို့ပေါ် ကျရောက်မည့် ပြစ်ဒဏ်ခတ်မှုကိုလည်း ဖယ်ရှားခဲ့ပါသည်။ တင်ပြချက်များက ဤနေ့သည် မုဟရာမ်လဆယ်ရက် အာရှုရာနေ့ဟု ရည်ညွှန်းသည်။

တဖက်တွင်မူ စိုက်ယိဒိနာ ယူနွတ်စ် a သည် ဤမြို့နယ်၏အပြင်ဘက်တွင် စောင့်ဆိုင်းကာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုသည် ထိုဒေသရှိလူများပေါ် ကျရောက်တော့မည်ဟု မျှော်လင့်နေခဲ့သည်။ ဤလူများမည်သို့ဝန်ချတောင်းပန်၍ ခွင့်လွှတ်ချမ်းသာမှု မည်သို့ရခံသည်ဆိုခြင်းကို တမန်တော်မသိခဲ့ချေ။ ပြစ်ဒဏ်ခတ်မှုပယ်ရှားပြီးသောအခါတွင် ၎င်း၏လူများသည် တမန်တော်အား လူလိမ်တစ်ဦးအဖြစ် ကြေညာတော့မည်ကို စိုးရိမ်စပြုလာသည်။ အဘယ့်ကြောင့်ဆိုသော် သုံးရက်အတွင်း ပြစ်ဒဏ်ခတ်မှုကျရောက်မည့် အကြောင်း တမန်တော်ယူနွတ်စ် a က ကြေညာခဲ့၍ဖြစ်သည်။ ထိုသူများ၏ဥပဒေအရ အကယ်၍လူတစ်ဦးသည် ၎င်း၏လိမ်လည်မှုကို သိသွားပြီးနောက် မည်သည့်သက်သေသာဓကမျှ ၎င်းကိုမထောက်ခံခဲ့လျှင် ၎င်းအား သတ်ပစ်ကြလိမ့်မည်။ စိုက်ယိဒိနာ ယူနွတ်စ် a သည် ၎င်းအား လူလိမ်တစ်ဦးဟုကြေညာ၍ သတ်ပစ်လိမ့်မည်ဟူသောအသိက သောကရောက်စေခဲ့သည်။

မြင့်မြတ်သော တမန်တော်များသည် ပြစ်မှုဂုနာဟ်နှင့် အမိန့်ဖီဆန်ခြင်းမှ ကာကွယ်မှုပေးထားသည်။ သို့သော်လည်း လူသား၏သဘာဝနှင့် စိတ်ဓာတ်အရမူ အခြားသူများနှင့်မကွဲပြားပါ။ ထိုအချိန်တွင် စိုက်ယိဒိနာ ယူနွတ်စ် a သည် အလ္လာဟ်အရှင်မြတ် မိန့်တော်မူခဲ့သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့၍ ယင်းထုတ်ပြန်မှုသည် ၎င်းအား လူလိမ်တစ်ဦးအဖြစ် ကြေညာလိမ့်မည် ဖြစ်သောကြောင့် သဘာဝကျစွာ ဝမ်းနည်းပူဆွေးခဲ့ရသည်။ ဤအခြေအနေများအရ ဆိုလျှင် ၎င်းနေရာသို့ ၎င်းပြန်သွားနိုင်ရန်နှင့် သူ့လူများ၏ဥပဒေအရသတ်ဖြတ်ခံရမည့်အရေးကို မည်သို့စွန့်စားအံ့နည်း။ ဤစိုးရိမ်သောကနက်နဲမှုအရ ထိုမြို့မှထွက်ခွာသွားရန် ရည်စူး၍ မြေထဲပင်လယ်ကမ်းခြေအရောက် ထွက်ခွာလာခဲ့သည်။ ထိုနေရာတွင် လူများစီးလာသော လှေတစ်စင်းကိုတွေ့ခဲ့ရသည်။ စိုက်ယိဒိနာ ယူနွတ်စ် a ကို မှတ်မိသိရှိသွားကာ အခမဲ့စီးခွင့်ပြုခဲ့သည်။ လှေသည် ရွက်လွှင့်သွားခဲ့သည်။ သို့သော်လည်း ကမ်းခြေမှ ခွါသောအခါလှေသည် ရပ်တန့်သွားခဲ့သည်။ လှေသည် ရှေ့မတိုးနောက်မဆုတ် တန့်နေသည်။ လှေပေါ်မှလူများက ကြေညာချက်တစ်ခုပြုလုပ်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် သူတို့လှေကို အထူးပြုလုပ်ထားသည်ဟု ပြောခဲ့သည်။ အဖိနပ်ပိ၀ံ့ ပြစ်မှုဂုနာဟ် ကျူးလွန်သူတစ်ဦး (သို့မဟုတ်) ထွက်ပြေးတိမ်းရှောင်လာသော ကျွန်တစ်ဦးလှေပေါ်တက်လာလျှင် လှေသည် သူ့အလို လိုရပ်တန့်သွားသည်။ ထို့ကြောင့် ထိုသို့သောလူပါလာလျှင် ကိုယ့်ကိုကိုယ် ဖော်ပြပါ၊ သို့မှသာ ၎င်းသူတစ်ဦးကြောင့် အခြားသူများ ဒုက္ခမှကင်းဝေးပါလိမ့်မည်ဟု ပြောကြသည်။

စိုက်ယိဒိနာ ယူနွတ်စ် a က ၎င်းသည် ပြစ်မှုဂုနာဟ်ကျူးလွန်သူဖြစ်ကာ ထွက်ပြေးပုန်းရှောင် နေသောသူတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းမြို့ရွာမှစွန့်ခွာ၍ လှေပေါ်တက်ခြင်းသည် သဘာဝ အသိစိတ်၏ စေ့ဆော်မှုကြောင့်ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်၏ခွင့်ပြုချက်မပါသောကြောင့် စိုက်ယိဒိနာ ယူနွတ်စ် a သည် တမန်တော်တစ်ပါး အနေဖြင့် တည်ကြည်ခန့်ငြားသော အနေအထားရှိသဖြင့် လှေဆီသို့ ထိုခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်းသည် ပြစ်မှုဂုနာဟ်တစ်ခု ဖြစ်ကြောင်း ကြေညာရန်အတွက် တုန့်ဆိုင်းခြင်းမရှိခဲ့ပါ။ တမန်တော်တစ်ပါး၏ ရွေ့လျားမှုသည် အလ္လာဟ် အရှင်မြတ်၏ ခွင့်ပြုချက်မပါဘဲ ရွေ့လျားနိုင်ခြင်းမရှိဟူသည်မှာ ဥပဒေသဖြစ်သည်။ ထို့ကြောင့် တမန်တော်က "ကျွန်ုပ်ကို ပင်လယ်ထဲပစ်ချလိုက်ကြပါ။ သို့မှသာ ကျန်သူများပြစ်ဒဏ်ခတ်မှုမှ ကင်းလွတ်သွားပါလိမ့်မည်"ဟု

ပြောကြားခဲ့သည်။ လေ့ပေါ်မှလူများက ထိုသို့မလုပ်ခဲ့ကြပါ။ သူတို့သည် မဲနှိုက်၍ မဲကျသောသူကိုသာ ပင်လယ်ထဲပစ်ချလိုကြသည်။ကံအားလျော်စွာမဲနှိုက်ရာတွင်စိုက်ယိဒိနာယူနွတ်စ် a မဲပေါက်သွားခဲ့သည်။သူတို့စိတ်ရှုတ်သွားကြသည်။ ထို့ကြောင့် သူတို့သည် မဲကိုထပ်ကာတစ်လဲလဲနှိုက်ကြသည်။ သို့သော်လည်း အလ္လာဟ်အရှင့်ဆုံးဖြတ်ချက်အရ ထပ်ကာ တလဲလဲ ပေါ်ထွက်လာသောအမည်မှာ စိုက်ယိဒိနာ ယူနွတ်စ် a သခင်၏ အမည်ပင်ဖြစ်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်က ဤမဲနှိုက်ခြင်းနှင့် စိုက်ယိဒနာ ယူနွတ်စ် a သခင်အမည် မဲပေါက်ခြင်းဖြင့် လေ့ကုန်းပတ်ပေါ်မှ ပင်လယ်ထဲပစ်ချခံရသူ) ကို فَسَاهَمَ فَكَانَ مِنَ الْمُدْحَضِيْنَ "ထို့နောက် ထို "ယူနွတ်စ်" သည် (သင်္ဘောသားများ) မဲစာရေးတံချရာတွင် ပါဝင်မဲချစေခဲ့ရာ ၎င်းမှာ အရေးရှုံးနိမ့်သူဖြစ်ခဲ့ရလေ၏။ (၃၇း၁၄၁)"

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာ ယူနွတ်စ် a ကို ဤသို့ပြုမူဆက်ဆံခြင်းသည် အရှင်မြတ် တမန်တော်တစ်ပါး၏ အထူးအဆင့်အတန်းအရ ဖြစ်သည်။ ၎င်းသည် အမိန့်ဖီဆန်ခြင်း သို့မဟုတ် ပြစ်မှုဂုနာဟ် ဟုခေါ်ဆိုလောက်သော အလ္လာဟ်အရှင်မြတ်၏ မည်သည့်အမိန့်တော်ကိုမျှ ဖီလာဆန့်ကျင်မပြုလုပ်ခဲ့ပါ။ ထိုသို့သောလုပ်ရပ်မျိုးကိုလည်း မည်သည့် တမန်တော်တစ်ပါးပါး ထံမှလည်း ပေါ်ထွက်လာရန် အကြောင်းမရှိခဲ့။ အဘယ့်ကြောင့်ဆိုသော် တမန်တော်များသည် 'မအ်စူမ်' (အလ္လာဟ်အရှင်မြတ်၏ အကာအကွယ် စောင့်ရှောက်မှုပေးထားခံရသူ) များဖြစ်ကြသည်။ သို့သော်လည်း သဘာဝအလျောက် စိုးရိမ်ပူပန်မှုပေါ် အခြေခံကာ အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်းသည် တမန်တော်တစ်ပါး၏ မြင့်မားသော အဆင့်အတန်းနှင့် မလျော်ကန်ခဲ့။ ဤဂုဏ်သိက္ခာနှင့်ဆန့်ကျင်သည့် လုပ်ရပ်က မနှစ်မြို့မှုဖြစ်စေကာ အကျိုးသက်ရောက်မှုဖြစ်စေခဲ့ပါ။

တစ်ဘက်တွင် မဲနှိုက်ရန်အမည်များ ရေးမှတ်ထားခဲ့သည်။ မဲကျသူသည် ပစ်ချခံရန် ကုန်းပတ်ပေါ်တွင် စောင့်နေခဲ့ရသည်။ အခြားတစ်ဘက်တွင်မူ အလ္လာဟ်အရှင်မြတ်အမိန့်တော်အရ ငါးကြီးတစ်ကောင်သည် ပါးစပ်ဟကာ လေ့နားတွင်လှည့်ပတ်နေကာ မဲကျသူပစ်ချလိုက်လျှင် ဝမ်းဗိုက်ထဲတန်းဝင်နေရန် စောင့်စားလျက်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် ငါးကြီးကိုအမိန့်ပေးပြီးဖြစ်သည်မှာ စိုက်ယိဒိနာ ယူနွတ်စ် a ၏ခန္ဓာကိုယ်သည် ၎င်းငါး၏အစာအတွက် မဟုတ်ဘဲ တမန်တော်၏ ခဏတာအိမ်အဖြစ် ဖြစ်စေခြင်းဖြစ်သည်။ စိုက်ယိဒိနာ ယူနွတ်စ် a ကို ပင်လယ်အောက် ပစ်ချသောအခါ ငါးကြီးက ၎င်းကိုမျိုလိုက်သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗနိမတ်စ်အူးဒ် d က စိုက်ယိဒိနာ ယူနွတ်စ် a သည် ငါးကြီး၏ ဝမ်းဗိုက်ထဲတွင် ရက်ပေါင်းလေးဆယ်တိတိ နေထိုင်ခဲ့သည်ဟု ပြောခဲ့သည်။ ယင်းငါးကြီးက ပင်လယ်၏ ကြမ်းပြင်အောက်သို့လည်းကောင်း၊ ဝေးလံကျယ်ပြောသည့် ရေကြောင်းခရီးကိုလည်းကောင်း ပို့ပေးနိုင်ပါသည်။ တမန်တော်သည် ငါးကြီးဝမ်းဗိုက်ထဲနေထိုင်သော အချိန်ကာလကို ငါးရက်၊ တစ်ရက်နှင့် နာရီအနည်းငယ်မျှသာဟုလည်း တင်ပြထားကြသည်။ (မဇာဟီရီ)

ယင်းကိစ္စ၏ အမှန်တရားကို အလ္လာဟ်အရှင်မြတ်သာလျှင် သိတော်မူပေသည်။ ငါးကြီး၏ဝမ်းဗိုက် ထဲတွင် နေစဉ် စိုက်ယိဒိနာ ယူနွတ်စ် a သည် အောက်ပါဒုအာ တောင်းဆိုခဲ့သည်။ ဒုအာမှာ -

لَآ اِلٰهَ اِلَّآ اَنْتَ سُبْحٰنَكَ ۖ اِنِّيْ كُنْتُ مِنَ الظّٰلِمِيْنَ

"(အို-အလ္လာဟ်အရှင်မြတ်) အရှင်မြတ်မှတစ်ပါး ခဝပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိပါ။ အရှင်မြတ်သည် စင်ကြယ်သန့်ရှင်းတော်မူပါ၏။ ဇကန်မလွဲကျွန်တော်မျိုးသည်သာလျှင် အပြစ်ကျူးလွန်သူဖြစ်ပါ၏တကား။ (၂၁း၈၇)"

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒိနာ ယူနုတ်စ် a ၏ ဒုအာကို လက်ခံတော်မူကာ ၎င်းအား အန္တရာယ်မဖြစ်စေဘဲ အသက်ရှင်လျက် ကမ်းခြေသို့ ရောက်စေခဲ့ပါသည်။

သို့သော်လည်း ငါးကြီး၏ဝမ်းဗိုက်တွင်းမှ အပူရှိန်သည် စိုက်ယိဒိနာ ယူနုတ်စ် a ၏ ခန္ဓာကိုယ်မှ အမွေးအမျှင်များ ပြောင်တလင်းခါစေပါသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်အနီးတွင် နွယ်ပင် တစ်ပင်ပေါက်စေခဲ့သည်။ သစ်ရွက်များ၏အရိပ်သည်ပင် စိုက်ယိဒိနာ ယူနုတ်စ် a အတွက် ကောင်းချီး မင်္ဂလာတစ်ပါးဖြစ်သွားသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အရ တောဆိတ်တစ်ကောင်သည် တမန်တော်နို့သောက်စေနိုင်ရန် မနက်ပိုင်းနှင့် ညနေပိုင်းတိုင်းတွင် ၎င်းအနီးတွင်လာ၍ ရပ်ပေးသည်။

ထို့ကြောင့် စိုက်ယိဒိနာ ယူနုတ်စ် a သည် ၎င်း၏ချွတ်ချော်မှုကို သတိပေးပြီးဖြစ်ပါသည်။ နောက်ပိုင်းတွင် ၎င်း၏လူများကလည်း အဖြစ်အပျက် အလုံးစုံသိရှိသွားခဲ့ကြသည်။

ဤအဖြစ်အပျက် အကြောင်းအရာတွင် ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခဲ့သည့် အစိတ်အပိုင်းများသည်လည်းကောင်း၊ ဟဒီးဆ်တော်၏ ခိုင်လုံသောဆင့်ပြန်ချက်များသည်လည်းကောင်း၊ ဇကန်မလွှဲ အစစ်အမှန်ဖြစ်ကြောင်း သက်သေပြပါသည်။ ကျန်သောအကြောင်းအရာများမှာ သမိုင်းကြောင်း တင်ပြချက်မှဖြစ်ပြီး ယင်းတို့အပေါ်တွင် မည်သည့်အစွဲလာမ့်ဥပဒေသမှ အခြေခံခြင်းမရှိပါ။

အာယသ် (၉၉ - ၁၀၀)

وَلَوْ شَآءَ رَبُّكَ لَاٰمَنَ مَنْ فِي الْاَرْضِ كُلُّهُمْ جَمِيْعًا ؕ اَفَاَنْتَ تُكْرِهُ النَّاسَ حَتّٰى يَكُوْنُوْا مُؤْمِنِيْنَ ﴿۹۹﴾ وَمَا كَانَ لِنَفْسٍ اَنْ تُؤْمِنَ اِلَّا بِاِذْنِ اللّٰهِ ؕ وَيَجْعَلُ الرِّجْسَ عَلَى الَّذِيْنَ لَا يَعْقِلُوْنَ ﴿۱۰۰﴾

စင်စစ်သော်ကား အကယ်၍ အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကမ္ဘာမြေပေါ်ဝယ် ရှိရှိသမျှသောသူခပ်သိမ်းတို့သည် တပြိုင်နက် 'အီမာန်' သက်ဝင် ယုံကြည်သာ ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် လူတို့အား 'မုအ်မင်န်'သက်ဝင်ယုံကြည်သူများဖြစ်လာကြရန် အတင်းအကျပ် ပြုလုပ်နိုင်ပါသလော။ (၁၀း၉၉)

အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၏ အလိုတော်မရှိလျှင် မည်သူတစ်ဦးတစ်ယောက်မျှပင် အီမာန်သက်ဝင်ယုံကြည်နိုင်သည်မရှိချေ။ စင်စစ်မှာမူကား ထိုအရှင်မြတ်သည် အသိဉာဏ်ကို အသုံးမပြုသောသူတို့ အပေါ်၌သာလျှင် မစင်ကြယ်မှုကို သက်ရောက်စေတော်မူချေသတည်း။ (၁၀း၁၀၀)

အာယသ် (၁၀၁ - ၁၀၃)

قُلِ انْظُرُوْا مَاذَا فِي السَّمٰوٰتِ وَ الْاَرْضِ ؕ وَ مَا تُغْنِي الْاٰيٰتُ وَ النُّذُرُ عَنْ قَوْمٍ
لَّا يُؤْمِنُوْنَ ﴿۱۰۱﴾ فَهَلْ يَنْتَظِرُوْنَ اِلَّا مِثْلَ اَيَّامِ الَّذِيْنَ خَلَوْا مِنْ قَبْلِهِمْ ؕ قُلْ
فَانْتَظِرُوْا اِنِّيْ مَعَكُمْ مِّنَ الْمُنْتَظِرِيْنَ ﴿۱۰۲﴾ ثُمَّ نُنَجِّيْ رُسُلَنَا وَ الَّذِيْنَ اٰمَنُوْا
كَذٰلِكَ ۚ حَقًّا عَلَيْنَا نُنْجِ الْمُؤْمِنِيْنَ ﴿۱۰۳﴾

(အို-နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့) အသင်တို့သည် မိုးကောင်းကင်များ၌ လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ အဘယ်ကဲ့သို့သော အရာများရှိကြသည်ကို ကြည့်ရှု (ဆင်ခြင်)ကြလေကုန်။ စင်စစ်မူကား မယုံကြည်(လို)သောသူတို့အား သက်သေလက္ခဏာများသည်လည်းကောင်း၊ သတိပေးနှိုးဆော်ချက်များသည် လည်းကောင်း၊ အကျိုးပေးသည် မဟုတ်ချေ။(၁၀း၁၀၁)

သို့ပါလျက် ၎င်းတို့သည် မိမိတို့အလျင် လွန်လေပြီးခဲ့သော သူတို့၏ ဘေးအန္တရာယ်များကဲ့သို့သော ဘေးအန္တရယ်ကိုသာ မျှော်လင့်လျက်ရှိကြလေသလော။ (အို - နဗီတမန်တော်) အသင်သည် (၎င်းတို့အား အချင်းတို့) "ဤသို့ဖြစ်လျှင် အသင်တို့သည် မျှော်လင့်ကြလေကုန်။ ငါသည်လည်း အသင်တို့နှင့်အတူ မျှော်လင့်သူတို့အနက် တစ်ဦးအပါအဝင်ဖြစ်သည်" ဟု ပြောကြားပါလေ။ (၁၀း၁၀၂)

ထို့နောက် ငါအရှင်မြတ်သည် မိမိရစ္ခာလ် တမန်တော်များအား လည်းကောင်း၊ 'အီမာန်' သက်ဝင်ယုံကြည်ခဲ့ကြကုန်သော သူတို့အား လည်းကောင်း၊ ကယ်ဆယ်တော်မူလေ့ရှိခဲ့သည်။ ဤနည်းအတိုင်းပင် ငါအရှင်မြတ်အပေါ်၌ (ကယ်ဆယ်ရန်) တာဝန်တော်ရှိ၏။ ငါအရှင်မြတ်သည် 'မုအ်မင်န်' သက်ဝင်ယုံကြည်သောသူတို့အား ကယ်ဆယ်တော်မူပေမည်။ (၁၀း၁၀၃)

အာယသ် (၁၀၄ - ၁၀၇)

قُلْ يٰۤاَيُّهَا النَّاسُ اِنْ كُنْتُمْ فِيْ شَكٍّ مِّنْ دِيْنِيْ فَلَاۤ اَعْبُدُ الَّذِيْنَ تَعْبُدُوْنَ مِنْ
دُوْنِ اللّٰهِ وَ لٰكِنْ اَعْبُدُ اللّٰهَ الَّذِيْ يَتَوَفّٰىكُمْ ۖۗ وَ اُمِرْتُ اَنْ اَكُوْنَ مِنَ الْمُؤْمِنِيْنَ
﴿۱۰۴﴾ وَ اَنْ اَقِمْ وَجْهَكَ لِلدِّيْنِ حَنِيْفًا ۚ وَ لَا تَكُوْنَنَّ مِنَ الْمُشْرِكِيْنَ ﴿۱۰۵﴾ وَ
لَا تَدْعُ مِنْ دُوْنِ اللّٰهِ مَا لَا يَنْفَعُكَ وَ لَا يَضُرُّكَ ۚ فَاِنْ فَعَلْتَ فَاِنَّكَ اِذًا مِّنَ
الظّٰلِمِيْنَ ﴿۱۰۶﴾ وَ اِنْ يَّمْسَسْكَ اللّٰهُ بِضُرٍّ فَلَا كَاشِفَ لَهٗۤ اِلَّا هُوَ ۚ وَ اِنْ يُّرِدْكَ بِخَيْرٍ
فَلَا رَآدَّ لِفَضْلِهٖ ؕ يُصِيْبُ بِهٖ مَنْ يَّشَآءُ مِنْ عِبَادِهٖ ؕ وَ هُوَ الْغَفُوْرُ الرَّحِيْمُ ﴿۱۰۷﴾

(အိ - နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ "အိ - လူအပေါင်းတို့ အကယ်၍ အသင်တို့သည်ငါ၏ ဒီန်သာသနာ တော်နှင့်စပ်လျဉ်း၍ ဒွိဟသံသယ၌ (နစ်မွန်းလျက်) ရှိကြပါမူ၊ ငါသည် အသင်တို့ အလွှာဟ်အရှင်မြတ်အား စွန့်လွှတ်၍ ကိုးကွယ်ဆည်းကပ် လျှက်ရှိကြသည်ကို ကိုးကွယ်ဆည်းကပ်သည် မဟုတ် ပေ။ စင်စစ်မှာမူကား ငါသည် အသင်တို့၏ အသက်ဇီဝိန်ကို နှုတ်သိမ်းတော်မူသော အလွှာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ဆည်းကပ်ပေသည်။ ထိုမှတစ်ပါး ငါသည် မုအ်မင်နှ် သက်ဝင်ယုံကြည်သူတို့တွင် တစ်ဦးအပါအဝင်ဖြစ်ရန် (အလွှာဟ်အရှင်မြတ် အထံတော် မှ) အမိန့်ပေးခြင်းခံခဲ့ရလေသတည်း။ (၁၀း၁၀၄)

ထို့ပြင် မိမိမျက်နှာကို 'ဒီန်' သာသနာတော်ဘက်သို့ သဒ္ဓါ ကြည်ဖြူစွာလှည့်ထားပါလေ။ ထိုမှတစ်ပါး အသင်သည် 'မုရှ်ရစ်က်' တို့တွင် အပါအဝင်မဖြစ်ပါလေနှင့် (ဟူ၍လည်း အမိန့်တော်ရရှိ၏)။ (၁၀း၁၀၅)

ၔင်းပြင် အသင်သည် အလွှာဟ်အရှင်မြတ်အပြင် မိမိအားအကျိုး လည်းမဖြစ်ထွန်းစေနိုင်သော၊ အကျိုးယုတ်စေခြင်းကိုလည်း မပြုနိုင် စွမ်းသောအရာများကို ဟစ်ခေါ်ခြင်း မပြုပါလေနှင့်၊ တစ်ဖန်အကယ်၍ အသင်သည် ပြုမိခဲ့ပါသော် ဇကန်စင်စစ် အသင်သည် ထိုသို့ပြုမိသောကြောင့် (မိမိကိုယ်ကိုမိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းသူတို့တွင် အပါအဝင်ဖြစ်သွားပေမည် (ဟူ၍လည်း အမိန့်တော်ရရှိ၏။) (၁၀း၁၀၆)

စင်စစ်သော်ကား အကယ်၍သာ အလွှာဟ်အရှင်မြတ်သည် အသင့်၌ အန္တရာယ်တစ်စုံတစ်ရာကို သက်ရောက်စေတော်မူပါလျှင် ထိုအရှင်မြတ်မှတစ်ပါး ထိုအန္တရာယ်ကို ကင်းဝေးစေခဲ့သောသူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ထိုနည်းတူစွာ အကယ်၍ ထိုအရှင်မြတ်သည် အသင့်၌ တစ်စုံတစ်ရာသော အကျိုးကျေးဇူးတော်ကို (ဖြစ်ထွန်းစေရန်) ရည်စူးတော်မူပါလျှင် ထိုအရှင်မြတ်၏ ကျေးဇူးတော်ကို တွန်းလှန်ပယ်ရှားနိုင်သူလည်း တစ်ဦးတစ်ယောက်မျှပင်မရှိချေ။ ထိုအရှင်မြတ်သည် မိမိကျွန်များအနက်မှ မိမိအလိုရှိတော်မူသော သူ၌ ထိုကျေးဇူးတော်ကို သက်ရောက်စေတော်မူသည်။ စင်စစ်တစ်မူကား ထိုအရှင်မြတ်သည် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့်ပေး သနားတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာတော်မူသော အရှင်ဖြစ်တော်မူပေသတည်း။ (၁၀း၁၀၇)

အာယသ် (၁၀၈ - ၁၀၉)

قُلْ يٰٓاَيُّهَا النَّاسُ قَدْ جَآءَكُمُ الْحَقُّ مِنْ رَّبِّكُمْ ۚ فَمَنِ اهْتَدٰى فَاِنَّمَا يَهْتَدِيْ لِنَفْسِهٖ ۚ وَمَنْ ضَلَّ فَاِنَّمَا يَضِلُّ عَلَيْهَا ۚ وَمَآ اَنَا عَلَيْكُمْ بِوَكِيْلٍ ﴿۱۰۸﴾ وَاتَّبِعْ مَا يُوْحٰٓى اِلَيْكَ وَاصْبِرْ حَتّٰى يَحْكُمَ اللّٰهُ ۚ وَهُوَ خَيْرُ الْحٰكِمِيْنَ ﴿۱۰۹﴾

(အို-နဗီတမန်တော်) အသင်သည် (ဤသို့တစ်ဖန်) ပြောကြားပါလေ။ အို-လူအပေါင်းတို့ အမှန်စင်စစ် အသင်တို့ထံ အသင်တို့၏ အရှင်မြတ်အထံတော်မှ အမှန်တရားသည် ရောက်ရှိလာခဲ့လေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို တရားလမ်းမှန်ကို ရရှိခဲ့ပါလျှင် ထိုသူသည် မိမိအကျိုးငှာ တရားလမ်းမှန်ကို ရရှိခဲ့သည်ပင်။ ထိုနည်းတူစွာ မည်သူမဆို လမ်းမှားခဲ့ပါမူ ထိုသူသည် မိမိကိုယ်နှင့်ဆန့်ကျင်၍သာ လမ်းမှားခဲ့သည်ပင်။ စင်စစ်ငါသည် အသင်တို့အပေါ်၌ တာဝန်ခံမဟုတ်ချေ တကား။ (၁၀း၁၀၈)

ထို့ပြင်(အို-နဗီတမန်တော်)အသင်သည် မိမိထံထုတ်ပြန်တော်မူခြင်းခံရသော'ဝဟီ' အမိန့်တော်ကိုသာ လိုက်နာပါလေ။ ၎င်းပြင် အသင်သည် အလ္လာဟ်အရှင်မြတ် စီရင်ဆုံးဖြတ်တော်မူသည် အထိ သည်းခံ၍နေပါလေ။ စင်စစ်သော်ကား ထိုအရှင်မြတ်သည် အကောင်းဆုံးစီရင်ဆုံးဖြတ်တော်မူသောအရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။(၁၀း၁၀၉)

ဤတွင် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် တမန်တော် ယူနွတ်စ် a
အကြောင်းပါဝင်သည့် အကျယ်ဖွင့်ဆိုခြင်းကို မြန်မာဘာသာသို့ပြန်ဆို၍
ဟစ်ဂျ်ရီခုနှစ် ၁၄၃၂-ခုနှစ်၊ ဂျမာဒီလ်အူလာ (၁၃)ရက် (အင်္ဂါနေ့)၊
၂၀၁၁-ခုနှစ်၊ မေလ (၁၇)ရက်နေ့တွင် ပြီးစီးသည်။



سُورَةُ هُودٍ



ခန္ဓာကိုယ်



رکوعاتها ۱۰ ۱۱ سُوْرَةُ هُوْدٍ مَكِّيَّةٌ ۵۲ اٰیاتها ۱۲۳

ဟူရဟ်ဟူးဒ်

ဟူရဟ်ဟူးဒ်သည် မက္ကဝီရဟ်ဖြစ်ပြီး အာယသ် (၁၂၃)နှင့် ရကူ (၁၀)ခုပါသည်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

အနန္တကရုဏာရှင်ဖြစ်တော်မူသော အလွန်တရာသနားကြင်နာညာတာတော်မူသော
အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

အာယသ် (၁-၅)

الٓرٰ ۟ كِتٰبٌ اُحْكِمَتْ اٰيٰتُهٗ ثُمَّ فُصِّلَتْ مِنْ لَّدُنْ حَكِيْمٍ خَبِيْرٍ ۙ﴿۱﴾ اَلَّا تَعْبُدُوْۤا
اِلَّا اللّٰهَ ؕ اِنَّنِيْ لَكُمْ مِّنْهُ نَذِيْرٌ وَّ بَشِيْرٌ ۙ﴿۲﴾ وَّ اَنِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْۤا
اِلَيْهِ يُمَتِّعْكُمْ مَّتَاعًا حَسَنًا اِلٰۤى اَجَلٍ مُّسَمًّى وَّ يُؤْتِ كُلَّ ذِيْ فَضْلٍ فَضْلَهٗ ؕ وَ
اِنْ تَوَلَّوْا فَاِنِّيْۤ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيْرٍ ﴿۳﴾ اِلَى اللّٰهِ مَرْجِعُكُمْ ۚ وَ
هُوَ عَلٰى كُلِّ شَيْءٍ قَدِيْرٌ ﴿۴﴾ اَلَاۤ اِنَّهُمْ يَثْنُوْنَ صُدُوْرَهُمْ لِيَسْتَخْفُوْا مِنْهُ ؕ اَلَا
حِيْنَ يَسْتَغْشُوْنَ ثِيَابَهُمْ ۙ يَعْلَمُ مَا يُسِرُّوْنَ وَ مَا يُعْلِنُوْنَ ۚ اِنَّهٗ عَلِيْمٌۢ بِذَاتِ
الصُّدُوْرِ ﴿۵﴾

အလစ်ဖ်၊လာမ်၊ရာ။ ဤသည် အကြောင်ကျမ်းဂန်တော် တစ်ဆူတည်း။ ထိုကျမ်းဂန်၏ အာယသ်တော်များသည် မြဲမြံ၊ ခိုင်ခံ့အောင်ပြုလုပ်ပြီး ဖြစ်ချေသည်။ ထို့ပြင်တစ်ဝ ထိုအာယသ်တော်များသည် ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော၊ အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်အထံတော်မှ အသေးစိတ် ရှင်းလင်းဖော်ပြပြီး ဖြစ်ပေသည်။ (၁၁း၁)

အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး တစ်စုံတစ်ရာကိုမျှ မကိုးကွယ်မဆည်းကပ်ကြကုန်လင့်။ ဧကန်စင်စစ် ငါသည် အသင်တို့အဖို့ ထိုအရှင်မြတ်ထံတော်မှ သတိပေးနှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းယူလာသူ ဖြစ်ပေသတည်း။ (၁၁း၂)

ထို့ပြင် အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် လွတ်ပြိမ်းချမ်းသာခွင့် ပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့သည် ထိုအရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်လျက် ရှိကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား သတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် ကောင်းမွန်လှစွာသော စည်းစိမ်များကို ခံစားစေတော်မူမည်။ ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အကျင့်အမူ

အားဖြင့် ပိုမိုသောသူတိုင်းကို ငင်း၏ပိုမို(၍ရထိုက်)သောအကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ သို့ရာတွင် အကယ်၍ အသင်တို့သည် မျက်နှာလွှဲဖယ်လျက်ပင် ရှိကြပါလျှင် ငါသည် အသင်တို့နှင့်ပတ်သက်၍ ကြီးကျယ်သောနေ့၏ ပြစ်ဒဏ်ကို စိုးရိမ်လေသည်။ (၁၁း၃)

အသင်တို့၏ပြန်လည်ခြင်းသည် အလွှာဟ်အရှင်မြတ်အထံတော်သို့ပင် ဖြစ်၏။ ငင်းပြင် ထိုအရှင်မြတ်သည် အရာခပ်သိမ်းတို့ကို ပြုစွမ်းနိုင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၄)

သတိပြုကြလေကုန်၊ ဇကန်မလွဲ ငင်းတို့သည် (မိမိတို့၏စကားများကို) အလွှာဟ် အရှင်မြတ်အပေါ်၌ လှုံ့ဆော်ဖုံးအုပ်နိုင်ကြရန် မိမိတို့၏ရင်ဘတ်(စိတ်)ကို ခေါက်ကြလေသည်။ သတိပြုကြ လေကုန်။ ထိုသူတို့သည် မိမိတို့၏အဝတ်အထည်များကို လွှမ်းခြုံကြသောအခါ(၌လည်း) ထိုအရှင်မြတ်သည် ထိုသူတို့ ဖုံးကွယ်ထားကြသည်များကို လည်းကောင်း၊ ယင်းသူတို့ ထင်ရှားစေကြသည်များကိုလည်းကောင်း သိရှိတော်မူ၏။ ဇကန်စင်စစ် ထိုအရှင်မြတ်သည် ရင်ဘတ်(စိတ်)စိတ်များဝယ် ကိန်းအောင်းလျက်ရှိသည်တို့ကို အကြွင်းမဲ့သိမြင် တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၅)

အကျယ်ဖွင့်ဆိုခြင်း

စူရတ်ဟူးဒ်သည် အလွှာဟ်အရှင်မြတ် မနှစ်မြို့ဖွယ်ရာဖြစ်သော ပြစ်မှုများကြောင့် ပေါ်ပေါက်သော ပြစ်ဒဏ်ခတ်မှုအမျိုးမျိုး အစုလိုက်၊ အပြုံလိုက် ကျရောက်စေသည့် အကြောင်းများဖော်ပြသည့် စူရာဟ်များအနက်မှ တစ်ခုဖြစ်သည်။ ယင်းနှင့် အတူတရားစီရင်မည့်နေ့၏ ကြောက်မက်ဖွယ်အဖြစ်အပျက်များနှင့် ယင်း၏ရလဒ်အနေဖြင့် တစ်ဦးချင်းစီ၏ ဆုလာဘ် ရမှုနှင့် ပြစ်ဒဏ်ခတ်မှုခံရမည့်အကြောင်း အတုမရှိတင်ပြထားသော တင်ပြပုံဖြစ်သည်။

ဤအကြောင်းကြောင့် တမန်တော်မြတ် S ၏ မုတ်ဆိတ်မှ မုတ်ဆိတ်မွေးအချို့သည် မြင်သာအောင် ဖြူဖွေးနေသောအခါ၌ စိုက်ယိဒိနာအဗူဘာကရ် d က ငင်း၏စိုးရိမ်ပူပန်မှုကိုဖော်ထုတ်၍ "ယာရစူလွလွာဟ် ကိုယ်တော်မြတ် အိုမင်းလာပါပြီ"ဟုပြောဆိုခဲ့သည်။ ကိုယ်တော်မြတ် S က "စူရာဟ်ဟူးဒ်က ငါကိုယ်တော်ကို အိုမင်းရင့်ရော်စေပါသည်" ဟူ၍မိန့်တော်မူခဲ့သည်။ စူရာဟ်ဟူးဒ်နှင့်အတူ စူရာဟ်အလ်ဝါကီအာဟ်၊ အလ်မုရ်စလာတ်၊ အမ္မယတစာအလူမ်(စူရာဟ်အန်နဇာအ်)နှင့် အတ်သတ်က်ဝီရ်တို့သည်လည်း ပါဝင်ကြောင်း ဆင့်ပြန်ချက်များ ရှိပေသည်။ (အလ်ဟကီးမ်နှင့် သိရ်မီဇီတို့တွဲတင်ပြထားခဲ့သည်။)

အထက်ဖော်ပြပါ ဟဒီးဆ်တော်နှင့်ဆက်စပ်၍ ဖော်ပြထားသော အဓိပ္ပာယ်ဆိုလိုရင်းမှာ ဤအကြောင်းများကြောင့်ပေါ်ထွက်လာသည့် အံ့သြဖွယ်ရာနှင့် ကြောက်မက်ဖွယ်ရာများက အိုမင်းရင့်ရော်သည့် လက္ခဏာများပေါ်ထွက်စေကြောင်း မီးမောင်းထိုးပြသည်။

စူရာဟ်၏ ပထမအာယသ်မှာ الر (အလိဖ်၊လာမ်၊ရာ) ဟူသည့် အက္ခရာများဖြင့် ဖွင့်ထားသည်။ ဤသည်

တို့မှာ သီးခြားအကွရာများဖြစ်ကာ ယင်းတို့၏အဓိပ္ပာယ်မှာ အလွှာဟ်အရှင်မြတ်နှင့် အရှင်မြတ်ရစူလ်တို့ ကြားရှိ လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။ အခြားသူများကို အသိပေးထားခြင်း မရှိပါ။ အသိမပေးရုံမျှမက ယင်းတို့နှင့်ပတ်သက်၍ ပူပင်သောကရောက်ခြင်းကိုပင်လျှင် တားမြစ်ပိတ်ပင်ထားသည်။

ယင်းနောက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ပတ်သက်၍မိန့်ထားသည်မှာ ကျမ်းမြတ်ပါအာယသ်များသည် "မုဟ်ကာမ်" (မြဲမြံခိုင်ခံ့)စေရန် ပြုလုပ်ထားသည်။ محكم (မုဟ်ကာမ်) ဟူသောစကားလုံးသည် احكام (အိဟ်ကာမ်) ဟူသော စကားလုံးမှဆင်းသက်လာကာ စကားလုံးထဲတွင်လည်းကောင်း၊ အဓိပ္ပာယ်ထဲတွင်လည်းကောင်း မည်သည့်အမှားအယွင်း၊မည်သည့်မညီညွတ်မှုမှ မရှိစေရန်အတွက်မှန်ကန်စွာချိန်ဆထားသည့်အဓိပ္ပာယ်ရှိသောပြောဆိုချက်ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုမှုအပေါ် အခြေခံ၍ ဤအာယသ်များသည် "မုဟ်ကာမ်" (မြဲမြံခိုင်ခံ့စေခြင်း)သို့မဟုတ် (အတည်ပြုထားခြင်း)က ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်သည် ဤအာယသ်များကို စကားလုံးများတွင် မည်သည့်မှားယွင်းမှု (သို့မဟုတ်) အဓိပ္ပာယ်တွင် မညီမညွတ်ဖြစ်မှု (သို့မဟုတ်) ချို့ယွင်းမှု (သို့မဟုတ်) အမှားအယွင်း မည်သို့မျှမရှိစေရန် ပြုလုပ်ထားသည်။ (ကုရ်သုဗီ)

ထို့အပြင် စိုက်ယိဒိနာအဗ်ဒုလ္လာဟ်အိဗ်နေ့အဗားစ် d က ပြောသည်မှာ ဤနေရာပါ"မုဟ်ကာမ်" (မြဲမြံခိုင်ခံ့ခြင်း)သည် 'မန်စူးခ်'(ပယ်ဖျက်ရုပ်သိမ်းသည်)နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဆိုလိုသည်မှာ အစောပိုင်း ကျမ်းစာများဖြစ်သော သောင်ရားသ်၊ အင်နဂျီလ်စသည်တို့ကို ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ပြီး ပယ်ဖျက်ရုပ်သိမ်းခဲ့သကဲ့သို့ ကုရ်အာန် ကျမ်းတော်မြတ်ပါ အာယသ်အားလုံးကို မပယ်ဖျက်မရုပ်သိမ်းဘဲ တည်တံ့ခိုင်မြဲစေခဲ့ပါသည်။ သို့သော်လည်း ဤကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ပြီးနောက် တမန်တော်များ ပွင့်ပေါ်ခြင်း၊ ဝဟီများ ကျရောက်ခြင်း ကွင်းဆက်များ အဆုံးသတ်သွားသောကြောင့် ဤကျမ်းတော်မြတ်ကို ကိယာမသ်နေ့တိုင် ပယ်ဖျက်ရုပ်သိမ်းလိမ့်မည် မဟုတ်ချေ။ (ကုရ်သုဗီ)ကုရ်အာန်ကျမ်းတော်မြတ်ပါ အချို့ အာယသ်တို့ကို ကုရ်အာန်ကျမ်းမြတ် ကပင် ပယ်ဖျက်ရုပ်သိမ်းခြင်းသည် ဤသည်နှင့်မဆန့်ကျင်ချေ။

ဤအာယသ်တော်ထဲတွင်ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ နောက်ထပ်ထူးခြားမှုကို ثُمَّ فُصِّلَتْ (စွမ္မ ဖုဆ္ဆ ဆွိလာတ်)ဆိုလိုသည်မှာ "ထို့ပြင်တစ်ဝ ထိုအာယသ်တော်များသည် အသေးစိတ်ရှင်းလင်းဖော်ပြ ပြီးဖြစ်၏" ဟူ၍ဖြစ်သည်။ သဖိစီရ် (သို့မဟုတ်) အသေးစိတ်ရှင်းလင်းဖော်ပြခြင်း၏ စစ်မှန်သောဆိုလိုရင်းမှာ တစ်ခုနှင့်တစ်ခုကို ပေါ်လွင်ထင်ရှားစေရန်အလို့ငှာ အရာနှစ်ခုကို တစ်သီးတစ်ခြားစီထားခြင်း ဟူ၍ဖြစ်သည်။ ဤအကြောင်းကြောင့် သာမန်အရဗီစာအုပ်များပါ အမျိုးမျိုးသော ကဏ္ဍများတွင်(ဖစ်လ်)သင်္ကေတဖြင့် ခေါင်းစဉ် တပ်ထားသည်။ ဤနေရာ၌အာယသ်များကို အသေးစိတ်ရှင်းလင်း ဖော်ပြခြင်းက အီမာန်ယုံကြည်ချက်များ၊ ခဝပ်ကိုးကွယ်မှုအပြုအမူများ၊ ဆက်ဆံရေးများ၊ လူနေမှုကိုယ်ကျင့်တရားများ စသည်တို့နှင့်ပတ်သက်သောအာယသ်များအား တစ်ခုစီတစ်ခုစီ ခွဲခြား၍ ရှင်းလင်းစွာ ဖော်ပြထားခြင်းဟု ဆိုလိုနိုင်သေးသည်။

ယင်းကဆိုနိုင်သေးသည်မှာ အလွှာဟ်အရှင်မြတ်နှင့်ပတ်သက်လျှင် ကုရ်အာန်ကျမ်းတော်မြတ်တစ်စောင်လုံးကို ထိန်းသိမ်းထားသော သင်ပုန်း(လောင်ဟေမဟ်ဖူးဇ်)တွင် ထည့်သွင်းထားပြီးဖြစ်သည်။ သို့သော်လည်း နောက်ပိုင်း၌ယင်းကျမ်းတော်မြတ်ကို နိုင်ငံများနှင့်လူမျိုးများ၏တည်ရှိနေသော ကွဲပြားခြားနားသည့် အခြေအနေအရ လိုအပ်ချက်အရ ယင်းကျမ်းတော်ကို နည်းနည်းချင်းနည်းနည်းချင်း အကြိမ်များစွာ ချပေးတော်မူခဲ့သည်။ ယင်းသို့ ပြုလုပ်ခြင်း

က ကျမ်းတော်ကိုထိန်းသိမ်းစောင့်ရှောက်မှုနှင့် ကျမ်းတော်ပါအတိုင်း လိုက်နာကျင့်သုံးရန် သက်သာ လွယ် ကူ နိုင်ပေသည်။

ယင်းနောက် مِنْ لَّدُنْ حَكِيْمٍ خَبِيْرٍ ဟူ၍ မိန့်ထားသည်။ ဆိုလိုသည်မှာ ဤအာသယ်တော်အားလုံးသည် အကြွင်းမဲ့ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အကြွင်းမဲ့သိမြင်တော်မူသော မြင့်မြတ်တော်မူသည့် အရှင်မြတ်ထံမှ ကျရောက်တော်မူသည်ဟူ၍ ဖြစ်သည်။ တစ်နည်းဆိုရသော် အရှင်မြတ်ထံမှ ကျရောက်သည်တိုင်းမှာ အသိပညာနှင့် ဆိုင်သော တွေးတောဆင်ခြင်မှု မြောက်မြားစွာ ထည့်သွင်းထားသည်။ ထိုအရာအားလုံးကို ခြုံငုံမိစေရန် လူသား များအတွက် မဖြစ်နိုင်ချေ။ အသွင်အမျိုးမျိုးရှိသော ဤစကြဝဠာထဲတွင် တည်ရှိနေသော ယခုပစ္စုပ္ပန်တွင်ရှိသော (သို့မဟုတ်) နောင်အနာဂတ်တွင်ရှိမည့် အဝိုင်းအစတိုင်းကို ထိုအရှင်မြတ်က ပြည့်ပြည့်စုံစုံ သိမြင်တော်မူသည်။ ထိုအရာများအားလုံး၏ တည်ရှိမှု အခြေအနေနှင့် နောင်တွင်တည်ရှိနေမှု အခြေအနေအားလုံးကို သိရှိကာ ယင်းတို့ကို အမြဲမျက်ခြေမပြတ်စေဘဲ ယင်းတို့နှင့် ပတ်သက်သည့် အမိန့်တော်များ ထုတ်ပြန်နေလျက်ရှိသည်။ ဤကဲ့သို့ လုပ် ဆောင်မှုမှာ လူသားများလုပ်ဆောင်သည်နှင့်မတူချေ။ လူသားသည် မည်မျှ အသိဉာဏ်ကြွယ်ကာ မည်မျှ တော်၍ အတွေ့အကြုံရှိပါစေ၊ ၎င်းတို့၏ဆင်ခြင်တုံတရားနှင့် အသိအမြင်သည် ကန့်သတ်ထားသော ရည်ညွှန်းမှု ဘောင်ဖြင့် ဖုံးထားသည်။ သူတို့၏အတွေ့အကြုံဆိုသည်မှာ ၎င်းတို့ပတ်ဝန်းကျင်ရှိ အရာများ၏ ရလဒ်ဖြစ်သည်။ ယင်းနောက် ဤအတွေ့အကြုံသည် အနာဂတ်၏ အမျိုးမျိုးသောအချိန်နှင့် အခြေအနေများတွင် မည်သည်တို့ဖြစ်လာမည်ဆိုခြင်း နှင့်ပတ်သက်လျှင် မကောင်းမြင်ကြောင်း သက်သေပြရုံမျှမက မှားတောင် မှားယွင်းတတ်လေသည်။

[စိတ်ဝင်စားဖွယ် ကောင်းသည်မှာ ဦးကဖွင့်ဆိုသူ စူးစမ်းလေ့လာမှုသည် တစ်ကမ္ဘာလုံး၌ အနာဂတ်ကာလမှာ ဖြစ်ပျက်လာမည့် ကိစ္စရပ်ကို ပြုလုပ်နေသည့် ကျမ်းကျင်သော ပညာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဟိုစပ်စပ် ဒီစပ်စပ် လုပ်သူများ (ပါကစ္စတန် အပါအဝင်) တို့ကိုဆိုလိုသည်။ (ဘာသာပြန်သူ)]

ဒုတိယအာယသ်မှစ၍ သောင်ဟီးဒ် အလွှာဟ်တစ်ပါးတည်း တည်ရှိခြင်းဆိုသည့် အလွန်အရေးကြီးကာ အဦးဆုံးဖြစ်သော အကြောင်းအရာ တစ်ခု၏ အသေးစိတ်ကို ဖော်ပြခြင်းဖြစ်သည်။ اَلَّا تَعْبُدُوْٓا اِلَّا اللّٰهَ "အသင်တို့သည် အလွှာဟ်အရှင်မြတ်မှတစ်ပါး တစ်စုံတစ်ရာကိုမျှ မကိုးကွယ်မဆည်းကပ်ကြကုန်လင့်" ဟုမိန့်ဆိုထားသည်။ ယင်းက ဆိုလို သည်မှာ ဤအာယသ်များတွင် ဖော်ပြထားသောအကြောင်းအရာများအနက် အလွှာဟ်အရှင် တစ်ပါးတည်းမှအပ အခြားမည်သည့်တစ်စုံတစ်ရာကိုမျှ မကိုးကွယ်မဆည်းကပ်ရဟူသည်က အရေးပါဆုံးနှင့် အဦးဆုံးဖြစ်သည်။

ယင်းနောက် اِنَّنِيْ لَكُمْ مِّنْهُ نَذِيْرٌ وَّ بَشِيْرٌ ဧကန်စင်စစ် ငါသည်အသင်တို့အဖို့ ထိုအရှင်မြတ်ထံတော်မှ သတိပေးနှိုးဆော်သူနှင့် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းယူလာသူ ဖြစ်ပေသတည်း"ဟု မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ မြင့်မြတ်သောအလွှာဟ်အရှင့်တမန်တော်(ﷺ)သည် ဤအာယသ်များမှတစ်ဆင့် တစ်ကမ္ဘာလုံးအား သတိပေးချက် (အမိန့်ဖီဆန်ခြင်း)အတွက် သတိပေးချက်တစ်ရပ် သယ်ဆောင်လာသူနှင့် ကောင်းသတင်းများ (ဤဘဝနှင့် နောင်တမလွန်ဘဝ၏ ကောင်းချီးမင်္ဂလာများ)သယ်ဆောင်လာသူတစ်ဦး ဖြစ်ကြောင်းပြောပြရန် အမိန့် ပေးထားသည်။

نَذِيْر(နဇီးရ်)ဟူသော စကားလုံးသည် တစ်စုံတစ်ဦး၏နှလုံးသားထဲသို့ တစ်စုံတစ်ရာအတွက် ကြောက်ရွံ့ စိတ်ထည့်သွင်းသူဟု ဆိုလိုလေ့ရှိသည်။ သို့သော်လည်း ဤစကားလုံးကို အန္တရာယ်ပြုစေသော ရန်သူ (သို့မဟုတ်) သားရဲတိရစ္ဆာန် (သို့မဟုတ်) အခြားအရာများတို့ကြောင့် ကြောက်စိတ်ပေါ်ထွက်စေမှုကို ဖော်ညွှန်းရန် သုံးနှုန်းမထားပါ။

နဇီးရ်ဟူသောစကားလုံးမှာ တစ်စုံတစ်ဦးအပေါ် ချစ်ခင်မြတ်နိုးမှုကြောင့် အန္တရာယ်ဖြစ်စေသည့် အရာများမှ သတိပေးခြင်းနှင့် အကာအကွယ်ပေးခြင်း ပြုလုပ်သော သူတစ်ဦးအတွက် ရည်ညွှန်းသုံးနှုန်းသည်။ ဤအရာများသည် ဤကမ္ဘာလောကတွင် အန္တရာယ် ဖြစ်စေသကဲ့သို့ နောင်တမလွန်ဘဝ၌လည်း အန္တရာယ် ဖြစ်စေနိုင်သည်။

ကုရ်အာန်ကျမ်းမြတ် အာယသ်တော်များတွင် ပေးထားခဲ့သည့် ညွှန်ကြားချက်များအနက် ဒုတိယ ညွှန်ကြားချက်ကို တတိယအာယသ်ထဲတွင် **وَ اَنِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْۤا اِلَيْهِ** "ထို့အပြင် အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြလေကုန်"ဟု ဖော်ပြထားသည်။ ဆိုလိုသည်မှာ မြဲမြံခိုင်ခံ့၍ အဓိပ္ပာယ်အတည်ပြုပြီးသော ဤအာယသ်များထဲ၌ အလ္လာဟ့်ကျေးကျွန်များသည် အလ္လာဟ်အရှင့် ရှေ့တော်မှောက်တွင် သူတို့အတွက် ခွင့်လွှတ်မှုတောင်းခံခြင်းနှင့် သောင်ဝ်ဗဟ်ပြုလုပ်ခြင်းများ လုပ်ဆောင်ရမည်ဟု အလ္လာဟ်အရှင်မြတ်က ညွှန်ကြားထားသည်။ ခွင့်လွှတ်ချမ်းသာပေးမှု (မဂ်ဖိရသ်)သည် အတိတ်က ပြစ်မှုဂုနာဟ်နှင့် သက်ဆိုင်၍ သောင်ဝ်ဗဟ် ဝန်ချတောင်းပန်မှုသည် ယင်းဂုနာဟ်အပြစ်များဆီသို့ မသွားရောက်တော့ ဟူသော အဓိဋ္ဌာန်ပြုချက်နှင့် သက်ဆိုင်သည်။ ထို့နောက် အမှန်တကယ်တွင် မှန်ကန်၍ စစ်မှန်သော သောင်ဝ်ဗဟ်ဆိုသည်မှာ အတိတ်မှ ပြစ်မှုဂုနာဟ်များအတွက် အရှက်ရခြင်း၊ ထိုအပြစ်ဂုနာဟ်များမှ ခွင့်လွှတ်မှုရရန် အလ္လာဟ်အရှင်မြတ်ထံတွင် ဆုတောင်းပတ္ထနာပြုခြင်းနှင့် အနာဂတ်တွင် ယင်းဂုနာဟ်အပြစ်များ ထပ်မံမပြုလုပ်တော့ကြောင်း စွဲမြဲစွာ အဓိဋ္ဌာန်ပြုခြင်း ဖြစ်သည်။ ထို့ကြောင့် ဖြောင့်မတ်မှန်ကန်သော အကြီးအကဲ အချို့ကပြောသည်မှာ စွဲမြဲသော အဓိဋ္ဌာန်မပြုဘဲ အလ္လာဟ်အရှင်မြတ်ထံ နူတ်အားဖြင့်သာ ခွင့်လွှတ်ချမ်းသာမှု တောင်းခံခြင်း၊ အနာဂတ်တွင် ပြစ်မှုဂုနာဟ်များမှ ကင်းရှင်းစွာ နေရန်အတွက် လိုအပ်သော အစီအစဉ်မရှိဘဲ သောင်ဝ်ဗဟ်ဝန်ချတောင်းပန်ခြင်းသည် လူလိမ်များ (အလ်ကုဇ်ရာဗင်)၏ သောင်ဝ်ဗဟ်ပင်ဖြစ်သည်။(ကုရ်သုဇီ) သို့မဟုတ်လျှင် ကဗျာလင်္ကာဖြင့်တင်ပြထားသည်မှာ-

معصیت راخندہ می آید بر استغفار ما

"ပြစ်မှုဂုနာဟ်သည် ကျွန်ုပ်၏ခွင့်လွှတ်တောင်းပန်မှု(ဟန်ပန်)ကိုကြည့်၍ ရယ်မောကြသည်။ (သို့မဟုတ်) ယင်းသို့ဝန်ချတောင်းပန်ခြင်းသည် ဝန်ချတောင်းပန်မှုဟု မခေါ်ဆိုထိုက်ပါ။"

ယင်းနောက် ဤဒွန္ဒယာနှင့် အာခိရသ်တွင် အောင်မြင်မှု၏ အကောင်းဆုံးအသီးအပွင့်၏ ကောင်းသတင်းများသည် သောင်ဝ်ဗဟ်ပြု၍ ဝန်ချတောင်းပန်သူများအား မိန့်ထားသည်မှာ- **يُمَتِّعْكُمْ مَّتَاعًا حَسَنًا اِلٰۤى اَجَلٍ مُّسَمًّى** "ထို အရှင်မြတ်သည် အသင်တို့အားသတ်မှတ်ပြီးဖြစ်သော အချိန်ကာလတိုင်အောင် ကောင်းမွန်လှစွာသော စည်းစိမ်များကို ခံစားစေတော်မူမည်"ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့၏ အတိတ်မှပြစ်မှုဂုနာဟ်များအတွက် မှန်ကန်စွာ ခွင့်လွှတ်မှုတောင်းခံခြင်း၊ အနာဂတ်တွင် ယင်းပြစ်မှုဂုနာဟ်များမှရှောင်ကျဉ်ရန် စွဲမြဲစွာ သန္နဋ္ဌာန်ချခြင်း၊ ယင်းသန္နဋ္ဌာန်အတိုင်း ပြုမူဆောင်ရွက်သောသူများကို ၎င်းတို့၏အမှားအတွက် ခွင့်လွှတ်ရုံမျှမက ကောင်းသော ဘဝတစ်ခုဖြင့် ကောင်းချီး မင်္ဂလာပေးခံရမည်ဟူ၍ ဖြစ်သည်။ ထို့နောက် ဤနေရာပါ 'ဘဝ'ဟူသည်မှာ ယေဘုယျအဓိပ္ပာယ်သုံးနှုန်းထားသဖြင့် ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတို့ပါ အကျုံးဝင်သည်။ ထိုကဲ့သို့သောသူများအကြောင်း ကုရ်အာန် ကျမ်းတော်မြတ်၏ အခြားနေရာတွင် **لَنُحْيِيَنَّهٗ حَيٰوةً طَيِّبَةً** "မလွဲမေကန် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်းစင်ကြယ်သော အသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်"(၁၆း၉၇) ဟူ၍မိန့်ဆိုထားသည်။ ဋီကာရှင်အများစု၏ စူးစမ်းစစ်ဆေးမှုအရ ဤအာယသ်ထဲတွင်လည်း ဒွန္ဒယာနှင့်အာခိရသ်၏ဘဝနှစ်ခုစလုံး အကျုံးဝင်စေသည်။

ဤအကြောင်းအရာကို စူရတ်နူဟ်တွင် သာပို ရှင်းလင်းထားခဲ့သည်။ ဦးတည်ပြောကြားခြင်း ခံရသူများသည် လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံသူများ ဖြစ်ကြသည်။ يُّرْسِلِ السَّمَآءَ عَلَيْكُمْ مِّدْرَارًا وَّ يُمْدِدْكُمْ بِاَمْوَالٍ وَّ بَنِيْنَ وَ يَجْعَلْ لَّكُمْ جَنّٰتٍ وَّ يَجْعَلْ لَّكُمْ اَنْهٰرًا (အကယ်၍ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ထံမှ လွတ်ငြိမ်းချမ်းသာခွင့် စစ်မှန်စွာ တောင်းခံခဲ့လျှင်) ထိုအရှင်မြတ်သည် အသင်တို့အပေါ်ဝယ် မြောက်မြားစွာရွာသွန်းသောမိုး (အရှင်မြတ်၏ အကြင်နာမိုး)ကို စေလွှတ်တော်မူပေမည်။ ၎င်းပြင် ထိုအရှင်မြတ်သည် အသင်တို့အား ပစ္စည်းဥစ္စာများ(ချီးမြှင့်တော်မူခြင်းအား) ဖြင့်လည်းကောင်း၊ သား(သမီး)များ(ချီးမြှင့်တော်မူခြင်းအား)ဖြင့်လည်းကောင်း စောင်မကူညီတော်မူပေမည်။ ထို့အပြင် အသင်တို့အဖို့ ဥယျာဉ်များကို ဖန်ဆင်း၍ပေးသနားတော်မူသည့်အပြင် ယင်းသူတို့အဖို့ ချောင်းများကိုလည်း စီးတွေစေတော်မူမည်။ (၇၁း၁၁-၁၂)" ဟုမိန့်ထားသည်။ အကြင်နာမိုးများနှင့် ဥစ္စာပစ္စည်း၊သားသမီး များ၏ကောင်းချီးမင်္ဂလာများဆိုသည်တို့မှာ လက်ရှိကမ္ဘာလောက၏ဘဝနှင့် သက်ဆိုင်သည်။

ထို့ကြောင့် ဋီကာရှင်အများအပြားက مَتَاعًا حَسَنًا "ကောင်းမွန်လှစွာသော စည်းစိမ်များ"ဟူသော အသုံးအနှုန်းက လောကီဆိုင်ရာစည်းစိမ်များကို ဆိုလိုသည်။ ထိုဋီကာရှင်များအဆိုအရ အဓိပ္ပာယ်မှာ- "အသင်တို့၏ ခွင့်လွှတ်မှုတောင်းခံခြင်းနှင့် ဝန်ချတောင်းပန်ခြင်း၏ ရလဒ်ကြောင့် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ကို စားနပ်ရိက္ခာတိုးပွားမှု၊ စည်းစိမ်ချမ်းသာဖြစ်မှုအတွက် လွယ်ကူသောနည်းလမ်းများနှင့် ဘေးအန္တရာယ်ဆိုး ကပ်ဘေးဆိုးတို့မှ အသင်တို့အား ကာကွယ်ခြင်းများဖြင့်လည်းကောင်း ကောင်းချီး မင်္ဂလာပေးလိမ့်မည်။ ထို့ပြင် ဤလောကီဘဝသည် တစ်နေ့တွင် အဆုံးသတ်ရမည်ဖြစ်ကာ စည်းစိမ်ချမ်းသာသည် သဘာဝတရား၏ ဥပဒေအရ ထာဝရမဖြစ်နိုင်ပါ။ ထို့ကြောင့် اِلٰى اَجَلٍ مُّسَمًّى (သတ်မှတ်ပြီးသောအချိန်ကာလတိုင်အောင်)ဟူသော သတိပေးချက်ထည့်ထားခြင်းက လက်ရှိလောကီ ကမ္ဘာရှိ ကောင်းမွန်သော စည်းစိမ်ချမ်းသာများသည် သီးသန့်အချိန် အထိသာဖြစ်သည်။ ဆိုလိုသည်မှာ မသေမီထိ ဖြစ်သည်။ နောက်ဆုံးမှာ သေခြင်းတရားသည် ဤအရာများအားလုံးကို ဖယ်ရှားပစ်ပါလိမ့်မည်။ သို့ရာတွင် ဤ "သေခြင်းတရား" ပြီးနောက် အခြားကမ္ဘာ၏ဘဝ စတင်ပါလိမ့်မည်။ ထိုတွင် လည်း ဝန်ချတောင်းပန်၍ ခွင့်လွှတ်ခြင်း တောင်းခံသူများအတွက် ထာဝရစည်းစိမ်ချမ်းသာများရရှိလိမ့်မည်။

ထို့နောက် စဟ်လ်အိဗ်နေအဗ်ဒွလ္လာဟ်ﷺသခင်ကပြောသည်မှာ "ကောင်းမွန်လှစွာသော စည်းစိမ်များကို ခံစားစေတော်မူမည်"၏ အဓိပ္ပာယ်သည်ကား တစ်စုံတစ်ဦး၏ ဂရုစိုက်မှုသည် ဖန်ဆင်းခံကိုရှောင်၍ ဖန်ဆင်းရှင်ပေါ်တွင်သာ စွဲစွဲမြဲမြဲရှိခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အချို့သောအလ္လာဟ့်အချစ်တော်များက ပြောခဲ့သည်မှာ "ကောင်းမွန်လှစွာသောစည်းစိမ်များ"၏ စစ်မှန်ချက်သည် ရှိသည်နှင့်ရောင့်ရဲ၍ မရှိသည်တို့အပေါ် သောက မရောက်ခြင်း" ဖြစ်သည်။ တစ်နည်းဆိုရသော် ဤကမ္ဘာလောကတွင် တစ်စုံတစ်ဦးသည် လွယ်လင့်တကူရသည်များဖြင့် ကျေနပ်ရောင့်ရဲကာ မရသည်များကို ရရှိရန် အသည်းအသန် မပြုလုပ်သင့်ချေ။

ဝန်ချတောင်းပန်၍ ခွင့်လွှတ်မှုတောင်းခံသူတို့အတွက် ပေးထားခဲ့သည့်ကောင်းသတင်းများဖြစ်သော ဒုတိယအချက်ကို وَ يُؤْتِ كُلَّ ذِيْ فَضْلٍ فَضْلَهٗ "ထိုမှတစ်ပါး ထိုအရှင်မြတ်သည် အကျင့်အမူအားဖြင့်ပိုမိုသောသူတိုင်းကို ၎င်း၏ပိုမို(၍ရထိုက်)သော အကျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်"ဟု မိန့်ထားသည်။ ဤနေရာပါ ပထမစကားလုံး **فضل** (ဖသ်လ်-ပိုမိုသောအကျိုး)ဟူသော စကားလုံးက တစ်စုံတစ်ရာကောင်းမှုလုပ်ရပ်ကို ရည်ညွှန်းသကဲ့သို့ ဒုတိယစကားလုံး (ဖသ်လ်)က ဂျန္နသ်သုခဘုံဟု ခေါ်သည့် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်ကျက်သရေတော်(သို့မဟုတ်) ရက်ရောမှုဟု ဖော်ပြသည်။ ရိုးရှင်းစွာတင်ပြရလျှင် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုကောင်းရာ လုပ်ဆောင်သူ

တိုင်းအား အရှင်မြတ်၏ ဂုဏ်ကျက်သရေတော်ဖြစ်သည့် ဂျန္နသ်သုခဘုံနှင့် ကောင်းချီးမင်္ဂလာပေးပါလိမ့်မည်။

ဒွန္နယာနှင့် အာခိရသ် နှစ်ခုစလုံးတွင် ကောင်းမွန်သော ဘဝအတွက် ကတိပြုချက်သည် ပထမဝါကျ၌ ပါဝင်၍ ဂျန္နသ်သုခဘုံ၏ ထာဝရကောင်းချီး မင်္ဂလာအကြောင်းကို ဒုတိယဝါကျတွင် ဖော်ပြထားသည်။ ထို့နောက် **وَاِنْ تَوَلَّوْا فَاِنِّيْٓ اَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيْرٍ** "သို့ရာတွင် အကယ်၍အသင်တို့သည် မျက်နှာလွှဲဖယ်လျက်ပင် ရှိကြပါလျှင် ငါသည်အသင်တို့နှင့်ပတ်သက်၍ ကြီးကျယ်သော နေ့၏ပြစ်ဒဏ်ကို စိုးရိမ်လေသည်"ဟု မိန့်ထားလေသည်။ ဆိုလိုသည်မှာ "အကယ်၍ အသင်တို့ကိုပေးသော ကောင်းမြတ်သည့်အကြံဉာဏ်ကို မျက်ကွယ်ပြု၍ အသင်တို့၏ အတိတ်က ပြစ်မှုအတွက် ခွင့်လွှတ်မှု တောင်းခံခြင်းမပြုလုပ်ခဲ့၊ အနာဂတ်တွင် ပြစ်မှုဂုနာဟ်များမှလည်း ကင်းရှင်းစွာမနေခဲ့လျှင် နေ့ကြီးတစ်နေ့တွင် အသင်တို့သည် ပြစ်ဒဏ်ခတ်ခံရမည်မှာ ဖြစ်နိုင်ချေများပေသည်။ ယင်းနေ့ကြီးတစ်နေ့ဆိုသည်မှာ ကိယာမသ်နေ့ကို ရည်ညွှန်းသည်။ ယင်းနေ့တစ်နေ့သည် နှစ်ပေါင်းတစ်ထောင်ကြာညောင်း၍ ယင်းနေ့တွင် ပေါ်ထွက်လာမည့် နိမိတ် မကောင်းခြင်းသည် စိုးရိမ် ကြောက်ရွံ့ဖွယ်ဖြစ်သည်။

ပဉ္စမအာယသ်ထဲတွင် အကြောင်းအရာကို ပိုမိုအလေးအနက်ပြုထားခဲ့သည်။ လူသားသည် ကြိုက်ရာ လုပ်ပါစေ၊ သူစိတ်ကူးရသည့်နည်းဖြင့် နေထိုင်ပါစေ၊ သို့သော်လည်း အဆုံးစွန်တွင် သေဆုံးသည်နှင့် တစ်ပြိုင်နက် လူသားသည် အလွှာဟ်အရှင်မြတ်ထံ ပြန်ရမည်ဖြစ်ကာ ထိုအရှင်မြတ်သည် အရာရာတိုင်းအပေါ် ဩဇာအာဏာ ရှိတော်မူလေသည်။ သေဆုံးပြီးနောက် မြေမှုန့်ဖြစ်ကာ ယင်းအမှုန့်များပေါင်းစည်း၍ လူသားစင်စစ် တစ်ဖန်ပြန်လည် ဖြစ်စေရန် မှာကား အလွှာဟ်အရှင်မြတ်အတွက် မခဲယဉ်းချေ။

ဆဋ္ဌမအာယသ်ထဲတွင် အရေခြုံများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏လုပ်ရပ်ကို မှားယွင်းကြောင်းငြင်းပယ်ထားသည်။ ထိုသူတို့သည် တမန်တော်မြတ် S အပေါ် ရန်လိုမှုနှင့် တမန်တော်မြတ်ကို ဆန့်ကျင်သည့်လုပ်ရပ်များအား ၎င်းတို့ကျွမ်းကျင်သရွေ့ အယောင်ဖျောက်ထားသည်။ သူတို့နှလုံးသားများသည် မနာလိုဝန်တိုမှုနှင့်ရန်လိုမှုများဖြင့် တောက်လောင်နေသော်လည်း အပြင်ပန်းတွင်မူ အေးချမ်းသာယာ နေပါသည်။ ၎င်းတို့၏ စစ်မှန်သောသရုပ်နှင့်ရည်ရွယ်ချက်ကို ဖုံးကွယ်ရန်အလို့ငှာ အမျိုးမျိုးသော ဖုံးကွယ်မှုများ ရှာဖွေကြပါသည်။ ထို့နောက် သူတို့အမှန်တကယ် မည်သူများဖြစ်၍ သူတို့အမှန်ဘာလုပ်မည်ဆိုသည်ကို လူတိုင်းသိမည်မဟုတ်ဟု မှန်းဆ၍ ထင်မြင်ယူဆထားသည်။ သို့သော်လည်း အမှန်တွင်မူ အလွှာဟ်အရှင်မြတ်သည် အရာအားလုံးကို သိရှိတော်မူသည်။ ၎င်းတို့ဖွင့်ဟထားသည်ကို ဖြစ်စေ၊ အဝတ်အထည်များ၊ အဖုံးအကာများ၊ ကန့်လန့်ကာများဖြင့် ဖုံးအုပ်ထားသည်တို့ကို သိရှိတော်မူကြောင်း **اِنَّهٗ عَلِيْمٌۢ بِذَاتِ الصُّدُوْرِ** "ဇကာစင်စစ် ထိုအရှင်မြတ်သည် ရင်ဘတ်(စိတ်)များဝယ် ကိန်းအောင်းလျက်ရှိသည်တို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသတည်း။" ဟူ၍ မိန့်ထားသည်။

အာယသ်(၆-၈)

وَ مَا مِنْ دَآبَّةٍ فِی الْاَرْضِ اِلَّا عَلَی اللّٰهِ رِزْقُهَا وَ یَعْلَمُ مُسْتَقَرَّهَا وَ مُسْتَوْدَعَهَا ؕ كُلٌّ فِیْ كِتٰبٍ مُّبِیْنٍ ۝۶ وَ هُوَ الَّذِیْ خَلَقَ السَّمٰوٰتِ وَ الْاَرْضَ فِیْ سِتَّةِ اَیَّامٍ وَّ كَانَ عَرْشُهٗ عَلَی الْمَآءِ لِیَبْلُوَكُمْ اَیُّكُمْ اَحْسَنُ عَمَلًا ؕ وَ لَئِنْ قُلْتَ اِنَّكُمْ مَّبْعُوْثُوْنَ مِنْۢ بَعْدِ الْمَوْتِ لَیَقُوْلَنَّ الَّذِیْنَ كَفَرُوْۤا اِنْ هٰذَاۤ اِلَّا سِحْرٌ مُّبِیْنٌ ۝۷ وَ لَئِنْ اَخَّرْنَا عَنْهُمُ الْعَذَابَ اِلٰۤی اُمَّةٍ مَّعْدُوْدَةٍ لَّیَقُوْلُنَّ مَا یَحْبِسُهٗ ؕ اَلَا یَوْمَ یَاْتِیْهِمْ لَیْسَ مَصْرُوْفًا عَنْهُمْ وَ حَاقَ بِهِمْ مَّا كَانُوْا بِهٖ یَسْتَهْزِءُوْنَ ۝۸

အမှန်သော်ကား ကမ္ဘာမြေဝယ်ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာ ပေးသနားတော်မူရန် အလွန်ဟ်အရှင်မြတ်အပေါ်၌ တာဝန်ဖြစ်လေသည်။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသတ္တဝါများ၏ တာရှည်နေထိုင်ရာဌာနများကို လည်းကောင်း၊ ခဏတွေနေထိုင်ရာဌာနများကို လည်းကောင်း သိရှိတော်မူပေသည်။ အလုံးစုံတို့ကား ထင်ရှားလှစွာသော (မှတ်တမ်း)တွင် (လည်း ရေးသားပြီး) ရှိနေပေသတည်း။ (၁၁း၆)

၎င်းပြင် ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကို လည်းကောင်း ခြောက်ရက်တွင် ဖန်ဆင်းတော်မူခဲ့လေသည်။ စင်စစ်သော်ကား (ထိုမိုးကောင်းကင်များနှင့် ပထဝီမြေကို ဖန်ဆင်းတော်မမူမီက) ထိုအရှင်မြတ်၏ "အရိ်ရှ်" ပလ္လင်တော်သည် ရေပေါ်၌ရှိခဲ့လေသည်။ (ယင်းကဲ့သို့ မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ မိုးနှင့်မြေ စပ်ကြားဝယ် ရှိရှိသမျှသောသက်ရှိသက်မဲ့တို့ကိုလည်းကောင်း ဖန်ဆင်းတော်မူခြင်းကား) ထိုအရှင်မြတ်သည် အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့်လည်းကောင်း အကောင်းဆုံး ဖြစ်သည်ကို စမ်းသပ်တော်မူအံ့သောငှာ ဖြစ်ပေသည်။ အမှန်သော်ကား အကယ်၍အသင် တို့သည် (လူများအား)ဇကန်စင်စစ် အသင်တို့သည် သေပြီးနောက် ရှင်ပြန်ထကြရမည့်သူများပင် ဖြစ်သည်ဟု ပြောဆိုခဲ့ပါလျှင် (၎င်းတို့အနက်) "ကာဖိရ်" မယုံကြည်သွေဖည် ငြင်းပယ်သောသူတို့က ထင်ရှားလှစွာသော စုန်းပဃောဂအတတ်မျှပင်ဖြစ်သည်ဟူ၍ ပြောဆိုကြမည်မှာ ဇကန်မလွဲတည်း။ (၁၁း၇)

၎င်းပြင် အကယ်၍ ငါအရှင်မြတ်သည်ပြစ်ဒဏ်ကိုငင်းတို့အပေါ်မှ ရေတွက်သတ်မှတ်ထားပြီး ဖြစ်သော အချိန်ကာလတိုင်အောင် ရွှေ့ဆိုင်း၍ထားတော်မူခဲ့ပါလျှင်၊ ၎င်းတို့သည် ထိုပြစ်ဒဏ်ကို မည်သည့်အရာက ချုပ်၍ထားဘိသနည်းဟူ၍ မုချပြောဆိုကြလေသည်။ သတိပြုကြလေကုန်။ ထိုပြစ်ဒဏ်သည် ၎င်းတို့ထံရောက်ရှိလာမည့်နေ့တွင် ၎င်းတို့အပေါ်မှ လွှဲဖယ်သွားမည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့ ပျက်ချော်ပြောင်လှောင်လျက်ရှိကြကုန်သောပြစ်ဒဏ်သည် ၎င်းတို့အား ဝိုင်းဝန်း၍ထားရှိပေမည်။ (၁၁း၈)

အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သောအာယသ်များတွင် အလ္လာဟ်အရှင်မြတ်၏ အရာရာတိုင်းအပေါ် လွှမ်းခြုံသိမြင်နိုင်သည့် ဟစ်ကမသ် ဉာဏ်တော်အကြောင်းနှင့် စကြဝဠာအတွင်းရှိ အသေးငယ်ဆုံးသောအရာဝတ္ထုလေးမှစ၍ နလုံးသားများထဲတွင် ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များသည်ပင် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဖုံးကွယ်မရကြောင်း ဖော်ပြထားသည်။ ဤသည်နှင့်ညီညွတ်စွာ ပထမအာယသ်တော်-၆တွင် လူသားများ၏ စားနပ်ရိက္ခာထောက်ပံ့ရေးတာဝန်ကို အလ္လာဟ် အရှင်မြတ်ကိုယ်တိုင် တာဝန်ယူထားသည် ဟူသော လူသားများကို ပေးအပ်ထားသည့် အကြီးမားဆုံးသောကျေးဇူးပြု မှုတစ်ခုအကြောင်း ဖော်ပြထားသည်။ ထို့နောက် ဤကျေးဇူးပြုမှုမှာ လူသားကိုသာလျှင် ဘောင်ခတ်ကန့်သတ်မထားပါ။ ယင်းကိုကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါတိုင်းကို ရစေပါသည်။ ယင်းတို့အတွက် စားနပ်ရိက္ခာမှာ ၎င်းတို့နေထိုင်သည့်နေရာ (သို့မဟုတ်) သွားလာသည့်နေရာ တို့တွင် ရစေပါသည်။ အဖြစ်အပျက်ထိုသို့ရှိသောကြောင့် မယုံကြည်သွေဖည်ငြင်း ပယ်သူများနှင့် အရေခြုံများသည် အလ္လာဟ်အရှင်မြတ်ထံမှ ဤအရာများလာကြောင်းကို ဖုံးကွယ်ရန်ရည်ရွယ်၍ ကြိုးပမ်းမှုမှာ ၎င်းတို့၏မသိနားမလည်မှုနှင့် အသိဉာဏ်ကင်းမဲ့မှုကြောင့်မှအပ အခြားမရှိချေ။ ထို့ပြင် ယေဘုယျသဘောမှတ်ယူမည် ဆိုလျှင် ယင်းထဲတွင် သားရဲတိရစ္ဆာန်များ၊ ကျေးငှက်များ၊ ပိုးမွှားများ၊ မြေပေါ်နှင့်ရေထဲရှိ တိရစ္ဆာန် အားလုံး ပါဝင်သည်။ ဤယေဘုယျကို ခိုင်မာစေရန် **مِن** မင်နှိပ်ဟူသောစကားလုံးကို **وَ مَا مِنْ دَآبَّةٍ** "အမှန်သော်ကား ကမ္ဘာမြေပေါ်ဝယ်ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့ကို" ဟူသောစာသားတွင် ဖြည့်ထားသည်။ ဒဗ်ဗာဟ်ဆို သည်မှာ ကမ္ဘာပေါ်တွင် သွားလာလှုပ်ရှားသည့် မည်သည့်အဖန်ဆင်းခံကိုမဆို ဆိုလိုသည်။ ငှက်များ အကျုံးဝင်စေရ ခြင်းမှာ ၎င်းတို့အသိုက်များကို ပထဝီမြေကြီး၏တစ်နေရာတွင်တည်ရှိ သောကြောင့်ဖြစ်သည်။ ရေနေသတ္တဝါများ သည်လည်း ကမ္ဘာမြေကြီး၏မျက်နှာပြင်နှင့် အဆက်အစပ်ရှိသည်မှာ လျှို့ဝှက်ချက်မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ် သည် ထိုသို့သောသက်ရှိပို့စ်အားလုံးအတွက် စားနပ်ရိက္ခာ ရရှိစေရေး တာဝန်ယူထားကြောင်းကို တစ်စုံတစ်ဦးအပေါ် တာဝန်တင်ရှိသည်ဆိုသည့်သဘော သက်ရောက်သော စကားလုံးများဖြင့် ဖော်ပြထားသည်။ **عَلَى اللهِ رِزْقُهَا** "သက်ရှိ သတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာပေးသနားတော်မူရန် အလ္လာဟ်အရှင်မြတ်အပေါ်၌ တာဝန်ဖြစ်ပေသည်။" မိန့်ထား သည်။ အလ္လာဟ်အရှင်မြတ်အပေါ်တွင် မည်သည့်ဩဇာအာဏာကမျှ ထိကဲ့သို့သောတာဝန် မတင်ရှိနိုင်သည်မှာ ထင် ရှားသည်။ အမှန်ဖြစ်ပျက်ခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် အရှင်မြတ်၏ကျေးဇူးတော်နှင့် ကရုဏာတော် အရ ဤကတိတော်ပြုခဲ့သည်။ သို့သော်လည်း ဤကတိတော်ကို စစ်မှန်၍ ကြင်နာသနားတော်မူ သည့်အရှင်တစ်ပါး တည်းက ပြုလုပ်ခဲ့သည်။ ကတိတော်နှင့်ဆန့်ကျင်သည့်အရာများ ဖြစ်ပေါ်နိုင်ချေ လုံးဝမရှိချေ။ ဤသည်မှာ ဇကန်မုချ ဖြစ်သည်။ ဤသေချာမှုဖော်ပြရန် ဤနေရာ၌ **على** ('အလာ'-အပေါ်)ဟူသည့် စကားလုံးထည့်ထားသည်။ ထိုစကားလုံး သည် တာဝန်ဝတ္တရားများဖော်ပြရန် သုံးနှုန်းသော်လည်း အလ္လာဟ်အရှင်မြတ်သည် မည်သူ တစ်ဦးတစ်ယောက်ထံမှ အမိန့်မယူရသကဲ့သို့ အရှင်မြတ်သည် တစ်စုံတစ်ရာအတွက် မပြုမနေရတာဝန် မတင်ရှိချေ။

အဘိဓာန်အရ **رزق** ရိဇ်က်(စားနပ်ရိက္ခာ)က ဆိုလိုသည်မှာ သတ္တဝါတစ်ဦးသည် ယင်းအတွက် အစား အသောက် ရှာဖွေရယူကာ ယင်းအစားအစာဖြင့် ခန္ဓာကိုယ်ကြီးထွားစေပြီး ဝိညာဉ်ကိုရှင်သန်စေပါသည်။

"ရိဇ်က်"၏ ဝေါဟာရ အဓိပ္ပာယ်အရ ယင်းကိုရှိနေခြင်းအားဖြင့် ထိုသူသည် ယင်းအားပိုင်ဆိုင်သူဟု မဆို ထိုက်ပါ။ အဘယ့်ကြောင့်ဆိုသော် "ရိဇ်က်"အား သတ္တဝါအားလုံးကို ပေးထားပါသည်။ သို့ရာတွင် ထိုသတ္တဝါအားလုံး သည် "ရိဇ်က်"၏ ပိုင်ရှင်မဟုတ်ပါ။ သတ္တဝါများကို ပိုင်ရှင်များအဖြစ် မသတ်မှတ်ထားပါ။ အလားတူစွာပင် ကလေး

သူငယ် များအား သူတို့အတွက် "ရိဇ်က်"ပေးထားသည်။ သို့ရာတွင် သူတို့သည် "ရိဇ်က်" ပိုင်ရှင်မဟုတ်ပါ။

"ရိဇ်က်"၏ ယေဘုယျအဓိပ္ပာယ်အရ အိုလမာသာသနာ့ပညာရှင်များကပြောကြသည်မှာ "ရိဇ်က်"သည် ဟလာလ် (တရားဝင်)ဖြစ်နိုင်သကဲ့သို့ (ဟရာမ်) တရားမဝင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အခြားသူ တစ်ဦးပိုင်ဆိုင်သည်ကို တစ်စုံတစ်ဦးကစားသုံးခဲ့ပါက ယင်းပစ္စည်းသည် သူ့အတွက် အစားအစာဖြစ်သွားသော်လည်း စားသောက်ခြင်းမှာမူ တရားမဝင်ဖြစ်သွားသည်။ အကယ်၍ ဤသူသည် လောဘကြောင့်ဖြစ်ပေါ်လာသော မတရား သည့်နည်းများ မသုံးခဲ့ပါလျှင် သူသည် သူ့အတွက် သတ်မှတ်သိမ်းဆည်းထားသော ဟလာလ် (တရားဝင်) "ရိဇ်က်"ကို ရရှိနိုင်ပါသည်။

ရိဇ်က်သည် အလ္လာဟ်အရှင်မြတ်၏ တာဝန်ဖြစ်သည် ဆိုသည်နှင့် ပတ်သက်သော သံသယတစ်ခုကို ဖယ်ရှားခြင်း

ဤတွင် မေးစရာတစ်ခု ပေါ်လာပါသည်။ အလ္လာဟ်အရှင်မြတ်၏ အဖန်ဆင်းခံအားလုံးအတွက် အစားအသောက်ရရှိစေခြင်းဟူသည့် တာဝန်ယူထားခဲ့ပါလျှင် အစာရေစာမရရှိနိုင်ခြင်းကြောင့်၊ များစွာသော တိရစ္ဆာန်များနှင့် လူသားများ အစာရေစာငတ်မွတ်ခေါင်းပါးခြင်းဖြင့် အဘယ့်ကြောင့် သေဆုံးကြပါသနည်း။ အိုလမာသာသနာ့ ပညာရှင်တို့က အဖြေအတော်များများ ပေးထားပါသည်။

ဖြစ်နိုင်ချေရှိသောအဖြေတစ်ခုမှာ သတ်မှတ်ထားသောအချိန်တစ်ခုအတွက်သာဖြစ်ပါသည်။ (ဆိုလိုသည်မှာ လူဘဝသက်တမ်း၏အချိန်များ ကုန်ဆုံးသည်အထိသာဖြစ်ပါသည်။ ဤအချိန်များကုန်ဆုံး သွားသည့်အခါ၌ တစ်စုံတစ်ဦးသေဆုံးရကာ ဤကမ္ဘာလောကမှထွက်ခွာရပါသည်။ သေဆုံးရသည့်အကြောင်းများသည် ရောဂါဘယများ၊ မီးလောင်ကျွမ်းခြင်း၊ ရေနစ်ခြင်း၊ ထိခိုက်ဒဏ်ရာ အနာတရတို့ ဖြစ်ကြပါသည်။ အလားတူစွာပင် "ရိဇ်က်"တင်ရှိ နေသော သူအပေါ်၌ "ရိဇ်က်"ရပ်တန့်သွားသောကြောင့် သေဆုံးရခြင်းလည်း ဖြစ်ပါသည်။

ဤအာယသ်နှင့်ပတ်သက်၍ သူ၏မှတ်ချက်များပေးရာ၌ အိမာမ်အလ်ကုရ်သုဗီအား ဗနအလ်အရှ်ရ်ရ မျိုးနွယ်စုမှ အဗူမူဆာ၊အဗူမာလစ်က်နှင့် အခြားသူများနှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ပြောပြခဲ့ပါသည်။ ဤသူများ ၎င်းတို့ဟစ်ဂျရသ်ပြုခါ၊ မြင့်မြတ်သောမဒီနဟ်မြို့သို့ ရောက်ရှိသောအခါ၌ ခရီးအတွက်ပါလာသော ငွေကြေးများ ပြတ်လပ်သွားခဲ့ပါသည်။ ထိုသူများက ၎င်းတို့အနက်မှ လူတစ်ဦးတစ်ယောက်အား တမန်တော်မြတ်ကြီးက သူတို့အတွက် အစားအသောက်များစီမံပေးလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် တမန်တော်မြတ်ဆံသို့ စေလွှတ်ခဲ့သည်။ ဤလူသည် တမန်တော်မြတ်ကြီး၏တံခါးဝသို့ရောက်သောအခါ၌ တမန်တော်မြတ် ﷺ က **وَ مَا مِنْ دَآبَّةٍ فِي الْاَرْضِ اِلَّا عَلَى اللّٰهِ رِزْقُهَا** "အမှန်သော်ကား ကမ္ဘာမြေဝယ် ရှိရှိသမျှသော သက်ရှိသတ္တဝါအပေါင်းတို့ကို စားနပ်ရိက္ခာပေးသနား တော်မူရန် အလ္လာဟ်အရှင်မြတ်အပေါ်၌ တာဝန်ဖြစ်ပေသည်။"ဟူသော အာယသ်ဖတ်ရွတ်နေသည်ကို ကြားခဲ့ရသည်။ ဤအာယသ်တော်ကို ကြားရသောအခါ၌၊ သူကတွေးမိသည်မှာ အလ္လာဟ်အရှင်ကိုယ်တော်တိုင် လူသားကို ဖြစ်စေ၊ လူမဟုတ်သည်များကိုဖြစ်စေ၊ အလုံးစုံသော သက်ရှိပို့စ်တို့အတွက် "ရိဇ်က်"ရရှိစေရေးဟူသည့် တာဝန်ကို ယူထားခဲ့သောကြောင့် ကျွန်ုပ်တို့ "အရှရီ"မျိုးနွယ်စုဝင်များသည်လည်း အလ္လာဟ်အရှင့်အမြင်၌ သတ္တဝါများထက် နိမ့်ကျလှသော သူများမဟုတ်ဟူ၍ဖြစ်သည်။ အရှင်သည် မုချဇကန် ကျွန်ုပ်တို့အား "ရိဇ်က်"ပေးသနားတော်မူပါ

လိမ့်မည်။ ဤအတွေးဖြင့် သူသည် တံခါးဝမှ လှည့်ပြန်သွားခဲ့ပါသည်။ သူလာရောက်ရသည့်အကြောင်းကိုလည်း တမန်တော်မြတ် S ထံ မလျှောက်တင်ခဲ့ပါ။ သူသည် သူ၏မျိုးနွယ်စုများထံသို့ ပြန်လည်ရောက်ရှိသောအခါ၌ သူက ပြောသည်မှာ "ကျွန်ုပ်၏ မိတ်ဆွေများ ဝမ်းသာကြပါတော့။အသင်တို့အတွက် အလွန်ဟ်အရှင်မြတ်၏ အကူအညီ လာနေပါပြီ"ဟူ၍ဖြစ်သည်။ သူ၏အရှရီမိတ်ဆွေများက သူ၏ပြောစကားကို အဓိပ္ပာယ်တစ်မျိုးကောက်ပါသည်။ တမန်တော်မြတ် S ထံသို့ စေလွှတ်ခဲ့သော သူတို့၏ကိုယ်စားလှယ်သည် သူ၏အလုပ်တာဝန်ကိုထမ်းဆောင်ရာတွင် အောင်မြင်ခဲ့ကြောင်း ပြောသည်ဟု ထင်မှတ်ကာ တမန်တော်မြတ် S က သူတို့၏လိုအပ်ချက်များအတွက် အစီအမံများ လုပ်မည်ဟူသော ကတိရရှိခဲ့သည်ဟု ထင်မှတ်ကြသည်။ သတင်းစကားသည်ကောင်းမွန်သောကြောင့် သူတို့ကျေနပ်နှစ်သိမ့်ခဲ့သည်မှာ သဘာဝကျပါသည်။ သူတို့ မထိုင်သေးမီအလျင် လူနှစ်ဦးနှင့်အသားများ၊ ပေါင်မုန့်များအပြည့်ပါသစ်သားလင်ပန်းကြီးနှင့် အသားလှီးဖြတ်သူ တစ်ဦးလာနေသည်ကို တွေ့မြင်ကြရသည်။ သယ်ဆောင်လာသူများက အစားအစာအားလုံးကို "အရှရီ"များကိုပေး၍ "အရှရီ"တို့က အဝစားသုံးခဲ့ကြသည်။ ၎င်းတို့အားစားသောက်ပြီးသည့်နောက်မှာပင် အစားအစာများ ကျန်ရှိနေသေးသောကြောင့် ဤကျန်နေသည်များကို တမန်တော်မြတ် S သခင်သုံးစွဲနိုင်ရန် ပေးပို့ပါက ကောင်းမြတ်ပြီး လျော်ကန်သည်ဟု သူတို့ကတွေးထင်ခဲ့ကြသည်။ သူတို့အထဲမှ လူနှစ်ဦးအား အစားအသောက်များကို တမန်တော်မြတ် S ထံသို့ ပေးပို့စေခဲ့ပါသည်။

နောက်ပိုင်း၌ ထိုသူများအားလုံးတို့သည် တမန်တော်မြတ် S ထံ သွားရောက်ကာပြောသည်မှာ "ယာရစူလွလ္လာဟ် ကိုယ်တော်ပေးပို့ခဲ့သော အစားအစာများသည် အလွန်ကောင်းမွန်ပြီး အရသာရှိလှပါသည်"ဟူ၍ ဖြစ်သည်။ တမန်တော်မြတ် S ကမိန့်သည်မှာ"ငါ့အနေနှင့်ပြောရလျှင် ငါသည်မည်သည့်အစားအစာမျှမပေးပို့ခဲ့ပါ"ဟူ၍ဖြစ်သည်။

ထို့နောက်ထိုသူများက၊ သူတို့အထဲမှလူတစ်ဦးအား တမန်တော်မြတ် S ထံသို့ စေလွှတ်ခဲ့ကြောင်း၊ ထိုသူ၏ပြောပြချက်အရ အစားအစာများသည် တမန်တော်မြတ် S ပေးပို့ခဲ့သည်ဆိုကြောင်း ၎င်းတို့ယုံခဲ့ရသည့် အဖြစ်သနစ်အားလုံးကိုလျှောက်ထားခဲ့သည်။ ဤသည်ကိုကြားခဲ့သောအခါ၌ တမန်တော်မြတ် S က မိန့်သည်မှာ "ငါပို့ခဲ့သည် မဟုတ် အဖန်ဆင်းခံတိုင်းတို့အတွက် 'ရီဇ်က်'ရှာဖွေစေရေးဆိုသည့် တာဝန်ကိုယူထားသည့် အလွန်မြင့်မြတ်တော်မူသော အရှင်က ပေးပို့ခြင်းဖြစ်သည်"ဟူ၍ ဖြစ်သည်။

အချို့သောဟဒီးဆ်တင်ပြချက်များအရ စိုက်ယိဒိနာမူစာ a သည် မီးရှူးဖွေရန်အတွက် "သူရ်" တောင်ပေါ်သို့ ရောက်သောအခါ ထိုနေရာ၌သူတွေ့ရှိခဲ့ရသည်မှာ မီးမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ရောင်ခြည်တော် ဖြစ်ပါသည်။ သူ့အား တမန်တော်တစ်ပါးဖြစ်စေကာ ဖိရ်အောင်နှင့် သူ၏လူများကို လမ်းမှန်ပေါ်ရောက်ရှိ စေရန်အတွက် အီဂျစ်နိုင်ငံသို့ သွားရောက်စေခဲ့ပါသည်။ ထိုအချိန်၌ တောကြီးမျက်မဲထဲ၌ သူ၏ဇနီးသည်အား တစ်ယောက်တည်း ချန်ထားရစ်သည်ကို သူသတိရမိပါသည်။ သူမအားမည်သူက စောင့်ရှောက်ပါမည်နည်း။ သူ၏နှလုံးသားမှ ဤစနိုးစနောင့်ဖြစ်မှုကို ဖယ်ရှားရန်အတွက် အလ္လာဟ်တအာလာသည် စိုက်ယိဒိနာမူစာ a အား သူ၏ရှေ့တွင်ရှိသော ကျောက်တုံးအား သူ၏တောင်ဝှေးဖြင့် ရိုက်စေခဲ့ပါသည်။ သူ့အား မိန့်မှာသည့် အတိုင်း သူပြုလုပ်ခဲ့သောအခါ၌ ကျောက်တုံးကြီးသည် ကွဲသွားကာ၊ နောက်ကျောက်တုံးတစ်တုံး ပေါ်ထွက်လာသည်။ ဤကျောက်တုံးကိုလည်း သူ၏ တောင်ဝှေးဖြင့် ရိုက်စေခဲ့ပါသည်။ သူသည် မိန့်ကြားသည့်အတိုင်း လုပ်ဆောင်ခဲ့သောအခါ၌ ကျောက်တုံးသည် ကွဲကာ တတိယကျောက်တုံးပေါ်ထွက်လာသည်။ ဤကျောက်တုံးကိုလည်းပဲ သူက ရိုက်နှက်စေခဲ့ပါသည်။ ထိုကျောက်တုံးကွဲ သွားသောအခါ၌ ယင်းထဲမှသစ်ရွက်စိမ်း တစ်ရွက်ကို ပါးစပ်တွင်ကိုက်ထားသော သတ္တဝါတစ်ကောင် ပေါ်ထွက် လာခဲ့ပါသည်။

ဤကိစ္စရပ်မတိုင်မီကပင်လျှင် စိုက်ယိဒိနာမူစာ a သည် အလ္လာဟ်တအာလာ၏ ပြီးပြည့်စုံသော တန်ခိုးတော်အား ယုံကြည်ခဲ့မည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ သို့သော်လည်း တစ်စုံတစ်ဦးသည် မိမိမျက်မြင် ကိုယ်တွေ့ တွေ့ရခြင်းသည် အကျိုးသက်ရောက်မှုရှိပါသည်။ ဤအဖြစ်အပျက်အား စိုက်ယိဒိနာမူစာ a တွေ့ရှိရသောအခါ၌ ထိုနေရာမှပင် အီဂျစ်နိုင်ငံသို့ထွက်ခွာခဲ့ပါသည်။ သူအားအီဂျစ်သို့သွားစေရန် အမိန့်ပေးခဲ့သောကြောင့် သူသည်အီဂျစ်သို့သွားမည် ဆိုကြောင်းကို သူဇနီးသည်အားပြောပြရန် အတွက်ပင် မရပ်နားတော့ပါ။

"ရီဇ်က်"သည်အားလုံးအတွက်ဖြစ်ပါသည်။ အလ္လာဟ်အရှင်၏နည်းစနစ်တော်သည်ပြိုင်ဘက်ကင်းပါသည်။

သက်ရှိသတ္တဝါအားလုံးတို့အတွက်"ရီဇ်က်" ရရှိစေရေး ဆိုသည့်တာဝန်ကို အလ္လာဟ်အရှင်ကိုယ်တော်တိုင် ယူထားသည်ဆိုကြောင်း ဤအာယသ်တော်ထဲ၌ ဖော်ပြပြီးသည့်နောက် ကိစ္စရပ်သည် အဆုံးမသတ်ပါ။ ဆက်၍ လူသားများအားပိုမို၍ သက်သောင့်သက်သာ ဖြစ်စေရန်အတွက် **وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا** "၎င်းပြင် ထိုအရှင်မြတ်သည် ယင်းသတ္တဝါများ၏ တာရှည်နေထိုင်ရာဌာနများကိုလည်းကောင်း ခေတ္တနေထိုင်ရာ ဌာနများကို လည်းကောင်း သိရှိတော်မူပေသည်။"ဟူ၍မိန့်ကြားထားသည်။ **مستقر** မှစ်သကရ် နှင့် **مستودع** မှစ်သောင်ဒအ်ဟူသော စကားလုံးများအတွက် အမျိုးမျိုးသော ရှင်းလင်းချက်များ တင်ပြထားခဲ့ကြပါသည်။ သို့ရာတွင် သဖီစီရ် အလ်ကရှ်ဖ် ကျမ်းပါ ရှင်းလင်းချက်သည် ဝေါဟာရအရ အနီးစပ်ဆုံးရှင်းလင်းချက်ဖြစ် ပါသည်။ ကျမ်းထဲ၌ ပါရှိသည်မှာ၊ မှစ်သကရ်သည် တစ်စုံတစ်ဦး အမြဲတစေနေထိုင်သောနေရာ၊ (သို့မဟုတ်) အိမ်ဖြစ်ပြီး "မုသ်သောင်ဒဟ်"သည် တစ်စုံတစ်ဦး တစ်စုံတစ်ရာကိစ္စကို တာဝန်ယူဆောင်ရွက်ရန်အတွက် ယာယီနေထိုင်သောနေရာဟူ၍ ဖြစ်ပါသည်။(စာသားများအား ဘာသာပြန်ထားသည့်အတိုင်းပင် ဖြစ်သည်)

နေအိမ်မှ ထွက်ခွာစေခြင်းအတွက် အလ္လာဟ်အရှင်မြတ်က တာဝန်ယူခြင်းကို၊ ကျွန်ုပ်တို့အတွေ့အကြုံ အရဖြစ်သော ကမ္ဘာလောကကြီးတွင်းရှိ လူအများနှင့်အစိုးရများ တာဝန်ယူခြင်းမျိုးနှင့်အတူတူဟု မမှတ်ယူသင့်ပါ။ ဤကမ္ဘာလောကတွင် လူတစ်ဦးကဖြစ်စေ၊ အသင်းအဖွဲ့တစ်ခုကဖြစ်စေ၊ အသင်'ရီဇ်က်'ရရှိစေရေးအတွက် တာဝန်ယူသည် ဆိုကြပါစို့။ သို့ဆိုလျှင်၊ အသင်သည်အခြားတစ်နေရာသို့ သွားရန်အတွက် အသင်၏ အမြဲနေထိုင်ရာကို စွန့်ခွာသွားတော့မည်ဆိုလျှင်၊ အသင်သည်ထိုသူ(သို့မဟုတ်) ထိုအဖွဲ့အစည်းအား၊ အသင် တစ်နေရာသို့သွားမည် ဆိုကြောင်း အသိပေးရပါမည်။ သို့ဆိုလျှင် အသင်သည် အသင်၏ခိုင်မြဲသောခရီးစဉ် အတွက် အသင်မည်သည့် မြို့၊ မည်သည့်ရွာတွင် နေထိုင်မည်ဆိုသည့်အကြောင်းနှင့် မည်သည့်ရက်မှ မည်သည့်ရက်အထိ နေထိုင်မည်ဆိုကြောင်းနှင့် အသင်၏'ရီဇ်က်' ပေးကမ်းသူတို့အား ထိုနေရာသို့လာရောက် ပေးကမ်းစေရပါမည်။ သို့ရာတွင် ကိစ္စရပ်များကို အလ္လာဟ်အရှင် တာဝန်ယူဆောင်ရွက်သောအခါ၌၊ အသင် ဤမျှလောက် ဒုက္ခခံစရာမလိုတော့ပါ။ အဘယ်ကြောင့် ဆိုသော်အလ္လာဟ်အရှင်သည်အသင်ဘယ်တော့ထွက်ခွာမည်အသင်ဘာလုပ်မည်ဆိုသောအခြေအနေကိုသိရှိပါမည်။ အရှင်သည် အသင်အမြဲနေထိုင်ရာနှင့် အသင်ယာယီနေထိုင်သောနေရာတို့ကို သိရှိတော်မူပါသည်။ အသင်၏ 'ရာဖ်' ရရှိစေရန်အတွက်၊ အရှင်မြတ် ထံတော်သို့ လျှောက်လွှာတင်ခြင်း၊ အကြံပြုခြင်း၊ လိပ်စာပေးရခြင်းမျိုး မလိုပါ။ အသင် မည်သည့်နေရာတွင် ရှိနေပါစေ။ 'ရီဇ်က်'ကို အသင့်ထံအရောက်ပေးပို့ပါသည်။

အလ္လာဟ်အရှင်မြတ်၏ အလုံးစုံအပေါ်လွှမ်းခြုံနိုင်သော အသိဉာဏ်ပညာနှင့် ပြီးပြည့်စုံသောတန်ခိုးတော်

အရ၊ အရာရာတိုင်း မှန်မှန်ကန်ကန်ပြီးမြောက်စေရန်၊ အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်ဖြင့်သာလုံလောက်စေပါသည်။ လုပ်ငန်းမှတ်တမ်းတင်သည့် စာအုပ်များ၊ ဖိုင်တွဲများထားရှိရန်မလိုပါ။ သို့ရာတွင် ချိန့်သောသူတစ်ဦး၏ တန်းတူပြုခြင်းသည်၊ သူကျမ်းကျင်သောစနစ်နှင့် သူတန်းတူပြုခြင်းဖြစ်သည်။ ထို့ကြောင့်သူတွင် အမှားများ ကျန်ရစ်ခဲ့သည်များ၊ ဖြစ်နိုင်ချေရှိသည်ဟူသော သောကရှိစေနိုင်ပါသည်။ ထို့ကြောင့်သူ၏စိတ်ချမ်းသာမှု ရစေရန် အတွက် كُلٌّ فِيْ كِتٰبٍ مُّبِيْنٍ "အလုံးစုံတို့ကား ထင်ရှားလှစွာသော(မှတ်တမ်း)တွင် (ရေးသားပြီး)ရှိနေပေသတည်း။"ဟူ၍မိန့်ထားသည်။ ဤ"မှတ်တမ်း"ဆိုသည်မှာ ထိန်းသိမ်းထားသောသင်ပုန်းကြီး (အလ်လောင်ဟိမာဟ်ဖူးစ်) ကိုဆိုလိုပါသည်။ ယင်းထဲ၌ စကြဝဠာတစ်ခုလုံး အကျုံးဝင်စေကာ ရိက္ခာ၊ အသက်၊ လုပ်ရပ်များစသည်တို့၏ အသေးစိတ်များကို ရေးမှတ် ကာ၊ သက်ဆိုင်ရာ ကောင်းကင်စေတမန်တော်တို့အား တာဝန်ပေးအပ်ထားသည်။ ဆွဟီးမုစ်လင်ကျမ်းပါ အဗ်ဒုလ္လာဟ် အိဗ်နိအုမရ် d ၏ ဆင့်ပြန်ချက်တစ်ခု၌ တမန်တော်မြတ် s ကမိန့်ထားသည်မှာ "အလ္လာဟ် တအာလာသည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေတို့အား မဖန်ဆင်းမီအလျင် နှစ်ပေါင်း(၅၀၀၀) ငါးသောင်းကပင် အရှင့်ဖန်ဆင်းမှု အလုံးစုံတို့၏ ကံကြမ္မာတို့အား ရေးမှတ်ထားတော်မူသည် ဟူ၍ဖြစ်သည်။ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အူးဒ် d ၏ ရှည်လျားသော ဆင့်ပြန်ချက်တစ်ခုတည်း၌၊ တမန်တော်မြတ်ကြီး၏ မိန့်ဆိုချက်ကို၊ အောက်တွင်အတိုချုပ်ဖော်ပြထားသည်။ လူသားသည် မမွေးဖွားမီအလျင်က အဆင့်အမျိုးမျိုးဖြတ်ကျော်ရပါသည်။ ထို သူ၏ခန္ဓာကိုယ်ပြီးပြည့်စုံအောင် ဖွဲ့စည်းပြီးသောအချိန်အခါ၌၊ အလ္လာဟ် တအာလာသည် ကောင်းကင်စေတမန်တော် တစ်ဦးအား ထိုသူနှင့် ပတ်သက်သော၊ အချက်လေးချက် ရေးမှတ်စေရန် အမိန့်ပေးပါသည်။ (၁)သူလုပ်မည့်လုပ်ရပ်များ (၂)သူ၏သက်တမ်း၊ ယင်းထဲ၌ လ၊နေ့၊မိနစ်နှင့် သူ၏ ရှုရှိုက်မှုအရေ အတွက်ပါ မှတ်သားထားပါသည်။ (၃)သေဆုံးခြင်း။ သူဘယ်နေရာသေရမည်။ သူဘယ်နေရာ၌မြှုတ်နှံခံရမည်။ (၄) ရိဇ်ကဲ့ သူရိက္ခာမည်၍မည်မျှရမည် သူရှိမည့်နေရာသို့ မည်ကဲ့သို့ ရောက်စေမည်။(၎င်းနောက် မိုးကောင်းကင်များ ကမ္ဘာမြေမဖန်ဆင်းမီကပင် ထိန်းသိမ်းထားသည့် ကျောက်သင်ပုန်း(အလ်လောင်အလ်မာဟ်ဖူးဇ်)ထဲတွင် ရေးသွင်းပြီး ဖြစ်သည်ဆိုသည်နှင့် ဤသည်က ဝိရောဓိမဖြစ်ပါ။

အရာရာကိုလွှမ်းခြုံကာ သိရှိတော်မူသော ဉာဏ်တော်နှင့် ပြီးပြည့်စုံသောတန်ခိုးတော် အကြောင်း ထင်ရှားသည့် အချက်တစ်ချက်ကို၊ ဒုတိယအာယသ်(၇)ထဲ၌ "ထင်ပြင်ထိုအရှင်မြတ်သည်ပင် မိုးကောင်းကင်များကို လည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း ခြောက်ရက်တွင်ဖန်ဆင်းတော်မူခဲ့လေသည်။ စင်စစ်သော်ကား (ထိုမိုးကောင်းကင်များနှင့် ပထဝီမြေကို မဖန်ဆင်းတော်မူမီက)ထိုအရှင်မြတ်၏ 'အရရှ်'ပလ္လင်တော်သည် ရေပေါ်၌ရှိခဲ့လေသည် ဟုဖော်ပြထားသည်။

ဤသည်က ရေသည်မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးမဖန်ဆင်းမီအလျင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့အား ပြောသည်။ မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီးကို ခြောက်ရက်အတွင်းဖန်ဆင်းခြင်း၏ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ဖော်ပြရှင်းလင်း ထားမှုကို စူရတ်ဟာမြီးန်အတ်စ်စိဂ်ဒါဟ်("စူရတ်ဖုစ်ဆွိလာတ်" ဟုလည်းခေါ်ဆိုသည်။) ထဲတွင် ပါဝင်သည်။ ထိုထဲတွင် ကမ္ဘာ မြေကြီးကို နှစ်ရက်နှင့်ဖန်ဆင်းခြင်း၊ တောင်များ၊ မြစ်ချောင်းများ၊ သစ်ပင်များနှင့် စားနပ်ရိက္ခာရရှိစေသည့် နည်းလမ်း များနှင့် သက်ရှိသတ္တဝါများ၏ရှင်သန်မှုကို နှစ်ရက်နှင့်ဖန်ဆင်းထားခြင်း၊ ထို့နောက် မိုးကောင်းကင်ခုနှစ်ထပ်ကို နှစ်ရက် နှင့်ဖန်ဆင်းထားခြင်းတို့ကိုမိန့်ကြားထားသည်။(၄၁း၉-၁၂)

သဖိစီရ်မဇာဟိရီကျမ်းအရ မြင့်မားသည့်အရာတိုင်းကို မိုးကောင်းကင်ဟုလည်းကောင်း၊ ပထဝီမြေကြီးမှာ နိမ့်၍ အောက်တွင်ရှိသည်ဟုလည်းကောင်း ဆိုလိုသည်။ မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးဖန်ဆင်းပြီး နောက်မှ

နေ့ဆိုသည်မှာအချိန်တိုင်းတာရန် နေထွက်မှနေဝင်ထိအချိန်ကို သတ်မှတ်ထားသော်လည်း မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းစဉ်အချိန်၌ နေမတည်ရှိခဲ့သကဲ့သို့ နေထွက်ခြင်း၊ နေဝင်ခြင်း မရှိချေ။

ဤအရာအားလုံးကို လျှပ်တစ်ပြက်နှင့်ဖန်ဆင်းရန်မှာ အလွယ်အရှင့်ပြည့်စုံသော တန်ခိုးတော်အတွင်း တည်ရှိသော်လည်း အရှင်မြတ်သည် အရှင်၏ဟစ်က်မသည်ဂျာတော်အရ ဤကမ္ဘာမြေကြီး၏စနစ်ကို လူသား စိတ်နေစိတ်ထားနှင့်သင့်လျော်ရန်အလို့ငှာ တဖြည်းဖြည်းချင်း ပြုလုပ်တော်မူခြင်းဖြစ်သည်။

မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီးဖန်ဆင်းခြင်း၏ရည်ရွယ်ချက်ကို အာယသ်အဆုံးတွင် لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلًا "ထိုအရှင်မြတ်သည် အသင်တို့အနက်မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို စမ်းသပ်တော် မူအံ့သောငှာဖြစ်ပေသည်။" ၁၁း၇ ဟူ၍ ဖော်ပြမိန့်ဆိုထားသည်။

ဤသည်က မိုးကောင်းကင်များနှင့် ကမ္ဘာမြေကြီးကို ဖန်ဆင်းခြင်းသည် အဓိကရည်ရွယ်ချက်မဟုတ်ဟု ကျွန်ုပ်တို့ကိုပြောပါသည်။ အကြောင်းမှာ ဤသည်တို့သည် ဖြောင့်မတ်မှန်ကန်၍ ကောင်းမွန်စွာကျင့်ကြံသူ လူသားများအတွက် ဖန်ဆင်းထားခြင်းဖြစ်သည်။ တစ်ဆက်တည်း ယင်းထဲတွင်ထားရှိသည်များကို လူသားများ အသက်ရှင်သန်ရန်အတွက် အကောင်းဆုံး အသုံးပြုစေပါသည်။ နောက်ဆုံးတွင် ဤသည်တို့ကို စဉ်းစား ဆင်ခြင်၍ ၎င်းတို့၏အရှင်သခင် (မာလိက်၊ရာဗ်)ကို အသိအမှတ် ပြုစေရန် ထိုသူတို့ထံမှ မျှော်လင့်သည်။

ရလဒ်ကား လူသားသည်သာလျှင် မိုးကောင်းကင်များနှင့်ကမ္ဘာမြေကြီးဖန်ဆင်းခြင်း၏ စစ်မှန်သည့် ရည်ရွယ်ချက်ဖြစ်သည်။ သို့သော်လည်း လူသားများအားလုံး မတူညီကြချေ။ ထိုသူများ အီမာန်သက်ဝင် ယုံကြည်သူများရှိကြသည်။ ထို့နောက် ထိုသူများအနက်မှ အမျိုးသား(သို့မဟုတ်)အမျိုးသမီးတစ်ဦးသည် ကျင့်ကြံမှုတွင် အကောင်းဆုံးတစ်ဦးရှိပါသည်။ စိုင်ယိဒနာအာဒမ် a ၏ သားမြေးမြစ်ထဲတွင် လုပ်ရပ်များတွင် အကောင်းဆုံးကျင့်ကြံလုပ်ဆောင်ခဲ့သူမှာ ကျွန်ုပ်တို့၏ရစူလ် S ဖြစ်သည်ကား ပြောစရာပင်မလိုချေ။ ထို့ကြောင့် စကြဝဠာတစ်ခုလုံးဖန်ဆင်းခြင်း၏ စစ်မှန်သောရည်ရွယ်ချက်မှာ ယင်းတွင် တမန်တော်မြတ် S ရှိနေခြင်းဖြင့် ကောင်းချီးမင်္ဂလာပြုထားသည်ဆိုခြင်းကား မှန်ကန်သည်ဟု ပြောရပေမည်။ (တမန်တော်မြတ် S သည် ကိယာမသ်နေ့တိုင် စံပြအဖြစ်တည်ရှိနေပါလိမ့်မည်။ (မဏဟီရီ)

ဤတွင် ကျွန်ုပ်တို့သတိမူရန် အချို့ရှိသည်။ အလွယ်အရှင်မြတ်မိန့်ထားသည်မှာ - أَحْسَنُ عَمَلًا (အသင်တို့အနက် မည်သူသည် အကျင့်အမူအားဖြင့် အကောင်းဆုံးဖြစ်သည်ကို)ဟု မိန့်ထားသည်။ အလွယ်အရှင်မြတ်က အကျင့်အမူတို့၏အရေအတွက်ကို မိန့်ကြားမထားပါ။ ဤသည်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အလွယ်အရှင်မြတ်သည် ဆွလာသ်၊ ဆောင်မ်၊ ကုရ်အာန်သိလာဝသ်နှင့် အလွယ်အရှင့်ဇိက်ရ်စသော ကောင်းမှု ကောင်းရာလုပ်ရပ်များများပြားခြင်းတို့ထက် လုပ်ရပ်များ၏အရည်အသွေးကို အရှင်မြတ်ကနှစ်သက်ပေသည်။ ဤကောင်းမှုကောင်းရာများ၏ လှုပမှု(သို့မဟုတ်)သာလွန်ခြင်းကို ဟဒီးဆ်တော်တွင် أَحْسَنُ (အဲဟ်စာန်)ဟူသော စကားလုံးနှင့် ဖော်ပြထားသည်။ အဓိကမှာ လုပ်ရပ်တစ်ခုပြုလုပ်ရာတွင် လောကီဆိုင်ရာရည်မှန်းချက်မပါဘဲ အလွယ်အရှင့်တစ်ပါးတည်း၏ ကျေနပ်နှစ်သက်မှုအတွက် လုပ်ရသည်ဟုဆိုလိုသည်။ ထို့နောက် အလွယ်ဟ့် ရှေ့တော်မှောက်တွင် အရှင်မြတ်ကြိုက်နှစ်သက်သည့် နည်းလမ်းတစ်ရပ်ဖြင့်လုပ်ရန်မှာလည်း အရေးကြီးလိုအပ်သည်။ ဤနည်းလမ်းကို တမန်တော်မြတ် S က လုပ်ရပ်များဖြင့် ပြသခဲ့သည်။ ထို့နောက် တမန်တော်မြတ် S ၏ စွန့်သတ်တော်ကို အမွမ်းထု လိုက်နာကျင့်သုံးရန်

အရေးကြီးသောအချက်အဖြစ်ပြုလုပ်ထားခဲ့သည်။အချုပ်ဆိုရလျှင်စွန့်သတ်တော်နှင့်အညီလုံးဝဥသုံးရိုးသားဖြူစင်စွာနှင့် အနည်းငယ်ပြုလုပ်မှုသည် စွန့်သတ်တော်နှင့်လည်းမညီသော များစွာလုပ်ဆောင်မှု ထက်ကောင်းသည်။

သတ္တမအာယသ်တော်ထဲတွင် ကိယာမသ်နေ့နှင့်နောင်တမလွန်ဘဝတို့ကို ငြင်းပယ်သည့်သူများ၏ အခြေအနေကို ဖော်ပြထားသည်။ အမှန်တရားကို အရိုးစွဲငြင်းပယ်သူများကဲ့သို့ တစ်စုံတစ်ရာကို ထိုသူတို့နားမလည်သဘောမပေါက်("သို့မဟုတ်" နားမလည်သဘောမပေါက်လိုသောအခါ)၌ ထိုသူတို့သည် ယင်းမှာ စုန်းပယောဂ အတတ်မှအပ မည်သည်မျှမဟုတ်ဟု ပြောကြသည်။

အဋ္ဌမအာယသ်တော်တွင် တမန်တော်များ a က ပြစ်ဒဏ်ခတ်မှုများ၏ သတိပေးချက်များ အကြောင်းကို သံသယရှိသူများအတွက် အဖြေတစ်ခုပေးထားသည်။ တမန်တော်များကို အကယ်၍ တမန်တော်များစစ်မှန်ခဲ့လျှင် သတိပေးထားသော ပြစ်ဒဏ်ခတ်မှုသည် ၎င်းသူတို့အပေါ်အဘယ့်ကြောင့် မကျရောက်ခဲ့သနည်းဟု မေးမြန်းခဲ့ကြသည်။

အာယသ်(၉-၁၄)

وَ لَئِنۡ اَذَقۡنَا الۡاِنۡسَانَ مِنَّا رَحۡمَةً ثُمَّ نَزَعۡنٰهَا مِنۡهُ ۚ اِنَّهٗ لَيَـُٔوۡسٌ كَفُوۡرٌ ﴿۹﴾ وَ
لَئِنۡ اَذَقۡنٰهُ نَعۡمَآءَ بَعۡدَ ضَرَّآءَ مَسَّتۡهُ لَيَقُوۡلَنَّ ذَهَبَ السَّيِّاٰتُ عَنِّىۡ ؕ اِنَّهٗ لَفَرِحٌ
فَخُوۡرٌ ﴿۱۰﴾ اِلَّا الَّذِيۡنَ صَبَرُوۡا وَ عَمِلُوا الصّٰلِحٰتِ ؕ اُولٰٓئِكَ لَهُمۡ مَّغۡفِرَةٌ وَّ اَجۡرٌ
كَبِيۡرٌ ﴿۱۱﴾ فَلَعَلَّكَ تَارِكٌۢ بَعۡضَ مَا يُوۡحٰٓى اِلَيۡكَ وَ ضَآئِقٌۢ بِهٖ صَدۡرُكَ اَنۡ يَّقُوۡلُوۡا
لَوۡ لَاۤ اُنۡزِلَ عَلَيۡهِ كَنۡزٌ اَوۡ جَآءَ مَعَهٗ مَلَكٌ ؕ اِنَّمَاۤ اَنۡتَ نَذِيۡرٌ ؕ وَ اللّٰهُ عَلٰى كُلِّ شَىۡءٍ
وَّكِيۡلٌ ﴿۱۲﴾ اَمۡ يَقُوۡلُوۡنَ افۡتَرٰٮهُ ؕ قُلۡ فَاۡتُوۡا بِعَشۡرِ سُوَرٍ مِّثۡلِهٖ مُفۡتَرَيٰتٍ وَّ ادۡعُوۡا
مَنِ اسۡتَطَعۡتُمۡ مِّنۡ دُوۡنِ اللّٰهِ اِنۡ كُنۡتُمۡ صٰدِقِيۡنَ ﴿۱۳﴾ فَاِلَّمۡ يَسۡتَجِيۡبُوۡا لَـكُمۡ
فَاعۡلَمُوۡۤا اَنَّمَاۤ اُنۡزِلَ بِعِلۡمِ اللّٰهِ وَ اَنۡ لَّاۤ اِلٰهَ اِلَّا هُوَ ۚ فَهَلۡ اَنۡتُمۡ مُّسۡلِمُوۡنَ ﴿۱۴﴾

စင်စစ်သော်ကား အကယ်၍ ငါအရှင်မြတ်သည် လူသားများကို မိမိအထံတော်မှ ဂရုဏာတော်၏ ရသကို မြည်းစမ်းစေတော်မူပြီးနောက် ငါအရှင်မြတ်သည် ယင်းလူသားထံမှ ထိုကရုဏာတော်ကို ရုပ်သိမ်းတော်မူခဲ့ပါလျှင် ဇကန်မလွဲ ထိုလူသားသည် မျှော်လင့်ချက်ကင်းမဲ့ သူများ၊ လွန်စွာကျေးဇူးတော်ကို မသိတတ်သူများ ဖြစ်သွားတတ်ကြပေသတည်း။ (၁၁း၉)

ထိုနည်းတူစွာ အကယ်၍ ငါအရှင်မြတ်သည် လူသားများအား ၎င်းတို့၌ ဆိုက်ရောက်ခဲ့သော ဘေးဒုက္ခ၏ နောက်တွင် ကျေးဇူးတော်၏အရသာကို မြည်းစမ်းစေတော်မူခဲ့ပါလျှင် ဇကန်မလွဲ ၎င်းတို့သည် "ကျွန်ုပ်တို့ ဘေးဒုက္ခများပပျောက်၍ သွားလေ

ပြီ"ဟု ပြောဆိုလေ့ရှိကြကုန်၏။ ဇကန်စင်စစ် ယင်းလူသားတို့သည် ဘဝင်ကြွသူများ၊ ကြွားဝါ ပလွှားသူများ ဖြစ်ကြကုန်သတည်း။ (၁၁း၁၀)

သို့ရာတွင် အကြင်သူများသည် သည်းခံခဲ့ကြလေသည်။ ထို့အပြင် ၎င်းတို့သည် ကောင်းမြတ် သောအကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြလေသည်။ ဤသူများပင် ၎င်းတို့အဖို့ (ပြစ်မှုများမှ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကြီးကျယ်လှစွာသော အကျိုးဆုလာဘ်သည် ရှိခဲ့ချေမည်။ (၁၁း၁၁)

သို့ဖြစ်ပေရာ အသင်သည် မိမိထံတော်သို့ပို့တော်မူခြင်းခံရသော အမိန့်တော်များ အနက် အချို့ အမိန့်တော်များကို စွန့်လွှတ်ပါမည်လော။ ၎င်းပြင် ထိုသူများက "ယင်း (တမန်တော်)၏အပေါ်၌ ရွှေ့ငွေဘဏ္ဍာသည် အဘယ်ကြောင့် ချပေးခြင်း မခံရလေသနည်း။ သို့တည်းမဟုတ် ယင်း(တမန်တော်)နှင့် ကောင်းကင်တမန် တစ်ပါးပါးသည် အဘယ်ကြောင့်မလာပါသနည်း။"ဟု ပြောဆိုကြသောကြောင့် အသင်၏စိတ်သည် ကျဉ်းကြပ်လျက်ရှိနေပါသလော။ အသင်ကားသတိပေးသူမျှသာ ဖြစ်ချေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သာလျှင် အရာခပ်သိမ်းတို့နှင့်စပ်လျဉ်း၍ တာဝန်ယူထိန်းသိမ်း တော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၁၁း၁၂)

၎င်းတို့က ယင်း(နဗီတမန်တော်)သည် ထို(ကုရ်အာန်)ကို လီဆယ်ဖန်တီးခဲ့သည်ဟု ပြောဆိုကြလေသလော။ (အို-နဗီတမန်တော် အသင်သည် ၎င်းတို့အား) "သို့ဖြစ်လျှင် အသင်တို့သည် ထိုကုရ်အာန်ကျမ်းလာ 'စူရဟ်'ကဏ္ဍကဲ့သို့ လီဆယ်ဖန်တီးထားသော စူရဟ်ကဏ္ဍဆယ်ခုကိုပင် လုပ်ဆောင်ခဲ့ကြလေကုန်။ ၎င်းပြင် အကယ်၍ အသင်တို့သည် သစ္စာဝါဒီမှန်ကန်စွာပြောဆိုသူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ်မှတစ်ပါး မိမိတို့တတ်စွမ်းနိုင်သောသူများကိုလည်း အသင်တို့ ခေါ်ခဲ့ကြလေကုန်"ဟု ပြောကြား ပါ၏။ (၁၁း၁၃)

တစ်ဖန်အကယ်၍ ၎င်းတို့သည် အသင်တို့(ပြောဆိုကြသည်)ကို ဖြေဆိုခြင်းမပြုခဲ့ကြပါလျှင် (ဤကုရ်အာန်ကျမ်းတော်မြတ်)သည် အလ္လာဟ်အရှင်မြတ်၏ အသိပညာဖြင့် ချပေးသနားတော် မူခြင်းခံခဲ့ရသည်သာလျှင် ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုအရှင်မြတ်မှ တစ်ပါး ခဝပ်ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိကြောင်းကိုလည်းကောင်း၊ အသင်တို့ကောင်းစွာယုံကြည်ကြလေကုန်။ သို့ဖြစ်ပေရာ ယခုသော်လည်း အသင်တို့သည် "မုစ်လင်မ်" အမိန့်တော်ကို လိုက်နာသောသူများ ဖြစ်ကြပြီလော။(၁၁း၁၄)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်များထဲ၌ တမန်တော်မြတ်ကြီး(S)သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း အတည်ပြုထားကာ ယင်းကိစ္စနှင့်ပတ်သက်၍ သံသယပေါ်ပေါက် သူများအတွက် အဖြေတစ်ခုပေး

ထားသည်။ ပထမအာယသ်သုံးခု(၉-၁၁)ထဲတွင် လူသား၏မွေးရာပါ ဆိုးရွားသောအကျင့်စရိုက် အကြောင်း ဖော်ပြထားပြီး မုစ်လင်မ်များအား ယင်းမှကင်းရှင်းစွာနေရန် ညွှန်ကြားချက်တစ်ခုပေးထားပါသည်။

လူသားသည် သဘာဝအလျောက်ကောက်ကျစ်စဉ်းလဲပြီး မဆင်မခြင်ပြုလုပ်ကာ လတ်တလော အခြေအနေတို့ဖြင့်ကုန်ဆုံးစေကာ အတိတ်နှင့် ပစ္စုပ္ပန်အတွက် ပူပင်သောကရောက်မှုများကို သူ့စိတ်တွင်းမှ ဖယ်ထုတ်ထားသည် ဆိုကြောင်းကို ပထမအာယသ် နှစ်ခုဖြစ်သော(၉-၁၀)တွင် ဖော်ပြထားသည်။ မိန့်ကြားထားသည်မှာ "အကယ်၍ အလ္လာဟ်အရှင်သည် လူသားအား ကောင်းချီးတစ်ခု မြည်းစမ်းစေပြီးသည့်နောက် ပြန်လည်ရုပ်သိမ်းခဲ့ပါလျှင် သူသည် သတ္တိနှင့်မျှော်လင့်ချက်တို့ ပျောက်ဆုံးသွားပြီး ကျေးဇူးမတင်ဖြစ်သွားပါသည်။ ထို့နောက် အလ္လာဟ်အရှင်က ထိုသူ ဒုက္ခသုက္ခအမျိုးမျိုး ခံစားရပြီးသည့်နောက် ကောင်းချီးတစ်ခုကို မြည်းစမ်းစေခဲ့ရာ သူသည်သူ၏ ဒုက္ခသုက္ခများကို မေ့လျော့သွားကာ ကြွားဝါခြင်းစတင်ပြုလုပ်လာပါတော့သည်။

တစ်နည်းအားဖြင့်ဆိုရသော် လူသားသည် ကိစ္စရပ်များကို မဆင်မခြင် လုပ်တတ်သောကြောင့် ပစ္စုပ္ပန်သာအရာရာတိုင်းဟု မှတ်ယူကာ အတိတ်ကိုလည်း ပြန်လည် ရည်ညွှန်းခြင်းမပြု၊ အနာဂတ်အတွက်လည်း သောက မရှိပါ။ ထို့နောက်ကောင်းချီးတစ်ခု၏နောက်တွင် ပေါ်ပေါက်လာသော ဒုက္ခတစ်ခုကြောင့် သူ၏မျှော်လင့်ချက်များ ကွယ်ပျောက်စေပြီး ကျေးဇူးမတင်ဖြစ်သွားစေပါသည်။ သူ့အား ပထမအကြိမ်တွင် ကောင်းချီးပေးခဲ့သော အလ္လာဟ်အရှင် တစ်ဖန်ပြန်လည်၍ ကောင်းချီးပေးနိုင်သေးသည် ဆိုကြောင်း သူဘယ်သောအခါမျှမစဉ်းစားပါ။ အလားတူစွာ အကယ်၍ တစ်စုံတစ်ဦးသည် ဒုက္ခခံစားပြီးနောက်၊ ချမ်းသာသုခများရရှိပြီးသည့်နောက်တွင် သူ၏အတိတ်က ဒုက္ခများကို ပြန်လည်သတိရပြီး အရှင့်ဘက်သို့လှည့်ကာ ထိုအရှင်အား ကျေးဇူးတင်ရမည့် အစား သူသည် မောက်မာကြွားဝါပါတော့သည်။ ထိုသို့သောအခြေအနေမျိုး၌ သူသည်သူ၏ အတိတ်ဖြစ်ရပ်များကို မေ့လျော့ကာ၊ အလ္လာဟ်အရှင်၏ကောင်းချီးများသည် သူ၏ ရပိုင်ခွင့်ဖြစ်ပြီး သူ ရကို ရရမည်ဟူ၍ ထင်မှတ်သွားပါသည်။ ၎င်းနောက်သူသည် သူ၏ကျန်ရှိဘဝတွင် ထိုကဲ့သို့သောအခြေအနေမျိုးဖြင့် ဆက်လက်နေထိုင် သွားရမည်ဟူ၍ ထင်မှတ်သွားပါသည်။ သူသည် သတိမမူဖြစ်သွားကာဒုက္ခခံစားရသောနည်းလမ်းများသည်ဆက်လက်၍မဖြစ်သကဲ့သို့စဉ်းစိမ်ချမ်းသာတို့သည်လည်း သူ့ထံမှပျောက်ကွယ်သွားနိုင်ကြောင်း သူ သတိ မမူမိတော့ပါ။

ထိုသည်မှာ ပစ္စုပ္ပန်ကာလကိုသာကိုးကွယ်သော လူသား၏အခြေအနေဖြစ်ပါသည်။ ၎င်းနောက် ပစ္စုပ္ပန်နှင့် အတိတ်ကို မေ့လျော့သည့် ဝါသနာအထုံသည် မည်မျှဝမ်းနည်းကြေကွဲစေနည်းဟူမူ အာဏာရှူးသော လူတစ်ယောက်သည် သူ၏အာဏာစက်ကြီးထွားစေရန်အတွက် အခြားအာဏာရှိသောလူတစ်ယောက်၏ သွေးချွေးတို့ကို နင်းချေပစ်လိုက်ပါလိမ့်မည်။ အစဉ်သဖြင့် အထက်သို့မျှော်ကြည့်ကာ အောက်သို့ပြန်မကြည့်ဘဲ ဤသည်မှာ သူ့အလျင်ကအာဏာရှိခဲ့သော ကံကြမ္မာမျိုးဖြစ်သည်ဆိုကြောင်း မစဉ်းစားပါ။ ဝမ်းနည်းဖွယ်ရာ အဆုံးသတ်မှုများနှင့်ကံကြမ္မာဆိုးများသည် သူ့အပေါ်၌ မည်သို့မျှအကျိုးသက်ရောက်မှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ပစ္စုပ္ပန်အာဏာသည် အရာသာကောင်းမွန်လှပါသည်။

လူအများသည် ပစ္စုပ္ပန်ကိုစတင်ကိုးကွယ်လာကြပြီး ယင်းအခြေအနေတွင်ယစ်မူးနေပါက၊ ထိုအချိန်သည် အလ္လာဟ်အရှင်၏ကျမ်းစာများနှင့်အရှင်၏တမန်တော်များ ပွင့်ရတော့မည့်အချိန်ဖြစ်ပါသည်။ တမန်တော်များ ပွင့်သောအခါ၌ ဂရုမမူသောလူသားအား သူ၏အခြေအနေကို ရှင်းရှင်းလင်းလင်းမြင်နိုင်စေရန် အတွက် အတိတ်မှသခ်နိုးစာပါ

သောအဖြစ်အပျက်များယူဆောင်လာကာ၊ အနာဂတ်တွင် ၎င်းတို့ဘာဖြစ်နိုင်သည် ဆိုသည့်အတွက် သောက အနည်းငယ် ဖြစ်ပေါ်စေပါသည်။ သူတို့သင်ကြားပို့ချသော သင်ခန်းစာများ၊ အသင် နေထိုင်နေသော စကြဝဠာအတွင်းရှိ ပြောင်းလဲ နေသော အခြေအနေများ အကြောင်းများနှင့် ယင်းတို့၏ နောက်ကွယ်ရှိ လုပ်ဆောင်နေသော စွမ်းအား အကြောင်းကို ဆင်ခြင်စဉ်းစားပါ" ယင်းတို့မှာ အလ္လာဟ်အရှင်မြတ် စေလွှတ်တော်မူသော ကြီးကျယ်သော တရားဟော ဆရာများပင်တည်း။

ပြီးပြည့်စုံသော သက်ဝင်ယုံကြည်သူ ဆိုသည်မှာ တကယ်တမ်းဆိုရလျှင် ပြီးပြည့်စုံသောလူသားများ ဖြစ်ပြီး ၎င်းသည်ပြောင်းလဲမှု၊ ဝမ်းနည်းမှုနှင့် စည်းစိမ်ချမ်းသာတိုင်းတို့၏ ပြောင်းလဲမှုနောက်ကွယ်တွင်ရှိ မမြင်နိုင်သော တန်ခိုးတော်ကို ခံစားနိုင်စွမ်းရှိသောသူ ဖြစ်ပါသည်။ ထိုသူသည် ထိုအရာတိုင်း၏ ယာယီအဆင့် များကိုမေ့လျော့ကာ ထိုသည်များ၏ ပြောင်းလဲမှုအတွက် ရှင်းလင်းချက်သည် ရုပ်ဝတ္ထုဆိုင်ရာ အကြောင်းရင်းများ ဖြစ်သည်ဆိုခြင်းကို ပယ်ရှားပါသည်။ အသိပညာရှိသော လူတစ်ဦး၏ အမှတ်အသားမှာ အကြောင်းအရင်းများကို ကြည့်မည့်အစား စတင် ပြုလုပ်သူ (သို့မဟုတ်) အကြောင်းရင်းများကိုဖြစ်စေသောသူကိုသာ သူကြည့်ပါသည်။ ၎င်းနောက် ထိုအရာသည် အလ္လာဟ်အရှင်တစ်ပါးတည်းနှင့်သာ သက်ဆိုင်သည်ဟူ၍ စွဲစွဲမြဲမြဲယုံကြည်ပါသည်။

သာမန်လူသား၏စိတ်နေစိတ်ထားရှိသူများထက် ပေါ်လွင်ထင်ရှားသည့် စံပြလူသားများဖြစ်စေရန် အတွက် တတိယအာယသ်(၁၁)ထဲ၌ اِلَّا الَّذِيْنَ صَبَرُوْا وَ عَمِلُوا الصّٰلِحٰتِ "သို့ရာတွင် အကြင်သူများသည် သည်းခံခဲ့ကြ လေသည်။ ထို့ပြင် ၎င်းတို့သည်ကောင်းမြတ်သောအကျင့် သီလများကို ကျင့်ကြံဆောက်တည်ခဲ့ကြလေသည်။" ဟူ၍ မိန့်ထားသည်။ ယင်းကဆိုလိုသည်မှာ သာမန် လူသားတို့၏ အပြစ် အနာအဆာမှကင်းလွတ်သော ထိုသူများတွင်ဆွဗရ် (သည်းခံခြင်း)နှင့် (အမာလိဆွာလိဟာ) (ကောင်းမြတ်သောအကျင့်သီလများ)ဆိုသည့် အရည်အချင်း နှစ်ရပ်ရှိပါသည်။

အာရဗီဘာသာစကားတွင် صبر ဆွဗရ်ဟူသောစကားလုံးအား အလွန်ကျယ်ဝန်းသောအဓိပ္ပာယ်များ သက် ရောက်စေရန် သုံးစွဲထားသည်။ မြန်မာလို "သီးခံခြင်း" ဟူ၍ ဘာသာပြန်ဆိုထားသည်ထက် ပိုမိုကျယ်ဝန်းပါသည်။ "ဆွဗရ်"၏အဓိပ္ပာယ်အစစ်မှာ ချည်နှောင်ရန်၊ တားဆီးရန်၊ ရပ်တန့်စေရန် (သို့မဟုတ်)ဟန့်တားစေရန် ဟူ၍ ဖြစ်ပါသည်။ ကုရ်အာန်နှင့်စွန့်သတ်တော်၏အသုံးအနှုန်းအရ ဆန္ဒပြင်းပြနေသောလူသားကိုယ်တိုင်အား ခွင့်မပြုသည်တို့ကိုပြုလုပ် ခြင်းမှ ဟန့်တားခြင်းသည် "ဆွဗရ်" ဖြစ်ပါသည်။ ထို့ကြောင့် "ဆွဗရ်" (သီးခံခြင်း) ၏အဓိပ္ပာယ်ထဲတွင် အလုံးစုံသောအ ပြစ်ဂုနာဟ်များမှလည်းကောင်း၊ ရှရီအသ်၏အမိန့်ပညတ်ချက်များကို ဆန့်ကျင်ခြင်းတို့ ပါဝင်ပါသည်။ ၎င်းနောက် "အမာလိ ဆွာလိဟာ" (ကောင်းမြတ်သော အကျင့်သီလများ)ထဲတွင် အားလုံးသော ဖရ်ဇ်များ၊ ဝါဂျစ်ဗ်များ၊ မုစ်သဟဗ်များ ပါဝင်ပါသည်။ အာယသ်တော်က သာမန်လူသား၏ အားနည်းချက်တို့ဖြင့် ဆိုးကျိုးသက်ရောက်မှု မရှိသော လူများ ရှိသေးသည် ဟူ၍ အာယသ်တော်ကဆိုသည်။ ဤသို့ဖြစ်ရခြင်းမှာ ထိုသူများသည် အလ္လာဟ်အရှင်မြတ်အား သက်ဝင် ယုံကြည်ပြီး ကိယာမသ်နေ၌ စာရင်းစစ်ဆေးခံရမည်ကို ကြောက်ရွံ့ကြသောကြောင့်ဖြစ်ပါသည်။ ထိုသူတို့သည် အလ္လာဟ်အရှင်နှင့် အလ္လာဟ်တမန်တော်တို့ မနှစ်သက်သည်တိုင်းမှ ရှောင်ကျဉ်ကြပါလိမ့်မည်။ ၎င်းနောက် အလ္လာဟ် အရှင်မြတ်နှင့် အလ္လာဟ့် တမန်တော် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေမည့် လုပ်ရပ်တိုင်းတို့အား အလျှင်အမြန် ပြုလုပ်ကြ ပါလိမ့်မည်။

ဤအာယသ်တော်အဆုံး၌ ဤပြီးပြည့်စုံသော လူသားများအတွက် အစားပေးမှုကို **أُولَٰئِكَ لَهُم مَّغْفِرَةٌ وَ** **أَجْرٌ كَبِيرٌ**"ဤသူများပင်ငင်းတို့အဖို့(ပြစ်မှုများမှ)လွတ်ငြိမ်းချမ်းသာခွင့်နှင့်ကြီးကျယ်လှစွာသောအကျိုးဆုလာဘ်သည် ရှိခြေမည်။(၁၁)"ဟူ၍ ထုတ်ဖော်ပြသထားသည်။

ဤနေရာ၌ ကုရ်အာန်ကျမ်းမြတ်သည် ကောင်းချီးမင်္ဂလာနှင့်ဒုက္ခသုက္ခနှစ်ခုစလုံးအတွက် **اذقنا** "ငါအရှင်မြတ်သည် ထိုမနုဿလူသားအား မြည်းစမ်းစေတော်မူခဲ့ပါလျှင်"ဟူသော စကားလုံး သုံးနှုန်းထားသည်ကို သတိမူသင့်သည်။ ဤနည်းက စစ်မှန်သော ကောင်းချီးမင်္ဂလာနှင့် ဒုက္ခသုက္ခသည် နောင်တမလွန်ဘဝ အတွက်ဖြစ်သည်ဟု ရည်ညွှန်းထားသည်။ လောကီကမ္ဘာ၏ စည်းစိမ်မှာ စည်းစိမ်၏ တစ်ခုလုံးမဟုတ်သကဲ့သို့ နောင်တမလွန်ဘဝ၏ ဒုက္ခသုက္ခမှာလည်း ဒုက္ခသုက္ခ၏ တစ်ခုလုံး မဟုတ်ချေ။ နောင်တမလွန်ဘဝ၏ ကောင်းချီး မင်္ဂလာနှင့် ဒုက္ခသုက္ခကို သိရှိရန် လူသားကို နမူနာပေးခြင်း၊ မြည်းစမ်းစေခြင်းဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာလောကီ၏ စည်းစိမ်ချမ်းသာ တစ်ခုခုကို မလိုအပ်ဘဲ မပျော်ရွှင်သင့်သကဲ့သို့ ဒုက္ခသုက္ခအတွက်လည်း အလွန်အမင်း ဝမ်းနည်းပူဆွေးမနေရပါ။ ဤကမ္ဘာ တစ်ခုလုံးသည် ကူးသန်းရောင်းဝယ်ဆိုင်ရာ အသုံးအနှုန်း တစ်ခုနှင့်ပြောရလျှင် နောင်တမလွန် ဘဝရှိ စည်းစိမ်ချမ်းသာနှင့် ဒုက္ခသုက္ခနမူနာများ၏ ပြခန်းတစ်ခုသာလျှင် ဖြစ်ပေသည်။

စတုတ္ထအာယသ်(၁၂)မှာ သီးသန့်အဖြစ်အပျက်တစ်ခုအကြောင်းကြောင့် ကျရောက်ခဲ့သည်။ ဖြစ်ပျက်ခဲ့သည်မှာ မက္ကာဟ်မြို့ရှိမှုရှ်ရစ်က်များသည် တမန်တော်မြတ် S ထံ တောင်းဆိုမှု တစ်သီတစ်တန်း တောင်းဆိုခဲ့ကြသည်။ ယင်းတို့အနက်တစ်ခုမှာ "ဤကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ကျွန်ုပ်တို့၏ ရုပ်တုများကို ပြစ်တင်ရှုတ်ချထားသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ထိုကျမ်းစာကို မယုံကြည်နိုင်ပါ။ ထို့ကြောင့် အသင် သည် အခြား ကုရ်အာန်ကျမ်းစာအချို့ယူခဲ့ပါ။ (သို့မဟုတ်) ကုရ်အာန်ကျမ်းပါအကြောင်းအရာကို ပြုပြင်ပြောင်းလဲ ပေးပါလေ။ **ٱئْتِ بِقُرْءَانٍ غَيْرِ هَٰذَآ أَوْ بَدِّلْهُ** "အသင်သည် ဤမှတစ်ပါး အခြားကုရ်အာန်ကိုယူခဲ့ပါလေ။ သို့တည်းမဟုတ် ဤသည်ကိုပင် ပြောင်းလဲ၍ ပေးပါလေ။" ဟူ၍ဖြစ်သည်။ (ယူနွတ်စ်-၁၀း၁၅) (အလ်ဗဂါဝီ၊မဇာဟီရီ)

နောက်အခြားတောင်းဆိုချက်မှာ "ကျွန်ုပ်တို့သည် သင်၏တမန်တော်ဖြစ်ခြင်းကိုယုံကြည်ရန် ဤကမ္ဘာရှိ ဘုရင်များ၏ ရတနာများကဲ့သို့ အသင့်အတွက်ရတနာများချပေးကာ လူတိုင်းကိုဝေငှစေနိုင်ရပါမည်။" သို့မဟုတ်လျှင် အသင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်ကြောင်း သေသေချာချာ ထောက်ခံသည့် အနေဖြင့် ကောင်းကင် စေတမန်အချို့သည် ကောင်းကင်မှ ဆင်းသက်၍ အသင်မည်သည့်နေရာရှိပါစေ။ အသင်နှင့်အတူ ငင်းတို့ရှိနေစေရန်။" ဟူ၍ဖြစ်သည်။

ဤအဓိပ္ပာယ်မဲ့သော အရိုအသေတန်သည့် ရဲတင်းသော တောင်းဆိုချက်များသည် တမန်တော်မြတ် S ၏ နလုံးသားတွင် ထိခိုက်ခံစားရပါသည်။ အကြောင်းမှာ ကိုယ်တော်မြတ်သည် ကမ္ဘာအားလုံးအတွက် အသနားကြင်နာမှုဖြစ်ပါသည်။ ထိုသူများကို သူထိုက်နှင့်သူကံဟု ပေယျာလကန်ပစ်ထားကာ တစ်နေ့တွင် ငင်းတို့ယုံကြည်လာလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် ပစ်ပယ်မထားနိုင်ခဲ့ပါ။ သူတို့၏အဓိပ္ပာယ်မဲ့သော တောင်းဆိုချက်များကိုလည်း ကိုယ်တော်မြတ်က မဖြည့်ဆည်းနိုင်ပါ။ စပြောရလျှင် ဤတောင်းဆိုမှုသည် ကျိုးကြောင်းမညီညွတ်သည့်အပေါ် အခြေခံထားသည်။ အကယ်၍ ရုပ်တုများ၊ ရုပ်တုကိုးကွယ်ခြင်းနှင့် အလားတူသည်များအား အရှိုကိုအရှိုအတိုင်းမခေါ်ဆိုရပါလျှင် စစ်မှန်သောလမ်းညွှန်မှု မည်သို့ဖြစ်လာမည်နည်း။ ထို့ပြင် ယင်းကို မည်သို့ဆောင်ရွက်ခဲ့နည်း။ ထို့နောက် တမန်တော်

တစ်ပါးထံမှ ရတနာများတောင်းခံသည့် ရုတ်တရက်ပေါ်လာသောအကြံဉာဏ်သည် တမန်တော်တစ်ပါး၏ လုပ်ငန်းစဉ်နှင့် မည်သို့မျှမအပ်စပ်ချေ။ ထိုသူတို့သည် တမန်တော်တစ်ပါး၏အဆင့်အတန်းသည် ဘုရင်တစ်ပါး၏အဆင့်အတန်းနှင့် တူသည်ဟု မှတ်ယူခြင်းသာ ဖြစ်သည်။ အလားတူ လူအများကို ရုပ်ဝတ္ထုဆိုင်ရာစေ့ဆော်မှုဖြင့် အီမာန်သက်ဝင်ယုံကြည်စေသည့် အခြေအနေမျိုးပေါ်ပေါက်စေရန်မှာ အလွှာဟ်အရှင်မြတ်၏ ဓလေ့တော်မဟုတ်ချေ။ သို့မဟုတ်လျှင် ကမ္ဘာတစ်ခုလုံးသည် အရှင်မြတ်၏တန်ခိုးအာဏာနှင့် ထိန်းချုပ်မှုအောက်တွင်ရှိသည်။ အလွှာဟ်အရှင့်အလိုတော်နှင့် ဆန့်ကျင်၍ မည်သူသည်ယုံကြည်မှုတစ်ခုသက်ဝင်ယုံကြည်၍ ယင်းနှင့်အညီလုပ်ဆောင်ဝံ့အံ့နည်း။ သို့သော်လည်း ဤသည်မှာ အရှင်မြတ်၏အနန္တဉာဏ်တော်အရ အရှင်မြတ်သည် ဤကမ္ဘာကြီးကို စမ်းသပ်ရန်နေရာဌာန တစ်ခုအဖြစ် ပြုလုပ်ခဲ့ပါသည်။ ဤနေရာတွင် ကောင်းမွန်သောအရာတစ်စုံတစ်ရာပြုလုပ်ခြင်းနှင့် မကောင်းသည့် တစ်စုံတစ်ရာကို ရှောင်ကျဉ်ခြင်းစသည်တို့ကို လူအများအားစေ့ဆော်စေရန် မည်သည့် ရုပ်ဝတ္ထုနည်းလမ်းများကိုမျှ မသုံးစွဲခဲ့ချေ။ ဤနေရာ၌ ကျမ်းစာများနှင့်တမန်တော်များမှတစ်ဆင့်သာပြုလုပ်ခဲ့သည်မှာ မုချဇကာန် ဖြစ်ပေသည်။ ကုသိုလ်နှင့် အကုသိုလ်နှစ်ခုကြား စည်းတားထားသည်။ အကောင်းနှင့်အဆိုးကို ခွဲခြားထားသည်။တစ်ခုစီ၏ရလဒ်ကို ရှင်းလင်းထားသည်။ ဤနည်းဖြင့်လူတို့ကို မှန်ကန်သည်ကိုလုပ်ဆောင်ရန်နှင့် မကောင်းသည်ကိုရှောင်ရှားရန် ဖိတ်ခေါ်ထားသည်။ ထို့ပြင် တမန်တော်တစ်ပါး၏မိန့်ကြားချက်မှန်ကန်ကြောင်း သက်သေခံရန် ကောင်းကင်တမန်တစ်ပါးကို တမန်တော်နှင့် အံ့သြထူးဆန်းစွာတွဲဖက်ထားမည်ဆိုလျှင် ယင်းကြောင့် ပြဿနာများ ပေါ်ပေါက်စေနိုင်သည်။ တစ်ဦးမျှမယုံကြည်လျှင် ထိုသူကိုထိုနေရာ၌ပင် ချက်ချင်းလက်ငင်း ပြစ်ဒဏ် ခတ်ခံရပါလိမ့်မည်။ သို့ဖြစ်ခဲ့လျှင် ယင်းသည်လူများကိုယုံကြည်သက်ဝင်စေရန် အတင်းအကြပ်ပြုလုပ်ခြင်း၏ စံနမူနာ ဖြစ်သွားလိမ့်မည်။ ဤသို့သောယုံကြည်မှုမျိုးသည် မမြင်ဘဲ ယုံကြည်ခြင်းဟူသော အီမာန်ယုံကြည်မှု အနှစ်သာရ မဟုတ်ဘဲ မြင်ရမှသာယုံကြည်ခြင်းမျိုး ဖြစ်သွားပေမည်။ လူသားသည် လုပ်ရပ်၏အနှစ်သာရကို ရွေးချယ်စရာ မရှိသောအဖြစ်လည်း ဖြစ်သွားပေမည်။ ထိုသူများ၏ တောင်းဆိုချက်များသည် အဓိပ္ပာယ်မဲ့ပြီး ရဲတင်းလွန်းသည်မှာ သံသယမရှိချေ။ သို့သော် ဤသည်နှင့်ပတ်သက်၍ အခြားအမြင်တစ်မျိုးရှိသည်။ ထိုကဲ့သို့သော တောင်းဆိုမှုမျိုးပြုလုပ်ခြင်းအပြုအမူက ဤသူများသည် အလွှာဟ်အရှင့်တမန်တော်နှင့် ရဏ္ဍလ်တစ်ပါး၏ စစ်မှန်မှုနှင့် အဆင့်အတန်းကို လုံးလုံးလျားလျား သတိမမူဟူသော အချက်ကို သက်သေခံပါသည်။ သူတို့သည် အလွှာဟ်အရှင်မြတ်နှင့် အရှင့်တမန်တော်ကို ခွဲခြားမမြင်ကြပါ။ ထိုသူတို့က တမန်တော်သည် အလွှာဟ်အရှင်မြတ်ကဲ့သို့ အကြွင်းမဲ့ တန်ခိုးတော်နှင့် ပြည့်စုံသည်ဟု မှတ်ယူသည်။ ထို့ကြောင့် အလွှာဟ်မှတစ်ပါး မည်သူမျှ မလုပ်နိုင်သည်ကို သူတို့အတွက် လုပ်ဆောင်ပေးရန် တမန်တော်ထံတွင် တောင်းခံခဲ့သည်။

အတိုချုပ်ဆိုရသော် ထိုကဲ့သို့သော တောင်းဆိုမှုများကြောင့် တမန်တော်မြတ် S အလွန်ဝမ်းနည်းသွားသော အခါ၌ သူ့အားနှစ်သိမ့်ရန်နှင့် သူ၏အတွေးအခေါ်ပြန်လည် ရှင်သန်စေရန်အတွက် ဤအာယသ်တော် ကျရောက်ခဲ့ပါသည်။ ဦးစွာပထမ တမန်တော်မြတ် S အား ဦးတည်ပြောကြားသည်မှာ "အသင်သည် ဤသူများ၏ဖိအားပေးမှုများကို အညံ့ခံသည့်အနေဖြင့် အလွှာဟ်အရှင်ချပေးတော်မူသော ကုရ်အာန် ကျမ်းတော်မြတ်ပါအစိတ်အပိုင်းတစ်ခုထဲ၌ သူတို့၏ ရုပ်ထုများသည် လုံးဝ အကူအညီမဲ့ဆိုသည့် အကြောင်း မိန့်ထားချက်ကို ၎င်းတို့ မနှစ်သက်သောကြောင့် ယင်းကို အသင် ဖယ်ထုတ်မည်လော။ သို့ဆိုပါလျှင် ထိုတောင်းဆိုမှုတို့အရ အသင်သည် စိတ်အနှောင့်အယှက်ဖြစ်နေဦးမည်လား"ဟူ၍ ဖြစ်သည်။ အာယသ်တော်(၁၂)ပါ အဆို အဓိန့်၏ အစ **لعلك** (လအလ်လက)ဟူသောစကားလုံးထည့်ထားခြင်းက ထိုကဲ့သို့သော လုပ်ရပ်များသည် ကိုယ်တော်မြတ် လုပ်နိုင်လိမ့်မည်ဟူသည့် မျှော်လင့်ချက်မျိုး

ရှိသည်ဟု မဆိုလိုပါ။ ထိုသို့မဟုတ်မူဘဲ ရပ်တည်ချက်မှာ တမန်တော်မြတ် S သည် ထိုသို့သောလုပ်ရပ်မျိုးမှ ကင်းရှင်းသည်ဆိုကြောင်း အတည်ပြုရန်ဖြစ်သည်။ တမန်တော်မြတ် S သည် သူတို့၏ ထပ်ခါတလဲလဲ တောင်းဆိုမှုကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့် အစိတ်အပိုင်းကိုမဆို ဖယ်ထုတ်လိမ့်မည်မဟုတ်သလို ဝမ်းနည်းစရာ ပူပင်သောက ရောက်စရာနှင့် သူတို့၏တောင်းဆိုမှုများကြောင့် အကြပ်အတည်းဖြစ်စရာမလိုပါ။ အကြောင်းမှာ တမန်တော်မြတ်(S)သည် လူတို့အား ဒုက္ခရောက်စေသည်တို့မှသတိပေးရန် အလ္လာဟ်အရှင်စေလွှတ်တော်မူသော "နဇီး" ဖြစ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ကျန်ရှိသည်များအတွက် တာဝန်ယူပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းအတွက် အစွမ်းတန်ခိုးတော်ရှိတော်မူပါသည်။ ဤနေရာ၌ "နဇီး"အား သီးသန့်ဖော်ပြရခြင်းမှာ ဦးတည်ပြောကြားခြင်း ခံရသူများသည် ကာဖိရ်များဖြစ်သောကြောင့် ဖြစ်ပါသည်။ ၎င်းနောက် ကာဖိရ်များသည် ၎င်းတို့၏လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုအတွက် သတိပေးခြင်းမှလွဲ၍ မည်သည်နှင့်မျှ မထိုက်တန်ပါ။ သို့မဟုတ်မူဘဲ တမန်တော်မြတ် S သည် သတိပေးသူ(နဇီး)သက်သက် မဟုတ်ဘဲ ကောင်းမှုကောင်းရာများပြုလုပ်သူတို့အတွက် ဝမ်းမြောက်ဖွယ်ရာသတင်းပေး(ဘရှီး်ရ်)လည်း ဖြစ်ပါသည်။ (နဇီး)တစ်ဦး၏တာဝန် ဝတ္တရားအကြောင်းကို ဤနေရာတွင်ပြောထားသည်များကို ထပ်ဆောင်း ပြောရသော် လူအများတို့အားချစ်ခင်မြတ်နိုးမှုဖြင့် ၎င်းတို့အတွက် အန္တရာယ်ဖြစ်စေမည့်မကောင်းသောအရာ များမှ သတိပေးသူဖြစ်ကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်ရပါမည်။ ထို့ကြောင့် ကောင်းသတင်းပေးသူ "ဘရှီး်ရ်"၏ဆိုလိုရင်းတွင် သတိပေးသူ "နဇီး"လည်း ပါဝင်ပါသည်။

အထက်ဖော်ပြပါအာယသ်များထဲ၌ မုရှ်ရစ်က်များသည် သူတို့စိတ်ကြိုက်အခံ့ဖွယ်ရာများပြသရန် တောင်းဆိုထားပါသည်။ နောက်ဆက်လက်ဖော်ပြမည့်အာယသ်များ၌ ကိုယ်တော်မြတ် S ၏လက်ဝယ်ရှိ အံ့ဖွယ်ကုရ်အာန်သည် ၎င်းတို့ရှေ့မှောက်တွင် အံ့ဖွယ်ရာတစ်ခုဖြစ်ပါသည်။ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အံ့ဖွယ်ရာတစ်ခုဖြစ်ကြောင်း ၎င်းတို့ပင်မငြင်းဆိုနိုင်ပါ။ အလ္လာဟ်အရှင်မြတ်၏တမန်တော်ဖြစ်ကြောင်း မှန်ကန်မှု အတွက်စဉ်းစားရန် သက်သက်ဆိုလျှင် သူတို့သည် အံ့ဖွယ်ရာများကိုရိုးရိုးသားသားတောင်းခံပါက ထို တောင်းခံချက်ကို လက်ခံပြီးဖြစ်ပါသည်။(တန်ခိုးပြာဒီဟာတစ်ခုလည်းပြသပြီးဖြစ်သည်။) တန်ခိုးပြာဋိဟာများ ပြသရန်တောင်းဆိုမှုသည် သူတို့၏ရန်လိုမှုကို နှစ်သိမ့်စေရန် သက်သက်ဖြစ်ခဲ့ပါလျှင် တန်ခိုးပြာဋိဟာပြသမှုသည် မလိုအပ်ဘဲဖြစ်နေပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အံ့ဖွယ်ရာတန်ခိုးပြာဋိဟာများမြင်တွေ့ပြီးလင့်ကစား ထိုကဲ့သို့သောရန်လိုသူများသည် အစွမ်းသတ္တိသက်ဝင်ယုံကြည်လိမ့်မည်ဟု မမျှော်လင့်နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်အရေးကြီးသည့်အချက်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် ငြင်းပယ်၍မရနိုင်သော အံ့ဖွယ်ရာတစ်ပါးဖြစ်ပါသည်။

နောက်အာယသ်နှစ်ခုဖြစ်သော (၁၃-၁၄)ထဲတွင် မုရှ်ရစ်က်များ၊ ကာဖိရ်များဖန်တီးထားသည့် မှားယွင်းသော သံသယများကို ငြင်းဆိုထားပါသည်။ ယင်းသံသယမှာ "ဤလူများကပြောကြသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်မြတ်ကျမ်းစာမဟုတ်၊ အစွမ်းတန်တော်ကြီးကိုယ်တော်တိုင် ပြုလုပ် ထားသော စာအုပ်သာဖြစ်သည်။" ဟူ၍ဖြစ်သည်။

ဖြေကြားသည့်အနေဖြင့် မိန့်ကြားထားသည်မှာ "မုဟမ္မဒ် S ကိုယ်တိုင် ဤကုရ်အာန်ကဲ့သို့သော ကျမ်းစာအုပ်ပြုလုပ်နိုင်သည်ဟု အသင်တို့ထင်ခဲ့ပါလျှင် အသင်တို့သည်လည်းဤကျမ်းတော်ပါ စူရဟ်ဆယ်ခုနှင့် တူညီသောစူရဟ်များ ပြုလုပ်ကြပါလေ။ ၎င်းနောက် ဤစူရဟ်ဆယ်ခုအား လူတစ်ယောက်တည်းဖြင့် ပြုလုပ်ရမည်ဟု မဆိုလိုပါ။ ကမ္ဘာပေါ်ရှိလူတိုင်းသည် ပူးပေါင်းဆောင်ရွက်ကာ ပြုလုပ်ကြပါလေ။ ၎င်းနောက် ဤစူရဟ်ဆယ်ခုသော်မှ ထိုသူများ

မလုပ်ဆောင်နိုင်ပါက တမန်တော်မြတ် S က ထိုသူများကို ပြောရမည်မှာ "ဖြစ်ရပ်အမှန်က ထင်ထင်ရှားရှား ပေါ်လာပါပြီ။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ဤကုရ်အာန်ကျမ်းတော်မြတ်အား လူသားအချို့က ပြုလုပ်နိုင်ခဲ့ပါလျှင် အခြားအခြားသော သူများသည် လုပ်နိုင်စွမ်းရှိရပါမည်။ ထို့နောက် ထိုသူများ မလုပ်နိုင်ခြင်းဆိုသည်က ဤကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အရှင်၏အသိဖြင့် ချပေးသနားတော်မူခြင်းဖြစ်ကာ၊ ယင်းတွင်ပါဝင်သည် တို့ကို အနည်းငယ်မျှ တိုးခြင်း၊လျော့ခြင်းဆိုသည် လူသားများ မစွမ်းဆောင်နိုင်သောအရာ ဖြစ်သည်ဆိုကြောင်း ခိုင်လုံသော သက်သေပြချက် ဖြစ်ပါသည်။"

ဤနေရာ၌ "ထိုသူများတို့အား စူရဟ်ဆယ်ခုကဲ့သို့ စူရဟ်များ ပြုလုပ်ပါလေ"ဟု ကုရ်အာန်ကျမ်းတော်မြတ်ကမိန့်ထားသည်။ ၎င်းနောက် အခြားသောအာယသ်တစ်ခုထဲ၌ မိန့်ကြားထားသေးသည်မှာ "ထိုကျမ်းမြတ်နှင့် အလားတူ ကက္ကာတစ်ခုမျှ(စီကုံးရေးသား၍)ယူဆောင်လာကြကုန်လော့။"ဟု မိန့်ထားသည်။ (၂း၂၃)

အကြောင်းမှာ ဦးစွာပထမထိုသူတို့အား စူရဟ်ဆယ်ခုရေးသားယူဆောင်လာရန် ပြောကြားခဲ့ပါသည်။ သူတို့မလုပ်ဆောင်နိုင်ပါ။ ထို့နောက် ထိုသူများ၏မစွမ်းဆောင်နိုင်ချက် ပိုမိုပေါ်လွင်စေရန်အတွက် အထက် ဖော်ပြပါ စူရဟ်အလ်ဘကရဟ်၏အာယသ်ထဲတွင်မိန့်ထားပါသည်။ ယင်းမှာ "အကယ်၍သာ ကုရ်အာန် ကျမ်းတော်မြတ်သည်လူသားများ ပြုလုပ်ထားသည့် ကျမ်းစာဟုမှတ်ယူခဲ့ပါလျှင် အသင်တို့သည်လည်း ယင်းကျမ်းပါအတိုင်း စူရဟ်တစ်ခုအားရေးသားယူဆောင်ခဲ့ပါလေ။"ဟူ၍ ဖြစ်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ စိန်ခေါ်မှုသည် ၎င်းတို့အတွက် လွယ်ကူမှုဖြစ်အောင်လုပ်ထားသော်လည်း ထိုသူတို့မည်သည်ကိုမျှ မလုပ်နိုင်ခဲ့ပါ။ ကုရ်အာန်ကျမ်းတော်မြတ်သည် အံ့ဖွယ်တစ်ပါးဖြစ်ပြီး အလ္လာဟ်အရှင်၏ မုကျဇိဋ်ဇတော် ဖြစ်သည်။ ထို့ကြောင့် အမြဲသက်သေပြသမှုကို သံသယ ရှိစရာ မလိုပါ။ ထို့ကြောင့် အဆုံး၌ فَهَلْ اَنْتُمْ مُّسْلِمُوْنَ "သို့ဆိုလျှင် အသင်တို့သက်ဝင်ယုံကြည်ကာ နာခံကြပြီလော။ သို့တည်းမဟုတ် အသင်တို့သည် ယခင်ကဲ့သို့ ဂရုမမူ ခြင်းတွင် ရှိနေမည်လော" ဟူ၍ ဖြစ်သည်။

အာယသ်(၁၅-၁၇)

مَنْ كَانَ يُرِيْدُ الْحَيٰوةَ الدُّنْيَا وَ زِيْنَتَهَا نُوَفِّ اِلَيْهِمْ اَعْمَالَهُمْ فِيْهَا وَ هُمْ فِيْهَا
لَا يُبْخَسُوْنَ ﴿١٥﴾ اُولٰٓئِكَ الَّذِيْنَ لَيْسَ لَهُمْ فِي الْاٰخِرَةِ اِلَّا النَّارُ ۖ وَ حَبِطَ مَا
صَنَعُوْا فِيْهَا وَ بٰطِلٌ مَّا كَانُوْا يَعْمَلُوْنَ ﴿١٦﴾ اَفَمَنْ كَانَ عَلٰى بَيِّنَةٍ مِّنْ رَّبِّهٖ وَ
يَتْلُوْهُ شَاهِدٌ مِّنْهُ وَ مِنْ قَبْلِهٖ كِتٰبُ مُوْسٰٓى اِمَامًا وَّ رَحْمَةً ؕ اُولٰٓئِكَ يُؤْمِنُوْنَ بِهٖ
ؕ وَ مَنْ يَّكْفُرْ بِهٖ مِنَ الْاَحْزَابِ فَالنَّارُ مَوْعِدُهٗ ۚ فَلَا تَكُ فِيْ مِرْيَةٍ مِّنْهُ ۫ اِنَّهُ الْحَقُّ
مِنْ رَّبِّكَ وَ لٰكِنَّ اَكْثَرَ النَّاسِ لَا يُؤْمِنُوْنَ ﴿١٧﴾

မည်သူမဆို လောကီဘဝ၌လည်းကောင်း၊ ယင်းလောကီဘဝ၏ (ပကာသနဖြစ်သော) လှပတင့်တယ်မှုကိုလည်းကောင်း ရည်စူးပါလျှင် ငါအရှင်မြတ်သည် ထိုကဲ့သို့သောသူတို့အား ၎င်းတို့၏ ကျင့်မူဆောင်ရွက်ချက်များ၏ (အကျိုး)ကို ဤလောကီ

ဘဝ၌ပင် အပြည့်ပေးတော်မူလေသည်။ ထို့အပြင် ၎င်းတို့သည် ဤလောကီဘဝတွင် (အနည်းငယ်မျှပင်) ယုတ်လျော့စေခြင်းကို ခံကြရသည် မရှိဇေ။ (၁၁း၁၅)

ဤသူများသည် အကြောင်သူများပင်တည်း။ ထိုသူတို့အဖို့ နောင်တမလွန်ဘဝတွင် ငရဲမီးမှအပ အခြားတစ်စုံတစ်ရာမျှပင် (အကျိုးခံစားခွင့်) ရှိလိမ့်မည်မဟုတ်ပေ။ ထို့ပြင် (၎င်းတို့ပြုလုပ်သမျှတို့သည် အချည်းနှီးပင်ဖြစ်သည့်ပြင် ၎င်းတို့ကျင့်မူဆောင်ရွက်ခဲ့သမျှတို့သည်လည်း နောင်တမလွန်ဘဝတွင် အကျိုးမဲ့ဖြစ်လိမ့်မည်သာတည်း။) (၁၁း၁၆)

သို့ဖြစ်ပေရာ အကြောင်သူတို့သည် မိမိတို့၏အရှင်မြတ်ထံတော်မှ (ရောက်ရှိလာသော) ထင်ရှားသောသက်သေခံအပေါ်၌ တည်ရှိကြကုန်၏။ ထို့ပြင်ထိုသူ၏နောက်မှ သက်သေတစ်ခုသည် ထိုအရှင်မြတ်အထံတော်မှ ပါရှိခဲ့၏။ (တစ်နည်း) သို့ဖြစ်ပေရာ အကြောင်သူတို့သည် မိမိတို့၏ အရှင်မြတ်ထံတော်မှ (ရောက်ရှိလာခဲ့သော) ကုရ်အာန်ကျမ်း တော်မြတ်အပေါ်၌တည်ရှိကြကုန်၏။ထို့ပြင်ထိုကျမ်းတော်မြတ်နှင့်အတူထိုကျမ်းတော်မြတ်ထဲ၌ပင် သက်သေခံတစ်ခုပါရှိ၏၊ ထိုမှတစ်ပါးငင်း၏ အလျင် (နဗီတမန်တော်) မူစာ၏ကျမ်းဂန်သည် ရှေ့ဆောင်ရှေ့ရပ်အဖြစ် လည်းကောင်း၊ ကရုဏာတော်အဖြစ်လည်းကောင်း (ထောက်ခံလျက်)ရှိခဲ့၏။ လောကီဘဝကိုရည်စူးသောသူတို့သည် ထို့ကဲ့သို့သော သူတို့နှင့် တူနိုင်ကြပါမည်လော။ ထိုကဲ့သို့သောသူတို့သည်ယင်း (ကုရ်အာန်ကျမ်း တော်မြတ်)ကို ယုံကြည်ကြလေသည်။ ထို့ပြင်အုပ်စုများအနက်မှ မည်သူမဆိုယင်း (ကုရ်အာန်ကျမ်းတော်မြတ်)ကို ငြင်းပယ်ခဲ့ပါလျှင် ငရဲဘုံသည် ထိုသူ၏ချိန်းချက်ထား သောနေရာပင်ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုကုရ်အာန်ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ ဒွိဟသံသယ မဖြစ်ပါလေနှင့်။ကောန်မလွဲ ယင်းကုရ်အာန်ကျမ်းတော်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ (ကျရောက်လာသည့်) မှန်ကန်သော ကျမ်းတော်မြတ်ပင် ဖြစ်ချေသည်။ သို့ရာတွင် မြောက်များစွာသော သူတို့မူကား သက်ဝင်ယုံကြည်ကြသည်မဟုတ်ချေ။ (၁၁း၁၇)

အကျယ်ဖွင့်ဆိုခြင်း

အစွလာမ်ဆန့်ကျင်သူများအား ပြစ်ဒဏ်ခတ်မှုကို သတိပေးပြောကြားခဲ့သောအခါ၌ ထိုသူများက ၎င်းတို့၏ အလှူအတန်းပြုမှုများနှင့် လူမှုရေးဆိုင်ရာအကျိုးဆောင်မှုများကို ရည်ညွှန်းခဲ့ပါသည်။ ဤကဲ့သို့သော ကောင်းမှုပြုလုပ်ကြောင်း ထောက်ခံချက်များ သူတို့၏လက်ဝယ်ရှိပါလျက်နှင့် အဘယ်ကြောင့်သူတို့ အပြစ်ဒဏ် ခတ်ခြင်းခံရပါလိမ့်မည်နည်း။ ကျွန်ုပ်တို့ခေတ်အခါသမယမှာလည်း ထိုကဲ့သို့သောသံသယများရှိနေသည့် ဂရုမမူကြသော မုစ်လင်မ်အတော်များများ ရှိနေကြသည်ဆိုသည်မှာ စိတ်ဝင်စားစရာကောင်းပါသည်။ ထိုမုစ်လင်မ်များသည် မယုံကြည်သည့် မုစ်လင်မ် မဟုတ်သူများ ဖြန့်ဝေနေသော၊ ၎င်းတို့၏လမ်းများ၊ တံတားများ၊ ဆေးရုံများ ဆောက်လုပ်ခြင်းနှင့် သောက်သုံး

ရေများ ဖြန့်ဝေခြင်းများ စသည့် အပြင်ပိုင်းဆိုင်ရာလုပ်ရပ်များနှင့် ကိုယ်ကျင့်တရားများ၏ ကောင်းသောပုံရိပ်ကို ကြည့်နေကြပါသည်။ ဤရှုထောင့်အရ မယုံကြည်သွေဖည်သူများသည် မုစ်လင်မ်များထက် ၎င်းတို့ကသာလွန် ကောင်းမွန်သည်ဟူသော အယူအဆကို စွဲကိုင်ထားကြသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ အထက်ဖော်ပြပါ အာယသ် သုံးခု အနက် ပထမအာယသ်(၁၅)ထဲ၌ ဖြေကြားထားပါသည်။

အကျဉ်းချုပ်အားဖြင့်အဖြေမှာ၊ နောင်တမလွန်ဘဝ၌ ကယ်တင်ခံရခြင်း၏ အရင်းအမြစ်အဖြစ် လက်ခံရန်ဆို လျှင် ပထမအချက်ဖြစ်သော အကြွင်းမဲ့ရိုးသားဖြူစင်ခြင်းဆိုသည်ကို ဖြည့်ဆည်းရပါမည်။ဆိုလိုသည်မှာ ထိုလုပ်ရပ် သည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာ ဖြစ်ရပါမည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ် အတွက်လုပ် ဆောင်ရာ၌ တစ်ခုတည်းသော အတည်ဖြစ်သည့်နည်းလမ်းမှာ အရှင့် တမန်တော်မြတ် S သင်ကြားပြသပြီး လက်တွေ့ လုပ်ဆောင်ပြသခဲ့သော နည်းနှင့် ကိုက်ညီရပါမည်။ အလ္လာဟ်အရှင်နှင့် အရှင့်တမန်တော်မြတ် S အား ယုံကြည် သက်ဝင်မှုမရှိခဲ့ပါလျှင် ထိုသူ့အလုံးစုံသော လုပ်ရပ်နှင့် ကိုယ်ကျင့်တရားတို့သည် အသက်မဲ့အရိုးခြောက်ရုပ်နှင့်တူပါ သည်။ ယင်းအရိုးခြောက်အရုပ်သည် လှပတင့်တယ် (သွယ်လျလျ)နေဟန်ရှိပါသည်။ သို့ရာတွင် ယင်း၌အသက် ဝိညာဉ်မရှိသောကြောင့် နောင်တမလွန်ဘဝ၌ မည်သည့်အလေးချိန် (သို့မဟုတ်) အကျိုးသက်ရောက်မှုမရှိနိုင်ပါ။ ထိုကဲ့သို့သော လူတစ်ဦး၏ အလှူအတန်းကြောင့် ဤကမ္ဘာလောက၌ လူအများအကျိုး ဖြစ်ထွန်းသည် ဆိုသည်က မှန်ပါသည်။ အနည်းဆုံးတော့ ယင်းလုပ်ရပ်၏ အပြင်ပန်းအရဆိုလျှင် လုပ်ခဲ့သည်များသည်ကောင်းမွန်သောကြောင့် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အရှင်၏ကြီးကျယ်လှသောတရားမျှတမှုနှင့် သာတူညီမျှ မှုအရ ယင်းလုပ်ရပ်အား လုံးဝဥသုံး အချီးအနှီး မဖြစ်စေပါ။ အဘယ်ကြောင့် အချီးအနှီး မဖြစ်ပါသနည်းဟူမူ ကိစ္စရပ် တို့အား လုပ်ရပ်များ လုပ်ဆောင်သူ၏ ရည်ရွယ်ချက်အရ အစီအမံများ ပြုလုပ်ပါသည်။ အကယ်၍သာ ထိုသူများသည် လူ့အသိုင်းအဝန်းတွင် ထင်ပေါ်စေခြင်း၊ (သို့မဟုတ်) လူမှုအကျိုးပြုလုပ်ငန်း လုပ်ဆောင်သူ ပုံရိပ်ရရှိလိုခြင်း၊ အလှူ အတန်းပေးသူ၊ စိတ်ထားကောင်းမွန်သူ၊ (သို့မဟုတ်) ပေါ်လွင်ထင်ရှားသူ ဖြစ်ခဲ့ပါလျှင် (သို့မဟုတ်) ကျန်းမာရေးနှင့် ပစ္စည်း ဥစ္စာ စည်းစိမ်ချမ်းသာအတွက် လုပ်ခဲ့ပါလျှင် အလ္လာဟ် တအလာသည် ထိုသူများအား ဤလောကကမ္ဘာမှာပင် သူတို့၏ ရပိုင်ခွင့်များကို ရရှိစေတော်မူပါသည်။ ထိုသူများတွင် နောင်တမလွန်ဘဝ ဆိုသည့် ခံယူချက်မရှိပါ။ ထိုသူတို့ သည် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်း အကြောင်းကို မစဉ်းစားကြပါ။ သူတို့၏လုပ်ရပ်များတွင် ဤအရေးပါ လှသည့် စိတ်ဓါတ်မဲ့နေသောကြောင့် နောင်တမလွန်ဘဝတွင် ကယ်တင်ခံရခြင်းဆိုသည်နှင့် ထိုက်တန်သော အရည် အချင်း မရှိပါ။ ထို့ကြောင့် သူတို့လုပ်ရပ်များ အတွက် နောင်တမလွန် ဘဝတွင် အစားပေးခံရခြင်း မရှိသကဲ့သို့ မယုံကြည်ခြင်းနှင့် မနာခံခြင်းဆိုသည့် ထပ်ဆင့်ဝန်ထုပ် ဝန်ပိုးက ၎င်းတို့အား ငရဲသို့လားစေပါလိမ့်မည်။ ဤသည်မှာ ပထမအာယသ်ထဲ၌ မိန့်ကြားထားသည်၏ အကျဉ်းဖြစ်ပါသည်။ ယခု ဤနေရာတွင် သုံးနှုန်းထားသည့် အချို့သော စကားလုံးတို့အား လေ့လာကြပါစို့။

မိန့်ကြားထားသည်မှာ ဤကမ္ဘာလောက ဘဝအတွက် အမြဲကြိုးပမ်းအားထုတ်ပြီး မွမ်းမံမှုများ ပြုလုပ်သူ အတွက် အလ္လာဟ်တအာလာသည် ထိုသူ/သူမ၏ လုပ်ရပ်များအတွက် အပြည့်အဝ အစားပေးမှုကို ဤကမ္ဘာ လောက မှာပင် ပေးတော်မူပါသည်။ ထိုသူများအတွက် ဤဒွန္ဒယာတွင် အစားပေးမှုအား လျော့နည်းမှု အလျင်းမရှိပါ။ ဤကဲ့ သို့သော အမျိုးသား(သို့မဟုတ်) အမျိုးသမီးတို့အတွက် ဆိုလျှင် အာခိရသ် (နောင်တမလွန်)ဘဝ၌ ငရဲမှအပ ဘာမျှ မရှိပါ။

ဤနေရာ၌ ကုရ်အာန် ကျမ်းတော်မြတ် ထဲ၌ ရွေးချယ်သုံးနှုန်းထားသော مَنْ كَانَ يُرِيْدُ "(လောကီဘဝကို လည်းကောင်း၊ ယင်းလောကီဘဝ၏ (ပကာသနဖြစ်သော) လှုပတင့်တယ်မှုကို လည်းကောင်း) ရည်စူးထားသော သူများ" ဟူသော အသုံးအနှုန်းသည် مَنْ اَرَادَ (လိုလားသူများ)ဟူသော တိုတုတ်သော အသုံးအနှုန်းကို ရှောင်ကွင်းထားသည်ကို သတိပြုသင့်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းက အဆက်မပြတ်ဖြစ်ခြင်းကို ရည်ညွှန်းကာ အစောပိုင်း "အဆက်မပြတ် ကြိုးစား အားထုတ်နေခြင်း" ဟု ဘာသာပြန်ဆိုထားခဲ့သည့်အတိုင်း အဓိပ္ပာယ် သက်ရောက်ပါသည်။ ဤသည်က ကျွန်ုပ်တို့အား ပြောသည်မှာ သူတို့၏ လုပ်ရပ်အတွက် ဤကမ္ဘာလောက၏ ကောင်းကျိုးမှလွဲ၍ ဘာကိုမှအလိုမရှိဆိုသော ထိုသူများ၏အခြေအနေပင် ဖြစ်ပါသည်။ ထိုသူတို့သည် နောင်လာမည့် ဘဝတွင် ဘာဖြစ်လိမ့်မည် ဆိုသည်ကို သောကမထားပါ။ နောင် တမလွန်ဘဝနှင့် ယင်းတွင် ကယ်တင်ခံရခြင်းဟူသော သောကနှင့် အတူ ဤကမ္ဘာလောကအတွက် သူ၏ဝေစု ရရှိရန်အတွက် ရည်ရွယ်ချက်များ၊ အကြံအစည်များနှင့် လုပ်ဆောင်သော သူတစ်ယောက်အတွက် ဆိုလျှင် ဤအာယသ်၏ ပြဋ္ဌာန်းချက်တွင် အကျုံးမဝင်စေပါ။

ဤအာယသ်သည် ကာဖိရ်များသာ (သို့မဟုတ်) မုစ်လင်မ်များသာ (သို့မဟုတ်) မုစ်လင်မ်များနှင့် ကာဖိရ်များနှစ်မျိုးစလုံးနှင့် သက်ဆိုင်ပါသလား။ ဤသည်နှင့် ပတ်သက်၍ သဖီစီရ်ပညာရှင်များအကြား ကွဲပြားခြားနား ကြပါသည်။ အာယသ်နောက်ဆုံး ဝါကျပါ "ထိုသူများအတွက် နောင်တမလွန်ဘဝတွင် ငရဲမီးမှအပ ဘာမျှ မရှိပါ။" ပါ စကားလုံးများက ကာဖိရ်များနှင့်သာ သက်ဆိုင်သည်ဟု ရည်ညွှန်းဟန် ရှိပါသည်။ အဘယ့်ကြောင့် ဆိုသော် မွတ်စ်လင်မ်တစ်ဦး ဂုနာဟ် ပြစ်မှုများ မည်မျှပင် ကျူးလွန်ခဲ့ပါစေ၊ သူ၏ ပြစ်မှုဂုနာဟ်များ အတွက် အပြစ်ခံရပြီးသည့် နောက်ဆုံးတွင် ဂျန္နသ်သို့ သွားရ ပါမည်။ ထို့ကြောင့် ဒါဟတ်က်နှင့် အခြားသော ဋီကာရှင်များက ဤသည်မှာ ကာဖိရ်များနှင့်သာ သက်ဆိုင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

ဋီကာရှင်အချို့က ပြောသည်မှာ ယင်းသည် သူတို့၏ ကောင်းမှု လုပ်ရပ်များမှ တစ်ဆင့် ဤကမ္ဘာလောကီဘဝမှ စည်းစိမ်ချမ်းသာနှင့် အသိအမှတ်ကို ရရန်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သော မုစ်လင်မ်များကိုရည်ညွှန်းသည်။ တစ်နည်းဆိုသော် သူတို့ကောင်းမှုလုပ်ခြင်းသည် သူတို့နေထိုင်ရာ လောကီကမ္ဘာ၌ စည်းစိမ် ချမ်းသာရရှိရန်နှင့် အသိ အမှတ်ပြု ခံရရန်ဟူသော ရည်ရွယ်ချက် တစ်ခုတည်းဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့ ဆွေးနွေးနေသည့် ဝါကျက ဆိုလိုမည်မှာ သူတို့သည် ၎င်းတို့၏ မကောင်းသော လုပ်ရပ်များ အတွက် ပြစ်ဒဏ်ခတ်ခံရမှု မပြီးဆုံးမချင်း သူတို့သည် ငရဲမီးမှအပ အခြား မျှော်လင့်ရန်မရှိချေ။

သို့သော်လည်း ဤအာယသ်သည် လောကီဆိုင်ရာ အကျိုးအမြတ်များဖြစ်သည့် ဥစ္စာဓန၊ ကျန်းမာခြင်းနှင့် ထင်ပေါ်ကျော်ကြားခြင်း စသည်တို့ကို ရရှိရန်ဟူသော ရည်ရွယ်ချက် တစ်ခုတည်းဖြင့်သာ ကောင်းမှုကောင်းရာ ပြုလုပ်သူများနှင့် သက်ဆိုင်သည်ဟု မှတ်ယူခြင်းသည် ပိုမိုလေးနက်၍ ရှင်းလင်းသော ချဉ်းကပ်နည်း ဖြစ်သည်။ ထိုသို့ ပြုလုပ်သူများသည် အစဦးကတည်းကပင် နောင်တမလွန်ဘဝကို မယုံကြည်သော ကာဖိရ်(သို့မဟုတ်) မယုံကြည် သွေဖည်ငြင်းပယ်သူ ဖြစ်နိုင်ပေသည်။ သို့မဟုတ်လျှင် ထိုသူတို့သည် သဘောတရားရေးအရ နောင်တမလွန် ဘဝကို ယုံကြည်သော်လည်း ၎င်းတို့ လက်တွေ့လုပ်ဆောင်ရာတွင် ၎င်းတို့၏ ယုံကြည်ချက်ကို အသုံးမပြုသည့် မုစ်လင်မ် များဖြစ်နိုင်သည်။ စင်စစ်သူတို့သည် ၎င်းတို့ဘဝ တစ်ခုလုံး၏ သောကကို လောကီဆိုင်ရာ အကျိုးအမြတ်ဖြင့်သာ ဆက်စပ်ထားသည်။ အစောပိုင်းဋီကာရှင်များအနက်မှ မုဂျာဟစ်ဒ်၊ မိုင်မူန်အဲ့ ဗင်မုဟ်ရာမ်နှင့် စိုင်ယိဒနာမုအာဝိယာဟ် d တို့သည် ဤအယူအဆ အတိုင်းပင် ဖြစ်သည်။ တမန်တော်မြတ် S ၏ ကျော်ကြားလှသော ဟဒီးဆ်တော် တစ်ပုဒ်ကလည်း

ဤအဓိပ္ပာယ်ကို အထောက်အကူပြုသည်။ ယင်းမှာ- إِنَّمَا الْأَعْمَالُ بِالنِّيَّاتِ "ယင်းလုပ်ရပ်များသည် ရည်စူးချက်အတိုင်း အဆုံးအဖြတ်ပေးသည်။" တစ်စုံတစ်ဦးသည် ရယူချင်သည့်အတိုင်း လုပ်လျှင် ထိုအတိုင်းရပေသည်။ မည်သူမဆို ဒွန္နယာ(လောကီအကျိုးအမြတ်များ) ရရန်ရည်စူးလျှင် ဒွန္နယာသာ ရပေမည်။ မည်သူမဆို အာခိရသ်ကို ရရှိရန် ရည်စူးလျှင် အာခိရသ်တွင် ရလိမ့်မည်။ မည်သူမဆို လောကီလောကုတ္တရာ နှစ်ဌာန ရည်စူးလျှင် နှစ်ဌာနစလုံး ရရှိမည်ဖြစ်သည်။ လုပ်ရပ်အားလုံးသည် ရည်စူးချက် ပေါ်တည်မှီသည် ဆိုသည့် မူတစ်ရပ်မှာ အွမ္မသ်ထုတိုင်းနှင့် ဘာသာတိုင်းက သက်သေပြခဲ့ပြီး ဖြစ်သည်။ (ကုရ်သုဗီ)

ထို့ကြောင့် ဟဒီးဆ်တော် တစ်ရပ်တွင် မိန့်ထားသည်မှာ လောကီဘဝတွင် လူအများ၏ ရိုသေလေးစားမှု ခံယူလိုသဖြင့် အိဗာဒသ် ပြုလုပ်သူသည် ကိယာမသ် နေ့တွင် ရှေ့သို့ထွက် စေပါမည်။ ထိုသူများကို ပြောမည်မှာ "အသင်တို့ အိဗာဒသ်ပြုခဲ့ခြင်းများ၊ လှူဒါန်းခဲ့ခြင်းများ၊ ဂျီဟာဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းများ၊ ကုရ်အာန် ကျမ်းမြတ် ရွတ်ဖတ် သရဇ္ဈယ်ခဲ့ခြင်းများ အားလုံးသည် အသင်တို့အား ဘာသာရေး ကိုင်းရိုင်းရိုသေသူ၊ အလှူဒါန ရက်ရောသူ၊ ဂျီဟာဒ်စစ်ပွဲ၏ သူရဲကောင်းများနှင့် ကုရ်အာန်ကျမ်းမြတ်ကို အကြီးအကျယ် ရွတ်ဖတ်သူများအဖြစ် ထင်ပေါ်ကျော်ကြားလိုသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ယခု အသင်တို့ လိုချင်သည်များ ရရှိပြီးဖြစ်သည်။ အသင်တို့ ရှာဖွေခဲ့သည့် ဂုဏ်ပကာသနသည် လောကီဘဝတွင် သင်တို့ရရှိခဲ့ပြီး ဖြစ်သည်။ ယခုအခါတွင် အသင်တို့ အတွက် အသင်တို့လုပ်ခဲ့ သမျှကို အစားပေးရန် မရှိတော့ပါ။ ထို့နောက် ထိုသူများကို ဂျဟန္နမ်မီး အတွင်းသို့ ဦးစွာ ပထမ ပစ်ချခြင်း ခံရလိမ့်မည် ဖြစ်သည်။

ဤဟဒီးဆ်တော်ကို တင်ပြစဉ်တွင် စိုက်ယိဒနာ အဗူဟုရိုင်ရာဟ် d သည် ငိုကြွေးရင်းပြောသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်၏ အာယသ်တော် مَنْ كَانَ يُرِيْدُ الْحَيٰوةَ الدُّنْيَا وَ زِيْنَتَهَا "မည်သူမဆို လောကီဘဝကို လည်းကောင်း၊ ယင်းလောကီ ဘဝ၏ (ပကာသန ဖြစ်သော) လှပတင့်တယ်မှုကို လည်းကောင်း ရည်စူးပါလျှင်" က ဤဟဒီးဆ်ကို အတည်ပြုသည်။

စိုက်ယိဒနာအနပ်စ် d ၏ ခိုင်လုံမှုအရ ဆွဟီးဒ်မုစ်လင်မ်ကျမ်းတွင် တင်ပြထားသည်မှာ တမန်တော်မြတ် s မိန့်တော်မူခဲ့သည် "အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတရား မလုပ်ချေ" ဟူ၍ဖြစ်သည်။ ယုံကြည်သက်ဝင်သူတစ်ဦးပြုလုပ်သော ကောင်းမှုအတွက် ဤကမ္ဘာ လောကတွင် ယင်းအတွက် အစားပေးမှု အချို့ ရသော်လည်း နောင်တမလွန်ဘဝတွင် စစ်မှန်သောဆုလာဘ်ကို ရရှိပေလိမ့်မည်။ ကာဖိရ်တစ်ဦး (နောင်တမလွန်ဘဝတွင် သူဘာဖြစ်မည်ကို ဂရုမမူသောသူ)အတွက်ဆိုလျှင် ဤကမ္ဘာလောကတွင်ပင် သူနှင့်စာရင်းရှင်းလင်းပြီးဖြစ်သည်။ သူ၏ကောင်းမှုလုပ်ရပ်များ အကယ်၍ နည်းနည်းပင်ရှိခဲ့လျှင် ယင်းအတွက်အစားပေးမှုကို လောကီဆိုင်ရာ ဥစ္စာဓန၊ ထင်ပေါ်ကျော်ကြားမှု၊ ကျန်းမာခြင်းနှင့် စည်းစိမ်အဖြစ် ပေးခဲ့သည်။ သို့သော်လည်း သူနောင်တမလွန် ဘဝအဆင့် ရောက်ခဲ့သောအခါ၌ မည်သည့်အစားပေးခြင်းကို ရမျှရလိမ့်မည်မဟုတ်ချေ။

သဖီစိရ် မဇာဟီရီကျမ်းတွင်ပါသည်မှာ ယုံကြည်သက်ဝင်သူတစ်ဦးသည် ဤကမ္ဘာလောကတွင် ကြီးပွားချမ်းသာရန် မျှော်ကိုးသော်လည်း နောင်တမလွန်ဘဝ၏ အကောင်းဆုံးကို ရရှိရေးဆိုသည့် သူ၏ရည်ရွယ်ချက်သည် အရာရာတိုင်း အပေါ်တွင် လွှမ်းမိုးတည်ရှိနေပါသည်။ ထို့ကြောင့် ဤကမ္ဘာလောကီတွင် သူလုပ်သလောက် သူရရှိပေသည်။ သို့သော်လည်း နောင်တမလွန်ဘဝတွင်မူ ပိုကြီးမားသော အစားပေးမှု နှင့် ဆုလာဘ်များကို ရရှိမည်ဖြစ်သည်။

တစ်ခါက စိုက်ယိဒနာ အွမ္မရ် d သည် တမန်တော်မြတ် S ၏ အိမ်သို့အလည်သွားခဲ့သည်။ အိမ်ထဲတွင် ပစ္စည်း အချို့ အနည်းငယ်မျှအပ ဘာမျှမတွေ့ရသောအခါ ၎င်းကတမန်တော်မြတ် S ထံ "ကိုယ်တော့်အုပ္မသ်ထုကို ပိုမိုများပြားသည့် ရုပ်ဝတ္ထုဆိုင်ရာ ပစ္စည်းများဖြင့်ကောင်းချီးပေးရန် အလ္လာဟ်အရှင်မြတ်ထံ ဒုအာတောင်းဆုပန်ပါရန်" လျှောက်ထားခဲ့သည်။ ပါရှားနှင့် ဗိုင်ဇန်တိုင်းမှလူများသည် အလ္လာဟ်အရှင်မြတ်အား မကိုးကွယ်ကြသော်လည်း သူတို့သည် ဤကမ္ဘာတွင် လွန်စွာချမ်းသာကြွယ်ဝကြပါသည်။ တမန်တော်မြတ် S က ကျောနောက်ရှိ ခေါင်းအုံး တစ်လုံးပေါ်မှ ဒီနေခဲ့သည်။ စိုက်ယိဒနာအွမ္မရ် d ၏ ပြောစကားများကို ကိုယ်တော်မြတ်ကြားလိုက်သောအခါတွင် ကိုယ်တော်မြတ်သည် မတ်မတ်ထိုင်လိုက်၍ မိန့်သည်မှာ "အို အွမ္မရ်၊ အသင်သည် ထိုအရာများအကြောင်းသာ တွေးတောနေသလော၊ ဤလူများသည် သူတို့၏ ကောင်းမှုလုပ်ရပ်များအတွက် ဤကမ္ဘာတွင်ပင်လျှင် အစားပေးခံ ရသော သူများဖြစ်ကြသည်" ဟူ၍ဖြစ်သည်။ (မဇာဟီရီ)

စိုက်ယိဒနာ အနပ်စ် d ၏ခိုင်လုံမှုအရ ဂျာမီသိရ်မိဇီကျမ်းနှင့်မုစ်နပ်အဟ်မဒ်ကျမ်းတို့တွင် တင်ပြထားသည်။ တမန်တော်မြတ် S မိန့်ကြားသည်မှာ "မည်သူမဆို သူ၏လုပ်ရပ်များကြောင့် နောင်တမလွန် ဘဝ၏ (အကောင်းဆုံး) ကိုရရန်ရည်စူးခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ဤကမ္ဘာတွင် သူ၏နှလုံးသားကို လိုအပ်မှုမှ ကင်းစင်စေပါသည်။ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ထိုသူရမည့်အရာကို တာဝန်ယူတော် မူသဖြင့် ကမ္ဘာလောကီ၏(ဆန္ဒများ)သည် ထိုသူ့ရှေ့မှောက်တွင် ကင်းစင်သွားပေတော့သည်။ ထို့ပြင်မည်သူမဆို ပစ္စုပ္ပန်ကမ္ဘာ၏ (အကောင်းဆုံး)ကိုရယူရန် ရည်စူးခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းသူ၏ချု၍ မရအောင်ပင် ချို့တဲ့မှုနှင့်လိုအပ်မှုများ ရှိနေပေမည်။ လောကီဆိုင်ရာလောဘ၏ အမြဲစေ့ဆော်မှုကြောင့် ၎င်း၏လိုလားချက်မှာ အတောမသတ်နိုင်တော့ချေ။ လိုအပ်ချက်တစ်ခုဖြည့်ဆည်းရရှိသည်နှင့်တပြိုင်နက် အခြားလိုအပ်ချက်က သူ့တွင်ပေါ်လာပေသည်။ မရေမတွက်နိုင်သောသောကများက သူ့အပေါ်ဖိစီးသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်က ၎င်းအတွက်သတ်မှတ်ထားသည်ကိုသာလျှင် သူရရှိမည်ဖြစ်သည်။

"ဤလောကီဘဝတွင် ၎င်းတို့၏လုပ်ရပ်များ ရည်စူးသူများအတွက် ဤလောကီဘဝတွင်ပင် အပြည့်အဝအစားပေးသည်။"ဟူသော ဤအာယသ်ပါအချက်နှင့်ပတ်သက်၍ တစ်စုံတစ်ဦးတွင် သံသယဖြစ်နိုင် ပါသည်။ လောကီဆိုင်ရာအကျိုးအမြတ်ရရန် ရည်မှန်း၍လုပ်ဆောင်ခဲ့လင့်ကစား ဤကမ္ဘာလောကတွင်ပင် ၎င်းတို့ရည်ရွယ်ချက်မပြည့်ဘဲ ဘာမျှမရသည့်အခါလည်းရှိသည်ဟု ပြောနိုင်သည်။ အဖြေကို ကုရ်အာန် ကျမ်းမြတ်၏ဤအာယသ်ထဲ၌ အကျဉ်းချုပ်ဖော်ပြထားသည်။ ဤအကြောင်းအသေးစိတ်ကို စူရတ်အလ်အစ္စရာ (ဗနီအစ္စရာအိမ်လ်)ထဲတွင် အောက်ပါအတိုင်းဖော်ပြထားသည်။ مَنْ كَانَ يُرِيْدُ الْعَاجِلَةَ عَجَّلْنَا لَهُ فِيْهَا مَا نَشَآءُ لِمَنْ نُّرِيْدُ "မည်သူမဆို ဤလောကဏ၏ စည်းစိမ်ကိုရည်စူးခဲ့လျှင် ငါအရှင်မြတ်သည်ထိုသူအား ဤလောကဥ်ပင် ငါအရှင်မြတ်အလိုတော်ရှိတော်မူသောအရာကို ငါအရှင်မြတ် အလိုရှိတော်မူသော သူအား အဆောတလျင် ပေးတော်မူ၏။ (၁၇း၁၈)" ယင်းကဆိုလိုသည်မှာ လောကီဘဝမှအပ မည်သည်ကိုမျှ မရည်စူးသူအား အလ္လာဟ်အရှင်မြတ်သည် ထိုသူကို ဤလောကကမ္ဘာတွင်ပင် ပေးသနားတော်မူသည်။ သို့သော်လည်း ယင်းပေးကမ်းမှုတွင် ကန့်သတ်ချက်နှစ်ရပ် ပါဝင်သည်။ ပထမအချက်မှာ အလ္လာဟ်အရှင် အလိုရှိတော်မူသလောက်သာ ပေးတော်မူသည်။ ထိုသူများဆန္ဒရှိသလောက် ပေးမည်ဟု မဆိုလိုချေ။ ဒုတိယအချက်မှာ အရှင်မြတ်၏ဟစ်က်မသ်ဉာဏ်တော်အရပေးသင့်ပေးထိုက်သူကိုသာလျှင် အရှင်မြတ်ကပေးတော်မူသည်။ လူတိုင်းကို ပေးရန်မလိုချေ။

ဒုတိယအာယသ်(၁၇)ထဲ၌ တမန်တော်မြတ် S ၏မြင့်မားသောအဆင့်အတန်းနှင့် ၎င်းနှင့်အတူ ရှိနေသော စစ်မှန်ရိုးသားသည့်ယုံကြည်သူများ၏ အဆင့်အတန်းကိုတင်ပြထားသည်။ ဤသည်မှာ မိမိ အသိပညာနှင့် မိမိ၏ အောင်နိုင်မှု ရလဒ်တို့အား လောကီဘဝ အတွက်သာ ကန့်သတ်ထားသော သူတို့နှင့် ထင်ထင်ရှားရှား ကွဲပြားခြားနား နေသောကြောင့် ဤအုပ်စုနှစ်စုတို့ မတူညီနိုင်ကြောင်းကို တစ်ကမ္ဘာလုံးက မြင်တွေ့စေပါသည်။ ဤအချက်ကို ထင်ရှား သိမြင်စေပြီးသည့်နောက် အလ္လာဟ်အရှင်မြတ်၏နဗီတစ်ပါး၊ တမန်တော် တစ်ပါးဖြစ်သော တမန်တော်မြတ် S ၏ တာဝန် ဝတ္တရားနှင့် သတင်းစကားတို့သည် ကိယာမသ်နေ့တိုင် လူသားများ အားလုံးအတွက် ဖြစ်သည်ဆိုကြောင်း မိန့်ထားသည်။ ထို့နောက် မည်သူမဆို သူဘာပဲ လုပ်လုပ် အကယ်၍ ထိုသူသည် တမန်တော်မြတ် S သခင်အား မယုံကြည် မသက်ဝင်ပါက ထိုသူသည် လမ်းလွဲကာ ငရဲသို့ ဦးတည်နေသည်ဟု မှတ်ယူရလိမ့်မည်ဖြစ်ကြောင်း အလေး အနက် ပြုထားသည်။

ပထမဝါကျထဲ၌ မေးမြန်းထားသည်မှာ "ကုရ်အာန်ကျမ်းတော်မြတ်အား ငြင်းပယ်သူတစ်ဦးနှင့် သူ၏ အရှင် သခင်ထံတော်မှ ကျရောက်သော ကုရ်အာန်ကျမ်းတော်မြတ်အား ဖက်တွယ်သူတစ်ဦးတို့သည် တူညီပါသလော။" ဟူ၍ ဖြစ်သည်။ မူစာ a ၏ ကျမ်းစာသည် ဤကျမ်းတော်မြတ် အလျင်က သက်သေတစ်ခု ဖြစ်ခဲ့သလို ဤကျမ်းစာ သည်ပင် သက်သေတစ်ခုဖြစ်သည် ဆိုကြောင်းနှင့် လူအများအတွက် အကြင်နာတရားထားကာ လိုက်နာ ကျင့်သုံး နိုင်ရန် အတွက် ချပေးသနားတော်မူကြောင်းကို ဖော်ပြထားသည်။

ဤအာယသ်ပါ ဗိုင်ယိနာဟ် (بينه)ဆိုသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်ကို ရည်ညွှန်း ပါသည်။ (شاهد)(ရှာဟိဒ်)သက်သေပြချက်ဟူသော စကားလုံးနှင့် ပတ်သက်၍ သဖီရ်ပညာရှင်တို့၏ အဆိုအမိန့်များ ကွဲပြား ခြားနားကြပါသည်။ ဗယာနွလ်ကုရ်အာန်ကျမ်းရှင်က "ရှာဟီဒ်"ဆိုသည်မှာ ကုရ်အာန် ကျမ်းတော်မြတ်ပါ ကုရ်အာန်ကျမ်းတော်မြတ်သည် အံ့ဖွယ်ဖြစ်သည်ဟု မှတ်ယူပါသည်။ ထို့ကြောင့် ယင်းကဆိုလိုသည်မှာ ကုရ်အာန် ကျမ်းတော် မြတ်အား ယုံကြည်ဖက်တွယ်သူများ အတွက် ကုရ်အာန်ကျမ်း တော်မြတ်ထဲ၌ ပါဝင်သော ယင်းကျမ်း၏ မှန်ကန်ချက် အတွက် သက်သေတစ်ခုရရှိပါသည်။ ဆိုလိုသည်မှာ ယင်း၏အံ့ဖွယ်ရာပင် ဖြစ်သည်။ ထို့နောက် အခြားသက်သေ ပြချက်သည် သောင်ရဲသ်ကျမ်းမှ ရရှိပါသည်။ စိုက်ယိဒနာမူစာ a သည် ယင်းသောင်ရဲသ်ကျမ်းအား လူအများအတွက် လမ်းညွှန်မှုနှင့် အသနား အကြင်နာတော်အဖြစ် ယူဆောင်ရခဲ့သည်။ အကြောင်းမှာ ကုရ်အာန် ကျမ်းတော်မြတ်၏ မှန်ကန်မှုကို သောင်ရဲသ်ကျမ်းတော်မြတ်က ရှင်းလင်းစွာ အတည်ပြုထားခဲ့ပါသည်။

ဒုတိယဝါကျထဲ၌ ကိယာမသ်နေ့တိုင် ကယ်တင်ခံရခြင်းသည် တမန်တော်မြတ် S သခင်အပေါ် သက်ဝင် ယုံကြည်မှု၌ တည်မှီသည်။ ထို့ကြောင့် အလေးအနက်ပြုရန်အတွက် မိန့်ကြားထားသည်မှာ ကမ္ဘာပေါ်ရှိ မည်သည့် အစွမ်သတ္တိမှဖြစ်စေ၊ မည်သည့်ဘာသာတရားမှဖြစ်စေ၊ မည်သူမဆို တမန်တော်မြတ် S အား သက်ဝင်ယုံကြည်ရန် ငြင်းဆိုပါက သူ၏ နားခိုရာနေရာသည် ဂျာဟန္နမ်ဖြစ်သွားလိမ့်မည်။

စိုက်ယိဒနာ အပူဟုရိုင်ရဟ် d ဆင့်ပြန်ချက်အရ ဆွဟီးမုစ်လင်ကျမ်းပါ တင်ပြချက်၌ တမန်တော်မြတ် S သခင်က မိန့်ကြားသည်မှာ "ကျွန်ုပ်၏အသက်ကို ပိုင်စိုးတော်မူသော အရှင်မြတ်နာမတော်ဖြင့် ကျိန်တွယ်ပြောဆိုပါမည်။ မည်သည့်ဂျူး(သို့မဟုတ်)ခရစ်ယာန်တစ်ဦးသည် ကျွန်ုပ်၏ဖိတ်ခေါ်မှုကို ကြားသိရပါလျက်နှင့် ကျွန်ုပ်ယူဆောင် လာသော သင်ကြားပို့ချချက်များအား မယုံကြည်ပါက ထိုသူ/သူမသည် ဂျာဟန္နမ်သားတစ်ယောက် ဖြစ်သွားမည်ဟူ၍ ဖြစ်သည်။

ဤသည်ကား ဂျူးများ၊ ခရစ်ယာန်များ(သို့မဟုတ်) အခြားသော ဘာသာတရားများကို သက်ဝင်ယုံကြည်သူများသည် တမန်တော်မြတ် S နှင့် ကုရ်အာန်ကျမ်းတော်မြတ်အား မယုံကြည်မသက်ဝင်သော်လည်း အပြင်ပိုင်းဆိုင်ရာ လုပ်ရပ်အချို့တို့သည် ကယ်တင်ခြင်း ခံရမှုအတွက် လုံလောက်သော အခြေခံဖြစ်ကာ၊ (ဟားစ်) မှန်ကန်မှုအပေါ်၌ရှိသည်ဟူ၍ မှတ်ယူကြသော လူများတို့၏ နားလည်မှု မှားယွင်းမှုများကို ပယ်ရှားစေပါသည်။ ဤကဲ့သို့ မှတ်ယူခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ လက်ရှိ အာယသ်နှင့် ခိုင်လုံသော အဲဟ်ဟဒီးဆ်များနှင့် ပြောင်ပြောင်တင်းတင်း ဆန့်ကျင်ပါသည်။ **والعیاذ باللہ** (အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုးတို့အား ထိုကဲ့သို့သော အဖြစ်မျိုးမှ ကာကွယ်စောင့် ရှောက်တော်မူပါ။)

အာယသ် (၁၈-၂၄)

وَ مَنْ اَظْلَمُ مِمَّنِ افْتَرٰی عَلَی اللّٰهِ كَذِبًا ؕ اُولٰٓئِكَ یُعْرَضُوْنَ عَلٰی رَبِّهِمْ وَ یَقُوْلُ
الْاَشْهَادُ هٰٓؤُلَآءِ الَّذِیْنَ كَذَبُوْا عَلٰی رَبِّهِمْ ۚ اَلَا لَعْنَةُ اللّٰهِ عَلَی الظّٰلِمِیْنَ ﴿۱۸﴾
الَّذِیْنَ یَصُدُّوْنَ عَنْ سَبِیْلِ اللّٰهِ وَ یَبْغُوْنَهَا عِوَجًا ؕ وَ هُمْ بِالْاٰخِرَةِ هُمْ كٰفِرُوْنَ
﴿۱۹﴾ اُولٰٓئِكَ لَمْ یَكُوْنُوْا مُعْجِزِیْنَ فِی الْاَرْضِ وَ مَا كَانَ لَهُمْ مِّنْ دُوْنِ اللّٰهِ
مِنْ اَوْلِیَآءَ ؘ یُضٰعَفُ لَهُمُ الْعَذَابُ ؕ مَا كَانُوْا یَسْتَطِیْعُوْنَ السَّمْعَ وَ مَا كَانُوْا
یُبْصِرُوْنَ ﴿۲۰﴾ اُولٰٓئِكَ الَّذِیْنَ خَسِرُوْۤا اَنْفُسَهُمْ وَ ضَلَّ عَنْهُمْ مَّا كَانُوْا یَفْتَرُوْنَ
﴿۲۱﴾ لَا جَرَمَ اَنَّهُمْ فِی الْاٰخِرَةِ هُمُ الْاَخْسَرُوْنَ ﴿۲۲﴾ اِنَّ الَّذِیْنَ اٰمَنُوْا وَ عَمِلُوا
الصّٰلِحٰتِ وَ اَخْبَتُوْۤا اِلٰی رَبِّهِمْ ۙ اُولٰٓئِكَ اَصْحٰبُ الْجَنَّةِ ۚ هُمْ فِیْهَا خٰلِدُوْنَ ﴿۲۳﴾
مَثَلُ الْفَرِیْقَیْنِ كَالْاَعْمٰی وَ الْاَصَمِّ وَ الْبَصِیْرِ وَ السَّمِیْعِ ؕ هَلْ یَسْتَوِیٰنِ مَثَلًا ؕ
اَفَلَا تَذَكَّرُوْنَ ﴿۲۴﴾

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်၌ မုသားကိုလိုဆယ်၍ စွပ်စွဲသောသူထက်ပို၍ မတရား စော်ကားသောသူသည် မည်သူရှိပါမည်နည်း။ ဤကဲ့သို့သောသူများသည် ၎င်းတို့၏အရှင်မြတ် ရှေ့တော်မှောက်ဝယ် ဝင်ရောက်စေခြင်းကို ခံကြရပေမည်။ ထိုအခါသက်သေများက 'ဤသူများပင် မိမိတို့၏အရှင်မြတ်အပေါ်၌ မုသားပြောဆို စွပ်စွဲခဲ့သောသူများ ဖြစ်ကြသည်။' ဟုပြောဆိုကြပေမည်။ အလ္လာဟ်အရှင်မြတ်၏ စက်ဆုပ်တော် မူခြင်းသည်၊ မတရားသောသူတို့၏အပေါ်၌ ရှိချိမ့်မည် ဖြစ်ကြောင်း (ကောင်းစွာ)သတိပြု ကြလေကုန်။ (၁၁:၁၈)

(ထိုကျူးကျော် စော်ကားသော သူများကား) အကြင်သူတို့ပင်၊ ထိုသူတို့သည် (သူတစ်ပါးတို့အားလည်း) အလ္လာဟ်အရှင်မြတ် လမ်းတော်မှ ဝိတ်ပင်တားဆီးကြလေသည်။

ငင်းပြောထိုသူတို့သည် ထိုလမ်းတွင် ကွေးကောက်မှုကို ရှာကြံကြလေသည်။ ထိုမှ တစ်ပါး ငင်းတို့ ကိုယ်တိုင်ပင် "အာခိရသ်" နောင်တမလွန် ဘဝကို ငြင်းပယ်သူများ ဖြစ်ကြကုန်သတည်း။ (တစ်နည်း) ငင်းတို့သည်ကား "အာခိရသ်" နောင်တမလွန် ဘဝကိုပင် ငြင်းပယ်သူများဖြစ်ကြပေသတည်း။ (၁၁း၁၉)

ဤသူများသည် ကမ္ဘာမြေ၌လည်း (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ပေးတော်မူခြင်းမှ) လွတ်မြောက်နိုင်သူများ မဟုတ်ခဲ့ကြချေ။ ထိုမှတစ်ပါး ငင်းတို့၌အလ္လာဟ် အရှင်မြတ်နှင့် ယှဉ်ပြိုင်၍ ကူညီစောင်မမည့်သူ ဟူ၍လည်း တစ်ဦးတစ်ယောက်မျှ မရှိခဲ့ချေ။ (ယနေ့ကား) ငင်းတို့၌ပြစ်ဒဏ်သည် နှစ်ဆပြုလုပ်ခြင်းကိုခံရပေမည်။ ငင်းတို့သည် (မလိုမုန်းတီးမှုကြောင့် ကုရ်အာန်ကျမ်းတော်မြတ် ကိုလည်း) ကြားနာနိုင်စွမ်းမရှိခဲ့ကြပေ။ (အလ္လာဟ်အရှင်မြတ်၏ သက်သေလက္ခဏာ သာဓကများကို လည်း) မြင်နိုင်ကြသည် မရှိခဲ့ချေ။ (၁၁း၂၀)

ဤသူများပင် မိမိတို့ကိုယ်ကိုမိမိတို့ ဆုံးရှုံးနစ်နာစေခဲ့ကြသောသူများတည်း။ ထို့ပြင် ငင်းတို့ထံမှ ငင်းတို့လိုဆယ်ဖန်တီးခဲ့ကြသော (ကိုးကွယ်ရာများသည်) ပျောက်ကွယ်၍ သွားကြလေပြီ။ (၁၁း၂၁)

ဇကန်မလွဲ ငင်းတို့သည်ပင် နောင်တမလွန်ဘဝတွင် အနစ်နာဆုံးသောသူများ ဖြစ်ကြပေမည်။(၁၁း၂၂)

ဇကန်စင်စစ် အကြင်သူတို့သည် သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ငင်းပြောထို သူတို့သည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုမှတစ်ပါး ငင်းတို့သည် မိမိတို့၏အရှင်မြတ်ရှေ့တော်ဝယ် ကျိုးနွံခဲ့ကြကုန်၏။ ထိုသူများကား "ဂျန္နသ်"အမတသုခဘုံသားများ ဖြစ်ကြကုန်၏။ ထိုသူတို့သည်ယင်း "ဂျန္နသ်" အမတသုခဘုံ၌ ထာဝစဉ် နေထိုင်စံမြန်းကြရမည့် သူများပင်တည်း။ (၁၁း၂၃)

(သက်ဝင်ယုံကြည်သူနှင့် သွေဖည်ငြင်းပယ်သူ) အုပ်စုနှစ်စု၏ဥပမာကား မျက်စိကန်းသူနှင့် နားပင်းသူ၊ မျက်စိမြင်သူနှင့်နားကြားသူ ကဲ့သို့ပင်။ ထိုသူတို့နှစ်ဦးသည် အခြေအနေအားဖြင့် တူကြလေသလော။ သို့ဖြစ်ပါလျက် အသင်တို့သည် သတိတရား မရရှိကြပါသလော။ (၁၁း၂၄)

အာယသ် (၂၅-၃၅)

وَ لَقَدۡ اَرۡسَلۡنَا نُوۡحًا اِلٰی قَوۡمِہٖۤ اِنِّیۡ لَکُمۡ نَذِیۡرٌ مُّبِیۡنٌ ﴿۲۵﴾ اَنۡ لَّا تَعۡبُدُوۡۤا اِلَّا
اللّٰہَ ؕ اِنِّیۡۤ اَخَافُ عَلَیۡکُمۡ عَذَابَ یَوۡمٍ اَلِیۡمٍ ﴿۲۶﴾ فَقَالَ الۡمَلَاُ الَّذِیۡنَ کَفَرُوۡا
مِنۡ قَوۡمِہٖ مَا نَرٰىکَ اِلَّا بَشَرًا مِّثۡلَنَا وَ مَا نَرٰىکَ اتَّبَعَکَ اِلَّا الَّذِیۡنَ ہُمۡ اَرَاذِلُنَا
بَادِیَ الرَّاۡیِ ۚ وَ مَا نَرٰی لَکُمۡ عَلَیۡنَا مِنۡ فَضۡلٍۭ بَلۡ نَظُنُّکُمۡ کٰذِبِیۡنَ ﴿۲۷﴾ قَالَ
یٰقَوۡمِ اَرَءَیۡتُمۡ اِنۡ کُنۡتُ عَلٰی بَیِّنَۃٍ مِّنۡ رَّبِّیۡ وَ اٰتٰىنِیۡ رَحۡمَۃً مِّنۡ عِنۡدِہٖ فَعُمِّیَتۡ
عَلَیۡکُمۡ ؕ اَنُلۡزِمُکُمُوۡہَا وَ اَنۡتُمۡ لَہَا کٰرِہُوۡنَ ﴿۲۸﴾ وَ یٰقَوۡمِ لَاۤ اَسۡـَٔلُکُمۡ عَلَیۡہِ
مَالًا ؕ اِنۡ اَجۡرِیَ اِلَّا عَلَی اللّٰہِ وَ مَاۤ اَنَا بِطَارِدِ الَّذِیۡنَ اٰمَنُوۡا ؕ اِنَّہُمۡ مُّلٰقُوۡا رَبِّہِمۡ
وَ لٰکِنِّیۡۤ اَرٰىکُمۡ قَوۡمًا تَجۡہَلُوۡنَ ﴿۲۹﴾ وَ یٰقَوۡمِ مَنۡ یَّنۡصُرُنِیۡ مِنَ اللّٰہِ اِنۡ طَرَدۡتُّہُمۡ
ؕ اَفَلَا تَذَکَّرُوۡنَ ﴿۳۰﴾ وَ لَاۤ اَقُوۡلُ لَکُمۡ عِنۡدِیۡ خَزَآئِنُ اللّٰہِ وَ لَاۤ اَعۡلَمُ الۡغَیۡبَ
وَ لَاۤ اَقُوۡلُ اِنِّیۡ مَلَکٌ وَّ لَاۤ اَقُوۡلُ لِلَّذِیۡنَ تَزۡدَرِیۡۤ اَعۡیُنُکُمۡ لَنۡ یُّؤۡتِیَہُمُ اللّٰہُ
خَیۡرًا ؕ اَللّٰہُ اَعۡلَمُ بِمَا فِیۡۤ اَنۡفُسِہِمۡ ۖ اِنِّیۡۤ اِذًا لَّمِنَ الظّٰلِمِیۡنَ ﴿۳۱﴾ قَالُوۡا یٰنُوۡحُ قَدۡ
جٰدَلۡتَنَا فَاَکۡثَرۡتَ جِدَالَنَا فَاۡتِنَا بِمَا تَعِدُنَاۤ اِنۡ کُنۡتَ مِنَ الصّٰدِقِیۡنَ ﴿۳۲﴾ قَالَ
اِنَّمَا یَاۡتِیۡکُمۡ بِہِ اللّٰہُ اِنۡ شَآءَ وَ مَاۤ اَنۡتُمۡ بِمُعۡجِزِیۡنَ ﴿۳۳﴾ وَ لَا یَنۡفَعُکُمۡ نُصۡحِیۡۤ
اِنۡ اَرَدۡتُّ اَنۡ اَنۡصَحَ لَکُمۡ اِنۡ کَانَ اللّٰہُ یُرِیۡدُ اَنۡ یُّغۡوِیَکُمۡ ؕ ہُوَ رَبُّکُمۡ ۟ وَ اِلَیۡہِ
تُرۡجَعُوۡنَ ﴿۳۴﴾ اَمۡ یَقُوۡلُوۡنَ افۡتَرٰىہُ ؕ قُلۡ اِنِ افۡتَرَیۡتُہٗ فَعَلَیَّ اِجۡرَامِیۡ وَ اَنَا بَرِیۡٓءٌ مِّمَّا
تُجۡرِمُوۡنَ ﴿۳۵﴾

ထို့ပြင် ဇကာန်စင်စစ် ငါအရှင်မြတ်သည်(နဗီတမန်တော်)နူဟ်အား ၎င်း၏အမျိုးသား
တို့ထံ စေလွှတ်တော်မူခဲ့လေသည်။ (သို့ဖြစ်ပေရာ ထိုနဗီတမန်တော်နူဟ်က)ဇကာန်
အမှန်ငါသည် အသင်တို့ အဖို့ ပွင့်ပွင့်လင်းလင်း ထင်ရှားစွာသောသတိပေးသူဖြစ်သည်
ဟု(ပြောဆိုခဲ့လေသည်။) (၁၁း၂၅)

အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ ကိုးကွယ်
ဆည်းကပ်ခြင်းမပြုကြကုန်လင့်။ အကြောင်းသော်ကား ငါသည်အသင်တို့နှင့်ပတ်သက်၍
နာကျင်ဖွယ်ဖြစ်သော နေ့၏ ပြစ်ဒဏ်ကိုစိုးရိမ်သောကြောင့်ပင်။ (၁၁း၂၆)

ထိုအခါ ယင်း(နဗီတမန်တော်)နူဟ်၏အမျိုးသားတို့အနက်မှ သွေဖည်ငြင်းပယ်ခဲ့ကြ
သော အကြီးအကဲတို့က(ဤသို့)ပြောဆိုခဲ့ကြလေသည်။ "ကျွန်ုပ်တို့သည် အသင့်အား

မိမိတို့ကဲ့သို့ပင် လူသားတစ်ဦးအဖြစ်နှင့်သာလျှင် မြင်ကြပေသည်။ ထိုမှတစ်ပါး ကျွန်ုပ်တို့သည် မိမိတို့အနက်မှ အပေါ်ယံကြည့်ရှုလေ့လာခြင်းအားဖြင့် ဂုဏ်အသရေအယုတ်ညံ့ဆုံးဖြစ်သော သူတို့မှတစ်ပါး အခြားသူတို့သည် အသင်၏နောက်သို့လိုက်ကြသည်ကို မမြင်ကြချေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်တို့၌ မိမိတို့ထက်တစ်စုံတစ်ရာထူးကဲသာလွန်မြင့်မြတ်ခြင်းကိုလည်း မတွေ့မြင်ကြပေ။ အမှန်စင်စစ်သော်ကား ကျွန်ုပ်တို့သည် အသင်တို့အားမုသားပြောဆိုသူများဟူ၍သာ ထင်မြင်ယူဆ ကြပေသတည်း။ (၁၁း၂၇)

(ထိုအခါ နဗီတမန်တော်နူဟ်သည် ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေခံအပေါ်၌ တည်ရှိနေသော်၊ ၎င်းပြင်ထိုအရှင်မြတ်သည် ငါ့အား မိမိအထံတော်မှတမန်တော်အဖြစ်ကို ချီးမြှင့် ပေးသနားတော်မူခဲ့သော် ပြီးနောက် ထိုတမန်တော်အဖြစ်သည် အသင်တို့အပေါ်၌ဖုံးအုပ်လျက်ရှိ နေသော် အသင်တို့သည် မည်သို့ယူဆကြမည်ကို ငါ့အားပြောပြကြလေကုန်။ အမှန်စင်စစ် အသင်တို့ သည်လည်း ယင်းနဗီတမန်တော်ဖြစ်ခြင်းကိုပင် ရွံရှာစက်ဆုပ်နေကြပါလျက် ငါသည် အသင်တို့အား ယင်းနဗီဖြစ်ခြင်းကို(ယုံကြည်လက်ခံကြရန်)အကျပ်ကိုင်ရမည်လော။ (၁၁း၂၈)

စင်စစ်သော်ကား အို-ငါ၏အမျိုးသားတို့၊ ငါသည် အသင်တို့ထံ ယင်း(တရားဓမ္မဟောကြားခြင်း)နှင့်စပ်လျဉ်း၍ ပစ္စည်းဥစ္စာတစ်စုံတစ်ရာကိုမျှ တောင်းသည်မဟုတ်ပေ။ ငါ၏အကျိုးဆုလာဘ် သည် အလ္လာဟ်အရှင်မြတ်အပေါ်၌သာ ရှိခဲ့သည်။ ထို့ပြင် ငါသည် "မုအ်မင်န်" သက်ဝင်ယုံကြည်ခဲ့ ကြသောသူတို့အား မောင်းထုတ်မည့် သူလည်း မဟုတ်ချေ။ ဧကန်မလွဲ ယင်း သက်ဝင်ယုံကြည်သူတို့ကား မိမိတို့၏ အရှင်မြတ်နှင့် တွေ့ဆုံမည့်သူများတည်း။ သို့ရာတွင်ငါသည် အသင်တို့အား မိုက်မဲနေကြသောသူများဖြစ်ကြသည် ဟူ၍သာ တွေ့မြင်လေသည်။ (၁၁း၂၉)

ထိုမှတစ်ပါး၊ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ငါသည် ၎င်းတို့အားနှင့်ထုတ်ခဲ့ပါမူ ငါ့အား အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်မှ မည်သူကာကွယ်ပါမည်နည်း။ အသင်တို့သည် (ဤမျှပင်) မစဉ်စားမိ ကြလေသလော။ (၁၁း၃၀)

၎င်းပြင်၊ ငါသည်မိမိထံတွင် အလ္လာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များရှိသည် ဟူ၍ လည်းကောင်း၊ ငါသည်အကွယ်၌ရှိသော အရာအားလုံးကိုသိသည်ဟူ၍ လည်းကောင်း အသင်တို့အား ပြောဆိုသည်မဟုတ်ပေ။ ထိုမှတစ်ပါး၊ ဧကန်စင်စစ် ငါသည်ကောင်းကင်တမန်တော် ဖြစ်သည်ဟူ၍ လည်း ပြောဆိုသည်မဟုတ်ပေ။ ထို့ပြင်ငါသည်အသင်တို့၏အမြင်တွင် သေးသိမ်လျက်ရှိကြကုန်သော သူတို့နှင့် ပတ်သက်၍၊ ၎င်းတို့အား အလ္လာဟ်အရှင်မြတ်သည် ကောင်းမြတ်ခြင်းကို၊ အလျှင်းချီးမြှင့် ပေးသနားတော်မူလိမ့်မည်မဟုတ်ဟူ၍လည်း ပြောဆိုသည်မဟုတ်ချေ။ ၎င်းတို့၏ စိတ်နလုံးတွင် ရှိသည်တို့ကို အလ္လာဟ်

အရှင်မြတ်ပင်အသိဆုံးသော အရှင်မြတ်ဖြစ်တော်မူပေသတည်း။ ဇကန်မလွှဲ ငါသည် ထိုကဲ့သို့ (ပြောမိခဲ့ပါ)လျှင် မတရားသော သူတို့တွင် အမှန်ပင်အပါအဝင် ဖြစ်ပေမည်။
(၁၁း၃၁)

(ထိုအခါ အမျိုးသားများကဤသို့)ပြောဆိုခဲ့ကြလေသည်။ အို- နူဟ်၊ ဇကန်မလွှဲ အသင်သည် ကျွန်ုပ်တို့နှင့် အငြင်းအခုံပြုခဲ့လေသည်။ တစ်ဖန်အသင်သည် (ယင်းကဲ့သို့) ကျွန်ုပ်တို့နှင့်အငြင်း အခုံပြုခြင်းကို အလွန်များများမြောင်(ကျယ်ပြန့်)စေခဲ့ပြန်၏။ သို့ဖြစ်ပေရာ၊ အကယ်၍အသင်သည် "သစ္စာဝါဒီမှန်ကန်စွာ ပြောဆိုသူ"ဖြစ်ပါလျှင် ကျွန်ုပ်တို့ အားခြိမ်းခြောက်လျက်ရှိသော ပြစ်ဒဏ်ကို အသင်သည် ကျွန်ုပ်တို့ထံယူဆောင်ခဲ့လော့။
(၁၁း၃၂)

(နဗီတမန်တော် နူဟ်သည်ဤသို့) ပြောဆိုပြန်ကြားခဲ့လေသည်။ (အချင်းတို့) အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ထိုပြစ်ဒဏ်ကိုအသင်တို့ထံ အလျှော်အရှင်မြတ်သည်သာလျှင် ယူလာတော်မူပေမည်။ စင်စစ်သော်ကား အသင်တို့သည် (ထိုအရှင်မြတ်အား ပြစ်ဒဏ်ယူလာတော်မူခြင်းကို) မစွမ်းဆောင်နိုင် အောင် ပြုနိုင်သူများမဟုတ်ချေ။ (၁၁း၃၃)

စင်စစ်မှာမူကား အကယ်၍ အလျှော်အရှင်မြတ်သည် အသင်တို့အား လမ်းမှားစေတော်မူရန် ရည်စူးတော်မူခဲ့ပါလျှင် ငါသည်အသင်တို့အဖို့(မည်မျှပင်)ကောင်းကျိုးဆောင်ရန် ရည်စူးသော်ငြား လည်း ငါ၏ကောင်းကျိုးဆောင်မှုသည် အသင်တို့အား အကျိုးဖြစ်စေနိုင်လိမ့်မည်မဟုတ်ပေ။ ထိုအရှင်မြတ်သည်ပင် အသင်တို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်ဖြစ်တော်မူ၏။ တစ်ဖန် အသင်တို့သည် ထိုအရှင်မြတ်အထံတော်သို့ပင် ပြန်ကြရကုန်အံ့။ (၁၁း၃၄)

ၔင်းတို့က ထို(နဗီတမန်တော်မုဟမ္မဒ်)သည် ယင်း(ကုရ်အာန်)ကို လိုဆယ်ဖန်တီးခဲ့သည်ဟု ပြောဆိုကြလေသလော။(အို နဗီတမန်တော်)အသင်သည်(ၔင်းတို့အားဤသို့) ပြောဆိုဖြေကြားပါလေ။(အချင်းတို့) ထိုသို့ဖြစ်ခဲ့ပါမူ ငါ၏အပြစ်သည် ငါ၏အပေါ်၌သာ လျှင်ရှိပေမည်။ သို့ရာတွင် ငါသည် အသင်တို့ ကျူးလွန်လျက်ရှိကုန်သော ပြစ်မှုများမှ လွတ်ကင်းသူဖြစ်သည်။ (၁၁း၃၅)

အကျယ်ဖွင့်ဆိုခြင်း

စိုက်ယိဒနာ နူးဟ် a က ၎င်း၏လူများကို ယုံကြည်သက်ဝင်ရန် ဖိတ်ခေါ်ခဲ့သောအခါ၌ ၎င်းတို့သည် စိုက်ယိဒနာ နူးဟ် a အား အလျှော်အရှင်မြတ်စေလွှတ်တော်မူသည့် တမန်တော်တစ်ပါး အဖြစ်ဖိတ်ခေါ်ခြင်းကို ၎င်း၏တာဝန်ထမ်းဆောင်မှု မှန်ကန်ခြင်းအား သံသယအချို့နှင့် ကန့်ကွက်ချက်အချို့ဖြင့် တုန့်ပြန်ခဲ့သည်။ အလျှော်အရှင့် အလိုတော်နှင့် ခွင့်ပြုချက်အရ စိုက်ယိဒနာနူးဟ် a သည် ထိုသူများ၏မေးခွန်းများကို ဖြေကြားခဲ့သည်။ ဤသည်မှ ရိုးသား

ဖြောင့်မတ်ခြင်းနှင့် လူမှုဆိုင်ရာနေထိုင်မှုနှင့် ပတ်သက်သည့် မူလအခြေခံနှင့် နောက်ဆက်တွဲဘာသာရေးဆိုင်ရာ ဥပဒေသများသည် ဆင့်ပွားတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ ဤပြောဆိုမှုဟန်သည် အကြောင်းအရာ၏ မဏ္ဍိုင်ဖြစ်သည်။

မယုံကြည်သွေဖည်ငြင်းပယ်သူများ မေးမြန်းသည့်မေးခွန်းအချို့မှာ တတိယအာယသ်(၂၇)ထဲတွင် ပါဝင်သည်။ ယင်းအကြောင်းမစမီ အာယသ်ထဲတွင်ပါဝင်သော စကားလုံးအချို့၏ အဓိပ္ပာယ်ကို ဦးစွာပထမ ကြည့်ကြစို့။

ملا (မလ)ဟူသောစကားလုံးသည် ယေဘုယျအားဖြင့် အုပ်စုတစ်စုကိုဆိုလိုသည်။ ဦးဆောင်အဘိဓါန်ပြုစုသူအချို့က မျိုးနွယ်စုတစ်စု၏အကြီးအကဲအုပ်စုတစ်စုကို **ملا** (မလ)ဟုခေါ်ကြောင်းပြောသည်။ **بشر** (ဗရှရ်) သည်လူသား(သို့မဟုတ်)အမျိုးသားဟု ဘာသာပြန်ထားသည်။ (**اراذل**)'အရာဇလ်'သည် (**ارذل**)၏ အများကိန်းပုံစံဖြစ်သည်။ ယင်းက တစ်စုံတစ်ဦးသည်အောက်တန်းကျ၍ သူလူများတွင် မည်သည့်အဆင့် အတန်းမှမရှိ၊ မည်သည့် ရိုသေလေးစားထိုက်သည့် အဆင့်အတန်းမရှိသူကို ဆိုလိုသည်။ **بَادِیَ الرَّأْیِ** (ဘာဒီယာရ်ရာယ်)ဟူသော အသုံးအနှုန်းက ကသုတ်ကရက်ဖြစ်သော(သို့မဟုတ်)အမြင်တိမ်သောသူကို ဆိုလိုသည်။

သူတို့၏ကန့်ကွက်ချက်များအနက် ပထမတစ်ခုမှာ နဗီတမန်တော်တစ်ပါးအဖြစ် စိုက်ယိဒနာ နူဟ် a ၏ အဆင့်အတန်းနှင့်ပတ်သက်သည်။ **مَا نَرٰىكَ اِلَّا بَشَرًا مِّثْلَنَا** "ကျွန်ုပ်တို့သည် အသင်အား မိမိတို့ကဲ့သို့ပင် လူသားတစ်ဦးအဖြစ်နှင့်သာလျှင် မြင်ကြပေသည်။"ဖြစ်သည်။ စင်စစ်တွင် စိုက်ယိဒနာနူဟ် a သည် သူတို့ကဲ့သို့ပင်စားသည်၊သောက်သည်၊လမ်းလျှောက်သည်၊ အိပ်သည်၊ နိုးထ သည် ဟူ၍ ပြောဆိုကြသည်။ သို့ဆိုလျှင် ၎င်းတို့က မေးသည်မှာ ထိုသို့ဆိုလျှင်၎င်းအား အလွှာဟ်အရှင်မြတ်၏ နဗီတမန်တော်တစ်ပါးအဖြစ် ထူးခြားသော အဆင့်အတန်းကို သူတို့ မည်သို့လက်ခံနိုင်ပါ မည်နည်းဟု ပြောကြသည်။

သူတို့တွေးထင်သည်မှာ အလွှာဟ်အရှင်မြတ်ထံမှ လူသားကိုတမန်တော်တစ်ပါးအဖြစ်စေလွှတ်သည်မှာ လူသားအမျိုးအစားထဲမှ မဖြစ်သင့်ပါ။ ကောင်းကင်စေတမန်တစ်ပါး ဖြစ်သင့်ပေသည်။ ယင်း၏ပေါ်လွင် ထင်ရှားသော အနေအထားကို လူတိုင်းက စိတ်ပါလက်ပါဖြစ်စေ၊ စိတ်မပါဘဲဖြစ်စေ အသိအမှတ်ပြုရမည်။

ဤသည်ကို စတုတ္ထအာယသ်(၂၈)ထဲတွင် အဖြေပေးထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَ اٰتٰىنِيْ رَحْمَةً مِّنْ عِنْدِهٖ فَعُمِّيَتْ عَلَيْكُمْ ؕ اَنُلْزِمُكُمُوْهَا وَ اَنْتُمْ لَهَا كٰرِهُوْنَ

"(ထိုအခါ နဗီတမန်တော်နူဟ်သည် ဤသို့)ပြောဆိုဖြေကြားခဲ့ပေသည်။ အို-ငါ၏အမျိုးသားတို့၊ အကယ်၍ ငါသည်မိမိအရှင်မြတ်ထံတော်မှ ထင်ရှားစွာသော သက်သေခံအပေါ်၌ တည်ရှိနေသော်၊ ၎င်းပြင် ထိုအရှင်မြတ်သည် ငါ့အား မိမိအထံတော်မှ တမန်တော်အဖြစ်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သော်၊ ပြီးနောက် ထိုတမန်တော်အဖြစ်သည် အသင်တို့အပေါ်၌ ဖုံးအုပ်လျက်ရှိနေသော် အသင်တို့သည် မည်သို့ ယူဆကြမည်ကို ငါ့အားပြောပြကြ လေကုန်။ အမှန်စင်စစ် အသင်တို့သည်လည်း ယင်းနဗီတမန်တော်ဖြစ်ခြင်းကိုပင် ရွံရှာစက်ဆုပ် နေကြပါလျက် ငါသည် အသင်တို့အား ယင်းနဗီဖြစ်ခြင်းကို (ယုံကြည်လက်ခံကြရန်) အကျပ်ကိုင်ရပါမည်လော။"

ဤနေရာ၌ ရစူလ်(သို့မဟုတ်)တမန်တော်တစ်ပါးသည် လူသားဖြစ်ရမည်မှာ တမန်တော်တစ်ပါး၊ နဗီတစ်ပါး အဖြစ် ၎င်း၏တာဝန်ဝတ္တရားများနှင့် မဆန့်ကျင်ကြောင်း ကျွန်ုပ်တို့အားပြောပြသည်။ စင်စစ် အနည်းငယ် စဉ်းစားတွေးတောရုံမျှဖြင့် ယင်းသို့အဘယ့်ကြောင့် ဖြစ်ရကြောင်း ပြသပါလိမ့်မည်။ လူသားများထံ စေလွှတ်သော နဗီရစူလ်တစ်ပါးသည် လူသားဖြစ်ရမည်။ သို့မှသာ လူအများသည် ၎င်းထံမှဘာသာရေး ဆိုင်ရာကို လေ့လာရာတွင် လွယ်ကူအဆင်ပြေပေလိမ့်မည်။ လူသားနှင့် ကောင်းကင်စေတမန်တို့တွင် စိတ်ပိုင်းဆိုင်ရာနှင့် ခံစားမှုဆိုင်ရာတို့သည် ကြီးမားစွာ ကွဲပြားခြားနားပါသည်။ အကယ်၍ ကောင်းကင် စေတမန်တစ်ပါးကို ရစူလ်တစ်ပါးအနေဖြင့် စေလွှတ်ခဲ့လျှင် ၎င်းထံမှ ဘာသာရေး သင်ယူမှုတွင် အလွန်ခက်ခဲပါလိမ့်မည်။ အကြောင်းမှာ ကောင်းကင် စေတမန်တစ်ပါးသည် ဆာလောင်ခြင်း၊ ရေငတ်ခြင်း၊ အိပ်ငိုက်ခြင်း (သို့မဟုတ်) မောပန်းနွမ်းနယ်ခြင်းများ မရှိသကဲ့သို့ လူသားတို့၏ ထိုကဲ့သို့သော စေ့ဆော်မှုများကို ဖြည့်ဆည်းရန်လည်း မလိုချေ။ လူသားတို့၏ ထိုသို့သော အားနည်းချက်များကို သူမည်သို့ခံစား နိုင်မည်နည်း။ ထို့ပြင် ဤသို့သော ခံစားချက်မရှိခဲ့လျှင် လူသားများသည် လုပ်ဆောင်မှုကဏ္ဍတိုင်းတွင် ၎င်းနောက်၌ မည်သို့လိုက်နာ နိုင်အံ့နည်း။ ဤအကြောင်းအရာကို ကုရ်အာန် ကျမ်းတော်မြတ် နေရာများစွာတွင် ရှင်းလင်းစွာဖြင့် သော်လည်းကောင်း၊ အကြံပြုချက်အနေဖြင့် လည်းကောင်း ဖော်ပြထားခဲ့သည်။

ဤသည်တို့ကို ရှောင်ကွင်း၍ သူတို့သည် ဆင်ခြင်တုံတရားကိုအသုံးပြုကာ တမန်တော်(သို့မဟုတ်) ရစူလ်တစ်ပါးသည် လူသား မဖြစ်စေရ ဟူခြင်းကား မလိုလားအပ်ကြောင်း သူတို့သိရှိရန် သတိပေးထားသည်။ သို့သော်လည်း လိုအပ်သည်မှာ ၎င်းသည် အလွှာဟ်အရှင်မြတ် စေလွှတ်တော်မူသော ရစူလ်တစ်ပါး မုချဇကန် ဖြစ်ကြောင်း လူအများ လွယ်လွှင့်တက္ကဲ လက်ခံစေရန်အတွက် အလွှာဟ်အရှင်မြတ်ထံတော်မှ သက်သေသာဓက၊ အချေအတင် ပြောဆိုမှုနှင့် ထင်ရှားသည့် လက္ခဏာ ယူဆောင်လာခြင်း ဖြစ်သည်။ သာမန်လူများအတွက် ဤ ပွင့်လင်းသော သက်သေပြချက်များ (ဗိုင်ယိနာဟ်)နှင့် အထွန့်မတက်နိုင်သော အချေအတင် ပြောဆိုမှုများသည် တမန်တော်များလက်တွေ့ ပြသခဲ့သော မုအ်ဂျိဇာဟ် (အံ့ဖွယ်)အသွင်ဖြစ်သွားသည်။ ထို့ကြောင့် စိုက်ယိဒနာ နူဟ် a က ၎င်း၏ဖန်ဆင်းရှင်ထံတော်မှ ထင်ရှားပြတ်သားသည့်လမ်း၊ အချေအတင်ပြောဆိုမှုနှင့် သနားကြင်နာမှုကို ယူဆောင်လာခဲ့သည်ဟု မိန့်ကြားခဲ့သည်။ အကယ်၍ သူတို့သည် ယင်းကို ဂရုတစိုက် မြင်တွေ့ပြီး ယင်းအကြောင်း တွေးတောခဲ့လျှင် ဖိတ်ခေါ်မှုကို လက်ခံရန် ၎င်းတို့ငြင်းဆိုမည် မဟုတ်ချေ။ သို့သော်လည်း ၎င်းတို့၏ မနှစ်မြို့မှုနှင့် ရန်လိုမှုတို့က သူတို့ကို အကန်းသဖွယ် ဖြစ်စေသည်။ သူတို့သည် အမှန်တရားကို ငြင်းဆိုရန် ရွေးချယ်ခဲ့ကြကာ ယင်းနှင့် ပတ်သက်၍ အကျောက်အကန် ဖြစ်သွားကြသည်။

သို့ရာတွင် တမန်တော်တစ်ပါးမှ တစ်ဆင့် ကျရောက်လာသော အလွှာဟ်အရှင်မြတ်၏ အသနားတော်သည် ၎င်းတို့ကိုယ်တိုင်က ယင်းအသနားကြင်နာမှုအပေါ် ကိုင်းညွတ်ခြင်း မပြသမျှကာလပတ်လုံး ၎င်းတို့အပေါ် မကျရောက် နိုင်ချေ။

သူတို့၏ ငြင်းပယ်မှုနှင့် ခေါင်းမာမှုများ ရှိလင့်ကစား အကယ်၍ တတ်စွမ်းနိုင်မည်ဆိုလျှင် တမန်တော်တစ်ပါးသည် ၎င်းယူဆောင်လာသော အဓိမာန်တည်းဟူသည့် ရတနာကို လက်ဆင့်ကမ်း ပါလိမ့်မည်ဟူသော အညွှန်းဤနေရာတွင် ပါရှိသည်။ သို့သော် ဤသည်မှာ အလွှာဟ်အရှင်မြတ်၏ ဥပဒေနှင့် ဆန့်ကျင်သည်။ ကောင်းချီး မင်္ဂလာတစ်ပါး ယင်းကိုရရန်အတွက် ပြင်းပြသော ရည်ရွယ်ချက်ရှိရမည်။ လူအများသည် ယင်းကို အတင်းအကြပ်ပြု၍ မရနိုင်ချေ။ တမန်တော်တစ်ပါး၏ မည်သည့် အချိန်ကာလတွင်မဆို လူအများကို ယုံကြည်သူများ ဖြစ်လာစေရန်

အတင်းအကြပ် လုပ်ဆောင်ခြင်း မပြုရကြောင်း ဤနေရာမှ သက်သေပြပေသည်။ အစွယ်ဘာသာသည် ဓါးမိုး၍ ဖြန့်ချိခဲ့သည်ဆိုသော ရုပ်ဆိုးအကျည်းတန်သည့် ဝါဒဖြန့်မှုကို အဆက်မပြတ် ပြန့်နှံ့စေသော သူများသည်ပင်လျှင် ကိစ္စရပ်၏ အမှန်တရားကို သတိမမူမိခဲ့ကြပါ။ သို့သော်လည်း မသိနားမလည်သောသူများ၏ နှလုံးသားများထဲတွင် အမြဲလောင်ကျွမ်းနေစေရန် လိမ်လည်ပြောဆိုခြင်း၏ စွမ်းအားကို အသုံးချကာ ထိုသူများ၏ နှလုံးသားတွင် သံသယ မျိုးစေ့ချရန်လွယ်ကူကြောင်း သူတို့တွေ့ရှိခဲ့ရသည်။

ဘေးထွက်ရလဒ်တစ်ခုအဖြစ် ကောင်းကင်တမန်တစ်ပါးကို တမန်တော်တစ်ပါးအဖြစ် အဘယ့်ကြောင့် မပြုလုပ်ကြောင်း ဤသည်ကနားလည်ရန် လွယ်ကူစေပါသည်။ အကြောင်းမှာ ကောင်းကင်စေတမန်တစ်ဦးကို လျှို့ဝှက်ဆန်းကြယ်သော စွမ်းရည် အပ်နှင်းထားခဲ့သည်။ သူ၏တည်ရှိမှုတိုင်းသည် လူသားတိုင်းတွင် အလွန်ပေါ်လွင်ထင်ရှားသည်။ သူကိုမြင်ကာ သူ့အား ယုံကြည်ခြင်း ဆိုသည်ကို အတင်း အကြပ်လုပ်မှုတွင် အလေ့အကျင့် တစ်ရပ်ဖြစ်သွားလိမ့်မည်ဖြစ်သည်။ တမန်တော်များရှေ့တွင် ခေါင်းမာမှုကို လွယ်လွယ် ကူကူပြသခဲ့သူများသည် ကောင်းကင်တမန်တစ်ပါးရှေ့တွင် မည်သူထိုသို့ ခေါင်းမာပြဝံ့အံ့နည်း။ ထို့နောက် ရှရီအသ် တရားတော်၏ ညွှန်ကြားချက်အရ အကယ်၍ လူတစ်ဦးကို အကြပ်ကိုင်သောအာဏာဖြင့် စိတ်မပါဘဲ သက်ဝင်ယုံကြည်ခိုင်းလျှင် ထိုသူ၏ သက်ဝင်ယုံကြည်မှုသည် လက်ခံနိုင်ဖွယ်မရှိချေ။ စင်စစ် လိုလားဘွယ်အမွန်မြတ်ဆုံးသောယုံကြည်မှုဆိုသည်မှာ (အလ်အီမာန် ဗိလ်ဂိုက်ဗ်) မမြင်ရဘဲ ယုံကြည်ခြင်းဖြစ်သည်။ ယင်းမှာ အလ္လာဟ် အရှင်မြတ်၏ နာခံစေသော အဆုံးစွန်အာဏာကို ပြည့်ပြည့်ဝဝမြင်တွေ့ခြင်း မရှိဘဲ ယုံကြည်ခြင်းဖြစ်သည်။

သူတို့၏ဒုတိယကန့်ကွက်ချက်မှာ **وَ مَا نَرٰىكَ اتَّبَعَكَ اِلَّا الَّذِيْنَ هُمْ اَرَاذِلُنَا بَادِيَ الرَّاْيِ** "ထိုမှတစ်ပါး ကျွန်ုပ်တို့သည် မိမိတို့အနက်မှအပေါ် ယံကြည့်ရှုလေ့လာခြင်းအားဖြင့် ဂုဏ်အသေရေအယုတ်ညံ့ဆုံး ဖြစ်သောသူတို့မှ တစ်ပါး အခြားသူတို့သည် အသင်၏ နောက်သို့လိုက်ကြသည်ကို မမြင်ကြရချေ။" (၁၁း၂၇) ဤကန့်ကွက်ချက်တွင် အချက်(၂)ချက်ရှိသည်။ (၁) အကယ်၍သာ ဖိတ်ခေါ်မှုသည်မှန်ကန်လျှင် အဆင့် အတန်းမြင့်သူများသည် ဦးစွာပထမ အသင်၏ ဖိတ်ခေါ်ချက်ကို လက်ခံလိမ့်မည်။ ထိုသို့ ဂုဏ်အသရေ ယုတ်ညံ့နိမ့်ကျသောသူများက လက်ခံခဲ့ခြင်းသည် ယင်းဖိတ်ခေါ်မှုကို လက်မခံထိုက်ကြောင်း ပြသနေသည်။ (၂) သက်ဝင်ယုံကြည်ရန် အသင်၏ဖိတ်ခေါ်ချက်ကို လက်ခံခြင်းမှ ဟန့်တားစေသည့် အခြားအကြောင်း အချို့လည်း ရှိသည်။ ကျွန်ုပ်တို့ သက်ဝင်ယုံကြည်သည်ဟုဆိုကြစို့။ သို့ဆိုလျှင် ကျွန်ုပ်တို့သည် ထိုသူများ ကဲ့သို့ပင် မုစ်လင်မ်များ အဖြစ် မှတ်ယူကာ ဝတ်ပြုဆောက်တည်ရာ၌ တန်းစီရာတွင် လည်းကောင်း၊ အခြား တွေ့ဆုံမှုများတွင် လည်းကောင်း သူတို့နှင့်အတူထိုင်ကြရ၍ ကျွန်ုပ်တို့သည် ၎င်းတို့နှင့်တန်းတူရည်တူ ဖြစ်သွားကြလိမ့်မည်။ ကျွန်ုပ်တို့ ထိုသို့ အဖြစ် မခံနိုင်ပါ။

ဤသူများသည် အမှန်တရားနှင့်အလွန်ကင်းကွာ၍ အလွန်ပင်ဂရုမစိုက်သူများဖြစ်ကြသည်။ ဤဆင်းရဲနွမ်းပါးသူများသည် ဥစ္စာဓန၊မာနနှင့်ရာထူးအဆင့်အတန်းတွင်နည်းပါးခြင်းကြောင့် ထိုသူတို့က ဆင်းရဲနွမ်းပါးသူများကို အောက်တန်းကျသူများအဖြစ် အပြစ်ပြောကြသည်။ ယင်းသို့တွေးခေါ်ခြင်းသည်ပင်လျှင် အသိပညာ ခေါင်းပါးခြင်းကို ပြသနေသည်။ ဂုဏ်ရှိခြင်းနှင့်ဂုဏ်အသရေမဲ့ခြင်း အကြောင်းနှင့် နားလည်မှုသည် ဥစ္စာဓနနှင့် ပိုင်ဆိုင်ပစ္စည်းများ၏ လက်အောက်ခံမဟုတ်ချေ။ အတွေ့အကြုံများအရ အာဏာနှင့်ဥစ္စာဓနတွင် ယစ်မူးလျှင် ယင်းတို့ကို ပိုင်ဆိုင်သော သူများသည် ကျိုးကြောင်း ဆီလျော်၍ မှန်ကန်သောအရာ များစွာကို လက်ခံခြင်းနှင့် နားလည် သဘောပေါက်မှုတို့တွင် ဟန့်တားခံရပါလိမ့်မည်။ ဤအတားအဆီးများသည် နူးညံ့သိမ်မွေ့၍ ဆင်းရဲနွမ်းပါးသူများ ရှေ့တွင် မရှိချေ။ မှန်ကန်

စစ်မှန်သည်တို့ကို ၎င်းတို့အလွယ်တကူ လက်ခံကြသည်။ဤသည်ကြောင့် ခေတ်အဆက်ဆက်တွင် တမန်တော်များကို ပထမဦးဆုံး ယုံကြည်သက်ဝင်သူများမှာ သိမ်မွေ့၍ နွမ်းပါးသူများဖြစ်သည် ဆိုခြင်းမှာ အလွှာဟ် အရှင်မြတ်၏ လုပ်ရိုးလုပ်စဉ် ဓလေ့တော်တစ်ခု ဖြစ်သည်။ ဤဖြစ်ရပ်သည် လွန်လေပြီးသော ကျမ်းစာများတွင် ရှင်းလင်းခဲ့ပြီးလည်း ဖြစ်သည်။ ဤဖြစ်ရပ်အရ ဝိုင်ဇန်တိုင်းဘုရင် ဟီရာကလ်ထံသို့ အီမာန်သက်ဝင်ယုံကြည်ရန်အတွက် တမန်တော် မြတ် S ပေးပို့သည့် စာချွန်တော် ရောက်ရှိခဲ့သောအခါ ၎င်းက ကိစ္စရပ်၏အမှန်တရားကိုအတည်ပြုရန် လိုအပ်လာခဲ့သည်။ အဘယ့်ကြောင့် ဆိုသော် သူသည်သောင်ရာသန့် အင်နဂျီလ်ကျမ်းများထဲ၌ မြင့်မြတ်သော တမန် တော်များ၏ ဝိသေသ လက္ခဏာများအကြောင်း ဖတ်ရှုခဲ့ရပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းက ထိုအချိန်တွင်ဆီးရီးယားတွင် အလည် ရောက်နေသည့် အာရဗ်များကို စုရုံးစေ၍ ထိုလက္ခဏာများနှင့် ပတ်သက်သည့် မေးခွန်းအချို့ မေးမြန်းခဲ့သည်။

မေးခွန်းများအနက် တစ်ခုမှာ "တမန်တော်မြတ် S ၏နောက်လိုက်သောသူများသည် ဆင်းရဲ နွမ်းပါး သူများလော၊ သို့တည်းမဟုတ် ကြီးကျယ်၍ ဂုဏ်အသေရေရှိသူများဟု မှတ်ယူ ထားကြသောသူများ လော"ဟူ၍ဖြစ်သည်။ သူကိုဖြေခဲ့သည်မှာ "ထိုသူတို့သည် ဆင်းရဲနွမ်းပါးသူများ ဖြစ်သည်။"ဟူ၍ဖြစ်သည်။ ထိုစဉ် ဟီရာကလ်က "ဤလက္ခဏာမှာ ၎င်း၏စစ်မှန်သောတမန်တော်တစ်ပါး၏ လက္ခဏာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်တစ်ပါးနောက် ဦးစွာပထမလိုက်သူများသည် သူ့လူများအနက် ဆင်းရဲနွမ်းပါးသူများဖြစ်ကြသည်" ဟု ဝန်ခံခဲ့သည်။

အတိုချုပ်မှာ ဆင်းရဲနွမ်းပါးသူများကို အောက်တန်းကျသည်ဟု မှတ်ယူခြင်းသည် မှတ်ယူသူများ၏ မသိ နားမလည်မှုဖြစ်သည်။ စင်စစ်မှာ 'ရဒ်ဇီလ်'(သို့မဟုတ်)ဂုဏ်အသရေမဲ့သူဆိုသည်မှာ ဖန်ဆင်းရှင်နှင့် ကျွေးမွေး စောင့်ရှောက်သူကို အသိအမှတ်မပြုဘဲ ထိုအရှင်မြတ်က ၎င်းအား လုပ်ဆောင်ရန်စေခိုင်းထားသည်ကို ဖီဆန်သောသူ ဖြစ်ပေသည်။ ထို့ကြောင့်လေးစားရသော စွဖ်ယာန်အိမ်နေ့စဉ်အီးဒ်အတ်စ်သောင်ရီအား တစ်စုံတစ်ဦးက "နံချာ၍ဂုဏ် အသရေမဲ့သူသည် မည်သူနည်း"ဟု မေးမြန်းခဲ့သည်။ "အုပ်ချုပ်သူများနှင့် အရာရှိများကို အမြဲမြှောက်ပင့် ပြောဆို နေသူများ ဖြစ်ကြသည်"ဟု ပြောကြားခဲ့သည်။ ထို့ပြင်အိမ်နေ့ အလ်အာရဗီကပြောသည်မှာ "ဒွန္ဒယာ (လောကီဘဝ၏ အကျိုးအမြတ်များ)ကို ရရှိစေရန်အတွက် သူ၏ဒီးန် (သာသနာ၊ ဘာသာတရား)ကို ရောင်းချသောသူသည်သာ နံချာသိမ်ဖျင်းသူ ဖြစ်သည်။ တစ်စုံတစ်ဦးက သူ့ကို "မည်သူသည် အနံချာဆုံး ဖြစ်သနည်း"ဟု မေးမြန်းခဲ့သည်။ ထို့နောက် သူကပြောသည်မှာ "တစ်စုံတစ်ဦးသည် မိမိဘာသာတရားကို ဖျက်ဆီး၍ အခြားတစ်စုံတစ်ဦး၏ လောကီဘဝကို တင့်တယ်စေသူ ဖြစ်သည်"ဟူ၍ ဖြစ်သည်။ အီမာမ်မာလိက်က "မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံး၏ ကြီးကျယ်သော ကျေးဇူးရှင်များလည်း ဖြစ်၍ ကျွန်ုပ်တို့ထံ အီမာန်နှင့် ရှရီအသ်တို့၏ ကောင်းချီးမင်္ဂလာများ ရောက်စေသော တမန်တော် မြတ် S ၏ မြင့်မြတ်သော ဆွေဟာဗာဟ်ကြီးများအား အပုပ်ချသူများသည် သိမ်ဖျင်းနံချာသူများ ဖြစ်ကြ သည်။"ဟု ပြောခဲ့သည်။

ကန့်ကွက်သူများ၏ မသိနားမလည်မှု ဖော်ပြခြင်း အကြောင်းဖော်ပြရာ၌ ယင်းကို ကနဦးထဲက တတိယ အာယသ်(၂၉)တွင် ငြင်းဆိုထားကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ တမန်တော်တစ်ပါးသည် မည်သူတစ်ဦး တစ်ယောက်၏ ဥစ္စာဓနနှင့် ပိုင်ဆိုင်ပစ္စည်းကိုမျှ မမက်မောဟု မိန့်ထားသည်။ လူများကို ၎င်း၏ အလုပ်အကျွေးပြုမှု (သို့မဟုတ်) ကောင်းသော အကြံပြုမှုတို့ အတွက် အစားပြန်မယူပေ။ ၎င်း၏အစားပြန်ယူမှုသည် အလွှာဟ်အရှင်မြတ် တစ်ပါးတည်း ထံမှသာလျှင် ဖြစ်သည်။ ထို့ကြောင့် ၎င်းအမြင်တွင် ချမ်းသာသူနှင့်ဆင်းရဲ နွမ်းပါးသူသည် အတူတူပင် ဖြစ်သည်။ ချမ်းသာကြွယ်ဝသူများသည် ၎င်းတို့ဥစ္စာဓနနှင့် ပတ်သက်၍ မကြောက်ရွံ့ ကြပါစေနှင့်။ ထိုချမ်းသာသူများ

အီမာန်ယုံကြည်သူဖြစ်သည်နှင့် တစ်ပြိုင်နက် မည်သူကမျှ ၎င်းတို့ဥစ္စာဓနကို တောင်းခံမည်မဟုတ်ချေ။

ထို့နောက် ထိုချမ်းသာကြွယ်ဝသူများကို ပြောသည်မှာ "အသင်တို့ ယုံကြည်သက်ဝင်နိုင်စေရန် အတွက် ကျွန်ုပ် နှင့် အတူရှိနေသည့် သူဆင်းရဲတို့အား ဖယ်ရှားပေးရမည်ဟူသည့် အသင်တို့၏ တောင်းဆိုချက်နှင့် ပတ်သက်၍ ပြောရလျှင် ကျွန်ုပ်မလုပ်နိုင်ကြောင်း၊ အသင်တို့ ရှင်းရှင်းလင်းလင်း သိထားရမည်။ သူတို့သည် ဆင်းရဲသော်လည်း အမြင့် တကာတွင် အမြင့်ဆုံးသော အရှင်မြတ်နှင့် အနီးဆုံးဖြစ်သည်။ ဤသို့သော ကြီးကျယ် သောဂုဏ်သိက္ခာကို မည်သူ တစ်ဦးတစ်ယောက်မျှ မရရှိနိုင်ပါ။ ထိုသို့သော သူများကို ဖယ်ထုတ်ပစ်ခြင်းမှာ မှန်ကန်သောလုပ်ရပ်တစ်ခု မဟုတ်ချေ"ဟူ၍ ဖြစ်သည်။

ထို့နောက် مُلَٰقُوا۟ رَبِّهِمْ "ဇကန်မလွဲ ယင်းသက်ဝင်ယုံကြည်သူတို့ကား မိမိတို့၏အရှင်မြတ်နှင့်တွေ့ဆုံမည့် သူများတည်း"ဟူသည်က ဆိုလိုနိုင်သေးသည်မှာ "ဆိုကြပါစို့။ အကယ်၍ ထိုသူများကို ကျွန်ုပ်က ဖယ်ထုတ်လိုက်လျှင် ကိယာမသ်နေ၌ ၎င်းတို့၏ ဖန်ဆင်းရှင်ကို သွားရောက် တိုင်တန်းခဲ့လျှင် ကျွန်ုပ်ဘာပြောရမည်နည်း။"ဟူ၍ ဖြစ်သည်။ အကြောင်း အရာကို စတုတ္ထ အာယသ်(၃၀)တွင်ဆက်လက်ဖော်ပြထားသည်မှာ "အကယ်၍ ထိုသူများကို ကျွန်ုပ်က ဖယ်ရှား လိုက်ပါလျှင် ကျွန်ုပ်အား အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို မည်သူက ကယ်တင်ပေးပါမည်နည်း။ အဆုံးတွင် မိန့်ထားသည်မှာ "ဤကိစ္စအားလုံးသည် အသင်တို့၏ မသိနားမလည်မှုနှင့် ဂရုမမူမှုတို့သာ ဖြစ်ကြသည်။ အသင်တို့ အတွက်မှာ လူသား တစ်ယောက်ဖြစ်ခြင်းက တမန်တော်တစ်ပါး ဖြစ်ခြင်းနှင့် ဆန့်ကျင်သည်ဟူ၍ ဖြစ်သည်။ သို့မဟုတ်ပါက အသင်တို့သည် အခြားသော အစွန်းတစ်ဖက် ရောက်သွားကာ သူဆင်းရဲများသည် တမန်တော်၏ အပါးမှ ဖယ်ထုတ်ပစ် သင့်သည်ဟု တောင်းဆိုခြင်း ဖြစ်သည်။"ဟူ၍ဖြစ်သည်။

ပဉ္စမအာယသ်(၃၁)တွင် တင်ပြထားခဲ့သည်မှာ စိုက်ယိဒနာနှဟ် a သည် ၎င်းလူများ၏ ကန့်ကွက်ချက်များ ကို ကြားသိပြီးနောက် စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သော ကိစ္စရပ်အချို့ ကြေညာရန် သူ့လူများကို ဦးတည် ပြောကြား ခဲ့သည်ဟု ပါရှိသည်။ ဤဦးတည်ပြောကြားချက်ထဲတွင် တမန်တော်တစ်ပါး အတွက် မရှိမဖြစ်ဟု ထိုသူများ မှတ်ယူထားသည့် အပေါ်၌ တမန်တော် တစ်ပါး၏ တာဝန်ဝတ္တရား မတည်မှီကြောင်း အလေးအနက်ပြုထားခဲ့သည်။

ပမာဆိုသော် ဦးစွာပထမ وَلَآ أَقُولُ لَكُمْ عِندِى خَزَآئِنُ ٱللَّهِ "၎င်းပြင် ငါသည် မိမိထံတွင် အလွှာဟ်အရှင်မြတ်၏ ဘဏ္ဍာတော်များ ရှိသည်ဟူ၍ ပြောဆိုသည်မဟုတ်ပေ။" ဟု မိန့်ခဲ့သည်။ ဤသည်တွင် အလွှာဟ်အရှင့် တမန်တော်တစ်ပါး အဖြစ် လာရောက်သူသည် လူတိုင်းကို အခမဲ့ ဝေငှ နိုင်စေရန် ရတနာများ ယူဆောင်လာသည် ဟူသော ၎င်းတို့၏အယူအဆကို မဟုတ်မမှန်ကြောင်းဖြင့် ဆိုထားသည်။ စိုက်ယိဒနာနှဟ် a က ရှင်းရှင်းလင်းလင်း တင်ပြထားသည်မှာ လူအများသည် လောကီစည်းစိမ်များထဲ၌ ရှုပ်ထွေးသွားစေရန်ဆိုသည်မှာ တမန်တော်များ၏ လုပ်ငန်းစဉ် မဟုတ်ကြောင်းဖြစ်သည်။ ထိုရတနာများကို တမန်တော်တို့ မည်သည့်အတွက်ကြောင့် လိုအပ်ပါမည် နည်း။

ဖြစ်နိုင်သေးသည်မှာ ဤအဆိုအမိန့်သည် တမန်တော်များသာမက အောင်လီယာများကိုပင်လျှင် အလွှာဟ် အရှင်မြတ်က တန်ခိုးအာဏာ အလုံးစုံပေးထားသည်ဆိုသည့် လူအချို့မှားယွင်းစွာ တွေးထင်ထားသည်တို့ မှားယွင်း ကြောင်း ငြင်းဆိုထားသည်။ ဤအယူအဆကြောင့် တမန်တော်များနှင့် အောင်လီယာများတွင် အလွှာဟ့် တန်ခိုးတော် ကြောင့် ရတနာများရှိကာ မည်သူ့ကိုပေး၍ မည်သူမပေးရဟူသည်ကို ၎င်းတို့က ဆုံးဖြတ်ကြသည်ဟု မှန်းဆ ထားကြ

သည်။ ထို့ကြောင့် စိုက်ယိဒနာနူဟ် a ၏ ဤကြေညာချက်က ရှင်းလင်းစေသည်မှာ အလ္လာဟ်အရှင်မြတ်သည် အောင်လီယာ(သို့မဟုတ်)အလ္လာဟ့်အချစ်တော်များကို မဆိုထားဘိ။ မည်သည့် တမန်တော်တစ်ပါးကိုမျှ အရှင်မြတ်၏ တန်ခိုးတော်ရတနာများ၏ ထိန်းချုပ်မှုကို မည်သူကိုမျှ လုံးဝဥသုံသအပ်နှင်းမထားပါ။ သို့သော်လည်း ထိုသူများက ဒုအာဆုတောင်းခံမှု (သို့မဟုတ်)ဆန္ဒပြုမှု ရှုခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အနန္တ တန်ခိုးတော်ဖြင့် သူတို့၏ တောင်းဆုဒုအာများကို လက်ခံကာ ၎င်းတို့၏ ဆန္ဒများကို ဖြည့်ဆည်းပေးပါသည်။

ဒုတိယအနေဖြင့် **وَلَآ اَعۡلَمُ الۡغَيۡبَ** "ငါသည် အကွယ်၌ရှိသော အရာအားလုံးကိုသိသည်ဟူ၍ လည်းကောင်း အသင်တို့အားပြောဆိုသည်မဟုတ်ပေ။" ဟု မိန့်ထားသည်။ ဤသူများတွင်ရှိသော မှားယွင်းသော အယူအဆ နောက်တစ်ခုကား အလ္လာဟ့်ရစူလ်တစ်ပါး ဆိုသူသည် မမြင်ကွယ်ရာ (အလိမုလ် ဂိုက်ဗ်)ကို သိရှိသူတစ်ဦးဖြစ်သင့်သည်ဟူ၍ ဖြစ်သည်။ (မည်သည့် တမန်တော် (သို့မဟုတ်)မည်သည့်ကောင်းကင်စေတမန်ကမှ) မမြင်ကွယ်ရာကိုသိရှိခြင်း ဆိုသည်မှာ မျှဝေခံစားခွင့်မရှိသော အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ပါးဖြစ်သည်။ နဗီတမန်တော်တစ်ပါး၏ တာဝန် ဝတ္တရားတွင် အဘယ်ကြောင့်မမြင်ကွယ်ရာကို သိရှိရန်မလိုကြောင်း ဤဝါကျက ရှင်းလင်းထားသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များအနက်မှ အရှင် အလိုရှိတော်မူသောသူကို အရှင်မြတ် အလိုရှိသလောက် အသိပေးတော်မူသည်။ သို့သော်လည်း ဤသည်ကြောင့် ထိုသူများကို(အလိမုလ် ဂိုက်ဗ်) (အကွယ်မှအကြောင်းသိရှိသောသူ)ဟုခေါ်ခြင်းသည် မမှန်ကန်ချေ။ အဘယ့်ကြောင့်ဆိုသော်အကွယ် တွင်ရှိသော တစ်စုံတစ်ခုကို သူတို့စိတ်ကြိုက်ဖော်ထုတ်ရန်မှာကား ၎င်းတို့တွင်စွမ်းအင်မရှိချေ။

တတိယအနေဖြင့် **وَلَآ اَقُوۡلُ اِنِّىۡ مَلَكٌ** "ဇကန်စင်စစ် ငါသည် ကောင်းကင်တမန်ဖြစ်သည် ဟူ၍လည်း ပြောဆိုသည်မဟုတ်ပေ။"ဟု မိန့်ထားသည်။ ဤနေရာတွင် ရစူလ်တစ်ပါးသည် ကောင်းကင်စေတမန်တစ်ပါး ဖြစ်ရမည် ဆိုသော ၎င်းတို့၏ ယူဆချက်မမှန်ကန်ကြောင်း ငြင်းဆိုချက်ကို ကျွန်ုပ်တို့တွေ့ရသည်။

စတုတ္ထအနေဖြင့် ဖော်ပြထားခဲ့သည်မှာ "အသင်တို့အမြင်တွင် ဤသူဆင်းရဲများသည် နိမ့်ကျ၍ ဂုဏ်သိက္ခာမဲ့ကောင်းမဲ့ ပါလိမ့်မည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့ကို ကောင်းမြတ်သည်တို့နှင့် ကောင်းချီးမင်္ဂလာ ပေးခံရမည် မဟုတ်ဟု အသင်တို့ပြောသကဲ့သို့ ကျွန်ုပ်မပြောနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကောင်းမြတ်ခြင်းသည် ဥစ္စာဓနနှင့် မဟုတ်ဘဲ နှလုံးသားနှင့်သာ သက်ဆိုင်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည်သာလျှင် နှလုံးသား အတွင်းရှိ လျှို့ဝှက်ချက်များကို သိတော်မူလေသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် မည်သူ့ နှလုံးသားသည် ကောင်းမြတ်သည်နှင့် ထိုက်တန်၏ မည်သူ့နှလုံးသားက ကောင်းမြတ်သည်နှင့် မထိုက်တန်ဟု သိရှိရသည်။" ဟူ၍ ဖော်ပြထားသည်။

ထို့နောက် "အကယ်၍ ကျွန်ုပ်ကလည်း ထိုသူများကို နိမ့်ကျ၍သိက္ခာမဲ့သူများဟု စတင်ခေါ်ဆိုခဲ့လျှင် ကျွန်ုပ်သည်လည်း မတရားသူဖြစ်သွားလိမ့်မည်"ဟု မိန့်ထားသည်။

အာယသ် (၃၆-၄၀)

وَ اُوۡحِیَ اِلٰی نُوۡحٍ اَنَّهٗ لَنۡ یُّؤۡمِنَ مِنۡ قَوۡمِكَ اِلَّا مَنۡ قَدۡ اٰمَنَ فَلَا تَبۡتَئِسۡ بِمَا كَانُوۡا
یَفۡعَلُوۡنَ ﴿۳۶﴾ وَ اصۡنَعِ الۡفُلۡكَ بِاَعۡیُنِنَا وَ وَحۡیِنَا وَ لَا تُخَاطِبۡنِیۡ فِی الَّذِیۡنَ ظَلَمُوۡا ۚ
اِنَّهُمۡ مُّغۡرَقُوۡنَ ﴿۳۷﴾ وَ یَصۡنَعُ الۡفُلۡكَ ٭ وَ كُلَّمَا مَرَّ عَلَیۡهِ مَلَاٌ مِّنۡ قَوۡمِهٖ سَخِرُوۡا مِنۡهُ ؕ
قَالَ اِنۡ تَسۡخَرُوۡا مِنَّا فَاِنَّا نَسۡخَرُ مِنۡكُمۡ كَمَا تَسۡخَرُوۡنَ ﴿۳۸﴾ فَسَوۡفَ تَعۡلَمُوۡنَ
ۙ مَنۡ یَّاۡتِیۡهِ عَذَابٌ یُّخۡزِیۡهِ وَ یَحِلُّ عَلَیۡهِ عَذَابٌ مُّقِیۡمٌ ﴿۳۹﴾ حَتّٰۤی اِذَا جَآءَ اَمۡرُنَا
وَ فَارَ التَّنُّوۡرُ ۙ قُلۡنَا احۡمِلۡ فِیۡهَا مِنۡ كُلٍّ زَوۡجَیۡنِ اثۡنَیۡنِ وَ اَهۡلَكَ اِلَّا مَنۡ سَبَقَ
عَلَیۡهِ الۡقَوۡلُ وَ مَنۡ اٰمَنَ ؕ وَ مَاۤ اٰمَنَ مَعَهٗۤ اِلَّا قَلِیۡلٌ ﴿۴۰﴾

ထို့ပြင်(နဗီတမန်တော်)နူဟ်ထံ(ဤသို့)အမိန့်တော်ထုတ်ပြန်ခြင်းခံခဲ့ရလေသည်။ (အို-နူဟ်) ဇကာန်စင်စစ် အသင်၏အမျိုးသားတို့သည် (ၦင်းတို့အနက်) အီမာန်သက်ဝင်ယုံကြည်ပြီးဖြစ်သော သူတို့မှတစ်ပါး အီမာန်သက်ဝင်ယုံကြည်ကြတော့မည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် ၎င်းတို့ ပြုလုပ်လျက်ရှိကုန်သော ပြစ်မှုများနှင့်စပ်လျဉ်း၍ ပူပင်သောက မဖြစ်ပါလေနှင့်။ (၁၁း၃၆)

၎င်းပြင်အသင်သည် ငါ့အရှင်မြတ်၏မျက်စိအောက်တွင်ငါ့အရှင်မြတ်၏အမိန့်တော်အရ သင်္ဘောကို ပြုလုပ်တည်ဆောက်ပါလေ။ ၎င်းပြင် အသင်သည်(မိမိတို့ကိုယ်ကိုမိမိတို့ပင်)နှိပ်စက် ကလူပြုကုန်သူတို့နှင့်ပတ်သက်၍ ငါ့အရှင်မြတ်ထံတော်တွင် ဂျွှာက်ထားပန်ကြားခြင်းမပြုပါလေနှင့်။ ဇကာန်အမှန် ၎င်းတို့သည် နစ်မြုပ်ကြရမည့်သူများပင်ဖြစ်ကြကုန်သတည်း။ (၁၁း၃၇)

ထို့နောက် ထို(နဗီတမန်တော်နူဟ်)သည် သင်္ဘောကိုပြုလုပ်တည်ဆောက်လေ၏။ ၎င်းပြင် ထို(နဗီတမန်တော်နူဟ်)၏အမျိုးသားတို့အနက်မှ လူတစ်စုသည် ထို(နဗီတမန်တော်နူဟ်)ထံ ဖြတ်သန်း သွားလာကြတိုင်း ထို(တမန်တော်နူဟ်)အား ပြက်ရယ်ပြုလေ့ရှိကြကုန်၏။ ထိုအခါ (နဗီ တမန်တော် နူဟ်)က အကယ်၍ အသင်တို့သည် ငါတို့အား ပြက်ရယ်ပြုကြပါလျှင် ကျွန်ုပ်တို့သည်လည်း အသင်တို့အား အသင်တို့ပြက်ရယ် ပြုသကဲ့သို့ပင် ပြက်ရယ်ပြုကြပေမည်ဖြစ်သတည်း။ (၁၁း၃၈)

သို့ဖြစ်ပေရာ မည်သူထံထိုသူအား(ဤပစ္စက္ခဘဝ၌)အရှက်တကွဲ အကျိုးနည်းဖြစ်စေသော ပြစ်ဒဏ်သည် ရောက်လာမည်ကိုလည်းကောင်း၊ ထိုသူအပေါ် (နောင်တမလွန်ဘဝ၌)ထာဝစဉ် တည်မြဲသောပြစ်ဒဏ် သက်ရောက်မည် ကိုလည်းကောင်း အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။ (၁၁း၃၉)

အဆုံးတွင် ငါအရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့ရာ မုန့်ဖိုသည် ဆူပွက်လာလေသည်။ (ထိုအခါ) ငါအရှင်မြတ်သည်(နဗီတမန်တော်နူဟ်အားဤသို့)မိန့်ကြားတော်မူခဲ့လေသည်။ (အို-နဗီတမန်တော်နူဟ်)အသင်သည် အမျိုးအစားအသီးသီးတို့မှတစ်စုံစီကို လည်းကောင်း၊မိမိတို့ အိမ်သူအိမ်သားတို့အနက် အကြင်သူမှတစ်ပါး ထိုသူနှင့် ပတ်သက်၍ အမိန့်တော်ထုတ်ပြန်ခဲ့ပြီး ဖြစ်၏။ ကျန်အိမ်သူအိမ်သားတို့ကို လည်းကောင်း၊ အီမာန်သက်ဝင်ယုံကြည်ခဲ့သော သူတို့အား လည်းကောင်း ထိုသင်္ဘော ပေါ်သို့ တင်ဆောင်ပါလော။ စင်စစ်သော်ကား ထို(နဗီတမန်တော် နူဟ်)နှင့်အတူ အနည်းငယ်မျှသော သူတို့သာလျှင် သက်ဝင်ယုံကြည်ခဲ့ကြကုန်သတည်း။ (၁၁း၄၀)

အကျယ်ဖွင့်ဆိုခြင်း

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာနူဟ် a အား နှစ်ပေါင်းတစ်ထောင်နီးပါးရှိ ရှည်လျားသောဘဝ သက်တမ်းဖြင့် ကောင်းချီးပေးခဲ့သည်။ ယင်းကောင်းချီးနှင့်အတူ ၎င်းအားဂုဏ်၏လူများ အခြေအနေ ကောင်းမွန်စေရန်အတွက် လူအများကိုအလ္လာဟ့်ဘက်တော်သို့ဖိတ်ခေါ်ရန်ဟူသည့် တမန်တော်တာဝန်အရ ၎င်းကို အထူးအဆင့်အတန်းတစ်ရပ်ချီးမြှင့်ထားခဲ့သည်။ ထို့ကြောင့် ၎င်းသည်ဤရှည်လျားသောနှစ်များကို လူများအား စစ်မှန်သော အီမာန်ယုံကြည်ချက်နှင့် အလ္လာဟ်တစ်ပါးတည်းရှိကြောင်း ယုံကြည်သက်ဝင်စေရန် အမြဲတစေ ဖိတ်ကြားနေခြင်းဖြင့် ကုန်ဆုံးစေပါသည်။ ဤတာဝန်ဝတ္တရား ထမ်းဆောင်ရာတွင် အပြင်းထန်ဆုံးသော နာကျင်မှုများ ရင်ဆိုင်ခဲ့ရသည်။ လူများသည် ထိုတမန်တော်ကိုလဲကျ၍ မေ့မြောသွားသည့်တိုင် ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ကြသည်။ သို့သော်လည်း သတိလည်လာသည်နှင့် တစ်ပြိုင်နက် ထိုသူများသည် ၎င်းတို့၏ လုပ်ရပ်ကို မသိသောကြောင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကာ ထိုသူများအားခွင့်လွှတ်တော်မူပါရန် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ဒုအာဆုမွန် တောင်းခံခဲ့သည်။ မျိုးဆက်သစ်များမှာ တစ်ဆက်ပြီး တစ်ဆက် ဆက်တိုက်ဆိုသလို ပေါ်ပေါက်ခဲ့ပါသည်။ ထို့နောက် ၎င်းတို့သည် တစ်ချိန်ချိန်၌ ဤအမှန်တရားကို လက်ခံလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် သူ၏ ဖိတ်ခေါ်မှုကို အဆက် မပြတ် လုပ်ဆောင်ခဲ့သည်။

ဤသည်းခံမှု လုပ်ရပ်ရာစုနှစ် များစွာကုန်လွန်သွားသော အခါတွင် လူများ၏စက်ဆုပ်ဖွယ်ရာ အခြေအနေကို ၎င်း၏ ကြီးကျယ်လှသော အရှင်သခင်ထံတွင် မကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းကိုစူရာဟ် နူဟ် တွင် رَبِّ اِنِّیۡ دَعَوۡتُ قَوۡمِیۡ لَیۡلًا وَّ نَهَارًا ۙ فَلَمۡ یَزِدۡهُمۡ دُعَآءِیۡۤ اِلَّا فِرَارًا "ထို(နဗီတမန်တော်နူဟ်)သည်(ဤသို့) လျှောက်ထားခဲ့သည်။ အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ ဇကာအမှန် ကျွန်တော်မျိုးသည် မိမိ အမျိုးသားတို့အား နေ့ညဥ့်(မပြတ်) ဖိတ်ခေါ်ခဲ့ပါ၏။ သို့တစေလည်း ကျွန်တော်မျိုး၏ ဖိတ်ခေါ်ချက်သည် ၎င်းတို့၌ ထွက်ပြေး တိမ်းရှောင်မှုကိုသာလျှင် တိုးတက်စေခဲ့ပါ၏။ (၇၁း၅-၆)"ဟူ၍ဖော်ပြထားသည်။ ထို့နောက် ရှည်လျားသော နှစ်ပေါင်း များစွာနောက်တွင် ဤကြီးကျယ်လှသော အလ္လာဟ်အရှင်မြတ်၏ တမန်တော်က တောင်းဆိုခဲ့သော ဒုအာဆုမွန်မှာ رَبِّ انۡصُرۡنِیۡ بِمَا كَذَّبُوۡنِ "အို-ကျွန်တော်မျိုးအားဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ၎င်းတို့သည် ကျွန်တော်မျိုးအား မဟုတ်မမှန် ဟူ၍ ငြင်းပယ်ခဲ့ကြသောကြောင့် အရှင်မြတ်သည် ကျွန်တော်မျိုးအား ကူညီစောင်မတော်မူပါ။ အလ်မုအ်မိနူန် (၂၃း၂၆၊ ၃၉)" ဟူ၍ ဖြစ်သည်။

စိုက်ယိဒနာနူဟ် a ၏ လူများ၏ အကြမ်းဖက်မှုများသည် အဆမတန် များပြားလာသောအခါ တမန်တော် နူဟ် a ကို အလ္လာဟ်အရှင်မြတ်က အထက်ကိုးကား၍ ဖော်ပြထားခဲ့သည့် စကားလုံးများပါသော အာယသ်များဖြင့် ဦးတည်မိန့်ကြားခဲ့သည်။ (အလ်ဗဂါဝီ၊မဇာဟရီ)

ပထမဦးစွာ ၎င်းကိုပြောကြားခဲ့သည်မှာ လူများအနက်မှ သက်ဝင်ယုံကြည်မည့်သူများသည် ယုံကြည်ခဲ့ကြပြီးဖြစ်သည်။ ထိုသူများနောက်၌ မည်သူမျှ သက်ဝင်ယုံကြည် ကြမည်မဟုတ်။ သူတို့၏ နှလုံးသားများသည် ခေါင်းမာမှုနှင့် အာဏာဖီဆန်မှုတို့နှင့်အတူ တံဆိပ်ခပ်နှပ်ထားပြီးဖြစ်သည်။ ထို့ကြောင့်တမန်တော်သည် ၎င်း၏ လူများအတွက် ဝမ်းနည်းပူဆွေးရန်မလို၊ ထို့ပြင် ထိုသူတို့၏ မယုံကြည်မှုအတွက် သောကရောက်ရန်မလို တော့ချေ။

ဒုတိယအနေဖြင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူများအပေါ် ရေလွှမ်းမိုးသည့် ပြစ်ဒဏ်ချမှတ်တော်မူမည့် အကြောင်း ၎င်းအား မိန့်ကြားခဲ့သည်။ ထို့ကြောင့် တမန်တော်နူဟ် a သည် မိသားစုများ၊ သက်ဝင်ယုံကြည်များ အားလုံးနီးနီးနှင့်၎င်းတို့လိုအပ်သည်များဝင်ဆံ့သည့်သင်္ဘောတစ်စီးပြုလုပ်ရပါမည်။သို့မှသာလျှင်ရေလွှမ်းမိုးသည့်အခါ ယင်းကိုစီးနင်း၍ လုံခြုံစိတ်ချရာသို့ သွားနိုင်ပေမည်။ စိုက်ယိဒနာနူဟ် a သည် အမိန့်ပေးထားသည့်အတိုင်း သင်္ဘော တစ်စီး တည်ဆောက်ခဲ့သည်။ ရေလွှမ်းမိုးမှု၏ ကနဦးလက္ခဏာ ဖြစ်သော ပထဝီမြေပြင်ကြီးကို ရေစတင်လွှမ်းမိုးသည်ကို ၎င်းတို့ မြင်ရသောအခါ တမန်တော်နူဟ် a ၏ မိသားစုနှင့် သက်ဝင်ယုံကြည်သူ အနည်းငယ်မျှတို့နှင့် သင်္ဘောအား ထွက်ခွါစေရန် စိုက်ယိဒနာနူဟ် a က အမိန့်ပေးခဲ့သည်။ နွား၊ ကျွဲ၊ ဆိတ်၊ မြင်း၊ မြည်း စသော လူများလိုအပ်ချက် ဖြည့်ဆည်းသည့် တိရစ္ဆာန် တစ်စုံစီကို သင်္ဘောပေါ်တင်ရန် အမိန့်ပေးခဲ့သည်။ စိုက်ယိဒနာနူဟ် a သည် ၎င်းအား အမိန့်ပေးထားသည့် အရာတိုင်းကို သင်္ဘောပေါ် တင်ဆောင်ခဲ့သည်။

အဆုံးတွင် စိုက်ယိဒနာနူဟ် a ကို သက်ဝင်ယုံကြည်၍ သင်္ဘောဖြင့် လိုက်ပါခဲ့ကြသူများမှာ အနည်းငယ်သာ ဖြစ်သည်ဟု မိန့်ထားသည်။

ဤသည်မှာ အထက်ဖော်ပြပါ အာယသ်တော်ပါ အကြောင်းအရာ၏ အကျဉ်းချုပ်ဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် အာယသ်တစ်ခုစီ၏ ရှင်းလင်းမှုဆီသို့ သွားနိုင်၍ ကိစ္စရပ်များနှင့် ယင်းတို့မှ ပေါ်ထွက်လာသော ပြဿနာများဆီသို့ သွားကြပါစို့။

ပထမအာယသ်(၃၆)ထဲတွင် စိုက်ယိဒနာနူဟ် a ၏ လူများအနက် သက်ဝင်ယုံကြည်ကြမည့် သူများသည် သက်ဝင် ယုံကြည်ခဲ့ကြပြီးဖြစ်ကြောင်း တမန်တော်နူဟ် a ထံ ဝဟီပို့ချခဲ့သည်။ အနာဂတ်တွင် မည်သူတစ်ဦးတစ်ယောက်မျှ ယုံကြည်လာလိမ့်မည်မဟုတ်။ ထို့ကြောင့် ထိုသူများက သူ့ကိုမည်သို့ ဆက်ဆံကြမည် ဆိုကြောင်း သောက မရောက်သင့်ချေ။ အဘယ့်ကြောင့်ဆိုသော် တစ်စုံတစ်ဦးသည် အခြားတစ်ဦးထံမှ ကောင်းရာ ကောင်းကြောင်း မျှော်လင့်ရသောအခါ ကောင်းကျိုးထွက်မလာလျှင် ဝမ်းနည်းပူဆွေးရလေသည်။ မျှော်လင့်ချက် ပျက်ပြားခြင်းသည် အဆိုးမဟုတ်ချေ။ ယင်းတွင် သက်သာရာသက်သာကြောင်း ပါဝင်သည်။ တမန်တော်နူဟ် a သည် ထိုသူများနှင့် ပတ်သက်၍ စိတ်ပျက်ကောင်း စိတ်ပျက် ပေလိမ့်မည်။ သူ့လူများက ၎င်းအား အမျိုးစုံ နာကျင်စေမှု ပြုလုပ်သောကြောင့် စိုက်ယိဒနာနူဟ် a ခံစားရသော တုန်လှုပ်မှု အတွက် နောက်အာယသ်(၃၇)ထဲတွင် "၎င်းတို့သည် နစ်မြုပ်ခြင်းခံကြရမည့်သူများ" ဟူသော အစီအစဉ်များသည် ပြုလုပ်ပြီး ဖြစ်ကြောင်း ညွှန်းထားသည်။ ဤအခြေအနေများကြောင့်

စိုက်ယိဒနာ နူဟ် a သည် သူလူများ အပေါ် ကျိန်စာ ဗဒဒုအာ တောင်းဆိုမှုကို စူရာဟ် နူဟ်ထဲတွင် ဖော်ညွှန်းထားသည်မှာ -

رَبِّ لَا تَذَرْ عَلَى الْأَرْضِ مِنَ الْكَافِرِينَ دَيَّارًا ۝ إِنَّكَ إِنْ تَذَرْهُمْ يُضِلُّوا عِبَادَكَ
وَلَا يَلِدُوا إِلَّا فَاجِرًا كَفَّارًا

"အို-ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ပထဝီမြေဝယ် ကာဖိရ် သွေဖည် ငြင်းပယ်သူတို့ အနက် မည်သည့် နေထိုင်သူ တစ်ဦးတစ်ယောက် ကိုမျှ ချန်ထား တော်မမူပါနှင့်။ မလွဲဧကန် အကယ်၍ အရှင်မြတ်သည် ၎င်းတို့အား ချန်ထားတော်မူပါလျှင် ၎င်းတို့ သည် အရှင်မြတ်၏ ကျွန် များအား လမ်းလွဲစေကြမည် သာမက ၎င်းတို့သည် လွန်စွာ ကျေးဇူးကန်း သွေဖည်ငြင်းပယ် အံ့သော၊ အကျင့် စာရိတ္တ ဖောက်ပြန်အံ့သော၊ သူတို့ကို သာလျှင် မွေးဖွားကြမည် ဖြစ်ပါသည်။ (၇၁း၂၆-၂၇) "

ဤဒုအာ ဆုတောင်းမှုကို လက်ခံသည့် အနေဖြင့် စိုက်ယိဒနာနူဟ် a ၏လူများကို အစုလိုက်အပြုံလိုက် ရေနစ်မြုပ်စေခဲ့ပါသည်။

သဘော်တည်ဆောက်ခြင်း၊ တမန်တော်တစ်ပါးအတွက်သင်ကြားမှု

စိုက်ယိဒနာနူဟ် a အား သဘော်တည်ဆောက်ရန် အမိန့်ပေးခဲ့သောအခါ ၎င်းသည်သဘော်ကို သော်လည်း ကောင်း၊ ယင်းသဘော် တည်ဆောက်ခြင်းကို လည်းကောင်း မသိရှိပါ။ ထို့ကြောင့် နောက်အာယသ် (၃၇) ထဲတွင် ၎င်း၏ ပထမဆုံးသင်ခန်းစာကို ရခဲ့သည်။ သဘော် တည်ဆောက်ခြင်း စစ်မှန်မှုကို တတ်သိစေရန် အလို့ငှာ وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا "၎င်းပြင်အသင်သည် ငါအရှင်မြတ်၏မျက်စိအောက်တွင် ငါအရှင်မြတ်၏ အမိန့်တော်အရ သဘော်ကိုပြုလုပ် တည်ဆောက်ပါလေ။"ဟုမိန့်ခဲ့သည်။

ဟဒီးစ်တော် တင်ပြချက်တွင် စိုက်ယိဒနာ ဂျိဗြရာအီလ်အလ် အမီးန် a သည် စိုက်ယိဒနာ နူဟ် a ကို သဘော်တည်ဆောက်မှု အကြောင်း အားလုံးကို ဝဟီဖြင့် ပို့ချခဲ့သည်။ တမန်တော်နူဟ် a သည် ဤသဘော် တည်ဆောက်ရန် အင်ကြင်းပင်၏ အသားကို အသုံးပြုခဲ့သည်။

သမိုင်းဆိုင်ရာတင်ပြချက် အချို့ ဆင့်ပြန်မှုတွင် သဘော်ပါ အတိုင်းအတာကို ဖော်ပြထားကြသည်။ ယင်း သဘော်သည် အရှည်ကိုက်သုံးရာရှိ၍ အကျယ်ကိုက် ငါးဆယ်ရှိကာ အမြင့်ကိုက်သုံးဆယ် ရှိသည်။ သုံးထပ် သဘော် နီးနီး ဖြစ်သည်။ ယင်း၏လေဝင်လေထွက်များမှာ ထုံးစံအတိုင်း ဝဲနှင့်ယာဘက်တွင် ဖွင့်ထားသည်။ ထို့ကြောင့် သဘော် တည်ဆောက်မှု လုပ်ငန်း၏ ပထမစံနမူနာ ဖြစ်သော ဤလုပ်ငန်းသည် အလ္လာဟ်အရှင်မြတ်၏ ဝဟီမှတဆင့် စိုက်ယိဒနာ နူဟ် a ၏လက်တွင် ပထမဆုံးအဖြစ်စတင်လုပ်ဆောင်ခဲ့သည်။ ယင်းနောက် သဘော်တည်ဆောက်မှု တိုးတက်ခြင်းသည် လတ်တလောသမိုင်းဖြစ်သည်။

အရေးပါသောလုပ်ငန်းများအားလုံးသည် ဝဟီမှတစ်ဆင့် စတင်ဖြစ်ပေါ်လာသည်။

ဟာဖိဇ်ရှမ်စူဒ်ဒီးန်၏ အက်တီဗ်ဗန်နဗဒိကျမ်းတွင် အစ္စလာမ်၏ အစောပိုင်းရာစုနှစ်ရှိ အကြီးအကဲအချို့၏ ခိုင်လုံမှုဖြင့် တင်ပြထားခဲ့သည်မှာ လူသားများအတွက် အရေးကြီးသည့် လုပ်ငန်းအားလုံး၏ စတင် ပေါက်ဖွားမှုမှာ တမန်တော်အချို့ထံ ပို့ချသော အလ္လာဟ်အရှင်မြတ်၏ ဝဟီမှတစ်ဆင့် စတင်ခဲ့သည်။ နောက်ပိုင်း အချိန်များတွင် လိုအပ်ချက်ကြောင့် အဆက်မပြတ် တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ စိုက်ယိဒနာအာဒမ် a ထံ ပထမဆုံး ကျရောက်ခဲ့သော ဝဟီသည် နယ်မြေ ပြန်လည်ထူထောင်ခြင်းနှင့် အမျိုးမျိုးသော လုပ်ငန်းများ တည်ထောင်မှု နှင့် ပတ်သက်သည်။ ပစ္စည်းတင်၍ သယ်ဆောင်ရန် ဘီးပါသော ယာဉ်တီထွင်မှုသည် အစဉ်အဆက် မပြတ် တီထွင်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

လူသိများကျော်ကြားသည့် အလီဂရ်ကောလိပ် (ယခုအခါ အိန္ဒိယနိုင်ငံရှိ အလီဂရ်မုစ်လင်မ် တက္ကသိုလ် ဖြစ်သည်။)ကို စတင်တည်ထောင်သူ ဆာစိုင်ယဒ် အဟ်မဒ်ခန်က လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော် ခန့်က ပြောလေ့ရှိခဲ့သည်မှာ ကမ္ဘာကြီးသည် ရွှေ့လျားသော ယာဉ်အမျိုးမျိုး တီထွင်ခြင်းကို တွေ့ရှိရပါသည်။ သို့သော်လည်း ယင်း တီထွင်ခြင်း၏ မဏ္ဍိုင်မှာ ဘီးနှင့်ဝင်ရိုးဖြစ်သည်။ ဘီးနှင့် ဝင်ရိုးသည် နွားလှည်း၊ မြင်းလှည်း၊ မီးရထားနှင့် ကားတို့ တွင် ဘုံအချက်ဖြစ်သည်။ ထို့ကြောင့် ရွှေ့လျားသော ယာဉ်များ၏ ကြီးကျယ်သော တီထွင်သူသည် စက်များ၏ ဝိညာဉ် ဖြစ်သည့် ဘီးကိုတီထွင်သူဖြစ်သည်။ ပြောခဲ့သည့်အတိုင်း ဤတီထွင်မှုသည် ပထမဆုံး တမန်တော်ဖြစ်သည့် စိုက်ယိ ဒနာအာဒမ် a က အလ္လာဟ်အရှင်မြတ်၏ဝဟီမှတစ်ဆင့် ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။

ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ လူသားများ၏ အရေးပါသော လိုအပ်ချက်ကို ဖြည့်တင်းသည့် လုပ်ငန်းများ သည် အလွန် အရေးကြီးသောကြောင့် ဝဟီမှ တစ်ဆင့် မြင့်မြတ်သော တမန်တော်များကို သင်ကြား လေ့ကျင့်ပေး ခဲ့ပါသည်။

စိုက်ယိဒနာနူဟ် a အား သဘော်အား မည်သို့ တည်ဆောက်ရမည်ကို ညွှန်ကြားပြီးနောက် ရေလွှမ်းမိုးမှု ဖြစ်ကာ လူများနစ်မြုပ်ကြလိမ့်မည်ဖြစ်ကြောင်းနှင့် ထိုသူများကိုကြင်နာသနားကာ အသနားမခံရန် သူ့အားမိန့်ကြား ခဲ့သည်။

တတိယအာယသ်(၃၈)ထဲတွင် စိုက်ယိဒနာနူဟ် a သဘော်တည်ဆောက်နေသောအချိန်ကာလ အတွင်း ၎င်း၏ လူများဝမ်းနည်းဖွယ် အဆုံးသတ်မည့် အကြောင်း လုံး၀ ဂရုမမူခဲ့ကြကြောင်း ဖော်ပြထားသည်။ စိုက်ယိဒနာ နူဟ် a သည် အလ္လာဟ်အရှင်မြတ် အမိန့်တော်နှင့် အလုပ်များ နေစဉ်တွင် ၎င်းလူများ၏ အကြီးအကဲများက "သင် ဘာလုပ်နေသလဲ"ဟု မေးမြန်းခဲ့သည်။ "ရေလွှမ်းမိုးမှု တစ်ရပ် ဖြစ်လာလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ် သဘော်တစ်စင်း တည်ဆောက်နေသည်။"ဟု ပြောကြားခဲ့သည်။ သူတို့က တမန်တော်ကို ပျက်ရယ်ပြု၍ ပြောသည်မှာ "ကျွန်ုပ်တို့ အတွက် သောက်စရာရေပင် မရှိသောဤနေရာ၌ ဤပညာရှိက ခြောက်သရော်းသော မြေပေါ်တွင် သဘော်ဖြင့် ရွက်လွှင့် ထွက်ခွါရန် အစီအမံပြုလုပ်နေပါသည်။"ဟူ၍ ဖြစ်သည်။ စိုက်ယိဒနာနူဟ် a က "အကယ်၍ အသင်တို့သည် ကျွန်ုပ်တို့ကို ယနေ့ပျက်ရယ်ပြုလျှောင်ပြောင်ခဲ့လျှင် ကျွန်ုပ်တို့က အသင်တို့ကိုကြည့်ကာ ပျက်ရယ်ပြုလျှောင်ပြောင်ကာ ရယ်မောနေမည့် နေ့တစ်နေ့ မုချရောက်လာမည် ဆိုသည်ကို အသင်တို့ သတိရှိပါလေ။"ဟု တုန့်ပြန် ပြောဆိုခဲ့ လေသည်။ အဓိပ္ပာယ်ကား အခြေအနေပြောင်းလဲကာ ထိုသူများသည် ပျက်ရယ် ပြုလျှောင်ပြောင် ခံရမည့်သူများ ဖြစ်သွား

စေမည့် အဖြစ်အပျက်များ ပေါ်ပေါက် လာလိမ့်မည်။ အမှန်တကယ်တွင် ပျက်ရယ်ပြုလှောင်ပြောင်ခြင်းမှာ တမန်တော်များ၏နာမ်ပိုင်းဆိုင်ရာ အဆင့်အတန်းနှင့် ဆန့်ကျင်ပါသည်။ မည်သူကိုမျှ လှောင်ပြောင် ပျက်ရယ်ပြုခြင်း ခွင့်မပြုသည်မှာ ရိုးစင်းပါသည်။ စင်စစ် ယင်းလုပ်ရပ်သည် ဟရာမ် တရားမဝင်ချေ။ ကုရ်အာန် ကျမ်းတော်မြတ်တွင် **لَا يَسْخَرْ قَوْمٌ مِّنْ قَوْمٍ عَسٰٓى اَنْ يَّكُوْنُوْا خَيْرًا مِّنْهُمْ** "အုပ်စုတစ်စုသည် အခြားအုပ်စုတစ်စုအား ပြက်ရယ်သမျှမပြုကြရ။ အကြောင်းမှာ ထိုသရော်သမျှပြုခြင်း ခံကြရသော သူများသည် ၎င်းသရော်သောသူတို့ထက်ပို၍ ကောင်းမြတ်သော သူများဖြစ်တန်ကြ ရာ၏။(၄၉း၁၁)" ထို့ကြောင့် ဤနေရာတွင်ပြက်ရယ်လှောင်ပြောင်မှုဆိုသည်မှာ သူတို့၏ ပြက်ရယ်လှောင်ပြောင်မှုကို လက်တွေ့ ဆန်သောတုန့်ပြန်မှုဟု ရည်ညွှန်းထားသည်။ ဤသည်မှာ "အသင်တို့ ပြစ်ဒဏ်ခတ်ခံရသောအခါတွင် အသင်တို့ ပြက်ရယ်ပြု လှောင်ပြောင်မှုကြောင့် အသင်တို့ ပြစ်ဒဏ်ခတ်ခံရခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့က ပြောပါမည်။"ဟူ၍ ပြောဆိုခြင်းနှင့် တူပေသည်။ ဤကဲ့သို့ပင် စတုတ္ထအာယသ်(၃၉)တွင်"သို့ဖြစ်ပေရာ မည်သူ့ထံထိုသူအား (ဤပစ္စက္ခဘဝ၌) အရှက်တကွဲအကျိုးနည်းဖြစ်စေသော ပြစ်ဒဏ်သည် ရောက်လာမည်ကို လည်းကောင်း၊ ထိုသူ့အပေါ် (နောင်တမလွန်ဘဝ၌) ထာဝစဉ်တည်မြဲသော ပြစ်ဒဏ်သက်ရောက်မည်ကို လည်းကောင်း၊ အသင်တို့သည် မကြာမြင့်မီပင် သိရှိကြပေမည်။"ဟု မိန့်ထားသည်။ ပထမပြစ်ဒဏ်ခတ်မှုသည် ဤကမ္ဘာလောကတွင် ပြစ်ဒဏ်ခတ်ခံရမှုကို ရည်ညွှန်း၍ ထာဝစဉ် တည်မြဲသော ပြစ်ဒဏ်သက်ရောက်မှုဆိုသည်မှာ နောင်တမလွန်ဘဝ၏ အဆုံးမရှိသောပြစ်ဒဏ်ခတ်ခံရမှုဖြစ်သည်။

ပဉ္စမအာယသ်(၄၀)မှ စတင်၍ ရေလွှမ်းမိုးခြင်းအကြောင်း နှီးနွှယ်သည့်ဤနှင်ကြားမှုများနှင့် အဖြစ်အပျက်များပေါ်ပေါက်လာပုံတို့ကို ဖော်ပြထားသည်။ ထို့ကြောင့်ဦးစွာပထမ **حَتّٰٓى اِذَا جَآءَ اَمْرُنَا وَفَارَ التَّنُّوْرُ** "အဆုံးတွင် ငါ့အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာခဲ့ရာ မုန်ဖိုသည် ဆူပွက်လာလေသည်။"ဟုမိန့်ထားသည်။

تنور(သန်နူးရ်-မုန့်ဖို)ဟူသောစကားလုံးကို တစ်မျိုးထက်ပိုသောအဓိပ္ပာယ်ဖြင့် သုံးနှုန်းထားသည်။ ကမ္ဘာမြေကြီး၏ ကြမ်းပြင်ကို မုန့်ဖိုတစ်ခုဟုခေါ်သည်။ ပေါင်မုန့်ဖုတ်သည့် မုန့်ဖိုသည်လည်း(သန်နူးရ်)ဖြစ်သည်။ မြေနေရာ၏ မို့မောက်နေသော အပိုင်းကိုလည်း သန်နူးရ်အဖြစ် ရည်ညွှန်းသည်။ ထို့ကြောင့် သဖီစီရ်ပညာရှင် အချို့က ပြောသည်မှာ ဤနေရာပါ သန်နူးရ်သည် ရေစတင်လွှမ်းမိုးသည့် မြေမျက်နှာပြင်ဟု ဆိုလိုသည်။ ဋီကာရှင် အချို့ကပြောခဲ့သည်မှာ ဤစကားလုံးသည် စိုက်ယိဒနာအာဒမ် a ၏ သန်နူးရ်ကိုဆိုလိုကာ ဆီးရီးယားနိုင်ငံရှိ 'အိုင်နလ်ဝရ်ဒါဟ်'တွင် ရှိသည်။ ယင်းနေရာမှ ရေစတင်လွှမ်းမိုးသည်။ ဋီကာရှင်အချို့က ကူဖာတွင်ရှိသော စိုက်ယိဒနာနူဟ် a ပိုင်သော သန်နူးရ်ကို ဆိုလိုသည်ဟု ပြောကြသည်။ စိုက်ယိဒနာဟစ်၊ မုဂျာဟစ်ဒ်၊ ရှာဗီ၊ စိုက်ယိဒနာအဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗာစ် a နှင့် အခြားသော ဋီကာရှင်အများစုကမူ ဤအယူအဆကိုလက်ခံကြသည်။

ရှာဒ်ဗီကမူ ဤသန်နူးရ်သည် ကူဖာမြို့၏သီးခြားရပ်ကွက်တွင် ရှိသည်ဆိုကြောင်း ကျမ်းကျိန်ပြောလေ့ရှိသည်။ စိုက်ယိဒနာနူဟ် a သည် ၎င်း၏ သဘော်ကို ကူဖာရှိဗလီထဲတွင် တည်ဆောက်ခဲ့သည်။ ဤသန်နူးရ်သည် ဤဗလီဝတ်ကျောင်းတော်၏ အဝင်ဝတွင်ရှိသည်။ အလ္လာဟ်အရှင်မြတ်က စိုက်ယိဒနာနူဟ် a ကို "အသင်၏ အိမ်ထဲတွင်ရှိ မုန့်ဖိုမှရေများ လျှံထွက်လာသည်ကို သင်မြင်ရလျှင် ရေလွှမ်းမိုးမှု စတင်ဖြစ်လာမည် ဖြစ်ကြောင်း သင်သိပါလေ။"ဟူ၍ မိန့်ထားကြောင်း စိုက်ယိဒနာအိဗနိအဗ္ဗာစ် a ကာ ပြောသည်။ (ကုရ်သုဗီနှင့်မဇာဟီရီ)

ဋီကာရှင်အလ်ကုရ်သုဗီက ပြောသည်မှာ သန်နူးရ်၏ အဓိပ္ပာယ်နှင့် ပတ်သက်၍ ဋီကာရှင်များ၏ အဓိပ္ပာယ် ပြောကြားချက်သည် ကွဲပြားသယောင်ရှိနေသော်လည်း စင်စစ်တွင်ဤသည်မှာ ကွဲပြားမှုမဟုတ်ချေ။ ရေများစတင် လျှံထွက်လာသောအခါ၌ ပေါင်မုန့်ဖုတ်သည့် မုန့်ဖိုမှလျှံထွက်လာပါသည်။ မြေကြီး၏ မျက်နှာပြင်မှ လျှံထွက်သည်၊ ဆီးရီးယားနိုင်ငံ အိုင်နလ်ဝါရ်ဒါဟ်၏ မုန့်ဖိုမှလျှံထွက်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က **فَفَتَحْنَآ أَبْوَابَ السَّمَآءِ بِمَآءٍ مُّنْهَمِرٍ** "ထိုအခါ ငါအရှင်မြတ်သည် မိုးကောင်းကင်၏ တံခါးများကိုဖွင့်၍ မိုးသည်းထန်စွာရွာသွန်းစေ၏။ ၎င်းပြင် ငါအရှင်မြတ်သည် ပထဝီမြေမှ စမ်းများကို ပန်း၍ထွက်စေခဲ့သည်။ (အလ်ကမာရ်၅၄း၁၁) " ဟူ၍ရှင်းလင်းစွာ မိန့် ထားသည်။

ရှာအ်ဗီးသည် သူ၏ အဆိုအမိန့်တွင် အလ်မတ်စ်ဂျီဒ်အလ်ဟရာမ်၊ အလ်မတ်စ်ဂျီဒ်အလ်နဗဝီနှင့် အလ် မတ်စ် ဂျီဒ် အလ်အတ်က်ဆွာရ်တို့၏ နောက်တွင် ကူဖာ၏ ဤကြီးကျယ်ခမ်းနားသည့် ဗလီဝတ်ကျောင်းတော်သည် ယင်း၏ ပင်ကိုယ်ပေါ်လွင် ထင်ရှားသည့်အဆင့်ရှိပေသည်။

အာယသ်နောက်ပိုင်း၌ မိန့်ထားသည်မှာ ရေစတင်လွှမ်းမိုးချိန်တွင် စိုက်ယိဒနာနူဟ် a ကို **اِحْمِلْ فِيْهَا مِنْ كُلٍّ زَوْجَيْنِ** "(အိုနဗီတမန်တော်) အသင်သည် အမျိုးအစားအသီးသီးတို့မှ တစ်စုံစီကိုလည်းကောင်း သဘော်ပေါ်သို့ တင်ဆောင်ပါလော"ဟူ၍ အမိန့်ပေးထားသည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ စိုက်ယိဒနာနူဟ် a ၏ သဘော်ပေါ်၌တိရစ္ဆာန်အားလုံးကို မတင် ဆောင်ဟုဖြစ်သည်။ ရေထဲတွင် အသက်ရှင်နိုင်စွမ်းမရှိဘဲ အထီးနှင့်အမတို့မှ ပေါက်ဖွားသောတိရစ္ဆာန်များကို တင် ဆောင်ခဲ့သည်။ ထို့ကြောင့်ရေသတ္တဝါအားလုံးမပါသကဲ့သို့ အဖိုနှင့်အမမှပေါက်ဖွားခြင်းမဟုတ်ဘဲ အသက်ရှိသော သတ္တဝါများဖယ်ပြီးဖြစ်သည်။ ဤသည်ကြောင့် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် နွား၊ ကျွဲ၊ ဆိတ်စသည်တို့သာကျန်သည်။

ဤသည်ကြောင့် သဘော်သည် မြောက်များစွာသော တိရစ္ဆာန်များမည်သို့ဝင်ဆန့်မည်နည်းဟူသောသံသယ ပယ်ရှားပြီးဖြစ်ပေသည်။

ယင်းနောက် စိုက်ယိဒနာနူဟ် a ကို သက်ဝင်ယုံကြည်မှုမရှိသူများမှအပ သူ၏မိသားစုဝင်များနှင့် ၎င်းအား ယုံကြည်သူများ သဘော်ပေါ်တက်စေရန် မိန့်ကြားခဲ့သည်။ တမန်တော်နူဟ် a အား ယုံကြည်သက် ဝင်သူမှာ အနည်း ငယ်မျှသာ ဖြစ်သည်။

သဘော်ပေါ်တွင် ပါရှိသော သူများ၏ အရေအတွက် အတိအကျကို ကုရ်အာန် ကျမ်းတော်မြတ်နှင့် ဟဒီးစ် တော်တွင် သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်း မရှိချေ။ စိုက်ယိဒနာ အဗ်ဒွလ္လာဟ် အိဗနိအဗ္ဗား စ် a ၏ တင်ပြချက် တွင် ထိုသူများ၏ စုစုပေါင်းအရေအတွက်မှာ(၈၀)ဖြစ်၍ ယင်းတွင် စိုက်ယိဒနာနူဟ် a ၏ သား (၃)ယောက်ဖြစ်သော ဆန်၊ဟမ်မ်၊ ယာဖိတ်နှင့်၎င်း(၃)ဦးတို့၏ဇနီးများပါဝင်သည်။စတုတ္ထသားမှာ မယုံကြည် သွေဖည်ငြင်းပယ်သူများနှင့်နေ ရစ်ခဲ့ကာ ထိုသူများနှင့်အတူ ရေနစ်သေဆုံးခဲ့သည်။

အာယသ် (၄၁-၄၄)

وَ قَالَ ارْكَبُوْا فِيْهَا بِسْمِ اللّٰهِ مَجْرٖىهَا وَ مُرْسٰىهَا ؕ اِنَّ رَبِّيْ لَغَفُوْرٌ رَّحِيْمٌ ﴿۴۱﴾ وَ
هِيَ تَجْرِيْ بِهِمْ فِيْ مَوْجٍ كَالْجِبَالِ ۫ وَ نَادٰى نُوْحُ ِۨ ابْنَهٗ وَ كَانَ فِيْ مَعْزِلٍ يّٰبُنَيَّ ارْكَبْ
مَّعَنَا وَ لَا تَكُنْ مَّعَ الْكٰفِرِيْنَ ﴿۴۲﴾ قَالَ سَاٰوِيْۤ اِلٰى جَبَلٍ يَّعْصِمُنِيْ مِنَ الْمَآءِ
ؕ قَالَ لَا عَاصِمَ الْيَوْمَ مِنْ اَمْرِ اللّٰهِ اِلَّا مَنْ رَّحِمَ ۚ وَ حَالَ بَيْنَهُمَا الْمَوْجُ فَكَانَ
مِنَ الْمُغْرَقِيْنَ ﴿۴۳﴾ وَ قِيْلَ يٰۤاَرْضُ ابْلَعِيْ مَآءَكِ وَ يٰسَمَآءُ اَقْلِعِيْ وَ غِيْضَ الْمَآءُ وَ
قُضِيَ الْاَمْرُ وَ اسْتَوَتْ عَلَى الْجُوْدِيِّ وَ قِيْلَ بُعْدًا لِّلْقَوْمِ الظّٰلِمِيْنَ ﴿۴۴﴾

ထို့နောက် ထို(နဗီတမန်တော်နူဟ်)က (မိမိအိမ်သူအိမ်သားများနှင့် မုအ်မင်နှင့် သက်ဝင် ယုံကြည်သူတို့အား အချင်းတို့)အသင်တို့သည် ထိုသင်္ဘောပေါ်သို့စီးနင်းကြလေကုန်။ ထိုသင်္ဘော၏ သွားလာလှုပ်ရှားမှုသည်လည်းကောင်း၊ ထိုသင်္ဘောဆိုက်ကပ်(ရပ်ဆိုင်း)၍နေခြင်းသည်လည်းကောင်း အလ္လာဟ်အရှင်မြတ်၏နာမံတော်ဖြင့်သာဖြစ်ပေသည်။ ဇကန်မလွဲ ငါ့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အမှန်ပင် အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသောအရှင်၊ အလွန်တရာ သနားကြင်နာညှာတာတော်မူသော အရှင်မြတ်ပင်။ (၁၁း၄၁)

ထိုနောက် ထိုသင်္ဘောသည် ထိုသူတို့အားတင်ဆောင်၍ တောင်ကြီးများပမာ ကြီးမားလှသော လှိုင်းတံပိုး၏အကြားဝယ်တွားလျက်ရှိပေသည်။ ထိုဖြင့်(နဗီတမန်တော်)နူဟ်သည် မိမိ၏သား(ကင်နန်အာန်)အား ဟစ်ခေါ်ခဲ့လေသည်။ စင်စစ်ထိုသားသည် အဝေးၦပင်ရှိနေခဲ့လေသည်။ (သို့ဖြစ်ပေရာ နဗီတမန်တော်နူဟ်သည် ၎င်းအား)အို-ချစ်သား အသင်သည် ငါတို့နှင့်အတူ (သင်္ဘောပေါ်သို့)စီးနင်းခဲ့ပါဇလ။ ၎င်းပြင် အသင်သည်ကာဖိရ် မယုံကြည်သွေဖည် ငြင်းပယ်ကုန်သော သူတို့နှင့် အတူ မနေရစ်ပါလေနှင့်ဟု ဟစ်အော်ပြောဆိုခဲ့ လေသတည်း။ (၁၁း၄၂)

ထို(နဗီတမန်တော်၏)သားက ကျွန်ုပ်သည်ယခုပင် တောင်တစ်ခုခုသို့(တက်၍) အကာအကွယ် ယူမည်။ ထိုတောင်သည် ကျွန်ုပ်အားရေဘေးမှ ထိန်းသိမ်းကာကွယ်ပေလိမ့်မည်ဟု ပြောဆိုခဲ့လေ၏။ (ထိုအခါ)ယင်း(နဗီတမန်တော်နူဟ်)က ယနေ့မူကား အလ္လာဟ်အရှင်မြတ် အမိန့်တော်မှ(ပြစ်ဒဏ်တော်မှ) ထိန်းသိမ်းကာကွယ်မည့်သူ အလျှင်းမရှိဇ။ ထိုအရှင်မြတ်က သနားညှာတာတော်မူသောသူမှ တစ်ပါး(မည်သူ တစ်ဦးတစ်ယောက်မျှ ဤပြစ်ဒဏ်မှ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပေတကား။) ထို့နောက် လှိုင်းတံပိုး(များ)သည် ၎င်းတို့(သားအဖ)နှစ်ဦး၏စပ်ကြားဝယ်ကြားဝင်(ဆီးကာ)ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းသည်နှစ်မြှုပ်ခြင်းခံရသူတို့တွင် အပါအဝင်ဖြစ်ခဲ့လေသတည်း။ (၁၁း၄၃)

ထို့နောက် (အလ္လာဟ်အရှင်မြတ်ထံတော်မှ ဤသို့) အမိန့်တော် ထုတ်ပြန်တော်မူလိုက်လေသည်။ အို-ပထဝီမြေ၊ အသင်သည်မိမိရေများကိုစုပ်ယူမျိုချလေလော့။ ၎င်းပြင် အို-မိုးကောင်းကင်၊ အသင်သည်(မိုးရွာသွန်းခြင်းကို)ရပ်ဆိုင်းလေလော့။ ထိုအခါဝယ် ရေသည်လျော့ပါး၍သွားခဲ့လေသည်။ ထို့အပြင် အရေးကိစ္စသည်လည်း ပြီးမြောက်သွားခဲ့ရလေသည်။ ၎င်းပြင် ထိုသင်္ဘောသည်လည်း ဂျူဒီတောင်ပေါ်၌ရပ်နား၍သွားခဲ့လေသည်။ ထိုမှတစ်ပါး (မိမိတို့ကိုယ်ကိုမိမိတို့ပင်)နှိပ်စက်ကလူ ပြုမူကုန်သောသူတို့သည် (ကရုဏာတော်မှ) ကင်းဝေးခဲ့ကြချေပြီတကားဟု မိန့်ကြားတော်မူခြင်း ခံခဲ့ရလေသတည်း။ (၁၁:၄၄)

အကျယ်ဖွင့်ဆိုခြင်း

လေ့သင်္ဘောနှင့် အခြားသယ်ယူပို့ဆောင်သော ယာဉ်များအပေါ် တက်ခြင်းဆိုင်ရာ ကျင့်ဝတ်

ပထမအာယသ်(၄၁)သည် လေ့သင်္ဘောနှင့်အခြားသယ်ယူပို့ဆောင်သော ယာဉ်ပေါ်တွင် တက်ခြင်း ဆိုင်ရာ ကျင့်ဝတ်ကိုသင်ကြားပြသသည်။ တစ်စုံတစ်ဦးသည် بِسْمِ اللهِ مَجْرٖىهَا وَ مُرْسٰىهَا "ထိုသင်္ဘောပေါ်သို့စီးနင်းကြလေကုန်။ ထိုသင်္ဘော၏ သွားလာလှုပ်ရှားမှုသည် လည်းကောင်း၊ ထိုသင်္ဘော ဆိုက်ကပ်(ရပ်ဆိုင်း)၍ နေခြင်းသည် လည်းကောင်း အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့်သာ ဖြစ်ပေသည်။" ဟုဆို၍တက်ရမည်။ مَجْرٖى မဂျ်ရာဟူသော စကားလုံးကားအဓိမာမ်ဟာဖဇ်၏ဖတ်ရွတ်မှု'ကိရာအသ်'အရမြိန်စာလုံးပေါ်တွင်ဖသာဟ်တင်ကာ'ရာ'ဟူသောစကားလုံးဘက်ဆီသို့ ဖိရွတ်လျှင်'မဂျ်ရီ' ဟုအသံထွက်ကာ ရွက်ဖွင့် ခြင်း(သို့မဟုတ်) ထွက်ခွာခြင်းဟု အဓိပ္ပာယ် သက်ရောက်သည်။ ထို့နောက် مُرْسٰى (မုရ်ဆာ)သည် ရပ်တန့်ခြင်း (သို့မဟုတ်) ကျောက်ချခြင်းအဓိပ္ပာယ်သက်ရောက်သည်။ ဆိုလိုသည်မှာ ဤသို့သော သယ်ပို့သည့် ယာဉ်၏ ရွေ့လျားခြင်းသည်ပင်လျှင် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်အရ ဖြစ်သည်။ ထို့ပြင်ရွေ့လျားခြင်းသည် အရှင်မြတ်၏ နာမတော်အရ ဖြစ်သကဲ့သို့ ယင်း၏ ရပ်တန့်ခြင်းသည်လည်း အရှင်မြတ်၏ တန်ခိုးတော်ကိုသာ နာခံရ ပါသည်။

သယ်ယူပို့ဆောင်သော အရာတိုင်း၏ ရွေ့လျားမှုနှင့် ရပ်တန့်ခြင်းသည်

အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော် နှင့်သာလျှင် ဖြစ်သည်။

အနည်းငယ်စဉ်းစားရုံမျှဖြင့် လေ့(သို့မဟုတ်) ကုန်းပေါ်တွင် သယ်ပို့သည့် မည်သည့်အရာဖြစ်စေ(လေထဲတွင်ပျံသန်းသည့် အရာ) စသည့် သယ်ယူပို့ဆောင်သည့် အရာအားလုံးသည် ယင်းကို ဖန်တီးခြင်းပြုလုပ်ခြင်း (သို့မဟုတ်) ယင်းကိုရွေ့လျားစေခြင်း (သို့မဟုတ်) ရပ်တန့်စေခြင်းတို့သည် မည်သူ တစ်ဦးတစ်ယောက်၏ အစွမ်းမဟုတ်ချေ။ အတွေးတိမ်သော အမြင်မှာ လူသားသည် ဤအရာများကို ၎င်းကသာလျှင် ထုတ်လုပ်ကာ ရွေ့လျားစေသည် ဟု မှတ်ယူထားသည်။ အမှန်တရားကား တစ်နေရာတွင်ရှိနေသည်။ ဤသယ်ယူပို့ဆောင်သည့်အရာများ ပြုလုပ်ရန် အတွက် ကုန်ကြမ်းဖြစ်သည့် သံ၊ သစ်သား၊ ကြေး၊ ဒန်အစရှိသည် တို့ကို လူသားက မဖန်တီးနိုင်ဟူသည်ကို စဉ်းစား ရန်များစွာ မလိုချေ။ ထို့နောက် သစ်တစ်ပေ၊ သံတစ်စ ထုတ်လုပ်ခြင်းသည် လူသား ထိန်းချုပ်မှုအောက်၌ မရှိသည်မှာ ထင်ရှား

သည်။ သို့ဆိုလျှင် မည်သူသည် လူသားများကို စက်ယန္တရားဆိုင်ရာ အစိတ်အပိုင်းများ အားလုံးနှင့် လက်နက်ကိရိယာ မျိုးစုံကိုပုံစံရေး၍ ထုတ်လုပ်ရန် အသိဉာဏ်ပေးသနည်း။ သူကိုယ်ပိုင်အသိ ဉာဏ်ကို သူဟာသူ ဖန်တီးယူ သလော။ လူသား သည် ဤသို့လုပ်ဆောင်ရန် အစွမ်းရှိခဲ့လျှင် ဤကျယ်ပြောသော ကမ္ဘာကြီးတွင် အသိဉာဏ်နည်းသူ မည်သူရှိ အံ့နည်း။ လူတိုင်းသည် သူနယ်ပယ်တွင် ပလေတိုနှင့် အရစ်စတိုတယ်များ ဖြစ်ကုန်ကြမည်။ ထို့ကြောင့် လူသားသည် သစ်သား နှင့် သံတို့ဖြင့် ဘက်စုံမှ စက်ယန္တရားဆိုင်ရာ အထောက်အပံ့များကို စုစည်း၍ သယ်ယူပို့ဆောင် ရန်အတွက် ကိုယ်ထည်နှင့် ဘောင်များ ပြုလုပ်ကြသည်။ တန်ပေါင်းများစွာ လေးသော အရာကို လွယ်ကူ၍ လျင်မြန်စွာ နှင့် လေထဲ (သို့မဟုတ်) ကုန်းပေါ်တွင် ရွှေ့လျားစေရန် သူလိုအပ်ပေသည်။ ထိုသို့ လုပ်ရန်သူမှာ စွမ်းအား လိုအပ် သည်။ ယင်းကို ဓာတ်ဆီ၊ ဓာတ်ငွေ့ (သို့မဟုတ်)သူမှာ ရေအားလျှပ်စစ်မှ တစ်ဆင့် ရရှိနိုင်သည်။ ဤအရာများ၏ မည်သည့် အရာကို လူသားက ဖန်တီးနိုင်သနည်း။ သူသည် ဓာတ်ဆီ(သို့မဟုတ်) ဓာတ်ငွေ့(သို့မဟုတ်) ရေ(သို့မဟုတ်) အောက်ဆီဂျင် (သို့မဟုတ်) ဟိုက်ဒြိုဂျင်ကို ဖန်တီး နိုင်ပါသလား။ အကယ်၍သာ ကျွန်ုပ်တို့သည် ကိစ္စရပ်ကို မျှတစွာ ကြည့်ရှုမည် ဆိုလျှင် လောကဓာတ်ဆိုင်ရာအကြီးအကျယ်တိုးတက်သော ဤခေတ်တွင် လူသားဘာမျှ မတတ်နိုင်သော ကိစ္စရပ်ကို တွေ့နိုင်ပေသေးသည်။ ထို့ပြင် သယ်ယူပို့ဆောင်သည့် အရာတိုင်း၏ ရပ်တန့်မှုနှင့် ရွှေ့လျားမှုသည် ဤစကြဝဠာ ဖန်ဆင်းရှင်၏ အဆုံးစွန် ထိန်းချုပ်မှု အတွင်းရှိသည်မှာ မှန်ကန်သည်။

အရာဝတ္ထုများ တီထွင်ခြင်း၏ လုပ်ရပ်နှင့် ဖြစ်စဉ်နှင့် ယင်းအရာများ၏ လုပ်ဆောင်မှုက တီထွင်သူများကို တစ်ကိုယ် ကောင်းဆန်စေသည်။ သူတို့သည် ကိုယ့်ကိုကိုယ် အထင်ကြီး လာစပြုသည်။ သူတို့သည် အချင်းချင်း ထောမနာ၍ အမှန်တရားမှ ကင်းကွာလာကာ သူတို့ တီထွင်မှုသည် အရှိတရားထက် ပိုကြီးသည်ဟု ထင်လာ ခဲ့သည်။ အလ္လာဟ် အရှင်မြတ်သည် သူတို့လုပ်ဆောင်နိုင်သည်ထက် ပိုသောအရာများ ရှိနေကြောင်းကို ၎င်းတို့ မမြင်မတွေ့နိုင် သေးကြောင်း အရှင်မြတ်၏ တမန်တော်များမှ တစ်ဆင့် မိန့်ကြားထားသည်မှာ - بِسْمِ اللهِ مَجْرٖىهَا وَ مُرْسٰىهَا "ထိုသင်္ဘော၏သွားလာလှုပ်ရှားမှုသည် လည်းကောင်း၊ ထိုသင်္ဘော ဆိုက်ကပ်(ရပ်ဆိုင်း)၍ နေခြင်းသည် လည်း ကောင်း အလ္လာဟ်အရှင်မြတ်၏ နာမံတော်ဖြင့်သာ ဖြစ်ပေသည်။"ဟူ၍ ဖြစ်သည်။ ဤသည်မှာ အမှန်တရား ဖြစ်သည်။ တိုတောင်းသော အဆိုအမိန့် ဖြစ်သော်လည်း ဆီလျော် အပ်စပ်လေသည်။ စင်စစ် ယင်းသည်တံခါး တစ်ချပ်ကို ဖွင့်ရန် သော့တစ်ချောင်း ဖြစ်သည်။ သူဤတံခါးမှ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် ဤကမ္ဘာ လောကတွင် သူနေထိုင်လင့်ကစား နာမ်ပိုင်းဆိုင်ရာ စကြဝဠာ၏ နိုင်ငံသားတစ်ဦးအဖြစ် ပြောင်းလဲသွားကာ ယင်းထဲတွင်ရှိ ဖန်ဆင်းရှင်၏ အလှတရားကို မြင်တွေ့နေရပါသည်။

ဤသည်မှ ယုံကြည်သူတစ်ဦး၏ ကမ္ဘာနှင့် မယုံကြည်သွေဖည်သူတစ်ဦး၏ ကမ္ဘာတို့ကြား ကွဲလွဲမှုကို ဖော် ထုတ်ပြပါသည်။ နှစ်ဦးစလုံး စီးနင်းကြပါသည်။ သို့သော်လည်း ယုံကြည်သူတစ်ဦး ယင်းတွင် တက်ရောက် သောအခါ သယ်ယူပို့ဆောင်သည့် အရာသည် သူ့ခရီးစဉ် တိုတောင်းရုံမျှ သက်သက်မဟုတ်ဘဲ သူ့အားမြင့်မား၍ ပိုပြီးသိမ်မွေ့ နူးညံ့သော အရှင်အား သိရှိစေပါသည်။

ဒုတိယ အာယသ်(၄၂)နှင့် တတိယအာယသ်(၄၃)ထဲတွင် ဖော်ပြထားသကဲ့သို့ စိုက်ယိဒနာ နူဟ် a ၏ မိသားစု တစ်ခုလုံး သင်္ဘောပေါ် တက်ရောက်ခဲ့ သောအခါ ကင်နာန်အာမ် (ကနာန်)ဟူသော သားတစ်ယောက်ကျန်ရစ်ခဲ့ သည်။ ဖခင်တစ်ဦး၏ ချစ်ခင်မြတ်နိုးမှုအရ သူ့ကို လေ့ပေါ်တက်ရန် အော်ဟစ် ပြောဆိုခဲ့ရာ အကယ်၍ သူသည် မယုံ ကြည် သွေဖည် သူများနှင့်အတူ နေရစ်ခဲ့လျှင် သူသည်လည်း ရေနစ်မြုပ်သွားလိမ့်မည် ဖြစ်ကြောင်း သတိပေးခဲ့သည်။

ဤလူငယ်သည် ထိုမယုံကြည်သွေဖည် ငြင်းပယ်သူများနှင့် တစ်ဖွဲ့တည်း ဖြစ်နေသောကြောင့် ၎င်းကိုယ်၌ ပင်လျှင် မယုံကြည် သွေဖည်ငြင်းပယ်သူတစ်ဦး ဖြစ်ခဲ့သည်။ သို့သော်ဖြစ်နိုင်သည်မှာ စိုက်ယိဒနာနှဟ် a သည် သူ သားသည် မယုံကြည်သွေဖည် ငြင်းပယ်သူတစ်ဦး ဖြစ်နေကြောင်း မသိရှိခဲ့ခြင်းဖြစ်ပေမည်။ အကယ်၍ တမန်တော် နူဟ် a သိရှိပြီးဖြစ်ခဲ့လျှင်လည်း သူသားကို မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ အပေါင်းအဖော်မှ ထွက်ခွာ၍ လှေပေါ်သို့ တက်ရန်ပေးသည့် ကောင်းသော အကြံသည် သားကို ဝန်ချတောင်းပန်၍ အစွလာမ်ဘာသာသို့ သက်ဝင် ယုံကြည်စေလိုသော စိတ်နှင့်ဖြစ်သည်။ သို့ရာတွင် ကံမကောင်း အကြောင်းမလှသောသားသည် ရေလွှမ်းမိုးခြင်းမှာ ပြီးသွားလိမ့်မည်ဟု မှတ်ယူကာ အကယ်၍ ရေလွှမ်းမိုးလာလျှင်ပင် နစ်မြုပ်မှုမှကင်းဝေးရန် တောင်ပေါ် တက်နေမည် ဖြစ်၍ ၎င်းအတွက် စိတ်မပူရန် ပြောကြားခဲ့သည်။ စိုက်ယိဒနာနှဟ် a က ထိုနေ့တွင် ကျရောက်မည့်အလွှာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုသည် တောင်ပေါ်တွင် မဆိုနှင့် မည်သူ တစ်ဦးတစ်ယောက်မျှပင် မည်သည်ကမျှ ကာကွယ်နိုင်မည် မဟုတ်ချေ။ အလွှာဟ်အရှင်မြတ် ကြင်နာသနားတော်မူသူသာလျှင် ကင်းလွတ်စေမည် ဖြစ်ကြောင်း သူ့အား သတိပေးခဲ့သည်။ ဤအဖေနှင့်သားအပြန်အလှန်ပြောဆိုမှုသည် ခပ်လှမ်းလှမ်းမှသာဖြစ်၍ ရေလွှမ်းမိုးလာ၍ လှိုင်းလုံးတစ်ခုသည် သူသားအား နစ်မြုပ်စေကာ အဝေးသို့ သယ်ဆောင်သွားစေပါသည်။ သမိုင်း တင်ပြချက် အရ ဤရေလွှမ်းမိုးမှုသည် အမြင့်ဆုံး တောင်ထိပ်အထက် ၁၅-ကိုက်မျှ မြင့်မားကြောင်း ပြောကြသည်။ အချို့ တင်ပြချက် များတွင် လှိုင်းလုံးမှာ ကိုက်(၄၀) ရှိသည်ဟုဆိုသည်။

စတုတ္ထအာယသ်(၄၄)တွင် ရေလွှမ်းမိုးမှုမှ ရေပြန်ကျသွားကာ ပုံမှန် အခြေအနေ ဖြစ်သွားကြောင်း သီးသန့်ဟန်ဖြင့် ဖော်ပြထားခဲ့သည်။ အလွှာဟ်အရှင်မြတ်သည် ကမ္ဘာမြေကြီးကိုဦးတည်ပြောကြား၍ အမိန့်ပေးသည်မှာ يَٰٓأَرۡضُ ٱبۡلَعِي مَآءَكِ "ဒိုပထဝီမြေ အသင်သည်မိမိရေများကို စုတ်ယူမျိုချလေလော့"ဟူ၍ဖြစ်သည်။ အဓိပ္ပာယ်မှာ ကမ္ဘာပထဝီ မြေကြီးမှ လျှံထွက်လာသောရေပမာဏကို ကမ္ဘာမြေကြီးကပင် ပြန်လည်စုတ်ယူရမည်ဟူ၍ ဖြစ်သည်။ မိုးကောင်းကင်ကို မိုးရွာမှု ရပ်တန့်ရန် အမိန့်ပေးခဲ့သည်။ ကမ္ဘာပထဝီမြေပေါ် ရွာချပြီးဖြစ်သော မိုးရေများကို သဘာဝက မြစ်များ ချောင်းများ ထဲသို့ လူသားများ အကျိုးဖြစ်ထွန်းစေရန် စီးဆင်းစေပါသည်။ (သဖိစိရ်ကုရ်သုဒီ၊မဇာဟီရီ)

ဤအာယတ်ထဲ၌ အလွှာဟ်အရှင်မြတ်သည်မိုးကောင်းကင်နှင့် ပထဝီမြေကြီးကို ဦးတည်မိန့်ကြားကာ အရှင်မြတ်၏ အမိန့်တော်ကို ပေးခဲ့သည်။ ဤအရာများသည် အပြင်ပန်းအနေဖြင့်ပင် အာရုံခံစားနိုင်သော အရာများ မဟုတ်ချေ။ ထို့ကြောင့်ဦးကာရှင်အချို့က ဤသည်ကို တင်စားသည့် အဓိပ္ပာယ်အဖြစ် မှတ်ယူကြသည်။ သို့ရာတွင် ကိစ္စရပ်၏ အမှန်မှာ ကျွန်ုပ်တို့၏ အာရုံခံစားနိုင်ခြင်းအရ ကမ္ဘာလောကတွင်းရှိအသိတရားမရှိသော၊ အာ ရုံခံစားနိုင်စွမ်း မရှိသော၊ အသက်မဲ့သည်ဟု ထင်မှတ်ရသော အရာဝတ္ထုများသည် စင်စစ်တွင် အသက်လည်းရှိ၍ အသိတရားလည်း ရှိသည်၊ မှန်သည်။ သူတို့၏ အသိတရားရှိမှုနှင့် အာရုံခံစားနိုင်မှု အဆင့်သည်လူသားနှင့် အခြားအရာများကို ပေးအပ်ထားသည့် အဆင့်နှင့်ကား မတူချေ။ ထို့ကြောင့်ယင်းအရာများကို ဝိညာဉ်မရှိဟု၊ အာရုံခံစားမှုမရှိဟု ကြေညာခြင်းသည် အစွလာမ်ရှရီအသ်၏ အမိန့်ပညတ်ချက်များနှင့် ကျင့်ဝတ်သိက္ခာများကို ၎င်းတို့ အပေါ်မလုပ်မနေရ တာဝန် မရှိချေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်များစွာတွင် ဤအကြောင်း အတည်ပြုထားသည်။ ပမာဆိုသော် وَإِن مِّن شَيۡءٍ إِلَّا يُسَبِّحُ بِحَمۡدِهِۦ "အမှန်စင်စစ် (သက်ရှိသက်မဲ့)အရာဝတ္ထုအလုံးစုံတို့သည် ထိုအရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းနှင့်တကွ စင်ကြယ် သန့်ရှင်းတော်မူကြောင်း ပွားများ သရဏ္ဍာယ်လျက်ပင် ရှိကြကုန်သည်" (၁၇း၄၄)တွင်မိန့်ထားသည်။ ထို့နောက် အလွှာဟ်အရှင်မြတ်အား ချီးမွမ်း ထောမနာပြုခြင်းသည် ဆင်ခြင်တုံ တရားနှင့် အသိတရားပေါ် တည်မှီ

သော နားလည်ခြင်းကို ဆိုလိုသည်မှာ ထင်ရှားသည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ အရာရာတိုင်း တွင် ယင်းတို့၏ အစွမ်းအစအရ ဆင်ခြင်တုံတရားနှင့် အသိတရားများ ရှိကြသည်။

ဤသည်မှ ယင်းတို့မှာ ၎င်းတို့၏ဖန်ဆင်းရှင်ကို အသိအမှတ်ပြုကာ အရှင်မြတ် တာဝန်ပေးစေခိုင်းသည်တို့ကို လုပ်ဆောင်ရပါသည်။ အရာရာတိုင်းက ယင်းကို ကောင်းစွာသိရှိ နားလည်ကာ တာဝန်ပေးသမျှကိုစွဲစွဲမြဲမြဲလုပ် စေပါသည်။ **اَعْطٰى كُلَّ شَىْءٍ خَلْقَهٗ ثُمَّ هَدٰى** "အရှင်မြတ်သည် အသီးသီးသော အရာကို ယင်းအရာနှင့် ထိုက်တန်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် (ဆောင်ရွက်အံ့သော)နည်းလမ်းကို ညွှန်ပြတော်မူသော အရှင်မြတ်သည်ပင် ဖြစ်တော်မူသည်။ (သွာဟာ-၂၀း၅၀)"ဟူသော ကုရ်အာန်အာယသ်က ဤသည်ကိုပင် အတိအကျ ဆိုလိုသည်။ ထို့ကြောင့် ဤအာယသ်ထဲ၌ အကယ်၍သာ ဦးတည်ပြောကြားမှုသည် မိုးကောင်းကင်နှင့် ကမ္ဘာမြေကြီးကို ဦးတည်ခဲ့လျှင် ပြဿနာ မရှိချေ။ ပညာရှင်ရှမီက ပြောသည်မှာ-

خاك وباد وآب وآتش بندہ اند بامن وتو مردہ باحق زندہ اند

"မြေ၊ ရေ၊ လေနှင့် မီးတို့သည် အားလုံး အစေခံများ ဖြစ်ကြသည်။ အသင်နှင့် ကျွန်ုပ်တို့အတွက် သက်မဲ့ဖြစ်သော်လည်း အရှင်မြတ်အတွက် တွင်မူ အသက်ရှိပေသည်"ဟူ၍ဖြစ်သည်။

စတုတ္ထအာယသ်(၄၄)အဆုံးတွင် မိုးကောင်းကင်နှင့် ပထဝီမြေကြီးတို့သည် အမိန့်တော်ကို နာခံခဲ့ကာ ရေ လွှမ်းမိုးခြင်း ကိစ္စပြီးဆုံးသွားကြောင်း မိန့်ထားသည်။ စိုက်ယိဒနာနူဟ် a ၏ သဘော်သည်"ဂျူဒီ" တောင်ပေါ်တွင် တင် နေကာ မတရားသူများသည် အလွှာဟ်အရှင်မြတ်၏ သနားကြင်နာမှုမှ ဝေးကွာစေသည်ဟု ကြေညာထားသည်။ (ယင်းမှာ ကျိန်စာဟု အဓိပ္ပာယ်သက်ရောက်သည်)

ဂျူဒီတောင်သည် ယင်းအမည်အတိုင်း ယနေ့ထက်တိုင်ရှိနေသည်။ ပထဝီအနေအထားအရ ယင်းတောင် သည် အာမေးနီးယား နယ်စပ်တွင် တည်ရှိ၍ အီရတ်နိုင်ငံ မုဆိုးလ်မြောက်ဘက် အိဝနိအုမ္မရ် ကျွန်းအနီးတွင် ရှိသည်။ ယင်းသည် စိုက်ယိဒနာနူဟ် a ၏ နေရပ်မှန်ဖြစ်သည်။ ဤသည်မှာ တောင်တန်း တစ်ခုဖြစ်ကာ ယင်း၏ တစ်စိတ် တစ်ဒေသကို ဂျူဒီဟုခေါ်သည်။ တစ်ခြားတစ်စိတ် တစ်ပိုင်းကို အရာရတ် ဟုခေါ်သည်။ လက်ရှိသောင်ရဟ်ကျမ်း တွင် သဘော်ာ တည်ရှိသည့် နေရာကို အာရာရတ်တောင်ဟု ဖော်ထုတ် ပြသထားသည်။ ဤတင်ပြချက်နှစ်ခုတွင် ဖီလာ ဆန့်ကျင်မှု သိပ်မများသည်မှာ ထင်ရှားသည်။ သို့သော်လည်း လူသိများသည့် ရှေးဟောင်း သမိုင်းဆိုင်ရာ အချက် အလက်များက စိုက်ယိဒနာနူဟ် a ၏ သဘော်သည် ဂျူဒီတောင်ပေါ်တွင် တည်ရှိသည်ဟု ပြောကြသည်။

ဤအချက်အလက် များတွင်လည်း ဤသဘော်ာ၏ အပိုင်းအစများသည် အီရတ်နိုင်ငံ နေရာများစွာတွင် ရှိနေသေးသည်ဟု ဖော်ပြပါသည်။ ဤအပိုင်းအစများကို အထွတ်အမြတ်ထား၍ သိမ်းဆည်းထားကြသည်။

သဖီစိရ်အတ်သဗရီနှင့် အလ်ဗဂါဝီ အဆိုအရ စိုက်ယိဒနာနူဟ် a သဘော်ပေါ်တက်သော နေ့မှာ ရဂျဗ်လ ဆယ်ရက်နေ့ ဖြစ်သည်။ ခြောက်လတိုင်တိုင် ဤသဘော်ာဖြင့် ရေလွှမ်းသော ရေပြင်တွင် ရွက်လွှင့်ခဲ့သည်။ ဗိုင်သွလ္လာဟ် ရှိသည့် နေရာသို့ ရောက်စဉ်တွင် သဘော်ာသည် ယင်းဗိုင်သွလ္လာဟ်ကို ခုနစ်ပတ် ပတ်ပါသည်။ အလ္လာဟ် အရှင်မြတ် သည် အရှင်မြတ်၏ အိမ်တော်ကို ရေမနစ်မြုပ်စေရန် မြွှင့်တင်ထားပါသည်။ ထို့နောက် အာရွှရာနေ့ဟု ခေါ်သည့် မုဟာရမ်လ(၁၀)ရက်နေ့တွင် ရေများကျ၍ ရေလွှမ်းမိုးမှုပြီးဆုံး၍ သဘော်ာမှာ ဂျူဒီတောင်ပေါ် တည်ရှိခဲ့ပါသည်။ စိုက်ယိ

ဒနာနူဟ် a သည် ကျေးဇူးတင်သည့်အနေဖြင့် ရိုဇာဥပုသ်သီလ တစ်ရက်ဆောက်တည်ကာ လူတိုင်းကိုထိုသို့လုပ်ရန် ပြောကြားခဲ့သည်။ တင်ပြချက်အချို့တွင် သဘော်ပေါ်၌ လိုက်ပါခဲ့သော တိရစ္ဆာန်များပင် လျှင် ထိုနေ့၌ ဥပုသ်စောင့်ခဲ့ကြကြောင်း တင်ပြထားသည်။(မဇာဟီရီနှင့်ကုရ်သုဗီ)

မုဟာရမ်လ ဆယ်ရက်နေ့ ဖြစ်သည့် အာရှုရာနေ့၏ အရေးပါမှုကို မြင့်မြတ်သော တမန်တော်အားလုံး၏ ဘာသာရေး ဆိုင်ရာ ကိုဓဥပဒေများတွင် အသိအမှတ်ပြုခဲ့ကြသည်။ အစ္စလာမ်ခေတ်ဦးပိုင်း ရမ္မဇာန်လကို ဥပုသ် သီလ စောင့်ထိမ်းရန် မပြုမနေရ တာဝန်အဖြစ် မသတ်မှတ်မီက အာရှုရာနေ့တွင် ဥပုသ်စောင့်ခြင်းသည် ဖရ်ဇ် ဖြစ်ခဲ့သည်။ ရမ္မဇာန်လတွင် ဥပုသ်သီလ ဆောက်တည်ခြင်းအား မပြုမနေရတာဝန် ဖြစ်ကြောင်း ဝဟီ ကျရောက်ပြီးနောက် ယင်းနေ့တွင် ဥပုသ်သီလ ဆောက်တည်ခြင်း ဖရ်ဇ်မဟုတ်တော့ချေ။ သို့သော်လည်း ထိုနေ့၌ ဥပုသ်သီလ ဆောက်တည်ခြင်းသည် တမန်တော်များ၏ ဓလေ့တော်တစ်ရပ် ဖြစ်ကာ ထာဝရ ဆုလာဘ်ရ စေမည့် အရင်းအမြစ် တစ်ခုဖြစ်ပေသည်။

အာယသ် (၄၅-၄၉)

وَ نَادٰى نُوْحٌ رَّبَّهٗ فَقَالَ رَبِّ اِنَّ ابْنِیْ مِنْ اَهْلِیْ وَ اِنَّ وَعْدَكَ الْحَقُّ وَ اَنْتَ اَحْكَمُ
الْحٰكِمِیْنَ ﴿۴۵﴾ قَالَ یٰنُوْحُ اِنَّهٗ لَیْسَ مِنْ اَهْلِكَ ۚ اِنَّهٗ عَمَلٌ غَیْرُ صَالِحٍ ۫ فَلَا تَسْـَٔلْنِ
مَا لَیْسَ لَكَ بِهٖ عِلْمٌ ؕ اِنِّیْۤ اَعِظُكَ اَنْ تَكُوْنَ مِنَ الْجٰهِلِیْنَ ﴿۴۶﴾ قَالَ رَبِّ اِنِّیْۤ
اَعُوْذُ بِكَ اَنْ اَسْـَٔلَكَ مَا لَیْسَ لِیْ بِهٖ عِلْمٌ ؕ وَ اِلَّا تَغْفِرْ لِیْ وَ تَرْحَمْنِیْۤ اَكُنْ مِّنَ
الْخٰسِرِیْنَ ﴿۴۷﴾ قِیْلَ یٰنُوْحُ اهْبِطْ بِسَلٰمٍ مِّنَّا وَ بَرَكٰتٍ عَلَیْكَ وَ عَلٰۤى اُمَمٍ مِّمَّنْ
مَّعَكَ ؕ وَ اُمَمٌ سَنُمَتِّعُهُمْ ثُمَّ یَمَسُّهُمْ مِّنَّا عَذَابٌ اَلِیْمٌ ﴿۴۸﴾ تِلْكَ مِنْ اَنْۢبَآءِ
الْغَیْبِ نُوْحِیْهَاۤ اِلَیْكَ ۚ مَا كُنْتَ تَعْلَمُهَاۤ اَنْتَ وَ لَا قَوْمُكَ مِنْ قَبْلِ هٰذَا ۛؕ فَاصْبِرْ
ؕ اِنَّ الْعَاقِبَةَ لِلْمُتَّقِیْنَ ﴿۴۹﴾

ထို့ပြင် ထို(နဗီတမန်တော်)နူဟ်သည် မိမိအရှင်မြတ်အား ဟစ်ခေါ်၍ (ဤသို့) လျှောက်ထား ပန်ကြားခဲ့လေသည်။ အို-ကျွန်တော်မျိုး၏ အရှင်မြတ် ဧကန်အမှန် ကျွန်တော်မျိုး၏ သားသည် ကျွန်တော်မျိုး၏ အိမ်သားတို့အနက်မှ ဖြစ်ပါသည်။ ၎င်းပြင် အရှင်မြတ်၏ ပဋိညာဉ်တော်သည်လည်း လုံးဝ မှန်ကန်ပါ၏။ စင်စစ်သော်ကား အရှင် မြတ်သည် စီရင်ဆုံးဖြတ်သူတို့တွင် သမာသမတ် အဖြစ်ဆုံးသော အရှင်မြတ်ပင် ဖြစ် တော်မူပါသတည်း။ (၁၁း၄၅)

ထိုအရှင်မြတ်သည် (ဤသို့)ပြန်ကြား တော်မူခဲ့လေသည်။ အို-နူဟ် ဧကန်စင်စစ် ယင်းသားသည် အသင်၏အိမ်သားတို့ အနက်မှ မဟုတ်ပေ။ ဧကန်မလွဲ၎င်းသည် မကောင်းမှုကို ပြုမူကျင့်ဆောင်သော သူပင် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်သည် မိမိမသိသောအရာကို ငါအရှင်မြတ် အထံတော်တွင် လျှောက်ထားခြင်း မပြုပါလေနှင့်။

မုချစင်စစ် ငါအရှင်မြတ်သည် အသင်အား (အနာဂတ်တွင်) အသင်သည် မသိသူတို့တွင် အပါအဝင်မဖြစ်ရန် ဆုံးမတော်မူသည်။ (၁၁း၄၆)

ထို(နဗီတမန်တော်နူဟ်)သည် (ဤသို့)လျှောက်ထား ပန်ကြားလေတော့၏။ အို-ကျွန်တော်များ၏ အရှင်မြတ်၊ ဇနီးအမှုန် ကျွန်တော်များသည် မိမိမသိသော အရာကို အရှင်မြတ်အထံတော်၌ နောက်နောင် မလျှောက်ထားမိရန် အရှင်မြတ်အားဖြင့် အကာအကွယ်ယူပါ၏။ (တစ်နည်း)အရှင်မြတ် အထံတော်၌ ခိုလှုံပါ၏။) စင်စစ်မူကား အကယ်၍သာ အရှင်မြတ်သည် (ကျွန်တော်များ လွဲချော်၍ပြုမိခဲ့သော အပြစ်မှ) ကျွန်တော်များအား ချမ်းသာ ပေးတော်မမူခဲ့ပါလျှင် ၎င်းပြင် ထိုအရှင်မြတ်သည် (ကျွန်တော်များ၏ ဝန်ချတောင်းပန်ချက်ကို လက်ခံတော်မူခြင်းအားဖြင့်) ကျွန်တော်များအား သနား ကရုဏာ ပြုတော်မမူခဲ့ပါလျှင် ကျွန်တော်များသည် ဆုံးရှုံးသူတို့တွင် အပါအဝင် ဖြစ်သွားရပါတော့မည်။ (၁၁း၄၇)

(ထို့နောက် နဗီတမန်တော်နူဟ်သည် အလွှာဟ်အရှင်မြတ်အထံတော်မှဤသို့) မိန့်ကြား တော်မူခြင်းခံခဲ့ရလေသည်မှာ "အို-နူဟ်၊ အသင်သည်မိမိအပေါ်၌လည်းကောင်း၊အသင်နှင့်အတူ ရှိကြသောလူများအပေါ်၌လည်းကောင်း၊ ငါအရှင်မြတ်အထံတော်မှ ငြိမ်းချမ်းမှုနှင့်ကျက်သရေ မင်္ဂလာများကို ယူဆောင်၍ (ဂျူဒီတောင်ပေါ်မှ)ဆင်းသက်ပါလေ။ ထိုမှတစ်ပါး အကြင်လူများလည်း ရှိကြပေဦးမည်။ ငါအရှင်မြတ်သည် ၎င်းတို့အား (ကာလ အနည်းငယ်မျှအထိ) ပျော်မွေ့စေ တော်မူပေမည်။ ထို့နောက် ၎င်းတို့၌ ငါအရှင်မြတ် အထံတော်မှ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဆိုက် ရောက်မည်ဖြစ်ပေသတည်း။ (၁၁း၄၈)

ဤ(အဖြစ်အပျက်အကြောင်း)တို့ကား အကွယ်၌ရှိသောသတင်းများအနက်မှပင်ဖြစ်၏။ ငါအရှင်မြတ်သည် ထိုသတင်းများကို အသင့်ထံသို့ထုတ်ပြန်တော်မူ၏။ ဤသို့မထုတ်ပြန်မီ ထိုသတင်းများကို အသင်လည်းမသိခဲ့ချေ။ အသင်၏အမျိုးသားများလည်း သိခဲ့ကြသည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် သာသနာပြုရာ၌ လည်းကောင်း၊ မိမိအမျိုးသား များ၏ ဒုက္ခပေးမှုများအပေါ်၌ လည်းကောင်း) သည်းခံပါလေ။ ဇနီးမလွဲနောက်ဆုံးတွင် အကျိုးခံစားမှုသည်ကား (ပြစ်မှုဒုစရိုက်များမှ) ကြဉ်ရှောင်ကြကုန်သော သူတော်စင်တို့ အဖို့သာလျှင် ဖြစ်ချေသတည်း။ (၁၁း၄၉)

အကျယ်ဖွင့်ဆိုခြင်း

ရေလွှမ်းမိုးခြင်း၏ ကျန်သော အဖြစ်အပျက်များမှာ စိုက်ယိဒနာနူဟ် a ၏အမည်နှင့်ဆက်စပ်နေပြီး ယင်းတွင် ညွှန်ကြားချက်များ ပါဝင်၍ အထက်ဖော်ပြခဲ့သည့် အာယသ်(၅)ခုထဲတွင်ပါဝင်သည်။

စိုက်ယိဒနာနူဟ် a ၏သား ကင်နန်အာန်သည် ကြည်ညိုလေးစားဖွယ် ဖခင်၏ အကြံပြုချက်နှင့် ဖိတ်ခေါ်မှု

ရှိလင့်ကစား သဘော်ပေါ်မတက်ဘဲ ရေလှိုင်းကြား နစ်မြုပ်နေသည်ကို မြင်သောအခါ ဖခင်ကြီးသည် သောက ရောက်ခဲ့သည်။ သူ၏ မိသားစုဆိုင်ရာ ချစ်မြတ်နိုးမှုသည် အခြားဖက်ရောက် သွားခဲ့သည်။ သူသည် သူ့အရှင်မြတ်ဖက် လှည့်၍ ၎င်း၏ မိသားစုအား ကာကွယ်စောင့်ရှောက်တော်မူမည် ဟူသောအရှင်မြတ်၏ ကတိတော်နှင့် ယင်းကတိတော် မှန်ကန်မှုပေါ် အခြေခံကာ အရှင်မြတ်ထံ ဒုအာတောင်းခံခဲ့သည်။ သို့သော်လည်း အခြေအနေမှာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ဖြစ်ကာ တမန်တော်၏ မိသားစုဝင်ဖြစ်သော သားမှာရေနစ်မြုပ်လုဆဲဆဲ ဖြစ်သည်။ သူ အသနားခံရန်မှာ တရားသူကြီးများတွင် တရားအမျှတဆုံးသော အရှင်မြတ်၏ရုံးတော်၌သာ အသနားခံရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရာရာတိုင်းမှာ အရှင်မြတ်၏ တန်ခိုးတော်နှင့် ထိန်းချုပ်မှု အောက်တွင်ရှိကာ အရှင်မြတ်သည် သာလျှင် ၎င်း၏ သားကို ရေနစ်မြုပ်ခြင်းမှ ကယ်တင်နိုင်သောကြောင့်ဖြစ်သည်။

ဒုတိယအာယသ်(၄၆)ထဲတွင် အလ္လာဟ်အရှင်မြတ်ထံတော်မှ ပြင်းထန်သော တုန့်ပြန်ချက်တစ်ရပ် ပေါ်ထွက်လာကာ ဤသားသည် သူ၏မိသားစုဝင် မဟုတ်တော့ကြောင်း၊ သူလုပ်သမျှသည် ကောင်းမွန်ခြင်း၊ မှန်ကန်ခြင်း မရှိဟူ၍ စိုက်ယိဒနာနူဟ် a အား မိန့်ခဲ့သည်။ ထို့ကြောင့်ကိစ္စရပ်၏ မှန်ကန်သောအခြေအနေကို မသိရှိဘဲ အလ္လာဟ် အရှင်မြတ်ထံတော်တွင် မေတ္တာရပ်ခံမှု အချို့နှင့်တကွ ချဉ်းကပ်ခြင်းသည် တမန်တော်နူဟ် a အတွက် မလျော်ကန်ချေ။ ထို့နောက် သူမသိနားမလည်သူတစ်ဦး ဖြစ်မသွားစေရန် ကောင်းမြတ်သော အကြံဉာဏ်ပေးခြင်းဖြင့် နှစ်သိမ့်စေသော မှတ်ချက်တစ်ခု ကျရောက်ခဲ့သည်။

အလ္လာဟ်အရှင်မြတ်မိန့်ထားသည်ထဲမှ ထွက်ပေါ်လာသည့် အချက်နှစ်ချက်

(၁) စိုက်ယိဒနာနူဟ် a သည် သူ့သား၏မယုံကြည်သွေဖည်မှုကို ရှင်းလင်းစွာနှင့် ပြည့်စုံစွာ မသိရှိပါ။ သူ့သားသည် အရေခြုံတစ်ဦးဟုထင်၏။ ထို့ကြောင့် ၎င်းသည် သက်ဝင်ယုံကြည်သူတစ်ဦးအဖြစ်သာ မှတ်ယူထားသည်။ ထို့ကြောင့် သူ့ကိုတမန်တော်၏ မိသားစုဝင်တစ်ဦးအဖြစ် ဖော်ထုတ်ကာ ရေလွှမ်းမိုးမှုမှ ကယ်တင်ရန်အတွက် ဒုအာတောင်းပေးခဲ့သည်။ သူ့သားနှင့် ပတ်သက်သော ကိစ္စရပ်များ၏ အခြေအနေ အစစ်အမှန်ကို သူသိခဲ့လျှင် ယင်းသို့ဆုတောင်း ဒုအာပြုခြင်း လုပ်လိမ့်မည်မဟုတ်ချေ။ အကြောင်းမှာ စိုက်ယိဒ နာနူဟ် a အား ရှင်းလင်းသော အသုံးအနှုန်းများဖြင့် ညွှန်ကြားထားခဲ့သည်မှာ ရေလွှမ်းလာသည်နှင့်တစ်ပြိုင်နက် ကန့်သတ် ဘောင်ကျော်ပြီးသော သူများကို ၎င်းမပြောသင့် ဟူသည်ကို အစောပိုင်းအာယသ်(၃၇)ထဲ တွင် إِنَّهُم مُّغْرَقُونَ ٱلَّذِينَ ظَلَمُوٓاْ ဟူ၍ဖော်ပြထားသည်။ ဤရှင်းလင်းပြတ်သားသော အဓိန့်ပညတ်နောက်၌ အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးသည် ယင်းအဓိန့်ကို ဆန့်ကျင်၍ အရဲစွန့်လုပ်သည်မှာ မဖြစ်နိုင်ချေ။ ဤသည်နှင့် ပတ်သက်သည့် တစ်ခုတည်းသော ဖြစ်နိုင်ချေရှိသည့် ရှင်းလင်းချက်ကို ဗဟုနလ်ကုရ်အာန်ကျမ်းရှင်က အကြံပြုထားသည်မှာ တမန်တော်နူဟ် a သား၏ လက်ရှိအခြေအနေအရ ၎င်းကိုရေလွှမ်းမိုးမှုမှ ကင်းလွတ်ရန်မဟုတ်ဘဲ သူ့သားသည် သက်ဝင် ယုံကြည်သူ တစ်ဦးဖြစ်လာစေရန် ဟူသော ရည်မှန်းချက်ဖြင့် သူဒုအာဆုတောင်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စိုက်ယိဒနာနူဟ် a က သူ့သား၏ မယုံကြည်သွေဖည်ပြင်းပယ်မှု အကြောင်းမသိခဲ့သောကြောင့် ၎င်းလွတ်မြောက်မှု အတွက် ဒုအာဆုတောင်းခဲ့ခြင်းသည် ခိုင်လုံသော အကြောင်း ပြချက်ပေါ်တွင်အခြေခံသည်ဟု အလ္လာဟ်အရှင်မြတ်က မမှတ်ယူခဲ့ချေ။ ထို့ကြောင့် သူ့အား အဘယ့်ကြောင့် ထိုသို့ ဒုအာဆုတောင်းခဲ့ကြောင်း အမေးမြန်းခံခဲ့ရသည်။ ဤသည်မှာ တမန်တော်တစ်ပါး၏ အမြင့်မားဆုံးအဆင့်တွင် ချွတ်ချော်မှုတစ်ခုဖြစ်သည်။ ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ ဖန်ဆင်းမှု တစ်ခုလုံးသည် သူ့အား ၎င်းတို့

အတွက် အရှင်သခင်ထံကြားဝင် အသနားခံခိုင်းရာတွင် ဤချွတ်ချော်မှုကိုပင် ရည်ညွှန်းပါလိမ့်မည်။ သူသည်ဖြစ်ပျက်ခဲ့သမျှကို ပြောပြကာခွင့်လွှတ်ရန် ပြောပါလိမ့်မည်။ ထို့ကြောင့် မည်သည့်ကြားဝင် အသနားခံမှုကိုမျှ မလုပ်ရဲကြောင်းပြောကြားပေလိမ့်မည်။

မယုံကြည်သွေဖည်မှုနှင့် မတရားပြုလုပ်မှုအတွက် ဆုဒုအာတောင်းခြင်းခွင့်မပြုချေ။

ဤသည်မှ လုပ်ဆောင်မှုနှင့် ပတ်သက်သော ဘာသာရေးဆိုင်ရာ ဥပဒေသကို ကျွန်ုပ်တို့သိရသည်မှာ တစ်စုံတစ်ဦးသည် ၎င်းဒုအာ ဆုမွန်တောင်းဆိုခြင်း၏ ရည်ရွယ်ချက်မှာ ခွင့်ပြုသည်၊ ဟလာလ်တရားဝင်သည် ဖြစ်ကြောင်း သိရန် ဦးစွာပထမ လိုအပ်သည်။ သံသယဖြစ်ဖွယ် အခြေအနေများ အတွက် ဒုအာ တောင်းဆုပြုခြင်းကို တားမြစ်ပိတ်ပင်ထားသည်။ အလ်ဗိုင်ဒါဝီကို ရည်ညွှန်း၍ သဖိစီရ် ရူဟုလ်မအာနီကျမ်းတွင် ဖော်ပြ ထားသည်မှာ ဤအာယသ်သည် သံသယဖြစ်ဖွယ် အခြေအနေများအတွက် ဒုအာတောင်းဆုပြုခြင်းကို ပိတ်ပင် တားမြစ်ထားသည်ကို ကျွန်ုပ်တို့အားပြောပြသောကြောင့် ခွင့်မပြုတရားမဝင်ဟု သိထားပြီးသော မည်သည့်အရာ အတွက်မဆို ဒုအာ တောင်းဆုပြုခြင်းသည် ပို၍တားမြစ်ပိတ်ပင်သည်ဟု အလိုအလျောက် ကောက်ချက်ချနိုင်သည်။

ဤဥပဒေသသည်လည်း ကျွန်ုပ်တို့သိရှိစေသည်မှာ မျက်မှောက်ခေတ်၌ရှိကဲ့ (နာမ်ပိုင်းဆိုင်ရာဆရာ သခင်များ)သည် မည်သူကိုမဆို ၎င်းအတွက် ဒုအာတောင်းစေသော သူအတွက် လက်နှစ်ဘက်မြောက်ကာ ဒုအာ တောင်းခံပေးခြင်းသည် ယင်းရှိက်ခ်တွင် ဝေဖန်ပိုင်းခြားမှုမဲ့သည် ဆိုခြင်းပင်ဖြစ်သည်။ အချိန်တော်တော် များများတွင် သူတို့အားလာ၍ ဒုအာ တောင်းဆိုခိုင်းသော သူများသည် မမှန်ကန်(သို့) မတရားဟူသည်ကို ရှိက်ခ်များက သိကြသည်။ (သို့မဟုတ်) လူတစ်ဦးသည် ၎င်းအတွက် တရားမဝင်သော ကိစ္စအတွက် ရှိက်ခ်ထံ တောင်းဆုဒုအာပြုပေးရန်ပြောကြားခြင်း ဖြစ်သည်။ ဖြစ်နိုင်သည်မှာ ဤသူသည် တရားမဝင်ရာဖွေမှု ပြုလုပ်နိုင်ရန် အလို့ငှာ သီးသန့်အလုပ်တစ်ခု (သို့မဟုတ်) ရာထူးတစ်ခုကို ရှာဖွေရန် (သို့မဟုတ်) တစ်စုံတစ်ဦး၏ ရပိုင်ခွင့်ကို အလွဲသုံးစားပြုရာတွင် အောင်မြင်မှုရစေရန် ဖြစ်သည်။

ပတ်သက်သော အခြေအနေများ အကြောင်းသိရှိလျှင် ယင်းကဲ့သို့ ဒုအာ ဆုတောင်းခြင်းသည် တရားမဝင်ခွင့်မပြုချေ။ အကယ်၍ အခြေအနေများသည် သံသယဖြစ်ဖွယ်ဖြစ်၍ ယင်းအခြေအနေများ၏ ပကတိအခြေအနေကိုသိရှိစေရန် မလုပ်ဆောင်၊ တရားဝင်မှုတွင်မေးခွန်းထုတ်စရာရှိသည်တို့ကို မမေးမြန်းဘဲ ဒုအာတောင်းဆု ပြုလုပ်ပေးခြင်းသည် မလျော်ကန်ချေ။

မယုံကြည် သွေဖည်သူများနှင့် အီမာန်ယုံကြည်သက်ဝင်သူများ၏ ဆွေမျိုးတော်စပ်မှု

ဤသည်မှ ပေါ်ထွက်လာသော ဘာသာရေး ဆိုင်ရာ ဒုတိယဥပဒေသမှာ ယုံကြည်သူ တစ်ဦးနှင့် မယုံကြည်သွေဖည် ငြင်းပယ်သူ တစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ဆွေမျိုးတော်စပ် နိုင်သော်လည်း ဘာသာရေး ဆိုင်ရာနှင့် စုပေါင်းကိစ္စရပ်များတွင် ဤဆွေမျိုး တော်စပ်မှုက မည်သည်ကိုမျှ အကျိုးသက်ရောက်လိမ့်မည် မဟုတ်ချေ။ လူတစ်ဦးသည် ဆွေကြီးမျိုးကြီး ဖြစ်ပါလိမ့်မည်။ မြင့်မားသော နာမ်ပိုင်းဆိုင်ရာ အဆင့်အတန်း ရှိသူများ၏ မျိုးဆက် ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ အမြင့်မြတ်ဆုံး တမန်တော်မြတ် S ၏ ဆွေစဉ်မျိုးဆက်ထဲမှ ဂုဏ်ထူးပင်ရှိလျှင် ရှိနိုင်ပေသည်။ သို့သော်

လည်း အကယ်၍ သူတစ်ဦးသည် ယုံကြည်သူ တစ်ဦးမဟုတ်လျှင် ဤမြင့်မားသော ဆွေစဉ်မျိုးဆက်၊ ဤတမန်တော် ဖြစ်ခြင်းနှင့် ဆက်နွယ်မှုသည် ဘာသာရေး ဆိုင်ရာ ကိစ္စများ အတွက် ထည့်သွင်းစဉ်းစားမည် မဟုတ်ချေ။ ဘာသာတရားတွင် လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စတိုင်းအတွက် အီမာန် သက်ဝင်ယုံကြည်မှု၊ ကောင်းမြတ်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေမှုပေါ် တည်မှီသည်။ တစ်စုံတစ်ဦးသည် လုပ်ရပ်များ ကောင်းမွန်၍ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေလျှင် ထိုသူသည် ကျွန်ုပ်တို့ထဲမှလူပင် ဖြစ်သည်။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့နှင့်မတူ ကွဲပြားခြားနားပေသည်။

ဘာသာရေး ကိစ္စများ အတွက် ဆွေမျိုးတော်စပ်မှုပေါ် အခြေခံ၍ လျော့ပေါ့မှုများ ပေးခဲ့လျှင် ဗဒရ် နှင့် အုဟုဒ် စစ်မြေပြင် များတွင် ညီအစ်ကိုများ ဓါးခြင်းယှဉ်ခုတ်ကြလိမ့်မည် မဟုတ်ချေ။ မွတ်စလင်မ်များ၏ အများသိသော အသိ တစ်ခုမှာကား ဗဒရ်၊ အုဟုဒ်နှင့် အလ်အဟ်ဇာဗ် စစ်ပွဲများတွင် တူညီသောမိသားစု မှဆင်းသက်လာသူ အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်။ ဤသည်က ရှင်းလင်းစွာ ထုတ်ဖော်ပြသသည်မှာ အစွလာမ်အနွယ်ဝင် ဖြစ်ခြင်း (သို့မဟုတ်) ညီနောင်ဖြစ်မှုသည် မျိုးရိုးဆိုင်ရာ(သို့မဟုတ်) ပထဝီဆိုင်ရာ (သို့မဟုတ်) ဘာသာစကားဆိုင်ရာ နှီးနွယ် ပေါင်းစည်းမှုတွင် မတည်မှီချ။ အီမာန်ယုံကြည်မှုနှင့် အာမလ်လုပ်ရပ်ပေါ် တည်မှီသည်။ မည်သည့်နိုင်ငံမှာ နေထိုင်သူများ၊ မည်သည့် မိသားစုဝင်များနှင့် မည်သည့် ဘာသာစကား ပြောသူဖြစ်စေ သက်ဝင်ယုံကြည်သူ အားလုံးသည် တစ်မျိုးတစ်နွယ်ထဲ ဖြစ်၍ ညီအစ်ကို မောင်နှမ တစ်အုပ်စု ထဲဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်- اِنَّمَا الْمُؤْمِنُوْنَ اِخْوَةٌ "မုအ်မင်န် သက်ဝင်ယုံကြည်သူတို့မှာ (အချင်းချင်း) ညီအစ်ကိုများသာ ဖြစ်ကုန်၏၊ (၄၉း၁၀)" ဟူသော အာယသ်က ဤသည်ကို ဆိုလိုသည်။ သို့ဆိုလျှင် အီမာန်နှင့် ကောင်းမှုလုပ်ရပ် ကင်းမဲ့သော သူသည် အစွလာမ် ညီနောင်များမဟုတ်ချေ။ ဤသည်ကို ကုရ်အာန် ကျမ်းတော်မြတ်တွင် စိုက်ယိဒနာအိဗ်ရာဟင်မ် a ပြောဆိုသောစကားများ اِنَّا بُرَءٰٓؤُا مِنْكُمْ وَ مِمَّا تَعْبُدُوْنَ مِنْ دُوْنِ اللّٰهِ "ဧကန်စင်စစ်ကျွန်ုပ် တို့သည် အသင်တို့နှင့် လည်းကောင်း၊ အလ္လာဟ် အရှင်မြတ် အပြင် အသင်တို့ ဆည်းကပ် ကိုးကွယ်ကြသော အရာများနှင့် လည်းကောင်း မပတ်သက်သူများ ဖြစ်ကြ၏။ (အလ်မုမ်သဟိနာ ၆၀း၄)" ကဝိမို ရှင်းလင်းစေသည်။

ဤနှမ််ချသော ရှိကျိုးသော စာရေးဆရာက အထက်ပါဥပဒေကို "ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ" အတွက်သာ ကန့်သတ်ထားသည်။ အကြောင်းမှာ လောကီဆိုင်ရာ ကိစ္စများတွင် လူမှုဆိုင်ရာ အပြုအမူ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ယဉ်ကျေးခြင်း၊ ကျေးဇူးပြုခြင်းနှင့် ရက်ရောခြင်းတို့ကို ပြသခြင်းမှာကား မတူကွဲပြားပေသည်။ ဤကောင်းခြင်း လက္ခဏာများ မရှိသူများနှင့် လည်း ဆက်ဆံရန် ခွင့်ပြုသည်။ စင်စစ် မှာ ယင်းသို့သော လုပ်ရပ်မှာ စဝါးဗ် (ဆုလာဘ်)နှင့် ထိုက်တန်သော လုပ်ရပ်တစ်ခုဟု ထောက်ခံထားသည်။ တမန်တော်မြတ် a နှင့် ကိုယ်တော်၏ ဆွေဟာဗတ် သာဝကကြီးများသည် မွတ်စလင်မ် မဟုတ်သူများကို ချစ်ခင်မြတ်နိုးခြင်း၊ ကျေးဇူးပြုခြင်းနှင့် ယဉ်ကျေးစွာ ဆက်ဆံခဲ့ သည်။ မရေတွက်နိုင်သော ဆက်ဆံမှုများသည် ဤသည်ကို သက်သေပြရန် လုံလောက်သည်။

ကျွန်ုပ်တို့ ခေတ်တွင် လူမျိုးဟူသော အဆောက်အအုံသည် ဇာတိမြေ၊ ဘာသာစကား (သို့မဟုတ်) အသားအရောင်တို့ အပေါ် အခြေပြု အုတ်မြစ်ခံ၍ တည်ဆောက် ထားသောကြောင့် မွတ်စလင်မ် များကို လူမျိုးတစ်ခု မဟုတ် တစ်ခုထဲတွင် မှားယွင်းသော အလံအောက်၌ ခွဲခြားထားသည်။ ဤသည်မှာ ကုရ်အာန်နှင့် စွန့်သံတော်တို့ နှင့် ဆန့်ကျင်ကာ တမန်တော်မြတ် s ပြဋ္ဌာန်းထားခဲ့သည့် နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုမူများကို ဆန့်ကျင် ပုန်ကန်ရာ ရောက်သည်။

တတိယ အာယသ်(၄၇)ထဲ၌ စိုက်ယိဒနာနူဟ် a ၏ တောင်းပန်မှုကို ဖော်ပြထားသည်။ အတိုချုပ်မှာ ယင်းသည် အလ္လာဟ်အရှင်မြတ်၏ မိန့်ကြားချက်ကို ပြန်လည်အဖြေပေးရာတွင် အရှင်မြတ်ကိုနာခံ ရိုကျိုး၍ အလေးအနက် မေတ္တာရပ်ခံခြင်း၊ အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုရရန် အတွက် ဒုအာဆုမွန် တောင်းခြင်း အတိတ်မှ ချန်လှပ်ထားသည်ကို ခွင့်လွှတ်မှုတောင်းခံခြင်းနှင့် အရှင်မြတ်၏ သနားကြင်နာမှုအတွက် တောင်းခံမှု တစ်ရပ်တို့ဖြစ်ပေသည်။

ဤသည်မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ တစ်စုံတစ်ဦးသည် အမှားတစ်ခု ကျူးလွန်ခဲ့လျှင်-အနာဂတ်တွင် ထိုမှားယွင်းမှုမှ ဝေးစွာရှောင်နေမည် ဟူသော ကိုယ်ပိုင် သန္နိဋ္ဌာန်ပေါ်တွင် အားကိုးအားထား မပြု သင့်ချေ။ သူသည် အလ္လာဟ်အရှင်မြတ်၏ ကာကွယ်စောင့်ရှောက်မှုကို ရှာဖွေ၍ အရှင်မြတ် တစ်ပါးတည်း သာလျှင် သူ့အား မှားယွင်းမှုနှင့် အပြစ်ဂိုနာဟ်များမှ ကင်းဝေးစေရန် ပြုလုပ်နိုင်သောကြောင့် အရှင်မြတ်ထံ ဒုအာဆုပန်ရပေသည်။

စတုတ္ထအာယသ်(၄၈)ထဲတွင် ရေလွှမ်းမိုးမှုအဆုံးသတ်ကို ဖော်ပြထားသည်။ ရေလွှမ်းမိုးမှု ပြီးဆုံးချိန်တွင် စိုက်ယိဒနာနူဟ် a ၏ သဘော်သည် ဂျူဒီတောင်ပေါ်တွင် ရှိနေခဲ့သည်။ ရေများကို ကမ္ဘာ ပထဝီမြေက ပြန်လည် စုတ်ယူ၍ မိုးကောင်းကင်မှ ကျဆင်းသည့် ရေများသည် မြစ်များ၊ စမ်းချောင်းများ အနေဖြင့် စီးဆင်းသွားသဖြင့် မြေကြီးမှာ နေထိုင်၍ ရသွားပါတော့သည်။ ထို့နောက် စိုက်ယိဒနာနူဟ် a အား သဘော်ပေါ်မှဆင်း၍ တောင်အောက်သို့ သွားစေသည်။ အဘယ်ကြောင့်ဆိုသော် မည်သည်ကိုမှ စိတ်ပူရန် မရှိသောကြောင့် ဖြစ်သည်။ မည်သည့်ကပ်ဘေး ဒုက္ခနှင့် ခက်ခဲမှုများမှ မရှိဘဲ လုံခြုံစွာရှိနေရန် သူ့ကို အလ္လာဟ်အရှင်မြတ်က ထိန်းသိမ်း စောင့်ရှောက်စေကာ အလ္လာဟ်အရှင်မြတ်၏ကောင်းချီး မင်္ဂလာများ သူနှင့်တကွ ရှိနေပါလိမ့်မည်။ ထို့နောက်သူသည် ငြိမ်းချမ်း သာယာမှုဥစ္စာဓနနှင့် သားသမီးတို့တွင် တိုးတက်ကြီးပွား ပေလိမ့်မည်။

ဤအဆိုအမိန့်အရ ရေလွှမ်းမိုးမှုနောက် ဖြစ်ပေါ်သော ကမ္ဘာ့လူသားထုမှာ စိုက်ယိဒနာနူဟ် a ၏ ဆွေစဉ်မျိုးဆက်များ ဖြစ်ကြသည်။ ကုရ်အာန်ကျမ်းမြတ်၏ အခြားတစ်နေရာတွင် وَ جَعَلْنَا ذُرِّيَّتَهُ هُمُ الْبٰقِيْنَ "ထိုမှတစ်ပါး ငါအရှင်မြတ်သည် ထိုနူဟ်၏ အဆက်အနွယ်ကိုသာလျှင် (မသေမကြေ မပျောက်မပျက်) ကျန်ရစ်စေခဲ့ တော်မူခဲ့၏။ (၃၇း၇၇)"ဟူ၍ မိန့်ထားသည်။ ထို့ကြောင့် သမိုင်းပညာရှင်များက စိုက်ယိဒနာနူဟ် a ကို ဒုတိယအာဒမ် a အဖြစ် ရည်ညွှန်းကြသည်။

ထို့နောက် စိုက်ယိဒနာနူဟ် a ကို ကတိပြုထားသည့် ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာများသည် သူ့အတွက်သာ ကန့်သတ်ထားသည် မဟုတ်ကြောင်း وَ عَلٰٓى اُمَمٍ مِّمَّنْ مَّعَكَ "ငင်းအသင်နှင့်အတူ ရှိကြသော လူများအပေါ်၌ လည်းကောင်း"ဟုမိန့်ထားသည်။ စိုက်ယိဒနာနူဟ် a နှင့်အတူ သဘော်ပေါ်တွင်လိုက်ပါကြသူများကို (اُمم၁) (အွမွမ်)ဟူသောစကားလုံးဖြင့် ဖော်ထုတ်ထားသည်။ ယင်း စကားလုံးသည် (اُمة) အွမွသ်၏ အများကိန်းဖြစ်သည်။ သဘော်ပေါ် တက်ရောက်သူများသည် စိုက်ယိဒနာနူဟ် a ၏ မိသားစုများနှင့် ယုံကြည်သူ အနည်းငယ်မျှသာ ဖြစ်သည်ဟု ကျွန်ုပ်တို့ သိရှိထားခဲ့သော်လည်း ထိုသူတို့တွင် အမျိုးမျိုးသော လူမျိုးနွယ်နှင့် အုပ်စုအမျိုးမျိုး ပါဝင်သည်ဟူသော အဓိပ္ပာယ်ပေါ်ထွက်လာသည်။ ထို့ကြောင့် ထိုသူတို့အား အမျိုးမျိုးသောအုပ်စုနှင့် အမျိုးမျိုးသော မျိုးနွယ်စုများဟု ဖော်ထုတ်ထားခြင်းက ၎င်းတို့၏အနာဂတ်မျိုးဆက်များမှ အမျိုးမျိုးသော အုပ်စုများနှင့် မျိုးနွယ်စုများ ပေါ်ထွက်လာမည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ကိယာမသ်နေ့ထိ မွေးဖွားလာမည့် လူသား

မျိုးနွယ်တစ်ခုလုံးသည် مِّمَّنْ مَّعَكَ "အသင်နှင့်အတူ ရှိကြသော လူများအပေါ်၌ လည်းကောင်း"၏ ဆိုလိုရင်းတွင် အကျုံးဝင်သွားသည်။

ဤအကြောင်းကြောင့် ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာများအကြောင်း အကျယ်ချဲ့ရန် လိုအပ်လာသည်။ အဘယ်ကြောင့်ဆိုသော် ပေါ်ပေါက်လာမည့် မျိုးဆက်များတွင် ယုံကြည်သူများနှင့် မယုံကြည်သူများနှစ်မျိုးစလုံး ပါဝင်ကြလိမ့်မည်။ ယုံကြည်သက်ဝင်သူများအတွက် ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာ အဖြစ် ယေဘုယျဆိုလိုရင်းမှာ မှန်ကန်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ဤကမ္ဘာလောက နှင့် နောင်တမလွန် ဘဝတွင်ပါ ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာ ရရှိကြပါလိမ့်မည်။ သို့ရာတွင် ဤမျိုးဆက်မှ မယုံကြည် သွေဖည် ငြင်းပယ်သူများမှာမူ ငရဲဇာတ်ဝင်ခြင်းဒဏ်ခတ်မှုကိုခံကြရပါလိမ့်မည်။ ထိုသူများကို ငြိမ်းချမ်း သာယာမှုနှင့် ကောင်းချီး မင်္ဂလာများ လက်ခံကြရမည့်သူများ ဖြစ်လိမ့်မည်ဆိုခြင်းကား မည်သို့ မှန်ကန်သည်ဟု ဆိုရမည်နည်း။ ထို့ကြောင့် အာယသ်အဆုံးတွင် وَ اُمَمٌ سَنُمَتِّعُهُمْ ثُمَّ يَمَسُّهُمْ مِّنَّا عَذَابٌ اَلِيْمٌ "ငါအရှင်မြတ်သည် ၎င်းတို့အား(ကာလအနည်းငယ်မျှအထိ) ပျော်မွေ့စေတော်မူပေမည်။ ထို့နောက် ၎င်းတို့၌ ငါအရှင်မြတ်ထံတော်မှ ပြင်းပြနာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်သည် ဆိုက်ရောက်မည် ဖြစ်ပေသတည်း။"ဟူ၍ မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ ဤကမ္ဘာ လောကတွင် ၎င်းတို့ခံစားရသော ငြိမ်းချမ်းသာယာမှုနှင့် ကောင်းချီးမင်္ဂလာသည် ရန်သူနှင့် မိတ်ဆွအပါအဝင် အားလုံးအတွက် ပွဲတော်တစ်ခု လုပ်ပေးခြင်းဖြစ်သည်။ ဤပွဲတော်တွင် ပါဝင်သူများသည် စိုက်ယိဒနာနူဟ် a ၏ မျိုးဆက်မှ မယုံကြည် သွေဖည် ငြင်းပယ်သူများလည်း ပါဝင်ကြလိမ့်မည်။ သို့သော်လည်း အာခိရသ်တွင် ကယ်တင်ခံရမှုနှင့် ကြီးပွားချမ်းသာမှုသည် ယုံကြည်သူများ အတွက်သာ ထားရှိမည် ဖြစ်သည်။ မယုံကြည် သွေဖည်ငြင်းပယ်သူများအား ၎င်းတို့၏ ကောင်းမှုကောင်းရာလုပ်ရပ်များ အတွက် ဤကမ္ဘာ လောကကြီးတွင်သာ အစားပေးပါလိမ့်မည်။ နောင်တမလွန်ဘဝတွင်မူ ၎င်းတို့ဘာမျှ လက်ခံရလိမ့်မည် မဟုတ်ချေ။ ပြစ်ဒဏ် ခတ်မှုက စောင့်ကြိုနေသည်ကိုသာ တွေ့ရပေလိမ့်မည်။

တမန်တော်မြတ် s သည် ဝဟီမှတစ်ဆင့် စိုက်ယိဒနာနူဟ် a နှင့် ရေလွှမ်းမိုးခြင်းအကြောင်း သိရှိရသော အခါတွင် ၎င်း၏လူများကို ပြန်လည် ပြောကြားခဲ့သည်။ ဤအဖြစ်အပျက်က တမန်တော်မြတ် s ကိုယ်တိုင်သည် ပင်လျှင် တမန်တော်အစစ်အမှန် တစ်ပါးဖြစ်သည်ဆိုကြောင်း မှန်ကန်ခြင်း၏ သက်သေ ဖြစ်သွားသည်။ တမန်တော်မြတ် s အား ဤအခြေအနေနှင့် ပတ်သက်၍ သတိပေးရန် ပဋ္ဌမအာယသ် (၄၉)တွင် "၎င်း၏အချိန်အခါက ဖြစ်ပျက်ခဲ့သော စိုက်ယိဒနာနူဟ် a နှင့် ရေလွှမ်းမိုးမှု အကြောင်းတွင် အကွယ်မှ နယ်ပယ်ရှိ သတင်းအချက်အလက် အချို့ပါရှိသည်ဟု မိန့်ထားသည်။ ၎င်းသည် ဤအကြောင်း ကြိုတင်မသိသက်ဲသို့ ၎င်း၏လူများ အာရုဗ်များသည်လည်း မသိရှိခဲ့ချေ။ ဤကိစ္စကို လူသူများအား ကိုယ်တော်မြတ် s က ပြောကြားခဲ့သည်။ ဤအကြောင်း ရှင်းလင်းချက်ကား မည်သို့နည်း။ ဘယ်လိုဖြစ်နိုင်သနည်း။ ဝဟီမှတစ်ဆင့် အလ္လာဟ်ကိုယ်တော်တိုင် တမန်တော်မြတ် s အား ပြောကြားခဲ့သည်မှအပ မည်သည့် ရှင်းလင်းချက်မျှမရှိချေ။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ ကိုယ်တော့်လူများသည် စာပေ တတ်မြောက်ကာ ကမ္ဘာ့သမိုင်းကို နှံ့စပ်သည်ဆိုလျှင် ဤအဖြစ်အပျက်များကို ထိုသူများထံမှသိရှိခဲ့ရသည် ဟူ၍ မှန်းဆပြောဆိုနိုင်သည်။ သို့သော်လည်း ကိုယ်တော့်လူအားလုံးသည် ဤအဖြစ်အပျက်များကို သတိမမူဘဲ ၎င်းတို့တမန်တော်သည်လည်း ပညာသင်ကြားရန် အခြားတိုင်း နိုင်ငံသို့ မည်သည့်အခါမျှ မသွားရောက်ခဲ့ သောကြောင့် ဤသတင်းရရှိမှု ဝင်ပေါက်ကို အပြီးအပြတ် ဆုံးဖြတ်ပြီးဖြစ်သည်။ ယင်းသည် အလ္လာဟ်အရှင်မြတ် ထံတော်မှ ချပေးသော ဝဟီဖြစ်သည်။ ယင်းက တမန်တော်မြတ် s သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော် ဖြစ်မှု၏ ထင်ရှား သော သက်သေသာဓကတစ်ခု

ဖြစ်သည်။

တမန်တော်မြတ် S ကို နှစ်သိမ့်ရန်အလို့ငှာ အာယသ်တော်အဆုံး၌ ကိုယ်တော်မြတ်သည် အလ္လာဟ် အရှင်မြတ်၏တမန်တော်တစ်ပါး နဗီတစ်ပါးဖြစ်သည်ဆိုသော အချက်နှင့် ပတ်သက်၍ ပွင့်လင်းထင်ရှားသော သက်သေသာဓက မြောက်မြားစွာရှိသည် ဟူ၍ မိန့်ထားသည်။ နေကို မြင်ပါလျက် မမြင်ဟု အခိုင်အမာပြောဆိုသည် သာမက တမန်တော်မြတ် S ကို ရင်ဆိုင်စိန်ခေါ်သော ကံမကောင်းအကြောင်းမလှသူတစ်ဦး ရှိခဲ့လျှင်ပင် တမန်တော်မြတ် S သည် ၎င်းအလျင်က စံပြပုဂ္ဂိုလ်ဖြစ်ခဲ့သည့် စိုက်ယိဒနာန္နဟ် a ကို ကြည့်ရှုလေ့လာသင့်ပေသည်။ တမန်တော် နူဟ် a သည် သူလူများကြောင့် ရသောနာကျင်မှုကို နှစ်ပေါင်းတစ်ထောင်ရှိ ရှည်လျားသည့် သူဘဝ တစ်လျှောက်လုံး ခံစားခဲ့ရသည်။ သူသည် သည်းခံခဲ့သည်။

စိုက်ယိဒနာန္နဟ် a သည်းခံ၍နေခဲ့သကဲ့သို့ တမန်တော်မြတ် S သည်လည်း သည်းခံ၍ နေပါလေ။ အဘယ့်ကြောင့်ဆိုသော် သည်းခံ၍ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသော သူများ၏ လက်ဝယ်သို့ အဆုံးစွန်၌ အောင်မြင်မှုသည် ရောက်လိမ့်မည် ဟူ၍ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

အာယသ် (၅၀-၆၈)

وَ اِلٰى عَادٍ اَخَاهُمْ هُوْدًا ؕ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ اِنْ
اَنْتُمْ اِلَّا مُفْتَرُوْنَ ﴿۵۰﴾ يٰقَوْمِ لَاۤ اَسْـَٔلُكُمْ عَلَيْهِ اَجْرًا ؕ اِنْ اَجْرِيَ اِلَّا عَلَى الَّذِيْ
فَطَرَنِيْ ؕ اَفَلَا تَعْقِلُوْنَ ﴿۵۱﴾ وَ يٰقَوْمِ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ تُوْبُوْۤا اِلَيْهِ يُرْسِلِ
السَّمَآءَ عَلَيْكُمْ مِّدْرَارًا وَّ يَزِدْكُمْ قُوَّةً اِلٰى قُوَّتِكُمْ وَ لَا تَتَوَلَّوْا مُجْرِمِيْنَ
﴿۵۲﴾ قَالُوْا يٰهُوْدُ مَا جِئْتَنَا بِبَيِّنَةٍ وَّ مَا نَحْنُ بِتَارِكِيْۤ اٰلِهَتِنَا عَنْ قَوْلِكَ وَ مَا
نَحْنُ لَكَ بِمُؤْمِنِيْنَ ﴿۵۳﴾ اِنْ نَّقُوْلُ اِلَّا اعْتَرٰىكَ بَعْضُ اٰلِهَتِنَا بِسُوْٓءٍ ؕ قَالَ اِنِّيْۤ
اُشْهِدُ اللّٰهَ وَ اشْهَدُوْۤا اَنِّيْ بَرِيْٓءٌ مِّمَّا تُشْرِكُوْنَ ﴿۵۴﴾ مِنْ دُوْنِهٖ فَكِيْدُوْنِيْ جَمِيْعًا
ثُمَّ لَا تُنْظِرُوْنِ ﴿۵۵﴾ اِنِّيْ تَوَكَّلْتُ عَلَى اللّٰهِ رَبِّيْ وَ رَبِّكُمْ ؕ مَا مِنْ دَآبَّةٍ اِلَّا هُوَ اٰخِذٌ
بِنَاصِيَتِهَا ؕ اِنَّ رَبِّيْ عَلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۵۶﴾ فَاِنْ تَوَلَّوْا فَقَدْ اَبْلَغْتُكُمْ مَّاۤ
اُرْسِلْتُ بِهٖۤ اِلَيْكُمْ ؕ وَ يَسْتَخْلِفُ رَبِّيْ قَوْمًا غَيْرَكُمْ ۚ وَ لَا تَضُرُّوْنَهٗ شَيْـًٔا ؕ اِنَّ
رَبِّيْ عَلٰى كُلِّ شَيْءٍ حَفِيْظٌ ﴿۵۷﴾ وَ لَمَّا جَآءَ اَمْرُنَا نَجَّيْنَا هُوْدًا وَّ الَّذِيْنَ اٰمَنُوْا مَعَهٗ
بِرَحْمَةٍ مِّنَّا ۚ وَ نَجَّيْنٰهُمْ مِّنْ عَذَابٍ غَلِيْظٍ ﴿۵۸﴾ وَ تِلْكَ عَادٌ ۘ جَحَدُوْا بِاٰيٰتِ رَبِّهِمْ وَ
عَصَوْا رُسُلَهٗ وَ اتَّبَعُوْۤا اَمْرَ كُلِّ جَبَّارٍ عَنِيْدٍ ﴿۵۹﴾ وَ اُتْبِعُوْا فِيْ هٰذِهِ الدُّنْيَا لَعْنَةً
وَّ يَوْمَ الْقِيٰمَةِ ؕ اَلَاۤ اِنَّ عَادًا كَفَرُوْا رَبَّهُمْ ؕ اَلَا بُعْدًا لِّعَادٍ قَوْمِ هُوْدٍ ﴿۶۰﴾ ع وَ اِلٰى

ثَمُوْدَ اَخَاهُمْ صٰلِحًا ۘ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ هُوَ اَنْشَاَكُمْ
مِّنَ الْاَرْضِ وَ اسْتَعْمَرَكُمْ فِيْهَا فَاسْتَغْفِرُوْهُ ثُمَّ تُوْبُوْۤا اِلَيْهِ ؕ اِنَّ رَبِّيْ قَرِيْبٌ
مُّجِيْبٌ ﴿۶۱﴾ قَالُوْا يٰصٰلِحُ قَدْ كُنْتَ فِيْنَا مَرْجُوًّا قَبْلَ هٰذَاۤ اَتَنْهٰىنَاۤ اَنْ نَّعْبُدَ مَا
يَعْبُدُ اٰبَآؤُنَا وَ اِنَّنَا لَفِيْ شَكٍّ مِّمَّا تَدْعُوْنَاۤ اِلَيْهِ مُرِيْبٍ ﴿۶۲﴾ قَالَ يٰقَوْمِ اَرَءَيْتُمْ
اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَ اٰتٰىنِيْ مِنْهُ رَحْمَةً فَمَنْ يَّنْصُرُنِيْ مِنَ اللّٰهِ اِنْ عَصَيْتُهٗ ۫
فَمَا تَزِيْدُوْنَنِيْ غَيْرَ تَخْسِيْرٍ ﴿۶۳﴾ وَ يٰقَوْمِ هٰذِهٖ نَاقَةُ اللّٰهِ لَكُمْ اٰيَةً فَذَرُوْهَا تَاْكُلْ
فِيْۤ اَرْضِ اللّٰهِ وَ لَا تَمَسُّوْهَا بِسُوْٓءٍ فَيَاْخُذَكُمْ عَذَابٌ قَرِيْبٌ ﴿۶۴﴾ فَعَقَرُوْهَا فَقَالَ
تَمَتَّعُوْا فِيْ دَارِكُمْ ثَلٰثَةَ اَيَّامٍ ؕ ذٰلِكَ وَعْدٌ غَيْرُ مَكْذُوْبٍ ﴿۶۵﴾ فَلَمَّا جَآءَ اَمْرُنَا نَجَّيْنَا
صٰلِحًا وَّ الَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَ مِنْ خِزْيِ يَوْمِئِذٍ ؕ اِنَّ رَبَّكَ هُوَ الْقَوِيُّ
الْعَزِيْزُ ﴿۶۶﴾ وَ اَخَذَ الَّذِيْنَ ظَلَمُوا الصَّيْحَةُ فَاَصْبَحُوْا فِيْ دِيَارِهِمْ جٰثِمِيْنَ ﴿۶۷﴾
كَاَنْ لَّمْ يَغْنَوْا فِيْهَا ؕ اَلَاۤ اِنَّ ثَمُوْدَا كَفَرُوْا رَبَّهُمْ ؕ اَلَا بُعْدًا لِّثَمُوْدَ ﴿۶۸﴾

ထို့ပြင်(ငါ့အရှင်မြတ်သည်)အာဒ်အမျိုးသားတို့ထံ ၎င်းတို့၏အစ်ကို(နဗီတမန်တော်) "ဟူဒ်"အား (စေလွှတ်တော် မူခဲ့လေသည်။) ထိုနဗီတမန်တော်"ဟူဒ်"သည် (မိမိ အမျိုး သားတို့အား ဤသို့) ပြောဆိုဆုံးမခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလွှာဟ်အရှင်မြတ်အားသာလျှင် ဓဝတ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့ အဖို့ ထိုအရှင်မြတ်မှတစ်ပါး ဆည်းကပ်ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိချေ။ (စင်စစ် သော်ကား) အသင်တို့သည် လီဆယ်ဖန်တီးသူများသာလျှင် ဖြစ်ကြကုန်သတည်း။
(၁၁း၅၀)

အို-ငါ၏အမျိုးသားတို့ ငါသည်အသင်တို့ထံ ဤ(တရားဓမ္မ ဟောကြားခြင်း)နှင့် စပ်လျဉ်း၍ မည်သည့် အကျိုးဆုလာဘ်ကိုမျှ တောင်းဆိုသည်မဟုတ်ပေ။ ငါ၏အကျိုး ဆုလာဘ်မှာ မူကား ငါ့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ပေါ်၌သာတာဝန်ရှိပေသည်။ သို့ပါလျက် အသင်တို့သည် (ဤမျှ ထင်ရှားလှသောအကြောင်းကိုပင်) နားမလည်ကြ ပါသလော။
(၁၁း၅၁)

၎င်းပြင်၊ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူ သော အရှင်မြတ်အထံတော်၌ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့သည် (ထိုအရှင်မြတ်အထံတော်၌ ဝန်ချတောင်းပန်ကြလေကုန်။) (တစ်နည်း) ထိုအရှင်မြတ်ဘက်သို့ အာရုံပြုနေကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အပေါ်၌ မိုးကိုဖြိုင်ဖြိုင်ရွာသွန်းစေတော်မူအံ့၊ အသင်တို့၏အားအင်၌ (အသစ်ထပ်ဖြည့်တော်မူ၍)

အသင်တို့ကို အားအင်တိုးတက်စေတော်မူအံ့။ ၎င်းပြင် အသင်တို့သည် ပြစ်မှုကျူးလွန်သူများ အဖြစ် မျက်နှာလွှဲ၍မသွားကြကုန်လင့်။ (၁၁း၅၂)

၎င်း(အမျိုးသား)တို့က (နဗီတမန်တော်ဟူဒ်အား ဤသို့)ပြောဆိုခဲ့ကြလေသည်။ အို-ဟူဒ် အသင်သည် (မိမိပြောဆိုချက်နှင့်စပ်လျဉ်း၍) ကျွန်ုပ်တို့ထံထင်ရှားသော သက်သေ သာဓကတစ်စုံ တစ်ရာကိုမျှ ယူဆောင်ခဲ့သည်မရှိချေ။ ထို့ပြင် ကျွန်ုပ်တို့သည် အသင်၏ပြောဆိုချက်ကြောင့် မိမိတို့၏ကိုးကွယ်ရာများကို စွန့်လွှတ်ကြမည့်သူများလည်း မဟုတ်ကြချေ။ ထိုမှတစ်ပါး ကျွန်ုပ်တို့သည် အသင်၏အပေါ်၌ ယုံကြည်ကြမည့် သူများလည်း မဟုတ်ကြပေ။ (၁၁း၅၃)

ကျွန်ုပ်တို့သည်၊ ကျွန်ုပ်တို့၏ကိုးကွယ်ရာ ဘုရားများအနက် ဘုရားတစ်ဆူဆူက အသင့်အား အမှောင့်ပယောပဖြင့် ဖမ်းစားခဲ့သည်ဟူ၍သာ ပြောဆိုလိုကြပေသည်။ (ထိုအခါ) ထို(နဗီတမန်တော် ဟူဒ်)က(ဤသို့) ပြန်ကြားခဲ့သည်မှာ၊ ဟယ်အချင်းတို့ အသင်တို့သည် အလွှာဟ်အရှင်မြတ်အပြင် တွဲဖက်ကိုးကွယ်လျက်ရှိကြသောအရာများနှင့် ငါသည်လုံးဝလွတ်ကင်းသူတစ်ဦးဖြစ်ကြောင်း အလွှာဟ်အရှင်မြတ်အား သက်သေထား(၍အတိအလင်းကြေညာ)သည်။ အသင်တို့သည်လည်း သက်သေခံကြ ကုန်လော့။ သို့ဖြစ်ပေရာ အသင်တို့အားလုံးသည် ငါနှင့်ဆန့်ကျင်၍ လျှို့ဝှက်ကြံစည်ကြ လေကုန်။ ထို့နောက်အသင်တို့သည် ငါအား (အနည်းငယ်မျှပင်) ရွှေ့ဆိုင်းခွင့်မပေးကြ ကုန်လင့်။ (၁၁း၅၄-၅၅)

အကယ်စင်စစ် ငါသည် ငါ၏အရှင်မြတ်လည်း ဖြစ်တော်မူသော အသင်တို့၏ အရှင်မြတ် လည်းဖြစ်တော်မူသော အလွှာဟ်အရှင်မြတ်အပေါ်၌ ယုံကြည်စိတ်ချလွှဲအပ်ခဲ့လေပြီ။ ထိုအရှင်မြတ်သည် ရှိရှိသမျှသော တိရစ္ဆာန်တို့၏ နဖူး(ဆံစ)ကို ဆုပ်ကိုင်ထားတော်မူပေသည်။ ဧကန်မလွဲ ငါအရှင်မြတ်သည် ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ပင် ရှိနေတော်မူပေသတည်း။ (၁၁း၅၆)

သို့ရာတွင် အကယ်၍အသင်တို့သည် မျက်နှာလွှဲဖယ်လျက်ပင် ရှိနေကြလျှင် မူဈကန် ငါသည်အကြောင် အမိန့်တော်များကို အသင်တို့ထံပို့ခဲ့ပြီး ဖြစ်ပေသည်။ ငါသည် ထိုအမိန့်တော်များနှင့် တကွ အသင်တို့ထံသို့ စေလွှတ်တော်မူခြင်းကို ခံခဲ့ရလေသည်။ ထို့ပြင်၊ ငါအရှင်မြတ်သည် (အသင်တို့နေရာတွင်) အသင်တို့၏ကိုယ်စား အခြားလူမျိုးတစ်မျိုးကို ခန့်အပ်တော်မူမည်။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်အား တစ်စုံတစ်ရာမျှပင် ကျိုးယုတ်ဆုံးရှုံးစေနိုင်ကြမည် မဟုတ်ပေ။ ဧကန်စင်စစ် ငါ၏အရှင်မြတ်သည် အရာခပ်သိမ်းတို့ အပေါ်ဝယ် ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၅၇)

တစ်ဖန် ငါအရှင်မြတ်၏ အမိန့်တော်ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်)"ဟူဒ်"အား လည်းကောင်း ထို(နဗီတမန်တော်)ဟူဒ်နှင့်အတူ သက်ဝင်ယုံကြည်ခဲ့ကြသောသူတို့အား လည်းကောင်း မိမိကရုဏာတော်ဖြင့် ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါ အရှင်မြတ်သည် ထိုသူတို့အား ပြင်းထန်လှစွာသောပြစ်ဒဏ်တစ်ရပ်မှလည်း ကယ်တင်တော်မူခဲ့ လေသတည်း။ (၁၁း၅၈)

စင်စစ်သော်ကား ဤသည်အာဒ်အမျိုးသားများပင်။ ၎င်းတို့သည် မိမိတို့အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြလေသည်။ ၎င်းတို့သည် ထိုအရှင်မြတ်၏ ရာဇလ်တမန်တော်များကို ဖီဆန်ခဲ့ကြလေသည်။ ထိုမှတစ်ပါး ၎င်းတို့သည် ခေါင်းမာသော နိုင်ထက်ကလူပြုမူသော လူတိုင်း၏အမိန့်ကို လိုက်နာခဲ့ကြကုန်သတည်း။ (၁၁း၅၉)

ထို့ပြင်၎င်းတို့သည် ဤပစ္စုပ္ပန်မျက်မှောက်လောကီဘဝ၌လည်းကောင်း ကိယာမသိရှင်ပြန်ထရမည့်နေ့တွင်လည်းကောင်း၊ ကရုဏာတော်မှကင်းဝေးစေခြင်းကို (မိမိတို့) နောက်မှ ထက်ကြပ်မကွာ လိုက်စေခြင်းကို ခံခဲ့ကြရလေသည်။ သတိပြုကြလေကုန်။ ဇကန်မလွဲ အာဒ် အမျိုးသားတို့သည် မိမိတို့အရှင်မြတ်အား ငြင်းပယ်ခဲ့ကြလေသည်။ သတိပြုကြလေကုန်။ (နဗီ တမန်တော်)ဟူဒ်၏အမျိုးသားများဖြစ်ကြကုန်သော 'အာဒ်' အမျိုးသားတို့၌(ကရုဏာတော်မှ) ကင်းဝေး ခြင်းသည် ရှိစေသတည်း။ (၁၁း၆၀)

ထိုနည်းတူစွာ (ငါအရှင်မြတ်သည်)"ဆမူဒ်"အမျိုးသားတို့ထံ ၎င်းတို့၏အစ်ကို(နဗီတမန်တော်)"ဆွာလိဟ်"အား(ဧစလ္တတ်တော်မူပေသည်။) ထို(နဗီတမန်တော်) "ဆွာလိဟ်" သည် (မိမိအမျိုးသားတို့အား ဤသို့) ပြောဆိုဟောကြားခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့ အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်။ ထိုအရှင်မြတ်မှ တစ်ပါး အသင်တို့အဖို့ ကိုးကွယ်ဆည်းကပ်ရာ အရှင်ဟူ၍အလျှင်းမရှိချေ။ ထိုအရှင်မြတ်သည်ပင် အသင်တို့အား မြေမှဖြစ်ထွန်းစေ တော်မူခဲ့လေသည်။ (စတင်ဖန်ဆင်းတော်မူခဲ့ လေသည်။) ၎င်းပြင် ထိုအရှင်မြတ်သည်ပင် အသင်တို့အား ထိုမြေဝယ်နေထိုင်စေတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအရှင်မြတ်အထံတော်၌ ချမ်းသာခွင့်ကိုပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့ သည် ထိုအရှင်မြတ်ဘက်သို့သာလှည့်ကြလေကုန်။ စင်စစ် ငါ၏အရှင်မြတ်သည် နီးကပ် တော်မူသော အရှင်၊ အကျိုးပြုတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူချေသည်။ (၁၁း၆၁)

၎င်း('ဆမူဒ်'အမျိုးသား)တို့က (ဤသို့)ပြောဆိုခဲ့ကြလေသည်။ အို-"ဆွာလိဟ်" ယခင်ကမူ ဇကန်အမှန် အသင်သည် ကျွန်ုပ်တို့တွင် မျှော်လင့်ချက်ထားရှိခြင်းခံရသူ (တစ်ဦး)ဖြစ်ခဲ့လေသည်။ (ယခုသော်ကား)အသင်သည် ကျွန်ုပ်တို့အဖ၊ ဘိုး၊ ဘေးများကိုးကွယ်ဆည်းကပ်ကြကုန်သော ဘုရားများကို ဆည်းကပ်ကိုးကွယ်ခဝပ်ခြင်းမပြုကြ

ရန် ကျွန်ုပ်တို့အား တားမြစ်လေသလော။ စင်စစ်သော်ကား ဇကန်မလွဲ ကျွန်ုပ်တို့သည် အသင်ကျွန်ုပ်တို့အား (ယုံကြည်လိုက်နာရန်) ဖိတ်ခေါ်လျက်ရှိသော တရားဓမ္မနှင့် စပ်လျဉ်း၍ ယုံမှားသံသယ ဖြစ်စေသော ဒွိဟာသံသယ၌ ရှိနေကြပေသည်။ (၁၁း၆၂)

ထို(နဗီတမန်တော်ဆွာလိဟ်)သည် (၎င်းတို့အား ဣသျှိ) ပြန်ကြားခဲ့လေသည်။ အို-ငါ၏ အမျိုးသားတို့၊ အကယ်၍ငါသည် မိမိအရှင်မြတ်အထံတော်မှ ထင်ရှားစွာသော သက်သေခံအပေါ်၌ တည်ရှိနေသည့်ပြင် ထိုအရှင်မြတ်သည် ငါ့အားမိမိအထံတော်မှ တမန်တော်၏အဖြစ်ကို ချီးမြှင့် ပေးသနားတော်မူခဲ့ပါလျှင် အသင်တို့သည် မည်သို့ယူဆကြမည်ကို ငါ့အားပြောပြကြလေကုန်။ တစ်ဖန်ငါသည် အလ္လာဟ်အရှင်မြတ်၏ (အမိန့်တော်)ကိုဖီဆန်ခဲ့ပါမူ မည်သူသည် ငါ့အား ထိုအရှင်မြတ်၏ ပြစ်ဒဏ်မှ ကာကွယ် နိုင်မည်နည်း။ ထိုသို့ဖြစ်ခဲ့လျှင် အသင်တို့သည် ငါ့အား အကျိုးယုတ် နစ်နာဆုံးရှုံး စေခြင်းမှတစ်ပါး အခြားတစ်စုံတစ်ရာကိုမျှ တိုးပွားစေနိုင်ကြမည် မဟုတ်ပေတကား။ (၁၁း၆၃)

၎င်းပြင် အို-ငါ၏အမျိုးသားတို့ အလ္လာဟ်အရှင်မြတ်၏ ကုလားအုတ်မသည် အသင်တို့ အဖို့ သက်သေလက္ခဏာတစ်ရပ်ပင်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုကုလားအုပ်မကို အလ္လာဟ်အရှင်မြတ်၏ ပထဝီမြေပြင်၌စားသောက်နေထိုင်ရန် လွှတ်ထားကြလေကုန်။ ၎င်းပြင် အသင်တို့သည် ယင်းကုလားအုပ်မအား အကျိုးယုတ် ဓစသောရည်ရွယ်ချက်ဖြင့် မထိကြကုန်လင့်။ ထိုသို့ပြုခဲ့ ကြလျှင် ချက်ချင်းဆိုက်ရောက်လာမည်ဖြစ်သော ပြစ်ဒဏ်သည် အသင်တို့အား ဖမ်းဆီး(ကွပ်မျက်) အံ့သတည်း။ (၁၁း၆၄)

သို့(သတိပေးခဲ့)ပါလျက် ၎င်းတို့သည် ယင်းကုလားအုတ်မ၏ခြေများကို ဖြတ်တောက်ခဲ့ကြလေသည်။ ထိုအခါ ထို(နဗီတမန်တော်)"ဆွာလိဟ်"သည် (၎င်းတို့အား ဣသျှိ) ပြောကြားခဲ့လေသည်။ (အချင်းတို့)အသင်တို့သည် သုံးရက်မျှတိုင်အောင် မိမိတို့၏ နေအိမ်များတွင် စည်းစိမ်ခံ၍ နေထိုင်ကြဦးလော့ (ထို့နောက်တွင်ပြစ်ဒဏ် သက်ရောက်တော်မူမည်) ဤသည် မုသားမဟုတ် (ပကတိမှန်ကန်)သော ချိန်းချက်ပင်တည်း။ (၁၁း၆၅)

တစ်ဖန်(သုံးရက်ကုန်၍) ငါအရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် (နဗီတမန်တော်) "ဆွာလိဟ်"နှင့် တကွ ထို(နဗီတမန်တော်)ဆွာလိဟ်နှင့် အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့ကိုပါ မိမိကရုဏာတော်ဖြင့် ပျက်စီးခြင်း၏ပြစ်ဒဏ်မှ လည်းကောင်း၊ ထိုနေ့တွင် အရှက်တကွဲအကျိုးနည်း ဖြစ်ရခြင်းမှ လည်းကောင်း ကယ်တင်တော်မူခဲ့လေသည်။ ဇကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် ခွန်အားကြီးမားတော်မူသောအရှင်၊ လွှမ်းမိုးတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။ (၁၁း၆၆)

သို့ရာတွင် မတရားပြုမူသောသူတို့အား ကျယ်လောင်သောအသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းတို့သည် မိမိတို့နေအိမ်များတွင် နံနက်အချိန်မှောက်လျက် (သေကြေပျက်စီး သွားခဲ့ကြလေသည်။) (၁၁း၆၇)

၎င်းတို့သည် ထိုအိမ်များတွင် မနေခဲ့ဘူးကြသကဲ့သို့ပင် ဖြစ်သွားခဲ့ကြလေသည်။ သတိပြုကြလေကုန်။ ဇကန်စင်စစ် "ဆမူဒ်" အမျိုးတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ (အမိန့်တော်)ကို သွေဖည်ငြင်းဆန်ခဲ့ကြကုန်သည်။ သတိပြုကြလေကုန် "ဆမူဒ်"အမျိုးသားတို့၌ (ကရုဏာတော်မှ) ကင်းဝေးခြင်းသည် ရှိစေသတည်း။ (၁၁း၆၈)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါ အာယသ်များအနက်မှ ပထမတစ်ဆယ့်တစ်အာယသ်ဖြစ်သော အာယသ် ၅၀ မှ ၆၀ ထဲတွင် အလ္လာဟ်တမန်တော်ဖြစ်သည့် လေးစားရသော စိုက်ယိဒနာဟူးဒ် a နှင့် ပတ်သက်သော အဖြစ်အပျက်များကို ဖော်ပြထားကာ ဤစူရာဟ်ကို ယင်းတမန်တော်ဟူးဒ် a ၏ အမည်ဖြင့်ဖော်ပြထားသည်။ ဤစူရာဟ်ထဲတွင် စိုက်ယိဒနာ နူဟ် a မှစ၍ စိုက်ယိဒနာမူစာ a ထိ မြင့်မြတ်သော တမန်တော်ခုနစ်ပါးနှင့် ၎င်းတို့လူများနှင့် ပတ်သက်သော အဖြစ်အပျက်များကို ကုရ်အာန်ကျမ်းမြတ်က အတုမရှိသောဟန်ပန်ဖြင့် ဖော်ပြထားခဲ့သည်။ ထိုအာယသ်များထဲတွင် တောက်ပသည့် သင်ခန်းစာများနှင့် အကြံအစည်များပါဝင်သောကြောင့် တုံ့ပြန်တတ်၍ ဝေဖန်ပိုင်းခြားတတ်သော နလုံးသားရှိသူတိုင်း အပေါ်၌ ယင်းတို့က အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ ညွှန်ကြားသည့်အချက်အလက်များပါဝင်သည့်အပြင် ထိုအာယသ်များထဲတွင် အီမာန်ယုံကြည်ချက်နှင့်ကောင်းမှုကောင်းရပ်များနှင့်အတူ နှိုင်းယှဉ် ရနိုင်သော အခြေအနေများတွင် တစ်စုံတစ်ဦး အသုံးချနိုင်သည့် လမ်းညွှန်ချက်အဖြစ်လည်း များစွာသောမူများနှင့် ဆင့်ပွားစည်းမျဉ်းစည်းကမ်းများကို ရနိုင်ပါသည်။

ဤနေရာ၌ ဖော်ပြထားသောအဖြစ်အပျက်များနှင့် အကြောင်းအရာများတွင် တမန်တော်ခုနစ်ပါးနှင့် ပတ်သက်သော်လည်း ဤစူရာဟ်ကို စိုက်ယိဒနာဟူးဒ် a ၏ အမည်ဖြင့် ထင်ရှားစေခြင်းမှာ စိုက်ယိဒနာဟူးဒ် a ၏ အကြောင်းတွင် သီးသန့်ပေါ်လွင် ထင်ရှားမှုတစ်ရပ် ပါဝင်သောကြောင့်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာဟူးဒ် a အား အားဒ်လူမျိုးများထံ တမန်တော်တစ်ပါးအဖြစ် စေလွှတ်ခဲ့သည်။ ထိုသူများသည် ၎င်းတို့ခန္ဓာကိုယ်တည်ဆောက်ပုံ၊ ခွန်အားနှင့်ရဲရင့်မှုတို့ကြောင့် ထင်ရှားသည်။ စိုက်ယိဒနာဟူးဒ် a သည်ထိုသူများအနက်တစ်ဦးဖြစ်သည်ဆိုကြောင်း **!اخاهم هودا** "၎င်းတို့၏အစ်ကို (နဗီတမန်တော်)'ဟူးဒ်'အား (စေလွှတ်တော်မူခဲ့လေသည်)"ဟူ၍ ညွှန်းထားသည်။ ထိုသို့ သန်စွမ်း၍ ရဲရင့်သော သူများမှာ ကျောက်တုံးများမှ ၎င်းတို့ကိုယ်တိုင် ထွင်းထုထားသော ဘုရားများကို ကိုးကွယ် ဆည်းကပ်သည် အထိ ဆင်ခြင်တုံတရား မဲ့သွားသည်မှာကား ဝမ်းနည်းစရာကောင်းပေသည်။

အီမာန်ယုံကြည်မှုဘက်သို့ ဖိတ်ခေါ်ရာ၌ စိုက်ယိဒနာဟူးဒ် a က သူ့လူများကိုတင်ပြထားချက်၌ အခြေခံမူသုံးရပ် ပါဝင်ကြောင်း ပထမဆုံး အာယသ်ဖြစ်သော (၅၀မှ၅၂)ထဲတွင် ဖော်ပြထားခဲ့သည်။ (၁) သောင်ဟီးဒ် (အလ္လာဟ်

အရှင်မြတ် တစ်ပါးတည်းတည်ရှိတော်မူခြင်း)ကို ယုံကြည်သက်ဝင်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်မှအပ အခြား တစ်စုံတစ်ဦး (သို့) တစ်စုံတစ်ရာကို ကိုးကွယ်ထိုက်သည်ဟု မှတ်ယူခြင်းသည် လိမ်လည်မှုနှင့် ဥဒ္ဓာဆင်ထားမှုမှအပ အခြားမဟုတ်ချေ။ (၂) ဟူးဒ် a သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်တစ်ပါးဖြစ်သည်။ တမန်တော်သည် ၎င်းတို့ကို သောင်ဟီးဒ်ဘက်သို့ဖိတ်ခေါ်ရန် လာခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ တမန်တော်ဘဝ၏ တာဝန်ဖြစ်သည်။ ထိုသူများထံ သတင်းစကားရောက်စေရန် အခက်အခဲအမျိုးမျိုးကြားမှ တမန်တော်သည် ကြိုးစားဆောင်ရွက်ခဲ့သည်။ တမန်တော်ဟူးဒ် a သည် အဘယ်ကြောင့် ယင်းကို လုပ်ဆောင်ရသနည်း။ အကယ်၍ သူတို့သည် ထိုအကြောင်း စဉ်းစားခဲ့လျှင် တမန်တော်သည် သူတို့ထံမှ လုပ်သမျှအတွက် အခကြေးငွေမတောင်းသကဲ့သို့ ထိုလုပ်ရပ်များကြောင့် မည်သည့် ရုပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်မှ မရခဲ့ကြောင်း သူတို့မြင်တွေ့ရပါ လိမ့်မည်။ အကယ်၍ တမန်တော်သည် ယင်းလုပ်ရပ်မှာ အလ္လာဟ်အရှင်မြတ်၏ အလိုတော်နှင့်အဓိန္ဓိတော်ဖြစ်ကြောင်း၊ ယင်းတို့သည် မှန်ကန်၍ စစ်မှန်ကြောင်း ရိုးသားစွာ မယုံကြည်ခဲ့လျှင် ၎င်း၏လူများကို ကောင်းမွန်သောဘဝ တစ်ခုဖြစ်စေရန်အတွက် ယုံကြည်မှုဆီသို့ ဖိတ်ခေါ်ရန် ထိုသူများထံ ဒုက္ခခံ၍ အဘယ့်ကြောင့် သွားရောက်ခဲ့သနည်း။

ဒါဝသ်လုပ်ငန်းအတွက်အဖိုးအခ

တမန်တော် အားလုံးနီးပါးက ၎င်းတို့လုပ်ဆောင်သော ဒါဝသ်တာဝန်အတွက် မည်သည့်အဖိုးအခမျှမတောင်းခံခဲ့ကြောင်း ကုရ်အာန်ကျမ်းမြတ်က တင်ပြထားခဲ့သည်။ ဤသည်က ဒါဝသ်နှင့် သဗ်လီဂ် လုပ်ငန်းများအတွက် (ကြိုတင်စီမံထားမှုအရ သို့မဟုတ် ထုံးဓလေ့အရ) အခကြေးငွေလက်ခံခဲ့လျှင် ယင်းဖိတ်ခေါ်မှုသည် အကျိုး သက်ရောက်မှု မရှိတော့ချေ။ အတွေ့အကြုံကပြသည်မှာ ထိုသူတို့၏ ဘာသာရေးဆိုင်ရာ ဟောပြောမှုများ၊ မိန့်ခွန်း များနှင့် ကောင်းမြတ်သော အကြံဉာဏ်များအတွက် အခကြေးငွေယူခဲ့လျှင် ယင်းလုပ်ရပ်များအဆုံးတွင် ပရိသတ် နှလုံးသားတွင် မည်သည်မျှ အကျိုးမသက်ရောက်ပေ။

(၃) ခွင့်လွှတ်မှုတောင်းခံခြင်းနှင့်ဝန်ချတောင်းပန်ခြင်း သူက ထိုသူများအား ၎င်းတို့ အတိတ်ဘဝက ကျူးလွန်ခဲ့သော ပြစ်မှုဂိုနာဟ်များနှင့် မယုံကြည် သွေဖည်မှု အတွက် အလ္လာဟ် တအာလာထံမှ ခွင့်လွှတ်မှု တောင်းခံရန် တိုက်တွန်းနှိုးဆော်ထားသည်။ ၎င်းနောက် အနာဂတ်တွင် သူတို့ပြုလုပ်ခဲ့သည်များအတွက် ၎င်းတို့အရှက်ရစေပြီး ဝန်ချတောင်းပန်ကာ ၎င်းတို့အချင်းချင်း ထိုပြစ်မှုများ၏ အနှီးအနှားသို့ပင် မသွားပါဟူ၍ စွဲမြဲသော သန္နိဋ္ဌာန်ချပြီး တာဝန်ယူ ကတိပြုရပါမည်။ အကယ်၍သာ ထိုသူများသည် ဖြူစင်ရိုးသားစွာ ဤကဲ့သို့သော အလ္လာဟ်အရှင်မြတ်ထံတော်မှ ခွင့်လွှတ်တောင်းခံနည်းဖြင့် တောင်းခံကာ အလ္လာဟ်အရှင် မြတ်ထံ၌ ဝန်ချ တောင်းပန်ခဲ့ပါလျှင် ထိုသူတို့သည် နောင်တမလွန်ဘဝတွင် ထာဝရကြီးပွားမှုတို့ဖြင့် ကောင်းချီးပေးခံရမည်ဆိုသည်မှာ သံသယမရှိပါ။ ဤလောကီဘဝတွင်လည်း ၎င်းတို့ထံသို့ မြောက်မြားစွာသော အကျိုးကျေးဇူး ရောက်ရှိလာမည်ကို ၎င်းတို့ကိုယ်တိုင် တွေ့ရှိရပါလိမ့်မည်။ ဦးစွာပထမ အစ်သိဂ်ဖာဟ်နှင့် သောင်ဗဟ်လုပ်ရပ်က ၎င်းတို့ထံမှ ငတ်မွတ်ခေါင်းပါးခြင်းဆိုသည့်ဘေးဒုက္ခဆိုးကြီးမှ ဖယ်ရှားပေးပါလိမ့်မည်။ အချိန်ကျပါက မိုးများရွာချကာ သူတို့၏ စားနပ်ရိက္ခာများ တိုးပွားစေပါလိမ့်မည်။ ဒုတိယအနေဖြင့် ယင်းက ၎င်းတို့၏ အင်အားနှင့် အစွမ်းသတ္တိတို့ တိုးပွားစေပါလိမ့်မည်။

ဤနေရာ၌ (**ڤو**)(ကူဝသ်) ဟူသော စကားလုံးက ယေဘုယျအဓိပ္ပာယ်အနေဖြင့်သုံးစွဲထားကာ၊ ယင်းတွင် ရှုပ်ပိုင်းဆိုင်ရာ အင်အားနှင့် အစွမ်းသတ္တိအပြင် ဥစ္စာပစ္စည်းနှင့် သားသမီးများ တိုးပွားမှုက ပေါ်ထွက်လာသော အင်အားတို့လည်း အကျုံးဝင်ပါသည်။

ဤသည်က သောင်ဗဟ်နှင့် အစ်သိဂ်ဖာဟ်တွင် ၎င်းတို့၏ ကိုယ်ပိုင် အထူးအရည်အသွေး တစ်ရပ်ရှိသည် ဆို ကြောင်း ပြောပြပါသည်။ ယင်းမှာ ဤသည်ကို ကျင့်ကြံသောသူအား ဤလောကမှာပင် စားနပ်ရိက္ခာ ပိုမို တိုးပွားခြင်း ဖြင့် ကောင်းချီးပေးခြင်း ခံရကာ ဥစ္စာဓနနှင့် သားသမီးများ တိုးပွားမှုကြောင့် ကျေနပ်နှစ်သိမ့်မှု ကိုလည်း ရရှိစေပါသည်။

ထိုသူများသည် ၎င်းတို့၏ မသိနားမလည်သော နည်းလမ်းများ၏ သားကောင် ဖြစ်သောကြောင့် စိုက်ယိဒနာ ဟူဒ် a ၏ လူများသည် သူ၏ ဖိတ်ခေါ်မှုကို အလေးမထားဘဲ ပြောကြားသည်မှာ "အကယ်၍သာ သူသည် အံ့ဖွယ်ရာ တစ်ရပ်ကိုပြသနိုင်ပါက တစ်ခုခုတော့ ဖြစ်သွားနိုင်ပါသည်။ သို့ရာတွင် သူသည် ကျွန်ုပ်တို့ အားမပြသနိုင်ခဲ့ပါ။ အသင် သည် အသင်ပြောစရာရှိသည်ကိုသာ ကျွန်ုပ်တို့အား ပြောခြင်းသက်သက် ဖြစ်ပါသည်။ ယခုအခါတွင် အသင်သည် ပြောခြင်း သက်သက်သာ ပြောနေသောကြောင့် ကျွန်ုပ်တို့ ကိုးကွယ်နေသော ကျွန်ုပ်တို့၏ ဘုရားများအား ကျွန်ုပ်တို့ စွန့်ခွာလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် အသင်အားလည်း ယုံကြည်လိမ့်မည် မဟုတ်ပါ။ တကယ်ဆိုရသော် အသင် သည် ကျွန်ုပ်တို့၏ ဘုရားများအား သွားပုပ်လေလွင့် ပြောခြင်းကြောင့်၊ အသင် ရူးသွပ်သွားပြီဟု ကျွန်ုပ်တို့ ယုံကြည်ပါ သည်။ အသင်သာ မရူးသွပ်ပါက အသင်သည် ထိုသို့ပြောဆို လိမ့်မည်မဟုတ်ပါ။"ဟူ၍ဖြစ်သည်။

စိုက်ယိဒိနာဟုဒ် a သည် သူ၏တမန်တော်သတ္တိကို ပြသကာ တုံ့ပြန်ပြောကြားသည်မှာ "အကယ်၍ အသင် တို့ ကျွန်ုပ်ပြောသည်ကိုနားမထောင်ပါက ကျွန်ုပ် ယခုပြောမည်ကို နားထောင်ပါ။ ကျွန်ုပ်သည် ကျွန်ုပ်၏ အလွှာဟ် အရှင်မြတ်အားလည်းကောင်း၊ သင်တို့ကိုလည်းကောင်း သက်သေထား၍ ပြောပါမည်။ ကျွန်ုပ်သည် အလွှာဟ် အရှင် မြတ်မှတစ်ပါး အသင်တို့ဘုရားများ အားလုံးကို ရွံရှာစက်ဆုပ်ပါသည်။ အသင်တို့နှင့် အသင်တို့၏ဘုရားများ အားလုံး တို့က အကယ်၍ တတ်စွမ်းနိုင်ပါလျှင် ကျွန်ုပ်အား ဆိုင်းငံ့ကာလ အနည်းငယ်မျှပင်မပေးဘဲ ကျွန်ုပ်အား ဆန့်ကျင် ပါလေ။" ဟူ၍ ဖြစ်သည်။

ထို့နောက်သူက ပြောသည်မှာ " ကျွန်ုပ်၏ အရှင်သခင်လည်းဖြစ် အသင်တို့၏ အရှင်သခင်လည်း ဖြစ်သော အလွှာဟ်အရှင်မြတ်ကို ကျွန်ုပ်ယုံကြည် အပ်နှံထားသောကြောင့် ကျွန်ုပ်က အသင်တို့အား ဤသို့လေးလေး နက်နက် ပြောဆိုနေခြင်း ဖြစ်သည်။ ထိုအရှင်သည် ကမ္ဘာမြေပေါ်၌ လမ်းလျှောက်သော အဖန်ဆင်းခံများ အားလုံး၏ နဖူး(ဆံစ) အား ဆုပ်ကိုင်ထားသည်။ ထိုအရှင်၏ ဆန္ဒတော်နှင့် ခွင့်ပြုချက် မပါရှိပါက မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အသေးဆုံး အရာကပင် အန္တရာယ်ဖြစ်စေခြင်းကိုလည်းကောင်း၊ ဆုံးရှုံးစေခြင်းကို လည်းကောင်း မလုပ်နိုင်ပါ။ မုချဇကန် ငါ၏ အရှင်သခင်သည် ဖြောင့်မတ် မှန်ကန်သော လမ်းပေါ်၌ ရှိပါသည်။ ဆိုလိုသည်မှာ ဖြောင့်မတ်မှန်ကန်သော လမ်းပေါ်၌ ရှိနေသောမည်သူမဆိုသည်အလွှာဟ်အရှင်နှင့်အတူရှိနေပြီးအရှင်၏ကူညီစောင့်ရှောက်မှုရရှိပါသည်"ဟူ၍ဖြစ်သည်။

ဤနေရာ၌ လူတစ်ဦးက လူအများအား အရှက်ရစေသော အခိုင်အမာပြောဆိုချက်တစ်ရပ်ကို ခိုင်ခိုင်မာမာ နှင့် ကျယ်ကျယ်လောင်လောင် ပြောပါသည်။ ထို့နောက် ရဲရင့်ပြီးသန်စွမ်းသော လူများအနက်မှ မည်သူ တစ်ဦး တစ်ယောက်ကမှ မလှုပ်ပါ။ ဤသည်မှာ သူတို့အား အံ့ဖွယ်ရာတစ်ရပ် မပြဟူသည်ကို ဖြေကြားသော စိုက်ယိဒနာ ဟူဒ် a ၏ အံ့ဖွယ်တစ်ရပ်ပင်ဖြစ်သည်။ ဤသည်မှာလည်း သူတို့၏ ဘုရားများက သူ့အား ရူးသွပ်သွားစေသည်ဟူ၍

ငင်းတို့၏ အတင့်ရဲသောမှတ်ချက်ကို ပြန်လည်ဖြေကြားမှုလည်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍သာ သူတို့၏ ဘုရားများတွင် ထိုကဲ့သို့လုပ်ဆောင်နိုင်စွမ်းရှိပါက ဘုရားများကို ဆန့်ကျင်စွာ ပြောဆိုခဲ့သောကြောင့် သူအသက်ရှင်နိုင်လိမ့်မည် မဟုတ်ပါ။

ထို့နောက် သူကပြောကြားသည်မှာ အကယ်၍သာ အသင်တို့သည် အမှန်တရားအား ထိုမျှရှုးသွပ်စွာ ဆန့်ကျင်ပါက ကျွန်ုပ်အားစေလွှတ်ကာ ပေးပို့စေသော သတင်းစကားအား အသင်တို့အား ပေးပို့ပြီးကြောင်း အသင်တို့နားလည်သဘောပေါက်ရပါမည်။ သို့ဆိုပါလျှင် ယင်း၏ တက္ကဗေဒရလဒ်မှာ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်နှင့် ပြစ်ဒဏ်ခတ်မှုသည် အသင်တို့အပေါ်၌ကျရောက်ကာ အသင်တို့အနက်မှ တစ်ယောက်မျှပင် မကျန်အောင် အသင်တို့အား ဖျက်ဆီးပြီး ဤကမ္ဘာမြေ၌ အခြားသောသူများအား နေစေတော်မူမည်ဟူသည်က လွဲ၍ မည်သည်မျှမဖြစ်နိုင်ပါ။ အသင်တို့ ဤသို့အမှန်တရားကို ဆန့်ကျင်ခြင်းသည် အလ္လာဟ်အရှင်မြတ်အား မည်သည့်အန္တရာယ်မျှမဖြစ်ပါ။ အသင်တို့သာလျှင် မိမိကိုယ်ကိုမိမိ အန္တရာယ်ပြုနေကြပါသည်။ မုချဇကန် ကျွန်ုပ်၏အရှင်သခင်သည် အရာတိုင်းအား စီမံခန့်ခွဲတော်မူပြီး ထိုအရှင်သည် အသင်တို့၏လုပ်ရပ်များနှင့် အတွေးများအားလုံးတို့ကို သတိရှိတော်မူသည် ဟူ၍ဖြစ်သည်။

ထိုသူများသည်ကား မည်သည်ကိုမှ နားမထောင်သောလူတန်းစားများ ဖြစ်ကြပါသည်။ သူတို့သည် သူတို့၏ခေါင်းမာမှုကို ဖက်တွယ်နေကြပါသည်။ ထို့နောက် ငင်းတို့၏အိုးအိမ်များနှင့် သစ်ပင်များအား အမြစ်ကပါ လန်သွားစေသည့်လေမုန်တိုင်းအသွင်ဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ငင်းတို့အပေါ်၌ ကျရောက်ခဲ့သည်။ လူသားများ၊ တိရစ္ဆာန်များနှင့် သက်ရှိအရာများအားလုံးသည် လေထဲမြင့်မားစွာလွင့်စင်သွားကာမြေကြီးပေါ်သို့ ပြန်လည်ကျရောက်သော အခါ၌ မျက်နှာများသည်မြေကြီးနှင့်အပ်လျက်ဖြစ်နေကြပါသည်။ မိုးကောင်းကင်မှ ပေါ်ထွက်လာသောလူတို့ဟစ်အော်နေသည့် အသံများကြားရကာ ငင်းတို့၏အရပ်အမောင်းနှင့် အင်အားတွင် ပြိုင်စံရှားသူများ တစ်ယောက်မျှ မကျန်အောင် ဖျက်ဆီးချေမှုန်းပြီးမှသာ အသံများ တိတ်သွားပါတော့သည်။

ဤသူများအပေါ်သို့ အလ္လာဟ်အရှင်မြတ်၏ပြစ်ဒဏ်ခတ်မှုကျရောက်စေရန်အမိန့်ပေါ်ထွက်လာသော အခါ၌ အလ္လာဟ်အရှင်မြတ်သည် အရှင်၏လုပ်ဆောင်မှုနှင့်အညီ ဤပြင်းထန်သောပြစ်ဒဏ်ခတ်မှုမကျရောက်မီ အလျင်ကပင် အရှင်မြတ်တမန်တော်နှင့်တမန်တော်၏ဆွေဟာဗဟ်များအားပြစ်ဒဏ်ကျရောက်မည့်နေရာမှ ထွက်ခွါသွားရန်အမိန့်ပေးခဲ့ပါသည်။

အားဒ်လူမျိုးများနှင့် ငင်းတို့အပေါ်ကျရောက်ခဲ့သော ပြစ်ဒဏ်ခတ်မှုနှင့် ပတ်သက်သောအဖြစ်အပျက် ဖော်ပြပြီးသည့်နောက် အခြားသူများ ဤအဖြစ်အပျက်မှ သင်ခန်းစာရယူနိုင်စေရန်အတွက် သတိပေးချက်တစ်ခု လိုအပ်လာပါသည်။ ထို့ကြောင့်မိန့်ထားသည်မှာ "စင်စစ်သော်ကား ဤသည် အားဒ်လူမျိုးများပင်။ ငင်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာများကို ငြင်းပယ်ခဲ့ကြလေသည်။ ငင်းတို့သည် ထိုအရှင်မြတ်၏ရစ္ခုလ်တမန်တော်များကို ဖီဆန်ခဲ့ကြလေသည်။ ထိုမှတစ်ပါး ငင်းတို့သည် ခေါင်းမာသော၊ နှိုင့်ထက်ကလူ ပြုမူသော လူတိုင်း၏ အမိန့်ကိုလိုက်နာခဲ့ကြကုန်သတည်း"ဟူ၍ဖြစ်သည်။

ရလဒ်မှာ ထိုကျိန်စာ တစ်နည်းဆိုရသော် အလ္လာဟ်အရှင်မြတ်၏ကရုဏာတော်နှင့်ကင်းဝေးမှုသည် ဤကမ္ဘာလောကမှာ ငင်းတို့နှင့် ထပ်ကြပ်မကွာရှိနေသလို အလားတူစွာ ကိယာမသ်နေ့တိုင် ရှိနေစေပါလိမ့်မည်။

ဤအဖြစ်အပျက်မှ ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အားဒ်လူမျိုးများအားလေပြင်းမုန်တိုင်းဖြင့် ဖျက်ဆီးခြင်းခံရသည်ဟူ၍ဖြစ်ပါသည်။ သို့ရာတွင် စူရတ်အလ်မုအ်မင်နူန်(၂၃း၄၁)ထဲ၌ ထိုသူတို့အား (အလွန် ပြင်းထန်ကျယ်လောင်စွာသောအသံ) (အပ်စ်ဆွိုင်ဟဟ်)ဖြင့် ဖျက်ဆီးခဲ့သည်ဟုပါရှိပါသည်။ စိုက်ယိဒနာ ဟူဒ် a ၏ လူများအပေါ် သို့ ပြစ်ဒဏ်ခတ်မှု နှစ်မျိုးစလုံးကျရောက်နိုင်ခဲ့ပါသည်။

စိုက်ယိဒနာ"ဟူဒ်"နှင့်သူ၏လူများနှင့်ပတ်သက်သောအဖြစ်အပျက်သည် ဤနေရာ၌ပြီးဆုံးပါပြီ။

ထို့နောက် နောက် ၈ အာယသ်ဖြစ်သော (၆၁-မှ-၆၈)အထိတွင် စိုက်ယိဒနာဆွာလေးဟ် a ၏ အကြောင်းများ ပါရှိပါသည်။ သူ့အား အားဒ်မျိုးနွယ်စု၏ နောက်ထပ်ဆင့်ပွား မျိုးနွယ်စုဖြစ်သော စမုဒ်လူမျိုးနွယ်စုများထံသို့ စေလွှတ်ခဲ့ပါသည်။ သူသည်လည်း သူ၏လူများအား သောင်ဟီးဒ် (အလ္လာဟ်အရှင်တစ်ပါးတည်း တည်ရှိတော်မူခြင်း)ကို သက်ဝင်ယုံကြည်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ထုံးစံအတိုင်းပင် ဤသူများက မယုံကြည်ခဲ့ကြကာ အကယ်၍သာသူသည် အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော တမန်တော်တစ်ပါးဖြစ်ကြောင်း သူတို့လက်ခံယုံကြည်စေနိုင်ရန် အတွက် သူတို့ရှေ့တွင်ရှိသော တောင်ထဲမှ သတ်မှတ်ဖော်ပြထားသော ကုလားအုတ်မတစ်ကောင် ဦးစွာပထမ ပေါ်ထွက်လာစေရမည် ဟူ၍ အတင်းအကြပ် လုပ်ဆောင်ခိုင်းပါသည်။

စိုက်ယိဒနာဆွာလေးဟ် a က သူတို့အား သတိပေး ပြောကြားသည်မှာ "အကယ်၍သာ အလ္လာဟ် အရှင်မြတ်က အသင်တို့ ဓလေ့ထုံးစံအရ တောင်းဆိုသောအံ့ဖွယ်များ ပြသခဲ့ပြီးသည့်တိုင် အသင်တို့ ဆက်လက်ပြီး မယုံကြည်နေခဲ့ပါလျှင် အလ္လာဟ်အရှင်၏ ဓလေ့တော်အရ အသင်တို့အပေါ်၌ ပြစ်ဒဏ်ခတ်မှု ကျရောက်စေကာ အသင်တို့အားလုံး ဖျက်ဆီးခြင်း ခံရပါလိမ့်မည်။ သို့ရာတွင် သူတို့သည် ခေါင်းမာမြဲ ခေါင်းမာကြပါသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အရှင်၏ပြီးပြည့်စုံသော တန်ခိုးတော်အရ သူတို့တောင်းဆိုသော အံ့ဖွယ်ရာများကို ၎င်းတို့ ရှင်းလင်းစွာမြင်တွေ့စေခဲ့ရပါသည်။ သူတို့၏ ရှေ့တွင်ရှိသောတောင်မှ ကျောက်ဆောင်ကြီးသည် နှစ်ခြမ်းကွဲသွား ပါသည်။ ထိုအထဲမှ ၎င်းတို့ သတ်မှတ်ထားသော သွင်ပြင်လက္ခဏာများပါသည့် ကုလားအုတ်မတစ်ကောင် ပေါ်ထွက်လာပါသည်။ အလ္လာဟ်တအာလာက ထိုသူများအား ကုလားအုတ်မကို မည်သည့်နည်းနှင့်မျှ အန္တရာယ်မပေးရန်နှင့် အကယ်၍ မလိုက်နာပါက ထိုသူများ အပေါ်၌ ပြစ်ဒဏ်ခတ်မှု ကျရောက်လိမ့်မည့်အကြောင်း အမိန့်ပေးတော်မူခဲ့သည်။ သို့ရာတွင် ထိုသူများသည် ဤအမိန့်ကိုမနာခံဘဲ ကုလားအုတ်မအား သတ်ဖြတ်လိုက်ကြသည်။ အကျိုးဆက် အနေဖြင့် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခံရကာ အလွန်ပြင်းထန်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော အသံကြီးတစ်ခုဖြင့် ထိုသူများကို ဖျက်ဆီးပစ်လိုက်ပါသည်။ စိုက်ယိဒနာ ဆွာလေးဟ် a နှင့် သူ၏နောက်လိုက်များအား ဤပြစ်ဒဏ်ခတ်မှုမှ ကင်းဝေးစေခဲ့ပါသည်။

ဤအဖြစ်အပျက်၏ တစ်စိတ်တစ်ဒေသအနေဖြင့် သူ၏လူများက စိုက်ယိဒနာဆွာလေးဟ် a အား ပြောသည်မှာ قَدْ كُنتَ فِينَا مَرْجُوًّا قَبْلَ هَٰذَا "ငင်း('ဆမူးဒ်'အမျိုးသား)တို့က(ဤသို့)ပြောဆိုခဲ့ကြလေသည်။ အို-"ဆွာလေးဟ်" ယခင်ကမူဇကန်အမှန် အသင်သည် ကျွန်ုပ်တို့တွင်မျှော်လင့်ချက်ထားရှိခြင်းခံရသူ ------ဟူ၍ဖြစ်သည်။ ဤသည်က ဆိုလိုသည်မှာ စိုက်ယိဒနာ "ဆွာလေးဟ်"သည် တမန်တော် တစ်ပါးဖြစ်ကြောင်း အခိုင်အမာပြောဆိုခြင်းနှင့် လူတို့အား ရုပ်ထုကိုးကွယ်ခြင်းမှ ရှောင်ကျဉ်ရန် စတင်မပြောဆိုမီ အလျင်က တမန်တော်အပေါ်၌ မျှော်လင့်ချက်များစွာ ထားရှိခဲ့ပါသည်ဟူ၍ ဖြစ်ပါသည်။ ထိုတမန်တော်သည် လူများအတွက် ကြီးကျယ်သော ပြုပြင်ပြောင်းလဲသူနှင့်

ခေါင်းဆောင်တစ်ဦး ဖြစ်လာလိမ့်မည်ဟု သူတို့က ထင်မှတ်ခဲ့ကြပါသည်။ အကြောင်းမှာ အလ္လာဟ်တအာလာသည် အရှင့်တမန်တော် များတို့အား ကလေးဘဝမှ စတင်၍ ကောင်းသော ကိုယ်ကျင့်တရားနှင့် အလေ့အကျင့်များ အတွက် စံပြများ ဖြစ်စေသော နည်းဖြင့် ပြုစုပျိုးထောင် ပါသည်။ မည်သူမဆို ထိုသူများကို ကြည့်လိုက်ရုံဖြင့် ချစ်ခင်ပြီး ရိုသေသွားကြပါသည်။ ဤအတိုင်းပင် နောက်ဆုံး တမန်တော်မြတ် S သခင်တွင်လည်း ဖြစ်ပျက်ခဲ့သည်။ ကိုယ်တော်သည် ၎င်း၏ စေလွှတ်ခြင်းခံရသော တမန်တော်တစ်ပါး ဖြစ်သည်ဆိုကြောင်း သူက မကြေညာမီအလျင်က ဆိုလျှင် အာရေဗီယား တစ်ခုလုံးက အလ်အမီန်း (ယုံကြည်စိတ်ချရသောလူ)ဟုခေါ်ဆိုခဲ့ကာ သူ့အား မှန်ကန်ဖြောင့်မတ်သူဟု မှတ်ယူခဲ့ကြသည်။ သူသည် သူ၏တမန် တော်ဖြစ်ခြင်းကို ကြေညာခဲ့ပြီး ရုပ်ထုကိုးကွယ်ခြင်းကို တားမြစ်ခဲ့ပြီးသည့် နောက်မှသာ လူတိုင်းက သူ့အား ရန်ပြုလာ ကြပါတော့သည်။

အာယသ်(၆၅)ထဲ၌ **تَمَتَّعُوْا فِيْ دَارِكُمْ ثَلٰثَةَ اَيَّامٍ** "အချင်းတို့၊ အသင်တို့သည်သုံးရက်မျှတိုင်အောင် မိမိတို့၏ နေအိမ်များတွင် စည်းစိမ်ခံ၍ နေထိုင်ကြဦးလော့။" ဟူ၍ ဖြစ်သည်။ ဆိုလိုသည်မှာ ဤသူတို့သည် ကုလားအုတ်မအား သတ်ဖြတ်ပြီးသည့်နောက် အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်အား မဟုတ်မမှန်သည့် ဆိုးရွားသော ငြင်းပယ်မှုများဖြင့် အံ့ဖွယ်ရာကို ရောယှက်သွား သောအခါ၌ ဆိုးဆိုးဝါးဝါး ကိစ္စတစ်ရပ် ဖြစ်သွားပါသည်။

အစောပိုင်းက "ထိုသို့ပြုခဲ့ကြလျှင် ချက်ချင်း ဆိုက်ရောက်လာမည်ဖြစ်သော အပြစ်ဒဏ်သည် အသင်တို့အား (ဖမ်းဆီး)ကွပ်မျက်အံ့ သတည်း။(၆၄)" ဟူ၍ သတိပေးထားသလို သူတို့အပေါ်၌ ပြစ်ဒဏ်ကျရောက် ခဲ့သည်မှာ ဆိုင်းငံ့(၃)ရက်ပေးကာ စတုတ္ထနေ့၌ ထိုသူများ အားလုံးတို့အား ဖျက်ဆီးပစ်လိမ့်မည် ဟူသည့်အတိုင်း ကျရောက်ခဲ့ပါသည်။

သဖိစိရ် အလ်ကုရ်သုဒီကျမ်းအရ ဤသုံးရက်ဆိုသည်မှာ ကြာသပတေး၊ သောကြာနှင့် စနေနေ့ များဖြစ်ကြပါသည်။ တနင်္ဂနွေနေ့၌ ၎င်းတို့အပေါ်သို့ ပြစ်ဒဏ်ခတ်မှု ကျရောက်ခဲ့သည် ဆိုကြောင်းကို **وَ اَخَذَ الَّذِيْنَ ظَلَمُوا الصَّيْحَةُ** "သို့ရာတွင် မတရားပြုမူသော သူတို့အား ကျယ်လောင်သော အသံသည် ဖမ်းဆီး ကွပ်မျက်ခဲ့လေသည်။" ဟူ၍ မိန့်ထားသည်။ ဤကြောက်မက်ဖွယ်ရာ အသံကြီးသည် စိုက်ယိဒနာ ဂျိဗရာအီလ် a ၏ အသံဖြစ်ကာ ယင်းအသံသည် ကမ္ဘာကြီး၏ မိုးချိမ်းသံများ၊ လျှပ်စီးလက်မှုများထက် ပိုမိုကြောက်မက်ဖွယ်ရာ ကောင်းပြီး ယင်းကို မည်သည့် လူသားကမျှ ခံနိုင်စွမ်းမရှိပါ။ နလုံးသားများ အားလုံးတို့သည် ဤကြောက်မက်ဖွယ်ရာ အသံကြီးကြောင့် အစိပ်စိပ် အမွှာမွှာ ကွဲသွားစေကာ ဤလူများအား အစုလိုက် အပြုံလိုက် ပျက်စီးသွားစေပါသည်။

စိုက်ယိဒနာဆွာလေးဟ် a ၏ လူများသည် ပြင်းထန်သော အသံဖြင့် ဖျက်ဆီးခြင်းခံရသည် ဆိုသည်ကို ဤအာယသ်တော်မှ ကျွန်ုပ်တို့ သိရှိ နားလည်ရပါသည်။ သို့ရာတွင် ထိုသူများနှင့် ပတ်သက်၍ ဈရဟ် အလ်အအ်ရဖ်ထဲ၌ မိန့်ထားသည်မှာ **فَاَخَذَتْهُمُ الرَّجْفَةُ** "သို့ဖြစ်ပေရာငလျင်သည် ၎င်းတို့အား ဖမ်းဆီးသိမ်းယူခဲ့လေသည်။(၇း၇၈၊ ၉၁)ဟူ၍ မိန့်ထားပါသည်။ ယင်းက ကျွန်ုပ်တို့အား ပြောသည်မှာ ၎င်းတို့အပေါ်၌ ကျရောက်ခဲ့သော ပြစ်ဒဏ်ခတ်မှုသည် ငလျင်ဖြစ်သည်မှာ ထင်ရှားပါသည်။ ဋီကာရှင် အလ်ကုရ်သုဒီက ဤနေရာ၌ ဝိရောဓိမရှိကြောင်း ပြောကြားခဲ့သည်။ ဖြစ်နိုင်သည်မှာ ငလျင်သည် ဦးစွာပထမ ပေါ်ထွက်လာပြီး နောက်မှပြင်းထန်သော အသံကြီးက ၎င်းတို့အား ဖျက်ဆီးပစ်လိုက်ပါသည်။ အလ္လာဟ်အရှင်သည် အကောင်းဆုံး သိတော်မူပါသည်။

အာယသ် (၆၉-၇၃)

وَ لَقَدْ جَآءَتْ رُسُلُنَاۤ اِبْرٰهِيْمَ بِالْبُشْرٰى قَالُوْا سَلٰمًا ؕ قَالَ سَلٰمٌ فَمَا لَبِثَ
اَنْ جَآءَ بِعِجْلٍ حَنِيْذٍ ﴿٦٩﴾ فَلَمَّا رَاٰۤ اَيْدِيَهُمْ لَا تَصِلُ اِلَيْهِ نَكِرَهُمْ وَ اَوْجَسَ
مِنْهُمْ خِيْفَةً ؕ قَالُوْا لَا تَخَفْ اِنَّاۤ اُرْسِلْنَاۤ اِلٰى قَوْمِ لُوْطٍ ﴿٧٠﴾ وَ امْرَاَتُهٗ قَآئِمَةٌ
فَضَحِكَتْ فَبَشَّرْنٰهَا بِاِسْحٰقَ ۙ وَ مِنْ وَّرَآءِ اِسْحٰقَ يَعْقُوْبَ ﴿٧١﴾ قَالَتْ يٰوَيْلَتٰى ءَاَلِدُ
وَ اَنَا عَجُوْزٌ وَّ هٰذَا بَعْلِىْ شَيْخًا ؕ اِنَّ هٰذَا لَشَىْءٌ عَجِيْبٌ ﴿٧٢﴾ قَالُوْۤا اَتَعْجَبِيْنَ مِنْ
اَمْرِ اللّٰهِ ؕ رَحْمَتُ اللّٰهِ وَ بَرَكٰتُهٗ عَلَيْكُمْ اَهْلَ الْبَيْتِ ؕ اِنَّهٗ حَمِيْدٌ مَّجِيْدٌ ﴿٧٣﴾

ၵၢင်းပြင်မၪတ်မလွဲ ငါဖၢ်အရှင်မြတ်ဖၢ်(ကောင်းကင်)တမန်များသည် နဗီတမန်တော် အီဗရာဟီမ်ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ဆောင်ယူခဲ့ကြသည်။ (ထို့နောက်) ၵၢင်းတို့က (နဗီတမန်တော် အီဗရာဟီမ်အား) စလာမ်(အသင်သည်) ငြိမ်းချမ်းစွာရှိပါစေသားဟု ပြောဆို(နှုတ်ခွန်းဆက်)ခဲ့ကြ ပေရာ ထို(နဗီတမန်တော်)အီဗ်ရာဟီမ်က (အသင်တို့သည် လည်း) ငြိမ်းချမ်းစွာ ရှိပါစေသား ဟု(တုန့်ပြန်) ပြောဆို (နှုတ်ခွန်းဆက်) ခဲ့လေသည်။ ထို့နောက် ထို(နဗီတမန်တော်) အီဗ်ရာဟီမ်သည် ကင်ထားသော နွားကလေးကို မဆိုင်းမတွ ယူဆောင်(၍ ဧည့်ခံ)ခဲ့ လေသည်။ (၁၁:၆၉)

တစ်ဖန် ထိုစေတမန်များ၏ လက်များသည် ထိုကင်ထားသော နွားကလေးသို့ ကမ်းလှမ်းခြင်း မရှိသည်ကို ယင်း (နဗီတမန်တော်) အီဗ်ရာဟီမ် တွေ့မြင်ခဲ့လေရာ ထို(နဗီ တမန်တော်) အီဗ်ရာဟီမ်သည် ၵၢင်းတို့အား မယုံသင်္ကာ ဖြစ်ခဲ့လေ၏။ ထို့ပြင် ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်သည် (မိမိ) စိတ်ထဲတွင် ၵၢင်းတို့ဘက်မှ စိုးရိမ်ခဲ့ လေ၏။ (ထိုအခါ)ၵၢင်းစေတမန်တို့က (အို-နဗီတမန်တော်အီဗ်ရာဟီမ်) အသင်သည် မစိုးရိမ်ပါလေနှင့်၊ ဇကန်စင်စစ် ကျွန်ုပ်တို့သည် (နဗီတမန်တော် လူတို့၏ အမျိုးသားတို့ထံ စေလွတ်ခြင်းခံခဲ့ကြရ(ကုန်သော ကောင်းကင်စေတမန်များပင် ဖြစ်ကြ)သည်ဟု ပြောဆို ခဲ့ကြလေသတည်း။ (၁၁:၇၀)

ထိုအခါ ယင်း(နဗီတမန်တော်) အီဗ်ရာဟီမ်၏ ကြင်ရာတော်(စာရာ)သည် မတ်တတ်ရပ်လျက်ရှိခဲ့ ပေရာ(ဤကောင်းချီးသတင်းကို သိ၍) ရယ်မောခဲ့လေ၏။ တစ်ဖန် ငါအရှင်မြတ်သည် ထို(နဗီတမန်တော် အီဗ်ရာဟီမ်၏) ကြင်ရာတော်အား (ယင်း စေတမန်တို့မှတစ်ဆင့် နဗီတမန်တော်)"အိစ်ဟာက်" (ကိုဖွားမြင်မည့် အကြောင်း)နှင့် ထို(နဗီတမန်တော်) အိစ်ဟာက် နောက်တွင် (ဖြးတော် နဗီတမန်တော်) ယအ်ကူဗ် (သည်လည်း ဖွားမြင်မည့်အကြောင်း) သတင်းကောင်းကို ပြောကြားတော်မူခဲ့လေ၏။ (၁၁:၇၁)

(ထိုအခါ)ထိုကြင်ရာတော် (စာရာ)က အော် အကျိုးနည်းရလေခြင်း။ ကျွန်ုပ်သည် သားဖွားဦးမည်လော။ စင်စစ်သော်ကား ကျွန်ုပ်သည် အသက်အရွယ်ကြီးရင့်သော အမယ်အိုတစ်ဦး ဖြစ်ရုံမျှမက ဤ ကျွန်ုပ်၏ခင်ပွန်း (နဗီတမန်တော် အိဗ်ရာဟင်မ်)သည်လည်း အသက်အရွယ် ကြီးရင့်သော အဘိုးအိုတစ်ဦးပင် ဖြစ်ချေ သည်။ ဇကာန်စင်စစ် ဤသည်အလွန် အံ့ဖွယ်ရာ စကားတစ်ရပ်ပင် ဖြစ်ပေသည်တကားဟု ပြောဆိုခဲ့ပေသတည်း။ (၁၁း၇၂)

ထိုစေတမန်တို့က (နဗီတမန်တော် အိဗ်ရာဟင်မ်၏ ကြင်ရာတော်စာရာ သခင်မအား ဤသို့) ပြောဆို ဖြေကြားခဲ့ကြ လေသည်။ အသင်သည် အလ္လာဟ်အရှင်မြတ် ၏ အမိန့်တော် ကိုအံ့သြ၍ နေပါသလော။ အို (နဗီတမန်တော် အိဗ်ရာဟင်မ်၏) အိမ်သူ အိမ်သားတို့၊ အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်သည် လည်းကောင်း၊ ထိုအရှင်၏ ကောင်းချီးမင်္ဂလာ အဖြာဖြာတို့သည် လည်းကောင်း အသင်တို့အပေါ်၌ ကျရောက်မြဲပင် ဖြစ်ချေ သည်။ ဇကာန်မလွဲထိုအရှင်မြတ်သည် ချီးမွမ်းထောမနာပြုခြင်းကို ခံထိုက်တော်မူသောအရှင်၊ အထူးဂုဏ်ကျက်သရေနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်တော်မူပေသတည်း။ (၁၁း၇၃)

အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်ငါးခုထဲ၌ စိုက်ယိဒိနာအိဗ်ရာဟင်မ် a နှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခု ဖော်ပြထားပါသည်။ အလ္လာဟ်တအာလာသည် ကောင်းကင်စေတမန်အချို့တို့ကို စေလွှတ်တော်မူကာ သူတို့၏မိသားစုတွင် သားတစ်ယောက် မွေးဖွားလာလိမ့်မည်ဆိုသည့် ဝမ်းမြောက်ဖွယ်ရာကောင်းသတင်းကိုပြောကြားရန် စေလွှတ်တော်မူခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဇနီးသည် စိုက်ရိဒဟ်စာရဟ်နှင့် သားသမီးမထွန်းကားခဲ့ပါ။ သူမလည်း သားသမီးရရန် ဆန္ဒရှိခဲ့ပါသည်။ သို့ရာတွင် သူတို့သည် အသက်များ အတော်ပင် ကြီးရင့်နေခဲ့ပြီ။ သားသမီးရနိုင်မည့် မျှော်လင့်ချက်မရှိသည် ဆိုသည်မှာ ထင်ရှားပါသည်။ ထို့နောက် အလ္လာဟ်တအာလာသည် ကောင်းကင်စေတမန်တော်များမှ တစ်ဆင့် ဝမ်းမြောက်ဖွယ်ရာ ကောင်းသတင်း ပေးခဲ့ပါသည်။ ယင်းကောင်းသတင်းကိုလည်း သူတို့တွင် သားယောကျ်ားကလေးတစ်ယောက် ထွန်းကားမည်ဟူသော သဘောရှိသည်။ ယင်း ကလေးအား "အိစ်ဟားက်"ဟု အမည်မှည့်ခေါ်ရန် အကြံပေးလိုက်ပါသည်။ ၎င်းနောက် သူ့အား နောက်ထပ် သားသမီးများ ရရှိသည့်တိုင်အောင် အသက်ရှည်မည် ဖြစ်ကြောင်းနှင့် နောက်ထပ်မွေးမည့် သူ၏သားသည် ယအ်ကူးဗ်ဟု အမည်တွင်ကာ၊ ထိုသားနှစ်ဦးစလုံးသည် အလ္လာဟ့်(နဗီ)တမန်တော်များဖြစ်မည် ဆိုကြောင်း ပြောကြားခဲ့ပါသည်။ စိုက်ယိဒိနာ အိဗ်ရာဟင်မ် a သည်ကောင်းကင်စေတမန်များကလူသားအသွင်ဖြင့်လာရောက်ခဲ့ခြင်းကြောင့် ထိုသူများအား သာမန်ဧည့်သည်များဟု မှတ်ယူကာ သူတို့အား ဧည့်ခံခဲ့ပါသည်။ သူသည် ထိုသူများ အား နွားငယ်ကိုကင်၍ ဧည့်ခံခဲ့ပါသည်။ သို့ရာတွင် ထိုသူတို့သည် ကောင်းကင် စေတမန် အစစ်များ ဖြစ်သောကြောင့် အစားအသောက်ကို လက်ခံရန် လက်မကမ်းခဲ့ပါ။ သို့ရာတွင်အိဗ်ရာဟင်မ် a က ဤသည်ကို မြင်ရသောအခါ၌ သူသည် စိတ်ပူပင်သောက ရောက်ခဲ့ပါသည်။ ထိုသူများ

သည် ဇည့်သည်များနှင့် မတူသောကြောင့် ထိုသူတို့က သူ့အားပြဿနာရှာရန် လာရောက်သည်ဟု ထင်မှတ်ခဲ့ပါသည်။ ကောင်းကင်စေတမန်များသည် သူ၏ ပူပင် သောကရောက်မှုကို သိသော အခါ၌ သူတို့၏ စစ်မှန်သော အခြေအနေကို ဖော်ထုတ်ပြသခဲ့ပါသည်။ သူတို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းကင် စေတမန်များ ဖြစ်ကြောင်း သူ့အားပြောပြခဲ့ပါသည်။ ကြောက်စရာမလိုပါ။ သူတို့က စိုက်ယိဒိနာအိဗ်ရာဟီမ် a ၏ မိသားစုတွင် သားသမီးထွန်းကားမည်ဆိုသည့် ကောင်းသတင်းပေးရန်အတွက် သူတို့၏တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သကဲ့သို့ စိုက်ယိဒိနာလုဒ် a ၏ လူများ အပေါ်၌ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်စေရန် ဆိုသည့် တာဝန်ကိုလည်း ထမ်းဆောင်ရပါမည်။ စိုက်ယိဒိနာအိဗ်ရာဟီမ် a ၏ ဇနီး စိုက်ယိဒဟ်စာရဟ်သည် သူတို့စကားပြောနေသည်ကို၊ ကလန့်ကာ နောက်ကွယ်မှ နေ၍ နားထောင်နေခဲ့ပါသည်။ ဤသူများသည် လူသားများ မဟုတ်ဘဲ ကောင်းကင်စေတမန်များ ဖြစ်ကြောင်း သူမ သိခဲ့ရသောအခါ၌ ဟိဂျပ် (အမျိုးသမီးက အခြား သူစိမ်းယောကျ်ား၏ အမြင်မခံရပါ)ဟူသော တာဝန်ကို သူမ လိုက်နာရန် မလိုတော့ပါ။ အသက်ရွယ် ကြီးရင့်သော သူတစ်ဦးက ကလေး မွေးဖွားမည် ဆိုသော ကောင်းသတင်းကို သူမကရယ်မောခဲ့ပြီး ပြောသည်မှာ "ကျွန်ုပ်ကလည်း အဖွားအိုတစ်ဦး၊ ကျွန်ုပ်၏ ယောကျ်ားကလည်း အဖိုးအိုတစ်ဦး ဖြစ်ပါလျက်နှင့် ကျွန်ုပ်တို့ကလေးရမည် ဆိုသည်မှာ ဖြစ်နိုင်မည်လား"ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့် သူမ အလ္လာဟ် အရှင်မြတ်၏ အမိန့်တော်ကို တအံ့တသြဖြစ်နေရပါသနည်း ဟူသည်နှင့် ထိုအရှင်သည် အရာရာတိုင်းအတွက် တန်ခိုးတော် ရှိတော်မူကြောင်းကို ပြောကြားခဲ့ပါသည်။ တမန်တော်တစ်ပါး၏ မိသားစုဝင်ဖြစ်ပြီး ထိုမိသားစုအပေါ်၌ တစ်ချိန်လုံး အလ္လာဟ်အရှင်မြတ်၏ ထူးခြားသော အကြင်နာတော်နှင့် ကောင်းချီးမင်္ဂလာများ ကျရောက်ခဲ့ခြင်းကို သူမမြင်တွေ့နေရပါလျက်နှင့် ဤကိစ္စသည် မြင်သာသော အကြောင်းခံ ကွင်းဆက်များထက် သာလွန်နေသည် မဟုတ်ပါသလော။ သို့ဆိုပါလျှင် ဤကိစ္စသည် အဘယ်မှာအံ့သြစရာ ရှိပါမည်နည်း။ ဤသည်မှာ အဖြစ်အပျက်၏ အကျဉ်းချုပ်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သော အာယသ်၏ အသေးစိတ်အချက်အလက်များဆီသို့ ကျွန်ုပ်တို့ သွားကြပါစို့။

ပထမအာယသ်(၆၉)က ဤကောင်းကင်စေတမန်များသည် စိုက်ယိဒိနာ အိဗ်ရာဟီမ် a ထံ သို့ ဝမ်းမြောက်ဖွယ်ရာ ကောင်းသတင်းနှင့် လာရောက်ခဲ့သည် ဆိုကြောင်း ကျွန်ုပ်တို့အား ပြောပြပါသည်။ ဝမ်းမြောက်ဖွယ်ရာ ကောင်းသတင်းအား နောက်အာယသ်(၇၁)ထဲ၌ فَبَشَّرْنَٰهَا بِإِسْحَٰقَ "တစ်ဖန်ငါအရှင်မြတ်သည် ထို(နဗီတမန်တော် အိဗ်ရာဟီမ်၏) ကြင်ယာတော်အား (ယင်းစေတမန်တို့မှ တစ်ဆင့် နဗီတမန်တော်) အိစ်ဟာက်ကို (ဖွားမြင်မည့် အကြောင်း) ကောင်းသတင်းပေးခဲ့သည်။"ဟူ၍ ဖော်ပြ ထားသည်။

စိုက်ယိဒိနာအဗ်ဒွလ္လာဟ် အဗ္ဗာစ် d က ပြောသည်မှာ ဤကောင်းကင်စေတမန် သုံးပါးတို့သည် ဂျိဗ်ရာအီးလ်၊ မီကာအီးလ်နှင့် အစ္စရာဖီးလ် a တို့ ဖြစ်ကြသည် ဆိုကြောင်း ပြောပါသည်။ (ကုရ်သုဒီ) ကောင်းကင်စေတမန်တို့ သည် လူသားအသွင်ဖြင့် လာရောက်ခဲ့ကာ စိုက်ယိဒိနာအိဗ်ရာဟီမ် a အား စလာမ်ဆို၍ နှုတ်ခွန်းဆက်ခဲ့ကြပါသည်။ စိုက်ယိဒိနာအိဗ်ရာဟီမ် a သည် သူတို့၏ စလာမ်ဆို နှုတ်ခွန်းဆက်မှု ပြန်လည်၍ တုန့်ပြန်ခဲ့ပြီးသည့်နောက် ထိုသူများအား လူသားဟု ထင်မှတ်ကာ ပြုနေကျအတိုင်း ဧည့်ခံခဲ့ပါသည်။

စိုက်ယိဒိနာအိဗ်ရာဟီမ် a သည် ဇည့်သည်များအား ဂုဏ်ပေးသည့်အနေဖြင့် ဧည့်ခံခြင်း ဓလေ့ကိုပြုလုပ်ခဲ့သော ပထမဦးဆုံးသော လူသားဖြစ်ပါသည်။ (ကုရ်သုဒီ)သူသည် တစ်ဦးတည်း စားသောက်ခြင်းမရှိဆိုသည်မှာ သူ၏ ပြုဆောင်နေကျ လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။ စားသောက်ရန်အချိန် ကျရောက်သောအခါ၌ သူနှင့်အတူ စားသောက်

စေရန် သူသည် ဇည့်သည်တစ်ဦးအား ရှာလေ့ရှိပါသည်။

အစ္စရာအီးလ်တို့၏ ဆင့်ပြန်ချက်များကို အလ်ကုရ်သုဒီက တင်ပြထားသည်မှာ တစ်နေ့သောအခါ စားသောက်ချိန် ကျရောက်သောအခါတွင် စိုက်ယိဒိနာ အိဗ်ရာဟီးမ် a သည် ဇည့်သည်တစ်ဦးအား စတင်ရှာဖွေပါ တော့သည်။ သူရှာတွေ့ရသည်ကတော့ သူစိမ်းတစ်ဦးဖြစ်ပါသည်။ ထိုသူစားသောက်ရန်ထိုင်သောအခါ၌ စိုက်ယိဒိနာ အိဗ်ရာဟီးမ် a က ထိုသူအားပြောသည်မှာ "ကျွန်တော်မျိုးသည် အလ္လာဟ် အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါသည် ဟုပြောပါလေ"ဟူ၍ ဖြစ်ပါသည်။ ထိုသူက "ကျွန်ုပ် အလ္လာဟ်အရှင်ကို မသိပါ၊ ထိုအရှင်သည် မည်သူနည်း။ ဘာလဲ" ဟူ၍မေးသည်။ စိုက်ယိဒိနာအိဗ်ရာဟီးမ် a က ထိုသူအား"စားသောက်ဖွယ်ရာ စားပွဲမှ ထွက်ခွာသွားပါ"ဟုပြောလေသည်။ထိုသူထွက်ခွာသွားသောအခါ၌ဂျိဗ်ရာအီးလ် a ဆင်းသက်လာပြီးပြောကြားသည်မှာအလ္လာဟ်တအာလာသည် ယုံကြည်သက်ဝင်မှု မရှိသောသူအတွက် သူ၏ဘဝတစ်လျှောက်လုံး စားနပ်ရိက္ခာပေးသနားထားပါသည်။ အသင်ကမူ "ကပ်စေးနဲဇာ၊ စေးနဲတွန့်တိုကာ ထမင်းတစ်လုပ်မျှပင် မပေးပါ"ဟူ၍ ဖြစ်ပါသည်။ ဤသည်ကို ကြားရသောအခါ၌ စိုက်ယိဒိနာအိဗ်ရာဟီးမ် a သည် ထိုသူ့နောက်သို့ လိုက်သွားကာ ပြန်လည်ခေါ်ဆောင် ခဲ့ပါသည်။ ထိုသူက "အစ ပထမ၌ အသင်ကျွန်ုပ်အား အဘယ့်ကြောင့် နှင်ထုတ်ခဲ့ရသည့် အကြောင်းနှင့် ကျွန်ုပ်အား အဘယ့်အတွက်ကြောင့် ပြန်ခေါ်ရသည့်အကြောင်းကို မပြောသမျှ ကျွန်ုပ် အသင်နှင့်မလိုက်ပါ"ဟုပြောသည်။

စိုက်ယိဒိနာအိဗ်ရာဟီးမ် a က ထိုသူအား ဖြစ်ခဲ့သမျှကို ပြောပြသောအခါ၌ ထိုအဖြစ်အပျက် သည်ကပင်လျှင် ထိုသူအား သက်ဝင်ယုံကြည်သူ တစ်ဦး ဖြစ်သွားစေပါသည်။

ထိုသူက"အသင့်အား ဤကဲ့သို့ ပြုလုပ်စေသော အရှင်သည် နူးညံ့သိမ်မွေ့လှပါသည်။ ကျွန်ုပ် ထိုအရှင်အား သက်ဝင်ယုံကြည်ပါပြီ"ဟူ၍ ပြောလေသည်။ ထို့နောက် ထိုသူသည် စိုက်ယိဒနာအိဗ်ရာဟီမ် a နှင့် လိုက်ပါ သွားကာ စားသောက်ဖွယ်ရာများကို စစ်မှန်သော ယုံကြည်သက်ဝင်သူ တစ်ဦးကဲ့သို့ ဝိစ္စမလ္လာဟ်ဖတ်ပြီးမှ စားသောက် ပါတော့သည်။

ထို့ကြောင့် စိုက်ယိဒနာအိဗ်ရာဟီမ် a သည် ဇည့်သည်များကို ဇည့်ခံသည့် သူ၏အကျင့်ဓလေ့ အတိုင်း လူသားအသွင်ဖြင့် လာသော ကောင်းကင်စေတမန်များအား ကြိုဆို၍ ဇည့်ခံခဲ့ပါသည်။ ထိုကောင်းကင် စေတမန်တို့သည် သူ့အတွက် လူသားများ ဇည့်သည်များ ဖြစ်သည်ဆိုသည်မှာ သဘာဝကျပါသည်။ အိမ်ရှင်သည် အစွမ်းကုန် ကြိုးစားကာ အချိန်မဖြုန်းဘဲ ကောင်းကင်စေတမန်များ အတွက် နွားကလေး အကင်ဖြင့် တည်ခင်း ဇည့်ခံပါတော့သည်။

ဒုတိယ အာယသ်(၇၀)ထဲ၌ ကောင်းကင်စေတမန်တို့သည် လူသားအသွင်ဖြင့် လာခဲ့သော်လည်း ထိုသီးသန့် အချိန်တွင် လူသားတို့ စရိုက်ဖြစ်သော စားခြင်း၊ သောက်ခြင်းတို့ကို ထိုသူတို့အား ပေးထားနိုင်ပါသည်။ သို့ရာတွင် ထိုကောင်းကင် စေတမန်များအတွက် အသိဉာဏ်ကြွယ်သော ရွေးချယ်မှုတစ်ခုသည် မစား၊ မသောက်ခြင်းပင် ဖြစ်ပါသည်။ သို့မှသာသူတို့သည် ကောင်းကင်စေတမန်များ ဖြစ်ကြောင်း ပေါ်လွင်သွား စေပါသည်။ ထို့ကြောင့် ၎င်းတို့သည် လူသားအသွင်ဖြင့်ရှိနေသော်လည်း သူတို့၏ကောင်းကင်စေတမန် အကျင့်စရိုက်များ ဆက်လက်တည်ရှိစေပါသည်။ ထို့ကြောင့် ထိုသူများသည် သူတို့အား ကျေးမွေးသော အစားအစာများကို လက်မခံခဲ့ပါ။

အချို့သော တင်ပြချက်များ အရ ထိုသူများ၏ လက်တွင်မြားတံများ ကိုင်ဆောင်ထားကြသည်ဟုဆိုသည်။ ထိုသူတို့သည် အသားကင်အား မြားဦးများဖြင့် ထိုးဆွကြပါတော့သည်။ ထိုသူများဤကဲ့သို့ ပြုလုပ်ခဲ့သောကြောင့်

ထိုသူတို့သည် သူ၏ရန်သူများ ဟူ၍ စိုက်ယိဒိနာ အိဗ်ရာဟင်မ် a က တွေးတော စိုးရိမ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ်၏ဓလေ့နှင့်အညီ အကယ်၍ဧည့်သည်တစ်ဦးသည် စားသောက်ရန်ငြင်းဆိုခဲ့ပါက သူ့အား ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်မည့် လက္ခဏာဖြစ်ပါသည်။ (ကုရ်သုဗီ) ထိုသူများက၊ သူတို့မည်သူမည်ဝါ ဖြစ်ကြောင်း ထုတ်ဖော်ပြောပြခဲ့သော အခါ၌၊ စိုက်ယိဒိနာအိဗ်ရာဟင်မ် a ၏ စိုးရိမ်သောကမှာ ပြေပျောက်သွားပါသည်။ ၎င်းနောက် သူတို့သည် ကောင်းကင်စေတမန်များ ဖြစ်သောကြောင့် စားခြင်းသောက်ခြင်း မပြုလုပ်ပါဟုပြောခဲ့ပါသည်။ ထို့ကြောင့် သူတွင် အန္တရာယ်ကျရောက်မည်ဆိုကြောင်းကို စိုက်ယိဒိနာအိဗ်ရာဟင်မ် a ပူပင်စရာမလိုတော့ပါ။

အမိန့်ပညတ်ချက်များနှင့်ဥပဒေများ

လေ့လာနေသော အာယသ်များထဲတွင်၊ နေထိုင် ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်သော လမ်းညွှန်မှု ဆိုင်ရာ အရေးကြီးသည့်ဥပဒေများနှင့် အမိန့်ပညတ်ချက်များစွာ ပါဝင်ပါသည်။ အီမာန် အလ်ကုရ်သုဗီက သူ၏ သဖီစီရ်ကျမ်းထဲ၌ ဤသည်တို့ကို အသေးစိတ် ဆွေးနွေးထားသည်။

စလာမ်၏ စွန့်သစ်တော်

အာယသ် ၆၉ ၏ قَالُوْا سَلٰمًا قَالَ سَلٰمٌ "ငင်းတို့က(နဗီတမန်တော် အိဗ်ရာဟင်မ် အား) စလာမ်(အသင်သည်) ငြိမ်းချမ်းစွာရှိပါစေသားဟု ပြောဆို (နှုတ်ခွန်းဆက်)ခဲ့ကြ ပေရာ၊ ထို(နဗီတမန်တော်)အိဗ်ရာဟင်မ်က (အသင်တို့သည် လည်း) ငြိမ်းချမ်းစွာ ရှိကြပါစေသားဟု (တုန့်ပြန်)ပြောဆို (နှုတ်ခွန်းဆက်)ခဲ့လေ၏။ စကားလုံးများက ကျွန်ုပ်တို့အား သင်ကြားပြသည်မှာ မွတ်စလင်မ်တို့သည် ၎င်းတို့အချင်းချင်း တွေ့ဆုံကြသောအခါ၌၊ စလာမ်ဆို နှုတ်ခွန်းဆက်ရမည် ဆိုသည်မှာ မွတ်စလင်မ်တိုင်းအတွက် စွန့်သစ်ဖြစ်ပါသည်။ ဝင်ရောက်လာသော ဧည့်သည်က ဦးစွာပထမ စလာမ်ဆိုရပါမည်။ အခြားသူများက စလာမ်ပြန်ရပါမည်။

လူ့အသိုင်းအဝန်း အားလုံးတွင် တွေ့ရသော ဓလေ့တစ်ခုမှာ အချင်းချင်း တွေ့ဆုံသော အခါ၌ လူအများတို့သည် စကားလုံးအချို့ ပြောဆိုကာ နှုတ်ခွန်းဆက်ကြပါသည်။ သို့ရာတွင်– ဤသည်နှင့် ပတ်သက်၍ အစ္စလာမ် ဘာသာ၏သင်ကြားပို့ချချက်သည် အနှုတ်မဲ့ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် စကားလုံး၏ မတ်စ်နူးန်သည် السلام عليكم (အပ်စလားမုအလိုင်း ကွန်းမ်)ဖြစ်ပါသည်။ ယင်းတွင်အ လွှာဟ်အရှင်မြတ်၏ နာမတော်ပါဝင်ပါသည်။ ယင်းထဲတွင် အလွှာဟ်အရှင်မြတ်အား တသခြင်းနှင့် ထိုအရှင့်ထံတော်မှ ငြိမ်းချမ်းခြင်းနှင့်အ ကာအကွယ်များ အတွက် ဒုအာပြုမှု ပါဝင်သည်။ ထပ်ဆောင်းကာ ယင်းတွင် တစ်စုံတစ်ဦး ဘဝ၊ ဥစ္စာပစ္စည်းနှင့် ဂုဏ်သိက္ခာတို့ကို အာမခံချက် ရစေရန်ဖြစ်ပါသည်။ (ကျွန်ုပ်တို့သည် "အပ်စလားမုအလိုင်းကွန်းမ်" "အသင့်အပေါ်၌ ငြိမ်းချမ်းသာယာမှု အပေါင်းကျရောက်ပါစေ")နှင့် တန်းတူသည်ဟု သတ်မှတ်လိုက်ပါက ယင်းသည် အရေးပါသော ဝိညာဏ်မဲ့သော ခန္ဓာကိုယ်ဖြစ်သွားပါလိမ့်မည်။ (ပြန်ဆိုသူ)

ကုရ်အာန် ကျမ်းတော်မြတ်၏ ဤနေရာ၌ ကောင်းကင်စေတမန်များက سلام (စလာမ်)ဟု ပြောဆိုသော အခါ၌ စိုက်ယိဒိနာအိဗ်ရာဟီးမ် a ကလည်း عليه السلام (စလာမ်)ဖြင့်တုံ့ပြန်ခဲ့ပါသည်။ ဤနေရာ၌ စလာမ် ဆိုခြင်းကို ယင်း၏ပြည့်စုံသောပုံစံဖြင့် ဖော်ပြရန်မလိုအပ်ဟု ယူဆထားသည်မှာ ထင်ရှားပါသည်။ ပြုလုပ်နေကျ ဓလေ့ထုံးစံ အတိုင်းဆိုလျှင်၊ တစ်စုံတစ်ဦးသည် အခြားသူ တစ်ဦးအား စလာမ်ဆိုသောအခါ၌သူသည် "အပ်စလားမု အလိုင်း

ကွန်းမ်"ဟု အပြည့်အစုံဆိုသည်ဟု မှတ်ယူထားသည်။ အလားတူစွာပင် ဤနေရာပါ စလာမ်သည်လည်း မတ်စ်နူးန် အပြည့်ဖြင့် နူတ်ဆက်ခြင်းဖြစ်ပါသည်။ ယင်းသို့ ပြုလုပ်ရန်ကို တမန်တော်မြတ်(S)သည် ကိုယ်တော်၏ ပြောဆိုမှု၊ လက်တွေ့ လုပ်ဆောင်မှုတို့ဖြင့် အုမ္မသ်ထုအား သင်ကြား ပေးထားခဲ့သည်။ ဆိုလိုသည်မှာ စလာမ်ဆိုခြင်းကို **السلام عليكم** "အပ်စလားမု အလိုင်းကွန်းမ်" စတင်ပြောဆိုနူတ်ဆက်ကာ ပြန်လည်တုန့်ပြန် အဖြေပေးရာတွင် (**وعليكم السلام ورحمة الله**) "ဝအလိုင်းကွန်း မုစ်စလာမ်" (သို့မဟုတ်) ထိုထက်ရက်ရောစွာ တုန့်ပြန်လိုပါက **وعليكم السّلام ورحمة الله** "ဝအာလိုက်ကွန်း မွတ်စလာမ် ဝရဟ်မသွလ္လာဟ်"ဟူ၍ ဖြစ်သည်။

ဇည့်သည်နှင့် အိမ်ရှင်တို့အတွက် အချို့သောဥပဒေများ

အာယသ်(၆၉)၏ နောက်ဆုံးဝါကျထဲ၌ **فَمَا لَبِثَ اَنْ جَآءَ بِعِجْلٍ حَنِيْذٍ** "ထို့နောက် ထို(နဗီတမန်တော်) အိပ်ရာဟီမ်သည် ကင်ထားသော နွားကလေးကို မဆိုင်းမတွ ယူဆောင်၍ (ဇည့်ခံ)ခဲ့လေသည်။"ဟူ၍ မိန့်ထားသည်။

ဤသည်က ကျွန်ုပ်တို့အား အချို့သော ကိစ္စရပ်များ ပြောပြပါသည်။

၁။ ဇည့်ဝတ်ပျူငှာမှု၏ ဓလေ့ထုံးစံတစ်စိတ်တစ်ပိုင်းမှာ အိမ်ရှင်သည်ဇည့်သည်ရောက်လာသည် နှင့် တစ်ပြိုင်နက် မြန်မြန်ဆန်ဆန်နှင့် လွယ်လွယ်ကူကူရှိပြီးသား သက်တောင့်သက်သာ ဖြစ်စေသော သူ၏လက်ဝယ်ရှိ အစားအသောက်တို့ဖြင့် တည့်ခင်းဇည့်ခံပါမည်။ ထို့နောက် အိမ်ရှင်သည် တတ်စွမ်းနိုင်သူဖြစ်ပါက နောက်ပိုင်းတွင် ထပ်ဆောင်း ဇည့်ဝတ် ကျေပွန်မှုကို သူစီမံနိုင်ပါသည်။ (ကုရ်သုဗီ)

၂။ အိမ်ရှင်သည် ဇည့်သည်အတွက် မြောက်များစွာသော သမရိုးကျ အစီအမံ ပြုလုပ်ရန်အတွက် သောက မဖြစ်သင့်ပါ။ လွယ်လွယ်ကူကူရနိုင်သော မည်သို့သော ကောင်းသည့် အရာမဆို လုံလောက်ပါသည်။ ထိုသည် တို့ဖြင့် ဇည့်သည်အား တည်ခင်းပါလေ။ စိုက်ယိဒီနာ အိဗ်ရာဟီးမ် a ၌ အိမ်မွေးသတ္တဝါအချို့ ရှိပါသည်။ ထိုကြောင့်သူသည် နွားငယ် တစ်ကောင်အား သတ်ခါ မြန်မြန်ဆန်ဆန် မီးကင်၍ သူ၏ ဇည့်သည်များအား တည်ခင်းဇည့်ခံခဲ့ပါသည်။ (ကုရ်သုဗီ)

၃။ ဇည့်သည်များအား လက်ခံခြင်းနှင့် ဇည့်ဝတ်ကျေခြင်း ဆိုသည်တို့မှာ အစွလာမ်သာသနာ၏ အရေးပါသော အကျင့်စရိုက် တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ အကယ်ဆိုရသော် ယင်းသည် ကိုယ်ကျင့်တရား မြင့်မားမှု၏ အထိမ်းအမှတ်ဖြစ်ပါသည်။ ဤသည်မှာ မြင့်မြတ်သော တမန်တော်များနှင့် ဖြောင့်မတ် မှန်ကန်သော သူတို့၏ အလေ့အထပင် ဖြစ်ပါသည်။ ဇည့်သည်များအား ဇည့်ခံကျေးမွေးခြင်းသည် ဝါဂျစ်ဗ်ဖြစ်ပါသလော။(သို့မဟုတ်) မဖြစ်ပါ သလော။ ဤကိစ္စ အတွက် အိုလမာများတွင် ကွဲပြားသော သဘောထားရှိကြသည်။ အိုလမာပညာရှင် အများစုက ယင်းသည် စွန့်သဗ်တော်ဖြစ်၍ နှစ်လိုဖွယ်ရာ ရှိပါသည်။ ဝါဂျစ်ဗ်တော့ မဟုတ်ပါ။ အချို့သော အိုလမာများက ပြောသည်မှာ ရွာတစ်ရွာတွင် လာရောက် နေထိုင်သူ တစ်ဦးအတွက် ထိုသူအား ဇည့်ခံရန်မှာ ရွာသားများ အပေါ်၌ ဝါဂျစ်ဗ်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူစိမ်းသည် ထိုနေရာ၌ သူစားသောက်ရန်အတွက် အစီအမံများ မပြုလုပ်နိုင်သောကြောင့် ဖြစ်ပါသည်။ မြို့ကြီးပြကြီးများတွင်မူ ထိုကဲ့သို့သော အစီအမံများ ပြုလုပ်နိုင်သောကြောင့် မြို့နေလူထုအတွက် ဝါဂျစ်ဗ် မဟုတ်ပါ။ အီမာမ် အလ်ကုရ်သုဗီက ဤမတူကွဲပြားသော အယူအဆအားလုံးတို့အား သူ၏သဖိစီရ် ကျမ်းထဲ၌ တင်ပြထားသည်။

အာယသ်(၇၀)ထဲ၌ فَلَمَّا رَآ اَيۡدِيَهُمۡ لَا تَصِلُ اِلَيۡهِ نَكِرَهُمۡ "တစ်ဖန် ထိုစေတမန်များ၏ လက်များသည် ထိုကင်ထားသော နွားကလေးသို့ ကမ်းလှမ်းခြင်း မရှိသည်ကို ယင်း (နဗီတမန်တော်) အိဗ်ရာဟီမ် တွေ့မြင်ခဲ့လေရာ ထို(နဗီတမန်တော်) အိဗ်ရာဟီမ်သည် ၎င်းတို့အား မယုံသင်္ကာဖြစ်ခဲ့ လေ၏"ဟူ၍မိန့်ထားသည်။

ဤသည်မှဇည့်သည်များ လိုက်နာရမည့် ကျင့်ဝတ်ဆိုင်ရာ ဥပဒေများရှိသေးသည် ဆိုသည်ကို ကျွန်ုပ်တို့ လေ့လာရပါသည်။ ဇည့်သည်သည် တည်ခင်းဇည့်ခံသည်ကို လက်ခံသင့် ပါသည်။ အရသာကို မကြိုက်၍ ဖြစ်စေ၊ အန္တရာယ်ကျရောက်မည်ကိုစိုးရိမ်သောကြောင့်ဖြစ်စေ၊ အကယ်၍မစားလိုလျှင် သော်မှ အိမ်ရှင် ကျေနပ်စေရန်အတွက် အနည်းငယ်မျှ စားသင့်ပါသည်။

ဤပါကျက အိမ်ရှင်သည် ဇည့်သည်အား အစားအသောက် တည်ခင်းပေးလိုက်သည်နှင့် သူ၏တာဝန်ပြီးသွားသည်ဟု မယူဆသင့်ကြောင်း ကျွန်ုပ်တို့အား ပြောပြပါသည်။ အိမ်ရှင်သည် ဇည့်သည် အစားအသောက် စားမစားကို ငြိမ်သက်စွာ စောင့်ကြည့်သင့်ပါသည်။ ယင်းကဲ့သို့ပင် စိုက်ယိဒနာအိဗ်ရာဟီမ် a သည် ကောင်းကင် စေတမန်များ မစားသည်ကို တွေ့ရသောအခါ၌ ပြုလုပ်ခဲ့ပါသည်။

သို့ရာတွင် ဤစောင့်ကြည့်မှုသည် မသိမသာဖြစ်ရမည်။ ဇည့်သည် စားသောက်နေသည်ကို စူးစိုက် ကြည့်ရသည်မျိုး မဖြစ်ရပါ။ အမှတ်တမဲ့ကြည့်ခြင်းဖြင့် လုံလောက်သည်။ ဇည့်သည် ထမင်းစားသောက်နေသည်ကို ကြည့်နေခြင်းသည် ဇည့်ခံခြင်းကျင့်ဝတ်နှင့် ဆန့်ကျင်၍ ဖိတ်ကြားခြင်းခံရသည့် ဇည့်သည်အတွက်လည်း ဂုဏ်သိက္ခာ ပျက်စေပါသည်။ ဤသည်ကို ခလီဖာဟ်ဟိရှာမ် အိဗ်နေ့မာလိက်နှင့် သက်ဆိုင်သော အဖြစ်အပျက်တစ်ရပ်တွင် ထုတ်ဖော်ပြသထားသည်။ တစ်နေ့သောအခါတွင် ခလီဖာဟ်ကြီးသည် အာရဗ် ကျေးတောသားတစ်ဦးနှင့် အတူတကွ စားသောက်နေခဲ့သည်။ အာရဗ်ကျေးတောသား စားနေသော ထမင်းလုတ်တွင် ဆံချည် တစ်မျှင် ပါနေခဲ့သည်။ ခလီဖာဟ်ဟိရှာမ်က ယင်းကိုတွေ့သောအခါ ထိုအာရဗ် ကျေးတောသားကို ပြောလိုက်သည်။ အာရဗ် ကျေးတောသားသည် အစော်ကားခံရ၍ ရုတ်တရက်ချက်ချင်း မတ်တပ်ရပ်ကာ "ကျွန်ုပ်တို့၏ ထမင်းလုတ်ကို စောင့်ကြည့်သူ တစ်ဦးနှင့် မည်သည့်အခါမျှ အတူမစားပါ"ဟု ပြောခဲ့သည်။

ဤနေရာ၌ အလ်သဗာရီက တင်ပြသည်မှာ "ကောင်းကင် စေတမန်များသည် ပထမအကြိမ်မစား သောက်သောအခါ၎င်းတို့သည် အလကားရသော ထမင်းကိုမစားဟု"ပြောကြသည်။ အကယ်၍ ယင်းအစား အသောက်အတွက် ကျသင့်သော အဖိုးအခကို လက်ခံလျှင် စားသောက်မည်။ စိုက်ယိဒနာအိဗ်ရာဟီမ် a က "ကောင်းပြီ။ ဤအစား အသောက်အတွက် အဖိုးအခ တစ်ရပ်ရှိသည်။ ယင်းကို အသင်တို့ ပေးနိုင်သည်။ အဖိုးအခကား အသင်စတင် စားသောက်လျှင် အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်ဟု ရွတ်ဆို၍ စားသောက်ပြီးလျှင် ထိုအရှင်မြတ်အား ချီးကျူးထောမနာပြုပါ"။ ဤသည်ကိုကြားလျှင် ကောင်းကင်စေတမန်ချုပ်ဂျစ်ဗ်ရာအီလ် a က "အလ္လာဟ်အရှင်မြတ်သည် ၎င်းကို အရှင်မြတ်၏ အဆွေတော်ဟုခေါ်ခြင်းမှာ မှန်ကန်ပေသည်။ ယင်းဂုဏ်ပုဒ်နှင့်လည်း ထိုက်တန်ပေသည် ဟု သူ၏ အပေါင်းအဖော်များကို ပြောကြားခဲ့သည်"ဟူ၍ ဖြစ်သည်။

ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ အစားအသောက် စတင်စားသောက်မည်ဆိုလျှင် ဗိစ္စမိလ္လာဟ် (အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့်အစပြုပါ၏)ဟု ပြောဆိုခြင်းနှင့် စားသောက်ပြီးသော အခါတွင် (အလ်ဟမ်ဒုလိလ္လာဟ်- ချီးကျူးထောမနာမှု အပေါင်းသည် အလ္လာဟ်အရှင်မြတ်အတွက်သာလျှင် ဖြစ်ပါ၏)ဟု ရွတ်ဆိုခြင်း သည် စွန့်သဗ်တော်ဖြစ်လေသည်။

အာယသ် (၇၄-၈၃)

فَلَمَّا ذَهَبَ عَنْ اِبْرٰهِيْمَ الرَّوْعُ وَجَآءَتْهُ الْبُشْرٰى يُجَادِلُنَا فِيْ قَوْمِ لُوْطٍ ۝٧٤ اِنَّ
اِبْرٰهِيْمَ لَحَلِيْمٌ اَوَّاهٌ مُّنِيْبٌ ۝٧٥ يٰۤاِبْرٰهِيْمُ اَعْرِضْ عَنْ هٰذَا ۚ اِنَّهٗ قَدْ جَآءَ اَمْرُ
رَبِّكَ ۚ وَاِنَّهُمْ اٰتِيْهِمْ عَذَابٌ غَيْرُ مَرْدُوْدٍ ۝٧٦ وَلَمَّا جَآءَتْ رُسُلُنَا لُوْطًا سِيْٓءَ
بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَّقَالَ هٰذَا يَوْمٌ عَصِيْبٌ ۝٧٧ وَجَآءَهٗ قَوْمُهٗ يُهْرَعُوْنَ
اِلَيْهِ ؕ وَمِنْ قَبْلُ كَانُوْا يَعْمَلُوْنَ السَّيِّاٰتِ ؕ قَالَ يٰقَوْمِ هٰٓؤُلَآءِ بَنَاتِيْ هُنَّ اَطْهَرُ
لَكُمْ فَاتَّقُوا اللّٰهَ وَلَا تُخْزُوْنِ فِيْ ضَيْفِيْ ؕ اَلَيْسَ مِنْكُمْ رَجُلٌ رَّشِيْدٌ ۝٧٨ قَالُوْا
لَقَدْ عَلِمْتَ مَا لَنَا فِيْ بَنٰتِكَ مِنْ حَقٍّ ۚ وَاِنَّكَ لَتَعْلَمُ مَا نُرِيْدُ ۝٧٩ قَالَ لَوْ اَنَّ لِيْ
بِكُمْ قُوَّةً اَوْ اٰوِيْۤ اِلٰى رُكْنٍ شَدِيْدٍ ۝٨٠ قَالُوْا يٰلُوْطُ اِنَّا رُسُلُ رَبِّكَ لَنْ يَّصِلُوْۤا
اِلَيْكَ فَاَسْرِ بِاَهْلِكَ بِقِطْعٍ مِّنَ الَّيْلِ وَلَا يَلْتَفِتْ مِنْكُمْ اَحَدٌ اِلَّا امْرَاَتَكَ ؕ اِنَّهٗ
مُصِيْبُهَا مَاۤ اَصَابَهُمْ ؕ اِنَّ مَوْعِدَهُمُ الصُّبْحُ ؕ اَلَيْسَ الصُّبْحُ بِقَرِيْبٍ ۝٨١ فَلَمَّا
جَآءَ اَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَاَمْطَرْنَا عَلَيْهَا حِجَارَةً مِّنْ سِجِّيْلٍ ۙ مَّنْضُوْدٍ
۝٨٢ مُّسَوَّمَةً عِنْدَ رَبِّكَ ؕ وَمَا هِيَ مِنَ الظّٰلِمِيْنَ بِبَعِيْدٍ ۝٨٣

တစ်ဖန်(နဗီတမန်တော်)အိဗ်ရာဟီမ်(၏စိတ်ထဲ)မှ စိုးရိမ်မှုသည်ကင်းရှင်း၍သွားပြီး နောက် ယင်း၏ထံသို့ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း ရောက်ရှိလာသော အခါ ထို(နဗီတမန်တော်)အိဗ်ရာဟီမ်သည်(နဗီတမန်တော်) လူသွတ်၏ အမျိုးသားတို့နှင့် ပတ်သက်၍ ငါ့အရှင်မြတ်(၏ ကောင်းကင်တမန်များ)နှင့် အငြင်းအခုံပြုလုပ်လေ တော့သည်။ (၁၁း၇၄)

ဇကန်စင်စစ်(နဗီတမန်တော်)အိဗ်ရာဟီမ်သည် အလွန်တရာ ထောက်ထားစာနာတတ်သူ၊ အလွန်တရာ တိုးလျှိုးတောင်းပန်သူ၊ အလွန်တရာ နှောင်တရတတ်သူပင် ဖြစ်ပေသတည်း။ (၁၁း၇၅)

အို-အိဗ်ရာဟီမ်၊ (အသင်သည် ဤသည်မှရှောင်ဖယ်၍နေပါလေ။ ဇကန်မလွဲ အသင်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိခဲ့လေပြီ။ ထိုမှတစ်ပါး ၎င်းတို့ထံ ပြန်လည်ရုတ်သိမ်းခြင်းမရှိသော ပြစ်ဒဏ်ကျ ရောက်တော့မည်မှာ ဇကန်မလွဲတည်း။ (၁၁း၇၆)

ထို့နောက် ငါအရှင်မြတ်၏ စေတမန်တော်များသည် (နဗီတမန်တော်)လူသွဲ့ ထံသို့ ရောက်ရှိ လာခဲ့ကြသောအခါ ထိုနဗီတမန်တော် လူသွဲ့သည် ၎င်းတို့အတွက် ရတက် မအေး ဖြစ်ခဲ့ရသည့်အပြင် ၎င်းတို့အတွက် အလွန် စိတ်ကျဉ်းကျပ်ခြင်းလည်း ဖြစ်ခဲ့လေ သည်။ ထိုမှတစ်ပါး "ဤနေ့သည် အလွန်ခက်ခဲသော နေ့ပင်ဖြစ်ပေသည် တကား"ဟု ထို(နဗီတမန်တော်)လူသွဲ့သည် ပြောဆိုမြည်တမ်းခဲ့လေ သတည်း။ (၁၁း၇၇)

ထို့နောက် ယင်း(နဗီတမန်တော်)"လူသွဲ့"၏ အမျိုးသားများသည် ယင်း၏ထံသို့ အပြေး အလွှား လာခဲ့ကြ လေသည်။ စင်စစ်သော်ကား ၎င်းတို့သည် ယခင်မူလကပင် မကောင်းမှု ဒုစရိုက်များကို ကျင့်မူပွားများလျက်ရှိခဲ့ကြကုန်၏။ (ထိုအခါ)ယင်း (နဗီ တမန်တော်)လူသွဲ့က "အို-ငါ၏အမျိုးသားတို့၊ဤသည်ငါ၏သမီးများပင်(အသင်တို့သည် ၎င်းတို့နှင့် ထိမ်းမြားကြလေကုန်)၊ ၎င်းတို့သည် အသင်တို့ အဖို့ပိုမို၍သန့်စင်ကြပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ငါ့အား ငါ၏ ဧည့်သည်တော်များ(ဧရှ့)တွင် အရှက်တကွဲ အကျိုးနည်း မပြုကြကုန်လင့်။ အသင်တို့တွင် ရိုးသားဖြောင့်မတ်သောသူ တစ်ယောက်တစ်လေမျှပင် မရှိလေသလော။"ဟု ပြောဆိုခဲ့လေသတည်း။ (၁၁း၇၈)

ထိုအခါ ယင်းအမျိုးသားတို့က (အို-လူသွဲ့)ကျွန်ုပ်တို့၌ အသင်၏ သမီးများနှင့် ပတ်သက်၍ အလိုတစ်စုံတစ်ရာမျှ မရှိကြောင်း အသင်သည် ဇကန်အမှန် သိရှိပြီး ဖြစ်ပေသည်။ ထို့ပြင် ဇကန်စင်စစ် အသင်သည် ကျွန်ုပ်တို့၏ ရည်စူးချက်ကိုလည်း (ကောင်းစွာ)သိရှိပြီးဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။ (၁၁း၇၉)

ထို(နဗီတမန်တော်) လူသွဲ့က (ဤသို့)ပြောဆို ညည်းညူခဲ့ လေသည်။ အော်-အကယ်၍ ငါ့မှာ အသင်တို့အား ခုခံနိုင်ရန် စွမ်းအားရှိခဲ့မူ သို့တည်းမဟုတ် ငါသည် ခိုင်ခံ့သော အမှီသဟဲတစ်ခုကို အမှီသဟဲပြုနိုင်ပါမူ ကောင်းလေစွတကား။ (၁၁း၈၀)

ထိုအခါ ယင်း(စေတမန်)တို့က (ဤသို့)ပြောဆိုခဲ့ကြ ကုန်၏။ အို-(နဗီတမန်တော်) လူသွဲ့၊ (အသင်သည် မည်သို့မျှမစိုးရိမ်ပါလေနှင့်) ဇကန်မလွဲ ကျွန်ုပ်တို့သည် အသင်၏ အရှင်မြတ်က စေလွှတ်တော်မူသော စေတမန်များပင်ဖြစ်ကြပေရာ ၎င်းတို့သည် အသင် ၏ အပါးသို့ အလျှင်းချဉ်းကပ်နိုင်ကြမည်မဟုတ်ပေ။ သို့ဖြစ်ပေရာ အသင်သည် မိမိ အိမ်သူအိမ်သား တို့နှင့်တကွ ညဉ့်၏ အစိတ်အပိုင်း တစ်ခုခုတွင် ထွက်ခွါသွားပါလေ။ သို့ရာတွင် အသင်တို့အနက်မှ မည်သူတစ်ဦးတစ်ယောက်မျှ နောက်သို့လှည့်၍ မကြည့်ရ ပေ။ သို့ရာတွင် အသင်၏ ဇနီးမူကား ဇကန်မုချ ၎င်းတို့၌ ဆိုက်ရောက်မည့် ပြစ်ဒဏ်သည် ယင်းဇနီး၌လည်း ဆိုက်ရောက်မည် ဖြစ်ချေသည်။ ဇကန်စင်စစ် ၎င်းတို့အား ချိန်းချက် ထားသော အချိန်သည် နံနက်မိုးသောက်ချိန်ပင် ဖြစ်ပေသည်။ နံနက်မိုးသောက်ချိန်ကား နီးကပ်လျက် ပင် ရှိသည်မဟုတ်ပါလော။ (၁၁း၈၁)

ထို့နောက် ငါအရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် ထိုမြို့ရွာကို အထက်အောက် (ပြောင်းပြန်) လှန်ပစ်တော်မူခဲ့လေသည်။ ထို့ပြင် ငါအရှင်မြတ် သည် မြို့ရွာပေါ်သို့ ရွှံ့ကျောက်ခဲမိုးကို ရွာသွန်းချစေတော်မူခဲ့လေသည်။

(၁၁း၈၂)

(ထိုကျောက်ခဲများသည်) အသင့်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အထူးအမှတ်တံဆိပ် ခတ်နှိပ်ပြီးဖြစ်သော (ကျောက်ခဲများ ဖြစ်သည်။) စင်စစ် ထိုမြို့ ရွာသည် မတရား ပြုမူကြကုန်သော (မက္ကာဟ်မြို့သား)တို့နှင့်ကား ဝေးကွာသည် မဟုတ်ပေ။ (၁၁း၈၃)

အကျယ်ဖွင့်ဆိုခြင်း

စူရာဟ်ဟူးဒ်ထဲတွင် ၎င်းတို့ အချိန်ကာလတွင်းရှိ တမန်တော်များကို ဆန့်ကျင်ခဲ့ခြင်းကြောင့် လွန်လေပြီးသော သူများအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်ခတ်မှု အမျိုးမျိုးအကြောင်း ပါဝင်သည်။ အထက်ဖော်ပြပါ အာယသ်များတွင် စိုက်ယိဒနာလူသွ a လူများ၏ ကိုယ်ကျင့်တရား အခြေအနေများနှင့် ၎င်းတို့အပေါ် ကျရောက်စေခဲ့သည့် ပြင်းထန်သော ပြစ်ဒဏ်ခတ်မှု အကြောင်း ဖော်ပြထားခဲ့သည်။

စိုက်ယိဒနာလူသွ a ၏ လူများသည် မယုံကြည်သွေဖည် ငြင်းပယ်သူများ ဖြစ်ရုံမျှမက ကမ္ဘာပေါ်တွင် ယခင် ယခင်ကပင်မရှိခဲ့သော ရိုင်းစိုင်းသော တိရစ္ဆာန်များပင်လျှင် မုန်းတီးသော စက်ဆုတ်ဖွယ်ကောင်းသော ဟီရိုသြတ္တပကင်းမဲ့သည့် မကောင်းမှုလုပ်ရပ်တွင် နစ်မွန်းလျက်ရှိခဲ့ကြသည်။ အမျိုးသားတစ်ဦးသည် အခြားအမျိုးသား တစ်ဦးနှင့် ပတ်သက်၍ သူ၏ဂုဏ်သိက္ခာ ညစ်နွမ်းစေခြင်းမှာ ကျိန်စာသင့်ခြင်းပင်ဖြစ်သည်။ ယင်းမှ ထွက်ပေါ်လာသော ဆိုးကျိုးမှာ သာမန် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်သည်ထက် ပိုမိုး၍ ထိခိုက်နစ်နာစေပါသည်။ ထို့ကြောင့် ဤသူများပေါ် ကျရောက်ခဲ့သည့် ပြင်းထန်သော ပြစ်ဒဏ်ခတ်မှုသည် သာမန်ကိုယ်ကျင့်တရား ပျက်သောအပြုအမူပြုလုပ်သူများပေါ် ကျသည်ထက် ပိုပေသည်။

အထက်ဖော်ပြပါအာယသ်များရှိ စိုက်ယိဒနာလူသွ a နှင့်ပတ်သက်သောအဖြစ်အပျက်များထဲ၌ အလွာဟ် အရှင်မြတ်သည် ထိုသူများအပေါ် သတ်မှတ်ထားသည့် ပြစ်ဒဏ်ခတ်မှု ဆောင်ရွက်စေရန် စိုက်ယိဒနာ ဂျစ်ဗ်ရာအီလ a အပါအဝင် ကောင်းကင်စေတမန်အချို့ကို စေလွှတ်တော်မူခဲ့သည်။ သူတို့သည် ပါလက်စတိုင်းရှိ စိုက်ယိဒနာ အိဗ်ရာဟီမ် a ဆီသို့ ပထမဦးစွာ သွားရောက်ခဲ့ကြောင်း၊ ပြီးခဲ့သောအာယသ် များတွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းနောက်မှ ကောင်းကင်စေတမန်များသည် ထိုနေရာမှ ဆယ်မိုင်(သို့မဟုတ်) တစ်ဆယ့်နှစ်မိုင်ခန့် အကွာအဝေးရှိ စိုက်ယိဒနာလူသွ a ၏ နေရာသို့ သွားရောက်ခဲ့ကြသည်။

အလွာဟ်အရှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုသည် အလွန်ကြီးကျယ်တော်မူသည်မှာ မုချဇကန် ဖြစ်သည်။ အလွာဟ်အရှင်မြတ်သည် လူတစ်စုကို ပြစ်ဒဏ်ခတ်ရန် ဖမ်းဆီးတော့မည် ဆိုလျှင် ထိုသူများပေါ် ကျရောက်စေရန် အရှင်မြတ် ရွေးချယ်ထားသည့် ပြစ်ဒဏ်ခတ်မှုသည် ၎င်းတို့ပြုလုပ်သော မကောင်းမှုနှင့် လိုက်လျော ညီထွေရှိပေသည်။ ဤကိစ္စတွင်လည်း အလွာဟ်အရှင်မြတ်၏ ဤကောင်းကင်စေတမန်များကို လှုပ်ပျိုမြစ်သည့် လူငယ်များ အသွင်ဖြင့်

စေလွှတ်တော်မူခဲ့သည်။ စိုက်ယိဒနာလူသွ a ၏ အိမ်သို့ ထိုကောင်းကင်စေတမန်များ ရောက်ရှိခဲ့သော အခါတွင် ၎င်းတို့သည်လူသား အသွင်ဖြင့် လာရောက်ခဲ့သောကြောင့် စိုက်ယိဒနာလူသွ a က ထိုသူများကို ဧည့်သည်များဟုပင် ထင်မှတ်ခဲ့သည်။ ၎င်းသည် အကျဉ်းအကြပ်ထဲ ရောက်နေခဲ့သည်။ အကယ်၍ ထိုဧည့်သည်များကို ဧည့်မခံလျှင် ယင်းမှာ တမန်တော်တစ်ပါး၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်နေလိမ့်မည်။ အကယ်၍ ထိုသူများကို ဧည့်သည်အဖြစ် လက်ခံခဲ့လျှင် ၎င်း၏လူများသည် မည်မျှဆိုးဝါး၍ ညစ်ပတ်ကြကြောင်း သူကောင်း ကောင်းသိပေသည်။ အန္တရာယ် မှာကား ဧည့်သည်များကို အကာအကွယ် မပေးနိုင်မီ သူလူများက ယင်းဧည့်သည်များကို အိမ်တွင်း ကြမ်းတမ်းစွာ ချဉ်းနင်း ဝင်ရောက်၍ ဧည့်သည်များကို အနာတရ ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ၎င်းစိတ်နလုံးထဲတွင် "ဤနေ့သည် အလွန်ခက်ခဲသော နေ့ပင်ဖြစ်ပေသည်။"ဟု ပြောခဲ့သည်။

အလ်လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကြီးကျယ်သောစီမံမှုဖြင့် ကျွန်ုပ်တို့၏ ကမ္ဘာကြီးကို သင်ခန်းစာရစေ သော မရေမတွက်နိုင်သည့် အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်နှင့် အာဝိဇ္ဇာန်းရှင်သော အသိဉာဏ်၏ ပြယုဂ် များကို ပွင့်လင်းသော ပြခန်းကြီးအဖြစ် ပြုလုပ်ထားခဲ့သည်။ အရှင်မြတ်သည် အရှင်မြတ်၏ အချစ်တော် စိုက်ယိဒနာ အိပ်ရာဟီမ် a ကို ရုပ်တုကိုးကွယ်သော အာဇရ်အိမ်မှ တမန်တော်တစ်ပါးအဖြစ် ပွင့်ပေါ်တော်မူစေခဲ့သည်။ အလွန် လေးစားဖွယ် တမန်တော်တစ်ပါး ဖြစ်သော စိုက်ယိဒနာလူသွ a အိမ်ထဲတွင် မယုံကြည်သွေဖည် ငြင်းပယ်သူများနှင့် ပေါင်းဖက်၍ အလုပ်လုပ်နေခဲ့သော တမန်တော်ခင်ပွန်းကို ဆန့်ကျင်သည့် ဇနီးတစ်ဦးရှိခဲ့သည်။

ဂုဏ်အသရေရှိ ငယ်ရွယ်ပျိုမြစ်သည့် လုလင်အသွင်ဖြင့် ဧည့်သည်များ စိုက်ယိဒနာလူသွ a အိမ်တွင်တည်း ခိုရန်ရောက်ရှိခဲ့သော အချိန်၌ တမန်တော်၏ဇနီးသည် ရောက်ရှိသော ဧည့်သည်များ အကြောင်းကို ဖောက်လွဲ ဖောက် ပြန် ဖြစ်နေကြသော သူ့အပေါင်းအဖော်များထံ သတင်းပို့လိုက်သည်။(ကုရ်သုဒီ၊မဏဟီရီ)

ကိစ္စရပ်များသည် စိုက်ယိဒနာလူသွ a ဦးစွာပထမ တွေးတောပူပင်သည့် အတိုင်း ဖြစ်ခဲ့သည်။ ဤ အကြောင်း ကို ဒုတိယအာယသ်(၇၈) وَ جَآءَهٗ قَوْمُهٗ يُهْرَعُوْنَ اِلَيْهِ "ထို့နောက် ယင်း(တမန်တော်) လူသွ a ၏ အမျိုးသားများသည် ယင်း၏ထံသို့ အပြေးအလွှား လာခဲ့ကြလေသည်။"ဟု ဖော်ပြထားသည်။ ထို့နောက် ယင်းသူများ သည် မကောင်းမှုလုပ်ရပ်များကျူးလွန်ခြင်း၌ အကျင့်ပါပြီးဖြစ်နေကြသည်။

ဤနေရာ၌ ညွှန်းထားသည်မှာ ၎င်းတို့၏ မကောင်းမှုပြုလုပ်ခြင်း၏ ကျိန်စာအဖြစ် ထိုသူများ ကိုယ်ကျင့် သိက္ခာကောင်းမွန်မှုနှင့် ဟီရိဩတ္တပ တရား မည်မျှပျောက်ဆုံးကုန်သနည်း ဆိုလျှင် စိုက်ယိဒနာလူသွ a ၏ အိမ်သို့ မကောင်းမှု လုပ်ရပ်တစ်ခု ကျူးလွန်ရန် ရည်ရွယ်ချက်တစ်ခုဖြင့် အပြေးအလွှား လာရောက်ခဲ့ကြသည်။

ဧည့်သည်များကို ကာကွယ်ပေးရန် ခက်ခဲသွားသည်ဆိုကြောင်း စိုက်ယိဒနာလူသွ a သိရှိ သွားသော အခါတွင် ထိုသူများ စိတ်ဝင်စားမှုကို လွှဲပြောင်းစေရန် အလို့ငှာ အကယ်၍ ထိုသူများသည် မကောင်းမှု လုပ်ရပ်မှ ရပ်တန့်မည်ဆိုလျှင် သူတို့၏ အကြီးအကဲများကို တမန်တော်လူသွ a ၏ သမီးများနှင့် လက်ထပ် ထိမ်းမြားစေပါမည်ဟု ပြောကြားခဲ့သည်။ ထိုအချိန်က သက်ဝင်ယုံကြည်သူ အမျိုးသမီးတစ်ဦးနှင့် မယုံကြည် သွေဖည်ငြင်းပယ်သူ အမျိုး သားတစ်ဦး လက်ထပ်ထိမ်းမြားခြင်း ခွင့်ပြုထားသည်။ ထိုသို့ ထိမ်းမြား လက်ထပ်မှုမှာ တမန်တော်မြတ် s ၏ အစော ပိုင်း ကာလအထိ တည်ရှိခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် s သည် မယုံကြည်သွေဖည်ငြင်းပယ်သူနှစ်ဦးဖြစ်သည့် အွသ်ဗာဟ်အိပ်နေ့ အဗီလဟပ်နှင့် အဗူအလ်အားဆ် အိပ်နေ့ အလ်ရာဘီတို့ကို သမီးတော်နှစ်ပါးနှင့် ထိမ်းမြားပေးခဲ့

သည်။ နောက်ပိုင်းတွင် မွတ်စ်လင်မ်အမျိုးသမီးများနှင့် မယုံကြည်သွေဖည်ငြင်းပယ်သည့် အမျိုးသားများ၏ ထိမ်းမြား လက်ထပ်ခြင်းကို "ဟရာမ်"ဟု သတ်မှတ်ကာ ထိမ်းမြားလက်ထပ်ခြင်း ပိတ်ပင်တားမြစ်သည့် အာယသ်တော် ကျ ရောက်ခဲ့သည်။ (ကုရ်သုဒီ)

ဦးကာရှင်အချို့အဆိုအရ ဤနေရာတွင် ပါရှိသည့် "ငါ၏သမီးများ"ဆိုသည်မှာ တမန်တော်တိုင်းသည် သူ လူများနှင့် အွမ်မသ်ထုတစ်ခုလုံး၏ ဖခင်ကဲ့သို့ဖြစ်ကာ ထိုသူများသည် ၎င်း၏ နာမ်ပိုင်းဆိုင်ရာ မျိုးဆက်များ ဖြစ်သည် ဟူ၍ ဖြစ်သည်။ ဤသည်ကို အာယသ်တော် اَلنَّبِیُّ اَوۡلٰی بِالۡمُؤۡمِنِیۡنَ مِنۡ اَنۡفُسِهِمۡ وَ اَزۡوَاجُهٗۤ اُمَّهٰتُهُمۡ "နဗီတမန်တော်မြတ်သည် "မုအ်မင်နဲ"သက်ဝင်ယုံကြည်သူတို့နှင့်ငင်းတို့ကိုယ်တိုင်ထက်ပင်ပိုမိုချိန်းစပ်၏။ ၎င်းပြင် ထိုနဗီတမန်တော် မြတ်၏ ကြင်ယာတော်များသည် "မုအ်မင်နဲ"သက်ဝင်ယုံကြည်သူတို့၏မိခင်များပင် ဖြစ်ကြကုန်၏။(၃၃း၆)"ကထောက် ခံထားသည်။ ဤသည်ကို စိုက်ယိဒနာ အဗ်ဒွလ္လာဟ် အိဗ်နေ့ မတ်စ်အူးဒ်(d)၏ ကိရာအသ်ရွတ်ဖတ် သရဖျယ်မှတွင် وَهُوَ اَبٌ لَّهُمۡ(သူသည်သူတို့အတွက် ဖခင်တစ်ဦးပမာဖြစ်သည်)ဟု ထည့်သွင်းဖတ်ရွတ်သည့် အနေဖြင့် မြင်သင့်သည်။ ယင်းကြောင့် နဗီတမန်တော်မြတ်(s)သည် အွမ်မသ်ထု တစ်ရပ်လုံး၏ဖခင် သဖွယ်ဖြစ်သည်ဟု ဖော်ထုတ်ထားခြင်း ဖြစ်သည်။ ဤသဖွဲစီရ်အရဆိုလျှင် စိုက်ယိဒနာလူသွ်(a)၏အဆိုအမိန့် "အသင်တို့၏ မကောင်းသော အကျင့်များကို စွန့်လွှတ်ပါ။ လူကြီးလူကောင်းဆန်စွာ ကျင့်ကြံပါ။ အသင်တို့ လူများအနက်မှ မိန်းမပျိုများနှင့် လက်ထပ် ထိမ်းမြားပါ။ ထို့နောက် သူတို့ကို ဇနီးများအဖြစ် ရယူပါ"ဟု ဆိုလိုသည်။

ယင်းနောက် ထိုသူများကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့် ပတ်သက်၍ သတိပေးရန် စိုက်ယိ ဒနာလူသွ်(a)က فَاتَّقُوا اللّٰهَ "သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ကြလေကုန်။"ဟု မိန့်ခဲ့သည်။ထို့နောက်၎င်းကထိုသူများကို وَلَا تُخۡزُوۡنِ فِیۡ ضَیۡفِیۡ "၎င်းပြင်အသင်တို့သည်ငါ့အားငါ၏ည့်သည်များ(ရှေ့) တွင် အရှက်တကွဲအကျိုးနည်း မပြုကြကုန်လင့်"ဟု တောင်းဆိုကာ اَلَیۡسَ مِنۡكُمۡ رَجُلٌ رَّشِیۡدٌ "အသင်တို့တွင် ရိုးသားဖြောင့်မတ်သောသူ တစ်ယောက်တစ်လေမျှပင် မရှိလေသလော"မည်သူတစ်ဦးတစ် ယောက်က သူ့တောင်းဆို ချက်ကို နားထောင်ပါမည်နည်းဟု တွေးတောခဲ့လေသည်။

သို့သော်လည်း ထိုသူများအနက် တစ်ဦးတစ်လေမှ နူးညံ့သိမ်မွေ့ကာ၊ လူသားဆန်သောအစအန မရှိခဲ့ကြ ချေ။ ထို့ကြောင့် ထိုသူအားလုံးက ပြင်းပြင်းထန်ထန် ကောက်ကျစ်မှုဖြင့် لَقَدۡ عَلِمۡتَ مَا لَنَا فِیۡ بَنٰتِكَ مِنۡ حَقٍّ ۚ وَ اِنَّكَ لَتَعۡلَمُ مَا نُرِیۡدُ "ကျွန်ုပ်တို့၌ အသင်၏ သမီးများနှင့် ပတ်သက်၍ အလိုတစ်စုံတစ်ရာမျှ မရှိကြောင်း အသင်သည် ဇကေနအမုန် သိရှိပြီးဖြစ်ပေသည်။ ထို့ပြင် ဇကေနစင်စစ် အသင်သည် ကျွန်ုပ်တို့၏ ရည်စူးချက်ကိုလည်း (ကောင်းစွာ) သိရှိပြီး ဖြစ်သည်ဟု ပြောဆိုခဲ့ကြလေသည်။"ဟုတုန့်ပြန်ပြောဆိုခဲ့ကြလေသည်။

လုံးဝ ဒေါသအမျက်ချောင်းချောင်း ထွက်၍ စိုက်ယိဒနာလူသွ်(a) ထိုအချိန်က ပြောဆိုသည်မှာ لَوۡ اَنَّ لِیۡ بِكُمۡ قُوَّةً اَوۡ اٰوِیۡۤ اِلٰی رُكۡنٍ شَدِیۡدٍ "ထို(နဗီတမန်တော်) လူသွ်က (ဤသို့) ပြောဆို ညည်းညူခဲ့လေသည်။ ဩော် အကယ်၍ ငါ့မှာ အသင်တို့အား ခုခံနိုင်ရန် စွမ်းအားရှိခဲ့မူ၊ သို့တည်းမဟုတ် ငါသည် ခိုင်ခံ့သော အမှီသဟဲတစ်ခုကို အမှီသဟဲပြုနိုင်မူ ကောင်းလေစွတကား" ဟူ၍ ဖြစ်သည်။

စိုက်ယိဒနာလူသွ်(a)၏ ဤသောကဖြစ်မှုကို မြင်တွေ့ရသောအခါတွင် ကောင်းကင်စေတမန်များ သည် ၎င်းတို့၏ သရုပ်မှန်ကို ဖော်ထုတ်ပြသ၍ "စိတ်မပူပါနှင့်။ အသင်၏ အုပ်စုသည် အလွန်သန်မာ၍ အလွန်စွမ်းအားကြီး

ပါသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကောင်းကင်စေတမန်များ ဖြစ်ကြသည်။ သူတို့ကျွန်ုပ်တို့ကို ဘာမျှ မလုပ်နိုင်ပါ။ ကျွန်ုပ်တို့သည် သူတို့ပေါ် ကျရောက်မည့် အပြစ်ဒဏ် ပြီးမြောက်အောင် ဆောင်ရွက်ရေး လာရောက်ခြင်း ဖြစ်သည်။" ဟူ၍ပြောဆိုခဲ့သည်။

ဆွဟီးအလ်ဗုခါရီကျမ်းပါ ဟဒီးဆ်တော်တစ်ရပ်၌ တမန်တော်မြတ်(S)သည် ထိုအကြောင်း နှင့်ပတ်သက်၍ ပြောသည်မှာ "အလ္လာဟ်အရှင်မြတ်၏ ကြင်နာသနားတော်မူမှုသည် လူသို့(a) သခင် အပေါ် ကျရောက်တော်မူပါစေ။ သူသည် သန့်စွမ်းသော အုပ်စုအချို့၏ ကာကွယ် စောင့်ရှောက်မှုကို ရှာဖွေရန် ကြိုးပမ်းရပါသည်။" ထို့နောက် သိရိမိဇီ ကျမ်းတွင် ဤအကြောင်းအရာကို နောက်ထပ် ဝါကျတစ်ခုဖြင့် ပါရှိသည်မှာ "အလ္လာဟ်အရှင်မြတ်သည် စိုက်ယိဒနာလူသို့(a)၏ နောက်၌ သူ၏ဘိုးဘေး တစ်ဦးတည်းမှ ဆင်းသက်သည့် မျိုးနွယ်စုက သူ့ကို မထောက်ခံသော မည်သည့် တမန်တော်ကိုမျှ မစေလွှတ်တော့ပါ။"(ကုရ်သုဇီ) တမန်တော်မြတ်(a)နှင့် ပတ်သက်လျှင်လည်း ဤကဲ့သို့ပင် ဖြစ်ခဲ့သည်။ မယုံကြည် သွေဖည်ငြင်းပယ်သော ကိုရိုက်ရှ်များသည် တမန်တော်မြတ်(S)ကိုဆန့်ကျင်ရန် အမျိုးမျိုး ပြုလုပ်ခဲ့ကြသည်။ သို့သော် တမန်တော်မြတ်(S)၏ မျိုးနွယ်စုသည် တမန်တော်မြတ်နှင့် ဘာသာရေးအရ ကွဲလွဲသော်လည်း ကိုယ်တော့်ကိုထောက်ခံ ခဲ့သည်။ ဤအတွက်ကြောင့် မယုံကြည်သွေဖည် ငြင်းပယ်သော ကိုရိုက်ရှ်များက တမန်တော်မြတ်(S)အတွက် အရေးကြီးသော ရိက္ခာထောက်ပံ့ခြင်းကို သပိတ်မှောက်ရာ၌ ဗနူဟီရှာမ် မျိုးနွယ်စု တစ်ခုလုံးက ကိုယ်တော်မြတ်ဘက်မှ ရပ်တည်ခဲ့သည်။

စိုက်ယိဒနာ အဗ္ဒဒွလ္လာဟ် အိဗနိအဗ္ဗာစ်(d)၏ တင်ပြချက်အရ ဤအချက်ပါ စိုက်ယိဒနာလူသို့ (a)၏ လူများက ၎င်း၏ အိမ်သို့ လူစုလူဝေးနှင့် လာရောက်ခဲ့သော အခါ၌ တမန်တော်လူသို့(a)သည် အဝင်ဝတံခါးကို ပိတ်ပစ် လိုက်သည်။ ဤကောက်ကျစ်ယုတ်မာသော သူများနှင့် စကားပြောဆိုရာတွင် ၎င်းတို့သည် တံခါးအပြင်ဘက်တွင် ရှိနေခဲ့သည်။ ကောင်းကင်စေတမန်များသည်လည်း အိမ်တွင်းတွင် ရှိနေခဲ့ကြသည်။ လူအုပ်သည် နံရံကို ကျော်တက်၍ ရုတ်တရက် အတင်းဝင်ရောက်ကာ တံခါးကို ဖျက်ပစ်မည်ဟု ခြိမ်းခြောက်နေခဲ့ သည်။ ထိုစဉ် စိုက်ယိဒနာလူသို့(a)၏နှုတ်မှ ဤစကားလုံးများပြောခဲ့သည်။ စိုက်ယိဒနာလူသို့(a) ဤသို့ စိုးရိမ်သောက ရောက်နေသည်ကို ကောင်းကင်စေတမန်များက မြင်တွေ့ခဲ့ရသော အခါတွင် ၎င်းတို့မည်သူမည်ဝါ ဖြစ်ကြောင်းဖော်ထုတ်ပြသကာ တမန်တော် လူသို့(a)အား တံခါးဖွင့်စေပါသည်။ ထိုအချိန်တွင် ကောင်းကင်စေတမန်များသည် အခြေအနေကို ထိန်းချုပ်ကာ လူယုတ်မာများကို အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုကို အကြိုမြည်းစမ်းစေခဲ့သည်။ တံခါးပွင့်သွားသော အခါတွင် ကောင်းကင်စေတမန်ချုပ် ဂျစ်ဗရာအီလ်(a)သည် သူ'အတောင်ပံ'ကို ထိုသူများ၏ မျက်လုံးများ ဆီသို့ ညွှန်လိုက်သည်။ သူတို့သည် မျက်ကန်းများ ဖြစ်သွားကာ ထွက်ပြေးသွားကြသည်။

ထိုအချိန်၌ ကောင်းကင်စေတမန်များသည် အလ္လာဟ်အရှင့်အမိန့်တော်အရ စိုက်ယိဒနာလူသို့(a)ကို **فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِّنَ اللَّيْلِ** "သို့ဖြစ်ပေရာ အသင်သည် မိမိအိမ်သူအိမ်သားတို့နှင့်တကွ ည၌၏အစိတ်အပိုင်းတစ်ခုခုတွင် ထွက်သွားပါလော။"ဟုပြောဆိုခဲ့သည်။ ထို့နောက် သူ၏ မိသားစုဝင်တိုင်းကို နောက်သို့ လှည့်မကြည့်ရဟု ညွှန်ကြားရန်ပြောကြားခဲ့သည်။ယင်းညွှန်ကြားချက်ထဲ၌တမန်တော်လူသို့(a)၏ဇနီးမပါချေ။အဘယ့်ကြောင့်ဆိုသော် သူလူများပေါ် ကျရောက်မည့် ပြစ်ဒဏ်ခတ်မှုသည် သူမအပေါ်တွင်လည်း ကျရောက် လိမ့်မည်ဖြစ်သည်။

ဤသည်က သူသည် ဇနီးကို အတူမခေါ်ဆောင်ရဟူသော အဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။ ထို့ပြင်ဤသည်

မှာ ငင်းသူမသည် ဇနီးဖြစ်သည့် အလျောက် မိသားစုနှင့် အတူ လိုက်ပါနိုင်သော်လည်း မိသားစုဝင်များကို ပေးထားသည့် ညွှန်ကြားချက်အား သူမလိုက်နာလိမ့်မည် မဟုတ်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်နိုင်သည်။ တင်ပြချက်အချို့အရ ဤသို့ဖြစ်ခဲ့သည်ဟု ဆိုကြသည်။ ဤဇနီးသည် အခြားသူများနှင့်အတူ ထွက်ခွာခဲ့သော်လည်း သူမ၏လူများ အပေါ် ကျရောက်သည့် ပြစ်ဒဏ်ခတ်မှု၏ ကြီးမားသောအသံကြားရသောအခါ သူမသည် နောက်ပြန်လှည့်ကြည့်ရာ ထိုသူများ ပျက်စီးကုန်ကြသည့် အတွက် ဝမ်းနည်းပူဆွေးခဲ့သည်။ ထိုစဉ်တွင် ကျောက်တုံးမှ ပဲ့လာသော အစတစ်စက သူမကိုထိမှန်ကာ သူမသည်လည်း အခြားသူများကဲ့သို့ပင် ပျက်စီးသွားခဲ့သည်။ (ကုရ်သုဗီနှင့်မဇာဟီရီ)

ကောင်းကင်စေတမန်များက စိုက်ယိဒနာလူသွ(a)ကို **اِنَّ مَوْعِدَهُمُ الصُّبْحُ** "ဇကန်စင်စစ် ၎င်းတို့အား ချိန်းချက်ထားသော အချိန်သည် နံနက်မိုးသောက်ချိန်ပင် ဖြစ်ပေသည်။"ဟုပြော ကြားခဲ့သည်။ စိုက်ယိဒနာလူသွ(a) က "ပြစ်ဒဏ်ခတ်မှုသည် မကြာမတင်ဖြစ်စေလိုသောဆန္ဒရှိသည်"ဟု ပြောကြားခဲ့သည်။ ထိုစဉ် ကောင်းကင်စေတမန်များက **اَلَيْسَ الصُّبْحُ بِقَرِيْبٍ** "နံနက်မိုးသောက်ချိန်ကား နီးကပ်လျက်ပင်ရှိသည် မဟုတ်ပါလော"ဟု ပြောဆိုခဲ့သည်။

ယင်းနောက် ကုရ်အာန် ကျမ်းတော်မြတ်လာ ပြစ်ဒဏ်ခတ်မှု ကျရောက်ပုံကို ပုံဖော်ထားပြီး မိန့်သည်မှာ "ထို့ကြောင့် အလ္လာဟ်အရှင်မြတ်အမိန့်တော်ကျရောက်ခဲ့သောအခါတွင် အရှင်မြတ်သည် ထိုသူများနေထိုင်ရာ ဒေသရှိ အရာရာတိုင်းကို အထက်အောက် ပြောင်းပြန်လှန်ပစ်ကာ ထိုသူများပေါ် ထိုသူများ၏ အမည်များပါသည့် ကျောက်ခဲမိုး ရွာသွန်းခဲ့သည်။

တင်ပြချက်များက ဤသူများ နေထိုင်ရာနေရာမှာ မြို့ကြီးလေးမြို့ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤနေရာ ဌာနများကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားနေရာ(၉း၇၀၊ ၆၉း၉)တွင်'အလ်မုအ်သာဖိကာတ်' (အထက်အောက် ပြောင်းပြန်လှန်ထားသော မြို့များ)အဖြစ် ဖော်ပြထားသည်။ အလ္လာဟ်အရှင်မြတ်အမိန့်တော် ကျရောက်ခဲ့သောအခါ ကောင်းကင် စေတမန်ချုပ် ဂျစ်ဗ်ရာအီလ်အမီးန်(a)က ထိုမြို့များကို အခြေပြုထားသည့် မြေကြီးအား သူ၏ အတောင်ပံဖြင့် အပေါ်မှ ခွစိတ်ပစ်ကာ အားလုံးကို အပေါ်မတင်၍ အရာရာတိုင်းကို အပေါ်မတင် ထားသည်မှာ ရေတကောင်းမှ ရေပင် မဖိတ်စင်ပေ။ ထိုအချိန်တွင် မိုးကောင်းကင်၌ လူများ၊ တိရစ္ဆာန်များနှင့် ခွေးများ၏ အသံများ ပေါ်ထွက်လာကာ ယင်းမြေကြီးတစ်ခုလုံးကို မိုးကောင်းကင်သို့ မတင်သွားခဲ့သည်။ ထို့နောက်မှ ပြောင်းပြန်လှန်ကာ ပစ်ချခဲ့သည်။ ယင်းကား သူတို့ မကောင်းမှုတွင် နစ်မွန်းမှုနှင့် ထိုက်တန်လှပေသည်။

အာယသ်(၈၀) အဆုံးတွင် ထိုသူများအပေါ် ပြစ်ဒဏ်ခတ်မှု အမှန်တကယ် ကျရောက်ပုံ ဖော်ပြခဲ့ပြီးနောက် ကမ္ဘာကြီး၏ ခေတ်ပြိုင် လူသားများကို သတိပေးရန် အလို့ငှာ **وَ مَا هِيَ مِنَ الظّٰلِمِيْنَ بِبَعِيْدٍ** "စင်စစ်ထိုမြို့ရွာသည် မတရားမှု ပြုကြကုန်သော(မက္ကာဟ်မြို့သား)တို့နှင့်ကား ဝေးကွာသည်မဟုတ်ပေ"ဟူ၍မိန့် ထားသည်။ ဆိုလိုသည်မှာ ဤရှက်ဖွယ် အပြုအမူတွင် အမြဲယစ်မူးသူတစ်ဦးသည် ဤပြစ်ဒဏ်ခတ်မှုနှင့် ဝေးကွာသည်ဟု မမှတ်ယူသင့်ချေ။ ထိုပြစ်ဒဏ်ခတ်မှုမှာ ယနေ့ပင်လျှင် ကျရောက်နိုင်သည်။ တမန်တော်မြတ်(s)မိန့်သည်မှာ ကျွန်ုပ်၏ အသွေးသံထုတွင်ပင် စိုက်ယိဒိနာလူသွ(a)၏ လူများလုပ်လေ့ရှိသော အလုပ်ကို လုပ်ကြမည့်သူများ ရှိပါသည်။ ဤကိစ္စရပ် စတင်ဖြစ်ပေါ်လာလျှင် စောင့်ကြည့်ပါ။ သူတို့သည်လည်း စိုက်ယိဒိနာလူသွ(a)၏ လူများအပေါ် ကျရောက်ခဲ့သည့် ပြစ်ဒဏ်ခတ်မှုမျိုး ကျရောက်ပေလိမ့်မည်ဖြစ်သည်။

အာယသ် (၈၄-၉၅)

وَ اِلٰى مَدْيَنَ اَخَاهُمْ شُعَيْبًا ؕ قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ وَ
لَا تَنْقُصُوا الْمِكْيَالَ وَ الْمِيْزَانَ اِنِّيْۤ اَرٰىكُمْ بِخَيْرٍ وَّ اِنِّيْۤ اَخَافُ عَلَيْكُمْ عَذَابَ
يَوْمٍ مُّحِيْطٍ ﴿۸۴﴾ وَ يٰقَوْمِ اَوْفُوا الْمِكْيَالَ وَ الْمِيْزَانَ بِالْقِسْطِ وَ لَا تَبْخَسُوا
النَّاسَ اَشْيَآءَهُمْ وَ لَا تَعْثَوْا فِى الْاَرْضِ مُفْسِدِيْنَ ﴿۸۵﴾ بَقِيَّتُ اللّٰهِ خَيْرٌ لَّكُمْ
اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ وَ مَاۤ اَنَا عَلَيْكُمْ بِحَفِيْظٍ ﴿۸۶﴾ قَالُوْا يٰشُعَيْبُ اَصَلٰوتُكَ
تَاْمُرُكَ اَنْ نَّتْرُكَ مَا يَعْبُدُ اٰبَآؤُنَاۤ اَوْ اَنْ نَّفْعَلَ فِىْۤ اَمْوَالِنَا مَا نَشٰٓؤُا ؕ اِنَّكَ لَاَنْتَ
الْحَلِيْمُ الرَّشِيْدُ ﴿۸۷﴾ قَالَ يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّىْ وَ رَزَقَنِىْ
مِنْهُ رِزْقًا حَسَنًا ؕ وَ مَاۤ اُرِيْدُ اَنْ اُخَالِفَكُمْ اِلٰى مَاۤ اَنْهٰىكُمْ عَنْهُ ؕ اِنْ اُرِيْدُ اِلَّا
الْاِصْلَاحَ مَا اسْتَطَعْتُ ؕ وَ مَا تَوْفِيْقِىْۤ اِلَّا بِاللّٰهِ ؕ عَلَيْهِ تَوَكَّلْتُ وَ اِلَيْهِ اُنِيْبُ ﴿۸۸﴾
وَ يٰقَوْمِ لَا يَجْرِمَنَّكُمْ شِقَاقِىْۤ اَنْ يُّصِيْبَكُمْ مِّثْلُ مَاۤ اَصَابَ قَوْمَ نُوْحٍ اَوْ قَوْمَ
هُوْدٍ اَوْ قَوْمَ صٰلِحٍ ؕ وَ مَا قَوْمُ لُوْطٍ مِّنْكُمْ بِبَعِيْدٍ ﴿۸۹﴾ وَ اسْتَغْفِرُوْا رَبَّكُمْ ثُمَّ
تُوْبُوْۤا اِلَيْهِ ؕ اِنَّ رَبِّىْ رَحِيْمٌ وَّدُوْدٌ ﴿۹۰﴾ قَالُوْا يٰشُعَيْبُ مَا نَفْقَهُ كَثِيْرًا مِّمَّا تَقُوْلُ
وَ اِنَّا لَنَرٰىكَ فِيْنَا ضَعِيْفًا ۚ وَ لَوْ لَا رَهْطُكَ لَرَجَمْنٰكَ ۖ وَ مَاۤ اَنْتَ عَلَيْنَا بِعَزِيْزٍ
﴿۹۱﴾ قَالَ يٰقَوْمِ اَرَهْطِىْۤ اَعَزُّ عَلَيْكُمْ مِّنَ اللّٰهِ ؕ وَ اتَّخَذْتُمُوْهُ وَرَآءَكُمْ ظِهْرِيًّا ؕ اِنَّ
رَبِّىْ بِمَا تَعْمَلُوْنَ مُحِيْطٌ ﴿۹۲﴾ وَ يٰقَوْمِ اعْمَلُوْا عَلٰى مَكَانَتِكُمْ اِنِّىْ عَامِلٌ ؕ سَوْفَ
تَعْلَمُوْنَ ۙ مَنْ يَّاْتِيْهِ عَذَابٌ يُّخْزِيْهِ وَ مَنْ هُوَ كَاذِبٌ ؕ وَ ارْتَقِبُوْۤا اِنِّىْ مَعَكُمْ رَقِيْبٌ
﴿۹۳﴾ وَ لَمَّا جَآءَ اَمْرُنَا نَجَّيْنَا شُعَيْبًا وَّ الَّذِيْنَ اٰمَنُوْا مَعَهٗ بِرَحْمَةٍ مِّنَّا وَ اَخَذَتِ
الَّذِيْنَ ظَلَمُوا الصَّيْحَةُ فَاَصْبَحُوْا فِىْ دِيَارِهِمْ جٰثِمِيْنَ ﴿۹۴﴾ ۛ كَاَنْ لَّمْ يَغْنَوْا فِيْهَا
ؕ اَلَا بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُوْدُ ﴿۹۵﴾ ۧ

ထိုနည်းတူစွာ(ငါအရှင်မြတ်သည်) မဒ်ယန်မြို့သားတို့ထံ ၎င်းတို့၏ ညီအစ်ကို သားချင်း ဖြစ်သော (နဗီတမန်တော်)"ရှုအိုက်ဗ်" အား (စေလွှတ်တော်မူခဲ့လေသည်)။ (ထိုအခါ) ယင်း (နဗီတမန်တော်) "ရှုအိုက်ဗ်"သည် (၎င်းတို့အားကျိုသို့) ဟောပြောခဲ့လေသည်။ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် အလွှာဟ်အရှင်မြတ် အားသာလျှင် ဓဝတ်ကိုးကွယ်ဆည်းကပ်ကြလေကုန်။ အသင်တို့၌ ထိုအရှင်မြတ်မှ တစ်ပါး ဆည်းကပ်

ကိုးကွယ်ရာအရှင်ဟူ၍ အလျှင်းမရှိဧချ။ ထို့ပြင်အသင်တို့သည် (တင်းတောင်းအစ ရှိသော) ပမာဏ အချင်အတွယ်ကို လည်းကောင်း၊ အလေးချိန်ကို လည်းကောင်း မလျှော့ကြကုန်လင့်။ ဓကန်စင်စစ်ငါသည် အသင်တို့ကောင်းစားလျက် ရှိနေကြသည်ကို မြင်နေပေသည်။ သို့ရာတွင် ဓကန်မလွဲ ငါသည်အသင်တို့အပေါ် ဝယ်ဝန်းခြုံမည့်နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိပေသတည်း။ (၁၁း၈၄)

ထိုမှတစ်ပါး၊ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည် (တင်းတောင်းစသော)ပမာဏ အချင်အတွယ် များကို လည်းကောင်း၊ အလေးချိန်ကိုလည်းကောင်း အပြည့်ပေးကြလေကုန်။ ထို့ပြင်အသင်တို့သည် လူတို့အား (အရောင်းအဝယ် ပြုကြသောအခါဝယ်) ၎င်းတို့ပစ္စည်းများကို လျော့၍မပေးကြ ကုန်လင့်။ ၎င်းပြင် အသင်တို့သည် ကမ္ဘာမြေဝယ် ဖျက်ဆီးသူများ အဖြစ်ဖြင့် သောင်းကျန်းမှုကို မပြုကြကုန်လင့်။ (၁၁း၈၅)

အကယ်၍ အသင်တို့သည် မုအ်မင်န် သက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ် (ချီးမြှင့်တော်မူသောအရာများ အနက်မှ) ကြွင်းကျန်သောဟလာလ် (ပစ္စည်း)ကား အသင်တို့ အဖို့ အကောင်းဆုံးပင်၊ စင်စစ်သော်ကားငါသည် အသင်တို့အား (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ) ထိန်းသိမ်း စောင့်ရှောက်သူ မဟုတ်ဧချ။ (တာဝန်ခံ မဟုတ်ဧချ)။ (၁၁း၈၆)

၎င်း(အမျိုးသား)တို့က (နဗီတမန်တော်"ရှုအိုက်ဗ်"အား ဤသို့) ပြောဆိုခဲ့ကြ၏။ အို-ရှုအိုက်ဗ် အသင်၏ဆွလာသ်ဝတ်ပြုမှုသည် (သာသနာသည်) အသင့်အား ကျွန်ုပ်တို့ (၏ အကြီး အကဲများ ဖြစ်ကုန်သော) အဘ၊ ဘိုး၊ ဘေးတို့ ကိုးကွယ် ဆည်းကပ်ကြလေသော ဘုရားများကို ကျွန်ုပ်တို့ စွန့်လွှတ်ရန်လည်းကောင်း၊ ကျွန်ုပ်တို့ သည် မိမိတို့ဥစ္စာပစ္စည်း များတွင် မိမိတို့အလိုကျ ပြုလုပ်ကြသည်ကို ကျွန်ုပ်တို့ စွန့်လွှတ်ရန် လည်းကောင်း စေခိုင်းပါသလော။ ဓကန်အမှန် အသင်တစ်ဦး တည်းသည် သာလျှင် ကုန်ခြွေနှင့်ပြည့်စုံသောသူ၊ ရိုးသားဖြောင့်မတ်သောသူ ဖြစ်သည်လော။ (၁၁း၈၇)

(ထိုအခါ)ယင်း(နဗီတမန်တော်) ရှုအိုက်ဗ်က (မိမိအမျိုးသားတို့အားဤသို့) ပြောဆို ဖြေကြားခဲ့လေသည်။ အို-ငါ၏ အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ်ထံတော်မှ သက်သေခံ အပေါ်၌ တည်ရှိခဲ့ပါလျှင် လည်းကောင်း၊ ထိုအရှင်မြတ်သည်ငါ့အား မိမိ အထံတော်မှ ကောင်းမွန် မြင့်မြတ်သော စားနပ်ရိက္ခာကို ချီးမြှင့်ပေးသနားတော်မူ ခဲ့ပါလျှင် အသင်တို့သည် မည်သို့ ယူဆကြပါမည်နည်း။ ၎င်းပြင် ငါသည် မိမိကိုယ်တိုင် အသင်တို့အား တားမြစ်သောကိစ္စကို အသင်တို့ နှင့်ဆန့်ကျင်၍ (အသင်တို့၏ နောက်ကွယ်တွင်) ကိုယ်တိုင် ပြုလုပ်ရန် ရည်စူးသည် မဟုတ်ပေ။ (အမှန်စင်စစ်)ငါသည် မိမိတတ်စွမ်းနိုင်သမျှ ကာလပတ်လုံး (အသင်တို့၏ ဆိုးရွားနေသော အခြေအနေကို) ပြုပြင်ရန်သာလျှင် ရည်စူးလေသည်။ သို့ရာတွင် ငါ၏ အောင်မြင်မှုအား အလ္လာဟ်အရှင်မြတ်၏

ကူညီမှု အပေါ်၌ သာလျှင် ရှိနေပေရာ ငါသည် ထိုအရှင်မြတ် အပေါ်၌သာလျှင် ယုံကြည်အားထား၏။ ထိုမှတစ်ပါး ငါသည် ထိုအရှင်မြတ်ဘက်သို့ သာလျှင် ပြန်လှည့်မည်ဖြစ်၏။ (၁၁း၈၈)

အမှန်သော်ကား အိုး-ငါ၏ အမျိုးသားတို့၊ ငါနှင့်စိတ်ဝမ်းကွဲပြားမှုသည် အသင်တို့၌ (နဗီတမန်တော်) "နူဟ်"၏ အမျိုးသားတို့၌ သက်ရောက်ခဲ့ ဘိသကဲ့သို့သော ဘေးဒုက္ခမျိုး သော်လည်းကောင်း၊ (နဗီတမန်တော်) "ဟူဒ်"၏ အမျိုးသားတို့၌ သက်ရောက်ခဲ့ဘိသကဲ့သို့သော ဘေးဒုက္ခ မျိုးသော် လည်းကောင်း၊ (နဗီတမန်တော်) "ဆွာလိဟ်"၏ အမျိုးသားတို့၌ သက်ရောက်ခဲ့ဘိသကဲ့ သို့သော ဘေးဒုက္ခမျိုးသော် လည်းကောင်း သက်ရောက်စေရန် အသင်တို့အား အလျှင်းလှုံဆော် ဖန်တီးသည်မရှိစေရ။ ၎င်းပြင် (နဗီတမန်တော်) "လူသ်"၏ အမျိုးသားတို့၌ (သက်ရောက်ခဲ့သော ပြစ်ဒဏ်)မှာလည်း အသင်တို့နှင့်မဝေးလှပေ။ (၁၁း၈၉)

ထိုမှတစ်ပါး အသင်တို့သည် မိမိတို့၏ အရှင်မြတ်အထံတော်၌ လွတ်ငြိမ်း ချမ်းသာခွင့်ကိုပန်ကြားကြလေကုန်။ ထို့နောက် အသင်တို့သည် (မိမိတို့၏အာရုံကို) ထိုအရှင်မြတ် ဘက်သို့သာလျှင် လှည့်ကြလေကုန်။ ဧကန်မလွဲငါ့အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် အလွန်တရာ ချစ်ခင်ကြင်နာတော်မူသော အရှင်မြတ်ပင်တည်း။ (၁၁း၉၀)

ယင်း(အမျိုးသား)တို့က (ဤသို့)ပြောဆို(ကြိမ်းမောင်း)ခဲ့ကြလေသည်။ အိုး-ရှုအိုက်ဗ်၊ ကျွန်ုပ်တို့သည် အသင်ပြောဆိုသော စကားများအနက် များစွာသော စကားများကိုလည်း နားမလည် နိုင်ကြပေ။ ထို့ပြင် ဧကန်အမှန် ကျွန်ုပ်တို့သည် အသင့်အား မိမိတို့အထဲတွင် အားအင်ချိနဲ့သူ တစ်ယောက်ဟူ၍သာ မြင်နေကြပေသည်။ စင်စစ် မူကား အသင်၏ သားချင်းတို့သာ မရှိခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် အသင့်အား ကျောက်ခဲ များဖြင့် ပစ်သတ်ကြမည်မှာ ဧကန်မလွဲပင်။ စင်စစ် သော်ကား အသင်သည် ကျွန်ုပ်တို့ အပေါ်ဝယ် လွှမ်းမိုး ကြီးစိုးနေသူလည်း မဟုတ်ချေ။ (၁၁း၉၁)

(ထိုအခါ)ယင်း(နဗီတမန်တော်) ရှုအိုက်ဗ်က (ဤသို့) ပြောဆိုဖြေကြားခဲ့လေသည်။ အိုး-ငါ၏အမျိုးသားတို့၊ ငါ၏ သားချင်းတို့သည် အသင်တို့ရှေ့၌ အလွန်ဟ အရှင်မြတ်ထက်ပင် ပို၍ မြင့်မြတ်ကြ ပါသလော။ စင်စစ်မူကား အသင်တို့သည် ထိုအရှင်မြတ်ကိုပင် မိမိတို့၏ ကျောနောက်တွင် အမှုမဲ့ အမှတ်မဲ့ ပစ်ပယ်ထားခဲ့ကြကုန်၏။ ဧကန်မလွဲ ငါအရှင်မြတ်သည် အသင်တို့ပြုလုပ်လျက် ရှိကြသည်ကို ဝန်းခြုံ ထားတော်မူ သော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၉၂)

၎င်းပြင်(ဤသို့ပြောကြားခဲ့၏။)အိုး ငါ၏ အမျိုးသားတို့၊ အသင်တို့သည် မိမိတို့(နေရာတွင် မိမိတို့) တတ်စွမ်းနိုင်သမျှ ကျင့်မူကြလေကုန်။ ဧကန်စင်စစ် ငါသည်(လည်း

မိမိအနေနှင့်) ကျင့်မူလျက်ပင်။ အသင်တို့သည်၊ မည်သူထံ ထိုသူအား အရှက်တကွဲ အကျိုးနည်း ဖြစ်စေသော ပြစ်ဒဏ်ရောက်ရှိ လာသည်ကို လည်းကောင်း၊ မည်သူ မုသာဝါဒီ ဖြစ်သည်ကို လည်းကောင်း မကြာမြင့်မီပင် သိရှိကြပေမည်။ ထိုမှတစ်ပါးအသင်တို့သည် စောင့်မျှော်ကြ လေကုန်။ ဇကန်အမှန် ငါသည်လည်း အသင်တို့နှင့်အတူ စောင့်မျှော်မည့်သူပင်။ (၁၁း၉၃)

ထိုနောက် ငါအရှင်မြတ်၏ အမိန့်တော်သည် ရောက်ရှိလာသောအခါ ငါအရှင်မြတ်သည် မိမိ၏ ကရုဏာတော်ဖြင့် (နဗီတမန်တော်) ရှုအိုက်ဗ်နှင့် တကွ ယင်း(နဗီတမန်တော်) ရှုအိုက်ဗ်နှင့် အတူ သက်ဝင်ယုံကြည်ခဲ့ကြသော သူတို့ကိုပါ ကယ်ဆယ် တော်မူခဲ့လေ သည်။ သို့ရာတွင် မတရားပြုကျင့်ခဲ့ ကြကုန်သော သူတို့ကိုကား ကျယ်လောင်သော အသံသည် ဖမ်းဆီးကွပ်မျက်ခဲ့လေရာ၊ ထိုးတို့သည် နံနက်အချိန်တွင် မိမိတို့နေအိမ်များ၌ မှောက်လျက်သား ဖြစ်နေခဲ့ကြကုန်သတည်း။ (သေကြေ ပျက်စီး သွားခဲ့ကြလေသတည်း။) (၁၁း၉၄)

ထိုးတို့သည် ထိုအိမ်များတွင် မနေခဲ့ဘူးကြသကဲ့သို့ပင်၊ သတိပြုကြလေကုန်။ "စမူဒ်"အမျိုးသားတို့သည် (အလ္လာဟ်အရှင်မြတ်၏ ကရုဏာတော်မှ)ကင်းဝေးခဲ့ကြဘိသကဲ့သို့ပင် မဒ်ယန် (မြို့သူမြို့သား)တို့၌ လည်း (ထိုအရှင်မြတ်၏ ကရုဏာတော်မှ) ကင်းဝေးခြင်းသည် ရှိစေသတည်း။ (၁၁း၉၅)

အကျယ်ဖွင့်ဆိုခြင်း

အထက်ဖော်ပြပါအာယသ်များထဲ၌၊ စိုက်ယိဒနာ"ရှုအိုက်ဗ်"(a)နှင့်သူ၏လူများ အကြောင်းပါဝင်ပါ သည်။ သူ၏လူများသည်ကာဖိရ်နှင့် မုရှ်ရစ်များဖြစ်ရုံသာမက၊ ချိန်တွယ်ခြင်း၊ တိုင်းတာခြင်းကိစ္စရပ်များတွင် လျော့၍ပေးလေ့ရှိပါသည်။ စိုက်ယိဒိနာရှုအိုက်ဗ်(a)သည် သူ၏ဖိတ်ခေါ်မှုအား ထိုသူများထံယူဆောင်သွားခဲ့ကာ၊ ချိန်တွယ်၊ တိုင်းတာခြင်း ကိစ္စများတွင် လျော့၍မပေးရန် ပြောကြားခဲ့သည်။ ထိုးနောက်ဤကဲ့သို့သော ဘဝပုံစံကို စွဲမြဲနေပါက၊ အလ္လာဟ်အရှင့်ဒဏ်ခတ်ခံရမှု ထိုးတို့အပေါ်၌ ကျရောက်လိမ့်မည်ဆိုကြောင်း သတိပေးခဲ့ပါသည်။ သို့ရာတွင် ထိုးတို့သည်ထိုးတို့၏ငြင်းပယ်မှုနှင့်ခေါင်းမာမှု၌စွဲမြဲနေခဲ့ကြသောကြောင့်အကျိုးဆက်အနေဖြင့်ဤသူများအားပြင်းထန်သော ပြစ်ဒဏ်ခတ်မှုဖြင့် ဖျက်စီးခဲ့ပါသည်။ အသေးစိတ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပထမအာယသ်(၈၄)ထဲ၌ وَإِلَىٰ مَدْيَنَ أَخَاهُمْ شُعَيْبًا "ထိုနည်းတူစွာ (ငါအရှင်မြတ်သည်) မဒ်ယန်မြို့သားတို့ထံ ထိုးတို့၏ညီအစ်ကိုသားချင်းဖြစ်သော (နဗီတမန်တော်) "ရှုအိုက်ဗ်" အား (စေလွှတ်တော်မူခဲ့ လေသည်)"ဟူ၍ မိန့်ထားသည်။

တကယ်တမ်းဆိုရသော်"မဒ်ယန်"သည် မဒ်ယန်အိပ်နိအိပ်ရာဟီးမ် အခြေချနေထိုင်ခဲ့သော မြို့တစ်မြို့၏အမည် ဖြစ်ပါသည်။ ယင်းမြို့၏ ယခုအခါ၌ တည်နေရာကို ဂျော်ဒန်ပြည်ရှိ "မအားန်"ဟု ဖော်ပြထားသည်။ ဤမြို့သူမြို့သားတို့အား "မဒ်ယန်များ"ဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် စိုက်ယိဒိနာ "ရှုအိုက်ဗ်"သည် "မဒ်ယန်များ၏ ညီ

အစ်ကိုသားချင်း"ဟု ခေါ်ဆိုခြင်းက အလ္လာဟ် တအလာသည်၊ အရှင့် တမန်တော် အဖြစ် ထိုသူများအနက် တစ်ဦးအား စေလွှတ်ခြင်းသည် ထိုသူများ အတွက် ရင်းရင်းနှီးနှီး ဖြစ်စေရန်နှင့် တမန်တော်၏ သင်ကြားပို့ချချက်များကို လွယ်ကူစွာ လက်ခံနိုင်စေရန် အတွက်ဟု ရည်ညွှန်းပါသည်။ ထို့နောက် မိန့်ဆိုထားသည်မှာ-

قَالَ يٰقَوْمِ اعْبُدُوا اللّٰهَ مَا لَكُمْ مِّنْ اِلٰهٍ غَيْرُهٗ ؕ وَ لَا تَنْقُصُوا الْمِكْيَالَ وَ الْمِيْزَانَ

"အို-ငါ၏ အမျိုးသားတို့၊ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား သာလျှင် ခဝပ် ကိုးကွယ် ဆည်းကပ်ကြလေကုန်။ အသင်တို့သည် ထိုအရှင်မြတ်မှ တစ်ပါး ဆည်းကပ် ကိုးကွယ်ရာ အရှင်ဟူ၍ အလျှင်းမရှိချေ။ ထို့ပြင် အသင်တို့သည် (တင်း၊ တောင်း အစရှိသော)ပမာဏ အချင်အတွယ်ကို လည်းကောင်း၊ အလေးချိန်ကို လည်းကောင်း မလျှော့ကြကုန်လင့်။"

ဤနေရာ၌ စိုက်ယိဒနာ"ရှုအိုက်ဗ်"(a)သည် သူ၏လူတို့အား အလ္လာဟ်တစ်ပါးတည်းတည်ရှိတော်မူကြောင်း (သောင်ဟီးဒ်)အား သက်ဝင်ယုံကြည်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် အလ္လာဟ် အရှင်မြတ်နှင့် တွဲဖက်ယှဉ်တွဲကိုးကွယ်ကြသော မုရှ်ရစ်က်များ ဖြစ်ကြပါသည်။ ထိုသူတို့သည် သစ်ပင်တို့အား ကိုးကွယ် ကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲ၌ ထိုကဲ့သို့ သစ်ပင်များ ကိုးကွယ်ခြင်းကို (الايكه)(အလ်အိုင်ကဟ် သစ်ပင်များ)ဟူသော စကားလုံးကို သုံးစွဲကာ ထောက်ပြထားပါသည်။ ဤအတွက် ကြောင့်ပင် မဒ်ယန်လူမျိုးများအား (اصحب الايكه)(အဆ်ဟာဗွလ် အလ်အိုင်ကဟ်၊ အိုင်ကာ၏ လူများ ၁၅း၇၈၊ ၂၆း၁၇၆၊ ၃၈း၁၃၊ ၅၀း၁၄)ဟူသော နာမည်ပြောင်ကို ပေးခဲ့ပါသည်။ ဤကုဖ်ရိန်နှင့် ရှရစ်က်နှင့်အတူ ထိုသူတို့သည် ရောင်းဝယ်ဖောက်ကားမှု၌ ခိုးယူခြင်းဟူသော ကြီးမားသည့် ပြစ်မှုဂုနာဟ်ကိုလည်း ကျူးလွန်ခဲ့ပါသည်။ ၎င်းတို့သည် ချိန်တွယ်ရာတွင် နှင့် တိုင်းထွာရာတွင် လျော့နည်းစေခြင်းကြောင့် ဝယ်သူတို့၏ ရပိုင်ခွင့်အနေဖြင့် ရရှိစေမည်တို့ကို ကင်းမဲ့သွားစေပါသည်။ ထိုသူများ ယင်းကဲ့သို့ မလုပ်ရန် စိုက်ယိဒနာ"ရှုအိုက်ဗ်" (a)က ပြောကြား ခဲ့ပါသည်။

အထူးမှတ်စု

ဤနေရာ၌ ကုဖ်ရိန်နှင့်ရှရစ်က်တို့သည် ဂုနာဟ်ပြစ်မှုအားလုံးတို့၏ အရင်းအမြစ်များဖြစ်သည် ဆိုကြောင်း စိတ်တွင် စွဲမှတ်ထားပါက အသုံးဝင်ပါသည်။ ဤသည်တို့တွင် နစ်မွန်းနေသူတို့အား သက်ဝင်ယုံကြည်ရန် ဦးစွာ ပထမ ဖိတ်ခေါ်ခြင်း ခံရပါသည်။ လူမှုဆိုင်ရာ ရောင်းဝယ်ဖောက်ကားမှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုပ်ရပ်များ အကြောင်း မစဉ်းစားမီ အလျင် အမီမာန် သက်ဝင်ယုံကြည်မှု ဖြစ်ပေါ်ရပါမည်။ ထိုသူများ ဤကမ္ဘာလောကၻ ကယ်တင်ခံရခြင်း ကိုဖြစ်စေ၊ ပြစ်ဒဏ်ခတ်ခံရမှုနှင့် ထိုက်တန်စေခြင်းကို ဖြစ်စေ စသည့်ကိစ္စများကို သက်ဝင်ယုံကြည်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းတို့ အပေါ် အခြေခံ၍ ဆုံးဖြတ်ပါမည်။ ကုရ်အာန် ကျမ်းတော်မြတ်ထဲတွင် ဖော်ပြထားခဲ့သော လွန်လေပြီးသော တမန်တော်များ၊ ၎င်းတို့လူများနှင့် ပတ်သက်သော အဖြစ်အပျက်အလုံးစုံတို့သည် ဤလုပ်ဆောင်မှုနည်းအရ လုပ်ဆောင်ကြောင်း သက်သေပြပါသည်။ သို့ရာတွင် အွမ်မသ်ထု နှစ်ခုမှာမူ ခြွင်းချက် ဖြစ်ပါသည်။ ထိုသူများအပေါ်၌ ပြစ်ဒဏ် ကျရောက်စေခြင်းမှာ ၎င်းတို့၏မယုံကြည် သွေဖည်မှုနှင့် ၎င်းတို့၏ ဆိုးရွားသောလုပ်ရပ်များကြောင့် ဖြစ်ပါသည်။ အစောပိုင်းက ဖော်ပြထားသကဲ့သို့ စိုက်ယိဒနာလူသွ(a)၏ လူများသည် မယုံကြည်ခြင်းနှင့်မကောင်းမှုလုပ်ရပ်တို့တွင် ပါဝင်ခဲ့သော လူတစ်စုဖြစ်သောကြောင့် ၎င်းတို့အပေါ်၌ ပြစ်ဒဏ် ကျရောက်ကာ ၎င်းတို့နေထိုင်ရာနေရာတစ်ခုလုံး ပြောင်းပြန်လှန်ပစ်ခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်ခံခဲ့ရခြင်းသည် ၎င်းတို့၏ ဆိုးရွားသောလုပ်ရပ်ကြောင့်ဖြစ်သည်ဟုဖော်ပြ

ထားသည်။ စိုက်ယိဒနာရှုအိုက်ဗ်(a)၏ လူများသည် ပြစ်ဒဏ်ခတ်ခံရသော အခြားအုပ်စုတစ်စုဖြစ်ပါသည်။ သူတို့ ပြစ်ဒဏ် ခတ်ခံရခြင်းမှာ ၎င်းတို့၏ကုဖ်ရ်နှင့် ရှရစ်က်နှင့် အတူချိန်တွယ်ခြင်း၊တိုင်းတာခြင်းတို့တွင် လျော့နည်းသည့် အလေ့အကျင့်ကြောင့်ဖြစ်ပါသည်။

ဤသည်က ကျွန်ုပ်တို့အားပြောသည်မှာ ဤကိစ္စနှစ်ရပ်စလုံးတို့သည် အခြားသော မည်သည့်ဂုနာဟ်မျိုး မဆိုတို့ထက် အလွန် မုန်းတီးဖွယ်ရာဖြစ်ပြီး အပြစ်ကြီးလေးပါသည်။ အကြောင်းမှာ ထိုသည်တို့သည် လူသားထု တစ်ရပ်လုံးအား ကြီးမားသောဆုံးရှုံးမှုဖြစ်စေကာ ကမ္ဘာတစ်ဝန်းလုံးအား မကောင်းသည့်အတိုင်းအတာ လက္ခဏာ တစ်ရပ်အထိ မငြိမ်မသက်မှုများဖြစ်ပေါ်စေပါသည်ဆိုကြောင်း ထင်ရှားပါသည်။

အထက်ဖော်ပြပါ အာယသ်များဆီသို့ တစ်ဖန် သွားရောက်ပါက သူ၏လူများ၏ အချိန်အတွယ်နှင့် အတိုင်း အတာတို့တွင် လျော့နည်းစေခြင်းဟူသည့် ဆိုးရွားသည့်အလေ့အကျင့်ကိုရပ်တန့်စေရန်အတွက် စိုက်ယိဒနာ ရှုအိုက်ဗ် (a)သည် တမန်တော်တစ်ပါး၏ချစ်ခင်ကြင်နာမှုကိုအသုံးပြုခဲ့သည်ဆိုကြောင်း ကျွန်ုပ်တို့တွေ့ရပါလိမ့်မည်။ သူအသုံး ပြုခဲ့သော အပြောအဟော ကောင်းသည့် စကားလုံးများမှာ- اِنِّیۡۤ اَرٰىكُمۡ بِخَيۡرٍ وَّ اِنِّیۡۤ اَخَافُ عَلَيۡكُمۡ عَذَابَ يَوۡمٍ مُّحِيۡطٍ "ဇကန်စင်စစ် ငါသည် အသင်တို့ကောင်းစားလျက်ရှိနေကြသည်ကို မြင်နေပေသည်။ သို့ရာတွင် ဇကန်မလွဲ ငါသည် အသင်တို့အပေါ်ဝယ် ဝန်းခြုံမည့်နေ့၏ ပြစ်ဒဏ်ကို စိုးရိမ်မိပေသတည်း။"ဟူ၍ဖြစ်သည်။ ယင်းက ဆိုလိုသည်မှာ စိုက်ယိဒနာ ရှုအိုက်ဗ် (a) သည် ထိုသူများ ချမ်းချမ်းသာသာ နေထိုင်နေကြရသည်ကိုတွေ့ခဲ့ရပါသည်။ ထိုကဲ့သို့သော ဆိုးရွားလှသည့် အလေ့အကျင့်ကို အားကိုးအားထား ပြုစေရန်အတွက် အကြောင်းရင်းများ ဖြစ်စေသော ဆင်းရဲခြင်း၊ ငတ်မွတ် ခေါင်းပါးခြင်းနှင့် ငွေကြေးကျပ်တည်းမှုများ ဆိုသည်တို့လည်းမရှိပါ။ ထိုသူတို့သည် အလွှာဟ် အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ ပေးခြင်းခံရပြီး ဖြစ်ပါလျက်နှင့် ထိုသူတို့သည် အရှင်မြတ်၏ ဖန်ဆင်းမှုကို မတရား မပြုလုပ်သင့်ပါ။ ထိုသည်မျှမက အကယ်၍သာ ထိုသူတို့သည် သူတို့၏တမန်တော်အား မနာခံဘဲ ဤ မကောင်းဆိုးရွားသော လုပ်ရပ်ကို မရပ်တန့်ပါက အလွှာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုက ၎င်းတို့ကိုတဝဲလည်လည် ဖြစ်နေမည့်အကြောင်းကို စိုးရိမ်ပူပန်မိကြောင်းလည်း တမန်တော်ကပြောပြခဲ့သည်။ ဤတဝဲလည်လည် ပြစ်ဒဏ်ခတ်မှုဆိုသည်က နောင် တမလွန်ဘဝတွင် ပြစ်ဒဏ်ခတ် ခံရခြင်းနှင့် လက်ရှိကမ္ဘာတွင်လည်း ပြစ်ဒဏ်ခတ်ခံရမှုကို ဆိုလိုနိုင်သည်။ ထို့နောက် ဤကမ္ဘာတွင် ကျရောက်လာမည့် ပြစ်ဒဏ်ခတ်မှုများသည် အမျိုးအမျိုးသောပုံစံများဖြစ်နိုင်ပါသည်။ အနိမ့်ဆုံး ပြစ်ဒဏ် ခတ်ခံရမှုသည် သူတို့ရရှိပြီးသော တိုးတက်ကြီးပွားမှု ဆုံးရှုံးနိုင်ပါသည်။ သို့မဟုတ်ပါမူ ၎င်းတို့သည် ငတ်မွတ်ခေါင်းပါး ခြင်းနှင့် ဈေးနှုန်းမြင့်မားမှုတို့ကို ခံစားရနိုင်ပါသည်။ တမန်တော်မြတ်(S)သခင်က မိန့်သည်မှာ-

"လူအများသည် အချိန်အတွယ်နှင့် အတိုင်းအတာတို့ကို စတင်လျော့နည်းစေပါက အလွှာဟ်တအလာသည် ထိုသူများအား ငတ်မွတ် ခေါင်းပါးခြင်းနှင့် ကုန်ဈေးနှုန်းများ မြင့်မားမှုတို့ဖြင့် ပြစ်ဒဏ်ခတ်ခံရနိုင်သည်"ဟူ၍ဖြစ်သည်။

အချိန်အတွယ်နှင့် အတိုင်းအတာတို့တွင် လျော့နည်းစေမှုကိုတားမြစ်ချက်က ချိန်တွယ်ခြင်းနှင့် တိုင်းတာခြင်း တို့တွင် အပြည့်အဝ ရှိစေရမည်ဆိုသည်မှာ အရေးကြီးကြောင်းထင်ရှားပါသည်။ ဤသည်ကို ပိုမိုအလေးအနက် ပြုရန် အနေဖြင့် စိုက်ယိဒနာ"ရှုအိုက်ဗ်"က-

وَ يٰقَوۡمِ اَوۡفُوا الۡمِكۡيَالَ وَ الۡمِيۡزَانَ بِالۡقِسۡطِ وَ لَا تَبۡخَسُوا النَّاسَ اَشۡيَآءَهُمۡ وَ لَا تَعۡثَوۡا فِی الۡاَرۡضِ مُفۡسِدِيۡنَ

"ထိုမှတစ်ပါး၊ အို-ငါ၏အမျိုးသားတို့၊ အသင်တို့သည်(တင်းတောင်း စသော)ပမာဏ အချင်အတွယ်

များကို လည်းကောင်း၊ အလေးချိန်ကို လည်းကောင်း အပြည့်ပေးကြလေကုန်။ ထို့ပြင် အသင်တို့သည် လူသားတို့အား (အရောင်းအဝယ် ပြုလုပ်ကြသောအခါဝယ်) ၎င်းတို့ ပစ္စည်းများကို လျော့၍ မပေးကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် ကမ္ဘာမြေဝယ် ဖျက်ဆီးသူများအဖြစ် သောင်းကျန်းမှုကို မပြုကြကုန်လင့်။" ဟုပြောကြားခဲ့လေသည်။

ထို့နောက် ချစ်ခင်ကြင်နာစွာဖြင့် သူကထိုသူများအားရှင်းပြသည်မှာ-

بَقِيَّتُ اللّٰهِ خَيْرٌ لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۚ وَ مَاۤ اَنَا عَلَيْكُمْ بِحَفِيْظٍ

"အကယ်၍ အသင်တို့သည် မုအ်မင်နသက်ဝင်ယုံကြည်သူများ ဖြစ်ကြပါလျှင် အလ္လာဟ်အရှင်မြတ် (ချီးမြှင့်တော်မူသော အရာများအနက်မှ) ကြွင်းကျန်သော ဟလာလ် (ပစ္စည်း)ကား အသင်တို့အဖို့ အကောင်းဆုံးပင်။ စင်စစ်သော်ကား ငါသည် အသင်တို့အား (အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်မှ) ထိန်းသိမ်းစောင့်ရှောက်သူ မဟုတ်ချေ။"ဟူ၍ ဖြစ်သည်။

ယင်းကဆိုလိုသည်မှာ အကယ်၍သာထိုသူတို့သည် သူ၏ပြောကြားချက်ကိုမနာယူပါက အချို့သော ပြစ်ဒဏ်ခတ်ခံရမှုတို့ဖြင့် ဖမ်းဆီးခွင့် ခံရနိုင်သည်ဆိုသော ဖြစ်နိုင်ချေ တစ်ရပ်အတွက် သူတွင် တာဝန်မရှိကြောင်း ၎င်းတို့နားလည် သဘောပေါက်ရမည်ဟုဖြစ်သည်။

တမန်တော်မြတ်(S)သခင်က စိုက်ယိဒနာ"ရှူအိုက်ဗ်"နှင့် ပတ်သက်၍ သူသည် တမန်တော်များအနက် အပြောအဟောကောင်းသူဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သူ၏အပြောအဟောကောင်းမှုသည် တစ်မူ ထူးခြားပါသည်။ သူ၏လူများအား သူ၏သတင်းစကားကို နားလည်သဘောပေါက်စေရန်နှင့် လမ်းမှန်သို့ရောက် ရှိစေရန် အတွက် ဟောပြောမှုကို အဆုံးအစွန်ထိ ပြောခဲ့ပါသည်။ သို့ရာတွင် သူ၏ပြောကြားချက်ကို ကြားနာရပြီးသည့်တိုင် သူလူများ၏ တုန့်ပြန်မှုသည် ၎င်းတို့၏ မသိနားမလည်ပြီး ခေါင်းမာသော ၎င်းတို့ကို ပြုပြင်ပြောင်းလဲသော သူတို့ပေးသော အဖြေနှင့် မခြားနားပါ။ ထိုသူတို့သည် သူ့အားကဲ့ရဲ့သရဲြပ်ပြီးလှောင်ပြောင်ကာပြောသည်မှာ-

اَصَلٰوتُكَ تَاْمُرُكَ اَنْ نَّتْرُكَ مَا يَعْبُدُ اٰبَآؤُنَاۤ اَوْ اَنْ نَّفْعَلَ فِيْۤ اَمْوَالِنَا مَا نَشٰٓؤُا ؕ اِنَّكَ لَاَنْتَ الْحَلِيْمُ الرَّشِيْدُ

"၎င်း(အမျိုးသား)တို့က (နဗီတမန်တော်ရှူအိုက်ဗ်အား ဤသို့) ပြောဆိုခဲ့ကြ၏။ အို-ရှူအိုက်ဗ်၊ အသင်၏ ဆွာလာသ်ဝတ်ပြုမှုသည် (သာသနာသည်) အသင့်အား ကျွန်ုပ်တို့(၏ အကြီးအကဲများ ဖြစ်ကုန်သော) အဘ၊ ဘိုး၊ ဘေးတို့ ကိုးကွယ်ဆည်းကပ်ကြလေသော ဘုရားများကို ကျွန်ုပ်တို့ စွန့်လွှတ်ရန် လည်းကောင်း၊ ကျွန်ုပ်တို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများတွင် မိမိတို့အလိုကျ ပြုလုပ်ကြသည်ကို ကျွန်ုပ်တို့စွန့်လွှတ်ရန်လည်းကောင်း စေခိုင်းပါသလော။ ဇကန်အမှန် အသင်တစ်ဦးတည်း သာလျှင်ကြွေးမြီ နှင့်ပြည့်စုံသောသူ၊ရိုးသားဖြောင့်မတ်သောသူဖြစ်သည်လော။"ဟုဖြစ်သည်။

စိုက်ယိဒနာ"ရှူအိုက်ဗ်"၏ ဆွလာသ် ဝတ်ပြုမှုသည် သူ၏လူများတွင် လူသိများလှသည်။ အဘယ့်ကြောင့် ဆိုသော် သူသည် ဆွလာသ်ဝတ်ပြုမှုကို အမြဲမပြတ် ကိုင်းရှိုင်းစွာ ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ထိုသူတို့က (မပြောစကောင်း) သူ၏ ဝတ်ပြုမှုသည် သူ့အား ဤကဲ့သို့ ပရမ်းပတာကိစ္စရပ်များကို ပြောစေသည်ဟူ၍ သရော်ပျက်ချော်ရည်ညွှန်း ခဲ့ပါသည်။ ၎င်းတို့ ပြောဆိုခဲ့သည်တို့မှ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ ဘာသာရေးသည်၊ ခဝတ်ကိုးကွယ်မှု

လုပ်ရပ်များကိုသာ ပြုလုပ်ရန် ကန့်သတ်ထားသည်။ ရုပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် မည်သို့မျှ မသက်ဆိုင်ဟူ၍ ထိုသူတို့က မှတ်ယူခဲ့သည်ဆိုကြောင်း ဖြစ်ပါသည်။ လူတိုင်းသည်လုပ်ကိုင် ရှာဖွေကာ မိမိ၏ ဥစ္စာဓနအား မိမိစိတ်တိုင်းကျ သုံးစွဲနိုင်ပါသည်။ ယင်းကိစ္စရပ် အပေါ်၌ ကန့်သတ်ချက်ထားမှုသည် ဘာသာရေး အလုပ်မဟုတ်ပါ။ ထိုသူများ ကဲ့သို့ပင် ကျွန်ုပ်တို့ ခေတ်အခါသမယ၌ လူများသည် စစ်မှန်သော အချက်ကို မသိနားမလည်သောကြောင့် ထိုကဲ့သို့ပင် ယေဘုယျ ယုံကြည်ကြပါသည်။

စိုက်ယိဒနာရှအိုက်ဗ်(a)က သူလူများကို ပြောခဲ့သည်မှာ အချင်းချင်း ကောင်းစေလိုသော စိတ်အား ထက်သန်မှုပေါ် အခြေခံထားသည့် ကောင်းမြတ်သော အကြံပြုချက်ဖြစ်သည်။ သို့သော်လည်း သူလူများသည် သူ့အား တစ်ဖက်သားကို ထိခိုက်စေသော လှောင်ပြောင်မှုဖြင့် တုန့်ပြန်ခဲ့ကြသည်။ သို့သော်လည်း သူတို့ထိုသို့ လုပ်ခဲ့သော သူမှာ ကောင်းချီးမင်္ဂလာ ပေးခံရသော တမန်တော်တစ်ပါး၏ အဆင့်အတန်း ဖြစ်သည့် စိုက်ယိဒနာ ရှအိုက်ဗ်(a) ဖြစ်သည်။ သူတို့၏ ထိခိုက်စေသော မှတ်ချက်ကို ကြားသိခဲ့ရသော်လည်း တမန်တော်ရှအိုက်ဗ်(a)သည် ထိုသူများ ဘက်ဆီသို့ ယခင်ကကဲ့သို့ ကြင်နာသနားမှုဘက်လှည့်ကာ ၎င်းသူတို့ အမှန်တရားကို မြင်စေရန်အတွက် တစ်ဖန် ကြိုးစားခဲ့သည်။ တမန်တော်ရှအိုက်ဗ် (a)က **يٰقَوْمِ اَرَءَيْتُمْ اِنْ كُنْتُ عَلٰى بَيِّنَةٍ مِّنْ رَّبِّيْ وَ رَزَقَنِيْ مِنْهُ رِزْقًا حَسَنًا** "အို-ငါ၏ အမျိုးသားတို့၊ အကယ်၍ ငါသည် မိမိအရှင်မြတ် ထံတော်မှ သက်သေခံ အပေါ်၌ တည်ရှိခဲ့ပါလျှင် လည်း ကောင်း၊ ထိုအရှင်မြတ်သည် ငါ့အား မိမိအထံတော်မှ ကောင်းမွန်မြင့်မြတ်သော စားနပ်ရိက္ခာကို ချီးမြှင့် ပေးသနား တော်မူခဲ့ပါလျှင် အသင်တို့သည် မည်သို့ထင်မြင် ယူဆကြ ပါသနည်း"ဟု ပြောကြားခဲ့သည်။ စိုက်ယိဒနာ ရှအိုက်ဗ် (a)က ၎င်းကို အလွှာဟ်အရှင်မြတ်က လောကီဆိုင်ရာ ဘဝအတွက် ကောင်းမြတ်သော စားနပ်ရိက္ခာ ပေးခြင်း၊ ဝဟီ အလင်းရောင်ဖြင့် နာမ်ပိုင်းဆိုင်ရာ အလင်းရောင်ပေးခြင်း ဟူသော ကောင်းချီး မင်္ဂလာများပေးအပ်ခဲ့ကြောင်း၊ သူ၏ လူများကို ပြောကြားပါသည်။ သို့ဆိုလျှင် ဤအံ့ဘွယ် ရတနာများ သူ့လက်ရှိပါလျက် သူသည် ၎င်းတို့ကဲ့သို့ အမှားနှင့် မတရားမှုကို ဖက်တွယ်နေသော သူများကို အမှန်ဘက်သို့ ဘယ်လိုကြောင့် မခေါ်နိုင်ရပါသနည်း။

ယင်းနောက် တမန်တော်က **وَ مَآ اُرِيْدُ اَنْ اُخَالِفَكُمْ اِلٰى مَآ اَنْهٰكُمْ عَنْهُ** "၎င်းပြောငါသည် မိမိကိုယ်တိုင် အသင်တို့အား တားမြစ်သော ကိစ္စကို အသင်တို့နှင့် ဆန့်ကျင်၍ (အသင်တို့၏ နောက်ကွယ်တွင်) ကိုယ်တိုင်ပြုလုပ်ရန် ရည်စူးသည် မဟုတ်ပေ။"ဟု မိန့်ကြားခဲ့သည်။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဘာသာရေးဆိုင်ရာ တရား ဟောကြားသူတစ်ဦးသည် သူ့ဘဝလုပ်ဆောင်မှု နည်းလမ်းသည် သူတရားဟောရာတွင် အရေးကြီးသောကဏ္ဍမှပါဝင် သည်။ သူကိုယ်တိုင် မကျင့်ကြံသော ကိစ္စရပ်ကို ဟောကြားမှုသည် အခြားသူကို မထိရောက်ပေ။

ထို့နောက် တမန်တော်ရှအိုက်ဗ်(a)က **اِنْ اُرِيْدُ اِلَّا الْاِصْلَاحَ مَا اسْتَطَعْتُ** "ငါသည် မိမိတတ်စွမ်းနိုင်သမျှ ကာလပတ်လုံး အသင်တို့၏ ဆိုးဝါးနေသော အခြေအနေကို ပြုပြင်ရန်သာလျှင် ရည်စူးလေသည်။"ဟု မိန့်ခဲ့သည်။ ထို့နောက် ဤကြိုးပမ်း အားထုတ်မှုသည်လည်း သူစိတ်ကြိုက် သူဆန္ဒအရ မဟုတ်ခဲ့သောကြောင့် ဆက်လက် ပြော သည်မှာ **وَ مَا تَوْفِيْقِيْٓ اِلَّا بِاللّٰهِ عَلَيْهِ تَوَكَّلْتُ وَ اِلَيْهِ اُنِيْبُ** "သို့ရာတွင် ငါ၏ အောင်မြင်မှုအား အလွှာဟ်အရှင်မြတ်၏ ကူညီမှု အပေါ်၌သာလျှင် ရှိနေပေရာ ငါသည် ထိုအရှင် မြတ် အပေါ်၌ သာလျှင် ယုံကြည်အားထား၏။ ထိုမှတစ်ပါး ငါသည် ထိုအရှင်မြတ် ဘက်သို့သာလျှင် ပြန်လှည့် မည်ဖြစ်၏" ဟူ၍ ဖြစ်သည်။

ထိုသူများကို ဤကောင်းမြတ်သောအကြံပေးပြီးနောက် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုနှင့် ပတ်သက်၍ သတိပေးခဲ့သည်။ ၎င်းက ပြောခဲ့သည်မှာ-

وَيٰقَوْمِ لَا يَجْرِمَنَّكُمْ شِقَاقِيْٓ اَنْ يُّصِيْبَكُمْ مِّثْلُ مَآ اَصَابَ قَوْمَ نُوْحٍ اَوْ قَوْمَ هُوْدٍ اَوْ قَوْمَ صٰلِحٍ ۭ وَمَا قَوْمُ لُوْطٍ مِّنْكُمْ بِبَعِيْدٍ

"အမှန်သော်ကား အို-ငါ၏အမျိုးသားတို့၊ ငါနှင့် စိတ်ဝမ်းကွဲပြားမှုသည် အသင်တို့၌ (နဗီတမန်တော်) နူဟ်၏ အမျိုးသားတို့၌ သက်ရောက် ခဲ့ဘိသကဲ့သို့သော ဘေးဒုက္ခမျိုးကို သော်လည်းကောင်း၊ (နဗီတမန်တော်)ဟူဒ်၏ အမျိုးသားတို့၌ သက်ရောက် ခဲ့ပြီးသကဲ့သို့သော ဘေးဒုက္ခမျိုးသော် လည်းကောင်း၊ (နဗီတမန်တော်)ဆွာလေးဟ်၏ အမျိုးသားတို့၌ သက်ရောက် ခဲ့ပြီးသကဲ့သို့သော ဘေးဒုက္ခမျိုးသော်လည်းကောင်း သက်ရောက်စေရန် အသင်တို့အား အလျဉ်း လှုံဆော်ဖန်တီးသည် မရှိစေရ။ ၎င်းပြင်(နဗီတမန်တော်)လူသွ၏ အမျိုးသားတို့(၌ သက်ရောက်ခဲ့သော ပြစ်ဒဏ်)မှာ လည်း အသင်တို့နှင့် မဝေးလှချေ။"ဟူ၍ဖြစ်သည်။

နောက်ဆုံး ဝါကျက ဆိုလိုသည်မှာ မြေလှန်ခံရသော စိုက်ယိဒနာလူသွ်လူများ၏ နေရာထိုင်ခင်းသည် မဒယန်လူမျိုးများ နေထိုင်ရာနှင့် နီးကပ်သည်ဟူ၍ ဖြစ်သည်။ ထို့နောက် အချိန်ကာလအပိုင်းအခြားအရ ဆိုလျှင် ၎င်းတို့ အပေါ် ကျရောက်ခဲ့သော ပြစ်ဒဏ်ခတ်မှုသည်လည်း နီးကပ်ပေသည်။ ဤသည်မှ ၎င်းတို့ သင်ခန်းစာ ရယူကာ ၎င်းတို့၏ ခေါင်းမာမှုကို စွန့်လွှတ်နိုင်ပါသည်။

ဤသို့ ပြောဆိုမှုကို ကြားသိရသော အခါတွင် သူလူများသည် အလွန် ဒေါသ အမျက်ချောင်းချောင်း ထွက်ကြသည်။ အကယ်၍ စိုက်ယိဒနာ ရှုအိုက်ဗ်(a)သည် သူ့အုပ်စု ထောက်ခံမှုမရခဲ့လျှင် ထိုသူများက ၎င်းအား သေသည်အထိ ကျောက်တုံးဖြင့် ပစ်ပေါက်သတ်ကြမည်ဟု ပြောကြားခဲ့သည်။ ဤသို့ ခြိမ်းခြောက်လင့်ကစား စိုက်ယိဒနာ ရှုအိုက်ဗ်(a)သည် တမန်တော် တစ်ပါးအဖြစ် သတ္တိရှိစွာ အသင်တို့အုပ်စုအား ကြောက်ရွံ့မည်မဟုတ်ကြောင်း တုန့်ဆိုင်းမှုမရှိ ပြောကြားခဲ့သည်။ သို့ရာတွင် အရာရာတိုင်းအား ထိန်းချုပ်တော်မူသည့် အလ္လာဟ် အရှင်မြတ်ကိုကား ၎င်းတို့ မကြောက်ရွံ့ကြချေ။

နောက်ဆုံးတွင် သူလူများသည် ပြောဆိုသမျှ နားမထောင်ခဲ့သောအခါ စိုက်ယိဒနာရှုအိုက်ဗ်(a)က အလ္လာဟ် အရှင်မြတ်ထံတော်မှ ကျရောက်မည့် ပြစ်ဒဏ်ခတ်မှုကို အသင်တို့ စောင့်မျှော်ကြပါလေဟု ပြောကြားခဲ့သည်။ ယင်းနောက် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ စွန္ဒသ်ဓလေ့တော်အရ ထိုနေရာထိုင်ခင်းမှ စိုက်ယိဒနာ ရှုအိုက်ဗ် (a)နှင့် ၎င်းအားယုံကြည်လက်ခံသူများကို ခွဲထုတ်ကာ ကျန်သူများကို စိုက်ယိဒနာဂျစ်ဗ်ရာအီလ် (a)၏စူးရှသော အော်သံဖြင့် တမဟုတ်ချင်းဖျက်ဆီးပစ်ခဲ့သည်။

အဓိန့်ပညတ်ချက်များနှင့်ဥပဒေသများ

အချိန်အတွယ်နှင့်အတိုင်းအတာများတွင်လျော့နည်းစေသည်နှင့်ပတ်သက်သော ဥပဒေသများ

စိုက်ယိဒနာရှအိုက်ဗ်(a)၏လူများအပေါ်၌ ပြစ်ဒဏ်ခတ်ခံရမှုအဘယ်ကြောင့် ကျရောက်ခဲ့သည် ဆိုခြင်းနှင့် ပတ်သက်သောအကြောင်းမှာ "သသွဖီးဖ်"ဟုခေါ်သည်။ အချိန်အတွယ်နှင့်အတိုင်းအတာများတွင် ထိုက်သင့်သည် ထက်လျော့နည်းစွာ ပေးသော အလေ့အကျင့်ကြောင့်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်သူများ အပေါ်တွင် ကြီးလေးသော ပြစ်ဒဏ်ခတ်ခံရမှု ကျရောက်နိုင်သည်ဆိုကြောင်း စူရတ်အလ်မုသွသ်ဖိဖီးဖ်၏အဖွင့်- **وَيْلٌ لِّلْمُطَفِّفِيْنَ** "အလေးတင်းတောင်း၊ ခွက်စသည်ကို စဉ်းလဲသူတို့သည် ပျက်စီးကြရပေမည်။ (၈၃း၁)၌ ကုရ်အာန်ကျမ်းမြတ်တွင် မိန့်ကြားထားသည်။ ထိုသို့လုပ်ဆောင်မှုသည် ဟရာမ်(တရားမဝင်)လုံးဝဖြစ်ကြောင်း မုစ်လင်မ်အွမ်မသ်ထု တစ်ရပ်လုံးက တစ်ညီတစ်ညွတ်တည်း သဘောတူညီထားကြသည်။ စိုက်ယိဒနာအုမရ်(d)၏ပြောကြားချက်ကို ကိုးကား၍ မုအသ်သာရ်ကျမ်းတွင် အီမာမ်မာလိက်က ပြောသည်မှာ ချိန်တွယ်ရာနှင့်တိုင်းတာရာတွင် လျော့နည်းခြင်းဆိုသည်မှာ တစ်စုံတစ်ဦးသည် အခြားသူအပေါ်၌ ၎င်းဖြည့်ဆည်းရမည့် တာဝန်ဝတ္တရားကို အပြည့်အဝ အမှန်အကန် မလုပ်ဆောင်ဟု ဆိုလိုသည်။ စင်စစ်လျော့စေခြင်းသည် အလေးအချိန်ဖြစ်စေ၊ အတိုင်းအတာဖြစ်စေ၊ တစ်မျိုးနှင့်တစ်မျိုး လဲလှယ်ရာတွင်ဖြစ်စေဖြစ်နိုင်သည်။ အကယ်၍ ဝန်ထမ်းဖြစ်စေ၊ ဌာနဆိုင်ရာဝန်ထမ်းဖြစ်စေ၊ သူ(သို့မဟုတ်)သူမသည် သတ်မှတ်ထားသော တာဝန်ဝတ္တရားကို လုပ်ကိုင်ရာတွင် လျော့နည်းခြင်း (သို့မဟုတ်)လုပ်သား တစ်ဦးသည် အလုပ်ချိန်လျော့လုပ်ခြင်း၊ (သို့မဟုတ်) သူ့ကိုတာဝန်ပေးထားသည့် အလုပ်လုပ်ဆောင်ရာတွင် သတ်မှတ်သည့်အတိုင်း မဖြည့်ဆည်းခြင်းစသော အရာများအားလုံးသည် ဤအတန်းအစားတွင်ပါဝင်သည်။ မည်သူ မဆိုသူ(သို့မဟုတ်) သူမ၏ ဆွေလာသ်ဝတ်ပြု ဆောက်တည်ရာတွင် ဆွေလာသ်ဝတ်ပြုမှုတွင်ပါသည့် မပြုမနေရ အရာတိုင်း(ဖရ်ဇ်)တိုင်းနှင့် မတ်စ်နူန်းတို့ကို သတ်မှတ်သည့်အတိုင်း မလုပ်ဆောင်လျှင် ယင်းသည်လည်း ဤသွသ်ဖီးဖ် ပြစ်မှုကျူးလွန်ရာ ရောက်သည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အားလုံးကို ဤပြစ်မှုများအားလုံးမှ ကာကွယ်တော် မူပါစေ။ (အာမီးန်)

ဥပဒေသ

သဖီစီရ်အလ်ကုရ်သုဒီကျမ်းတွင်ပါရှိသည်မှာ စိုက်ယိဒနာရှအိုက်ဗ်(a)၏ လူများသည် ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးများအား ဝှက်၍ သိမ်းထားကာ ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးပြားတို့၏ အစွန်းနှုတ်ခမ်းများမှ တိ၍ ယူပြီး၊ ဒီနာ၊ ဒိရ်ဟမ် အဖြစ် တရားဝင်ငွေကြေးပြု လှည့်လည်သုံးစွဲခဲ့ပါသည်။ စိုက်ယိဒနာ ရှအိုက်ဗ်(a)က ထိုသို့မလုပ်ရန် တားမြစ်ခဲ့သည်။ (သဘောမှာ ရွှေပွတ်ယူထားပြီး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအဖြစ် သုံးစွဲခဲ့ခြင်းကို ဆိုလိုသည်။)နောင်မှစျေးကွက်၌ ပေါက်ဈေးအရ သုံးစွဲကြသည်။ စိုက်ယိဒနာရှအိုက်ဗ်(a)က ထိုသို့ မလုပ်ရန်တားမြစ်ခဲ့သည်။

ဟဒီးဆ်တော်တွင် တမန်တော်မြတ်(s)က အစွလာမ်နိုင်ငံ၏ အကြွေဒင်္ဂါးကို ဖဲ့ယူခြင်းဟရာမ် ဖြစ်သည်ဟု ကြေညာခဲ့သည်။ ဤအတိုင်းပင် သဖီစီရ်ပညာရှင် ဇိုက်ဒ်အိဗ်နေ့အတ်စလာမ်က ကုရ်အာန်ကျမ်းမြတ်၏အာယသ် **سَعَةُ رَهْطٍ يُّفْسِدُوْنَ فِي الْاَرْضِ وَ لَا يُصْلِحُوْنَ** "ထိုပြင် မြို့တွင်း၌ယောကျ်ားကိုးယောက်ရှိခဲ့ကြရာ ၎င်းတို့သည် တိုင်းပြည်ကို (စည်ကားသာယာအောင်) ပြုပြင်ကြ ခြင်းမရှိဘဲ ဖျက်ဆီးမှုကိုသာ ပြုလုပ်လျက်ရှိကြကုန်၏။(၂၇း၄၈)" ကိုရှင်းလင်းရာ၌တိတိကျကျ ပြောသွားခဲ့သည်။ ၎င်းကပြောသည်မှာအာယသ်ထဲရှိမြို့၏ဤလူကိုးဦးသည် ဒီနာရ်နှင့်ဒိရ်ဟမ်အကြွေဒင်္ဂါးများပါ ရွှေနှင့်ငွေများကိုဖဲ့ယူကာ ဤနည်းဖြင့်၎င်းတို့အတွက်အကျိုးအမြတ်ရှိသောစီးပွားရေးလုပ်ငန်း

ကြီးတစ်ရပ် လုပ်ခဲ့သည်။ ဤသည်ကိုကုရ်အာန်ကျမ်းတော်မြတ်လာ ကြီးကျယ်သော ပျက်စီးမှုဟုခေါ်သည်

စိုက်ယိဒနာအုမရ်အိပ်နိအပ်ဒွလ်အဇီးဇ်၏ခလီဖာဟ်ကာလအတွင်း တစ်စုံတစ်ဦးသည်ဒီရ်ဟမ်အကြေ ဒဂ်ီး ကိုဖြတ်တောက်နေစဉ်ဖမ်းဆီးခဲ့သည်။ သူ့အားကြိမ်ဒဏ်အပြစ်ပေးကာ ကတုံးရိတ်၍ မြို့တွင်းလည်ပတ် ပြသခဲ့သည်။
(သဖ်စီရ်အလ်ကုရ်သုဗီ)

အာယသ် (၉၆-၁၀၁)

وَ لَقَدْ اَرْسَلْنَا مُوْسٰى بِاٰيٰتِنَا وَ سُلْطٰنٍ مُّبِيْنٍ ﴿۹۶﴾ اِلٰى فِرْعَوْنَ وَ مَلَا۟ئِهٖ
فَاتَّبَعُوْۤا اَمْرَ فِرْعَوْنَ ۚ وَ مَاۤ اَمْرُ فِرْعَوْنَ بِرَشِيْدٍ ﴿۹۷﴾ يَقْدُمُ قَوْمَهٗ يَوْمَ الْقِيٰمَةِ
فَاَوْرَدَهُمُ النَّارَ ؕ وَ بِئْسَ الْوِرْدُ الْمَوْرُوْدُ ﴿۹۸﴾ وَ اُتْبِعُوْا فِيْ هٰذِهٖ لَعْنَةً وَّ يَوْمَ
الْقِيٰمَةِ ؕ بِئْسَ الرِّفْدُ الْمَرْفُوْدُ ﴿۹۹﴾ ذٰلِكَ مِنْ اَنْۢبَآءِ الْقُرٰى نَقُصُّهٗ عَلَيْكَ مِنْهَا
قَآئِمٌ وَّ حَصِيْدٌ ﴿۱۰۰﴾ وَ مَا ظَلَمْنٰهُمْ وَ لٰكِنْ ظَلَمُوْۤا اَنْفُسَهُمْ فَمَاۤ اَغْنَتْ عَنْهُمْ
اٰلِهَتُهُمُ الَّتِيْ يَدْعُوْنَ مِنْ دُوْنِ اللّٰهِ مِنْ شَيْءٍ لَّمَّا جَآءَ اَمْرُ رَبِّكَ ؕ وَ مَا زَادُوْهُمْ
غَيْرَ تَتْبِيْبٍ ﴿۱۰۱﴾

ထို့ပြင် မလွဲမကင်ငါအရှင်မြတ်သည်(နဗီတမန်တော်)မူစာအား မိမိသည်သက်သေ လက္ခဏာ များနှင့်လည်းကောင်း၊ ထင်ရှားစွာ သက်သေခံ တစ်ရပ်နှင့် လည်းကောင်း စေလွှတ် တော်မူခဲ့လေသတည်း။ (၁၁း၉၆)

ဖိရ်အောင်န်၏ထံသို့လည်းကောင်း၊ယင်းဖိရ်အောင်န်၏အကြီးအကဲ(မူးကြီးမတ်ရာ) များထံသို့ လည်းကောင်း(စေလွှတ်ခံရခြင်းဖြစ်၏။) သို့ရာတွင် ၎င်းတို့သည်ဖိရ်အောင်န်၏အမိန့်ကိုပင် လိုက်နာနေခဲ့ကြကုန်၏။ စင်စစ်ဆိုသော် ဖိရ်အောင်န်၏အမိန့်သည်လုံးဝ သင့်တော်မှန်ကန်သော လမ်းမှန်သော အမိန့်မဟုတ်ခဲ့ပေ။ (၁၁း၉၇)

ယင်းဖိရ်အောင်န်သည် 'ကိယာမသ်'ရှင်ပြန်ထမည့်နေ့တွင် မိမိအမျိုးသားတို့အား ရှေ့ဆောင် ပေမည်။ ထို့နောက် ၎င်းသည်ယင်းအမျိုးသားတို့အား ငရဲဘုံ၌စခန်းချစေမည် ဖြစ်၏။ အမှန်သော်ကား (၎င်းတို့)စခန်းချစေခြင်း ခံရမည့် နေရာသည် အလွန် ဆိုးရွားလှ ပေသည်တကား။ (၁၁း၉၈)

ထို့ပြင် ယင်းသူတို့သည် ဤပစ္စက္ခဖျက်ဓမ္မာက်ဘဝ၌လည်းကောင်း၊'ကိယာမသ်' ရှင်ပြန် ထမည့်နေ့တွင်လည်းကောင်း ကရုဏာတော်မှ ကင်းဝေးစေခြင်းကို (မိမိတို့) နောက်မှ ထပ်ကြပ်မက်မာ လိုက်စေခြင်းကိုခံခဲ့ကြရလေသည်။ (၎င်းတို့)ချီးမြှင့်ခြင်းခံရ မည့် မေတ္တာလက်ဆောင်မှာ အလွန်ဆိုးရွား လှသော မေတ္တာလက်ဆောင်ပင် ဖြစ်ပေ သည် တကား။ (၁၁း၉၉)

ဤကား အကြင်မြို့ရွာများ၏ အချို့သောသတင်းစကားပင်။ ငါအရှင်မြတ်သည် ထိုသတင်း စကားကို အသင်၏ရှေ့ဝယ်ပြန်၍ပြောကြားတော်မူ၏။ ထိုမြို့ရွာများအနက် အချို့မှာ(ယခုတိုင်အောင်) တည်ရှိနေ၍ (အချို့မြို့ရွာများမှာမူကား)ပျက်ပြုန်းခဲ့လေသတည်း။ (၁၁း၁၀၀)

စင်စစ်သော်ကား ငါအရှင်မြတ်သည် ၎င်းတို့အားနှိပ်စက်တော်မူခဲ့သည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင်ပင် (အလ္လာဟ်အရှင်မြတ်အား စွန့်၍ အခြားအရာများကို ဟစ်ခေါ် ခြင်းအားဖြင့်)မိမိတို့ ကိုယ်ကို နှိပ်စက်ကလူပြုခဲ့ကြလေသည်။ သို့တစေလည်း အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ အမိန့်တော် ရောက်ရှိလာသော အခါ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်အား စွန့်၍ ဟစ်ခေါ်လေ့ရှိကြကုန်သော ၎င်းတို့၏ ကိုးကွယ်ရာများသည် ၎င်းတို့အဖို့ အနည်းငယ် တစ်စုံတစ်ရာမျှပင် အသုံးမဝင်အကျိုး မပေးနိုင်ခဲ့ကြချေ။ ထိုမှတစ်ပါး ယင်းကိုးကွယ်ရာများသည် ၎င်းတို့၌ ပျက်စီးစေခြင်းမှ တစ်ပါး အခြားတစ်စုံတစ်ရာမျှ(သော အကျိုးကို)တိုးပွားစေခဲ့ကြသည်လည်းမဟုတ်ပေ။ (၁၁း၁၀၁)

အာယသ် (၁၀၂-၁၁၁)

وَ كَذٰلِكَ اَخْذُ رَبِّكَ اِذَاۤ اَخَذَ الْقُرٰى وَ هِيَ ظَالِمَةٌ ؕ اِنَّ اَخْذَهٗۤ اَلِيْمٌ شَدِيْدٌ ﴿۱۰۲﴾
اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّمَنْ خَافَ عَذَابَ الْاٰخِرَةِ ؕ ذٰلِكَ يَوْمٌ مَّجْمُوْعٌ ۙ لَّهُ النَّاسُ وَ
ذٰلِكَ يَوْمٌ مَّشْهُوْدٌ ﴿۱۰۳﴾ وَ مَا نُؤَخِّرُهٗۤ اِلَّا لِاَجَلٍ مَّعْدُوْدٍ ﴿۱۰۴﴾ يَوْمَ يَاْتِ لَا
تَكَلَّمُ نَفْسٌ اِلَّا بِاِذْنِهٖ ۚ فَمِنْهُمْ شَقِيٌّ وَّ سَعِيْدٌ ﴿۱۰۵﴾ فَاَمَّا الَّذِيْنَ شَقُوْا فَفِي
النَّارِ لَهُمْ فِيْهَا زَفِيْرٌ وَّ شَهِيْقٌ ﴿۱۰۶﴾ ۙ خٰلِدِيْنَ فِيْهَا مَا دَامَتِ السَّمٰوٰتُ وَ
الْاَرْضُ اِلَّا مَا شَآءَ رَبُّكَ ؕ اِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيْدُ ﴿۱۰۷﴾ وَ اَمَّا الَّذِيْنَ سُعِدُوْا
فَفِي الْجَنَّةِ خٰلِدِيْنَ فِيْهَا مَا دَامَتِ السَّمٰوٰتُ وَ الْاَرْضُ اِلَّا مَا شَآءَ رَبُّكَ ؕ عَطَآءً
غَيْرَ مَجْذُوْذٍ ﴿۱۰۸﴾ فَلَا تَكُ فِيْ مِرْيَةٍ مِّمَّا يَعْبُدُ هٰۤؤُلَآءِ ؕ مَا يَعْبُدُوْنَ اِلَّا كَمَا يَعْبُدُ
اٰبَآؤُهُمْ مِّنْ قَبْلُ ؕ وَ اِنَّا لَمُوَفُّوْهُمْ نَصِيْبَهُمْ غَيْرَ مَنْقُوْصٍ ﴿۱۰۹﴾ وَ لَقَدْ اٰتَيْنَا
مُوْسَى الْكِتٰبَ فَاخْتُلِفَ فِيْهِ ؕ وَ لَوْ لَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِيَ بَيْنَهُمْ ؕ وَ
اِنَّهُمْ لَفِيْ شَكٍّ مِّنْهُ مُرِيْبٍ ﴿۱۱۰﴾ وَ اِنَّ كُلًّا لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ اَعْمَالَهُمْ ؕ اِنَّهٗ
بِمَا يَعْمَلُوْنَ خَبِيْرٌ ﴿۱۱۱﴾

စင်စစ်သော်ကား အသင့်အားဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်သည် မြို့ရွာ (ရှိသူ)တို့အား ၎င်းတို့သည် နှိပ်စက်ကလူပြုလျက်ရှိနေကြစဉ် ဖမ်းဆီးအရေးယူတော်မူသောအခါ ဤနည်းအတိုင်းပင် ဖမ်းဆီးအရေးယူတော်မူလေ့ရှိ၏။ ဇကန်အမှန် ထိုအရှင်မြတ်၏ဖမ်းဆီးအပြစ်ပေးမှုကား အလွန်ပြင်းပြ နာကျင်ဖွယ်ဖြစ်လှပေသည်။ အလွန်ပြင်းထန်လှပေသတည်း။ (၁၁း၁၀၂)

ဇကန်မလွှဲ၊ ဤသည့်(အဖြစ်အပျက်)တို့တွင် နောင်တမလွန်ဘဝ၏ ပြစ်ဒဏ်ကို ကြောက်ရွံ့ စိုးရိမ်သော သူတို့အဖို့ အမှန်ပင်သက်သေလက္ခဏာ ရှိပေသည်။ ထိုနေ့သည်ကား လူခပ်သိမ်းတို့စုရုံးခြင်းခံကြရပေမည်။ ထိုနေ့သည်ကား (လူခပ်သိမ်းတို့သည် အလွှာဟ်အရှင်မြတ်၏ ရှေ့မှောက်တွင်) အသင့်ရောက်ရှိစေခြင်း ခံကြရမည့်နေ့ပင် ဖြစ်ချေသတည်း။ (၁၁း၁၀၃)

စင်စစ်မူကား ငါအရှင်မြတ်သည် ထိုနေ့ရက်ကိုရေတွက်ပြီးဖြစ်သော အချိန်ကာလတိုင်မျှ သာလျှင် ရှေ့ဆိုင်းထားတော်မူလေသည်။ (၁၁း၁၀၄)

ထိုနေ့သည် ဆိုက်ရောက်လာသောအခါ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦး တစ်ယောက်မျှပင် စကားပြောဆိုနိုင်မည်မဟုတ်ပေ။ တစ်ဖန်ထိုသူတို့ အနက် အချို့မှာ အကြောင်း မလှသူများဖြစ်ကြပေအံ့။ အချို့မှာမူကား အကြောင်းလှ သူ များပင် ဖြစ်ကြလတ္တံ့။ (၁၁း၁၀၅)

သို့ဖြစ်ပေရာ အကြောင်းမလှသော သူတို့သည်ဂျဟန္နမ်ငရဲဘုံ၌ ရှိကြပေမည်။ ၎င်းတို့၌ ထိုဂျဟန္နမ်ငရဲဘုံတွင် ဟစ်အော်ခြင်းညည်းတွားခြင်းများပင် ရှိကြပေမည်။ (၁၁း၁၀၆)

(၎င်းတို့သည်)မိုးကောင်းကင်များနှင့် ပထဝီမြေတည်နေသမျှ ကာလပတ်လုံး ထိုငရဲဘုံတွင် အသင်၏အရှင်မြတ် အလိုရှိတော်မူသည်မှတစ်ပါး ထာဝစဉ်နေထိုင်သူများ အဖြစ်ရှိကြပေမည်။ ဇကန်စင်စစ် အသင်၏ အရှင်မြတ်သည် မိမိကြံရွယ်တော်မူသော ကိစ္စကို အပြီးအစီး ပြုလုပ်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၁၀၇)

သို့ရာတွင် အကြောင်းလှသောသူတို့မှာမူကား ဂျန္နသ်အမတသုခဘုံ၌ ရှိကြပေမည်။ (၎င်း တို့သည်)မိုးကောင်းကင်များနှင့်ပထဝီမြေသည် တည်ရှိနေသမျှ ထိုဂျန္နသ်အမတသုခဘုံတွင် အသင်၏ အရှင်မြတ် အလိုရှိတော်မူခဲ့သည်မှတစ်ပါး ထာဝစဉ် နေထိုင်သူများအဖြစ် စံမြန်းကြပေမည်။ (ဤဆု ကျေးဇူး)ချီးမြှင့်တော်မူခြင်းကား အဆက်မပြတ်ချီးမြှင့်တော်မူခြင်းပင်တည်း။ (၁၁း၁၀၈)

သို့ဖြစ်ပေရာ(အို-နဗီတမန်တော်)အသင်သည်ဤသူများဆည်းကပ်ကိုးကွယ်သော အရာများနှင့်စပ်လျဉ်း၍ ဒွိဟာသံသယမဖြစ်ပါလေနှင့်၊ (စင်စစ်သော်ကား)ဎင်းတို့သည် မိမိတို့အဖ ဘိုးဘေးများ အလျင်က ဆည်းကပ်ကိုးကွယ်လျက် ရှိခဲ့ကြသည့်နည်းတူ ကိုးကွယ် ဆည်းကပ်နေကြသည်ပင်။ ထို့ပြင်ဇကန်အမှန် ငါအရှင်မြတ်သည်ဎင်းတို့အား ဎင်းတို့၏ ဝေစုဝေပုံကို ယုတ်လျော့စေခြင်း မရှိစေဘဲ အပြည့် ပေးတော်မူမည်ဖြစ်ပေသတည်း။ (၁၁း၁၀၉)

ထိုမှတစ်ပါး ဇကန်မလွဲငါအရှင်မြတ်သည် (နဗီတမန်တော်)မူစာအား ကျမ်းဂန်ကို ရှုံးမြှင့် ပေးသနားတော်မူခဲ့လေသည်။ သို့ရာတွင် ထိုကျမ်းဂန်နှင့်စပ်လျဉ်း၍(လည်း) အကွဲအလွဲဖြစ်ခဲ့ရလေသည်။ စင်စစ်သော်ကား အကယ်၍သာအသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အမိန့်တော်တစ်ရပ်သည် မူလကပင် အတည်ပြုပြီးမရှိခဲ့ပါလျှင် ဎင်းတို့၏ စပ်ကြားတွင် စီရင်ဆုံးဖြတ်ခဲ့သည်မှာ အမှန်ပင်(ဖြစ်၏။) ဇကန်မလွဲ အမှန်သော်ကား ဎင်းတို့သည် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အမြဲတစေ ယုံမှားသံသယ၌ အမှန်ပင်ရှိနေကြကုန်၏။ (၁၁း၁၁၀)

ဎင်းပြင် (ထိုသူတို့အနက်)အသီးသီးတို့သည် အကြင်သူများပင်။ အသင့်အား ဖန်ဆင်းမွေးမြူ တော်မူသောအရှင်မြတ်သည် အချိန်ကျရောက်သောအခါ ထိုသူတို့၏ အပြုအမူများ(၏အစား)ကို အပြည့်ပေးတော်မူမည်။ ဇကန်အမှန် ထိုအရှင်မြတ်သည် ဎင်းတို့ပြုမူကြသည်တို့ကို အကြွင်းမဲ့ သိမြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသတည်း။ (၁၁း၁၁၁)

အာယသ် (၁၁၂-၁၁၃)

فَاسْتَقِمْ كَمَآ اُمِرْتَ وَمَنْ تَابَ مَعَكَ وَلَا تَطْغَوْا ؕ اِنَّهٗ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۱۱۲﴾
وَلَا تَرْكَنُوْٓا اِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ ۙ وَمَا لَكُمْ مِّنْ دُوْنِ اللّٰهِ مِنْ
اَوْلِيَآءَ ثُمَّ لَا تُنْصَرُوْنَ ﴿۱۱۳﴾

သို့ဖြစ်ပေရာ (အို-နဗီတမန်တော်)အသင်သည်လည်းဇကောင်း၊ဝန်ချတောင်းပန်ပြီးနောက် အသင်နှင့်အတူ ရှိနေသူများသည် လည်းဇကောင်း အသင့်ထံအမိန့်တော်ကျရောက်သည့်အတိုင်းဖြောင့်မတ်တည်ကြည်စွာ ရှိကြလေကုန်။ထို့ပြင်အသင်တို့သည် ကျူးလွန်ခြင်းမပြုကြကုန်လင့်။ ဇကန်မလွဲထိုအရှင်မြတ်သည် အသင်တို့ပြုမူသမျှတို့ကို ကောင်းစွာမြင်တော်မူသောအရှင်မြတ်ပင် ဖြစ်တော် မူပေသတည်း။ (၁၁း၁၁၂)

ထိုမှတစ်ပါး အသင်တို့သည်(မိမိတို့ကိုယ်ကို မိမိတို့ပင်) ညှဉ်းပန်းနှိပ်စက်ကြကုန်သော သူတို့အပေါ်ဝယ် ယုံကြည်စိတ်ချ အားထားခြင်း မပြုကြကုန်လင့်။ သို့(ယုံကြည်

စိတ်ချ အားထားကြ)ပါလျှင် အသင်တို့၌ ငရဲမီး(ဘေး)သည် ထိရောက်ပေမည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်မှတစ်ပါး အသင်တို့အဖို့ အဆွေခင်ပွန်းတစ်ဦးတစ်ယောက်မျှပင် ရှိလိမ့်မည်မဟုတ်ပေ။ ထို့နောက် အသင်တို့သည်ကူညီ မှုခိုင်းမခြင်းကိုလည်း ခံကြရမည် မဟုတ်ပေတကား။ (၁၁း၁၁၃)

အကျယ်ဖွင့်ဆိုခြင်း

စူရာဟ်ဟူးဒ်ထဲတွင် စိုက်ယိဒနာနူဟ်(a)မှ စတင်၍ စိုက်ယိဒနာ မူစာ(a)ထိတိုင် လွန်လေပြီးသော တမန်တော်များနှင့် ၎င်းတို့လူများနှင့် ပတ်သက်သည့် အဖြစ်အပျက်များကို အစီအစဉ်ကျစွာ အသေးစိတ် ဖော်ပြထားသည်။ ယင်းအဖြစ်အပျက်များထဲတွင် မြောက်မြားစွာသော အသိဉာဏ်ကြွယ်သည့် အကြံပြုမှုများ၊ အမိန့်ပညတ်ချက်များနှင့် ညွှန်ကြားချက်များ ပါဝင်သည်။ ဤအဖြစ်အပျက်ဖော်ပြထားခြင်း၏ အဆုံးတွင် တမန်တော်မြတ်(S)ကို ဦးတည် မိန့်ကြားထားခြင်းက ၎င်း၏အွမ်မသ်ထု တစ်ရပ်လုံးသည် ထိုအဖြစ်အပျက် များထဲမှအရေးပါသော သင်ခန်းစာများ ထုတ်ယူရန် သတိပေးတိုက်တွန်းထားသည်။ ذٰلِكَ مِنْ اَنْۢبَآءِ الْقُرٰى نَقُصُّهٗ عَلَيْكَ مِنْهَا قَآئِمٌ وَّ حَصِيْدٌ "ဤကား အကြင်မြို့ရွာများ၏အချို့သတင်းစကားပင်။ ငါအရှင်မြတ်သည် ထိုသတင်းစကားကို အသင်၏ ရှေ့ဝယ်ပြန်၍ ပြောကြားတော်မူ၏။ ထိုမြို့ရွာများအနက်အချို့မှာ (ယနေ့တိုင်အောင်) တည်ရှိနေ၍ (အချို့မြို့ရွာ များမှာမူကား) ပျက်ပြုန်းခဲ့လေ သတည်း။(၁၀၀)"ဟု မိန့်ထားသည်။ ယင်းက ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကျရောက်ခဲ့သော လူနေဒေသများသည် အပျက်အစီးများနှင့် အတူ ဆက်လက် တည်ရှိနေ သကဲ့သို့ အချို့မှာ ရိတ်သိမ်းပြီး လယ်ကွင်းပြင်ကဲ့သို့ အတိတ်က ဘာတွေရှိခဲ့သည်ဆိုသည့် လက္ခဏာများပင် မကျန်ရစ်ခဲ့လေအောင် ဖျက်ဆီးပြီးဖြစ်သည်။

ယင်းနောက် မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ညှင်းပန်းနှိပ်စက်မှုမပြုခဲ့ပါ။ ထိုသူများသည်သာ ရုပ်တုများနှင့် အခြားအရာများကို သူတို့၏ ဘုရားများဟု မှတ်ယူ၍ သူတို့၏ ဖန်ဆင်းရှင်နှင့် ကျွေးမွေးစောင့်ရှောက်တော်မူသော အရှင်အား စွန့်လွှတ်ခဲ့၍ သူတို့ကိုယ်သူတို့ နှိပ်စက် ညှင်းပန်းခဲ့ခြင်း ဖြစ်ပေသည်။ (၁၀၁; ၁၀၂) နောက်ဆုံး၌ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှု ကျရောက်ခဲ့သော အခါတွင် သူတို့ကိုယ်တိုင် ပြုလုပ်ထားသော ဘုရားများသည် သူတို့အား မည်သို့သော နည်းနှင့်မျှ မကယ်တင်နိုင်တော့ပါ။ သင်ခန်းစာရရန်မှာ အလ္လာဟ်အရှင်မြတ်၏ ချုပ်ကိုင်မှုသည် နာကျင်၍ အလွန်ပြင်းထန်သည်။ ၎င်းတို့မည်သည်ကို လုပ်ကြသည်ကိုသတိမမူသော အမှားပြုလုပ်သူများအား အလ္လာဟ်အရှင်မြတ် ဖမ်းချုပ်လိုက်သော အခါ၌ မလွဲမသွေ ဤသို့ဖြစ်ရပါသည်။

ထို့နောက် ထိုသူများကို နောင်တမလွန်ဘဝအတွက် သက်ရောက်စေမှု ဘက်သို့ ရောက်သွားစေရန် ဤအဖြစ်အပျက်များထဲတွင် နောင်တမလွန်ဘဝ၌ ပြစ်ဒဏ်ခတ်ခံရမှုကို ကြောက်ရွံ့သောသူတို့အတွက် ကြီးမားသော သင်ခန်းစာများနှင့် လက္ခဏာများ ပါရှိသည်။ ထိုနေ့တွင် လူသားအားလုံးကို စုစည်းစေခဲ့၍ လူတိုင်းကို ထိုနေရာတွင် ရှိနေစေရမည် ဟူ၍ အာယသ်(၁၀၃မှ၁၀၅)ထိထဲတွင် မိန့်ထားသည်။ ထိုနေ့သည် မည်မျှ ကြောက်ရွံ့ဖွယ်ကောင်း သနည်းဟူမူ ထိုနေရာတွင် ရှိနေသည့် တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မရဘဲ စကားတစ်လုံးမျှ ပြောဆိုရဲလိမ့်မည်မဟုတ်ချေ။

ခြောက်အာယသ်မြောက်တွင် တမန်တော်မြတ်(ﷺ)ကိုတစ်ဖန်ဦးတည်ကာ

فَاسْتَقِمْ كَمَآ أُمِرْتَ وَمَن تَابَ مَعَكَ وَلَا تَطْغَوْا ۚ إِنَّهُۥ بِمَا تَعْمَلُونَ بَصِيرٌ

"သို့ဖြစ်ပေရာ အသင်သည် လည်းကောင်း၊ ဝန်ချတောင်းပန်ပြီး အသင်နှင့်အတူ ရှိနေသူများသည် လည်းကောင်း၊ အသင့်အား အမိန့်ပေးသည့် အတိုင်း ဖြောင့်မတ်တည်ကြည်စွာ ရှိကြလေကုန်။ ထို့ပြင် အသင်တို့သည် ကျူးလွန်ခြင်း မပြုကြကုန်လင့်။ ဧကန်မလွဲ ထိုအရှင်မြတ်သည် အသင်တို့ ပြုမူသမျှတို့ကို ကောင်းစွာ မြင်တော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေ သတည်း။ (၁၁၂)" ဟူ၍ မိန့်ထားသည်။

အစ္စသိကာမာသ် (ဖြောင့်မတ်တည်ကြည်စွာရှိခြင်း)၏ ဆိုလိုရင်း၊ ယင်းနှင့်ပတ်သက်သော ပြဿနာအချို့နှင့် အဖြေများ

အစ္စသိကာမာသ်က ဆိုလိုသည်မှာ မည်သည့်ဘက်မျှ မယိမ်းယိုင်ဘဲ ဖြောင့်မတ် တည်ကြည်စွာရှိနေခြင်း ဖြစ်သည်။ ဤသည်ကို လုပ်ရန်မှာ မလွယ်ကူကြောင်း ထင်ရှားသည်။ အကယ်၍ တည့်မတ်စွာ ရှိနေသည့် ပစ္စည်း တစ်ခုကို သံဖြင့်ဖြစ်စေ၊ ကျောက်(သို့မဟုတ်) အခြားအရာအချို့ဖြင့် ပြုလုပ်လိုလျှင် ကျွန်ုပ်တို့၏ ကျွမ်းကျင်သော အင်ဂျင်နီယာများသည် မူလအစကပင် မည်သည့်ဘက်မှ ကြည့်ကြည့် ယိမ်းယိုင်ခြင်းမရှိသော အရာကို ပြုလုပ် နိုင်ပါသည်။ သို့သော်လည်း ရွေ့လျားနေသော အရာတစ်ခုကို မည်သည့်အချိန်တွင်မဆို တစ်ချိန်လုံး ဤကဲ့သို့ ပြီးပြည့်စုံသည့် အနေအထားမျိုးနှင့် တည်ရှိနေစေရန် ဟူသည်ကား အလွန်ခက်ခဲသော ကိစ္စရပ်ဖြစ်သည်။ တတ်သိ နားလည်သူများ အတွက်ဆိုလျှင် ယင်းသည်လျှို့ဝှက်ချက်မဟုတ်ချေ။

ဤအာယသ်ထဲတွင် တမန်တော်မြတ်(ﷺ)နှင့်မုစ်လင်မ်များအားလုံးကို မည်သည့်အခြေအနေတွင်မဆို လုပ်ဆောင်သမျှတိုင်းသည် ဖြောင့်မတ်တည်ကြည်စွာရှိနေရမည်ဟု အမိန့်ပေးထားသည်။ အစ္စသိကာမာသ်သည် သေးငယ်သော စကားလုံးတစ်ခုဖြစ်သည်။ သို့သော် ယင်းအဓိပ္ပာယ်မှာ အသုံးချနယ်ပယ်များစွာတွင် အလွန်တမူ ထူးခြားသည့်ဟန်ဖြင့် ကျယ်ပြန့်စွာဖြန့်ကျက်ထားသည်။ ဖြောင့်မတ်တည်ကြည်စွာရှိခြင်း၏အဓိပ္ပာယ်မှာ အလွှာဟ် အရှင်မြတ်ဖော်ထုတ်ပြသသည့် ဖြောင့်မတ်မှန်ကန်သည့်လမ်းပေါ်၌ အလွှာဟ်အရှင်သတ်မှတ်ထားသော ကန့်သတ်မှု တွင်းရှိနေကာ ထိုလမ်းပေါ်တွင်ဖြောင့်မတ်တည်ကြည်စွာရှိနေခြင်းဟူ၍ဖြစ်သည်။ ဤသို့ရှိနေရမည် ဆိုခြင်းမှာ အီမာန် ယုံကြည်မှုဆိုင်ရာကိစ္စများ၊ ခဝတ်ကိုးကွယ်မှု အပြုအမူများ၊ ပုဂ္ဂိုလ်ရေးနှင့် စုပေါင်းရောင်းဝယ် ဖောက်ကားမှုများ၊ ကိုယ်ကျင့်တရားများ၊ လူမှုဆက်ဆံရေးများ၊ ဝင်ငွေထွက်ငွေ၏လမ်းကြောင်းများပါဝင်သော စီးပွားရေးဆိုင်ရာကိစ္စရပ် များအားလုံးပါဝင်သည်။

လုပ်ဆောင်မှုဆိုင်ရာ မည်သည့်နယ်ပယ်တွင်မဆို မည်သည့်လုပ်ရပ်တွင်မဆို မည်သည့်အခြေအနေတွင် မဆို အကယ်၍ အနည်းငယ်မျှ တိမ်းစောင်းမှု (သို့မဟုတ်) လျော့နည်းမှု (သို့မဟုတ်) တိုးပွားမှု (သို့မဟုတ်) ချို့ယွင်းမှု (သို့မဟုတ်) လွန်ကဲမှုများရှိနေခဲ့လျှင် အစ္စသိကာမာသ်ကို ပထမဦးဆုံးထိခိုက်စေပါသည်။

ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် တွေးခေါ်မှုနှင့် လုပ်ရပ်တွင် အမှားများ ပေါ်ထွက်လာရခြင်းမှာ ဖြောင့်မတ်တည်ကြည်ခြင်းအမိန့်မှ သွေဖည်သွားသောကြောင့် ဖြစ်ပေသည်။ လူများသည် ယုံကြည်မှု(အကာအိဒ်)တွင် ဖြောင့်မတ်တည်ကြည်မှု မရှိလျှင် ဘာသာရေးတွင် မိမိကိုယ်တိုင် တီထွင်သည့် လုပ်ရပ်များ (ဗီဒအသ်)စတင် လုပ်ကာ အဆုံးစွန်တွင် (မယုံကြည်သွေဖည်မှု)နှင့် ရှိရိုက်(အလ္လာဟ်အရှင်မြတ်နှင့် အခြားအရာများကို တုဖက်နှိုင်းယှဉ်ခြင်း) ဖြင့်အဆုံးသတ်ပေလိမ့်မည်။ တမန်တော်မြတ်(S)သခင်မှတစ်ဆင့် ကျွန်ုပ်တို့ထံပေးပို့ခဲ့သည့် အလ္လာဟ် တစ်ပါးတည်း တည်ရှိခြင်း (သောင်ဟီးဒ်)၊ အရှင်မြတ်၏တည်ရှိမှု (ဇားသ်)တော် နှင့် ဂုဏ်တော်များ(ဆေ့ဖာသ်)တို့သည် အလယ်အလတ်ကျ၍ ခိုင်လုံပေသည်။ ၎င်းတို့ဘက်မှကောင်းသော ရည်ရွယ်ချက်များဖြင့် လုပ်ဆောင်သည့်တိုင် အကယ်၍ လူများသည် အထက်ပါ သောင်ဟီးဒ်၊ ဇားသ်တော်နှင့် ဆေ့ဖာသ်တို့ကို လွန်ကဲခြင်း၊ ချို့တဲ့ခြင်း (သို့မဟုတ်)တိုးခြင်း၊ လျော့ခြင်းစသော ကိစ္စရပ်များ ကျူးလွန်ခဲ့လျှင် ထိုသူများသည် လမ်းလွဲကာ မှားယွင်းသည်ဟု မှတ်ယူလိမ့်မည်။ မြင့်မြတ်သော တမန်တော်များကို ချစ်မြတ်နိုးမှုနှင့် ပတ်သက်သည်တို့တွင် သတ်မှတ်ထားသည့် စည်းဘောင်ကို လျော့နည်းစေသူများသည် လမ်းမှားသို့ ရောက်ကာ အတင့်ရဲလွန်းသည် ဆိုခြင်းကို လူတိုင်း သိကြသည်။ အလားတူ အလ္လာဟ်အရှင်မြတ် တစ်ပါးတည်း အတွက်သာ သတ်မှတ်ထားသည့် ဂုဏ်တော်နှင့် တန်ခိုးတော်များကို တမန်တော်တစ်ဦး အတွက် လွန်ကဲစွာ သတ်မှတ်ခြင်း ကျူးလွန်သူများသည် ဤကဲ့သို့သော သဘောသဘာဝ အမှားတစ်ရပ်တွင် ကျရောက်ခြင်းဖြစ်သည်။ ဂျူးနှင့် ခရစ်ယာန်များသည် ဤမှားယွင်းမှုတွင် သူတို့ကိုယ်သူတို့ နစ်မွန်းနေကြသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ်(S)တို့က ဆုံးဖြတ်ထားခဲ့သည့် အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းနှင့် ထိုအရှင်မြတ်နှင့် နီးကပ်မှု ရှာဖွေခြင်း နည်းလမ်းများသည် ကြီးကျယ်သော "စံ"များဖြစ်သည်။ ဤနည်းလမ်းများကို အစိတ်စိတ် ပိုင်းဖြတ်ခြင်း၊ အောက်ခြေမှ ဖြိုဖျက်ခြင်း (သို့မဟုတ်) ချို့တဲ့စေခြင်းတို့သည် ဖြောင့်မတ် တည်ကြည်ခြင်း အဆင့်မှ အောက်သို့ လျော့ကျ စေပါသည်။ အလားတူပင် တစ်စုံတစ်ဦးဘက်မှ ဤနည်းလမ်းများထဲတွင် မည်သည့် ထပ်ဆောင်းခြင်း မဆိုသည် အတည်ပြုပြီးသည့် ဘာသာတရားတွင် ကိုယ်တိုင် တီထွင် ဖန်တီးထားသည့် နည်းလမ်းများ ထည့်သွင်းခြင်းဖြင့် ဖြောင့်မတ် တည်ကြည်စွာ ရှိနေသော အခွင့်အရေးများကို ပျက်စီးစေပါသည်။ ကံမကောင်း အကြောင်းမလှစွာ ယင်းကဲ့သို့သော သူတစ်ဦးသည် ၎င်းမှာ အလ္လာဟ်အရှင်မြတ်ကို ကျေနပ်နှစ်သက် စေတော်မူသည်ဟု ရိုးသားစွာ တွေးထင်ထားသည်။ စင်စစ်မှာ ယင်းသည် အလ္လာဟ်အရှင်မြတ် မနှစ်မြို့သော အကြောင်းခံများ ဖြစ်သွားသည်။ ထို့ကြောင့် တမန်တော်မြတ်(S)က ၎င်း၏ အွမ်မသ်ထုကို အတည်ပြုခဲ့ပြီးသော ဘာသာတရားတွင် ကိုယ်တိုင် တီထွင်ထားသည့် နည်းလမ်းများ ထည့်သွင်းခြင်း(ဗီဒအသ်နှင့် မုဟ်ဒါစာဟ်)ကို လေးနက်စွာ တားမြစ် ပိတ်ပင်ထားသည်။ ထို့နောက် ယင်းသို့သော လုပ်ရပ်သည် အလွန်မှားယွင်း၍ သွေဖည် လမ်းလွဲခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်နှင့်အရှင်မြတ်၏ ရစူလ်တမန်တော်ဝမ်းမြောက် ကျေနပ်စေရန် အတွက် ခဝပ်ကိုးကွယ်မှု၏ လုပ်ရပ်တစ်ခု (အိဗာဒသ်)လုပ်တော့မည် ဆိုလျှင် မလုပ်မီအလျင် ၎င်း၏ လုပ်ဆောင်မှု သဘာဝကို ဦးစွာပထမ စုံစမ်းစစ်ဆေးမှုလုပ်၍ အပြည့်အဝ သေချာစေရမည်။ လုပ်ဆောင်မည့် အရာသည် တမန်တော်မြတ်(S)နှင့် ကိုယ်တော်၏ ဆွဟာဗဟ် သာဝကကြီးများမှ သက်သေ ထင်ရှားပြီးသော လုပ်ပုံလုပ်နည်းနှင့် တစ်ပုံစံတည်း ဖြစ်မဖြစ် ဟူသည်ကို စူးစမ်းရှာဖွေရမည်။ အကယ်၍ မကိုက်ညီလျှင် ယင်းလုပ်ရပ်ကို လုပ်ခြင်းဖြင့် စွမ်းအားနှင့် အချိန်ကို မဖြုန်းတီး သင့်ချေ။

အလားတူ ပစ္စည်းလွှဲပြောင်းခြင်း၊ ကိုယ်ကျင့်တရားနှင့် လူမှုဆက်ဆံရေးတို့နှင့် ပတ်သက်သော ကိစ္စရပ်များလည်း ရှိသေးသည်။ တမန်တော်မြတ်(ﷺ)သည် ကိုယ်တော်၏ လက်တွေ့ သင်ကြားပို့ချမှုများကို ကုရ်အာန် ကျမ်းမြတ်ပါ မူအတိုင်း လိုက်နာကျင့်သုံးကာ ယင်းမှတစ်ဆင့် ကျွန်ုပ်တို့ ဘဝတွင် ကျွန်ုပ်တို့ ကိုယ်တိုင်လုပ်ဆောင် နိုင်သော အလယ်အလတ်ကျ၍ ခိုင်မာသည့် လုပ်ဆောင်နည်းကို ထုတ်ဖော်ပေးခဲ့ပါသည်။ ယင်းက မုစ်လင်မ်များကို မိတ်ဆွေဖြစ်မှု၊ ရန်သူဖြစ်မှု၊ နူးညံ့သိမ်မွေ့ခြင်း၊ တိတိကျကျလုပ်မှု၊ ဒေါသနှင့်သီးခံမှု၊ ကပ်စေးနည်းမှုနှင့် ရက်ရောခြင်း၊ စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှု၊ ဘုန်းတော်ကြီးဝါဒ၊ အလွှာဟ်အရှင့်ထံ ယုံပုံအပ်နှံမှုနှင့် ဖြစ်နိုင်ဖွယ် ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းများ အသုံးပြုခြင်း၊ မည်သည်က အရေးကြီးကြောင်း ရှာဖွေခြင်းနှင့် အကြောင်းအားလုံး၏ မူလ ဖြစ်ပွားစေသူပေါ် အားထားခြင်း စသော ကိစ္စရပ် အားလုံးအတွက် အလယ်အလတ် ကျ၍ ဖြောင့်မတ် တည်ကြည်သော လမ်းစဉ်တစ်ရပ်ပေးပါသည်။ ဤသည်တို့မှာ ကွဲပြားခြားနားသော အရာများ ဖြစ်လင့်ကစား အလယ် အလတ် ကျသော ဖြောင့်မတ် တည်ကြည်သည့် လမ်းတစ်ခုတည်း အဖြစ် ပူးပေါင်းစေကာ ကမ္ဘာတစ်ခုလုံး မည်သည့် နေရာမှ ရှာဖွေ မတွေ့နိုင်သော မွန်မြတ်သော လက်ဆောင်တစ်ခုကို မုစ်လင်မ်များ အတွက် ပေးထားသည်။ ထို့ကြောင့် သော့ချက်မှာ ဤ သင်ကြားပို့ချချက်နှင့် အညီ လုပ်ဆောင်ရန် နှင့် ပြီးပြည့်စုံသော လူသား ဖြစ်လာစေရန် ဖြစ်သည်။ လူများသည် ဖြောင့်မတ် တည်ကြည်မှုမရှိဘဲ တစ်ဘက်ဘက်သို့ တိမ်းယိမ်းသွားလျှင် လူ့အဖွဲ့အစည်းသည် ပျက်စီး ယိုယွင်းသွားမည်မှာ မလွဲမသွေဖြစ်သည်။

အတိုချုပ်မှာ ဖြောင့်မတ် တည်ကြည်ခြင်း၏ သဘောတရားမှာ ကျယ်ဝန်းပေသည်။ ယင်းတွင် ဘာသာရေးဆိုင်ရာ အစိတ်အပိုင်းအားလုံးနှင့် မကျိုက်များ အားလုံးအကျုံးဝင်သည်။ မှန်ကန်စွာ ကျင့်သုံးလျှင် ယင်းသည် ဖြောင့်မတ် တည်ကြည်သည့် ရှင်းလင်း တိကျသော လက်တွေ့ ပြသမှု ဖြစ်လာမည်။

စွဖ်ယာန် အိဗ်နေ့ အဗ္ဒဒ္ဒလ္လာဟ် ဇကာဇီက တမန်တော်မြတ်(ﷺ)အား မေးလျှောက်ခဲ့သည်မှာ "ကိုယ်တော့်အား မေးမြန်းပြီးသည့်နောက် မည်သူကိုမျှ မေးရန် မလိုသည့် အစွလာမ်ဘာသာနှင့် ပတ်သက်သော ပြီးပြည့်စုံသည့် တစ်စုံတစ်ရာကို ကျွန်ုပ်အား ကျေးဇူးပြု၍ ပြောပြပါ။"ဟူ၍ဖြစ်သည်။ ကိုယ်တော်မြတ်(ﷺ)က **قُلْ اٰمَنْتُ بِاللّٰهِ ثُمَّ اسْتَقِمْ** "ကျွန်တော်မျိုးသည် အလ္လာဟ်အရှင်မြတ်ကိုယုံကြည်ပါ၏၊ ဟုပြောပါလေ။ ထို့နောက် ယင်းအပေါ်တွင် ဖြောင့်မတ် တည်ကြည်စွာရှိပါလေ။"ဟုပြောခဲ့သည်။ (မွတ်စ်လင်မ်ကျမ်း၏ တင်ပြချက်ကို အလ်ကုရ်သုဗီက ကိုးကားတင်ပြထားချက်)

အွတ်စ်မာန် အိဗ်နေ့ အဗ္ဒဒ္ဒလ္လာဟ် အလ်အဇ်ဒီက ပြောသည်။ တစ်ချိန်က ၎င်းသည် ကျော်ကြားသော ဆွဟာဗီ နှင့် ဋီကာရှင်ဖြစ်သော စိုက်ယိဒနာ အဗ္ဒဒ္ဒလ္လာဟ် အိဗ်နေ့ အဗ္ဒား၏(ﷺ)ထံသွားကာ သူ့အား ဆုံးစကား အချို့ ပြောကြားပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ ဆွဟာဗီက **عَلَيْكَ بِتَقْوَى اللّٰهِ وَلْزِمِ اسْتِقَامَةَ اِتِّبَعْ وَلَا تَبْتَدِعْ** ဟုပြောခဲ့သည်။ (အလ်ဒါရိမီက ၎င်း၏ မတ်စ်နဒ် ကျမ်းထဲ တွင် တင်ပြထားသည်ကို အလ်ကုရ်သုဗီက ကိုးကားတင်ပြချက်။) ယင်းက ဆိုလိုသည်မှာ သူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့မှုကို သူ့အတွက်အဓိက အရေးကြီးသည့်အရာဟု ပြု သင့်သည်။ ထို့နောက် အီမာန်ယုံကြည်မှု ပေါ်တွင်လည်း ဖြောင့်မတ်တည်ကြည်သင့်သည်။ ထိုသို့လိုက်နာကျင့်သုံးရန် နည်းလမ်းမှာ ဘာသာရေးဆိုင်ရာ ကိစ္စရပ် အားလုံးတွင် ရှရီအသ်အဓိန့် ပညတ်ချက်အတိုင်း လိုက်နာကျင့်သုံးရန်ဖြစ် သည်။ ထို့နောက် သူ့ဘက်မှ မည်သည့် ဗီဒအသ်ကိုမှ တီထွင်ထည့်သွင်းခြင်း မလုပ်ရပါ။

ဤကမ္ဘာလောကတွင် ခက်ခဲစွာလုပ်ရသောလုပ်ငန်းများအနက် အခက်အခဲဆုံးမှာ ဖြောင့်မတ် တည်ကြည်မှု ပင်ဖြစ်သည်။ ထို့ကြောင့် ဆူဖီသူတော်စင်များကပြောသည်မှာ ဖြောင့်မတ်တည်ကြည်ခြင်း၏ အဆင့်သည် အံ့သြ ဖွယ်ရာပြုလုပ်ခြင်း(ကရာမသ်)ထက် မြင့်မားပေသည်။ ယင်းကဆိုလိုသည်မှာ လူတစ်ဦးသည် သူ၏ဘာသာရေးဆိုင် ရာလုပ်ဆောင်မှုများအပေါ်၌ ဖြောင့်မတ်တည်ကြည်စွာနေခဲ့လျှင် သူဘဝ တစ်လျှောက်လုံး အံ့သြဖွယ်ရာတစ်ခုမျှ မပြ သသည့်တိုင် ၎င်းသည် သူတော်စင်တစ်ပါးဖြစ်သည်။

စိုက်ယိဒနာ အဗ်ဒွလ္လာဟ်အိဗ်နေ့အဗ္ဗား်စ်(d)က ပြောသည်မှာ တမန်တော်မြတ်(S)ထံကျရောက် ခဲ့သော ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင်လုံးတွင်ပါရှိသည့် အာယသ်များသည် ဤအာယသ်(၁၁၂)ထက် မည်သည့် အာယသ်ကမျှ ပိုခက်ခဲခြင်း၊ ပို၍စမ်းသပ်ခြင်းမရှိခဲ့ချေ။ ထို့နောက် ၎င်းကပြောသည်မှာ တမန်တော်မြတ်(S)၏ မုတ် ဆိတ်တော်တွင် အဖြူရောင်မုတ်ဆိတ် အနည်းငယ်မြင်ရသောအခါ သူတို့က ဝမ်းနည်းစွာကောက်ချက်ချခဲ့သည်မှာ အိုမင်းရင့်ရော်မှုသည် ကိုယ်တော့်ထံ စောစောစီးစီး ရောက်ချေပြီ။ ထိုစဉ်တမန်တော်မြတ်(S)က "စူရာဟ် ဟူဒ်က ငါ ကိုယ်တော်ကိုအိုမင်းစေသည်"ဟုမိန့်ကြားခဲ့သည်။ စူရာဟ်ဟူဒ်ထဲတွင်ဖော်ပြထားသည့် လွန်လေပြီးသောအွမ်မသ် ထုပေါ်ကျရောက်ခဲ့သောပြင်းထန်သည့်ပြစ်ဒဏ်ခတ်မှုအဖြစ်အပျက်များက အိုမင်း ရင့်ရော်စေသောအကြောင်းရင်းဖြစ် နိုင်သည်။ သို့သော်လည်း စိုက်ယိဒနာအဗ်ဒွလ္လာဟ်အိဗ်နေ့အဗ္ဗား်စ်(d)က ဤအာယသ်တစ်ခုတည်းက သာလျှင် အို မင်းရင့်ရော်မှု၏အကြောင်းရင်းဖြစ်သည်ဟု ပြောခဲ့သည်။

အဗူအလီစိရ်ရီးမ့ သဖိစိရ်အလ်ကုရ်သုဒီတွင် တင်ပြထားသည်မှာ တမန်တော်မြတ်(S)ကို၎င်း အိပ်မက်တွင် မြင်တွေ့ရစဉ် "စူရဟ်ဟူဒ်းက ငါကိုယ်တော်ကိုအိုမင်းရင့်ရော်စေသည်။"ဟုကိုယ်တော်မြတ်က ပြောခဲ့ပါသလားဟု မေးမြန်းခဲ့သည်။ ကိုယ်တော်မြတ်(S)က"ဟုတ်သည်"ဟုဖြေကြားခဲ့သည်။ အဗူအလီက ထပ်မံ၍ "လွန်လေပြီးသော တမန်တော်များ၏လူများအပေါ် ကျရောက်ခဲ့သောပြစ်ဒဏ်ခတ်မှု အကြောင်းအရာ များက ကိုယ်တော့်ကိုအိုမင်းရင့်ရော်စေပါသလော"ဟုမေးမြန်းခဲ့သည်။ ကိုယ်တော်မြတ်(S)က"မဟုတ်၊ စင်စစ်တွင် အလ္လာဟ်အရှင်မြတ်၏မိန့်တော်မူချက် فَاسْتَقِمْ كَمَآ أُمِرْتَ "သို့ဖြစ်ပေရာ အသင်သည်လည်းကောင်း၊ ဝန်ချတောင်းပန်ပြီး အသင်နှင့်အတူရှိနေသူ များသည်လည်းကောင်း၊ အသင့်ထံအမိန့် တော်ကျရောက်သည့်အတိုင်း ဖြောင့်မတ်တည်ကြည်စွာရှိကြလေကုန် (၁၁၂)" ဟုမိန့်ကြားခဲ့သည်။

တမန်တော်မြတ်(S)အတွက်မူ ဤကမ္ဘာလောကကို ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စေခဲ့ကာ ပြီးပြည့် စုံသော စကြဝဠာလူသားအဖြစ်တည်ရှိနိုင်ရန် ကောင်းချီးမင်္ဂလာပေးခဲ့သည်မှာထင်ရှားသည်။ ဖြောင့်မတ် တည်ကြည် စွာရှိခြင်းသည် ကိုယ်တော်၏ သဘာဝအကျင့်ဓလေ့ဖြစ်သည်။ သို့ဆိုလျှင် အဘယ့်ကြောင့်ယင်း၏ ဖိစီးမှုကို ကိုယ် တော်မြတ်ကို ပေါ်လွင်စွာခံစားစေရသနည်း။ ဖြစ်နိုင်သည်မှာ အာယသ်တော်သည် တမန်တော်မြတ်(S)အား ဖြောင့်မတ် တည်ကြည်စွာ ရှိနေခြင်းကို ယင်း၏ အကြွင်းမဲ့အဓိပ္ပာယ်အရ မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ အမိန့် ပေးထားချက်အတိုင်း ကျင့်ဆောင်ရမည်။ တမန်တော်များသည် ဖန်ဆင်းရှင်နှင့်အရှင်သခင့်အပေါ်တွင် ကြောက်ရွံ့မှု နှင့် ထိတ်လန့်မှု မည်မျှလွှမ်းမိုးကြောင်းကို ကောင်းကောင်းသိမြင်ကြသည်။ ဤကြောက်ရွံ့မှုနှင့် ဂရုပြုမှု (ထိတ်လန့်မှု) အကျိုးသက်ရောက်မှုကြောင့် သူတွင်ခိုင်မြဲမှု၏ ပြီးပြည့်စုံသောအနေအထားရှိပါလျှက်နှင့် ၎င်း၏ အရှင်သခင် ဖြစ်သော ကြီးကျယ်မြတ်ထွဋ်ဆုံးသော အလ္လာဟ်အရှင်မြတ်၏ ၎င်းအပေါ်မျော်မှန်းထားသော ခိုင်မြဲမှု ၎င်းတွင်ရှိမှုရှိပါလေစဟု သောကရောက်ခဲ့သည်။

ထို့နောက် ဖြစ်နိုင်သေးသည်မှာ အလ္လာဟ်အရှင်မြတ်က ၎င်းအားကောင်းချီးမင်္ဂလာအဖြစ်ပေးထားသော ၎င်း၏ပုဂ္ဂိုလ်ရေးခိုင်မြဲမှုအတွက် သောကရောက်ခြင်းမဟုတ်ချေ။ သို့သော်လည်း သောကရောက်မှု၏အခြားအကြောင်းရှိပေသည်။ ဤအာယသ်ထဲ၌ ကိုယ်တော်အား အမိန့်ပေးထားသည့်နည်းတူ မုစ်လင်မ်အမွှမသ်ထုကိုလည်း အမိန့်ပေးထားသည်။ ထို့ကြောင့် အမိန့်ပေးထားသည့်အတိုင်း ဖြောင့်မတ်တည်ကြည်စွာရှိနေရန်မှာ ကိုယ်တော်၏အွမွှသ်ထုအတွက် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ကိုယ်တော်သိရှိသဖြင့် ဝမ်းနည်းရခြင်းဖြစ်သည်။

ယင်းဖြောင့်မတ်တည်ကြည်ရန် အမိန့်တော်နောက်၌ **وَلَا تَطْغَوْا** "ထို့ပြင် အသင်တို့သည်ကျူးလွန်ခြင်းမပြုကြကုန်လင့်"ဟု မိန့်ထားသည်။ ဤစကားလုံးသည် ကြီယာနာမ် (**طغيان**)(သွာဂ်ယာမ်)မှဆင်းသက်ကာ စည်းဘောင်ကျော်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သည်။ စည်းဘောင်ကျော်ခြင်းသည် ဖြောင့်မတ်တည်ကြည်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ဤအာယသ်ပါ ဖြောင့်မတ်တည်ကြည်ခြင်း၏ အကောင်း သဘောဆောင်သော အဆိုအမိန့်သည် ပြီးပြည့်စုံသည်ဟုမယူဆ၍ ယင်းကို တားမြစ်သည့် မကောင်းသဘောဆောင်သော အဆိုအမိန့်ကို ရှင်းလင်းစွာဖော်ပြထားသည်။ "ယုံကြည်မှုဆိုင်ရာ၊ ခဝတ်ကိုးကွယ်သည့်အပြုအမူ၊ ရောင်းဝယ်မှုများ၊ ကိုယ်ကျင့်တရားစသော ကိစ္စရပ်များတွင် အလ္လာဟ်အရှင်မြတ် နှင့်အရှင်မြတ်၏ရစူလ်တို့ ပြဋ္ဌာန်းထားသည့် စည်းဘောင်ကို မကျော်ရ" ဟူသောအာယသ်တော်ပါ အဓိပ္ပာယ်မှာ ဤသည်ကြောင့် အတည်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် စည်းဘောင်ကျော်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာဘဝတို့တွင် မငြိမ်မသက် ဖြစ်ခြင်းနှင့် ပျက်စီးယိုယွင်းမှုအားလုံး၏ ဂယ်ပေါက်ဖြစ်သည်။

လူသားများကို ဤမငြိမ်မသက်မှုနှင့် ပျက်စီးယိုယွင်းမှုမှကာကွယ်ရန်အလို့ငှာ ဒုတိယအာယသ်(၁၁၃)ထဲတွင် **وَلَا تَرْكَنُوْا إِلَى الَّذِيْنَ ظَلَمُوْا فَتَمَسَّكُمُ النَّارُ** "ထို့မှတစ်ပါး အသင်တို့သည် မိမိတို့ကိုယ်ကိုမိမိတို့ပင် ညှင်းပမ်းနှိပ်စက်ကြကုန်သော သူတို့အပေါ်ဝယ် ယုံကြည်စိတ်ချအားထားခြင်း မပြုကြကုန်လင့်၊ သို့(ယုံကြည်စိတ် ချအားထားကြ)ပါလျှင် အသင်တို့၌ ငရဲမီး(ဘေး)သည် ထိရောက်ပေသည်။" နောက်ထပ်လမ်းညွှန်မှု တစ်ရပ် ပေးထားသည်။ (**لَا تَرْكَنُوْا**) (လာသရ်ကန္)ဟူသော စကားလုံးသည် ကြီယာနာမ် (**ركون**)(ရကူန်)မှ ဆင်းသက်ကာ တစ်ဘက်သို့ အနည်းငယ် တိမ်းညွတ်ရာ၌ ယုံကြည်မှုရှိပြီး၊ သဘောတူထောက်ခံသည်ဟုလည်း အဓိပ္ပာယ် သက်ရောက်သည်။ ထို့ကြောင့် ဤအာယသ်တော်က ဆိုလိုသည်မှာ "မည်သူမဆို မတရားမှုနှင့်ဖိနှိပ် ချုပ်ခြယ်မှုတွင်နစ်မွန်းလျှင် သူ(သို့)သူမ၏ လောကီဘဝနှင့် နာဗိုင်းဆိုင်ရာ ဘဝနှစ်ခုစလုံး ပျက်စီးသွားသည် ဆိုခြင်းကို လူတိုင်းသိကြပါသည်။ သို့သော်လည်း မတရားမှုဘက်အနည်းငယ်မျှ တိမ်းညွတ်သွားလျှင် ယင်းတို့ပေါ် ယုံကြည်ချက်ရှိခြင်း၊ ယင်းတို့ပေါ် ကျေနပ်အားရခြင်း တို့သည်လည်း လူသားကို ထိုချောက်ကမ္ဘား အစွန်း ရောက်စေပါသည်။

ဤတိမ်းညွတ်မှု၏ အဓိပ္ပာယ်သည် မည်သည်နည်း။ ယင်းနှင့်ပတ်သက်၍ ဆွဟာဗဟ် သာဝကကြီးများနှင့် သာဗိအီးန်ကြီးများ၏ အဆိုအမိန့် အချို့ရှိသည်။ သို့သော်လည်း ထိုအဆိုအမိန့်များတွင် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ခြင်းနှင့် ကွဲပြားခြားနားခြင်းမှ မရှိချေ။ ယင်းအဆိုအမိန့်များသည် ၎င်းတို့အနေအထား အသီးသီးအရ အားလုံးမှန်ကန်ကြသည်။

စိုက်ယိဒနာကသာဒါဟ်က "မတရားသောသူများနှင့် အဆွေခင်ပွန်းမဖွဲ့နှင့်၊ ထို့နောက်ငင်းတို့ပြောသမျှ မလိုက်နာနှင့်" ကို ဆိုလိုကြောင်းပြောခဲ့သည်။ အီဗနိဂျူရိုင်းဂျ်က "မည်သည့်မတရားသူမျိုးဘက်ဆီမှတိမ်းညွတ် စိတ်မမွေးနှင့်" ဟုပြောခဲ့သည်။ အဗူအလ်အာလီယာက "ထိုသူများလုပ်သည့်အရာတိုင်း မကြိုက်နှစ်သက်နှင့်" ဟုပြောခဲ့

သည်။ (ကုရ်သုဇီ) အလ်စွတ်ဒီက "မျက်နှာသာရရန်အလို့ငှာ ဖော်လံဖားမြောက်ပင့်ခြင်းမပြုနှင့် (မုဒါဟာနာဟ်) ဆိုလိုသည်မှာ ထိုသူတို့၏မကောင်းမှုလုပ်ရပ်များကို နှုတ်ဆိတ်နေခြင်း(သို့) ထောက်ခံသည့် အမူအရာပြခြင်းမလုပ်နှင့်"ဟုဆိုပြောခဲ့သည်။ အိခ်ရီမာဟ်က "မတရားသောသူနှင့်အတူမထိုင်နှင့်" ဟုပြောခဲ့သည်။ ကာသွဲအလ်ဗိုင်ဒါဝီက "မတရားသော သူများ၏ပုံစံ၊ ဖက်ရှင်နှင့်ဘဝနေနည်းအတိုင်း လိုက်နာကျင့်သုံးခြင်းအား လုံးသည် ဤတားမြစ်ချက်တွင် အကျုံးဝင်သည်။" ဟုပြောကြားခဲ့သည်။

ကာသွဲအလ်ဗိုင်ဒါဝီကလည်း ပြောသည်မှာ ဤအာယသ်က မတရားမှုပြုလုပ်ခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို တားမြစ်ပိတ်ပင်ကြောင်းနှင့် တရားမဝင်မှုတို့၏ဖော်ထုတ်ပြသပုံမှာ အမြင့်ဆုံးအဆင့်အထိ ပြင်းထန်ကြောင်း ဖော်ပြထားခဲ့သည်။ အကြောင်းမှာ ယင်းက မတရားသူများနှင့်အဆွေခင်ပွန်းဖွဲ့ခြင်း အခြားနည်းများဖြင့် တစ်ရင်းတစ်နှီးဆက်ဆံခြင်းများကို တားမြစ်ရုံမျှမက တစ်ဆင့်တက်ကာ ၎င်းတို့ဘက်သို့ အနည်းငယ်မျှ တိမ်းညွတ်ခြင်းနှင့်အတူတူထိုင်ခြင်းကိုပင် တားမြစ်ပိတ်ပင်ထားသည်။

အီမာမ်အဗ္ဒွရ်ရဟ်မာန်အိဗနိ အမရ်အလ်အောင်ဝ်ဇာအီက ပြောသည်မှာ "အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်တွင် မိမိလောကီဆိုင်ရာကောင်းကျိုးအတွက် မတရားသူတစ်ဦးနှင့် သွားရောက်တွေ့ဆုံသည့် 'အာလင်မ်' (ဘာသာရေး ပညာရှင်)ထက် စက်ဆုတ်ဖွယ်ကောင်းသူမရှိချေ။" ဟူ၍ဖြစ်သည်။ (မဇာဟရီ)

သဖိစိရ်အလ်ကုရ်သုဇီကျမ်းအရ ဤအာယသ်တော်က ကျွန်ုပ်တို့ကိုပြောသည်မှာ အတင်းအကြပ်အခြေအနေ အချို့မှအပ မယုံကြည်သွေဖည်ငြင်းပယ်သူ(ကာဖိရ်)၊ အမိန့်ဖီဆန်သူ (အပြစ်ဂုနာဟ်ကျူးလွန်သူများ)နှင့် အတည်ပြုပြီးသော ဘာသာတရားတွင် အသစ်အဆန်းတီထွင်သူ (ဗိဒအတ်ကျင့်သုံးသူများ)တို့ကို ရှောင်ကြဉ်ရန်မှာ (ဝါဂျစ်ဗ်)မပြုမနေရတာဝန်ဖြစ်သည်။ ကိစ္စရပ်၏အမှန်တရားကား ပေါင်းသင်းဆက်ဆံခြင်းနှင့် လူမှုဆိုင်ရာ အခြေအနေသည် တစ်စုံတစ်ဦး၏ ကောင်းမွန်မှု(သို့) ပျက်စီးယိုယွင်းမှုတွင် အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် ကျော်ကြားသည့် ဟစန်အလ်ဗစ္စရီက ဤအာယသ်နှစ်ခု၏ စကားလုံးနှစ်လုံးအကြောင်း ပြောသည်မှာ အလ္လာဟ် အရှင်မြတ်သည် ဘာသာရေးတစ်ခုလုံးကို ဤအကွာရာနှစ်လုံးဖြစ်သော(لا) ('လာ'-မပြုကြကုန်လင့်) အတွင်းစုစည်း ထားသည်။ ပထမတစ်စုသည် ပထမအာယသ် (**لَا تَطْغَوْا**)(လာသတွ်ယောင်ဝ်) "ထို့ပြင် အသင်တို့သည် မကျူးလွန်ကြကုန်လင့် (၁၁၂)"နှင့် ဒုတိယတစ်စုမှာ ဒုတိယအာယသ် (**لَا تَرْكَنُوْا**)(လာသရ်ကန) "ထိုမှတစ်ပါး အသင်တို့သည် (မိမိ ကိုယ်ကို မိမိတို့ပင်) ညှဉ်းပန်းနှိပ်စက်ကြကုန်သော သူတို့အပေါ်ဝယ် ယုံကြည်စိတ်ချ အားထားခြင်း မပြုကြကုန်လင့် (၁၁၃)" တို့တွင် ပါဝင်သည်။ ပထမ'လာ'သို့မဟုတ် "မကျူးလွန်ကြကုန်နှင့်" ဆိုသည်က အစွလာမ့်ရှရီအတ်က ပြဋ္ဌာန်း ထားသည့် စည်းဘောင်ကိုကျော်ဖြတ်ခြင်းအား တားမြစ်ထားကာ အခြား'လာ'သည် မတရားပြုသူများနှင့် ပေါင်းသင်းဆက်ဆံခြင်း မပြုကြရန် တားမြစ်ပိတ်ပင်ထားသည်။ ဤသည်မှာ ဘာသာတရား၏ အနှစ်သာရဖြစ်သည်။

အာယသ် (၁၁၄-၁၂၃)

وَ اَقِمِ الصَّلٰوةَ طَرَفَیِ النَّهَارِ وَ زُلَفًا مِّنَ الَّیۡلِ ؕ اِنَّ الۡحَسَنٰتِ یُذۡهِبۡنَ السَّیِّاٰتِ ؕ ذٰلِكَ
ذِكۡرٰی لِلذّٰكِرِیۡنَ ﴿۱۱۴﴾ وَ اصۡبِرۡ فَاِنَّ اللّٰهَ لَا یُضِیۡعُ اَجۡرَ الۡمُحۡسِنِیۡنَ ﴿۱۱۵﴾ فَلَوۡ لَا
كَانَ مِنَ الۡقُرُوۡنِ مِنۡ قَبۡلِكُمۡ اُولُوۡا بَقِیَّةٍ یَّنۡهَوۡنَ عَنِ الۡفَسَادِ فِی الۡاَرۡضِ اِلَّا
قَلِیۡلًا مِّمَّنۡ اَنۡجَیۡنَا مِنۡهُمۡ ۚ وَ اتَّبَعَ الَّذِیۡنَ ظَلَمُوۡا مَاۤ اُتۡرِفُوۡا فِیۡهِ وَ كَانُوۡا مُجۡرِمِیۡنَ
﴿۱۱۶﴾ وَ مَا كَانَ رَبُّكَ لِیُهۡلِكَ الۡقُرٰی بِظُلۡمٍ وَّ اَهۡلُهَا مُصۡلِحُوۡنَ ﴿۱۱۷﴾ وَ لَوۡ شَآءَ
رَبُّكَ لَجَعَلَ النَّاسَ اُمَّةً وَّاحِدَةً وَّ لَا یَزَالُوۡنَ مُخۡتَلِفِیۡنَ ﴿۱۱۸﴾ اِلَّا مَنۡ رَّحِمَ رَبُّكَ ؕ وَ
لِذٰلِكَ خَلَقَهُمۡ ؕ وَ تَمَّتۡ كَلِمَةُ رَبِّكَ لَاَمۡلَـَٔنَّ جَهَنَّمَ مِنَ الۡجِنَّةِ وَ النَّاسِ اَجۡمَعِیۡنَ
﴿۱۱۹﴾ وَ كُلًّا نَّقُصُّ عَلَیۡكَ مِنۡ اَنۡۢبَآءِ الرُّسُلِ مَا نُثَبِّتُ بِهٖ فُؤَادَكَ ۚ وَ جَآءَكَ فِیۡ هٰذِهِ
الۡحَقُّ وَ مَوۡعِظَةٌ وَّ ذِكۡرٰی لِلۡمُؤۡمِنِیۡنَ ﴿۱۲۰﴾ وَ قُلۡ لِّلَّذِیۡنَ لَا یُؤۡمِنُوۡنَ اعۡمَلُوۡا عَلٰی
مَكَانَتِكُمۡ ؕ اِنَّا عٰمِلُوۡنَ ﴿۱۲۱﴾ وَ انۡتَظِرُوۡا ۚ اِنَّا مُنۡتَظِرُوۡنَ ﴿۱۲۲﴾ وَ لِلّٰهِ غَیۡبُ السَّمٰوٰتِ
وَ الۡاَرۡضِ وَ اِلَیۡهِ یُرۡجَعُ الۡاَمۡرُ كُلُّهٗ فَاعۡبُدۡهُ وَ تَوَكَّلۡ عَلَیۡهِ ؕ وَ مَا رَبُّكَ بِغَافِلٍ
عَمَّا تَعۡمَلُوۡنَ ﴿۱۲۳﴾

ဂင်းပြင်အသင်သည် ဆွလာသ်ဝတ်ပြုမှုကိုနေ့၏ နှစ်ဖက်အစွန်းဦးလည်းကောင်း ညဦး၏ အစိတ်အပိုင်းများဦးလည်းကောင်း ဆောက်တည်ပါလေ။ (မလွဲဖကန် ကောင်းမှု သုစရိုက်များသည် မကောင်းမှု ဒုစရိုက်များကို ပပျောက်စေကုန်၏)။ ဤကားဆုံးမ သြဝါဒကို နာခံသူများအဖို့ ဆုံးမသြဝါဒပင် ဖြစ်ချေသတည်း။ (၁၁း၁၁၄)

ထို့ပြင်အသင်သည် သည်းခံပါလေ။ ကောန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုကုန်သော သူတော်စင်၏အကျိုးကို အချည်းအနှီးဆုံးရှုံး စေတော်မူသည် မဟုတ်ပေ။ (၁၁း၁၁၅)

သို့ပါ၍အသင်တို့ အလျင်ရှိခဲ့ဘူးသော သာသနာဝင်လူစုတို့တွင်၊ ငါအရှင်မြတ်သည် ထိုသာသနာဝင်လူစုအနက်မှ ကယ်ဆယ်တော်မူသော အနည်းငယ်မျှသော သူတို့မှ တစ်ပါးကမ္ဘာမြေပေါ်၌ ပျက်စီးရာပျက်စီးကြောင်းပြုလုပ်ခြင်းမှ တားမြစ်ကြမည့်ဉာဏ် အမြော်အမြင်ရှိသူများ အဘယ့် ကြောင့် မရှိခဲ့ကြဘိသနည်း။ ထို့ပြင်(မိမိတို့ကိုယ်ကိုမိမိတို့ပင်) နှိပ်စက်ညှဉ်းပန်းကြကုန်သော သူတို့မူကား ဂင်းတို့ပျော်ပိုက်စေခြင်းခံကြရသော စည်းစိမ်များ၌ ပျော်မွေ့လျက်(ရှိပြီး) ထိုစည်းစိမ်များ၏ နောက်သို့သာလျှင် (လိုက်မြဲ) လိုက်ခဲ့ကြကုန်၏။ ထို့ပြင်ဂင်းတို့သည် ပြစ်မှုကျူးလွန်လေ့ရှိသူများပင် ဖြစ်ခဲ့ကြကုန်သတည်း။ (၁၁း၁၁၆)

စင်စစ်သော်ကား အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အရှင်သည် မြို့ရွာများကို ထိုမြို့ရွာသူမြို့ရွာသားများသည် လူကောင်းများဖြစ်နေကြပါလျက် အဓမ္မအလျှင်းဖျက်စီး တော်မူသည်မဟုတ်ပေ။ (၁၁း၁၁၇)

အမှန်သော်ကား အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူခပ်သိမ်းတို့အား သာသနာဝင်တစ်ခုတည်းသော လူစုသာ ပြုလုပ်တော် မူခဲ့အံ့။ သို့ရာတွင် ၎င်းတို့သည် သဘောကွဲလွဲသူများအဖြစ် အမြဲထာဝစဉ်ရှိနေကြမည်သာတည်း။ (၁၁း၁၁၈)

အသင်၏အရှင်မြတ်က ကရုဏာပြုတော်မူသော သူတို့မှတစ်ပါး စင်စစ်မှာမူကား ထိုအရှင်မြတ်သည်ကျွှန်သည့်အတွက်ကြောင့်ပင်၎င်းတို့အားဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် "ငါအရှင်မြတ် သည် ဂျဟန္နမ်သင်ရဲဘုံကို ဂျင်နီသတ္တဝါများနှင့် လူများအားလုံးဖြင့် ပြည့်နှက်စေတော်မူမည်"ဟူသော အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ စကားတော်လည်း ဆုံးခန်းတိုင်ရောက်ခဲ့လေပြီ။ (၁၁း၁၁၉)

စင်စစ်သော်ကား ငါအရှင်မြတ်သည် ရစူလ်တမန်တော်များ၏ အကြောင်း သတင်းများ အနက်မှ၊ အကြင်အကြောင်းသတင်းအလုံးစုံကို အသင့်အားပြောကြားတော်မူ၏။ ငါအရှင်မြတ်သည် ထိုအကြောင်းသတင်းများဖြင့် အသင်စိတ်နှလုံးကို မြဲမြံကြံ့ခိုင်စေတော်မူ၏။ ၎င်းပြင်ကျွှန်ကဏ္ဍတွင် အမှန်တရားလည်း အသင့်ထံရောက်ရှိလာခဲ့လေပြီ။ ထိုနည်းတူစွာ (ကျွှန်အကြောင်းသတင်းများတွင်) မုအ်မင်နှသက်ဝင်ယုံကြည် သူတို့အဖို့ ဆုံးမသြဝါဒသည်လည်းကောင်း၊ သတိပေးနှိုးဆော်ချက် သည်လည်းကောင်းရှိပေသတည်း။ (၁၁း၁၂၀)

ထို့ပြင်(အို-နဗီတမန်တော်) အီမာန်သက်ဝင်ယုံကြည်သူတို့အား (ကျွှန်သို့) ပြောကြားပါလေ။ (ဟယ်-အချင်းတို့) အသင်တို့သည် (မိမိတို့နေရာတွင်မိမိတို့) တတ်စွမ်းနိုင်သမျှ ကျင့်မူကြလေကုန်။ ဇကန်စင်စစ် ငါတို့သည်လည်း (မိမိတို့အနေနှင့်) ကျင့်မူလျက်ပင် ရှိကြကုန်သည်။(၁၁း၁၂၁)

၎င်းပြင်အသင်တို့သည်လည်း စောင့်မျှော်၍နေကြလေကုန်။ ဇကန်အမှန် ငါတို့သည်လည်း စောင့်မျှော်လျက်ရှိကြသူများပင် ဖြစ်ကြပေသည်။ (၁၁း၁၂၂)

စင်စစ်သော်ကား မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း မမြင်နိုင်သော အရာများ(ကို စိုးပိုင်ခြင်းနှင့် သိစွမ်းနိုင်ခြင်း)သည် အလ္လာဟ်အရှင်မြတ်၌သာလျှင်ရှိပေသည်။ ထိုမှတစ်ပါး အဓေးကိစ္စ အလုံးစုံတို့သည် ထိုအရှင်မြတ်အထံတော်သို့သာလျှင် ပြန်လည်ရောက်ခြင်းကို ခံကြရ ပေမည်။ သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် ထိုအရှင်မြတ်ကိုသာလျှင် ဆည်းကပ် ကိုးကွယ်ပါလေ။ ၎င်းပြင်အသင်သည် ထိုအရှင်မြတ်အပေါ်၌သာလျှင် ယုံကြည်စိတ်ချ လွှဲအပ်ပါလေ။ စင်စစ်သော်ကား အသင်

၏ အရှင်မြတ်သည် အသင်တို့ ကျင့်မူလျက် ရှိကြသည်များကို မေ့လျော့တော်မူမည့် အရှင်မြတ် မဟုတ်ချေ။ (၁၁း၁၂၃)

အကျယ်ဖွင့်ဆိုခြင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းက တမန်တော်မြတ်(ﷺ)သည် ကြီးကျယ်သော အဆင့်အတန်းတွင် ရှိကြောင်း ထောက်ပြထားသည်။

စူရာဟ်ဟူဒ်ထဲတွင် လွန်လေပြီးသော တမန်တော်များနှင့်သူတို့၏ လူများနှင့်ပတ်သက်သော ထိတ်လန့်ကြောက်ရွံ့ဖွယ်ဖြစ်စေသည့် အဖြစ်အပျက်များကိုဖော်ပြပြီးနောက် တမန်တော်မြတ်(S)နှင့် ၎င်း၏အွမ္မသ်ထုအတွက် ညွှန်ကြားချက်အချို့ပေးထားသည်ဆိုကြောင်း ပြန်လည်သတိရမိပါလိမ့်မည်။ ယင်းသတိပေးထားမှုကို ပြီးခဲ့သော အာယသ်-၁၁၂ **فَاسْتَقِمْ كَمَآ اُمِرْتَ** "သို့ဖြစ်ပေရာ အသင်သည်လည်းကောင်း ဝန်ချတောင်းပန်ပြီး အသင်နှင့်အတူ ရှိနေသူများသည် လည်းကောင်း၊ အသင့်ထံအမိန့်တော် ကျရောက်သည့်အတိုင်း ဖြောင့်မတ်တည်ကြည်စွာ ရှိကြလေကုန်"မှ စတင်ခဲ့သည်။ ဤညွှန်ကြား ချက်တွင် ကုရ်အာန်ကျမ်းတော်မြတ်၏ လှပမှုနှင့် အဖွဲ့အနွဲ့ကောင်းမှုမှာ အမြင့်မားဆုံး ပညာရပ်အဖြစ် ပေါ်လွင်ခဲ့သည်။ တစ်စုံတစ်ရာပြုလုပ်ရန် တိကျပြတ်သားသောအမိန့်ပေးရာတွင် တမန်တော်မြတ်(S)ကို ဦးတည်ပြောကြားခဲ့၍ ယင်းတွင် အွမ္မသ်ထုက အဆွယ်အပွားတစ်ခုအဖြစ် ပါဝင်ခဲ့ကြောင်း သတိပြုမိပါလိမ့်မည်။ ဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။ **فَاسْتَقِمْ كَمَآ اُمِرْتَ وَ مَنْ تَابَ مَعَكَ** "သို့ဖြစ်ပေရာ အသင်သည်လည်း ကောင်း၊ ဝန်ချတောင်းပန်ပြီး အသင်နှင့်အတူရှိနေသူများသည်လည်းကောင်း၊ အသင့်ထံအမိန့်တော်ကျရောက်သည့်အတိုင်း ဖြောင့်မတ်တည်ကြည်စွာရှိကြလေကုန် (၁၁၂)" **اَقِمِ الصَّلٰوةَ** "အသင်သည် ဆွလာသ်ဝတ်ပြုမှုကို ဆောက် တည်ပါလေ (၁၁၄)" **وَ اصْبِرْ** "ထို့ပြင် အသင်သည် သည်းခံပါလေ(၁၁၅)"။ သို့ရာတွင် တစ်စုံတစ်ရာကို တားမြစ် ပိတ် ပင်ကာ ယင်းမှရှောင်ကြဉ်ရန်ညွှန်ကြားချက်ပေးရာတွင် ဦးတည်ပြောကြားမှုမှာ မွတ်စလင်မ် အွမ္မသ်ထုသို့ တိုက်ရိုက် ဖြစ်ပေသည်။ ပမာအားဖြင့် (**لَا تَطْغَوْا**) "ထို့ပြင် အသင်တို့သည် မကျူးလွန်ကြကုန်လင့်(၁၁၂)" နှင့် **وَ لَا تَرْكَنُوْٓا اِلَى الَّذِيْنَ ظَلَمُوْا** "ထိုမှတစ်ပါး အသင်တို့သည် (မိမိတို့ကိုယ်ကိုမိမိတို့ပင်)ညှဉ်းပန်း နှိပ်စက်ကြကုန်သော သူတို့အပေါ်ဝယ် ယုံကြည်စိတ်ချအားထားခြင်းမပြုကြကုန်လင့်(၁၁၃)"တို့ဖြစ်သည်။

အကယ်၍ကျွန်ုပ်တို့သည် ဤကိစ္စကိုနက်ရှိုင်းစွာကြည့်ရှုလျှင် ကုရ်အာန်ကျမ်းတော်မြတ် တစ်စောင် လုံးတွင် ယေဘုယျပုံစံအနေဖြင့် သုံးနှုန်းထားသည်မှာ တားမြစ်ချက်များမပါသည့် ဥပဒေပြဋ္ဌာန်းချက်ကို တမန်တော်မြတ်(S)အား ဦးတည်ပြောကြား၍ တားမြစ်ချက်များပါသည့် ဥပဒေပြဋ္ဌာန်းချက်များကို အွမ္မသ် ထုအား ဦးတည်ပြောကြားခဲ့သည်။ ဤသည်မှာ တမန်တော်မြတ်(S)၏ မြင့်မားသောအဆင့်အတန်းကို ရည်ညွှန်းမှုတစ်ရပ်ဖြစ်သည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောသည်မှာ ရှောင်ကြဉ်ရမည့်အရာများသည် ကိုယ်တော်မြတ်ကိုယ်တိုင် ရှောင်ရှားပြီးဖြစ်နေသည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(S)၏ အခြေခံကျသောသဘာဝကို မည်မျှထိပြုလုပ်ထားသနည်းဆိုလျှင် ဆိုးဝါးသောအရာဘက်ဆီသို့ မည်သို့သော ဆန္ဒနှင့်မျှ တိမ်းညွတ်မည်မဟုတ်ချေ။ အစ္စလာမ်သာသနာ၏ အစောပိုင်းအချိန်က အရာများကို 'ဟလာလ်' တရားဝင်အဖြစ် ခွင့်ပြုထားခဲ့သော်လည်း ယင်းသည်နောက်ပိုင်းတွင် 'ဟရာမ်' တရားမဝင်ဖြစ်လာမည့် အကြောင်းမှာ အလ္လာဟ်အရှင်မြတ်၏ဉာဏ်တော်တွင် စီရင်ပြဋ္ဌာန်းပြီးဖြစ်သည်။ ထို့ကြောင့်

ထိုစဉ်အခါက 'ဟလာလ်'ဖြစ်သော အရက်သေစာ၊ အတိုးနှင့်လောင်းကစားခြင်းစသည့် ကိစ္စရပ်များတွင် ကိုယ်တော်မြတ်(ﷺ)သည် အနီးအနားသို့ပင် မသီခဲ့ပါ။

ဤအာယသ်(၁၁၄)ထဲတွင် တမန်တော်မြတ်(ﷺ)အား ဦးတည်ပြောကြားကာ ကိုယ်တော်မြတ်နှင့် ကိုယ်တော်၏ အွမ္မသ်ထုတစ်ရပ်လုံးကို ဆွလာသ်ဝတ်ပြုဆောက်တည်ရန် အမိန့်ပေးခဲ့သည်။ ဤနေရာပါ ဆွလာသ် (**صلوة**) ဟူသည်၏ဆိုလိုရင်းမှာ မပြုမနေရ ဖရတ်သွဆွလာသ်ဝတ်ပြုမှုများဖြစ်ကြောင်း၊ ဆွဟာဗဟ် များနှင့် သာဗီအီန်များ အနက် သဖ်စီရ်ပညာရှင်များက သဘောတူဆုံးဖြတ်ခဲ့သည် (အလ်ဗဟ် ရှလ်မဟီးတွ်၊ အလ်ကုရ်သုဗီ)။ ထိုပြင် ဆွလာသ်၏ အိကာမသ်ဟူသည်မှာ ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို ပုံမှန်နှင့်အမြဲ ပြည့်ပြည့်ဝဝနှင့် သစ္စာရှိရှိ ဆောက်တည်ခြင်းဖြစ်သည်။ ဋီကာရှင်အချို့ကမူ ယင်း၏ဆိုလိုချက်မှာ ဆွလာသ်တွင် ပါဝင်သည့် ကျင့်ဝတ် ဥပဒေသများ အားလုံးကို တိတိကျကျနှင့်မှန်မှန်ကန်ကန်ပြုလုပ်ခြင်းဟု ပြောကြသည်။ အချို့ဋီကာရှင်များက ယင်း၏ဆိုလိုချက်မှာ ဆွလာသ် ဝတ်ပြုဆောက်တည်မှုကို အချိန်ကျသည်နှင့် ဆောက်တည်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဤသည်တို့မှာ အာယသ် **أَقِمِ الصَّلٰوةَ** "(အကီမိစ်ဆွလာသ်-ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ)"၏ သဖ်စီရ်ပါ အနေအထားသုံးရပ်၏ ရောင်ပြန်ဟပ်မှုဖြစ်သည့် ကိစ္စရပ်၏ အမှန်တရားကား ယင်းတို့ထဲတွင် ကွဲပြားခြားနားမှုသိပ်မရှိဟုဆိုလိုသည်။ ပြောဆိုပြီးသမျှထဲတွင် "ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည်ပါလေ"၏ ဆိုလိုရင်းတွင် အကျုံးဝင်သည်။

ဆွလာသ်ဝတ်ပြုမှု တည်ဆောက်ရန် အမိန့်ပေးပြီးနောက် ယင်းအတွက် အချိန် သတ်မှတ်ချက်ကို "ဆွလာသ်ဝတ်ပြုမှုကို နေ့၏ နှစ်ဘက်အစွန်း၌ လည်းကောင်း၊ ညဉ့်၏ အစိတ်အပိုင်းများ၌ လည်းကောင်း ဆောက် တည်ပါလေ"ဟူသည်ထဲတွင် တိုတုတ်စွာဖော်ပြထားသည်။ ဤနေရာပါ(**زلفًا**)(ဇွလ်ဖန်)သည် **زلفة**(ဇွလ်ဖဟ်)၏ အများကိန်း ဖြစ်ကာ အစိတ်အပိုင်း(သို့) စံနှုန်းယူနစ်ဟု အဓိပ္ပာယ်သက်ရောက်သည်။ "နေ့၏ နှစ်ဘက် အစွန်း" ဆွလာသ်ဝတ်ပြုမှုဆိုရာတွင် အစောပိုင်း လေးစားဖွယ် ဋီကာရှင်များ တစ်ညီတစ်ညွတ် တည်းဆုံးဖြတ်သည်မှာ ပထမစွန်းသည် ဖဂျ်ရ်ဆွလာသ်ဖြစ်ကြောင်းဖြစ်သည်။ သို့သော်လည်း နေ့၏ နောက်ဆုံးအစွန်းတွင် ဆောက်တည်သည့် ဆွလာသ်ဝတ်ပြုမှုကို မဂ်ရစ်ဗ် ဆွလာသ်ဝတ်ပြုမှုဟု မှတ်ယူကြသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းမှာနေ့၏ တစ်နေ့တာ ကုန်ဆုံးချိန် ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း အခြား ဋီကာရှင်အချို့ကမူ အဆွရ်ဆွလာသ် ဝတ်ပြုမှုကို နေ့၏ နောက်ဆုံးအစွန်း၏ ဆွလာသ်ဝတ်ပြုမှုဟု မှတ်ယူကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာနေ့၏ နောက်ဆုံး ဆွလာသ်ဖြစ်သောကြောင့်ဟု ဆိုကြသည်။ မဂ်ရစ်ဗ်အချိန်သည် နေ့၏အစိတ်အပိုင်း တစ်ခုမဟုတ်ပါ ယင်းသည်တစ်နေ့တာကုန်ဆုံးပြီးမှ ရောက် လာသော အချိန်ဖြစ်သည်။ **زلفًا مِّنَ الَّيۡلِ** "ညဉ့်၏အစိတ်အပိုင်းများတွင်လည်းကောင်း"ဟူ သော စာသားက မဂ်ရစ်ဗ်ဆွလာသ်နှင့် အိရှာဆွလာသ်တို့ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း အစောပိုင်း ဋီကာရှင် အများစုဖြစ်သည့် ဟစံ အလ်ဗစ္စရီ၊ မုဂျာဟစ်ဒ်၊ မုဟမ္မဒ်အိဗနိကအဗ်၊ ကသာသာဟ်၊ ဒဟ်ဟာတ်ခ်နှင့် အခြား ဋီကာရှင်များက ကြေညာခဲ့ကြသည်။ ထို့နောက် ဟဒီးဆ်တော်တစ်ရပ်တွင် **زلفًا مِّنَ الَّيۡلِ** "ညဉ့်၏အစိတ် အပိုင်းတွင် ပြုလုပ်ရသော ဆွလာသ်ဝတ်ပြုမှုများ"သည် မဂ်ရစ်ဗ်နှင့်အိရှာဖြစ်ကြောင်း ခိုင်မာအတည်ဖြစ်သည်။ (သဖ်စီရ်အိဗနိကဆီးရ်)

طَرَفَيِ النَّهَارِ "နေ့၏အစွန်းနှစ်ဖက်၌" ဟူသော စာသားက ဖဂျ်ရ်နှင့်အဆွရ်ဆွလာသ်ဝတ်ပြုမှု များဟုဆိုလို၍ **زُلَفًا مِّنَ الَّيۡلِ** "ညဉ့်၏အစိတ်အပိုင်းများ၌" ဟူသော စာသားက မဂ်ရစ်ဗ် နှင့်အိရှာဆွလာသ်ဟူ၍ဆိုလိုသောကြောင့် ဆွလာသ်ဝတ်ပြုမှု ၄-ခု၏ အချိန်သတ်မှတ်မှုကို အာယသ်တော်တွင် ဖော်ပြပြီးဖြစ်သည်။ ဖော်ပြရန်ကျန်သော ဆွလာသ်မှာ ဇဟိုရ် ဆွလာသ်ဝတ်ပြုမှုဖြစ်၍ ယင်းကို **أَقِمِ الصَّلٰوةَ لِدُلُوۡكِ الشَّمۡسِ** "အသင်သည် နေ့မွန်းလွဲချိန်မှစ၍

ဆွလာသ်ဝတ်ပြုမှုကို ဆောက်တည် ပါလေ(၁၇း၇၈)" ၏အာယသ်ထဲတွင် ဖော်ပြထားသည်။

ဆွလာသ်ဝတ်ပြုဆောက်တည်ရန် အမိန့်နှင့် ယင်းတို့၏ အချိန်သတ်မှတ်မှုနောက် ဤသည်တို့ကြောင့် ရလာမည့် ကြီးမားသော ကောင်းကျိုးကို ထောက်ပြထားသည်။ إِنَّ الْحَسَنٰتِ يُذْهِبْنَ السَّيِّاٰتِ "မလွဲဖေကန် ကောင်းမှု သုစရိုက်များသည် မကောင်းမှုဒုစရိုက်များကို ပပျောက်စေကုန်၏"ဟုမိန့်ထားသည်။ အစောပိုင်း ဋီကာရှင်များက 'အလ်ဟစနာဟ်'ဆိုသည်မှာ ကောင်းသောလုပ်ရပ်အားလုံးကိုဆိုလိုသည်။ ဤထဲတွင် ဆွလာသ်ဝတ်ပြုမှု၊ ဆောင်မ်ဥပုသ်သီလဆောက်တည်ခြင်း၊ ဇကာသ်ဆင်းရဲသားဒါနကြေးပေးခြင်း၊ ဆွဒကာဟ် အလှူဒါန၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားများ၊ ကောင်းမွန်သော ဆက်ဆံရေး စသည်တို့ ပါဝင်သည်။ သို့သော်လည်း အားလုံးအနက် ဆွလာသ်ဝတ်ပြု ဆောက်တည်မှုမှာ ဦးဆောင်ဦးရွက်ဖြစ်သည်။ အလားတူ အတ်စ်စိုက်ယိအဟ်သည် မကောင်းသည့် လုပ်ရပ်အားလုံးတွင် ကဗီရာဟ်(ကြီးလေးသောအပြစ်ဒုစရိုက်) ဆွဂီရာဟ်(သေးငယ်သောအပြစ်)များပါဝင်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် တစ်ခုနှင့်တမန်တော်မြတ်(S)၏ မိန့်ကြားချက် အများအပြားထဲတွင် အဟ်စ်စိုက်ယိအဟ်တွင် ဆွဂီရာဟ်ပြစ်မှုသေးများကိုအထူးပြုထားသည်။ ယင်းအရဆိုလျှင် ဦးဆောင်ဦးရွက်ပြုသော ဆွလာသ်ဆောက်တည်ခြင်း၏ ကောင်းမှုကောင်းရပ်များသည် ဆွဂီရာဟ်ပြစ်မှုများအတွက် ကဖ္ဖရာဟ် (အစားပေးလျော်ခြင်း)ဖြစ်စေကာ ထိုဆွဂီရာဟ်ပြစ်မှု အားလုံးကို ပယ်ဖျက်ပြီးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအာယသ်တော် إِنْ تَجْتَنِبُوْا كَبَآئِرَ مَا تُنْهَوْنَ عَنْهُ نُكَفِّرْ عَنْكُمْ سَيِّاٰتِكُمْ "အကယ်၍ အသင်တို့သည် မိမိတို့တားမြစ်ထားပြီးဖြစ်သော ကြီးလေးသော ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်၍ နေကြပါမူ ငါအရှင်မြတ်သည်အသင်တို့၏ (သေးငယ်သော)မကောင်းမှု ဒုစရိုက်တို့ကို အသင်တို့မှ ကြေအေးစေတော်မူမည်။ အလ်နိဆာဟ်(၄း၃၁)"ဟု မိန့်ခဲ့သည်။ (ကဗီရာဟ်နှင့် ဆွဂီရာဟ် တို့၏သဘော သဘာဝနှင့်ပတ်သက်သော အသေးစိတ်ဆွေးနွေးမှုကို မအာရိဖုလ်ကုရ်အာန်ကျမ်းမြန်မာဘာသာပြန် စတုတ္ထအတွဲ(၄)စာမျက်နှာ-၁၄၃မှ-၁၄၇(၄း၃၁)တွင်ကြည့်ပါ။)

ဆွဟီးဟ်မွတ်စ်လင်မ်ကျမ်း၏ ဟဒီးဆ်တော်တစ်ရပ်တွင် ပါရှိသည်မှာ တမန်တော်မြတ်(S) မိန့်ထားခဲ့သည်မှာ နမားဇ်ငါးကြိမ်နှင့် ဂျွမွအာနမားဇ်ပြီးနောက်တွင် လာမည့် ဂျွမွအာအတွင်းလည်းကောင်း၊ ရမ္မဇာန်လမြတ်မှ နောက်လာမည့် ရမ္မဇာန်လမြတ်အတွင်းလည်းကောင်း၊ ယင်းနှစ်ခုကြား အတွင်းပြုလုပ်ခဲ့သော မကောင်းမှုပြစ်မှု ဂုနာဟ်များ သည် ယင်းတို့အတွက် အစားပေးခြင်း (ကဖ္ဖရာဟ်)ဖြစ်သွားသည်။ ဤအခြေအနေသည် ထိုသူမှာဂုနာဟ်ပြစ်မှုဒုစရိုက်အကြီး (ကဗီရာဟ်)များ ပြုလုပ်ခြင်းမှ ကင်းရှင်းသူဖြစ်ရပေမည်။ ယင်းကဆိုလိုသည်မှာ ဂုနာဟ်အကြီးမှာသောင်ဗဟ် (ဝန်ချ တောင်းပန်မှု)မပါဘဲ ခွင့်လွှတ်ခံရခြင်းမပြုနိုင်ပါ။ သို့သော်လည်း ဂုနာဟ်ပြစ်မှုအသေး(ဆွဂီရာဟ်)များ ကျူးလွန်ခဲ့သော သူတစ်ဦးသည် အခြားကောင်းမှုများဖြစ်သည့် ဆွလာသ်၊ ဆောင်မ်၊ ဆွဒကာဟ်စသည်တို့ လုပ်ခဲ့လျှင် ထိုသာမန် ပြစ်မှုဂုနာဟ်များသည် အလိုအလျောက်ခွင့်လွှတ်ချမ်းသာပေးပြီးဖြစ်လေသည်။ သို့သော်လည်း သဖ်စီရ်အလ်ဗဟ်ရ်လ်အလ်မုဟီးတ်ဝ်ကျမ်းပါ အစ္စလာမ့်ရှရီအသ်ဆိုင်ရာမူနှင့်ပတ်သက်၍ စစ်မှန်သောပညာရှင်များ၏မိန့်ကြားချက်အရ ဂုနာဟ်ပြစ်မှု အသေးများသည် ကောင်းမှုကောင်းရာများ လုပ်ခြင်းဖြင့် ခွင့်လွှတ်ခံရသည် ဆိုသည့် တိုင် တစ်စုံတစ်ဦးသည် ယင်းဂုနာဟ်ပြစ်မှု ကျူးလွန်မှုအား အရှက်ရကာ နောင်တွင်ထိုသို့သောပြစ်မှု မကျူးလွန်တော့ပါဟူသည့် လေးနက်သော ဆုံးဖြတ်ချက်ချရပါမည်။ တစ်စုံတစ်ဦးသည် ယင်းအပြစ်များတွင် စွဲမြဲမှုမရှိစေရန် အရေးကြီးသည်။ ဟဒီးဆ်တော်တွင် ဖော်ပြထားခဲ့သည့် အဖြစ်အပျက်များစွာတွင် ယင်းသို့ ပြစ်မှုဂုနာဟ်များကို ပယ်ဖျက်ခဲ့ကြောင်းပါရှိသည်။ ထိုတင်ပြချက် များတွင်လည်း ရှင်းလင်းစွာ ဖော်ပြထားသည်မှာ ဂုနာဟ်ပြစ်မှု ကျူးလွန်

သူသည် သူ၏လုပ်ရပ်အတွက် အရှက်ရကာ ဝန်ချတောင်းပန်ပြီး အနာဂတ်တွင် ထိုသို့မကျူးလွန်တော့ပါ ဟူသော ဆုံးဖြတ်ချက်ပါရပါမည်။ ဤသည်ပေါ်အခြေခံ၍ တမန်တော်မြတ်(S)က ဂုနာဟ်ပြစ်မှု ကျူးလွန်သူတစ်ဦးကို ပြစ်မှုကျူးလွန်မှုမှ ကင်းလွတ်ခွင့် ပေးခဲ့ပြီဆိုသည့် ကောင်းသတင်းပေးခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် အသိတော်မူဆုံးဖြစ်ပေသည်။ အောက်ဖော်ပြထားသည်တို့သည် ကဗာအီရ် (သို့မဟုတ်) ဂုနာဟ်အကြီးစားဟူ၍ ထင်ရှားသော ဟဒီးဆ်တော်များတွင် ကြေညာထားခဲ့သည်။

(၁) တစ်စုံတစ်ဦးကို အလ္လာဟ်အရှင်မြတ်နှင့်သော်လည်းကောင်း၊ (သို့မဟုတ်)အရှင်မြတ်၏ ဂုဏ်တော် များကို လည်းကောင်း အရှင်မြတ်နှင့်တွဲဖက်၍ (သို့မဟုတ်)တူသည်ဟုမှတ်ယူခြင်း။
(၂) မပြုမနေရဖရ်သွ်ဆွလာသ်တစ်ကြိမ်ကို တမင်တကာစွန့်လွှတ်ခြင်း။
(၃) တစ်စုံတစ်ဦးကို မတရားသတ်ဖြတ်ခြင်း။
(၄) ကာမေသုမိစ္ဆာစာရကံကျူးလွန်ခြင်း။(တရားမဝင် လိင်ဆက်ဆံခြင်း)
(၅) ခိုးဝှက်ခြင်း။
(၆) အရက်သေစာသောက်စားခြင်း။
(၇) မိဘအမိန့်ဖီဆန်ခြင်း။
(၈) မမှန်မကန်ကျမ်းကျိန်ဆိုခြင်း။
(၉) မမှန်သက်သေထွက်ဆိုခြင်း။
(၁၀) စုန်းကဝေလိုက်စားခြင်း။
(၁၁) အတိုးအပေးအယူလုပ်ခြင်း။
(၁၂) ဖမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မမှန်ကန်သော နည်းလမ်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်း။
(၁၃) ဂျီဟာဒ်စစ်မြေပြင်မှ ထွက်ပြေးခြင်း။
(၁၄) ကာအိန္ဒြေရှိသောအမျိုးသမီးကို မမှန်မကန်စွပ်စွဲခြင်း။
(၁၅) တစ်စုံတစ်ဦး၏ပိုင်ဆိုင်ပစ္စည်း(သို့မဟုတ်)ဥစ္စာဓနကို မတရားသောနည်းလမ်းဖြင့်ယူခြင်း။
(၁၆) ပဋိညာဉ်ဖောက်ဖျက်ခြင်း။
(၁၇) ယုံမှတ်အပ်နှံမှုကို ချိုးဖောက်ခြင်း။
(၁၈) မည်သူ့ကိုမဆို ညစ်ညမ်းစွာဆဲရေးခြင်း။
(၁၉) တစ်စုံတစ်ဦးကိုရာဇဝတ်ကောင်အဖြစ် မတရားသဖြင့်စွပ်စွဲခြင်း စသည်တို့ဖြစ်သည်။

ဂုနာဟ်ပြစ်မှု အကြီးနှင့်ဂုနာဟ်ပြစ်မှုအသေးတို့နှင့် ပတ်သက်သော အသေးစိတ်များကို မုစ်လင်မ်ပညာရှင်များ၏ ကျမ်းများတွင် ဖော်ပြထားသည်ကို ကြည့်ရှုနိုင်သည်။ ယင်းအကြောင်းများကိုလည်း ဤစာရေးသူ (မုဖ်သီမုဟမ္မဒ်ရှဖီးအ်) ပြုစုထားသည့် (ဂုနာဟ်ဟိဇေလဇ်ဇသ်) "အရသာမဲ့သောပြစ်မှုများ"စာအုပ်တွင် ကြည့်ရှုနိုင်သည်။

အတိုချုပ်မှာ ပြစ်မှုဂုနာဟ်များကိုကောင်းမှုကောင်းရာများပြုလုပ်ခြင်းဖြင့် ခွင့်လွှတ်ခံရကြောင်း ဤအာယသ်က သက်သေပြသည်။ ထို့ကြောင့် တမန်တော်မြတ်(S)က "အသင်သည် မကောင်းမှုတစ်ရပ် ကျူးလွန်ခဲ့လျှင် ကောင်းမှု ကောင်းရာတစ်ခု ပြုလုပ်ပါလေ။ ယင်းသို့သောလုပ်ရပ်က မကောင်းသည်ကို ပယ်ဖျက်စေလိမ့်မည်။"ဟူ၍ မိန့်ကာ ကိုယ်တော်မြတ်(S)က "လူများနှင့်ချိုသာစွာဆက်ဆံပါ။"ဟု မိန့်တော်မူခဲ့သည်။

(မတ်စ်နဒ်အဟ်မဒ်ကို ကိုးကား၍ အိဗ်နေ့ကစီးရ်) စိုက်ယိဒနာ အဗူဇရ်အလ်ဂီဖါရီ(d)ကပြောခဲ့သည်မှာ "ကျွန်တော်မျိုးကို တစ်စုံတစ်ရာပြုလုပ်ပါဟု အမိန့်ပေးပါရန် တမန်တော်မြတ်(S)ကို လျှောက်ထားမေတ္တာ ရပ်ခံခဲ့သည်။" ကိုယ်တော်မြတ်က "အကယ်၍ အသင်သည် ဂုနာဟ်အချို့ကျူးလွန်မိခဲ့လျှင် ယင်းနောက်ကောင်းမှုအချို့ ပြုလုပ် လိုက်ပါ။ သို့မှသာ ယင်းကောင်းမှု လုပ်ရပ်က ပြစ်မှုကို ပယ်ဖျက်စေမည် ဖြစ်သည်။"ဟုမိန့်ခဲ့သည်။

စင်စစ် ဤဟဒီးဆ်တော်များက ကျွန်ုပ်တို့ကို ဂုနာဟ်ပြစ်မှုအတွက် နှစ်သက်ဖွယ် ဝန်ချတောင်းပန်နည်း ကို ပြောပြပါသည်။ ဤသည်နှင့်ပတ်သက်၍ စိုက်ယိဒနာအဗူဗက္ကာရ်(d)၏ တင်ပြချက်ကို မှစ်နဒ်အဟ်မဒ်ကျမ်း တွင် တင်ပြထားခဲ့သည်။ တမန်တော်မြတ်(S)မိန့်တော်မူသည်။"အကယ်၍ မှစ်လင်မ်တစ်ဦးသည် ကံမကောင်း အကြောင်း မလှစွာ ဂုနာဟ်ပြစ်မှုအချို့ကျူးလွန်မိခဲ့လျှင် သူသည်ဝုဇူရေသန့်စင်၍နဖိလ်ဆွလာသ်ဝတ်ပြုမှု နှစ်ရကအသ်ဆောက် တည်ကာ ပြစ်မှုဂုနာဟ်မှ ခွင့်လွှတ်ပါရန် ဒုအာတောင်းဆုပြုသင့်သည်။"ဟု၍ ဖြစ်သည်။ (ရေဝါယသ်အားလုံးသည် အိဗ်နေ့ ကဆီးရ်ကျမ်းထဲတွင် ဖော်ပြထားသည်။) ဤဆွလာသ်ဝတ်ပြုမှုကို ဆွလာသုလ်သောင်ဗဟ် (ဝန်ချ တောင်းပန်မှု အတွက် ဆွလာသ်ဝတ်ပြု ဆောက်တည်ခြင်း) ဟူသော အမည်ဖြင့် လူသိများကြသည်။

အာယသ်(၁၁၄)၏ နောက်ဆုံးဝါကျပါ **ذلك ذكرى للذ كرين** "ဤကား ဆုံးမသြဝါဒကိုနာခံသူများ အဖို့ ဆုံးမသြဝါဒပင် ဖြစ်ချေသတည်း။"တွင်ပါသော (**ذلك**)(သာလီက်)ဟူသောစကားလုံးသည် ကုရ်အာန် ကျမ်းတော် မြတ်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သကဲ့သို့ အစောပိုင်းဖော်ပြပြီးဖြစ်သည့် ဆောင်ရန်နှင့် ရှောင်ရန်နှစ်မျိုး စလုံးကို ရည်ညွှန်းသည်လည်း ဖြစ်နိုင်ပေသည်။ ဆိုလိုသည်မှာ အထက်တွင်ရည်ညွှန်းခဲ့သည့် ဤကုရ်အာန် ကျမ်းတော်မြတ် (သို့မဟုတ်)ယင်းပါ အမိန့်ပညတ်ချက်များကို လိုက်နာကာ နာခံလေ့ရှိသော သူများအတွက် လမ်းညွှန်မှုနှင့် ကောင်း မြတ်သော အကြံပေးမှု ဖြစ်ပေသည်။ ဤထဲတွင်မြှုပ်နှံထားသည့် အညွှန်းမှာ မည်သည့်ကိစ္စကိုမျှ ယထာဘူတကျကျ စဉ်းစားခြင်းမပြုဘဲ တဖွတ်ထိုးနှင့် ခေါင်းမာသော သူတစ်ဦးအတွက်ဆိုလျှင် လမ်းညွှန်မှုတိုင်း လက်မဲ့ဖြစ်စေပါသည်။

အာယသ်(၁၁၅)ထဲတွင် **واصبر فان الله لأيضيع اجر المحسنين** "ထို့ပြင် အသင်သည် သည်းခံပါလေ။ ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုကုန်သော သူတော်စင်တို့၏ အကျိုးကို အချည်းအနှီး ဆုံးရှုံး စေတော်မူသည် မဟုတ်ပေ။"

စာပေဝေါဟာရအရ 'ဆွဗရ်'(**صبر**)ဟူသည်မှာ ချည်နှောင်ရန်ဖြစ်သည်။ ထို့ကြောင့် သုံးနှုန်းရာတွင် 'ဆွဗရ်'ကို တစ်စုံတစ်ဦး၏ သိက္ခာမဲ့သော အတ္တကို ထိမ်းချုပ်ရန်ဟူသော သဘောနှင့်လည်း သုံးနှုန်းသည်။ ယင်း၏ ဆိုလို ရင်းတွင် ကောင်းမှုကောင်းရာနှင့် အမှန်တရား လုပ်ဆောင်ရာတွင် တစ်စုံတစ်ဦးကို ခိုင်မာ၍ နောက်မတွန့်ဘဲ ရှိစေရန်နှင့် မကောင်းမှုလုပ်ရပ်များနှင့် ပတ်သက်လျှင် နောက်ဆုတ်၍ မိမိကိုယ်မိမိ ထိမ်းချုပ်ထားရန် ပါဝင်ပါသေး သည်။ ဤနေရာတွင် တမန်တော်မြတ်(S)ကိုသည်းခံရန်မိန့်ထားခြင်းက ကိုးကားထားသည့် အာယသ်တွင် ဖြောင့် မတ် တည်ကြည်ရန်နှင့် ဆွလာသ်ဝတ်ပြုမှုဆောက်တည်ရန် အမိန့်ပညတ်ချက် ပေးထားခြင်းသည် ကိုယ်တော်မြတ် တွင် စွဲမြဲစွာရှိနေရမည့်အရာများ ဖြစ်ကြသည်ဟူ၍လည်း ဆိုလိုသည်။ ထို့နောက် ရန်သူများ၏ ရန်လိုမှုနှင့် ၎င်းတို့ ကြောင့် အနာတရဖြစ်ခဲ့လျှင် သည်းခံရန်ဟူ၍ ကိုယ်တော်မြတ်(S) တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်လည်း ဖြစ်နိုင်သည်။ ထို့နောက် "ဇကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ကောင်းမှုပြုလုပ် ကုန်သောသူတော်စင်တို့၏ အကျိုးကို အချည်းအနှီး ဆုံးရှုံးစေတော်မူမည် မဟုတ်"ဟု မိန့်ထားခြင်းက ဤအာယသ် ထဲတွင် ဖော်ပြထားသည့်

ဆောင်ရန်၊ ရှောင်ရန် အဓိန့်ပညတ်ချက်များကို သစ္စာရှိစွာလိုက်နာကျင့်သုံးသူများသည် "အလ်မုဟ်စီနင်န်(ကောင်းမှု ပြုလုပ်ကုန်သော သူတော်စင်တို့)ကိုရည်ညွှန်းကြောင်းထင်ရှားသည်။ တစ်နည်း ဆိုရသော် ထိုသူများမှာ ၎င်းတို့၏ ဘာသာတရားတွင် စွဲစွဲမြဲမြဲရှိကြသည်။ ရှရီအသ်တရားတော်က ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များကို ဖက်တွယ်ထားကြသည်။ မတရားသူများနှင့်မလိုလားအပ်ဘဲ အဆွေခင်ပွန်းမဖွဲ့ကြပါ။ ၎င်းတို့၏ဆွေလာသံဝတ်ပြုမှုဆောက်တည်ရာတွင် မပျက်မကွက်ပြုလုပ်သည်။ တရိုတသေ စည်းကမ်းတကျ ပြုလုပ်သည်။ သတ်မှတ်ချိန်အတိုင်းပြုလုပ်သည်။ ထို့ပြင် ၎င်းတို့သည်ဘာသာရေး၏အဓိန့်ပညတ်ချက်များ အားလုံးအပေါ်တွင် ဖြောင့်မတ်တည်ကြည်စွာရှိကြသည်။

အထက်ဖော်ပြခဲ့သည်များ၏အနှစ်သာရမှာ ခဝတ်ကိုးကွယ်မှုပြုရာတွင်"အသင်သည် အလ္လာဟ် အရှင်မြတ် အားမြင်တွေ့နေသည်ကဲ့သို့ပြုလုပ်ခြင်း(သို့မဟုတ်)အနည်းဆုံး အသင့်ကိုအလ္လာဟ်အရှင်မြတ်က မြင်တွေ့နေသည်" ဟူသော "အဲဟ်စန်"ဆိုသည်ကို တမန်တော်မြတ်(S)ကိုယ်တော်တိုင်ရှင်းလင်းရာနှင့် အတူတူဖြစ်သည်။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်တည်ရှိတော်မူခြင်းနှင့်အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော် များ၏မှန်ကန်ကြောင်းစိတ်ချသည့် အဆင့်ရောက်ရှိသွားလျှင် ၎င်းထံမှထွက်ပေါ်လာသည့်စကားများနှင့်လုပ်ရပ် များသည် အလိုအလျောက်မှန်ကန်စွာ ဖြစ်ပေါ်လာလိမ့်မည်။ အစ္စလာမ်သာသနာ၏အစောပိုင်းရာစုများမှ လေးစားဘွယ်ပညာရှင်များ(အတ်စလဖ်)များက ပေါ်လွင်ထင်ရှားစွာအသိအမှတ်ပြုထားသည့် အလွယ်ဆုံး သိနိုင်သောအမှန်တရားသုံးရပ်ရှိကြောင်း အောက်မေ့သတိရထိုက်သည်။ ဤအရာများကို(ထိန်းသိမ်းထား သင့်သည့်အမှတ်တရများ)အဖြစ် ၎င်းတို့အချင်းချင်း တစ်ဦးနှင့် တစ်ဦး စာရေးသားရာတွင်ဖလှယ်ကြပါသည်။ ၎င်းတို့ကပြောသည်မှာ-

(၁) မည်သူတစ်ဦးတစ်ယောက်မဆို အာခိရသ်(နောင်တမလွန်ဘဝ)အတွက် အလုပ်များနေခဲ့လျှင် အလ္လာဟ် အရှင်မြတ်ကိုယ်တိုင်က ၎င်းသူ၏လောကီဆိုင်ရာဝေယျာဝစ္စများကိုတာဝန်ယူကာ ၎င်းသူကိုအကျိုး ဖြစ်စေပါသည်။

(၂) မည်သူတစ်ဦးတစ်ယောက်မဆို ၎င်း၏အတွင်းပိုင်းဆိုင်ရာ အခြေအနေကို ပြုပြင်ပါက (မည်မျှထိ ဆိုလျှင် ၎င်းသူသည် နှလုံးသားအား အရာရာတိုင်းပေါ် ဦးတည်သည်မှ အလ္လာဟ်အရှင်မြတ်ဘက်ဆီသို့ဦးတည်လှည့်တော်မူ သည်) အလ္လာဟ်အရှင်မြတ်သည် ၎င်း၏အပြင်ပိုင်း အခြေအနေကို အလိုအလျောက် ပြုပြင်ပြီး ဖြစ်စေရန် ပြုလုပ်တော် မူသည်။

(၃) မည်သူ မဆို သူ့ကိစ္စရပ်များကို အလ္လာဟ်အရှင်မြတ်ထံ ခိုင်လုံ၍ မှန်ကန်စွာ တင်ပြခဲ့လျှင် အလ္လာဟ် အရှင်မြတ်ကိုယ်တော်တိုင် သူနှင့်ပတ်သက်သည့်ကိစ္စရပ်အားလုံး မှန်မှန်ကန်ကန် ဖြစ်စေတော်မူစေသည်။ ဤအလွယ်ဆုံး သိနိုင်သော ၃အမှန်တရား သုံးရပ်၏ မူရင်းစကားလုံးများကို အောက်တွင် ဖော်ပြ ထားပါသည်။

وكان اهل الخير يكتب بعضهم الى بعض بثلاث كلمت، من عمل لا خرته كفاه الله امر دنياه، ومن اصلح سريرته اصلح الله علانيته ومن اصلح فيما بينه، وبين الله اصلح الله ما بينه وبين الناس (تفسير روح البيان، ج ٢، ص ١٣١)

(သဖိစီရ်ရူဟုလ်ဗယာန်ကျမ်း၊အတွဲ-၂၊စာ-၁၃၁)

တတိယနှင့်စတုတ္ထအာယသ်(၁၁၆-၁၁၇)ထဲတွင် အတိတ်ကလူများအပေါ်အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုအဘယ်ကြောင့်ကျရောက်ခဲ့ကြောင်းနှင့်အတူ ယင်းပြစ်ဒဏ်ခတ်မှုမှ၎င်းတို့မည်သို့ကင်းဝေးစွာ နေနိုင်ကြောင်း

လမ်းညွှန်ချက်ပေးထားသည်။ "သူတို့၏အမှားပြုလုပ်သည့်အမျိုးသားများကိုတားဆီးစေနိုင်မည့် အသိဉာဏ်ရှိကာ ကောင်းမွန်သောလူအချို့မရှိခြင်းသည် မည်မျှဝမ်းနည်းဘွယ်ကောင်းသနည်း"ဟူ၍ မိန့်ထားသည်။ ခြွင်းချက်မှာမြင့်မြတ်သော တမန်တော်များ၏ နောက်လိုက်ကြသောရေတွက်၍ရသည့် အနည်းငယ် မျှသောသူတို့သာလျှင် ပြစ်ဒဏ်ခတ်ခံရမှုမှ ကင်းလွတ်ခဲ့ကြသည်။ ကျန်သူများကား လောကီဆိုင်ရာစည်းစိမ် များနောက်လိုက်၍စွဲမြဲစွာ အပြစ်ဒုစရိုက်ကျူးလွန်သူများဖြစ်သွားကြသည်။

ဤအာယသ်ထဲတွင် ခွဲခြမ်းစိတ်ဖြာ၍ ချိန်ဆကာ ထိုးထွင်းဉာဏ်ရှိသော သူများအား **اولوابقية** "အကြင်ဉာဏ်အမြော်အမြင်ရှိသူများ"ဟူ၍ ဖော်ထုတ်ပြသထားသည်။ (**بقيه**)(ဗကီယဟ်) ဟူသော စကားလုံးက ကျန်သော အရာများဟုဆိုလိုသည်။ မည်သည့်အခြေအနေများတွင်မဆို တစ်စုံတစ်ဦးသည် ၎င်းအလွန်နှစ်သက်သော အရာကား အတူရှိနေစေပြီး သိမ်းဆည်းထားကာ ပြန်လည် သုံးစွဲခြင်းသည် လူသား၏ အလေ့အကျင့် ဖြစ်သည်။ လိုအပ်လာလျှင် ၎င်းသည် ယင်းအရာမှအပ အရာရာတိုင်း ပေးနိုင်သည်။ ထို့ကြောင့် ဆင်ခြင်တုံတရားနှင့် ထိုးထွင်းဉာဏ်ကို "ဟကီယဟ်"(သို့မဟုတ်) ဉာဏ်အမြော်အမြင်ရှိသူများဟု ခေါ်ဆိုသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ တစ်စုံတစ်ဦး၏ အနှစ်သက်ဆုံး (အဖိုးတန်ဆုံး)အရာ ဖြစ်သည်။

စတုတ္ထအာယသ်(၁၁၇)ထဲတွင် ထိုနေရာဒေသတွင် နေထိုင်သောသူများသည် ၎င်းတို့၏နည်းလမ်းများကောင်းနေ သရွေ့ ဆိုလိုသည်မှာသူတို့သည် ယုံကြည်သက်ဝင်သော မုစ်လင်မ်များ ဖြစ်နေသရွေ့ ကာလပတ်လုံး အလွှာဟ် အရှင်မြတ်သည် မြို့များနှင့် လူနေရပ်များကို ဖျက်ဆီးမည် မဟုတ်ကြောင်း မိန့်ထားခဲ့သည်။ ဆိုလိုသည်မှာ အလွှာဟ်အရှင်မြတ်ထံတွင် မတရားခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်း စသည်များ တည်ရှိနိုင်သည် မရှိချေ။ ဖျက်ဆီးခံရသူများသည် ဖျက်ဆီးခြင်းခံထိုက်သောကြောင့် ဖြစ်ကြသည်။ အစောပိုင်း ဦးကာရှင်အချို့က ဤအာယသ်တော်ပါ (**ظلم**)'ဇွလူမ်'(မတရားမှု)ဟူသောစကားလုံးသည် ရှရစ်က်(အလွှာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်း) ဟူ၍ အဓိပ္ပာယ် သက်ရောက်ကြောင်း ပြောခဲ့ကြသည်။ **مُصْلِحُوْن** 'မုစ်လိဟူန်' (လုပ်ရပ်ကောင်းသော သူများ) ဆိုသည်က မုရှ်ရစ်က်နှင့်ကာဖိရ်များ ဖြစ်လင့်ကစား ကိုယ်ကျင့်တရားနှင့် ဆက်ဆံရေး ကောင်းသူများ၊ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်ဒဏ်ရာ အနာတရ မပြုလုပ်သူများ၊ လိမ်လည်ပြောဆိုခြင်း နှင့်လှည့်ဖြားခြင်း မပြုသော သူများကို ဆိုလိုသည်။ ထို့ကြောင့် အာယသ်တော်က ဆိုလိုသည်မှာ ကာဖိရ်နှင့် မုရှ်ရစ်က်ဖြစ်ခြင်းကြောင့် ထိုသူများပေါ် ပြစ်ဒဏ်ကျရောက်ခြင်း မဟုတ်။ ၎င်းတို့၏ အပြုအမူနှင့် ကိုယ်ကျင့်တရား အားဖြင့် ၎င်းတို့ နေထိုင်ရာ နေရာဌာနတွင် မငြိမ်သက်မှု ဖြစ်စေသောကြောင့် ဖြစ်သည်။ အတိတ်က လူများပေါ် ပြစ်ဒဏ်ခတ်မှု ကျရောက်ခြင်း၏ အကြောင်းမှာ ၎င်းတို့၏ သီးသန့်မကောင်းသော လုပ်ရပ်များကြောင့် ဖြစ်သည်။ စိုက်ယိဒနာနူဟ်(a)၏ လူများသည် တမန်တော် နူဟ်(a)ကို အမျိုးမျိုးသော နာကျင်စေမှု ဖြစ်စေခဲ့သည်။ စိုက်ယိဒနာရှုအိုက်ဗ်(a)၏ လူများသည် ချိန်တွယ်ခြင်းနှင့် တိုင်းတာခြင်းတို့တွင် လျော့နည်းစေခြင်း အားဖြင့် မငြိမ်သက်မှု ပြန့်ပွားစေခဲ့သည်။ စိုက်ယိဒနာ လူသ့်(a)၏ လူများသည် အဆိုးဝါးဆုံးသော မကောင်းမှုလုပ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။ စိုက်ယိဒနာမူစာ(a)နှင့်စိုက်ယိဒနာအီစာ(a) တို့၏ လူများသည် ၎င်းတို့၏ တမန်တော်များကို နှိပ်စက်ကလူပြုခဲ့ကြသည်။ ဤမကောင်းမှု လုပ်ရပ်များကြောင့် ထိုသူများပေါ် ပြစ်ဒဏ်ခတ်မှု ကျရောက်ခဲ့သည်ဟု ကုရ်အာန်ကျမ်းမြတ်ကမိန့်ထားတော်မူခဲ့သည်။ ဤကမ္ဘာလောကတွင် အလွှာဟ် အရှင်မြတ်၏ ပြစ်ဒဏ်ခတ်မှုမှာ ကုဖ်ရ်နှင့်ရှစ်ရ်က် အတွက်ကြောင့် မကျရောက်ချေ။ ၎င်းတို့၏ ပြစ်ဒဏ်ခတ်မှုမှာ ဂျဟန္နမ်ငရဲမီးတွင် ထာဝရ ပြစ်ဒဏ်ခတ်ခံရမှု ဖြစ်သည်။ ထို့ကြောင့် အိုလမာသာသနာ့ပညာရှင်

အချို့ကနိုင်ငံများနှင့် အစိုးရများသည် ကုဖိရ်နှင့် ရှရိစ်က်နှင့်တကွ ရှင်သန်နိုင်သော်လည်း မတရားမှုနှင့် နာ်စက်ကလူပြုမှုဖြင့် မရှင်သန်နိုင်ပါဟု ပြောကြသည်။

ကဲ့ရဲ့ပြစ်တင်ခံထိုက်ခြင်းနှင့်ချီးကျူးခံထိုက်ခြင်း၏ကွဲပြားခြားနားချက်

ပဋ္ဌမအာယသ်(၁၁၈)ထဲတွင် "အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် လူခပ်သိမ်းတို့အား သာသနာဝင် တစ်ခုတည်းသော လူစုသာ ပြုလုပ်တော်မူခဲ့အံ့။" ဟူ၍ မိန့်ထားခြင်းက ဆိုလိုသည်မှာ အကယ်၍ အလ္လာဟ်အရှင် အလိုရှိတော်မူလျှင် ထိုအရှင်မြတ်သည် လူသား အားလုံးကို အတင်းအကြပ်ဖြင့် အစွဲလာမ်သာသနာကို လက်ခံစေရန် ပြုလုပ်နိုင်သည်။ ထိုသူအားလုံး မုစ်လင်မ် များဖြစ်ကာ ၎င်းတို့ ကြားတွင် မည်သည့် ကွဲပြားခြားနားမှုမျှ ရှိနေလိမ့်မည်မဟုတ်ချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ် ဉာဏ်တော်အရ ပြဋ္ဌာန်းထားသည်မှာ ဤကမ္ဘာလောကတွင် အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦး တစ်ယောက်ကိုမျှ တစ်စုံတစ်ရာကို အတင်းအကြပ်မလုပ်စေပါ။ အရှင်မြတ်သည် လူသားများကိုရွေးချယ်ခွင့် တစ်မျိုး ပေးထားကာ ယင်းအရ ၎င်းသည် ဆန္ဒအရကောင်းသည်ကို ဖြစ်စေ၊ ဆိုးသည်ကို ဖြစ်စေ လုပ်စေနိုင်သည်။ ထို့နောက် လူသား၏ စိတ်နေစိတ်ထားမှာ ကွဲပြားခြားနားသည်။ လုပ်နည်းကိုင်နည်း ကွဲပြားခြားနားသည်။ လုပ်ရပ်များ ကွဲပြားခြားနားပါသည်။ ရလဒ်မှာ စစ်မှန်သော ယုံကြည်ချက်အီမာန်နှင့် ဆန့်ကျင်သည့် နလပိန်းတုံး လူအချို့ အမြဲရှိနေနိုင်သည်။ မြင့်မြတ်သော တမန်တော်များ နောက်လိုက်သော အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုနှင့် တကွ ကောင်းချီးမင်္ဂလာပေးခံရသော သူများလည်း ရှိကြသေးသည်မှာ ချွင်းချက်ဖြစ်သည်။

ဤနေရာပါ 'ကွဲပြားခြားနားမှု' ဆိုသည်မှာ စစ်မှန်သော ယုံကြည်ချက် 'အီမာန်'နှင့် တမန်တော်များ၏ သင်ကြားပို့ချချက်များကို ရန်လိုခြင်းနှင့်ဆန့်ကျင်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ကြောင်း ကျွန်ုပ်တို့ကိုပြောပြသည်။ ဆွဟာဗဟ်များ၏ ခေတ်ကာလကပင် စတင်ကာ ဆက်လက် တည်ရှိသော ဘာသာရေးဆိုင်ရာ အာဏာပိုင်များ နှင့် အစွဲလာမ်ဓမ္မသတ် ပညာရှင်များ၏ အိဂ်ျသိဟားဒ်ပေါ် အခြေခံသော ကွဲပြားခြားနားမှုသည် ဤပြဋ္ဌာန်းချက် နယ်ပယ်တွင် အကျုံးမဝင်သကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှု တို့နှင့်လည်း မဆန့်ကျင်ချေ။ စင်စစ် ဤသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်နှင့် ကြင်နာသနားမှု၏ ပြဋ္ဌာန်းချက်ပင် ဖြစ်သည်။ မုဂ်ျသဟစ်ဒ် အီမာမ်များအနက် ကွဲပြားခြားနားမှု ရှိခြင်းသည် ဤအာယသ်တော်ပါ ဝေါဟာရတွင်ရှိ သနားကြင်နာမှုနှင့် ဆန့်ကျင်သည်ဟု ကြေညာခဲ့သော သူများသည် ၎င်းတို့ကိုယ်တိုင် ဤအာယသ်တော်ပါ စာသားများနှင့် ဆန့်ကျင်၍ ဆွဟာဗဟ်များနှင့် သာဗီအီန် များတစိုက်မတ်မတ် လုပ်ခဲ့ကြသည့် လုပ်ရပ်ကို ဆန့်ကျင်ကြသည်သာ ဖြစ်သည်။

وَاللّٰهُ سُبْحَانَهٗ وَتَعَالٰى اَعْلَمُ

"အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ်၍မြင့်မြတ်တော်မူသောအရာရာတိုင်းကို အကောင်းဆုံး သိတော်မူသော အရှင်မြတ်ဖြစ်တော်မူသည်။

မောင်လာနာမုဖ်သီမုဟမ္မဒ်ရှဖီး

၏

rt m&zdkvfu&ftmef

အင်္ဂလိပ်ဘာသာပြန်

ပါမောက္ခ မုဟမ္မဒ် ရှမီးမ်

တည်းဖြတ်သူ

ပါကစ္စတန်နိုင်ငံတရားသူကြီး
မုဖ်သီ မုဟမ္မဒ် သကီး အုဆ်မာနီ

t wG(B)

စူရဟ် အလ်သောင်မဟ်၊ စူရဟ် ယူနွတ်စ်၊ စူရဟ်ဟူဒ်

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့က ဘာသာပြန်သည်။

[dt&D437 ckESZGif[dtrS[fv - 2016 ckESpufwifbmv

(ကန့်သတ်)

سورة التوبة ◈ စူရာဟ် အလ်သောင်ဗဟ်

سورة يونس ◈ စူရာဟ် ယူနုတ်စ်

سورة هود ◈ စူရာဟ် ဟူဒ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	အမှာစာ	
၂	အထူးကျေးဇူးတင်လွှာ	
	စူရဟ်အလ်သောင်ဗဟာ **(ဒုတိယပိုင်း)**	
၃	အာယသ် ၂၅-၂၇ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃
	ဟုနိုင်နစစ်ပွဲအောင်နိုင်ခြင်း	၁၀
	ရန်သူ့အကြီးအကဲများအစွဘာသာသက်ဝင်ယုံကြည်ခြင်း၊စစ်သုံ့ပန်းများအား လွှတ်ပေးခြင်း	၁၀
	လူထုထဝင်မြင်ယူဆချက်ရယူခြင်းသည် မှန်ကန်သောနည်းလမ်းဖြစ်သည်	၁၂
	အဓိန့်ပညတ်ချက်များနှင့် ဥပဒေများ	၁၂
	စစ်ရှုံးသည့်မယုံကြည်သွေဖယ်ငြင်းပယ်သူများ၏ တရားမျှတမှုနှင့် ဂရုစိုက်မှု လိုအပ်သည်။	၁၃
၄	အာယသ် ၂၈ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၅
	မြင့်မြတ်သောဗလီဝတ်ကျောင်းတော်အတွင်း မုရှ်ရစ်ကျားဝင်ရောက်ခြင်းကို ဟန့်တားထားသည့် ဥပဒေသည် ထိုဗလီဝတ်ကျောင်းတော်တစ်ခုတည်း အတွက် လော၊ သို့တည်းမဟုတ် ဗလီဝတ်ကျောင်းတော်အားလုံးအတွက်လော။	၁၇
၅	အာယသ် ၂၉-၃၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၁
၆	အာယသ် ၃၁-၃၅ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၈
၇	အာယသ် ၃၆-၃၇ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၃၅
	အာယသ်တော်များအား ရှင်းလင်းခြင်း	၃၈
	အဓိန့်ပညတ်ချက်နှင့် ဥပဒေများ	၄၀
၈	အာယသ် ၃၈-၄၂ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၄၁
	ဒွန္ဒယာ(လောက)အားအလေးထားခြင်းနှင့် အာခေရတ်(ဘဝတမလွန်)ကို ဥပက္ခာပြုခြင်းသည် ပြစ်မှုအားလုံး၏ အရင်းအမြစ်	၄၆

စဉ်	အကြောင်းအရာ	စာမျက်နှာ
၉	အာယသ် ၄၃-၅၂ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၄၉
	အကြောင်းပြချက်တစ်ရပ်သည် ကျိုးကြောင်းဆီလျော်သည်(သို့) ကျိုးကြောင်းမညီညွတ် ဟူသည်ကိုကျွန်ုပ်တို့မည်သို့သိနိုင်မည်နည်း	၅၄
	သက္ကဒီးရ်(အကောင်းအဆိုး)ကို ယုံကြည်မှုသည် ကိစ္စရပ်များ စီမံခန့်ခွဲမှုတွင် အကျိုးဝင်သည်	၅၇
	ဘာမျှမလုပ်ခြင်း(သို့)မှားယွင်းစွာလုပ်ဆောင်ခြင်းကိုသဝက္ကလ်(ယုံကြည်အပ်နှံမှု) ဟု အမည်ပေးခြင်းသည်မှားယွင်းသည်	၅၇
၁၀	အာယသ် ၅၃-၅၉ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၅၈
	မယုံကြည်သွေဖယ်ငြင်းပယ်သူ တစ်ဦးကိုဆွဒကာဟ် အလွှဲဒါနပေးနိုင်သလော	၆၁
	အရေခြုံများ၏လက္ခဏာများနှင့်မှစ်လင်မ်များအတွက် သတိပေးချက်	၆၁
၁၁	အာယသ် ၆၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၆၂
	ဆွဒကာဟ်လက်ခံရရှိသူများ	၆၂
	အထူးမှတ်စု	၇၀
	အခြားမေးခွန်း-အိဗာဒတ်အတွက်အခကြေးငွေပေးခြင်း	၇၀
	အသုံးဝင်သောနောက်ဆက်တွဲမှတ်စု	၇၃
	သတိပေးစကားတစ်ရပ်	၇၉
	သမ်လီးက်(ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း)	၈၁
	ဇကားသ်ဒါနကြေးကို စည်းကမ်းနည်းလမ်းတကျ ပေးခြင်းအကြောင်း အရေးကြီးသည့် အချက်အချို့	၈၄
၁၂	အာယသ် ၆၁-၆၆ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၈၆
၁၃	အာယသ် ၆၇-၇၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၈၉
	အချက်ပြသတိပေးမှုတစ်ရပ်	၉၅
၁၄	အာယသ်၇၁-၇၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၉၅
၁၅	အာယသ် ၇၄-၇၈ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၉၅
	သတိပေးမှု၏လေးနက်သောမှတ်စုတစ်ခု	၁၀၀
	မေးခွန်းတစ်ခုနှင့်ယင်း၏အဖြေ	၁၀၁
၁၆	အာယသ် ၇၉-၈၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၀၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၇	အာယသ် ၈၁-၈၃ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၀၃
၁၈	အာယသ် ၈၄ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၀၆
	အဗ္ဗဒွလ္လာဟ်အုဗိုက်ဒ်(အရေခြိ)၏ အသုဘနှင့်ပတ်သက်သည့် ဒွိဟသံသယကို ဖယ်ရှားခြင်း	၁၀၇
	အကျဉ်းချုပ်	၁၀၉
	ဥပဒေများ	၁၁၀
၁၉	အာယသ် ၈၅-၈၉ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၁၁
၂၀	အာယသ် ၉၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၁၁၃
၂၁	အာယသ် ၉၁-၉၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၁၄
၂၂	အာယသ် ၉၄-၉၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၁၆
၂၃	အာယသ် ၉၇-၉၉ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၁၉
၂၄	အာယသ် ၁၀၀ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၂၂
	ဆွဟာဇာဟ်အားလုံးသည် ဂျန္နတ်သားများဖြစ်ကြကာ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှု နှင့် ကောင်ချီးမင်္ဂလာပေးခံရသူများ ဖြစ်ကြသည်	၁၂၄
	သတိပေးမှတ်စု	၁၂၅
၂၅	အာယသ် ၁၀၁ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၂၅
၂၆	အာယသ် ၁၀၂-၁၀၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၂၆
	ဤရောပြွန်းနေသည့်လုပ်ရပ်များကား မည်သည်များနည်း	၁၂၈
	မုစ်လင်မ်များအားလုံး၏ ရောပြွန်းသောလုပ်ရပ်များသည် ဤဥပဒေသ အောက်တွင် အကျုံးဝင်သည်	၁၂၉
	ဇကားသ်ကောက်ခံခြင်းနှင့်ခွဲဝေပေးခြင်းသည် အစွလာမ့်နိုင်ငံတစ်နိုင်ငံ၏ တာဝန် ဝတ္တရား ဖြစ်သည်	၁၃၀
	ဇကားသ်ပေးခြင်းသည် အီဗာဒသ်ဖြစ်သည် အစိုးရအခွန်တစ်ရပ်မဟုတ်	၁၃၁
	မေးခွန်းတစ်ခုနှင့် ယင်း၏အဖြေ	၁၃၂
၂၇	အာယသ် ၁၀၇-၁၁၀ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၃၄
	ဥပဒေသ	၁၃၉
	အထူးမှတ်စု	၁၄၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၂၈	အာယသ် ၁၁၁-၁၁၂ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၄၁
	ဝဟီကျရောက်ခြင်း၏ နောက်ခံ အကြောင်း	၁၄၂
	ဤအာယသ်သည် ဂျီဟာဒ် နှင့် ပတ်သက်သည့် ပထမဆုံး အာယသ် ဖြစ်သည်။	၁၄၄
၂၉	အာယသ် ၁၁၃-၁၁၄ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၄၇
	ဝဟီကျရောက်ခြင်း၏ နောက်ခံ အကြောင်း	၁၄၈
၃၀	အာယသ် ၁၁၅-၁၁၆ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၅၀
၃၁	အာယသ် ၁၁၇-၁၁၉ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၅၀
	ခိုင်လုံသော ဟဒီးဆ်များမှ ဤအန်ဆွာရီ သုံးဦးနှင့် သက်ဆိုင်သည့် အဖြစ်အပျက် အသေးစိတ်များ	၁၅၄
	စိုက်ယိဒနာ ကအဗ်အိဗနိ မာလိက်(ရဒွေ့) ၏ဟဒီးဆ်မှ လမ်းညွှန်ချက်များ	၁၆၃
	မုစ်စလင်မ် များကို အကြံပေးခြင်း	၁၆၅
	သတ်ဂ်ဝါ လိုက်နာကျင့် သုံးပါ။ ထို့နောက် ပြောဆိုမှု၊ လုပ်ကိုင်မှုတွင် ဖြောင့်မတ်မှန်ကန်သူများနှင့် အတူရှိပါလေ။	၁၆၅
၃၂	အာယသ် ၁၂၀-၁၂၁ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၆၆
၃၃	အာယသ် ၁၂၂- ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၆၇
	ဘာသာရေးဆိုင်ရာ အသိပညာရရှိခြင်း၏ ဖဇာအိလ် (ထွတ်မြတ်မှု) များ	၁၆၉
	ဘာသာရေးဆိုင်ရာ အသိပညာရရှိရေး မပြုမနေရတာဝန်နှင့် ယင်း၏ကျင့်ဝတ်များ	၁၆၉
	ဘာသာရေးသင်ကြားရာတွင် တစ်ဦးချင်း နှင့် စုပေါင်းတာဝန်၏အသေးစိတ်များ	၁၇၁
	ဖရ်ဇ်သွိအိုင် - တစ်ဦးချင်း တင်ရှိသည့်တာဝန်	၁၇၂
	နာမ်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုကို သိရှိနားလည်ခြင်းသည်လည်း တစ်ဦးချင်းပေါ်တင်ရှိသည့် မပြုမနေရတာဝန် (ဖရာသုလ်အိုင်) ဖြစ်သည်။	၁၇၃
	ဖရာသုလ် ကိဖာယဟ်	၁၇၃
	ဒီန်၏အိလ်မ်အတွက် သင်ရိုးညွှန်းတမ်း	၁၇၄
	ဒီန်အသိပညာကိုရရှိပြီးနောက်အာလင်မ်တစ်ဦး၏အရေးကြီးသောတာဝန်ဝတ္တရား	၁၇၅
၃၄	အာယသ် ၁၂၃-၁၂၇ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၇၈
၃၅	အာယသ် ၁၂၈-၁၂၉ ဘာသာပြန် နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၈၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စူရာဟ် ယူနုတ်စ်	
၁	အာယသ် ၁-၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၈၅
၂	အာယသ် ၅-၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၉၂
၃	အာယသ် ၇-၁၀ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၁၉၈
	အဓိန့်ပညတ်ချက်များနှင့် ဥပဒေသများ	၂၀၅
၄	အာယသ် ၁၁-၁၇ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၀၆
	အရေးကြီးသည့်မှတ်စု	၂၁၂
၅	အာယသ် ၁၈-၂၀ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၁၃
	ယုံကြည်သူများနှင့် မယုံကြည်သူများသည် တစ်သီးတစ်ခြားစီသော လူမျိုးနှစ်စု ဖြစ်သည် မျိုးရိုးနှင့် ဇာတိမြေအပေါ် အခြေခံထားသော လူမျိုးသည် အချည်းအနှီးသာတည်း	၂၁၄
၆	အာယသ် ၂၁-၂၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၁၆
၇	အာယသ် ၂၅-၃၂ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၁၈
	အရေးကြီးသော မှတ်စုတစ်ခု	၂၂၅
၈	အာယသ် ၃၃-၃၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၂၅
၉	အာယသ် ၃၇-၄၀ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၂၆
၁၀	အာယသ် ၄၁-၄၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၂၈
၁၁	အာယသ် ၄၅-၄၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၂၉
၁၂	အာယသ် ၄၇-၆၁ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၃၂
	ကုရ်အာန်ကျမ်းတော်မြတ်၏ ဂုဏ်ပုဒ် ၄ခု	၂၃၄
	၁ ဆုံးမသြဝါဒတော်	၂၃၄
	၂ ဆေး	၂၃၅
	၃ တရားပြလမ်းညွှန်ခြင်း	၂၃၇
	၄ ကရုဏာ	၂၃၇
	အထူးမှတ်စု	၂၃၉
၁၃	အာယသ် ၆၂-၆၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၄၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၄	**အာယသ် ၆၅-၆၆ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း**	၂၄၇
၁၅	အာယသ် ၆၇-၇၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၈
၁၆	အာယသ် ၇၁-၇၃ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၄၉
၁၇	အာယသ် ၇၄ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၅၀
၁၈	အာယသ် ၇၅-၈၂ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၅၀
၁၉	အာယသ် ၈၃-၈၆ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၅၂
၂၀	အာယသ် ၈၇-၉၁ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၅၃
၂၁	အာယသ် ၉၂-၉၈ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၆၀
	ခေတ်ပြိုင်ပညာရှင် အချို့၏ ကြီးမားသော မှားယွင်းမှု မှတ်ချက်	၂၆၃
	အစ္စမာအ် (တမန်တော်များ၏ပြစ်မှုဂုနာဟ်များမှ ကာကွယ်စောင့်ရှောက်ခံသူများ ဖြစ်ခြင်း၏ စည်းမျဉ်း	
	စိုက်ယိဒိနာယူနွတ်(စ်)(အလိုင်)နှင့် ပတ်သက်သည့် အဖြစ်အပျက်၏ အသေးစိတ်များ	၂၇၃
၂၂	အာယသ် ၉၉-၁၀၀ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၇၆
၂၃	အာယသ် ၁၀၁-၁၀၃ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၇၇
၂၄	အာယသ် ၁၀၄-၁၀၇ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၇၇
၂၅	အာယသ် ၁၀၈-၁၀၉ ဘာသာပြန်နှင့်အကျယ်ဖွင့်ဆိုခြင်း	၂၇၉
	စူရာဟ်ဟူးဒ်	
၁	အာယသ် ၁-၅ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၈၃
၂	အာယသ် ၆-၈ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၉၀
	ရိဇ်ဏ်သည် အလ္လာဟ်အရှင်မြတ်၏ တာဝန်ဖြစ်သည် ဆိုသည်နှင့် ပတ်သက်သော သံသယတစ်ခုကိုဖယ်ရှားခြင်း	၂၉၂
	ရိဇ်ဏ်သည် အားလုံးအတွက်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ နည်းစနစ်တော်သည် ပြိုင်ဘက်ကင်းပါသည်။	၂၉၄
၃	အာယသ် ၉-၁၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၂၉၇
၄	အာယသ် ၁၅-၁၇ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၀၄
၅	အာယသ် ၁၈-၂၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၁၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
၆	အာယသ် ၂၅-၃၅ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၁၃
၇	အာယသ် ၃၆-၄၀ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၂၂
	သဘော်တည်ဆောက်ခြင်း၊ တမန်တော်တစ်ပါးအတွက်သင်ကြားမှု	၃၂၅
	အရေးပါသောလုပ်ငန်းများအားလုံးသည် ဝဟီမှတစ်ဆင့် စတင်ဖြစ်ပေါ်လာသည်	၃၂၆
၈	အာယသ် ၄၁-၄၄ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၂၉
	လေ့၊ သဘော် နှင့် အခြားသယ်ယူပို့ဆောင်သော ယာဉ်များပေါ်တက်ခြင်း ဆိုင်ရာကျင့်ဝတ်	၃၃၀
	သယ်ယူပို့ဆောင်သော အရာတိုင်း၏ ရွေ့လျားမှုနှင့် ရပ်တန့်ခြင်းသည် အလ္လာဟ် အရှင်မြတ်၏ တန်ခိုးတော်နှင့် သာလျှင် ဖြစ်သည်။	၃၃၀
၉	အာယသ် ၄၅-၄၉ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၃၄
	အလ္လာဟ်အရှင်မြတ် မိန့်ထားသည့်ထဲမှ ထွက်ပေါ်လာသည့် အချက်နှစ်ချက်	၃၃၆
	မယုံကြည်သွေဖည်မှုနှင့် မတရားပြုလုပ်မှုအတွက် ဆုဒုအာတောင်းခြင်း ခွင့်မပြုချေ။	၃၃၇
	မယုံကြည်သွေဖည်သူများနှင့်အီမာန်ယုံကြည်သက်ဝင်သူများ၏ဆွေမျိုးတော်စပ်မှု	၃၃၇
၁၀	အာယသ် ၅၀-၆၈ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၄၁
	ဒါအ်ဝသ် လုပ်ငန်းအတွက် အဖိုးအခ	၃၄၇
၁၁	အာယသ် ၆၉-၇၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၅၂
	အမိန့် ပညတ်ချက်များနှင့် ဥပဒေများ	၃၅၆
	စလာမ်၏ စွန့်တ်တော်	၃၅၆
	ဇည့်သည်နှင့် အိမ်ရှင်တို့အတွက် အချို့သော ဥပဒေများ	၃၅၇
	မစားမီ ဗိစ္စမိလ္လာဟ် ဆိုခြင်းနှင့် စားသောက်ပြီးနောက် အလ်ဟမ်ဒုလိလ္လာဟ် ဆိုခြင်းသည် စွန့်တ်ဖြစ်သည်။	၃၅၈
၁၂	အာယသ် ၇၄-၈၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၅၉
၁၃	အာယသ် ၈၄-၉၅ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၆၆
	အထူးမှတ်စု	၃၇၀
	အမိန့် ပညတ်ချက်များနှင့်ဥပဒေသများ	၃၇၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အချိန်အတွယ်နှင့် အတိုင်းအတာများတွင် လျော့နည်းစေသည်နှင့် ပတ်သက်သော ဥပဒေသများ	၃၇၅
၁၄	အာယသ် ၉၆-၁၀၁ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၇၆
၁၅	အာယသ် ၁၀၂-၁၁၁ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၇၇
၁၆	အာယသ် ၁၁၂-၁၁၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၇၉
	အစ္စသိကာမာသ် (ဖြောင့်မတ်တည်ကြည်စွာရှိခြင်း) ၏ ဆိုလိုရင်း၊ ယင်းနှင့် ပတ်သက် သော ပြဿနာအချို့နှင့် အဖြေများ	၃၈၁
၁၇	အာယသ် ၁၁၄-၁၂၃ ဘာသာပြန်နှင့် အကျယ်ဖွင့်ဆိုခြင်း	၃၈၇
	ကုရ်အာန် ကျမ်းတော်မြတ်၏ အသုံးအနှုန်းက တမန်တော်မြတ် (ဆွ) သည် ကြီးကျယ်သော အဆင့်အတန်းတွင်ရှိကြောင်းထောက်ပြထားသည်။	၃၈၉
	ကဲ့ရဲ့ ပြစ်တင် ခံထိုက်ခြင်းနှင့် ချီးကျူးခံထိုက်ခြင်း၏ ကွဲပြားခြားနားချက်	၃၉၆

بسم الله الرحمن الرحيم

الحمد لله و كفى، وسلام على عباده الذين اصطفى

မအာရိဖုလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့
၏
အမှာစာ

အနန္တကရုဏာရှင်ဖြစ်တော်မူထသော အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်နှင့် အသနားတော်ကြောင့် မအာရိဖုလ်ကုရ်အာန် (ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းလွယ်ကူစွာဖွင့်ဆိုသောကျမ်း) မြန်မာဘာသာပြန် စာအုပ် (အတွဲ-၇)ကို ထုတ်ဝေလိုက်ပါသည်။

ဤစာအုပ်သည် အင်္ဂလိပ်ဘာသာနှင့် ရေးသားထားသော မူရင်းစာအုပ် (အတွဲ-၄)၏ ဒုတိယပိုင်းဖြစ်ပါသည်။ အတွဲ-၁ ကို ၂၀၀၅ ခုနှစ်က ထုတ်ဝေခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင် အတွဲ-၆ ထုတ်ဝေခဲ့ပါသည်။ အတွဲ-၁ ကို ပထမအကြိမ် အုပ် ၁၀၀၀ ရိုက်နှိပ်ထုတ်ဝေခဲ့ ပါသည်။ နောက်ထပ်မံ၍ ဒုတိယ၊ တတိယနှင့် စတုတ္ထအကြိမ် အဖြစ် အုပ် ၃၀၀၊ ၁၀၀နှင့် ၈၀၀ ရိုက်နှိပ်ခဲ့ပါသည်။

အတွဲ-၃ မှာ လက်ကျန်လုံးဝမရှိတော့ပါ။ အင်နှရာအလ္လာဟ် မကြာမီထွက်ပါမည်။ ထပ်မံရိုက်နှိပ်ရန် ကြိုးစား လျက်ရှိပါသည်။ အလ္လာဟ်အရှင်မြတ်၏ စီမံမှုအရ စမ်းသပ်မှုအချို့ရှိခဲ့ပါသည်။ လုပ်ငန်းစတင်စဉ်ကတည်းက ပါဝင်ခဲ့ပြီး အားကြိုး မာန်တက် ဆောင်ရွက်ခဲ့သော ဟာဂျီ ဦးကိုကိုကြီး(ခ) မုဟမ္မဒ်ဆာဒစ်ခန်း (ခ) Edward Khan သည် (၆-၁-၂၀၁၃) နေ့ တွင် အလ္လာဟ်အရှင့် အမိန့်တော် ခံယူသွားသကဲ့သို့ အဓိက ဘာသာပြန်သူ တစ်ဦးဖြစ်သည့် ဆရာကြီး ဒေါက်တာ ဦးလှရွှေ (ဧမ့ဆေးဆရာဝန်ကြီး၊ ငြိမ်း) ဂျွန်းဗလီ လူမှုရေးဆေးခန်း တာဝန်ခံသည်လည်း အတွဲ(၁၂)ပြီးခါနီး (၂၄-၃-၂၀၁၃) နေ့တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ခံယူသွားပါသည်။ အင်နှာလိလ္လာဟိ ဝအင်နအိလိုင်ဟိ ရာဂျိအူးန်။ ကျွန်တော်တို့ ကြုံတွေ့ရသော အခက်အခဲမျိုး မူရင်းဘာသာပြန်ဆိုသူ မုဖ်သီသကီးအုဆ်မာနီ တို့လည်း ကြုံခဲ့ရပါသည်။ ကျွန်တော်တို့ကလည်း လူနည်းနည်းနှင့် ကျဲကျဲပိုင်းဝန်း လုပ်ဆောင် နေကြသူများ ဖြစ်ပါသည်။

ည

အလ္လာဟ်အရှင်မြတ်၏ အကူအညီနှင့် ကျေးဇူးတော်တို့ကြောင့် ဟာဂျီ ဒေါက်တာ ခင်မောင်မြင့်(ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)က အတွဲ-၁၂ နောက်ဆုံးပိုင်းမှ စ၍ ပါဝင်ကူညီဆောင်ရွက်ရန် သဘောတူ ခဲ့ပါသည်။

မအာရိဖုလ် ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အဖွဲ့တွင်-

၁။ ဟာဂျီ ဒေါက်တာ ခင်မောင်မြင့် (ပါမောက္ခ ဌာနမှူး(ငြိမ်း) ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်)

၂။ အလ်ဟာဂျ် မောင်လာနာ ဒေါက်တာ စိုးဝင်းမြင့်(B.D.S)

၃။ ဟာဂျီ ဦးခင်မောင်ကြီး B.Sc; H.G.P; R.L; D.A (တရားလွှတ်တော်ရှေ့နေ)

၄။ ဟာဂျီ ဦးခင်မောင်လတ် B.Sc; H.G.P; R.L (တရားလွှတ်တော်ရှေ့နေ)

၅။ ဟာဂျီ ဦးလှထွန်း B.E(Elect:) တို့ ပါဝင်ကြသည်။

ယခုအခါ မူရင်းစာအုပ် ၈-အုပ်ရှိသည့်အနက်မှ ၇-အုပ် ပြန်ဆိုပြီးနေပြီဖြစ်ပါသည်။ မြန်မာ ဘာသာပြန်စာအုပ် အနေနှင့် ဆိုလျှင် (အတွဲ-၁၄) အထိ ဘာသာပြန်ပြီးဖြစ်ပါသည်။ ဤစာအုပ်များအတွက် သီးသန့် ငွေကြေးအလှူ ခံယူခြင်းမရှိသော်လည်း ဤစာအုပ် အတွဲလိုက် ဝယ်ယူလှူဒါန်းမည်ဆိုပါက အထူးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးပါမည်။ စာအုပ်လက်ကျန်မရှိဘဲ ငွေလည်ပတ်စေရန် ဝယ်ယူ လှူဒါန်းပါက အထူးကျေးဇူးတင်ပါမည်။

အို-အလ္လာဟ်အရှင်၊ အီမာန်ရှင် မုအ်မင်နှ်အားလုံးကို အေးချမ်းသာယာမှု ပေးတော်မူပါ။ နှစ်ဘဝ နှစ်ဌာနစလုံး အောင်မြင်မှုကို ကုရ်အာန်ကျမ်းတော်မြတ်မှ ရယူခံစားနိုင်ပါစေသော်။ အာမီးန်။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ။

နိဒါန်း

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် မအာရိဖုလ်ကုရ်အာန်ကျမ်း အတွဲ-၄၊ (မြန်မာပြန် အတွဲ ၇-၈) စာရှူသူရှေ့မှောက် ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ အလ္လာပေါင်းစုံရှိ စာဖတ်သူများထံမှ ပထမသုံးတွဲ (မြန်မာပြန် အတွဲ ၁ မှ ၆ အထိ) အတွက် တုန့်ပြန်မှုမှာ အလွန်အားတက်ဖွယ်ဖြစ်၍ အချိန်တို အတွင်း ဤအတွဲများ ထုတ်ဝေဖြန့်ချိပြီးခဲ့ပါသည်။ စတုတ္ထတွဲ (မြန်မာပြန် အတွဲ ၇-၈) ဘာသာပြန်ဆိုမှုကို ဘာသာပြန်ဆိုခြင်း အလုပ်စတင်သည်မှ ပါဝင်ခဲ့သော မစ္စတာ မုဟမ္မဒ်ဝလီရာဇီက စတင်ဆောင်ရွက်ခဲ့ပါသည်။ သူသည် စူရဟ်အလ်အအ်ရာဖ် အာယသ်(၉၄)မှ အာယသ်(၁၉၉)ထိ ဘာသာပြန်လုပ်ငန်း ပြီးစီးအောင် ဆောင်ရွက်ပြီးနောက် အခြားကိစ္စများ လုပ်ဆောင်ရန် ရှိ၍ တတိယတွဲ (မြန်မာပြန် အတွဲ ၅-၆) ပြီးမြောက်အောင် ဘာသာပြန်လုပ်ငန်း မလုပ်ကိုင်နိုင်သောအခါ တတိယတွဲ(မြန်မာပြန် အတွဲ ၅-၆)ကို ဘာသာပြန်ခဲ့ပြီးနောက် အားလပ်နေသော ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က အပြီးသတ်လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ပါမောက္ခ မုဟမ္မဒ်ရှမီးမ်သည် စူရဟ် အလ်အအ်ရာဖ်၊ အာယသ် ၂၀၀ မှ စတုတ္ထတွဲ (မြန်မာပြန် အတွဲ ၇-၈) ပြီးသည့်တိုင် ပြီးစီးအောင် လုပ်ဆောင်ခဲ့သည်။ ဤအတွဲတွင် စူရာဟ် ဟူဒ် ဆုံးသည်ထိ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ် ငါးပုဒ် အကျယ် ဖွင့်ဆိုချက် ပါဝင်သည်။

ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က ပဉ္စမတွဲ (မြန်မာပြန် အတွဲ ၉နှင့်၁၀) ကိုလည်း ပြီးဆုံးအောင် ဘာသာပြန်ဆိုထားကြောင်း စာရှူသူအား အသိပေးအပ်ပါသည်။ ယင်းအတွဲကို ပြန်လည် စိစစ်ရာမှာ ပြီးလုနီးဖြစ်သည်။ ဆဋ္ဌမအတွဲကို မစ္စတာ မုဟမ္မဒ်အိရ်ရာက် ဟူစိန်က ဘာသာပြန်ဆိုခဲ့ကာ သတ္တမအတွဲကို ပါမောက္ခ မုဟမ္မဒ်ရှမီးမ်က လုပ်ဆောင်နေပါသည်။ ၎င်း၏ အလုပ်အပေါ် စိတ်အားထက်သန်မှု၊ လုပ်ဆောင်မှု မြန်ဆန်သဖြင့် ဤအတွဲမှာ အင်နှရာအလ္လာဟ် မကြာမြင့်မီ ပြီးစီးမည်ဟု မျှော်လင့်ရပါသည်။

ဘာသာပြန်ဆိုသူအား အလ္လာဟ်အရှင်မြတ်သည် ယခုဘဝနှင့် နောင်တမလွန်ဘဝတွင်ပါ နှစ်ဌာနစလုံး၌ အကောင်းဆုံးသော ဆုလာဘ်များ ပေးသနားတော်မူပါစေ။ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုအရ ၎င်းတို့ အပ်နှံထားသည့် လုပ်ငန်း ပြီးမြောက်စေသော စွမ်းအားပေးသနားကာ အုမ္မသ်ထုအပေါ်၌ အကျိုးဖြစ်ထွန်းတော်မူပါစေ။

မုဟမ္မဒ်သကီးအုဆ်မာနီ

ကျေးဇူးတင်လွှာ

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် အတွဲ (၁)မှ အတွဲ(၇)ထိ ပုံနှိပ်ဖြန့်ချိမှုကို အဖက်ဖက်မှ အကူအညီ အကြံဉာဏ်နှင့် အချိန်၊ ငွေကြေးလှူဒါန်းခဲ့ကြသော ဟာဂျီဦးအောင်မြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဟာဂျီမ ဒေါ်မမကြီး(ကျော်မိသားစု Petrolium) ဦးစောဝင်းနှင့်ညီများ၊ ဦးမြင့်ဝင်းနှင့် ဟာဂျီမ ဒေါ်ခင်ခင်၊ သမီး ဒေါက်တာ ဖြူဇင်ဝင်း၊ ဟာဂျီ ဦးမျိုးဝင်း၊ ဟာဂျီ ဦးရှိဖီးတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့